http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ခုဒ္ဒကပါဌပါဠိတော်

## မြန်မာပြန်

သာသနာနှစ် - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

၂၉
၀-၉
၁/၉

ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန်

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ခုဒ္ဒကပါဌပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

ခုဒ္ဒကပါဌ ဓမ္မပဒ ဥဒါန်း

ဣတိဝုတ် သုတ္တနိပါတ်

# ခုဒ္ဒကပါဌပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ॥ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ॥ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ॥ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င-၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င-၂ | (၇) -၃ | (၁၂) -၇ (လျော့) | |
| | | (သုတ္တန်) င-၃ | (၁၈) -၄ | (၁၁) -၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) -၇ | (၄၀) -၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း - (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း - (၂၉) အုပ်

http://www.dhammadownload.com



## က–ဒီဃနိကာယ်


| | | | | |
|---|---|---|---|---|
| ၁.က. ၁/၃ | - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) | သုတ်သီလက္ခန် ၁၃ | | ၃၄ သုတ် |
| ၂.က. ၂/၃ | - ၂ မဟာဝဂ္ဂ (မဟာဝဂ်) | သုတ်မဟာဝါ ၁၀ | | |
| ၃.က. ၃/၃ | - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) | သုတ်ပါထေယျ ၁၁ | | |

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ–မဇ္ဈိမနိကာယ်

| | | | | |
|---|---|---|---|---|
| ၄. ခ. ၁/၃ | - ၁ မူလပဏ္ဏာသ | [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း] | | ၁၅၂ သုတ် |
| ၅. ခ. ၂/၃ | - ၂ မဇ္ဈိမ ॥ | [အလယ်သုတ် ၅၀ ॥ ] | | |
| ၆. ခ. ၃/၃ | - ၃ ဥပရိ ॥ | [နောက်ဆုံးသုတ် ၅၂ ॥ ] | | |

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ–သံယုတ္တနိကာယ်

| | | | |
|---|---|---|---|
| ၇. ဂ. ၁/၃ | - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း | (ပ) | ၇၇၆၂ သုတ် |
| ၈. ဂ. ၂/၃ | - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း | (ဒ) | |
| ၉. ဂ. ၃/၃ | - ၃ မဟာဝဂ္ဂကျမ်း | (တ) | |

## ဃ–အင်္ဂုတ္တရနိကာယ်

| | | | | |
|---|---|---|---|---|
| ၁၀.ဃ.၁/၃ | - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ | (၄) ကျမ်း | | ၉၅၅၇ သုတ် |
| ၁၁.ဃ.၂/၃ | - ၂ ပဉ္စက ॥ | သတ္တက ॥ | (၃) ကျမ်း | |
| ၁၂.ဃ.၃/၃ | - ၃ အဋ္ဌက ॥ | ဧကာဒသက ॥ | (၄) ကျမ်း | |


- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄-၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

## (၈-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃· ၈-၃· | ၁/၇ - | ၁ ခုဒ္ဒကပါဠ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄· ၈-၃· | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅· ၈-၃· | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆· ၈-၃· | ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | ———— | ၁ |
| ၂၇· ၈-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | ———— | ၁ |
| ၂၈· ၈-၃· | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတာဝတ္ထု | ———— | ၁ |
| ၂၉· ၈-၃· | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | ———— | ၁ |
| | | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ပိဋကတ်တော် မြန်မာပြန်

# နိဒါန်း

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏ သာမုက္ကံသိကဒေသနာ ဓမ္မက္ခန္ဓာပါဠိတော်သည်—

ပါဠိ၏နက်နဲခြင်း'ဓမ္မဂမ္ဘီရ'

အနက်အဓိပ္ပါယ်၏နက်နဲခြင်း'အတ္ထဂမ္ဘီရ'

ဝေါဟာရအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ဟောကြားပုံ၏ နက်နဲခြင်း'ဒေသနာဂမ္ဘီရ'

ထိုးထွင်း၍ သိအပ်သောသဘော ထိုးထွင်း၍ သိသော ဉာဏ်၏ နက်နဲခြင်း 'ပဋိဝေဓဂမ္ဘီရ' ဟူသော နက်နဲခြင်းလေးဝတ္ထုကြောင့် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ယင်းသို့လျှင် အစိန္တေယျ မြတ်စွာဘုရား၏ ဒေသနာတဗ္ဗဓမ္မဖြစ်၍ အစိန္တေယျဂုဏ်နှင့် ကုံလုံပြည့်ဝသဖြင့် နာနာနယဝိစိတြဖြစ်သော ဓမ္မက္ခန္ဓာပါဠိတော်ကို ဟောဖော်ပြညွှန်တော်မူသော ဒေသကဘုရားရှင်၏ အလိုတော်ကျအောင် လှလှပိုင်ပိုင် သိနိုင်ရန်ကား လွန်စွာခဲယဉ်းလှပေသည်။

ထို့ကြောင့်လည်း ရှေးရှေးဆရာမြတ်တို့သည် ထိုဓမ္မက္ခန္ဓာပါဠိတော်များကို ခွဲခြားဝေဖန် အမှန်သိစေခြင်းငှါ အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာအဖြာဖြာသော ကျမ်းတို့ဖြင့် ဆင့်ကာဆင့်ကာ ဖွင့်ပြရေးသားတော်မူခဲ့ကြလေသည်။

သို့စေကာမူ ထိုထိုသော အဖွင့်ကျမ်းစာတို့မှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေကြသဖြင့် ပါဠိဘာသာကို မတတ်ကျွမ်းကုန်သော ပြည်ထောင်စု သမတမြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့မှာ ယထာဓမ္မ သဘာဝကျအောင် သိနိုင်ရေးမှ ဝေးကွာလျက်ပင် ရှိနေကြရပေသည်။

နိကာယဏ္ဏဝပါရဂူ ပါဠိဝိဒူ ဖြစ်ကြကုန်သော ဆရာတော် သံဃာတော် အရှင်မြတ်များကရေးသားဝေငှ ပြသ ဟောကြားကြလင့်ကစား ကြီးမားသော သာဂရပြင်ကျယ် ရေပင်လယ်မှ အနည်းငယ်မျှသော ရေကလေးကို ကွမ်းစားခွက်ငယ်ဖြင့် ခပ်သယ်၍ ပေးသကဲ့သို့ နက်လေးကြီးကျယ်သော နိကာယ်ငါးဖြာ အဏ္ဏဝါဝယ် မဟာမုနိ ထားခဲ့ဘိသည့် ဝိမုတ္တိနှင့် ဝိမုတ္တိဉာဏဒဿန အနုပါဒိသေသ အမတနိဗ္ဗာန်သို့ ကေန်ဆိုက်ရောက်ကြောင်း ပါရားပေါင်းများစွာတို့မှ မကြားနာရဘူးသေးသော လေးနက်သည့် ဓမ္မက္ခန်တို့မှာ ကြွင်းကျန်၍သာနေသဖြင့် မပြေအာသာ တောင့်တစွာဖြင့်ပင် "ကိုယ်ဟိုင်သာတတ်နိုင်က ပိုင်ပိုင်ကြီး ဖတ်ရှုလိုက်ချင်စမ်းလှသည်"ဟုမြွက်ဟ ညည်းညူကြရကုန်၏။

ထိုသို့ပါဠိမာဂဓကို မတတ်ကျွမ်းကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အကျိုးကို မြော်ကိုးထောက်ဆ၍ "ပါဠိတော်များကို ကောင်းစွာသုတ်သင် သံဂါယနာ တင်ရာဖြစ်သည့်

http://www.dhammadownload.com



# မြန်မာပြန် နိဒါန်း

ဤခေတ် ဤအခါတွင် ပါဠိကျမ်းစာများအလား ဘုရားဟောကျမ်းစာများကို မြန်မာဘာသာ သန့်သန့်ဖြင့် ခန့်ခန့်ညားညား ရေးသားထုတ်ဝေရပါမူ ထိုပါဠိဘာသာ၌ ကောင်းစွာ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အမှန်ပင် အကျိုးများဖွယ် ရှိလေရာ၏”ဟု နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဦးစီးနာယက ပုဂ္ဂိုလ်ကြီးများက စဉ်းစားတွေးခေါ် မိသဖြင့် ပါဠိတော်ကျမ်းစာများကို မြန်မာဘာသာဖြန့်ဆိုရန် အဖွဲ့အသီးသီးတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။

သို့လျှင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဘာသာပြန်ရေးဆိုင်ရာ ပညာရှိ အဖွဲ့အစည်း အသီးသီးတို့က မိမိတို့ဆိုင်ရာ တာဝန်ရှိသည့်အတိုင်း အဆင့်ဆင့်တာဝန်ယူ ထမ်းဆောင်ကြပြီးလျှင် ရှေးရှေးက ရှိခဲ့ဘူးသော နိဿယအဖြာဖြာနှင့် ဘာသာပြန်ကျမ်းစာများကို အားထားကြည့်ရှု အခြေပြုလျက်—

(၁) ပါဠိတော်၏ သဘောအဓိပ္ပါယ်ကို ထိရောက်စေခြင်း

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ်ပေါ် လွင်စေခြင်း

(၄) စကားအသုံးအနှုန်း ထယ်ဝါ ခန့်ညားစေခြင်း

ဟူသော အချက်လေးချက်ကို လေးလေးနက်နက် အဓိကထား၍ ပြန်ဆိုသုတ်သင် အဆင့်ဆင့် ပြင်ဆင်ခဲ့ကြပြီးလျှင် ဘာသာပြန်စာမူတွင် သွင်းယူရေးသားထားသည့် စကား ဝါကျ အစီအကုံး ဝေါဟာရအသုံးအနှုန်းတို့ကိုလည်း နောက်ဆုံးပူပြင် ပြင်ဆင်တည်းဖြတ်တော်မူကြသော ဩဝါဒ သောဓေယျဆရာတော်တို့က—

(၁) အသိလွယ်ကူခြင်း

(၂) အများသုံးဖြစ်ခြင်း

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း

ဟူသော မှတ်ကျောက်သုံးခုတို့ဖြင့် စေ့စေ့ငုငုကြည့်ရှုဆင်ခြင်၍ ပြင်ဆင်သုံးသပ် တည်းဖြတ်တော်မူကြပြီးလျှင် လိုအပ်သော မြန်မာဘာသာ သတ်ပုံ သတ်ညွှန်းဆိုင်ရာတို့တွင်လည်း အမှန်ကန်ဆုံး အတိကျဆုံး ဖြစ်စေပြီးသည့်နောက်တွင်ကား...ပိဋကတ် ပါဠိတော်များနည်းတူ ဤမြန်မာပြန်စာမူများကိုလည်း အထပ်ထပ်ပြင်ဆင်၍ စက်တင်ပုံနှိပ်ခြင်း ပြုလုပ်ခဲ့လေသည်။

သို့ဖြစ်ရကား—

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုန်းတို့အလား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် တရားဒေသနာတည်းဟူသော ပိဋကတ်တော် အရသာကို မြိန်ရှက်စွာ စားသုံးလိုကြသည့် မာဂဓဘာသာ ပါဠိစကား၌ ကျွမ်းကျင်သက်ဝင်နိုင်စွမ်းမရှိကြသော ပြည်ထောင်စုနိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့သည် ကံအားလျော်စွာ အနှစ်တထောင်ကြာမှ တကြိမ်သာပွင့်သော အာသာဝတီနွယ်နီနတ်ပန်းကဲ့သို့ရင်း ကမ္ဘာဦးအခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒအားလျော်စွာ ဖြစ်ထွန်းပေါ် ပေါက်လာသော နေလနက္ခတ်တာရာတို့ကဲ့သို့ရင်း နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာဆန္ဒ

http://www.dhammadownload.com



## မြန်မာပြန် နိဒါန်း

အားလျော်စွာ အကြိမ်ကြိမ် အဖန်ဖန် ကြံစည်ကြိုးကုတ် အားထုတ်တိုင် စီစဉ်ရေးသားလျက် လေးစားစွာ ပြန်ဆိုသဖြင့် အလွန်အလွန် ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်းပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာရသော ဤပိဋကတ်တော်မြန်မာပြန်တို့ကို ဆန္ဒအာသာပြင်းထန်စွာ ကြည့်ရှုလေ့လာသွားခြင်းဖြင့် ပိဋကတ်တော်အရသာများကို လွယ်လွယ်ကူကူ မပင်မပန်း ချမ်းချမ်းသာသာ အားပါးတရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်းဖြစ်သော ဝိမုတ္တိသုခ အမတကြွင်းနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

### ခုဒ္ဒကနိကာယ် မြန်မာပြန် ပဋိဝိသောဓကဆရာတော်များ

၁-ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟသ်ာတမြို့။
၂- ။ ဦးသုဇာတ သာသနာ့ရိပ်သာ ရန်ကုန်မြို့။
၃- ။ ဦးပါလိတ မင်းကျောင်းဆရာတော် မြစ်သားမြို့။
၄- ။ အသျှင်စန္ဒဇောတိ သိရီသောမာရုံကျောင်း ကံကြီး မလှိုင်မြို့။
၅- ။ ဦးဇောတိက ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်မြို့။
၆- ။ ဦးဓမ္မာလောက မြတောင်ချောင်ဆရာတော် စစ်ကိုင်းတောင်ရိုး။
၇- ။ ဦးဝိသုတ ခေမာသိဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။
၈ ။ အရှင်တိလောကသာရ ရွှေစာရံကျောင်းတိုက် ပေါင်းတလည်မြို့ ပြည်ခရိုင်။

### ခုဒ္ဒကနိကာယ် မြန်မာပြန် ဩသာနသောဓေယျပတ္တပါဠကအဖွဲ့ဝင် ဆရာတော်များ

၁- ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟသ်ာတမြို့။
၂- ဆရာတော် ဦးဇောထိက ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်မြို့။
၃- ။ ဦးဝိသုတ ခေမာသိဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။
၄- အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

(ပိဋကတ်တော်ဘာသာပြန် အဋ္ဌုပ္ပတ်နိဒါန်းအကျယ်နှင့် မြန်မာပြန်အဖွဲ့အသီးသီးတို့၏အမည်များကို ဝိနည်းပါရာဇိကဏ်ဘာသာပြန်တွင်၎င်း ဒီဃနိကာယ် သီလက္ခန်ဘာသာပြန်တွင်၎င်း ကြည့်ရှုကြပါကုန်)။

http://www.dhammadownload.com

http://www.dhammadownload.com



## ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁-သရဏဂုံသုံးပါး | .... .... .... .... .... .... | ၁ |
| ၂-သိက္ခာပုဒ် ဆယ်ပါး | .... .... .... .... .... .... | ၂ |
| ၃-သုံးဆယ့်နှစ်ကောဋ္ဌာသ | .... .... .... .... .... | ၂ |
| ၄-ကုမာရပဉှာ | .... .... .... .... .... .... | ၃ |
| ၅-မင်္ဂလသုတ် | .... .... .... .... .... .... | ၃ |
| ၆-ရတနသုတ် | .... .... .... .... .... .... | ၅ |
| ၇-တိရောကုဍ္ဍသုတ် | .... .... .... .... .... .... | ၇ |
| ၈-နိဓိကဏ္ဍသုတ် | .... .... .... .... ... .... | ၈ |
| ၉-မေတ္တသုတ် | .... .... .... .... .... .... | ၁၀ |


ခုဒ္ဒကပါဌမြန်မာပြန် မာတိကာ ပြီး၏။

## ဓမ္မပဒပါဠိတော် မြန်မာပြန်

### မာတိကာ


| | | |
|---|---|---|
| ၁-ယမကဝဂ် | .... .... .... .... ... .... | ၁၃ |
| ၂-အပ္ပမာဒဝဂ် | .... .... .... .... .... .... | ၁၆ |
| ၃-စိတ္တဝဂ် | .... .... .... .... .... .... .... | ၁၇ |
| ၄-ပုပ္ဖဝဂ် | .... .... ... .... .... .... .... | ၁၉ |
| ၅-ဗာလဝဂ် | .... .... .... .... .... .... | ၂၁ |
| ၆-ပဏ္ဍိတဝဂ် | .... .... .... .... .... .... | ၂၃ |
| ၇-အရဟန္တဝဂ် | .... .... .... .... .... .... | ၂၅ |
| ၈-သဟဿဝဂ် | .... .... .... .... .... .... | ၂၇ |
| ၉-ပါပဝဂ် | .... .... .... .... .... .... .... | ၂၉ |
| ၁၀-ဒဏ္ဍဝဂ် | .... .... .... .... .... .... .... | ၃၁ |
| ၁၁-ဇရာဝဂ် | .... .... .. .... .... .... .... | ၃၃ |
| ၁၂-အတ္တဝဂ် | .... .... .... .... .... .... | ၃၅ |
| ၁၃-လောကဝဂ် | .... .... .... .... .... .... | ၃၆ |
| ၁၄-ဗုဒ္ဓဝဂ် | .... .... .... .... .... .... .... | ၃၈ |
| ၁၅-သုခဝဂ် | .... .... .... .... .... .... .... | ၄၀ |
| ၁၆-ပိယဝဂ် | .... .... .... .... .... .... .... | ၄၁ |
| ၁၇ ကောဓဝဂ် | .... .... .... .... .... ... | ၄၃ |

http://www.dhammadownload.com



## ဥဒါန်းပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၈-မလဝဂ် | .... .... .... .... .... .... .... | ၄၅ |
| ၁၉-ဓမ္မဋ္ဌဝဂ် | .... .... .... .... .... .... | ၄၇ |
| ၂၀-မဂ္ဂဝဂ် | .... .... .... .... .... .... .... | ၄၉ |
| ၂၁-ပကိဏ္ဏကဝဂ် | .... .... .... .... .... .... | ၅၂ |
| ၂၂-နိရယဝဂ် | .... .... .... .... .... .... | ၅၄ |
| ၂၃-နာဂဝဂ် | .... .... .... .... .... .... | ၅၅ |
| ၂၄-တဏှာဝဂ် | .... .... .... .... .... .... | ၅၇ |
| ၂၅-ဘိက္ခုဝဂ် | .... .... .... .... .... .... | ၆၀ |
| ၂၆-ဗြာဟ္မဏဝဂ် | .... .... .... .... .... .... | ၆၃ |


ဓမ္မပဒမြန်မာပြန် မာတိကာ ပြီး၏။

---

## ဥဒါန်းပါဠိတော် မြန်မာပြန်
## မာတိကာ

### ၁-ဗောဓိဝဂ်


| | | |
|---|---|---|
| ၁-ပဌမဗောဓိသုတ် | .... .... .... .... .... .... | ၇၁ |
| ၂-ဒုတိယဗောဓိသုတ် | .... .... .... .... .... .... | ၇၂ |
| ၃-တတိယဗောဓိသုတ် | .... .... .... .... .... | ၇၃ |
| ၄-ဟုံဟုကသုတ် | .... .... .... .... .... .... | ၇၄ |
| ၅-ဗြာဟ္မဏသုတ် | .... .... .... .... .... .... | ၇၅ |
| ၆-မဟာကဿပသုတ် | .... .... .... .... .... | ၇၅ |
| ၇-အဇကလာပကသုတ် | .... .... .... .... .... | ၇၆ |
| ၈-သင်္ဂါမဇိသုတ် | .... .... .... .... .... .... | ၇၆ |
| ၉-ဇဋိလသုတ် | .... .... .... .... .... .... | ၇၇ |
| ၁၀-ဗာဟိယသုတ် | .... .... .... .... .... .... | ၇၈ |


### ၂-မုစလိန္ဒဝဂ်


| | | |
|---|---|---|
| ၁-မုစလိန္ဒသုတ် | .... .... .... .... .... .... | ၈၁ |
| ၂-ရာဇသုတ် | .... .... .... .... .... .... | ၈၁ |
| ၃-ဒဏ္ဍသုတ် | .... .... .... .... .... .... | ၈၂ |
| ၄-သက္ကာရသုတ် | .... .... .... .... .... .... | ၈၃ |
| ၅-ဥပါသကသုတ် | .... .... .... .... .... .... | ၈၄ |
| ၆-ဂဗ္ဘိနီသုတ် | .... .... .... .... .... .... | ၈၅ |
| ၇-ဧကပုတ္တကသုတ် | .... .... .... .... .... .... | ၈၆ |
| ၈-သုပ္ပဝါသာသုတ် | .... .... .... .... .... .... | ၈၆ |

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-မုစလိန္ဒဝဂ်** | |
| ၉-ဝိသာခါသုတ် | .... .... .... .... .... .... | ၉၀ |
| ၁၀-ဘဒ္ဒိယသုတ် | .... .... .... .... .... .... | ၉၀ |
| | **၃-နန္ဒဝဂ်** | |
| ၁-ကမ္မဝိပါကဇသုတ် | .... .... .... .... .... .... | ၉၂ |
| ၂-နန္ဒသုတ် | .... .... .... .... .... .... | ၉၃ |
| ၃-ယသောဇသုတ် | .... .... .... .... .... .... | ၉၅ |
| ၄-သာရိပုတ္တသုတ် | .... .... .... .... .... .... | ၉၈ |
| ၅-မဟာမောဂ္ဂလ္လာနသုတ် | .... .... .... .... .... | ၉၉ |
| ၆-ပိလိန္ဒဝစ္ဆသုတ် | .... .... .... .... .... .... | ၉၉ |
| ၇-သက္ကုဒါနသုတ် | .... .... .... .... .... .... | ၁၀၀ |
| ၈-ပိဏ္ဍပါတိကသုတ် | .... .... .... .... .... .... | ၁၀၂ |
| ၉-သိပ္ပသုတ် | .... .... .... .... .... .... | ၁၀၃ |
| ၁၀-လောကသုတ် | .... .... .... .... .... .... | ၁၀၄ |
| | **၄-မေဃိယဝဂ်** | |
| ၁-မေဃိယသုတ် | .... .... .... .... .... .... | ၁၀၅ |
| ၂-ဥဒ္ဓတသုတ် | .... .... .... .... .... .... | ၁၀၉ |
| ၃-ဂေါပါလကသုတ် | .... .... .... .... .... .... | ၁၁၀ |
| ၄-ယက္ခပဟာရသုတ် | .... .... .... .... .... .... | ၁၁၁ |
| ၅-နာဂသုတ် | .... .... .... .... .... .... | ၁၁၃ |
| ၆-ပိဏ္ဍောလသုတ် | .... .... .... .... .... .... | ၁၁၄ |
| ၇-သာရိပုတ္တသုတ် | .... .... .... .... .... .... | ၁၁၅ |
| ၈-သုန္ဒရီသုတ် | .... .... .... .... .... .... | ၁၁၅ |
| ၉-ဥပသေနသုတ် | .... .... .... .... .... .... | ၁၁၈ |
| ၁၀-သာရိပုတ္တဥပသမသုတ် | .... .... .... .... .... | ၁၁၉ |
| | **၅-သောဏဝဂ်** | |
| ၁-ပိယတရသုတ် | .... .... .... .... .... .... | ၁၁၉ |
| ၂-အပ္ပါယုကသုတ် | .... .... .... .... .... .... | ၁၂၀ |
| ၃-သုပ္ပဗုဒ္ဓကုဋ္ဌိသုတ် | .... .... .... .... .... .... | ၁၂၁ |
| ၄-ကုမာရကသုတ် | .... .... .... .... .... .... | ၁၂၃ |
| ၅-ဥပေါသထသုတ် | .... .... .... .... .... .... | ၁၂၄ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၅-သောဏဝဂ်** | |
| ၆ | သောဏသုတ် | ၁၂၉ |
| ၇ | ကင်္ခါရေဝတသုတ် | ၁၃၃ |
| ၈ | သံဃဘေဒသုတ် | ၁၃၃ |
| ၉ | သဓာယမာနသုတ် | ၁၃၄ |
| ၁၀ | စူဠပန္ထကသုတ် | ၁၃၅ |
| | **၆-ဇစ္စန္ဓဝဂ်** | |
| ၁ | အာယုသင်္ခါရောဿဇ္ဇနသုတ် | ၁၃၅ |
| ၂ | ဆတ္တဇဋိလသုတ် | ၁၃၉ |
| ၃ | ပစ္စဝေက္ခဏသုတ် | ၁၄၁ |
| ၄ | ပဌမနာနာတိတ္ထိယသုတ် | ၁၄၂ |
| ၅ | ဒုတိယနာနာတိတ္ထိယသုတ် | ၁၄၅ |
| ၆ | တတိယနာနာတိတ္ထိယသုတ် | ၁၄၇ |
| ၇ | သုဘူတိသုတ် | ၁၅၀ |
| ၈ | ဂဏိကာသုတ် | ၁၅၀ |
| ၉ | ဥပါတိဓာဝန္တိသုတ် | ၁၅၁ |
| ၁၀ | ဥပ္ပဇ္ဇန္တိသုတ် | ၁၅၂ |
| | **၇-စူဠဝဂ်** | |
| ၁ | ပဌမလကုဏ္ဍကဘဒ္ဒိယသုတ် | ၁၅၃ |
| ၂ | ဒုတိယလကုဏ္ဍကဘဒ္ဒိယသုတ် | ၁၅၄ |
| ၃ | ပဌမသတ္တသုတ် | ၁၅၅ |
| ၄ | ဒုတိယသတ္တသုတ် | ၁၅၅ |
| ၅ | အပရလကုဏ္ဍကဘဒ္ဒိယသုတ် | ၁၅၆ |
| ၆ | တဏှာသင်္ခယသုတ် | ၁၅၆ |
| ၇ | ပပဉ္စခယသုတ် | ၁၅၇ |
| ၈ | ကစ္စာနသုတ် | ၁၅၈ |
| ၉ | ဥဒပါနသုတ် | ၁၅၈ |
| ၁၀ | ဥတေနသုတ် | ၁၅၉ |
| | **၈-ပါဋလိဂါမိယဝဂ်** | |
| ၁ | ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ် | ၁၆၀ |
| ၂ | ဒုတိယနိဗ္ဗာနပဋိသံယုတ္တသုတ် | ၁၆၁ |
| ၃ | တတိယနိဗ္ဗာနပဋိသံယုတ္တသုတ် | ၁၆၂ |
| ၄ | စတုတ္ထနိဗ္ဗာနပဋိသံယုတ္တသုတ် | ၁၆၂ |

http://www.dhammadownload.com



ဦးရေ — အကြောင်းအရာ — မျက်နှာအမှတ်

## ၈-ပါဋလိဂါမိယဝဂ်


၅-စန္ဒသုတ် .... .... .... .... .... .... .... ၁၆၂
၆-ပါဋလိဂါမိယသုတ် .... .... .... .... .... .... ၁၆၆
၇-ဒွိဓာပထသုတ် .... .... .... .... .... .... ၁၇၁
၈-ဝိသာခါသုတ် .... .. .... .... .... .... ၁၇၂
၉-ပဌမဒဗ္ဗသုတ် .... .... .... – .... .... ၁၇၃
၁၀-ဒုတိယဒဗ္ဗသုတ် .... .... .... .... .... .... ၁၇၄


ဥဒါန်းမြန်မာပြန် မာတိကာ ပြီး၏။

---

## ဣတိဝုတ်ပါဠိတော် မြန်မာပြန်
## မာတိကာ
## ၁-ဧကကနိပါတ် ၁-ပဌမဝဂ်


၁-လောဘသုတ် .... .... .... .... .... .... ၁၇၇
၂-ဒေါသသုတ် .... .... .... .... .... .... ၁၇၈
၃-မောဟသုတ် .... .... .... .... .... .... ၁၇၈
၄-ကောဓသုတ် .... .... .... .... .... .... ၁၇၈
၅-မက္ခသုတ် .... .... .... .... .... .... ၁၇၉
၆-မာနသုတ် .... .... .... .... .... .... ၁၇၉
၇-သဗ္ဗပရိညာသုတ် .... .... .... .... .... .... ၁၈၀
၈-မာနပရိညာသုတ် .... .... .... .... .... .... ၁၈၀
၉-လောဘပရိညာသုတ် .... .... .... .... .... ၁၈၁
၁၀-ဒေါသပရိညာသုတ် .... .... .... .... .... .... ၁၈၁


## ၂-ဒုတိယဝဂ်


၁-မောဟပရိညာသုတ် .... .... .... .... .... .... ၁၈၂
၂-ကောဓပရိညာသုတ် .... .... .... .... .... .... ၁၈၂
၃-မက္ခပရိညာသုတ် .... .... .... .... .... .... ၁၈၃
၄-အဝိဇ္ဇာနီဝရဏသုတ်.... .... .... .... .... .... ၁၈၃
၅-တဏှာသံယောဇနသုတ် .... .... .... .... .... ၁၈၄
၆-ပဌမသေခသုတ် .... .... .... .... .... .... ၁၈၄
၇-ဒုတိယ သေခသုတ် .... .... .... .... .... .... ၁၈၅
၈-သံဃဘေဒသုတ် .... .... .... .... .... .... ၁၈၆
၉-သံဃသာမဂ္ဂီသုတ် .... .... .... .... .... .... ၁၈၆
၁၀-ပဒုဋ္ဌစိတ္တသုတ် .... .... .... .... .... .... ၁၈၇

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၃-တတိယဝဂ်

၁-ပသန္နစိတ္တသုတ် .... ၁၈၇
၂-မေတ္တသုတ် .... ၁၈၈
၃-ဥဘယတ္ထသုတ် .... ၁၈၉
၄-အဋ္ဌိပုဉ္စသုတ် .... ၁၉၀
၅-မုသာဝါဒသုတ် .... ၁၉၀
၆-ဒါနသုတ် .... ၁၉၁
၇-မေတ္တာဘာဝနာသုတ် .... ၁၉၁

## ၂-ဒုကနိပါတ် ၁-ပဌမဝဂ်

၁-ဒုက္ခဝိဟာရသုတ် .... ၁၉၄
၂-သုခဝိဟာရသုတ် .... ၁၉၄
၃-တပနီယသုတ် .... ၁၉၅
၄-အတပနီယသုတ် .... ၁၉၅
၅-ပဌမသီလသုတ် .... ၁၉၆
၆-ဒုတိယသီလသုတ် .... ၁၉၆
၇-အာတာပီသုတ် .... ၁၉၇
၈-ပဌမနကုဟနသုတ် .... ၁၉၈
၉-ဒုတိယနကုဟနသုတ် .... ၁၉၈
၁၀-သောမနဿသုတ် .... ၁၉၉

## ၂-ဒုတိယဝဂ်

၁-ဝိတက္ကသုတ် .... ၁၉၉
၂-ဒေသနာသုတ် .... ၂၀၀
၃-ဝိဇ္ဇာသုတ် .... ၂၀၀
၄-ပညာပရိဟီနသုတ် .... ၂၀၂
၅-သုက္ကဓမ္မသုတ် .... ၂၀၃
၆-အဇာတသုတ် .... ၂၀၃
၇-နိဗ္ဗာနဓာတုသုတ် .... ၂၀၄
၈-ပဋိသလ္လာနသုတ် .... ၂၀၅
၉-သိက္ခာနိသံသသုတ် .... ၂၀၆
၁၀-ဇာဂရိယသုတ် .... ၂၀၇
၁၁-အာပါယိကသုတ် .... ၂၀၇
၁၂-ဒိဋ္ဌိဂတသုတ် .... ၂၀၈

http://www.dhammadownload.com




| ဦးစရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-တိကနိပါတ် ၁-ပဌမဝဂ်** | |
| | ၁-မူလသုတ် | ၂၁၀ |
| | ၂-ခါတုသုတ် | ၂၁၀ |
| | ၃-ပဌမ ဝေဒနာသုတ် | ၂၁၁ |
| | ၄-ဒုတိယ ဝေဒနာသုတ် | ၂၁၁ |
| | ၅-ပဌမ သေနာသုတ် | ၂၁၂ |
| | ၆-ဒုတိယ သေနာသုတ် | ၂၁၂ |
| | ၇-ပဌမ အာသဝသုတ် | ၂၁၃ |
| | ၈-ဒုတိယ အာသဝသုတ် | ၂၁၃ |
| | ၉-တဏှာသုတ် | ၂၁၃ |
| | ၁၀-မာရဓေယျသုတ် | ၂၁၄ |
| | **၂-ဓနိယဝဂ်** | |
| | ၁-ပုညကိရိယဝတ္ထုသုတ် | ၂၁၄ |
| | ၂-စက္ခုသုတ် | ၂၁၅ |
| | ၃-ဣန္ဒြိယသုတ် | ၂၁၅ |
| | ၄-အဒ္ဓါသုတ် | ၂၁၆ |
| | ၅-ဒုစ္စရိတသုတ် | ၂၁၆ |
| | ၆-သုစရိတသုတ် | ၂၁၇ |
| | ၇-သောစေယျသုတ် | ၂၁၇ |
| | ၈-မောနေယျသုတ် | ၂၁၈ |
| | ၉-ပဌမရာဂသုတ် | ၂၁၈ |
| | ၁၀-ဒုတိယရာဂသုတ် | ၂၁၉ |
| | **၃-တတိယဝဂ်** | |
| | ၁-မိစ္ဆာဒိဋ္ဌိကသုတ် | ၂၁၉ |
| | ၂-သမ္မာဒိဋ္ဌိကသုတ် | ၂၂၀ |
| | ၃-နိဿရဏိယသုတ် | ၂၂၁ |
| | ၄-သန္တတရသုတ် | ၂၂၂ |
| | ၅-ပုတ္တသုတ် | ၂၂၂ |
| | ၆-အဝုဋ္ဌိကသုတ် | ၂၂၄ |
| | ၇-သုခပတ္ထနာသုတ် | ၂၂၅ |
| | ၈-ဘိဒုရသုတ် | ၂၂၆ |
| | ၉-ဓာတုသောသံသန္ဒနသုတ် | ၂၂၇ |
| | ၁၀-ပရိဟာနသုတ် | ၂၂၈ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |
| | **၄-စတုတ္ထဝဂ်** | |
| ၁-ဝိတက္ကသုတ် | | ၂၂၉ |
| ၂-သက္ကာရသုတ် | | ၂၂၉ |
| ၃-ဒေဝသဒ္ဒသုတ် | | ၂၃၀ |
| ၄-ပဉ္စပုဗ္ဗနိမိတ္တသုတ် | | ၂၃၁ |
| ၅-ဗဟုဇနဟိတသုတ် | | ၂၃၃ |
| ၆-အသုဘာနုပဿီသုတ် | | ၂၃၄ |
| ၇-ဓမ္မာနုဓမ္မပဋိပန္နသုတ် | | ၂၃၅ |
| ၈ အန္ဓကရဏသုတ် | | ၂၃၅ |
| ၉-အန္တရာမလသုတ် | | ၂၃၇ |
| ၁၀-ဒေဝဒတ္တသုတ် | | ၂၃၈ |
| | **၅-ပဉ္စမဝဂ်** | |
| ၁-အဂ္ဂပ္ပသာဒသုတ် | | ၂၃၉ |
| ၂-ဇီဝိကသုတ် | | ၂၄၀ |
| ၃-သင်္ဃာဋိကဏ္ဏသုတ် | | ၂၄၁ |
| ၄-အဂ္ဂိသုတ် | | ၂၄၂ |
| ၅-ဥပပရိက္ခသုတ် | | ၂၄၃ |
| ၆-ကာမူပပတ္တိသုတ် | | ၂၄၄ |
| ၇-ကာမယောဂသုတ် | | ၂၄၄ |
| ၈-ကလျာဏသီလသုတ် | | ၂၄၅ |
| ၉-ဒါနသုတ် | | ၂၄၆ |
| ၁၀-တေဝိဇ္ဇသုတ် | | ၂၄၇ |
| | **၄-စတုက္ကနိပါတ်** | |
| ၁-ဗြာဟ္မဏဓမ္မယာဂသုတ် | | ၂၅၀ |
| ၂-သုလဘသုတ် | | ၂၅၁ |
| ၃-အာသဝက္ခယသုတ် | | ၂၅၁ |
| ၄-သမဏဗြာဟ္မဏသုတ် | | ၂၅၂ |
| ၅-သီလသမ္ပန္နသုတ် | | ၂၅၃ |
| ၆-တဏှုပ္ပါဒသုတ် | | ၂၅၄ |
| ၇-သဗြဟ္မကသုတ် | | ၂၅၅ |
| ၈-ဗဟုကာရသုတ် | | ၂၅၆ |
| ၉-ကုဟသုတ် | | ၂၅၆ |
| ၁၀-နဒီသောတသုတ် | | ၂၅၇ |

## မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

### ၄-စတုက္ကနိပါတ်


| | |
|---|---|
| ၁၁-စရသုတ် .... .... .... .... .... .... | ၂၅၈ |
| ၁၂-သမ္ပန္နသီလသုတ် .... .... .... .... .... .... | ၂၆၀ |
| ၁၃-လောကသုတ် .... .... .... .... .... .... | ၂၆၂ |


ဣတိဝုတ်မြန်မာပြန် မာတိကာ ပြီး၏။

---

## သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်

## မာတိကာ

### ၁-ဥရဂဝဂ်


| | |
|---|---|
| ၁-ဥရဂသုတ် .... .... .... .... .... .... | ၂၆၅ |
| ၂-ဓနိယသုတ် .... .... .... .... .... .... | ၂၆၇ |
| ၃-ခဂ္ဂဝိသာဏသုတ် .... .... .... .... .... .... | ၂၇၀ |
| ၄-ကသိဘာရဒွါဇသုတ် .... .... .... .... .... | ၂၇၄ |
| ၅-စုန္ဒသုတ် .... .... .... .... .... .... | ၂၇၇ |
| ၆-ပရာဘဝသုတ် .... .... .... .... .... .... | ၂၇၈ |
| ၇-ဝသလသုတ် .... .... .... .... .... .... | ၂၈၁ |
| ၈-မေတ္တသုတ် .... .... .... .... .... .... | ၂၈၄ |
| ၉-ဟေမဝတသုတ် .... .... .... .... .... .... | ၂၈၅ |
| ၁၀-အာဠဝကသုတ် .... .... .... .... .... .... | ၂၈၉ |
| ၁၁-ဝိဇယသုတ် .... .... .... .... .... .... | ၂၉၁ |
| ၁၂-မုနိသုတ် .... .... .... .... .... .... | ၂၉၂ |


### ၂-စူဠဝဂ်


| | |
|---|---|
| ၁-ရတနသုတ် .... .... .... .... .... .... | ၂၉၅ |
| ၂ အာမဂန္ဓသုတ် .... .... .... .... .... .... | ၂၉၇ |
| ၃-ဟိရိသုတ် .... .... .... .... .... .... | ၂၉၉ |
| ၄-မင်္ဂလသုတ် .... .... .... .... .... .... | ၃၀၀ |
| ၅-သူစိလောမသုတ် .... .... .... .... .... .... | ၃၀၁ |
| ၆-ဓမ္မစရိယသုတ် .... .... .... .... .... .... | ၃၀၃ |
| ၇-ဗြာဟ္မဏဓမ္မိကသုတ် .... .... .... .... .... | ၃၀၄ |
| ၈-နာဝါသုတ် .... .... .... .... .... .... | ၃၀၈ |
| ၉-ကိံသီလသုတ် .... .... .... .... .... .... | ၃၀၉ |
| ၁၀-ဥဋ္ဌာနသုတ် .... .... .... .... .... .... | ၃၀၉ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-စူဠဝဂ်** | |
| ၁၁-ရာဟုလသုတ် | .... .... .... .... .... ... | ၃၁၀ |
| ၁၂-နိဂြောဓကပ္ပသုတ် | .... .... .... .... .... .... | ၃၁၁ |
| ၁၃-သမ္မာပရိဗ္ဗာဇနီယသုတ် | .... .... .... .... .... | ၃၁၃ |
| ၁၄-ဓမ္မိကသုတ် | .... .... .... .... .... .... | ၃၁၅ |
| | **၃-မဟာဝဂ်** | |
| ၁-ပဗ္ဗဇ္ဇာသုတ် | .... .... .... .... .... .... | ၃၂၀ |
| ၂-ပဓာနသုတ် | .... .... .... .... .... .... | ၃၂၂ |
| ၃-သုဘာသိတသုတ် | .... .... .... .... .... .... | ၃၂၄ |
| ၄-သုန္ဒရိကဘာရဒွါဇသုတ် | .... .... .... .... .... | ၃၂၅ |
| ၅-မာဃသုတ် | .... .... .... .... .... .... | ၃၃၀ |
| ၆-သဘိယသုတ် | .... .... .... .... .... .... | ၃၃၄ |
| ၇ သေလသုတ် | .... .... .... .... .... .... | ၃၄၂ |
| ၈-သလ္လသုတ် | .... .... .... .... .... .... | ၃၅၀ |
| ၉-ဝါသေဋ္ဌသုတ် | .... .... .... .... .... .... | ၃၅၂ |
| ၁၀-ကောကာလိကသုတ် | .... .... .... .... .... | ၃၅၉ |
| ၁၁-နာလကသုတ် | .... .... .... .... .... .... | ၃၆၃ |
| ၁၂-ဒွယတာနုပဿနာသုတ် | .... .... .... .... .... | ၃၆၈ |
| | **၄-အဋ္ဌကဝဂ်** | |
| ၁-ကာမသုတ် | .... .... .... .... .... .... | ၃၇၇ |
| ၂-ဂုဟဋ္ဌကသုတ် | .... .... .... .... .... .... | ၃၇၇ |
| ၃-ဒုဋ္ဌဋ္ဌကသုတ် | .... .... .... .... .... .... | ၃၇၈ |
| ၄-သုဒ္ဓဋ္ဌကသုတ် | .... .... .... .... .... .... | ၃၇၉ |
| ၅-ပရမဋ္ဌကသုတ် | .... .... .... .... .... .... | ၃၈၁ |
| ၆-ဇရာသုတ် | .... .... .... .... .... .... | ၃၈၂ |
| ၇-တိဿမေတ္တေယျသုတ် | .... .... .... .... .... | ၃၈၃ |
| ၈-ပသူရသုတ် | .... .... .... .... .... .... | ၃၈၄ |
| ၉-မာဂဏ္ဍိယသုတ် | .... .... .... .... .... .... | ၃၈၅ |
| ၁၀-ပုရာဘေဒသုတ် | .... .... .... .... .... .... | ၃၈၈ |
| ၁၁-ကလဟဝိဝါဒသုတ် | .... .... .... .... .... .... | ၃၉၀ |
| ၁၂-စူဠဗျူဟသုတ် | .... .... .... .... .... .... | ၃၉၂ |
| ၁၃-မဟာဗျူဟသုတ် | .... .... .... .... .... .... | ၃၉၄ |
| ၁၄-တုဝဋ္ဋကသုတ် | .... .... .... .... .... .... | ၃၉၇ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၄-အဋ္ဌကဝဂ်


၁၅-အတ္တဒဏ္ဍသုတ် .... .... .... .... .... .... ၄၀၀
၁၆-သာရိပုတ္တသုတ် .... .... .... .... .... .... ၄၀၂


## ၅ ပါရာယနဝဂ်


၁-ဝတ္ထုဂါထာ .... .... .... .... .... .... ၄၀၆
၁ အဇိတမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၀
၂-တိဿမေတ္တေယျမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၁
၃-ပုဏ္ဏကမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၂
၄-မေတ္တဂူမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၃
၅-ဓောတကမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၅
၆-ဥပသီဝမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၆
၇-နန္ဒမာဏဝပုစ္ဆာ .... .... .... .... .... .... ၄၁၇
၈-ဟေမကမာဏဝပုစ္ဆာ .... .... .... .... .... ၄၁၉
၉-တောဒေယျမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၀
၁၀-ကပ္ပမာဏဝပုစ္ဆာ .... .... .... .... .... .... ၄၂၀
၁၁-ဇတုကဏ္ဏိမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၁
၁၂-ဘဒြာဝုဓမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၂
၁၃-ဥဒယမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၂
၁၄-ပေါသာလမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၃
၁၅-မောဃရာဇမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၄
၁၆-ပိင်္ဂိယမာဏဝပုစ္ဆာ .... .... .... .... .... ၄၂၅
ပါရာယနတ္ထုတိ ဂါထာ .... .... .... .... .... ၄၂၅
ပါရာယနာနုဂီတိ ဂါထာ .... .... .... .... .. ၄၂၆
သုတ်၏ဥဒါန်း .... .... .... .... .... .... ၄၂၉


သုတ္တနိပါတ်မြန်မာပြန် မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြိုတင်သိမှတ်ရန် သင်္ကေတလက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက်ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု **သိမှတ်ရန်**။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ **ဆက်လက်ပြု** လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ **ကပ်လျက်ရှိ**သော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် **မှတ်သားရန်ဖြစ်**ပါသည်။

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ခုဒ္ဒကပါဌပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**သရဏဂုံသုံးပါး**

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

နှစ်ကြိမ်မြောက် (နောက်ထပ်တဖန်)လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

နှစ်ကြိမ်မြောက် (နောက်ထပ်တဖန်)လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

နှစ်ကြိမ်မြောက် (နောက်ထပ်တဖန်)လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက် (နောက်ထပ်တဖန်)လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက် (နောက်ထပ်တဖန်)လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက် (နောက်ထပ်တဖန်)လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သရဏဂုံသုံးပါး ပြီး၏။

## ၂-သိက္ခာပုဒ်ဆယ်ပါး

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်[1]ကို ဆောက်တည်ပါ၏။

၂။ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၃။ မမြတ်သော (မေထုန်)အကျင့်မှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၄။ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၅။ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၆။ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၇။ ကခြင်း သီခြင်း တီးမှုတ်ခြင်းနှင့် (သူတော်ကောင်း) တရား၏ ဆူးငြောင့်သဖွယ်ဖြစ်သောပွဲလမ်းသဘင်တို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၈။ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်း တန်ဆာဆင်ခြင်း အပြေအပြစ်ပြုခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၉။ မြင့်သောနေရာ မြတ်သောနေရာ(၌ နေထိုင်ခြင်း)မှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၁၀။ ရွှေငွေကို ကိုင်ခြင်း ခံယူခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

သိက္ခာပုဒ်ဆယ်ပါး ပြီး၏။

---

## ၃-သုံးဆယ့်နှစ်ကောဋ္ဌာသ

ဤကိုယ်(ရုပ်အပေါင်း)၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ။ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့။ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်။ အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်[2]။ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ။ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏။

သုံးဆယ့်နှစ်ကောဋ္ဌာသ ပြီး၏။

---

၁။ သိက္ခာ+သီလ သမာဓိ ပညာအကျင့်သုံးပါးကို။ ပဒ+ရခြင်း၏အကြောင်း။ သိက္ခာပဒ = အကျင့်သိက္ခာသုံးပါးကိုရကြောင်း။

၂။ ဧဝံ တတ္ထ တတ္ထ မတ္ထလုင်္ဂံ အဋ္ဌိမိဉ္ဇေန သင်္ဂဟေတွာ ဒေသိတံ၊ ကာယဂတာသတိကောဋ္ဌာသဘာဝနာ ပရိယာယံ ဒွတ္တိံ သာကာရကမ္မဋ္ဌာနံ အာရဒ္ဓံ။ အဋ္ဌကထာ။

http://www.dhammadownload.com



## ၄-ကုမာရပဉှာ

၁။ တခုသော တရားမည်သည် အဘယ်နည်း? သတ္တဝါဟူသမျှတို့သည် အကြောင်း 'အာဟာရ'လျှင် တည်ရာရှိကုန်၏။

၂။ နှစ်ခုသော တရားမည်သည် အဘယ်နည်း? နာမ်နှင့်ရုပ်တည်း။

၃။ သုံးခုသောတရားမည်သည် အဘယ်နည်း? ဝေဒနာသုံးပါးတို့တည်း။

၄။ လေးခုသော တရားမည်သည် အဘယ်နည်း? အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့တည်း။

၅။ ငါးခုသော တရားမည်သည် အဘယ်နည်း?(စွဲလမ်းမှု)ဥပါဒါနက္ခန္ဓာငါးပါးတို့တည်း။

၆။ ခြောက်ခုသော တရားမည်သည် အဘယ်နည်း? အတွင်း 'အဇ္ဈတ္တိက' အာယတန ခြောက်ပါးတို့တည်း။

၇။ ခုနစ်ခုသော တရားမည်သည် အဘယ်နည်း? ဗောဇ္ဈင်ခုနစ်ပါးတို့တည်း။

၈။ ရှစ်ခုသော တရားမည်သည် အဘယ်နည်း? အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တည်း။

၉။ ကိုးခုသော တရားမည်သည် အဘယ်နည်း? သတ္တဝါတို့၏ တည်နေရာ 'သတ္တာဝါသ' ကိုးပါးတို့တည်း။

၁၀။ ဆယ်ခုသော တရားမည်သည် အဘယ်နည်း? အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံသူကို "ရဟန္တာ"ဟု ဆိုအပ်၏။

ကုမာရပဉှာ ပြီး၏။

---

## ၅-မင်္ဂလသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါနတ်သားတယောက်သည် (ညဉ့်ဦးယံ) ကုန်လွန်ပြီးသော သန်ကောင်ယံအခါ၌ အလွန်နှစ်လိုဖွယ်သောအဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကာ တခုသောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအားဂါထာဖြင့် လျှောက်၏—

၂။ (မြတ်စွာဘုရား)များစွာကုန်သော နတ်လူတို့သည် (မိမိ)ချမ်းသာကို တောင့်တကုန်သည် ဖြစ်၍ (မင်္ဂလာ)တရားတို့ကို ကြံကြကုန်၏၊ (အသျှင်ဘုရားသည်) မြင့်မြတ်သော (မင်္ဂလာ)တရားကို ဟောတော်မူပါလော့။

၃။ (နတ်သား)သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ချခြင်းငှင်း ပညာရှိတို့ကို မှီဝဲဆည်းကပ်ရခြင်းငှင်း ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်းငှင်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သောမင်္ဂလာ တရားတည်း။

http://www.dhammadownload.com



၄။ (နတ်သား)သင့်လျော်လျောက်ပတ်သော အရပ်၌ နေရခြင်း၎င်း ရှေးဘဝကပြုခဲ့သော ကုသိုလ်ကောင်းမှု ရှိသူဖြစ်ခြင်း၎င်း မိမိ(ကိုယ်စိတ်)ကို ကောင်းစွာထားခြင်း၎င်း၊ ဤတရား သုံးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၅။ (နတ်သား) အကြားအမြင် များခြင်း၎င်း (အပြစ်မရှိသော) အတတ်ကို တတ်ရခြင်း၎င်း (မိမိတို့ဆိုင်ရာ)ဝိနည်းဥပဒေကို ကောင်းစွာ ကျင့်သုံးရခြင်း၎င်း စကားကို ကောင်းစွာ ဆိုခြင်း၎င်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၆။ (နတ်သား) အမိအဖတို့ကို လုပ်ကျွေးခြင်း၎င်း သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်း၎င်း ပျင်းရိဖင့်နွှဲခြင်းစသော အနှောက်အရှက်မရှိမှု၍ အလုပ်အကိုင်တို့ကို ပြုလုပ်ရခြင်း၎င်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၇။ (နတ်သား)အလှူပေးရခြင်း၎င်း ကုသိုလ်ကမ္မပထတရားကို ကျင့်ရခြင်း၎င်း ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ရခြင်း၎င်း အပြစ်ကင်းသော အမှုတို့ကို ပြုရခြင်း၎င်း၊ ဤတရား လေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၈။ (နတ်သား)မကောင်းမှုမှ (စိတ်ဖြင့်)ရှောင်ကြဉ်ခြင်း၎င်း မကောင်းမှုမှ(ကိုယ်နှုတ်ဖြင့်) ရှောင်ကြဉ်ခြင်း၎င်း သေအရက်သောက်ခြင်းမှ စောင့်စည်းခြင်း၎င်း ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၎င်း၊ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၉။ (နတ်သား) (ရိုသေထိုက်သူတို့အား)ရိုသေခြင်း၎င်း (မိမိကိုယ်ကို) နှိမ့်ချခြင်း၎င်း ရောင့်ရဲလွယ်ခြင်း၎င်း သူပြုဘူးသော ကျေးဇူးကို သိခြင်း၎င်း သင့်တင့်သော အခါ၌ တရား နာခြင်း၎င်း၊ ဤတရားငါးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၀။ (နတ်သား) သည်းခံခြင်း၎င်း သူတော်ကောင်းတို့၏ ဆုံးမစကားကို နာလွယ်ခြင်း၎င်း ရဟန်းတို့အား ဖူးမြင်ခြင်း၎င်း သင့်တင့်သောအခါ၌ တရားကို ဆွေးနွေးမေးမြန်းခြင်း၎င်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၁။ (နတ်သား) (အကုသိုလ်တရားတို့ကို) ပူပန်စေတတ်သော အကျင့်ကို ကျင့်ခြင်း၎င်း မြတ်သောအကျင့်ကို ကျင့်ခြင်း၎င်း အရိယသစ္စာတို့ကို (မဂ်ဖြင့်) မြင်ခြင်း၎င်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၎င်း၊ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၂။ (နတ်သား)လောကဓံတို့နှင့် တွေ့သော အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်၊ စိုးရိမ်ခြင်းမရှိ၊ ကိလေသာမြူ ကင်း၏၊ ဘေးရန်မရှိ၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၃။ (နတ်သား)မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ကို ပြုကျင့်သောကြောင့် ရန်သူဟူသမျှ တို့တွင် (တယောက်မျှ )ရန်သူတို့ မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံသော အရပ်တို့၌ ကြီးပွါး ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် ထိုတရားသုံးဆယ့်ရှစ်ပါးသည် ထိုနတ်လူတို့၏ မြင့်မြတ်သော မင်္ဂလာတရား မည်၏ ဟု (မှတ်လေလော့ ဟု မိန့်တော်မူ၏)။

မင်္ဂလသုတ် ပြီး၏။

http://www.dhammadownload.com



## ၆-ရတနသုတ်

၁။ မြေ၌ တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်၎င်း ဤအရပ်သို့ အညီအညွတ်လာကြကုန်၏၊ အလုံးစုံသာလျှင် ဖြစ်သော နတ်တို့သည် နှစ်သက်ရွှင်ပြ ဝမ်းမြောက်ကြစေကုန်သတည်း၊ ထိုမှတပါးလည်း (ငါဘုရား)ဟောအပ်သော ပရိတ်တရားတော်ကို ရိုသေစွာ နာကြစေကုန်သတည်း။

၂။ နတ်များတို့ ထို့ကြောင့် သာလျှင် အသင်နတ်အားလုံးတို့သည် ဟောတော်မူအပ်သော ပရိတ်တရားတော်ကို စိတ်၌ သိုမှီးသိမ်းဆည်းကြကုန်လော့၊ လူသတ္တဝါအပေါင်း၌ မေတ္တာကို ပြုကြကုန်လော့၊အကြင်သူတို့သည် နေ့၌၎င်း ညဥ့်၌၎င်း သင်တို့အား ပူဇော်ပသခြင်းကို ပြုကြကုန်၏၊ ထို့ကြောင့်သာလျှင် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြကုန်လော့။

၃။ ဤလူ့ပြည်၌၎င်း နဂါး ဂဠုန်ပြည်တို့၌၎င်း နတ်ပြည်တို့၌၎င်း နှစ်သက်ခြင်းကို ဖြစ်စေတတ်သော မွန်မြတ်သော အလုံးစုံသော အကြင်ရတနာမျိုးသည် ရှိ၏၊ မြတ်စွာဘုရားနှင့် တူသော ထိုရတနာမျိုးသည် မရှိ၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

၄။ ကိလေသာ ကုန်ရာဖြစ်သော ရာဂ၏ကင်းရာဖြစ်သော သေခြင်းကင်းသော မြတ်သော အကြင်နိဗ္ဗာန်ကို တည်ကြည်သော စိတ်ရှိသော သာကီနွယ်ဖွား မြတ်ဘုရားသည် ရတော်မူ၏၊ ထို(နိဗ္ဗာန်) တရားနှင့် တူသော တစုံတခုသော ရတနာမျိုးသည် မရှိ၊ နိဗ္ဗာန်တရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့ )ချမ်းသာကြပါစေသတည်း။

၅။ ဘုရားမြတ်သည် အကြင်(အရဟတ္တမဂ်နှင့်ယှဉ်သော) သမာဓိကို စင်ကြယ်၏ဟု ချီးမွမ်းတော်မူ၏၊ အကြင်အရဟတ္တမဂ်နှင့် ယှဉ်သော သမာဓိကို မိမိအခြားမဲ့၌ အကျိုးပေး၏ဟု (ဘုရားသျှင်တို့) ဟောဆိုကုန်၏၊ ထိုအရဟတ္တမဂ်နှင့်ယှဉ်သော သမာဓိနှင့်တူသော တရားမျိုးသည် မရှိ၊ တရားတော်ဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

၆။ လေးယောက်အစုံ ဖြစ်ကုန်သော အကြင်ပုဂ္ဂိုလ်ရှစ်ယောက်တို့ကို သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သည် မြတ်သော အလှူကို ခံထိုက်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၌ လှူအပ်သော အလှူတို့သည် အကျိုးကြီးကုန်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၇။ ဂေါတမမြတ်စွာဘုရား သာသနာ၌ အကြင် (ရဟန္တာ)ပုဂ္ဂိုလ်တို့သည် ခိုင်မြဲစွာသော စိတ်ဖြင့် ကောင်းစွာ အားထုတ်ကြကုန်၏၊ (ကိလေသာတို့မှ)ထွက်မြောက်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ရရောက်ထိုက်သော အရဟတ္တဖိုလ်ကို ရရောက်ကုန်သည်ဖြစ်၍ သေခြင်းကင်းသော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရကုန်လျက် မပျက်မစီး အရဟတ္တဖလသမာပတ်ကို ခံစားကုန်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

http://www.dhammadownload.com



၈။ မြေ၌ စိုက်ထူအပ်သော တံခါးတိုင်သည် အရပ်လေးမျက်နှာတို့မှ လာသော လေတို့ကြောင့် မတုန်လှုပ်သကဲ့သို့ အရိယသစ္စာတို့ကို ပညာဖြင့် သက်ဝင်၍မြင်သော သောတာပန်ပုဂ္ဂိုလ်ကို ထိုတံခါးတိုင်နှင့်တူ၏ဟု ငါဆို၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

၉။ အကြင် (သောတာပန်)ပုဂ္ဂိုလ်တို့သည် နက်နဲသော ဉာဏ်ပညာရှိသော မြတ်စွာဘုရား ကောင်းစွာဟောကြားအပ်သော အရိယသစ္စာတို့ကို ထင်ရှားအောင် ပြုကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ပြင်းထန်စွာ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက် ဘဝကို မယူကုန်၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

၁၀။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက်သာလျှင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဤတရားသုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏၊ ကိလေသာ စိုးစဉ်းမျှ ရှိစေကာမူ—

၁၁။ အပါယ်လေးပါးတို့မှ လွတ်၏၊ (အာနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

၁၂။ ထို(သောတာပန်)ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း မကောင်းမှုကံကို ပြုစေကာမူ ထိုမိမိပြုသော မကောင်းမှုကို မဖုံးလွှမ်းတော့ပြီ၊ နိဗ္ဗာန်ကို မြင်ပြီးသော (သောတာပန်)ပုဂ္ဂိုလ်၏ ဖုံးလွှမ်းခြင်း မပြုတော့သည့် အဖြစ်ကို (မြတ်စွာဘုရား)ဟောအပ်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၁၃။ နွေဥတု၏ အစဖြစ်သော တန်ခူးလ၌ ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော တောအုပ်သည် ကျက်သရေရှိ၍ တင့်တယ်သကဲ့သို့ ထိုတောအုပ်လျှင် ဥပမာရှိသော နိဗ္ဗာန်သို့ ရောက်စေတတ်သော(ပရိယတ္တိ)တရားတော်မြတ်ကို မြတ်သော(နိဗ္ဗာန်)အကျိုးငှါ ဟောတော်မူ၏၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၁၄။ မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်သောနိဗ္ဗာန်ကိုသိတော်မူသော မြင့်မြတ်သောတရားကို ပေးတတ်သော မြင့်မြတ်သော မဂ်ကို ဆောင်တတ်သော မိမိထက်သာသူမရှိသော မြတ်စွာဘုရားသည် မြင့်မြတ်သော တရားတော်ကို ဟောကြားတော်မူပြီ၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၁၅။ (အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား) ကံဟောင်းကုန်ပြီ ကံသစ်မရှိတော့ပြီ၊ လာလတ္တံ့သောဘဝ၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်သည် ပဋိသန္ဓေမျိုးစေ့ကုန်ပြီးသည်ဖြစ်၍ စည်ပင်ပြန့်ပွါးသော ဆန္ဒမရှိကုန်၊ ဆီမီးသည် ငြိမ်းသကဲ့သို့ ပညာရှိသော ထိုရဟန္တာတို့သည် အစငြိမ်းကုန်ပြီ၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

http://www.dhammadownload.com



၁၆။ မြေ၌ တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်၎င်း ဤအရပ်သို့ အညီအညွတ်လာကုန်၏၊ ထိုငါတို့သည် လာခြင်းကောင်းတော်မူသော နတ်လူတို့ ပူဇော်အပ်သော မြတ်စွာဘုရားကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

၁၇။ မြေ၌တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည် ၎င်း ဤအရပ်သို့ အညီအညွတ်လာကုန်၏၊ ထိုငါတို့သည် ကိလေသာတို့ကို ဖျက်ဆီးသော အားဖြင့်ဖြစ်သော နတ်လူတို့ ပူဇော်အပ်သော တရားတော်ကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၁၈။ မြေ၌ တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည် ၎င်း ဤအရပ်သို့ အညီအညွတ်လာကုန်၏၊ ထိုငါတို့သည် မချွတ်မယွင်း ကျင့်ခြင်းရှိတော်မူသော နတ်လူတို့ ပူဇော်အပ်သော သံဃာတော်ကို ရှိခိုးပါကုန်၏၊(သတ္တဝါတို့)ချမ်းသာကြပါစေသတည်း ဟု (မိန့်တော်မူ၏)။

ရတနသုတ် ပြီး၏။

---

## ၇-တိရောကုဍ္ဍသုတ်

၁။ (ပြိတ္တာတို့သည်) မိမိအိမ်သို့လာကြ၍ နံရံပြင်ဖက်တို့၌၎င်း လမ်းဆုံလမ်းခွ အိမ်ခြံစပ်တို့၌၎င်း တံခါး၀ တံခါးပေါင်တို့၌၎င်း ရပ်ဘည်ကုန်၏။

၂။ များစွာသော ထမင်းအဖျော် ခဲဖွယ်ဘောဇဉ်တို့ကို (လှူဒါန်းရန်)ပြုစီရင်သော်လည်း ထို(ပြိတ္တာ)သတ္တဝါတို့၏ ကံအကြောင်းကြောင့် ထိုပြိတ္တာသတ္တဝါတို့ကို တစုံတယောက်ဇသော သူကမျှ အမှတ်မရ။

၃။ သနားတတ်သော အကြင်သူတို့သည် ဆွေမျိုးပြိတ္တာတို့ ကပ်ရောက်လာသောအခါ စင်ကြယ်မွန်မြတ်၍ လျောက်ပတ်သော အဖျော်ဘောဇဉ်ကို ဤအလှူဝတ္ထုသည် သင်(ပြိတ္တာ) ဆွေမျိုးတို့အား ဖြစ်စေသတည်း၊ (ပြိတ္တာ)ဆွေမျိုးတို့သည် ချမ်းသာကြစေကုန်သတည်းဟု မိတ်ဆွေအမျိုး ပြိတ္တာတို့အတွက် ရည်ညွှန်း၍ ပေးလှူကုန်၏။

၄။ ထိုဆွေမျိုးပြိတ္တာတို့သည် ထိုအရပ်သို့ ညီညွတ်ပေါင်းဆုံ၍ လာရောက်ကြကုန်ပြီးလျှင် များစွာသော ထမင်းအဖျော်ကို (မိမိတို့အား ရည်ညွှန်း၍ ပေးလှူအပ်သည်ရှိသော်)ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုကြကုန်၏။

၅။ အကြင်ဆွေမျိုးတို့၏ (ပေးလှူခြင်းဟူသော)အကြောင်းကြောင့် (စည်းစိမ်ချမ်းသာကို) ငါတို့ရကြကုန်၏၊ ငါတို့၏အကျိုးငှါလည်း ပူဇော်မှုကို ပြုကြကုန်၏၊ ပေးလှူသူ ဆွေမျိုးတို့သည်လည်း အကျိုးများကုန်၏၊ ထိုငါတို့၏ ဆွေမျိုးတို့သည် အသက်ရှည်ကြပါစေကုန်သတည်း။

၆။ ထိုပြိတ္တာဘုံ၌ လယ်ထွန်ခြင်းလည်း မရှိ၊ နွားကျောင်းခြင်းလည်း မရှိ၊ ထိုပြိတ္တာဘုံ၌ စည်းစိမ်ဥစ္စာရကြောင်း ကုန်သွယ်မှုလည်း မရှိ၊ ရွှေငွေဖြင့် ရောင်းဝယ်မှုလည်း မရှိ၊ ဤလူ့ဘုံမှ

http://www.dhammadownload.com



(ဆွေမျိုးမိတ်ဆွေတို့) ပေးဝေအပ်သော ကုသိုလ်အဖို့ဖြင့် ထိုပြိတ္တာဘုံ၌ တမလွန်ဘဝသို့ ပြောင်းသွားကုန်သော ပြိတ္တာတို့သည် မျှတကုန်၏။

၇။ ကုန်းမြင့်ရာအရပ်၌ ရွာသော မိုးရေသည် ချိုင့်ဝှမ်းရာအရပ်သို့ စီးသွားသကဲ့သို့ ဤအတူ သာလျှင် ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့သည် ပြိတ္တာတို့ထံသို့ ကပ်ရောက်၏။

၈။ ရေပြည့်သော မြစ်တို့သည် သမုဒ္ဒရာကို ပြည့်စေကုန်သကဲ့သို့ ဤအတူသာလျှင် ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့သည် ပြိတ္တာတို့ထံသို့ ကပ်ရောက်၏။

၉။ ဤသူကား ငါ့အား ဥစ္စာကို ပေးဘူးပြီ၊ ငါ၏(ကိစ္စကို)ပြုဘူးပြီ၊ ငါ၏ဆွေမျိုးတည်း၊ ငါ၏မိတ်ဆွေတည်း၊ ငါ၏ခင်ပွန်းတည်းဟု ရှေးဘဝ၌ ပြုခဲ့ဘူးသည်ကို အောက်မေ့သူသည် ပြိတ္တာတို့အကျိုးငှါ မြတ်သောအလှူရေစက်ကို ပေးလှူရာ၏။

၁၀။ ငိုကြွေးခြင်းသည်၎င်း စိုးရိမ်ပူဆွေးခြင်းသည်၎င်း ထိုမှတပါး ပြောဆိုမြည်တမ်းခြင်းသည်၎င်း ပြိတ္တာတို့၏ အကျိုးငှါ မဟုတ်(သို့သော်)ဆွေမျိုးတို့သည်ကား ငိုကြွေးနေကြကုန်၏။

၁၁။ (တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူး၍) ပေးလှူအပ်သော ဤအလှူသည် သံဃာ၌ ကောင်းစွာတည်သည်ဖြစ်၍ ရှည်မြင့်စွာ စီးပွားချမ်းသာဖြစ်ခြင်းအကျိုးငှါ ထိုပြိတ္တာထံသို့ တခဏချင်း ကပ်ရောက်၏။

၁၂။ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူး၍ ပေးလှူခြင်းဟူသော ဤသဘောကို ဆွေမျိုးတို့၌ ပြုသော ဝတ္တရားဟူ၍ ပြအပ်၏၊ ပြိတ္တာတို့အား မြတ်သောပူဇော်ခြင်းကို ပြုအပ်သည်လည်း မည်၏၊ ရဟန်းတို့အား ခွန်အားကို ပေးအပ်သည်လည်း မည်၏၊ သင်တို့သည် ကြီးကျယ်သော ကုသိုလ်ကို ပွါးများဆည်းပူးအပ်သည်လည်း မည်၏ ဟု (မိန့်တော်မူ၏)။

တိရောကုဍ္ဍသုတ် ပြီး၏။

---

## ၈-နိဓိကဏ္ဍသုတ်

၁။ ယောကျ်ားသည် အကျိုးစီးပွါးနှင့် စပ်သော ကိစ္စဖြစ်လတ်သော် ငါ၏ အကျိုးငှါ ဖြစ်လိမ့်မည်ဟု နှလုံးပြု၍ ရေသို့ရောက်လောက်အောင် နက်သောအရပ်၌ ရွှေအိုးကို မြှုပ်နှံထားရ၏။

၂။ ရာဇဝတ်ပြစ်မှုဖြင့် စွပ်စွဲခံရသော ငါ့အား မင်းဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍၎င်း ခိုးသူတို့ နှိပ်စက်ခံရသော ငါ့အား ခိုးသူဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍၎င်း ကြွေးမြီတင်သော ငါ့အား ကြွေးမြီမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍၎င်း ငတ်မွတ်ခေါင်းပါးသော အခါ၌ မျှတရန် ဖြစ်လိမ့်မည်ဟူ၍၎င်း မီးရေစသော ဘေးရန်တို့ ဖြစ်ပေါ်လတ်သော် ငါ့အား သုံးစွဲရန် ဖြစ်လိမ့်မည်ဟူ၍၎င်း နှလုံးသွင်း၍ ဤအကျိုးပြီးခြင်းငှါ လောက၌ ရွှေအိုးမည်သည်ကို မြှုပ်နှံထားရ၏။

၃။ ရေသို့ ရောက်လောက်အောင် နက်သောမြေ၌ ကောင်းစွာ မြှုပ်ထားအပ်သည် ဖြစ်သော်လည်း အလုံးစုံသော ဥစ္စာသည် အခါ ခပ်သိမ်းပင် ထိုယောကျ်ားအား မပြည့်စုံ [၁]။

---

၁။ ဆိုခဲ့ပြီးသော ကိစ္စအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်။

http://www.dhammadownload.com



၄။ ရွှေအိုးသည် မြှုပ်ထားရာအရပ်မှမူလည်း ရွေ့ရှားတတ်၏၊ ထိုဥစ္စာရှင်၏ အမှတ်သည်လည်း မေ့လျော့တတ်၏၊နဂါးတို့သည်လည်း နေရာ ပြောင်းထားတတ်ကုန်၏၊ ဘီလူးတို့သည်လည်း ထိုရွှေအိုးကို ဆောင်ယူတတ်ကုန်၏။

၅။ မချစ်အပ်ကုန်သော အမွေခံတို့သည်မူလည်း (ဥစ္စာရှင်)မမြင်စဉ် တူးဖော်ထုတ်ဆောင်တတ်ကုန်၏၊ ကုသိုလ်ကံ ကုန်သောအခါ၌မူလည်း ထိုဥစ္စာအားလုံးစုသည် ပျောက်ပျက်တတ်၏။

၆။ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အကြင်တစုံတယောက်သူသည် အလှူပေးခြင်းဖြင့်၎င်း သီလဆောက်တည်ခြင်းဖြင့်၎င်း ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်းဖြင့်၎င်း ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်၎င်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာ မြှုပ်ထားအပ်၏။

၇။ စေတီ၌၎င်း သံဃာ၌၎င်း ပုဂ္ဂိုလ်၌၎င်း ဧည့်သည်တို့၌၎င်း အမိ၌၎င်း အဖ၌၎င်း ထို့ပြင် အစ်ကိုကြီး အစ်မကြီး၌၎င်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာ မြှုပ်ထားအပ်၏။

၈။ ကောင်းစွာ မြှုပ်ထားအပ်သော ဤရွှေအိုးသည် (ရန်သူတို့)မအောင်နိုင်သည်ဖြစ်၍ (တမလွန်ဘဝသို့)အစဉ်လိုက်၏၊ (စည်းစိမ်ဥစ္စာတို့ကို)ပယ်စွန့်၍ တမလွန်ဘဝသို့ ပြောင်းသွားရသည်ရှိသော် ထိုကုသိုလ်ရွှေအိုးကို ယူ၍ သွားရ၏။

၉။ (ကုသိုလ်)ရွှေအိုးသည် သူတပါးတို့နှင့် မဆက်ဆံ၊ခိုးသူတို့ မခိုးယူနိုင်၊ ပညာရှိသည် ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏၊ (ကုသိုလ်)ရွှေအိုးသည် (တမလွန်ဘဝသို့)အစဉ်လိုက်၏။

၁၀။ ဤ(ကုသိုလ်)ရွှေအိုးသည် နတ်လူတို့၏ အလိုဟူသမျှကို ပေး၏၊ အကြင် အကြင် ချမ်းသာကို တောင့်တကုန်၏၊ ထိုတောင့်တရာရာ ချမ်းသာအားလုံးကိုပင် ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၁။ အရေအဆင်းကောင်းသည့်အဖြစ် အသံကောင်းသည့်အဖြစ် အသွင်သဏ္ဌာန် ကောင်းသည့်အဖြစ် ရုပ်အဆင်းလှပသည့်အဖြစ် အစိုးရသည့်အဖြစ် အခြွေအရံများသည့်အဖြစ် ဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၂။ ပဒေသရာဇ်မင်းအဖြစ်ကို၎င်း အစိုးရသောဧကရာဇ်မင်းအဖြစ်ကို၎င်း နှစ်သက်မြတ်နိုးအပ်သော စကြဝတေးမင်းချမ်းသာကို၎င်း နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကို၎င်း ဤအကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၃။ လူ့ပြည်ရှိ စည်းစိမ်ဥစ္စာကို၎င်း နတ်ပြည်၌ မွေ့လျော်ဖွယ်ကို၎င်း နိဗ္ဗာန်ချမ်းသာကို၎င်း အကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၄။ မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ သင့်သော အကြောင်းအားဖြင့် အားထုတ်သောသူအား အရဟတ္တမဂ် အရဟတ္တဖိုလ်ပညာတို့၌ လေ့လာခြင်းရှိသော သူအဖြစ်တည်းဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၅။ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခ (ရှစ်ပါး) သာဝကပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ် တည်းဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

http://www.dhammadownload.com



၁၆။ **အကြင်ကုသိုလ်**ပြည့်စုံခြင်းသည် ရှိ၏၊ ထိုကုသိုလ်ပြည့်စုံခြင်းသည် ဤသို့များသော အကျိုးရှိ၏၊ ထို့ကြောင့် တည်ကြည်သော ပညာရှိတို့သည် ပြုပြီးသော ကုသိုလ်ကောင်းမှု ရှိသည့်အဖြစ်ကို ချီးမွမ်းကြကုန်၏ဟု (မိန့်တော်မူ၏)။

**နိဓိကဏ္ဍသုတ် ပြီး၏။**

---

## ၉-မေတ္တသုတ်

၁။ ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသော အကျိုးစီးပွါး၌ လိမ္မာသော သူသည် (ဤဆိုလတ္တံ့သော စည်းကမ်းနည်းလမ်းကို) ပြုကျင့်အပ်၏ — ကျင့်စွမ်းနိုင်ရမည်၊ ကိုယ်နှုတ်ဖြောင့်**မတ်ရမည်၊ စိတ်နေ** စိတ်ထား ကောင်းစွာ ဖြောင့်မတ်ရမည်၊ သိုဆုံးမလွယ်ရမည်၊ **စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ လွန်ကဲ**မြင့်မောက်သော မာနမရှိရာ။

၂။ ပစ္စည်းလေး**ပါး၌ ရောင့်ရဲလွယ်ရမည်၊** မွေးမြူလွယ်ရမည်၊ အမှုကိစ္စ နည်းပါးရမည်၊ ဝန်ကျဉ်းပေါ့ပါးသော **အသက်မွေးမှု ရှိရမည်၊** ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော ပညာရှိရမည်၊ ကိုယ်နှုတ်နှလုံး **ကြမ်း**တမ်းခြင်း မရှိရာ၊ဒါယကာတို့၌ တပ်မက်မှု ကင်းရမည်။

၃။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကို စိုးစဉ်းအနည်းငယ်မျှလည်း မပြုကျင့်ရာ၊ (ဤစည်းကမ်းနည်းလမ်းကို လိုက်နာရမည်)။ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် ဘေးကင်းကုန်သည်ဖြစ်၍ ချမ်းသာသော ကိုယ်စိတ်ရှိကြပါစေကုန်သတည်း။

၄။ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော(ထွက်သက်ဝင်သက်ရှိ) သတ္တဝါ(ထွက်သက်ဝင်သက်မဲ့) သတ္တဝါတို့သည်ငှင်း ထိတ်လန့်တတ်သော (ပုထုဇဉ်) ပုဂ္ဂိုလ်တို့သည်ငှင်း စိတ်ခေတ်ခိုင်ခံ့သော (ရဟန္တာ)ပုဂ္ဂိုလ်တို့သည်ငှင်း ရှည်သော (ကိုယ်ရှိသော)သတ္တဝါတို့သည်ငှင်း ကြီးသော ကိုယ်ရှိသော သတ္တဝါတို့သည်ငှင်း အလတ်စားကိုယ်ရှိသော သတ္တဝါတို့သည်ငှင်း ပုတိုသော ကိုယ်ရှိသော သတ္တဝါတို့သည်ငှင်း သေးဖွဲ့ သိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည်ငှင်း ဆူဖြိုးသော ကိုယ်ရှိသော သတ္တဝါတို့သည်ငှင်း။

၅။ မြင်ဘူးသောသတ္တဝါတို့သည်ငှင်း မမြင်ဘူးသောသတ္တဝါတို့သည်ငှင်း အဝေး၌နေသော သတ္တဝါတို့သည်ငှင်း အနီး၌နေသော သတ္တဝါတို့သည်ငှင်း (ရဟန္တာ)ပုဂ္ဂိုလ်တို့သည်ငှင်း (ပုထုဇဉ်သေက္ခ) ပုဂ္ဂိုလ်တို့သည်ငှင်း ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ်ရှိကြပါစေကုန်သတည်း။

၆။ တယောက်က တယောက်ကို အမျက်မထွက်ပါစေလင့်၊ တစုံတခုသောအရာ၌ တစုံတယောက်ကိုမျှ ချုတ်ချယ်ခြင်းဖြင့်ငှင်း ရန်လိုသောစိတ်ဖြင့်ငှင်း မထေမဲ့မြင် မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

၇။ မိခင်သည် ရင်၌ ဖြစ်သော တဦးတည်းသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက် **သကဲ့သို့ ဤအတူပင်** သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးများ **ရာ၏။**

၈။ အထက်အောက်(**အဝီစိ**)ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်း မရှိသော **အတွင်းရန်** အပြင်**ရန် ကင်း**သော အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးများရာ၏။

http://www.dhammadownload.com



၉။ ငိုက်မျည်းခြင်းကင်း၍ ရပ်နေသမျှ သွားနေသမျှ ထိုင်နေသမျှ လျောင်းနေသမျှကာလ ပတ်လုံး ဤ(မေတ္တာနှင့် ယှဉ်သော) သတိကို ပွါးများအံ့ဟု ဆောက်တည်ရာ၏၊ ဤသာသနာ တော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့် နေခြင်းကို မြတ်သောနေခြင်း 'ဗြဟ္မဝိဟာရ' ဟူ၍ မြတ်စွာဘုရားတို့ ဟောတော်မူကုန်၏။

၁၀။ (ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောသူသည်) သက္ကာယဒိဋ္ဌိသို့လည်း မကပ်မူ၍ (လောကုတ္တရာ) သီလရှိသည်ဖြစ်လျက် သောတာပတ္တိ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တဖန် (ပဋိသန္ဓေ) နေခြင်းသို့ မရောက်တော့ပေဟု (မိန့်တော်မူ၏)။

မေတ္တသုတ် ပြီး၏။

# ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ဓမ္မပဒပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ယမကဝဂ် ၁-စက္ခုပါလတ္ထေရဝတ္ထု

၁။ နာမ်ခန္ဓာ (လေးပါး)တို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူး ရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ ပြစ်မှားလိုသော စိတ်ဖြင့် အကယ်၍ ပြောဆိုသော်ငြားလည်း ပြုလုပ်သော်ငြားလည်း ကြံစည်သော်ငြားလည်း ထို(ပြောဆိုပြုလုပ်ကြံစည်မှု)ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့ အစဉ်လိုက်ဘိသကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။

## ၂-မဋ္ဌကုဏ္ဍလီဝတ္ထု

၂။ နာမ်ခန္ဓာ(လေးပါး)တို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ သန့်ရှင်းကြည်လင်သောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်ငြားလည်း ပြုလုပ်သော်ငြားလည်း ကြံစည်သော်ငြားလည်း ထို(ပြောဆိုပြုလုပ်ကြံစည်မှု)ကြောင့် အရိပ်သည် (လူကို) မစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

## ၃-တိဿတ္ထေရဝတ္ထု

၃။ ဤသူသည် ငါ့ကို ဆဲရေးဘူးပြီ၊ ငါ့ကို ညှဉ်းဆဲဘူးပြီ၊ ငါ့ကို အောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဘူးပြီဟု ထိုသူ့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏၊ ထိုသူတို့အား (ဖြစ်ပေါ်လာသည့်) ရန်သည် မငြိမ်းအေးနိုင်။

၄။ ဤသူသည် ငါ့ကို ဆဲရေးဘူးပြီ၊ ငါ့ကို ညှဉ်းဆဲဘူးပြီ၊ ငါ့ကို အောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာဆောင်ယူဘူးပြီ ဟု သူ့အပေါ်၌ ရန်ငြိုးမဖွဲ့ကုန်၊ ထိုသူတို့အား (ဖြစ်ပေါ်လာသည့်) ရန်သည် ပြေငြိမ်းနိုင်၏။

http://www.dhammadownload.com



## ၄-ကာဠယက္ခိနီဝတ္ထု

၅။ ဤလောက၌ ရန်တို့ မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းနိုင်ကုန်၊ ရန်တို့ မမူခြင်းဖြင့်သာလျှင် ရန်ငြိမ်းနိုင်ကုန်၏၊ ဤသဘောကား အစဉ်အလာ ဓမ္မတာသဘော ပင်တည်း။

## ၅-ကောသမ္ဗကဝတ္ထု

၆။ ဤလောက၌ လူမိုက်တို့သည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်၊ ထိုမသိမှုကြောင့် ခိုက်ရန် ငြင်းခုံမှုတို့သည် မငြိမ်းနိုင်ကုန်၊ ဤလောက၌ ပညာရှိသူတို့သည် ငါတို့ သေကြလိမ့်မည်ဟု သိကြကုန်၏၊ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ငြိမ်းနိုင်ကုန်၏။

## ၆-မဟာကာဠတ္ထေရဝတ္ထု

၇။ တင့်တယ်၏ဟု အဖန်ဖန်ရှု၍နေသော ဣန္ဒြေတို့၌ မစောင့်စည်းပဲ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိမူ၍ ဝီရိယယုတ်လျော့ ပျင်းရိသူကို လေမုန်တိုင်းသည် အားနည်းသော သစ်ပင်ကို နှိပ်စက်ညွှတ်ဆဲဘိသကဲ့သို့ (ကိလေသာ)မာရ်သည် စင်စစ် နှိပ်စက်နိုင်၏။

၈။ မတင့်တယ်ဟု အဖန်ဖန်ရှု၍ နေသော ဣန္ဒြေတို့၌ ကောင်းစွာ စောင့်စည်းလျက် ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၍ သဒ္ဓါတရားရှိသဖြင့် ထက်သန်သော လုံ့လရှိသူကို လေမုန်တိုင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက် မညွှတ်ဆဲနိုင်ဘိသကဲ့သို့ (ကိလေသာ)မာရ်သည် စင်စစ် မနှိပ်စက်နိုင်။

## ၇-ဒေဝဒတ္တဝတ္ထု

၉။ (ဣန္ဒြေကို)ဆုံးမခြင်းကင်း၍ မှန်ကန်စွာပြောဆိုခြင်း မရှိသော ကိလေသာ ဖန်ရည် မကင်းပဲလျက် ဖန်ရည်စွန်းသော အဝတ် (သင်္ကန်း)ကို ဝတ်သောသူသည် ဖန်ရည်စွန်းသော အဝတ်(သင်္ကန်း)နှင့် မထိုက်တန်။

၁၀။ ဣန္ဒြေတို့ကို ဆုံးမလျက် မှန်ကန်စွာ ပြောဆိုခြင်း ရှိသော ကိလေသာဖန်ရည်ကို ထွေးအန်ပြီး၍ သီလတို့၌ ကောင်းစွာ စောင့်ထိန်းသူသည်သာလျှင် ဖန်ရည်စွန်းအဝတ်နှင့် ထိုက်တန်၏။

## ၈-သာရိပုတ္တတ္ထေရဝတ္ထု

၁၁။ အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏၊ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏၊ထိုသူတို့သည် မှားသော ကြံစည်မှုလျှင် အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။

၁၂။ အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသောတရားဟူ၍ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

http://www.dhammadownload.com



## ၉-နန္ဒတ္ထေရဝတ္ထု

၁၃။ အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွါးထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

၁၄။ အိမ်ကို ကောင်းစွာ မိုးအပ်သည်ရှိသော် မိုးရေသည် မဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ ဝိပဿနာတို့ဖြင့်) ကောင်းစွာ ပွါးထုံအပ်သည်ရှိသော် ရာဂသည် မဖောက်ဝင်နိုင်။

## ၁၀-စုန္ဒသူကရိကဝတ္ထု

၁၅။ မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏၊ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း စိုးရိမ်ရ၏၊ ထိုမကောင်းမှုပြုသူသည် မိမိ၏ ညစ်နွမ်းသော ကံကို သိမြင်၍ စိုးရိမ်ရ ပင်ပန်းရ၏။

## ၁၁-ဓမ္မိကဥပါသကဝတ္ထု

၁၆။ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း ဝမ်းမြောက်ရ၏၊ ထိုကောင်းမှုပြုသူသည် မိမိ၏ စင်ကြယ်သော ကံကို သိမြင်ရ၍ ဝမ်းမြောက်ရ အလွန်ဝမ်းမြောက်ရ၏။

## ၁၂-ဒေဝဒတ္တဝတ္ထု

၁၇။ မကောင်းမှု ပြုသူသည် ဤဘဝ၌လည်း ပူပန်ရ၏၊ တမလွန်ဘဝ၌လည်း ပူပန်ရ၏၊ ပစ္စုပ္ပန် တမလွန်ဘဝနှစ်တန်တို့၌လည်း ပူပန်ရ၏၊ "ငါသည် မကောင်းမှုကို ပြုမိပြီ" ဟု ပူပန်ရ၏၊ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ပါမူကား အလွန်ပူပန်ရ၏။

## ၁၃-သုမနဒေဝီဝတ္ထု

၁၈။ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏၊ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း နှစ်သက်ရ၏၊ "ငါသည် ကောင်းမှုကို ပြုအပ်ပြီ"ဟု နှစ်သက်ရ၏၊ သုဂတိဘုံဘဝသို့ ရောက်ပါမူကား အလွန်နှစ်သက်ရ၏။

## ၁၄-ဒွေသဟာယကဘိက္ခုဝတ္ထု

၁၉။ နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွါးနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာပြောဟောနေသော်လည်း မကျင့်မကြံ မေ့လျော့ပေါ့တန်နေသောသူသည် ပြုထိုက်သည်ကို ပြုသည်မမည်၊ မဂ်ဖိုလ်အရသာကို မခံစားရ။

၂၀။ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွါးနှင့် စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို အနည်းငယ်မျှပင် ပြောဟောနေပါသော်လည်း တရားအားလျော်သောအကျင့်

http://www.dhammadownload.com



ကို ကျင့်လေ့ရှိသူဖြစ်ခဲ့မူ ရာဂ ဒေါသ မောဟကို ပယ်ပြီးလျှင် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ (ကိလေသာတို့မှ)လွတ်သောစိတ်ရှိသည်ဖြစ်လျက် ဤလောက၌ဇင်း တမလွန်လောက၌ဇင်း စွဲလမ်းမှု မရှိတော့ပြီ၊ ထိုသူသည်သာ မဂ်ဖိုလ်အရသာကို ခံစားရ၏။

ရှေးဦးစွာသော ယမကဝဂ် ပြီး၏။

## ၂-အပ္ပမာဒဝဂ် ၁-သာမာဝတီဝတ္ထု

၂၁။ မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း၊ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့သူတို့သည် သေသည်မည်ကုန်၏။

၂၂။ မမေ့မလျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားကြောင်းကိုသိ၍ မမေ့မလျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ ကျက်စားရာ လောကုတ္တရာတရား ကိုးပါး၌ မွေ့လျော်ကြကုန်၏။

၂၃။ ထိုပညာရှိတို့သည် (သမထဝိပဿနာဈာန်နှစ်ပါးဖြင့်ကိလေသာကို) ရှို့မြိုက်ကုန်ပြီးလျှင် အမြဲမပြတ်လုံ့လပြုကုန်၍ မတွန့်မဆုတ် လုံ့လထုတ်ကုန်လျက် ယောဂလေးပါး၏ကုန်ရာ အတုမရှိမြတ်သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

## ၂-ကုမ္ဘဃောသကဝတ္ထု

၂၄။ ထကြွ လုံ့လရှိသူ သတိရှိသူ စင်ကြယ်သောကံသုံးပါးရှိသူကို စူးစမ်း၍ပြုလေ့ရှိသူ (ဣန္ဒြေကို)စောင့်စည်းသူ တရားသဖြင့် အသက်မွေးသူ မမေ့မလျော့သူအား အခြွေအရံ အကျော်အစောသည် တိုးပွား၏။

## ၃-စူဠပန္ထကဝတ္ထု

၂၅။ ထကြွ လုံ့လနှင့်ဇင်း မမေ့မလျော့ခြင်းနှင့်ဇင်း (သီလ)စောင့်စည်းခြင်းနှင့်ဇင်း (ဣန္ဒြေကို) ဆုံးမခြင်းနှင့်ဇင်း ပြည့်စုံသော ပညာရှိသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ အရဟတ္တဖိုလ်တည်းဟူသော မှီခိုရာ ကျွန်းကို ပြုလုပ်ရာ၏၊ ယင်းသည့်ကျွန်းကို ကိလေသာ ရေယာဉ်သည် မဖျက်ဆီးနိုင်တော့ပြီ။

## ၄-ဗာလနက္ခတ္တဝတ္ထု

၂၆။ ပညာမဲ့၍ မိုက်သောသူတို့သည် မေ့လျော့မှုကို အားထုတ်ကြကုန်၏၊ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်သုံး ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

၂၇။ ထို့ကြောင့် သင်တို့သည် မေ့လျော့မှုကို အားမထုတ်ကြကုန်လင့်၊ ကာမတို့၌ မွေ့လျော်မှုဟု ဆိုအပ်သော တဏှာနှင့် အကျွမ်းဝင်မှုကို အားမထုတ်ကြကုန်လင့်၊ အဘယ့်ကြောင့်ဆိုသော် မမေ့မလျော့(သမထဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာကို) ရှို့မြိုက်တက်သောသူသည် မြတ်သော (နိဗ္ဗာန်)ချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း။

http://www.dhammadownload.com



## ၅-မဟာကဿပတ္ထေရဝတ္ထု

၂၈။ ပညာရှိသည် မေ့လျော့မှုကို မမေ့လျော့မှုဖြင့် ပယ်ဖျောက်၏၊ စိုးရိမ်မှုကင်းသော ရဟန္တာသည် ဒိဗ္ဗစက္ခုဟုဆိုအပ်သော ပညာပြာသာဒ်ထက်သို့ တက်၍ စိုးရိမ်မှုရှိသော သတ္တဝါအပေါင်းကို ရှုကြည့်၏၊ တောင်ထိပ်၌ တည်သောသူသည် မြေပြင်၌ တည်သော သူတို့ကို ရှုကြည့်သကဲ့သို့ ပညာရှိရဟန္တာသည် (ပုထုဇဉ်)သူမိုက်တို့ကို ရှုကြည့်၏။

## ၆-ဒွေသဟာယကဘိက္ခုဝတ္ထု

၂၉။ လျင်မြန်သော မြင်းသည် ခွန်အားနည်းသော မြင်းကို ချန်ထား၍ သွားသကဲ့သို့ မေ့လျော့သူ အပေါင်းတို့တွင် မမေ့လျော့သော ပညာရှိသည် (မေ့လျော့သူကို) ချန်ထား၍ သွား၏၊ သတိလွတ်ကင်း နိုးကြားခြင်း မရှိသူ အပေါင်းတို့တွင် သတိပွါးများ နိုးကြားသူသည် (သတိလွတ်ကင်း နိုးကြားခြင်း မရှိသူများကို) စွန့်ထား၍ သွား၏။

## ၇-မာဃဝတ္ထု

၃၀။ မာဃလုလင်သည် (ကုသိုလ်ကောင်းမှု၌) မမေ့လျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ရောက်၏၊ (ပညာရှိတို့သည် ကုသိုလ်ကောင်းမှု၌)မမေ့လျော့ခြင်းကို ချီးမွမ်းကုန်၏၊ (ကုသိုလ်ကောင်းမှု၌) မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏။

## ၈-အညတရဘိက္ခုဝတ္ထု

၃၁။ မီးသည် ကြီးငယ်မရှောင် လောင်စာဟူသမျှကို လောင်ကျွမ်းသကဲ့သို့ မမေ့လျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် ကြီးငယ်မဟူ သံယောဇဉ် အားလုံးကို လောင်ကျွမ်းစေလျက် (နိဗ္ဗာန်သို့)သွား၏။

## ၉-နိဂမဝါသီတိဿတ္ထေရဝတ္ထု

၃၂။ မမေ့လျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟုရှုလေ့ရှိသော ရဟန်းသည် (မဂ်ဖိုလ်တို့မှ)ဆုတ်ယုတ်ခြင်းငှါ မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်၏။

နှစ်ခုမြောက် အပ္ပမာဒဝဂ် ပြီး၏။

---

## ၃-စိတ္တဝဂ် ၁-မေဃိယတ္ထေရဝတ္ထု

၃၃။ လေးသမားသည် မြှားကို ဖြောင့်အောင်ပြုသကဲ့သို့ ပညာရှိသည် (အာရုံတို့၌) တုန်လှုပ်၍ လျပ်ပေါ်လော်လည်ခြင်း သဘောရှိသော စောင့်ထိန်းရန် တားမြစ်ရန် ခက်ခဲသော စိတ်ကို ဖြောင့်အောင် ပြု၏။

http://www.dhammadownload.com



၃၄။ ရေတည်းဟူသော မှီရာ တည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ် တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

## ၂-အညတရဘိက္ခုဝတ္ထု

၃၅။ နှိပ်နင်းရန် ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ (ဆုံးမပြီး၍) ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

## ၃-ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု

၃၆။ အလွန်အလွန် မြင်နိုင်ခဲသော အလွန်အလွန် သိမ်မွေ့သော အလိုရှိရာ အာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

## ၄-သံဃရက္ခိတတ္ထေရဝတ္ထု

၃၇။ အဝေးသို့သွားတတ်သော တဦးတည်း ကျက်စားသော ကိုယ်ကောင် အထည်မရှိသော (ဟဒယဝတ္ထု) လိုဏ်ဂူ၌ မှီသောစိတ်ကို အကြင်သူတို့သည် စောင့်စည်း (ချုပ်တည်း) ကြကုန်၏၊ (ထိုသူတို့သည်) မာရ်အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ္တံ့။

## ၅-စိတ္တဟတ္ထတ္ထေရဝတ္ထု

၃၈။ မတည်တံ့သော စိတ်ရှိသော သူတော်ကောင်းတရားကို မသိသော ပေါလောပေါ်သော ယုံကြည်မှုရှိသူအား ပညာသည် မပြည့်စုံ။

၃၉။ (ရာဂ) မစိုစွတ်သော စိတ်ရှိသော (ဒေါသ) ထိခိုက်သော စိတ်မရှိသော ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်အား ဘေးသည် မရှိ။

## ၆-ပဉ္စသတဘိက္ခုဝတ္ထု

၄၀။ ဤ (သုံးဆယ့်နှစ်ကောဋ္ဌာသ) ခန္ဓာကိုယ်ကို အိုးနှင့်တူ၏ဟုသိ၍ ဤစိတ်ကို မြို့နှင့်တူ၏ဟု ဥာဏ်၌ သက်ဝင်စေလျက် ပညာလက်နက်ဖြင့် ကိလေသာမာရ်ကို တိုက်ခိုက်ရာ၏၊ (တိုက်ခိုက်၍) အောင်သောတရားကိုလည်း ကပ်ငြိတွယ်တာခြင်း မရှိပဲ စောင့်ရှောက်ထားရာ၏။

## ၇-ပူတိဂတ္တတိဿတ္ထေရဝတ္ထု

၄၁။ ဤခန္ဓာကိုယ်သည် ဝိညာဏ်ကင်းခဲ့သော် အသုံးမကျသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်သည်ဖြစ်၍ မကြာမီသာလျှင် မြေပေါ်၌ အိပ်ရလိမ့်တကား။

http://www.dhammadownload.com



## ၈-နန္ဒဂေါပါလကဝတ္ထု

၄၂။ ခိုးသူတယောက်သည် ခိုးသူတယောက်ကို မြင်သော် ပျက်စီးအောင်ပြုရာ၏၊ ရန်သူတယောက်သည် ရန်သူတယောက်ကို မြင်သော် ပျက်စီးအောင်ပြုရာ၏၊ မကောင်းသဖြင့်ထားအပ်သော စိတ်သည်ကား ထိုစိတ်ရှိသူကို ထိုထက်ပင် ယုတ်ညံ့အောင် ပြုနိုင်၏။

## ၉-သောရေယျဝတ္ထု

၄၃။ ထို လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို အမိအဖသည် မပြုနိုင်၊ တပါးသောဆွေမျိုးတို့သည်လည်း မပြုစွမ်းနိုင်ကုန်၊ထိုလူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာမျိုးကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုမိဖဆွေမျိုးတို့ထက် တဆင့်ထက်တဆင့် မြင့်မြတ်အောင်ပြုစွမ်းနိုင်၏။

သုံးခုမြောက် စိတ္တဝဂ် ပြီး၏၊

---

## ၄-ပုပ္ဖဝဂ် ၁-ပဥ္စသတဘိက္ခုဝတ္ထု

၄၄။ ဤအတ္တဘောတည်းဟူသော မြေကြီးကိုရင်း (အပါယ်လေးဝ)ယမမင်း လောကကိုရင်း နတ်လောကနှင့်တကွ ဤလူ့လောကကိုရင်း အဘယ်သူသည် ဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်အံ့နည်း၊ လိမ္မာကျွမ်းကျင်သော ပန်းသည်သည် ပန်းကို ရွေးချယ်စိစစ်သကဲ့သို့ ကောင်းစွာဟောအပ်သော တရားအစုကို အဘယ်သူသည် ရွေးချယ်စိစစ်နိုင်အံ့နည်း။

၄၅။ ဤအတ္တဘောတည်းဟူသော မြေကြီးကိုရင်း (အပါယ်လေးဝ) ယမမင်းလောကကိုရင်း နတ်လောကနှင့်တကွ ဤလူ့လောကကိုရင်း သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်လတ္တံ့၊ လိမ္မာ ကျွမ်းကျင်သော ပန်းသည်သည် ပန်းကို ရွေးချယ်စိစစ်သကဲ့သို့ ကောင်းစွာ ဟောအပ်သော တရားအစုကို သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်လတ္တံ့။

## ၂-မရီစိကမ္မဋ္ဌာနိကဘိက္ခုဝတ္ထု

၄၆။ ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့်တူသည်ဟု သိ၍ တံလျှပ်သဘောရှိသည်ဟု (ဉာဏ်ဖြင့်) ထိုးထွင်း၍သိလျက် မာရ်နတ်၏ ပန်းခိုင်သဖွယ် ဖြစ်ကုန်သော ဝဋ်သုံးပါးတို့ကို ဖြတ်ပြီးလျှင် သေမင်းမမြင်ရာ (နိဗ္ဗာန်)သို့ သွားရာ၏။

## ၃-ဝိဋူဋဘဝတ္ထု

၄၇။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ ရပြီးသည်ကို တွယ်တာ လွန်စွာ ကပ်ငြိသည့်စိတ်ရှိသော သူကို ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

http://www.dhammadownload.com



## ၄-ပတိပူဇိကကုမာရဝတ္ထု

၄၇။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို ဆွတ်ခူးလျက် မရသေးသည်ကို တောင့်တ ရပြီးသည်ကို တွယ်တာ လွန်စွာကပ်ငြိသည့် စိတ်ရှိသော ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်သောသူကို သေမင်းယုတ်သည် မိမိအလိုအတိုင်း ပြုနိုင်၏။

## ၅-မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု

၄၉။ ပျားပိတုန်းသည် ပန်းပွင့်ကိုရင်း အဆင်းအနံ့ကိုရင်း မပျက်စီးစေပဲ ပန်းဝတ်ရည်ကိုသာ စုတ်ယူပျံသွားသကဲ့သို့ ရွာ၌ ရဟန်းသည် ပန်းတည်းဟူသောသဒ္ဓါတရားနှင့် အဆင်းအနံ့ဟူသော စည်းစိမ်ဥစ္စာကို မပျက်စီးစေပဲ ကျင့်ရာ၏၊

## ၆-ပါဝေယျအာဇီဝကဝတ္ထု

၅၀။ သူတပါးတို့၏ မလျော်သော အပြစ်အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြုမပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု မကောင်းမှု ပြုမပြုကိုသာလျှင် ကြည့်ရှုရာ၏။

## ၇-ဆတ္တပါဏိဥပါသကဝတ္ထု

၅၁။ အဆင်းသာရှိ၍ အနံ့မရှိသော တင့်တယ် လှပသော(ပေါက်ပွင့်စသော) ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော (ပိဋကတ်)စကားတော်သည် မလိုက်နာ မကျင့်ကြံသူအား အကျိုးကို မဆောင်နိုင်။

၅၂။ အဆင်းအနံ့ ပြည့်စုံ၍ တင့်တယ်လှပသော စပယ် စကား စသော ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကိုဆောင်နိုင်သကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော (ပိဋကတ်)စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။

## ၈-ဝိသာခါဝတ္ထု

၅၃။ ပန်းစု ပန်းပုံအတွင်းမှ များစွာသော ပန်းကုံးတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသောသတ္တဝါသည် ဥစ္စာသဒ္ဓါတည်းဟူသော အစုအပုံအတွင်းမှ မြောက်များစွာသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

## ၉-အာနန္ဒတ္ထေရပဉှာဝတ္ထု

၅၄။ ပန်းအနံ့သည် လေညာသို့ မသွား၊ စန္ဒကူးအနံ့ တောင်ဇလပ်ပန်းအနံ့ စပယ်ကြက်ရုံး ပန်းအနံ့သည်လည်း လေညာသို့ မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏၊ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့ လှိုင်ကြ၏။

http://www.dhammadownload.com



၅၅။ စန္ဒကူးအနံ့သည်၎င်း တောင်ဇလပ်ပန်းအနံ့သည်၎င်း ကြာညိုပန်းအနံ့သည်၎င်း မြလေးပန်းအနံ့သည်၎င်း ရှိ၏၊ ထိုပန်းရနံ့အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိ မြတ်၏။

## ၁၀-မဟာကဿပတ္ထေရဝတ္ထု

၅၆။ တောင်ဇလပ် စန္ဒကူးပန်းတို့၏ အနံ့သည် (မပြောပလောက်) အနည်းငယ်မျှသာ ဖြစ်၏၊ ဤသီလရှိသောသူတို့၏ (သီလ)အနံ့သည်သာ ထူးကဲ လွန်မြတ်သည်ဖြစ်၍ နတ်ပြည်တို့၌ လှိုင်၏။

## ၁၁-ဂေါဓိကတ္ထေရဝတ္ထု

၅၇။ ပြည့်စုံသော သီလရှိကုန်သော မမေ့မလျော့နေလေ့ရှိကုန်သော ကောင်းစွာ (ဥာဏ်ဖြင့်)သိ၍ ကိလေသာမှ လွတ်မြောက်သော ထိုသူတို့၏ သွားရာလမ်းကြောင်းကို မာရ်နတ်သည် မတွေ့မမြင်နိုင်။

## ၁၂-ဂရဟဒိန္နဝတ္ထု

၅၈။ လမ်းမကြီးဝယ် စွန့်ပစ်ထားသော အမှိုက်ပုံ၌ မွှေးကြိုင် လှိုင်ထုံ၍ နှစ်သက်ဖွယ်ရှိသော ပဒုမာကြာပန်းသည် ပေါက်ရောက်သကဲ့သို့။

၅၉။ အမှိုက်ပုံသဖွယ်ဖြစ်သော သတ္တဝါတို့အလယ်၌ နေသည့် မြတ်စွာဘုရား၏တပည့်သည် အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်တို့ကို ပညာဖြင့် လွန်၍ တင့်တယ်၏။

လေးခုမြောက် ပုပ္ဖဝဂ် ပြီး၏။

---

## ၅-ဗာလဝဂ် ၁-အညတရပုရိသဝတ္ထု

၆၀။ အိပ်မပျော် နိုးနေသောသူအား ညဉ့်တာ ရှည်လျား၏၊ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လျား၏၊ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

## ၂-မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထု

၆၁။ လူမိုက်၌ တရားကျင့်ရန် အဆွေခင်ပွန်းအဖြစ် မရှိရကား တရားကျင့်သူသည် မိမိထက် သာလွန်သူ မိမိနှင့် တူမျှသူကို မရနိုင်ပါမူ တယောက်တည်း ကျင့်ခြင်းကိုသာလျှင် မြဲမြံစွာ ပြုကျင့်ရာ၏။

## ၃-အာနန္ဒသေဋ္ဌိဝတ္ထု

၆၂။ လူမိုက်သည် ငါ့အား သားသမီးတို့ ရှိကုန်၏၊ ဥစ္စာတို့သည်လည်း ရှိကုန်၏ဟု (စဲလမ်းမှု တဏှာဖြင့်)ဆင်းရဲပင်ပန်းရ၏၊ အမှန်သော်ကား မိမိအား အတ္တသည်လည်း မရှိပါပါလျက် အဘယ်မှာ သားသမီးရှိအံ့နည်း၊ အဘယ်မှာလျှင် ဥစ္စာရှိပါအံ့နည်း။

http://www.dhammadownload.com



အရိယာပုဂ္ဂိုလ်တို့၏ ခြိုးခြံသော အကျင့်ကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ အဖိုးမထိုက်။

## ၁၂-အဟိပေတဝတ္ထု

၇၁။ ညှစ်ပြီးစ နို့ရည်သည် ပြကတေ့သဘောမှ ရုတ်တရက် မပြောင်းလဲသကဲ့သို့ ပြုသစ်စ ဖြစ်သော မကောင်းမှုသည် (ရုတ်တရက်) အကျိုးမပေးသေး၊ (အကျိုးပေးသောအခါ) ပြာဖုံးသော မီးခဲကဲ့သို့ သူမိုက်ကို လောင်ကျွမ်းစေလျက် အစဉ်လိုက်၏။

## ၁၃-သဋ္ဌိကူဋပေတဝတ္ထု

၇၂။ သူမိုက်၏ အတတ်ပညာသည် သူမိုက်အား အကျိုးမဲ့ရန် အတွက်သာ ဖြစ်၏၊ ကုသိုလ်အဖို့အစုကို ဖျက်ဆီး၏၊ ပညာဦးဆိပ်ကို ပြတ်၍ ကျစေတတ်၏။

## ၁၄-စိတ္တဂဟပတိဝတ္ထု

၇၃။ မလိမ္မာသော ရဟန်းသည် ရဟန်းတို့၏အလယ်၌ မိမိတွင် ထင်ရှားမရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုငင်း ခြံရံလျက် မိမိအား ရှေ့ဆောင်ပြုခြင်းကိုငင်း ကျောင်း အိပ်ရာနေရာတို့၌ အစိုးရခြင်းကိုငင်း ဆွေမျိုးမဟုတ်သော ဒါယကာတို့၏ (ပစ္စည်းလေးပါးတို့ဖြင့် )ပူဇော်ခြင်းကို ငင်း အလိုရှိ၏။

၇၄။ ငါ့ကြောင့်သာ အမှုကြီးငယ်ဘို့ ပြီးစီးကုန်၏ ဟု လူရှင်ရဟန်း နှစ်ဦးတို့ မှတ်ထင်စေကုန်သဘည်း၊ တစုံတခု အမှုကြီးငယ်တို့၌ ငါ့အလိုသို့ လိုက်ကြစေကုန်သတည်းဟု မိုက်သော ရဟန်းအား အကြံအစည် အလိုရမ္မက် မာန်မာနသည် တိုးပွါးလေ၏။

## ၁၅-ဝနဝါသီတိဿသာမဏေရဝတ္ထု

၇၅။ လာဘ်ရကြောင်း အကျင့်သည် တမျိုး တခြားတည်း၊ နိဗ္ဗာန်ရကြောင်း အကျင့်သည် တမျိုးတခြားတည်း၊ ဤသို့ ဤအကျင့်နှစ်မျိုးနှစ်စားကို ခွဲခြားသိ၍ မြတ်စွာဘုရား၏တပည့် သား ရဟန်းသည် လာဘ်ပူဇော်သကာကို မနှစ်သက်ရာ။ဝိဝေကသုံးပါးကိုသာ တိုးပွါးစေရာ၏။

ငါးခုမြောက် ဗာလဝဂ် ပြီး၏။

---

## ၆-ပဏ္ဍိတဝဂ် ၁-ရာဓတ္ထေရဝတ္ထု

၇၆။ အပြစ်ဖော်ပြ နှိပ်ချဆုံးမလေ့ရှိသော ထိုသို့ သဘောရှိသော ပညာရှိကို မြှုပ်ထားသောရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏၊ ထိုသို့သဘောရှိသောပညာရှိကို ဆည်းကပ်သောသူအား မြတ်၏၊ မယုတ်ညံ့ပေ။

## ၂-အဿဇိပုနဗ္ဗသုကဝတ္ထု

၇၇။ ဆုံးမရာ၏၊ ကြိုတင်ဆုံးမရာ၏၊မကောင်းသော အပြုအမူတို့မှလည်း တားမြစ်ရာ၏၊ ထို သူကို သူတော်ကောင်းတို့ ချစ်ခင်နှစ်သက်အပ်၏၊ မသူတော်တို့ကား မချစ်မနှစ်သက်ပေ။

http://www.dhammadownload.com



## ၃-ဆန္နတ္ထေရဝတ္ထု

၇၈။ ယုတ်မာသော မိတ်ဆွေတို့ကို မဆည်းကပ်ရာ၊ ယုတ်မာသော ပုဂ္ဂိုလ်တို့ကို မဆည်းကပ်ရာ၊ မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ရာ၏၊ ပုဂ္ဂိုလ်မြတ်တို့ကို ဆည်းကပ်ရာ၏။

## ၄-မဟာကပ္ပိနတ္ထေရဝတ္ထု

၇၉။ တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်းကြည်လင်သော စိတ်ဖြင့် ချမ်းသာစွာနေရ၏၊ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ)တရား၌ မွေ့လျော်၏။

## ၅-ပဏ္ဍိတသာမဏေရဝတ္ထု

၈၀။ မြောင်းတူးရေယူသမားတို့သည်(အလိုရှိရာသို့ )ရေကို ဆောင်ယူကုန်၏၊ လေးသမားတို့သည် မြှားကို ဖြောင့်ကုန်၏၊ သစ်ခွေသမားတို့သည် (လိုတိုင်းရအောင်)သစ်ကို ခွေကုန်၏၊ ပညာရှိတို့သည် မိမိကိုယ်ကို (ယဉ်ကျေးအောင်) ဆုံးမကုန်၏။

## ၆-လကုဏ္ဍကဘဒ္ဒိယဝတ္ထု

၈၁။ တခဲနက် ဖြစ်သော ကျောက်တောင်သည် (အရပ်လေးမျက်နှာမှ)လာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

## ၇-ကာဏမာတာဝတ္ထု

၈၂။ နက်လှစွာသော သမုဒ္ဒရာသည် နောက်ကျုခြင်းမရှိ အထူးကြည်လင်ဘိသကဲ့သို့ ပညာရှိတို့သည် မြတ်စွာဘုရား ဟောကြားအပ်သောတရားတို့ကို ကြားနာရ၍ အထူးကြည်လင်ကုန်၏။

## ၈-ပဉ္စသတဘိက္ခုဝတ္ထု

၈၃။ သူတော်ကောင်းတို့သည် (ခန္ဓာငါးပါးစသော) သဘောတရားအားလုံးတို့၌ (တပ်မက်မောမှုကို) စင်စစ် စွန့်လွှတ်ကုန်၏၊ သူတော်ကောင်းတို့သည် ကာမတို့ကို အလိုရှိကုန်သည် ဖြစ်၍ မပြောဆိုကုန်၊ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း နှလုံးမသာခြင်း သဘောကို မဖော်ပြကြကုန်။

## ၉-ဓမ္မိကတ္ထေရဝတ္ထု

၈၄။ ပညာရှိမည်သည် မိမိအကြောင်းကြောင့် ဖြစ်စေ သူတပါးအကြောင်းကြောင့် ဖြစ်စေ မကောင်းမှုကို မပြု၊ မကောင်းမှုဖြင့် သားသမီး ဥစ္စာ တိုင်းပြည်ကို အလိုမရှိရာ၊ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ ပညာရှိသူ တရားရှိသူဖြစ်၏။

http://www.dhammadownload.com



## ၁၀-ဓမ္မသဘေနတ္ထေရဝတ္ထု

၈၅။ လူအပေါင်းတို့တွင် ထိုမှာဖက်စွန်း နိဗ္ဗာန်ကမ်းသို့ ကူးမြောက်သော လူတို့သည် နည်းပါးကုန်၏၊ နိဗ္ဗာန်ကူးမြောက်သူမှ တပါး ကြွင်းလူများသည် (သက္ကာယဒိဋ္ဌိတည်းဟူသော)ဤမှာဖက်ကမ်း၌ သာလျှင် ခေါက်တုံ့ခေါက်ပြန် ပြေးသွားနေ၏။

၈၆။ ကောင်းစွာ ဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍)နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်ကုန်လတ္တံ့။

## ၁၁-ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု

၈၇။ ပညာရှိသည် မည်းညစ်သော (အကုသိုလ်)တရားကို ပယ်စွန့်၍ တဏှာတည်းဟူသော တည်ရာမှ (ထွက်ကာ) တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဖြူစင်သော ကုသိုလ်ကို ပွါးများရာ၏။

၈၈။ ပညာရှိသည် ကာမတို့ကိုစွန့်၍ စိုးရိမ်ခြင်းမရှိပဲ မွေ့လျော်နိုင်ခဲသော ဝိဝေကသုံးပါး၌ အလွန်မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ စိတ်ညစ်ညူးကြောင်း နီဝရဏတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

၈၉။ အကြင်ပုဂ္ဂိုလ်တို့သည် ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာ ပွါးများအပ်၏၊ မစွဲလမ်းမူ၍ ဥပါဒါန်ကို စွန့်လွှတ်ရာ (နိဗ္ဗာန်)၌ မွေ့လျော်ကုန်၏၊ လောက၌ အာသဝေါကုန်ပြီးသော ကြီးသော တန်ခိုးရှိကုန်သော ထိုပုဂ္ဂိုလ်တို့သည် (နိဗ္ဗာန်စိတ်ဖြင့်) ငြိမ်းကုန်၏။

ခြောက်ခုမြောက် ပဏ္ဍိတဝဂ် ပြီး၏။

---

## ၇-အရဟန္တဝဂ် ၁-ဇီဝကပဉှာဝတ္ထု

၉၀။ စိုးရိမ်ခြင်းကင်းသော အလုံးစုံ (ခန္ဓာစသည့်)တရားတို့မှ လွတ်မြောက်သော အလုံးစုံ အထုံးအဖွဲ့ကို ပယ်ပြီးသော သံသရာခရီးသွားပြီးသော(ရဟန္တာ)ပုဂ္ဂိုလ်အား ပူပန်မှု မရှိတော့ချေ။

## ၂-မဟာကဿပတ္ထေရဝတ္ထု

၉၁။ သတိရှိသော ပုဂ္ဂိုလ်တို့သည် (ဈာန်ဝိပဿနာတရားတို့၌) လုံ့လပြုကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် တည်ရာ ကာမဂုဏ်၌ မမွေ့လျော်ကြကုန်၊ ဟင်္သာငှက်တို့သည် (ကျက်စားရာ) ရွှံ့ညွန်အိုင်ကို စွန့်ခွါလျက် ပျံသွားသကဲ့သို့ မှီရာတဏှာဟူသမျှကို စွန့်၍ သွားကုန်၏။

## ၃-ဗေလဋ္ဌသီသတ္ထေရဝတ္ထု

၉၂။ အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား သိုမှီးသိမ်းဆည်းခြင်းသည် မရှိ၊အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိညာဉ်သုံးပါးဖြင့် ပိုင်းခြားလျက် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ကုန်၏၊ရာဂစသည် ကင်းဆိတ်လျက် ရာဂစသော နိမိတ်မရှိသော နိဗ္ဗာန်သည် အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏ကျက်စားရာ

http://www.dhammadownload.com



အာရုံဖြစ်၏၊ကောင်းကင်၌ ငှက်တို့၏သွားရာလမ်းကြောင်းကို မမြင်နိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ သွားရာကို မသိနိုင်ကုန်။

## ၄-အနုရုဒ္ဓတ္ထေရဝတ္ထု

၉၃။ အကြင်ပုဂ္ဂိုလ်တို့အား အာသဝေါကုန်ခန်း၏၊ အစာအာဟာရ၌လည်း (တဏှာဒိဋ္ဌိဖြင့်) စွဲမှီခြင်း မရှိ၊ ရာဂစသည် ဆိတ်သုဉ်းသော ရာဂစသော နိမိတ်မရှိသော နိဗ္ဗာန်သည် အကြင်ရဟန္တာပုဂ္ဂိုလ်၏ ကျက်စားရာ အာရုံဖြစ်၏၊ ကောင်းကင်၌ ငှက်တို့၏ခြေရာကို မသိနိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်၏ ခြေရာဟူသော လားကြောင်းကို မသိနိုင်။

## ၅-မဟာကစ္စာယနတ္ထေရဝတ္ထု

၉၄။ ရထားထိန်း ကောင်းစွာ ဆုံးမပြီးသောမြင်းတို့သည် ငြိမ်သက်တည်ကြည်ကုန်သကဲ့သို့ အကြင်ရဟန္တာပုဂ္ဂိုလ်၏ဣန္ဒြေ(ခြောက်ပါး)တို့သည် ငြိမ်သက်တည်ကြည်ခြင်းသို့ ရောက်ကုန်၏၊ မာနကို ပယ်ပြီးသော အာသဝေါမရှိသော တာဒိဂုဏ်[၁] နှင့် ပြည့်စုံသော ထိုရဟန္တာပုဂ္ဂိုလ်အား နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။

## ၆-သာရိပုတ္တတ္ထေရဝတ္ထု

၉၅။ တာဒိဂုဏ်နှင့် ပြည့်စုံသော ကောင်းသောအကျင့်ရှိသော ရဟန္တာပုဂ္ဂိုလ်သည် မြေကြီးကဲ့သို့ရင်း တံခါးတိုင်ကဲ့သို့ရင်း သည်းခံသောစိတ်ရှိသည်ဖြစ်၍ (အမျက်ဒေါသဖြင့်)ဆန့်ကျင်မှုမပြု၊ ရွှံ့ညွန်ကင်းသော ရေအိုင်ကဲ့သို့ တာဒိဂုဏ်ရှင် ရဟန္တာသခင်အား ကျင်လည်ခြင်းတို့သည် မဖြစ်ကုန်။

## ၇-ကောသမ္ဗိဝါသီတိဿတ္ထေရသာမဏေရဝတ္ထု

၉၆။ အကြောင်းအားလျော်စွာ (တရားကို)သိ၍ ကိလေသာမှ လွတ်သော ငြိမ်သက်သော ဖောက်ပြန်ခြင်း သဘောမရှိသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်လည်း ငြိမ်သက်၏၊ နှုတ်အမှုအရာသည်ရင်း ကိုယ်အမှုအရာသည်ရင်း ငြိမ်သက်၏။

## ၈-သာရိပုတ္တတ္ထေရဝတ္ထု

၉၇။ အကြင်သူသည် သူပြောစကားဖြင့်သာ ယုံကြည်သူ မဟုတ်၊ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူလည်း ဖြစ်၏၊ ဝဋ္ဋသုံးပါး၏အစပ်ကို ဖြတ်တောက်ပြီးသူလည်းဖြစ်၏၊ ကုသိုလ် အကုသိုလ်၏ အကျိုးပေးခွင့်ကို သတ်ဖြတ်ပြီးသူလည်း ဖြစ်၏၊ အလုံးစုံသောတဏှာကို ထွေးအန်ပြီးသူလည်းဖြစ်၏၊ ထိုသူသည်သာ စင်စစ် ယောကျ်ားမြတ်ဖြစ်၏။

## ၉-ခဒိရဝနိယရေဝတတ္ထေရဝတ္ထု

၉၈။ ရွာ၌ဖြစ်စေ တော၌ဖြစ်စေ နိမ့်ရာ၌ဖြစ်စေ ကုန်းမြင့်၌ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏၊ ထိုပုဂ္ဂိုလ်တို့နေရာ မြေအရပ်သည် မွေ့လျော်ဖွယ်ရှိ၏။

---

၁။ ဤအရာ၌ တာဒိဂုဏ်ဟူသည် လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံသောအခါ ဖောက်ပြန်တုန်လှုပ်မှု မရှိခြင်းပေတည်း။

http://www.dhammadownload.com



## ၁၀-အညတရဂ္ဂတ္ထိဝတ္ထု

၉၉။ တောတို့သည် မွေ့လျော်ဖွယ်ရှိကုန်၏၊ ယင်းတောတို့၌ ကာမရှာမှီးသူ လူအပေါင်းသည်ကား မမွေ့လျော်နိုင်၊ ရာဂကင်းသော ပုဂ္ဂိုလ်တို့သည်သာ မွေ့လျော်ကုန်လတ္တံ့၊ ထိုရာဂကင်းသော ပုဂ္ဂိုလ်တို့သည် ကာမကို မရှာမှီးကြကုန်။

ခုနစ်ခုမြောက် အရဟန္တဝဂ် ပြီး၏။

---

## ၈-သဟဿဝဂ် ၁-တမ္ဗဒါဌိကစောရဃာတကဝတ္ထု

၁၀၀။ (တောဖွဲ့ တောင်ဖွဲ့)အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သော စကားသည် အခွန်းတထောင်ရှိစေကာမူ (မမြတ်)၊ ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်၍ အကျိုးရှိသော ပုဒ်တပုဒ်သည်သာ ပိုလွန်၍ မြတ်၏။

## ၂-ဗာဟိယဒါရုစီရိယဝတ္ထု

၁၀၁။ အကျိုးမဲ့ပုဒ်နှင့်သာဆိုင်သော ဂါထာသည် တထောင်ပင်ဖြစ်စေကာမူ (မမြတ်)၊ ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်သော ဂါထာတဂါထာသည်သာ ပိုလွန်၍ မြတ်၏။

## ၃ ကုဏ္ဍလကေသီထေရီဝတ္ထု

၁၀၂။ အကျိုးမဲ့ပုဒ်နှင့်သာဆိုင်သော ဂါထာတရာကို ရွတ်ဆိုစေကာမူ (မမြတ်)၊ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်း ဖြစ်သော တရားတပါးကို ရွတ်ဆိုခြင်းသည်သာ ပိုလွန်၍ မြတ်၏။

၁၀၃။ အကြင်စစ်သူရဲတယောက်သည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တသန်း အောင်နိုင်ရာ၏၊ အကြင်သူရဲကောင်းတယောက်သည်ကား ကိုယ်တွင်းကိလေသာကို တကြိမ်တခါမျှ အောင်နိုင်ရာ၏၊ ကိုယ်တွင်းကိလေသာကို တကြိမ်အောင်နိုင်သော ထိုသူသည်သာ စစ်အောင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

## ၄-အနတ္တပုစ္ဆကဗြာဟ္မဏဝတ္ထု

၁၀၄-၁၀၅။ (ကိုယ်တွင်းကိလေသာတို့ကို နိုင်ခြင်းဖြင့်) မိမိကိုယ်ကို အောင်နိုင်ခြင်းသည် မြတ်၏၊(လောင်းတန်းကစားခြင်း စစ်တိုက်ခြင်းစသည်ဖြင့် သူတပါးကို အောင်နိုင်ခြင်းသည် မမြတ်)၊မိမိကိုယ်ကို ဆုံးမပြီးသော(ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို)အမြဲစောင့်စည်းသော အကျင့်ရှိသော ထိုသို့သဘောရှိသော သတ္တဝါ၏အောင်ခြင်းကို နတ်သည်၎င်း ဂန္ဓဗ္ဗနတ်သည်၎င်း ဗြဟ္မာနှင့်တကွသော မာရ်နတ်သည်၎င်း ရှုံးအောင်မပြုနိုင်ရာ။

http://www.dhammadownload.com



## ၅-သာရိပုတ္တတ္ထေရဿမာတုလဗြာဟ္မဏဝတ္ထု

၁၀၆။ အနှစ်တရာပတ်လုံး လတိုင်း လတိုင်း (တက္ကတွန်းတို့အား)ငွေတထောင်အကုန်ခံ၍ ပူဇော်ရာ၏၊ ဝိပဿနာပွါးသော စိတ်ရှိသော ရဟန်းတို့အား တကြိမ်တခဏမျှ ပူဇော်ရာ၏။ (ပူဇော်ခြင်းနှစ်မျိုးတို့တွင်)ထိုဝိပဿနာပွါးများသော ရဟန်းတို့အား ထိုတခဏမျှ ပူဇော်ခြင်းသည်သာ မြတ်၏၊ တက္ကတွန်းတို့အား အနှစ်တရာပတ်လုံး ပူဇော်ခြင်းသည် မမြတ်။

## ၆-သာရိပုတ္တတ္ထေရဿဘာဂိနေယျဝတ္ထု

၁၀၇။ အကြင်သူသည် အနှစ်တရာပတ်လုံး တောဌ် မီးကို လုပ်ကျွေးပူဇော်ရာ၏၊ အကြင်သူသည်ကား ဝိပဿနာပွါးများသော စိတ်ရှိသော ရဟန်းတို့အား တကြိမ်တခါမျှ ပူဇော်ရာ၏၊ (ထိုသူတို့၏ ပူဇော်ခြင်းနှစ်မျိုးတို့တွင်) ထိုဝိပဿနာပွါးများသော ရဟန်းတို့အား ထိုတခဏမျှ ပူဇော်ခြင်းသည်သာ မြတ်၏၊အနှစ်တရာပတ်လုံး မီးပူဇော်ခြင်းသည် မမြတ်။

## ၇-သာရိပုတ္တတ္ထေရဿသဟာယကဗြာဟ္မဏဝတ္ထု

၁၀၈။ လောက၌ ကောင်းမှုကို လိုလားငဲ့ကွက်သောသူသည် ယဇ်ကြီးပူဇော်ခြင်းကိုဖြစ်စေ ယဇ်ငယ်ပူဇော်ခြင်းကိုဖြစ်စေ တနှစ်ပတ်လုံး ပူဇော်ရာ၏၊ ထိုပူဇော်ခြင်းအလုံးစုံသည် ဖြောင့်မတ်စွာကျင့်သော အရိယာပုဂ္ဂိုလ်တို့ကို (ရှိခိုးခြင်းစေတနာ၏) လေးဖို့တဖို့ကိုမျှ မမှီ၊ အရိယာပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်းစေတနာသည်သာ မြတ်၏။

## ၈-အာယုဝဍ္ဎနကုမာရဝတ္ထု

၁၀၉။ အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ် အသက်သိက္ခာအားဖြင့် ကြီးသော သူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာခြင်း ခွန်အားကြီးခြင်း ဟူသော ဤအကျိုးသုံးတရားလေးပါးတို့သည် တိုးပွါးကုန်၏။

## ၉-သံကိစ္စသာမဏေရဝတ္ထု

၁၁၀။ သီလမရှိ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုနေသောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၀-ခါဏုကောဏ္ဍညတ္ထေရဝတ္ထု

၁၁၁။ ပညာမရှိ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် တရားပညာရှိ၍ သမထဝိပဿနာကို ရှုသော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

http://www.dhammadownload.com



## ၁၁-သမ္ဗဒါသတ္ထေရဝတ္ထု

၁၁၂။ ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၂-ပဋာစာရာထေရီဝတ္ထု

၁၁၃။ (ခန္ဓာငါးပါးတို့၏)အဖြစ်အပျက်ကို မရှုမမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၃-ကိသာဂေါတမီဝတ္ထု

၁၁၄။ သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၄-ဗဟုပုတ္တိကတ္ထေရီဝတ္ထု

၁၁၅။ မြတ်သော လောကုတ္တရာတရားကို မမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် မြတ်သော လောကုတ္တရာ တရားကို မြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

ရှစ်ခုမြောက် သဟဿဝဂ် ပြီး၏။

---

## ၉-ပါပဝဂ် ၁-စူဠေကသာဋကဝတ္ထု

၁၁၆။ မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန် ဆောစွာ ပြုလုပ်ရာ၏။

## ၂-သေယျသကတ္ထေရဝတ္ထု

၁၁၇။ ပုဂ္ဂိုလ်သည် မကောင်းမှု ပြုမိစေကာမူ ထိုမကောင်းမှုကို ထပ်ကာ ထပ်ကာ မပြုမိစေရာ၊ ထိုမကောင်းမှု၌ စိတ်အလိုဆန္ဒကို မပြုရာ၊ မကောင်းမှုကို ပွါးစေခြင်းသည် ဆင်းရဲ၏ အကြောင်းတည်း။

## ၃-လာဇဒေဝဓီတာဝတ္ထု

၁၁၈။ ပုဂ္ဂိုလ်သည် ကောင်းမှုကို ပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာ ထပ်ကာ ပြုရာ၏၊ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကို ပြုရာ၏၊ကောင်းမှုကို ပွါးစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။

http://www.dhammadownload.com



## ၄-အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု

၁၁၉။ မကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း မကောင်းမှု အကျိုးမပေးသေးသရွေ့ ကာလပတ်လုံး ကောင်းမြတ်သော အခါချိန်ကို တွေ့မြင်နိုင်သေး၏၊ မကောင်းမှု အကျိုးပေးသော အခါ၌မူကား မကောင်းမှု ပြုသူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏။

၁၂၀။ ကောင်းမှု ပြုသောသူပင်ဖြစ်သော်လည်း ကောင်းမှု အကျိုးမပေးသေးသရွေ့ ကာလပတ်လုံး မကောင်းသောအခါချိန်ကို တွေ့မြင်နိုင်သေး၏၊ ကောင်းမှု အကျိုးပေးသောအခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရလေတော့၏။

## ၅-အသံယတပရိက္ခာရဝတ္ထု

၁၂၁။ အနည်းငယ်သော မကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည်မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ သူမိုက်သည် အနည်းငယ် အနည်းငယ်မျှသော မကောင်းမှုကို ပြုဆည်းပူးဖန်များလတ်သော် မကောင်းမှုဖြင့် ပြည့်၏။

## ၆-ဗိဠာလပါဒကသေဋ္ဌိဝတ္ထု

၁၂၂။ အနည်းငယ်သော ကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည် မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှသော ကောင်းမှုကို ပြုဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

## ၇-မဟာဓနဝါဏိဇဝတ္ထု

၁၂၃။ အဖော်နည်းသော များသော ဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသော သူသည် (လတ်တလော သေစေတတ်သော) အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏။

## ၈-ကုက္ကုဋမိတ္တနေသာဒဝတ္ထု

၁၂၄။ လက်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏၊ အဆိပ်သည် အနာမရှိသော လက်သို့ အစဉ်မလိုက်၊ စေတနာမရှိပဲ ပြုသောသူအား မကောင်းမှုကံ မည်သည် မရှိ။

## ၉-ကောကသုနခလုဒ္ဒကဝတ္ထု

၁၂၅။ အကြင်သူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာ ကင်းသော ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှား၏၊ လေညာသို့ပစ်လွှင့်အပ်သော သိမ်မွေ့သော မြူမှုန့်သည် ထိုပစ်လွှင့်သူသို့သာ ပြန်ကျလာဘိသကဲ့သို့ မကောင်းမှုသည် ထိုသူမိုက်သို့သာ ရှေးရှုပြန်ကျလာ၏။

http://www.dhammadownload.com



## ၁၀-မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု

၁၂၆။ အချို့သော သူတို့သည် (ဤလူ့ပြည်၌) အမိဝမ်းဝယ် ပဋိသန္ဓေနေရကုန်၏၊ မကောင်းမှု ပြုသူတို့သည် ငရဲ၌ ဖြစ်ရကုန်၏၊ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏၊ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

## ၁၁-တယောဇနဝတ္ထု

၁၂၇။ မကောင်းမှု ပြုသူသည် ကောင်းကင်၌ တည်နေသော်ငြား သမုဒ္ဒရာအလယ်၌ တည်နေသော်ငြား တောင်ခေါင်းသို့ဝင်၍ တည်နေသော်ငြား မကောင်းမှုမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် မကောင်းမှုမှ လွတ်ရာ၏၊ ထိုအရပ်မျိုး မရှိနိုင်သည်သာတည်း။

## ၁၂-သုပ္ပဗုဒ္ဓသက္ကဝတ္ထု

၁၂၈။ မကောင်းမှုပြုသူသည် ကောင်းကင်၌ တည်နေသော်ငြား သမုဒ္ဒရာအလယ်၌ တည်နေသော်ငြား တောင်ခေါင်းသို့ ဝင်၍တည်နေသော်ငြား သေမင်းမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် သေမင်းသည် မညှဉ်းဆဲနိုင်ရာ၊ ထိုအရပ်မျိုး မရှိနိုင်သည်သာတည်း။

ကိုးခုမြောက် ပါပဝဂ် ပြီး၏။

---

## ၁၀-ဒဏ္ဍဝဂ် ၁-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု

၁၂၉။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ် မညှဉ်းဆဲရာ။

## ၂-ဆဗ္ဗဂ္ဂိယဝတ္ထု

၁၃၀။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် (မိမိတို့၏) အသက်ကို ချစ်၏၊ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ် မညှဉ်းဆဲရာ။

## ၃-သမ္ဗဟုလကုမာရဝတ္ထု

၁၃၁။ အကြင်သူသည် မိမိ၏ချမ်းသာကို ရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှံကန်ဖြင့် ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲသော သူသည် တမလွန်ဘဝ၌ ချမ်းသာကို မရနိုင်။

၁၃၂။ အကြင်သူသည် မိမိ၏ချမ်းသာကို ရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှံကန်ဖြင့် မညှဉ်းဆဲ၊ ထိုမညှဉ်းဆဲသော သူသည် တမလွန်ဘဝ၌ ချမ်းသာကို ရနိုင်၏။

http://www.dhammadownload.com



## ၄-ကောဏ္ဍဓာနတ္ထေရဝတ္ထု

၁၃၃။ တစုံတယောက်ကိုမျှ ကြမ်းကြုတ်သော စကားကို မဆိုလင့်၊ အဆိုခံရသူတို့သည် သင့်ကို ပြန်လှန်ဆိုကုန်ရာ၏၊ ချုတ်ချယ်သောစကားသည် ဆင်းရဲ၏ အကြောင်းတည်း၊ (သူတပါးကို ဒဏ်ပြုက)အတုံ့အလှည့်ဒဏ်တို့သည် သင့်ထံသို့ ရောက်ကုန်ရာ၏။

၁၃၄။ အနားပြတ်သော ကြေးခေါင်းလောင်းသည် အသံမထွက် ငြိမ်သက်သကဲ့သို့ မိမိကိုယ်ကို ငြိမ်သက်တည်ကြည်အောင် စောင့်ရှောက်နေသောသူသည် နိဗ္ဗာန်သို့ ရောက်နိုင်၏၊ ချုတ်ချယ်မှုမရှိ။

## ၅ ဥပေါသထိကဣတ္ထိနံဝတ္ထု

၁၃၅။ နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သကဲ့သို့ ဤအတူ အိုခြင်းသည်၎င်း သေခြင်းသည်၎င်း သတ္တဝါတို့၏အသက်ကို မောင်းနှင်ကုန်၏။

## ၆-အဇဂရပေတဝတ္ထု

၁၃၆။ မကောင်းမှု အကုသိုလ်ကံတို့ကို ပြုသော သူမိုက်သည် ထိုပြုသောအခါ၌ မသိ၊ ပညာမဲ့သူသည် ထိုမိမိပြုသော မကောင်းမှုကံတို့ကြောင့် မီးလောင်သောသူကဲ့သို့ ပူပန်ရ၏။

## ၇-မဟာမောဂ္ဂလ္လာနဝတ္ထု

၁၃၇။ အကြင်သူသည် အပြစ်ဒဏ် ကင်းကြ၍ မပြစ်မှားထိုက်သော (ရဟန္တာ)ပုဂ္ဂိုလ်တို့၌ တုတ်လှံကန်စသည်ဖြင့် ပြစ်မှား၏၊ထိုသူသည် ဆင်းရဲကြောင်း ဒဏ်ဆယ်ပါးတို့တွင် တပါးပါးသော ဆင်းရဲခြင်းအကြောင်းသို့ လျင်မြန်စွာပင်ရောက်ရ၏။

၁၃၈-၁၃၉။ ပြင်းထန်သောဝေဒနာသို့၎င်း ဉစ္စာဆုံးရှုံးခြင်းသို့၎င်း (လက်ပြတ်ခြေပြတ် စသော) ကိုယ်အင်္ဂါပျက်စီးခြင်းသို့၎င်း ကြီးလေးသော (နူနာစသော)အနာစွဲကပ်ခြင်းသို့၎င်း ရူးခြင်း စိတ်ပျံ့လွင့်ခြင်းသို့၎င်း မင်းဘေး၎င်း ကြမ်းကြုတ်စွာသော အစွပ်စွဲခံရခြင်းသို့၎င်း ဆွေမျိုးတို့၏ ပျက်ပြားခြင်းသို့၎င်း စည်းစိမ်ဉစ္စာတို့၏ ယိုယွင်းပျက်စီးခြင်းသို့၎င်း ရောက်၏။

၁၄၀။ ထို့ပြင် ထိုပြင်မှားသူ၏ အိမ်တို့ကို ပကတိ မီးသည်၎င်း လောင်မီးသည်၎င်း လောင်၏၊ ပညာမဲ့သော ထိုသူသည် ခန္ဓာကိုယ်ပျက်စီးသည်မှ နောက်၌ ငရဲသို့ ရောက်ရ၏။

## ၈-ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု

၁၄၁။ အဝတ်မဝတ်ပဲ ကျင့်ခြင်းတို့သည်၎င်း ဆံကျစ်အကျင့်တို့သည်၎င်း ရွှံ့ညွန်အလိမ်းလိမ်း ကပ်၍ ကျင့်ခြင်းတို့သည်၎င်း အစာဖြတ်၍ အဝတ်ကျင့်ခြင်းတို့သည်၎င်း မြေ၌ အိပ်၍ နေခြင်းတို့သည်၎င်း မြူမှုန့်အလိမ်းလိမ်း တင်စေလျက် ကျင့်ခြင်းသည်၎င်း ဆောင့်ကြောင့် ထိုင်၍ ကျင့်ခြင်းသည်၎င်း ဝိစိကိစ္ဆာမှ မလွတ်မြောက်သေးသော သတ္တဝါကို မစင်ကြယ်စေနိုင်ကုန်။

http://www.dhammadownload.com



## ၉-သန္တတိမဟာမတ္တဝတ္ထု

၁၄၂။ အကြင်သူသည် ကိလေသာငြိမ်း၏၊ ဣန္ဒြေကို ဆုံးမပြီးဖြစ်၏၊ မဂ်လေးပါးဖြင့်မြဲ၏၊ မြတ်သော အကျင့်ရှိ၏၊ အလုံးစုံသောသတ္တဝါတို့၌ လက်နက်ကို ပယ်ချထားသည်ဖြစ်၍ မေတ္တာဖြင့် အညီအမျှ ကျင့်၏၊ ထိုသူသည် အဝတ်တန်ဆာ ဆင်စေကာမူ မကောင်းမှုမှ အပပြုသူ 'ဗြာဟ္မဏ'မည်၏၊ ကိလေသာငြိမ်းပြီးသူ 'သမဏ' မည်၏၊ ကိလေသာဖျက်ဆီးပြီးသူ 'ဘိက္ခု'မည်၏။

## ၁၀-ပိလောတိကတိဿတ္ထေရဝတ္ထု

၁၄၃။ မြင်းကောင်းသည် ကြိမ်လုံးကို ကြဉ်ရှောင်သကဲ့သို့ အကြင်သူသည် မိမိ၏အိမ်ပျော်ခြင်းကို နှိုးကြားစေ၏၊ မိစ္ဆာဝိတက်ကို ရှက်ကြောက်ခြင်းဖြင့် တားမြစ်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် လောက၌ တယောက်တလေသာရှိ၏။

၁၄၄။ မြင်းကောင်းသည် ကြိမ်လုံးဖြင့်ပုတ်ခတ်သည်ရှိသော် လုံ့လရှိသကဲ့သို့ လုံ့လရှိကုန်သည် ထိတ်လန့်ကုန်သည် ဖြစ်ကုန်လော့၊ ယုံကြည်ခြင်း'သဒ္ဓါ'ဖြင့်၎င်း သီလဖြင့်၎င်း ဝီရိယဖြင့်၎င်း တည်ကြည်ခြင်း'သမာဓိ'ဖြင့်၎င်း တရားဆုံးဖြတ်ကြောင်း ဉာဏ်ဖြင့်၎င်း ပြည့်စုံသောဝိဇ္ဇာစရဏရှိကုန်သည်ဖြစ်၍ ထင်သော သတိရှိကုန်လျက် အတိုင်းမသိ အလွန်ရှည်လျားသော သံသရာဆင်းရဲကို စွန့်လွှတ်ကုန်လတ္တံ့။

## ၁၁-သုခသာမဏေရဝတ္ထု

၁၄၅။ မြောင်းတူးရေယူသမားတို့သည် (အလိုရှိရာသို့) ရေကို ဆောင်ယူကုန်၏၊ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏၊ သစ်ခွဲသမားတို့သည် သစ်ကို လိုတိုင်းရအောင် ခွဲကုန်၏၊ ကောင်းသော အကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဆယ်ခုမြောက် ဒဏ္ဍဝဂ် ပြီး၏။

---

## ၁၁-ဇရာဝဂ် ၁-ပဉ္စသတဉပါသိကာဝတ္ထု

၁၄၆။ (လူ့အပေါင်း၌)အမြဲ (ကိလေသာမီး) တောက်လောင်နေပါလျက် အဘယ့်ကြောင့် ပျော်မြူးရယ်ရွှင်ဘိသနည်း၊ အဘယ့်ကြောင့် နှစ်လိုဝမ်းသာခြင်းဖြစ်ဘိသနည်း၊ အဝိဇ္ဇာ မိုက်မှောင်ကြီးဖြင့် ပိတ်ဆီး(မြှေးယှက်) အပ်ကုန်သည်ဖြစ်ပါလျက် (သင်တို့သည်)အဘယ့်ကြောင့် ပညာဆီမီးကို မရှာပဲ နေကြကုန်သနည်း။

## ၂-သိရိမာဝတ္ထု

၁၄၇။ အဆန်းတကြယ် ပြုလုပ်အပ်သော အရပ်နှင့်တူသော (အရိုးစုသုံးရာတို့ဖြင့်) ထောက်ထားအပ်သော နာကျင်တတ်သော များစွာသော သူတို့ ကြံစည်အပ်သော (ကိုးပေါက်ဒွါရ)အမာဝရှိသော ကိုယ်ကို ကြည့်ရှုလော့၊ ယင်းကိုယ်၏ အမြဲအရှည်တည်ခြင်းသည် မရှိချေတကား။

http://www.dhammadownload.com



## ၃-ဥတ္တရာထေရီဝတ္ထု

၁၄၈။ ဤရုပကာယသည် ဆွေးမြေ့အိုမင်းတတ်၏၊ အနာရောဂါတို့၏ တည်နေရာလည်း ဖြစ်၏၊ ယိုယွင်းပျက်စီးတတ်၏၊ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။

## ၄-သမ္ဗဟုလအဓိမာနိကဘိက္ခုဝတ္ထု

၁၄၉။ တန်ဆောင်မုန်းလအခါ၌ စွန့်ပစ်ထားသော ဘူးသီးခြောက်ကဲ့သို့ စွန့်ပစ်အပ်သော ခိုအဆင်းကဲ့သို့ ဖြူမွဲသော အရိုးတို့ကို မြင်ရ၍ အဘယ်မှာ မွေ့လျော်ဖွယ် ရှိနိုင်အံ့နည်း။

## ၅-ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု

၁၅၀။ အရိုးတို့ကို (စိုက်ထူ၍)အသားအသွေးတို့ဖြင့် လိမ်းကျံလျက် အတ္တဘောတည်းဟူသောမြို့ကို (တဏှာလက်သမားသည်)ဆောက်လုပ်အပ်၏၊ ယင်းမြို့၌ အိုခြင်း သေခြင်း မာန ထောင်လွှားခြင်း သူ့ကျေးဇူးကို ချေဖျက်ခြင်းသည်သာ တည်ရှိလေ၏။

## ၆-မလ္လိကာဒေဝီဝတ္ထု

၁၅၁။ (ရတနာတို့ဖြင့်)ကောင်းစွာ ဆန်းကြယ်သော မင်း၏ရထားတို့သည် ဆွေးမြေ့အိုမင်းကြကုန်သေး၏၊ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် ဆွေးမြေ့အိုမင်းခြင်းသို့ ရောက်ရသေး၏၊ သူတော်ကောင်းတို့၏တရားတော်သည်ကား ဆွေးမြေ့အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်း ဆွေးနွေးပြောကြားကြကုန်၏။

## ၇-လာဠုဒါယီထေရဝတ္ထု

၁၅၂။ အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီး ကြီးထွားလာ၏၊ ထိုယောကျ်ားအား အသားတို့သာ တိုးပွါးကုန်၏၊ ပညာမူကား မတိုးပွါး။

## ၈-ဥဒါနဝတ္ထု

၁၅၃။ အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ (တဏှာလက်သမား)ကို ရှာသော ငါသည် (ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ်)မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

၁၅၄။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် တဏှာလက်သမား ငါသည် သင့်ကို (ပညာမျက်စိဖြင့်)ယခုမြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောင်တဖန် သင်ဆောက်လုပ်ရတော့မည် မဟုတ်၊ သင်၏ ကိလေသာတည်းဟူသော အခြင်ရနယ်အားလုံးတို့ကို (ငါ)ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို ဖျက်ဆီးအပ်ပြီ၊ (ငါ၏)စိတ်သည် ပြုပြင်ခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာကုန်ရာ ကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။

## ၉-မဟာဓနသေဋ္ဌိဝတ္ထု

၁၅၅။ (သူမိုက်တို့သည်)အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် ငါးကုန်ခန်းသော ညွန်အိုင်၌ အတောင်ကျွတ်သော ကြိုးကြာအိုတို့ကဲ့သို့ (အရွယ်လွန်သောအခါ) ကြံမှိုင်၍သာ နေကြရကုန်၏။

http://www.dhammadownload.com



၁၅၆။ (သူမိုက်တို့သည်)အရွယ်ရှိခိုက် မြတ်သော အကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် လေးမှလွတ်ပြီးနောက် အရှိန်ကုန်သော မြားတို့ကဲ့သို့ ရှေးဖြစ်ဟောင်း (သုခ)တို့ကို ညည်းတွားအောက်မေ့၍သာ နေကြရကုန်၏။

တဆယ့်တခုမြောက် ဇရာဝဂ် ပြီး၏။

## ၁၂-အတ္တဝဂ် ၁-ဗောဓိရာဇကုမာရဝတ္ထု

၁၅၇။ မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏၊ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသောအရွယ်၌(လုံ့လထုတ်ကာ) သုတ်သင်ရာ၏။

## ၂-ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု

၁၅၈။ ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သောအကျင့်၌ တည်စေရာ၏၊ထို့နောက်မှ သူတပါးကို ဆုံးမရာ၏၊ ပညာရှိသည် သူတပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

## ၃-ပဓာနိကတိဿတ္ထေရဝတ္ထု

၁၅၉။ သူတပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏၊ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ (သူတပါးကို)ဆုံးမရာ၏၊ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား။

## ၄-ကုမာရကဿပမာတုဝတ္ထု

၁၆၀။ မိမိသည်သာ မိမိ၏ကိုးစားရာဖြစ်၏၊ သူတပါးသည် မိမိ၏ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊မိမိသည် ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးစားရာ အရဟတ္တဖိုလ်ကို ရနိုင်၏။

## ၅-မဟာကာလဥပါသကဝတ္ထု

၁၆၁။ ကျောက်မှ ဖြစ်သော စိန်သည် (မိမိမှီရာ)ကျောက်ကို ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော မိမိမှဖြစ်သော မိမိကြောင့် ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ ပညာမဲ့သူကို ဖျက်ဆီး၏။

## ၆-ဒေဝဒတ္တဝတ္ထု

၁၆၂။ မာလေယနွယ်သည် မှီရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ်သကဲ့သို့ ဧင်စစ် သီလမရှိသော သူ၏ အဖြစ်တည်းဟူသော တဏှာအလွှမ်းမိုးခံရသူသည် ရန်သူအလိုရှိတိုင်း (မိမိအကျိုးမဲ့ကို) မိမိကိုယ်တိုင်ပင် ပြုလုပ်လေ၏။

## ၇-သံဃဘေဒပရိသင်္ကနဝတ္ထု

၁၆၃။ အပြစ်ရှိ၍ မိမိ၏အကျိုးစီးပွါး မရှိကုန်သော အမှုတို့ကို ပြုလွယ်ကုန်၏၊ အပြစ်ကင်း၍ အကျိုးစီးပွါးရှိသော အမှုကို အလွန်ပြုနိုင်ခဲ၏။

http://www.dhammadownload.com



## ၈-ကာလတ္ထေရဝတ္ထု

၁၆၄။ ပညာမဲ့သူသည် ယုတ်မာသော မိစ္ဆာအယူကို အမှီပြု၍ ပူဇော်အထူးကို ခံထိုက်ကုန်သော တရားသဖြင့် အသက်မွေးကုန်သော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမကို တားမြစ်၏၊ ဝါးသီးတို့သည် ဝါးပင်ကိုသတ်ရန် အလို့ငှါ သီးကုန်သကဲ့သို့ ထိုပုဂ္ဂိုလ်၏ မိစ္ဆာအယူသည် မိမိကိုယ်ကို သတ်ရန်အလို့ငှါသာ ဖြစ်၏။

## ၉-စူဠကာလဥပါသကဝတ္ထု

၁၆၅။ မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏၊ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏၊ စင်ကြယ်သောကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာဖြစ်၏၊ သူတယောက်သည် အခြားသူတယောက်ကို (ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင်)မသုတ်သင်နိုင်။

## ၁၀-အတ္တဒတ္ထတ္ထေရဝတ္ထု

၁၆၆။ သူတပါး၏ များစွာသော အကျိုးစီးပွါးအတွက်ကြောင့် မိမိ၏ အကျိုးစီးပွါးကို (အနည်းငယ်မျှ) မဆုတ်ယုတ်စေရာ၊ မိမိအကျိုးစီးပွါးကို သိ၍ မိမိအကျိုးစီးပွါးကို တိုးပွါးအောင် လေ့ကျက် အားထုတ်ရာ၏။

တဆယ့်နှစ်ခုမြောက် အတ္တဝဂ် ပြီး၏။

---

## ၁၃-လောကဝဂ် ၁-ဒဟရဘိက္ခုဝတ္ထု

၁၆၇။ (ကာမဂုဏ်)အယုတ်တရားကို မမှီဝဲရာ၊ မေ့မေ့လျော့လျော့ မနေရာ၊ မှားသောအယူကို မယူရာ၊ လောကကြီးပွါးရေးအတွက် သက်သက်မဖြစ်ရာ။

## ၂-သုဒ္ဓေါဒနဝတ္ထု

၁၆၈။ ဆွမ်းခံဝတ်၌ မမေ့လျော့ရာ၊ ကောင်းစွာ ကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏၊တရားကို ကျင့်သောသူသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ချမ်းသာစွာ နေရ၏။

၁၆၉။ သုစရိုက်တရားကို ကျင့်ရာ၏၊ ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကို ကျင့်သောသူသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ချမ်းသာစွာနေရ၏။

## ၃-ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု

၁၇၀။ ရေပြင်ကို ရှုမြင်ရသကဲ့သို့ရင်း တံလျှပ်ကို ရှုမြင်ရသကဲ့သို့ရင်း ဤအတူ(ခန္ဓာငါးပါးဟူသော)လောကကို ရှုကြည့်သူကို မသေမင်းသည် မမြင်နိုင်။

## ၄-အဘယရာဇကုမာရဝတ္ထု

၁၇၁။ လာကြကုန်လော့ (ရတနာ့ခုနစ်ပါးဖြင့်)ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့၊ ယင်းလောက၌ မိုက်သူတို့သည် နစ်မြုပ်ကြကုန်၏၊ ပညာရှိတို့အား ကပ်ငြိတွယ်တာမှုသည် မရှိ။

http://www.dhammadownload.com



## ၅-သမ္မဇ္ဇနတ္ထေရဝတ္ထု

၁၇၂။ ရှေး(ငယ်စဉ်)အခါက (ကုသိုလ်၌)မေ့လျော့ခဲ့၍ နောင် (ကြီးပြင်းသော)အခါ၌ မမေ့မလျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်)ထွန်းလင်းတောက်ပစေ၏။

## ၆-အင်္ဂုလိမာလတ္ထေရဝတ္ထု

၁၇၃။ မိမိပြုခဲ့သော မကောင်းမှု အကုသိုလ်ကံကို(အရဟတ္တမဂ်)ကုသိုလ်ဖြင့် ဖုံးအုပ်သူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို (အရဟတ္တမဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းတောက်ပစေ၏။

## ၇-ပေသကာရဓီတာဝတ္ထု

၁၇၄။ ဤလူအပေါင်းသည် (ပညာမျက်စိမရှိသဖြင့်)အကန်းအတိသာဖြစ်၏၊ ဤလောက၌ အနည်းငယ်မျှသောသူသည်သာ (အနိစ္စ စသောသဘောအားဖြင့်) ရှုမြင်နိုင်၏၊ ပိုက်ကွန်မှ လွတ်သောငှက်သည် နည်းပါးသကဲ့သို့ လူအနည်းငယ်မျှသာ နတ်ရွာနိဗ္ဗာန်သို့ရောက်နိုင်၏။

## ၈-တိံသဘိက္ခုဝတ္ထု

၁၇၅။ ဟင်္သာတို့သည် နေမင်းလမ်းကြောင်း ကောင်းကင်ခရီး၌ သွားကုန်၏၊ တန်ခိုးရှင်တို့သည် ကောင်းကင်၌ သွားကုန်၏၊ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွ သော မာရ်မင်းကို အောင်၍ လောကမှ ထွက်မြောက်ကုန်၏။

## ၉-စိဉ္စမာဏဝိကာဝတ္ထု

၁၇၆။ သစ္စာတရားတခုကိုလွန်၍ မုသားစကားကို ဆိုလေ့ရှိသော နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း အလျင်းမရှိသောသူအား မပြုနိုင်မည့် မကောင်းမှု အကုသိုလ်မည်သည် မရှိ။

## ၁၀-အသဒိသဒါနဝတ္ထု

၁၇၇။ စေးနှဲဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်၊လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်၊ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏၊ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

## ၁၁-အနာထပိဏ္ဍိကပုတ္တကာလဝတ္ထု

၁၇၈။ မြေတပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက်ငြင်း နတ်ပြည်ဗြဟ္မာ့ပြည်သို့ ရောက်ရသည်ထက်ငြင်း တလောကလုံးကို အစိုးရသည်ထက်ငြင်း သောတာပန်ဖြစ်ရခြင်းသည် မြတ်၏။

တဆယ့်သုံးခုမြောက် လောကဝဂ် ပြီး၏။

http://www.dhammadownload.com



## ၁၄-ဗုဒ္ဓဝဂ် ၁-မာရဓီတရဝတ္ထု

၁၇၉။ အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တဖန် အောင်ဖွယ် မလို၊ လောက၌ အကြင်မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ ကိလေသာ တစုံတခုမျှ အစဉ်မလိုက်တော့ချေ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိ တော်မူသော ရာဂစသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်း ကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

၁၈၀။ အကြင်မြတ်စွာဘုရားအား တစုံတခုသော လောကသို့ ခေါ်ဆောင်ရန် ပိုက်ကွန် ပမာ ကပ်ငြိတတ်သော တဏှာသည် မရှိ၊အပိုင်းအခြား မရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ် ရှိတော်မူသော ရာဂစသော ခရီးလမ်းကြောင်း မရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီး လမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

## ၂-ဒေဝေါရောဟနဝတ္ထု

၁၈၁။ အကြင်ပညာရှိတို့သည် သမထဈာန်၌ လေ့ကျက်အားထုတ်ကုန်၏၊ ကာမမှ ထွက် မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏၊ သစ္စာလေးပါးတရားကို ကောင်းစွာ သိကုန် သော လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ဖြဟ္မာတို့သည်လည်း ချစ်မြတ်နိုး ကြကုန်၏။

## ၃-ဧရကပတ္တနာဂရာဇဝတ္ထု

၁၈၂။ လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက် လာရခြင်းသည် ခဲယဉ်း၏။

## ၄-အာနန္ဒတ္ထေရပဉှာဝတ္ထု

၁၈၃။ မကောင်းမှုဟူသမျှကို မပြုရာ၊ကုသိုလ်နှင့်ပြည့်စုံစေရာ၏၊မိမိစိတ်ကို ဖြူစင်စေရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၁၈၄။ တိတိက္ခာဟု အမည်ရသော သည်းခံမှု ခန္တီသည် မြတ်သောအကျင့်တည်း၊ နိဗ္ဗာန်ကို အလွန်မြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏၊ ရဟန်းဟူသည် သူတပါးကို မညှဉ်းဆဲ၊ သူတပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်။

၁၈၅။ သူတပါးကို မကဲ့ရဲ့ မစွပ်စွဲရာ မညှဉ်းဆဲရာ၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက် ရာ၏၊ စားဖွယ်၌ အတိုင်းအရှည်ကို သိရာ၏၊ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာသို့ ကပ် ရောက် နေထိုင်ရာ၏၊ သမာပတ်ရှစ်ပါးဟူသော အဓိစိတ္တသိက္ခာကို ပွါးများအားထုတ်ရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

http://www.dhammadownload.com



## ၅-အနဘိရတိဘိက္ခုဝတ္ထု

၁၈၆-၁၈၇။ အသပြာမိုး ရွာသွန်းပေးသဖြင့်လည်း ကာမတို့၌ ရောင့်ရဲတင်းတိမ်မှု မရှိ၊ ကာမတို့သည် သာယာဖွယ် သဘောမရှိကုန်၊ ဆင်းရဲကုန်၏ဟု သိ၍ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ပညာရှိသည် နတ်၌ဖြစ်သော ကာမတို့၌သော်လည်း မမွေ့လျော်၊ တဏှာကုန်ရာ နိဗ္ဗာန်၌သာ ခမ္မွေ့လျော်တော့၏။

## ၆-အဂ္ဂိဒတ္တပြာဟ္မဏဝတ္ထု

၁၈၈။ ကြောက်ရွံ့သိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကိုဂုင်း တောတို့ကိုဂုင်း အရံတို့ကိုဂုင်း အထိကရသစ်ပင်စသော ကိုးကွယ်ရာတို့ကိုဂုင်း ကိုးကွယ်ကြကုန်၏။

၁၈၉။ ဤတော တောင် အရံ အထိကရသစ်ပင်စသော ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤကိုးကွယ်ရာ ဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်။

၁၉၀-၁၉၁။ အကြင်သူသည် မြတ်စွာဘုရားကိုဂုင်း တရားတော်ကိုဂုင်း သံဃာတော်ကိုဂုင်း ကိုးကွယ်ဆည်းကပ်၏၊ ထိုသူသည် ဆင်းရဲအမှန် 'ဒုက္ခသစ္စာ' ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန် 'သမုဒယသစ္စာ' ဆင်းရဲလွတ်မြောက်ရာအမှန် 'နိရောဓသစ္စာ' ဆင်းရဲငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအမှန် 'အင်္ဂါရှစ်ပါးရှိသော မြတ်သော မဂ္ဂသစ္စာ'ဟူသော အရိယသစ္စာလေးပါးတို့ကို ကောင်းစွာ မဂ်ပညာဖြင့် မြင်နိုင်၏။

၁၉၂။ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏၊ မြတ်သောကိုးကွယ်ဆည်းကပ်ခြင်း မည်၏၊ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

## ၇-အာနန္ဒတ္ထေရပဉ္ဟာဝတ္ထု

၁၉၃။ ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏၊ ထိုယောကျ်ားအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏၊ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ရောက်၏။

## ၈-သမ္ဗဟုလဘိက္ခုဝတ္ထု

၁၉၄။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။

http://www.dhammadownload.com



## ၉-ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု

၁၉၅-၁၉၆။ ပူဇော်ထိုက်ကုန်သော တဏှာ မာန ဒိဋ္ဌိ ဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးကုန်သော စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို လွန်မြောက်ပြီးကုန်သော ကိလေသာ ငြိမ်းအေးပြီးကုန်သော တစုံတခု ဘေးရန်မရှိကုန်သော ဘုရားရှင်တို့ကိုဖြစ်စေ မြတ်စွာဘုရား၏ တပည့်တို့ကိုဖြစ်စေ ပူဇော်သောသူ၏ ကောင်းမှုကို ဤကောင်းမှုသည် ဤမျှရှိ၏ဟု တစုံ တယောက်သော သူသည်လည်း ရေတွက်ခြင်းငှါ မတတ်ကောင်း။

တဆယ့်လေးခုမြောက် ဗုဒ္ဓဝဂ် ပြီး၏။

ပဉ္စမဘာဏဝါရပြီး၏။

---

## ၁၅-သုခဝဂ် ၁-ဉာတိကလဟဝူပသမနဝတ္ထု

၁၉၇။ ရန်ပြုတတ်သူဘို့အလယ်၌ ရန်မပြုကြကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့အသက်မွေး နိုင်ကြကုန်၏၊ ရန်ပြုသော သူဘို့အလယ်၌ ရန်မရှိကုန်ပဲ ငါတို့ နေနိုင်ကြကုန်၏။

၁၉၈။ ကိလေသာ အနှိပ်စက်ခံရသော သူတို့အလယ်၌ ကိလေသာအနှိပ်စက် မခံရကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့အသက်မွေးနိုင်ကြကုန်၏၊ ကိလေသာအနှိပ်စက်ခံရသော သူတို့အလယ် ၌ ကိလေသာအနှိပ်စက်မခံရကုန်ပဲ ငါတို့ နေနိုင်ကြကုန်၏။

၁၉၉။ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြ မစိုက်ကြကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ ကာမဂုဏ်ကို ကြောင့်ကြ စိုက်ကုန်သော လူတို့ အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကြကုန်ပဲ ငါတို့ နေနိုင်ကြကုန်၏။

## ၂-မာရဝတ္ထု

၂၀၀။ စိုးရိမ်ကြောင့်ကြဖွယ်ရာ တစုံတခုမျှ မရှိပဲ အလွန်ချမ်းသာစွာ ငါတို့အသက်မွေးနိုင် ကြကုန်၏၊ အာဘဿရာဗြဟ္မာတို့ကဲ့သို့ နှစ်သက် ဝမ်းမြောက်မှု ပီတိတည်းဟူသော အစာကို အားထား၍ နေကြကုန်အံ့။

## ၃-ကောသလရညောပရာဇယဝတ္ထု

၂၀၁။ အနိုင်ရသူသည် ရန်ကို ပွါးစေ၏၊ ရှုံးသောသူသည် ဆင်းရဲစွာ နေရ၏၊ (ကိလေသာ)ငြိမ်းပြီးသောသူသည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏။

## ၄-အညတရကုလဒါရိကာဝတ္ထု

၂၀၂။ ရာဂနှင့်တူသော မီးမရှိ၊ ဒေါသနှင့် တူသော အပြစ်မရှိ၊ ခန္ဓာနှင့် တူသော ဆင်းရဲမရှိ၊

http://www.dhammadownload.com



## ၅-ကေဥပါသကဝတ္ထု

၂၀၃။ ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်ကုန်၏၊ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း၊ ပညာရှိသည် ဤသို့ ဟုတ်တိုင်းမှန်စွာ သိ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏။

## ၆-ပသေနဒိကောသလဝတ္ထု

၂၀၄။ အနာရောဂါ ကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း၊ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း၊ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

## ၇-တိဿတ္ထေရဝတ္ထု

၂၀၅။ တရားတည်းဟူသော နှစ်သိမ့်မှု ပီတိအရသာကို သောက်ရသူသည် ဆိတ်ငြိမ်ရာ၌ ရသော (တရား)အရသာကိုင်း ကိလေသာ အပူငြိမ်းရာ နိဗ္ဗာန်၏အရသာကိုင်း သောက်ရသောကြောင့် ပူပန်မှုကင်း၏၊ မကောင်းမှုမှလည်း ကင်း၏။

## ၈-သက္ကဝတ္ထု

၂၀၆။ သူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည် ကောင်း၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏၊လူမိုက်တို့ကို မတွေ့မမြင်ရခြင်းသည် အမြဲပင် ချမ်းသာ၏။

၂၀၇။ သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏၊ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့အခါခပ်သိမ်း ဆင်းရဲရ၏၊ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

၂၀၈။ ထို့ကြောင့်သာလျှင် တည်ကြည်လည်း တည်ကြည်သော ပညာလည်းရှိသော အကြားအမြင်လည်းများသော မင်္ဂဖိုလ်ဟူသော ဝန်ကိုလည်း ဆောင်လေ့ရှိသော သီလဓုတင် (ဖြူစင်သော) အကျင့်လည်းရှိသော မြတ်သော ထိုသို့သဘောရှိသော ပညာရှိသူတော်ကောင်းကို လမင်းသည် နက္ခတ်တို့ သွားရာလမ်းခရီးကို ချဉ်းကပ်သကဲ့သို့ မှီဝဲဆည်းကပ်ရာ၏။

တဆယ့်ငါးခုမြောက် သုခဝဂ် ပြီး၏။

---

## ၁၆-ပိယဝဂ် ၁-တဃောဇနုပဗ္ဗဇိတဝတ္ထု

၂၀၉။ မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ပဲ အကျိုးစီးပွါးကို စွန့်လွှတ်၍ ချစ်ဖွယ်အာရုံ ကာမဂုဏ်ကို စွဲလမ်းသူသည် ကိုယ်တိုင် အားထုတ်သူတို့၏ (အကျိုးစီးပွါးကို)လိုလားတောင့်တ၏။

http://www.dhammadownload.com



၂၁၀။ ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း တရံတဆစ်မျှ မပေါင်းဖော်ပါလင့်၊ ချစ်သောသူတို့ကိုလည်း မမြင်ရခြင်းသည် ဆင်းရဲ၏၊ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁။ ထို့ကြောင့် (လူကိုဖြစ်စေ ပစ္စည်းဥစ္စာကိုဖြစ်စေ) ချစ်ခင်စွဲလမ်းခြင်းကို မပြုရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာတည်း၊ ချစ်ခြင်း မုန်းခြင်း မရှိသော သူတို့အား အနှောင်အဖွဲ့ 'ဂန္ထ'တို့ မရှိကြကုန်။

## ၂-အညတရကုဋုမ္ဗိကဝတ္ထု

၂၁၂။ ချစ်ခင်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ချစ်ခင်မှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၃-ဝိသာခါဝတ္ထု

၂၁၃။ မြတ်နိုးမှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ မြတ်နိုးမှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၄-လိစ္ဆဝိဝတ္ထု

၂၁၄။ မွေ့လျော်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မွေ့လျော်မှုကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ မွေ့လျော်မှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၅-အနိတ္ထိဂန္ဓကုမာရဝတ္ထု

၂၁၅။ ကာမကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ ကာမကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ကာမမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၆-အညတရဗြာဟ္မဏဝတ္ထု

၂၁၆။ တဏှာကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ တဏှာကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ တဏှာမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၇-ပဉ္စသတဒါရကဝတ္ထု

၂၁၇။ သီလနှင့်လည်းပြည့်စုံ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

## ၈-ဧကအနာဂါမိတ္ထေရဝတ္ထု

၂၁၈။ နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်းသွားမည့်သူဟု ဆိုအပ်၏။

http://www.dhammadownload.com



## ၉-နန္ဒိယဝတ္ထု

၂၁၉။ ကြာမြင့်စွာ ကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသူကို (မြင်၍) ဆွေမျိုး မိတ်ဆွေ ချစ်ကျွမ်းဝင်သူတို့သည် ပြန်လာပြီဟု နှစ်သက်ဝမ်းမြောက်ကုန်၏။

၂၂၀။ ထိုနည်းတူစွာလျှင် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသော ပြုပြီးသော ကောင်း မှုရှိသူကိုလည်း ဆွေမျိုးတို့သည် ပြန်ရောက်လာသော ချစ်ခင်သူကို ကြိုဆိုကြသကဲ့သို့ ကောင်းမှု တို့သည် ကြိုဆိုကြကုန်၏။

တဆယ့်ခြောက်ခုမြောက် ပိယဝဂ် ပြီး၏။

---

## ၁၇-ကောဓဝဂ် ၁-ရောဟိနီခတ္တိယကညာဝတ္ထု

၂၂၁။ အမျက် 'ဒေါသ' ကို စွန့်ရာ၏၊ မာနကို ပယ်ရာ၏၊ သံယောဇဉ်မှန်သမျှကို ကျော်လွန် ရာ၏၊ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

## ၂-အညတရဘိက္ခုဝတ္ထု

၂၂၂။ လိမ္မာသော ရထားထိန်းသည် လျှင်မြန်စွာ ပြေးသွားသော ရထားကို လမ်းမလွဲ အောင် စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက်'ဒေါသ'ကို တားမြစ်နိုင်သူကို လိမ္မာသော ရထားထိန်းဟူ၍ ငါဆို၏၊ ဤမှတပါး ပြကတေ့ရထားထိန်းသည် ရထားကြိုးကိုင် သာမည်၏။

## ၃-ဥတ္တရာဥပါသိကာဝတ္ထု

၂၂၃။ အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏၊ မကောင်းသော သဘော ရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသော သူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏။

## ၄-မဟာမောဂ္ဂလ္လာနပဉှာဝတ္ထု

၂၂၄။ မှန်သောစကားကို ပြောဆိုရာ၏၊ အမျက်မထွက်ရာ၊ တောင်းလာသည်ရှိသော် အနည်း ငယ်မျှကိုသော်လည်း ပေးလှူရာ၏၊ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ရောက်ရာ၏။

## ၅-ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု

၂၂၅။ သူတပါးတို့ကို မညှဉ်းဆဲတတ်၊ ကာယဒွါရ စသည်တို့ဖြင့် အမြဲစောင့်စည်းတတ်ကုန် သော ရဟန္တာပုဂ္ဂိုလ်တို့သည် စိုးရိမ်ခြင်းကင်းရာ သေခြင်းကင်းရာ ဖြစ်သော နိဗ္ဗာန်အရပ်သို့ ရောက်ကြရကုန်၏။

http://www.dhammadownload.com



## ၆-ပုဏ္ဏဒါသီဝတ္ထု

၂၂၆။ အခါခပ်သိမ်း နိုးကြား ထကြွကုန်သည် ဖြစ်၍ နေ့ညဉ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကြကုန်လျက် နိဗ္ဗာန်သို့ စိတ်ညွတ်ကြသူတို့အား အာသဝေါတရားတို့ ချုပ်ငြိမ်းကွယ်ပျောက်ကြကုန်၏။

## ၇-အတုလဥပါသကဝတ္ထု

၂၂၇။ အိုအတုလ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း၊ ဤကဲ့ရဲ့ခြင်းသည် ယခုမှ ဖြစ်သည်မဟုတ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏၊ များစွာပြောဟောသောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ နှိုင်းချိန်၍ ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ လောက၌ အကဲ့ရဲ့လွတ်သောသူ မည်သည် မရှိပေ။

၂၂၈။ လုံးဝအကဲ့ရဲ့ခံရသူ လုံးဝအချီးမွမ်းခံရသူ မည်သည် ရှေးကလည်း မရှိခဲ့စဘူး၊ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်း မရှိ။

၂၂၉-၂၃၀။ မကျိုးမပြတ်သော အကျင့်ရှိသော ဖောက်ခွဲနိုင်သော ပညာရှိသော ပညာဂုဏ် သီလဂုဏ် သမာဓိဂုဏ်ရှိသောသူကို ပညာရှိတို့သည် ဟုတ်မှန်စွာသိ၍ နေ့တိုင်း နေ့တိုင်း ချီးမွမ်းခဲ့ပါမူ ဇမ္ဗူရာဇ်ရွှေစင် နိက္ခနှင့်တူသူကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း၊ ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာမင်းသည်လည်း ချီးမွမ်း၏။

## ၈-ဆဗ္ဗဂ္ဂိယဝတ္ထု

၂၃၁။ ကိုယ်အမူအရာပျက်စီးမှု (ကာယဒုစရိုက်သုံးပါး)ကို စောင့်ရှောက်ရာ၏၊ ကာယဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ကျင့်ရာ၏။

၂၃၂။ နှုတ်အမူအရာပျက်စီးမှု (ဝစီဒုစရိုက်လေးပါး)ကို စောင့်ရှောက်ရာ၏၊ ဝစီဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်ရာ၏။

၂၃၃။ စိတ်အမူအရာပျက်စီးမှု (မနောဒုစရိုက် သုံးပါး)ကို စောင့်ရှောက်ရာ၏၊ မနောဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်ရာ၏။

၂၃၄။ ပညာရှိတို့သည် ကိုယ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက် နှုတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက် စိတ်ဖြင့် ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင်ကုန်၏၊ ထိုပညာရှိတို့သည်သာ တားမြစ်ပိတ်ပင်သူတို့ မည်ကုန်၏ ။

တဆယ့်ခုနစ်ခုမြောက် ကောဓဝဂ် ပြီး၏။

http://www.dhammadownload.com



## ၁၈-မလဝဂ် ၁-ဂေါဃာတကပုတ္တဝတ္ထု

၂၃၅။ (ဥပါသကာ)သင်သည် ယခုအခါ ဖျော့တော့သော ဖက်ရွက်လျော်ကဲ့သို့ ဖြစ်ခဲ့ပြီ၊ သေမင်းတမန်တို့သည်လည်း သင်၏အနီး၌ တည်ကုန်ပြီ၊ ဆုတ်ယုတ်ပျက်စီးခြင်း၏အစ(ဘဝဆုံး)၌လည်း တည်ခဲ့ပြီ၊ သင့်အား (ဘဝတပါးသို့ သွားရန်ကောင်းမှု) ရိက္ခာလည်း မရှိ။

၂၃၆။ ထိုသင်သည် မိမိ၏မှီရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊ လျင်စွာ အားထုတ်၍ ပညာရှိသူဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ အရိယာတို့နေရာ သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်ရလတ္တံ့။

၂၃၇။ (ဥပါသကာ)သင်သည် ယခုအခါ အရွယ်လွန်ချေပြီ၊ သေမင်း၏အထံသို့ သွားချိန်ရောက်ခဲ့ပြီ၊ သင့်အား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိ၊ သင့်အား (ဘဝတပါးသို့ သွားရန်ကောင်းမှု)ရိက္ခာလည်း မရှိ။

၂၃၈။ (ဥပါသကာ)သင်သည် မိမိ၏မှီရာ ကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊လျင်စွာ အားထုတ်၍ ပညာရှိသူဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ တဖန် ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မရောက်ရတော့လတ္တံ့။

## ၂-အညတရဗြာဟ္မဏဝတ္ထု

၂၃၉။ ပန်းထိမ်သည်သည် ရွှေ၏အညစ်အကြေးကို တဖြည်းဖြည်း ထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိ၏ အညစ်အကြေးကို အနည်းငယ် အနည်းငယ် အရှင့်ရှင့်တိုင်း အခွင့်ရတိုင်း (ရာဂစသော အညစ်အကြေးကို)ထုတ်ပယ်ရာ၏။

## ၃-တိဿတ္ထေရဝတ္ထု

၂၄၀။ သံချေးသည် သံမှ ပင် ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင် (ပြန်၍) စားသကဲ့သို့ ဤအတူ မကောင်းမှု၌ လွန်ကျူး၍ ကျင့်သောသူကို မိမိကျင့်ကြံမှုတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။

## ၄-လာလုဒါယိဝတ္ထု

၂၄၁။ စာပေကျမ်းဂန် အတတ်ပညာတို့သည် မရွတ်ဖတ် မသရဇ္ဈာယ်ခြင်းလျှင် (ပျက်စီးကြောင်း)အညစ်အကြေးရှိကုန်၏၊ အိမ်တို့သည် ကြောင့်ကြစိုက် မပြုပြင်ခြင်းလျှင်(ပျက်စီးကြောင်း)အညစ်အကြေးရှိကုန်၏၊ ပျင်းရိခြင်းသည် အဆင်း(လှပခြင်း)၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏၊ မေ့လျော့ခြင်းသည် စောင်ရှောက်သူ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏။

http://www.dhammadownload.com



## ၅--အညတရကုလပုတ္တဝတ္ထု

၂၄၂။ (လင်ကို)လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏၊ နှမြောဝန်တိုခြင်းသည် ပေးလှူသူ၏ (ပျက်စီးကြောင်း)အညစ်အကြေးမည်၏၊ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဤဘဝ၌၎င်း တမလွန်ဘဝ၌၎င်း ကေန် ပျက်စီးကြောင်း အညစ်အကြေး မည်ကုန်၏။

၂၄၃။ ထိုအညစ်အကြေးတို့ထက် အလွန်ကဲဆုံး အညစ်အကြေးကား အမှန်ကိုမသိမှု 'အဝိဇ္ဇာ' ပင်တည်း၊ ရဟန်းတို့ ဤ(အလွန်ကဲဆုံး) အဝိဇ္ဇာ အညစ်အကြေးကိုသတ်၍ အညစ်အကြေး ကင်းစေကုန်လော့။

## ၆--စူဠသာရိဘိက္ခုဝတ္ထု

၂၄၄။ အရှက်မရှိသူသည် ရဲတင်းသောကျီးနှင့်တူသဖြင့်၎င်း သူတပါးဂုဏ်ကို ဖျက်ဆီးသဖြင့်၎င်း သူတပါးပြုသည်ကို မိမိပြုယောင် ဆောင် သဖြင့်၎င်း ကြမ်းကြုတ်သဖြင့်၎င်း ညစ်ညူးသော အကျင့်ဖြင့်၎င်း အသက်မွေးမှု ပြုသောကြောင့် အသက်မွေးလွယ်ကူ၏။

၂၄၅။ အရှက်ရှိသူသည် အမြဲစင်ကြယ်မှုကို ရှာသဖြင့်၎င်း မတွန့်တိုသဖြင့်၎င်း မကြမ်းကြုတ်သဖြင့်၎င်း စင်ကြယ်သောအသက်မွေးမှုဖြင့်၎င်း သင့်မသင့်ကိုမြော်မြင်သဖြင့်၎င်း အသက်မွေးမှုပြုသောကြောင့် အသက်မွေးခဲယဉ်း၏။

## ၇--ပဉ္စသတဉပါသကဝတ္ထု

၂၄၆-၂၄၇။ လောက၌ အကြင်သူသည် သူ့အသက်ကို သတ်၏၊မဟုတ်မမှန်သောစကားကိုလည်း ပြောဆို၏၊ ပိုင်ရှင်မပေးသော သူ့ ဉစ္စာကို ခိုးယူ၏၊ သူတပါးမယားကိုလည်း သွားလာ၏၊ သေရည်သေရက်ကိုလည်း သောက်စား၏၊ ထိုသူသည် ဤဘဝ၌ပင်လျှင် မိမိ၏ မူလရင်းအခြေ၏အမြစ်ကို တူးဖြို၍ဖျက်ဆီးသည်မည်၏။

၂၄၈။ အိုယောကျ်ား ကိုယ်စသည်ကို စောင့်စည်းမှု ကင်းဝေးသူတို့သည် ယုတ်ညံ့သော သဘောရှိကုန်၏ဟု သိလေလော့၊ လောဘသည်၎င်း ဒေါသသည်၎င်း သင့်ကို ကြာမြင့်စွာ ဆင်းရဲစေရန် မပြုလုပ်ပါစေလင့်။

## ၈-တိဿဒဟရဝတ္ထု

၂၄၉။ လူအပေါင်းသည် တစုံတယောက်အား ယုံကြည်သည့်အလျောက် ကြည်ညိုသည့်အလျောက် ပေးကမ်းလှူဒါန်း၏၊ စားဖွယ် သောက်ဖွယ်စသည်ကို သူတပါးတို့ပေးလှူရာ၌ မျက်နှာမသာသူသည် နေ့အခါ၌၎င်း ညဉ့်အခါ၌၎င်း စိတ်၏တည်ကြည်မှုကို မရ။

၂၅၀။ အကြင်သူသည် ဤမျက်နှာမသာမှု သဘောကို အကြွင်းမဲ့ဖြတ်၏၊ အမြစ်ပြတ်ပယ်နုတ်ပြီး ဖြစ်၏၊ထိုသူသည် နေ့အခါ၌၎င်း ညဉ့်အခါ၌၎င်း စိတ်၏ တည်ကြည်မှုကို ကေန်ရ၏။

http://www.dhammadownload.com



## ၉-ပဉ္စဥပါသကဝတ္ထု

၂၅၁။ ရာဂနှင့်တူသော မီးသည် မရှိ၊ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည် မရှိ၊ မောဟနှင့်တူသောပိုက်ကွန်သည် မရှိ၊ တဏှာနှင့်တူသော မြစ်သည် မရှိ။

## ၁၀-မေဏ္ဍကသေဋ္ဌိဝတ္ထု

၂၅၂။ သူတပါးတို့၏အပြစ်ကို မြင်လွယ်၏၊ မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကို လွင့်သကဲ့သို့ သူတပါးတို့၏အပြစ်ကို လွင့်၏၊ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို (သစ်ရွက်စသည်ဖြင့်)ဖုံးလွှမ်းသကဲ့သို့ မိမိ၏ အပြစ်ကိုမူကား ဖုံးလွှမ်း၏။

## ၁၁-ဥဇ္ဈာနသညိတ္ထေရဝတ္ထု

၂၅၃။ သူတပါး၏ အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့တတ်သူအား အာသဝေါတရားတို့သည် တိုးပွါးကုန်၏၊ ထိုသူသည် အာသဝေါကုန်ခြင်းမှ ဝေးကွာ၏။

## ၁၂-သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု

၂၅၄။ ကောင်းကင်၌ ခြေရာမရှိ၊ သာသနာ့ပြင်ပ၌ မဂ်ရဖိုလ်ရ ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော (တဏှာမာနဒိဋ္ဌိ)တရား၌ မွေ့လျော်ကုန်၏၊ ဘုရားရှင်တို့သည် သံသရာ ချဲ့ထွင်တတ်သော တရားမှ ကင်းကုန်၏။

၂၅၅။ ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မဂ်ရ ဖိုလ်ရ ရဟန်းမရှိ၊ မြဲကုန်သော သင်္ခါရတရားတို့သည် မရှိကုန်။ ဘုရားရှင်တို့အား တုန်လှုပ်ခြင်း မရှိ။

တဆယ့်ရှစ်ခုမြောက် မလဝဂ် ပြီး၏။

---

## ၁၉-ဓမ္မဋ္ဌဝဂ် ၁-ဝိနိစ္ဆယမဟာမတ္တဝတ္ထု

၂၅၆။ ဆုံးဖြတ်အပ်သော (အမှု)သဘောကို နိုင်ထက်စီးနင်း ဆုံးဖြတ်ခြင်းကြောင့် တရား၌ တည်သူ တရားသူကြီးမဟုတ်၊ ပညာရှိသည် ဟုတ်မှန်သောအကြောင်း မဟုတ်မမှန်သော အကြောင်းနှစ်ပါးစုံကို (စုံစမ်းမေးမြန်း၍)ဆုံးဖြတ်ရာ၏။

၂၅၇။ မချွတ်မယွင်း တရားနှင့် အညီ သူတပါးတို့ကို နိုင်ခြင်း ရှုံးခြင်းသို့ ရောက်စေသော ပညာရှိကို တရားစောင့်သော တရား၌ တည်သူ တရားသူကြီးဟု ဆိုအပ်၏။

## ၂-ဆဗ္ဗဂ္ဂိယဝတ္ထု

၂၅၈။ စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



## ၃-ကေဒါနခီကဿဝဝတ္ထု

၂၅၉။ စကားများစွာ ပြောကာမျှဖြင့် တရားကို ဆောင်သူမမည်၊ **အကြင်သူသည်** အနည်းငယ်သော တရားစကားကို ကြားရရုံမျှဖြင့်လည်း သစ္စာလေးပါးတရားကို **မဂ်ဉာဏ်ဖြင့်မြင်၏၊** ထိုသစ္စာလေးပါးတရား၌ မမေ့မလျော့သူသည်သာ စင်စစ် တရားဆောင်သူ **မည်၏။**

## ၄-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

၂၆၀။ ထိုရဟန်း၏ ဦးခေါင်းသည် ဖွေးဖွေးဖြူ၏၊ ထိုဦးခေါင်းဖွေးဖွေးဖြူကာမျှဖြင့် ထို **ရဟန်းသည်** မထေရ်မမည်၊ ထိုရဟန်း၏ အရွယ်ရင့်အိုမှုကို အကျိုးမဲ့ ရင့်အိုမှုဟု ဆိုအပ်၏။

၂၆၁။ အကြင်ပုဂ္ဂိုလ်၌ သစ္စာလည်းရှိ၏၊ တရားလည်းရှိ၏၊ ညှဉ်းဆဲမှုမရှိ၊ သီလစောင့်ခြင်း ရှိ၏ (ဣန္ဒြေကိုလည်း)ဆုံးမ၏၊ ကိလေသာ ပျို့အန်ပြီးသော ထိုပညာရှိပုဂ္ဂိုလ်ကိုသာ **မထေရ် ဟု ဆိုအပ်၏။**

## ၅-သမ္ဗဟုလဘိက္ခုဝတ္ထု

၂၆၂။ ငြူစူတတ်သော ဝန်တိုသော စဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် ကောင်းသောစကားကို ပြောတတ်ကာမျှဖြင့်ရင်း ရုပ်အဆင်းလှပကာမျှဖြင့်ရင်း ကောင်းသော သဘောရှိသည်မမည်။

၂၆၃။ အကြင်သူသည် ငြူစူခြင်း ဝန်တိုခြင်း စဉ်းလဲခြင်း ဟူသော ထိုသဘောကိုအကြွင်းမဲ့ ဖြတ်၏၊ အမြစ်ဖြတ်ပယ်နုတ်ပြီးဖြစ်၏၊ ကိလေသာအမြစ်ကို ထွေးအန်ပြီးသော ထိုပညာရှိကို ကောင်းသောသဘောရှိသူဟု ဆိုအပ်၏။

## ၆-ဟတ္ထကဝတ္ထု

၂၆၄။ ဦးပြည်း ခေါင်းတုံးကာမျှဖြင့် ရဟန်းမည်သည် မဖြစ်၊ သီလ အကျင့် ဓုတင်အကျင့် လည်း မရှိသော ချွတ်ယွင်းသော စကားကိုလည်း ပြောတတ်သော လိုချင်မက်မောမှုနှင့် ပြည့်စုံသော သူသည် အဘယ်မှာ ရဟန်းဟုတ်နိုင်ပါအံ့နည်း။

၂၆၅။ အကြင်ပုဂ္ဂိုလ်သည် အသေးအကြီးဖြစ်သော **မကောင်းမှုဒုစရိုက်ကို** အချင်းခပ်သိမ်း ငြိမ်းစေ၏၊ ထိုပုဂ္ဂိုလ်ကို မကောင်းမှု အလုံးစုံကို ငြိမ်းစေတတ်သောကြောင့် ရဟန်းဟူ၍ ဆိုအပ်၏။

## ၇-အညတရဗြာဟ္မဏဝတ္ထု

၂၆၆-၂၆၆။ သူတပါးတို့ထံ တောင်းစားကာမျှဖြင့် ရဟန်းမည်သည် မဖြစ်၊ တရားနှင့် မညီညွတ်သော အကျင့်ကိုယူ၍ ကျင့်ကာမျှဖြင့် ရဟန်းမည်သည် မဖြစ်။

၂၆၇။ ဤသာသနာတော်၌ အကြင်သူသည် မြတ်သောအကျင့်ရှိသည်ဖြစ်၍ **ကောင်းမှု** မကောင်းမှုကို ပယ်နုတ်လျက် ခန္ဓာငါးပါးဟူသော လောကကို ဉာဏ်ဖြင့် ဆင်ခြင်၍ ကျင့်၏၊ ထိုသူကို ရဟန်းဟု ဆိုအပ်၏။

http://www.dhammadownload.com



## ၈-တိတ္ထိယဝတ္ထု

၂၆၈-၂၆၉။ အသိပညာ မရှိပါပဲ တွေဝေသော သဘောရှိသော သူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိ မမည်၊ အကြင်ပညာရှိသည် ချိန်ခွင်ကို ကိုင်၍ ချိန်စက်သကဲ့သို့ ကောင်းမှုတည်းဟူသော အမြတ်တရားကို ယူ၍ မကောင်းမှု အကုသိုလ်တရားတို့ကို ကြဉ်ရှောင်၏၊ ထို့ကြောင့် ထိုပညာရှိသည် မုနိ မည်၏၊ အကြင်သူသည် အဇ္ဈတ္တ ဗဟိဒ္ဓခန္ဓာနှစ်ပါးတို့ကို သိ၏၊ ထိုသူသည်လည်း မုနိ မည်၏၊ ထိုအကြောင်းနှစ်ပါးကြောင့် မုနိဟု ဆိုအပ်၏။

## ၉-ဗာဠိသိကဝတ္ထု

၂၇၀။ အကြင့်ကြောင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲခြင်းကြောင့် အရိယာမဖြစ်၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းကြောင့် အရိယာ ဟူ၍ ဆိုအပ်၏။

## ၁၀-သမ္ဗဟုလ သီလာဒိသမ္ပန္နဘိက္ခုဝတ္ထု

၂၇၁-၂၇၂။ သီလ အကျင့် ရှိကာမျှဖြင့်ငှင်း အကြားအမြင်များကာမျှဖြင့်ငှင်း တည်ကြည်မှု သမာဓိရကာမျှဖြင့်ငှင်း ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်ငှင်း ရဟန်းသည် အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိဖိုလ်ချမ်းသာကို ရပေ၏ဟူ၍ သက်သာရာ (ရပ်နားခြင်း)သို့ မရောက်ပါစေလင့်။

တဆယ့်ကိုးခုမြောက် ဓမ္မဋ္ဌဝဂ် ပြီး၏။

---

## ၂၀-မဂ္ဂဝဂ် ၁-ပဉ္စသတဘိက္ခုဝတ္ထု

၂၇၃။ လမ်းခရီးအားလုံးတွင် အင်္ဂါရှစ်ပါးရှိသော လမ်း'မဂ်'ခရီးသည် အမြတ်ဆုံးဖြစ်၏၊ သစ္စာအားလုံးတို့တွင် အရိယသစ္စာလေးပါးသည် အမြတ်ဆုံး ဖြစ်၏၊ သဘောတရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏၊အခြေနှစ်ချောင်းရှိ သတ္တဝါအားလုံးတို့တွင် မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။

၂၇၄။ ဤအင်္ဂါရှစ်ပါးရှိသော လမ်းခရီး 'မဂ်'သည်သာလျှင် ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက် ခရီးမှန်ဖြစ်၏၊ ဤမဂ်လမ်းခရီးမှ တပါးသော ခရီးသည် မရှိတော့ပြီ၊ ထို့ကြောင့် သင်တို့သည် ဤခရီးမှန်ကိုသာ သွားကြကုန်လော့၊ ဤခရီးမှန်သည် မာရ်မင်း မမြင်နိုင်သော လမ်းခရီးတည်း။

၂၇၅။ သင်တို့သည် ဤမဂ်ဟူသော လမ်းမှန်ကို သွားကြကုန်သည်ရှိသော် ဆင်းရဲအဆုံးကို ပြုရကုန်လတ္တံ့၊ ငါသည် ရာဂစသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်ဟူသော လမ်းမှန်ကို ညွှန်ကြားအပ်ပြီ။

http://www.dhammadownload.com



၂၇၆။ သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် (လမ်းမှန်ကို) ညွှန်ကြားရုံမျှ ဖြစ်ကုန်၏၊ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

## ၂-အနိစ္စလက္ခဏာဝတ္ထု

၂၇၇။ အကြင်အခါ "(ရုပ်နာမ်ဓမ္မ) သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏၊ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏၊ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ၃-ဒုက္ခလက္ခဏာဝတ္ထု

၂၇၈။ အကြင်အခါ "(ရုပ်နာမ်ဓမ္မ)သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေ သာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ၄-အနတ္တလက္ခဏာဝတ္ထု

၂၇၉။ အကြင်အခါ "သဘာဝတရား အားလုံးတို့သည် အတ္တမဟုတ်ကုန်"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ၅-ပဓာနကမ္မိကတိဿတ္ထေရဝတ္ထု

၂၈၀။ ပျို့မြစ်နုထွား ခွန်အားနှင့် ပြည့်စုံပါသော်လည်း ထကြွသင့်သောအခါ၌ ထကြွမှု လုံ့လမရှိ၍ ပျင်းရိထိုင်းမှိုင်းလျက် စိတ်အကြံ 'ဝိတက်' မျှား၍ ထိုပျင်းရိသူသည် ပညာဖြင့်သာ ရယူနိုင်သော အရိယမဂ်ကို မရနိုင်။

## ၆-သူကရပေတဝတ္ထု

၂၈၁။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းအားဖြင့် နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏၊ စိတ်ဖြင့် မနောဒုစရိုက်ကို ကောင်းစွာ စောင့်စည်းရာ၏၊ ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ၊ ထိုကမ္မပထတရား သုံးပါးတို့ကို သုတ်သင်ပြီးလျှင် မြတ်စွာဘုရားဟောကြားအပ်သော မဂ်ကို ပြီးစေရာ၏။

## ၇-ပေါဋ္ဌိလတ္ထေရဝတ္ထု

၂၈၂။ ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှု လုံ့လကြောင့် ပညာဖြစ်ပွါး၏၊ အားထုတ်မှု လုံ့လ မရှိခြင်းကြောင့် ပညာကုန်ခန်း၏၊ ပညာဖြစ်ပွါးခြင်း ပညာဆုတ်ယုတ်ခြင်း၏ ဤနှစ်မျိုးလမ်း နှစ်သွယ်ကို သိ၍ အကြင်လမ်းဖြင့် ပညာတိုးပွါး၏၊ ထိုလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။

http://www.dhammadownload.com



## ၈ သမ္မဟုလမဟလ္လကဘိက္ခုဝတ္ထု

၂၈၃။ ရဟန်းတို့ တဏှာတည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်လော့၊ (ပြကတေ့) သစ်ပင်ကို မခုတ်ဖြတ်ကုန်လင့်၊ (တဏှာဟူသော)တောကြောင့် (ဇာတိစသော) ဘေးဖြစ်၏၊ တဏှာဟူသော တောကြီး တောငယ်ကို ခုတ်ဖြတ်၍ တဏှာဟူသော တောမှ ထွက်မြောက်ကြကုန်လော့။

၂၈၄။ နို့မကွာသေးသော နွားငယ်သည် အမိ(နွားမ)သို့ ကပ်သကဲ့သို့ ယောကျ်ားအား မိန်းမတို့၌ အနည်းငယ်မျှသော ကိလေသာတော မပြတ်သေးသမျှ ထိုယောကျ်ားသည် ကပ်ငြိသောစိတ်ရှိသည်ဖြစ်၍သာလျှင် သံသရာသို့ ကပ်ရောက်၏။

## ၉-သုဝဏ္ဏကာရတ္ထေရဝတ္ထု

၂၈၅။ တန်ဆောင်မုန်းလရာသီ၌ (လရောင်ကြောင့်)ပွင့်သော ကုမုဒြာကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းတဏှာကို ဖြတ်လော့၊ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို ဟောတော်မူအပ်၏၊ နိဗ္ဗာန်သို့ရောက်ကြောင်း အဋ္ဌင်္ဂိကမဂ်တရားကိုသာလျှင် ပွါးများလေလော့။

## ၁၀-မဟာဓနဝါဏိဇဝတ္ထု

၂၈၆။ ဤအရပ်၌မိုးအခါပတ်လုံး ငါနေမည်၊ ဤအရပ်၌ ဆောင်းအခါ နွေအခါတို့ပတ်လုံး ငါနေမည်ဟု လူမိုက်သည် အထူးထူးအထွေထွေ ကြံစည်၏၊ (ဘယ်အခါ ဘယ်အရပ်မှာ ငါ သေမည်ဟု မိမိ၏)အသက်အန္တရာယ်ကိုမူကား မသိရှာလေ။

## ၁၁-ကိသာဂေါတမီဝတ္ထု

၂၈၇။ သားသမီး ကျွဲနွားဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက် ကာမဂုဏ်တို့၌ မရသေးသည်ကို တောင့်တ ရပြီးသည်ကို တွယ်တာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသကဲ့သို့ သေမင်းသည် သိမ်းယူသွား၏။

## ၁၂-ပဋာစာရာဝတ္ထု

၂၈၈။ သေမင်းနှိပ်စက်ခံရသူအား (သေမင်းမှ) စောင့်ရှောက်ရန်အတွက် သားသမီးတို့ မရှိကုန်၊ အမိအဖတို့လည်း မရှိကုန်၊ အဆွေခင်ပွန်းတို့လည်း မရှိကုန်၊ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူလည်း မရှိ။

၂၈၉။ ဤအကြောင်းထူးကိုသိ၍ ပညာရှိသည် သီလကို စောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်း အဋ္ဌင်္ဂိက မဂ်ကို လျင်စွာသာလျှင် သုတ်သင်ရာ၏။

နှစ်ဆယ်ခုမြောက် မဂ္ဂဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂၁-ပကိဏ္ဏကဝဂ် ၁-အတ္တနောပုဗ္ဗကမ္မဝတ္ထု

၂၉၀။ အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို ရလိမ့်မည်ဟု မြင်ခဲ့မူ ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို မြင်သောပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရာ၏။

## ၂-ကုက္ကုဋဏ္ဍခါဒိကာဝတ္ထု

၂၉၁။ သူတပါးအား ဆင်းရဲကိုဖြစ်စေလျက် မိမိ၏ချမ်းသာကို အလိုရှိသူသည် ရန် ရန်ချင်း ရောနှောသောအားဖြင့် ရောနှောသည် ဖြစ်ရကား ရန်မှ မလွတ်နိုင်။

## ၃-ဘဒ္ဒိယဘိက္ခုနံဝတ္ထု

၂၉၂။ ပြုသင့်ပြုထိုက်သော အမှုကို (မပြုလုပ်ပဲ) စွန့်ပစ်၍ မပြုသင့် မပြုထိုက်သောအမှုကိုမူကား ပြုလုပ်ကာ မာနထောင်လွှားလျက် မေ့လျော့သူတို့အား အာသဝေါတရားတို့ တိုးပွါးကုန်၏။

၂၉၃။ အကြင်သူတို့ကား ကာယဂတာသတိကို အမြဲကောင်းစွာ အားထုတ်ကြကုန်၏၊ ထိုသူတို့သည် မပြုသင့် မပြုထိုက်သော အမှုကိုမပြု မမှီဝဲကုန်၊ ပြုသင့်ပြုထိုက်သော အမှု၌ မပြတ် ပြုလုပ်ကြကုန်၏၊ သတိရှိသူ ကောင်းစွာ အပြားအားဖြင့် သိမှု သမ္ပဇဉ်ဉာဏ်ရှိသူတို့အား အာသဝေါတရားတို့ ချုပ်ခြင်းသို့ ရောက်ကုန်၏။

## ၄-လကုဏ္ဍကဘဒ္ဒိယဝတ္ထု

၂၉၄။ ရဟန္တာပုဂ္ဂိုလ်သည် (တဏှာတည်းဟူသော) အမိကိုဂုင်း (မာနတည်းဟူသော) အဖကိုဂုင်း သတ်ပြီးလျှင် (သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိတည်းဟူသော) ရေမြေအရှင် ဘုရင်မင်းမြတ်နှစ်ပါးတို့ကိုဂုင်း နန္ဒီရာဂတည်းဟူသော အခွန်သိမ်းအမတ်နှင့် တကွ (အာယတနတဆယ့်နှစ်ပါးတည်းဟူသော) တိုင်းပြည်ကိုဂုင်း သတ်ခြင်းကြောင့် ဆင်းရဲကင်းလျက် သွားရ၏။

၂၉၅။ ရဟန္တာပုဂ္ဂိုလ်သည် (တဏှာတည်းဟူသော) အမိကိုဂုင်း (မာနတည်းဟူသော) အဖကိုဂုင်း သတ်ပြီးလျှင် (သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိတည်းဟူသော) မင်းပုဏ္ဏားနှစ်ပါးတို့ကိုဂုင်း သတ်သောကြောင့် ကျားရဲရှိသော ခရီးနှင့်တူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက် (နီဝရဏ) အတားအဆီးကို ပယ်ဖျက်ကာ ဆင်းရဲကင်းလျက် သွားရ၏။

## ၅-ဒါရုသကဋိကပုတ္တဝတ္ထု

၂၉၆။ နေ့ရော ညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမ မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

http://www.dhammadownload.com



၂၉၇။ နေ့ရော ညဉ့်ပါ အမြဲမပြတ် တရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမ မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရ ကုန်၏။

၂၉၈။ နေ့ရော ညဉ့်ပါ အမြဲမပြတ် သံဃာဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမ မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရ ကုန်၏။

၂၉၉။ နေ့ရော ညဉ့်ပါ အမြဲမပြတ် သုံးဆယ့်နှစ်ကောဋ္ဌာသကို အာရုံပြု၍ ဖြစ်သော သတိ ရှိသူ ဂေါတမမြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၃၀၀။ နေ့ရောညဉ့်ပါ မညှဉ်းဆဲမှု ကရုဏာဘာဝနာ၌ မွေ့လျော်စိတ်ရှိသူ ဂေါတမမြတ်စွာ ဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၃၀၁။ နေ့ရော ညဉ့်ပါ မေတ္တာဘာဝနာ၌ မွေ့လျော်စိတ်ရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

## ၆-ဝဇ္ဇီပုတ္တကဘိက္ခုဝတ္ထု

၃၀၂။ စည်းစိမ်ဥစ္စာကို စွန့်လွှတ်၍ ရဟန်းပြုနိုင်ခဲ၏၊ သူတော်အကျင့်၌ မွေ့လျော်နိုင်ခဲ၏၊ အိမ်၌ မပြည့်မစုံနေရခြင်းသည် ဆင်းရဲ၏၊ သဘောမတူသူတို့နှင့် နေရခြင်းသည် ဆင်းရဲ၏၊ သံသရာခရီး သွားရခြင်းသည် ဆင်းရဲသို့ ကျတတ်၏၊ ထို့ကြောင့် သံသရာခရီးသွား မဖြစ်ရာ၊ ဆင်းရဲသို့ ကျရောက်သူ မဖြစ်ရာ။

## ၇-စိတ္တဂဟပတိဝတ္ထု

၃၀၃။ သဒ္ဓါတရားလည်းရှိ သီလနှင့်လည်းပြည့်စုံ အခြံအရံ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသူ သည် ရောက်လေရာရာ အရပ်တို့၌ အပူဇော်ခံရ၏။

## ၈-စူဠသုဘဒ္ဒါဝတ္ထု

၃၀၄။ ဟိမဝန္တာတောင်သည် အဝေး၌တည်သော်လည်း ထင်ရှားသကဲ့သို့ သူတော်ကောင်း တို့သည် အဝေး၌ပင်နေသော်လည်း ထင်ရှားကုန်၏၊ ညဉ့်အခါ ပစ်လိုက်သည့် မြားတို့သည် မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် အနီး၌ရှိနေကြကုန်သော်လည်း မထင်ရှားကုန်။

## ၉-ကေဝိဟာရိတ္ထေရဝတ္ထု

၃၀၅။ မပျင်းမရိမှု၍ တယောက်တည်းနေ တယောက်တည်းအိပ် တယောက်တည်းလှည့် လည်သွားလာလျက် မိမိကိုယ်ကို ဆုံးမပြီးလျှင် တယောက်တည်း တောင်၌ မွေ့လျော်ရာ၏။

**နှစ်ဆယ့်တခုမြောက် ပကိဏ္ဏကဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၂၂-နိရယဝဂ် ၁-သုန္ဒရီပရိဗ္ဗာဇိကာဝတ္ထု

၃၀၆။ မဟုတ်မမှန် ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏၊ (မိမိ)ပြုလုပ်လျက် မပြုမလုပ်ဟု ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏၊ထိုသူနှစ်ယောက်တို့သည်လည်း ယုတ်သောအမှု ရှိကုန်သည်ဖြစ်၍ နောင်တမလွန်ဘဝ၌ (ငရဲခံရခြင်း)တူကုန်၏။

## ၂-ဒုစ္စရိတဖလပီဠိတဝတ္ထု

၃၀၇။ ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ (ကိုယ်နှုတ်နှလုံးကို)မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။

## ၃-ဝဂ္ဂုမုဒါတီရိယဘိက္ခုဝတ္ထု

၃၀၈။ သီလလည်းမရှိ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းပဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သော သံတွေခဲကို စားရခြင်းက သာ၍ ကောင်းမြတ်သေး၏။

## ၄-ခေမကသေဋ္ဌိပုတ္တဝတ္ထု

၃၀၉။ (တရားလမ်းမှန်ကို)သတိမထားပဲ သူတပါးမယားကို မှီဝဲသူသည် အကုသိုလ်ရခြင်း အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း သူတပါးတို့ အကဲ့ရဲ့ခံရခြင်း ငရဲခံရခြင်း ဤလေးပါးသော ဆင်းရဲခြင်း၏ အကြောင်းတို့သို့ ရောက်ရ၏။

၃၁၀။ မကောင်းမှုကိုလည်း ရ၏၊ ယုတ်သော လားရာ 'ဂတိ'လည်း ရှိ၏၊ ကြောက်၍ ထိတ်လန့်သော ယောကျ်ား၏ ကြောက်၍ထိတ်လန့်သော မိန်းမနှင့် မွေ့လျော်ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏၊ မင်းသည်လည်း ကြီးလေးသော အပြစ်ဒဏ်ကိုလည်း ပေး၏၊ ထို့ကြောင့် ယောကျ်ားသည် သူတပါးမယားကို မမှီဝဲရာ။

## ၅-ဒုဗ္ဗစဘိက္ခုဝတ္ထု

၃၁၁။ မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် (ကိုင်သော) လက်ကိုသာလျှင် ခွဲရှသကဲ့သို့ မကောင်းသဖြင့် ကျင့်သုံးအပ်သော ရဟန်းအဖြစ်သည် (ထိုရဟန်းကိုပင်)ငရဲသို့ ဆွဲချ၏။

၃၁၂။ ရှော့ရဲစွာ ပြုအပ်သော အမှုကိစ္စ တစုံတခုသည်၎င်း ညစ်နွမ်းသောအကျင့်သည်၎င်း ယုံမှားတွေးတောဖွယ်ဖြစ်သော ရဟန်းအကျင့်သည်၎င်း အကျိုးမကြီးချေ။

၃၁၃။ အမှုကိစ္စကို ပြုထိုက်ခဲ့မူ ထိုအမှုကိစ္စကို (တကျစွာ)ပြုလုပ်ရာ၏၊ ထိုအမှုကိစ္စကို မြဲမြံစွာ အားထုတ်ရာ၏၊ ရှော့ရဲစွာ ပြုအပ်သော ရဟန်းအဖြစ်သည် ကိလေသာမြူကို ထပ်လောင်း ကြဲဖြန့်တတ်၏။

http://www.dhammadownload.com



## ၆-ဣဿာပကတတ္ထိဝတ္ထု

၃၁၄။ မကောင်းမှုကို မပြုခြင်းသည် မြတ်၏၊မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏၊ ကောင်းမှုကို ပြုခြင်းသည်ကား မြတ်၏၊ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တတဖန် မပူပန်ရ။

## ၇-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၁၅။ တိုင်းပြည်အစွန်ဖြစ်သော မြို့ကို အတွင်းအပြင်နှင့် တကွ လုံခြုံစေသကဲ့သို့ ထို့အတူ မိမိကိုယ်ကို (အတွင်းအပြင်လုံခြုံအောင်)စောင့်ရှောက်ကုန်လော့၊ သင်တို့ကို (ဘုရားပွင့်ခြင်း စသော) အခွင့်အခါကောင်းသည် မလွန်ပါစေလင့်၊ အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ကြရကုန်၏။

## ၈-နိဂဏ္ဌဝတ္ထု

၃၁၆။ ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၍ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၇။ ကြောက်ဖွယ်မဟုတ်သည်၌ ကြောက်ဖွယ်ဟု ရှုလေ့ရှိကြကုန်၍ ကြောက်ဖွယ်ဟုတ်သည်၌ ကြောက်ဖွယ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

## ၉-တိတ္ထိယသာဝကဝတ္ထု

၃၁၈။ အပြစ်မဟုတ်သည်၌ အပြစ်ဟု အယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသောအယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၉။ အပြစ်ကို အပြစ်ဟု အပြစ် မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသောအယူရှိကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏။

နှစ်ဆယ့်နှစ်ခု မြောက် နိရယဝဂ် ပြီး၏။

---

## ၂၃-နာဂဝဂ် ၁-အတ္တဒန္တဝတ္ထု

၃၂၀။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေး၌ (မိမိအပေါ်သို့) ကျရောက်လာသော မြားကို မတုန်မလှုပ် ခံသကဲ့သို့ ငါဘုရားသည် လွန်ကျူးစော်ကားသော စကားကို သည်းခံအံ့၊ (လောကီဘုံသား)လူအများသည် သီလမရှိသည်သာတည်း။

၃၂၁။ ယဉ်ကျေးပြီးသော ဆင် မြင်းစသည်ကိုသာ လူစုလူဝေးရှိရာ ပွဲသဘင်သို့ ဆောင်ကုန်၏၊ယဉ်ကျေးပြီးသော ဆင် မြင်း စသည်ကိုသာ မင်းသည် စီး၏၊ လွန်ကျူးစော်ကားသော စကားကို သည်းခံနိုင်သောသူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံး ဖြစ်၏။

http://www.dhammadownload.com



၃၂၂။ အဿတိုရ်မြင်းတို့သည်၎င်း အာဇာနည်မြင်းတို့သည်၎င်း သိန္ဓောမြင်းတို့သည်၎င်း ကုဉ္ဇရမည်သော ဆင်ပြောင်ကြီးတို့သည်၎င်း ယဉ်ကျေးကုန်မှသာလျှင် မြတ်ကုန်၏၊ ကိုယ် စိတ် နှစ်ပါးကို ဆုံးမယဉ်ကျေးပြီးသူသည် ထိုမြင်းကောင်း ဆင်ကောင်းတို့ထက် လွန်မြတ်၏။

## ၂-ဟတ္ထာစရိယပုဗ္ဗကဘိက္ခုဝတ္ထု

၃၂၃။ ဤပြကတေ့သော ဆင်ယဉ် မြင်းယဉ်တို့ဖြင့် မရောက်ဘူးသေးသော နိဗ္ဗာန်အရပ်သို့ မရောက်နိုင်သည်သာတည်း၊ (ဝိပဿနာအခိုက်) စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမသဖြင့်၎င်း (မဂ်အခိုက်)မိမိစိတ်ကို ကောင်းစွာဆုံးမသဖြင့်၎င်း ယဉ်ကျေးပြီး ဖြစ်သူသည်သာ မရောက်ဘူး သေးသော နိဗ္ဗာန်အရပ်သို့ မုချရောက်နိုင်၏။

## ၃-ပရိဇိဏ္ဏဗြာဟ္မဏပုတ္တာဝတ္ထု

၃၂၄။ ပြင်းထန်စွာ အမုန်ယစ်၍ နှိပ်နင်းရန် ခဲယဉ်းသော ဓနပါလမည်သော ဆင်သည် အဖွဲ့အချည်ခံရသဖြင့် အစာအစာကို မစားနိုင်၊ ဆင်သည် (မိမိနေရာ)ဆင်တော၌သာ မွေ လျော်ပျော်ပိုက်၏။

## ၄-ပသေနဒီကောသလဝတ္ထု

၃၂၅။ ငိုက်မျည်းလျက် မျောက်မျည်းအိပ်ကာ အစားကြီးလျက် ကျွေးမွေးထားသော ဝက်ကြီးကဲ့သို့ တလူးလူး တလည်းလည်း အိပ်လေ့ရှိသည့် ပညာနည်းသူသည်(အနိစ္စ အစရှိသော လက္ခဏာတို့ကို မဆင်ခြင်နိုင်သောကြောင့်) အဖန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေနေရ၏။

## ၅-သာနုသာမဏေရဝတ္ထု

၃၂၆။ ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိတိုင်း ကောင်းနိုး ရာရာ လှည့်လည်ကျက်စားခဲ့လေပြီ၊ ချွန်းကိုင်သော ဆင်ထိန်းသည် အမုန်ယစ်သော ဆင်ကို နှိပ်ဘိသကဲ့သို့ ငါသည် ယခု ထိုစိတ်ကို အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် နှိပ်ပေအံ့။

## ၆-ပါဝေယျကဟတ္ထိဝတ္ထု

၃၂၇။ မမေ့မလျော့သော အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့် ရှောက်ကြကုန်လော့၊ ညွန်၌ ကျံနစ်သော ဆင်သည် မိမိကိုယ်ကို ညွန်ပျောင်းမှ ထုတ်သကဲ့သို့ သင်တို့သည် ကိလေသာညွန်ပျောင်းမှ မိမိကိုယ်ကို ထုတ်နုတ်ကြကုန်လော့။

## ၇-သမ္ဗဟုလ ဘိက္ခုဝတ္ထု

၃၂၈။ ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ရှိသော တည်ကြည်သော အတူ ကျင့်ဖော် (ပညာရှိ)အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့်အတူ တကွ ဘေးရန်အားလုံး တို့ကို နှိပ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။

http://www.dhammadownload.com



၃၂၉။ ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ရှိသော တည်ကြည်သော အတူကျင့်ဖော် (ပညာရှိ)အဆွေခင်ပွန်းကို အကယ်၍ မရခဲ့မူ မင်းသည် နိုင်ပြီးသော တိုင်းပြည်ကို စွန့်၍ ထွက်သကဲ့သို့ရင်း မာတင်္ဂ ဆင်မင်းသည် တောဝ၌ တကောင်တည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်း ကျင့်ရာ၏။

၃၃၀။ တယောက်တည်း ကျင့်ခြင်းသည် မြတ်၏၊ လူမိုက်၌ အဆွေခင်ပွန်းအဖြစ်မျိုးသည် မရှိ၊ မာတင်္ဂဆင်မင်းသည် တောဝ၌ တကောင်တည်း ကြောင့်ကြမဲ့ လှည့်လည်သကဲ့သို့ တယောက်တည်း ကြောင့်ကြမဲ့ ကျင့်ရာ၏၊ မကောင်းမှုတို့ကို မပြုရာ။

## ၈-မာရဝတ္ထု

၃၃၁။ အဆွေခင်ပွန်း ရှိခြင်းသည် အရေးကိစ္စ ပေါ်ပေါက်လာသောအခါ ချမ်းသာ၏၊ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ ကုသိုလ်ကောင်းမှု ရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏၊ ဆင်းရဲအလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

၃၃၂။ လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏၊ ထို့ပြင် အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏၊ လောက၌ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏၊ ထို့ပြင် မကောင်းမှုမှ အပပြုပြီးသူ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

၃၃၃။ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏၊ ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နှစ်ဆယ့်သုံးခုမြောက် နာဂဝဂ် ပြီး၏။

---

## ၂၄-တဏှာဝဂ် ၁-ကပိလမစ္ဆဝတ္ထု

၃၃၄။ မေ့မေ့လျော့လျော့ ကျင့်သော သတ္တဝါအား မာလော (ပေါက်) နွယ်ကဲ့သို့ တဏှာ တိုးပွါး၏၊ သစ်သီးကို အလိုရှိသော မျောက်သည် တောတွင်း၌ တပင်မှ တပင် ခုန်လွှား ကူးသန်းသကဲ့သို့ ထိုတဏှာတိုးပွါးသူသည် တဘဝမှ တဘဝသို့ ပြေးသွားရာ၏။

၃၃၅။ ပြိတ်မြက်သည် မိုးရွာသောအခါ ကြီးပွါးသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာညှဉ်းဆဲခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့သည် ကြီးပွါးကုန်၏။

၃၃၆။ ရေပေါက်သည် ကြာရွက်မှ လျောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာသော ထိုတဏှာကို ညှဉ်းဆဲနိုင်ခဲ့မူ ထိုပုဂ္ဂိုလ်သဏ္ဍာန်မှ စိုးရိမ်ကြောင့်ကြမှုတို့သည် လျောကျကုန်၏။

၃၃၇။ ထို့ကြောင့် ဤအရပ်၌ အညီအညွတ် စည်းဝေးလာကြကုန်သော သင်တို့အား ငါသည် ကောင်းသောစကားကို ဟောအံ့၊ပန်းရင်းခေါ် သော ပြိတ်မြက်၏ အမြစ်ကို အလိုရှိသူသည် ပြိတ်မြက်ပင်ကို တူးရသကဲ့သို့ (နိဗ္ဗာန်ကို အလိုရှိသူသည်)တဏှာ၏ 'အမြစ်အရင်းကို တူးပစ်ကြကုန်လော့၊ ရေအလျဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။

http://www.dhammadownload.com



## ၂-သုကရပေါတိကာဝတ္ထု

၃၃၈။ ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးပဲ 'မနုတ်ပဲ' ပင်စည်ကို ဖြတ်သော်လည်း သစ်ပင်သည် တဖန် ပေါက်ရောက်စည်ကား ပြန်သကဲ့သို့ ဤအတူ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးအပ်သေးသည်ရှိသော် ဤ(ပဋိသန္ဓေနေရခြင်း စသော) ဆင်းရဲသည် အဖန်ဖန် အထပ်ထပ် ဖြစ်ရ၏။

၃၃၉။ အကြင်ပုဂ္ဂိုလ်အား ပြင်းပြင်းထန်ထန် နှစ်သက်ဖွယ် အာရုံတို့သို့ စီးကုန်သော သုံးဆယ့်ခြောက်ပါးသော တဏှာရေအလျဉ်တို့သည် ရှိကုန်၏၊ မှားသောအယူရှိသော ထို သူကို ရာဂနှင့်စပ်သော အားကြီးသော အကြံအစည်တို့သည် ဆောင်ယူသွားကုန်၏။

၃၄၀။ တဏှာတည်းဟူသော ရေအလျဉ်တို့သည် အလုံးစုံသော အာရုံတို့၌ ယိုစီးကုန်၏၊ တဏှာတည်းဟူသော နွယ်သည် (ဒွါရခြောက်ပါး၌) ဖြစ်၍ (အာရုံခြောက်ပါး၌) တည်၏၊ ထိုပေါက်သောတဏှာတည်းဟူသော နွယ်ကိုမြင်၍ ထိုတဏှာနွယ်မြစ်ကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့။

၃၄၁။ သတ္တဝါတို့အား အောက်မေ့ခြင်း ချစ်ခြင်း ဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် သာယာနှစ်သက်ဖွယ်၌ မှီကုန်လျက် ကာမချမ်းသာကို ရှာမှီးကုန်သည် ဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မုချကပ်ရောက်ကြရကုန်၏။

၃၄၂။ တဏှာဖြင့် ဝန်းဝိုင်းခြံရံအပ်ကုန်သော သတ္တဝါတို့သည် (မုဆိုး)ကျော့ကွင်း၌ မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်နေကြရကုန်၏၊ (ကာမ ရာဂစသော)သံယောဇဉ် အစေးဖြင့် ကပ်ငြိကုန်သော သူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ကပ်ရောက်ကြရကုန်၏။

၃၄၃။ တဏှာဖြင့် ဝန်းဝိုင်း ခြံရံအပ်ကုန်သော သတ္တဝါတို့သည် (မုဆိုး)ကျော့ကွင်း၌ မိသောယုန်ကဲ့သို့ ကြောက်ရွံ့ထိတ်လန့်နေကြရကုန်၏၊ ထို့ကြောင့် မိမိ၏ ရာဂကင်းခြင်းကို တောင့်တသောသူသည် တဏှာကို ပယ်ဖျောက်ရာ၏။

## ၃-ဝိဗ္ဘန္တဘိက္ခုဝတ္ထု

၃၄၄။ အကြင်သူသည် လူ့အဖြစ်၌ နေခြင်းဟူသော တောကို စွန့်၍ အကျင့်တည်းဟူသော တောသို့ သက်ဝင်ခဲ့၏၊ အိမ်ရာထောင်မှု တဏှာတောမှ လွတ်ပြီးလျက် အိမ်ရာထောင်မှု တဏှာတောသို့ပင် ပြေးဝင်ပြန်၏၊ လာကြကုန်လော့၊ ထိုပုဂ္ဂိုလ်ကို ရှုကြကုန်လော့၊ အိမ်ရာထောင်မှု အနှောင်အဖွဲ့မှ လွတ်ပြီးလျက် အိမ်ရာထောင်မှု အနှောင်အဖွဲ့သို့သာလျှင် ပြေးဝင်၏။

## ၄-ဗန္ဓနာဂါရဝတ္ထု

၃၄၅-၃၄၆။ သံဖြင့် ပြုလုပ်သော(သံခြေကျဉ်း စသော)အနှောင်အဖွဲ့ သစ်သားဖြင့် လုပ်သော (ထိတ်တုံးစသော)အနှောင်အဖွဲ့ မြက်လျှော်တို့ဖြင့် လုပ်သော ကြိုးစသော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကြကုန်၊ ပတ္တမြား နားဒောင်း စသော

http://www.dhammadownload.com



ရတနာတို့၌၎င်း သားသမီး မယားတို့၌၎င်း အလွန်တပ်နှစ်သက်သော ငဲ့ကွက်မှု တဏှာ အနှောင်အဖွဲ့မျိုးကိုသာလျှင် ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်၏၊ပညာရှိတို့သည် (အပါယ်လေးပါးတည်းဟူသော) ယုတ်နိမ့်ရာသို့ ဆောင်တတ်သဖြင့် (ဖွဲ့မှုန်းမသိ ဖွဲ့သဖြင့်) လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်နိုင်ရန် ခဲယဉ်းသော ဤတဏှာတည်းဟူသော အနှောင်အဖွဲ့ကို ရှုန်းဖြတ်၍ မငဲ့ကွက်ပဲ ကာမချမ်းသာကို စွန့်လျက် တောထွက်ကြကုန်၏။

## ၅-ခေမာထေရီဝတ္ထု

၃၄၇။ ပင့်ကူသည် မိမိပြုသော ပိုက်ကွန်၌ အိပ်သကဲ့သို့ သတ္တဝါတို့သည် ပြင်းစွာ တပ်မက်ကုန်သည်ဖြစ်၍ မိမိတို့ပြုသော တဏှာအယဉ်သို့ ကျကုန်၏၊ ပညာရှိတို့ သည် ဤတဏှာကို ဖြတ်၍ မငဲ့ကွက်ပဲ ခပ်သိမ်းသောဆင်းရဲကို စွန့်လျက် သွားကုန်၏။

## ၆-ဥဂ္ဂသေနဝတ္ထု

၃၄၈။ လွန်လေပြီးသော ခန္ဓာ၌ တဏှာကို စွန့်လော့၊ နောင်ဖြစ်ပေါ်မည့် ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလုံးစုံ (ပစ္စုပ္ပန် အတိတ် အနာဂတ်) ခန္ဓာ၌ တဏှာမှ လွတ်သော စိတ်ရှိလျက် ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည် ဖြစ်၍ တဖန်အိုခြင်း နာခြင်းသို့ မကပ်လေလင့်။

## ၇-စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု

၃၄၉။ ကာမဝိတက် နှိပ်စက်အပ်သော ထက်သောရာဂရှိသော တင့်တယ်၏ဟု အဖန်ဖန် ရှုသော သတ္တဝါအား တဏှာသည် အလွန်တိုးပွါးလေ၏၊ ဤသူသည် မာရ်၏ အနှောင်အဖွဲ့ကို ခိုင်မြဲအောင် ပြု၏။

၃၅၀။ အကြင်ပုဂ္ဂိုလ်သည် မိစ္ဆာဝိတက်ငြိမ်းခြင်း၌သာ မွေ့လျော်၏၊ သတိရှိသည်ဖြစ်၍ အခါခပ်သိမ်း အသုဘအာရုံကို ပွါး၏၊ ဤပုဂ္ဂိုလ်သည် မာရ်၏ အနှောင်အဖွဲ့ကို ကင်းအောင် ပြု၏၊ မာရ်၏ အနှောင်အဖွဲ့ကို ဖြတ်၏။

## ၈-မာရဝတ္ထု

၃၅၁။ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီးသူသည် ထိတ်လန့်ခြင်း မရှိ၊ တဏှာကင်း၏၊ ကိလေသာကင်း၏၊ ဘဝသို့ ရောက်ကြောင်း ရာဂစသော ငြောင့်တံသင်းတို့ကို ဖြတ်ပြီးဖြစ်၏၊ ဤခန္ဓာကိုယ်သည် အဆုံးစွန် ဖြစ်၏။

၃၅၂။ တဏှာကင်းသော စွဲလမ်းခြင်းမရှိသော နိရုတ္တိပဋိသမ္ဘိဒါ၌ လိမ္မာသော အက္ခရာ တို့၏ အပေါင်းကိုလည်း သိသော ရှေ့နောက် အက္ခရာတို့ကိုလည်း သိသော အဆုံးစွန်ဖြစ်သော ကိုယ်ခန္ဓာရှိသော ထိုပုဂ္ဂိုလ်ကို စင်စစ် ကြီးသော ပညာရှိသူ ယောကျ်ားမြတ်ဟူ၍ ခေါ်ဆို အပ်၏။

## ၉-ဥပကာဇီဝကဝတ္ထု

၃၅၃။ ငါသည် အလုံးစုံ တရားတို့ကို နှိပ်နင်း၍ တည်၏၊ အလုံးစုံသော တရားသဘောကို သိ၏၊ အလုံးစုံသော သဘောတရားတို့၌ ကပ်ငြိတွယ်တာခြင်း မရှိ၊အလုံးစုံသော တေဘူမကa

http://www.dhammadownload.com



တရားကို စွန့်၏၊ တဏှာကုန်ခန်းရာ အရဟတ္တဖိုလ်၌ ကိလေသာမှ လွတ်၏၊ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ အဘယ်သူကို (ငါ့ဆရာဟု)ညွှန်းပြရအံ့နည်း။

## ၁၀-သက္ကပဥှဝတ္ထု

၃၅၄။ တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊ တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏၊ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံ ဆင်းရဲကို အောင်နိုင်၏။

## ၁၁-အပုတ္တကသေဋ္ဌိဝတ္ထု

၃၅၅။ စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏၊ (နိဗ္ဗာန်တည်းဟူသော)တဖက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်၊ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

## ၁၂-အင်္ကုရဝတ္ထု

၃၅၆။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို ရာဂသည် ဖျက်ဆီး၏၊ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၇။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို ဒေါသသည် ဖျက်ဆီး၏၊ ထို့ကြောင့် ဒေါသကင်းသောပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၈။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ဤသတ္တဝါအပေါင်းကို မောဟသည် ဖျက်ဆီး၏၊ ထို့ကြောင့် မောဟကင်းသောပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၉။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို အလိုရမက်သည် ဖျက်ဆီး၏၊ ထို့ကြောင့် အလိုရမက် ကင်းသောပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို တဏှာသည် ဖျက်ဆီး၏၊ ထို့ကြောင့် တဏှာကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။)[၁]

နှစ်ဆယ့်လေးခုမြောက် တဏှာဝဂ် ပြီး၏။

---

## ၂၅-ဘိက္ခုဝဂ် ၁-ပဉ္စဘိက္ခုဝတ္ထု

၃၆၀။ အကုသိုလ် မဖြစ်ရန် စက္ခုဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ သောတဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ ဃာနဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ ဇိဝှါဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏။

၃၆၁။ ကာယဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ ဝစီဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ မနောဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ အလုံးစုံသော ဒွါရတို့၌

---

၁။ နိုင်ငံခြားစာမူတို့၌ မရှိ၊ အဋ္ဌကထာ၌လည်းမပါ။

http://www.dhammadownload.com



စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ အလုံးစုံသော ဒွါရတို့၌ စောင့်စည်းပိတ်ဆို့နိုင်သော ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်မြောက်နိုင်၏။

## ၂-ဟံသဃာတကဘိက္ခုဝတ္ထု

၃၆၂။ အကြင်သူသည် လက်ကို စောင့်စည်း၏၊ခြေကို စောင့်စည်း၏၊နှုတ်ကို စောင့်စည်း၏၊ တကိုယ်လုံးကို စောင့်စည်း၏.ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်ကာ တည်ကြည်သော စိတ်ရှိ၏၊ တယောက်တည်းနေ၍(ရရသမျှဖြင့်) ရောင့်ရဲနိုင်၏၊ ထိုသူကို ရဟန်းဟူ၍ ဆိုကုန်၏။

## ၃-ကောကာလိကဝတ္ထု

၃၆၃။ အကြင်ရဟန်းသည် နှုတ်ကို စောင့်စည်း၏၊ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏၊ မပျံ့လွင့်သော စိတ်ရှိ၏၊ အနက်အဓိပ္ပါယ်ကိုလည်း ပါဠိကိုလည်း ဟောပြတတ်၏၊ထိုရဟန်းဟောပြသော စကားသည် ချိုမြိန်သာယာ၏။

## ၄-ဓမ္မာရာမတ္ထေရဝတ္ထု

၃၆၄။ တရားလျှင် မွေ့လျော်ရာရှိသော တရား၌ မွေ့လျော်တတ်သော တရားကို အဖန်ဖန် ကြံစည်တတ်သော တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်း တရားမှ မဆုတ်ယုတ်။

## ၅-ဝိပက္ခသေဝကဘိက္ခုဝတ္ထု

၃၆၅။ မိမိရမည့် လာဘ်လာဘကို (မတရားရှာမှီးသော အားဖြင့်)စက်ဆုပ်ဖွယ် မဖြစ် စေရာ၊ သူတပါးတို့၏ လာဘ်လာဘကို မနှစ်သက် မတောင့်တရာ၊ သူတပါးတို့၏ လာဘ်လာဘ ကို နှစ်သက်တောင့်တသော ရဟန်းသည် တည်ကြည်မှု 'သမာဓိ'ကို မရနိုင်။

၃၆၆။ ရဟန်းသည် လာဘ်လာဘနည်းသော်လည်း မိမိလာဘ်လာဘကို (မတရားရှာမှီး သောအားဖြင့်)အကယ်၍ စက်ဆုပ်ဖွယ် မဖြစ်စေခဲ့မူ အသက်မွေးစင်ကြယ်၍ မပျင်းမရိ လုံ့လ ရှိသော ထိုရဟန်းကို နတ်တို့သည် ကေန် ချီးမွမ်းကုန်၏။

## ၆-ပဉ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု

၃၆၇။ အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရားအားလုံး၌ (ငါ ငါ၏ဥစ္စာဟု)မြတ်နိုး စွဲလမ်းမှုမရှိ၊ (ထို)နာမ်ရုပ် ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို "ဘိက္ခု" အစစ် ဟူ၍ ဆိုအပ်၏။

## ၇-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၆၈။ မေတ္တာတရားကို ပွါးများလေ့ရှိသော မြတ်စွာဘုရား သာသနာတော်၌ ကြည်ညို သော ရဟန်းသည် သင်္ခါရတို့၏ငြိမ်းရာ ငြိမ်သက်ချမ်းအေးသော နိဗ္ဗာန်ကို ရနိုင်၏။

---

၁။ ပါဠိတော်၌ တမာဟု ဘိက္ခုရှိရမည့်အရာ တမာဟု ဘိက္ခုံ ရှိနေသည်။

http://www.dhammadownload.com



၃၆၉။ ရဟန်း ဤ(ခန္ဓာကိုယ် တည်းဟူသော)လှေမှ (မိစ္ဆာဝိတက် ဟူသောရေကို) ပက်ထုတ်လော့၊ ထိုသို့ပက်ထုတ်လျှင် သင်၏ (ခန္ဓာကိုယ်တည်းဟူသော)လှေသည် လျင်စွာ သွားနိုင်လတ္တံ့၊ ရာဂ ဒေါသကို ပယ်ဖြတ်နိုင်လျှင် နိဗ္ဗာန်သို့ရောက်လတ္တံ့။

၃၇၀။ (အောက်ပိုင်း သံယောဇဉ်)ငါးပါးကို ဖြတ်ရာ၏၊ (အထက်ပိုင်း သံယောဇဉ်) ငါးပါးကို စွန့်ရာ၏၊ (သဒ္ဓါစသော)ငါးပါးသောတရားတို့ကို အလွန်ပွါးရာ၏၊ (လောဘစသော) ငြိတွယ်ခြင်း ငါးပါးမှ လွန်မြောက်သော ရဟန်းကို"သံသရာဝဲသြဃကို ကူးမြောက်ပြီးသူ"ဟူ၍ ဆိုအပ်၏။

၃၇၁။ ရဟန်း (အနိစ္စ စသည်ဖြင့်)ရှုလော့၊ မမေ့လျော့လင့်၊ သင်၏ စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်စေလင့်၊ မေ့လျော့၍ သံတွေခဲကို မမျိုလင့်၊ လောင်သည်ရှိသော် ဤသို့ အလောင်ခံရခြင်းသည် ဆင်းရဲလေစွ ဟု မငိုကြွေးလင့်။

၃၇၂။ ပညာမရှိသူအား(သမာဓိ)စျာန်မရှိ၊ သမာဓိစျာန်မရှိသူအား ဝိပဿနာပညာမရှိ၊ အကြင်ပုဂ္ဂိုလ်၌ သမာဓိစျာန်သည်၎င်း ဝိပဿနာပညာသည်၎င်း(ရှိ၏) ထိုသူသည် နိဗ္ဗာန်နှင့် ကေန်နီးတော့၏။

၃၇၃။ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရောက်၍ ကောင်းစွာတရားကို ရှုမှတ်သော ငြိမ်သက်သော စိတ်ရှိသော ရဟန်းအား လူ(သာမန်)တို့နှင့် မထိုက်သော ဝိပဿနာစျာန် စသော တရား၌ မွေ့လျော်ခြင်းသည် ဖြစ်၏။

၃၇၄။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း သုံးသပ်ဆင်ခြင်တိုင်း နှစ်သက်မှု'ပီတိ'ဝမ်းမြောက်မှု'ပါမောဇ္ဇ'ကိုရ၏၊ထိုနှစ်သက်ဝမ်းမြောက်မှုသည်ပင် တရားမှန်ကို သိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင်တည်း။

၃၇၅။ ဤသာသနာတော်၌ ဣန္ဒြေကို စောင့်ထိန်းမှု (အာဇီဝပစ္စယနှစ်ပါး၌)ရောင့်ရဲမှု ပါတိမောက္ခသီလ၌ စောင့်စည်းမှု (စတုပါရိသုဒ္ဓိသီလ)လေးပါးသည် ပညာရှိရဟန်းအတွက် ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်၌ အဦးအစဖြစ်၏။

၃၇၆။ စင်ကြယ်သော အသက်မွေးခြင်းရှိ၍ မပျင်းရိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့၊ အာမိသဓမ္မပဋိသန္ထာရနှစ်ပါးတို့နှင့် ပြည့်စုံစေရာ၏၊ ကျင့်ဝတ်သီလတို့၌ လိမ္မာရာ၏၊ ထိုဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ဝမ်းမြောက်မှုများသည် ဖြစ်၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့။

## ၈-ပဉ္စသတဘိက္ခုဝတ္ထု

၃၇၇။ ရဟန်းတို့ မုလေးပန်းပင်တို့သည် ရင့်ရော်ညှိုးနွမ်းကုန်သော ပန်းပွင့်တို့ကို စွန့်လွှတ်ဘိသကဲ့သို့ ဤအတူ သင်တို့သည် ရာဂကို၎င်း ဒေါသကို၎င်း စွန့်လွှတ်ကြကုန်လော့။

## ၉-သန္တကာယတ္ထေရဝတ္ထု

၃၇၈။ ကောင်းစွာ တည်ကြည်သည်ဖြစ်၍ ငြိမ်သက်သောကိုယ် ငြိမ်သက်သောနှုတ် ငြိမ်သက်သောစိတ်ရှိသော လောကီစည်းစိမ် အရှိန်အစော်စသည်ကို ထွေးအန်ပြီးသော ရဟန်းကို ငြိမ်းအေးသော ရဟန်းဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



## ၁၀-နင်္ဂလကုလတ္ထေရဝတ္ထု

၃၇၉။ ရဟန်း မိမိကိုယ်တိုင် စောကြောစစ်ဆေးလေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် ဆင်ခြင်လေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် စောင့်ရှောက်သည်ဖြစ်၍ သတိရှိသောသင်သည် ချမ်းသာစွာနေရလတ္တံ့။

၃၈၀။ မိမိသည်သာလျှင် မိမိကိုးကွယ်ရာဖြစ်၏၊ တပါးသောသူသည် အဘယ်မှာ ကိုးကွယ်ရာ ဖြစ်နိုင်အံ့နည်း၊ မိမိသည်သာလျှင် မိမိ၏လည်းလျောင်းရာ ဖြစ်၏၊ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းမြင်းကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်လေလော့။

## ၁၁-ဝက္ကလိတ္ထေရဝတ္ထု

၃၈၁။ မြတ်စွာဘုရား၏သာသနာတော်၌ ကြည်ညိုမြတ်နိုး၍ ဝမ်းမြောက်ခြင်းများသော ရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာ ငြိမ်သက်ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏။

## ၁၂-သုမနသာမဏေရဝတ္ထု

၃၈၂။ အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်း မြတ်စွာဘုရားသာသနာတော်၌ စင်စစ်လုံ့လကြိုးကုတ်အားထုတ်၏၊ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သောလမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

နှစ်ဆယ့်ငါးခုမြောက် ဘိက္ခုဝဂ် ပြီး၏။

---

## ၂၆-ဗြာဟ္မဏဝဂ် ၁-ပသာဒဗဟုလဗြာဟ္မဏဝတ္ထု

၃၈၃။ သူတော်ကောင်း တဏှာတည်းဟူသော အယဉ်ကို ဖြတ်လော့၊ လုံ့လပြု၍ ကာမတို့ကို ပယ်လော့၊သင်္ခါရတို့၏ ကုန်ရာကိုသိ၍ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိသော့၊ရဟန္တာ ဖြစ်လေလော့။

## ၂-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၈၄။ သူတော်ကောင်းသည် နှစ်ပါးသော သမထဝိပဿနာတရားတို့၌ ကမ်းတဖက်သို့ ရောက်၏၊ ထိုအခါ တရားမှန်ကိုသိသော သူတော်ကောင်းအား အလုံးစုံသော ကာမရာဂ သံယောဇဉ် စသည်တို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

## ၃-မာရဝတ္ထု

၃၈၅။ အကြင်ပုဂ္ဂိုလ်အား(စက္ခုစသော အတွင်း အာယတန ခြောက်ပါးတည်းဟူသော) ဤမှာဘက်ကမ်းသည်၎င်း (ရူပါရုံစသော အပြင်အာယတန ခြောက်ပါးတည်းဟူသော)

http://www.dhammadownload.com



ထိုမှာဘက်ကမ်းသည်ရှင်း ထိုမှာဘက် ဤမှာဘက်ကမ်း နှစ်ပါးသည်ရှင်း မရှိ၊ ပူပန်ခြင်း ကင်းသည်ဖြစ်၍ ကိလေသာနှင့်မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

## ၄-အညတရဗြာဟ္မဏဝတ္ထု

၃၈၆။ အနိစ္စ စသော လက္ခဏာကို ရှု၍ ကိလေသာ မြူကင်းလျက် (တကိုယ်တည်း) နေလေ့ရှိသော ရဟန်းကိစ္စ ပြီးပြီးသော အာသဝေါကင်း၍ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

## ၅-အာနန္ဒတ္ထေရဝတ္ထု

၃၈၇။ နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏၊ လမင်းသည် ညဉ့်အခါ၌သာ တင့်တယ်၏၊ မင်းသည် မင်းမြောက်တန်ဆာ ဆင်မှသာလျှင် တင့်တယ်၏၊ ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်၏၊ အမှန်သော်ကား မြတ်စွာဘုရားသည်သာ တန်ခိုးတော်ဖြင့် အလုံးစုံသော နေ့ညဉ့်ပတ်လုံး တင့်တယ်၏။

## ၆-အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု

၃၈၈။ မကောင်းမှုကို အပပြုပြီးဖြစ်သောကြောင့် ဗြာဟ္မဏဟု ခေါ်ဆိုအပ်၏၊ မကောင်းမှုကို ငြိမ်းစေတတ်သော အကျင့်ရှိသောကြောင့် သမဏဟု ခေါ်ဆိုအပ်၏၊ မိမိ၏ ကိလေသာ အညစ်အကြေးကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိတဟု ခေါ်ဆိုအပ်၏။

## ၇-သာရိပုတ္တတ္ထေရဝတ္ထု

၃၈၉။ သူတော်ကောင်း (ဗြာဟ္မဏ)ကို မပုတ်ခတ်ရာ၊ သူတော်ကောင်းသည် မိမိကို ပုတ်ခတ်သော ထိုသူအား အမျက်မထွက်ရာ၊ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏၊ ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထို့ထက်သာ၍ပင် စက်ဆုပ်ဖွယ် ဖြစ်၏။

၃၉၀။ ချစ်နှစ်သက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ကို မတားမြစ်နိုင်ခဲ့မူ ထိုမတားမြစ်နိုင်ခြင်းသည် သူတော်ကောင်းအတွက် အနည်းငယ်မျှပင် မမြတ်၊ အကြင်အကြင် ဝတ္ထုမှ ညှဉ်းဆဲလိုသော စိတ်သည် ဆုတ်နစ်၏၊ ထိုထိုဝတ္ထုမှ ဆင်းရဲမှု ငြိမ်းသည်သာတည်း။

## ၈-မဟာပဇာပတိဂေါတမီဝတ္ထု

၃၉၁။ အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း မကောင်းမှုပြုခြင်း မရှိ၊ ကိုယ်နှုတ်စိတ် သုံးပါးတို့ဖြင့် စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

## ၉-သာရိပုတ္တတ္ထေရဝတ္ထု

၃၉၂။ အကြင်ဆရာထံမှ မြတ်စွာဘုရားဟောကြားအပ်သော တရားကို သိရာ၏၊ ပုဏ္ဏားသည် မီးကို ပူဇော်သကဲ့သို့ ထိုဆရာကို ရိုသေစွာ ရှိခိုးရာ၏။

http://www.dhammadownload.com



## ၁၀-ဇဋိလဗြာဟ္မဏဝတ္ထု

၃၉၃။ ဆံကျစ်ထုံးခြင်းတို့ဖြင့်ရင်း အနွယ်အားဖြင့်ရင်း ဇာတ်အားဖြင့်ရင်း ဗြာဟ္မဏ မဖြစ်နိုင်၊ သစ္စဉာဏ်နှင့် လောကုတ္တရာတရားရှိသူသည်သာ စင်ကြယ်သူလည်း ဖြစ်၏၊ ဗြာဟ္မဏလည်းဖြစ်၏။

## ၁၁-ကုဟကဗြာဟ္မဏဝတ္ထု

၃၉၄။ ပညာမရှိသောရသေ့ သင့်အား ဆံကျစ်ဆုံးခြင်းဘို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သစ်နက်ရေဝတ်ခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း၊ သင်၏ကိုယ်တွင်း၌ ကိလေသာ တောရှိသည်ဖြစ်လျက် ပြင်ပကိုသာ သုတ်သင်ဘိ၏။

## ၁၂-ကိသာဂေါတမီဝတ္ထု

၃၉၅။ ပံသုကူသင်္ကန်းကို ဆောင်သော ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော တယောက် တည်း တောထဲ၌ ဈာန်ဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟု ငါဘုရားဟော၏။

## ၁၃-ကေဗြာဟ္မဏဝတ္ထု

၃၉၆။ ပုဏ္ဏားမျိုး၌ဖြစ်သော ပုဏ္ဏေးမမှ ဖြစ်သောသူကို ဗြာဟ္မဏဟု ငါဘုရားမဟော၊ ထိုပုဏ္ဏားသည် ရာဂစသော ကြောင့်ကြမှု ကိလေသာရှိခဲ့မူ ဘောဝါဒီအမည်ရှိ၏၊ ကြောင့် ကြမှု ကိလေသာလည်း မရှိ၊စွဲလမ်းမှုလည်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော ၏။

## ၁၄-ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု

၃၉၇။ အကြင်ပုဂ္ဂိုလ်သည် အနှောင်အဖွဲ့ 'သံယောဇဉ်' အားလုံးကို ဖြတ်၍ ထိတ်လန့် ပူပန်မှုမရှိ၊ကပ်ငြိတတ်သည့် ကိလေသာကို လွန်သော ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၅-ဒွေဗြာဟ္မဏဝတ္ထု

၃၉၈။ (ဒေါသတည်းဟူသော) နှောင်ကြိုးကိုရင်း (တဏှာတည်းဟူသော)လွန်ကြိုးကို ရင်း ကိန်းအောင်းနေသောကိလေသာနှင့် တကွသော မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး တည်းဟူ သော ထူးကြိုးကိုရင်း ဖြတ်၍ အဝိဇ္ဇာ တံခါးကျည် မင်းတုပ်ကို နုတ်ပယ်ပြီးလျှင် သစ္စာလေးပါး ကိုသိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၆-အက္ကောသကဘာရဒွါဇဝတ္ထု

၃၉၉။ အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း ပုတ်ခတ်ညှဉ်းဆဲခြင်း နှောင်ဖွဲ့ခြင်းကို အမျက် မထွက်ပဲ သည်းခံ၏၊ သည်းခံခြင်း အားတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

http://www.dhammadownload.com



## ၁၇-သာရိပုတ္တတ္ထေရဝတ္ထု

၄၀၀။ အမျက်လည်းမထွက်(ဓုတင်)အကျင့်လည်းရှိ သီလနှင့်လည်း ပြည့်စုံသော တဏှာ ပြန့်ပြောခြင်းလည်းမရှိ ယဉ်ကျေး၍ အဆုံးစွန်သော ကိုယ်ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၈-ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

၄၀၁။ ကြာဖက်၌ ရေမတင်သကဲ့သို့ရင်း (ပွတ်ဆောက်)စူးဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ရင်း ကာမတို့၌ မလိမ်းကျံ မကပ်ငြိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၉-အညတရဗြာဟ္မဏဝတ္ထု

၄၀၂။ အကြင်ပုဂ္ဂိုလ်သည် ဤဘဝ၌ပင် မိမိဆင်းရဲ၏ကုန်ရာဖြစ်သော နိဗ္ဗာန်ကို သိ၏၊ ချအပ်သော ခန္ဓာဝန်ရှိ၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၀-ခေမာဘိက္ခုနီဝတ္ထု

၄၀၃။ နက်နဲသော ပညာရှိသော ထက်မြက်သော ပညာရှိသော လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၁-ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု

၄၀၄။ လူတို့နှင့်ရင်း ရဟန်းတို့နှင့်ရင်း နှစ်ပါးစုံသော သူတို့နှင့် မရောယှက်သော တဏှာကင်းကြောင်း အကျင့်ရှိသည်ဖြစ်၍ အလိုနည်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၂-အညတရဘိက္ခုဝတ္ထု

၄၀၅။ အကြင်ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော (ပုထုဇဉ်သေက္ခ) ပုဂ္ဂိုလ်တို့၌ရင်း မကြောက်မလန့်တည်တံ့သော (ရဟန္တာ)ပုဂ္ဂိုလ်တို့၌ရင်း တုတ်လက်နက်ကို ပယ်ချထားပြီးဖြစ်၍ မိမိလည်း မသတ် သူတပါးကိုလည်း မသတ်စေ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၃-သာမဏေရာနံဝတ္ထု

၄၀၆။ ဆန့်ကျင်ဖက်ပြုသူတို့၌ မဆန့်ကျင်သော ဓားတုတ်ရှိသော သူတို့၌ ဓားတုတ် ချထားပြီးသည်ဖြစ်၍ ရန်ငြိမ်းသော စွဲလမ်းအပ်သောအရာတို့၌ စွဲလမ်းခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

http://www.dhammadownload.com



## ၂၄-မဟာပန္ထကတ္ထေရဝတ္ထု

၄၀၇။ မုန်ညင်းစေ့သည် (ပွတ်ဆောက်)စူးဖျားမှ လျှောကျသကဲ့သို့ စွဲမက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' ထောင်လွှားမှု 'မာန' သူတပါး၏ဂုဏ်ကို ဖျက်ဆီးမှု 'မက္ခ' တို့ ကင်းပ လျှောကျပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၅-ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု

၄၀၈။ နူးညံ့ပြေပြစ်၍ သဘောအဓိပ္ပါယ်ပေါ် လွင်စေသော မှန်သောစကားကို ပြောဆိုရာ၏၊ မည်သည့် တစုံတယောက်ကိုမျှ အမျက်ဒေါသဖြင့် မထိခိုက် မငြိစွန်းစေရာ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၆-အညတရတ္ထေရဝတ္ထု

၄၀၉။ လောက၌ ပိုင်ရှင်မပေးသော ဥစ္စာကို ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ မခိုးယူသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၇-သာရိပုတ္တတ္ထေရဝတ္ထု

၄၁၀။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌၎င်း တမလွန်လောက၌၎င်း မက်မောမှု တဏှာ တို့ မရှိကုန်၊ မက်မောမှု အာသာကင်း၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟု ငါဘုရားဟော၏။

## ၂၈-မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု

၄၁၁။ အကြင်ပုဂ္ဂိုလ်အား ကပ်ငြိတွယ်တာခြင်းတို့ မရှိကုန်၊တရားမှန်ကို သိ၍ သို့လော သို့လောဟု တွေးတောခြင်းမရှိ၊အမြိုက်နိဗ္ဗာန်သို့ ရောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါ ဘုရားဟော၏။

## ၂၉-ရေဝတတ္ထေရဝတ္ထု

၄၁၂။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်ကံ နှစ်ပါးစုံတို့ကိုင ကပ်ငြိတတ်သော တဏှာကို၎င်း လွန်မြောက်၏၊ စိုးရိမ်ခြင်းမရှိသော ကိလေသာမြူ သော စင်ကြယ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၀-စန္ဒာဘတ္ထေရဝတ္ထု

၄၁၃။ အညစ်အကြေးကင်းသော လမင်းကဲ့သို့ ကိလေသာမရှိ၍ စင်ြ သဖြင့် ကြည်လင်သော နောက်ကျုခြင်းမှ ကင်းလျက် ဘဝတို့၌ နှစ်သ ကုန်ခန်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

http://www.dhammadownload.com



## ၃၁-သိဝလိတ္ထေရဝတ္ထု

၄၁၄။ အကြင်ပုဂ္ဂိုလ်သည် ရာဂတည်းဟူသော ဘေးကိုရင်း ကိလေသာတည်းဟူသော အသွားခက်သည့် ခရီးကိုရင်း သံသရာဟူသော အကူးခက်သည့် သမုဒ္ဒရာကိုရင်း မောဟတည်းဟူသော အမိုက်မှောင်ကိုရင်း လွန်မြောက်ပြီ၊ဩဃလေးပါးကို ကူးမြောက်ပြီးဖြစ်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်၏၊ ကိလေသာတို့ကို ရှို့မြိုက်လေ့ရှိ၏၊ တဏှာကင်း၍ သို့လော သို့လော တွေးတောမှုမရှိ၊ အစွဲအလမ်းကင်း၍ ငြိမ်းအေး၏၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၂-သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု

၄၁၅။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမတို့ကိုပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောကာမ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၃-ဇဋိလတ္ထေရဝတ္ထု

၄၁၆။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောတဏှာ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၄-ဇောတိကတ္ထေရဝတ္ထု

၄၁၇။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောတဏှာ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၅-နဋပုတ္တကတ္ထေရဝတ္ထု

၄၁၈။ အကြင်ပုဂ္ဂိုလ်သည် လူ၌ဖြစ်သော အစီးအပွါးကို ပယ်စွန့်၍ နတ်၌ ဖြစ်သော အစီးအပွါးကို လွန်မြောက်၏၊ အလုံးစုံ အစီးအပွါးနှင့်မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၆-နဋပုတ္တကတ္ထေရဝတ္ထု

၄၁၉။ (ကာမဂုဏ်၌)မွေ့လျော်ခြင်း (ဆိတ်ငြိမ်ရာ၌)မမွေ့လျော်ခြင်းကို ပယ်စွန့်၍ ငြိမ်းအေးပြီးသော ဥပဓိမရှိသော အလုံးစုံသော လောကကို လွှမ်းမိုး၍ တည်သော ရဲရင့်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

http://www.dhammadownload.com



## ၃၇-ဝင်္ဂီသတ္ထေရဝတ္ထု

၄၂၀။ အကြင်ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းကိုရင်း ပဋိသန္ဓေနေခြင်းကိုရင်း အလုံးစုံအားဖြင့် သိ၏၊ ကပ်ငြိတွယ်တာခြင်းမရှိသော သူတော်ကောင်းအကျင့်ကို ကောင်းစွာ ကျင့်၍ (သစ္စာလေးပါးကို)သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၂၁။ အကြင်ပုဂ္ဂိုလ်၏လားရာ'ဂတိ'ကို နတ် ဂန္ဓဗ္ဗနတ် လူတို့သည် မသိကုန်၊အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၈-ဓမ္မဒိန္နာထေရီဝတ္ထု

၄၂၂။ အကြင်ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌ရင်း အနာဂတ်ခန္ဓာ၌ရင်း ပစ္စုပ္ပန်ခန္ဓာ၌ရင်း ကြောင့်ကြမှုမရှိ၊ ကြောင့်ကြမှုမရှိသော စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၉-အင်္ဂုလိမာလတ္ထေရဝတ္ထု

၄၂၃။ ရွှေဆောင်နွားလား ဥသဘနှင့်တူသော မြတ်၍ လုံ့လရှိသော သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသော မာရ်သုံးပါးကိုအောင်သော ဟာဏှာကင်းသော ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးသော သစ္စာလေးပါးကိုသိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၄၀-ဒေဝဟိတဗြာဟ္မဏဝတ္ထု

၄၂၄။ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်ပြည် ငရဲပြည်ကိုလည်း မြင်၏၊ ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထူးသောဉာဏ်ဖြင့် သိ၍ နိဗ္ဗာန်သို့ရောက်ပြီးသော ရဟန်းဖြစ်၏၊အလုံးစုံသော ကိလေသာတို့၏ ကုန်ကြောင်းအကျင့်ကို ကျင့်သုံးအပ်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

နှစ်ဆယ့်ခြောက်ခုမြောက် ဗြာဟ္မဏဝဂ် ပြီး၏။

# ဓမ္မပဒပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com



## ခုဒ္ဒကနိကာယ်

# ဥဒါန်းပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-ဗောဓိဝဂ်

### ၁-ပဌမဗောဓိသုတ်

၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဥ္စရာ မြစ်ကမ်းနား ဗောဓိပင်၏အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိချမ်းသာကို ခံစားလျက် တဆိုင်တည်း နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို(အရဟတ္တဖိုလ်)ဖလသမာပတ် သမာဓိမှ ထတော်မူ၍ ညဉ့်၏ ပဌမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံအားဖြင့် ကောင်းစွာ နှလုံးသွင်းတော်မူ၏—

ဤ(အဝိဇ္ဇာစသော)အကြောင်းတရား ဖြစ်လတ်သော် ဤ (သင်္ခါရစသော) အကျိုးတရားသည် ဖြစ်၏၊ ဤ(အဝိဇ္ဇာစသော)အကြောင်းတရား ဖြစ်ခြင်းကြောင့် ဤ(သင်္ခါရစသော) အကျိုးတရားသည် ဖြစ်ပေါ်လာ၏၊ ယင်းအကြောင်းအကျိုးတို့ကား မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏၊ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး 'သဠာယတန' ဖြစ်၏၊ အာယတနခြောက်ပါးကြောင့် တွေ့ထိမှု 'ဖဿ'ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ခံစားမှု'ဝေဒနာ'ကြောင့် တပ်နှစ်သက်မှု'တဏှာ'ဖြစ်၏၊ တပ်နှစ်သက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏၊ စွဲလမ်းမှု 'ဥပါဒါန်ကြောင့် ဖြစ်ကြောင်း 'ဘဝ'ဖြစ်၏၊ ဖြစ်ကြောင်း 'ဘဝ' ကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ'ကြောင့် အိုမှု'ဇရာ' သေမှု'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ'စိတ်ဆင်းရဲမှု

http://www.dhammadownload.com



'ဒေါမနဿ' ပြင်းစွာ ပင်ပန်းမှု 'ဥပါယာသ'တို့ ဖြစ်ပေါ်လာကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ဖြစ်ပွါး၏ဟု (ဤသို့ နှလုံးသွင်းတော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤ(ပဋိစ္စသမုပ္ပါဒ်) သဘောကို သိတော်မူ၍ ထိုသိသော အချိန်၌—

"အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရား (သုံးဆယ့်ခုနစ်ပါး)တို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အကြောင်းနှင့်တကွ (ပဋိစ္စသမုပ္ပါဒ်) တရားကို အပြားအားဖြင့် သိသောကြောင့် ထို မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

---

## ၂-ဒုတိယဗောဓိသုတ်

၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနား ဗောဓိပင်၏ အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိ ချမ်းသာကို ခံစားလျက် တထိုင်တည်း နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို(အရဟတ္တဖိုလ်)ဖလသမာပတ် သမာဓိမှ ထတော်မူ၍ ညဉ့်၏ မဇ္ဈိမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလုံအားဖြင့် ကောင်းစွာ နှလုံးသွင်းတော်မူ၏—

ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား မဖြစ်လတ်သော် ဤ (သင်္ခါရစသော)အကျိုးတရားသည် မဖြစ်၊ ဤ(အဝိဇ္ဇာစသော) အကြောင်းတရား ချုပ်ခြင်းကြောင့် ဤ(သင်္ခါရစသော) အကျိုးတရားသည် ချုပ်၏၊ ယင်းအကြောင်းအကျိုးတို့ ချုပ်ပုံကား မသိမှု 'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ' ချုပ်၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ' ချုပ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏ်ချုပ်၏၊ ပဋိသန္ဓေဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် အာယတနခြောက်ပါး 'သဠာယတန'ချုပ်၏၊ အာယတနခြောက်ပါး ချုပ်ခြင်းကြောင့် တွေ့ထိမှု 'ဖဿ'ချုပ်၏၊ တွေ့ထိမှု 'ဖဿ'ချုပ်ခြင်းကြောင့် ခံစားမှု'ဝေဒနာ'ချုပ်၏၊ ခံစားမှု 'ဝေဒနာ'ချုပ်ခြင်းကြောင့် တပ်နှစ်သက်မှု 'တဏှာ' ချုပ်၏၊ တပ်နှစ်သက်မှု 'တဏှာ'ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်'ချုပ်၏၊ စွဲလမ်းမှု 'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဖြစ်ကြောင်း 'ဘဝ' ချုပ်၏၊ ဖြစ်ကြောင်း 'ဘဝ' ချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ချုပ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ'ချုပ်ခြင်းကြောင့် အိုမှု'ဇရာ' သေမှု'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ'စိတ်ဆင်းရဲမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ချုပ်ပျောက်၏ဟု (ဤ ပို့ နှလုံးသွင်းတော်မူ၏)—

ထိုအခါ မြတ်စွာဘုရားသည် ဤ(ပဋိစ္စသမုပ္ပါဒ်) သဘောကို သိတော်မူ၍ ထိုသိသော အချိန်၌—

http://www.dhammadownload.com



"အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြှိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယတရား(သုံးဆယ့်ခုနစ်ပါး) တို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုမကောင်းမှုမှအပပြုပြီးသော ရဟန္တာအား ယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-တတိယဗောဓိသုတ်

၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနား ဗောဓိပင်၏ အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိချမ်းသာကို ခံစားလျက် တထိုင်တည်း နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို(အရဟတ္တဖိုလ်) ဖလသမာပတ်သမာဓိမှ ထတော်မူ၍ ညဉ့်၏နောက်ဆုံး ပစ္ဆိမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံအားဖြင့် ကောင်းစွာ နှလုံးသွင်းတော်မူ၏ —

ဤ(အဝိဇ္ဇာစသော) အကြောင်းတရားဖြစ်လတ်သော် ဤ(သင်္ခါရစသော)အကျိုးတရားသည် ဖြစ်၏။ ဤ(အဝိဇ္ဇာစသော) အကြောင်းတရား ဖြစ်ခြင်းကြောင့် ဤ(သင်္ခါရစသော) အကျိုးတရားသည်ဖြစ်၏၊ ဤ(အဝိဇ္ဇာစသော) အကြောင်းတရား မဖြစ်လတ်သော် ဤ(သင်္ခါရစသော) အကျိုးတရားသည် မဖြစ်။ ဤ(အဝိဇ္ဇာစသော) အကြောင်းတရား ချုပ်ခြင်းကြောင့် ဤ(သင်္ခါရစသော)အကျိုးတရားသည် ချုပ်၏။ ယင်းဖြစ်ပုံ ချုပ်ပုံကား မသိမှု 'အဝိဇ္ဇာ'ကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏' ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး 'သဠာယတန' ဖြစ်၏၊ အာယတနခြောက်ပါးကြောင့် တွေ့ထိမှု 'ဖဿ'ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'ကြောင့် တပ်နှစ်သက်မှု 'တဏှာ'ဖြစ်၏၊ တပ်နှစ်သက်မှု'တဏှာ' ကြောင့် စွဲလမ်းမှု'ဥပါဒါန်'ဖြစ်၏၊စွဲလမ်းမှု'ဥပါဒါန်'ကြောင့် ဖြစ်ကြောင်း'ဘဝ'ဖြစ်၏၊ ဖြစ်ကြောင်း 'ဘဝ'ကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ'ကြောင့် အိုမှု'ဇရာ' သေမှု 'မရဏ'စိုးရိမ်မှု 'သောက'ငိုကြွေးမှု 'ပရိဒေဝ' ကိုယ်ဆင်းရဲမှု 'ဒုက္ခ'စိတ်ဆင်းရဲမှု 'ဒေါမနဿ'တို့ ဖြစ်ပေါ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ဖြစ်ပွါး၏။

မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ'ချုပ်၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ'ချုပ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏ်ချုပ်၏၊ ပဋိသန္ဓေဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် အာယတနခြောက်ပါး 'သဠာယတန'ချုပ်၏၊ အာယတနချုပ်ခြင်းကြောင့် တွေ့ထိမှု 'ဖဿ'ချုပ်၏၊ တွေ့ထိမှု 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ'ချုပ်၏၊ ခံစားမှု 'ဝေဒနာ'ချုပ်ခြင်းကြောင့် တပ်နှစ်သက်မှု "တဏှာ'ချုပ်၏၊ တပ်နှစ်သက်မှု 'တဏှာ'ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်'ချုပ်၏၊ စွဲလမ်းမှု

http://www.dhammadownload.com



'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ကြောင်း 'ဘဝ'ချုပ်၏၊ ဖြစ်ကြောင်း 'ဘဝ'ချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ချုပ်၏၊ ပဋိသန္ဓေ နေမှု 'ဇာတိ'ချုပ်ခြင်းကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက'ငိုကြွေးမှု 'ပရိဒေဝ'ကိုယ်ဆင်းရဲမှု 'ဒုက္ခ' စိတ်ဆင်းရဲမှု'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ချုပ်၏ဟု (ဤသို့ နှလုံးသွင်းတော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤ (ပဋိစ္စသမုပ္ပါဒ်) သဘောကို သိတော်မူ၍ ထိုသိသော အချိန်၌—

"အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရား (သုံးဆယ့်ခုနစ်ပါး) တို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုအခါ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-ဟုံဟုက်သုတ်

၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဥ္ဇရာမြစ်ကမ်းနား အဇပါလညောင်ပင်၏ အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိချမ်းသာကို ခံစားလျက် တထိုင်တည်း ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို(အရဟတ္တဖိုလ်)ဖလသမာပတ် သမာဓိမှ ထတော်မူ၏။

ထိုအခါ တဟုန်းဟုန်း မာန်မူခြင်းကို ပြုတတ်သော သဘောရှိသော ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးလျှင် တခုသောနေရာ၌ ရပ်တည်လျက် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အဘယ်မျှဖြင့် ဗြာဟ္မဏဖြစ်ပါသနည်း၊ ဗြာဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့ကား အဘယ်တို့ပါနည်း"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤပြဿနာ၏အနက်အဓိပ္ပါယ်ကို သိတော်မူ၍ ထိုသိသော အချိန်၌—

"အကြင်သူသည် မကောင်းမှုကို အပပြုပြီးဖြစ်၏၊ တဟုန်းဟုန်း မာန်မူခြင်းသဘောမရှိ၊ ကိလေသာဟူသော ဖန်ရည်မရှိ၊ ဘာဝနာကို စီးဖြန်းအားထုတ်သော စိတ်ရှိ၏၊ သိခြင်း၏ အဆုံးအရဟတ္တဖိုလ်သို့ရောက်၏၊မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏမည်၏၊ ထိုဗြာဟ္မဏသည် (ဟုတ်မှန်သော)သဘောဖြင့် မြတ်သောစကားကိုလည်း ဆိုရာ၏၊ အကြင်ပုဂ္ဂိုလ်သည် လောကဝယ် တစုံတရာအာရုံ၌ တပ်မက်မှုစသည့် တိုးပွါးခြင်း မရှိ၊ ထိုပုဂ္ဂိုလ်သည်သာ ဟုတ်မှန်သော သဘောဖြင့် ငါဗြာဟ္မဏဟု ပြောဆိုထိုက်၏ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဗြာဟ္မဏသုတ်

၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလ္လာန် အသျှင်မဟာကဿပ အသျှင်မဟာကစ္စာယန အသျှင်မဟာကောဋ္ဌိက အသျှင်မဟာကပ္ပိန အသျှင်မဟာစုန္ဒ အသျှင်အနုရုဒ္ဓါ အသျှင်ရေဝတနှင့် အသျှင်နန္ဒ ဘို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုအသျှင်မြတ်တို့ လာကြသည်ကို အဝေးကပင်မြင်၍ ရဟန်းတို့အား "ရဟန်းတို့ ဗြာဟ္မဏဖြစ်သော ထိုသူတို့သည် လာကြကုန်၏၊ ရဟန်းတို့ ဗြာဟ္မဏဖြစ်သော ထိုသူတို့သည် လာကြကုန်၏"ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသော် ဗြာဟ္မဏဇာတ်ရှိသော ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်မျှဖြင့် ဗြာဟ္မဏမည်ပါသနည်း၊ ဗြာဟ္မဏ အဖြစ်ကို ပြုတတ်သော တရားတို့ကား အဘယ်မျှတို့ပါနည်း" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုပြဿနာ၏ အနက်အဓိပ္ပါယ်ကို သိတော်မူ၍ ထိုသိသော အချိန်၌—

> "အကြင်ပုဂ္ဂိုလ်တို့သည် မကောင်းမှုတရားတို့ကို အပပြုပြီးဖြစ်လျက် အခါခပ်သိမ်း သတိရှိကုန်သည်ဖြစ်၍ သွားလာနေထိုင်ကုန်၏၊ သံယောဇဉ် ကုန်ခန်းပြီး၍ သစ္စာလေးပါးကို သိပြီးဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သာ လောက၌ အမှန်စင်စစ် ဗြာဟ္မဏတို့ မည်ကုန်၏"ဟု

ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဉ္စမသုတ်။

---

## ၆-မဟာကဿပသုတ်

၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မဟာကဿပသည် မကျန်းမမာ အနာနှိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ ရောက်လျက် ပိပ္ပလိလိုဏ်ဂူ၌ နေတော်မူ၏။ ထို့နောက် အခါတပါး၌ အသျှင်မဟာကဿပသည် ထိုအနာမှ ထမြောက်၏၊ ထိုအနာမှ ထမြောက်ပြီးသော အသျှင်မဟာကဿပအား "ငါသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။

ထိုအခါ နတ်သမီးငါးရာတို့သည် အသျှင်မဟာကဿပ၏ဆွမ်းရေးအတွက် (ဆွမ်းလောင်းရန်) ကြောင့်ကြစိုက်နေကြကုန်၏။ ထိုအခါ အသျှင်မဟာကဿပသည် ထိုနတ်သမီးငါးရာတို့ကို ပယ်ကာ နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ရာဇဂြိုဟ်ပြည် ဆင်းရဲသား ရပ်ကွက်လမ်းခရီး ခိုကိုးရာမဲ့တို့ရပ်ကွက် လမ်းခရီး ယက်ကန်းသည်ရပ်ကွက်လမ်းခရီးသို့ ဆွမ်းခံဝင်တော်မူ၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဆင်းရဲသားရပ်ကွက်လမ်းခရီး ခိုကိုးရာမဲ့တို့ ရပ်ကွက်လမ်းခရီး ယက်ကန်းသည်ရပ်ကွက်လမ်းခရီးသို့ ဆွမ်းခံလှည့်လည်သော အသျှင်မဟာကဿပကို မြင်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"သူတပါးတို့ မွေးမြူမှု မခံမူ၍ (လာဘ်ပူဇော်သကာအတွက် မိမိကိုယ်ကို)ထင်ရှားအောင် မပြုသော ဂုဏ်ကျေးဇူးတို့ကို ဆုံးမပြီး၍ အရဟတ္တဖိုလ်ဟူသော အနှစ်သာရ၌ တည်သော အာသဝေါကုန်ခန်းပြီး၍ အပြစ်ဒေါသကို ထွေးအန်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

## ၇-အဇကလာပကသုတ်

၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ပါဝါပြည် အဇကလာပကဘီလူးနေရာ အဇကလာပကနတ်ကွန်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သော ညဉ့်ဝယ် လွင်တီးခေါင်၌ နေတော်မူ၏၊မိုးသည်လည်း တပေါက်တပေါက် ရွာကျ၏၊ ထိုအခါ အဇကလာပကဘီလူးသည် မြတ်စွာဘုရားအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေလိုသောကြောင့် မြတ်စွာဘုရားထံသို ချဉ်းကပ်၍ မြတ်စွာဘုရား၏ မနီးမဝေးအရပ်၌ "အက္ကုလ ပက္ကုလ"ဟု သုံးကြိမ်တိုင်တိုင် "ရဟန်း ဤသူသည် သင်၏အသားကို စားတတ်သော ဘီလူးတည်း"ဟု အက္ကုလ ပက္ကုလ အသံ(ဘီလူးကြိမ်း ကြိမ်းသံ) ကို ပြု၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘီလူးသဘောကို သိတော်မူ၍ ထိုသိသော အချိန်၌—

"အကြင်အခါ၌ ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏သီလ သမာဓိ စသော တရားတို့၌ တဖက်ကမ်းသို့ ရောက်၏၊ ထိုအခါ၌ ဤပြအပ်သော ကြောက်ဖွယ်ဘီလူးရုပ်ကိုရင်း အက္ကုလ ပက္ကုလ (ကြိမ်းဝါးသံ)ကိုရင်း လွန်မြောက်နိုင်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

## ၈-သင်္ဂါမဇိသုတ်

၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အသျှင်သင်္ဂါမဇိသည် သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရောက်လာ၏။ အသျှင်သင်္ဂါမဇိ၏ မယားဟောင်းသည် "အသျှင်သင်္ဂါမဇိသည် သာဝတ္ထိပြည်သို့ ရောက်လာသည်"ဟု ကြား၍ သားငယ်များကို ခေါ် ယူလျက် ဇေတဝန်ကျောင်းသို့ သွား၏။

ထိုအခါ အသျှင်သင်္ဂါမဇိသည် သစ်ပင်တပင်၏ အရင်း၌ နေ့သန့်စဥ်ခြင်းဖြင့် ထိုင်နေတော်မူ၏။ ထိုအခါ အသျှင်သင်္ဂါမဇိ၏ မယားဟောင်းသည် အသျှင်သင်္ဂါမဇိထံသို့ ချဉ်းကပ်၍ အသျှင်သင်္ဂါမဇိအား "ရဟန်း သားငယ်ရှိသော ကျွန်တော်မကို လုပ်ကျွေးပါလော့" ဟု ဤစကားကို လျှောက်၏။ ဤသို့ လျှောက်လေသော် အသျှင်သင်္ဂါမဇိသည် ဆိတ်ဆိတ်နေ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း အသျှင်သင်္ဂါမဇိ၏မယားဟောင်းသည် အသျှင်သင်္ဂါမဇိအား "ရဟန်း သားငယ်ရှိသော ကျွန်တော်မကို လုပ်ကျွေးပါလော့"ဟု လျှောက်၏၊ နှစ်ကြိမ်မြောက်လည်း အသျှင်သင်္ဂါမဇိသည် ဆိတ်ဆိတ်နေ၏။

သုံးကြိမ်မြောက်လည်း အသျှင်သင်္ဂါမဇိ၏ မယားဟောင်းသည် အသျှင်သင်္ဂါမဇိအား "ရဟန်း သားငယ်ရှိသော ကျွန်တော်မကို လုပ်ကျွေးပါလော့" ဟု လျှောက်၏၊ သုံးကြိမ်မြောက်လည်း အသျှင်သင်္ဂါမဇိသည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင်သင်္ဂါမဇိ၏ မယားဟောင်းသည် ထိုကလေးကို အသျှင်သင်္ဂါမဇိ၏ ရှေ့၌ ချထား၍ "ရဟန်း ဤကလေးသည် သင်၏သားတည်း၊ ထိုသားကို လုပ်ကျွေးလော့"ဟု (ဆိုကာ)ဖဲသွားလေ၏။

ထိုအခါ အသျှင်သင်္ဂါမဇိသည် ထိုကလေးကို ကြည့်လည်းမကြည့်၊ စကားလည်းမပြော၊ ထိုအခါ အသျှင်သင်္ဂါမဇိ၏ မယားဟောင်းသည် မနီးမဝေးအရပ်သို့ ရောက်၍ ပြန်ကြည့်လတ်သော် ထိုကလေးကို ကြည့်လည်းမကြည့်၊ စကားလည်းမပြောသော အသျှင်သင်္ဂါမဇိကို မြင်သောကြောင့် "ဤရဟန်းသည် သားဖြင့်လည်း အလိုမရှိ"ဟု ထိုမယားဟောင်းအား အကြံဖြစ်၏၊ ထိုကြောင့် ပြန်လှည့်၍ ကလေးကိုခေါ်ယူပြီးလျှင် ဖဲသွားလေ၏။ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိအမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်မျက်စိဖြင့် အသျှင်သင်္ဂါမဇိမယားဟောင်း၏ ဤဖောက်ပြန်ပုံသဘောကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအနက်သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌—

"လာသောမယားဟောင်းကို မနှစ်သက်၊ ပြန်သွားသည်ကို မစိုးရိမ်၊ ကပ်ငြိတွယ်တာခြင်း မှလွတ်သော သင်္ဂါမဇိရဟန်းကို ဗြာဟ္မဏ (ရဟန္တာ)ဟု ငါဘုရားဟော၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-ဇဋိလသုတ်

၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဂယာမြို့ ဂယာသီသတောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ များစွာသော ရသေ့တို့သည် ချမ်းအေးကုန်သော ဆောင်းဥတု ညဉ့်အခါတွင် (တပို့တွဲ တပေါင်းလတို့၏) အကြား ရှစ်ညဉ့်တို့ဝယ် ဆီးနှင်းကျရာအခါ၌ "ဤအကျင့်ဖြင့် စင်ကြယ်၏"ဟု ဂယာဆိပ်၌ ငုပ်လည်း ငုပ်ကြကုန်၏၊ ပေါ်လည်းပေါ်ကြကုန်၏၊ ငုပ်ခြင်း ပေါ်ခြင်းကိုလည်း ပြုကြကုန်၏၊ (ရေဖြင့်)ခပ်၍ (မိမိကိုယ်ကို)လည်း သွန်းလောင်းကြကုန်၏၊ မီးကိုလည်း ပူဇော်ကြကုန်၏။

မြတ်စွာဘုရားသည် ချမ်းအေးသော ဆောင်းဥတု ညဉ့်အခါတွင် (တပို့တွဲ တပေါင်းလတို့၏)အကြား ရှစ်ညဉ့်တို့ဝယ် ဆီးနှင်းကျရာ အခါ၌ "ဤအကျင့်ဖြင့် စင်ကြယ်၏"ဟု ဂယာဆိပ်၌ ငုပ်လည်းငုပ် ပေါ်လည်းပေါ်ကြကုန်သော ငုပ်ခြင်းပေါ်ခြင်းကိုလည်း ပြုကြကုန်သော

http://www.dhammadownload.com



ရေမြှင်လည်း ခပ်၍ (မိမိကိုယ်ကို)လည်း သွန်းလောင်းကြကုန်သော မီးကိုလည်း ပူဇော်ကြကုန်သော ထိုများစွာသော ရသေ့တို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအနက်သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ဤဂယာမြစ်ဆိပ်၌ များစွာသော လူအပေါင်းသည် ရေချိုး၏၊ ရေကြောင့် စင်ကြယ်ခြင်းကား မဖြစ်နိုင်၊ အကြင်ပုဂ္ဂိုလ်၌ သစ္စာသည်၎င်း မဂ်ဖိုလ်တရားသည်၎င်း ရှိ၏၊ ထိုပုဂ္ဂိုလ်သည် စင်ကြယ်၏၊ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏ (ရဟန္တာ)မည်၏" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

## ၁၀-ဗာဟိယသုတ်

၁၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သစ်သားပျဉ်ချပ်ဝတ်သောကြောင့် ဒါရုစီရိယမည်သော ဗာဟိယသည် ရှိသေခြင်း လေးမြတ်ခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း တုပ်ဝပ်ခြင်းကို ခံယူလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို ရသည်ဖြစ်၍ သမုဒ္ဒရာကမ်းခြေ သုပ္ပါရကဆိပ်၌ နေ၏။ ထိုအခါ ဒါရုစီရိယမည်သော ဗာဟိယအား ဆိတ်ငြိမ်ရာသို့ ကပ်၍ တယောက်တည်း ကိန်းအောင်းရာ၌ "လောက၌ ရဟန္တာတို့သည်၎င်း အရဟတ္တမဂ်သို့ ရောက်ကြသော သူတို့သည်၎င်း ရှိကုန်၏၊ ငါသည် ထိုသူတို့တွင် တယောက်အပါအဝင်တည်း" ဟု ဤသို့စိတ်အကြံသည် ဖြစ်၏။

ထိုအခါ ဗာဟိယ၏ ရှေးဘဝက ဆွေမျိုးတော်ဘူးသော နတ်သားသည် စောင့်ရှောက်လိုသည် အစီးအပွါးကို အလိုရှိသည်ဖြစ်၍ သစ်သား အဝတ်ဝတ်သော ဗာဟိယ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိသောကြောင့် သစ်သား အဝတ်ဝတ်သော ဗာဟိယရှိရာသို့ ချဉ်းကပ်၍ သစ်သား အဝတ်ဝတ်သော ဗာဟိယကို "ဗာဟိယ သင်သည် ရဟန္တာလည်း မဟုတ်၊ အရဟတ္တမဂ်သို့ ရောက်သူလည်း မဟုတ်၊ အကြင်အကျင့်ဖြင့် သင်သည် ရဟန္တာလည်း ဖြစ်ရာ၏၊ အရဟတ္တမဂ်သို့လည်း ရောက်ရာ၏၊ သင့်အား ထိုအကျင့်မျှသော်လည်း မရှိ" ဟု ဤစကားကို ပြောဆို၏။

ထိုအခါ ဗာဟိယသည် နတ်သားအား နတ်နှင့်တကွသော လောက၌ ရဟန္တာသည်၎င်း အရဟတ္တမဂ်သို့ ရောက်သော သူတို့သည်၎င်း အဘယ်အရပ်၌ နေကြကုန်သနည်း ဟု (မေးလေ၏)။ ဗာဟိယ ဥတ္တရတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိမည်သော မြို့သည် ရှိ၏၊ ထိုသာဝတ္ထိမြို့၌ သစ္စာလေးပါးကိုသိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် ယခုအခါ၌ နေတော်မူ၏၊ ဗာဟိယ ထိုမြတ်စွာဘုရားသည် ရဟန္တာလည်းဖြစ်၏၊ ရဟန္တာဖြစ်ခြင်းငှါ တရားကိုလည်း ဟော၏ဟု (ပြောလေ၏)။

ထိုအခါ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် နတ်သား၏ ထိတ်လန့်စေမှုကြောင့် ထိုခဏ၌ပင် သုပ္ပါရက ဆိပ်ကမ်းမှ ဖဲသွားလေ၏။ ခရီးအားလုံးဟို၌ တညဉ့်အိပ်နေခြင်းဖြင့် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းသို့ ရောက်၏။ ထိုအခါ၌ များစွာ

http://www.dhammadownload.com



သော ရဟန်းတိသည် လှင်တီးခေါင်၌ စင်္ကြံသွားကုန်၏။ ထိုအခါ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် ထိုရဟန်းတို့ရှိရာသို့ ချဉ်းကပ်၍ ထိုရဟန်းတို့ကို "အသျှင်ဘုရားတို့ သစ္စာလေးပါးကို သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် ယခုအခါ အဘယ်မှာ နေပါသနည်း၊ သစ္စာလေးပါးကို သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ဖူးမြင်လိုပါကုန်၏"ဟု လျှောက်ထား၏။ ဗာဟိယ မြတ်စွာဘုရားသည် ဆွမ်းအလို့ငှါ ရွာတွင်းသို့ ဝင်တော်မူ၏ဟု (ပြောဆိုကုန်၏)။

ထိုအခါ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် လျင်မြန်သောသဘောရှိကာ ဇေတဝန် ကျောင်းတော်မှ ထွက်၍ သာဝတ္ထိမြို့သို့ ဝင်လတ်သော် ကြည်ညိုဖွယ်ရှိသော ကြည်ညိုဖွယ်ကို ဆောင်သော ငြိမ်သက်သော ဣန္ဒြေရှိသော ငြိမ်းအေးသော စိတ်ရှိသော မြတ်သော သမထသို့ ရောက်သော ယဉ်ကျေးသော လုံခြုံသော ရဟန်း-ဣန္ဒြေရှိသော ရဟန္တာဖြစ်သော မြတ်စွာဘုရားကို သာဝတ္ထိမြို့၌ ဆွမ်းခံလှည့်လည်သည်ကို မြင်သော်ကြောင့် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးဖြင့်တိုက်၍ မြတ်စွာဘုရားအား "အသျှင်ဘုရား အကြင်တရား တော်သည် တပည့်တော်၏ ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး အစီးအပွါးအလို့ငှါ ချမ်းသာ အလို့ငှါ ဖြစ်၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့်တော်အား ထိုတရားကို ဟောတော်မူ ပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ထိုတရားကို တပည့်တော် အား ဟောတော်မူပါလော့" ဟု ဤစကားကို လျှောက်ထား၏။ ဤသို့ လျှောက်ထားလတ်သော် မြတ်စွာဘုရားသည် သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယကို "ဗာဟိယ အခါမဟုတ်သေး၊ ဆွမ်း အလို့ငှါ ရွာတွင်းသို့ ဝင်နေ၏"ဟု ဤစကားကို မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရား၏ အသက်အန္တရာယ်တို့ကိုငှင်း တပည့်တော်၏ အသက်အန္တရာယ် တို့ကိုငှင်း သိနိုင်ခဲပါ၏၊ အကြင်တရားတော်သည် တပည့်တော်၏ ရှည်ကြာစွာသော နေ့ညဉ့် ပတ်လုံး အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့် တော်အား ထိုတရားကို ဟောတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ် သော မြတ်စွာဘုရား ထိုတရားကို တပည့်တော်အား ဟောတော်မူပါလော့" ဟု ဤစကားကို လျှောက်ထား၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယကို "ဗာဟိယ အခါမဟုတ်သေး၊ ရွာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်နေ၏"ဟု ဤစကားကို မိန့်တော်မူ၏။

သုံးကြိမ်မြောက်လည်း သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရား၏ အသက်အန္တရာယ်တို့ကိုငှင်း တပည့်တော်၏ အသက်အန္တရာယ် တို့ကိုငှင်း သိနိုင်ခဲပါ၏၊ အကြင်တရားတော်သည် တပည့်တော်၏ ရှည်ကြာစွာသော နေ့ညဉ့် ပတ်လုံး အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏၊ မြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့် တော်အား ထိုတရားကို ဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ထိုတရားကို တပည့်တော်အား ဟောတော်မူပါလော့"ဟု ဤစကားကို လျှောက် ထား၏။

ထိုသို့ဖြစ်လျှင် ဗာဟိယ သင်သည် ဤသို့ကျင့်အပ်၏ "မြင်ရာ၌ မြင်ကာမျှ ဖြစ်လတ္တံ့၊ ကြားရာ ၌ ကြားကာမျှ ဖြစ်လတ္တံ့၊ တွေ့ရာ၌ တွေ့ကာမျှ ဖြစ်လတ္တံ့၊ သိရာ၌ သိကာမျှ ဖြစ်လတ္တံ့"ဟု

http://www.dhammadownload.com



ဤသို့ သင်သည် ကျင့်အပ်၏။ ဗာဟိယ အကြင်အခါ၌ သင်သည် မြင်ရာ၌ မြင်ကာမျှ ဖြစ်လတ္တံ့၊ ကြားရာ၌ ကြားကာမျှ ဖြစ်လတ္တံ့၊ တွေ့ရာ၌ တွေ့ကာမျှ ဖြစ်လတ္တံ့၊ သိရာ၌ သိကာမျှ ဖြစ်လတ္တံ့၊ ဗာဟိယ ထိုအခါ သင်သည် ထိုရာဂစသည်နှင့် တကွ မဖြစ်လတ္တံ့။ ဗာဟိယ အကြင်အခါ သင်သည် ထိုရာဂစသည်နှင့်တကွ မဖြစ်လတ္တံ့၊ ဗာဟိယ ထိအခါ သင်သည် ထိုရူပါရုံစသည်၌ (နှစ်သက်မှု ပြစ်မှားမှု တွေဝေမှု) မဖြစ်လတ္တံ့။ ဗာဟိယ အကြင်အခါ ထိုရူပါရုံစသည်၌ (နှစ်သက်မှု ပြစ်မှားမှု တွေဝေမှု)မဖြစ်လတ္တံ့၊ ဗာဟိယ ထိုအခါ သင်သည် ဤမျက်မှောက်ဘဝ၌၎င်း တမလွန်ဘဝ၌၎င်း နှစ်ပါးစုံဘဝ၌၎င်း မဖြစ်လတ္တံ့၊ ဤသည်ပင်လျှင် ဆင်းရဲ၏အဆုံးတည်းဟု (ဟောတော်မူ၏)။

ထိုအခါ သစ်သား ပျဉ်ချပ်ကိုဝတ်သော ဗာဟိယမထေရ်အား ဤအကျဉ်းဖြစ်သော မြတ်စွာဘုရား တရားဟောခြင်းဖြင့် ထိုခဏ၌ပင်လျှင် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ်သည် လွတ်၏။

ထိုအခါ မြတ်စွာဘုရားသည် သစ်သားပျဉ်ချပ်ကိုဝတ်သော ဗာဟိယမထေရ်ကို ဤအကျဉ်း ဖြစ်သော ဆုံးမခြင်းဖြင့် ဆုံးမ၍ ဖဲကြွတော်မူ၏။ ထိုအခါ မြတ်စွာဘုရား ဖဲကြွ၍ မကြာမီ နို့စို့နွားငယ်ရှိသော နွားမသည် သစ်သားပျဉ်ချပ်ကို ဝတ်သော ဗာဟိယမထေရ်ကို ဝှေ့၍ ဇီဝိတိန္ဒြေမှ ချ၏။

ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းခံပြီးသည်မှ နောက်၌ ဆွမ်းခံရာမှ ဖဲကြွခဲ့ပြီးသော် များစွာသော ရဟန်းတို့နှင့် အတူ သာဝတ္ထိမြို့မှ ထွက်တော်မူ၍ သေသော သစ်သားပျဉ်ချပ်ကိုဝတ်သော ဗာဟိယကိုမြင်၍ ရဟန်းတို့ကို "ရဟန်းတို့ ဆောင်ယူကြလော့၊ သစ်သားပျဉ်ချပ်ကို ဝတ်သော ဗာဟိယ၏ ကိုယ်ကောင်ကို ညောင်စောင်းပေါ်သို့ တင်၍ ထုတ်ဆောင်လျက် မီးရှို့ကြကုန်လော့၊ ထိုဗာဟိယ၏ စေတီကိုလည်း ပြုကြကုန်လော့၊ ရဟန်းတို့ သင်တို့၏ သီတင်းသုံးဖော်သည် သေ၏"ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ (စကားကို)ဝန်ခံ၍ သစ်သား ပျဉ်ချပ်ဝတ်သော ဗာဟိယ၏ ကိုယ်ကောင်ကို ညောင်စောင်းပေါ်သို့ တင်၍ ထုတ် ဆောင်လျက် မီးရှို့၍ ထိုဗာဟိယ၏ စေတီကိုလည်း ပြုလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော အရပ်၌ နေကြကုန်၏၊ တခုသောအရပ်၌ နေပြီးသော ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား သစ်သားပျဉ်ချပ်ကို ဝတ်သော ဗာဟိယ၏ ကိုယ်ကောင်ကို မီးရှို့အပ်ပါပြီ၊ ထိုဗာဟိယ၏ စေတီကိုလည်း ပြုအပ်ပါပြီ၊ ထိုဗာဟိယ၏လားရာ ဂတိကား အဘယ်ပါနည်း၊ ရှေးရှုရောက်ရာ တမလွန်ဘဝကား အဘယ်ပါနည်း"ဟု ဤစကားကို လျှောက်ထားကုန်၏။ ရဟန်းတို့ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် ပညာရှိ၏၊ လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်၏၊ တရားတည်းဟူသော အကြောင်းကြောင့် ငါဘုရားကို မညှဉ်းဆဲ။ ရဟန်းတို့ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် ပရိနိဗ္ဗာန်ပြု၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအနက်သဘောကို သိတော်မူ၍ ထိုသိသော အချိန်၌—

"အကြင်နိဗ္ဗာန်၌ အာပေါဓာတ်သည်၎င်း ပထဝီဓာတ်သည်၎င်း တေဇောဓာတ်သည်၎င်း ဝါယောဓာတ်သည်၎င်း မတည်နိုင်၊ ထိုနိဗ္ဗာန်၌ ကြယ်တို့သည် မတောက်ပကုန်၊ နေသည်လည်း မတောက်ပ၊ လသည်လည်း မတောက်ပ၊ အမိုက်တိုက်လည်း မရှိ။

http://www.dhammadownload.com



အကြင်အခါ၌ သစ္စာလေးပါးကို သိသောကြောင့် မုနိအမည်ရသော ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်တိုင် နိဗ္ဗာန်ကို သိ၏၊ နိဗ္ဗာန်ကို သိပြီးသည်မှ နောက်၌ ရုပ်မှုငင်း နာမ်မှုငင်း ချမ်းသာ ဆင်းရဲမှုငင်း လွတ်၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

(မြတ်စွာဘုရားသည် ဤဥဒါန်းကိုလည်း ဟောတော်မူ၏ဟု အကျွန်ုပ် ကြားရဘူးပါ၏)။

ရှေးဦးစွာသော ဗောဓိဝဂ် ပြီး၏။

## ၂-မုစလိန္ဒဝဂ် ၁-မုစလိန္ဒသုတ်

၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား ကျည်းပင်ရင်း၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ်ကို ခံစားလျက် တထိုင် တည်း နေတော်မူ၏။

ထိုအခါ ချမ်းအေးသော လေ နှိပ်စက်သည့် ခုနစ်ရက်စွေသော အခါမဲ့ မိုးကြီးသည် ရွာသွန်း ၏။ ထိုအခါ မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှ ထွက်လာပြီးလျှင် “မြတ်စွာဘုရားကို အအေးအပူ ခြင် မှက် လေ နေ ပူ မြွေ ကင်းသန်းတို့၏ အတွေ့သည် မဖြစ်ပါစေလင့်”ဟု နှလုံးသွင်း၍ မြတ်စွာဘုရား ၏ ကိုယ်တော်ကို အခွေတို့ဖြင့် ခုနစ်ပတ် ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသော ပါးပျဉ်းကို မိုးလျက် တည်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို(အရဟတ္တဖိုလ်) ဖလသမာပတ် သမာဓိမှ ထ၏။ထိုအခါ မုစလိန္ဒနဂါးမင်းသည် ကောင်းကင်၌ တိမ်တိုက် ပျောက်ပျက်ကင်းစင်သည်ကို သိ၍ မြတ်စွာဘုရားကိုယ်တော်မှ အခွေတို့ကို ဖြေ၍ မိမိအသွင်ကို ပယ်ဖျောက်ကာ လုလင် အသွင် ကို ဖန်ဆင်းပြီးလျှင် မြတ်စွာဘုရားကို လက်အုပ်ချီကာ ရှိခိုးလျက် မြတ်စွာဘုရားရှေ့မျှောက်၌ ရပ်တည်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“မဂ်ဉာဏ်လေးပါးတည်း ဟူသော ရောင့်ရဲခြင်းရှိသည်ဖြစ်၍ ထင်ရှားသိပြီးသော တရား ရှိသည့် ခပ်သိမ်းသောတရားတို့ကို မြင်သော ရဟန္တာပုဂ္ဂိုလ်အား နိဗ္ဗာန်ဟူသော ဝိဝေက သည် ချမ်းသာ၏၊ လောက၌ အမျက်မထွက်ခြင်းသည်ငင်း သတ္တဝါအပေါင်းတို့၌ (မညှဉ်းဆဲမိ အောင်)စောင့်စည်းခြင်းသည်ငင်း ချမ်းသာ၏။

လောက၌ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟု ဆိုအပ်သော စွဲမက်မှု ‘ရာဂ’ကင်းသည့် အဖြစ်သည် ချမ်းသာ၏၊ ငါဟူသော မာန်ကို ဆုံးမနိုင်ခြင်းသည် စင်စစ် အမြတ်ဆုံး ချမ်းသာခြင်းဖြစ်၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

## ၂-ရာဇသုတ်

၁၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဆွမ်းခံပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ကြ၍ တရားသဘင်မဏ္ဍပ်၌ စုဝေးထိုင်နေကြကုန်သော များစွာသော ရဟန်းတို့အား "ငါ့သျှင်တို့ မာဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းသည်၎င်း ပသေနဒီကောသလမင်းသည်၎င်း ဤမင်းနှစ်ဦးတို့တွင် အဘယ်မင်းသည် ပိုလွန်၍ (မြေဥ္စမြှုပ်ထား) များသောဥစ္စာရှိသနည်း၊ ပိုလွန်၍ များသော အတွင်းအပ အသုံးအဆောင်ရှိသနည်း၊ ပိုလွန်၍ များသော ကျီကြဘဏ်တိုက်ရှိသနည်း၊ ပိုလွန်၍ များသော တိုင်းပြည်ရှိသနည်း၊ ပိုလွန်၍ များသော ဆင်မြင်းစသော ယာဉ်ရှိသနည်း၊ ပိုလွန်၍ များသော စစ်သည်ဗိုလ်ပါ ရှိသနည်း၊ ပိုလွန်၍ ကြီးမားသော ဘုန်းကံရှိသနည်း၊ ပိုလွန်၍ ကြီးသော တန်ခိုးအာနုဘော်ရှိသနည်း"ဟု ဤအကြားစကားသည် ထင်ရှားဖြစ်၏။

ထိုရဟန်းတို့၏ ဤအကြားစကား မပြီးပြတ်သေးမီ မြတ်စွာဘုရားသည် ညနေချမ်းအခါ(တပါးတည်း) ကိန်းအောင်းရာမှ ထတော်မူ၍ တရားသဘင်မဏ္ဍပ်သို့ ချဉ်းကပ်လျက် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးသော် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကြကုန်သနည်း၊ စုဝေးနေထိုင်ကုန်သော သင်တို့၏ မပြီးပြတ်သေးသော အကြားစကားသည် အဘယ်နည်း"ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဤနေရာ၌ ဆွမ်းခံပြီးနောက် ဆွမ်းခံရွာမှ ဖဲ၍ ပြန်လာကြကုန်သော တပည့်တော်တို့အား တရားသဘင်မဏ္ဍပ်၌ စုဝေး ထိုင်နေကြကုန်စဉ် "ငါ့သျှင်တို မာဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းသည်၎င်း ပသေနဒီကောသလမင်းသည်၎င်း ဤမင်းနှစ်ဦးတို့တွင် အဘယ်မင်းသည် ပိုလွန်၍ (မြေဥ္စမြှုပ်ထား) များသောဥစ္စာရှိသနည်း၊ ပိုလွန်၍ များသော အတွင်းအပ အသုံးအဆောင်ရှိသနည်း၊ ပိုလွန်၍ များသော ကျီကြဘဏ်တိုက်ရှိသနည်း၊ ပိုလွန်၍ များသော တိုင်းပြည်ရှိသနည်း၊ ပိုလွန်၍ များသော ဆင်မြင်းစသော ယာဉ်ရှိသနည်း၊ ပိုလွန်၍ များသော စစ်သည်ဗိုလ်ပါရှိသနည်း၊ ပိုလွန်၍ကြီးမားသော ဘုန်းကံရှိသနည်း၊ပိုလွန်၍ကြီးသော တန်ခိုးအာနုဘော် ရှိသနည်း"ဟု ဤအကြားစကားသည် ဖြစ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့၏ ဤအကြားစကား မပြီးပြတ်သေးမီ မြတ်စွာဘုရား ကြွလာတော်မူပါ၏ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကုန်သော အမျိုးကောင်းသားဖြစ်ကုန်သော သင်တို့အား ဤသို့သဘောရှိသော စကားမျိုးကို ပြောဆိုခြင်းသည် မလျှောက်ပတ်၊ ရဟန်းတို စုဝေးနေထိုင်ကြကုန်သော သင်တို့သည် တရားစကားပြောဆိုမှုကို၎င်း မြတ်သောဆိတ်ဆိတ်နေမှုကို၎င်း ဤကိစ္စနှစ်ပါးကိုသာ ပြုအပ်၏ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"လောက၌ ကာမချမ်းသာသည်၎င်း နတ်၌ ဖြစ်သောချမ်းသာသည်၎င်း ဤချမ်းသာတိသည် တဏှာကုန်ရာ (ဖလသမာပတ်)ချမ်းသာ၏ တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်ကုန်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-ဒဏ္ဍသုတ်

၁၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ

http://www.dhammadownload.com



များစွာသော သူငယ်တို့သည် သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်း၏အကြား၌ မြွေကို တုတ်ဖြင့်ရိုက်နှက် ညှဥ်းဆဲကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူဆောင်တော်မူပြီးလျှင် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်တော်မူ၏၊ မြတ်စွာဘုရားသည် သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်း၏ အကြား၌ မြွေကို တုတ်ဖြင့် ရိုက်နှက်ညှဥ်းဆဲကြသော များစွာသော သူငယ်တို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်သူသည် မိမိ၏ချမ်းသာကို ရှာမှီးသည်ဖြစ်၍ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှန်ကန်စသည်ဖြင့် ရိုက်နှက်ညှဥ်းဆဲ၏၊ ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာကို မရနိုင်။

အကြင်သူသည် မိမိ၏ ချမ်းသာကို ရှာမှီးသည်ဖြစ်၍ ချမ်းသာကို အလိုရှိသောသတ္တဝါတို့ကို တုတ်လှန်ကန်စသည်ဖြင့် မရိုက်နှက် မညှဥ်းဆဲ၊ ထိုသူသည်သာ တမလွန်ဘဝ၌ ချမ်းသာကို ရနိုင်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-သက္ကာရသုတ်

၁၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူရလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၏။ ရဟန်းသံဃာသည်လည်း အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူကြရလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံး အဆောင်တို့ကို ရ၏။ သာသနာတော်ပြင်ပ ဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည်ကား အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို မခံယူကြရကုန်ပဲ သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို မရရှိကြကုန်။

ထိုအခါ သာသနာတော်ပြင်ပ ဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည် မြတ်စွာဘုရားအားရှင်း ရဟန်းသံဃာအားရှင်း အရိုအသေပြုသည်ကို သည်းမခံနိုင်ကြသောကြောင့် ရွာ၌ရှင်း တော၌ရှင်း ရဟန်းတို့ကို မြင်ကြလျှင် ယုတ်မာကြမ်းထမ်းသော စကားတို့ဖြင့် ဆဲရေးကုန်၏၊ခြိမ်းခြောက်ကုန်၏၊ ချုတ်ချယ်ကုန်၏၊ နှောင့်ယှက်ကုန်၏။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဥ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောအရပ်၌ ထိုင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏ "အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရားသည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူရလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၏၊ရဟန်းသံဃာသည်လည်း အရိုအသေ ပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူရလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာ

http://www.dhammadownload.com



တို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၍ သာသနာတော်မှပြင်ပဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည်ကား အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို မခံယူကြရပဲ သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို မရရှိကုန်။ အသျှင်ဘုရား သာသနာတော်မှပြင်ပဖြစ်သော ထိုတိတ္ထိပရိဗိုဇ်တို့သည် မြတ်စွာဘုရားအားရင်း ရဟန်းသံဃာအားရင်း အရိုအသေပြုသည်ကို သည်းမခံနိုင်သောကြောင့် ရွာ၌ရင်း တော၌ရင်း ရဟန်းတို့ကို မြင်လျှင် ယုတ်မာကြမ်းထမ်းသော စကားတို့ဖြင့် ဆဲရေးကုန်၏၊ ခြိမ်းခြောက်ကုန်၏၊ ချုတ်ချယ်ကုန်၏၊ နှောင့်ယှက်ကုန်၏ ဟု (လျှောက်ကြကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"ရွာ၌ရင်း တော၌ရင်း ချမ်းသာဆင်းရဲနှင့် တွေ့ထိသော် ဤချမ်းသာဆင်းရဲသည် မိမိကြောင့်ရင်း သူတပါးကြောင့်ရင်း ဖြစ်၏ဟု အစွဲမထားရာ၊ တွေ့ထိခြင်းတို့သည် ခန္ဓာငါးပါးကိုစွဲ၍ တွေ့ထိကုန်၏၊ ခန္ဓာငါးပါးမရှိသူကို အဘယ်အကြောင်းကြောင့် တွေ့ထိခြင်းတို့သည် တွေ့ထိနိုင်ကုန်အံ့နည်း"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်

---

## ၅-ဥပါသကသုတ်

၁၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဣစ္ဆာနင်္ဂလရွာသား ဥပါသကာတယောက်သည် သာဝတ္ထိပြည်သို့ တစုံတခုပြုဖွယ်ကိစ္စဖြင့်ရောက်လာ၏။ ထို့နောက် ထိုဥပါသကာသည် သာဝတ္ထိမြို့၌ ပြုဖွယ်ကိစ္စကို ပြီးစီးစေ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောအရပ်၌ ထိုင်နေ၏၊ တခုသောအရပ်၌ ထိုင်နေသော ထိုဥပါသကာအား မြတ်စွာဘုရားသည် "ဥပါသကာ ဤငါ့ထံသို့လာသောအလှည့်အကြိမ်ကို ကြာမြင့်မှ သင်ပြုဘိ၏"ဟု ဤစကားကို မိန့်တော်မူ၏။

အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်လိုသည်မှာ ကြာမြင့်လှပါပြီ၊ သို့သော်လည်း တပည့်တော်သည် ထိုထိုဤဤ ပြုဖွယ်အမှုကြီးငယ်တို့ဖြင့် ကြောင့်ကြရှိပါ၏၊ တပည့်တော်သည် ဤသို့ကြောင့်ကြအားဖြင့် မြတ်စွာဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်ခြင်းငှါ မစွမ်းနိုင်ခဲ့ပါဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"တဆယ့်ခြောက်ချက် မင်္ဂကိစ္စကို ပြုပြီးဖြစ်၍ အကြားအမြင်များလျက် တစုံတခု ကြောင့်ကြမှု တစုံတရာမရှိသူသည် အမှန်စင်စစ် ချမ်းသာ၏၊ ကြောင့်ကြမှုရှိ၍ ပင်ပန်းခြင်းသို့ ရောက်သူကို ရှုလော့၊ သူတယောက်သည် သူတယောက်အပေါ်၌ တွယ်တာစွဲလမ်းသည်ဖြစ်၍ ပင်ပန်း၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဂဗ္ဘိနီသုတ်

၁၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ တယောက်သောပရိဗိုဇ်၏ မယားဖြစ်သူ ပရိဗိုဇ်မငယ်သည် ကိုယ်ဝန်ရှိလျက် သားဖွားချိန် နီး၏၊ ထိုအခါ ပရိဗိုဇ်မသည် ထိုပရိဗိုဇ်ယောကျ်ားကို "ပုဏ္ဏား သင်သွားချေပါလော့၊ ငါ သား ဖွားရန် အတွက် ဆီကို ဆောင်ယူချေပါလော့"ဟု ပြောဆို၏။

ဤသို့ပြောဆိုသော် ထိုပရိဗိုဇ်ယောကျ်ားသည် ထိုပရိဗိုဇ်မကို "ရှင်မ ငါသည် အဘယ်မှ ဆီကို ဆောင်ယူရအံ့နည်း"ဟု ပြော၏။ နှစ်ကြိမ်မြောက်လည်း ထိုပရိဗိုဇ်မသည် ထိုပရိဗိုဇ် ယောကျ်ားကို "ပုဏ္ဏား သင်သွားချေပါလော့၊ ငါသားဖွားရန်အတွက် ဆီကို ဆောင်ယူချေပါ လော့"ဟု ပြောဆို၏။ နှစ်ကြိမ်မြောက်လည်း ထိုပရိဗိုဇ်ယောကျ်ားသည် ထိုပရိဗိုဇ်မကို "ရှင်မ ငါသည် အဘယ်မှ ဆီကို ဆောင်ယူရအံ့နည်း"ဟု ပြောဆို၏။ သုံးကြိမ်မြောက်လည်း ထိုပရိဗိုဇ်မ သည် ထိုပရိဗိုဇ်ယောကျ်ားကို "ပုဏ္ဏား သင်သွားချေပါလော့၊ ငါသားဖွားရန်အတွက် ဆီကို ဆောင်ယူချေပါလော့"ဟု ပြောဆို၏။

ထိုအခါ ပသေနဒီကောသလမင်း၏ ကျီကြဘဏ္ဍာတိုက်ဝယ် သမဏအားရင်း ဗြာဟ္မဏ အားရင်း ထောပတ်နှင့် ဆီကို အလိုရှိတိုင်း သောက်ခြင်းငှါ ပေးလှူ၏၊ ဆောင်ယူခြင်းငှါကား မပေးလှူ။

ထိုအခါ ထိုပရိဗိုဇ်ယောကျ်ားအား "ပသေနဒီကောသလမင်း၏ ကျီကြဘဏ္ဍာတိုက်ဝယ် သမဏအားရင်း ဗြာဟ္မဏအားရင်း ထောပတ်နှင့် ဆီကို အလိုရှိတိုင်း သောက်ခြင်းငှါ ပေးလှူ၏၊ ဆောင်ယူခြင်းငှါကား မပေးလှူ၊ ငါသည် ပသေနဒီကောသလမင်း၏ ကျီကြဘဏ္ဍာတိုက်သို့ သွား၍ ဆီကို အလိုရှိတိုင်း သောက်ကာ အိမ်သို့ပြန်ပြီးလျှင် ဤပရိဗိုဇ်မ သားဖွားရန်အတွက် ဆီကို အန်၍ ပေးရပါမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။

ထို့နောက် ထိုပရိဗိုဇ်ယောကျ်ားသည် ပသေနဒီကောသလမင်း၏ကျီကြဘဏ္ဍာတိုက်သို့သွား၍ ဆီကိုအလိုရှိတိုင်း သောက်ကာ အိမ်သို့ပြန်ပြီးလျှင် ဆီကို အန်ထုတ်ခြင်းငှါလည်း မစွမ်းနိုင်၊ (ဝမ်း လျှောကျစေခြင်းငှါလည်း) မစွမ်းနိုင်၊ ထိုပရိဗိုဇ်ယောကျ်ားသည် ထက်မြက်ကြမ်းကြုတ် စပ်ရှား ကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသောကြောင့် ကိုယ်ကို ထိုမှ ဤမှ လူးလှိမ့်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်တော်မူ၏။ မြတ်စွာဘုရားသည် ထက်မြက်ကြမ်းကြုတ် ကုန်သော စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသည်ဖြစ်၍ ထိုမှ ဤမှ လူးလှိမ့်နေသော ထိုပရိဗိုဇ်ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ကြောင့်ကြမှုမရှိ သူတို့သည် စင်စစ် ချမ်းသာကုန်၏၊ အရိယာမဂ်ဉာဏ်သို့ ရောက်သူတို့ သည် ကြောင့်ကြမှုမရှိကုန်၊ ကြောင့်ကြမှုရှိ၍ ပင်ပန်းခြင်းသို့ ရောက်သောသူကို ရှုလော့၊

http://www.dhammadownload.com



သူတယောက်သည် သူတယောက်အပေါ်၌ တွယ်တာ စွဲလမ်းသည်ဖြစ်၍ ပင်ပန်း၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

## ၇-ကေပုတ္တကသုတ်

၁၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဥပါသကာတယောက်၏ ချစ်အပ် နှစ်သက်အပ်သော တဦးတည်းသော သားသည် ကွယ်လွန်လေ၏။

ထိုအခါ စိုစွတ်သောအဝတ် စိုစွတ်သောဆံပင်ရှိကုန်သော များစွာသော ဥပါသကာတို့သည် နေ့ခင်းချည်းအချိန်၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်ကြကုန်၏၊ တခုသောအရပ်၌ ထိုင်ကြသော ထိုဥပါသကာတို့ကို မြတ်စွာဘုရားသည် စိုစွတ်သောအဝတ် စိုစွတ်သော ဆံပင်ရှိကုန်သော ဥပါသကာတို့ သင်တို့သည် အဘယ့်ကြောင့် ငါ့ထံသို့ နေ့လယ်ချည်းအချိန်၌ ချဉ်းကပ်ကုန်သနည်း”ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ထိုဥပါသကာသည် မြတ်စွာဘုရားအား “အသျှင်ဘုရား တပည့်တော်၏ ချစ်အပ် နှစ်သက်အပ်သော တဦးတည်းသော သားသည် ကွယ်လွန်ခဲ့ပါ၏၊ ထို့ကြောင့် စိုစွတ်သောအဝတ် စိုစွတ်သောဆံရှိသော တပည့်တော်တို့သည် နေ့(မွန်းတည့်ချိန်)၌ အသျှင်ဘုရား ထံသို့ ချဉ်းကပ်ပါကုန်၏”ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“ချစ်အပ်သောသဘောရှိသော ရူပက္ခန္ဓာစသည်တို့၌ သာယာမှုဖြင့် တပ်မက်ကြသော နတ်အပေါင်းတို့သည်၎င်း လူအပေါင်းတို့သည်၎င်း ဆင်းရဲကုန်လျက် ဆုတ်ယုတ်ကုန်၍ သေမင်း၏အလိုသို့ လိုက်ပါကြရကုန်၏။

အကြင်ပုဂ္ဂိုလ်တို့သည် နေ့၌၎င်း ညဉ့်၌၎င်း မမေ့လျော့ခြင်းမရှိပဲ ချစ်အပ်သောသဘော ရှိသော ခန္ဓာငါးပါးကို စွန့်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် လွန်မြောက်နိုင်ခဲသည့် သေမင်းသုံးသပ် အပ်သော ဝဋ်ဆင်းရဲအမြစ်ကို တူးဖြိုနိုင်ကုန်၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

## ၈-သုပ္ပဝါသာသုတ်

၁၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကုဏ္ဍိကာ မြို့ ကုဏ္ဍဓာနတော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ ထိုသုပ္ပဝါသာမင်းသမီးသည် ထက်မြက် ကြမ်းကြုတ်စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသည် ရှိသော် “အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ တရားဟော၏၊

http://www.dhammadownload.com



ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွရာကား၊ အကြင်သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ ကောင်းစွာ ကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား၊ အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ၊ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား”ဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏။

ထို့နောက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ခင်ပွန်းသည်ကိုခေါ်၍“အရှင့်သား သင်သည် လာပါလော့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ကျွန်ုပ်၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါလော့၊ အနာရောဂါကင်းရှင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်ပါချေလော့။ ‘အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ အနာရောဂါ ကင်းရှင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်လိုက်ပါ၏’ဟု လျှောက်ပါလော့။ ‘အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသောအခါ အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကိုပယ်ခြင်းငှါ တရားဟော၏၊ ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား။ အကြင်သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ ကောင်းစွာကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား။ အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ၊ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား’ဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏ဟု ဤသို့လည်း လျှောက်ပါလော့”ဟု ဆို၏။

ထိုကောလိယမင်းသားသည် “ကောင်းပြီ”ဟု ကောယိယမင်းသမီး သုပ္ပဝါသာ၏ (စကားကို) ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ အနာရောဂါကင်းရှင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်လိုက်ပါ၏။ ‘အသျှင်ဘုရား ကောလိယမင်းသမီးသုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ ထိုသုပ္ပဝါသာမင်းသမီးသည် ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသောအခါ အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ တရားဟော၏၊ ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား၊ အကြင်သံဃာတော်သည် ဤသို့ သဘောရှိသော ဆင်းရဲကိုပယ်ခြင်းငှါ ကောင်းစွာ ကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား၊ အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ၊ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား’ဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏၊ ဤသို့လည်း လျှောက်လိုက်ပါ၏”ဟု (လျှောက်၏)။

“ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစေသတည်း၊ ရောဂါကင်းသော သားကို ဖွားစေသတည်း”ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား မိန့်ဆိုလိုက်သည်နှင့်တပြိုင်နက်

http://www.dhammadownload.com



ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်လေ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုကောလိယမင်းသားသည် မြတ်စွာဘုရား၏ စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ မိမိအိမ်သို့ပြန်သွားလေ၏။ ကောလိယမင်းသားသည် ရောဂါကင်းသောသားကို ဖွားမြင်ပြီးသော ရောဂါမရှိမူ၍ ချမ်းသာခြင်းရှိသော ကောလိယမင်းသမီး သုပ္ပဝါသာကို မြင်၍ ကောလိယမင်းသားအား ဤသို့ အကြံဖြစ်၏ "အချင်းတို့ မြတ်စွာဘုရား၏ ကြီးသောတန်ခိုး ကြီးသောအာနုဘော်ရှိသည်၏အဖြစ်သည် အံ့ဖွယ်ရှိပေစွ၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ မြတ်စွာဘုရား မိန့်ဆိုလိုက်သည်နှင့်တပြိုင်နက် ဤကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်၏"ဟု နှစ်လိုခြင်း ဝမ်းမြောက်ခြင်း နှစ်သက်ရွှင်လန်းခြင်း ဖြစ်လေ၏။

ထို့နောက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ခင်ပွန်းသည်ကိုခေါ်၍ "အရှင့်သား လာပါဦးလော့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ကျွန်မ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါလော့ 'အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏'၊ 'အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင်ပါ၏၊သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူတကွ ကောလိယမင်းသမီးသုပ္ပဝါသာ၏ ဆွမ်းတို့ကို ခုနစ်ရက်ပတ်လုံး သည်းခံ သာယာတော်မူပါ'ဟု ဤသို့လည်း လျှောက်ထားလော့"ဟု ပြောဆို၏။

ကောလိယမင်းသားသည် "ကောင်းပြီ"ဟု ကောလိယမင်းသမီး သုပ္ပဝါသာ၏ စကားကို ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ "အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေပါ၏၊သုပ္ပဝါသာမင်းသမီးသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်၏၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်ပါ၏၊ အသျှင်ဘုရားသည် ရဟန်းသံဃာနှင့်အတူတကွ ကောလိယမင်းသမီး သုပ္ပဝါသာ၏ ဆွမ်းတို့ကို ခုနစ်ရက်ပတ်လုံး သည်းခံ သာယာတော်မူပါ"ဟု ဤသို့လည်း လျှောက်လိုက်ပါ၏ ဟု (ဤသို့လျှောက်၏)။

ထိုအခါ တယောက်သောဥပါသကာသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို နက်ဖန်အလို့ငှါ ဆွမ်းစားပင့်ဖိတ်ထားပြီးဖြစ်၏၊ထိုဥပါသကာသည်ကား အသျှင်မဟာမောဂ္ဂလ္လာန်၏ အလုပ်အကျွေး ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်မောဂ္ဂလ္လာန်ကို ခေါ်၍ "မောဂ္ဂလ္လာန် လာဦးလော့၊ ဥပါသကာထံသို့ ချဉ်းကပ်ပြီးလျှင် ထိုဥပါသကာကို ဤသို့ပြောဆိုလော့ 'ဥပါသကာ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ယခုအခါ ရောဂါမရှိမူ၍ ချမ်းသာစွာ

http://www.dhammadownload.com



ရောဂါကင်းသောသားကို ဖွားမြင်၏၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်၏၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊သင်ကား နောက်မှ ကျွေးပါ'ဟု ပြောချေလော့၊ ဤဉပါသကာသည် သင်၏ အလုပ်အကျွေးတည်း"ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏ စကားကို ဝန်ခံ၍ ဉပါသကာထံသို့ ချဉ်းကပ်ပြီးလျှင် ထိုဉပါသကာကို ဤသို့ မိန့်ဆို၏"ဉပါသကာ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေ၏၊ သုပ္ပဝါသာမင်းသမီးသည် ယခုအခါ ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင်၏၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်၏၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ သင်ကား နောက်မှ ကျွေးပါ"ဟု ဤသို့ (မိန့်ဆို၏)။

အသျှင်ဘုရား အသျှင်မဟာမောဂ္ဂလ္လာန်သည် တပည့်တော်၏စည်းစိမ်ဥစ္စာကိုငင်း အသက်ကိုငင်း သဒ္ဓါတရားကိုငင်း ဤသုံးပါးသော တရားတို့ကို အာမခံနိုင်ပါမူ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်ကား နောက်မှ ကျွေးပါမည် ဟု (လျှောက်၏)။ ဉပါသကာ ထိုတရားသုံးပါးတို့တွင် စည်းစိမ်ဥစ္စာကိုငင်း အသက်ကိုငင်း ဤနှစ်ပါးသော တရားတို့ကို ငါအာမခံနိုင်၏၊သဒ္ဓါတရားကိုမူကား သင်သည်ပင်လျှင် အာမခံလော့ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသျှင်မဟာမောဂ္ဂလ္လာန်သည် တပည့်တော်၏ စည်းစိမ်ဥစ္စာကိုငင်း အသက်ကိုငင်း တရားနှစ်ပါးကို အာမခံနိုင်ပါမူ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်က နောက်မှ ကျွေးပါမည်ဟု (လျှောက်၏)။

ထိုအခါ ထိုအသျှင်မဟာမောဂ္ဂလ္လာန်သည် ထိုဉပါသကာကို သိစေပြီး၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား တပည့်တော်သည် ထိုဉပါသကာကို အသိပေးခဲ့ပါပြီ၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ ထိုဉပါသကာသည် နောက်မှ ကျွေးပါလိမ့်မည်"ဟု လျှောက်၏။

ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲတင်းတိမ်သည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ထိုသူငယ်ကိုလည်း မြတ်စွာဘုရားနှင့် ရဟန်းသံဃာအားလုံးကို ရှိခိုးစေ၏။

ထိုအခါ အသျှင်သာရိပုတြာသည် ထိုသူငယ်ကို "သူငယ် သင့်အား ခန့်ကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲဒုက္ခကင်းပါ၏လော"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားသာရိပုတြာ တပည့်တော်အား အဘယ်မှာ ခန့်ကျန်းပါအံ့နည်း၊ မျှတပါအံ့နည်း၊ တပည့်တော်သည် ခုနစ်နှစ်တို့ပတ်လုံး သွေးအိုင်ထဲ၌ နေခဲ့ရပါသည် ဟု (လျှောက်၏)။

ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် "ငါ၏သားသည် တရားစစ်သူကြီး အသျှင်သာရိပုတြာနှင့်အတူတကွ ပြောဆို၏"ဟု နှစ်လိုခြင်း ဝမ်းမြောက်ခြင်း နှစ်သက်ရွှင်လန်းခြင်းဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ကောလိယမင်းသမီး သုပ္ပဝါသာအား နှစ်လိုဝမ်းမြောက်ခြင်း

http://www.dhammadownload.com



နှစ်သက်ရွှင်လန်းခြင်းဖြစ်သည်ကို သိသောကြောင့် ကောလိယမင်းသမီး သုပ္ပဝါသာကို "သုပ္ပဝါသာ သင်သည် ဤသားမှတပါး ဤသို့သဘောရှိသော သားမျိုးကို အလိုရှိသေးသလော"ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား တပည့်တော်မသည် ဤသားမှတပါး ဤသို့သဘောရှိကုန်သော သားခုနစ်ယောက်တို့ကို အလိုရှိပါသေးသည်ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"မသာယာအပ်သော သဘောတရားသည် သာယာဖွယ် အသွင်သဘောဖြင့်၎င်း မချစ်ခင်အပ်သော သဘောတရားသည် ချစ်ချင်ဖွယ် အသွင်သဘောဖြင့်၎င်း ဆင်းရဲသော သဘောတရားသည် ချမ်းသာဖွယ် အသွင်သဘောဖြင့်၎င်း မေ့လျော့နေသူကို လွှမ်းမိုးဖိစီး၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

## ၉-ဝိသာခါသုတ်

၁၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မိဂါရမာတာ ဝိသာခါ၏ တခုသောကိစ္စရပ်သည် ပသေနဒီကောသလမင်းနှင့် စပ်ဆိုင်နေ၏၊ ထိုကိစ္စကို ပသေနဒီကောသလမင်းသည် (ဝိသာခါ)အလိုအတိုင်း မပြီးစေ။

ထို့နောက် မိဂါရမာတာ ဝိသာခါသည် နေ့လယ်ချည်းအချိန်၌ပင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်နေ၏၊ တခုသောအရပ်၌ ထိုင်နေသော မိဂါရမာတာ ဝိသာခါကို မြတ်စွာဘုရားသည် "ဝိသာခါ သင်သည် ယခု နေ့လယ်အချိန်၌ အဘယ်မှ လာသနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော်မ၏ တခုသောကိစ္စရပ်သည် ပသေနဒီကောသလမင်းနှင့် စပ်ဆိုင်နေ၏၊ထိုကိစ္စကို ပသေနဒီကောသလမင်းသည်(တပည့်တော်မ) အလိုအတိုင်း မပြီးပါစေ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"သူတပါး အလိုလိုက်ရမှု ဟူသမျှသည် ဆင်းရဲ၏၊ အစိုးရမှု ဟူသမျှသည် ချမ်းသာ၏၊ မှန်လှ၏၊ ယောဂလေးပါးမှ လွန်နိုင်ခဲသောကြောင့် သတ္တဝါတို့သည် သူတပါးတို့နှင့် ဆက်ဆံရာ၌ ပင်ပန်းကြရကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

## ၁၀-ဘဒ္ဒိယသုတ်

၂၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အနုပိယမြို့ သရက်တော၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ ကာဠိဂေါဓာ(သာကီဝင်မင်းသမီး)၏သား

http://www.dhammadownload.com



ဖြစ်သော အသျှင်ဘဒ္ဒိယသည် တောသို့နေသည်ဖြစ်စေ သစ်ပင်ရင်း၌နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာ အရပ်၌နေသည်ဖြစ်စေ "ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု မပြတ် ဥဒါန်းကျူးရင့်၏။

ကာဠိဂေါဓာ(သာကီဝင်မင်းသမီး)၏သား အသျှင်ဘဒ္ဒိယသည် တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာ အရပ်၌နေသည်ဖြစ်စေ "ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု မပြတ်ဥဒါန်းကျူးရင့်သည်ကို များစွာသောရဟန်းတို့ ကြားကြ၍ ထိုရဟန်းတို့အား ဤသို့ အကြံဖြစ်၏ "ငါ့သျှင်တို့ မချွတ်ကေန် ကာဠိဂေါဓာ၏သား အသျှင်ဘဒ္ဒိယသည် မမွေ့လျော်ပဲ မြတ်သောအကျင့်ကို ကျင့်၏၊ ထိုအသျှင်ဘဒ္ဒိယသည် လူ့ဘဝက ခံစားခဲ့ဘူးသော မင်းစည်းစိမ်ကို အစဉ်အောက်မေ့လျက် တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ "ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု မပြတ် ဥဒါန်းကျူးရင့်၏ ဟု(ဤ အကြံသည် ဖြစ်၏)။

ထို့နောက် များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်ကြကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏ "အသျှင်ဘုရား ကာဠိဂေါဓာ၏သား အသျှင်ဘဒ္ဒိယသည် တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ 'ချမ်းသာပေစွ၊ ချမ်းသာပေစွ'ဟု မပြတ်ဥဒါန်းကို ကျူးရင့်ပါ၏၊ မချွတ်ကေန် ကာဠိဂေါဓာ၏ သား အသျှင်ဘဒ္ဒိယသည် မမွေ့လျော်ပဲ မြတ်သောအကျင့်ကို ကျင့်၏၊ ထိုအသျှင်ဘဒ္ဒိယသည် လူ့ဘဝက ခံစားခဲ့ဘူးသော မင်းစည်းစိမ်ကို အစဉ်အောက်မေ့လျက် တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ 'ချမ်းသာပေစွ၊ ချမ်းသာပေစွ'ဟု မပြတ်ဥဒါန်း ကျူးရင့်ပါ၏"ဟု (လျှောက်ထားကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို ခေါ်၍ "ရဟန်း လာလော့၊ ငါ၏စကားဖြင့် ဘဒ္ဒိယရဟန်းကို 'ငါ့သျှင်ဘဒ္ဒိယ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏' ဟု ခေါ်ချေလော့" ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရား၏ (စကားတော်ကို)ဝန်ခံ၍ ကာဠိဂေါဓာ၏သား အသျှင်ဘဒ္ဒိယထံသို့ ချဉ်းကပ်၍ ကာဠိဂေါဓာ၏သား အသျှင်ဘဒ္ဒိယကို "ငါ့သျှင်ဘဒ္ဒိယ သင့်ကို မြတ်စွာဘုရားခေါ်တော်မူ၏"ဟု ဤသို့ပြောကြား၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု ကာဠိဂေါဓာ၏သား အသျှင်ဘဒ္ဒိယသည် ထိုရဟန်း၏ (စကားကို)ဝန်ခံ၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်၏။ တခုသောအရပ်၌ ထိုင်နေသော ကာဠိဂေါဓာ၏သား အသျှင်ဘဒ္ဒိယကို မြတ်စွာဘုရားသည် ဘဒ္ဒိယ သင်သည် တော၌ နေသည်ဖြစ်စေ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ "ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု မပြတ် ဥဒါန်းကျူးရင့်၏ဟု ငါကြားရခြင်းသည် မှန်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ဟု (လျှောက်ထား၏)။

ဘဒ္ဒိယ သင်သည် အဘယ်အကြောင်းကို သိမြင်သောကြောင့် တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ "ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု ဥဒါန်းကို ကျူးရင့်သနည်းဟု(မိန့်တော်မူ၏)။အသျှင်ဘုရား တပည့်တော်သည် ရှေးလူ

http://www.dhammadownload.com



အဖြစ်ဖြင့် မင်းပြုစဉ် နန်းတော်တွင်း နန်းတော်ပြင်၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်အပ်ပါ၏၊မြို့တွင်းမြို့ပြင်၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်အပ်ပါ၏၊ဇနပုဒ်အတွင်း ဇနပုဒ်အပြင်၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်အပ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်သည် ဤသို့ စောင့်ရှောက်အပ် လုံခြုံစေအပ်သည် ဖြစ်သော်လည်း ကြောက်ရွံ့ထိတ်လန့်သည် ဖြစ်၍ နေရပါ၏။ အသျှင်ဘုရား တပည့်တော်သည် ယခုအခါ၌မူကား တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌နေသည်ဖြစ်စေ မကြောက်မရွံ့ မထိတ်မလန့်သည် ဖြစ်၍ တယောက်တည်း ကြောင့်ကြမဲ့ ကြက်သီးမွေးညင်းမထပဲ သူတပါးနှင့်စပ်သောအသက်မွေးခြင်း ရှိသည်ဖြစ်၍ သားသမင်စိတ်ထားဖြင့် နေရပါ၏။ အသျှင်ဘုရား တပည့်တော်သည် ဤအကြောင်းကို သိမြင်သည်ဖြစ်၍ တော၌နေသည်ဖြစ်စေ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ "သြော် ချမ်းသာပေစွ၊ သြော်ချမ်းသာပေစွ" ဟု မပြတ် ဤဥဒါန်းကို ကျူးရင့်ပါ၏ဟု (လျှောက်ထားလေ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ --

"အကြင်ပုဂ္ဂိုလ်၏ အတွင်းစိတ်၌ အမျက် 'ဒေါသ' တို့သည် မရှိကုန်၊ ဤသို့ ပြည့်စုံခြင်း ပျက်စီးခြင်းကိုလည်း လွန်မြောက်၏၊ ဘေးကင်း၍ ချမ်းသာသော ကြောင့်ကြကင်းသော ထို ပုဂ္ဂိုလ်ကို နတ်တို့သည်ပင် မြင်ရန် မစွမ်းနိုင်ကုန်" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

နှစ်ခုမြောက် မုစလိန္ဒဝဂ် ပြီး၏ ။

---

## ၃-နန္ဒဝဂ် ၁-ကမ္မဝိပါကဇသုတ်

၂၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေပြီးလျှင် ရှေးကံ၏ အကျိုးကြောင့်ဖြစ်သော ထက်မြက် ကြမ်းထမ်းစပ်ရှားသော ဆင်းရဲဝေဒနာကို သည်းခံလျက် အမှတ်ရမှု 'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိသည်ဖြစ်၍ မပင်မပန်းထိုင်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ ကိုယ်ကိုဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေပြီးလျှင် ရှေးကံ၏ အကျိုးကြောင့် ဖြစ်သော ထက်မြက်ကြမ်းထမ်း စပ်ရှားသော ဆင်းရဲဝေဒနာကို သည်းခံလျက် အမှတ်ရမှု 'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ရှိသည်ဖြစ်၍ မပင်မပန်းထိုင်နေသော ထိုရဟန်းကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ကံအလုံးစုံကို စွန့်ပယ်ပြီး၍ ရှေးကပြုဘူးသော ရာဂစသော မြူကို ခါထုတ်လျက် ငါ ငါဟု မစွဲလမ်းပဲ (နိဗ္ဗာန်၌) တည်သော တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန်းအား မိမိကို လုပ်ကျွေးပြုစုရန် အတွက် လူအပေါင်းကို ပြောဆိုခြင်းငှါ အလိုမရှိ" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏ ။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-နန္ဒသုတ်

၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါ တပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ညီ မိထွေးတော်၏သားဖြစ်သော အသျှင်နန္ဒသည် များစွာသောရဟန်းတို့အား "ငါ့သျှင်တို့ ငါသည် မပျော်ရွှင်ပဲ မြတ်သော အကျင့်ကို ကျင့်နေရပါ၏၊ မြတ်သောအကျင့်ကို အပြည့်အစုံ ဆောင်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာချ၍ လူထွက်တော့အံ့"ဟု ပြောဆို၏။

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား မြတ်စွာဘုရား၏ညီ မိထွေးတော်၏ သားဖြစ်သော အသျှင်နန္ဒသည် များစွာသော ရဟန်းတို့အား 'ငါ့သျှင်တို့ ငါသည် မပျော်ရွှင်ပဲ မြတ်သောအကျင့်ကို ကျင့်နေရပါ၏၊ မြတ်သောအကျင့်ကို အပြည့်အစုံ ဆောင်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာချ၍ လူထွက်တော့အံ့'ဟု ပြောဆိုပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်း တပါးကိုခေါ်၍ "ရဟန်း လာလော့၊ ငါဘုရား၏စကားဖြင့် နန္ဒရဟန်းကို 'ငါ့သျှင်နန္ဒ မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏'ဟု ခေါ်ချေလော့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရား၏စကားကိုဝန်ခံ၍ အသျှင်နန္ဒထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နန္ဒကို "ငါ့သျှင်နန္ဒ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏"ဟု ဤသို့ ပြောဆို၏။

"ငါ့သျှင် ကောင်းပါပြီ"ဟု အသျှင်နန္ဒသည် ထိုရဟန်း၏ စကားကိုဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်သော အသျှင်နန္ဒကို "နန္ဒ သင်သည် များစွာသော ရဟန်းတို့အား ငါ့သျှင်တို့ ငါသည် မပျော်ရွှင်ပဲ မြတ်သောအကျင့်ကို ကျင့်နေရပါ၏၊ မြတ်သောအကျင့်ကို အပြည့်အစုံ ဆောင်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာချ၍ လူထွက်တော့အံ့"ဟု ဤသို့ပြောဆို၏ဟု ငါကြားရသည်ကား မှန်သလော ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ဟု (လျှောက်၏)။

နန္ဒ သင်သည် အဘယ့်ကြောင့် မပျော်ရွှင်ပဲ မြတ်သောအကျင့်ကို ကျင့်သနည်း၊ မြတ်သော အကျင့်ကို အပြည့်အစုံ ဆောင်ခြင်းငှါ မစွမ်းနိုင်မူ၍ သိက္ခာချ၍ လူထွက်လိုဘိသနည်းဟု (မေးမြန်းတော်မူ၏)။ အသျှင်ဘုရား တဝက်သာ ဖီးပြီးသော ဆံပင်တို့ဖြင့် သာကီဝင်မင်းသမီး ဇနပဒကလျာဏီသည် တပည့်တော် အိမ်မှ ထွက်လာစဉ် တပည့်တော်ကို စောင်းငဲ့ကြည့်ရှုလျက် "အရှင့်သား လျင်မြန်စွာ ပြန်လာခဲ့ပါ"ဟု ဤသို့ပြောဆိုပါ၏။ အသျှင်ဘုရား ထိုတပည့်တော်သည် ထိုစကားကို မပြတ်အောက်မေ့သောကြောင့် မပျော်ရွှင်ပဲ မြတ်သောအကျင့်ကို ကျင့်နေရပါ၏၊ မြတ်သောအကျင့်ကို အပြည့်အစုံ ဆောင်ခြင်းငှါ မစွမ်းနိုင်ပါ၊ သိက္ခာချ၍ လူထွက်ပါအံ့-ဟု (လျှောက်ထား၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်နန္ဒ၏ လက်မောင်းကို ကိုင်လျက် အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ရင်း ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့ရင်း ဤအတူပင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့လျက် တာဝတိံသာနတ်ဘုံတို့၌ ထင်ရှားဖြစ်၏။

http://www.dhammadownload.com



ထိုအခါ ခိုခြေအဆင်းရှိကုန်သော နတ်သမီးငါးရာတို့သည် နတ်တို့အရှင် သိကြားမင်းထံသို့ ခစားရန် လာကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်နန္ဒကို "နန္ဒ သင်သည် ခိုခြေအဆင်း ရှိကုန်သော ဤနတ်သမီးငါးရာတို့ကို မြင်၏လော"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြင်ပါ၏ဟု (လျှောက်ထား၏)။

နန္ဒ ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ သာကီဝင်မင်းသမီး ဇနပဒကလျာဏီနှင့် ခိုခြေအဆင်းရှိသော ဤနတ်သမီးငါးရာတို့သည် အဘယ်က ပို၍ အဆင်းလှပသနည်း၊ ပို၍ ရှုချင်ဖွယ် ရှိသနည်း၊ ပို၍ နှစ်သက်ဖွယ်ရှိသနည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နား နှာခေါင်းပြတ်ကာ ကိုယ်အင်္ဂါပျက်စီးသော မျောက်မကဲ့သို့ ဤအတူ ဤနတ်သမီးငါးရာတို့ကို ထောက်ဆလျှင် သာကီဝင်မင်းသမီး ဇနပဒကလျာဏီသည် မိန်းမဟူသော အရေအတွက်သို့ပင် မဝင်ပါ၊ တစိတ်မျှ မမှီပါ၊ မနိူင်းစာလောက်ပါ၊ စင်စစ်မှာကား ဤနတ်သမီးငါးရာတို့ကသာ ပို၍ အဆင်းလှပါကုန်၏၊ ပို၍ ရှုချင်ဖွယ်ရှိပါကုန်၏၊ ပို၍ နှစ်သက်ဖွယ် ရှိပါကုန်၏ဟု (လျှောက်၏)။

နန္ဒ သာသနာတော်၌ ပျော်ရွှင်စွာ နေလော့၊ နန္ဒ ပျော်ရွှင်စွာ နေလော့၊ ခိုခြေအဆင်းရှိသော နတ်သမီးငါးရာတို့ကို ရဘို့ရန်အတွက် ငါတာဝန်ယူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာ ဘုရားသည် တပည့်တော်အတွက် ခိုခြေအဆင်းရှိသော နတ်သမီးငါးရာတို့ကို ရဘို့ရန် မြတ်စွာဘုရား တာဝန်ယူနိုင်ပါမူ တပည့်ကော်သည် သာသနာတော်တွင်းဝယ် ဘုရားသျှင်အထံတော်၌ ပျော်ရွှင်စွာ နေပါတော့မည် ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်နန္ဒ၏ လက်မောင်းကို ကိုင်၍ အားရှိသော ယောကျ်ား သည် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့၎င်း ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့၎င်း ဤအတူ ပင် တာဝတိံသာနတ်ပြည်တို့မှ ကွယ်ခဲ့လျက် ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်၏။

ရဟန်းတို့သည်"မြတ်စွာဘုရား၏ ညီ မိထွေးတော်၏သားဖြစ်သော အသျှင်နန္ဒသည် နတ်သမီး တို့ကို ရလိုမှုကြောင့် မြတ်သောအကျင့်ကို ကျင့်၏၊ ထိုအသျှင်နန္ဒအား ခိုခြေအဆင်းရှိသော နတ်သမီးငါးရာတို့ကို ရဘို့ရန် မြတ်စွာဘုရားက တာဝန်ယူသတတ်"ဟု ကြားကြကုန်၏။

ထိုအခါ အသျှင်နန္ဒ၏ အပေါင်းအဖော် ရဟန်းတို့သည် အသျှင်နန္ဒကို "အသျှင်နန္ဒသည် နတ်သမီးတို့ကို ရလိုမှုကြောင့် မြတ်သောအကျင့်ကို ကျင့်သတဲ့၊ ထိုအသျှင်နန္ဒအတွက် ခိုခြေအဆင်း ရှိသော နတ်သမီးငါးရာတို့ကို ရဘို့ရန် မြတ်စွာဘုရားက တာဝန်ယူခဲ့သတဲ့၊ အသျှင်နန္ဒသည် ကြေးစား ဖြစ်လေစွတကား၊ အသျှင်နန္ဒသည် ကုန်ဝယ်သူ ဖြစ်လေစွတကား"ဟု သူခစား ဟူသော စကားလုံး ဖြင့်၎င်း ကုန်ဝယ်သူဟူသော စကားလုံးဖြင့်၎င်း ကဲ့ရဲ့ပြောဆိုကြကုန်၏။

ထိုအခါ အသျှင်နန္ဒသည် အပေါင်းအဖော်ရဟန်းတို့၏ သူခစားဟူသော ကဲ့ရဲ့ချက် ကုန် ဝယ်သူဟူသော ကဲ့ရဲ့ချက်ကြောင့် ငြီးငွေ့ရှက်နိုး စက်ဆုပ်သည်ဖြစ်၍ တယောက်တည်း ဆိတ်ငြိမ် ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းထန်သော ဝီရိယရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိလျက် နေသည်ရှိသော် မကြာမြင့်မီပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်း ပြုကြသော အမျိုးသားများ အလိုရှိအပ်သော အတုမရှိ မြတ်သောအကျင့်၏ အဆုံး အရဟတ္တဖိုလ် ကို မျက်မှောက်ဘဝ၌သာလျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ကပ်ရောက်ကာ နေ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊

http://www.dhammadownload.com



ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိပြီ”ဟု သိ၏၊ အသျှင်နန္ဒသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်၏။

ထိုအခါ နတ်သားတယောက်သည် ညဥ့်သန်ကောင် လွန်ပြီးသောအခါ အလွန်နှစ်သက်ဖွယ် သော အဆင်းအရောင်ရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို တောက်ပစေလျက် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ရပ်တည်လျက် မြတ်စွာဘုရား အား ဤစကားကို လျှောက်၏ “အသျှင်ဘုရား မြတ်စွာဘုရား၏ညီ မိထွေးတော်၏သား အသျှင် နန္ဒသည် အာသဝေါတရားကုန်ခြင်းကြောင့် အာသဝေါမရှိသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌သာလျှင် ကိုယ်တိုင်ထူးသောဉာဏ် ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏”ဟု(လျှောက်၏)။ “နန္ဒသည် အာသဝေါကုန်ခြင်းကြောင့် အာသဝေါမရှိသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌သာလျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏” ဟု မြတ်စွာဘုရား၏ ဉာဏ်တော်၌လည်း ထင်တော်မူ၏။

ထိုအခါ အသျှင်နန္ဒသည် ထိုညဥ့်ကို လွန်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာ ဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား တပည့်တော်အတွက် ခိုခြေအဆင်းရှိကုန်သော နတ်သမီးငါးရာတို့ကို ရဘို့ရန်မြတ်စွာ ဘုရား တာဝန်ယူပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားကို တပည့်တော်သည် ထိုတာဝန်ကို ယူခြင်းမှ လွတ်ပါပြီ”ဟု (လျှောက်၏)။ နန္ဒ ငါဘုရားသည်လည်း “နန္ဒသည် အာသဝေါကုန်ခြင်းကြောင့် အာသဝေါမရှိသော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌သာလျှင် ကိုယ် တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏”ဟု ငါဘုရားစိတ်ဖြင့် သင်၏စိတ်ကို ပိုင်းခြား၍ သိခဲ့ပြီ၊ “အသျှင်ဘုရား မြတ်စွာဘုရား၏ညီ မိထွေးတော်၏သား အသျှင်နန္ဒသည် အာသဝေါကုန်ခြင်းကြောင့် အာသဝေါမရှိသော အရဟတ္တဖိုလ်စိတ်နှင့်အရဟတ္တဖိုလ်ပညာကို မျက် မှောက်ဘဝ၌သာလျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏”ဟု နတ်တို့ကလည်း ငါဘုရားအား ဤအကြောင်းကို လျှောက်၏။ နန္ဒ အကြင်အခါ သင်၏စိတ်သည် စွဲလမ်းမှုကင်းလျက် အာသဝေါတို့မှ လွတ်၏၊ ထိုအခါ ငါဘုရားသည် ထိုတာဝန်ယူခြင်းမှ လွတ်ပြီ ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“အကြင်ရဟန်းအား (ကိလေသာ)ညွန်ကို ကူးမြောက်အပ်၏၊ ကာမဟူသော ဆူးငြောင့် ကို နင်းနယ်ချိုးဖျက်အပ်၏၊ တွေဝေခြင်း‘မောဟ’ကုန်ခြင်းသို့ ရောက်၏၊ ထိုရဟန်းသည် ချမ်းသာဆင်းရဲတို့ကြောင့် မတုန်လှုပ်”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-ယသောဇသုတ်

၂၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ

http://www.dhammadownload.com



ယသောဇအမှူးရှိသော ရဟန်းငါးရာတို့သည် သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမျှော်ရန် ရောက်လာကုန်၏၊ ထိုအာဂန္တုရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့်အတူ အတုံ့အပြန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလျက် အိပ်ရာနေရာတို့ကို ခင်းစေကြပြီးလျှင် သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းကြလျက် ဆူညံသောအသံ ကျယ်သောအသံ ရှိကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ငါးလုရာ၌ တံငါသည်တို့ကဲ့သို့ ထိုဆူညံသောအသံ ကျယ်လောင်သောအသံရှိသော ထိုသူတို့ကား အဘယ်သူတို့နည်း"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမျှော်ရန် ရောက်လာသော ယသောဇအမှူးရှိသော ရဟန်းငါးရာတို့ပါတည်း၊ ထိုအာဂန္တုရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့်အတူ အတုံ့အပြန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလျက် အိပ်ရာနေရာတို့ကို ခင်းစေကြပြီးလျှင် သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းကြလျက် ဆူညံသောအသံ ကျယ်လောင်သောအသံ ရှိကြပါကုန်၏ဟု (လျှောက်၏)။ အာနန္ဒာ သို့ဖြစ်လျှင် ငါဘုရား၏စကားတော်ဖြင့် ထိုရဟန်းတို့ကို "အသျှင်ဘုရားတို့ကို မြတ်စွာဘုရားခေါ်တော်မူ၏"ဟု ပြောဆိုလော့ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ (စကားကို)ဝန်ခံ၍ ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို "အသျှင်ဘုရားတို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏"ဟု (လျှောက်၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာ၏စကားကို ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်နေကုန်၏၊ တခုသောအရပ်၌ နေကုန်သော ထိုရဟန်းတို့ကို မြတ်စွာဘုရားသည်—

ရဟန်းတို့ သင်တို့သည် တံငါသည်တို့ကဲ့သို့ အဘယ့်ကြောင့် ဆူညံသောအသံ ကျယ်လောင်သောအသံ ရှိကုန်သနည်းဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်တော်မူသော် အသျှင်ယသောဇသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤရဟန်းငါးရာတို့သည် သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမျှော်ရန် ရောက်လာကုန်၏၊ ထိုအာဂန္တုရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့်အတူ အတုံ့အပြန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလျက် အိပ်ရာနေရာတို့ကို ခင်းစေကြပြီးလျှင် သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းကြလျက် ဆူညံသောအသံ ကျယ်လောင်သောအသံ ရှိကြပါကုန်၏" ဟု လျှောက်၏။ ရဟန်းတို့ သွားကြကုန်လော့၊ သင်တို့ကို ငါနှင်၏၊ "သင်တို့သည် ငါ့အထံ၌ မနေရ"ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ (စကားကို) ဝန်ခံ၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားကိုရှိခိုးလျက် အရိုအသေပြုကာ အိပ်ရာနေရာကို သိုမှီးသိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဝဇ္ဇီတိုင်းသို့ ဒေသစာရီ ကြွကြကုန်၏၊ ဝဇ္ဇီတိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်ကြသော် ဝဂ္ဂုမုဒါမြစ်သို့ ရောက်၍ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ သစ်ရွက်မိုးကျောင်းတို့ကို ဆောက်လျက် ဝါဆိုကြကုန်၏။

ထိုအခါ အသျှင်ယသောဇသည် ဝါဆိုသော ရဟန်းတို့ကို "ငါ့သျှင်တို့ အကျိုးစီးပွါးကို လိုလား၍ သနားတော်မူတတ်သော မြတ်စွာဘုရားသည် သနားတော်မူခြင်းကြောင့် ငါတို့ကို နှင်ထုတ်အပ်ကုန်၏၊ ငါ့သျှင်တို့ မြတ်စွာဘုရား နှစ်သက်တော်မူသည့်အတိုင်း ငါတို့နေကြကုန်အံ့"ဟု (မိန့်ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်ယသောဇ၏ စကားကို ဝန်ခံကုန်၏။ ထို့နောက်

http://www.dhammadownload.com



ထိုရဟန်းတို့သည် ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေကြကုန်သော် ထိုဝါတွင်း၌ပင် အလုံးစုံသော ရဟန်းတို့သည် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြုကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ အလိုတော်ရှိသရွေ့ နေပြီးလျှင် ဝေသာလီပြည်သို့ ဖဲကြွတော်မူ၏၊ အစဉ်အားဖြင့် ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် ဝေသာလီပြည်သို့ ဆိုက်ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ နေကုန်သော ရဟန်းတို့၏ စိတ်ကို(မိမိ) စိတ်ဖြင့် ပိုင်းခြားသိ၍ အသျှင်အာနန္ဒာကို မိန့်တော်မူ၏ "အာနန္ဒာ ရဟန်းတို့နေသော ဝဂ္ဂုမုဒါမြစ်ကမ်းနားအရပ်သည် အလင်းရောင်ကဲ့သို့ ငါဘုရားအား ထင်၏၊ ငါဘုရားသွားရန် နှလုံးသွင်းရန် နှစ်သက်တော်မူ၏၊ အာနန္ဒာ သင်သည် ဝဂ္ဂုမုဒါမြစ်ကမ်းနား၌နေကုန်သော ရဟန်းတို့၏အထံသို့ 'အသျှင်ဘုရားတို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏၊ မြတ်စွာဘုရားသည် အသျှင်ဘုရားတို့ကို ရှုမြင်ခြင်းငှါ အလိုရှိ၏'ဟု တမန်စေလွှတ်လော့"ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ (စကားကို) ဝန်ခံ၍ ရဟန်းတပါးထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို ဤသို့မိန့်ဆို၏ "ငါ့သျှင် လာလော့၊ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ နေသော ရဟန်းတို့သို့ ချဉ်းကပ်၍ ဤသို့ဆိုလော့ 'ငါ့သျှင်တို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏၊မြတ်စွာဘုရားသည် ငါ့သျှင်တို့ကို ရှုမြင်ခြင်းငှါ အလိုရှိ၏'ဟု ဤသို့ပြောလော့"ဟု (မိန့်ဆို၏)။

"ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းသည် အသျှင်အာနန္ဒာ၏ (စကားကို)ဝန်ခံ၍ အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ရင်း ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့ရင်း ဤအတူ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းမှ ကွယ်ခဲ့၍ ဝဂ္ဂုမုဒါမြစ်ကမ်းနား ထိုရဟန်းတို့၏ ရှေ့၌ ထင်ရှားဖြစ်၏။ ထို့နောက် ထိုရဟန်းသည် ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေကုန်သော ရဟန်းတို့ကို "အသျှင်ဘုရားတို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏၊ မြတ်စွာဘုရားသည် အသျှင်ဘုရားတို့အား တွေ့လို၏"ဟု ပြောဆို၏။

"ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် ထိုရဟန်း၏(စကားကို)ဝန်ခံ၍ ကျောင်းအိပ်ရာ နေရာတို့ကို သိမ်းသိမ်းဆည်း၍ သပိတ်သင်္ကန်းတို့ကို ယူဆောင်လျက် အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ရင်း ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ဝဂ္ဂုမုဒါမြစ်ကမ်းနားမှ ကွယ်ခဲ့၍ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း မြတ်စွာဘုရား၏မျက်မှောက်တော်၌ ထင်ရှားဖြစ်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် မတုန်မလှုပ်သော အရဟတ္တဖိုလ်သမာဓိဖြင့် နေတော်မူ၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် ယခုအခါ အဘယ်နေခြင်းဖြင့် နေတော်မူသနည်း"ဟု ဤအကြံသည် ဖြစ်၏၊ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် မတုန်မလှုပ်သော အရဟတ္တဖိုလ်သမာဓိဖြင့် နေတော်မူ၏"ဟု ကြံပြီးသော် အလုံးစုံသော ရဟန်းတို့သည် မတုန်မလှုပ်သော အရဟတ္တဖိုလ်သမာဓိဖြင့် နေကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် ညဉ့်၏ ပဌမယံ လွန်လတ်သော် နေရာမှထလျက် လက်ဝဲတဖက် ပခုံးထက်၌

http://www.dhammadownload.com



သက်န်းကို တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားအား ဤသို့ လျှောက်၏ "အသျှင်ဘုရား ညဉ့်၏ပဌမယံ လွန်ပါပြီ၊ အာဂန္တုရဟန်းတို့ ထိုင်နေရသည်မှာ ကြာပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အာဂန္တုရဟန်းတို့နှင့် အတူ အပြန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တော်မူပါ"ဟုလျှောက်၏၊ ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဉ့်၏ မဇ္ဈိမယံ လွန်လတ်သော် နေရာမှထလျက် လက်ဝဲတဖက် ပခုံးထက်၌ သက်န်းကိုတင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားအား ဤသို့လျှောက်၏ "အသျှင်ဘုရား ညဉ့်၏ မဇ္ဈိမယံ လွန်ပါပြီ၊ အာဂန္တုရဟန်းတို့သည် ထိုင်နေရသည်မှာ ကြာပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အာဂန္တုရဟန်းတို့နှင့် အတူ အပြန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တော်မူပါ"ဟု လျှောက်၏၊နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဉ့်၏ ပစ္ဆိမယံ လွန်၍ နှစ်သက်ဖွယ် မျက်နှာကဲ့သို့ အရုဏ်တက်လတ်သော် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ သက်န်းကို တင်ပြီးလျှင် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် မြတ်စွာဘုရားအား ဤသို့လျှောက်၏ "အသျှင်ဘုရား အလွန်နှစ်သက်ဖွယ်ရှိသော ညဉ့်၏ ပစ္ဆိမယံ လွန်ပါပြီ၊ အရုဏ်တက်ပါပြီ၊ ညဉ့်သည် နှစ်သက်ဖွယ်ရှိသောမျက်နှာကဲ့သို့ ရှိပါပြီ၊ အာဂန္တုရဟန်းတို့သည် ထိုင်နေရသည်မှာ ကြာပါကုန်ပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အာဂန္တုရဟန်းတို့နှင့် အတူ အပြန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တော်မူပါ"ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုသမာဓိမှထ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ သင်သည် အကယ်၍ သိခဲ့မူ ဤမျှလောက်ကိုပင် သင်သည် မလျှောက်ရာ၊ အာနန္ဒာ ငါဘုရားသည်၎င်း အလုံးစုံသော ဤရဟန်း ငါးရာတို့သည်၎င်း မတုန်မလှုပ်သော စတုတ္ထဈာန်နှင့်ယှဉ်သော အရဟတ္တဖိုလ်သမာဓိဖြင့် နေကုန်၏"ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"အကြင်ရဟန်းအား ကာမဆူးငြောင့်ကို၎င်း ဆဲရေးခြင်းကို၎င်း သတ်ဖြတ်ခြင်းကို၎င်း နှောင်ဖွဲ့ခြင်းကို၎င်း အောင်နိုင်၏၊ ထိုရဟန်းသည် တောင်ကဲ့သို့ မတုန်မလှုပ် တည်၏။ ထိုရဟန်းသည် ချမ်းသာဆင်းရဲတို့ကြောင့် မတုန်လှုပ်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-သာရိပုတ္တသုတ်

၂၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေပြီးလျှင် (ကမ္မဋ္ဌာန်းအာရုံသို့) ရှေးရှုသတိကိုဖြစ်စေလျက် ထိုင်နေ၏၊မြတ်စွာဘုရားသည်

http://www.dhammadownload.com



မနီးမဝေး၌ ကိုယ်ကိုဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေပြီးလျှင်(ကမ္မဋ္ဌာန်းအာရုံသို့)ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်နေသော အသျှင်သာရိပုတြာကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ကျောက်တောင်ကြီးသည် မတုန်မလှုပ် ကောင်းစွာတည်သကဲ့သို့ ဤအတူ ရဟန်းသည် မောဟကုန်ခြင်းကြောင့် ကျောက်တောင်ကြီးကဲ့သို့ မတုန်လှုပ်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်။

## ၅-မဟာမောဂ္ဂလ္လာန်သုတ်

၂၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏ မနီးမဝေး၌ ကိုယ်ကိုဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေပြီးလျှင် မိမိအဇ္ဈတ္တသန္တာန်၌ ကောင်းစွာထင်သော ကာယဂတာသတိဖြင့် ထိုင်နေ၏။ မြတ်စွာဘုရားသည် မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေပြီးလျှင် မိမိအဇ္ဈတ္တသန္တာန်၌ ကောင်းစွာထင်သော ကာယဂတာသတိဖြင့် ထိုင်နေသော အသျှင်မဟာမောဂ္ဂလ္လာန်ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်ရဟန်းအား ကာယဂတာသတိသည် ကောင်းစွာထင်၏၊ ထိုရဟန်းသည် ဖဿာယတနခြောက်ပါးတို့၌ စောင့်စည်းကာ အမြဲမပြတ် တည်ကြည်သော သမာဓိရှိသည်ဖြစ်၍ မိမိ၏ ကိလေသာချုပ်ငြိမ်းမှု (နိဗ္ဗာန်)ကို (ပစ္စဝေက္ခဏာဉာဏ်ဖြင့်) သိနိုင်ရာ၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဉ္စမသုတ်။

## ၆-ပိလိန္ဒဝစ္ဆသုတ်

၂၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ရဟန်းတို့ကို သူယုတ် ဟု (ခေါ် ဝေါ်) ပြောဆိုခြင်းဖြင့် ခေါ် ဝေါ် ပြောဆို၏။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကြပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား အသျှင်ပိလိန္ဒဝစ္ဆသည် ရဟန်းတို့ကို သူယုတ်ဟု ခေါ် ဝေါ် ပြောဆိုခြင်းဖြင့် ခေါ် ဝေါ် ပြောဆိုပါသည်"ဟု လျှောက်ကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း လာလော့၊ သင်သည် ငါ၏ စကားဖြင့် ပိလိန္ဒဝစ္ဆရဟန်းကို 'ငါ့သျှင် ပိလိန္ဒဝစ္ဆ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏'ဟု ပြောချေလော့"ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရား၏ (စကားတော်ကို)ဝန်ခံ၍ အသျှင်ပိလိန္ဒဝစ္ဆထံ ချဉ်းကပ်ပြီးလျှင် အသျှင်ပိလိန္ဒဝစ္ဆကို "ငါ့သျှင်ပိလိန္ဒဝစ္ဆ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏"ဟု ဆို၏။

"ကောင်းပါပြီ"ဟု အသျှင်ပိလိန္ဒဝစ္ဆသည် ထိုရဟန်း၏(စကားကို)ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေ၏၊ တခုသောအရပ်၌ ထိုင်နေသော အသျှင်ပိလိန္ဒဝစ္ဆကို မြတ်စွာဘုရားသည် "ဝစ္ဆ သင်သည် ရဟန်းတို့ကို သူယုတ်ဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆို၏ဟု ကြားရသည်ကား မှန်သလော" ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်ပိလိန္ဒဝစ္ဆ၏ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို နှလုံးသွင်းတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ သင်တို့သည် ဝစ္ဆရဟန်းအား မကဲ့ရဲ့ကြကုန်လင့်၊ ရဟန်းတို့ ဝစ္ဆသည် ဒေါသစိတ်ရှိသည်ဖြစ်၍ ရဟန်းတို့ကို သူယုတ်ဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုသည်မဟုတ်၊ ရဟန်းတို့ ဝစ္ဆရဟန်းသည် ဘဝငါးရာတို့ပတ်လုံး ပုဏ္ဏားမျိုး၌ အဆက်မပြတ် ဖြစ်ခဲ့ဘူး၏၊ ထိုဝစ္ဆရဟန်းသည် ထိုသူယုတ်ဟု ခေါ်ဝေါ်ပြောဆိုခြင်းကို ညဥ့်နေ့ ရှည်စွာ လေ့ကျက်ခဲ့ဘူး၏၊ ထို့ကြောင့် ဤဝစ္ဆရဟန်းသည် ရဟန်းတို့ကို သူယုတ်ဟု ခေါ်ဝေါ် ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုနေ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်ပုဂ္ဂိုလ်သည် လှည့်ပတ်မှု 'မာယာ' ထောင်လွှားမှု 'မာန'မရှိ၊ လောဘကင်း၏၊ မြတ်နိုးမှုမရှိ၊ တောင့်တမှု 'အာသာ'မရှိ၊ အမျက် 'ဒေါသ'ကို ပယ်နုတ်ပြီးဖြစ်၏၊ ငြိမ်းအေးပြီးသော စိတ်ရှိ၏၊ထိုပုဂ္ဂိုလ်သည် မကောင်းမှုမှ အပပြုပြီးသူ 'ဗြာဟ္မဏ'လည်း မည်၏၊မကောင်းမှုမှ ငြိမ်းအေးပြီးသူ 'သမဏ'လည်း မည်၏၊ကိလေသာကိုဖျက်ဆီးပြီးသူ 'ဘိက္ခု'လည်း မည်၏"

ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

---

## ၇-သက္ကုဒါနသုတ်

၂၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဥ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သောဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေ၍ကာ တခုသော(နိရောဓသမာပတ်) သမာဓိကို ဝင်စားလျက် တထိုင်တည်း နေတော်မူ၏။ ထိုအခါ အသျှင်မဟာကဿပသည် ထိုခုနစ်ရက်ကိုလွန်သဖြင့် (နိရောဓသမာပတ်) သမာဓိမှ ထတော်မူ၏။ ထိုအခါ (နိရောဓသမာပတ်)သမာဓိမှ ထသော အသျှင်မဟာကဿပအား "ငါသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထိုအခါ နတ်သမီးငါးရာတို့သည် အသျှင်မဟာကဿပ ဆွမ်းရရေးအတွက် (ဆွမ်းလောင်းရန်)ကြောင့်ကြစိုက်နေကြကုန်၏။ ထိုအခါ အသျှင်မဟာကဿပသည် ထိုနတ်သမီးငါးရာတို့ကို ဆွမ်းမလောင်းရန် တားမြစ်၍ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်လျက် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူ၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် အသျှင်မဟာကဿပအား ဆွမ်းလှူလိုရကား ရက်ကန်းသည် အသွင်ကို ဖန်ဆင်း၍ ရက်ကန်းရက်နေ၏၊ အသုရာ၏သမီး သုဇာသည် ရက်ဖောက်ရောက်၏။ ထိုအခါ အသျှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လတ်သော် နတ်တို့အရှင် သိကြားမင်း၏ နေအိမ်သို့ ချဉ်းကပ်၏။ နတ်တို့အရှင် သိကြားမင်းသည် ကြွလာသော အသျှင်မဟာကဿပကို အဝေးကပင်မြင်၍ အိမ်မှထွက်ပြီးလျှင် ခရီးဦးကြိုဆို၍ လက်မှ သပိတ်ကို ယူပြီးလျှင် အိမ်သို့ဝင်ကာ ထမင်းအိုးမှ ထမင်းကို ခူး၍ သပိတ်ကို ပြည့်စေလျက် အသျှင်မဟာကဿပအား ပေးလှူ၏။ ထိုဆွမ်းသည် (ပဲနောက်စသော) အမျိုးမျိုးသောဟင်း အထူးထူးအပြားပြားသော လက်သုတ်ဟင်းလျာ အရသာအမျိုးမျိုးရှိသော စားမဲဟင်းလျာရှိ၏။ ထိုအခါ အသျှင်မဟာကဿပအား "ဤသို့သဘောရှိသော တန်ခိုးအာနုဘော်ရှိသည့် ဤပုဂ္ဂိုလ်ကား အဘယ်သူနည်း"ဟု အကြံဖြစ်၏။ ထို့နောက် အသျှင်မဟာကဿပအား "ဤပုဂ္ဂိုလ်ကား နတ်တို့အရှင် သိကြားမင်းတည်း"ဟု သိ၍ နတ်တို့အရှင် သိကြားမင်းကို "ကောသိယ သင်သည် ဤအမှုကို ပြုဘိ၏၊ ဤသို့သဘောရှိသောအမှုကို နောက်တဖန် မပြုလင့်"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားကဿပ တပည့်တော်တို့သည်လည်း ကုသိုလ်ကောင်းမှုကို အလိုရှိကြပါ၏၊ တပည့်တော်တို့သည်လည်း ကုသိုလ်ကောင်းမှုကို ပြုထိုက်ပါသေးသည်ဟု (လျှောက်၏)။

ထို့နောက် နတ်တို့အရှင် သိကြားမင်းသည် အသျှင်မဟာကဿပကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဟင်းလင်း အပြင် ကောင်းကင်ထက်ဝယ် "အသျှင်မဟာကဿပ၌ ကောင်းစွာတည်သောဒါနသည် အံ့ဩဖွယ် ဒါနပါပေတည်း၊ မြတ်သောဒါနပါပေတည်း၊ အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့ဩဖွယ်ဒါနပါပေတည်း၊ မြတ်သောဒါနပါပေတည်း၊ အသျှင်မဟာကဿပ၌ တည်သောဒါနသည် အံ့ဩဖွယ် ဒါနပါပေတည်း၊ မြတ်သောဒါနပါပေတည်း" ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်၏။ ကောင်းကင်သို့ ပျံတက်၍ ဟင်းလင်းအပြင် ကောင်းကင်ထက်ဝယ် "အသျှင်မဟာကဿပ၌ ကောင်းစွာတည်သောဒါနသည် အံ့ဩဖွယ် ဒါနပါပေတည်း၊ မြတ်သောဒါနပါပေတည်း"ဟု သုံးကြိမ်တိုင်တိုင် နတ်တို့အရှင် သိကြားမင်း၏ ဥဒါန်းကျူးရင့်သံကို လူတို့၏နား အကြားကို လွန်သော နတ်တို့၏ သောတပသာဒနှင့်တူသော စင်ကြယ်သော ဒိဗ္ဗသောတအဘိညာဉ်ဖြင့် မြတ်စွာဘုရားသည် ကြားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ပိဏ္ဍပါတ်ခုတင်ကို ဆောင်ကာ မိမိကိုယ်ကို မွေးမြူသော သူတပါးတို့ မွေးမြူမှုကို မခံမူ၍ အမြဲမပြတ် သတိရှိသော ကိလေသာငြိမ်းအေး၍ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအား နတ်ဘို့ ချစ်မြတ်နိုးကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ပိဏ္ဍပါတိကသုတ်

၂၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်၍ ရေခံတက်ပင်ရောက်ရာ ကရေရိတန်ဆောင်းဝန်း၌ စုဝေးထိုင်နေကြကုန်သော များစွာသော ရဟန်းတို့အား ဤကြားညှပ်စကားသည်ဖြစ်ပေါ် လာ၏။

ငါ့သျှင်တို့ ဆွမ်းခံလှည့်လည်သော ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းသည် ရံဖန်ရံခါ နှစ်သက်ဖွယ် ရူပါရုံတို့ကို မျက်စိဖြင့် မြင်ရ၏၊ နှစ်သက်ဖွယ်အသံတို့ကို နားဖြင့် ကြားရ၏၊ နှစ်သက်ဖွယ် အနံ့တို့ကို နှာခေါင်းဖြင့် နမ်းရ၏၊ နှစ်သက်ဖွယ် ရသာရုံတို့ကို လျှာနှင့် လျက်ရ၏၊ နှစ်သက်ဖွယ် ဖောဋ္ဌဗ္ဗာရုံတို့ကို ကိုယ်ဖြင့် တွေ့ထိရ၏၊ ငါ့သျှင်တို့ ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းသည် ရှိသေမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူကာ ဆွမ်းခံလှည့်လည်၏။ ငါ့သျှင်တို့ ယခု ငါတို့သည်လည်း ပိဏ္ဍပါတ်ခုတင် ဆောင်ကြကုန်အံ့၊ ငါတို့သည်လည်း ရံဖန်ရံခါ နှစ်သက်ဖွယ် ရူပါရုံတို့ကို မျက်စိဖြင့် မြင်ရကုန်အံ့၊ နှစ်သက်ဖွယ်အသံတို့ကို နားဖြင့် ကြားရကုန်အံ့၊ နှစ်သက်ဖွယ် အနံ့တို့ကို နှာခေါင်းဖြင့် နမ်းရကုန်အံ့၊ နှစ်သက်ဖွယ်ရသာရုံတို့ကို လျှာဖြင့် လျက်ရကုန်အံ့၊ နှစ်သက်ဖွယ် ဖောဋ္ဌဗ္ဗာရုံတို့ကို ကိုယ်ဖြင့် တွေ့ထိရကုန်အံ့၊ ငါတို့သည်လည်း ရှိသေမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူကြကာ ဆွမ်းခံလှည့်လည်ကြကုန်အံ့ဟု ထိုရဟန်းတို့၏ ဤကြားညှပ်စကားသည် မပြီးပြတ်သေး။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထ၍ ရေခံတက်ပင်ရောက်ရာ ကရေရိတန်ဆောင်းဝန်းသို့ ချဉ်းကပ်လျက် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးနေထိုင်ကြကုန်သနည်း၊ သင်တို့၏ မပြီးပြတ်သေးသော ကြားညှပ်စကားသည် အဘယ်နည်း"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဤအရပ်၌ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်၍ ရေခံတက်ပင်ရောက်ရာ ကရေရိတန်ဆောင်းဝန်း၌ စုဝေးနေထိုင်ကြကုန်သော တပည့်တော်တို့အား ဤကြားညှပ်စကားသည် ဖြစ်ပါ၏၊ငါ့သျှင်တို့ ဆွမ်းခံလှည့်လည်သော ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းသည် ရံဖန်ရံခါ နှစ်သက်ဖွယ် ရူပါရုံတို့ကို မျက်စိဖြင့် မြင်ရ၏၊ နှစ်သက်ဖွယ်အသံတို့ကို နားဖြင့် ကြားရ၏၊ နှစ်သက်ဖွယ် အနံ့တို့ကို နှာခေါင်းဖြင့် နမ်းရ၏၊ နှစ်သက်ဖွယ် ရသာရုံတို့ကို လျှာဖြင့် လျက်ရ၏၊ နှစ်သက်ဖွယ် ဖောဋ္ဌဗ္ဗာရုံတို့ကို ကိုယ်ဖြင့် တွေ့ထိရ၏၊ ငါ့သျှင်တို့ ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းသည် ရှိသေမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူကြကာ ဆွမ်းခံလှည့်လည်ကြကုန်၏။ ငါ့သျှင်တို့ ယခု ငါတို့သည်လည်း ပိဏ္ဍပါတ်ခုတင်ဆောင်ကြကုန်အံ့၊ ငါတို့သည်လည်း ရံဖန်ရံခါ နှစ်သက်ဖွယ် ရူပါရုံတို့ကို မျက်စိဖြင့် မြင်ရကုန်အံ့။ပ။ နှစ်သက်ဖွယ် ဖောဋ္ဌဗ္ဗာရုံတို့ကို ကိုယ်ဖြင့် တွေ့ထိရကုန်အံ့၊ငါတို့သည်လည်း ရှိသေမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူကြကာ ဆွမ်းခံလှည့်လည်ကြကုန်အံ့။ အသျှင်ဘုရား ဤစကားသည် တပည့်တော်တို့၏ မပြီးပြတ်သေးသော ကြားညှပ်စကားပါတည်း၊ ထိုအခါ မြတ်စွာဘုရား ကြွရောက်လာပါ၏ဟု (လျှောက်ကုန်၏။)

ရဟန်းတို့ ယုံကြည်မှု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုကြသော အမျိုးကောင်းသားတို့အား ဤသို့သဘောရှိသော စကားကို ပြောဆိုခြင်းသည် မလျောက်

http://www.dhammadownload.com



ပတ်။ ရဟန်းတို့ စုဝေးနေထိုင်ကြကုန်သော သင်တို့အား တရားနှင့်စပ်သော စကားကိုသော်၎င်း မြတ်သောဆိတ်ဆိတ်နေခြင်းကိုသော်၎င်း ဤနှစ်ပါးကိုသာ ပြုသင့်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ရဟန်းသည် မျက်မှောက် မျက်ကွယ်၌ ချီးမွမ်းကျော်စောသံကို မှီသူ အကယ်၍မဖြစ်ခဲ့မူ ပိဋ္ဌပါတ်ဓုတင်ကို ဆောင်ကာ မိမိကိုယ်ကို မွေးမြူသော သူတပါးတို့ မွေးမြူမှုကို မခံမူ၍ တဒိဂုဏ်နှင့်ပြည့်စုံသော ရဟန်းအား နတ်တို့ ချစ်မြတ်နိုးကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-သိပ္ပသုတ်

၂၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်၍ တန်ဆောင်းဝန်း၌ စုဝေးနေထိုင်ကြကုန်သောရဟန်းတို့အား "ငါ့သျှင်တို့ အဘယ်သူသည် (အသက်မွေးကြောင်း)အတတ်ကို သိသနည်း၊ အဘယ်သသည် အဘယ်အတတ်ကို သင်ယူသနည်း၊ အတတ်တို့တွင် အဘယ်အတတ်သည် အမြတ်ဆုံးနည်း' ဟူ၍ ဤကြားညှပ်စကားသည် ဖြစ်ပေါ်လာ၏။

ထိုရဟန်းတို့တွင် ရဟန်းအချို့တို့က "အတတ်တို့တွင် ဆင်အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "မြင်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "ရထားအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "လေးအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "သန်လျက် စသော လက်နက်အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "လက်ဆစ်ချိုးရေတွက်ခြင်း အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "ဂဏန်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "အပေါင်းကိန်းဖြင့် ရေတွက်ခြင်း အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "အက္ခရာစာရေးအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "ကဗျာဖွဲ့ခြင်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "လောကာယတကျမ်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "မင်းမှု ရေးရာ နီတိကျမ်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ ထိုရဟန်းတို့အား မပြီးပြတ်သေးသော ဤကြားညှပ်စကားသည် ဖြစ်ပေါ်၏။

ထို့နောက် မြတ်စွာဘုရားသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထလျက် တန်ဆောင်းဝန်းသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးသော် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးဆိုင်နေကြကုန်သနည်း၊ သင်တို့၏ မပြီးပြတ်သေးသော ကြားညှပ်စကားသည် အဘယ်နည်း"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်၍ တန်ဆောင်းဝန်း၌ စုဝေးနေထိုင်ကြကုန်သော တပည့်တော်တို့အား ဤကြားညှပ်စကားသည် ဖြစ်ပေါ်ပါ၏ "ငါ့သျှင်တို့ အဘယ်

http://www.dhammadownload.com



သူသည် (အသက်မွေးကြောင်း)အတတ်ကို တတ်သနည်း။ အဘယ်သူသည် အဘယ်အတတ်ကို သင်သနည်း၊ အတတ်တို့တွင် အဘယ်အတတ်သည် အမြတ်ဆုံး ဖြစ်သနည်း"ဟု ဤကြားညှပ် စကားသည် ဖြစ်ပေါ်ပါ၏။

ထိုရဟန်းတို့တွင် ရဟန်းအချို့တို့က "အတတ်တို့တွင် ဆင်အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က မြင်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "ရထားအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "လေးအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏၊အချို့တို့က"အတတ်တို့တွင် သန်လျက်စသော လက်နက်အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "လက်ဆစ်ချိုး ရေတွက်ခြင်း အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "ဂဏန်းရေတွက်ခြင်း အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။အချို့တို့က"အပေါင်းကိန်းဖြင့် ရေတွက်ခြင်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "အက္ခရာစာရေး အတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "ကဗျာဖွဲ့ခြင်း အတတ်သည် အမြတ်ဆုံး" ဟု ဆိုကြကုန်၏၊ အချို့တို့က "လောကာယတကျမ်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အချို့တို့က "မင်းမှုရေးရာ နီတိကျမ်းအတတ်သည် အမြတ်ဆုံး"ဟု ဆိုကြကုန်၏။ အသျှင်ဘုရား ဤစကားသည် တပည့်တော်တို့၏ မပြီးပြတ်သေးသော ကြားညှပ်စကားဖြစ်ပါ၏၊ ထိုအခါ မြတ်စွာဘုရား ကြွရောက်လာပါသည်ဟု (လျှောက်ထားကုန်၏)။

ရဟန်းတို့ ယုံကြည်မှု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကြသော သင် အမျိုးကောင်းသားတို့အား ဤသို့သဘောရှိသော စကားကို ပြောဆိုခြင်းသည် မလျောက်ပတ်။ ရဟန်းတို့ စုဝေးနေထိုင်ကြကုန်သော သင်တို့အား တရားနှင့်စပ်သောစကားကိုသော်၎င်း မြတ်သောဆိတ်ဆိတ်နေခြင်းကိုသော်၎င်း ဤနှစ်ပါးကိုသာ ပြုသင့်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်ပုဂ္ဂိုလ်သည် အတတ်ကို မှီ၍ အသက်မွေးလေ့မရှိ၊ ပေါ့ပါး၏၊ အကျိုးစီးပွါးကို အလိုရှိ၏၊ ဣန္ဒြေကို စောင့်စည်း၏၊ ဘဝအလုံးစုံတို့မှ ကင်းလွတ်၏၊ အာယတနခြောက်ပါးတို့၌ သက်ဝင်သော စိတ်မရှိ၊မြတ်နိုးမှုမရှိ၊တောင့်တမှုမရှိ၊ မာနကိုစွန့်၍ တယောက်တည်း ကျင့်၏၊ ထိုပုဂ္ဂိုလ်သည်သာ ဘိက္ခုမည်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

---

## ၁၀-လောကသုတ်

၃၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်ခါစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား ဗောဓိပင်ရင်း၌နေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ်ချမ်းသာကို ခံစားလျက် တထိုင်တည်း နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထိုသမာဓိမှထ၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူ၏။ မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုလတ်သော် ရာဂကြောင့်

http://www.dhammadownload.com



လည်းဖြစ်ကုန် ဒေါသကြောင့်လည်းဖြစ်ကုန် မောဟကြောင့်လည်းဖြစ်ကုန်သော များစွာသော ပူပန်ခြင်းတို့ဖြင့် ပူပန်ကုန်သော များစွာသော ပူလောင်ခြင်းတို့ဖြင့် ပူလောင်ကုန်သောသတ္တဝါတို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ဤလောကသည် ပူလောင်မှု ဖြစ်ခဲ့၏၊ (ဆင်းရဲ) တွေ့ထိမှုဖြင့် နှိပ်စက်၏၊ အနာရောဂါကို အတ္တဟူ၍ ပြောဆို၏၊ လူအပေါင်းသည် အကြင်အကြင်အကြောင်းဖြင့် မှတ်ထင်၏၊ ထိုအကြောင်းသည် ထိုအောက်မေ့သည်မှ တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏။

ဘဝ၌ ကပ်ငြိသော လောကသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိကာ ဘဝဖြင့် နှိပ်စက်အပ်သည်ဖြစ်လျက် ဘဝကိုပင် နှစ်သက်၏၊ အကြင်ဘဝကို နှစ်သက်၏၊ ထိုဘဝသည် ဘေးဖြစ်၏၊ အကြင်ဇရာစသည်မှ ကြောက်၏၊ ထိုဇရာသည် ဆင်းရဲမည်၏၊ ဘဝကို ပယ်ခြင်းငှါသာလျှင် ဤမြတ်သောအကျင့်ကို ကျင့်သုံး၏။

ဘဝဖြင့် ဘဝမှ လွတ်ခြင်းကို ဆိုကြသူ သမဏဗြာဟ္မဏအချို့တို့သည် ဘဝမှ မလွတ်မြောက်ကုန်ဟု (ငါဘုရား) ဆို၏၊ ဘဝကင်းပြတ်မှုဖြင့် ဘဝမှ ထွက်မြောက်ခြင်းကို ဆိုကြသူ သမဏဗြာဟ္မဏအချို့တို့သည် 'ဘဝမှ မထွက်မြောက်ကုန်'ဟု (ငါဘုရား)ဆို၏။

မှန်၏၊ ခန္ဓာငါးပါးဟူသော ဥပဓိကို စွဲ၍ ဤဆင်းရဲသည် ဖြစ်၏၊ အလုံးစုံ စွဲလမ်းအပ်သော ဥပါဒါနက္ခန္ဓာ၏ ကုန်ခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်မှု မရှိ၊ ဤလောကကို ကြည့်လော့၊ အဝိဇ္ဇာဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါများစွာတို့သည် သားမယားတို့၌ မွေ့လျော်ကုန်သည်ဖြစ်၍ ဘဝမှ မလွတ်နိုင်ကုန်၊ ခပ်သိမ်းသော အရပ်၌ ခပ်သိမ်းသော အပြားအားဖြင့် ဘဝတို့သည် ရှိကုန်၏၊ မမြဲကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘောရှိကုန်၏။

"ဤသဘောကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ဝိပဿနာပညာဖြင့် ရှုသူသည် ဘဝတဏှာကို ပယ်နိုင်၏၊ ဘဝကင်းပြတ်မှု 'ဥစ္ဆေဒ'ကို မနှစ်သက်၊ အချင်းခပ်သိမ်း တဏှာတို့၏ ကုန်ခြင်းကြောင့် အကြွင်းမဲ့ ရာဂကင်းချုပ်ရာသည် နိဗ္ဗာန်မည်၏။

ထိုကိလေသာ ငြိမ်းအေးပြီးသော ရဟန်းအား စွဲလမ်းမှုမရှိသောကြောင့် ဘဝသစ်မဖြစ်၊ မာရ်မင်းကို နှိပ်စက်၍ အောင်အပ်ပြီး စစ်မြေပြင်ရှိ၏၊ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် ဘဝအလုံးစုံတို့ကို ကောင်းစွာလွန်နိုင်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

သုံးခုမြောက် နန္ဒဝဂ် ပြီး၏။

## ၄-မေဃိယဝဂ် ၁-မေဃိယသုတ်

၃၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် စာလကာမြို့ စာလိကတောင်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော အသျှင်မေဃိယသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော အရပ်၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားကို "အသျှင်ဘုရား တပည့်တော်သည် ဇန္တုရွာသို့

http://www.dhammadownload.com



ဆွမ်းခံဝင်ရန် အလိုရှိပါ၏"ဟု (လျှောက်၏)။ မေဃိယ ယခုသွားရန် အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏အလိုအတိုင်းပင် ဖြစ်၏)ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်မေဃိယသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ဇန္တုရွာသို့ ဆွမ်းခံဝင်၏၊ ဇန္တုရွာ၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသော် ကိမိကာဠာမြစ်ကမ်းသို့ ချဉ်းကပ်၍ ကိမိကာဠာမြစ်ကမ်းနား၌ အညောင်းပြေ စင်္ကြံလျှောက်စဉ် စိတ်ကြည်လင်ဖွယ်ကို ဆောင်သော နှစ်သက်ဖွယ် နှလုံးမွေ့လျော်ဖွယ်ရှိသော သရက်ဥယျာဉ်ကို မြင်လေ၏။ ထိုသို့မြင်သောကြောင့် ထိုအသျှင်မေဃိယအား "ဤသရက်ဥယျာဉ်သည် စိတ်ကြည်လင်ဖွယ်ကို ဆောင်ပေစွတကား၊ နှစ်သက်ဖွယ် နှလုံးမွေ့လျော်ဖွယ် ရှိပေစွတကား၊ ဤသရက်ဥယျာဉ်သည် တရားအားထုတ်လိုသော အမျိုးကောင်းသားအား တရားအားထုတ်ရန် သင့်တော်လေစွတကား၊ ငါ့ကို မြတ်စွာဘုရား ခွင့်ပြုပါမူ ငါသည် သရက်ဥယျာဉ်သို့ တရားအားထုတ်ရန် လာလို၏"ဟု အကြံဖြစ်၏။

ထို့နောက် အသျှင်မေဃိယသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— အသျှင်ဘုရား တပည့်တော်သည် ယနေ့နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ဇန္တုရွာသို့ ဆွမ်းခံဝင်ခဲ့ပါ၏၊ ဇန္တုရွာ၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သော တပည့်တော်သည် ကိမိကာဠာမြစ်ကမ်းနား၌ အညောင်းပြေ စင်္ကြံလျှောက်စဉ် "စိတ်ကြည်လင်ဖွယ်ကိုဆောင်သော နှစ်သက်ဖွယ် နှလုံးမွေ့လျော်ဖွယ်ရှိသော သရက်ဥယျာဉ်ကို မြင်ခဲ့ပါပြီ၊ ထိုသို့မြင်သောကြောင့် တပည့်တော်အား "ဤသရက်ဥယျာဉ်သည် စိတ်ကြည်လင်ဖွယ်ကို ဆောင်ပေစွတကား၊ နှစ်သက်ဖွယ် နှလုံးမွေ့လျော်ဖွယ် ရှိပေစွတကား၊ ဤသရက်ဥယျာဉ်သည် တရားအားထုတ်လိုသော အမျိုးကောင်းသားအား တရားအားထုတ်ရန် သင့်တော်ပေစွတကား၊ ငါ့ကို မြတ်စွာဘုရား ခွင့်ပြုပါမူ ငါသည် ဤသရက်ဥယျာဉ်သို့ တရားအားထုတ်ရန် လာရမူ ကောင်းလေစွ"ဟု ဤအကြံသည် ဖြစ်ခဲ့ပါ၏။အသျှင်ဘုရား မြတ်စွာဘုရားသည် တပည့်တော်ကို အကယ်၍ ခွင့်ပြုပါမူ တပည့်တော်သည် ထိုသရက်ဥယျာဉ်သို့ တရားအားထုတ်ရန် သွားလိုပါ၏ ဟု (လျှောက်၏)။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် အသျှင်မေဃိယအား "မေဃိယ ငါဘုရားတပါး တည်းသာ ဖြစ်နေ၍ တစုံတယောက်သောရဟန်း လာသည့်တိုင်အောင် ဆိုင်းငံ့ဦးလော့"ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း အသျှင်မေဃိယသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားအား ပိုလွန်၍ တစုံတခု ပြုဖွယ်ကိစ္စမရှိတော့ပါ၊ ပြုပြီးသည်ကို တဖန်ပြန်၍ ပွါးများရန်လည်း မရှိတော့ပါ၊ အသျှင်ဘုရား တပည့်တော်မှာမူ အလွန်အကဲ ပြုဖွယ်ကိစ္စရှိပါသေး၏၊ ပြုပြီးသည်ကို တဖန်ပြန်၍ ပွါးများရန်လည်း ရှိပါသေး၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကယ်၍ ခွင့်ပြုပါမူ တပည့်တော်သည် ထိုသရက်ဥယျာဉ်သို့ တရားအားထုတ်ရန် သွားလိုပါ၏"ဟု (လျှောက်၏)။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အသျှင်မေဃိယအား "မေဃိယ ငါဘုရားတပါး တည်းသာဖြစ်နေ၍ တစုံတယောက်သောရဟန်း လာသည့်တိုင်အောင် ဆိုင်းငံ့ဦးလော့" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



သုံးကြိမ်မြောက်လည်း အသျှင်မေဃိယသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားအား ပိုလွန်၍ တစုံတခု ပြုဖွယ်ကိစ္စ မရှိတော့ပါ၊ ပြုပြီးသည်ကို တဖန် ပြန်၍ ပွါးများရန်လည်း မရှိတော့ပါ၊ အသျှင်ဘုရား တပည့်တော်မှာမူ အလွန်အကဲ ပြုဖွယ်ကိစ္စ ရှိပါသေး၏၊ ပြုပြီးသည်ကို တဖန်ပြန်၍ ပွါးများရန်လည်း ရှိပါသေး၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကယ်၍ ခွင့်ပြုပါမူ တပည့်တော်သည် ထိုသရက်ဥယျာဉ်သို့ တရားအားထုတ်ရန် သွားလိုပါ၏"ဟု (လျှောက်၏)။ မေဃိယ "တရားအားထုတ်ရန်" ဟု ပြောဆိုသူကို အဘယ်သို့ ပြောဆိုနိုင်ကုန်အံ့နည်း၊ မေဃိယ ယခုသွားရန် အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏အလိုအတိုင်း ဖြစ်၏)ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်မေဃိယသည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေ ပြုလျက် သရက်ဥယျာဉ်သို့ ချဉ်းကပ်ဝင်ရောက်ကာ တခုသောသစ်ပင်ရင်း၌ နေ့သန့်စင်ရန် ထိုင်နေ၏။ ထိုအခါ ထိုသရက်ဥယျာဉ်၌နေသော အသျှင်မေဃိယအား ကာမနှင့်စပ်ယှဉ်သော ကြံစည်မှု 'ကာမဝိတက်' ဖျက်ဆီးလိုခြင်းနှင့်စပ်ယှဉ်သော ကြံစည်မှု 'ဗျာပါဒဝိတက်' ညှဉ်းဆဲလိုခြင်းနှင့် စပ်ယှဉ်သော ကြံစည်မှု 'ဝိဟိံသာဝိတက်'ဟူသော ယုတ်ညံ့သော အကုသိုလ်ဝိတက်သုံးပါးတို့သည် များသောအားဖြင့် ဖြစ်ပွါးကုန်၏။

ထိုအခါ အသျှင်မေဃိယအား "အချင်းတို့ အံ့ဩဖွယ် ကောင်းလေစွ၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်လေစွ၊ယုံကြည်မှုသဒ္ဓါတရားဖြင့် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုသူ ဖြစ်ပါလျက် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဟူသော ယုတ်ညံ့သော အကုသိုလ်ဝိတက်သုံးပါးတို့ဖြင့် ကပ်ငြိခံရကုန်၏"ဟု ဤအကြံအစည်သည် ဖြစ်၏။

ထိုအခါ အသျှင်မေဃိယသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား ထိုသရက်ဥယျာဉ်၌နေ့နေသော တပည့်တော်အား ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဟူသော ယုတ်ညံ့သော အကုသိုလ်ဝိတက်သုံးပါးတို့သည် များသောအားဖြင့် ဖြစ်ပါကုန်၏။ အသျှင်ဘုရား ထိုတပည့်တော်အား အချင်းတို့ အံ့ဩဖွယ်ရှိပေစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ ယုံကြည်မှုသဒ္ဓါတရားဖြင့် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုသူ ဖြစ်ပါလျက် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် ဟူသော ယုတ်ညံ့သော ဤအကုသိုလ် ဝိတက်သုံးပါးတို့ဖြင့် ကပ်ငြိခံရကုန်၏"ဟု ဤအကြံအစည်သည် ဖြစ်ပါ၏ဟု လျှောက်၏။

မေဃိယ တရားငါးမျိုးတို့သည် မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှ လွတ်မြောက်မှု စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်ကုန်၏၊ အဘယ်ငါးပါးတို့နည်း ဟူမူ—

မေဃိယ ဤသာသနာတော်၌ ရဟန်းသည်—

၁။ မိတ်ဆွေကောင်း အဖော်သူငယ်ချင်းကောင်းရှိသူ သူတော်ကောင်း၌ ကိုင်းရှိုင်းသော စိတ်ရှိသူ ဖြစ်၏၊မေဃိယ ဤပဌမတရားသည် မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်၏။

http://www.dhammadownload.com



၂။ မေဃိယ နောက်တမျိုးကား ရဟန်းသည် သီလရှိသူ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်သျက် အကျင့် 'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသူ ဖြစ်၍နေ၏။ အနည်းငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှု၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်၏။ မေဃိယ ဤဒုတိယတရားသည် မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်၏။

၃။ မေဃိယ နောက်တမျိုးကား အကြင်စကားသည် အလွန်ကိလေသာခေါင်းပါးမှုနှင့် စပ်ယှဉ်၏၊ စိတ်ကို ဖွင့်လှစ်သော သမထဝိပဿနာအား လျောက်ပတ်၏၊ စင်စစ် ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါ ငြိမ်းအေးခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏၊ ဤစကားတို့ကား အဘယ်နည်း၊ အလိုနည်းမှုနှင့်စပ်သောစကား ရောင့်ရဲမှုနှင့်စပ်သောစကား ဆိတ်ငြိမ်မှုနှင့်စပ်သောစကား မရောပြွမ်းမှုနှင့်စပ်သောစကား ဝီရိယကို အားထုတ်မှုနှင့်စပ်သောစကား သီလနှင့်စပ်သောစကား သမာဓိနှင့်စပ်သောစကား ပညာနှင့်စပ်သောစကား မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သောစကား ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သောစကားတို့တည်း၊ ရဟန်းသည် ဤသို့ သဘောရှိသော စကားကို (နာကြားရန်) အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ပဲရ၏၊ မပင်မပန်းပဲ ရ၏၊ မေဃိယ ဤတတိယတရားသည် မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်၏။

၄။ မေဃိယ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားကိုပယ်ရန် ကုသိုလ်တရားကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသူ အားအစွမ်းရှိသူ မြဲမြံသောလုံ့လရှိသူ ကုသိုလ်တရားတို့၌ တာဝန်ကို ချမထားသူ ဖြစ်၍နေ၏၊ မေဃိယ ဤစတုတ္ထတရားသည် မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်၏။

၅။ မေဃိယ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊ အဖြစ်အပျက်ကိုသိသော ကိလေသာကို ခွဲဖျက်နိုင်သော အကြွင်းမဲ့ ဆင်းရဲကုန်ရာသို့ ရောက်ကြောင်းဖြစ်သော ဖြူစင်သော ပညာနှင့် ပြည့်စုံ၏၊ မေဃိယ ဤပဉ္စမတရားသည် မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်၏၊ မေဃိယ ဤတရားငါးမျိုးတို့သည် မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်ကုန်၏။

မေဃိယ မိတ်ဆွေကောင်း အဖော်သူငယ်ချင်းကောင်းရှိ၍ သူတော်ကောင်း၌ ကိုင်းရှိုင်းသောစိတ်ရှိသည့် ရဟန်းအား "သီလရှိသူ ဖြစ်လိမ့်မည် ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်သူ ဖြစ်လိမ့်မည် အကျင့်'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၍ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်နိုင်လိမ့်မည်ဟူသော ထိုအလုံးစုံကို မချွတ်ရလိမ့်မည်"ဟု မျှော်လင့်အပ်၏။

မေဃိယ "အကြင်စကားသည် အလွန်ကိလေသာ ခေါင်းပါးမှုနှင့် စပ်ယှဉ်၏၊ စိတ်ကို ဖွင့်လှစ်သော သမထဝိပဿနာအား လျောက်ပတ်၏၊ စင်စစ်ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါ ငြိမ်းအေးခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏၊ ဤစကားတို့ကား အဘယ်နည်း၊ အလိုနည်းမှုနှင့် စပ်သောစကား ရောင့်ရဲလွယ်မှုနှင့်စပ်သောစကား ဆိတ်ငြိမ်မှုနှင့်စပ်သောစကား မရောပြွမ်းမှုနှင့်စပ်သောစကား ဝီရိယကို အားထုတ်မှုနှင့်စပ်သောစကား သီလနှင့်စပ်သောစကား သမာဓိနှင့်စပ်သောစကား ပညာနှင့်

http://www.dhammadownload.com



စပ်သောစကား မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သောစကား ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သောစကားတို့တည်း။ မိတ်ဆွေကောင်း အဖော်သူငယ်ချင်းကောင်းရှိ၍ သူတော်ကောင်း၌ ကိုင်းရှိုင်းသောစိတ်ရှိသူ ရဟန်းအား ဤသို့သဘောရှိသော စကားကို (ကြားနာခွင့်) အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်လိမ့်မည်”ဟူသော ဤအလုံးစုံကို မချွတ်ရလိမ့်မည် ဟု မြော်လင့်အပ်၏။

မေဃိယ မိတ်ဆွေကောင်း အဖော်သူငယ်ချင်းကောင်းရှိ၍ သူတော်ကောင်း၌ ကိုင်းရှိုင်းသော စိတ်ရှိသည့် ရဟန်းအား“အကုသိုလ်တရားကိုပယ်ရန် ကုသိုလ်တရားကို ပြည့်စုံစေရန် ထက်သန်သောလုံ့လရှိသူ အားအစွမ်းရှိသူ မြဲမြံသောအားထုတ်မှုရှိသူ ကုသိုလ်တရားတို့၌ တာဝန်ကို ချမထားသူ ဖြစ်၍ နေလိမ့်မည်”ဟူသော ဤအလုံးစုံကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။

မေဃိယ မိတ်ဆွေကောင်း အဖော်သူငယ်ချင်းကောင်းရှိ၍ သူတော်ကောင်း၌ ကိုင်းရှိုင်းသော စိတ်ရှိသည့် ရဟန်းအား “ပညာရှိ၍ အဖြစ်အပျက်ကိုသိသော ကိလေသာကို ဖောက်ခွဲနိုင်သော အကြွင်းမဲ့ဆင်းရဲကုန်ရာသို့ ရောက်ကြောင်းဖြစ်သော ဖြူစင်သော ပညာနှင့် ပြည့်စုံသူ ဖြစ်လိမ့်မည်”ဟူသော ဤအလုံးစုံကို မချွတ်ရလိမ့်မည် ဟု မြော်လင့်အပ်၏။

မေဃိယ ထိုရဟန်းသည် ဤတရားငါးပါးတို့၌ တည်ပြီးလျှင် တဆင့်တက်၍ တရားလေးပါးတို့ကို ပွါးများရန် ရာဂကို ပယ်နိုင်ရန် အသုဘကို ပွါးများရမည်၊ ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာကို ပွါးများရမည်၊ ဝိတက်ကို ဖြတ်တောက်နိုင်ရန် အာနာပါနဿတိကို ပွါးများရမည်၊ ငါဟူသော မာန်ကို ပယ်နိုင်ရန် အနိစ္စသညာကို ပွါးများရမည်။ မှန်၏ မေဃိယ အနိစ္စသညာရှိသူအား အနတ္တသညာသည် ထင်၏၊ အနတ္တသညာ ထင်သူသည် ငါဟူသော မာန်ကို ပယ်ခွါခြင်းသို့ ရောက်နိုင်၏၊ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်နိုင်၏ ဟု(မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“ယုတ်ညံ့သောဝိတက် သိမ်မွေ့သောဝိတက်တို့သည် စိတ်သို့ အစဉ်လိုက်တတ်ကုန်၏၊ စိတ်ပေါ် လွင့်တက်ကြွမှုကို ပြုတတ်ကုန်၏၊ ဤမနောဝိတက်တို့ကို မသိသူသည် စိတ်မတည်တံ့ပဲ အာရုံတခုမှ အာရုံတခုသို့ ပြေးသွားတတ်၏။

ထိုမနောဝိတက်တို့ကို သိ၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့် သတိရှိသူ အကြွင်ပုဂ္ဂိုလ်သည် စိတ်သို့ အစဉ်လိုက်တတ် စိတ်ပေါ် လွင့်တက်ကြွမှုကို ပြုတတ်သော ဝိတက်တို့ကို ပိတ်ဆို့နိုင်၏၊ ထိုပုဂ္ဂိုလ်သည် သစ္စာလေးပါးကို သိသည်ဖြစ်၍ ထိုကာမဝိတက်စသည်တို့ကို အကြွင်းမဲ့ ပယ်စွန့်နိုင်၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

---

## ၂-ဥဒ္ဓတသုတ်

၃၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကုသိနာရုံမြို့(တောင်တံခါး၏) အကွေ့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် ပျံ့လွင့်ကုန် (အချည်းနှီး) မာနတက်ကုန် လျှပ်ပေါ်ကုန်

http://www.dhammadownload.com



နှုတ်ကြမ်းကုန် (ရောက်တတ်ရာရာ) ပြန့်ကျဲသော စကားရှိကုန် သတိကင်းကုန် ဆင်ခြင်ဉာဏ်မဲ့ကုန် မတည်ကြည်ကုန် တုန်လှုပ်သော စိတ်ရှိကုန် မစောင့်စည်းသော ဣန္ဒြေရှိကုန်လျက် မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်ဖြစ်သော တောကျောင်း၌ နေကြကုန်၏။

မြတ်စွာဘုရားသည် ပျံ့လွင့်ကုန် (အချည်းနှီး) မာနတက်ကုန် လျှပ်ပေါ်ကုန် နှုတ်ကြမ်းကုန် (ရောက်တတ်ရာရာ) ပြန့်ကျဲသော စကားရှိကုန် သတိကင်းကုန် ဆင်ခြင်ဉာဏ်မဲ့ကုန် မတည်ကြည်ကုန် တုန်လှုပ်သော စိတ်ရှိကုန် မစောင့်စည်းသော ဣန္ဒြေရှိကုန်လျက် မနီးမဝေးသော အရပ်ဖြစ်သော တောကျောင်း၌ နေကြကုန်သော ရဟန်းတို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"မစောင့်ရှောက်အပ်သော ကိုယ်အမူအရာဖြင့်ငင်း မိစ္ဆာအယူ နှိပ်စက်အပ် ထိနမိဒ္ဓလွှမ်းမိုးအပ်သော စိတ်ဖြင့်ငင်း နေသောရဟန်းသည် မာရ်၏ အလိုသို့ လိုက်ရ၏၊ ထို့ကြောင့် ရဟန်းသည် စောင့်ရှောက်သော ကိုယ်စိတ်ရှိသူဖြစ်ရာ၏၊ မှန်ကန်သောကြံစည်မှု 'သမ္မာသင်္ကပ္ပ'လျှင် ကျက်စားရာ အာရုံရှိသူဖြစ်ရာ၏၊ မှန်ကန်သောအယူကို ရှေ့သွားပြုသူဖြစ်ရာ၏၊ သင်္ခါရတို့၏ ဖြစ်ပျက်မှုကို သိ၍ ထိနမိဒ္ဓကို နှိမ်နင်းကာ ဒုက္ခသုံးမျိုးတို့ အနှိပ်စက်ခံနေရသော ဂတိအားလုံးတို့ကို စွန့်ပယ်နိုင်ရာ၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-ဂေါပါလကသုတ်

၃၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း၌ များစွာသော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူလတ်သော် လမ်းခရီးမှ ဖဲ၍ တခုသောသစ်ပင်အနီးသို့ ချဉ်းကပ်ကာ ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်သော နွားကျောင်းသားကို မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၏။

မြတ်စွာဘုရားက တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေအပ်သော နွားကျောင်းသားသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖန် တပည့်တော်၏ ဆွမ်းကို ရဟန်းသံဃာနှင့်တကွ လက်ခံတော်မူပါ"ဟု (လျှောက်၏)။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထို့နောက် ထိုနွားကျောင်းသားသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကိုသိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုလျက် ဖဲသွား၏။

ထို့နောက် ထိုနွားကျောင်းသားသည် ထိုညဉ့်ကိုလွန်သော အခါ၌ မိမိနေအိမ်ဝယ် ရေမပါသော များစွာသော နို့ဃနာဆွမ်းကိုငင်း ထောပတ်သစ်ကိုငင်း စီရင်စေ၍ မြတ်စွာဘုရားအား "အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ"ဟု လျှောက်၏။ ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရဟန်းသံဃာနှင့်အတူ

http://www.dhammadownload.com



ထိုနွားကျောင်းသားအိမ်သို့ ချဉ်းကပ်လျက် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ ထိုအခါ ထိုနွားကျောင်းသားသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို ရေမပါသော နို့ဃနာ ဆွမ်းဖြင့်၎င်း ထောပတ်သစ်ဖြင့်၎င်း ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့် တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၏။ ထို့နောက် နွားကျောင်းသားသည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ နိမ့်သော ထိုင်စရာတခုကို ယူပြီးလျှင် တခုသောအရပ်၌ ထိုင်နေ၏၊ တခုသော အရပ်၌ ထိုင်နေသော ထိုနွားကျောင်းသားကို မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွားကို ကောင်းစွာပြလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူပြီးလျှင် နေရာမှထလျက် ဖဲကြွတော်မူ၏။ ထို့နောက် မြတ်စွာဘုရား ကြွသွား၍ မကြာမီ ထိုနွားကျောင်းသားကို ယောကျ်ားတယောက်သည် ရွာအကြား၌ ဇီဝိတိန္ဒြေမှ ချ (သတ်) ၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကြပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား ယနေ့ မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို ရေမပါသော နို့ဃနာဆွမ်းဖြင့်၎င်း ထောပတ်သစ်ဖြင့်၎င်း ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေးသော နွားကျောင်းသားကို ယောကျ်ားတယောက်သည် ရွာအကြား၌ ဇီဝိတိန္ဒြေမှ ချ (သတ်) အပ်ပါသတတ်" ဟု လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ခိုးသူသည် ခိုးသူကိုမြင်၍ ရန်သူသည်မူလည်း ရန်သူကိုမြင်၍ ထိုသူ၏ပျက်စီးခြင်းကို ပြုရာ၏၊ ဖောက်ပြန်၍ ဆောက်တည်သောစိတ်သည် ထိုစိတ်ရှိသူကို ထိုခိုးသူ ရန်သူတို့ ထက်ပင် ယုတ်မာအောင် ပြုနိုင်၏" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

## ၄-ယက္ခပဟာရသုတ်

၃၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် —အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလ္လာန်တို့သည် ကပေါတကန္ဒရမည်သော ကျောင်း၌ နေကြကုန်၏။ ထိုအခါ၌ ဆံပင်ရိတ်ပြီးစဖြစ်သော အသျှင်သာရိပုတြာသည် လဆန်း ပက္ခ ညဉ့်အခါ၌ လွင်တီးခေါင်၌ တခုသော (ဥပေက္ခာဗြဟ္မဝိဟာရ) သမာဓိကို ဝင်စားလျက် နေတော်မူ၏။

ထိုအခါ သူငယ်ချင်းဖြစ်သူ ဘီလူးနှစ်ယောက်တို့သည် မြောက်အရပ်မှ တောင်အရပ်သို့ တခုသော ပြုဖွယ်ကိစ္စဖြင့် သွားကုန်စဉ် လဆန်းပက္ခ ညဉ့်အခါ လွင်တီးခေါင်၌ တခုသော ဥပေက္ခာ ဗြဟ္မဝိဟာရသမာဓိကို ဝင်စားလျက် ထိုင်နေတော်မူသော ဆံရိတ်ပြီးစဖြစ်သည့် အသျှင်သာရိပုတြာ ကို မြင်ကုန်၏။ မြင်ပြီး၍ ဘီလူးတယောက်သည် အဖော်ဘီလူးကို "မိတ်ဆွေ ငါသည် ဤရဟန်း၏ ဦးခေါင်းကို ရိုက်ပုတ်လို၏" ဟု (ပြောဆို၏)။ ဤသို့ပြောဆိုလတ်သော် ထိုအဖော်ဘီလူးသည်

http://www.dhammadownload.com



ထိုဘီလူးကို "မိတ်ဆွေ မသင့်၊ ရဟန်းကို မရိုက်ပုတ်ပါလင့်၊ မိတ်ဆွေ ထိုရဟန်းသည် မြင့်မြတ်လှပေ၏၊ တန်ခိုးအာနုဘော် ကြီးလှပေ၏"ဟုပြောဆို၏။

နှစ်ကြိမ်မြောက်လည်း ထိုဘီလူးသည် ထိုအဖော်ဘီလူးကို "မိတ်ဆွေ ငါသည် ဤရဟန်း၏ ဦးခေါင်းကို ရိုက်ပုတ်လို၏"ဟုပြောဆို၏။ နှစ်ကြိမ်မြောက်လည်း 'မိတ်ဆွေ မသင့်၊ ရဟန်းကို မရိုက်ပုတ်ပါလင့်၊မိတ်ဆွေ ထိုရဟန်းသည် မြင့်မြတ်လှပေ၏၊တန်ခိုးအာနုဘော် ကြီးလှပေ၏"ဟုပြောဆို၏။ သုံးကြိမ်မြောက်လည်း ထိုဘီလူးသည် 'မိတ်ဆွေ ငါသည် ဤရဟန်း၏ ဦးခေါင်းကို ရိုက်ပုတ်လို၏" ဟု ပြောဆို၏။ သုံးကြိမ်မြောက်လည်း ထိုဘီလူးသည် ထိုဘီလူးကို မိတ်ဆွေ မသင့်၊ ရဟန်းကို မရိုက်ပုတ်ပါလင့်၊ မိတ်ဆွေ ထိုရဟန်းသည် မြင့်မြတ်လှပေ၏၊ တန်ခိုးအာနုဘော် ကြီးလှပေ၏" ဟု ပြောဆို၏။ထို့နောက် ထိုဘီလူးသည် ထိုအဖော်ဘီလူး၏ စကားကို မနာယူပဲ အသျှင်သာရိပုတြာ၏ ဦးခေါင်းကို ရိုက်ပုတ်လေ၏၊ ရိုက်ပုတ်ခြင်းသည် အလွန်ပြင်းထန်လှ၏၊ ထိုရိုက်ပုတ်ခြင်းကြောင့် ခုနစ်တောင် ခုနစ်တောင့်ထွာရှိသော ဆင်ကိုသော်လည်း မြေသို့ နစ်မြုပ်စေရာ၏၊ တောင်ထွဋ်ကြီးကိုမူလည်း အစိတ်အစိတ် ပြိုကွဲစေရာ၏၊ ထိုခဏ၌ပင် ထိုဘီလူးသည် "ငါ ပူလောင်၏၊ ငါ ပူလောင်၏" ဟု ဆိုလျက် ထိုအရပ်၌ပင်လျှင် (အဝီစိ)ငရဲကြီး၌ ကျရောက်၏။

အသျှင်မဟာမောဂ္ဂလ္လာန်သည် သန့်ရှင်းကြည်လင်၍ လူတို့၏ မျက်စိအမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ ဒိဗ္ဗစက္ခု'ဖြင့် အသျှင်သာရိပုတြာဦးခေါင်း၌ ဘီလူးရိုက်ပုတ်သည်ကို မြင်၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်လျက် အသျှင်သာရိပုတြာကို "ငါ့သျှင် သင်ခန္ဓာကျန်းပါ၏လော၊ မျှတပါ၏လော၊ သင့်အား တစုံတခုသော ဆင်းရဲ မရှိပါ၏လော"ဟု လျှောက်၏။ငါ့သျှင်မောဂ္ဂလ္လာန် ငါခန္ဓာကျန်းပါ၏၊ မျှတပါ၏၊ သို့ရာတွင် ငါ၏ဦးခေါင်း၌ အနည်းငယ် နာကျင်သကဲ့သို့ဖြစ်၏"ဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ အံ့ဩဖွယ်ရှိပါပေ၏၊ ငါ့သျှင်သာရိပုတြာ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ သင်သည် တန်ခိုးအာနုဘော်ကြီး၏၊ ငါ့သျှင်သာရိပုတြာ ယနေ့ သင့်အား ဘီလူးတယောက်သည် ဦးခေါင်းကို ရိုက်ပုတ်၏၊ ရိုက်ပုတ်ခြင်းသည် အလွန်ပြင်းထန်လှ၏၊ ထိုရိုက်ပုတ်ခြင်းကြောင့် ခုနစ်တောင် ခုနစ်တောင့်ထွာရှိသော ဆင်ကိုသော်လည်း မြေသို့ နစ်မြုပ်စေရာ၏၊ တောင်ထွဋ်ကြီးကိုမူလည်း အစိတ်အစိတ် ပြိုကွဲစေရာ၏၊ သို့ပါလျက် အသျှင်သာရိပုတြာသည် "ငါ့သျှင်မောဂ္ဂလ္လာန် ငါခန္ဓာကျန်းပါ၏၊ ငါမျှတပါ၏၊ သို့ရာတွင် ငါ၏ဦးခေါင်း၌ အနည်းငယ် နာကျင်သကဲ့သို့ ဖြစ်၏"ဟု ဆိုဘိ၏ဟု (ပြောဆို၏)။

ငါ့သျှင်မောဂ္ဂလ္လာန် အံ့ဩဖွယ်ရှိပါပေ၏၊ ငါ့သျှင်မောဂ္ဂလ္လာန် မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အသျှင်မဟာမောဂ္ဂလ္လာန်သည် အလွန်တန်ခိုးအာနုဘော်ကြီးပါပေ၏၊ ယင်းသို့ ဖြစ်သောကြောင့် ဘီလူးကိုမူလည်း မြင်နိုင်ပေ၏၊ ငါတို့မှာမူ မြေဘုတ်ဘီလူးကိုမျှလည်း မမြင်ဟု (ပြောဆို၏)။

မြတ်စွာဘုရားသည် သန့်ရှင်းကြည်လင်သော လူတို့၏နားအကြားကို လွန်သော နတ်တို့၏ နားနှင့်တူသောနား 'ဒိဗ္ဗသောတ'ဖြင့် ထိုရဟန္တာကြီး နှစ်ပါးတို့၏ ဤသို့သဘောရှိသော စကားပြောဆိုမှုကို ကြားတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် ကျောက်တောင်နှင့်တူသည်ဖြစ်၍တည်၏၊ မတုန်လှုပ်၊ တပ်စွန်းဖွယ်အာရုံတို့၌ တပ်ခြင်းကင်း၏၊ အမျက်ထွက်ဖွယ် အာရုံ၌ အမျက်မထွက်၊ အကြင်

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ဤသို့ ပွါးများပြီးဖြစ်၏၊ယင်းသို့ စိတ်ကို ပွါးများပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်သို့ ဆင်းရဲသည် အဘယ်မှာ ကပ်ရောက်နိုင်ပါမည်နည်း''ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်။

## ၅-နာဂသုတ်

၃၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတပည့်တို့နှင့် ရောပြွမ်းလျက် နေရသည်ဖြစ်၍ ဆင်းရဲ၏၊ ချမ်းသာစွာ မနေရ။ထိုအခါ မြတ်စွာဘုရားအား "ငါသည် ယခုအခါ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတပည့်တို့နှင့် ရောပြွမ်းလျက်နေရသည်ဖြစ်၍ ဆင်းရဲ၏၊ ချမ်းသာစွာ မနေရ၊ငါသည် ပရိသတ်အပေါင်းမှ (ထွက်၍) တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် နေရပါမူ ကောင်းလေစွ''ဟု အကြံသည် ဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ကောသမ္ဗီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲကြွလျက် ကိုယ်တိုင် ကျောင်း အိပ်ရာ နေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် အလုပ်အကျွေးကိုလည်း မခေါ် ရဟန်းသံဃာကိုလည်း မပန်ကြားပဲ အဖော်မပါ တပါးတည်း ပါလိလေယျကတောအုပ်သို့ ဒေသစာရီ ကြွတော်မူ၏။ အစဉ်သဖြင့် ဒေသစာရီကြွတော်မူလတ်သော် ပါလိလေယျကတောအုပ်သို့ ဆိုက်ရောက်တော်မူ၏။ မြတ်စွာဘုရားသည် ထိုပါလိလေယျကရွာ ရက္ခိတတောအုပ် အင်ကြင်းပင်ပျိုအနီး၌ နေတော်မူ၏။

ဆင်ပြောင်ကြီးတကောင်သည်လည်း ဆင်ပေါက် ဆင်မ ဆင်ရှေ့ နို့စို့ဆင်ငယ်တို့နှင့် ရောပြွမ်းသည်ဖြစ်၍ အညွန့်ပြတ်ပြီးသော မြက်ဘို့ကိုလည်း စားရ၏၊ ထိုဆင်ပြောင်ကြီး ချိုး၍ ချိုး၍ ချသော သစ်ခက် သစ်ကိုင်းကိုလည်း (အခြားဆင်တို့)စားကုန်၏၊ (ထိုဆင်ပြောင်ကြီးသည်) နောက်ကျုကုန်သော ရေတို့ကိုလည်း သောက်ရ၏၊ရေဆိပ်မှတက်သော ထိုဆင်ပြောင်ကြီး၏ ကိုယ်ကိုလည်း ဆင်မတို့သည် တိုးဝှေ့လျက် သွားကုန်၏၊ ရောပြွမ်းသည် ဖြစ်၍ ဆင်းရဲ၏၊ ချမ်းသာစွာ မနေရ။ ထိုအခါ ထိုဆင်ပြောင်ကြီးအား "ငါသည် ယခုအခါ၌ ဆင်ထီး ဆင်မ ဆင်ပေါက် ဆင်ငယ်တို့နှင့် ရောပြွမ်း၍နေရ၏၊ အဖျားပြတ်ပြီးသော မြက်တို့ကိုလည်း စားရ၏၊ငါချိုး၍ ချိုး၍ ချသော အကိုင်းအခက်ကိုလည်း ဆင်ပေါက်ဆင်ငယ်တို့သည် စားကုန်၏၊ နောက်ကျုသောရေကိုလည်း သောက်ရ၏၊ ရေဆိပ်မှတက်သော ငါ၏ကိုယ်ကိုလည်း ဆင်မတို့သည် တိုးဝှေ့လျက် သွားကုန်၏၊ ငါသည် ရောပြွမ်းသည် ဖြစ်၍ ဆင်းရဲ၏၊ ချမ်းသာစွာ မနေရ၊ ငါသည် ဆင်အုပ်မှထွက်၍ (တကောင်တည်း) ဆိတ်ငြိမ်ရာသို့ ကပ်လျက်နေရမူ ကောင်းလေစွ''ဟု ဤအကြံ သည်ဖြစ်၏။

ထို့နောက် ထိုဆင်ပြောင်ကြီးသည် ဆင်အုပ်မှ ဖဲ၍ ပါလိလေယျကရွာ ရက္ခိတတောအုပ် အင်ကြင်းပင်ပျိုအနီး၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍နေ၏၊ ထိုအခါ ထိုဆင်ပြောင်ကြီးသည်

http://www.dhammadownload.com



မြတ်စွာဘုရား နေတော်မူရာအရပ်ကိုလည်း စိမ်းစိုသော မြက်သစ်ပင်မရှိအောင် ပြု၏၊ နွားမောင်းဖြင့်လည်း မြတ်စွာဘုရား၏သောက်ရေ သုံးဆောင်ရေကို တည်ထား၏။

ထို့နောက် ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းတော်မူသော မြတ်စွာဘုရားအား "ငါသည် ရှေးအခါက ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိသာဝကတို့နှင့် ရောပြွမ်းလျက်နေရသည်ဖြစ်၍ ဆင်းရဲ၏၊ချမ်းသာစွာ မနေရ၊ "ထိုငါသည် ယခုအခါ၌ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတပည့်တို့နှင့် မရောပြွမ်းပဲ နေသောကြောင့် ချမ်းသာစွာနေရ၏" ဟု စိတ်အကြံဖြစ်၏။

ထိုဆင်ပြောင်ကြီးအားလည်း "ငါသည် ရှေးအခါက ဆင်ပေါက် ဆင်မ ဆင်ငွေ နို့စို့ဆင်ငယ် တို့နှင့် ရောပြွမ်းလျက် နေရသည်ဖြစ်၍ အညွန့်ပြတ်ပြီးသော မြက်တို့ကိုလည်း စားရ၏၊ ငါချိုး၍ ချိုး၍ ချသော သစ်ခက်သစ်ကိုင်းကိုလည်း ဆင်ငယ်တို့သည် စားကုန်၏၊ ငါသည် နောက်ကျသော ရေတို့ကိုလည်း သောက်ရ၏၊ရေဆိပ်မှတက်သော ငါ၏ကိုယ်ကိုလည်း ဆင်မတို့သည် တိုး‌ဝှေ့လျက် သွားကုန်၏၊ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲ၏၊ချမ်းသာစွာ မနေရ။ထိုငါသည် ယခုအခါ ဆင်ထီး ဆင်မ ဆင်ပေါက် ဆင်ငယ်တို့နှင့် မရောပြွမ်းပဲ နေရ၏၊ အဖျားမပြတ်သော မြက်တို့ကိုလည်း စားရ၏၊ ငါချိုး၍ ချိုး၍ ချအပ်သော သစ်ခက် သစ်ကိုင်းတို့ကိုလည်း ဆင်ငယ်တို့သည် မစားကုန်၊ ကြည်လင်သောရေတို့ကိုလည်း သောက်ရ၏၊ ဆိပ်ကမ်းမှတက်သော ငါ၏ကိုယ်ကိုလည်း ဆင်မတို့သည် တိုးဝှေ့လျက် မသွားကုန်၊ မရောပြွမ်းသောကြောင့် ချမ်းသာစွာ နေရ၏"ဟု ဤသို့ စိတ်အကြံဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် မိမိ၏ကာယဝိဝေကကို သိ၍ ထိုဆင်ပြောင်ကြီး၏ စိတ်အကြံကိုလည်း မိမိစိတ်ဖြင့် သိတော်မူ၍ ထိုသိသောအချိန်၌-

"ဘုရားတည်းဟူသော ဆင်ပြောင်ကြီးသည် တပါးတည်း တော၌ မွေ့လျော်ကုန်သကဲ့သို့ ဤဆင်ပြောင်ကြီးသည်လည်း တစီးတည်း တော၌ မွေ့လျော်၏၊ ထို့ကြောင့် မြတ်စွာဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ ထိုတပါးတည်း မွေ့လျော်သော စိတ်သည် လှည်းစွယ်ရန်းနှင့် တူသော အစွယ်ရှိသော ဆင်ပြောင်ကြီး၏ တစီးတည်း မွေ့လျော်သော စိတ်နှင့် တူမျှ၏" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဉ္စမသုတ်။

---

## ၆-ပိဏ္ဍောလသုတ်

၃၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အရှည်ကာင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံသုကူဓုတင် တိစီဝရိက်ဓုတင် ဆောင်ကာ အလိုနည်းသူ ဆောင့်ရဲလွယ်သူ ဆိတ်ငြိမ်ရာသိကပ်သူ မရောနှောသူ ထက်သန်သောဝီရိယရှိသူ ဓုတင်တရားကို ဟောပြောတတ်သူ လွန်ကဲသော အရဟတ္တဖိုလ်သမာဓိကို စိတ် မပြတ်အားထုတ်သူ အသျှင်ပိဏ္ဍော

http://www.dhammadownload.com



လဘာရဒွါဇသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာ ထားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မြတ်စွာဘုရားသည် အရည်ကင်းခုတင် ပိဏ္ဍပါတ်ခုတင် ပံသုကူခုတင် တိစီဝရိက်ခုတင်ဆောင်ကာ အလိုနည်းသူ ရောင့်ရဲလွယ်သူ ဆိတ်ငြိမ်ရာသို့ကပ်သူ မရောနှောသူ ထက်သန်သော ဝီရိယရှိသူ ခုတင်တရားကို ဟောပြောတတ်သူ လွန်ကဲသော အရဟတ္တဖိုလ် သမာဓိစိတ်ကို မပြတ်အားထုတ်သူ အသျှင်ပိဏ္ဍောလဘာရဒွါဇကို မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသည်ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"တစုံတယောက်ကိုမျှ နှုတ်ဖြင့် မစွပ်စွဲခြင်းရှင်း ကိုယ်ဖြင့် မညှဉ်းဆဲခြင်းရှင်း ပါတိမောက္ခသီလ၌ စောင့်စည်းခြင်းရှင်း ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်းရှင်း ဆိတ်ငြိမ်သောကျောင်း အိပ်ရာနေရာ၌ နေခြင်းရှင်း လွန်ကဲသောစိတ်၌ အားထုတ်ခြင်းရှင်း ဤကား မြတ်စွာဘုရားတို့၏ အဆုံးအမတော်တည်း"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

---

## ၇-သာရိပုတ္တသုတ်

၃၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အလိုနည်းသူ ရောင့်ရဲလွယ်သူ ဆိတ်ငြိမ်ရာသို့ကပ်သူ မရောနှောသူ ထက်သန်သောဝီရိယရှိသူ လွန်ကဲသော စိတ်ကို မပြတ်အားထုတ်သူ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မြတ်စွာဘုရားသည် အလိုနည်းသူ ရောင့်ရဲလွယ်သူ ဆိတ်ငြိမ်ရာသို့ကပ်သူ မရောနှောသူ ထက်သန်သောဝီရိယရှိသူ လွန်ကဲသောစိတ်ကို မပြတ်အားထုတ်သူ အသျှင်သာရိပုတြာကို မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသည်ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ –

"လွန်ကဲသော စိတ်ရှိလျက် မမေ့မလျော့မူ၍ အရဟတ္တမဂ်ဉာဏ်၏ လမ်းကြောင်းတရားတို့၌ ကျင့်ကာ ငြိမ်သက်စွာသော အခါခပ်သိမ်း သတိရှိသော တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား စိုးရိမ်သောကတို့သည် မဖြစ်ကုန်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

---

## ၈-သုန္ဒရီသုတ်

၃၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ

http://www.dhammadownload.com



မြတ်စွာဘုရားသည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၏။ရဟန်းသံဃာသည်လည်း အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူလျက် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၏။ သာသနာတော်မှ ပြင်ပဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည်ကား အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို မခံယူကြကုန်ပဲ သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို မရရှိကုန်။

ထိုအခါ သာသနာတော်ပြင်ပမှုဖြစ်သော ထိုတိတ္ထိပရိဗိုဇ်တို့သည် မြတ်စွာဘုရားအားရှင်း ရဟန်းသံဃာအားရှင်း အရိုအသေပြုခံရသည်ကို သည်းမခံနိုင်ကြသောကြောင့် သုန္ဒရီပရိဗိုဇ်မထံသို့ ချဉ်းကပ်လျက် သုန္ဒရီပရိဗိုဇ်မကို "နှစ်မ သင်သည် ဆွေမျိုးတို့၏ အကျိုးကို ပြုခြင်းငှါ စွမ်းနိုင်၏"ဟု ပြောကုန်၏။ အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကို ပြုရပါမည်နည်း၊ အကျွန်ုပ်သည် အဘယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပဲ ရှိပါမည်နည်း၊ ဆွေမျိုးတို့၏အကျိုးငှါ အကျွန်ုပ်၏ အသက်ကို စွန့်နိုင်ပါ၏ဟု (ပြောဆို၏)။

နှစ်မ သို့ဖြစ်လျှင် ဇေတဝန်ကျောင်းသို့ မပြတ်သွားပါဟု ပြောကုန်၏။ "အသျှင်တို့ ကောင်းပါပြီ"ဟု သုန္ဒရီပရိဗိုဇ်မသည် ထိုသာသနာပြင်ပဖြစ်သော တိတ္ထိပရိဗိုဇ်တို့၏ (စကားကို) ဝန်ခံ၍ ဇေတဝန်ကျောင်းတော်သို့ မပြတ်သွား၏။

သာသနာပြင်ပဖြစ်သော ထိုတိတ္ထိပရိဗိုဇ်တို့သည် "သုန္ဒရီပရိဗိုဇ်မသည် ဇေတဝန်ကျောင်းသို့ မပြတ်သွားသည်ကို လူအများမြင်၏"ဟု သိကြသောအခါ ထိုသုန္ဒရီပရိဗိုဇ်မကို သတ်၍ ထိုအရပ်၌ပင်လျှင် ဇေတဝန်ကျောင်းတော်အနီး(ပန်းမှိုက်စွန့်ရာ)မြောင်းထဲ၌ ပစ်ချထားကြပြီးလျှင် ပသေနဒီကောသလမင်းထံသို့ ချဉ်းကပ်လျက် ပသေနဒီကောသလမင်းကို "မင်းကြီး အကျွန်ုပ်တို့ သုန္ဒရီပရိဗိုဇ်မကို မတွေ့မြင်ရတော့ပါ"ဟု ပြောဆိုကုန်၏။ အသျှင်တို့သည် အဘယ်အရပ်၌ ယုံမှားကြပါသနည်းဟု (မေး၏)။ မင်းကြီး ဇေတဝန်ကျောင်း၌ ယုံမှားကြပါကုန်၏ဟု (ဆိုကြကုန်၏)။ သို့ဖြစ်လျှင် ဇေတဝန်ကျောင်းကို(စူးစမ်း)ရှာဖွေကြကုန်လော့ဟု(ဆို၏)။

ထိုအခါ သာသနာပြင်ပဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည် ဇေတဝန်ကျောင်းကို စူးစမ်းရှာဖွေ၍ (မိမိတို့)ပစ်ချထားခဲ့သော အလောင်းကောင်ကို မြောင်းတွင်းမှ ထုတ်လျက် ညောင်စောင်းငယ်သို့ တင်ပြီးလျှင် သာဝတ္ထိမြို့တွင်းသို့ သွင်းကြ၍ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်လျက် လူတို့ကို ကဲ့ရဲ့စေကုန်၏။

အမောင်တို့ သာကီဝင်မင်းသား ရဟန်းတို့၏ အမှုကို ကြည့်ကြကုန်လော့၊ ဤသာကီပင်မင်းသား ရဟန်းတို့သည် အရှက်မရှိကုန် သီလမရှိကုန် ယုတ်ညံ့သောသဘောရှိကုန်၏၊ မဟုတ်မမှန် ပြောဆိုကုန်၏၊ မမြတ်သော အကျင့်ကို ကျင့်ကြကုန်၏၊ သို့စင်လျက် ဤရဟန်းတို့သည် တရားကျင့်ကုန်၏၊ ကိုယ်ကျင့်ကောင်းကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ကြကုန်၏၊အမှန်ကို ပြောဆိုကြကုန်၏၊ သီလရှိကုန်၏၊ကောင်းသောသဘောရှိကုန်၏ ဟု ဝန်ခံကြကုန်ဘိသေး၏၊ ဤရဟန်းတို့အား ရဟန်း၏ အကျင့်သည်မရှိ၊ မြတ်သောအကျင့်သည် မရှိ၊ ဤရဟန်းတို့အား ရဟန်းအကျင့်သည် ပျောက်ကင်း၏၊မြတ်သောအကျင့်သည် ပျောက်ကင်း၏၊ဤရဟန်းတို့အား ရဟန်းအကျင့်သည် အဘယ်မှာ ရှိအံ့နည်း ၊မြတ်သောအကျင့်သည် အဘယ်မှာ ရှိအံ့နည်း၊ ဤရဟန်းတို့သည် ရဟန်းအကျင့်မှ

http://www.dhammadownload.com



ကင်းကုန်၏၊ဤရဟန်းတို့သည် မြတ်သောအကျင့်မှ ကင်းကုန်၏၊ ယောကျ်ားသည် ယောကျ်ား၏ အမှုကို ပြုပြီးလျှင် မိန်းမကို အဘယ့်ကြောင့် သတ်ရဘိသနည်းဟု (ကဲ့ရဲ့စေကုန်၏)။

ထိုအခါ၌ သာဝတ္ထိမြို့တွင်းဝယ် လူတို့သည် ရဟန်းတို့ကို မြင်လျှင် မလျော်သော ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေးကုန်၏၊ ရေရွတ်ကုန်၏၊ ချုတ်ချယ်ကုန်၏၊ ညှဉ်းဆဲကုန်၏ – ဤသာကီဝင်မင်းသား ရဟန်းတို့သည် အရှက်မရှိကုန်၊ သီလမရှိကုန်၊ ယုတ်မာသော သဘောရှိကုန်၏၊ မဟုတ်မမှန်ပြောကုန်၏၊ မမြတ်သော အကျင့်ကို ကျင့်ကုန၏၊ သိစင်လျက် ဤရဟန်းတို့သည် တရားကျင့်ကုန်၏၊ ကိုယ်ကျင့်ကောင်းကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ကြကုန်၏၊ အမှန်ကို ပြောဆိုကြကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောသဘောရှိကုန်၏ ဟူ၍ ဝန်ခံကုန်ဘိသေး၏၊ ဤရဟန်းတို့အား ရဟန်း၏ အကျင့်သည် မရှိ၊မြတ်သောအကျင့်သည် မရှိ၊ ဤရဟန်းတို့အား ရဟန်းအကျင့်သည် ပျောက်ကင်း၏၊ မြတ်သောအကျင့်သည် ပျောက်ကင်း၏၊ ဤရဟန်းတို့အား ရဟန်းအကျင့်သည် အဘယ်မှာရှိအံ့နည်း၊မြတ်သောအကျင့်သည် အဘယ်မှာရှိအံ့နည်း၊ ဤရဟန်းတို့သည် ရဟန်းအကျင့်မှ ကင်းကုန်၏၊ ဤရဟန်းတို့သည် မြတ်သောအကျင့်မှ ကင်းကုန်၏၊ ယောကျ်ားသည် ယောကျ်ား၏အမှုကို ပြုပြီးလျှင် မိန်းမကို အဘယ့်ကြောင့် သတ်ရဘိသနည်း ဟု (ကဲ့ရဲ့ကုန်၏)။

ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်ကုန်၏၊ သာဝတ္ထိမြို့၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤသို့လျှောက်ကုန်၏—

အသျှင်ဘုရား ယခုအခါ သာဝတ္ထိမြို့၌ လူတို့သည် ရဟန်းတို့ကို မြင်လျှင် မလျော်သော ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေးပါကုန်၏၊ ရေရွတ်ပါကုန်၏၊ ချုတ်ချယ်ပါကုန်၏၊ ညှဉ်းဆဲပါကုန်၏“ဤသာကီဝင်မင်းသား ရဟန်းတို့သည် အရှက်မရှိကုန်၊သီလမရှိကုန် ယုတ်မာသောသဘောရှိကုန်၏၊ မဟုတ်မမှန်ပြောဆိုကုန်၏၊ မမြတ်သောအကျင့်ရှိကုန်၏၊သို့စင်လျက် ဤရဟန်းတို့သည် တရားကျင့်ကုန်၏၊ ကိုယ်ကျင့်ကောင်းကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ အမှန်ကိုပြောဆိုကုန်၏၊ သီလရှိကုန်၏၊ သူတော်ကောင်းသဘောရှိကုန်၏ ဟူ၍ ဝန်ခံဘိကုန်သေး၏။ ဤရဟန်းတို့အား ရဟန်း၏အကျင့်သည် မရှိ၊မြတ်သောအကျင့်သည် မရှိ၊ ဤရဟန်းတို့အား ရဟန်းအကျင့်သည် ပျောက်ကင်း၏၊မြတ်သောအကျင့်သည် ပျောက်ကင်း၏၊ ဤရဟန်းတို့အား ရဟန်းအကျင့်သည် အဘယ်မှာရှိအံ့နည်း၊မြတ်သောအကျင့်သည် အဘယ်မှာရှိအံ့နည်း၊ဤရဟန်းတို့သည် ရဟန်းအကျင့်မှ ကင်းကုန်၏၊ ဤရဟန်းတို့သည် မြတ်သောအကျင့်မှ ကင်းကုန်၏၊ ယောကျ်ားသည် ယောကျ်ား၏ အမှုကို ပြုပြီးလျှင် မိန်းမကို အဘယ့်ကြောင့် သတ်ရဘိသနည်း”ဟု ကဲ့ရဲ့ကြပါကုန်၏ ဟု(လျှောက်ကုန်၏)။

ရဟန်းတို့ ထိုအသံသည် ကြာမြင့်စွာ မဖြစ်နိုင်၊ ခုနစ်ရက်မျှသာ ဖြစ်လိမ့်မည်၊ ခုနစ်ရက်လွန်လျှင် ကွယ်ပျောက်လိမ့်မည်။ရဟန်းတို့ ထို သို့ဖြစ်မူ ရဟန်းတို့ကို မြင်လျှင် မလျော်ကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေးကုန် ရေရွတ်ကုန် ချုတ်ချယ်ကုန် ညှဉ်းဆဲကုန်သော လူတို့ကို—

“မဟုတ်မမှန်ပြောလေ့ရှိသူသည် ငရဲသို့ ကျရောက်ရ၏၊ မကောင်းမှုပြုပြီးလျှင် ငါမပြုဟု ဆိုသူသည်လည်း ငရဲသို့ ကျရောက်ရ၏၊ ယုတ်ညံ့သောအမှုရှိကြသည့် ထိုသူနှစ်ယောက်

http://www.dhammadownload.com



တို့သည် ဤဘဝမှတပါးသော ဟမလွန်ဘဝ၌ တူမျှစွာ ဖြစ်ကြရကုန်၏”ဟု ဤဂါထာဖြင့် ပြန်လည် ချေပ ကြကုန်လေ၁့ဟု (မိန့်တော်မူ၏)။

ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရား၏အထံ၌ ဤဂါထာကို သင်ပြီး၍ ရဟန်းတို့ကို မြင်လျှင် မလျော်ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေးကုန် ရေရွတ်ကုန် ချုတ်ချယ်ကုန် ညှဉ်းဆဲကုန်သော ထိုလူဘို့ကို ရဟန်းတို့သည်—

“မဟုတ်မမှန်ပြောလေ့ရှိသူသည် ငရဲသို့ ကျရောက်ရ၏၊ မကောင်းမှုပြုပြီးလျှင် ငါမပြုဟု ဆိုသူသည်လည်း ငရဲသို့ကျရောက်ရ၏၊ ယုတ်ညံ့သောအမှုရှိကြသည့် ထိုသူနှစ်ယောက်တို့သည် ဤဘဝမှတပါးသော တမလွန်ဘဝ၌ တူမျှစွာ ဖြစ်ကြရကုန်၏”ဟု ဤဂါထာဖြင့် ပြန်လည် ချေပကြကုန်၏။

“ဤသာကီဝင်မင်းသား ရဟန်းတို့သည် အပြစ်မရှိကုန်၊ ဤသာကီဝင်မင်းသား ရဟန်းတို့သည်(မကောင်းမှုကို)မပြုအပ်၊ ဤသာကီဝင်မင်းသား ရဟန်းတို့သည် ကျိန်စာဆိုကြပေကုန်၏”ဟု လူဘို့အား ဤအကြံသည် ဖြစ်၏၊ထိုအသံသည် ကြာမြင့်စွာ မဖြစ်တော့ပေ၊ ခုနစ်ရက်မျှသာလျှင် ဖြစ်၏၊ခုနစ်ရက်လွန်သောအခါ ကွယ်ပျောက်တော့၏။

ထို့နောက် များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား အသျှင်ဘုရား အံ့ဩဖွယ် ကောင်းပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည်“ရဟန်းတို့ ဤအသံသည် ကြာမြင့်စွာ မဖြစ်နိုင်၊ ခုနစ်ရက်မျှသာ ဖြစ်လိမ့်မည်၊ ခုနစ်ရက်လွန်လျှင် ကွယ်ပျောက်လိမ့်မည်”ဟူသော ဤစကားကို အလွန်ကောင်းစွာ ဆိုတော်မူပါ၏ပေ၏၊ အသျှင်ဘုရား ထိုအသံသည် ကွယ်ပျောက်သွားပါပြီဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“စစ်မြေပြင်သို့ရောက်သော ဆင်ပြောင်ကြီးကို မြားလှံကန်တို့ဖြင့် ထိုးဆွသကဲ့သို့ ကိုယ်နှုတ်နှလုံး မစောင့်စည်းသော လူတို့သည် သူတပါးတို့ကို နှုတ်လှံကန်ဖြင့် ထိုးဆွကုန်၏၊ ရဟန်းသည် သူတပါးတို့ ပြောဆိုအပ်သော ကြမ်းသောစကားကို ကြားရသောကြောင့် ဒေါသစိတ်မရှိပဲ သည်းခံရာ၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-ဥပသေနသုတ်

၃၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဝင်္ဂန္တပုဏ္ဏား၏သား အသျှင်ဥပသေနအား တယောက်တည်း ဆိတ်ငြိမ်ရာအရပ်သို့ ကိန်းအောင် စဉ်“ငါသည် အရတော်ပေစွ၊ ငါသည် ကောင်းစွာရအပ်ပေစွ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ငါ၏ ဆရာပေတည်း၊ ငါသည် လူ့ဘောင်မှ ထွက်ခဲ့၍ ကောင်းစွာဟောအပ်သော ဓမ္မဝိနယ‘သာသနာ

http://www.dhammadownload.com



တော်၌ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သူလည်း ဖြစ်၏၊ ငါ၏သီတင်းသုံးဖော်တို့သည်လည်း သီလရှိကုန်၏၊ ကောင်းသောသဘောရှိကုန်၏၊ငါသည် သီလတို့၌ ဖြည့်ကျင့်ရသူလည်း ဖြစ်၏၊ ငါသည် ကောင်းစွာတည်ကြည်၍ မပြန့်လွင့်သော စိတ်ရှိသူလည်း ဖြစ်၏၊ငါသည် အာသဝေါကုန်ခန်းသော ရဟန္တာလည်း ဖြစ်၏၊ ငါသည် ကြီးသော တန်ခိုးအာနုဘော်ရှိသူလည်း ဖြစ်၏၊ ငါ့အား အသက်ရှင်ခြင်းသည်၎င်း သေရခြင်းသည်၎င်း ကောင်း၏”ဟု ဤသို့ စိတ်အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂန္တပုဏ္ဏား၏သား အသျှင်ဥပသေန၏ စိတ်အကြံကို မိမိစိတ်ဖြင့် ပိုင်းခြားသိ၍ ထိုသိသောအချိန်၌—

“အကြင်ရဟန္တာပုဂ္ဂိုလ်ကို ရှိနေဆဲအသက်သည်လည်း မနှိပ်စက်နိုင်၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် သေခါနီးအခါ၌လည်း မစိုးရိမ်၊ နိဗ္ဗာန်ကို မြင်ပြီးသော ပညာရှိသော ထိုရဟန္တာပုဂ္ဂိုလ်သည် စိုးရိမ်သူတို့အလယ်၌ မစိုးရိမ်ရတော့ပေ။

ဘဝတဏှာဖြတ်တောက်ပြီး၍ ငြိမ်သက်သော စိတ်ရှိသူရဟန်းအား ဇာတိတည်းဟူသော သံသရာသည် ကုန်ခဲ့ပြီ၊ ထိုရဟန်းအား တဖန် ဘဝအသစ် မရှိတော့ပြီ”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

---

## ၁၀-သာရိပုတ္တဥပသမသုတ်

၄၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် —အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ မနီးမဝေးအရပ်၌ မိမိ၏ကိလေသာ ငြိမ်းအေးမှုကို ဆင်ခြင်လျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မိမိ၏ ကိလေသာငြိမ်းအေးခြင်းကို ဆင်ခြင်လျက် မနီးမဝေး၌ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော အသျှင်သာရိပုတြာကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“ငြိမ်းအေးငြိမ်သက်သော စိတ်ရှိ၍ ဘဝတဏှာပြတ်ပြီးသော ရဟန်းအား ဇာတိတည်းဟူသော သံသရာသည် ကုန်ခဲ့ပြီ၊ ထိုရဟန်းသည် မာရ်၏အနှောင်အဖွဲ့မှ လွတ်လေတော့၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

လေးခမြောက် မေဃိယဝဂ် ပြီး၏။

---

## ၅-သောဏဝဂ် ၁-ပိယတရသုတ်

၄၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် —အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ ပသေနဒီ ကောသလမင်းသည် မလ္လိကာမိဖုရားနှင့်အတူ မြတ်သော ပြာသာဒ်ထက်၌ တည်နေ၏၊ထိုအခါ ပသေနဒီကောသလမင်းသည် မလ္လိကာမိဖုရားအား“မလ္လိကာ သင့်အား မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက် ရှိသေးသလော”ဟု ပြောဆို၏။

မင်းကြီး ကျွန်တော်မအား မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက်မျှ မရှိပါ၊ မင်းကြီး အရှင်မင်းကြီးအားမူ မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက် ရှိပါသေးသလောဟု(မေး၏)။ မလ္လိကာ ငါ့အားလည်း မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက်မျှ မရှိပါဟု (ပြောဆို၏)။

ထို့နောက် ပသေနဒီကောသလမင်းသည် ပြာသာဒ်မှ သက်ဆင်း၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ထိုင်နေပြီးသော် မြတ်စွာဘုရားကို—အသျှင်ဘုရား ယနေ့ တပည့်တော်သည် မလ္လိကာမိဖုရားကြီးနှင့်အတူ မြတ်သောပြာသာဒ်ထက်၌တည်နေလျက် မလ္လိကာမိဖုရားကြီးကို “မလ္လိကာ သင့်အား မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက်ရှိသေးသလော”ဟု ပြောဆိုပါ၏။ ဤသို့ဆိုသော် မလ္လိကာမိဖုရားသည် တပည့်တော်ကို “မင်းကြီး ကျွန်တော်မအား မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက်မျှ မရှိပါ၊ အရှင်မင်းကြီး အားမူ မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက် ရှိပါသေးသလော”ဟု မေးပါ၏။ဤသို့မေးသော် အသျှင်ဘုရား တပည့်တော်သည် မလ္လိကာမိဖုရားကို “မလ္လိကာ ငါ့အားလည်း မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက်မျှ မရှိ”ဟု ဤသို့ပြောဆိုပါသည်ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“အလုံးစုံ အရပ်တို့သို့ စိတ်ဖြင့် အစဉ်လျှောက်၍ ရှာဖွေသော်လည်း မိမိထက် ချစ်မြတ်နိုးသူ တစုံတယောက်ကိုမျှ မရနိုင်၊ဤသို့ သူတပါးတို့ထက် မိမိကိုယ်ကို အသီးအခြား ချစ်၏၊ ထို့ကြောင့် မိမိအကျိုးစီးပွါးလိုလားသူသည် သူတပါးကို မညှဉ်းဆဲရာ”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

## ၂-အပ္ပါယုကသုတ်

၄၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ညနေချမ်းအခါ တယောက်တည်း ကိန်းအောင်းရာမှ ထလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားကို “အသျှင်ဘုရား အံ့ဩဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရား၏ မယ်တော်သည် အလွန်နည်းသော အသက်ရှိ၏၊ မြတ်စွာဘုရား မွေးဘွားပြီးနောက် ခုနစ်ရက်မြောက်၌ ကွယ်လွန်၍ တုသိတာနတ်ပြည်၌ ဖြစ်ပါ၏”ဟု လျှောက်၏။

အာနန္ဒာ ဟုတ်ပေ၏၊ အာနန္ဒာ ဘုရားလောင်းမယ်တော်တို့သည် နည်းသောအသက်ရှိကုန်၏၊ ဘုရားလောင်းကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်၌ ကွယ်လွန်ကြ၍ တုသိတာနတ်ပြည်၌ ဖြစ်ကြရကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်သတ္တဝါတို့သည် ဖြစ်ဆဲဖြစ်ကုန်၏၊ အကြင်သတ္တဝါတို့သည်လည်း နောင်ဖြစ်ကုန်လတ္တံ့၊ ထိုသတ္တဝါအားလုံးသည် ခန္ဓာကိုယ်ကို ပယ်စွန့်၍ သွားကြကုန်လတ္တံ့၊ လိမ္မာသူပညာရှိသည် ထိုအလုံးစုံ ပျက်စီးဆုံးရှုံးခြင်းကို သိမြင်၍ ပြင်းထန်သော လုံ့လရှိလျက် မြတ်သောအကျင့်ကို ကျင့်ရာ၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-သုပ္ပဗုဒ္ဓကုဋ္ဌိသုတ်

၄၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ သုပ္ပဗုဒ္ဓမည်သော လူနူသည် လူတကာတို့ထက် ဆင်းရဲသူ အထီးကျန်သူ ချို့တဲ့သူ ဖြစ်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် များစွာသော ပရိသတ် ခြံရံ၍ တရားဟောလျက် နေတော်မူ၏။

သုပ္ပဗုဒ္ဓလူနူသည် စုဝေးနေသော ထိုလူအပေါင်းကို အဝေးကပင်မြင်၍ "ဤအရပ်၌ တစုံတခုသော ခဲဖွယ်ကိုရင်း စားသောက်ဖွယ်ကိုရင်း မချွတ်ကေန် ဝေခြမ်းနေဟန်ရှိသည်၊ အကယ်၍ ငါသည် ထိုလူအပေါင်းသို့ ချဉ်းကပ်ရမူ ဤအရပ်၌ တစုံတခုသော ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း ရနိုင်ကောင်းတန်ရာ၏"ဟု အကြံဖြစ်၏။

ထို့နောက် သုပ္ပဗုဒ္ဓလူနူသည် လူအပေါင်းရှိရာသို့ ချဉ်းကပ်လေသော် များစွာသော ပရိသတ် ခြံရံ၍ တရားဟောနေသော မြတ်စွာဘုရားကို မြင်သဖြင့် "ဤအရပ်၌ တစုံတခုသော ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း ဝေခြမ်းနေသည် မဟုတ်၊ ဤရဟန်းဂေါတမသည် ပရိသတ်၌ တရားဟောနေ၏၊ ငါသည်လည်း တရားနာရမူ ကောင်း၏"ဟု ကြံပြီးလျှင် ထိုအရပ်၌ပင် "ငါသည်လည်း တရားနာအံ့"ဟု တခုသောအရပ်၌ ထိုင်၏။

ထိုအခါ မြတ်စွာဘုရားသည် သူမျိုးစုံ ပါဝင်သော ပရိသတ်ကို စိတ်တော်ဖြင့် (ပရိသတ်) စိတ်ကို ပိုင်းခြားသိ၍ "ဤပရိသတ်၌ အဘယ်သူသည် တရားကို သိထိုက်သနည်း"ဟု နှလုံးသွင်းတော်မူ၏။ မြတ်စွာဘုရားသည် ထိုပရိသတ်၌ ထိုင်နေသော သုပ္ပဗုဒ္ဓလူနူကိုမြင်၍ "ဤပရိသတ်၌ ဤသုပ္ပဗုဒ္ဓသည် တရားကို သိခြင်းငှါ ထိုက်၏"ဟု ကြံပြီးလျှင် သုပ္ပဗုဒ္ဓလူနူကို အကြောင်းပြု၍ အစဉ်အတိုင်းသော တရားကို ဟောတော်မူ၏။ ဤအစဉ်အတိုင်းသော တရားစကားဟူသည် အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့် စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်းနှင့် စပ်သောစကား ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးနှင့်စပ်သောစကားတို့တည်း၊ ထိုစကားများကို ထင်ရှားပြတော်မူ၏။ မြတ်စွာဘုရားသည် သုပ္ပဗုဒ္ဓလူနူ၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင်ထုတ်ဖော် သိမြင်အပ်သော သာမုက္ကံသိကတရားဒေသနာတော်ဖြစ်သော ဆင်းရဲ'ဒုက္ခသစ္စာ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယ သစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာ

http://www.dhammadownload.com



(နိဗ္ဗာန်)သို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ'ကိုငင်း ပြတော်မူ၏။ မည်းနက်ခြင်း ကင်း၍ စင်ကြယ်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ဤအတူသာလျှင် သုပ္ပဗုဒ္ဓလူနူ အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသောတရားသည် ချုပ်ခြင်းသဘော ရှိ၏"ဟု ကိလေ သာမှု အညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ထင်ရှားဖြစ်ပေါ်၏။

ထို့နောက် သုပ္ပဗုဒ္ဓလူနူသည် တရားသို့ ရောက်ပြီးသည်ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ (သို့လော သို့လော) တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား၏ သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဖြစ်၍ သူတပါးကို အားထား၍ ယုံကြည်သည်မဟုတ်ပဲ ကိုယ်တိုင်ပင် သိမြင်ပြီးဖြစ်၍ မြတ်စွာ ဘုရားမှတပါး ယုံကြည်ကိုးစားထိုက်သူ မရှိရကား နေရာမှ ထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားကို—

အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရား တော်သည်) အလွန်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာအားဖြင့် မှောက်ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့ငင်း ဖုံးလွှမ်းအပ်သောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ငင်း မျက်ဝိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ငင်း "မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့် မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ညှိထွန်းသကဲ့သို့ငင်း (အသျှင်ဘုရား) ဤအတူသာ လျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင် ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုငင်း တရားတော်ကိုငင်း ရဟန်းသံဃာကိုငင်း ကိုးကွယ်ရာ ဟူ၍ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို "ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရားတရား သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ"ဟု မှတ်တော်မူပါဟူ၍ (လျှောက်၏)။

ထို့နောက် သုပ္ပဗုဒ္ဓလူနူသည် မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ ပြီးသည်ရှိသော် မြတ်စွာဘုရား၏ စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထလျက် မြတ်စွာဘုရား ကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွားလေ၏။ ထို့နောက် ဖဲသွား၍ မကြာသေးသော သုပ္ပဗုဒ္ဓ လူနူကို နို့စို့နွားငယ်ရှိသော နွားမသည် တွေ့၍ သတ်လေ၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး လျက် တခုသော အရပ်၌ ထိုင်နေကြကုန်ပြီးသော် "မြတ်စွာဘုရား တရားစကားဖြင့် အကျိုး စီးပွါးကိုကောင်းစွာပြလျက်(တရားကို)ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်း စေအပ်သော သုပ္ပဗုဒ္ဓလူနူသည် ကွယ်လွန်ပါပြီ၊ ထိုသုပ္ပဗုဒ္ဓလူနူ၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း"ဟု လျှောက်ကုန်၏။

ရဟန်းတို့ သုပ္ပဗုဒ္ဓလူနူသည် ပညာရှိ၏၊ တရားအားလျော်သော အကျင့်ကို ထိုးထွင်း၍ သိ၏၊ တရားတည်းဟူသော အကြောင်းကြောင့် ငါဘုရားကို မပင်ပန်းစေ၊ ရဟန်းတို့ သုပ္ပဗုဒ္ဓလူနူသည် သံယောဇဉ်သုံးပါးတို့၏ကုန်ခြင်းကြောင့် ဖရိုဖရဲပျက်စီးကျရောက်ခြင်းသဘောမရှိသော ကိန်းသေမြဲ သော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား သုပ္ပဗုဒ္ဓလူနူသည် လူတကာတို့ထက် ဆင်းရဲရခြင်း အထီးကျန်ရခြင်း ချို့တဲ့ရခြင်း အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

http://www.dhammadownload.com



ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား သုပ္ပဗုဒ္ဓလူနာသည် ဤရာဇဂြိုဟ်ပြည်၌ပင် သူဌေးသား ဖြစ်ဘူး၏၊ ထိုသူဌေးသားသည် ဥယျာဉ်သို့ ထွက်လတ်သော် (ရာဇဂြိုဟ်) မြို့သို့ ဆွမ်းခံဝင်သော တဂ္ဂရသိခီပစ္စေကဗုဒ္ဓါကိုမြင်၍ "ဤသူသည် အဘယ်သူနည်း၊ လူနာသည် လူနာအဝတ်ဖြင့် လှည့်လည်၏"ဟု ကြံစည်ပြီးလျှင် တံတွေးထွေးကာ အရိုအသေမပြုပဲ ဖဲသွား၏။ ထိုသူဌေးသားသည် ထိုကံ၏ အကျိုးကြောင့် အနှစ်အရာ အနှစ်အထောင် အနှစ်အသောင်းဘို့ပတ်လုံး ငရဲ၌ ကျရောက်၏၊ ထိုကံ၏ အကျိုးကြွင်းကြောင့်ပင်လျှင် ဤရာဇဂြိုဟ်ပြည်၌ လူတကာတို့ထက် ဆင်းရဲသော အထီး ကျန်သော ချို့တဲ့သော လူနာဖြစ်၏။ ထိုလူနာသည် မြတ်စွာဘုရား ဟောကြားအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို မှီငြမ်းပြု၍ ယုံကြည်မှု 'သဒ္ဓါ'ကို ဆောက်တည်၏၊ စောင့်ထိန်းမှု 'သီလ'ကို ဆောက်တည်၏၊ အကြားအမြင် 'သုတ'ကို ဆောက်တည်၏၊ စွန့်ကြဲမှု 'စာဂ'ကို ဆောက်တည်၏၊ ပညာကို ဆောက်တည်၏။ ထိုလူနာသည် မြတ်စွာဘုရား ဟောအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို မှီငြမ်းပြု၍ ယုံကြည်မှု 'သဒ္ဓါ'ကို ဆောက်တည်သောကြောင့် စောင့်ထိန်းမှု 'သီလ'ကို အကြားအမြင် 'သုတ'ကို စွန့်ကြဲမှု 'စာဂ'ကို ပညာကို ဆောက်တည်သောကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သော တာဝတိံသာနတ်တို့၏ အပေါင်း အဖော်ဖြစ်သော နတ်ပြည်သို့ ရောက်၏။ ထိုသုပ္ပဗုဒ္ဓလူနာသည် ထိုတာဝတိံသာနတ်ပြည်၌ အဆင်းဖြင့်၎င်း အခြံအရံဖြင့်၎င်း တပါးသောနတ်တို့ထက် လွန်၍တင့်တယ်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"မျက်စိအမြင်ရှိသူသည် လုံ့လဝီရိယရှိလတ်သော် မညီညွတ်သော အရပ်တို့ကို ရှောင်ကြဉ် သကဲ့သို့ ဤအတူ သတ္တလောက၌ ပညာရှိသောသူသည် မကောင်းမှုတို့ကို ကြဉ်ရှောင် ရာ၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-ကုမာရကသုတ်

၄၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ များစွာသော သူငယ်တို့သည် သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်းတော်အကြား၌ ငါးဖမ်းနေကြ ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင် လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်း တော် အကြား၌ ငါးဖမ်းနေကြကုန်သော များစွာသော သူငယ်တို့ကို မြင်၍ သူငယ်တို့ထံသို့ ချဉ်းကပ်ပြီးလျှင် သူငယ်တို့ကို "သူငယ်တို့ သင်တို့သည် ဆင်းရဲကို မနှစ်သက်ကြမူ၍ ဆင်းရဲမှ ကြောက်ကြကုန်၏လော"ဟု (မိန့်တော်မူ၏။) မှန်ပါသည် အသျှင်ဘုရား၊ အသျှင်ဘုရား တပည့် တော်တို့သည် ဆင်းရဲကို မနှစ်သက်ကြမူ၍ ဆင်းရဲမှကြောက်ကြပါကုန်၏ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

http://www.dhammadownload.com



"သင်တို့သည် အကယ်၍ ဆင်းရဲမှ ကြောက်ကြကုန်မူ ဆင်းရဲကို မနှစ်သက်ကြကုန်မူ မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ မကောင်းမှုကို မပြုကြကုန်လင့်၊ သင်တို့သည် ယုတ်မာသော မကောင်းမှုကံကို ယခုလည်းပြု နောင်လည်းပြုမည်ဖြစ်ကြမူ ဖဲရှောင်ထွက်ပြေးကုန်သော်လည်း သင်တို့အား ဆင်းရဲမှ လွတ်မြောက်မှု မရှိနိုင်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဥပေါသထသုတ်

၄၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုဥပုသ်နေ့၌ ရဟန်းသံဃာခြံရံလျက် နေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ ပဌမယံလွန်လတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေစီကို စမ္ပယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် ဤစကားကို လျှောက်၏ "အသျှင်ဘုရား ညဥ့်နက်ပါပြီ ပဌမယံ လွန်ပါပြီ၊ ရဟန်းသံဃာထိုင်နေရသည်မှာ ကြာမြင့်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ"ဟု လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ မဇ္ဈိမယံ လွန်လတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေစီကို စမ္ပယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် "အသျှင်ဘုရား ညဥ့်နက်ပါပြီ မဇ္ဈိမယံ လွန်ပါပြီ၊ ရဟန်းသံဃာထိုင်နေရသည်မှာ ကြာမြင့်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ"ဟု လျှောက်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဥ့်နက်သဖြင့် ပစ္ဆိမယံ လွန်၍ နှစ်သက်ဖွယ် မျက်နှာကဲ့သို့ အရုဏ်တက်လတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေစီကို စမ္ပယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် "အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ ပစ္ဆိမယံလွန်၍ နှစ်သက်ဖွယ် မျက်နှာကဲ့သို့ အရုဏ်တက်ပါပြီ၊ ရဟန်းသံဃာသည် ထိုင်နေရသည်မှာ ကြာမြင့်လှပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ"ဟု လျှောက်ထား၏။ အာနန္ဒာ ပရိသတ် မစင်ကြယ်သေးဟု (မိန့်တော်မူ၏)။

ထိုအခါ "မြတ်စွာဘုရားက အဘယ်သူကို ရည်၍ 'အာနန္ဒာ ပရိသတ် မစင်ကြယ်သေး'ဟု" မိန့်တော်မူသနည်းဟု အသျှင်မဟာမောဂ္ဂလ္လာန်အား အကြံဖြစ်၏။ ထို့နောက် အသျှင်မဟာမောဂ္ဂလ္လာန်သည် အလုံးစုံပါဝင်သော ရဟန်းအပေါင်း၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ နှလုံးသွင်းတော်မူ၏၊ အသျှင်မဟာမောဂ္ဂလ္လာန်သည် ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည် ဖြစ်၍ ယုံမှားဖွယ်ဖြစ်သော အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ဘဲ ရဟန်းဟု

http://www.dhammadownload.com



ပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်သဖွယ် ဖြစ်သော ရဟန်းသံဃာအလယ်၌ ထိုင်နေသော ထိုဒုဿီလပုဂ္ဂိုလ်ကို မြင်၍ နေရာမှထပြီးလျှင် ထိုပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်လျက် ထိုပုဂ္ဂိုလ်ကို "ငါ့ချင် ထလော့၊ မြတ်စွာဘုရားသည် သင့်ကို မြင်တော်မူ၏၊ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှု မရှိ"ဟု ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

နှစ်ကြိမ်မြောက်လည်း အသျှင်မဟာမောဂ္ဂလ္လာန်သည် ထိုပုဂ္ဂိုလ်ကို "ငါ့ချင် ထလော့၊ မြတ်စွာဘုရားသည် သင့်ကို မြင်တော်မူ၏၊ သင့်အား ရဟန်းတို့နှင့်အတူတကွ ပေါင်းသင်းမှု မရှိ"ဟု ဆိုသော်လည်း နှစ်ကြိမ်မြောက်လည်း။ပ။သုံးကြိမ်မြောက်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလ္လာန်သည် ထိုပုဂ္ဂိုလ်ကို လက်မောင်း၌ ကိုင်လျက် တံခါးမုခ် ပြင်ဖက်သို့ ဆွဲထုတ်ပြီးလျှင် တံခါးပိတ်ကာ မင်းတုတ်လျှို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား တပည့်တော်သည် ထိုရဟန်းကို ထွက်သွားစေပါပြီ၊ ပရိသတ် စင်ကြယ်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ"ဟု လျှောက်ထား၏။ မောဂ္ဂလ္လာန် အံ့ဩဖွယ်ရှိပေစွ၊ မောဂ္ဂလ္လာန် မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ားသည် လက်မောင်းကို ကိုင်ထုတ်ရသည့်တိုင်အောင် ဆိုင်းငံ့နေဘိ သေး၏ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏— ရဟန်းတို့ ငါဘုရားသည် ယခု အခါ သင်တို့သာ ဥပုသ်ပြုကြကုန်လော့၊ ပါတိမောက်ပြကြကုန်လော့၊ ရဟန်းတို့ ယနေ့မှအစပြု၍ ငါဘုရားသည် ဥပုသ်မပြုတော့အံ့၊ ပါတိမောက် မပြတော့အံ့၊ ရဟန်းတို့ မစင်ကြယ်သော ပရိသတ် ၌ မြတ်စွာဘုရားဥပုသ်ပြုခြင်း ပါတိမောက်ပြခြင်းသည် အကြောင်းမဟုတ်၊ အခွင့်မဟုတ်၊

## သမုဒ္ဒရာ၏အံ့ဖွယ်ရှစ်ပါး

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ အံ့ဩဖွယ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတို့သည် ဤ ရှစ်ပါးတို့ဘည်း၊ ယင်းအံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။ အဘယ်ရှစ်ပါးတို့နည်းဟူမူ—

၁။ ရဟန်းတို့ မဟာသမုဒ္ဒရာသည် အစ၌ ကမ်းပါးစောက်မရှိမူ၍ အစဉ်အတိုင်း နိမ့်၏၊အစဉ် အတိုင်းကိုင်း၏၊ အစဉ်အတိုင်းရှိုင်း၏၊ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ အစ၌ ကမ်းပါးစောက် မရှိမူ၍ အစဉ်အတိုင်းနိမ့်ခြင်း အစဉ်အတိုင်းကိုင်းခြင်း အစဉ်အတိုင်းရှိုင်းခြင်းသည် မဟာသမုဒ္ဒရာ၌ ပဌမဖြစ်သော အံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သောသဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၂။ ရဟန်းတို့ နောက်တမျိုးကား မဟာသမုဒ္ဒရာသည် တည်တံ့သောသဘောရှိ၏၊ကမ်းကို မလွန်၊ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ တည်တံ့သော သဘောရှိခြင်း ကမ်းကို မလွန်ခြင်း သည်လည်း မဟာသမုဒ္ဒရာ၌ ဒုတိယအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၃။ ရဟန်းတို့ နောက်တမျိုးကား မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ မဟာ သမုဒ္ဒရာ၌ အသေကောင်ပုပ် ရှိခဲ့မူ ထိုအသေကောင်ပုပ်ကို ကမ်းသို့ လျင်စွာ ပို့ဆောင်၏၊ ကုန်း၌

http://www.dhammadownload.com



တင်စေ၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ အသေကောင်ပုပ်နှင့် မဆက်ဆံခြင်း မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်သည်ရှိခဲ့မူ ထိုအသေကောင်ပုပ်ကိုပင် ကမ်းသို့ လျင်စွာ ပို့ဆောင်ခြင်း ကုန်း၌ တင်စေခြင်းသည် မဟာသမုဒ္ဒရာ၌ တတိယအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၄။ ရဟန်းတို့ နောက်တမျိုးကား ဂင်္ဂါမြစ် ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ်ဟူသော မြစ်ကြီးအားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ခဲ့သော် ရှေးအမည်အနွယ်တို့ကို စွန့်ကုန်၍ "မဟာသမုဒ္ဒရာ"ဟူ၍သာ ခေါ်ဝေါ်ခြင်းသို့ရောက်ကုန်၏။ရဟန်းတို့ ယင်းသို့ ဂင်္ဂါမြစ် ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ်ဟူသော မြစ်ကြီးအားလုံးတို့၏ မဟာသမုဒ္ဒရာသို့ ရောက်ခဲ့သော် ရှေးအမည်အနွယ်တို့ကို စွန့်၍ မဟာသမုဒ္ဒရာဟူ၍သာ ခေါ်ဝေါ်ခြင်းသို့ ရောက်ရခြင်းသည် မဟာသမုဒ္ဒရာ၌ စတုတ္ထအံ့ဩဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၅။ ရဟန်းတို့ နောက်တမျိုးကား လောက၌ မဟာသမုဒ္ဒရာသို့ မြစ်ရေအယဉ်၏ စီးဝင်ခြင်း ကောင်းကင်မှ မိုးရေအယဉ်ရွာချခြင်းဟူသော အကြောင်းကြောင့် မဟာသမုဒ္ဒရာ၌ ယုတ်လျော့မှု ပြည့်လျှံမှု မထင်ရှား၊ရဟန်းတို့ ယင်းသို့ လောက၌ မဟာသမုဒ္ဒရာသို့ မြစ်ရေအယဉ်၏ စီးဝင်ခြင်း ကောင်းကင်မှ မိုးရေအယဉ် ရွာချခြင်းဟူသော အကြောင်းကြောင့် မဟာသမုဒ္ဒရာ၌ ယုတ်လျော့မှု ပြည့်လျှံမှု မထင်ရှားခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ ပဉ္စမအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၆။ ရဟန်းတို့ နောက်တမျိုးကား မဟာသမုဒ္ဒရာသည် ငန်သောအရသာ တမျိုးတည်းသာ ရှိ၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ ငန်သော အရသာတမျိုးတည်းသာ ရှိခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ ဆဋ္ဌအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၇။ ရဟန်းတို့ နောက်တမျိုးကား မဟာသမုဒ္ဒရာ၌ ပုလဲ မြ ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ရွှေ ငွေ ပတ္တမြားနီ ပတ္တမြားပြောက်ဟူသော တပါးမက များသော ရတနာရှိ၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၌ ပုလဲ မြ ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ရွှေ ငွေ ပတ္တမြားနီ ပတ္တမြားပြောက် ဟူသော တပါးမက များသော ရတနာရှိခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ သတ္တမအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သောသဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၈။ ရဟန်းတို့ နောက်တမျိုးကား မဟာသမုဒ္ဒရာသည် တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိတိမိင်္ဂလမည်သောငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ်ဟူကုန်သော သတ္တဝါကြီးတို့၏ နေရာဖြစ်၏။ မဟာသမုဒ္ဒရာ၌ ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါတို့သည် ရှိနေကုန်၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ ယင်းသို့ တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိတိမိင်္ဂလမည်သောငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ်ဟူကုန်သော သတ္တဝါကြီးတို့၏နေရာဖြစ်ခြင်း ယူဇနာတရာ နှစ်ရာ သုံးရာ လေးရာ ငါးရာ အတ္တ

http://www.dhammadownload.com



ဘောရှိ သတ္တဝါတို့ရှိနေခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ အင့္မအံ့ဩဖွယ် ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။ ရဟန်းတို့ မဟာသမုဒ္ဒရာ၌ ဤရှစ်ပါးသော အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် ဤဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတို့သည် ဤရှစ်မျိုးတို့တည်း၊ ယင်းသဘောရှစ်မျိုးတို့ကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ မဟာသမုဒ္ဒရာသည် အစ၌ ကမ်းပါးစောက် မရှိမူ၍ အစဉ်အတိုင်းနိမ့်သကဲ့သို့ အစဉ်အတိုင်းကိုင်းသကဲ့သို့ အစဉ်အတိုင်းရှိုင်းသကဲ့သို့ ဤအတူသာလျှင် အစ၌ အရဟတ္တဖိုလ်ကို ထိုးထွင်း မသိမူ၍ ဤဓမ္မဝိနယ'သာသနာတော်'၌ သိက္ခာစဉ်ရှိ၏၊ လုပ်ငန်းစဉ်ရှိ၏၊ ကျင့်စဉ်ရှိ၏။ ရဟန်းတို့ အစ၌ အရဟတ္တဖိုလ်ကို ထိုးထွင်းမသိမူ၍ ဤဓမ္မဝိနယ'သာသနာတော်'၌ သိက္ခာစဉ်ရှိခြင်း လုပ်ငန်းစဉ်ရှိခြင်း ကျင့်စဉ်ရှိခြင်းသည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ပဌမ အံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာသည် တည်တံ့သောသဘော ကမ်းကိုမလွန်သောသဘော ရှိသကဲ့သို့ ဤအဘူသာလျှင် ရဟန်းတို့ ငါဘုရားသည် တပည့်တို့အတွက် ပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏တပည့်ဘို့သည် အသက်ဟူသော အကြောင်းကြောင့်မျှလည်း မကျူးကျော်ကုန်။ ရဟန်းတို့ ငါဘုရားသည် တပည့်ဘို့အဘွက် ပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏တပည့်တို့သည် အသက် ဟူသောအကြောင်းကြောင့် မကျူးကျော်ခြင်းသည်လည်း ဤဓမ္မဝိနယ'သာသနာတော်'၌ ဒုတိယ အံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိခဲ့မူ ထိုအသေကောင်ပုပ်ကို ကမ်းသို့ လျင်စွာ ပို့ဆောင်၍ ကုန်း၌ တင်စေသကဲ့သို့ ဤအဘူသာလျှင် သီလမရှိသော ယုတ်ညံ့သောသဘောရှိသော မစင်ကြယ်သော တွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်းဟုဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ပဲ မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်သဖွယ်ဖြစ်သော ဒုဿီလပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စင်စစ်မူကား စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာနှင်ထုတ်၏၊ ထိုပုဂ္ဂိုလ်သည် ရဟန်းသံဃာအလယ်၌ ထိုင်နေစေကာမူ သံဃာမှ ဝေးသည်သာတည်း၊ သံဃာသည်လည်း ထိုပုဂ္ဂိုလ်မှ ဝေးသည်သာတည်း။

ရဟန်းတို့ သီလမရှိသော ယုတ်ညံ့သောသဘောရှိသော မစင်ကြယ်သော တွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ပဲ မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်သဖွယ်ဖြစ်သော ဒုဿီလနှင့်သံဃာသည် မဆက်ဆံ၊ စင်စစ်မူကား စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာနှင်ထုတ်ခြင်း ထိုပုဂ္ဂိုလ်သည် ရဟန်းသံဃာအလယ်၌ ထိုင်နေစေကာမူ သံဃာမှဝေးခြင်း

http://www.dhammadownload.com



သံဃာသည်လည်း ထိုပုဂ္ဂိုလ်မှ ဝေးခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ တတိယ အံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ ဂင်္ဂါမြစ် ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ် ဟူသော မြစ်ကြီးအားလုံး တို့သည် မဟာသမုဒ္ဒရာသို့ ရောက်ခဲ့သော် ရှေးအမည် အနွယ်ဘို့ကို စွန့်ကုန်၍ "မဟာသမုဒ္ဒရာ"ဟူ၍သာ ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူသာလျှင် ရဟန်းတို့ မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုး ဟူသော အမျိုးလေးပါးတို့သည် လူ့ဘောင်မှ ခွါ၍ မြတ်စွာဘုရား ဟောကြားအပ်သော ဤဓမ္မဝိနယ 'သာသနာတော်'၌ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သော် ရှေးဖြစ်သော အမည်အနွယ်တို့ကို စွန့်ကုန်၍ "သာကီဝင်မင်းသား ရဟန်းတို့"ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုး ဟူသော အမျိုးလေးပါးတို့ သည် လူ့ဘောင်မှခွါ၍ မြတ်စွာဘုရား ဟောကြားအပ်သော ဤဓမ္မဝိနယ 'သာသနာတော်'၌ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ကြသော် ရှေးဖြစ်သော အမည်အနွယ်တို့ကို စွန့်ကုန်၍ "သာကီဝင် မင်းသား ရဟန်းတို့"ဟူ၍ ရေတွက်ခြင်းသို့ ရောက်ခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ စတုတ္ထအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းဘို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ လောက၌ မဟာသမုဒ္ဒရာသို့ မြစ်ရေအယဉ်၏ စီးဝင်ခြင်း ကောင်းကင်မှ မိုးရေ အယဉ် ရာချခြင်းကြောင့် မဟာသမုဒ္ဒရာ၏ ယုတ်လျော့မှု ပြည့်လျှံမှု မထင်ရှားသကဲ့သို့ ဤအတူ သာလျှင် များစွာသော ရဟန်းတို့သည် ခန္ဓာမကြွင်းကျန်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုကုန်၏၊ ယင်းပရိနိဗ္ဗာန်ပြုခြင်းကြောင့် နိဗ္ဗာန်၌ ယုတ်လျော့မှု ပြည့်လျှံမှုသည် မထင်ရှား၊ ရဟန်းတို့ များစွာသော ရဟန်းတို့သည် ခန္ဓာမကြွင်း ကျန်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုခြင်းကြောင့် ယုတ်လျော့မှု ပြည့်လျှံမှု မထင်ရှားခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ ပဉ္စမအံ့ဩ ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့ သည် ဤဓမ္မဝိနယ'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာသည် ငန်သောအရသာတမျိုးတည်းသာ ရှိသကဲ့သို့ ဤအတူ ဤဓမ္မ ဝိနယ'သာသနာတော်'၌ ကိလေသာမှ လွတ်မြောက်မှု အရသာတမျိုးတည်းသာ ရှိ၏။ ရဟန်းတို့ ယင်းသို့ ဤဓမ္မဝိနယ 'သာသနာတော်'၌ ကိလေသာမှ လွတ်မြောက်မှု အရသာတမျိုး တည်းသာ ရှိခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ ဆဋ္ဌအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ များသော ပုလဲ မြ ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက်ဟူသော တပါးမက များသော ရတနာရှိသကဲ့သို့ ဤအတူ ဤဓမ္မဝိနယ 'သာသနာတော်'၌ သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ် လေးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး အရိယမဂ္ဂင်ရှစ်ပါးဟူသော တပါးမက များသော ရတနာရှိ၏။ ရဟန်းတို့ ယင်းသို့ ဤဓမ္မဝိနယ'သာသနာတော်'၌ သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး အရိယမဂ္ဂင်ရှစ်ပါးဟူသော တပါး မက များသော ရတနာရှိခြင်းသည်လည်း ဤဓမ္မဝိနယ'သာသနာတော်'၌ သတ္တမအံ့ဩဖွယ်

http://www.dhammadownload.com



ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာသည် တိမိငါး တိမိင်္ဂလငါး တိမိတိမိင်္ဂလငါး အသုရာ နတ် နဂါး ဂန္ဓဗ္ဗ နတ်ဟူသော သတ္တဝါကြီးတို့၏ နေရာဖြစ်၍ ယူဇနာတရာ နှစ်ရာ သုံးရာ လေးရာ ငါးရာ အတ္တဘောရှိသောသတ္တဝါတို့ ရှိကုန်သကဲ့သို့ ဤအတူသာလျှင် ဤဓမ္မဝိနယ 'သာသနာတော်'သည် သောတာပန် ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်အကျိုးငှါ ကျင့်သောပုဂ္ဂိုလ်တို့ဟူသော မြတ်သောပုဂ္ဂိုလ်တို့၏နေရာ ဖြစ်၏။

ရဟန်းတို့ ယင်းသို့ ဤဓမ္မဝိနယ'သာသနာတော်'သည် သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သော ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်အကျိုးငှါ ကျင့်သောပုဂ္ဂိုလ်ဟူသော မြတ်သောပုဂ္ဂိုလ်တို့၏ နေရာဖြစ်ခြင်းသည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အဋ္ဌမအံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။ ရဟန်းတို့ ဤဓမ္မဝိနယ'သာသနာတော်'၌ အံ့ဩဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော ဤရှစ်ပါးသော သဘောတို့ကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အာပတ်ကို ဖုံးလွှမ်းသူကို ကိလေသာမိုးစွတ်၏၊ အာပတ်ကို ဖွင့်လှစ်ဖော်ပြသူကို ကိလေသာမိုးမစွတ်၊ ထို့ကြောင့် ဖုံးလွှမ်းမှုကို ဖွင့်လှစ်ဖော်ပြကုန်လော့၊ ဤသို့ ဖွင့်လှစ်ဖော်ပြသည် ရှိသော် ထိုသူကို ကိလေသာမိုး မစွတ်နိုင်ပေ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

---

## ၆-သောဏသုတ်

၄၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မဟာကစ္စည်းသည် အဝန္တိတိုင်း ကုရရဃရမြို့ ပဝတ္တတောင်၌ နေတော်မူ၏။ ထိုအခါ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏမည်သော ဥပါသကာသည် အသျှင်မဟာကစ္စည်း၏ အလုပ်အကျွေးဖြစ်၏။

ထိုအခါ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏမည်သော ဥပါသကာအား ဆိတ်ငြိမ်ရာသို့ ကပ်လျက် တယောက်တည်းနေစဉ်"အသျှင်မဟာကစ္စည်း ဟောတော်မူတိုင်းသော တရားတော်ကို လူ့ဘောင်၌ နေသူသည် စင်စစ်ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့် တူသော

http://www.dhammadownload.com



ဤမြတ်သော အကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူချေ၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”ဟု ဤသို့ စိတ်အကြံဖြစ်၏။

ထို့နောက် ကုဋ္ဌေထိုက်သော နားတန်ဆာကိုဝတ်ဆင်သော သောဏမည်သောဥပါသကာသည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စည်းကို ရှိခိုး၍ တခုသော အရပ်၌ ထိုင်နေပြီးသော် အသျှင်မဟာကစ္စည်းအား အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ ကပ်လျက် တယောက်တည်း နေသောတပည့်တော်အား“အသျှင်မဟာကစ္စည်း ဟောတော်မူတိုင်းသော တရားတော်ကို လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သော အကျင့်ကိုကျင့်ခြင်းငှါ မလွယ်ကူပါ၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”ဟု စိတ်အကြံဖြစ်ပါ၏၊ အသျှင်ဘုရား အသျှင်မဟာကစ္စည်းသည် တပည့်တော်ကို ရှင်ရဟန်းပြုတော်မူပါဟု (လျှောက်၏)။

ဤသို့လျှောက်လတ်သော် အသျှင်မဟာကစ္စည်းသည် ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာကို “သောဏ အသက်ထက်ဆုံး တထပ်တည်းသာ စားရသော တယောက်တည်းသာ အိပ်ရသော မြတ်သောအကျင့်ကို ကျင့်ခြင်းသည် ခဲယဉ်းလှ၏၊ သောဏ တိုက်တွန်း၏၊ သင်သည် ထိုလူ့ဘောင်၌သာလျှင် လူအဖြစ်နှင့် အခါအားလျော်စွာ တထပ်တည်းသာ စားရ တယောက်တည်းသာ အိပ်ရသော ဘုရားရှင်တို့ အဆုံးအမဟု ဆိုအပ်သော မြတ်သော အကျင့်ကို ကျင့်လော့”ဟု (မိန့်တော်မူ၏)။ ထိုအခါ ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာ၏ ရဟန်းပြုအံ့ဟု အားထုတ်ခြင်းသည် ငြိမ်းလေ၏။

နှစ်ကြိမ်မြောက်လည်း ။ပ။ အသျှင်မဟာကစ္စည်းသည် ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာကို “သောဏ အသက်ထက်ဆုံး တထပ်တည်းသာ စားရသော တယောက်တည်းသာ အိပ်ရသော မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ခဲယဉ်း၏၊ သောဏ တိုက်တွန်း၏၊ သင်သည် ထိုလူ့ဘောင်၌သာလျှင် လူအဖြစ်နှင့် အခါအားလျော်စွာ တထပ်တည်းသာ စားရ တယောက်တည်းသာ အိပ်ရသော ဘုရားရှင်တို့ အဆုံးအမဟု ဆိုအပ်သော မြတ်သော အကျင့်ကို ကျင့်လော့”ဟု (မိန့်တော်မူ၏) ။နှစ်ကြိမ်မြောက်လည်း ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာ၏ ရဟန်းပြုအံ့ဟု အားထုတ်ခြင်းသည် ငြိမ်းလေ၏။

သုံးကြိမ်မြောက်လည်း ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာအား ဆိတ်ငြိမ်ရာသို့ကပ်လျက် တယောက်တည်းနေစဉ် “အသျှင်မဟာကစ္စည်း ဟောတော်မူတိုင်းသော တရားတော်ကို လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့် တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူချေ၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ” ဟု စိတ်အကြံဖြစ်၏။ သုံးကြိမ်မြောက်လည်း ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာသည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စည်းကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်ပြီးသော် အသျှင်မဟာကစ္စည်းကို —

အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ ကပ်လျက် တယောက်တည်းနေသော တပည့်တော်အား “အသျှင်မဟာကစ္စည်း ဟောတော်မူတိုင်းသော တရားတော်ကို လူ့ဘောင်၌ နေသူသည်

http://www.dhammadownload.com



စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ။ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”ဟု စိတ်အကြံ ဖြစ်ပါ၏၊အသျှင်ဘုရား အသျှင်မဟာကစ္စည်းသည် အကျွန်ုပ်ကို ရှင်ရဟန်းပြုပေးတော်မူပါဟု ဤစကားကို လျှောက်၏။

ထိုအခါ အသျှင်မဟာကစ္စည်းသည် ကုဋ္ဌေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏဥပါသကာကို ရှင်ပြုပေးလေ၏။ ထိုအခါ၌ အဝန္တီတိုင်း ဒက္ခိဏာပထဇနပုဒ်သည် ရဟန်းနည်းပါး၏၊ ထိုအခါ၌ အသျှင်မဟာကစ္စည်းသည် သုံးနှစ်လွန်သဖြင့် ငြိုငြင်ပင်ပန်းစွာ ထိုထိုအရပ်မှ တကျိပ်အစုရှိသော ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် အသျှင်သောဏကို ပဉ္စင်းခံပေး၏။

ထိုအခါ အသျှင်သောဏမထေရ်အား ဝါကျွတ်၍ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တယောက်တည်းနေစဉ် “ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော ရူပကာယကျေးဇူး ဤသို့သဘောရှိသော ဓမ္မကာယကျေးဇူး ရှိတော်မူ၏ဟု ငါသည် ကြားဘူးရုံသာတည်း၊ ငါသည် မျက်မှောက် ထင်ထင် မမြင်ရဘူးပေ၊ အကယ်၍ ဥပဇ္ဈာယ်ဆရာသည် ငါ့ကို ခွင့်ပြုငြားအံ့၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သွားလို၏”ဟု စိတ်အကြံဖြစ်၏။

ထို့နောက် အသျှင်သောဏမထေရ်သည် ညနေချမ်းအခါ တယောက်တည်း ကိန်းအောင်းရာမှ ထလျက် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စည်းကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ထိုင်ပြီးသော် အသျှင်မဟာကစ္စည်းကို အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ ကပ်လျက် တယောက်တည်း ကိန်းအောင်းနေသော တပည့်တော်အား “ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော ရူပကာယကျေးဇူး ဤသို့သဘောရှိသော ဓမ္မကာယကျေးဇူး ရှိတော်မူ၏ဟု ငါသည် ကြားဘူးရုံသာတည်း၊ ငါသည် မျက်မှောက်ထင်ထင် မမြင်ရဘူးပေ၊ အကယ်၍ ဥပဇ္ဈာယ်ဆရာသည် ငါ့ကို ခွင့်ပြုငြားအံ့၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် သွားလို၏”ဟု ဤသို့ စိတ်အကြံ ဖြစ်ပါသည်ဟု လျှောက်၏။

သောဏ ကောင်းပေစွ ကောင်းပေစွ၊ သောဏ သင်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် သွားလော့။ သောဏ သင်သည် ကြည်ညိုဖွယ် ပသာဒနီယဂုဏ်ကို ဆောင်လျက် ငြိမ်သက်သော ဣန္ဒြေ ငြိမ်းအေးသောစိတ်ရှိသော အလွန်အကဲ ဆုံးမခြင်း အလွန်အကဲ ငြိမ်းအေးခြင်းသို့ ရောက်သည်ဖြစ်၍ ကိုယ်အမူအရာ ယဉ်ကျေးသော နှုတ်အမူအရာကို စောင့်ရှောက်သော မနိန္ဒြေကို စောင့်စည်းတော်မူသော ဆင်ပြောင်ကြီးသဖွယ် ဖြစ်သော ထိုမြတ်စွာဘုရားကို ဖူးမြော်ရလတ္တံ့၊ ဖူးမြော်ပြီး၍“အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဖြစ်သော အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါ၏၊ အနာမရှိခြင်း ဆင်းရဲကင်းခြင်း လျင်စွာ ထကြွနိုင်သော ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကိုလည်း မေးလျှောက်လိုက်ပါ၏”ဟု ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလေလော့၊ အနာမရှိခြင်း ဆင်းရဲကင်းခြင်း လျင်စွာ ထကြွနိုင်သော ခွန်အားရှိခြင်း ချမ်းသာစွာ နေရခြင်းကိုလည်း မေးလျှောက်လေလော့ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်သောဏသည် အသျှင်မဟာကစ္စည်းပြောဆိုသော စကားကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထလျက် အသျှင်မဟာကစ္စည်းကို ရှိခိုး၍ အရှိ အသေပြုကာ ကျောင်းအိပ်ရာ နေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဒေသစာရီ ဖဲသွားလေ၏၊ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်လတ်သော် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး၍ တခုသောအရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားကို "အသျှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာဖြစ်သော အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါ၏၊ အနာမရှိခြင်း ဆင်းရဲကင်းခြင်း လျင်စွာထကြွနိုင်သော ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်လိုက်ပါ၏"ဟု (လျှောက်၏)။

ရဟန်း ခံ့ကျန်း၏လော၊ မျှတ၏လော၊ မပင်ပန်းပဲ ခရီးကို လာခဲ့ရ၏လော၊ ဆွမ်းဖြင့် ငြိုငြင်ခြင်းမဖြစ်ပဲ ရှိပါ၏လောဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား ခံ့ကျန်းပါ၏၊ မျှတပါ၏၊ အသျှင်ဘုရား တပည့်တော်သည် မပင်ပန်းပဲ ခရီးကို လာခဲ့ရပါ၏၊ ဆွမ်းဖြင့်လည်း ပင်ပန်းခြင်း မဖြစ်ပါဟု (လျှောက်၏)။

ထို့နောက် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ဤအာဂန္တုရဟန်း၏ အိပ်ရာ နေရာကို ခင်းလော့"ဟု (မိန့်တော်မူ၏)။ ထိုအခါ အသျှင်အာနန္ဒာအား "အကြင်ရဟန်း အတွက် မြတ်စွာဘုရားသည် 'အာနန္ဒာ အာဂန္တုရဟန်း၏ အိပ်ရာနေရာကို ခင်းလော့'ဟု ငါ့ကို စေခိုင်း၏၊ မြတ်စွာဘုရားသည် ထိုရဟန်းနှင့်အတူတကွ တကျောင်းတည်း နေလို၏၊ မြတ်စွာဘုရားသည် အသျှင်သောဏနှင့်အတူ တကျောင်းတည်း နေလို၏"ဟု အကြံဖြစ်ပြီးလျှင် မြတ်စွာဘုရား နေတော်မူသော(ဂန္ဓကုဋိ) ကျောင်း၌ အသျှင်သောဏ၏ အိပ်ရာနေရာကို ခင်းလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ညဉ့်နက်သည့်တိုင်အောင် လွင်တီးခေါင်၌ ထိုင်နေခြင်းဖြင့် (အချိန်ကို)လွန်စေလျက် ခြေတော်တို့ကိုဆေးပြီးလျှင်(ဂန္ဓကုဋိ)ကျောင်းတော်သို့ ဝင်တော်မူ၏။ အသျှင်သောဏသည်လည်း ညဉ့်နက်သည့်တိုင်အောင် လွင်တီးခေါင်၌ ထိုင်နေခြင်းဖြင့် အချိန်ကို လွန်စေလျက် ခြေဆေးပြီးလျှင် (ဂန္ဓကုဋိ)ကျောင်းသို့ဝင်၏။ ထို့နောက် မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ ထ၍ "အသျှင်သောဏကို ရဟန်း သင်သည် တရားဟောလော့"ဟု တိုက်တွန်းတော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်သောဏသည် မြတ်စွာဘုရား၏စကားကို ဝန်ခံ၍ အဋ္ဌကဝဂ်၌ ပါသော တဆယ့်ခြောက်သုတ်လုံးတို့ကို အသံဖြင့် ရွတ်ဆို၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏ၏ သာယာစွာ ရွတ်ဆိုသည်၏ အဆုံး၌ "ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း သင်သည် အဋ္ဌကဝဂ်၌ ပါသော တဆယ့်ခြောက်သုတ်လုံးတို့ကို ကောင်းစွာသင်ထားပေ၏၊ ကောင်းစွာ နှလုံးသွင်းထားပေ၏၊ ကောင်းစွာဆောင်ထားပေ၏၊ သန့်ရှင်း၍ အပြစ်ကင်းသော အနက်ကိုသိခြင်းငှါ စွမ်းနိုင်သော သာယာသောစကားနှင့်လည်း ပြည့်စုံ၏ဟု အနုမောဒနာ ပြုတော်မူ၍ ရဟန်း သင်သည် အဘယ်မျှလောက် ဝါရပြီနည်း"ဟု(မိန့်တော်မူ၏)။ မြတ်စွာဘုရား တပည့်တော်သည် တဝါသာ ရပါသေး၏ဟု (လျှောက်၏)။ ရဟန်း သင်သည် အဘယ့်ကြောင့် ဤသို့ကြာမြင့်မှ ရဟန်းပြုသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော်သည် ကာမဂုဏ်

http://www.dhammadownload.com



တို့၌ အပြစ်ကိုမြင်သည်ကား ကြာပါပြီ၊ သို့သော်လည်း လူ့ဘောင်၌နေရခြင်းသည် ကျဉ်းမြောင်း ပါ၏၊ များသောကိစ္စရှိပါ၏၊ များသောပူပန်ဖွယ်ရှိပါ၏ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"စင်ကြယ်သောသူသည် မကောင်းမှု၌ မမွေ့လျော်နိုင်၊ထို့ကြောင့် အရိယာပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရလောက၌ အပြစ်ကိုမြင်၍ ဥပဓိကင်းရာ နိဗ္ဗာန်တရားကို သိပြီးသော ကြောင့် မကောင်းမှု၌ မမွေ့လျော်တော့ပေ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

## ၇-ကင်္ခါရေဝတသုတ်

၄၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အသျှင်ကင်္ခါရေဝတသည် မြတ်စွာဘုရား၏ မနီးမဝေး၌ မိမိ၏ ယုံမှားအားလုံးမှ လွန်မြောက်၍ ကိလေသာတို့မှ စင်ကြယ်သော အရိယမဂ်တရားကို ဆင်ခြင်လျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ မိမိ၏ ယုံမှားအားလုံးမှ လွန်မြောက်၍ ကိလေသာတို့မှ စင် ကြယ်သော အရိယမဂ်တရားကို ဆင်ခြင်လျက် ကိုယ်ကို ဖြောင့်မတ်စွာထားပြီးလျှင် ထက်ဝယ် ဖွဲ့ခွေ ထိုင်နေသော အသျှင်ကင်္ခါရေဝတကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ဤပစ္စုပ္ပန် အတ္တဘော၌ရင်း အတိတ် အနာဂတ် အတ္တဘော၌ရင်း မိမိအတ္တဘော၌ ရအပ်သည်လည်း ဖြစ်ကုန်သော သူတပါးအတ္တဘော၌ ရအပ်သည်လည်း ဖြစ်ကုန်သော ယုံမှားခြင်းအားလုံးတို့သည် ရှိကုန်၏၊ သမထဝိပဿနာဖြင့် မကောင်းမှုဒုစရိုက်ကို ရှို့မြိုက် ကြပြီးလျှင် သမ္မပ္ပဓာန်လုံ့လရှိကြကုန်လျက် မဂ်တည်းဟူသော ဗြဟ္မစရိယကို ကျင့်သုံးရရှိ ကြသူ ပုဂ္ဂိုလ်တို့သည် ထိုယုံမှားမှုအားလုံးတို့ကို ပယ်စွန့်နိုင်ကြကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

## ၈-သံဃဘေဒသုတ်

၄၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော် မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဥပုသ်နေ့တနေ့ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်လျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။

http://www.dhammadownload.com



ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်သော အသျှင်အာနန္ဒာကို မြင်၍ အသျှင်အာနန္ဒာ ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာအား "ငါ့သျှင်အာနန္ဒာ ငါသည် ယနေ့မှအစပြု၍ မြတ်စွာဘုရားမှၠငင်း ရဟန်းသံဃာမှၠငင်း အသီးအခြားခွဲ၍သာလျှင် ဥပုသ်ကိုၠငင်း သံဃကံတို့ကိုၠငင်း ပြုအံ့"ဟု ပြောဆို၏။

ထို့နောက် အသျှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားကို "အသျှင်ဘုရား တပည့်တော်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ပါ၏၊ အသျှင်ဘုရား ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံဝင်သော တပည့်တော်ကို မြင်၍ တပည့်တော်ထံသို့ ချဉ်းကပ် ပြီးလျှင် တပည့်တော်ကို 'ငါ့သျှင်အာနန္ဒာ ငါသည် ယနေ့မှအစပြု၍ မြတ်စွာဘုရားမှၠငင်း ရဟန်း သံဃာမှၠငင်း အသီးအခြား ခွဲ၍သာလျှင် ဥပုသ်ကိုၠငင်း သံဃကံတို့ကိုၠငင်း ပြုတော့အံ့'ဟု ပြောဆို ပါ၏၊ အသျှင်ဘုရား ယနေ့ ဒေဝဒတ်သည် သံဃာကို သင်းခွဲလတ္တံ့၊ ဥပုသ်ကိုၠငင်း သံဃကံတို့ကို ၠငင်း ပြုတော့အံ့"ဟု ဤသို့ လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"သူတော်ကောင်းသည် ကောင်းသောအမှုကို ပြုလွယ်၏၊ သူယုတ်မာသည် ကောင်းသော အမှုကို ပြုနိုင်ခဲ၏၊ သူယုတ်မာသည် မကောင်းသော အမှုကို ပြုလွယ်၏၊ အရိယာသူတော် ကောင်းတို့သည် မကောင်းသောအမှုကို ပြုဘို့ရန် ခဲယဉ်းလှ၏"ဟု ဤဥဒါန်းကို ကျူးရင့် တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-သဓာယမာနသုတ်

၄၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်းတို့၌ များစွာသော ရဟန်းအပေါင်းနှင့်အတူ ဒေသစာရီ လှည့်လည်တော်မူ၏။ ထိုအခါ များစွာသော လုလင်ဘို့သည် မြတ်စွာဘုရား၏ မနီးမဝေး၌ ပြက်ရယ်ပြောဆိုခြင်း သဘော ရှိကုန်လျက် ဖြတ်သန်းသွားကြကုန်၏၊ မြတ်စွာဘုရားသည် မနီးမဝေး၌ ပြက်ရယ်ပြောဆိုသော သဘောရှိသည် ဖြစ်၍ ဖြတ်သန်းသွားကြကုန်သော များစွာသော လုလင်တို့ကို မြင်သည် သာတည်း။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"သတိလွတ်ကုန်သော ပညာရှိယောင်ဆောင်ကုန်သော စကားသာ ကျက်စားရာရှိသူတို့ သည် အလိုရှိသမျှ ခံတွင်းဟ၍ ပြောဆိုတတ်ကုန်၏၊အရှက်မရှိခြင်း မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်မှုကို ဆောင်ကြောင်းဖြစ်သော သတိကင်းလွတ်မှု စသည်ကိုမူ ထိုသူတို့ မသိကြလေ ကုန်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-စူဠပန္ထကသုတ်

၅၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်စူဠပန္ထကသည် မြတ်စွာဘုရား၏ မနီးမဝေး၌ သတိကို ရှေးရှုထင်စေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ သတိကို ရှေးရှုထင်စေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော အသျှင်စူဠပန္ထကကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ကောင်းစွာ ထားအပ်သောကိုယ် ကောင်းစွာထားအပ်သောစိတ်ရှိသည်ဖြစ်၍ ရပ်သော်၎င်း ထိုင်သော်၎င်း ထိုမှတပါး လျောင်းသော်၎င်း ဤသို့ သတိကို ကောင်းစွာထားသော ရဟန်းသည် ရှေ့နောက်ဖြစ်သော အကျိုးထူးကို ရရာ၏။ ရှေ့နောက်ဖြစ်သော အကျိုးထူးကို ရသောကြောင့် သေမင်းမမြင်ရာ နိဗ္ဗာန်သို့ ရောက်နိုင်ရာ၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

ငါးခုမြောက် သောဏဝဂ် ပြီး၏။

---

## ၆-ဇစ္စန္ဓဝဂ် ၁-အာယုသင်္ခါရောသဇ္ဇနသုတ်

၅၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသော်"အာနန္ဒာ နေရာ ထိုင်အခင်းကို ယူခဲ့လော့၊နေ့သန့်စင်ရန် စာပါလစေတီသို့ ချဉ်းကပ်ကုန်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကားကို ဝန်ခံပြီးလျှင် နေရာထိုင်အခင်းကို ယူ၍ မြတ်စွာဘုရား၏နောက်မှ နောက်မှ အစဉ်လိုက်လေ၏၊ ထို့နောက် မြတ်စွာဘုရားသည် စာပါလစေတီသို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးသော် အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ဥဒေနနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ ဂေါတမကနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ သတ္တမ္ဗနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ ဗဟုပုတ္တနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ သာရန္ဒဒနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ စာပါလနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏။ အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏အခြေ 'ဣဒ္ဓိပါဒ်လေးပါး'တို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ သည်းပွန်းထား၏၊ ကောင်းစွာ အားထုတ်ထား၏

http://www.dhammadownload.com



ထိုသူသည် အလိုရှိခဲ့မူ အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်ပေ၏၊ အာနန္ဒာ မြတ်စွာဘုရားသည်ကား ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်လေးပါး'တို့ကို ပွါးများထားပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာအားထုတ်ထားပြီး ဖြစ်၏၊အာနန္ဒာ (သို့ဖြစ်၍)မြတ်စွာဘုရားသည် အလိုရှိခဲ့မူ အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ် ထက်လွန်၍ဖြစ်စေ တည်နိုင်ပေ၏ဟု(မိန့်တော်မူ၏)။

အသျှင်အာနန္ဒာသည်ကား မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ် အရိပ်အရောင် ဤသို့ ပင်ပြသော်လည်း မာရ်နတ်နှောင့်ယှက်ခံရသော စိတ်ရှိသောကြောင့် သဘောပေါက်ခြင်းငှါ မစွမ်း နိုင်ချေ၊ (ထို့ကြောင့်) "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့် ရှောက်ရန်အလို့ငှါ နတ်လူတို့၏အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"ဟု မြတ်စွာဘုရားကို မတောင်းပန် မိချေ။နှစ်ကြိမ်မြောက်လည်း။ပ။သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အသျှင်အာနန္ဒာအား မိန့်တော်မူ၏—

အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ဥဒေနနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ ဂေါတမကနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ သတ္တမ္ဗနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ ဗဟုပုတ္တ နတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ သာရန္ဒဒနတ်ကွန်းသည် မွေ့လျော်ဖွယ်ရှိ၏၊ စာပါလနတ်ကွန်း သည် မွေ့လျော်ဖွယ်ရှိ၏။ အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်လေးပါး'တို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့မူ အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ ဖြစ်စေ တည်နိုင်ပေ၏။ အာနန္ဒာ မြတ်စွာဘုရားသည်ကား ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်လေးပါး'တို့ကို ပွါးများထားပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီး ဖြစ်၏၊ ကောင်းစွာအားထုတ်ထားပြီး ဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့မူ အာယုကပ်ပတ်လုံးဖြစ်စေ အာယု ကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်ပေ၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင်ပြသော်လည်း မာရ်နတ် နှောင့်ယှက်ခံရသော စိတ်ရှိသော အသျှင်အာနန္ဒာသည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ၊ (ထို့ကြောင့်) "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက် ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သည် အာယုကပ်ပတ်လုံး တည်တော်မူပါ"ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ။

ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ သင်သွားလော့၊ ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏"ဟု အသျှင်အာနန္ဒာအား (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင် အာနန္ဒာသည် မြတ်စွာဘုရား၏စကားကို ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ မနီးမဝေး တခုသော သစ်ပင်ရင်း၌ ထိုင်နေလေ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာ ဖဲကြွ၍ မကြာမီ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောအရပ်၌ ရပ်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါ၊ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။ အသျှင်ဘုရား မြတ်စွာဘုရားသည် 'မာရ်နတ် ငါ၏ တပည့်ရဟန်းတို့သည် အကြင်မျှလောက်ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီးမဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့် လျော်သောတရားကို မကျင့်နိုင်ကြသေး၊ လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်ပြနိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြသေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်'ဟု မိန့်တော်မူဘူးပါသည်။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏တပည့်ရဟန်းတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီးဖြစ်ကြပါပြီ။ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ)တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သောအကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါ၊ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်'မာရ်နတ် ငါ၏တပည့် ရဟန်းမိန်းမတို့သည် အကြင်မျှလောက်ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊အကြားအမြင် မများကြသေး၊တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည်မဟုတ်'ဟု (မိန့်တော်မူဘူးပါသည်)။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏တပည့် ရဟန်းမိန်းမတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊(လောကုတ္တရာ)တရားနှင့်လျော်သောတရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သောအကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင်

http://www.dhammadownload.com



ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါကုန်ပြီ၊ ပေါ်ပေါက်လာသော သုတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူဘတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်'မာရ်နတ် ငါ၏တပည့် ဥပါသကာဘို့သည် အကြင်မျှလောက်ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့် လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ပေါ်ပေါက်လာသော သုတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည်မဟုတ်'ဟု (မိန့်တော်မူဘူးပါသည်)။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏တပည့်သား ဥပါသကာတို့သည် တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ)တရားအားလျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ဖြစ်ပေါ်လာသော သုတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏တပည့် ဥပါသိကာမတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့် လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သုတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိပ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည်မဟုတ်'ဟု (မိန့်တော်မူဘူးပါသည်)။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏တပည့် ဥပါသိကာမတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ)တရားအားလျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့် လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြ

http://www.dhammadownload.com



ပါကုန်ပြီ၊ ဖြစ်ပေါ်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိပ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါ၊ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏မြတ်သော အကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည် အကြင်မျှလောက် ကာလပတ်လုံး (ပညာရှိ) နတ်လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွါးသေး၊ လူအများ မသိသေး၊ များစွာ မဖြစ်ထွန်းသေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်'ဟု (မိန့်တော်မူဘူးပါသည်)။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ မြတ်သော အကျင့်ဟု ဆိုအပ်သော သာသနာတော်သည် (ပညာရှိ) နတ်လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် ပြည့်စုံပါပြီ၊ စည်ပင်ပါပြီ၊ ပြန့်ပွါးပါပြီ၊ လူအများ သိပြီးပါပြီ၊ များစွာ ဖြစ်ထွန်းပါပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရန် အချိန်တန်ပါပြီ"ဟု လျှောက်၏။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ယုတ်မာသော မာရ်နတ်အား ဤစကားကို မိန့်တော်မူ၏ "မာရ်နတ် သင် မကြောင့်ကြလင့်၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မကြာမီ ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလလွန်သော အခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလိမ့်မည်"ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် စာပါလနတ်ကွန်း၌ (နေစဉ်)အောက်မေ့မှု'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ရှိလျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို စွန့်လွှတ်တော်မူ၏၊ မြတ်စွာဘုရားသည် အသက်ရှည်ရန် 'အာယုသင်္ခါရ' စွန့်လွှတ်တော်မူလိုက်သောအခါ ကြက်သီးမွေးညင်း ထလျက် ကြောက်မက်ဖွယ်ရာ မြေလျှင် အကြီးအကျယ် လှုပ်လေပြီ၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"မြတ်စွာဘုရားသည် အတုမဲ့နိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်မှုဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သောကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်ရှိ ကိလေသာကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

## ၂-သတ္တဇဋိလသုတ်

၅၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ ပြာသာဒ်တံခါး

http://www.dhammadownload.com



မှန်ပြင်ပ၌ နေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏။

ထိုအခါ၌ ဆံကျစ်ရသေ့ခုနစ်ယောက်တို့သည်၎င်း နိဂဏ္ဌတိတ္ထိခုနစ်ယောက်တို့သည်၎င်း အဝတ်မဝတ်သော အစေလကခုနစ်ယောက်တို့သည်၎င်း အဝတ်တထည်သာဝတ်သော တိတ္ထိခုနစ်ယောက်တို့သည်၎င်း ပရိဗိုဇ်ခုနစ်ယောက်တို့သည်၎င်း ရှုပ်ရှုပ်ထွေးထွေး ပေါက်ရောက်သော လက်ကတီးမွေး ရှည်သောခြေသည်း လက်သည်း ကိုယ်ရေအမွေးရှိကုန်လျက် အထူးထူးသော ထမ်းပိုးပရိက္ခရာတို့ကို ယူကုန်၍ မြတ်စွာဘုရား၏ မနီးမဝေးမှ ဖြတ်သန်းသွားကြကုန်၏။

ပသေနဒီကောသလမင်းသည် ထိုဆံကျစ်ရသေ့ခုနစ်ယောက်တို့ကို၎င်း နိဂဏ္ဌတိတ္ထိခုနစ်ယောက်တို့ကို၎င်း အဝတ်မဝတ်သော အစေလကခုနစ်ယောက်တို့ကို၎င်း အဝတ်တထည်သာဝတ်သော တိတ္ထိခုနစ်ယောက်တို့ကို၎င်း ပရိဗိုဇ်ခုနစ်ယောက်တို့ကို၎င်း ရှုပ်ရှုပ်ထွေးထွေး ပေါက်ရောက်သော လက်ကတီးမွေး ရှည်သောခြေသည်းလက်သည်း ကိုယ်ရေအမွေးရှိကုန်လျက် အထူးထူးသော ထမ်းပိုးပရိက္ခရာတို့ကို ယူကုန်၍ မြတ်စွာဘုရား၏ မနီးမဝေးမှ ဖြတ်သန်းသွားသည်တို့ကို မြင်၍ နေရာမှထလျက် လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမ္ပယ်တင်၍ လကျ်ာပုဆစ်ဒူးဝန်းကို မြေ၌ထောက်လျက် ဆံကျစ်တိတ္ထိခုနစ်ယောက် နိဂဏ္ဌတိတ္ထိခုနစ်ယောက် အဝတ်မဝတ်သော အစေလကခုနစ်ယောက် အဝတ်တထည်သာဝတ်သော တိတ္ထိခုနစ်ယောက် ပရိဗိုဇ်ခုနစ်ယောက်တို့ထံသို့ လက်အုပ်ချီလျက် "အသျှင်ဘုရားတို့ တပည့်တော်သည် ပသေနဒီကောသလမင်းပါတည်း။ အသျှင်ဘုရားတို့ တပည့်တော်သည် ပသေနဒီကောသလမင်းပါတည်း၊ အသျှင်ဘုရားတို့ တပည့်တော်သည် ပသေနဒီကောသလမင်းပါတည်း"ဟု သုံးကြိမ်တိုင်တိုင် အမည်ကို ပြောကြား၏။

ထို့နောက် ပသေနဒီကောသလမင်းသည် ထိုဆံကျစ်တိတ္ထိခုနစ်ယောက် နိဂဏ္ဌတိတ္ထိခုနစ်ယောက် အဝတ်မဝတ်သော အစေလကခုနစ်ယောက် အဝတ်တထည်သာဝတ်သော တိတ္ထိခုနစ်ယောက် ပရိဗိုဇ်ခုနစ်ယောက်တို့ ဖဲသွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား လောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်တို့ဟူ၍သော်၎င်း အရဟတ္တမဂ်သို့ရောက်သော ပုဂ္ဂိုလ်တို့ဟူ၍သော်၎င်း ရှိကြသည့် ပုဂ္ဂိုလ်တို့တွင် ထိုပုဂ္ဂိုလ်တို့သည် တပါးအပါအဝင် ပါတည်း"ဟု (လျှောက်၏)။

မင်းကြီး ကာမစည်းစိမ် ခံစားသူ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေထိုင်ကာ ကာသိတိုင်းဖြစ် စန္ဒကူးကို မပြတ်ခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းကို ဆောင်သူ ရွှေငွေကို သာယာသည့် လူဖြစ်သော သင်မင်းကြီးသည် "ဤသူတို့ကား ရဟန္တာပုဂ္ဂိုလ်တို့တည်း၊ ဤသူတို့ကား အရဟတ္တမဂ်သို့ ရောက်သူတို့တည်း"ဟု သိနိုင်ခဲ၏။

မင်းကြီး အတူတကွ နေထိုင်ခြင်းဖြင့်သာ သီလကို သိနိုင်၏၊ ယင်းသီလကိုလည်း ရှည်ကြာစွာ အတူတကွနေထိုင်ခြင်းဖြင့်သာ သိနိုင်၏၊ တခဏမျှနေထိုင်ခြင်းဖြင့် မသိနိုင်၊ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်၏၊မစဉ်းစားသူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမဲ့သူသည် မသိနိုင်။

မင်းကြီး အတူတကွ စကားပြောခြင်းဖြင့်သာ စင်ကြယ်သည်၏ အဖြစ်ကို သိနိုင်၏၊ ယင်းကိုလည်း ရှည်ကြာစွာ ပြောဆိုဘူးမှသာ သိနိုင်၏၊ တခဏမျှ ပြောဆိုကာမျှဖြင့် မသိနိုင်၊ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်၏၊ မစဉ်းစားမဆင်ခြင်သူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမဲ့သူသည် မသိနိုင်။

http://www.dhammadownload.com



မင်းကြီး ဘေးရန်တွေ့ကြုံသောအခါတို့၌ ဥာဏ်အားစွမ်းကို သိနိုင်၏၊ ယင်းကိုလည်း အခါများစွာ ဘေးရန်တွေ့ကြုံမှသာ သိနိုင်၏၊ တရံတခါ တွေ့ကြုံကာမျှဖြင့် မသိနိုင်၊ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်၏၊ မစဉ်းစား မဆင်ခြင်သူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမဲ့သူသည် မသိနိုင်။

မင်းကြီး အဘူတကာ တရားစကားဆွေးနွေးခြင်းဖြင့်သာ ပညာကို သိနိုင်၏၊ ယင်းကိုလည်း ကာလရှည်စွာ ဆွေးနွေးခြင်းဖြင့်သာ သိနိုင်၏၊ တခဏမျှ ဆွေးနွေးခြင်းဖြင့် မသိနိုင်၊ စဉ်းစား ဆင်ခြင်သူမှသာ သိနိုင်၏၊မစဉ်းစား မဆင်ခြင်သူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမဲ့ သူသည် မသနိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အံ့ဩဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည်“မင်းကြီး ကာမစည်းစိမ်၌ ခံစားသူ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေထိုင်ကာ ကာသိတိုင်းဖြစ် စန္ဒကူးကို မပြတ်ခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းကို ဆောင်သူ ရွှေငွေကို သာယာသည့် လူဖြစ်သော မင်းကြီးသည် ‘ဤသူတို့ကား ရဟန္တာပုဂ္ဂိုလ်တို့တည်း၊ ဤသူတို့ကား အရဟတ္တမဂ်သို့ ရောက်သူတို့တည်း’ဟု သိနိုင်ခဲ၏၊ မင်းကြီး အတူတကွ နေထိုင်ခြင်းဖြင့်သာ သီလကို သိနိုင်၏။ပ။ မင်းကြီး အတူတကွ စကားဆွေးနွေးခြင်းဖြင့်သာ ပညာကို သိနိုင်၏၊ ယင်းကိုလည်း ကာလရှည်စွာ ဆွေးနွေးခြင်းဖြင့်သာ သိနိုင်၏၊ တခဏမျှ ဆွေးနွေးခြင်းဖြင့် မသိနိုင်၊ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်၏၊ မစဉ်းစားမဆင်ခြင်သူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမဲ့သူသည် မသိနိုင်”ဟူသော ဤစကားကို အလွန်ပင် ကောင်းစွာ ဆိုအပ်ပါ၏။

အသျှင်ဘုရား ဤသူတို့သည် တပည့်တော်၏ သူလျှိုယောကျ်ားတို့ပါတည်း၊ ဇနပုဒ်ကို စုံစမ်းထောက်လှမ်းကုန်၍ သွားကြပါကုန်၏၊ ထိုသူတို့ ရှေးဦးစွာ စုံစမ်းထောက်လှမ်းပြီးသည်ကို တပည့်တော်က နောက်မှ ပြုလုပ်ဆောင်ရွက်ရပါ၏။ အသျှင်ဘုရား ယခုပင် ထိုသူတို့သည် ထိုမြူ အညစ်အကြေးကို ဆေးလျှော်ကုန်လျက် ကောင်းစွာ ရေချိုးကုန် ကောင်းစွာ လိမ်းကျံကုန်၍ ဆံမုတ်ဆိတ်ပြုပြင်ကာ အဝတ်ဖြူကို ဝတ်ကုန်၍ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားကြပေလိမ့်မည်ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“ရဟန်းသည် မကောင်းမှု အလုံးစုံတို့၌ လုံ့လမပြုရာ၊ (ရဟန်း အသွင်အပြင်ဖြင့်) သူတပါး၏ အခစားယောကျ်ား မဖြစ်ရာ၊ သူတပါးကို မှီ၍ အသက်မမွေးရာ၊ တရားဟောခြင်းဖြင့် (လာဘ်ပူဇော်သကာ) ကုန်သွယ်ခြင်းတို့ကို မပြုကျင့်ရာ”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-ပစ္စဝေက္ခဏသုတ်

၅၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပယ်အပ်ပြီးဖြစ်ကုန်သော မိမိ၏ များစွာသော အကုသိုလ်တရားယုတ်တို့ကိုရင်း

http://www.dhammadownload.com



ပွါးများမှု 'ဘာဝနာ'၏ ပြည့်စုံခြင်းသို့ ရောက်ကုန်သော များစွာသော ကုသိုလ်တရားတို့ကိုငင်း ဆင်ခြင်လျက် နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ပယ်အပ်ပြီးဖြစ်ကုန်သော မိမိ၏များစွာသော အကုသိုလ်တရား ယုတ်တို့ကိုငင်း ပွါးများမှု'ဘာဝနာ'၏ ပြည့်စုံခြင်းသို့ရောက်ကုန်သော များစွာသော ကုသိုလ်တရား တို့ကိုငင်း သိတော်မူ၍ ထိုသိသောအချိန်၌—

"(အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာသည်မှ) ရှေးကာလ၌ ကိလေသာ အပေါင်းသည် ဖြစ်ခဲ့ဘူးပြီ၊ ရှေးအခါကဖြစ်ခဲ့ဘူးသော ကိလေသာအပေါင်းသည် ထိုအရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်သောအခါ မဖြစ်တော့ပြီ၊ (အရိယာမဂ် ခဏမှ) ရှေးကာလ၌ ဆအသာခေရဏဉာဏ် အစရှိသော အနဝဇ္ဇတရားအပေါင်းသည် မဖြစ်ဘူးခဲ့၊ ထိုအနဝဇ္ဇတရားအပေါင်းသည် အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာသောအခါ ဖြစ်ပေါ်ခဲ့၏၊ အရိယာမဂ်သည် ရှေးအခါ၌လည်း မဖြစ်ဘူး၊ နောင်လည်း ဖြစ်လိမ့်မည်မဟုတ်၊ ယခုလည်း မရှိပေ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-ပဌမနာနာတိတ္ထိယသုတ်

၅၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အထူးထူးသောအယူ အထူးထူးသောအလို'ဆန္ဒ' အထူးထူးသော နှစ်သက်ခြင်းရှိကုန်၍ အထူးထူး သော အယူဘည်းဟူသော မှီရာကို မှီတတ်ကုန်သော များစွာသော အထူးထူးသော တိတ္ထိ သမဏ ဗြာဟ္မဏ ပရိဗိုဇ်အမျိုးမျိုးတို့သည် သာဝတ္ထိပြည်၌ နေကြကုန်၏။

"လောကသည် မြဲ၏၊ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏ ဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ထို့ပြင် "လောကသည် မမြဲ၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ထို့ပြင် "လောက သည် အဆုံးရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ထို့ပြင် "လောကသည် အဆုံးမရှိ၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ထို့ပြင် "ထိုအသက်သည် ထို ကိုယ်တည်း၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ထို့ပြင် "အသက်သည် တခြား ကိုယ်သည်တခြားတည်း၊ ဤအယူသာ မှန်ပါ၏၊ တပါးသောအယူသည် အချည်းနှီးသာ တည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ ရှိကုန်သော သမဏ ဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ထို့ပြင်"သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ထို့ပြင် "သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်၊ ဤအယူသာ မှန်၏၊ တပါးသော

http://www.dhammadownload.com



အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ထို့ပြင် “သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ်၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ထို့ပြင် “သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

ထိုသမဏဗြာဟ္မဏတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကား ပြောဆိုကြကုန်လျက် “ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်။ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားဟုတ်၏”ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏။

ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကုန်၏။ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား “အသျှင်ဘုရား အထူးထူးသောအယူ အထူးထူးသောအလို ‘ဆန္ဒ’ အထူးထူးသော နှစ်သက်ခြင်းရှိကုန်၍ အထူးထူးသောအယူတည်းဟူသော မှီရာကို မှီတတ်ကုန်သော များစွာသော အထူးထူးသော တိတ္ထိ သမဏဗြာဟ္မဏ ပရိဗိုဇ်အမျိုးမျိုးတို့သည် သာဝတ္ထိပြည်၌ နေကြကုန်၏။ ‘လောကသည် မြဲ၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း’ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိပါကုန်၏။ပ။ထိုသမဏဗြာဟ္မဏအချို့တို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကား ပြောဆိုကြကုန်လျက် ‘ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ဤသဘောကား တရားဟုတ်၏ ဟု အချင်းချင်း နှုတ်လှံဆိုးလျက် နေကြပါကုန်သည်”ဟု ဤစကားကို လျှောက်ကုန်၏။

ရဟန်းတို့ သာသနာပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ကန်းကုန် ပညာမျက်စိမရှိကုန်သည်ဖြစ်၍ အကျိုးကို မသိကုန် အကျိုးမဲ့ကို မသိကုန် တရားကို မသိကုန် တရားမဟုတ်သည်ကို မသိကုန်။ထိုသူတို့သည် အကျိုးကို မသိကုန်ပဲ အကျိုးမဲ့ကို မသိကုန်ပဲ တရားကို မသိကုန်ပဲ တရားမဟုတ်သည်ကို မသိကုန်ပဲ“ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ဤသဘောကား တရားဟုတ်၏”ဟု ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကား ပြောဆိုကြကုန်လျက် အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏။

ရဟန်းတို့ ဤသာဝတ္ထိပြည်၌သာလျှင် တဦးသော မင်းသည် ရှေးကဖြစ်ဘူး၏။ ရဟန်းတို့ ထိုအခါ ထိုမင်းသည် မင်းချင်းယောကျ်ား တယောက်ကို “အချင်းယောကျ်ား လာလော့၊ သာဝတ္ထိပြည်၌ ရှိကြသည့် သူကန်းအားလုံးတို့ကို တပေါင်းတည်း စုဝေးစေလော့”ဟု အမိန့်ပေး၏။ ရဟန်းတို့ ထိုယောကျ်ားသည် “အရှင်မင်းကြီး ကောင်းပါပြီ”ဟု ထိုမင်း၏စကားကို ဝန်ခံ၍ သာဝတ္ထိပြည်တွင်းရှိ သူကန်းအားလုံးတို့ကို ခေါ်ယူ၍ ထိုမင်းကြီးထံသို့ ချဉ်းကပ်လျက် ထိုမင်းကြီးကို “အရှင်မင်းကြီး သာဝတ္ထိပြည်တွင်းရှိ သူကန်းအားလုံးတို့ကို စည်းဝေးစေအပ်ပါပြီ”ဟု သံတော်ဦးတင်၏။ အချင်း သို့ဖြစ်လျှင် သူကန်းတို့အား ဆင်ကို ပြလော့ဟု အမိန့်ပေး၏၊

http://www.dhammadownload.com



ရဟန်းတို့ ထိုမင်းချင်းယောကျ်ားသည် "အရှင်မင်းကြီး ကောင်းပါပြီ"ဟု ထိုမင်းကြီး၏ စကားကို ဝန်ခံ၍ သူကန်းတို့အား ဆင်ကို ပြ၏—

"သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏ ဦးခေါင်းကို ပြ၏။ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏ နားကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏အစွယ်ကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏နှာမောင်းကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏ကိုယ်ကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏ခြေထောက်ကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏ပေါင်ကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏မြီးတံကို ပြ၏၊ "သူကန်းတို့ ဆင်ကား ဤသဘောရှိ၏"ဟု သူကန်းအချို့တို့အား ဆင်၏မြီးဆံကို ပြ၏။

ရဟန်းတို့ ထို့နောက် ထိုမင်းချင်းယောကျ်ားသည် သူကန်းတို့အား ဆင်ကိုပြပြီးလျှင် ထိုမင်းရှိရာသို့ ချဉ်းကပ်၍ ထိုမင်းကို "အရှင်မင်းကြီး ထိုသူကန်းတို့သည် ဆင်ကို တွေ့မြင်အပ်ပါပြီ၊ ယခုအခါ သွားရန်အချိန်အခါကို သိတော်မူပါလော့"ဟု လျှောက်၏။

ရဟန်းတို့ ထို့နောက် ထိုမင်းကြီးသည် ထိုသူကန်းတို့ထံသို့ ချဉ်းကပ်၍ ထိုသူကန်းတို့ကို "သူကန်းတို့ သင်တို့သည် ဆင်ကို မြင်ကြကုန်ပြီလော"ဟု (မိန့်တော်မူ၏)။ အရှင်မင်းကြီး မှန်ပါ၏၊ အကျွန်ုပ်တို့သည် ဆင်ကို မြင်ဘူးပါကုန်ပြီ ဟု သံတော်ဦးတင်ကုန်၏။

သူကန်းတို့ ပြောကြကုန်လော့၊ ဆင်ကား အဘယ်သို့ သဘောရှိကုန်သနည်း ဟု (မိန့်၏)။ ရဟန်းတို့ ဆင်၏ဦးခေါင်းကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် ရေအိုးနှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ရဟန်းတို့ ဆင်၏နားရွက်ကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် ဇန်းဆန်ကောနှင့် တူပါ၏"ဟု ဤသို့ သံတော်ဦးတင်ကုန်၏။

ရဟန်းတို ဆင်၏အစွယ်ကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် ထွန်သွားနှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ရဟန်းတို့ ဆင်၏နှာမောင်းကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် ထွန်သံနှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ရဟန်းတို့ ဆင်၏ကိုယ်ကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် ကျီကြန်ရံနှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ရဟန်းတို့ ဆင်၏ခြေထောက်ကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် တိုင်နှင့်တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ရဟန်းတို့ ဆင်၏ပေါင်ကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် လက်ဆုံနှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ရဟန်းတို့ ဆင်၏မြီးဆံကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် ကျီပွေ့နှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဆင်၏မြီးတံကို စမ်းသပ်မိသော သူကန်းတို့က "အရှင်မင်းကြီး ဆင်သည် တံမြက်စည်းနှင့် တူပါ၏"ဟု သံတော်ဦးတင်ကုန်၏။

ထိုသူကန်းတို့သည် "ဆင်သည် ဤသဘောရှိ၏၊ ဆင်သည် ဤသဘောမရှိ၊ ဤသဘောရှိသည်ကား ဆင်မဟုတ်၊ ဤသဘောရှိသည်ကား ဆင်တည်း"ဟု အချင်းချင်း လက်သီးဆုပ်တို့ဖြင့် ထိုးကြိတ်ကုန်၏။ ရဟန်းတို့ ထိုသို့ထိုးကြိတ်သောအခါ ထိုမင်းသည် ဝမ်းမြောက်ဝမ်းသာ ရယ်မောလေ၏။

ရဟန်းတို့ ဤအတူပင် သာသနာတော်မှ ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ကန်းကုန်သည် ပညာမျက်စိမရှိကုန်သည် ဖြစ်၍ အကျိုးကို မသိကုန်၊ အကျိုးမဲ့ကို မသိကုန်၊ တရားကို မသိကုန်၊ တရားမဟုတ်သည်ကို မသိကုန်။ထိုသူတို့သည် အကျိုးကို မသိကုန်ပဲ အကျိုးမဲ့ကို မသိကုန်ပဲ တရားကို မသိကုန်ပဲ တရားမဟုတ်သည်ကို မသိကုန်ပဲ "ဤသဘောကား တရားတည်း၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားတည်း"ဟု ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဘက်စကားကို ပြောဆိုကြကုန်လျက် အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အချို့ကုန်သော သမဏဗြာဟ္မဏတို့သည် အနှစ်မရှိသည့် ဤမိစ္ဆာအယူတို့၌ နှစ်သက်စွဲလမ်း ကပ်ငြိကုန်ဘိ၏၊ (ဆင်ကို)တစိတ်တဒေသ စမ်းသပ်မိကြသည့် သူကန်းတို့ကဲ့သို့ အချင်းချင်း ဆန့်ကျင်ပြုကာ ငြင်းခုံကြကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်။

## ၅-ဒုတိယနာနာတိတ္ထိယသုတ်

၅၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အထူးထူးသောအယူ အထူးထူးသောအလို'ဆန္ဒ' အထူးထူးသော နှစ်သက်ခြင်းရှိကြ၍ အထူးထူးသောအယူတည်းဟူသော မှီရာကို မှီတတ်ကုန်သော များစွာသော တိတ္ထိ သမဏဗြာဟ္မဏ ပရိဗိုဇ် အမျိုးမျိုးတို့သည် သာဝတ္ထိပြည်၌ နေကြကုန်၏။

"အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မမြဲ၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မြဲလည်းမြဲ၏၊ မမြဲလည်းမမြဲ၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်းမဟုတ်၊ မမြဲ

http://www.dhammadownload.com



သည်လည်းမဟုတ် ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

“အတ္တကိုရင်း လောကကိုရင်း မိမိပြုအပ်၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုရင်း လောကကိုရင်း သူတပါးသည် ပြုအပ်၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုရင်း လောကကိုရင်း မိမိလည်းပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုရင်း လောကကိုရင်း မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်၊ တစုံတခုသောအကြောင်းကို မစွဲမူ၍ ဖြစ်၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

“အတ္တသည်ရင်း လောကသည်ရင်း မြဲ၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တသည်ရင်း လောကသည်ရင်း မမြဲ၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာမှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တသည်ရင်း လောကသည်ရင်း မြဲလည်းမြဲ၏၊ မမြဲလည်းမမြဲ၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တသည်ရင်း လောကသည်ရင်း မြဲသည်လည်းမဟုတ်၊ မမြဲသည်လည်းမဟုတ်၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုရင်း လောကကိုရင်း မိမိပြုအပ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

“အတ္တကိုရင်း လောကကိုရင်း သူတပါးပြုအပ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာမှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုရင်း လောကကိုရင်း မိမိလည်းပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုရင်း လောကကိုရင်း မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်၊ တစုံတခုသောအကြောင်းကို မစွဲမူ၍ ဖြစ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

ထိုသမဏ ဗြာဟ္မဏတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကားကို ဆိုကြကုန်လျက်“ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားဟုတ်၏” ဟု အချင်းချင်း နှုတ်လှံ ထိုးလျက်နေကြကုန်၏။

http://www.dhammadownload.com



ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကုန်၏။ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံပြီး နောက် ဆွမ်းခံရွာမှ ဖဲခဲ့ကြသော ထိုရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား ကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား အထူးထူး သောအယူ အထူးထူးသော အလိုဆန္ဒ အထူးထူးသော နှစ်သက်ခြင်း ရှိကြကုန်လျက် အထူးထူး သောအယူကို မှီ၍ တည်ကုန်သော များစွာသော တိတ္ထိ သမဏဗြာဟ္မဏပရိဗိုဇ်အမျိုးမျိုးတို့သည် သာဝတ္ထိပြည်၌ နေကြပါကုန်၏။

"အတ္တသည်ရင်း လောကသည်ရင်း မြဲ၏၊ဤအယူသာ မှန်၏၊တပါးသောအယူသည် အချည်း နှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ ။ပ။ ထိုသမဏဗြာဟ္မဏတို့သည ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကားကို ပြောဆို ကုန်လျက်"ဤသဘောကား တရားဟုတ်၏၊ဤသဘောကား တရားမဟုတ်၊ဤသဘောကား တရား မဟုတ်၊ ဤသဘောကား တရားဟုတ်၏"ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကြပါကုန်၏"ဟု လျှောက်ကုန်၏။

ရဟန်းတို့ ဤသာသနာတော်မှ ပြင်ပအယူရှိသော ပရိဗိုဇ်တို့သည် ကန်းကုန် (ပညာ) ချက်စိမရှိကုန်သည်ဖြစ်၍ အကျိုးကို မသိကုန်၊ အကျိုးမဲ့ကို မသိကုန်၊ တရားကို မသိကုန်၊ တရား မဟုတ်သည်ကို မသိကုန်၊ ထိုသူတို့သည် အကျိုးကို မသိကုန်ပဲ အကျိုးမဲ့ကို မသိကုန်ပဲ၊တရားကို မသိကုန်ပဲ တရားမဟုတ်သည်ကို မသိကုန်ပဲ ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက် စကားကို ပြောဆိုကုန်လျက် "ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားဟုတ်၏"ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အချို့ကုန်သော သမဏဗြာဟ္မဏတို့သည် အနှစ်မရှိသည့် ဤမိစ္ဆာအယူတို့၌ နှစ်သက် စွဲလမ်းကပ်ငြိကုန်ဘိ၏၊ ထိုသူတို့သည် ထောက်တည်ရာ နိဗ္ဗာန်သို့ မရောက်ကြကုန်မူ၍ အကြား၌သာလျှင်(ဩဃလေးဖြာ သံသရာ၌)နှစ်မြုပ်ကြရကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့် တော်မူ၏။

ပဉ္စမသုတ်။

## ၆-တတိယနာနာတိတ္ထိယသုတ်

၅၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အထူးထူးသောအယူ အထူးထူးသောအလိုဆန္ဒ အထူးထူးသော နှစ်သက်ခြင်း ရှိကုန်လျက် အထူး ထူးသော အယူကို မှီ၍ တည်ကုန်သော များစွာသော တိတ္ထိသမဏဗြာဟ္မဏပရိဗိုဇ်အမျိုးမျိုးတို့ သည် သာဝတ္ထိပြည်၌ နေကြကုန်၏။

http://www.dhammadownload.com



"အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မမြဲ၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မြဲလည်း မြဲ၏၊မမြဲလည်းမမြဲ၊ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်းမဟုတ် မမြဲသည်လည်းမဟုတ်၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

"အတ္တကို၎င်း လောကကို၎င်း မိမိပြုအပ်၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တကို၎င်း လောကကို၎င်း သူတပါးပြုအပ်၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တကို၎င်း လောကကို၎င်း မိမိလည်း ပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏၊ ဤအယူသာ မှန်၏၊တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တကို၎င်း လောကကို၎င်း မိမိလည်း မပြုအပ်၊သူတပါးလည်း မပြုအပ်၊တစုံတခုသော အကြောင်းကို မစွဲမှီ၍ ဖြစ်၏၊ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

"အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ချမ်းသာဆင်းရဲရှိ၏၊ဤအယူသာ မှန်၏၊တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မမြဲ၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သောသမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မြဲလည်းမြဲ၏၊ မမြဲလည်းမမြဲ၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်းမဟုတ် မမြဲသည်လည်းမဟုတ်၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

"အတ္တကို၎င်း လောကကို၎င်း မိမိပြုအပ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ဤအယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တကို၎င်း လောကကို၎င်း သူတပါး ပြုအပ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ "အတ္တကို၎င်း လောကကို၎င်း မိမိလည်း ပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏၊ ချမ်းသာဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူ

http://www.dhammadownload.com



သည် အချည်းနှီးသာတည်း”ဟု ဤသို့ ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။ “အတ္တကိုဒုင်း လောကကိုဒုင်း မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်၊ တစုံတခုသောအကြောင်းကို မစွဲမူ၍ ဖြစ်၏၊ ချမ်းသာ ဆင်းရဲရှိ၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကုန်၏။

ထိုသမဏဗြာဟ္မဏတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကားကို ပြောဆိုကြကုန်လျက် “ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားဟုတ်၏”ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏။

ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကုန်၏။ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ကြကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား “အသျှင်ဘုရား အသူးထူးသောအယူ အထူးထူးသောအလို ‘ဆန္ဒ’ အထူးထူးသော နှစ်သက်ခြင်းရှိကြကုန်လျက် အထူးထူးသောအယူကိုမှီ၍ တည်ကုန်သော များစွာသော တိတ္ထိ သမဏဗြာဟ္မဏ ပရိဗိုဇ်အမျိုးမျိုးဘို့သည် သာဝတ္ထိပြည်၌ နေကြပါကုန်၏။ “အတ္တသည်ဒုင်း လောကသည်ဒုင်း မြဲ၏၊ ဤအယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ဆိုလေ့ ဤသို့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိပါကုန်၏။ပ။ထိုသမဏဗြာဟ္မဏတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကားကို ပြောဆိုကြကုန်လျက် “ဤသဘောကား တရားဟုတ်၏၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားဟုတ်၏”ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကြပါကုန်၏ဟု လျှောက်ကုန်၏။

ရဟန်းတို့ သာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ကန်းကုန်(ပညာ)မျက်စိ မရှိကုန်သည်ဖြစ်၍ အကျိုးကို မသိကုန်၊ အကျိုးမဲ့ကို မသိကုန်၊ တရားကို မသိကုန်၊ တရားမဟုတ်သည်ကို မသိကုန်။ ထိုသူတို့သည် အကျိုးကို မသိကြကုန်ပဲ အကျိုးမဲ့ကို မသိကြကုန်ပဲ တရားကို မသိကြကုန်ပဲ တရားမဟုတ်သည်ကို မသိကြကုန်ပဲ ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကားကို ပြောဆိုကြကုန်လျက် “ဤသဘောကား တရားဟုတ်၏၊ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားမဟုတ်၊ ဤသဘောကား တရားဟုတ်၏”ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

“ဤသတ္တဝါအပေါင်းသည် အတ္တလောကသုခနှင့် ဒုက္ခကို ငါပြု၏ဟူသော မိစ္ဆာအယူလေ့လာအားထုတ်၏၊ သူတပါး (အစိုးရသူ)ပြု၏ဟူသော မိစ္ဆာအယူနှင့် စပ်ယှဉ် (အဓိစ္စသမုပ္ပန္နအယူရှိသူ) သမဏဗြာဟ္မဏအချို့တို့သည် ဤမိစ္ဆာအယူနှစ်မျိုးကို လက်နိုင်ကြကုန်၊ သို့ပင်ဖြစ်သော်လည်း ထိုမိစ္ဆာအယူနှစ်မျိုးကို (ဒုက္ခကို ဖြစ်စေတတ်သည့်) မြှားငြောင့်ဟူ၍လည်း မမြင်နိုင်ကြကုန်၊ ဤမိစ္ဆာအယူနှစ်မျိုးကို မြှားငြောင့်ဟု ကြို့တ

http://www.dhammadownload.com



မြင်သူအားမူကား ငါပြု၏ဟူ၍လည်း အယူမဖြစ်၊ သူတပါးပြု၏ဟူ၍လည်း အယူမဖြစ်၊ ဤသတ္တဝါအပေါင်းသည် မာနနှင့်ပြည့်စုံသည် မာနဖြင့် ထုံးဖွဲ့အပ်သည် မာနဖြင့် ရစ်ပတ်အပ်သည်ဖြစ်၍ မိစ္ဆာအယူတို့၌ (အတ္တုက္ကံသန ပရဝမ္ဘနအားဖြင့်) ချုတ်ချယ်စွပ်စွဲသော စကားရှိသောကြောင့် သံသရာကို မလွန်မြောက်နိုင်”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

## ၇-သုဘူတိသုတ်

၅၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် —အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သုဘူတိသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ဝိတက်ကင်းသော အရဟတ္တဖိုလ်သမာဓိကို ဝင်စားလျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ ဝိတက်ကင်းသော အရဟတ္တဖိုလ်သမာဓိကို ဝင်စားလျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေထိုင်နေသော အသျှင်သုဘူတိကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“အကြင်ပုဂ္ဂိုလ်အား အတွင်းသန္တာန်၌ မိစ္ဆာဝိတက်တို့ကို ဖျက်ဆီးအပ်ကုန်ပြီ၊အကြွင်းမဲ့ ကောင်းစွာ ဖြတ်အပ်ကုန်ပြီ၊ ထိုပုဂ္ဂိုလ်သည် ငြိတွယ်မှုအားလုံးကို လွန်ကာ နိဗ္ဗာန်ကို အာရုံပြုသော မဂ်သညာ ဖိုလ်သညာရှိသည်ဖြစ်၍ ယောဂလေးပါးကို လွန်ပြီးဖြစ်ရကား တဖန် ဘဝသစ်၌ ဖြစ်ခြင်းသို့ မရောက်တော့ပေ”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

## ၈-ဂဏိကာသုတ်

၅၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ အသင်းအဖွဲ့ နှစ်ဖွဲ့တို့သည် ပြည့်တန်ဆာမ တယောက်တည်း၌ အလွန်တပ်မက်ကုန် ကိလေသာဖြင့် ဖွဲ့သောစိတ်ရှိကုန်သည် ဖြစ်သောကြောင့် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်-စကားကို ပြောဆိုကုန်လျက် အချင်းချင်းလက်တို့ဖြင့် ရိုက်ပုတ်ကြကုန်၏၊ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏၊တုတ်တို့ဖြင့်လည်းရိုက်ကြကုန်၏၊ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏။ ထိုအသင်းအဖွဲ့နှစ်ဖွဲ့တို့သည် ထိုရိုက်နှက်ပုတ်ခတ်ရာ အရပ်၌ပင် သေခြင်းသို့လည်း ရောက်ကြကုန်၏၊သေလုနီးပါး ဆင်းရဲသို့လည်း ရောက်ကြကုန်၏။

http://www.dhammadownload.com



ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ကုန်၏၊ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံပြီးနောက် ဆွမ်းခံခြာမှ ဖဲခဲ့ကြသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၍ တခုသောအရပ်၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား – အသျှင်ဘုရား ယနေ့ ရာဇဂြိုဟ်ပြည်၌ အသင်းအဖွဲ့ နှစ်ဖွဲ့တို့သည် ပြည့်တန်ဆာမတယောက်တည်း၌ အလွန်တပ်မက်ကုန်သည် ကိလေသာဖြင့် ဖွဲ့သောစိတ်ရှိကုန်သည် ဖြစ်သောကြောင့် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန် ဆန့်ကျင်ဖက်စကားကို ပြောဆိုကုန်လျက် အချင်းချင်း လက်တို့ဖြင့်လည်း ရိုက်ပုတ်ကြကုန်၏၊ ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏၊ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏၊ ထိုအသင်းအဖွဲ့နှစ်ဖွဲ့တို့သည် ထိုရိုက်နှက်ပုတ်ခတ်ရာအရပ်၌ သေခြင်းသို့လည်း ရောက်ကုန်၏၊ သေလုနီးပါး ဆင်းရဲသို့လည်း ရောက်ကုန်၏ဟု (လျှောက်ကြကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ရအပ် ခံစားအပ်သော ကာမဂုဏ်နှင့် ရသိုက်ခံစခဲထိုက်သော ကာမဂုဏ်ဟူသော ဤနှစ်ပါးစုံသည် ကိလေသာနှိပ်စက်ခံရသူ နောက်နောင်အကျိုး မမြော်ကိုးကျင့်ကြံသူ၏ (သန္တာန်၌)ရာဂစသော မြူတို့ဖြင့် ရောပြွမ်း၏၊ အကြင်သူတို့သည် သီလဗ္ဗတစသော အကျင့်ကို ကိလေသာ စင်ကြယ်၏ဟု ယူဆပြောဆိုကြကုန်၏၊ အကြင်သူတို့အား ရှောင်ကြဉ်မှု 'သီလ' ဆင်းရဲငြိုငြင်စွာ ပြုကျင့်မှု 'ဝတ' ဟင်းရွက်စားခြင်း စသည်ဖြင့် အသက်မွေးမှု 'ဇီဝိတ' မေထုန်မှ ရှောင်ကြဉ်မှု'ဗြဟ္မစရိယ' ဗိဿနိုးနတ် စသည်တို့အား လုပ်ကျွေးမှု 'ဥပဋ္ဌာန'စသည်တို့ဖြင့် သံသရာမှစင်ကြယ်၏ဟု ယူဆပြောဆိုကြကုန်၏၊ထိုသူတို့၏ သီလဗ္ဗတစသည်တို့၏ အစွမ်းဖြင့် ဖြစ်သော အတ္တကိလမထာနုယောဂဟူသော အကျင့်သည် အယုတ်တရား တပါးတည်း။ အကြင်သူတို့ကား 'ကာမဂုဏ်တို့၌ အပြစ်မရှိ'ဟု ဆိုကြကုန်၏၊ထိုသူတို့၏ ကာမဂုဏ်တို့၌ အပြစ်မရှိဟု ပြောဆိုကျင့်ကြံမှုဟူသော ကာမသုခလ္လိကာနုယောဂအကျင့်သည် ဒုတိယမြောက်ဖြစ်သော အယုတ်တရားတည်း။ ဤသို့ ဤအယုတ်တရား နှစ်ပါးတို့သည် ကဋသီမည်သော တဏှာအဝိဇ္ဇာတို့ကို ပွါးစေတတ်ကုန်၏၊ ကဋသီမည်သော တဏှာအဝိဇ္ဇာတို့သည် မိစ္ဆာဒိဋ္ဌိကို ပွါးစေတတ်ကုန်၏။ ဤအယုတ်တရား နှစ်ပါးတို့ကို မသိခြင်းကြောင့် အချို့သောသူတို့သည် ဆုတ်နစ်ကုန်၏၊ အချို့သောသူတို့သည် လွန်၍ ပြေးကုန်၏။ အကြင်သူတို့အား ထိုအယုတ်တရား နှစ်ပါးတို့ကို သိသောကြောင့် ထိုအယုတ်တရား၌ မကျရောက်ကြကုန်၊ ထိုသို့အယုတ်တရားနှစ်ပါး၌ မကျရောက်ခြင်းကြောင့် တဏှာမာနဒိဋ္ဌိတို့ဖြင့် (မိမိကိုယ်ကို) အထင်မမှားကြကုန်၊ ထိုပုဂ္ဂိုလ်တို့အား (လူနတ်စသည်) ပညတ်ရန် ဝဋ္ဋမရှိတော့ပြီ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-ဥပါတိဓာဝန္တိသုတ်

၅၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတာန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ

http://www.dhammadownload.com



မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သောညဥ့်အခါ ဆီမီးတို့ကို ညှိထွန်းထားရာ လွင်တီးခေါင်၌ ထိုင်နေတော်မူ၏။

ထိုအခါ များစွာသော ပိုးဖလံတို့သည် ထိုဆီမီးတို့၌ တိုးဝင်ရစ်ဝဲကာ ကျရောက်ကုန်လျက် ဆင်းရဲခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုဆီမီးတို့၌ တိုးဝင်ရစ်ဝဲကာ ကျရောက်ကုန်လျက် ဆင်းရဲခြင်း ပျက်စီးခြင်း ဆင်းရဲပျက်စီးခြင်းသို့ ရောက်ကုန်သော ထိုပိုးဖလံများစွာတို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အချို့သော သမဏဗြာဟ္မဏတို့သည် သီလ သမာဓိ ပညာစသော အနှစ်သာရသို့ မရောက်ကြပဲ လွန်၍ ပြေးကုန်၏၊ တဏှာဒိဋ္ဌိဟူသော အသစ် အသစ်ဖြစ်သော အနှောင်အဖွဲ့ကို ပွါးစေကုန်၏၊ မြင်ရသောအရာ ကြားရသောအရာတို့ကို ဤသို့ မှန်၏ဟု အမှားနှလုံးသွင်းကုန်လျက် ပိုးဖလံတို့သည် ဆီမီးသို့ ကျကုန်သကဲ့သို့ (ရာဂစသော တဆယ့်တပါးသော မီးကျီးတို့ဖြင့် ရဲရဲငြိသော ဘဝသုံးပါးဟူသော မီးကျီးတွင်း၌) ကျရောက်ရကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

---

## ၁၀-ဥပ္ပဇ္ဇန္တိသုတ်

၆၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ —

အသျှင်ဘုရား လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားသျှင်တို့ ပွင့်တော်မမူသေးသမျှ ကာလပတ်လုံး သာသနာတော်ပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှုတုပ်ဝပ်မှုကို ခံရကုန်လျက် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်ဘို့ကို ရရှိကုန်၏။ အသျှင်ဘုရား လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မူသောအခါ၌ကား သာသနာတော်ပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို မခံရကုန်မူ၍ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို မရကြကုန်။ အသျှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရားသည်၎င်း ရဟန်းသံဃာသည်၎င်း အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံယူရလျက် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၏ဟု (လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ ဟုတ်မှန်၏၊အာနန္ဒာ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မမူသေးသမျှကာလပတ်လုံး သာသနာတော်ပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံရကုန်လျက် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိကုန်၏။ အာနန္ဒာ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့ ပွင့်တော်မူသောအခါ၌ကား သာသနာတော်ပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို မခံရမူ၍ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို မရရှိကြကုန်။ ယခုအခါ ငါဘုရားသည်ရင်း ရဟန်းသံဃာသည်ရင်း အရိုအသေပြုမှု အလေးပြုမှု မြတ်နိုးမှု ပူဇော်မှု တုပ်ဝပ်မှုကို ခံရလျက် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရရှိ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်မျှလောက် ကာလပတ်လုံး နေမင်းသည် မထွက်ပေါ်လာသေး၊ ထိုမျှလောက် ကာလပတ်လုံး ပိုးစိမ်းဖြူသည် တောက်ပနေသေး၏၊ နေမင်းထွက်ပေါ်လာသော အခါ ထိုပိုးစိန်းဖြူအရောင် ပျောက်သကဲ့သို့ မတောက်ပနိုင်သကဲ့သို့ ထို့အတူ အကြင်မျှလောက် ကာလပတ်လုံး လောက၌ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတို့သည် မပွင့်ကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး ကြံဆကာမျှဖြင့် ယူဆတတ်သော တိတ္ထိတို့၏ အရောင်သည် တောက်ပနိုင်သေး၏၊ အကြင်အခါ မြတ်စွာဘုရားတို့သည် ပွင့်ကုန်၏၊ ထိုအခါ ကြံဆကာမျှဖြင့် ယူတတ်သော တိတ္ထိတို့သည်ရင်း တိတ္ထိတို့၏ တပည့်တို့သည်ရင်း မတောက်ပကုန်၊ ဖောက်ပြန်သောအယူရှိသူ တိတ္ထိတို့သည် ဆင်းရဲမှ မလွတ်နိုင်ကြကုန်"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

ခြောက်ခုမြောက် ဇစ္စန္ဓဝဂ် ပြီး၏။

---

## ၇-စူဠဝဂ် ၁-ပဌမလကုဏ္ဍကဘဒ္ဒိယသုတ်

၆၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည်သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အသျှင်သာရိပုတြာသည် အသျှင်လကုဏ္ဍကဘဒ္ဒိယကို (တရားစကားဖြင့်) အကျိုးစီးပွါးကို ကောင်းစွာပြလျက် (တရားကို) ဆောက်တည်စေကာ (အကြောင်းအမျိုးမျိုးဖြင့် တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာသည် (တရားစကားဖြင့်) အကျိုးစီးပွါးကို ကောင်းစွာပြလျက် (တရားကို) ဆောက်တည်စေကာ (အကြောင်းအမျိုးမျိုးဖြင့် တရားကျင့်သုံးရန်) ထက်သန်

http://www.dhammadownload.com



ရှင်လန်းစေတော်မူသည်ရှိသော် အသျှင်လကုဏ္ဍကဘဒ္ဒိယ၏စိတ်သည် (တဏှာဒိဋ္ဌိတို့ဖြင့်) တစုံတခုသောအာရုံကို မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ပြီ အသျှင်သာရိပုတြာသည် (တရားစကားဖြင့်) အကျိုးစီးပွါးကို ကောင်းစွာပြလျက် (တရားကို) ဆောက်တည်စေကာ (အကြောင်းအမျိုးမျိုးဖြင့် တရားကျင့်သုံးရန်) ထက်သန်ရှင်လန်းစေအပ်သည် ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသောအာရုံကို မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်သော စိတ်ရှိသော အသျှင်လကုဏ္ဍကဘဒ္ဒိယကို မြတ်စွာဘုရား မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ –

"အကြင်ပုဂ္ဂိုလ်သည် အထက်ရူပ အရူပဓာတ်၌ရှင်း အောက်ကာမဓာတ်၌ရှင်း သခ်ါရ အားလုံး၌ရှင်း ခပ်သိမ်းသော အခြင်းအရာတို့ဖြင့် လွတ်မြောက်၏၊ ထိုပုဂ္ဂိုလ်သည် ဤတရားသည်ပင် ငါဖြစ်၏ဟု မရှုဘော့ပြီ၊ ဤသို့ သံယောဇဉ်ဆယ်ပါး အကုသိုလ်အားလုံးတို့မှ ဤသို့လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် တဖန်ဘဝသစ်၌ မဖြစ်ဘို့ရန် ရှေးအခါက မကူးမြောက်ခဲ့ဘူးသော ဩဃလေးဖြာ သံသရာကို ကူးခဲ့လေပြီ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

---

## ၂-ဒုတိယလကုဏ္ဍကဘဒ္ဒိယသုတ်

၆၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အသျှင်သာရိပုတြာသည် အသျှင်လကုဏ္ဍကဘဒ္ဒိယကို သေခဟု အောက်မေ့မှတ်ထင်သောကြောင့် (တရားစကားဖြင့်) အကျိုးစီးပွါးကို ကောင်းစွာပြလျက် (တရားကို)ဆောက်တည်စေကာ အတိုင်းထက်အလွန် များစွာသော အကြောင်းဖြင့် (တရားကျင့်သုံးရန်) ထက်သန်ရှင်လန်းစေတော်မူ၏။

အသျှင်လကုဏ္ဍကဘဒ္ဒိယကို သေခဟု အောက်မေ့မှတ်ထင်လျက် (တရားစကားဖြင့်) အကျိုးစီးပွါးကို ကောင်းစွာပြလျက် (တရားကို)ဆောက်တည်စေကာ အတိုင်းထက်အလွန် များစွာသော အကြောင်းဖြင့် (တရားကျင့်သုံးရန်) ထက်သန်ရှင်လန်းစေသော အသျှင်သာရိပုတြာကို မြတ်စွာဘုရား မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ –

"အကြင်ပုဂ္ဂိုလ်အား ကိလေသာဝဋ် ကမ္မဝဋ်နှစ်ပါးသည် အကြွင်းမဲ့ ပြတ်လေပြီ၊ တဏှာကင်းရာ နိဗ္ဗာန်ကို အသူးအားဖြင့် ရခဲ့ပြီ၊လေးခုမြောက် မဂ်ဉာဏ်တည်းဟူသော နေမင်း၏ ဖြစ်ပေါ်မှုကြောင့် အကြွင်းမဲ့ ခြောက်ခန်းခဲ့သော တဏှာဟူသော မြစ်ကြီးသည် မစီးမဆင်းနိုင်တော့ချေ၊ ကိလေသာဝဋ် ပြတ်သဖြင့် ပြတ်လေပြီးသော ကမ္မဝဋ်သည် တဝဲလည်လည် မဖြစ်နိုင်တော့ပေ၊ ထိုပုဂ္ဂိုလ်အား ကိလေသာဝဋ် ကမ္မဝဋ် ပြတ်သဖြင့် ထိုဝိပါကဝဋ်၏ မဖြစ်

http://www.dhammadownload.com



ခြင်းသည်ပင် အလုံးစုံသော သံသရာဝဋ်ဆင်းရဲ၏အဆုံး ဖြစ်လေတော့၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

---

## ၃-ပဌမသတ္တသုတ်

၆၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ သာဝတ္ထိပြည်သူပြည်သားတို့သည် အများအားဖြင့် ကာမဂုဏ်တို့၌ အလွန့်အလွန် ကပ်ငြိကုန် တပ်စွန်းကုန် မက်မောကုန် ဖွဲ့နှောင်ကုန် မိန်းမောကုန် မျိုထားသကဲ့သို့ တည်ကုန်လျက် ကာမဂုဏ်တို့၌ ပြင်းစွာယစ်ခြင်းသို့ ရောက်ကာ နေကြကုန်၏။

ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ကုန်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ကုန်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောအရပ်၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား “အသျှင်ဘုရား ဤသာဝတ္ထိပြည်သူ ပြည်သားတို့သည် အများအားဖြင့် ကာမဂုဏ်တို့၌ အလွန့်အလွန် ကပ်ငြိကုန် တပ်စွန်းကုန် မက်မောကုန် ဖွဲ့နှောင်ကုန် မိန်းမောကုန် မျိုထားသကဲ့သို့ တည်ကုန်လျက် ကာမဂုဏ်တို့၌ ပြင်းစွာ ယစ်ခြင်းသို့ ရောက်ကာ နေကြပါကုန်၏”ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

“ကာမဂုဏ်တို့၌ ကပ်ငြိကုန်သော ကာမဂုဏ်တို့၌ ငြိတွယ်ခြင်းတို့ဖြင့် ငြိတွယ်ကုန်သော သံယောဇဉ်တို့၌ အပြစ်ကို မမြင်ကုန်သော သံယောဇဉ် ငြိတွယ်ခြင်းဖြင့် ငြိတွယ်ကုန်သော သတ္တဝါတို့သည် ပြန့်ပြောကြီးကျယ်လှစွာသော ဩဃကို မကူးနိုင်ကုန်ရာ”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-ဒုတိယသတ္တသုတ်

၆၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်သူ ပြည်သားတို့သည် အများအားဖြင့် ကာမဂုဏ်တို့၌ ကပ်ငြိကုန် တပ်စွန်းကုန် မက်မောကုန် ဖွဲ့နှောင်ကုန် မိန်းမောကုန် မျိုထားသကဲ့သို့ တည်ကြကုန် မကန်းသော်လည်း ကန်းသကဲ့သို့ ဖြစ်ကုန်လျက် ကာမဂုဏ်တို့၌ ပြင်းစွာ ယစ်ခြင်းသို့ရောက်ကာ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ မြတ်စွာဘုရားသည် အများအားဖြင့် ကာမဂုဏ်

http://www.dhammadownload.com



တို့၌ ကပ်ငြိကုန် တပ်စွန်းကုန် မက်မောကုန် ဖွဲ့နှောင်ကုန် မိန်းမောကုန် မျိုထားသကဲ့သို့ တည်ကြကုန် မကန်းသော်လည်း ကန်းသကဲ့သို့ ဖြစ်ကုန်လျက် ကာမဂုဏ်တို့၌ ပြင်းစွာပျက်စီးခြင်းသို့ ရောက်ကာ နေကုန်သော သာဝတ္ထိပြည်သူပြည်သားတို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"ဝတ္ထုကာမတို့၌ ကိလေသာကာမဖြင့် ကန်းသည်ကို အပြုခံရသူ တဏှာတည်းဟူသော ပိုက်ကွန်ဖြင့် အဖုံးလွှမ်းခံရသူ တဏှာတည်းဟူသောအမိုးဖြင့် ဖုံးအုပ်ခံရသူ သတ္တဝါတို့သည် မြုံးဝ၌ ဝင်ကုန်သော ငါးတို့သည် သေခြင်းသို့ ရောက်ကုန်သကဲ့သို့ပင်း နို့စို့အရွယ် နွားသူငယ်သည် အမိနွားမကြီးသို့ လိုက်သကဲ့သို့ပင်း ကိလေသာမာရ် ကိုယ်ဘင်္ဂးရန်၏ အနှောင်အဖွဲ့ကို ခံကြရကုန်သည်ဖြစ်၍ အိုခြင်းသေခြင်းသို့ အစဉ်လိုက်ကြရကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်။

---

## ၅-အပရလကုဏ္ဍကဘဒ္ဒိယသုတ်

၆၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်လကုဏ္ဍကဘဒ္ဒိယသည် များစွာသော ရဟန်းတို့၏နောက်မှ နောက်မှ လိုက်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။

မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့၏ နောက်မှ နောက်မှ လိုက်လာသော မကောင်းသော အဆင်းရှိသော မကောင်းသောအမြင်ရှိသော ပုသော အများအားဖြင့် ပုထုဇဉ်ရဟန်းတို့ ရှုတ်ချခံရသော သဘောရှိသော အသျှင်လကုဏ္ဍကဘဒ္ဒိယကို အဝေးကပင် မြင်တော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—

ရဟန်းတို့ သင်တို့သည် များစွာသောရဟန်းတို့၏ နောက်မှ နောက်မှ လိုက်လာသော မကောင်းသောအဆင်းရှိသော မကောင်းသောအမြင်ရှိသော ပုသော အများအားဖြင့် ပုထုဇဉ်ရဟန်းတို့ ရှုတ်ချအပ်သော သဘောရှိသော ထိုရဟန်းကို အဝေးကပင် မြင်ကြကုန်၏လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤရဟန်းသည် ကြီးသော တန်ခိုးအာနုဘော်ရှိ၏၊ ထိုရဟန်း မဝင်စားဘူးသေးသောသမာပတ်ဟူ၍ မရှိသလောက်ပင် ဖြစ်၏။ ထိုရဟန်းသည် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်သော အမျိုးသားများ လိုလားအပ်သော အတုမရှိ မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ကပ်ရောက်၍ နေ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"အရဟတ္တဖိုလ် သီလတည်းဟူသော အပြစ်အနာကင်းသော လှည်းဘီးရှိသော ဝိမုတ္တိတည်းဟူသော ဖြူသောအဆင်းလည်းရှိသော သတိတည်းဟူသော အကန့်လည်းရှိသော လကုဏ္ဍကဘဒ္ဒိယမထေရ်၏ အတ္တဘောတည်းဟူသော ရထားသည် လှည့်လည်သွားလာ၏၊

http://www.dhammadownload.com



ရဟန်းတို့၏ နောက်မှလာသော ဆင်းရဲမရှိသော တဏှာအယဉ်ကင်းပြတ်သော (ကိလေသာ) အဖွဲ့မရှိသော ဤ(လကုဏ္ဍကဘဒ္ဒိယ မထေရ်၏အတ္တဘောဟူသော)ရထားကို ကြည့်ရှုလော့" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဉ္စမသုတ်။

## ၆-တဏှာသင်္ခယသုတ်

၆၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်အညာသိကောဏ္ဍညသည် မြတ်စွာဘုရား၏ မနီးမဝေး၌ တဏှာကုန်ခန်းပြီးသော အရဟတ္တဖိုလ် ဝိမုတ္တိချမ်းသာကို ဆင်ခြင်လျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေထိုင်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ တဏှာကုန်ခန်းပြီးသော အရဟတ္တဖိုလ် ဝိမုတ္တိချမ်းသာကို ဆင်ခြင်လျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော အသျှင်အညာသိကောဏ္ဍညကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်ပုဂ္ဂိုလ်အား (အဝိဇ္ဇာတဏှာဟူသော) အမြစ်မရှိ၊ (အာသဝနီဝရဏစသော) မြေလည်းမရှိ၊ (မာန အတိမာနစသော) အခက်အလက်တို့လည်း မရှိကုန်၊ (မဒ ပမာဒ မာယာ သာဌေယျစသော) အရွက်တို့ကား အဘယ်မှာရှိအံ့နည်း၊ သမ္မပ္ပဓာန်လွှံ့လရှိ၍ အနှောင်အဖွဲ့မှ လွတ်ပြီးသော ထိုပုဂ္ဂိုလ်ကို အဘယ်သူသည် ကဲ့ရဲ့ခြင်းငှါ ထိုက်အံ့နည်း၊ ထိုပုဂ္ဂိုလ်ကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာပင်သော်လည်း ချီးမွမ်းရ၏" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌမသုတ်။

## ၇-ပပဉ္စခယသုတ်

၆၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ ပယ်ခဲ့ပြီးသော သံသရာကို ချဲ့တတ်သည့် ကိလေသာတို့နှင့်တကွသော သညာအစုကို ဆင်ခြင်လျက် နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ပယ်ခဲ့ပြီးသော သံသရာကို ချဲ့တတ်သည့် ကိလေသာတို့နှင့် တကွသော သညာအစုကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်မြတ်စွာဘုရားအား သံသရာကို ချဲ့တတ်သော ကိလေသာ၏တည်ခြင်းသည် မရှိ၊ ထိုမြတ်စွာဘုရားအား တဏှာဒိဋ္ဌိတည်းဟူသော ကြိုးကိုရင်း အဝိဇ္ဇာတည်းဟူသော တံခါးကျည်

http://www.dhammadownload.com



ကိုဖြင်း လွန်မြောက်ပြီး၊ တဏှာကင်းသည်ဖြစ်၍ ကြွသွားတော်မူသော ထိုမြတ်စွာဘုရားကို နတ်နှင့်တကွသောလူအပေါင်းသည် မရှုတ်ချ မကဲ့ရဲ့''ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

---

## ၈-ကစ္စာနသုတ်

၆၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-- အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု ကောင်းစွာတည်သော ကာယဂတာသတိဖြင့် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု ကောင်းစွာတည်သော ကာယဂတာသတိဖြင့် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေသော အသျှင်မဟာကစ္စည်းကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

''ငါ့အား (ကိလေသာကံသည်) အကယ်၍ အတိတ်ကာလက မဖြစ်ခဲ့ပါမူ ဤပစ္စုပ္ပန်ကာလ၌ ငါ၏အတ္တဘောသည် မဖြစ်တန်ရာ၊ ဤပစ္စုပ္ပန်အတ္တဘော၌ ငါ့အား ကိလေသာကံ အကယ်၍ မဖြစ်ငြားအံ့၊ နောင်အနာဂတ်ကာလ၌ ဝိပါကဝဋ်ဖြစ်မည်မဟုတ်ဟု အကြင်ပုဂ္ဂိုလ်အား ဤသို့ ကိုယ်၌တည်သော သတိသည် အခါခပ်သိမ်း အမြဲမပြတ် ဖြစ်ရာ၏၊ ဤသို့ ထိုသင်္ခါရတရား၌ အနုပုဗ္ဗဝိပဿနာဖြင့် နေလေ့ရှိသော ထိုပုဂ္ဂိုလ်သည် (ဣန္ဒြေရင့်ကျက်သော)ကာလ၌သာလျှင် တဏှာကို လွန်နိုင်ရာ၏''ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-ဥဒပါနသုတ်

၆၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ မလ္လတိုင်း၌ ဒေသစာရီလှည့်လည်တော်မူလတ်သော် မလ္လမင်းတို့၏ ထူဏမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်၏။ ထူဏရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် ''အချင်းတို့ သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ရဟန်းဂေါတမသည် များစွာသော ရဟန်းသံဃာနှင့်အတူ မလ္လတိုင်း၌ ဒေသစာရီလှည့်လည်ခဲ့ရာ ထူဏပုဏ္ဏားရွာသို့ ဆိုက်ရောက်၏''ဟု ကြားကြကုန်၏။ ထိုအခါ ထူဏရွာသားပုဏ္ဏားနှင့် အမျိုးသားတို့သည် ''ဦးပြည်းရဟန်းယုတ်တို့သည် သောက်ရေကို မသောက်ကြရစေကုန်လင့်''ဟု (နှလုံးပိုက်ကာ)ရေတွင်းကို မြက်ဖြင့်ရင်း ဖွဲဖြင့်ရင်း ရေတွင်းနှုတ်ခမ်းဝတိုင်အောင် ဖို့ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှဖဲ၍ သစ်ပင်ရင်းသို့ ချဉ်းကပ်လျက် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးသော် အသျှင်အာနန္ဒာအား ''အာနန္ဒာ ငါခိုင်းလိုက်၏၊ သင်သည် ငါဘုရားသောက်ရန် ထိုရေတွင်းမှ သောက်ရေကို ဆောင်ခဲ့လော့''ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ဤသို့ မိန့်ဆိုလတ်သော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ယခုအခါ ဦးပြည်းရဟန်းယုတ်တို့သည် သောက်ရေကို မသောက်ကြစေကုန်လင့်"ဟု နှလုံးပိုက်ကာ ထိုရေတွင်းကို ထူဏရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြက်ဖြင့်ရင်း ဖွဲဖြင့်ရင်း ရေတွင်းနှုတ်ခမ်းဝတိုင်အောင် ဖို့ထားကြပါကုန်သည်"ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် "အာနန္ဒာ ငါခိုင်းလို၏၊ သင်သည် ငါဘုရားသောက်ရန် ထိုရေတွင်းမှ သောက်ရေကို ဆောင်ခဲ့လော့"ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ (စကားကို) ဝန်ခံ၍ သပိတ်ကိုယူလျက် ထိုရေတွင်းသို့ ချဉ်းကပ်၏။ ထိုအခါ အသျှင်အာနန္ဒာ ချဉ်းကပ်လတ်သော် ထိုရေတွင်းသည် ထိုအလုံးစုံသော မြက်ကိုရင်း ဖွဲကိုရင်း ရေတွင်းနှုတ်ခမ်းဝမှ အန်ထုတ်၍ ကြည်လင်သော မနောက်ကျုသော အထူးကြည်လင်သော ရေဖြင့် တွင်းနှုတ်ခမ်းဝတိုင်အောင် ပြည့်လျက် စီးထွက်သကဲ့သို့ တည်၏။

ထိုအခါ အသျှင်အာနန္ဒာအား ဤအကြံသည်ဖြစ်၏"အချင်းတို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြီးသည်၏အဖြစ်သည် အံ့သြဖွယ်ရှိပေစွ၊မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ငါချဉ်းကပ်မိသောအခါ ဤရေတွင်းသည် အလုံးစုံသောမြက်ကိုရင်း ဖွဲကိုရင်း တွင်းနှုတ်ခမ်းဝမှ အန်ထုတ်၍ ကြည်လင်သော မနောက်ကျုသော အထူးကြည်လင်သော ရေဖြင့် ရေတွင်းနှုတ်ခမ်းဝတိုင်အောင် စီးထွက်သကဲ့သို့ တည်၏"ဟု (အကြံဖြစ်၏၊) အသျှင်အာနန္ဒာသည် ဤသို့ ကြံပြီးလျှင် သပိတ်ဖြင့် သောက်ရေကို ယူဆောင်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးသည်၏အဖြစ်သည် အံ့သြဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား တပည့်တော်ချဉ်းကပ်မိသောအခါ ထိုရေတွင်းသည် အလုံးစုံသော မြက်ကိုရင်း ဖွဲကိုရင်း တွင်းနှုတ်ခမ်းဝမှ အန်ထုတ်၍ ကြည်လင်သော မနောက်ကျုသော အထူးကြည်လင်သော ရေဖြင့် တွင်းနှုတ်ခမ်းဝတိုင်အောင် ပြည့်လျက် စီးထွက်သကဲ့သို့ တည်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရေကို သောက်တော်မူပါ၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ရေကို သောက်တော်မူပါ"ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသာအချိန်၌ —

"ရေတို့သည် အခါခပ်သိမ်း အရပ်အားလုံးတို့၌ အကယ်၍ ဖြစ်ပေါ်နေကြကုန်မူ ရေတွင်းဖြင့် အသို့ပြုရအံ့နည်း၊ အလိုရှိသည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏အကြောင်းဖြစ်သော တဏှာ၏ အမြစ်ကို ဖြတ်၍ တည်သော ငါကဲ့သို့သော ဘုရားသျှင်သည် အဘယ့်ကြောင့် ရှာမှီးရန် လှည့်လည်ရအံ့နည်း"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

---

## ၁၀-ဥဒေနသုတ်

၇၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဥဒေနမင်းသည်

http://www.dhammadownload.com



ဥယျာဉ်သို့ ထွက်သွားစဉ် နန်းတော်ကို မီးလောင်၏၊ သာမာဝတီအမှူးရှိသော မိန်းမငါးရာတို့သည်လည်း သေကြကုန်၏။

ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်ကုန်၏။ ကောသမ္ဗီပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းခံပြီးနောက် ဆွမ်းခံရွာမှ ဖဲကြကုန်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို"အသျှင်ဘုရား ယနေ့ ဥတေနမင်း ဥယျာဉ်သို့ထွက်သွားစဉ် နန်းတော်ကို မီးလောင်ပါ၏၊ သာမာဝတီအမှူးရှိသော မိန်းမငါးရာတို့သည်လည်း သေကြကုန်၏၊ အသျှင်ဘုရား ထိုဥပါသိကာမတို့၏လားရာဂတိကား အဘယ်ပါနည်း၊တမလွန်ဘဝကား အဘယ်ပါနည်း"ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ဤဥပါသိကာမအပေါင်းတို့တွင် သောတာပန်ဥပါသိကာမတို့သည် ရှိကုန်၏၊ သကဒါဂါမ် ဥပါသိကာမတို့သည် ရှိကုန်၏၊ အနာဂါမ် ဥပါသိကာမတို့သည် ရှိကုန်၏ ။ရဟန်းတို့ အလုံးစုံသော ဥပါသိကာမတို့သည် အကျိုးမဲ့ မဟုတ်ကုန်မူ၍ သေကြရကုန်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"လောကသည် မောဟဖြင့် ဖွဲ့ယှက်ဖုံးလွှမ်းရကား အကြောင်းနှင့် ပြည့်စုံသကဲ့သို့ ထင်ရ၏၊ ဥပဓိတို့ဖြင့် အဖွဲ့ခံရသော သူမိုက်သည် အဝိဇ္ဇာဟူသော အမိုက်တိုက်ဖြင့် ခြံရံအပ်ရကား မြဲသကဲ့သို့ ထင်ရ၏၊အနိစ္စစသည်တို့၏ အစွမ်းဖြင့် ရှုသူ မဂ်ပညာဖြင့် မြင်သူအား ရာဂစသော ကြောင့်ကြမှု မရှိနိုင်တော့ချေ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

ခုနစ်ခုမြောက် စူဠဝဂ် ပြီး၏။

---

## ၈-ပါဋလိဂါမိယဝဂ်

### ၁-ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ်

၇၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို နိဗ္ဗာန်နှင့်စပ်သော တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုရဟန်းတို့သည် အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် ကောင်းစွာဆောင်ပြီးလျှင် နားစိုက်ကာ တရားကို နာကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ရဟန်းတို့ အကြင်နိဗ္ဗာန်အရပ်၌ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် မရှိ၊အာကာသာနဉ္စာယတနစျာန် ဝိညာဏဉ္စာယတနစျာန် အာကိဉ္စညာယတနစျာန် နေဝသညာနာသညာယတနစျာန်လည်း မရှိ၊ ပစ္စုပ္ပန်လောက တမလွန်လောကလည်းမရှိ၊ နှစ်ပါးစုံသော လနေတို့သည်လည်း မရှိကုန်၊ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ရဟန်းတို့

http://www.dhammadownload.com



ထိုနိဗ္ဗာန်၌လည်း တစုံတခုသောဘဝမှလာခြင်းကို ငါမဟော၊ တစုံတခုသောဘဝသို့သွားခြင်းကိုလည်း ငါမဟော၊ တစုံတခုသောအရပ်၌ တည်ခြင်းကိုလည်း ငါမဟော၊ ရွေ့လျောစုတေခြင်းကိုလည်း ငါမဟော၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဟော၊ ထိုနိဗ္ဗာန်သည် တည်ရာမရှိ ဖြစ်ခြင်းမရှိ အာရုံပြုမှုမရှိသည်သာတည်း၊ ဤသဘောသည်သာ ဆင်းရဲ၏အဆုံးတည်း"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်။

## ၂-ဒုတိယနိဗ္ဗာနပဋိသံယုတ္တသုတ်

၇၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို နိဗ္ဗာန်နှင့်စပ်သော တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုရဟန်းတို့သည် အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသောစိတ်ဖြင့် ကောင်းစွာဆောင်ပြီးလျှင် နားစိုက်ကာ တရားကို နာကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"တဏှာကင်းရာ နိဗ္ဗာန်မည်သည်ကား မြင်နိုင်ခဲသော တရားတည်း၊ မှန်၏—နိဗ္ဗာန်သည် မြင်ခြင်းငှါ လွယ်ကူသောတရားမဟုတ်၊ နိရောဓသစ္စာကိုအာရုံပြုသောအားဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသောအားဖြင့် မဂ္ဂသစ္စာကို ပွါးသောအားဖြင့် ထိုးထွင်း၍သိသကဲ့သို့ တဏှာဟူသော သမုဒယသစ္စာကိုလည်း ပယ်သောအားဖြင့် ထိုးထွင်း၍သိအပ်၏၊ ဤသို့ သစ္စာလေးပါးကို မဂ်ပညာဖြင့် သိသူ မြင်သူအား ကြောင့်ကြမှု မရှိနိုင်တော့ပြီ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်။

## ၃-တတိယနိဗ္ဗာနပဋိသံယုတ္တသုတ်

၇၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို နိဗ္ဗာန်နှင့်စပ်သော တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုရဟန်းတို့သည် အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် ကောင်းစွာဆောင်ပြီးလျှင် နားစိုက်ကာ တရားကို နာကြကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ရဟန်းတို့ ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်နေမှု မရှိသော ပြုလုပ်ထားမှုမရှိသော စီရင်ထားမှုမရှိသော နိဗ္ဗာန်သည် ရှိ၏၊ ရဟန်းတို့ ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်နေမှုမရှိသော ပြုလုပ်ထားမှုမရှိသော စီရင်ထားမှုမရှိသော ထိုနိဗ္ဗာန်သည် အကယ်၍ မရှိပါမူ ဤလောက၌ ဖြစ်ပေါ်လာမှု ထင်ရှားဖြစ်နေမှု ပြုလုပ်ထားမှု စီရင်ထားမှု သဘောရှိသော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် မထင်ရှားရာ။ ရဟန်းတို့ အကြင့်ကြောင့် ဖြစ်ပေါ်လာမှု မရှိသော ထင်ရှားဖြစ်နေမှု မရှိသော ပြုလုပ်ထားမှုမရှိသော စီရင်ထားမှု မရှိသော ထိုနိဗ္ဗာန်သည် ရှိ၏၊ ထို့ကြောင့်သာ ဖြစ်ပေါ်လာမှု ထင်ရှားဖြစ်နေမှု ပြုလုပ်ထားမှု စီရင်ထားမှု ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် ထင်ရှား၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

တတိယသုတ်။

---

## ၄-စတုတ္ထနိဗ္ဗာနပဋိသံယုတ္တသုတ်

၇၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို နိဗ္ဗာန်နှင့်စပ်သော တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုရဟန်းတို့သည် အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် ကောင်းစွာဆောင်ပြီးလျှင် နားစိုက်ကာ တရားကို နာကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ရှပ်ထုံးစရှိသော သခါရ၌ တဏှာဒိဋ္ဌိတို့ဖြင့် မှီသောသူအား တဏှာဒိဋ္ဌိတို့ဖြင့် တုန်လှုပ်၏၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသောသူအား တုန်လှုပ်မှုမရှိ၊ တုန်လှုပ်မှုမရှိသော် ငြိမ်းအေး၏၊ ငြိမ်းအေးမှုရှိလတ်သော် ညွတ်မှုတဏှာမဖြစ်၊ ညွတ်မှု တဏှာမရှိသော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့ လာခြင်း စုတေအားဖြင့် ထိုဘဝသို့ သွားခြင်း မဖြစ်၊ လာခြင်း သွားခြင်း မရှိသော် စုတေခြင်း ပဋိသန္ဓေနေခြင်း မဖြစ်၊ စုတေခြင်း ပဋိသန္ဓေနေခြင်းမရှိသော် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း နှစ်ပါးစုံဘဝ၌ရင်း မဖြစ်တော့လတ္တံ့၊ ဤသည်ပင်လျှင် ဆင်းရဲ၏အဆုံးတည်း"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

စတုတ္ထသုတ်။

---

## ၅-စုန္ဒသုတ်

၇၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် – အခါတပါး၌ မြတ်စွာဘုရားသည် မလ္လတိုင်း၌ များစွာသောရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီလှည့်လည်တော်မူလတ်သော် ပါဝါမြို့သို့ ဆိုက်ရောက်တော်မူ၏၊ ယင်းပါဝါမြို့၌ မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ သရက်ဥယျာဉ်၌ နေတော်မူ၏။

http://www.dhammadownload.com



ရွှေပန်းထိမ်သည်၏သား စုန္ဒသည် "မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ မလ္လတိုင်း၌ ဒေသစာရီ ကြွချီတော်မူလတ်သော် ပါဝါမြို့သို့ ဆိုက်ရောက်တော်မူ၍ မိမိသရက် ဥယျာဉ်၌ နေတော်မူ၏"ဟု ကြားလေ၏။ ထိုအခါ ရွှေပန်းထိမ်သည်၏သား စုန္ဒသည် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ထိုင်နေ၏၊ တခုသော အရပ်၌ ထိုင်နေသော ရွှေပန်းထိမ်သည်၏သား စုန္ဒအား မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင် လန်းစေတော်မူ၏။ မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရား ကို)ဆောက်တည်စေကာ( တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေပြီးသည်ရှိသော် ရွှေပန်းထိမ်သည် ၏သား စုန္ဒသည် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖန် အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ"ဟု မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ ရွှေပန်းထိမ်သည်၏သား စုန္ဒသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွား၏။ ထိုအခါ ရွှေပန်းထိမ်သည်၏ သား စုန္ဒသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကိုငင်း နူးညံ့သောဝက်သား 'သူကရမဒ္ဒဝ'များကိုငင်း စီရင်စေပြီးလျှင် "အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ"ဟု အချိန်တန်ကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရဟန်းသံဃာနှင့်အတူ ရွှေပန်းထိမ်သည်၏သား စုန္ဒနေအိမ်သို့ ချဉ်းကပ်၍ ခင်းထား အပ်သောနေရာ၌ ထိုင်တော်မူ၏။ထိုင်တော်မူပြီးလျှင် မြတ်စွာဘုရားသည်"ရွှေပန်းထိမ်သည်၏သား စုန္ဒ သင်စီရင်ထားသည့် နူးညံ့သော ဝက်သားဖြင့် ငါ့ကို လုပ်ကျွေးလော့၊ သင်စီရင်ထားသည့် အခြားခဲဖွယ်ဘောဇဉ်ဖြင့် ရဟန်းသံဃာကို လုပ်ကျွေးလော့"ဟု ရွှေပန်းထိမ်သည်၏သား စုန္ဒအား မိန့်တော်မူ၏။"အသျှင်ဘုရား ကောင်းပါပြီ"ဟု ရွှေပန်းထိမ်သည်၏သား စုန္ဒသည် မြတ်စွာဘုရား အား ဝန်ခံပြီးလျှင် စီရင်ထားသည့် နူးညံ့သော ဝက်သားဖြင့် မြတ်စွာဘုရားကို လုပ်ကျွေး၏၊ စီရင်ထားသည့် အခြားခဲဖွယ်ဘောဇဉ်ဖြင့် ရဟန်းသံဃာကို လုပ်ကျွေး၏။

ထိုအခါ မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည်၏သား စုန္ဒကို မိန့်တော်မူ၏"စုန္ဒ သင်၏ကြွင်း ကျန်သော နူးညံ့သော ဝက်သားကို တွင်း၌ မြှုပ်လိုက်လော့၊စုန္ဒ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤလူ့လောက၌ ထို(နူးညံ့သော ဝက်သား)ကို စားလျှင် မြတ်စွာဘုရားမှတပါး ကောင်းစွာ အစာကြေအံ့သော ပုဂ္ဂိုလ်ကို ငါမမြင် မတွေ့ရချေ"ဟု မိန့်တော်မူ၏။"အသျှင်ဘုရား ကောင်းပါပြီ"ဟု ရွှေပန်းထိမ်သည်၏သား စုန္ဒသည် မြတ်စွာဘုရားအား ဝန်ခံ၍ ကြွင်းကျန်သော နူးညံ့သော ဝက်သားကို တွင်း၌ မြှုပ်ပြီးလျှင် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်၏၊ တခုသောအရပ်၌ ထိုင်နေသော ရွှေပန်းထိမ်သည်၏သား စုန္ဒကို မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော် မူပြီးလျှင် နေရာမှ ထကာ ဖဲကြွတော်မူ၏။

http://www.dhammadownload.com



ထို့နောက် ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ဆွမ်းကိုဘုဉ်းပေးတော်မူပြီးသောအခါ မြတ်စွာဘုရားအား ကြမ်းတမ်းသော အနာရောဂါ ကပ်ရောက်လျက် သေလောက်အောင် ပြင်းထန်သော ဝမ်းသွေးသွန် ရောဂါဝေဒနာတို့သည် ဖြစ်ပေါ်လာကုန်၏၊ မြတ်စွာဘုရားသည် ထိုဝေဒနာတို့ကို သတိရှိလျက် ဆင်ခြင်လျက် ပင်ပန်းသည်ကို မရေတွက်ပဲ သည်းခံတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ လာ သွားကြကုန်အံ့၊ ကုသိနာရုံပြည်သို့ ချဉ်းကပ်ကုန်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ (နူးညံ့သော ဝက်သား) ဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ သေလောက်အောင် ပြင်းထန်သော အနာရောဂါကို ရတော်မူသည်ဟု ပြောကြသည်ကို အကျွန်ုပ်ကြားရပါ၏။

နူးညံ့သော ဝက်သားဆွမ်းကို ဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားအား ပြင်းထန်သော အနာရောဂါ ဖြစ်ပေါ်လာ၏၊ မြတ်စွာဘုရားသည် ဝမ်းသွေးသွန်တော်မူသည်ဖြစ်လျက်သာလျှင် ကုသိနာရုံပြည်သို့ ငါသွားအံ့ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှ ဖဲ၍ သစ်ပင်ရင်းသို့ ချဉ်းကပ်ပြီးလျှင် "အာနန္ဒာ ငါခိုင်း၏၊ သင်သည် ငါ၏ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊ အာနန္ဒာ ငါဘုရား ပင်ပန်းလာပြီ၊ထိုင်ဦးအံ့"ဟု အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေး၏၊ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင်"အာနန္ဒာ ငါခိုင်း၏၊ သင်သည် ငါဘုရားအတွက် သောက်ရေကို ဆောင်ချေလော့၊အာနန္ဒာ (ငါဘုရား)ရေမွတ်သိပ်၏၊ ရေသောက်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

ဤသို့ မိန့်လတ်သော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား လှည်းအစီးငါးရာတို့ ဖြတ်ကူးသွားကြပါ၏၊ လှည်းများ ဖြတ်ကူးထားသောကြောင့် ထိုအနည်းငယ်သော (ချောင်း)ရေသည် ချောက်ချား နောက်ကျုလျက် စီးနေပါ၏၊ အသျှင်ဘုရား ကုကုဋ္ဌာမြစ်သည် မဝေးလှတော့ပါ၊ (ထိုမြစ်သည်)ကြည်လင်သော ရေရှိပါ၏၊ ချိုမြိန်သော ရေရှိပါ၏၊ အေးမြသော ရေရှိပါ၏၊ ညွန်ကင်းသော ရေရှိပါ၏၊ ကောင်းသော ဆိပ်ကမ်းရှိပါ၏၊ မွေ့လျော်ဖွယ် ရှိပါ၏၊ ဤကုကုဋ္ဌာမြစ်၌ မြတ်စွာဘုရားသည် ရေကိုလည်း သောက်တော်မူရလတ္တံ့၊ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုတော်မူရပါလတ္တံ့"ဟု (ဤသို့ လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် "အာနန္ဒာ ငါခိုင်း၏၊ သင်သည် ငါဘုရားအတွက် သောက်ရေကို ဆောင်ချေလော့၊အာနန္ဒာ ငါဘုရား ရေမွတ်သိပ်၏၊ ရေသောက်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် သပိတ်ကိုယူကာ ထိုချောင်းဆီသို့ ချဉ်းကပ်လေ၏၊ ထိုအခါ လှည်းများဖြတ်ကူးထားသောကြောင့် ချောက်ချားနောက်ကျုလျက် စီးနေသော ထိုချောင်းရေအနည်းငယ်သည် အသျှင်အာနန္ဒာ ချဉ်းကပ်လေလျှင် ကြည်လင်သန့်ရှင်း နောက်ကျုကင်းလျက် စီးလေ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာသည် ဤသို့ ဆင်ခြင်မိ၏ "အချင်းတို့ မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြီးသည်၏အဖြစ်သည် အံ့ဩဖွယ်ရှိပါပေစွ၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ လှည်း များဖြတ်ကူးထားသောကြောင့် ချောက်ချားနောက်ကျုလျက် စီးနေသော ဤချောင်းရေ အနည်းငယ်သည် ငါချဉ်းကပ်သောအခါ ကြည်လင်သန့်ရှင်း နောက်ကျုကင်းလျက် စီးဘိ၏"ဟု ဆင်ခြင်ပြီးလျှင် သပိတ်ဖြင့်ရေကို ခပ်ယူကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား မြတ်စွာဘုရား၏တည်ခိုးတော် အာနုဘော်ကြီးသည် ၏အဖြစ်သည် အံ့ဩဖွယ်ရှိပါပေစွ၊မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ မှန်၏ အသျှင်ဘုရား ယခုပင် လှည်းများ ဖြတ်ကူးထားသောကြောင့် ချောက်ချားနောက်ကျုလျက် စီးနေသော ထိုချောင်းရေ အနည်းငယ် သည် အကျွန်ုပ်ချဉ်းကပ်သွားသောအခါ ကြည်လင်သန့်ရှင်း နောက်ကျုကင်းလျက် စီးပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သောက်ရေကို သုံးဆောင်တော်မူပါ၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သောက်ရေကို သုံးဆောင်တော်မူပါ"ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် သောက်ရေကို သုံးဆောင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကုကုဋ္ဌာမြစ်သို့ ချဉ်းကပ် တော်မူ၍ ကုကုဋ္ဌာမြစ်၌ သက်ဆင်းလျက် ရေချိုးတော်မူ သောက်တော်မူပြီးနောက် တဖန် ပြန် တက်ပြီးလျှင် သရက်တောသို့ ချဉ်းကပ်တော်မူ၍ "စုန္ဒ ငါခိုင်း၏၊သင်သည် ငါ၏ ဒုကုဋ္ဌသက်န်း ကြီးကို လေးထပ်ခေါက်၍ ခင်းပေလော့၊ စုန္ဒ ငါဘုရား ပင်ပန်း၏၊ လျောင်းစက်ဦးအံ့"ဟု အသျှင်စုန္ဒအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်စုန္ဒသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဒုကုဋ္ဌ သက်န်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလေ၏။ ထို့နောက် မြတ်စွာဘုရားသည် (လကျ်ာ) ခြေပေါ်သို့ (လက်ဝဲ)ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် (မည် သည့်အချိန်၌)ထအံ့ဟု နှလုံးသွင်းပိုင်းခြားလျက် လကျ်ာနံတောင်းဖြင့် မြတ်သော လျောင်းစက် ခြင်းကို ပြုတော်မူ၏၊အသျှင်စုန္ဒသည်ကား ထိုအရပ်၌ပင် မြတ်စွာဘုရား မျက်မှောက်၌ ထိုင်နေ၏။

ဤလောက၌ အတုမရှိသော သစ္စာလေးပါးကို သိတော်မူသော ဆရာသခင် မြတ်စွာဘုရား သည် ရေကြည်လင်ချိုမြိန်သန့်ရှင်းသော ကုကုဋ္ဌာမြစ်သို့ ချဉ်းကပ်တော်မူပြီးလျှင် အလွန် ပင်ပန်းသောသဘောရှိသည်ဖြစ်၍ သက်ဆင်းတော်မူကာ ရေချိုးတော်မူ သောက်တော်မူပြီး လျှင် ပြန်တက်တော်မူ၏။

ဤ(သာသနာတော်)၌ တရားတို့ကို တီထွင် ဟောကြားတော်မူတတ်သော ဘုန်းတော် ကြီးသော ဆရာသခင် မြတ်စွာဘုရားသည် ထိုသို့ပြန်တက်တော်မူပြီးလျှင် ရဟန်းအပေါင်း၏ အလယ်၌ (ရဟန်းအပေါင်း)ကြည့်ရှုခြံရံလျက် သရက်တောသို့ ချဉ်းကပ်တော်မူ၏။ ငါ၏ (ဒုကုဋ္ဌသက်န်းကြီးကို)လေးထပ်ခေါက်၍ ခင်းပေးလော့၊လျောင်းစက်ဦးအံ့ဟု စုန္ဒမည်သော ရဟန်းကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

မြတ်စွာဘုရား စေခိုင်းတော်မူလျှင် ထိုစုန္ဒသည်(ဒုကုဋ္ဌသက်န်းကြီးကို)လေးထပ်ခေါက်၍ လျင်မြန်စွာ ခင်းပေး၏။ မြတ်စွာဘုရားသည် အလွန်ပင်ပန်းသော သဘောရှိသည်ဖြစ်၍ လျောင်းစက်တော်မူ၏၊ စုန္ဒသည်လည်း (ထိုမြတ်စွာဘုရား၏)မျက်မှောက်၌ပင် ထိုင်နေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို မိန့်တော်မူ၏ "အာနန္ဒာ တစုံတယောက်သောသူသည် ရွှေပန်းထိမ်သည်၏သား စုန္ဒအား အချင်းစုန္ဒ သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခဲ့ချေ၏၊ (ထိုကြောင့်) သင်သည် အရမတော်လေစွ၊ သင့်အား မကောင်းသဖြင့် ရအပ်ပေစွ"ဟု ဆိုလျက် နှလုံးမသာခြင်းကို ဖြစ်စေသော်လည်း ဖြစ်စေရာ၏၊ အာနန္ဒာ (ထိုသို့ဖြစ်စေခဲ့ပါလျှင်) ရွှေပန်းထိမ်သည်၏သား စုန္ဒ နှလုံးမသာခြင်းကို ဤသို့ ဖြေဖျောက်ရမည်—

"ဒါယကာစုန္ဒ သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထို့ကြောင့် သင့်အား အရတော်ပေစွ၊သင်သည် ကောင်းစွာ ရအပ်ပေစွ၊ဒါယကာစုန္ဒ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ကြားနာလိုက်ရ၏၊ ခံယူလိုက်ရ၏၊ 'အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်သော အချင်းချင်းတူမျှ၍ အကျိုးဝိပါက်တူမျှကုန်သော ဤဆွမ်းနှစ်မျိုးတို့သည် ရှိကုန်၏၊ အဘယ်နှစ်မျိုးတို့နည်းဟူမူ –အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ (ဤဆွမ်းလည်းတမျိုး၊) အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူ၏၊ (ဤဆွမ်းလည်းတမျိုး)၊ အခြားဆွမ်းတို့ထက် အကျိုးအာနိသင်ကြီးမားကုန်သော အချင်းချင်းတူမျှ၍ အကျိုးဝိပါက်တူမျှကုန်သော ဆွမ်းနှစ်မျိုးတို့ဟူသည် ဤသည်တို့ပင်တည်း' (ဟူ၍ ဤစကားကို မြတ်စွာဘုရား၏) မျက်မှောက်တော်မှ ကြားနာလိုက်ရ၏၊ ခံယူလိုက်ရ၏။

ထို့ကြောင့် ရွှေပန်းထိမ်သည်၏သား ဒါယကာစုန္ဒသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ အဆင်းလှခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ချမ်းသာခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊နတ်ပြည်၌ ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ အခြံအရံများခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ ။ အကြီးအကဲဖြစ်စေတတ်သောကံကို ဆည်းပူးရပေပြီ"ဟု ဟောကြား၍ ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ နှလုံးမသာခြင်းကို ဖြေဖျောက်ရမည် အာနန္ဒာဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"ပေးလှူသောသူအား ကုသိုလ်ကောင်းမှုသည် တိုးပွါး၏၊ စောင့်စည်းသောသူအား ရန်မပွါးနိုင်၊ ဉာဏ်ရှိသူသည် မကောင်းမှုကို ပယ်စွန့်၏၊ထိုသို့(ပယ်စွန့်)သူသည် ရာဂ ဒေါသ မောဟတို့ကုန်၍ (ကိလေသာမီး)ငြိမ်းအေးလေတော့သတည်း"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဉ္စမသုတ်။

---

## ၆-ပါဋလိဂါမိယသုတ်

၇၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ မဂဓတိုင်း၌ ဒေသစာရီလှည့်လည်လတ်သော် ပါဋလိရွာသို့

http://www.dhammadownload.com



ရောက်တော်မူ၏။ ထိုအခါ "မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ မဂဓတိုင်းတို့၌ ဒေသစာရီလှည့်လည်တော်မူရာ ပါဋလိရွာသို့ ရောက်တော်မူသတတ်"ဟု ပါဋလိရွာသား ဥပါသကာတို့ ကြားကုန်၏။ ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ထိုင်နေကုန်ပြီးသော် "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ ဧည့်သည်တို့ တည်းခိုစရာ စရပ်ကို လက်ခံတော်မူပါ"ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိသဖြင့် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဧည့်သည်တို့ တည်းခိုရာ စရပ်သို့ ချဉ်းကပ်ကုန်၍ ဧည့်သည်တို့ တည်းခိုရာစရပ်၌ ခင်းနှီးအပြည့် ခင်းခြင်း ထိုင်နေစရာတို့ကို ပြင်ထားခြင်း ရေပြည့်အိုးကြီးတို့ကို တည်ထားခြင်း ဆီမီးထွန်းခြင်းတို့ကို ပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြန်ကုန်၏၊ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ရပ်တည်ကုန်ပြီးသော် "အသျှင်ဘုရား ဧည့်သည်တို့ တည်းခိုစရာစရပ်၌ ခင်းနှီးအပြည့် ခင်းပြီးပါပြီ၊ ထိုင်နေစရာတို့ကိုလည်း ပြင်ထားပြီးပါပြီ၊ ရေပြည့်အိုးကြီးကိုလည်း တည်ထားပြီးပါပြီ၊ ဆီမီးကိုလည်း ညှိထွန်းထားပြီးပါပြီ၊ အသျှင်ဘုရား ယခုအခါ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်၊ (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုတော်အတိုင်းသာ ဖြစ်ပါသည်)"ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရဟန်းသံဃာနှင့်အတူ ဧည့်သည်တို့ တည်းခိုရာစရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ဧည့်သည်တို့ တည်းခိုရာစရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။ ရဟန်းသံဃာသည်လည်း ခြေဆေး၍ ဧည့်သည်တို့ တည်းခိုရာစရပ်သို့ ဝင်ပြီးသော် အနောက်ဘက်နံရံကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေ၏။ ပါဋလိရွာသား ဥပါသကာတို့သည်လည်း ခြေဆေးကုန်၍ ဧည့်သည်တို့ တည်းခိုရာစရပ်သို့ ဝင်ကုန်ပြီးသော် အရှေ့ဘက်နံရံကိုမှီလျက် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို မိန့်တော်မူ၏—

ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ—ဥပါသကာတို့ ဤလောက၌ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဆုံးရှုံးခြင်းသို့ ရောက်၏၊ ဤသည်ကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ပဌမဖြစ်သော အပြစ်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူ၏ မကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်၏၊ ဤသည်ကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ဒုတိယဖြစ်သောအပြစ်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် ရဟန်းပရိသတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက်

http://www.dhammadownload.com



ရှိန့်ရှိ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏၊ဤသည်ကား သီလမရှိသူ၏ သီလပျက်ခြင်း၌ တတိယ ဖြစ်သော အပြစ်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေ ဖြစ်လျက် သေရ၏၊ ဤသည်ကား သီလမရှိသူ၏ သီလပျက်ခြင်း၌ စတုတ္ထဖြစ်သော အပြစ်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည့်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ရ၏၊ ဤသည်ကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ပဉ္စမဖြစ်သော အပြစ်တည်း။ ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့ပေတည်း။

ဥပါသကာတို့ သီလရှိသူ၏ သီလပြည့်စုံခြင်း၌ အကျိုးအာနိသင်တို့သည် ဤငါးပါးတို့ တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ—ဥပါသကာတို့ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံ သောသူသည် မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကို ရ၏၊ ဤသည်ကား သီလရှိသူ၏ သီလပြည့်စုံခြင်း၌ ပဌမဖြစ်သော အကျိုးအာနိသင်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူ၏ ကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်၏၊ဤသည်ကား သီလရှိသူ၏ သီလပြည့်စုံခြင်း၌ ဒုတိယ ဖြစ်သော အကျိုးအာနိသင်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မင်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် ရဟန်းပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်ရ၏၊ ဤသည်ကား သီလရှိသူ၏ သီလပြည့်စုံခြင်း၌ တတိယဖြစ် သော အကျိုးအာနိသင်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် တွေဝေခြင်း မရှိပဲ သေရ၏၊ ဤသည်ကား သီလရှိသူ၏ သီလနှင့် ပြည့်စုံခြင်း၌ စတုတ္ထဖြစ်သော အကျိုးအာနိ သင်တည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရ၏၊ ဤသည်ကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ပဉ္စမဖြစ်သော အကျိုးအာနိသင်တည်း။ ဥပါသကာတို့ သီလ ရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ အကျိုးအာနိသင်တို့သည် ဤငါးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို ကြာမြင့်စွာ ညဉ့်အချိန်ပတ်လုံး (ညဉ့်နက်သည်တိုင်အောင်)တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်(တရားကို)ဆောက် တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေပြီးလျှင်"ဥပါသကာတို့ ညဉ့်ဦးယံ လွန်လေပြီ၊ ယခုအခါ သွားရန်အချိန်ကို သင်တို့ သိကုန်၏၊ (သွားရန်မှာ သင်တို့၏အလိုအတိုင်းပင် ဖြစ်၏)"ဟု ပြန်လွှတ်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာ ဘုရားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုလျက် ပြန်သွားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ ပြန်သွား၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာသို့ ဝင်တော်မူ၏။

http://www.dhammadownload.com



ထိုစဉ်အခါ၌ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့တည်ထောင်နေကြကုန်၏။ ထိုအခါ၌ များစွာသော နတ်တို့သည်လည်း တထောင်စီ တထောင်စီ စုရုံး၍သာလျှင် ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်းပိုက်လျက် နေကြကုန်၏။ တန်ခိုးကြီးသောနတ်တို့ အိမ်ဆာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသောမင်းနှင့် အမတ်ကြီးတို့ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏၊ တန်ခိုးအလတ်စားနတ်တို့အိမ်ရာ သိမ်းပိုက်သောရပ်ကွက်၌ တန်ခိုးအလတ်စားမင်းနှင့် အမတ်တို့ အိမ်ရာ တည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏၊ တန်ခိုးနည်းသောနတ်တို့အိမ်ရာ သိမ်းပိုက်သောရပ်ကွက်၌ တန်ခိုးနည်းသောမင်းနှင့် အမတ်တို့ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏။

မြတ်စွာဘုရားသည် တထောင်စီ တထောင်စီ စုရုံး၍သာလျှင် ပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်နေကြသော ထိုနတ်တို့ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် မြင်တော်မူ၏။ပ။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ အဆုံး(မိုးသောက်ယံ)၌ လျောင်းစက်ရာမှ ထတော်မူ၍ အာနန္ဒာ ပါဋလိရွာ၌ မြို့ကို အဘယ်သူတို့သည် တည်ဆောက်နေကြသနည်းဟု အသျှင်အာနန္ဒာကို မေးတော်မူ၏။

အသျှင်ဘုရား မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ထောင်နေကြပါကုန်၏ဟု လျှောက်၏။ အာနန္ဒာ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ထောင်နေကြသည်မှာ တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ တည်ထောင်သကဲ့သို့ပင် ရှိချေ၏။ အာနန္ဒာ တထောင်စီ တထောင်စီ စုရုံး၍သာလျှင် ပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်နေကြသော များစွာသောနတ်တို့ကို ငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် မြင်တော်မူ၏။ အာနန္ဒာ တန်ခိုးကြီးသော နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏၊ တန်ခိုးအလတ်စားနတ်တို့ အိမ်ရာ သိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စား မင်းနှင့် အမတ်တို့၏ အိမ်ရာ တည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏၊တန်ခိုးနည်းသော နတ်တို့အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏။ အာနန္ဒာ အရိယာန်လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကုန်သန်းရောင်းဝယ်ရာ မြို့တို့တွင် ဤမြို့သစ်သည် ကုန်ထုတ်များကို ဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည်သော အကြီးဆုံးမြို့ ဖြစ်ရစ်ပေလတ္တံ့။ အာနန္ဒာ ပါဋလိပုတ်မြို့၌ မီးကြောင့်ငှင်း ရေကြောင့်ငှင်း အချင်းချင်းကွဲပြားမှုကြောင့်ငှင်း ဤသုံးပါးသော အန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။

ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေပြီး၍ တခုသောအရပ်၌ ထိုင်နေကြပြီးသော် "အသျှင်ဂေါတမသည် ယနေ့အဘို့ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်တို့၏ ဆွမ်းကို လက်ခံတော်မူပါ"ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

http://www.dhammadownload.com



ထိုအခါ မဂဓတိုင်းအမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကိုသိ၍ မိမိတို့(တည်းခို)အိမ်သို့ ချဉ်းကပ်ကုန်လျက် မိမိတို့ (တည်းခို) အိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးလျှင် "အသျှင်ဂေါတမ အချိန်တန်ပြီ၊ ဆွမ်း ပြင်ပြီးပါပြီ"ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း)ကို လျှောက်ကြားစေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရဟန်းသံဃာနှင့်အတူ မဂဓတိုင်းအမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့၏ (တည်းခို)အိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၏။

ထို့နောက် မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် ဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ် သည့်တိုင်အောင် မိမိတို့ကိုယ်တိုင် လုပ်ကျွေးကုန်၏။

ထို့နောက် မဂဓတိုင်းအမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ နိမ့်သောထိုင်ခုံတခုကို ယူ၍ တခုသော နေရာ၌ ထိုင်ကုန်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော မဂဓတိုင်းအမတ်ကြီးများ ဖြစ်သောသုနိဓနှင့် ဝဿကာရပုဏ္ဏားတို့ကို မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏ —

"ပုဏ္ဏားတို့ ပညာရှိသည် အကြင်အရပ်၌ အိမ်ရာဆောက်လုပ်နေထိုင်၏၊ ဤအရပ်၌ သီလ ရှိသော ကိုယ်နှုတ် နှလုံးစောင့်သုံးသော မြတ်သောအကျင့်ကို ကျင့်သောပုဂ္ဂိုလ်တို့ကို ဆွမ်းကျွေးပြီးလျှင် ထိုအရပ်၌ ရှိသောနတ်ဘို့အား အလှူ၏အဖို့ကို အမျှပေးဝေရာ၏၊ ဤသို့ အမျှပေးဝေလတ်သော် နတ်တို့သည် ပူဇော်ခံရသဖြင့် ထို(အမျှပေးဝေ)သူကို အတုံ့ ပြန်၍ ပူဇော်ကုန်၏၊ မြတ်နိုးခံရသဖြင့်လည်း အတုံ့ပြန်၍ မြတ်နိုးကုန်၏၊ ထို့ကြောင့် မိခင် သည် ရင်ဝယ်သားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် ထို(အမျှပေးဝေ)သူကို စောင့် ရှောက်ကုန်၏၊ နတ်ဘို့ စောင့်ရှောက်ခံရသောသူသည် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာ တို့ကိုသာ တွေ့မြင်ရလေ၏"ဟု အနုမောဒနာ ပြုတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့အား ဤဂါထာတို့ဖြင့် အနုမောဒနာပြု၍ နေရာမှထကာ ဖဲကြွတော်မူ၏။

ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် "ယနေ့ ရဟန်းဂေါတမ ထွက်သွားရာ တံခါးကို ဂေါတမတံခါးဟု တွင်စေလတ္တံ့၊အသျှင်ဂေါတမ ကူးရာ ဂင်္ဂါမြစ်ဆိပ်ကို'ဂေါတမရေဆိပ်ဟု တွင်စေလတ္တံ့"ဟု မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရား ထွက်သွားရာ ထိုတံခါးသည် ဂေါတမတံခါးဟု အမည်တွင်လေ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်သို့ ချဉ်းကပ်တော်မူ၏၊ ထိုစဉ်အခါ၌ ဂင်္ဂါမြစ်သည် (ကမ်းမှာနား၍)ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့် အညီ ရေပြည့်လျက်ရှိ၏၊ ကမ်းတဖက်မှ ကမ်းတဖက်သို့ ကူးရောက်လိုသော အချို့သူတို့သည် လှေကို ရှာကုန်၏၊အချို့သူဘို့သည် သစ်ဖောင် ကို ရှာကုန်၏၊ အချို့သူတို့သည် ဝါးဖောင်ကို ဖွဲ့ကုန်၏။ ထိုအခါ အားရှိသော ယောကျ်ားသည်

http://www.dhammadownload.com



ကွေးသောလက်မောင်းကို ဆန့်တန်းသကဲ့သို့ ဆန့်တန်းသောလက်မောင်းကို ကွေးသကဲ့သို့ ဤအတူပင် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်၏ ဤမှာဖက်ကမ်းမှ ကွယ်ခဲ့၍ ထိုမှာဖက်ကမ်း၌ ရဟန်းသံဃာနှင့်အတူ ထင်ရှားဖြစ်တော်မူ၏။

မြတ်စွာဘုရားသည် ကမ်းတဖက်မှ ကမ်းတဖက်သို့ ကူးလိုကုန်သည်ဖြစ်၍ အချို့က လှေကို ရှာလျက် အချို့က ဖောင်ကို ရှာလျက် အချို့က ဝါးဖောင်ကို ဖွဲ့လျက် နေကုန်သော ထိုသူတို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"နက်ကျယ်လှစွာသော တဏှာမြစ်ကို ကူးသော အရိယာပုဂ္ဂိုလ်တို့သည် (အရိယမဂ်) တံတားကို ဆောက်လုပ်၍ ကိလေသာညွန်ပြောင်းတို့ကို ပယ်စွန့်လျက် ကူးသွားကုန်၏၊ လူအပေါင်းသည်ကား မြစ်ကိုကူးရန် ဖောင်ကို ဖွဲ့နေရ၏၊ (တဏှာမြစ်ကို) ကူးမြောက်ပြီးသော ပညာရှိ အရိယာပုဂ္ဂိုလ်တို့သည်ကား ဖောင်ကို မဖွဲ့ကြရတော့သည်သာတည်း" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဆဋ္ဌသုတ်။

## ၇-ဒွိဓာပထသုတ်

၇၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် – အခါတပါး၌ မြတ်စွာဘုရားသည် အသျှင်နာဂသမာလကို နောက်လိုက်ရဟန်းပြု၍ ကောသလတိုင်း၌ ခရီးရှည်ကြွတော်မူ၏။ အသျှင်နာဂသမာလသည် ခရီးအကြား၌ လမ်းခွဲကို မြင်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသည်ကား လမ်းကောင်းပါတည်း၊ ဤလမ်းဖြင့် သွားပါကုန်အံ့" ဟု မြတ်စွာဘုရားအား လျှောက်၏။ ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် "နာဂသမာလ ဤသည်ကား လမ်းကောင်းတည်း၊ ဤလမ်းဖြင့် သွားကုန်အံ့" ဟု မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း ။ပ။ သုံးကြိမ်မြောက်လည်း အသျှင်နာဂသမာလသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသည်ကား လမ်းကောင်းပါတည်း၊ ဤလမ်းဖြင့် သွားကြကုန်အံ့" ဟု မြတ်စွာဘုရားအား လျှောက်၏။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် "နာဂသမာလ ဤသည်ကား လမ်းကောင်းတည်း၊ ဤလမ်းဖြင့် သွားကုန်အံ့" ဟု မိန့်တော်မူ၏။

ထို့နောက် အသျှင်နာဂသမာလသည် မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို ထိုအရပ်မြေကြီးပေါ်၌ သာ ချထားခဲ့၍ "အသျှင်ဘုရား ဤသည်ကား မြတ်စွာဘုရား၏ သပိတ်သင်္ကန်းပါတည်း" ဟု ဆိုကာ ဖဲသွား၏။ ထို့နောက် ထိုခရီးလမ်းဖြင့် သွားသော အသျှင်နာဂသမာလအား ခရီးလမ်းအကြား၌ ခိုးသူတို့သည် ထွက်၍ လက်တို့ဖြင့်လည်း ရိုက်နှက်ကုန်၏၊ ခြေတို့ဖြင့်လည်း ကန်ကျောက်ကုန်၏၊ သပိတ်ကိုလည်း ခွဲကုန်၏၊ သင်္ကန်းကိုလည်း ဆုတ်ဖြဲကုန်၏။ ထို့နောက် အသျှင်နာဂသမာလသည် ကွဲသောသပိတ် စုတ်ပြဲသောသင်္ကန်းရှိသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် "အသျှင်ဘုရား ထိုခရီးလမ်းဖြင့် သွားသော တပည့်တော်အား ခရီးအကြား၌ ခိုးသူတို့သည် ထွက်၍ လက်တို့ဖြင့်လည်း ရိုက်နှက်ပါကုန်၏၊ ခြေတို့ဖြင့်လည်း ကန်ကျောက်ပါကုန်၏။ သပိတ်ကိုလည်း ခွဲပါကုန်၏၊ သင်္ကန်းကိုလည်း ဆုတ်ဖြဲပါကုန်၏" ဟု လျှောက်၏။

http://www.dhammadownload.com



ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"ရေရေသော နို့ရည်ကို သောက်သော ကြိုးကြာသည် ရေကို စွန့်သကဲ့သို့ (သစ္စာတရားကို) သိခြင်းသို့ရောက်သော ပညာရှိသည် အကျိုးရှိသည် မရှိသည်ကို မသိသူနှင့် အတူတကွ သွားသော်ငြားလည်းကောင်း အတူတကွနေသော်ငြားလည်းကောင်း ရောနှောသော်ငြားလည်းကောင်း မကောင်းမှုကို စွန့်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

သတ္တမသုတ်။

## ၈-ဝိသာခါသုတ်

၇၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-- အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မိဂါရမာတာ ဝိသာခါ ချစ်နှစ်သက်အပ်သော မြေးမသည် ကွယ်လွန်လေ၏။ ထို့နောက် မိဂါရမာတာ ဝိသာခါသည် စိုသောအဝတ် စိုသောဆံပင်ရှိသည်ဖြစ်၍ နေ့ခင်းချည်းအချိန်၌ မြတ်စွာဘုရားသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေ၏။ တခုသောအရပ်၌ ထိုင်နေသော မိဂါရမာတာ ဝိသာခါကို—

ဝိသာခါ စိုစွတ်သောအဝတ် စိုစွတ်သောဆံပင်ရှိလျက် နေ့ခင်းချည်းအချိန်ဝယ် အဘယ်အရပ်မှလာ၍ ငါဘုရားထံသို့ ချဉ်းကပ်သနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တပည့်တော်မ ချစ်နှစ်သက်အပ်သော မြေးမသည် ကွယ်လွန်ခဲ့ပါ၏၊ ထို့ကြောင့် တပည့်တော်မသည် စိုစွတ်သောအဝတ် စိုစွတ်သောဆံပင်ရှိလျက် နေ့ခင်းချည်းအချိန်ဝယ် အသျှင်ဘုရားထံသို့ ချဉ်းကပ်ပါ၏ဟု (လျှောက်၏)။ ဝိသာခါ သင်သည် သာဝတ္ထိပြည်၌ ရှိကြသည့် လူတို့လောက်သော သားတို့ကိုငြားလည်းကောင်း မြေးတို့ကိုငြားလည်းကောင်း အလိုရှိသလောဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား တပည့်တော်သည် သာဝတ္ထိပြည်၌ ရှိကြသည့် လူတို့လောက်သော သားတို့ကိုငြားလည်းကောင်း မြေးတို့ကိုငြားလည်းကောင်း အလိုရှိပါသည်ဟု လျှောက်၏။

ဝိသာခါ သာဝတ္ထိပြည်သူပြည်သားတို့သည် နေ့တိုင်းအဘယ်မျှလောက် များပြားစွာ ကွယ်လွန်ကုန်သနည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နေ့တိုင်း သာဝတ္ထိပြည်သားတို့သည် ဆယ်ယောက်တို့လည်း ကွယ်လွန်ပါကုန်၏။ အသျှင်ဘုရား သာဝတ္ထိပြည်သားတို့သည် ကိုးယောက် ရှစ်ယောက် ခုနစ်ယောက် ခြောက်ယောက် ငါးယောက် လေးယောက် သုံးယောက် နှစ်ယောက်တို့လည်း ကွယ်လွန်ပါကုန်၏။ အသျှင်ဘုရား နေ့တိုင်း သာဝတ္ထိပြည်သား တယောက်သော်လည်း ကွယ်လွန်ပါ၏။ အသျှင်ဘုရား သာဝတ္ထိပြည်သည် သေသောလူတို့ဖြင့် မဆိတ်ပါ ဟု (လျှောက်၏)။

ဝိသာခါ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် တခါတရံမျှ မစိုသော အဝတ် မစိုသောဆံပင် ရှိသည် ဖြစ်နိုင်ပါတော့မည်လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဤသို့မဖြစ်နိုင်ပါ၊ အသျှင်ဘုရား ထိုမျှလောက် များပြားသော သားတို့ဖြင့်ငြားလည်းကောင်း မြေးတို့ဖြင့်ငြားလည်းကောင်း တပည့်တော်မအား အကျိုးမရှိတော့ပါဟု (လျှောက်၏)။

ဝိသာခါ တရာမျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား တရာမျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ကိုးဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား ကိုးဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ရှစ်ဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူ

http://www.dhammadownload.com



တို့အား ရှစ်ဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ခုနစ်ဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား ခုနစ်ဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ခြောက်ဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား ခြောက်ဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ငါးဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထု ရှိကြသူတို့အား ငါးဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ လေးဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား လေးဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ သုံးဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား သုံးဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ နှစ်ဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား နှစ်ဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ တဆယ်မျှလောက် ချစ်အပ်သော အရာဝတ္ထုရှိကြသူတို့အား တဆယ်မျှလောက်သော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ချစ်အပ်သောအရာဝတ္ထု ကိုးခုလောက်ရှိကြသူတို့အား ကိုးခုသောဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ချစ်အပ်သော အရာဝတ္ထု ရှစ်ခုလောက် ရှိကြသူတို့အား ရှစ်ခုသောဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ချစ်အပ်သောအရာဝတ္ထု ခုနစ်ခုလောက် ရှိကြသူတို့အား ခုနစ်ခုသော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ချစ်အပ်သော အရာဝတ္ထု ခြောက်ခုလောက် ရှိကြသူတို့အား ခြောက်ခုသော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ချစ်အပ်သော အရာဝတ္ထုငါးခုလောက် ရှိကြသူတို့အား ငါးခုသောဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ချစ်အပ်သောအရာဝတ္ထု လေးခုလောက် ရှိကြသူတို့အား လေးခုသော ဆင်းရဲတို့သည်ဖြစ်ကုန်၏၊ ချစ်အပ်သော အရာဝတ္ထုသုံးခုလောက်ရှိကြသူတို့အား သုံးခုသော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ချစ်အပ်သောအရာဝတ္ထု နှစ်ခုလောက် ရှိကြသူတို့အား နှစ်ခုသော ဆင်းရဲတို့သည် ဖြစ်ကုန်၏၊ ချစ်အပ်သော အရာဝတ္ထုတခုရှိသူအား တခုသော ဆင်းရဲသည် ဖြစ်၏၊ ချစ်အပ်သော အရာဝတ္ထု မရှိကြသူတို့အား ဆင်းရဲမရှိ၊ "ထိုသူတို့သည် စိုးရိမ်ခြင်းမရှိကုန်၊ ကိလေသာမြူ မရှိကုန်၊ ပင်ပန်းမှု မရှိကုန်"ဟု ငါဟောဆို၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"လောက၌ များသောသဘောရှိကုန်သော အလုံးစုံသော စိုးရိမ်ခြင်းတို့သည်၎င်း ငိုကြွေးခြင်းတို့သည်၎င်း ဆင်းရဲခြင်းတို့သည်၎င်း ထင်ကုန်၏၊ ထိုအလုံးစုံတို့သည် ချစ်အပ်သော အရာဝတ္ထုကိုစွဲ၍ ဖြစ်ပေါ်ကုန်၏၊ ချစ်အပ်သောအရာဝတ္ထုမရှိမူ ထိုအလုံးစုံတို့သည် မဖြစ်နိုင်ကုန်။

ထို့ကြောင့် လောက၌ အကြင်သူတို့အား ချစ်အပ်သော အရာဝတ္ထုသည် တစုံတခုမျှမရှိ၊ ထိုသူတို့သည် ချမ်းသာကုန်၏၊ စိုးရိမ်မှု ကင်းကုန်၏၊ ထို့ကြောင့် စိုးရိမ်ကင်းမှု ကိလေသာမြူကင်းမှုကို တောင့်တသူတို့သည် လောက၌ တစုံတခုသော ချစ်ခင်မှုကိုမျှ မပြုကြကုန်ရာ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။

## ၉-ပဌမဒဗ္ဗသုတ်

၇၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး

http://www.dhammadownload.com



နေတော်မူ၏။ ထိုအခါ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် "မြတ်စွာဘုရား ယခုအခါ တပည့်တော်၏ ပရိနိဗ္ဗာန်ပြုရန် အခါပါတည်း"ဟု မြတ်စွာဘုရားအား (လျှောက်၏)။ ဒဗ္ဗ ယခုအခါ သင်သည်ပင် ပရိနိဗ္ဗာန်ပြုရန် အခါကို သိ၏ဟု (မိန့်တော်မူ၏)။

ထို့နောက် မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် တေဇောဓာတ်ကို ဝင်စား၍ ထိုသမာပတ်မှထကာ ပရိနိဗ္ဗာန်ပြု၏။

ထို့နောက် ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် တေဇောဓာတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထပြီးလျှင် ပရိနိဗ္ဗာန်ပြုသော မလ္လမင်း၏သား အသျှင်ဒဗ္ဗ၏ မီးမြိုက်လောင်ကျွမ်းပြီးသော ခန္ဓာကိုယ်မှ ပြာသည်၎င်း မီးသွေးသည်၎င်း မထင်ချေ၊ ဥပမာသော်ကား မီးမြိုက်လောင်ကျွမ်းပြီးသော ထောပတ်မှဖြစ်စေ ဆီမှဖြစ်စေ ပြာမီးသွေးသည် မထင်သကဲ့သို့ ဤအတူ ကောင်းကင်သို့ပျံတက်၍ ရေးခြစ်မထင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် တေဇောဓာတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထပြီးလျှင် ပရိနိဗ္ဗာန်ပြုသော မလ္လမင်း၏သား အသျှင်ဒဗ္ဗ၏ မီးမြိုက်လောင်ကျွမ်းပြီး မီးလောင်သောခန္ဓာကိုယ်မှ ပြာသည်၎င်း မီးသွေးသည်၎င်း မထင်ချေ။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ —

"မလ္လမင်း၏သား ဒဗ္ဗ၏ကိုယ်သည် အကြွင်းမရှိ ကွယ်ပျောက်ပြီ၊ ရူပသညာစသော သညာအားလုံးတို့သည် ချုပ်ကုန်ပြီ၊ ဝေဒနာအားလုံးတို့သည် ငြိမ်းအေးကုန်ပြီ၊ သင်္ခါရအားလုံးတို့သည် ချုပ်ငြိမ်းကုန်ပြီ၊ ဝိညာဏ်သည် ပြတ်စဲခြင်းသို့ ရောက်လေပြီ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

နဝမသုတ်။

---

## ၁၀-ဒုတိယဒဗ္ဗသုတ်

၈၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် —

ရဟန်းတို့ ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် တေဇောဓာတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထပြီးလျှင် ပရိနိဗ္ဗာန်ပြုသော မလ္လမင်း၏သား ဒဗ္ဗ၏ မီးမြိုက်လောင်ကျွမ်းပြီးသော ခန္ဓာကိုယ်မှ ပြာသည်၎င်း မီးသွေးသည်၎င်း မထင်၊ ဥပမာသော်ကား မီးမြိုက်လောင်ကျွမ်းပြီးသော ထောပတ်မှဖြစ်စေ ဆီမှဖြစ်စေ ပြာသည်၎င်း မီးသွေးသည်၎င်း မထင်သကဲ့သို့ ဤအတူ ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ကောင်းကင်၌

http://www.dhammadownload.com



ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးလျှင် တေဇောဓာတ်ကိုဝင်စား၍ ထိုသမာပတ်မှထကာ ပရိနိဗ္ဗာန်ပြုသော မလ္လမင်း၏သား ဒဗ္ဗ၏ မီးမြိုက်လောင်ကျွမ်းပြီးသော ခန္ဓာကိုယ်မှ ပြာသည်ငှင်း မီးသွေးသည်ငှင်း မထင်ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

"သံတူဖြင့် ထုခပ်အပ်သော တောက်လောင်နေသော အစဉ်အတိုင်း ငြိမ်းနေသောမီး၏ သွားရာကို မသိနိုင်သကဲ့သို့ ဤအတူ ကောင်းစွာ လွန်မြောက်ပြီး၍ ကာမအနှောင်အဖွဲ့နှင့် ဩဃလေးပါးမှ လွန်၍ တည်ကုန်သော တုန်လှုပ်မှုမရှိသည့် နိဗ္ဗာန်ချမ်းသာကို ရကြသော ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာ 'ဂတိ'ကို ပညတ်ရန် မရနိုင်တော့ချေ"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒသမသုတ်။

ရှစ်ခုမြောက် ပါဋလိဂါမိယဝဂ် ပြီး၏။

# ဥဒါန်းပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်

# ဣတိဝုတ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဧကကနိပါတ်

### ၁-ပဌမဝဂ် ၁-လောဘသုတ်

၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ တခုသော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ တပ်မက်မှု'လောဘ' ဟူသော တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက် သဘောကို—

"အကြင်လောဘဖြင့် တပ်မက်သူ သတ္တဝါတို့သည် မကောင်းသော လားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုလောဘကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုလောဘကို) ပယ်စွန့်ကုန်၏၊ (ယင်းလောဘကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်၊

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဒေါသသုတ်

၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမိဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ တခုသော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပြစ်မှားမှု 'ဒေါသ'ဟူသော တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမိဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ဒေါသဖြင့် ဖျက်ဆီးခံရသူ သတ္တဝါတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုဒေါသကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုဒေါသကို) ပယ်စွန့်ကုန်၏၊ (ယင်းဒေါသကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-မောဟသုတ်

၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမိဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ တွေဝေမှု 'မောဟ'ဟူသော တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမိဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်မောဟဖြင့် တွေဝေသူသတ္တဝါတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုမောဟကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုမောဟကို) ပယ်စွန့်ကုန်၏၊ (ယင်းမောဟကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

တတိယသုတ်။

---

## ၄-ကောဓသုတ်

၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမိဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ အမျက်ထွက်မှု 'ကောဓ'ဟူသော

http://www.dhammadownload.com



တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင် ကောဓတရားဖြင့် အမျက်ထွက်သူ သတ္တဝါတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ထိုကောဓကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုကောဓကို)ပယ်စွန့်ကုန်၏၊ (ယင်းကောဓကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-မက္ခသုတ်

၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်--

ရဟန်းတို့ တခုသောတရားကို ပယ်ကြကုန်လော့၊သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊တခုသော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ သူ့ကျေးဇူးကို ချေဖျက်မှု 'မက္ခ' ဟူသော တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်မက္ခတရားဖြင့် သူ့ကျေးဇူးကို ချေဖျက်သော သတ္တဝါတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုမက္ခကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုမက္ခကို) ပယ်စွန့်ကုန်၏၊(ယင်းမက္ခကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

---

## ၆-မာနသုတ်

၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသော တရားကို ပယ်ကြကုန်လော့၊သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ထောင်လွှားမှု 'မာန'ဟူသော တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

http://www.dhammadownload.com



"အကြင်မာနဖြင့် ယစ်သူသတ္တဝါတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုမာနကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုမာနကို) ပယ်စွန့်ကုန်၏၊ (ယင်းမာနကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-သဗ္ဗပရိညာသုတ်

၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ အလုံးစုံ တေဘူမကတရားကို ထူးသောဉာဏ်ဖြင့် မသိသူ ပိုင်းခြား၍မသိသူ ထိုပိုင်းခြားအပ်သောတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင်မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ အလုံးစုံ တေဘူမကတရားကို ထူးသောဉာဏ်ဖြင့်သိသူ ပိုင်းခြား၍သိသူ ထိုပိုင်းခြားအပ်သောတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူသည် အလုံးစုံ တေဘူမကတရားကို အလုံးစုံ အဘို့အားဖြင့် သိသောကြောင့် အလုံးစုံသော သင်္ခါယတရားတို့၌ မတပ်မက်၊ ထိုသူသည် အလုံးစုံ တေဘူမကတရားကို ပိုင်းခြားသိ၍ ဆင်းရဲအားလုံးကို မုချ လွန်မြောက်နိုင်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

---

## ၈-မာနပရိညာသုတ်

၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ မာနကို ထူးသောဉာဏ်ဖြင့် မသိသူ ပိုင်းခြား၍မသိသူ ထိုမာနတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင်မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ မာနကို ထူးသောဉာဏ်ဖြင့် သိသူ ပိုင်းခြား၍သိသူ ထိုမာနတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ဤသတ္တဝါတို့သည် မာနနှင့် ပြည့်စုံကုန်၏၊ မာနဖြင့် အထုံးအဖွဲ့ခံရသူတို့သည် ဘဝ၌ မွေ့လျော်ကုန်၏၊မာနကို ပိုင်းခြား၍မသိသူတို့သည် တဖန်ဘဝသစ်သို့ လာရောက်ကြရကုန်၏။

http://www.dhammadownload.com



အကြင်သူတို့သည် မာနကိုပယ်သောကြောင့် မာနကုန်ခန်းရာ နိဗ္ဗာန်၌(ကိလေသာမှ) လွတ်မြောက်ကုန်၏၊ ထိုသူတို့သည် မာနထုံးဖွဲ့ခြင်းကို လွှမ်းမိုးနိုင်ကုန်သောကြောင့် ဆင်းရဲ အားလုံးကို လွန်မြောက်ကုန်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

## ၉-လောဘပရိညာသုတ်

၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ လောဘကို ထူးသောဉာဏ်ဖြင့်မသိသူ ပိုင်းခြား၍မသိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင်မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ လောဘကို ထူးသောဉာဏ်ဖြင့် သိသူ ပိုင်းခြား၍ သိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင်လောဘဖြင့် တပ်မက်သူ သတ္တဝါတို့သည် မကောင်းသောလားရာ ‘ဂတိ’သို့ လားရောက်ကြရကုန်၏၊ ထိုလောဘကို ကောင်းစွာသိ၍(ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုလောဘကို)ပယ်စွန့်ကုန်၏၊(ယင်းလောဘကို)ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

နဝမသုတ်။

## ၁၀-ဒေါသပရိညာသုတ်

၁၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဒေါသကို ထူးသောဉာဏ်ဖြင့် မသိသူ ပိုင်းခြား၍မသိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင်မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ ဒေါသကို ထူးသောဉာဏ်ဖြင့်သိသူ ပိုင်းခြား၍သိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင်ဒေါသဖြင့် ဖျက်ဆီးခံရသူ သတ္တဝါတို့သည် မကောင်းသောလားရာ ‘ဂတိ’သို့ လားရောက်ကြရကုန်၏၊ထိုဒေါသကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို)အနိစ္စစသော အခြင်း

http://www.dhammadownload.com



အရာတို့ဖြင့် ရှုသူတို့သည် (ထိုဒေါသကို) ပယ်စွန့်ကုန်၏၊ (ယင်းဒေါသကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

ရှေးဦးစွာသော ပါဠိဘောဂဝဂ် ပြီး၏။

---

## ၂-ဒုတိယဝဂ် ၁-မောဟပရိညာသုတ်

၁၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ မောဟကို ထူးသောဥာဏ်ဖြင့် မသိသူ ပိုင်းခြား၍ မသိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင်မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ မောဟကို ထူးသောဥာဏ်ဖြင့် သိသူ ပိုင်းခြား၍သိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင်ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်မောဟဖြင့် တွေဝေသူ သတ္တဝါတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုမောဟကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုမောဟကို) ပယ်စွန့်ကုန်၏၊ (ယင်းမောဟကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-ကောဓပရိညာသုတ်

၁၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အမျက်ထွက်မှု 'ကောဓ'ကို ထူးသောဥာဏ်ဖြင့် မသိသူ ပိုင်းခြား၍ မသိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှု ကင်းအောင် မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ အမျက်ထွက်မှု 'ကောဓ'ကို ထူးသောဥာဏ်ဖြင့် သိသူ ပိုင်းခြား၍သိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှု ကင်းအောင် ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောအပ်၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ကောဓတရားဖြင့် အမျက်ထွက်သူတို့သည် မကောင်းသောလားရာ 'ဂတိ'သို့ လားရောက်ကြရကုန်၏၊ ထိုကောဓကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော

http://www.dhammadownload.com



အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုကောဓကို) ပယ်စွန့်ကုန်၏၊ (ယင်းကောဓကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-မက္ခပရိညာသုတ်

၁၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သူ့ကျေးဇူးကို ချေဖျက်မှု ‘မက္ခ’ကို ထူးသောဉာဏ်ဖြင့် မသိသူ ပိုင်းခြား၍ မသိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ သူ့ကျေးဇူးကို ချေဖျက်မှု ‘မက္ခ’တရားကို ထူးသောဉာဏ်ဖြင့် သိသူ ပိုင်းခြား၍ သိသူ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင် မက္ခဖြင့် သူ့ကျေးဇူးကို ချေဖျက်သူတို့သည် မကောင်းသောလားရာ ‘ဂတိ’သို့ လားရောက်ကြရကုန်၏၊ ထိုမက္ခတရားကို ကောင်းစွာသိ၍ (ခန္ဓာငါးပါးတို့ကို) အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် (ထိုမက္ခကို) ပယ်စွန့်ကုန်၏၊ (ယင်းမက္ခတရားကို) ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနကသဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

တတိယသုတ်။

---

## ၄-အဝိဇ္ဇာနီဝရဏသုတ်

၁၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အကြင်နီဝရဏဖြင့် တားမြစ်ပိတ်ပင်ခံရသော သတ္တဝါတို့သည် ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး သံသရာ၌ ပြေးသွားကျင်လည်ကြရကုန်၏၊ ထိုနီဝရဏကား အဝိဇ္ဇာနီဝရဏ ပေတည်း၊ ရဟန်းတို့ အဝိဇ္ဇာနီဝရဏမှတပါး သံသရာ၌ ပြေးသွားကျင်လည်စေတတ်သော အခြား နီဝရဏတခုကိုမျှလည်း ငါဘုရား မြင်တော်မမူ၊ မှန်၏ ရဟန်းတို့ အဝိဇ္ဇာနီဝရဏဖြင့် တားမြစ် ပိတ်ပင်ခံရသော သတ္တဝါတို့သည် ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး သံသရာ၌ ပြေးသွားကျင်လည် ရကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

http://www.dhammadownload.com



"အကြင်မောဟဟူသော အဝိဇ္ဇာနီဝရဏဖြင့် တားမြစ် ပိတ်ပင်ခံရသောသတ္တဝါတို့သည် ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး (သံသရာ၌) ကျင်လည်ကြရကုန်၏၊ ထိုမောဟဟူသော အဝိဇ္ဇာနီဝရဏကဲ့သို့ ပိတ်ပင်တတ်သော အခြားနီဝရဏတခုမျှလည်း မရှိ။

အကြင်အရိယာသာဝကတို့သည် မောဟကို ပယ်စွန့်၍ အမိုက်တိုက် အစုကို ဖောက်ခွဲကုန်၏၊ ထိုအရိယာသာဝကတို့သည် သံသရာ၌ တဖန်မကျင်လည်ရကုန်၊ ထိုအရိယာသာဝကတို့အား (သံသရာ၌ တဖန်ကျင်လည်ရန်) အကြောင်းတရား မရှိတော့ပေ"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-တဏှာသံယောဇနသုတ်

၁၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အကြင်သံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရသောသတ္တဝါတို့သည် ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး (သံသရာ၌) ပြေးသွားကျင်လည်ကြရကုန်၏၊ ထိုသံယောဇဉ်ကား တဏှာသံယောဇဉ်ပေတည်း၊ ရဟန်းတို့ တဏှာသံယောဇဉ်မှတပါး သံသရာ၌ ပြေးသွားကျင်လည်စေတတ်သော အခြားသံယောဇဉ်တခုကိုမျှလည်း ငါဘုရား မြင်တော်မမူ၊ မှန်၏ ရဟန်းတို့ တဏှာသံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရသော သတ္တဝါတို့သည် ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး (သံသရာ၌)ပြေးသွားကျင်လည်ကြရကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"တဏှာလျှင် အဖော်ရှိသော ယောကျ်ားသည် ရှည်ကြာစွာသော ကာလပတ်လုံး ကျင်လည်ရသည်ဖြစ်၍ လူ့ဘဝ, တပါးသော ဘဝ ဟူသော သံသရာကို မလွန်မြောက်နိုင်။

သတိရှိသော ရဟန်းသည် ဆင်းရဲ၏အကြောင်းဖြစ်သော ထိုတဏှာကို အပြစ်အားဖြင့် သိ၍ တဏှာကင်းသောကြောင့် နှောင်တဖန် ပဋိသန္ဓေကို မယူတော့ပဲ(သံသရာမှ)ထွက်မြောက်နိုင်ရာ၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

---

## ၆-ပဌမသေခသုတ်

၁၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ ဤယောနိသောမနသိကာရသည် အရဟတ္တဖိုလ်သို့ မရောက်သေးသော အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို တောင့်တလျက် နေသော သေက္ခရဟန်း၏ အတွင်းအဇ္ဈတ္တဖြစ်သော အကြောင်းအင်္ဂါတည်းဟု နှလုံးပြု၍ ကျေးဇူးများသကဲ့သို့ ဤအတူ ယောနိသောမနသိကာရမှ တပါး အခြားကျေးဇူးများသော တရားတခုကိုမျှလည်း ငါဘုရား မြင်တော်မမူ၊ ရဟန်းတို့ ယောနိသောမနသိကာရရှိသော ရဟန်းသည် အကုသိုလ်ကို ပယ်စွန့်၍ ကုသိုလ်ကို ပွါးစေ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ယောနိသောမနသိကာရသည် သေက္ခရဟန်းအား မြတ်သောအရဟတ္တဖိုလ်သို့ ရောက်ရန် ကျေးဇူးများသကဲ့သို့ ဤအတူ ယောနိသောမနသိကာရမှတပါး အခြားကျေးဇူးများသော တရားမရှိ၊ အသင့်အားဖြင့် အားထုတ်သောရဟန်းသည် ဆင်းရဲကုန်ရာနိဗ္ဗာန်သို့ ရောက်နိုင်ရာ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယသေခသုတ်

၁၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤမိတ်ဆွေကောင်းရှိမှုသည် အရဟတ္တဖိုလ်သို့ မရောက်သေးသော အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို တောင့်တလျက်နေသော သေက္ခရဟန်း၏ အပြင်ဗာဟိရဖြစ်သော အကြောင်းအင်္ဂါတည်းဟု နှလုံးပြု၍ ကျေးဇူးများသကဲ့သို့ ဤအတူ မိတ်ဆွေကောင်းရှိမှုမှတပါး အခြားကျေးဇူးများသော တရားတခုကိုမျှလည်း ငါဘုရား မြင်တော်မမူ၊ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အကုသိုလ်ကို ပယ်စွန့်၍ ကုသိုလ်ကို ပွါးစေနိုင်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"မိတ်ဆွေကောင်းရှိသူ အကြင်ရဟန်းသည် တုပ်ဝပ်ခြင်းရှိ၏၊ ရိုသေခြင်းရှိ၏၊ မိတ်ဆွေကောင်းတို့၏ စကားကို လိုက်နာပြုကျင့်၏၊ ပညာအဆင်အခြင်ရှိ၏၊ သတိအမြဲပြု၏၊ (ထိုရဟန်းသည်) ဝိပဿနာအစဉ်အားဖြင့် သံယောဇဉ်အားလုံးတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်နိုင်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-သံဃဘေဒသုတ်

၁၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသော တရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများစီးပွါးမဲ့ရန် လူအများမချမ်းသာရန် လူအများအကျိုးမဲ့ရန် နတ်လူတို့ အကျိုးစီးပွါးမရှိရန် ဆင်းရဲရန်သာ ဖြစ်၏၊ တခုသောတရားဟူသည် အဘယ်နည်း၊သံဃာကွဲပြားမှုတည်း၊ရဟန်းတို့ သံဃာကွဲပြားသည်ရှိသော် သံဃာကွဲပြားခြင်းကြောင့် အချင်းချင်း ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ အချင်းချင်း ခြိမ်းချောက်မှုတို့သည်လည်း ဖြစ်ကုန်၏၊ အချင်းချင်း ရှုတ်ချပစ်ပယ်မှုတို့သည်လည်း ဖြစ်ကုန်၏၊ အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့သည်လည်း ဖြစ်ကုန်၏၊ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသေးသောသူတို့လည်း မကြည်ညိုကုန်၊ ကြည်ညိုပြီးသော အချို့သူတို့လည်း အကြည်ညိုပျက်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"သံဃာကို သင်းခွဲသူသည် အပါယ်၌ ဖြစ်ထိုက်၏၊ (အဝီစိ)ငရဲ၌ ဖြစ်ရ၏၊(အန္တရ)ကပ်ပတ်လုံး တည်၏၊ သံဃာကွဲပြားမှု၌ မွေ့လျော်၍ မတရားမှု၌ တည်သူသည် ယောဂလေးဖြာကုန်ရာ နိဗ္ဗာန်မှ ဆုတ်ယုတ်၏၊ ညီညွတ်သောသံဃာကို သင်းခွဲသောကြောင့် (အန္တရ)ကပ်ပတ်လုံး ငရဲ၌ ကျက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-သံဃသာမဂ္ဂီသုတ်

၁၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသော တရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ အကျိုးစီးပွါးရှိရန် လူအများ ချမ်းသာရန် လူအများအကျိုးရှိရန် နတ်လူတို့အကျိုးစီးပွါးရှိရန် ချမ်းသာရန်သာ ဖြစ်၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ သံဃာညီညွတ်မှုတည်း၊ ရဟန်းတို့ သံဃာညီညွတ်သည်ရှိသော် သံဃာညီညွတ်ခြင်းကြောင့် အချင်းချင်း ငြင်းခုံမှုတို့သည်လည်း မဖြစ်ကုန်၊ အချင်းချင်း ခြိမ်းချောက်မှုတို့သည်လည်း မဖြစ်ကုန်၊ အချင်းချင်း ရှုတ်ချပစ်ပယ်မှုတို့သည်လည်း မဖြစ်ကုန်၊ အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့သည်လည်း မဖြစ်ကုန်၊ ထိုသံဃာညီညွတ်ရာ၌ မကြည်ညိုသေးသော သူတို့သည်လည်း ကြည်ညိုကုန်၏၊ ကြည်ညိုပြီးသူတို့သည်လည်း တိုး၍ ကြည်ညိုကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

"သံဃာညီညွတ်မှုသည်ငှင်း ညီညွတ်သူတို့အား ချီးမြှောက်မှုသည်ငှင်း ချမ်းသာ၏၊ ညီညွတ်မှု၌ မွေ့လျော်၍ တရား၌ တည်သောသူသည် ယောဂလေးဖြာ ကုန်ရာ နိဗ္ဗာန်မှ

http://www.dhammadownload.com



မဆုတ်ယုတ်နိုင်၊ သံဃာညီညွတ်မှုကို ပြုသောကြောင့် အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

နဝမသုတ်။

---

## ၁၀-ပဒုဋ္ဌစိတ္တသုတ်

၂၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤလောက၌ ဒေါသစိတ်ရှိသူ အချို့သောပုဂ္ဂိုလ်ကို ဤသို့ (ငါဘုရား၏)စိတ်ဖြင့် ထိုသူ၏စိတ်ကို ပိုင်းခြား၍ သိ၏ “ဤဒေါသစိတ်ရှိသောအခါ၌ ဤပုဂ္ဂိုလ်သည် သေခဲ့မူ ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ ငရဲ၌ ကျရလေ၏၊ဤသို့ ငရဲကျရခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူ၏စိတ်သည် ဒေါသဖြင့် ဖျက်ဆီးအပ်သောကြောင့်တည်း”၊ ရဟန်းတို့ ဒေါသစိတ်ရှိခြင်းဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ကြရကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“မြတ်စွာဘုရားသည် ဤလောက၌ ဒေါသစိတ်ရှိသူ အချို့သောပုဂ္ဂိုလ်ကိုသိ၍ ရဟန်းတို့အား ဤဆိုလတ္တံ့သော အနက်သဘောကို ဟောကြားတော်မူ၏။

ဤပုဂ္ဂိုလ်သည် ဒေါသစိတ်ရှိသော အချိန်အခါ၌ သေခဲ့မူ ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ငရဲ၌ဖြစ်ရာ၏၊ (အဘယ့်ကြောင့်ဆိုသော်) ထိုပုဂ္ဂိုလ်၏ စိတ်ကို ဒေါသသည် ဖျက်ဆီးအပ်သောကြောင့်တည်း။

မှန်၏ သတ္တဝါတို့သည် ဒေါသဖျက်ဆီးအပ်သော စိတ်ဟူသော အကြောင်းကြောင့် မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့ လားရောက်ကြရကုန်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

---

## ၃-တတိယဝဂ် ၁-ပသန္နစိတ္တသုတ်

၂၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤလောက၌ စိတ်ကြည်လင်သူ အချို့သော ပုဂ္ဂိုလ်ကို ဤသို့ (ငါဘုရား၏ စိတ်ဖြင့်) ထိုသူ၏ စိတ်ကို ပိုင်းခြား၍ သိ၏ “ဤစိတ်ကြည်လင်သောအခါ၌ ဤပုဂ္ဂိုလ်သည် သေခဲ့မူ

http://www.dhammadownload.com



ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ နတ်ပြည်၌ဖြစ်ရ၏"။ ယင်းသို့ နတ်ပြည်၌ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသူ၏ စိတ်သည် ကြည်လင်သောကြောင့်တည်း။ ရဟန်းတို့ စိတ်ကြည်လင်ခြင်းဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ကြရကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"မြတ်စွာဘုရားသည် ဤလောက၌ စိတ်ကြည်လင်သူ အချို့သော ပုဂ္ဂိုလ်ကို သိ၍ ရဟန်းတို့အား ဤဆိုလတ္တံ့သော အနက်သဘောကို ဟောကြားတော်မူ၏။

ဤပုဂ္ဂိုလ်သည် စိတ်ကြည်လင်သောအခါ၌ သေခဲ့မူ ဝန်ထုပ်ကိုဆောင်ယူ၍ ချထားသကဲ့သို့ ဤအတူ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည် သုဂတိဘဝ၌ ဖြစ်ရ၏၊ (အဘယ့်ကြောင့်ဆိုသော်)ထိုပုဂ္ဂိုလ်၏စိတ်သည် ကြည်လင်သောကြောင့်တည်း။

မှန်၏ သတ္တဝါတို့သည် စိတ်ကြည်လင်ခြင်းဟူသော အကြောင်းကြောင့် ကောင်းသောလားရာ သုဂတိဘဝသို့ လားရောက်ကြရကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

## ၂-မေတ္တသုတ်

၂၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကုသိုလ်ကောင်းမှုတို့ကို မကြောက်ကြကုန်လင့်၊ ရဟန်းတို့ ကုသိုလ်ကောင်းမှုတို့ဟူသော ဤအမည်သည် ထိုအလိုရှိအပ် နှစ်သက်အပ် ချစ်ခင်အပ် မြတ်နိုးအပ်သော ချမ်းသာသုခ၏အမည်ပေတည်း၊ ရဟန်းတို့ ငါဘုရားသည် ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး မိမိပြုအပ်သောကုသိုလ်တို့၏ အလိုရှိအပ် နှစ်သက်အပ် ချစ်ခင်အပ် မြတ်နိုးအပ်သော အကျိုးကို ခံစားဘူးသည်ကို မျက်မှောက်ထင်ထင်သိမြင်တော်မူ၏၊ခုနစ်နှစ်တို့ပတ်လုံး မေတ္တာစိတ်ကို ပွါး၍ ခုနစ်ကမ္ဘာတို့ပတ်လုံး ဤကာမဘုံသို့ မလာရောက်ရတော့ပေ၊ရဟန်းတို့ ကမ္ဘာပျက်သောအခါ၌ အာဘဿရဘုံသို့ ရောက်နေရ၏၊ ကမ္ဘာတည်မိသောအခါ၌ သတ္တဝါကင်းသော ဗြဟ္မာ့ဘုံ၌ ဖြစ်လာ၏။

ရဟန်းတို့ ထိုဗြဟ္မာ့ဘုံ၌ ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ လွှမ်းမိုးနိုင်သူဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏၊ စင်စစ်(အလုံးစုံကို) မြင်သူဖြစ်၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ ရဟန်းတို့ ငါဘုရားသည် သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် နတ်တို့အရှင် သိကြားမင်း ဖြစ်ဘူး၏၊ အကြိမ်ရာပေါင်းများစွာ သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်သူအပေါင်းတို့ကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော တရားစောင့်သော တရားနှင့်အညီ မင်းပြုသော စကြဝတေးမင်း ဖြစ်ဘူး၏၊ပဒေသရာဇ်မင်းအဖြစ်မှာကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ရဟန်းတို့ "ယခုအခါ ငါဘုရား၏ ဤသို့တန်ခိုးကြီးခြင်း ဤသို့အာနုဘော်ကြီးခြင်းဟူသော ဤအကျိုးတရားသည် အဘယ်ကံ၏ အကျိုးနည်း၊ အဘယ်ကံ၏ဝိပါက်နည်း"ဟု ဤသို့ ငါဘုရား

http://www.dhammadownload.com



အား အကြံဖြစ်၏၊ရဟန်းတို့"ယခုအခါ ငါဘုရား၏ ဤသို့တန်ခိုးကြီးခြင်း ဤသို့ အာနုဘော်ကြီးခြင်း ဟူသော ဤအကျိုးတရားသည ပေးကမ်းလှူဒါန်းမှု ဣန္ဒြေကို ဆုံးမမှု ကိုယ်နှုတ်ကို စောင့်စည်းမှု ဟူသော ဤကုသိုလ်သုံးပါးတို့၏ အကျိုးတည်း၊ ဤကုသိုလ်သုံးပါး၏ ဝိပါက်တည်း"ဟု ဤသို့ ငါဘုရားအား အကြံဖြစ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ထိုသူသည် ကုသိုလ်ကောင်းမှုကိုသာလျှင် ကျင့်ရာ၏၊နောင်အခါ၌ မြတ်သော ချမ်းသာကျိုးရှိသော ဒါနကိုဌင်း ကောင်းသောအကျင့်ကိုဌင်း မေတ္တာစိတ်ကိုဌင်း ပွါးများရာ၏။

ပညာရှိသည် သုခလျှင် အာနိသင်ရှိကုန်သော ဤတရားသုံးပါးတို့ကို ပွါးများ၍ ကြောင့်ကြမှု 'ဗျာပါဒ'ကင်းသော ချမ်းသာသော လောကသို့ ကပ်ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-ဥဘယတ္ထသုတ်

၂၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည—

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော တခုသောတရားသည် မျက်မှောက်အကျိုး တမလွန်အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို ကောင်းစွာ ယူ၍ တည်၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့မှု 'အပ္ပမာဒ'တရားပင်တည်း၊ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤတခုသောတရားသည် မျက်မှောက်အကျိုး တမလွန်အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို ကောင်းစွာယူ၍ တည်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ပညာရှိတို့သည် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့မှုကို ချီးမွမ်းကြကုန်၏၊ ပညာရှိတို့သည် မမေ့မလျော့သည်ဖြစ်၍ အကျိုးနှစ်ပါးတို့ကို ယူနိုင်၏။

မျက်မှောက်အကျိုး တမလွန်အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို ရခြင်းကြောင့် ပညာရှိကို ပဏ္ဍိတဟူ၍ ဆိုအပ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

တတိယသုတ်။

http://www.dhammadownload.com



## ၄-အဠိပုဥ္ဇသုတ်

၂၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

စုဆောင်းထားသူလည်း ရှိခဲ့မူ စုဆောင်းထားတိုင်းလည်း မပျက်စီးခဲ့မူ တကမ္ဘာပတ်လုံး ပြေးသွားကျင်လည်သော ပုဂ္ဂိုလ်တယောက်၏ ကြီးစွာသော အရိုးပေါင်း အရိုးပုံ အရိုးစုသည် ဤဝေပုလ္လတောင်ကြီးမျှပင် ရှိသည် ဖြစ်ရာ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"တကမ္ဘာပတ်လုံး (ကျင်လည်ပြေးသွားရသော) ပုဂ္ဂိုလ်တယောက်၏ အရိုးစုသည် တောင်မျှလောက် အစုအပုံရှိသည် ဖြစ်ရာ၏ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။

ထိုတောင်ကိုမူကား မဂဓတိုင်းတို့၏ ဂိရိဗ္ဗဇမည်သော (ရာဇဂြိုဟ်)မြို့ဝယ် ဂိဇ္ဈကုဋ်တောင်၏မြောက်ဖက်၌ တည်သော ကြီးသော ဝေပုလ္လတောင်ဟု ဆိုအပ်၏။

ဒုက္ခသစ္စာကိုရင်း ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုရင်း ဒုက္ခကို လွန်မြောက်ရာ 'နိရောဓ'သစ္စာကိုရင်း ဒုက္ခ၏ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းဖြစ်သော မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာဟု ဆိုအပ်သော အရိယသစ္စာတို့ကို အကြင်အခါ၌ ကောင်းသောပညာဖြင့် မြင်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်သည် (ကာမဘုံ၌)ခုနစ်ကြိမ် အလွန်ပြေးသွား၍ သံယောဇဉ်အားလုံးတို့၏ ကုန်ခြင်းကြောင့် ဒုက္ခ၏အဆုံးကို ပြုလေတော့၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-မုသာဝါဒသုတ်

၂၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တခုသောတရားကို လွန်ကျူး၍တည်သော ပုဂ္ဂိုလ်အား တစုံတရာသော မကောင်းမှုကို မပြုလုပ်ဟူ၍ ငါဘုရား မဟော၊ တခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ယင်းတခုသောတရားဟူသည် သိလျက် ချွတ်ယွင်းသောစကားကိုပြောဆိုမှု 'မုသာဝါဒ' တရားပင်တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"တမလွန်လောကကို စွန့်လွှတ်ပြီးသော တခုသော တရားကို လွန်ကျူးသော မုသားပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်အား မည်သည့် မကောင်းမှုကိုမျှ မပြုနိုင်ဟူ၍ မရှိတော့ပေ"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒါနသုတ်

၂၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ သိကြကုန်မူ မပေးလှူပဲ မစားကုန်ရာ၊ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ်အညစ်အကြေးသည် ထိုသူ၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ၊ အလှူခံပုဂ္ဂိုလ်ရှိကုန်မူ ထိုသူတို့သည် နောက်ဆုံးဖြစ်သော ထမင်းလုပ် ထမင်းဆုပ်မှသော်လည်း မခွဲခြမ်း မဝေဖန်မူ၍ မစားကုန်ရာ။ ရဟန်းတို့ သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ မသိကုန်သောကြောင့်သာ မပေးလှူပဲ စားကြကုန်၏၊ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ်အညစ်အကြေးသည် ထိုသူတို့၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ တည်လေ၏ဟု ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ခွဲခြမ်းဝေဖန်မှုသည် ဤသို့ကြီးသော အကျိုးရှိ၏ဟု ခွဲခြမ်းဝေဖန်မှု၏ အကျိုးကို မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း အကယ်၍ သိကြကုန်မူ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ် အညစ်အကြေးကို ပယ်ဖျောက်၍ အထူးကြည်လင်သော စိတ်ဖြင့် အကြင်အရိယာပုဂ္ဂိုလ်တို့၌ ပေးလှူသောအလှူသည် အကျိုးကြီး၏၊ ထိုအရိယာပုဂ္ဂိုလ်တို့၌ လျောက်ပတ်သောအခါ ပေးလှူကုန်ရာ၏။

လူများစွာအား ထမင်းကိုဋ္ဌင်း မြတ်သောအလှူခံပုဂ္ဂိုလ်တို့၌ မြတ်သောအလှူကိုဋ္ဌင်း ပေးလှူသောကြောင့် အလှူဒါယကာတို့သည် ဤလူ၏အဖြစ်မှ စုတေသည်ရှိသော် နတ်ပြည်သို့ လားရောက်ကြရကုန်၏။

နတ်ပြည်၌ ရောက်ကြကုန်သော ထိုသတ္တဝါတို့သည် ထိုနတ်ပြည်၌ အလိုရှိအပ်သော ကာမဂုဏ်တို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြရကုန်၏၊ ဝန်တိုမှုမရှိသူတို့သည် ခွဲခြမ်းဝေဖန်ခြင်းအကျိုးကို ခံစားကြရကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-မေတ္တာဘာဝနာသုတ်

၂၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ခန္ဓာဟူသော ဥပဓိအကျိုးရှိကုန်သော ပုညကိရိယဝတ္ထုဟူသော ကုသိုလ်ကောင်းမှုဟူသမျှအားလုံးတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု(အပ္ပနာစျာန်)၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှ မထိုက်တန်ကုန်၊ မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု

http://www.dhammadownload.com



(အပ္ပနာဈာန်)သည်သာလျှင် ထိုပုညကိရိယဝတ္ထု ကုသိုလ်ကောင်းမှုတို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်း တောက်ပြောင်၏၊ ထွန်းပလည်း ထွန်းပ၏၊ တင့်တယ်လည်း တင့်တယ်၏။

ရဟန်းတို့ ကြယ်တာရာတို့၏ အရောင်ဟူသမျှ အားလုံးတို့သည် လရောင်၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ မဆိုက်ဘန်ကုန်၊ လရောင်သည်သာလျှင် ထိုကြယ်တာရာအရောင်တို့ကို လွှမ်းမိုး၍ တောင်ပြောင်လည်းတောက်ပြောင် ထုန်းပလည်းထုန်းပ တင့်တယ်လည်းတင့်တယ်သကဲ့သို့ ဤအတူ ခန္ဓာဟူသော ဥပဓိအကျိုးရှိကုန်သော ပုညကိရိယဝတ္ထု ကုသိုလ်ကောင်းမှုဟူသမျှအားလုံးတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု (အပ္ပနာဈာန်)၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ မထိုက်တန်ကုန်၊ မေတ္တာနှင့်ယှဉ်သော စိတ်၏ လွတ်မြောက်မှု (အပ္ပနာဈာန်)သည်သာလျှင် ထိုပုညကိရိယဝတ္ထု ကုသိုလ်ကောင်းမှုတို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်းတောက်ပြောင်၏၊ ထွန်းပလည်း ထွန်းပ၏၊ တင့်တယ်လည်း တင့်တယ်၏။

ရဟန်းဘို့ မိုးဥတု၏နောက်ဆုံးဖြစ်သော တန်ဆောင်မုန်းလ သရဒဥတု၌ ကောင်းကင်ဟင်းလင်းဖြစ်၍ မိုးတိမ်ကင်းလတ်သော် နေမင်းသည် ကောင်းကင်သို့တက်လျက် ကောင်းကင်ရှိ အမိုက်တိုက်အားလုံးကို ပယ်ဖျောက်၍ တောက်ပြောင်လည်း တောက်ပြောင် ထွန်းပလည်း ထွန်းပ တင့်တယ်လည်း တင့်တယ်သကဲ့သို့ ခန္ဓာဟူသော ဥပဓိအကျိုးရှိကုန်သော ကုသိုလ်ကောင်းမှု ပုညကိရိယဝတ္ထု ဟူသမျှအားလုံးတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု (အပ္ပနာဈာန်)၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ မထိုက်တန်ကုန်၊ မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု(အပ္ပနာဈာန်)သည်သာလျှင် ထိုပုညကိရိယဝတ္ထု ကုသိုလ်ကောင်းမှုတို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်း တောက်ပြောင်၏၊ ထွန်းပလည်း ထွန်းပ၏၊ တင့်တယ်လည်း တင့်တယ်၏။

ရဟန်းတို့ ညဉ့်၏မိုးသောက်ခါနီး၌ သောကြာကြယ်သည် တောက်ပြောင်လည်းတောက်ပြောင် ထွန်းပလည်းထွန်းပ တင့်တယ်လည်းတင့်တယ်သကဲ့သို့ ဤအတူသာလျှင် ခန္ဓာဟူသော ဥပဓိအကျိုးရှိသော ပုညကိရိယဝတ္ထု ကုသိုလ်ကောင်းမှု ဟူသမျှအားလုံးတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု (အပ္ပနာဈာန်)၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ မထိုက်တန်ကုန်၊ မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု (အပ္ပနာဈာန်)သည်သာလျှင် ထိုပုညကိရိယဝတ္ထု ကုသိုလ်ကောင်းမှုတို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်း တောက်ပြောင်၏၊ ထွန်းပလည်း ထွန်းပ၏၊ တင့်တယ်လည်း တင့်တယ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူသည် အမြဲသတိပြုလျက် အတိုင်းအရှည် ပမာဏမရှိသော မေတ္တာဈာန်ကို ပွါးများ၏၊ ခန္ဓာဟူသော ဥပဓိကုန်ရာ နိဗ္ဗာန်ကို မြင်သော ထိုသူအား သံယောဇဉ်တို့သည် ခေါင်းပါးကုန်၏။

(ဗျာပါဒကြောင့်) ပျက်စီးသော စိတ်မရှိသူသည် တဦးတယောက်သော သတ္တဝါကိုသော်လည်း အကယ်၍ မေတ္တာပွါးများခဲ့မူ ထိုမေတ္တာပါးများခြင်းကြောင့် လွန်ကဲသော ကောင်းမှုကုသိုလ်ရှိသူ ဖြစ်၏၊ သတ္တဝါအားလုံးတို့ကို စိတ်ဖြင့် စောင့်ရှောက်သော စင်ကြယ်သော စိတ်ရှိသူသည် များစွာ ကောင်းမှု အစုကို ပြီးစေ၏။

http://www.dhammadownload.com



အကြင်ရာဇိသယမည်ကုန်သော တရားစောင့်မင်းတို့သည် သတ္တဝါတို့ဖြင့် ပြည့်ကြပ်နေသောမြေပြင်အလုံးကို အောင်နိုင်၍ အခွန်ဆယ်ခိုင့်တခိုင်ယူခြင်း'သဿမေဓ' စစ်သူကြီးတို့အား ခြောက်လတကြိမ် ရိက္ခာပေးခြင်း'ပုရိသမေဓ' သူဆင်းရဲတို့အား လက်မှတ်ရေးထိုးစေ၍ အသပြာ တထောင်နှစ်ထောင် အတိုးအပွါးမရှိထုတ်ချေးခြင်း 'သမ္မာပါသ' ချစ်သားဦးရီးစသည့် သိမ်မွေ့သောစကားဖြင့်ချီးမြှောက်ခြင်း'ဝါဇပေယျ' ဤသင်္ဂဟတရား လေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ကုန်၍ အိမ်တို့၌ တံခါးအပိတ်မရှိသည်ကို ပြုကုန်လျက် လှည့်လည်ကုန်၏။

အလုံးစုံသော ကြယ်တာရာအပေါင်းတို့သည် လရောင်၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှ မထိုက်တန်သကဲ့သို့ ထိုမင်းတို့၏သဿမေဓစသော သင်္ဂဟတရားလေးပါးတို့သည် ကောင်းစွာပွါးများအပ်သော မေတ္တာနှင့်ယှဉ်သော စိတ်၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှလည်း မထိုက်ဘန်ကုန်။

သတ္တဝါအားလုံးတို့၌ မေတ္တာနှင့်ယှဉ်သော စိတ်အဘိုအစရှိသော အကြင်သူသည် (တစုံတယောက်ကို) ကိုယ်တိုင်လည်း မညှဉ်းဆဲ၊ မသတ်ပုတ်၊ အနိုင်အထက်ပြု၍လည်း အနိုင်မယူ၊ သူတပါးကိုလည်း မဆုံးရှုံးစေ၊ ထိုသူအား တစုံတရာသောအကြောင်းကြောင့် ဘေးရန်မဖြစ်နိုင်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

တတိယဝဂ် ပြီး၏။

# ကောကနိပါတ် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုကနိပါတ်

## ၁-ပဌမဝဂ် ၁-ဒုက္ခဝိဟာရသုတ်

၂၈။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တရားနှစ်ပါးတို့နှင့် ပြည့်စုံသောရဟန်းသည် ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲစွာနေရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့သာ မချွတ် ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏၊ အဘယ်နှစ်ပါးတို့နှင့်နည်း၊ ဣန္ဒြေတို့၌ ပိတ်ဆို့မထားသော တံခါးရှိသည်၏ အဖြစ်နှင့်၎င်း စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်မသိသည်၏ အဖြစ်နှင့်၎င်းတည်း၊ ရဟန်းတို့ ဤတရားနှစ်ပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပူလောင်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲစွာ နေရ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသော လားရာ ဒုဂ္ဂတိဘဝသို့သာ မချွတ် ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းသည် မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဟူကုန်သော ဤဒွါရတို့ကို ပိတ်ဆို့မထား၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိ၊ ဣန္ဒြေတို့၌ မစောင့်ရှောက်၊ ထိုရဟန်းသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဟူသော ဆင်းရဲကို ရ၏။

ထိုသို့သဘောရှိသော ရဟန်းသည် နေ့၌၎င်း ညဉ့်၌၎င်း ပူလောင်သောကိုယ် ပူလောင်သောစိတ်ဖြင့် ဆင်းရဲစွာနေရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-သုခဝိဟာရသုတ်

၂၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တရားနှစ်ပါးတို့နှင့် ပြည့်စုံသောရဟန်းသည် ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်းမရှိမူ၍ ချမ်းသာစွာနေရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောလားရာ သုဂတိဘဝသို့ မချွတ်ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏၊ အဘယ်တရားနှစ်ပါးတို့နှင့်နည်း၊ ဣန္ဒြေတို့၌ ပိတ်ဆို့ထားသော တံခါးရှိသည်၏အဖြစ်နှင့်၎င်း စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်၏အဖြစ်နှင့်၎င်းတည်း၊ ရဟန်းတို့ ဤတရားနှစ်ပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပူလောင်ခြင်းမရှိမူ၍ ချမ်းသာစွာ နေရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော လားရာ သုဂတိဘဝသို့ မချွတ်

http://www.dhammadownload.com



ရောက်လိမ့်မည်ဟု မြွက်လင့်အပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းသည် မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဟူကုန်သော ဤဒွါရတို့ကို ကောင်းစွာ ပိတ်ဆို့ထား၏၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၏၊ ဣန္ဒြေတို့၌ စောင့်ရှောက်၏၊ထိုရဟန်းသည် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဟူသော ချမ်းသာကို ရ၏။

ထိုသို့သဘောရှိသော ရဟန်းသည် နေ့၌ရှင်း ညဉ့်၌ရှင်း မပူလောင်သောကိုယ် မပူလောင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-တပနီယသုတ်

၃၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ပူပန်စေတတ်သော တရားတို့သည် ဤနှစ်ပါးတို့တည်း၊ အဘယ်နှစ်ပါးတို့နည်း— ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကောင်းမှုကိုမပြုသူ ကုသိုလ်ကိုမပြုသူ သံသရာဘေးကိုကြောက်သူတို့၏ အစောင့်အရှောက်တရားကိုမပြုသူ ဖြစ်၏၊ယုတ်မာမှုကို ပြုသူ ကြမ်းကြုတ်မှုကို ပြုသူ ခက်ထန်ရက်စက်မှုကို ပြုသူဖြစ်၏၊ ထိုသူသည် ကောင်းမှုကို ငါမပြုလိုက်မိ'ဟူ၍လည်း ပူပန်၏၊ မကောင်းမှုကို ငါပြုလိုက်မိ၏'ဟူ၍လည်း ပူပန်၏၊ ရဟန်းတို့ ပူပန်စေတတ်သော တရားတို့သည် ဤနှစ်ပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ပညာမဲ့သူသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ပြုသောကြောင့်ရှင်း (ရာဂစသော)အပြစ်နှင့်ယှဉ်သော အခြားအမှုကို ပြုသောကြောင့်ရှင်း ကုသိုလ်ကံကို မပြုပဲ အကုသိုလ်ကံကိုသာ အကြိမ်များစွာ ပြုခြင်းကြောင့်ရှင်း ခန္ဓာကိုယ်ပျက်စီးသောအခါ ငရဲသို့ ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

တတိယသုတ်။

---

## ၄-အတပနီယသုတ်

၃၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ မပူပန်စေတတ်သောတရားတို့သည် ဤနှစ်ပါးတို့တည်း၊ အဘယ်နှစ်ပါးတို့နည်း- ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကောင်းမှုကိုပြုသူ ကုသိုလ်ကိုပြုသူ သံသရာဘေ

ကြောက်သူတို့၏ အစောင့်အရှောက်တရားကို ပြုပြီးသူဖြစ်၏၊ ယုတ်မာမှုကိုမပြုသူ ကြမ်းကြုတ်မှုကို မပြုသူ ခက်ထန်ရက်စက်မှုကို မပြုသူ ဖြစ်၏၊ ထိုသူသည် “ကောင်းမှုကို ငါပြုလိုက်မိ၏”ဟူ၍လည်း မပူပန်၊ “မကောင်းမှုကို ငါမပြုလိုက်မိ”ဟူ၍လည်း မပူပန်၊ ရဟန်းတို့ မပူပန်စေတတ်သော တရားတို့သည် ဤနှစ်ပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“ပညာရှိသူသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ပယ်စွန့်သောကြောင့်ရင်း (ရာဂစသော)အပြစ်နှင့်ယှဉ်သော အခြားအမှုကို ပယ်စွန့်သောကြောင့်ရင်း အကုသိုလ်ကံကို မပြုပဲ ကုသိုလ်ကံကိုသာ အကြိမ်များစွာ ပြုခြင်းကြောင့်ရင်း ခန္ဓာကိုယ် ပျက်စီးသောအခါ နတ်ပြည်သို့ ရောက်ရ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၁-ပဌမသီလသုတ်

၃၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တရားနှစ်ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ ငရဲသို့ ကျရောက်ရ၏၊ အဘယ်နှစ်ပါးတို့နှင့်နည်း—ယုတ်ညံ့သော သီလနှင့်ရင်း ယုတ်ညံ့သောအယူနှင့်ရင်းတည်း၊ ရဟန်းတို့ ဤတရားနှစ်ပါးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ ငရဲသို့ ကျရောက်ရ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင်သူသည် ယုတ်ညံ့သော သီလနှင့်ရင်း ယုတ်ညံ့သောအယူနှင့်ရင်း ဤတရားနှစ်ပါးတို့နှင့် ပြည့်စုံ၏၊ ပညာမဲ့သောထိုသူသည် ခန္ဓာကိုယ်ပျက်စီးသောအခါ ငရဲသို့ ကျရောက်ရ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

---

## ၆-ဒုတိယသီလသုတ်

၃၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တရားနှစ်ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏၊ အဘယ်နှစ်ပါးတို့နှင့်နည်း—ကောင်းမြတ်သောသီလနှင့်ရင်း

http://www.dhammadownload.com



ကောင်းမြတ်သောအယူနှင့်ဂုင်းတည်း၊ ရဟန်းတို့ ဤတရားနှစ်ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဝန်ထုပ်ကို ဆောင်ယူ၍ချထားသကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူသည် ကောင်းမြတ်သော သီလနှင့်ဂုင်း ကောင်းမြတ်သော အယူနှင့်ဂုင်း ဤတရားနှစ်ပါးတို့နှင့် ပြည့်စုံ၏၊ ပညာရှိသောထိုသူသည် ခန္ဓာကိုယ် ပျက်စီးသောအခါ နတ်ပြည်သို့ ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-အာတာပီသုတ်

၃၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကိလေသာကို ပူပန်စေတတ်သောလုံ့လမရှိသူ မကောင်းမှုမှမထိတ်လန့်တတ်သူ ရဟန်းသည် သစ္စာလေးပါးတရားကို သိခြင်းငှါ မထိုက်တန်၊ နိဗ္ဗာန်ရခြင်းငှါ မထိုက်တန်၊ အတုမရှိ မြတ်၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းငှါ မထိုက်တန်၊ ရဟန်းတို့ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိသူ မကောင်းမှုမှ ထိတ်လန့်တတ်သူ ရဟန်းသည် သစ္စာလေးပါးတရားကို သိခြင်းငှါ ထိုက်တန်၏၊ နိဗ္ဗာန်ရခြင်းငှါ ထိုက်တန်၏၊ အတုမရှိ မြတ်၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းငှါ ထိုက်တန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းသည် ထိနမိဒ္ဓများသည်ဖြစ်၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လမရှိ၊ မကောင်းမှုမှ မထိတ်လန့်တတ်၊ ပျင်းရိ၏၊ ဝီရိယယုတ်လျော့၏၊ မကောင်းမှု မရှက်တတ်၊ အကျင့်၌ မရှိသော၊ ထိုသို့သဘောရှိသော ရဟန်းသည် မြတ်သောအရဟတ္တဖိုလ်ကို တွေ့ထိ သိမြင်ခြင်းငှါ မထိုက်တန်။

အကြင်ရဟန်းသည်ကား သတိရှိ၏၊ ရင့်ကျက်သောပညာရှိ၏၊ သမထဝိပဿနာဖြင့် ရှုလေ့ရှိ၏၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိ၏၊ မကောင်းမှုမှ ထိတ်လန့်တတ်၏၊ မေ့လျော့မှုမရှိ၊ (ထိုရဟန်းသည်) သံယောဇဉ်ကိုဂုင်း ပဋိသန္ဓေနေခြင်း အိုခြင်းကိုဂုင်း ဖြတ်တောက်၍ ဤဘဝ၌ပင် အတုမရှိမြတ်သော အရဟတ္တဖိုလ်ကို တွေ့ထိသိရှိနိုင်ရာ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ပဌမ နကုဟနသုတ်

၃၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ လူအပေါင်းကို အံ့ဩစေရန် လူအပေါင်းက ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားစေရန် လာဘ်ပူဇော်သက္ကာ အကျော်အစောဟူသော အကျိုးအာနိသင်ရရှိရန် ဤမြတ်သော အကျင့်ကို ကျင့်သုံးသည်မဟုတ်၊ဤသို့ ကျင့်သုံးသဖြင့် ငါ့ကို လူအပေါင်းသည် သိစေသတည်းဟု နှလုံးသွင်း၍ ဤမြတ်သောအကျင့်ကို ကျင့်သုံးသည်မဟုတ်၊ ရဟန်းတို့ စင်စစ် (ကာယဒုစရိုက်စသည်မှ )စောင့်စည်းရန်ငှါး (တဒင်္ဂပဟာန်စသည်ဖြင့်)ပယ်ရန်ငှါး ဤမြတ်သောအကျင့်ကိုကျင့်သုံး၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

"နိဗ္ဗာန်တည်းဟူသော ထောက်တည်ရာကမ်းသို့ ရောက်စေတတ်သော မျက်မှောက် မျက်ကွယ် ဘေးရန်မရှိသော မြတ်သောအကျင့်ကို (ကာယဒုစရိုက်စသည်မှ) စောင့်စည်းရန် တဒင်္ဂပဟာန်စသည်ဖြင့်ပယ်ရန် ထိုမြတ်စွာဘုရား ဟောတော်မူ၏။

ဤမဂ်(လမ်းစဉ်)ကို မြတ်သောစိတ်ဓာတ်ရှိကုန်သော ဘုရားအရိယာတို့သည် အစဉ်အတိုင်း ကြွသွားတော်မူကုန်၏၊ အကြင်အကြင်သူတို့သည် မြတ်စွာဘုရား ဟောကြားတော်မူတိုင်း ထိုမဂ်(လမ်းစဉ်)သို့ သွားရောက်ကြကုန်၏၊ မြတ်စွာဘုရား ဆုံးမသည့်အတိုင်းပြုကျင့်ကုန်သော ထိုထိုသူတို့သည် ဆင်းရဲ၏ကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကုန်လတ္တံ့"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ နကုဟနသုတ်

၃၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ လူအပေါင်းကို အံ့ဩစေရန် လူအပေါင်းက ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားစေရန် လာဘ်ပူဇော်သက္ကာ အကျော်အစောဟူသော အကျိုးအာနိသင်ရရှိရန် ဤမြတ်သောအကျင့်ကို ကျင့်သုံးသည်မဟုတ်၊ ဤသို့ ကျင့်သုံးသဖြင့် ငါ့ကို လူအပေါင်းသည် သိစေသတည်းဟု နှလုံးသွင်း၍ ဤမြတ်သောအကျင့်ကို ကျင့်သုံးသည်မဟုတ်။ ရဟန်းတို့ စင်စစ် ထူးသောဉာဏ်ဖြင့် သိရန် ပိုင်းခြားသိရန် ဤမြတ်သောအကျင့်ကို ကျင့်သုံး၏။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"နိဗ္ဗာန်တည်းဟူသော ထောက်တည်ရာကမ်းသို့ ရောက်စေတတ်သော မျက်မှောက် မျက်ကွယ် ဘေးရန်မရှိသော မြတ်သောအကျင့်ကို ထူးသောဉာဏ်ဖြင့်သိရန်ငှါး ပိုင်းခြားသိရန်ငှါး ထိုမြတ်စွာဘုရား ဟောတော်မူ၏။

http://www.dhammadownload.com



ဤမဂ်(လမ်းစဉ်)ကို မြတ်သော စိတ်ဓာတ်ရှိကုန်သော ဘုရားအရိယာပုဂ္ဂိုလ်တို့သည် အစဉ်အတိုင်း ကြွသွားတော်မူကြကုန်၏၊ အကြင်အကြင်သူတို့သည် မြတ်စွာဘုရား ဟော ကြားတော်မူတိုင်း ထိုမဂ်(လမ်းစဉ်)သို့ သွားရောက်ကြကုန်၏၊ မြတ်စွာဘုရား ဆုံးမသည့် အတိုင်း ပြုကျင့်ကုန်သော ထိုထိုသူတို့သည် ဆင်းရဲ၏ကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်ကုန်လတ္တံ့”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

နဝမသုတ်။

## ၁၀-သောမနဿသုတ်

၃၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တရားနှစ်ပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်း များလျက် နေရ၏၊ထိုရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်း၏အကြောင်း ကိုအားထုတ်အပ်သည်ဖြစ်၏၊ အဘယ်နှစ်ပါးတို့နှင့်နည်း—သံဝေဖြစ်စေတတ်သော အရာတို့၌ သံဝေဖြစ်ခြင်းနှင့်ငှင်း သံဝေဖြစ်သူအားအကြောင်းအားလျော်စွာအားထုတ်ခြင်းနှင့်ငှင်းတည်း၊ ရဟန်းတို့ ဤတရားနှစ်ပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်း များလျက် နေရ၏၊ ထိုရဟန်းသည် အာသဝေါတို့ ကုန်ခြင်း၏အကြောင်းကို အားထုတ်အပ်သည်ဖြစ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“ပညာရှိသော ကိလေသာကိုပူပန်စေတတ်သည့်လုံ့လရှိသော ရင့်ကျက်သောပညာရှိသော ရဟန်းသည် သံဝေဖြစ်စေတတ်သောအရာတို့၌ ပညာဖြင့် ဆင်ခြင်၍ သံဝေဖြစ်သည် သာတည်း။

ဤသို့ ပြင်းထန်သောလုံ့လရှိလျက် မတုန်မလှုပ်မူ၍ ငြိမ်သက်စွာဖြစ်ခြင်းရှိသော စိတ်၏ တည်ကြည်မှုကို အားထုတ်၍နေလေ့ရှိသော ရဟန်းသည် ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ ရောက်နိုင်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

ပဌမဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-ဝိတက္ကသုတ်

၃၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်၌ ခေမဝိတက် ပဝိဝေကဝိတက်ဟူသော ဝိတက် (အကြံ) နှစ်ပါးတို့သည် အကြိမ်များစွာ အဆင့်ဆင့် မပြတ် ဖြစ်ကုန်၏၊ ရဟန်းတို့ မြတ်စွာဘုရားသည် ဆင်းရဲမရှိခြင်းလျှင် မွေ့လျော်ရာရှိ၏၊ ဆင်းရဲမရှိခြင်း၌ မွေ့လျော်၏။ ရဟန်းတို့ ဆင်းရဲမရှိခြင်းလျှင် မွေ့လျော်ရာရှိသော ဆင်းရဲမရှိခြင်း၌ မွေ့လျော်တတ်သော ထိုမြတ်စွာဘုရား၏ ဉာဏ်တော်၌ "ဤအမူအရာဖြင့် ကိလေသာရှိသောသတ္တဝါကိုရင်း ကိလေသာမရှိသောသတ္တဝါကိုရင်း တစုံတယောက်ကိုမျှ ငါသည် မဆင်းရဲစေလို"ဟု ဤဝိတက်သည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့် မပြတ်ဖြစ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဆိတ်ငြိမ်ခြင်းလျှင် မွေ့လျော်ရာရှိ၏၊ ဆိတ်ငြိမ်ခြင်း၌ မွေ့လျော်တတ်၏၊ ရဟန်းတို့ ဆိတ်ငြိမ်ခြင်းလျှင် မွေ့လျော်ရာရှိသော ဆိတ်ငြိမ်ခြင်း၌ မွေ့လျော်တတ်သော ထိုမြတ်စွာဘုရား၏ဉာဏ်တော်၌ "အကုသိုလ်ကို ပယ်အပ်၏"ဟု ဤဝိတက်သည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့် မပြတ်ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် သင်တို့သည်လည်း ဆင်းရဲမရှိခြင်းလျှင် မွေ့လျော်ရာရှိကြကုန်သည် ဆင်းရဲမရှိခြင်း၌ မွေ့လျော်ကြကုန်သည်ဖြစ်၍ နေကြကုန်လော့၊ ရဟန်းတို့ ဆင်းရဲမရှိခြင်းလျှင် မွေ့လျော်ရာရှိကုန်သည် ဆင်းရဲမရှိခြင်း၌ မွေ့လျော်ကုန်သည်ဖြစ်၍နေကြကုန်သော သင်တို့အား ငါတို့သည် ဤအမူအရာဖြင့် ကိလေသာရှိသောသတ္တဝါကိုရင်း ကိလေသာမရှိသောသတ္တဝါကိုရင်း တစုံတယောက်ကိုမျှ မဆင်းရဲစေကုန်အံ့"ဟု ဤဝိတက်သည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့် မပြတ်ဖြစ်လတ္တံ့။

ရဟန်းတို့ ဆိတ်ငြိမ်ခြင်းလျှင် မွေ့လျော်ရာရှိကုန်သည် ဆိတ်ငြိမ်ခြင်း၌ မွေ့လျော်ကုန်သည် ဖြစ်၍ နေကြကုန်လော့၊ ရဟန်းတို့ ဆိတ်ငြိမ်ခြင်းလျှင် မွေ့လျော်ရာရှိကုန်သည် ဆိတ်ငြိမ်ခြင်း၌ မွေ့လျော်ကုန်သည်ဖြစ်၍ နေကြကုန်သော သင်တို့အား "အကုသိုလ်မည်သည် အဘယ်နည်း၊ အဘယ်ကို မပယ်အပ်သနည်း၊ အဘယ်ကို ပယ်စွန့်ရကုန်အံ့နည်း"ဟု ဤဝိတက်သည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့် မပြတ်ဖြစ်လတ္တံ့ဟု ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ရှက်ဆောင်နိုင်ခဲသော ဘုရားကိစ္စကို ရွက်ဆောင်တတ်သော သစ္စာလေးပါးကို သိတော်မူသော ထိုမြတ်စွာဘုရား၏ ဉာဏ်တော်၌ ထိုနှစ်ပါးသော ကြံစည်မှု 'ဝိတက်'တို့သည် အဆင့်ဆင့် မပြတ်ဖြစ်ကုန်၏၊ ဘေးမရှိသော ကြံစည်မှု 'ခေမဝိတက်'ကို ရှေးဦးစွာ ဆိုအပ်၏၊ ထို့နောက် နှစ်ခုမြောက် ဆိတ်ငြိမ်သော ကြံစည်မှု 'ပဝိဝေကဝိတက်'ကို ပြအပ်၏။

အမိုက်တိုက်ကို ပယ်လှင့်တတ်သော နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်သော ဂုဏ်ကျေးဇူးအထူးကို ရှာမှီးတတ်သော ရောက်သင့်သည့် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ဝသီဘော်နှင့် ပြည့်စုံတော်မူသော အာသဝေါကင်းသော သံသရာဝဋ်ဆင်းရဲကို ကူးမြောက်ပြီးသော တဏှာ၏ကုန်ရာ (အရဟတ္တဖိုလ်နိဗ္ဗာန်)၌ ကင်းလွတ်သော အဆုံးဖြစ်သောကိုယ်ကို ဆောင်သော ကိလေသာမာရ်ကို စွန့်ပြီးသော အိုခြင်း၏ဘဖက်ကမ်း (နိဗ္ဗာန်)သို့ရောက်သော ထိုမြတ်စွာဘုရား၏ ဉာဏ်တော်၌ (ဝိတက်နှစ်ပါးတို့သည်) အဆင့်ဆင့် မပြတ်ဖြစ်ကုန်၏။

http://www.dhammadownload.com



ကျောက်တောင်ထိပ်၌ ရပ်တည်လျက်ရှိသော ယောကျ်ားသည် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ ကောင်းမြတ်သော ပညာရှင် ဖြစ်တော်မူသော ထက်ဝန်းကျင် မြင်စွမ်းနိုင်သောဉာဏ်မျက်စိရှိတော်မူသော စိုးရိမ်ပူဆွေးကင်းဝေးတော်မူသော မြတ်စွာဘုရားသည် ပညာ(ဓမ္မ)ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့ နှိပ်စက်အပ်သဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-ဒေသနာသုတ်

၃၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန်(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ တရားဟောခြင်းနှစ်ပါးတို့သည် အကြောင်းအားဖြင့် ဖြစ်ကုန်၏၊ အဘယ်နှစ်ပါးတို့နည်း–မကောင်းမှုကို မကောင်းမှုအားဖြင့် ကြည့်ရှုကြလော့၊ ဤသည်ကား ပဌမဖြစ်သော တရားဟောခြင်းတည်း၊ မကောင်းမှုကို မကောင်းမှုအားဖြင့် မြင်၍ ထိုမကောင်းမှု၌ ငြီးငွေ့ကြကုန်လော့ တပ်ခြင်း ကင်းကြကုန်လော့ ကင်းလွတ်ကြကုန်လော့၊ ဤသည်ကား ဒုတိယဖြစ်သော တရားဟောခြင်းတည်း၊ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ ဤတရားဟောခြင်း နှစ်ပါးတို့သည် အကြောင်းအားဖြင့် ဖြစ်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“သတ္တဝါအားလုံးကို စောင့်ရှောက်တော်မူသော သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရား၏ အကြောင်းအားဖြင့်ဟောတော်မူအပ်သော ဒေသနာကို ဉာဏ်ဖြင့်ရှုပါလော့၊ (မြတ်စွာဘုရားသည်) တရားနှစ်ပါးတို့ကိုလည်း ကောင်းစွာ ပြတော်မူအပ်ကုန်၏။

ထိုမကောင်းမှုကို ဉာဏ်ဖြင့် ရှုကြကုန်လော့၊ ထိုမကောင်းမှု၌လည်း တပ်ခြင်းကင်းကြကုန်လော့၊ ထိုတပ်မှုကင်းခြင်းကြောင့် မကောင်းမှု၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်သည်ဖြစ်၍ ဆင်းရဲ၏ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်လတ္တံ့”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-ဝိဇ္ဇာသုတ်

၄၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ အဝိဇ္ဇာ'မောဟ'သည် အကုသိုလ်တရားတို့ ဖြစ်ခြင်း၏ရှေ့သွားဖြစ်၏၊ အရှက်မရှိမှု 'အဟိရိက' မသိတ်လန့်မှု 'အနောတ္တပ္ပ'သည် နောက်လိုက်တရားသာ ဖြစ်၏၊ ရဟန်းတို့ ဝိဇ္ဇာ'အမောဟ'သည် ကုသိုလ်တရားတို့ဖြစ်ခြင်း၏ရှေ့ သွားဖြစ်၏၊ ရှက်မှု'ဟိရီ' ထိတ်လန့်မှု'သြတ္တပ္ပ'သည် နောက်လိုက်တရားဖြစ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ဤလူ့ပြည်လောက၌ရင်း တပါးသောလောက၌ရင်း ဒုဂ္ဂတိဟူသမျှ အားလုံးတို့သည် အဝိဇ္ဇာ'မောဟ'လျှင် အကြောင်းရင်းရှိကုန်၏၊ မရသေးသော အာရုံကို လိုချင်မှု 'တဏှာ'နှင့် ရပြီးအာရုံကို တပ်မက်မှု 'လောဘ'တို့ဖြင့် ပွါးစည်းကုန်၏။

အကြင်အဝိဇ္ဇာဟူသောအကြောင်းကြောင့် ယုတ်မာသော အလိုရှိသူ အရှက်မရှိသူ ရိုသေမှု မရှိသူ ဖြစ်ရ၏၊ ထိုအဝိဇ္ဇာဟူသော အကြောင်းကြောင့် မကောင်းမှု ပွါးများ၏၊ ထိုမကောင်းမှုဖြင့် အပါယ်သို့ လားရောက်ရ၏။

ထို့ကြောင့် ရဟန်းသည် အလို'ဆန္ဒ'ကိုရင်း လောဘကိုရင်း အဝိဇ္ဇာကိုရင်း ပယ်စွန့်က၍ ဝိဇ္ဇာ'အမောဟ'ကိုဖြစ်စေလျက် အလုံးစုံသော ဒုက္ခ၏ တည်ရာ လားရာ 'ဂတိ' ငါးရပ်တို့ကို ပယ်စွန့်နိုင်ရာ၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

တတိယသုတ်။

ပဌမဘာဏဝါရ ပြီး၏။

---

## ၄-ပညာပရိဟာနိသုတ်

၄၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ စင်ကြယ်သော ဝိပဿနာပညာ မဂ်ပညာမှ ဆုတ်ယုတ်သော သတ္တဝါတို့သည် (သမ္မတ္တိအားလုံးတို့မှ) အလွန်အလွန် ဆုတ်ယုတ်သော သတ္တဝါတို့ မည်ကုန်၏၊ ထိုသတ္တဝါတို့သည် ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပူလောင်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲစွာနေရကုန်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့ မချွတ်ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏ ရဟန်းတို့ စင်ကြယ်သော ဝိပဿနာပညာ မဂ်ပညာမှ မဆုတ်ယုတ်ကုန်သော သတ္တဝါတို့သည် (သမ္ပတ္တိအားလုံးတို့မှ) မဆုတ်ယုတ်သော သတ္တဝါတို့ မည်ကုန်၏၊ ထိုသတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပူလောင်ခြင်းမရှိပဲ ချမ်းသာစွာနေရကုန်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောလားရာ 'သုဂတိ' ဘဝသို့ မချွတ်ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"နတ်နှင့်တကွသော လောကကို ကြည့်ရှုလော့၊ ပညာမှဆုတ်ယုတ်ခြင်းကြောင့် နာမ်ရုပ်၌ အမှားနှလုံးသွင်းသည်ဖြစ်ရကား ဤသည်သာ မှန်၏ဟု အောက်မေ့မှတ်ထင်၏။

http://www.dhammadownload.com



မှန်၏၊ အကြင်ပညာသည် ဖောက်ထွင်း၍ နိဗ္ဗာန်သို့ရောက်စေတတ်၏၊ အကြင်ပညာဖြင့် ဇာတိဘဝ၏ ကုန်ခြင်းကို ကောင်းစွာသိ၏၊ ထိုပညာသည်သာ လောက၌ အမြတ်ဆုံးဖြစ်၏။

သတိရှိတော်မူကုန်သော ရှင်သောပညာရှိကုန်သော အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်ကုန်သော ထိုသစ္စာလေးပါးကို သိကုန်သော ဘုရားရဟန္တာတို့အား နတ်လူတို့သည် ချစ်မြတ်နိုးကုန်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

## ၅-သုက္ကဓမ္မသုတ်

၄၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဖြူစင်သော ဤတရားနှစ်ပါးတို့သည် လောကကို စောင့်ရှောက်ကုန်၏၊ အဘယ်နှစ်ပါးတို့နည်း — မကောင်းမှုမှ ရှက်မှု 'ဟိရီ' မကောင်းမှုမှ ကြောက်လန့်မှု 'ဩတ္တပ္ပ' ၎င်းတည်း၊ ရဟန်းတို့ ဖြူစင်သော ဤတရားနှစ်ပါးတို့သည် လောကကို မစောင့်ရှောက်ကုန်မူ ဤလောက၌ "အမိ" ဟူ၍ သော်၎င်း "မိကြီး မိထွေး"ဟူ၍သော်၎င်း " ဦးလေး ဦးကြီး၏မယား" ဟူ၍ သော်၎င်း "ဆရာ၏ မယား "ဟူ၍သော်၎င်း "အလေးပြုထိုက်သူတို့၏မယား" ဟူ၍ သော်၎င်း မထင်နိုင်ရာ၊ လူ့လောကကြီးသည် ဆိတ်နှင့် သိုး ကြက် ဝက် ခွေး မြေခွေးတို့ကဲ့သို့ ရောနှောပျက်စီးခြင်းသို့ ရောက်ရ၏၊ အကြင့်ကြောင့် ဖြူစင်သော ဤတရားနှစ်ပါးတို့သည် လောကကို စောင့်ရှောက်ကုန်၏၊ ထို့ကြောင့် "အမိ"ဟူ၍သော်၎င်း "မိကြီး မိထွေး"ဟူ၍သော်၎င်း "ဦးလေး ဦးကြီး၏မယား"ဟူ၍သော်၎င်း "ဆရာ၏မယား"ဟူ၍သော်၎င်း "အလေးပြုထိုက်သူတို့၏ မယား"ဟူ၍သော်၎င်း ထင်ရှား၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူတို့အား အရှက်အကြောက်သည် အခါခပ်သိမ်း မရှိ၊ ထိုသူတို့သည် ဖြူစင်သော တရားမှ သက်လျောသောကြောင့် (အဖန်ဖန်) ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ရ၏။

အကြင်သူတို့အား အရှက်အကြောက်သည် အမြဲထင်၏၊ မြတ်သောအကျင့် ပြန့်ပွါး၍ ကိလေသာငြိမ်းကုန်သော ထိုသူတို့သည် တဖန်ပဋိသန္ဓေနေခြင်းမှ ကုန်ပြီးသူတို့ ဖြစ်ကုန်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာရခဲ့ပါသည်။

ပဉ္စမသုတ်။

## ၆-အဇာတသုတ်

၄၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်နေမှုမရှိသော ပြုလုပ်ထားမှုမရှိသော စီရင်ထားမှုမရှိသော နိဗ္ဗာန်သည် ရှိ၏၊ရဟန်းတို့ ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်နေမှု မရှိသောပြုလုပ်ထားမှုမရှိသော စီရင်ထားမှုမရှိသော ဤနိဗ္ဗာန်သည် အကယ်၍ မရှိပါမူ ဤလောက၌ ဖြစ်ပေါ်လာမှု ထင်ရှားဖြစ်နေမှု ပြုလုပ်ထားမှု စီရင်ထားမှု ဟူသော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် မထင်ရှားရာ။ရဟန်းတို့ အကြင့်ကြောင့် ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်နေမှုမရှိသောပြုလုပ်ထားမှု မရှိသော စီရင်ထားမှုမရှိသော နိဗ္ဗာန်သည် ရှိ၏၊ထို့ကြောင့်သာ ဖြစ်ပေါ်လာမှု ထင်ရှားဖြစ်နေမှု ပြုလုပ်ထားမှု စီရင်ထားမှုဖြစ်သော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် ထင်ရှား၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

"ဖြစ်ပေါ်နေသော ထင်ရှားဖြစ်ပေါ်နေသော ကောင်းစွာ ဖြစ်သော ပြုလုပ်ထားသော စီရင်ထားမှုရှိသော မမြဲသောအိုခြင်း သေခြင်းတို့နှင့် ရောစပ်နေသော ရောဂါအပေါင်းတို့၏(တည်နေရာ)အသိုက်သဖွယ် ဖြစ်သော ပျက်စီးခြင်းရှိသော အာဟာရနှင့် တဏှာလျှင် ဖြစ်ကြောင်း အမှန်အစရှိသော ထိုခန္ဓာငါးပါးကို နှစ်သက်ခြင်းငှါ မသင့်၊ ထိုခန္ဓာငါးပါး (သက္ကာယ)၏ ထွက်မြောက်ရာဖြစ်သော (ကိလေသာသင်္ခါရတို့၏) ငြိမ်းအေးရာဖြစ်သော ကြံစည်မှု တက္ကဉာဏ်၏အာရုံမဟုတ်သော ခိုင်မြဲသော ဖြစ်ပေါ်မှုမရှိသော ကောင်းစွာ မဖြစ်သော စိုးရိမ်မှုကင်းသော ကိလေသာမြူကင်းသော သံသရာဆင်းရဲ နှိပ်စက်ခံရသူတို့ ကျင့်အပ်သော ဆင်းရဲတရားတို့၏ ချုပ်ရာဖြစ်သော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် ချမ်းသာ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-နိဗ္ဗာနဓာတုသုတ်

၄၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့တည်း၊ အဘယ်နှစ်ပါးတို့နည်းဟူမူ — ခန္ဓာငါးပါး အကြွင်းရှိသော 'သဉပါဒိသေသ'နိဗ္ဗာနဓာတ် ခန္ဓာငါးပါး အကြွင်းမရှိသော 'အနုပါဒိသေသ' နိဗ္ဗာနဓာတ်တို့တည်း။

ရဟန်းတို့ ခန္ဓာငါးပါးအကြွင်းရှိသော 'သဉပါဒိသေသ' နိဗ္ဗာနဓာတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါကုန်ခန်းသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုအပ်ပြီးသော(မဂ်)ကိစ္စရှိသူ ခန္ဓာဝန်ကို ချပြီးဖြစ်သူ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးသူ ဘဝသံယောဇဉ် ကုန်ခန်းပြီးသူ ကောင်းစွာသိ၍(ကိလေသာမှ) လွတ်မြောက်သူဖြစ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား (နောက်ဆုံးဘဝ၏အကြောင်းကံ မကုန်သေးသမျှ) ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သည်သာလျှင်တည်း၊ထိုရဟန္တာပုဂ္ဂိုလ်သည် ယင်းဣန္ဒြေငါးပါးတို့၏ (အနုပ္ပါဒနိရောဓ၏ အစွမ်းဖြင့်)မချုပ်ကုန်သောကြောင့်ပင် နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံကို ခံစား၏၊ ချမ်းသာဆင်းရဲကို ခံစား၏၊ထိုရဟန္တာပုဂ္ဂိုလ်အား အကြင်ရာဂကုန်ခန်းမှု ဒေါသကုန်ခန်းမှု

http://www.dhammadownload.com



မောဟကုန်ခန်းမှုသည် ရှိ၏၊ ဤရာဂဒေါသမောဟကုန်ခန်းမှုကိုပင် ခန္ဓာငါးပါးအကြွင်းရှိသော 'သဉပါဒိသေသ'နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။

ရဟန်းတို့ ခန္ဓာငါးပါး အကြွင်းမရှိသော 'အနုပါဒိသေသ'နိဗ္ဗာနဓာတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါကုန်ခန်းသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုအပ်ပြီးသော (မဂ်)ကိစ္စရှိသူ ခန္ဓာဝန်ကို ချပြီးဖြစ်သူ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ခန်းပြီးသူ ကောင်းစွာသိ၍(ကိလေသာမှ) လွတ်မြောက်ပြီးသူဖြစ်၏၊ **ဤအကြောင်းအရာ၌ပင်** ထိုရဟန္တာပုဂ္ဂိုလ်အား ခံစားမှု 'ဝေဒနာ' အားလုံးတို့သည် ရာဂစသည်ဘို့ဖြင့် မနှစ်သက်အပ်ကုန်မူ၍ တဖန်မဖြစ်သောအားဖြင့် ငြိမ်းအေးကုန်လတ္တံ့၊ ရဟန်းတို့ ဤခံစားမှုဟူသမျှတို့၏ တဖန်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာအကြွင်းမရှိသော 'အနုပါဒိသေသ'နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏၊ ရဟန်းတို့ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"တဏှာဒိဋ္ဌိအစွမ်းဖြင့် တစုံတခုသော တရားကို မမှီသော တာဒိဂုဏ်ရှင် ဖြစ်တော်မူသော စက္ခုငါးပါးရှိသော မြတ်စွာဘုရားသည် ဤနှစ်ပါးသောနိဗ္ဗာနဓာတ်တို့ကို ပြတော်မူအပ်ကုန်၏၊မှန်၏—တမျိုးသော (သဉပါဒိသေသ) နိဗ္ဗာနဓာတ်သည် ဤမျက်မှောက်အတ္တဘော၌ ဖြစ်၏၊ ခန္ဓာငါးပါး ကြွင်းကျန်၏၊ဘဝတဏှာကုန်ခန်း၏၊ခန္ဓာငါးပါးအကြွင်းမရှိသော 'အနုပါဒိသေသ'နိဗ္ဗာနဓာတ်သည်ကား ခန္ဓာပျက်ပြီးသော အခါ၌ဖြစ်၏၊ယင်းနိဗ္ဗာနဓာတ်၌ အလုံးစုံအားဖြင့် ဘဝတို့သည် ချုပ်ကုန်၏။

အကြင်ပုဂ္ဂိုလ်တို့သည် ပြုပြင်ခြင်းကင်းသော ထိုနိဗ္ဗာန်ကို သိ၍ ကိလေသာမှ လွတ်မြောက်သော စိတ်ရှိကုန်၏၊ ဘဝတဏှာကုန်ခန်းကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် တရားအနှစ်ကို ရသောကြောင့် ရာဂစသည်ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏၊ တာဒိဂုဏ်ရှင် ထိုဘုရားသခင်တို့သည် အလုံးစုံသော ဘဝတို့ကို ပယ်စွန့်ကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

---

## ၈-ပဋိသလ္လာနသုတ်

၄၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို တယောက်တည်း ကိန်းအောင်းခြင်းလျှင် မွေ့လျော်ရာရှိကုန်သည် တယောက်တည်း ကိန်းအောင်းရခြင်း၌ မွေ့လျော်ကုန်သည် အဇ္ဈတ္တသန္တာန်၌ စိတ်၏ငြိမ်းအေးခြင်းကို အားထုတ်ကြကုန်သည် မပျက်စီးသော ဈာန်ရှိကြကုန်သည် ဝိပဿနာနှင့် ပြည့်စုံကြကုန်သည် ဆိတ်ငြိမ်ရာအရပ်တို့ကို ပွါးစေကုန်သည်ဖြစ်၍ နေကြကုန်လော့၊ ရဟန်းတို့ တယောက်တည်း ကိန်းအောင်းခြင်းလျှင် မွေ့လျော်ရာရှိကုန်သော တယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့လျော်ကုန်သော အဇ္ဈတ္တသန္တာန်၌ စိတ်၏ ငြိမ်းအေးခြင်းကို အားထုတ်ကြကုန်သော မပျက်စီးသော ဈာန်ရှိကုန်သော ဝိပဿနာ

http://www.dhammadownload.com



နှင့် ပြည့်စုံကြကုန်သော ဆိတ်ငြိမ်ရာအရပ်တို့ကို ပွါးစေကုန်သည်ဖြစ်၍နေကြကုန်သော ပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်ကိုရင်း ကိလေသာအကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုရင်း ဤနှစ်ပါးသော ဖိုလ်တို့တွင် တပါးပါးသော ဖိုလ်ကို ဤဘဝ၌ပင် မချွတ်ရလိမ့်မည်ဟု မြွက်လင့်အပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ပုဂ္ဂိုလ်တို့သည် ငြိမ်းအေးသောစိတ် ရင့်ကျက်သောပညာ သတိရှိကုန်လျက်သာလျှင် သမထဝိပဿနာနှစ်ပါးဖြင့် ရှုလေ့ရှိကုန်သည် ကာမတို့၌ ငဲ့ကွက်ခြင်း ကင်းကုန်သည် ဖြစ်၍ ခန္ဓာငါးပါးတရားကို အသင့်အားဖြင့် ရှုကုန်၏။

မမေ့မလျော့မှု 'အပ္ပမာဒ' တရား၌ မွေ့လျော်ကုန်သော မေ့လျော့မှု 'ပမာဒ' တရား၌ ဘေးဟု ရှုကုန်သော သူတော်ကောင်းတို့သည် ဆုတ်ယုတ်ခြင်းငှါ မထိုက်ကုန် နိဗ္ဗာန်နှင့်သာလျှင် နီးကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-သိက္ခာနိသံသသုတ်

၄၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သိက္ခာဟူသောအကျိုးရှိကုန်သည် ပညာလွန်ကဲကုန်သည် အရဟတ္တဖိုလ်ဟူသော အနှစ်ရှိကုန်သည် သတိဟူသော အကြီးအမှူးရှိကုန်သည်ဖြစ်၍ နေကြကုန်လော့၊ ရဟန်းတို့ သိက္ခာဟူသော အကျိုးရှိကုန်သည် ပညာလွန်ကဲကုန်သည် အရဟတ္တဖိုလ်ဟူသော အနှစ်ရှိကုန်သည် သတိဟူသော အကြီးအမှူးရှိကုန်သည်ဖြစ်၍ နေကြကုန်သော သတို့အား အရဟတ္တဖိုလ်ကိုရင်း ကိလေသာအကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုရင်း ဤနှစ်ပါးသောဖိုလ်တို့တွင် တပါးပါးသော ဖိုလ်ကို ဤဘဝ၌ပင် မချွတ်ရလိမ့်မည်ဟု မြွက်လင့်အပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ပြည့်စုံသောအကျင့်ရှိသော မပျက်သောတရားရှိသော ထူးကဲသောပညာရှိသော ဇာတိကုန်ရာ နိဗ္ဗာန်ကို မြင်လေ့ရှိသော အဆုံးဖြစ်သောအတ္တဘောကိုဆောင်သော ကိလေသာမာရ်ကို စွန့်သော ထိုရဟန်းကို ဇရာ၏ ကမ်းတဖက်သို့ ရောက်သူဟု ငါဟောတော်မူ၏။

ရဟန်းတို့ ထို့ကြောင့် (သင်တို့သည်) အခါခပ်သိမ်း နှစ်မျိုးသောစျာန်၌ မွေ့လျော်ကြသူ တည်ကြည်ကြသူ ပြင်းစွာ အားထုတ်သော လုံ့လရှိကြသူ ဇာတိကုန်ရာ နိဗ္ဗာန်ကို ဉာဏ်ဖြင့် ရှုကြသူ စစ်သည်နှင့် တကွသော မာရ်ကို လွှမ်းမိုး၍ ပဋိသန္ဓေနေမှု သေမှု၏ တဖက်ကမ်း (နိဗ္ဗာန်)သို့ ရောက်ကြရသူတို့သည် ဖြစ်ကြကုန်လော့"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဇာဂရိယသုတ်

၄၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ ရဟန်းသည် နိုးကြားမှုနှင့်ယှဉ်သူ အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသူ တည်ကြည်မှု 'သမာဓိ'ရှိသူ ဝမ်းမြောက်မှုများသူ ကောင်းစွာ ကြည်လင်သူ ဖြစ်၍လည်း နေရာ၏၊ထိုကမ္မဋ္ဌာန်း အားထုတ်ရာဝယ် ကုသိုလ်တရားတို့၌ အခါအားလျော်စွာ အထူးရှုလျက်လည်း နေရာ၏ ရဟန်းတို့ နိုးကြားမှုနှင့်ယှဉ်သူ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသူ တည်ကြည်မှု 'သမာဓိ'ရှိသူ ဝမ်းမြောက်မှုများသူ ကောင်းစွာကြည်လင်သူ ထိုကမ္မဋ္ဌာန်း အားထုတ်ရာဝယ် ကုသိုလ်တရားတို့၌ အခါအားလျော်စွာ အထူးရှုလျက်နေသူ ရဟန်းအား အရဟတ္တဖိုလ်ကိုရင်း ကိလေသာအကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုရင်း ဤနှစ်ပါးသောဖိုလ်တို့တွင် တပါးပါးသော ဖိုလ်ကို ယခုဘဝ၌ပင် မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို —

"နိုးကြားကြကုန်သော သင်တို့သည် ဤငါ၏စကားကို နာကြကုန်လော့၊ အိပ်ပျော်နေကြကုန်သော သင်တို့သည် နိုးကြားကြကုန်လော့၊ အိပ်ပျော်ခြင်းထက် နိုးကြားခြင်းသည် မြတ်၏၊နိုးကြားသောသူအား ဘေးမရှိ။

အကြင်သူသည် နိုးလည်းနိုးကြား၏၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'လည်း ရှိ၏၊ တည်ကြည်မှု 'သမာဓိ'လည်း ရှိ၏၊ ဝမ်းမြောက်မှုများ၍ ကြည်လင်သော စိတ်လည်း ရှိ၏၊ထိုသူသည် အခါအားလျော်စွာ အသင့်အားဖြင့် တရားကို စူးစမ်းရှာဖွေလျက် ငြိမ်သက်တည်ကြည်သည့်အဖြစ်သို့ရောက်ကာ အဝိဇ္ဇာဟူသော အမိုက်တိုက်ကို ပယ်ဖျောက်နိုင်ရာ၏။

ထို့ကြောင့် ဤလောက၌ နိုးကြားသူကိုသာ ဆည်းကပ်ရာ၏၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော ရင့်ကျက်သော ပညာရှိသော ဈာန်ရသော ရဟန်းသည် ပဋိသန္ဓေနေခြင်း အိုခြင်း၏ (အကြောင်း) သံယောဇဉ်ကို ဖြတ်ခတောက်၍ ဤဘဝ၌ပင် အတုမရှိမြတ်သော အရဟတ္တမဂ်ဉာဏ်သို့ ရောက်ရာ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

## ၁၁-အာပါယိကသုတ်

၄၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤဆိုလတ္တံ့သော အကြောင်းတရားနှစ်ပါးကို မပယ်နိုင်၍ အပါယ်၌ ဖြစ်ရမည့် ငရဲ၌ဖြစ်ရမည့် ပုဂ္ဂိုလ်တို့သည် ဤနှစ်ယောက်တို့တည်း။ အဘယ်နှစ်ယောက်တို့နည်း— အကြင်သူသည်ကား မြတ်သောအကျင့်ကို မကျင့်ပဲလျက် မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံ၏၊ အကြင်သူသည်ကား ထက်ဝန်းကျင်ပြည့်စုံ၍ ဖြူစင်သောမြတ်သောအကျင့်ကို ကျင့်သောသူကို အခြေအမြစ်မရှိသော မမြတ်သောအကျင့်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီး၏၊ ရဟန်းတို့ ဤယုတ်မာသော

http://www.dhammadownload.com



တရားတို့ကို မပယ်နိုင်၍ အပါယ်၌ဖြစ်ရမည့် ငရဲ၌ဖြစ်ရမည့် ပုဂ္ဂိုလ်တို့သည် ဤနှစ်ယောက်တို့တည်း။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"မဟုတ်မမှန်ပြောဆိုသောသူသည်လည်း ငရဲသို့ရောက်ရ၏၊ (မိမိ)ပြုလုပ်လျက် မပြုမလုပ်ဟု ပြောဆိုသော သူသည်လည်း ငရဲသို့ ရောက်ရ၏၊ ထိုသူနှစ်ယောက်တို့သည်လည်း ယုတ်သော အမှုရှိကုန်သည်ဖြစ်၍ နောင်တမလွန်ဘဝ၌ ငရဲခံရခြင်း တူကုန်၏။

ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ (ကိုယ်နှုတ်နှလုံးကို) မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။

သီလလည်းမရှိ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းပဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူပေးလှူအပ်သောဆွမ်းကိုစားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သော သံတွေခဲကို စားရခြင်းက သာ၍ ကောင်းမြတ်သေး၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဧကာဒသမသုတ်။

---

## ၁၂-ဒိဋ္ဌိဂတသုတ်

၄၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ နှစ်ပါးသော ဒိဋ္ဌိအယူဘို့ဖြင့် နှိပ်စက်ခံရသော နတ်လူအချို့တို့သည် တွန့်တိုဆုတ်နစ်ကုန်၏၊ အချို့တို့သည်ကား လွန်၍ ပြေးသွားကုန်၏၊စက္ခုအမြင်ရှိသူတို့သည်ကား မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုနိုင်ကုန်၏။

ရဟန်းတို့ အဘယ်သို့လျှင် အချို့သူတို့သည် တွန့်တိုဆုတ်နစ်ကုန်သနည်း၊ ရဟန်းတို့ နတ်လူတို့သည် ဘဝလျှင် မွေ့လျော်ရာ ရှိကုန်၏၊ ဘဝ၌ မွေ့လျော်တတ်ကုန်၏၊ ဘဝ၌ နှစ်သက်တတ်ကုန်၏၊ ထိုသူတို့အား ဘဝချုပ်ရန်အတွက် တရားဟောပြောသည်ရှိသော် စိတ်သည် မသက်ဝင် မကြည်လင် ကောင်းစွာမတည် နှလုံးမသွင်း၊ ရဟန်းတို့ ဤသို့လျှင် အချို့သူတို့သည် တွန့်တိုဆုတ်နစ်ကုန်၏။

ရဟန်းတို့ အဘယ်သို့လျှင် အချို့သူတို့သည် လွန်၍ ပြေးသွားကုန်သနည်း၊ အချို့သူတို့သည် ဘဝဖြင့်ပင် ငြီးငွေ့ကုန် ဘဝမှ ရှက်နိုးကုန် ဘဝ၌ စက်ဆုပ်ကုန်သည်ဖြစ်၍ ဘဝကင်းပြတ်ခြင်းကို နှစ်သက်ကုန်၏၊ အချင်းတို့ အကြင့်ကြောင့် ဤအတ္တသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ပြတ်၏၊ ပျက်စီး၏၊ သေသည်မှနောက်၌ မဖြစ်တော့၊ ဤတရားသည် ငြိမ်း၏၊ ဤတရားသည် မြတ်၏၊ ဤတရားသည် မဖောက်မပြန် မှန်ကန်သောသဘောရှိ၏၊ ရဟန်းတို့ ဤသို့လျှင် အချို့သူတို့သည် လွန်၍ ပြေးသွားကုန်၏။

ရဟန်းတို့ အဘယ်သို့လျှင် စက္ခုအမြင်ရှိသောသူတို့သည် မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုနိုင်ကုန်သနည်း၊ ဤသာသနာတော်၌ ရဟန်းသည် ဟုတ်မှန်သော ခန္ဓာငါးပါးကို ဟုတ်မှန်သော အားဖြင့် မြင်၏၊ဟုတ်မှန်သော ခန္ဓာငါးပါးကို ဟုတ်မှန်သောအားဖြင့် မြင်ခြင်းကြောင့် ဟုတ်မှန်သော ခန္ဓာငါးပါးကို ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ကျင့်၏၊ ရဟန်းတို့ ဤသို့လျှင် စက္ခု

http://www.dhammadownload.com



အမြင်ရှိသောသူတို့သည် မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူတို့သည် ဟုတ်မှန်သောခန္ဓာငါးပါးကို ဟုတ်မှန်သောအားဖြင့် မြင်ခြင်းကြောင့် ဟုတ်မှန်သော ခန္ဓာငါးပါးကို လွန်မြောက်လျက် ဘဝတဏှာကုန်ခြင်းကြောင့် ဟုတ်မှန်သော နိဗ္ဗာန်ကို (အာရုံပြု၍)ကိလေသာမှ လွတ်မြောက်ကုန်၏။

ခန္ဓာငါးပါးကို ပိုင်းခြား၍သိသော ဘဝကြီးငယ်၌ တဏှာကင်းသော ထိုရဟန်းသည် ခန္ဓာငါးပါး၏ မဖြစ်ခြင်းကြောင့် တဖန် ဘဝသစ်သို့ မရောက်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒွါဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

# ဒုကနိပါတ် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

# ၃-တိကနိပါတ်

## ၁-ပဌမဝဂ် ၁-မူလသုတ်

၅၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အကုသိုလ်မူလတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—လောဘဟူသော အကုသိုလ်မူလ ဒေါသဟူသော အကုသိုလ်မူလ မောဟဟူသော အကုသိုလ်မူလတို့တည်း၊ ရဟန်းတို့ အကုသိုလ်မူလတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"လောဘသည်၎င်း ဒေါသသည်၎င်း မောဟသည်၎င်း မိမိ၌ ဖြစ်ကုန်သော ဤတရားတို့သည် ဝါးပင်ကို မိမိအသီးသည်ပင် ဖျက်ဆီးသကဲ့သို့ ယုတ်မာသောစိတ်ရှိသူကို ဖျက်ဆီးကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-ဓာတုသုတ်

၅၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဓာတ်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ရူပဓာတ် အရူပဓာတ် နိရောဓဓာတ်တို့တည်း၊ ရဟန်းတို့ ဓာတ်တို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူတို့သည် ရူပဓာတ်ကို ပိုင်းခြားသိ၍ အရူပဓာတ်တို့၌ မကပ်ငြိပဲ နိရောဓဓာတ်၌ အာရုံပြုကာ အရိယမဂ်ဖြင့် ကိလေသာမှ လွတ်ကုန်၏၊ ထိုသူတို့သည် သေခြင်းမှ လွန်မြောက်ကုန်၏။

အာသဝေါကင်းတော်မူပြီးသော မြတ်စွာဘုရားသည် နာမကာယဖြင့် ဥပဓိကင်းသော အမတဓာတ်သို့ ရောက်တော်မူ၍ ဥပဓိတို့၏ စွန့်လွှတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးလျှင် စိုးရိမ်မှုကင်းသော ကိလေသာမြူကင်းသော နိဗ္ဗာန်တရားကို ဟောတော်မူ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ပဌမဝေဒနာသုတ်

၅၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း၊ ရဟန်းတို့ 'ဝေဒနာ' တို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို---

"မြတ်စွာဘုရား၏တပည့်သည် တည်ကြည်မှု 'သမာဓိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ ဝေဒနာတို့ကိုလည်း ဝေဒနာတို့၏ ဖြစ်ကြောင်း 'သမုဒယ' ကိုလည်း ဝေဒနာတို့၏ချုပ်ရာ 'နိရောဓ' ကိုလည်း ဝေဒနာတို့၏ကုန်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်းဖြစ်သော အရိယမဂ်ကိုလည်း ပိုင်းခြား၍ သိ၏၊ ရဟန်းသည် ဝေဒနာတို့၏ကုန်ခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုရ၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

တတိယသုတ်။

---

## ၄-ဒုတိယဝေဒနာသုတ်

၅၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း၊ ရဟန်းတို့ သုခဝေဒနာကို ဆင်းရဲဟူ၍ ရှုအပ်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင်ဟူ၍ ရှုအပ်၏၊ ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ ရှုအပ်၏၊ ရဟန်းတို့ အကြင့်ကြောင့် ရဟန်းသည် သုခဝေဒနာကို ဆင်းရဲဟူ၍ မြင်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင်ဟူ၍ မြင်၏၊ ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ မြင်၏၊ ရဟန်းတို့ ထိုကြောင့် ဤရဟန်းကို ဖြူစင်၍ ကောင်းသောအမြင်ရှိသူ တဏှာပြတ်ပြီးသူ သံယောဇဉ်ကင်းပြီးသူ အကြွင်းမဲ့မာနကို ပယ်ခြင်းကြောင့် ဆင်းရဲအဆုံးကို ပြုပြီးသူဟု ဆိုအပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူသည် သုခဝေဒနာကို ဆင်းရဲဟူ၍ မြင်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင်ဟူ၍ မြင်၏၊ ငြိမ်သက်သော ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ မြင်၏။

ဝေဒနာသုံးပါးတို့ကို ကောင်းစွာ မြင်ပြီးသော ထိုရဟန်းသည် ထိုဝေဒနာ၌ သမုစ္ဆေဒဝိမုတ္တိအားဖြင့် လွတ်မြောက်၏၊ ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စ ပြီးဆုံးပြီး၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူ ဖြစ်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ပဌမဝေဒနာသုတ်

၅၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာမကို ရှာမှီးခြင်း ဘဝကိုရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"မြတ်စွာဘုရား၏ တပည့်သည် တည်ကြည်မှု 'သမာဓိ' ဆင်ခြင်ဥာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ ရှာမှီးခြင်းတို့ကိုင်း ရှာမှီးခြင်းတို့၏ ဖြစ်ကြောင်း 'သမုဒယ'ကိုင်း ရှာမှီးခြင်းတို့၏ ချုပ်ရာ 'နိရောဓ'ကိုင်း ရှာမှီးခြင်းတို့၏ ကုန်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း ဖြစ်သောအရိယမဂ်ကိုင်း ပိုင်းခြား၍သိ၏၊ ရဟန်းသည် ရှာမှီးခြင်းတို့၏ ကုန်ခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် ပြုရ၏"ဟု ဤဂါထာဖြင့်ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၆-ဒုတိယဝေဒနာသုတ်

၅၅။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကျင့်မြတ်ကို ရှာမှီးခြင်းနှင့်တကွ ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်းဟု ရှာမှီးခြင်း သုံးပါးတို့တည်း၊ ဤသည်သာ မှန်၏ဟု အမှားသုံးသပ်ခြင်းသည် ဒိဋ္ဌိလျှင် အကြောင်းရှိ၏၊ (ကိလေသာ)အဆင့်ဆင့်တိုးပွါး၏။

ရာဂအားလုံးတို့မှ ကင်းသော တဏှာကုန်ရာ အရဟတ္တဖိုလ် 'ဝိမုတ္တိ'ရှိသော ရဟန္တာပုဂ္ဂိုလ်သည် ရှာမှီးခြင်းတို့ကို စွန့်လွှတ်၏၊ ဒိဋ္ဌိဟူသော တည်ရာအကြောင်းတို့ကို ပယ်နုတ်၏၊ ရဟန်းသည် ရှာမှီးခြင်းတို့၏ ကုန်ခြင်းကြောင့် အလိုအာသာမရှိသူ သို့လော သို့လော တွေးတောမှု မရှိသူဖြစ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ပဌမအာသဝသုတ်

၅၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အာသဝတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတို့တည်း၊ ရဟန်းတို့ အာသဝတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

"တည်ကြည်မှု'သမာဓိ'ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ မြတ်စွာဘုရား၏တပည့်သည် အာသဝတို့ကိုငင်း အာသဝတို့၏ဖြစ်ကြောင်း'သမုဒယ'ကိုငင်း အာသဝတို့၏ ချုပ်ရာ 'နိရောဓ'ကိုငင်း အာသဝတို့၏ကုန်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းဖြစ်သော အရိယမဂ်ကိုငင်း ပိုင်းခြား၍ သိ၏၊ ရဟန်းသည် အာသဝတို့၏ ကုန်ခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

---

## ၈-ဒုတိယအာသဝသုတ်

၅၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အာသဝတို့သည် ဤသုံးပါးတို့တည်း။အဘယ်သုံးပါးတို့နည်း—ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတို့တည်း၊ ရဟန်းတို့ အာသဝတို့သည် ဤသုံးပါးတို့တည်း၊ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ပုဂ္ဂိုလ်အား ကာမာသဝသည် ကုန်ခဲ့ပြီ၊အဝိဇ္ဇာသဝသည်လည်း ကင်းပျောက်ပြီ၊ ဘဝါသဝသည်လည်း ကုန်ခန်းပြီ၊ ထိုပုဂ္ဂိုလ်သည် (ကိလေသာမှ)ကင်းလွတ်ပြီးလျှင် ဥပဓိ မရှိမူ၍ စစ်သည်နှင့် တကွသော မာရ်ကို အောင်လျက် အဆုံးစွန်သော ကိုယ်အတ္တဘောကို ဆောင်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-တဏှာသုတ်

၅၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ တဏှာတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့တည်း၊ ရဟန်းတို့ တဏှာတို့သည် ဤသုံးပါးတို့တည်း၊ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"တဏှာယောဂနှင့် ယှဉ်၍ ဘဝကြီးငယ်၌ တပ်သော စိတ်ရှိကြသူ နိဗ္ဗာန်အရဟတ္တဖိုလ်ကို မရကြသည့် ထိုသတ္တဝါတို့သည် မာရ်နတ်၏ ကျော့ကွင်းတည်းဟူသော ယောဂနှင့်ယှဉ်ကုန်၍ ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ကုန်သည်ဖြစ်ရကား သံသရာသို့ သွားကုန်၏။

လောက၌ အကြင်သူတို့သည်ကား တဏှာကို ပယ်သတ်ပြီး၍ ဘဝကြီးငယ်၌ တဏှာကင်းကုန်၏၊ အကြင်သူတို့သည်လည်း အာသဝကုန်ခြင်းသို့ ရောက်ကုန်၏၊ ထိုသူအားလုံးတို့သည် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ မုချရောက်ကုန်၏"ဟုဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

နဝမသုတ်။

---

## ၁၀-မာရဓေယျသုတ်

၅၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ တရားသုံးပါးတို့နှင့် ပြည့်စုံသောရဟန်းသည် မာရ်မင်း၏နိုင်ငံကိုလွန်၍ နေမင်းကဲ့သို့ တင့်တယ်၏၊ အဘယ်သုံးပါးတို့နှင့်နည်း—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ရဟန္တာတို့၏ဥစ္စာ)အသေက္ခ ဖြစ်သော သီလအစုနှင့် ပြည့်စုံ၏၊ အသေက္ခဖြစ်သော သမာဓိအစုနှင့်ပြည့်စုံ၏၊ အသေက္ခ ဖြစ်သော ပညာအစုနှင့် ပြည့်စုံ၏၊ ရဟန်းတို့ ဤတရားသုံးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မာရ်မင်း၏ နိုင်ငံကိုလွန်၍ နေမင်းကဲ့သို့ တင့်တယ်၏ဟု ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ပုဂ္ဂိုလ်သည် သီလ သမာဓိ ပညာဟူကုန်သော ဤတရားတို့ကို ကောင်းစွာပွါးများအပ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် မာရ်မင်း၏ နိုင်ငံကို လွန်၍ နေမင်းကဲ့သို့ တင့်တယ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

ပဌမဝဂ် ပြီး၏။

---

## ၂-ဒုတိယဝဂ် ၁-ပုညကိရိယဝတ္ထုသုတ်

၆၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ပုညကိရိယဝတ္ထုတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါး တို့နည်း—ပေးကမ်းမှု 'ဒါန'ဟူသော ပုညကိရိယဝတ္ထု ကျင့်သုံးမှု 'သီလ'ဟူသော ပုညကိရိယဝတ္ထု ပွါးများမှု

http://www.dhammadownload.com



'ဘာဝနာ'ဟူသော ပုညကိရိယဝတ္ထုတို့တည်း၊ ရဟန်းတို့ ပုညကိရိယဝတ္ထုတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ထိုသူသည် ကုသိုလ်ကောင်းမှုကိုသာလျှင် ကျင့်ရာ၏၊ နောင်အခါ၌ မြင့်မြတ်၍ ချမ်းသာကျိုးရှိသော ဒါနကိုရင်း ကောင်းသောအကျင့်ကိုရင်း မေတ္တာစိတ်ကိုရင်း ပွါးများရာ၏။

ပညာရှိသူသည် သုခလျှင် အာနိသင်ရှိကုန်သော ဤတရားသုံးပါးတို့ကို ပွါးများ၍ ဆင်းရဲကင်းသော ချမ်းသာသော လောကသို့ ကပ်ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-စက္ခုသုတ်

၆၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ စက္ခုတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—မံသစက္ခု ဒိဗ္ဗစက္ခု ပညာစက္ခုတို့တည်း၊ ရဟန်းတို့ စက္ခုတို့သည် ဤသုံးပါးတို့တည်း။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"မံသစက္ခု ဒိဗ္ဗစက္ခုနှင့်အတုမရှိသော ပညာစက္ခုဟူကုန်သော စက္ခုသုံးပါးတို့ကို ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

မံသစက္ခု၏ ဖြစ်ခြင်းသည် ဒိဗ္ဗစက္ခု၏ အကြောင်းတည်း၊ အကြင်အခါ အတုမရှိသော ပညာစက္ခု ဟူသော အာသဝက္ခယဉာဏ်သည် ထင်ရှားဖြစ်၏၊ထိုအခါ ယင်းပညာစက္ခုဟူသော အာသဝက္ခယဉာဏ်ကို ရခြင်းကြောင့် ဆင်းရဲအားလုံးမှ ကင်းလွတ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-ဣန္ဒြိယသုတ်

၆၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဣန္ဒြေတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—သောတာပတ္တိမဂ်ဉာဏ်ဟူသော အနညာတညဿာမီတိန္ဒြေ အထက်မဂ်သုံးပါးနှင့် အောက်ဖိုလ်သုံးပါးဟူသော အညိန္ဒြေ အရဟတ္တဖိုလ်ဟူသော အညာတာဝိန္ဒြေတို့တည်း၊ ရဟန်းတို့ ဣန္ဒြေတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

http://www.dhammadownload.com



"ဖြောင့်မှန်သော လမ်းသို့ အစဉ်လိုက်သော ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်အား ကိလေသာကုန်ရာ နိဗ္ဗာန်၌ ပဌမ အနညာတညဿာမီတိန္ဒြေဉာဏ်ဖြစ်၏၊ထိုဉာဏ်မှ အခြားမဲ့၌ အထက်မဂ်သုံးပါးနှင့် အောက်ဖိုလ်သုံးပါးဟူသော အညိန္ဒြေဖြစ်၏။

ထိုအရဟတ္တမဂ်၏ အခြားမဲ့၌ အရဟတ္တဖိုလ်ဟူသော အညာတာဝိန္ဒြေဖြစ်၏၊ ကိလေသာမှ လွတ်ပြီးသော တာဒိဂုဏ်ရှင် ရဟန္တာပုဂ္ဂိုလ်အား ဘဝသံယောဇဉ်ကုန်ခန်းခြင်းကြောင့် ငါ၏ အရဟတ္တဖိုလ်သည် မပျက်စီးဟု ပစ္စဝေက္ခဏာဉာဏ်သည် မုချဖြစ်၏။

စင်စစ် ဣန္ဒြေနှင့် ပြည့်စုံ၍ ငြိမ်းအေးလျက် ငြိမ်းအေးရာ နိဗ္ဗာန်၌ မွေ့လျော်သော ထိုပုဂ္ဂိုလ်သည် စစ်သည်နှင့်တကွ မာရ်ကို အောင်လျက် အဆုံးစွန်သော ကိုယ်အတ္တဘောကို ဆောင်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ထတိယသုတ်။

---

## ၄-အဒ္ဓါသုတ်

၆၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကာလတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း— အတိတ်ကာလ အနာဂတ်ကာလ ပစ္စုပ္ပန်ကာလတို့တည်း၊ ရဟန်းတို့ ကာလတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ခန္ဓာငါးပါး၌ ငါ သူတပါးဟု အမှတ်ရှိကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါး၌ တည်ကုန်လျက် ခန္ဓာငါးပါးကို ပိုင်းခြား၍ မသိသောကြောင့် သေမင်းနှင့် စပ်ယှဉ်ခြင်းသို့ ရောက်ကုန်၏။

(ရဟန္တာပုဂ္ဂိုလ်သည်)ခန္ဓာငါးပါးကို ပိုင်းခြားသိသောကြောင့် ခန္ဓာငါးပါးကို ငါ သူတပါးဟု မအောက်မေ့၊ ကိလေသာမှ လွတ်သည်ဖြစ်၍ အတုမရှိ မြတ်သော ငြိမ်းအေးရာနိဗ္ဗာန်ကို စိတ်ဖြင့် တွေ့ထိ သိမြင်၏။

ခန္ဓာငါးပါးကို ပိုင်းခြား၍ သိခြင်းနှင့် ပြည့်စုံလျက် သူတော်ကောင်းဖြစ်၍ ငြိမ်းအေးရာ နိဗ္ဗာန်၌ မွေ့လျော်ကာ ဆင်ခြင်၍ မှီဝဲလေ့ရှိသော တရား၌တည်သူ ထိုရဟန္တာပုဂ္ဂိုလ်သည် သတ္တဝါဟူသော ရေတွက်ခြင်းသို့ မရောက်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-ဒုစ္စရိတသုတ်

၆၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ ဒုစရိုက်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့တည်း၊ ရဟန်းတို့ ဒုစရိုက်တို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ပညာမဲ့သူသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို ပြုခြင်းကြောင့်ရင်း ရာဂစသောအပြစ်နှင့် စပ်ယှဉ်သော အခြားသော အမှုကို ပြုခြင်းကြောင့်ရင်း ကုသိုလ်ကံကို မပြုပဲ အကုသိုလ်ကံကိုသာ အကြိမ်များစွာ ပြုခြင်းကြောင့်ရင်း ခန္ဓာကိုယ်ပျက်စီးသောအခါ ငရဲသို့ ကပ်ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

## ၆-သုစရိတသုတ်

၆၅။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သုစရိုက်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့တည်း၊ ရဟန်းတို့ သုစရိုက်တို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ပညာရှိသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို စွန့်ခြင်းကြောင့်ရင်း ရာဂစသောအပြစ်နှင့် စပ်ယှဉ်သော အခြားအမှုကို စွန့်ခြင်းကြောင့်ရင်း အကုသိုလ်ကံကို မပြုမူ၍ ကုသိုလ်ကံကိုသာ အကြိမ်များစွာ ပြုခြင်းကြောင့်ရင်း ခန္ဓာကိုယ်ပျက်စီးသောအခါ နတ်ပြည်သို့ ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

## ၇-သောစေယျသုတ်

၆၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ စင်ကြယ်ခြင်းတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကိုယ်၏ စင်ကြယ်ခြင်း နှုတ်၏စင်ကြယ်ခြင်း စိတ်၏ စင်ကြယ်ခြင်းတို့တည်း၊ ရဟန်းတို့ စင်ကြယ်ခြင်းတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

http://www.dhammadownload.com



"ကိုယ်စင်ကြယ်မှု နှုတ်စင်ကြယ်မှု စိတ်စင်ကြယ်မှုရှိသော အလုံးစုံသောကိလေသာအညစ်အကြေးတို့ကို ပယ်ပြီးဖြစ်၍ 'ဖြူစင်မှု'သောစေယျ' တရားနှင့် ပြည့်စုံသော အာသဝေါ ကင်းသူ ရဟန္တာပုဂ္ဂိုလ်ကို စင်ကြယ်သူဟူ၍ ဆိုကြကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

## ၈-မောနေယျသုတ်

၆၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ရဟန္တာအဖြစ်ကို ပြုတတ်သော 'မောနေယျ'အကျင့်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း—ကာယမောနေယျ ဝစီမောနေယျ မနောမောနေယျတို့တည်း၊ ရဟန်းတို့ ရဟန္တာအဖြစ်ကို ပြုတတ်သော 'မောနေယျ'အကျင့်တို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ကာယဒုစရိုက်ကို ပယ်ဖျက်မှု ဝစီဒုစရိုက်ကို ပယ်ဖျက်မှု မနောဒုစရိုက်ကို ပယ်ဖျက်မှု ရှိသော မဂ်ရေစင်ဖြင့် မကောင်းမှုကို ဆေးကြောပြီးသော မြင့်မြတ်သော မောနေယျတရားနှင့် ပြည့်စုံသော အာသဝေါမရှိသူ ရဟန္တာကို မုနိဟူ၍ ဆိုကြကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

## ၉-ပဌမရာဂသုတ်

၆၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အကြင်တစုံတယောက်သောသူသည် ရာဂကို မပယ်နိုင်သေး ဒေါသကို မပယ်နိုင်သေး မောဟကို မပယ်နိုင်သေး၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မာရ်သည် နှောင်ဖွဲ့ထားသူ မာရ်၏ ကျော့ကွင်းအစွပ်ခံရသူ မာရ်နတ်အလိုရှိတိုင်း အပြုခံရသူဟု ဆိုအပ်၏၊ ရဟန်းတို့ အကြင်တစုံတယောက်သောသူသည် ရာဂကို ပယ်နိုင်၏၊ ဒေါသကို ပယ်နိုင်၏၊ မောဟကို ပယ်နိုင်၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မာရ်သည် မနှောင်ဖွဲ့နိုင်သူ မာရ်၏ကျော့ကွင်း အစွပ်မခံရသူ မာရ်နတ်အလိုရှိတိုင်း အပြုမခံရသူဟု ဆိုအပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်သူသည် ရာဂကိုလည်းကောင်း ဒေါသကိုလည်းကောင်း မောဟကိုလည်းကောင်း ကင်းကွာစေနိုင်၏၊ ထိုသူကို ပွါးများပြီးသူတို့တွင် တယောက်အပါအဝင် ဖြစ်၍ မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ

http://www.dhammadownload.com



ရှေးရှေးရဟန္တာတို့ကဲ့သို့ ကြွရောက်လာသူ အလုံးစုံသော ကိလေသာတို့ကို ပယ်ပြီးဖြစ်သူ ဘေးအပေါင်း ရန်အပေါင်းကို လွန်ပြီးသူ သစ္စာလေးပါးကို သိပြီးသူဟု ဆိုကုန်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

နဝမသုတ်။

---

## ၁၀-ဒုတိယရာဂသုတ်

၆၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ရဟန်းယောကျ်ားဖြစ်စေ ရဟန်းမိန်းမဖြစ်စေ အကြင်တစုံတယောက်သည် ရာဂကို မပယ်နိုင်သေး၊ဒေါသကို မပယ်နိုင်သေး၊ မောဟကို မပယ်နိုင်သေး၊ရဟန်းတို့ ဤပုဂ္ဂိုလ်ကို လှိုင်း တံပိုး ဝဲ ဖမ်းယူတတ်သောငါးမကာရ်း ရက္ခိုက်နှင့် တကွဖြစ်သော သမုဒ္ဒရာကို မကူးမြောက်နိုင်သေးသူဟု ဆိုအပ်၏၊ ရဟန်းတို့ ရဟန်းယောကျ်ားဖြစ်စေ ရဟန်းမိန်းမဖြစ်စေ အကြင်တစုံတယောက်သည် ရာဂကို ပယ်နိုင်၏၊ ဒေါသကို ပယ်နိုင်၏၊ မောဟကို ပယ်နိုင်၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို လှိုင်း တံပိုး ဝဲ ဖမ်းယူတတ်သောငါးမကာရ်း ရက္ခိုက်နှင့်တကွ ဖြစ်သော သမုဒ္ဒရာကို ကူးမြောက်နိုင်သူဟု ဆိုအပ်၏၊ ကူးမြောက်ပြီးသူ ကမ်းတဖက်သို့ရောက်ပြီးသူ မကောင်းမှုမှ အပပြုပြီးသူဖြစ်၏၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း၌ တည်သူဟု ဆိုအပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို —

“အကြင်ပုဂ္ဂိုလ်သည် ရာဂကိုရင်း ဒေါသကိုရင်း မောဟကိုရင်း ကင်းကွာစေနိုင်၏၊ ထိုပုဂ္ဂိုလ်သည် ဖမ်းယူတတ်သောငါးမကာရ်း ရက္ခိုက် ကြောက်မက်ဖွယ် လှိုင်း တံပိုးနှင့်တကွ ဖြစ်၍ လွန်မြောက်နိုင်ခဲသော ဤသမုဒ္ဒရာကို လွန်မြောက်ပြီ။

အကြင်ပုဂ္ဂိုလ်သည် ရာဂစသော ငါးပါးအပေါင်းကို လွန်မြောက်လျက် သေမင်းကို စွန့်ပြီးလျှင် ကိလေသာစသော ဥပဓိမရှိမှု၍ တဖန်ပဋိသန္ဓေ နေခြင်းဆင်းရဲကို ပယ်စွန့်နိုင်၏၊ ရာဂစသည်တို့၏ ချုပ်ခြင်းသို့ရောက်သော ထိုသူသည် သီလစသည်ဖြင့် တစုံတယောက်နှင့် နှိုင်းယှဉ်ထိုက်သူ၏ အဖြစ်သို့ မရောက်၊ သေမင်းကို တွေဝေစေ၏ဟု ငါဆို၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

---

## ၃-တတိယဝဂ် ၁-မိစ္ဆာဒိဋ္ဌိကသုတ်

၇၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်နှင့် ပြည့်စုံကြသူ အရိယာတို့ကို စွပ်စွဲတတ်ကြသူ မှားသောအယူရှိကြသူ မှားသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကြသူ သတ္တဝါတို့ကိုငှင်း ထိုသတ္တဝါတို့ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ရသည်တို့ကိုငှင်း ငါဘုရား မြင်တော်မူ၏။

ရဟန်းတို့ ငါဘုရားသည် ထိုအခြင်းအရာကို တပါးသော သမဏထံမှသော်ငှင်း ဗြာဟ္မဏ ထံမှသော်ငှင်း ကြား၍ ဟောသည် မဟုတ်ပေ၊ ရဟန်းတို့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် နှင့်ပြည့်စုံကြသူ အရိယာတို့ကို စွပ်စွဲတတ်ကြသူ မှားသောအယူရှိကြသူ မှားသောအယူဖြင့် တည်ဆောက်အပ်သောကံရှိကြသူသတ္တဝါတို့ကိုငှင်း ထိုသတ္တဝါတို့ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ရသည်တို့ကိုငှင်း ငါဘုရား မြင်တော်မူ၏၊ ရဟန်းတို့ စင်စစ်သော်ကား ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင်ထင်ရှားသော အခြင်းအရာကိုသာလျှင် ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်နှင့် ပြည့်စုံကြသူ အရိယာတို့ကို စွပ်စွဲ တတ်ကြသူ မှားသောအယူရှိကြသူ မှားသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကြသူ သတ္တဝါ တို့ကိုငှင်း ထိုသတ္တဝါတို့ခန္ဓာကိုယ်ပျက်စီး၍သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်း သောလားရာ ပျက်စီးကျရောက်ရာ ဖြစ်သော ငရဲသို့ ကပ်ရောက်ရသည်တို့ကိုငှင်း ငါဘုရားမြင်တော် မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို —

"ဤလောက၌ အကြားအမြင်နည်းသော ပုဂ္ဂိုလ်သည် ဤလူ့ပြည်ဝယ် အသက်တိုသည် ဖြစ်ပါလျက် ကိုယ်ဖြင့် မှားသောအမှုတို့ကို ပြု၍ မှားသောစကားကိုလည်း ပြောဆို၍ မှား သော စိတ်ကိုလည်း ဆောက်တည်၍ မကောင်းမှုတို့ကိုပြု၏၊ ပညာမဲ့သော ထိုသူသည် ခန္ဓာ ကိုယ် ပျက်စီးသောအခါ ငရဲသို့ရောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-သမ္မာဒိဋ္ဌိကသုတ်

၇၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်နှင့် ပြည့်စုံကြသူ အရိယာတို့ကို မစွပ်စွဲ တတ်ကြသူ ကောင်းသော အယူရှိကြသူ ကောင်းသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကြသူ သတ္တဝါတို့ကိုငှင်း ထိုသတ္တဝါတို့ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောလားရာ ဖြစ်သော နတ်ပြည်သို့ ကပ်ရောက်သည်တို့ကိုငှင်း ငါဘုရား မြင်တော်မူ၏။

ရဟန်းတို့ ငါဘုရားသည် ထိုအခြင်းအရာကို တပါးသော သမဏထံမှသော်ငှင်း ဗြာဟ္မဏထံမှ သော်ငှင်း ကြား၍ဟောသည်မဟုတ်၊ရဟန်းတို့ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်နှင့် ပြည့်စုံ

http://www.dhammadownload.com



ကြသူ အရိယာတို့ကို မစွပ်စွဲတတ်ကြသူ ကောင်းသောအယူရှိကြသူ ကောင်းသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကြသူ သတ္တဝါတို့ကိုလည်း ထိုသတ္တဝါတို့ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောလားရာ ဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ရသည်တို့ကိုလည်း ငါဘုရား မြင်တော်မူ၏။ ရဟန်းတို့ စင်စစ်မှသော်ကား ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင်ထင်ရှားသော အခြင်းအရာကို သာလျှင် ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်နှင့် ပြည့်စုံကြသူ အရိယာတို့ကို မစွပ်စွဲတတ်ကြသူ ကောင်းသောအယူရှိကြသူ ကောင်းသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကြသူ သတ္တဝါတို့ကိုလည်း ထိုသတ္တဝါတို့ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောလားရာ ဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ရသည်တို့ကိုလည်း ငါဘုရား မြင်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ဤလောက၌ အကြားအမြင်များသော ပုဂ္ဂိုလ်သည် ဤလူ့ပြည်ဝယ် အသက်တိုသည် ဖြစ်ရကား ကိုယ်ဖြင့် ကောင်းသောအမှုတို့ကို ပြု၍ မှန်ကန်သော စကားကိုလည်း ပြောဆို၍ ကောင်းသောစိတ်ကိုလည်း ဆောက်တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြု၏၊ ပညာရှိသော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးသောအခါ နတ်ပြည်သို့ ရောက်ရ၏"ဟု ဤဂါထာဖြင့်ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

## ၃-နိဿရဏိယသုတ်

၇၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ထွက်မြောက်ကြောင်းနှင့် စပ်ကုန်သော ဓာတ်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း— ကာမတို့မှထွက်မြောက်ကြောင်းဖြစ်သော ပဌမဈာန်ဟူသော 'နေက္ခမ္မ' ဓာတ်၊ ရူပါဝစရတရားတို့မှ ထွက်မြောက်ကြောင်းဖြစ်သော အရူပဈာန်ဟူသော 'အရူပ' ဓာတ်၊ ထင်ရှားဖြစ်ပေါ် လာသော အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သော အကြောင်းကို စွဲ၍ဖြစ်သော အလုံးစုံသောတရားတို့မှ ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်ဟူသော 'နိရောဓ' ဓာတ်တို့တည်း၊ ရဟန်းတို့ ထွက်မြောက်ကြောင်းနှင့် စပ်ကုန်သော ဓာတ်တို့သည် ဤသုံးပါးတို့တည်း။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသော အခါခပ်သိမ်း နိဿရဏသုံးပါးတို့ကို ကောင်းစွာ မြင်သောပုဂ္ဂိုလ်သည် ကာမတို့မှ ထွက်မြောက်ကြောင်းကိုလည်း ရူပါဝစရတရားတို့မှ လွန်မြောက်ကြောင်းကိုလည်း သိသောကြောင့် သင်္ခါရအားလုံးတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်ကို တွေ့ထိသိမြင်ရ၍ ထိုကာမရူပသင်္ခတတို့၌ သမုစ္ဆေဒဝိမုတ္တိအားဖြင့် လွတ်မြောက်၏၊ ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စ ပြီးဆုံးပြီး၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူဖြစ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

တတိယသုတ်။

http://www.dhammadownload.com



## ၄-သန္တတရသုတ်

၇၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ရူပါဝစရတရားတို့ထက် အရူပါဝစရတရားတို့သည် အထူးငြိမ်းအေးကုန်၏၊ အရူပါဝစရတရားတို့ထက် (ရုပ်နာမ်ချုပ်ရာ) နိဗ္ဗာန်သည် အထူးငြိမ်းအေး၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ရူပဘဝသို့ ကပ်ရောက်ကြကုန်သော အကြင်သတ္တဝါတို့သည်၎င်း အရူပဘဝ၌ တည်ကြကုန်သော အကြင်သတ္တဝါတို့သည်၎င်း နိဗ္ဗာန်ကို မသိကြကုန်သောကြောင့် တဖန်ဘဝသစ်သို့ လားရောက်ရကုန်၏။

အကြင်သူတို့သည် ရူပါဝစရတရားတို့ကို ပိုင်းခြားသိကုန်၍ အရူပါဝစရတရားတို့၌ မတည်ကြကုန်ပဲ နိရောဓ၌အာရုံပြုကာ အရိယမဂ်ဖြင့် ကိလေသာမှ လွတ်မြောက်ကုန်၏၊ ထိုသူတို့သည် သေမင်းမှ လွန်မြောက်ကုန်၏။

အာသဝေါကင်းတော်မူပြီးသော မြတ်စွာဘုရားသည် နာမကာယဖြင့် ဥပဓိကင်းသော အမတဓာတ်သို့ ရောက်တော်မူ၍ ဥပဓိတို့၏စွန့်လွှတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးလျှင် စိုးရိမ်မှုကင်းသော ကိလေသာမြူကင်းသော နိဗ္ဗာန်တရားကို ဟောတော်မူ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-ပုတ္တသုတ်

၇၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤသားသုံးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အဘယ်သုံးယောက်တို့နည်း — (အမိအဖတို့ထက်) ဂုဏ်လွန်သော အတိဇာတသားရှင်း (အမိအဖတို့နှင့်) ဂုဏ်တူသော အနုဇာတသားရှင်း (အမိအဖတို့အောက်)ဂုဏ်ယုတ်သော အဝဇာတသားရှင်းတည်း။

ရဟန်းတို့ အတိဇာတသားသည် အဘယ်သို့ဖြစ်သနည်း၊ရဟန်းတို့ ဤလောက၌ သား၏အမိအဖတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူတို့ မဟုတ်ကုန်၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်သူတို့မဟုတ်ကုန်၊သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူတို့မဟုတ်ကုန်၊အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊ အရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊ မမှန်စကားပြောခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊သီလမဲ့ကုန် ယုတ်မာသော သဘောရှိကုန်၏၊ထိုအမိအဖတို့၏သားသည်ကား မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏၊

http://www.dhammadownload.com



သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏၊ အသက်သတ်ခြင်း ရှောင်ကြဉ်သူ ဖြစ်၏၊ မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ မမှန်စကားပြောခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် သောက်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ သီလရှိ၏၊ ကောင်းသောသဘောရှိ၏၊ ရဟန်းတို့ အတိဇာတသားသည် ဤသို့ ဖြစ်၏။

ရဟန်းတို့ အနုဇာတသားသည် အဘယ်သို့ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ သား၏အမိအဖတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူတို့ ဖြစ်ကုန်၏၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်သူတို့ ဖြစ်ကုန်၏၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူတို့ ဖြစ်ကုန်၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊အရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ ကာမဘို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊မမှန်စကားပြောခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက် သောက်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောသဘောရှိကုန်၏၊ ထိုအမိအဖတို့၏ သားသည်လည်း မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ အရှင်မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ မမှန်စကားပြောခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ သီလရှိ၏၊ ကောင်းသောသဘောရှိ၏၊ ရဟန်းတို့ အနုဇာတသားသည် ဤသို့ ဖြစ်၏။

ရဟန်းတို့ အဝဇာတသားသည် အဘယ်သို့ ဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ သား၏အမိအဖတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူတို့ ဖြစ်ကုန်၏၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်သူတို့ ဖြစ်၏၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူတို့ ဖြစ်ကုန်၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ အရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊မမှန်စကားပြောခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောသဘောရှိကုန်၏၊ ထိုအမိအဖတို့၏ သားသည်ကား မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူ မဟုတ်၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်သူမဟုတ်၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူ မဟုတ်၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ မဟုတ်၊ အရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူမဟုတ်၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူမဟုတ်၊ မမှန်စကားပြောခြင်းမှ ရှောင်ကြဉ်သူမဟုတ်၊ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူမဟုတ်၊ သီလမဲ့၏၊ ယုတ်မာသော သဘောရှိ၏၊ ရဟန်းတို့ အဝဇာတသားသည် ဤသို့ ဖြစ်၏၊ ရဟန်းတို့ ဤသားသုံးယောက်တို့သည် ဤလောက၌ ထင်ရှားရှိကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ပညာရှိတို့သည် (အမိအဖထက်)ဂုဏ်လွန်သော အတိဇာတသားနှင့် (အမိအဖတို့နှင့်)ဂုဏ်တူသော အနုဇာတသားကို အလိုရှိကုန်၏၊ အကြင်သားသည် အမျိုးအနွယ်ကို ဖြတ်၏၊ (အမိအဖတို့အောက်) ဂုဏ်ယုတ်သော ထိုအဝဇာတသားကို အလိုမရှိကုန်။

http://www.dhammadownload.com



ဤသုံးယောက်သောသားတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အကြင်သားတို့သည် ရတနာသုံးပါးကို ဆည်းကပ်ကုန်၏၊ သဒ္ဓါသီလနှင့် ပြည့်စုံကုန်၏၊ တောင်းဆိုသူဘို့၏ စကားကို သိကုန်၏၊ ဝန်တိုခြင်း ကင်းကုန်၏၊ ထိုသားတို့သည် တိမ်တိုက်မှ လွတ်သော လသည် တင့်တယ် သကဲ့သို့ ပရိသတ်တို့၌ တင့်တယ်ကုန်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဥ္စမသုတ်။

---

## ၆-အဝုဋ္ဌိကသုတ်

၇၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အဘယ်သုံးယောက်တို့နည်း—မရွာသောမိုးနှင့်တူသောပုဂ္ဂိုလ် တစိတ်တဒေသ၌ ရွာသောမိုးနှင့်တူသောပုဂ္ဂိုလ် အရပ်အားလုံးကို ပြန့်နှံ့၍ ရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ မရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်သည် အဘယ်သို့ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အလုံးစုံသာလျှင်ဖြစ်ကုန်သော သမဏဗြာဟ္မဏ အထီးကျန်သူ ညွှေ့သည် သူဖုန်းစား သူတောင်းစားတို့အား ထမင်းအဖျော်ကိုင်း အဝတ်ကိုင်း ယာဉ်ကိုင်း ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုင်း ပေးလှူတတ်သူမဟုတ်၊ ရဟန်းတို့ မရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်သည် ဤသို့ ဖြစ်၏။

ရဟန်းတို့ တစိတ်တဒေသ၌ ရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်သည် အဘယ်သို့ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အချို့သော သမဏဗြာဟ္မဏ အထီးကျန်သူ ညွှေ့သည် သူဖုန်းစား သတောင်းစားတို့အား ထမင်းအဖျော်ကိုင်း အဝတ်ကိုင်း ယာဉ်ကိုင်း ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကိုင်း ပေးလှူတတ်သူဖြစ်၍ အချို့တို့အားကား ပေးလှူတတ်သူမဟုတ်၊ ရဟန်းတို့ တစိတ်တဒေသ၌ ရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်သည် ဤသို့ ဖြစ်၏။

ရဟန်းတို့ အရပ်အားလုံးပြန့်နှံ့၍ရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်သည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အလုံးစုံသာလျှင်ဖြစ်ကုန်သော သမဏဗြာဟ္မဏ အထီးကျန်သူ ညွှေ့သည် သူဖုန်းစား သူတောင်းစားတို့အား ထမင်းအဖျော်ကိုင်း အဝတ်ကိုင်း ယာဉ်ကိုင်း ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုင်း ပေးလှူတတ်၏၊ ရဟန်းတို့ အရပ်အားလုံးကို ပြန့်နှံ့၍ ရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်သည် ဤသို့ ဖြစ်၏၊ ရဟန်းတို့ ဤသုံးယောက်သော ပုဂ္ဂိုလ်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင်သူသည် ထမင်းအဖျော်ဘောဇဉ်ကို ရ၍ သမဏဗြာဟ္မဏ အထီးကျန်သူ ညွှေ့သည် သူဖုန်းစား သူတောင်းစားတို့ကို ထမင်းအဖျော်ကိုင်း ဘောဇဉ်ကိုင်း ရသည်ဖြစ်လျက်

http://www.dhammadownload.com



မဝေဖန်၊ စင်စစ် ထိုသို့ သဘောရှိသော ထိုယောကျ်ားယုတ်ကို မရွှာသောမိုးနှင့်တူသူဟု ဆိုကုန်၏။

အကြင်သူသည် အလှူခံအချို့တို့အား ပေးလှူ၏၊ အလှူခံအချို့တို့အား မပေးလှူ၊ ထိုသို့သဘောရှိသောသူကို ပညာရှိတို့သည် ကွက်ကျား ရွာသောမိုးနှင့် တူသူ ဟု ဆိုကုန်၏။

ထမင်းရလွယ်သည့် စကားကို ပြောတတ်သော အလုံးစုံသော သတ္တဝါတို့ကို သနား စောင့်ရှောက်တတ်သော ယောကျ်ားသည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ ဖြန့်ကျဲ ပေးလှူတတ်၏၊ ပေးလိုက်ကြပါကုန်၊ ပေးလိုက်ကြပါကုန်ဟု ဆိုတတ်၏။

မိုးသည် ထစ်ကြိုးမြည်ဟည်း၍ ရွာပြီးလျှင် ရေဖြင့် စီးလျက်သာလျှင် ကြည်းကုန်း ကိုင်း ချိုင့်ဝှမ်းရာကိုင်း ပြည့်စေသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ ထိုသို့သဘော ရှိသော အချို့ပုဂ္ဂိုလ်သည် တရားသဖြင့် စုဆောင်း၍ ထကြွမှု လုံ့လကြောင့် ရသော ဥစ္စာကို ရှေ့မှောက် ရောက်လာကုန်သော သူဖုန်းစားတို့အား ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-သုခပတ္ထနာသုတ်

၇၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤချမ်းသာသုံးပါးတို့ကို တောင့်တသော ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏၊ အဘယ်သုံးပါးတို့နည်း—ကျော်စောသတင်း ချီးမွမ်းခြင်းသည် ငါ့ထံသို့ ရောက်ပါစေဟု အလို ရှိသူ ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏၊ စည်းစိမ်ချမ်းသာတို့သည် ငါ့အား ဖြစ်ပေါ်ပါ စေကုန်သတည်းဟု အလိုရှိသူ ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ နတ်ပြည်လောက၌ ဖြစ်ရလိမ့်မည်ဟု အလိုရှိသူ ပညာရှိသည် သီလကို စောင့် ရှောက်ရာ၏၊ ရဟန်းတို့ ဤချမ်းသာသုံးပါးတို့ကို တောင့်တသော ပညာရှိသည် သီလကို စောင့် ရှောက်ရာ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက် သဘောကို—

“ချီးမွမ်းခြင်းကိုင်း စည်းစိမ်ဥစ္စာရခြင်းကိုင်း တမလွန်ဘဝဝယ် နတ်ပြည်၌ ဝမ်းမြောက် ဝမ်းသာ လားရောက်ရခြင်းကိုင်း (ဤ)ချမ်းသာသုံးပါးတို့ကို တောင့်တသော ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏။

မကောင်းမှုကို (မိမိ)မပြုသော်လည်း မကောင်းမှု ပြုသူကို မှီဝဲဆည်းကပ်မူ မကောင်းမှု၌ ပြုလေသလော မပြုလေသလောဟု တွေးတောယုံမှားခံရ၏၊ မကောင်းသတင်း ကျော်စော ခြင်းသည်လည်း ထိုသူ့အပေါ်သို့ ရောက်၏။

http://www.dhammadownload.com



အကြင်သူသည် အကြင်ကောင်း မကောင်း သဘောရှိသောသူကို အဆွေခင်ပွန်း ပြု၍ မှီဝဲ ဆည်းကပ်၏၊ ထိုသူသည် ထိုကောင်း မကောင်းရှိသူသာဖြစ်၏၊မှန်၏- အတူတကွ ပေါင်းဖော် နေထိုင်သူသည် ထိုအတူတကွ နေထိုင်သူနှင့် တူသောသဘောရှိသည်သာ ဖြစ်၏။

အဆိပ်လူးမြားသည် အဆိပ်မလိမ်းကျံသေးသော မြားစည်းကို မိမိအဆိပ်ဖြင့် လိမ်းကျံ ကူးစက်သကဲ့သို့ မှီဝဲဆည်းကပ်ခံရသူ သူယုတ်မာသည် မိမိသို့ မှီဝဲဆည်းကပ်လာသူ သူတော် ကောင်းကို မိမိ၏ ယုတ်မာမှုဖြင့် လိမ်းကျံကူးစက်၏၊ အတူတကွ ပေါင်းသင်း ဆက်ဆန် လက်ခံသူ သူယုတ်မာသည် မိမိသို့ ပေါင်းသင်း ဆက်ဆန်လာသူ သူတော်ကောင်းကို မိမိယုတ် မာမှုဖြင့် လိမ်းကျံကူးစက်၏၊ ပညာရှိသည် ဤသို့ ယုတ်မာမှုဖြင့် လိမ်းကျံကူးစက် ခြင်းမှ ကြောက်သောကြောင့် ယုတ်မာသော အဆွေခင်ပွန်း ရှိသူ မဖြစ်ရာ။

အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်၏၊ ထိုသူ၏ သမန်းမြက်တို့သည်လည်း အပုပ်နံ့လှိုင်ကုန်သကဲ့သို့ သူမိုက်ကို မှီဝဲသူတို့သည် ဤအတူ အပုပ်နံ့လှိုင်ကုန်၏၊ အကြင် သူသည် ပေါက်ရွက်ဖြင့် တောင်ဇလပ်ပန်းကို ထုပ်၏၊ ထိုသူ၏ ပေါက်ရွက်တို့သည်လည်း အမွှေးနံ့လှိုင်ကုန်သကဲ့သို့ ပညာရှိကို မှီဝဲသူတို့သည် ဤအတူ အမွှေးနံ့လှိုင်ကုန်၏။

ထို့ကြောင့် ဖက်ရွက်ထုပ်ကဲ့သို့ မိမိကောင်းကျိုး မကောင်းကျိုးကို သိ၍ ပညာရှိသည် သူယုတ်မာတို့ကို မမှီဝဲရာ၊ သူတော်ကောင်းတို့ကိုသာ မှီဝဲရာ၏၊ သူယုတ်မာတို့သည် ငရဲသို့ ဆောင်တတ်ကုန်၏၊ သူတော်ကောင်းတို့သည် နတ်ပြည်သို့ ရောက်စေတတ်ကုန်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

## ၈-ဘိဒုရသုတ်

၇၇။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ ဤခန္ဓာကိုယ်သည် ကွဲပြိုခြင်းသဘောရှိ၏၊ ဝိညာဏ်သည် ကင်းပြတ်ခြင်း သဘော ရှိ၏၊ ခန္ဓ-ကိလေသ-အဘိသင်္ခါရ-ကာမဂုဏ်ဟူသော ဥပဓိ[၁] အားလုံးတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော် မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ကွဲပြိုခြင်းသဘောရှိသော ခန္ဓာကိုယ်ကိုငင်း ကင်းပြတ်ခြင်း သဘောရှိသော ဝိညာဏ် ကိုငင်း သိ၍ ဥပဓိအားလုံးတို့၌ ဘေးကိုလည်း တွေ့မြင်လျက် ပွါးများပြီးသော ကိုယ်စိတ် ရှိသူသည် မြတ်သော ငြိမ်းအေးရာနိဗ္ဗာန်သို့ ရောက်၍ ပဋိသန္ဓေနေခြင်း သေခြင်းကို

---

၁။ ဥပဓိလေးပါး (၁) ခန္ဓာငါးပါးသည် ခန္ဓူပဓိ (၂) ကိလေသာဟူသမျှသည် ကိလေသုပဓိ (၃) ကုသိုလ်ကံ အကုသိုလ်ကံသည် အဘိသင်္ခါရူပဓိ (၄) ကာမဂုဏ်ငါးပါးသည် ကာမဂုဏူပဓိ။

http://www.dhammadownload.com



လွန်မြောက်ပြီးဖြစ်ရကား မိမိအသက်ကို မနှစ်သက်ပဲ ပရိနိဗ္ဗာန်ပြုရမည့်ကာလကို ကြည့်ရှု ဆိုင်းငံ့၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-ခါတုသောသံသန္ဒနသုတ်

၇၈။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော် မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သတ္တဝါတို့သည် သတ္တဝါတို့နှင့် အတူတကွ အဇ္ဈာသယဓာတ်အားဖြင့် နှီးနှောကြ ညီညွတ်ကြကုန်၏၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့နှင့်အတူတကွ နှီးနှောကြ ညီညွတ်ကြကုန်၏၊ ကောင်းသောနှလုံးသွင်းရှိသောသတ္တဝါတို့သည် ကောင်းသောနှလုံးသွင်းရှိသော သတ္တဝါတို့နှင့်အတူတကွ နှီးနှောကြ ညီညွတ်ကြကုန်၏။

ရဟန်းတို့ အတိတ်ကာလ၌လည်း သတ္တဝါတို့သည် သတ္တဝါတို့နှင့် အတူတကွ အဇ္ဈာသယဓာတ် အားဖြင့်သာ နှီးနှောခဲ့ဘူး ညီညွတ်ခဲ့ဘူးကြကုန်၏၊ ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သောနှလုံးသွင်းရှိသောသတ္တဝါတို့နှင့် အတူတကွ နှီးနှောခဲ့ဘူး ညီညွတ်ခဲ့ဘူး ကြကုန်၏၊ ကောင်းသောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ကောင်းသော နှလုံးသွင်းရှိသော သတ္တဝါတို့နှင့် အတူတကွ နှီးနှောခဲ့ဘူး ညီညွတ်ခဲ့ဘူးကြကုန်၏။

ရဟန်းတို့ အနာဂတ်ကာလ၌လည်း သတ္တဝါတို့သည် သတ္တဝါတို့နှင့်အတူတကွ အဇ္ဈာသယ ဓာတ် အားဖြင့်သာ နှီးနှောကြ ညီညွတ်ကြကုန်လတ္တံ့၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့နှင့်အတူတကွ နှီးနှောကြ ညီညွတ်ကြကုန်လတ္တံ့၊ ကောင်းသော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ကောင်းသော နှလုံးသွင်းရှိသော သတ္တဝါတို့နှင့်အတူတကွ နှီးနှောကြ ညီညွတ်ကြ ကုန်လတ္တံ့။

ရဟန်းတို့ ယခုပစ္စုပ္ပန်ကာလ၌လည်း သတ္တဝါတို့သည် သတ္တဝါတို့နှင့်အတူတကွ အဇ္ဈာသယ ဓာတ်အားဖြင့်သာ နှီးနှောကြ ညီညွတ်ကြကုန်၏၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့နှင့် အတူတကွ နှီးနှောကြ ညီညွတ်ကြကုန်၏၊ ကောင်းသော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ကောင်းသောနှလုံးသွင်းရှိသော သတ္တဝါတို့နှင့် အတူတကွ နှီးနှောကြ ညီညွတ်ကြကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထို သုတ်၌ ဤအနက်သဘောကို—

"ရောနှောခြင်းကြောင့် ကိလေသာဖြစ်၏၊ မရောနှောခြင်းကြောင့် ကိလေသာ ပျက်စီး၏၊ သေးငယ်သော သစ်သားဖောင်ကို တက်စီး၍ မဟာသမုဒ္ဒရာ၌ နစ်မြုပ်ရသကဲ့သို့ ဤအတူ ပျင်းရိသူကို အကြောင်းပြု၍ ကောင်းသော အသက်မွေးခြင်းရှိသောသူသည်လည်း သံသရာ၌ နစ်မြုပ်ရ၏၊ ထို့ကြောင့် ယုတ်လျော့သော ဝီရိယရှိသော ထိုပျင်းရိသူကို ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



ကာယဝိဝေကစသည်ဖြင့် ကင်းဆိတ်ကြသူ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြသူ သမထ ဝိပဿနာဖြင့် ရှုလေ့ရှိကြသူ အမြဲထက်သန်သော လုံ့လရှိကြသူ အရိယာပညာရှိတို့နှင့် အတူတကွ နေထိုင် မှီဝဲရာ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

နဝမသုတ်။

## ၁၀-ပရိဟာနသုတ်

၇၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာ ခဲ့ရပါသည်—

ရဟန်းတို့ ဤတရားသုံးပါးတို့သည် ကျင့်ဆဲ ‘သေက္ခ’ရဟန်းအား မတိုးတက် မကြီးပွါးရန်သာ ဖြစ်ကုန်၏၊ အဘယ်သုံးပါးတို့နည်း—ရဟန်းတို့ ဤသာသနာတော်၌ ကျင့်ဆဲ ‘သေက္ခ’ရဟန်းသည် အမှုကိစ္စလျှင် မွေ့လျော်ရာရှိသူဖြစ်၏၊ အမှုကိစ္စ၌ မွေ့လျော်သူဖြစ်၏၊ အမှုကိစ္စ၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏၊ စကားပြောခြင်းလျှင် မွေ့လျော်ရာရှိသူဖြစ်၏၊ စကားပြောခြင်း၌ မွေ့လျော်တတ်သူ ဖြစ်၏၊ စကားပြောခြင်း၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏၊ အိပ်ခြင်းလျှင် မွေ့လျော်ရာရှိသူဖြစ်၏၊ အိပ်ခြင်း၌ မွေ့လျော်သူဖြစ်၏၊ အိပ်ခြင်း၌ မွေ့လျော်မှုကို အားထုတ်တတ်သူဖြစ်၏၊ ရဟန်းတို့ ဤတရားသုံးပါးတို့သည် ကျင့်ဆဲ ‘သေက္ခ’ ရဟန်းအား မတိုးတက် မကြီးပွါးရန်သာ ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားသုံးပါးတို့သည် ကျင့်ဆဲ ‘သေက္ခ’ရဟန်းအား တိုးတက်ကြီးပွါးရန်သာ ဖြစ်ကုန်၏၊ အဘယ်သုံးပါးတို့နည်း—ရဟန်းတို့ ဤသာသနာတော်၌ ကျင့်ဆဲ ‘သေက္ခ’ရဟန်းသည် အမှုကိစ္စလျှင် မွေ့လျော်ရာရှိသူမဟုတ်၊ အမှုကိစ္စ၌ မွေ့လျော်သူ မဟုတ်၊ အမှုကိစ္စ၌ မွေ့လျော်မှုကို အားထုတ်သူ မဟုတ်၊ စကားပြောခြင်းလျှင် မွေ့လျော်ရာရှိသူမဟုတ်၊ စကားပြောခြင်း၌ မွေ့လျော်သူမဟုတ်၊ စကားပြောခြင်း၌ မွေ့လျော်မှုကို အားထုတ်သူ မဟုတ်၊ အိပ်ခြင်းလျှင် မွေ့လျော်ရာရှိသူ မဟုတ်၊ အိပ်ခြင်း၌ မွေ့လျော်သူ မဟုတ်၊ အိပ်ခြင်း၌ မွေ့လျော်မှုကို အားထုတ်သူမဟုတ်၊ ရဟန်းတို့ ဤတရားသုံးပါးတို့သည် ကျင့်ဆဲ ‘သေက္ခ’ ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင်ရဟန်းသည် အမှုကိစ္စလျှင် မွေ့လျော် ရာရှိ၏၊ စကားပြောခြင်းလျှင် မွေ့လျော်ရာရှိ၏၊ အိပ်ခြင်းလျှင် မွေ့လျော်ရာရှိ၏၊ တုန်လှုပ်ပျံ့လွင့်တတ်၏၊ ထိုသို့ သဘောရှိသောရဟန်းသည် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါမထိုက်။

ထို့ကြောင့်ပင် အမှုကိစ္စနည်းသူ အိပ်ခြင်းနည်းသူ မပျံ့လွင့်သူဖြစ်ရာ၏၊ ထိုသို့သဘောရှိသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ ထိုက်၏” ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

တတိယဝဂ် ပြီး၏။

http://www.dhammadownload.com



## ၄-စတုတ္ထဝဂ် ၁-ဝိတက္ကသုတ်

၈၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အကုသိုလ်နှင့် စပ်ယှဉ်သော ကြံစည်မှု 'ဝိတက်'တို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း—သူတပါးတို့က မထီမဲ့မြင် မပြုခြင်းနှင့် စပ်ယှဉ်သော ကြံစည်မှု'ဝိတက်' လာဘ်ပူဇော်သက္ကာ အကျော်အစောနှင့် စပ်ယှဉ်သော ကြံစည်မှု'ဝိတက်' သူတပါးတို့၌ ချစ်ခင်မှု 'ဂေဟဿိတပေမ'နှင့် စပ်ယှဉ်သော ကြံစည်မှု 'ဝိတက်'တို့တည်း၊ ရဟန်းတို့ အကုသိုလ်နှင့် စပ်ယှဉ်သော ကြံစည်မှု'ဝိတက်' တို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထို သုတ်၌ ဤအနက်သဘောကို—

"သူတပါးတို့က မထီမဲ့မြင်မပြုခြင်းနှင့် စပ်ယှဉ်သူ လာဘ်ပူဇော်သက္ကာအကျော်အစော၌ လေးစားသူ ချစ်ကျွမ်းဝင်သူတို့နှင့်တကွ (ဂေဟဿိတပေမဖြင့်) နှစ်သက်ဝမ်းမြောက်လေ့ရှိသူသည် သံယောဇဉ် ကုန်ခန်းရန် ဝေးကွာလှ၏။

အကြင်သူသည်ကား သားသမီး ကျွဲနွားကိုရင်း ထိမ်းမြားခြင်းအမှုတို့ကိုရင်း ပစ္စည်းပရိက္ခရာ သိမ်းဆည်းမှုတို့ကိုရင်း ပယ်စွန့်၍ ရှင်ရဟန်းပြု၏၊ ထိုသို့သဘောရှိသော ထိုရဟန်းသည် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ ထိုက်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

---

## ၂-သက္ကာရသုတ်

၈၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ပူဇော်သက္ကာရပြုမှုဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သော သတ္တဝါတို့ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။

ရဟန်းတို့ ပူဇော်သက္ကာရမပြုမှုဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သော သတ္တဝါတို့ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။

ရဟန်းတို့ ပူဇော်သက္ကာရ ပြုမှု ပူဇော်သက္ကာရ မပြုမှုဟူသော ထိုနှစ်ပါးစုံဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သောစိတ်ရှိကုန်သောသတ္တဝါတို့ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် ထိုအခြင်းအရာကို အခြားတပါးသော သမဏထံမှုရင်း ဗြာဟ္မဏထံမှုရင်း ကြား၍ ဟောတော်မူသည် မဟုတ်၊ ရဟန်းတို့ စင်စစ်မှာမူ ငါဘုရားသည် ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင်ထင်ရှားသော အခြင်းအရာကိုသာလျှင် ဟောတော်မူ၏။

ရဟန်းတို့ ပူဇော်သက္ကာရပြုမှုဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သော သတ္တဝါတို့ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။

ရဟန်းတို့ ပူဇော်သက္ကာရမပြုမှုဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သော သတ္တဝါတို့ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။

ရဟန်းတို့ ပူဇော်သက္ကာရပြုမှု ပူဇော်သက္ကာရ မပြုမှုဟူသော ထိုနှစ်ပါးစုံဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သော သတ္တဝါတို့ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

"ပူဇော်သက္ကာရပြုမှုကြောင့်ရင်း ပူဇော်သက္ကာရမပြုမှုကြောင့်ရင်း နှစ်ပါးစုံကြောင့်ရင်း ပူဇော်သက္ကာရ အပြုခံရသော မမေ့မလျော့ နေလေ့ရှိသော အကြင်ပုဂ္ဂိုလ်၏ သမာဓိသည် မတုန်လှုပ်။

သိမ်မွေ့သောပညာဖြင့် ရှုလေ့ရှိသော အမြဲမပြတ် သမထဝိပဿနာဖြင့် ရှုလေ့ရှိသော ဥပါဒါန်တို့၏ကုန်ရာ အရဟတ္တဖိုလ်လျှင် မွေ့လျော်ရာရှိသော ထိုပုဂ္ဂိုလ်ကို သူတော်ကောင်းဟု ဆိုကြကုန်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-ဒေဝသဒ္ဒသုတ်

၈၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ နတ်ပြည်တို့၌ အချိန်ကာလတခုမှ အချိန်ကာလတခုကို အကြောင်းပြု၍ ဤသုံးမျိုးသော နတ်တို့အချင်းချင်း ပြောဆိုသံတို့သည် ဖြစ်ပေါ်လာကုန်၏။ အဘယ်သုံးပါးတို့နည်း— ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်(ရဟန်းပြု)ရန် ကြိုးစား အားထုတ်၏၊ ထိုအခါ "ဤအရိယာတပည့်သည် မာရ်နှင့်ယှဉ်ပြိုင်၍ စစ်တိုက်ရန် ကြိုးစား အားထုတ်၏"ဟု

http://www.dhammadownload.com



ကာလတခုမှ အချိန်ကာလတခုကို အကြောင်းပြု၍ ပဌမဖြစ်သော ဤနတ်တို့ အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ နောက်တမျိုးကား အကြင်အခါ အရိယာတပည့်သည် ဗောဓိပက္ခိယတရားခုနစ်ပါး တို့ကို ပွါးများအားထုတ်မှုနှင့် မပြတ်ယှဉ်လျက် နေ၏၊ ထိုအခါ ဤအရိယာတပည့်သည် မာရ်နှင့်ယှဉ် ပြိုင်၍ စစ်တိုက်နေ၏ဟု နတ်ပြည်တို့၌ နတ်တို့အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏၊ရဟန်းတို့ နတ်ပြည်တို့၌ အချိန်ကာလတခုမှ အချိန်ကာလတခုကို အကြောင်းပြု၍ ဒုတိယဖြစ်သော ဤနတ်တို့ အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ နောက်တမျိုးကား အကြင်အခါ အရိယာတပည့်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်စိတ်နှင့် ကိလေ သာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်လျက်နေ၏၊ ထိုအခါ "ဤအရိယာတပည့်သည် အောင်အပ်ပြီးသော စစ်မြေပြင်ရှိ၍ ထိုစစ်မြေဦးကိုပင် အောင်နိုင်ကာ လွှမ်းမိုးလျက် နေ၏"ဟု နတ်ပြည်တို့၌ နတ်တို့ အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏၊ ရဟန်းတို့ နတ်ပြည်တို့၌ အချိန်ကာလတခုမှ အချိန်ကာလတခုကို အကြောင်းပြု၍ တတိယဖြစ်သော ဤနတ်တို့အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏၊ ရဟန်းတို့ နတ်ပြည်တို့၌ အချိန်ကာလတခုမှ အချိန်ကာလတခုကို အကြောင်းပြု၍ ဤသုံးပါးသော နတ်တို့အချင်းချင်း ပြောဆိုသံတို့သည် ဖြစ်ပေါ်လာကုန်၏။ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အောင်အပ်ပြီးသော စစ်မြေပြင်ရှိသော သီလစသော ဂုဏ်အားဖြင့် ကြီးမြတ်သော ကြောက်ရွံ့ခြင်းကင်းသော မြတ်စွာဘုရား၏ တပည့်သားကို တွေ့မြင်ကြရကုန်၍ နတ်တို့သည် လည်း ရှိခိုးကုန်၏။

ယောကျ်ားအာဇာနည်ဖြစ်သောအသျှင်ဘုရား အသျှင်ဘုရားသည် တားမြစ်ခြင်းငှါ ခဲယဉ်းလှစွာသော သေမင်း၏ စစ်သည်ကို အရဟတ္တမဂ်ဖြင့် အောင်နိုင်သောကြောင့် လူများစွာတို့၏ အောင်နိုင်ခဲ့သည်ကို အောင်တော်မူပေပြီ၊ ထိုအသျှင်ဘုရားအား ရှိခိုးပါ၏။

အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးသော ဤရဟန္တာပုဂ္ဂိုလ်ကို နတ်တို့သည် ဤသို့ ရှိခိုး ကြကုန်၏၊ မှန်၏—အကြင်အကြောင်းကြောင့် ယောကျ်ားအာဇာနည်သည် သေမင်း၏ အလိုသို့ လိုက်နာရ၏၊ ထိုယောကျ်ားအာဇာနည်၏ သေမင်းအလိုသို့ လိုက်နာရမည့် ထိုအကြောင်းကို နတ်ဘို့သော်မှလည်း မမြင်နိုင်ကြကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

တတိယသုတ်။

---

## ၄-ပဥ္စပုဗ္ဗနိမိတ္တသုတ်

၈၃။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ နတ်တို့သည် နတ်ပြည်မှ စုတေချိန်နီးသောအခါ ထိုနတ်သားအား “ပန်ဆင်သော ပန်းတို့ ညှိုးနွမ်းကုန်၏၊ အဝတ်တန်ဆာတို့ ညစ်နွမ်းကုန်၏၊ လက်ကတီး(ချိုင်း)ကြားတို့မှ ချွေး ထွက်ကုန်၏၊ ကိုယ်၌ အရေအဆင်းမလှခြင်းသို့ ရောက်ရ၏၊ နတ်သားသည် မိမိနေရာ နတ်ဗိမာန်၌ မမွေ့လျော်”ဟူသော ဤပုဗ္ဗနိမိတ်ငါးမျိုးတို့သည် ထင်ရှား ဖြစ်ပေါ် လာကုန်၏။

ရဟန်းတို့ ထိုနတ်သားကို နတ်တို့သည်“ဤနတ်သားကား စုတေချိန် နီး၏”ဟု သိကြ၍ “အရှင် ဤနတ်ဘုံမှ သုဂတိဘဝသို့ သွားပါလေ့၊ သုဂတိဘဝသို့ သွားပြီးလျှင် ကောင်းစွာ ရနိုင်သော လာဘ်ကို ရယူပါလေ့၊ ကောင်းစွာ ရနိုင်သော လာဘ်ကို ရယူပြီး၍ ကောင်းစွာ မတုန်မလှုပ် သက်ဝင်၍ တည်သူ ဖြစ်ပါလေ့” ဟု စကားသုံးခွန်းတို့ဖြင့် ဝမ်းမြောက်စေကြကုန်၏။

ဤသို့ဟောတော်မူအပ်သော် ရဟန်းတပါးသည် မြတ်စွာဘုရားအား “အသျှင်ဘုရား နတ်တို့၏ သုဂတိဘဝသို့ သွားခြင်းဟု ပြောဆို ချီးမွမ်းခြင်းသည် အဘယ်ပါနည်း၊အသျှင်ဘုရား နတ်တို့၏ ကောင်းစွာရနိုင်သော လာဘ်ဟု ပြောဆို ချီးမွမ်းခြင်းသည် အဘယ်ပါနည်း၊အသျှင်ဘုရား နတ်တို့ မတုန်မလှုပ် သက်ဝင်၍ တည်ခြင်းဟု ပြောဆိုချီးမွမ်းခြင်းသည် အဘယ်ပါနည်း”ဟု လျှောက်၏။

ရဟန်း နတ်တို့၏ သုဂတိဘဝသို့ သွားခြင်းဟု ပြောဆိုချီးမွမ်းခြင်းသည် လူ့အဖြစ်ပင်တည်း၊ နတ်သည် လူဖြစ်သည်ရှိသော် မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယ သာသနာတော်၌ ယုံကြည်မှု‘သဒ္ဓါ’ကို ရ၏၊ ရဟန်း နတ်တို့၏ ကောင်းစွာရနိုင်သော လာဘ်ကို ရခြင်းဟု ဆိုခြင်းသည် ယုံကြည်မှု ‘သဒ္ဓါ’ကို ရခြင်းပင်တည်း၊ ထိုယုံကြည်မှု ‘သဒ္ဓါ’သည် ထိုနတ်သား၏ စိတ်အစဉ်သို့ သက်ဝင်၏၊ အမြစ်အရင်းဖြစ်၏၊ မတုန်မလှုပ်သက်ဝင်၍ တည်၏၊ မြဲမြံ၏၊ သမဏသော်၎င်း ဗြာဟ္မဏသော်၎င်း နတ်သော်၎င်း မာရ်နတ်သော်၎င်း ဗြဟ္မာသော်၎င်း လောက၌ တစုံတယောက် သောသူသော်၎င်း မဖယ်ရှားနိုင်၊ ရဟန်း နတ်တို့၏ ကောင်းစွာ မတုန်မလှုပ် သက်ဝင်၍ တည် ခြင်းဟု ဆိုခြင်းသည် မဖယ်ရှားနိုင်သော ယုံကြည်မှု ‘သဒ္ဓါ’ပင်တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

“အကြင်အခါ၌ နတ်သည် အသက်တန်းကုန်ခြင်းကြောင့် နတ်ပြည်မှ စုတေ၏၊ ထိုအခါ ဝမ်းမြောက်စေသော နတ်တို့၏ သုံးမျိုးသော မှာကြားသံတို့သည် ဖြစ်ပေါ် လာကုန်၏။

အရှင် ဤနတ်ဘုံမှ သုဂတိဘဝဖြစ်သော လူတို့၏ အသင်းဝင် အဖြစ်သို့ သွားပါလေလေ့၊ လူဖြစ်သော သင်သည် သူတော်ကောင်းတရား၌ အတုမရှိ မြတ်သော ယုံကြည်မှု ‘သဒ္ဓါ’ကို ရယူပါလေ့။

သင်၏ ထို ယုံကြည်မှု ‘သဒ္ဓါ’တရားသည် အမြဲ စိတ်အစဉ်သို့ သက်ဝင်၍ အမြစ်အရင်း ဖြစ်ကာ မတုန်မလှုပ် ကောင်းစွာ တည်ပြီးလျှင် ကောင်းစွာ ဟောကြားအပ်သော သူတော် ကောင်းတရားဟူသော သာသနာ၌ အသက်ထက်ဆုံး တစုံတယောက်ကမျှ မဖယ်ရှားနိုင်သော သဒ္ဓါတရားဖြစ်ပါစေ။

ကာယဒုစရိုက်ကိုင်း ဝစီဒုစရိုက်ကိုင်း မနောဒုစရိုက်ကိုင်း ပယ်စွန့်၍ အခြားတပါးသော ဒေါသနှင့်ယှဉ်သော အမှုကိုလည်း ပယ်စွန့်ပြီးလျှင် အတိုင်းအရှည်ပမာဏမရှိသော ကိလေသာ (ဥပဓိ)ကင်းစင်သော ကုသိုလ်ကောင်းမှုကို ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း အကြိမ် များစွာ ပြု၍ ထိုနတ်ပြည်လောက၌ ပေးကမ်းလှူဒါန်းခြင်းဖြင့် ခန္ဓာကိုယ် ‘ဥပဓိ’၏

http://www.dhammadownload.com



တင့်တယ်ပြည့်စုံကြောင်း ဖြစ်သော ထို့ကုသိုလ်ကောင်းမှုကို အကြိမ်များစွာပြု၍ တပါးသော အပေါင်းအဖော်တို့ကိုလည်း သူတော်ကောင်းတရားတည်းဟူသော မြတ်သော အကျင့်၌ သက်ဝင်စေပါလော့။

အကြင်အခါ၌ နတ်တို့သည် စုတေမည့် နတ်ကို သိကြကုန်၏၊ ထိုအခါ ဤသနား စောင့်ရှောက်မှုဖြင့် အချင်းနတ်သား ဤနတ်ပြည်သို့ အဖန်ဖန် လာလှည့်ပါဟု ဝမ်းမြောက်စေကုန်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-ဗဟုဇနဟိတသုတ်

၈၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ဤပုဂ္ဂိုလ်သုံးယောက်တို့သည် လောက၌ ဖြစ်ပေါ်ကုန်သော် လူများအကျိုးငှါ လူများချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးငှါ စီးပွါးအလို့ငှါ ချမ်းသာအကျိုးငှါ ဖြစ်ကုန်၏၊ အဘယ်သုံးယောက်တို့နည်း— ရဟန်းတို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူသော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားကို သိတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ရဟန်းတို ရှေးဦးစွာသော ဤပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လူများအကျိုးငှါ လူများချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးငှါ စီးပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ထိုမြတ်စွာဘုရား၏ တပည့်‘သာဝက’သည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါကုန်ခန်းသူ ကျင့်သုံးပြီးသူ မဂ်ကိစ္စကို ပြုပြီးသူ ခန္ဓာဝန်ကို ချပြီးသူ အရဟတ္တဖိုလ်သို့ရောက်ပြီးသူ ဘဝသံယောဇဉ် ကုန်ခန်းပြီးသူ ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူဖြစ်၏၊ ထိုတပည့်‘သာဝက’သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ရဟန်းတို့ ဒုတိယဖြစ်သော ဤပုဂ္ဂိုလ်သည် လောက၌ ဖြစ်သည်ရှိသော် လူများအကျိုးငှါ လူများချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးငှါ စီးပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ထိုမြတ်စွာဘုရား၏ တပည့်'သာဝက'သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်ဖြစ်၏၊ မဂ်အကျင့်ဖြင့် အရိယာဇာတ်ရှိသူ အကြားအမြင်များသူ သီလအကျင့်နှင့် ပြည့်စုံသူ ဖြစ်၏၊ထိုတပည့်'သာဝက'သည်လည်း အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်း ခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။ ရဟန်းတို့ တတိယဖြစ်သော ဤပုဂ္ဂိုလ်သည် လောက၌ ဖြစ်သည်ရှိသော် လူများအကျိုးငှါ လူများချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏အကျိုးငှါ စီးပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်သုံးယောက်တို့သည် လောက၌ ဖြစ်ပေါ် ကုန်သော် လူများအကျိုးငှါ လူများချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးငှါ စီးပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"လောက၌ ဂုဏ်ကျေးဇူးကို ရှာမှီးသော ရှေးဦးပဌမဖြစ်သော မြတ်စွာဘုရားသည်၎င်း ထိုမြတ်စွာဘုရားသို့ အတုလိုက်၍ ကျင့်သော ပွါးများအပ်ပြီးသော အရဟတ္တဖိုလ်စိတ် ရှိသော တပည့်'သာဝက'သည်၎င်း ထို့ပြင် မဂ်အကျင့်ဖြင့် အရိယာဇာတ်ရှိသော အကြား အမြင်များ၍ သီလနှင့် ပြည့်စုံသော ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်သည်၎င်း နတ်လူတို့ထက် မြတ်ကုန်သော ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့သည် ပညာအရောင်ကို ပြုတတ်ကုန်လျက် တရားကို ဟောကြားကုန်ပြီးလျှင် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် များ စွာသော လူအပေါင်းကို ယောဂလေးပါးမှ လွတ်မြောက်စေကုန်၏။

အကြင်သူတို့သည် အတုမရှိ မြတ်သော လှည်းမှူးသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရား ကောင်းစွာဟောတော်မူအပ်သော အရိယမဂ်ကို အတုလိုက်၍ ကျင့်ကုန်၏၊ အကြင်သူတို့ သည် မြတ်စွာဘုရားသာသနာတော်၌ မမေ့မလျော့ကြကုန်၊ ထိုသူနှစ်ဦးတို့သည် ဤဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြုကြကုန်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ပဥ္စမသုတ်။

## ၆-အသုဘာနုပဿီသုတ်

၈၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည် —

ရဟန်းတို့ ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက် နေကြကုန်လော့၊ အာနာပါနဿတိ သည်လည်း သင်တို့၏ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုတည်စေကြကုန်လော့၊ အလုံးစုံသော သင်္ခါရတရား တို့၌ အနိစ္စဟုရှုလျက် နေကြကုန်လော့၊ ရဟန်းတို့ ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက် နေကြကုန်သောသူတို့အား တင့်တယ်သည့်အဖြစ်ဟူသော သုဘဓာတ်ကြောင့် ရာဂကိန်းဝပ်မှု ရာဂါနုသယသည် ကင်းပျောက်၏၊ အာနာပါနဿတိ၏ ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုတည်မှုကြောင့် အပဖြစ်ကုန်သော ဆင်းရဲခြင်းအကိုးရှိကုန်သော အလိုဆန္ဒ အာသယသို့ အစဉ်လိုက်တတ်သည့် မိစ္ဆာဝိတက်တို့သည် မဖြစ်ပေါ် ကုန်၊ အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟုရှုလျက် နေကြကုန်

http://www.dhammadownload.com



သောသူတို့အား အဝိဇ္ဇာမောဟ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော အခါခပ်သိမ်း ကောင်းစွာ မြင်သော ထိုရဟန်းသည် ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုသည်ဖြစ်၍ရှင်း ထွက်သက်ဝင်သက်၌ ထင်သော သတိရှိသည် ဖြစ်၍ရှင်း အလုံးစုံသော သင်္ခါရတို့၏ ချုပ်ငြိမ်းမှုကို ရှုသည်ဖြစ်၍ရှင်း ထိုအလုံးစုံသောသင်္ခါရတို့ ချုပ်ငြိမ်းရာ၌ အရဟတ္တဖလဝိမုတ္တိဖြင့် လွတ်မြောက်၏၊ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စပြီးဆုံးပြီဖြစ်၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူ ဖြစ်တော့၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

## ၇-ဓမ္မာနုဓမ္မပဋိပန္နသုတ်

၈၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းအား ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဟု ပြောကြားရန် ဤအလျော်သဘောသည် ဖြစ်ပေါ်လာ၏၊ ထိုဓမ္မာနုဓမ္မပဋိပန္နရဟန်းသည် ပြောဆိုသည်ရှိသော် တရားနှင့် စပ်ယှဉ်သော စကားကိုသာလျှင် ပြောဆို၏၊ တရားနှင့် မစပ်ယှဉ်သော စကားကို မပြောဆို၊ ကြံစည်သည်ရှိသော် တရားနှင့်စပ်ယှဉ်သော အကြံအစည်ကို သာလျှင် ကြံစည်၏၊ တရားနှင့်မစပ်ယှဉ်သော အကြံအစည်ကို မကြံစည်၊ ထိုပြောဆိုမှု ကြံစည်မှု နှစ်ပါးစုံကို မပြုမူ၍ နေသည်ရှိသော် အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' ရှိသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ထိုသုတ်၌ ဤအနက်သဘောကို—

"တရားလျှင် မွေ့လျော်ရာရှိသော တရား၌ မွေ့လျော်တတ်သော တရားကို ကြံစည်တတ်သော တရားကို အစဉ်အောက်မေ့သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

သွားသော်ရှင်း ရပ်သော်ရှင်း ထိုင်သော်ရှင်း အိပ်သော်ရှင်း ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကိလေသာတို့မှ ငြိမ်းအေးစေသော ရဟန်းသည် ငြိမ်းအေးရာ(နိဗ္ဗာန်)သို့သာလျှင် ရောက်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

## ၈-အန္ဓကရဏသုတ်

၈၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

http://www.dhammadownload.com



ရဟန်းတို့ ဤအကုသလဝိတက်သုံးပါးတို့သည် ပညာဥာဏ် ကန်းသည်ကို ပြုတတ်ကုန်၏၊ ပညာစက္ခုကို မပြုတတ်ကုန်၊ မသိခြင်းကို ပြုတတ်ကုန်၏၊ ပညာကို တားမြစ်ပိတ်ပင်တတ်ကုန်၏၊ ဆင်းရဲခြင်း အဘို့ရှိကုန်၏၊ ကိလေသာ ငြိမ်းအေးမှုကို မဖြစ်စေတတ်ကုန်။ အဘယ်သုံးပါးတို့နည်း — ရဟန်းတို့ ကာမဝိတက်သည် ပညာဥာဏ်ကန်းသည်ကို ပြုတတ်၏၊ ပညာစက္ခုကို မပြုတတ်၊ မသိခြင်းကို ပြုတတ်၏၊ ပညာကို တားမြစ်ပိတ်ပင်တတ်၏၊ ဆင်းရဲခြင်းအဘို့ရှိ၏၊ ကိလေသာ ငြိမ်းအေးမှုကို မဖြစ်စေတတ်၊ ရဟန်းတို့ ဗျာပါဒဝိတက်သည် ပညာဥာဏ်ကန်းသည်ကို ပြုတတ်၏၊ ပညာစက္ခုကို မပြုတတ်၊မသိခြင်းကို ပြုတတ်၏၊ ပညာကို တားမြစ်ပိတ်ပင်တတ်၏၊ ဆင်းရဲခြင်းအဘို့ရှိ၏၊ ကိလေသာ၊ငြိမ်းအေးမှုကို မဖြစ်စေတတ်၊ ရဟန်းတို့ ဝိဟိံသာဝိတက်သည် ပညာဥာဏ်ကန်းသည်ကို ပြုတတ်၏၊ ပညာစက္ခုကို မပြုတတ်၊ မသိခြင်းကို ပြုတတ်၏၊ ပညာကို တားမြစ်ပိတ်ပင်တတ်၏၊ ဆင်းရဲခြင်းအဘို့ရှိ၏၊ ကိလေသာငြိမ်းအေးမှုကို မဖြစ်စေတတ်။ ရဟန်းတို့ ဤအကုသလဝိတက်သုံးပါးတို့သည် ပညာဥာဏ်ကန်းသည်ကို ပြုတတ်ကုန်၏၊ ပညာစက္ခုကို မပြုတတ်ကုန်၊ မသိခြင်းကို ပြုတတ်ကုန်၏၊ ပညာကို တားမြစ်ပိတ်ပင်တတ်ကုန်၏၊ ဆင်းရဲခြင်းအဘို့ရှိကုန်၏၊ ကိလေသာငြိမ်းအေးခြင်းကို မဖြစ်စေတတ်ကုန်။

ရဟန်းတို့ ဤကုသလဝိတက်သုံးပါးတို့သည် ပညာဥာဏ် ကန်းသည်ကို မပြုတတ်ကုန်၊ ပညာစက္ခုကို ပြုတတ်ကုန်၏၊ သိခြင်းကို ပြုတတ်ကုန်၏၊ ပညာကို ပွါးစေတတ်ကုန်၏၊ ဆင်းရဲခြင်း အဘို့မရှိကုန်၊ ကိလေသာငြိမ်းအေးခြင်းကို ဖြစ်စေတတ်ကုန်၏၊ အဘယ်သုံးပါးတို့နည်း—ရဟန်းတို့ နေက္ခမ္မဝိတက်သည် ပညာဥာဏ် ကန်းသည်ကို မပြုတတ်၊ ပညာစက္ခုကို ပြုတတ်၏၊ သိခြင်းကို ပြုတတ်၏၊ ပညာကို ပွါးစေတတ်၏၊ ဆင်းရဲခြင်းအဘို့မရှိ၊ ကိလေသာငြိမ်းအေးမှုကို ဖြစ်စေတတ်၏၊ ရဟန်းတို့ အဗျာပါဒဝိတက်သည် ပညာဥာဏ်ကန်းသည်ကို မပြုတတ်၊ ပညာစက္ခုကို ပြုတတ်၏၊ သိခြင်းကို ပြုတတ်၏၊ပညာကို ပွါးစေတတ်၏၊ဆင်းရဲခြင်းအဘို့မရှိ၊ ကိလေသာငြိမ်းအေးမှုကို ဖြစ်စေတတ်၏၊ ရဟန်းတို့ အဝိဟိံသာဝိတက်သည် ပညာဥာဏ်ကန်းသည်ကို မပြုတတ်၊ ပညာစက္ခုကို ပြုတတ်၏၊ သိခြင်းကို ပြုတတ်၏၊ ပညာကို ပွါးစေတတ်၏၊ ဆင်းရဲခြင်း အဘို့မရှိ၊ ကိလေသာ ငြိမ်းအေးမှုကို ဖြစ်စေတတ်၏၊ ရဟန်းတို့ ဤကုသလဝိတက်သုံးပါးတို့သည် ပညာဥာဏ်ကန်းသည်ကို မပြုတတ်ကုန်၊ ပညာစက္ခုကို ပြုတတ်ကုန်၏၊ သိခြင်းကို ပြုတတ်ကုန်၏၊ ပညာကို ပွါးစေတတ်ကုန်၏၊ ဆင်းရဲခြင်း အဘို့မရှိကုန်၊ ကိလေသာငြိမ်းအေးခြင်းကို ဖြစ်စေတတ်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ယောဂါဝစရပုဂ္ဂိုလ်သည် ကုသလဝိတက်သုံးပါးတို့ကိုသာ ကြံစည်ရာ၏၊ အကုသလဝိတက်သုံးပါးတို့ကိုမူကား နှင်ထုတ်ပယ်စွန့်ရာ၏၊ အခါမဲ့ရွာသောမိုးကြီးသည် မြေမှုထသော မြူမှုန့်အပေါင်းကို တခဏခြင်း ငြိမ်းပျောက်စေသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အကုသလဝိတက်တို့ကိုရင်း ထိုနှင့်ယှဉ်သော ဝိစာရတို့ကိုရင်း ငြိမ်းအေးကင်းပျောက်စေပြီးလျှင် မိစ္ဆာဝိတက် ငြိမ်းအေးသော မဂ်စိတ်ဖြင့် ဤဘဝ၌ပင် ငြိမ်းအေးရာ နိဗ္ဗာန်ကို ရနိုင်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-အန္တရာမလသုတ်

၈၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဤသုံးပါးတို့သည် စိတ်၏အညစ်အကြေး စိတ်၏မိတ်ဆွေပျက် စိတ်၏ရန်သူ စိတ်၏သူသတ်သမား စိတ်၏ဆန့်ကျင်ဘက်သားတို့ ဖြစ်ကုန်၏၊ အဘယ်သုံးပါးတို့နည်း—ရဟန်းတို့ လောဘသည် စိတ်၏အညစ်အကြေး စိတ်၏မိတ်ဆွေပျက် စိတ်၏ရန်သူ စိတ်၏ သူသတ်သမား စိတ်၏ဆန့်ကျင်ဘက်သားဖြစ်၏၊ ရဟန်းတို့ ဒေါသသည် စိတ်၏အညစ်အကြေး စိတ်၏မိတ်ဆွေပျက် စိတ်၏ရန်သူ စိတ်၏သူသတ်သမား စိတ်၏ဆန့်ကျင်ဘက်သား ဖြစ်၏၊ ရဟန်းတို့ မောဟသည် စိတ်၏အညစ်အကြေး စိတ်၏မိတ်ဆွေပျက် စိတ်၏ရန်သူ စိတ်၏သူသတ်သမား စိတ်၏ဆန့်ကျင်ဘက်သား ဖြစ်၏၊ ရဟန်းတို့ ဤသုံးပါးတို့သည် စိတ်၏အညစ်အကြေး စိတ်၏မိတ်ဆွေပျက် စိတ်၏ရန်သူ စိတ်၏သူသတ်သမား စိတ်၏ဆန့်ကျင်ဘက်သား ဖြစ်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"လောဘသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ လောဘသည် စိတ်ကို ချောက်ချားစေတတ်၏၊ အတွင်းစိတ်၌ ဖြစ်သော ထိုလောဘဟူသော ဘေးကို လူအပေါင်းသည် မသိနိုင်။

တပ်မက်သောသူသည် အကျိုးကို မသိ၊ တပ်မက်သောသူသည် တရားကို မမြင်၊ အကြင်အခါ၌ လောဘသည် လူကို လွှမ်းမိုးဖိစီး၏၊ ထိုအခါ၌ အမိုက်တိုက်သဖွယ် ဖြစ်၏။

အကြင်သူသည် လောဘကို ပယ်နိုင်သောကြောင့် တပ်မက်ဖွယ် ရူပါရုံ၌ မတပ်မက်၊ ရေပေါက်သည် ကြာရွက်မှ လျှောကျဘိသကဲ့သို့ ထိုသူ၏ လောဘသည် ထိုတပ်မက်ဖွယ် အာရုံမှ ကင်းပျောက်၏။

ဒေါသသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ ဒေါသသည် စိတ်ကို ချောက်ချားစေတတ်၏၊ အတွင်းစိတ်၌ ဖြစ်သော ထိုဒေါသဟူသော ဘေးကို လူအပေါင်းသည် မသိနိုင်။

အမျက်ထွက်သောသူသည် အကျိုးကို မသိ၊ အမျက်ထွက်သောသူသည် တရားကို မမြင်၊ အကြင်အခါ၌ ဒေါသသည် လူကို လွှမ်းမိုးဖိစီး၏၊ ထိုအခါ၌ အမိုက်တိုက်သဖွယ် ဖြစ်၏။

အကြင်သူသည် ဒေါသကို ပယ်သောကြောင့် အမျက်ထွက်ဖွယ် ရူပါရုံ၌ အမျက်မထွက်၊ ထန်းသီးမှည့်သည် အညှာမှ ကြွေကျရသကဲ့သို့ ထိုသူ၏ ဒေါသသည် ထိုအမျက်ထွက်ဖွယ်အာရုံမှ ကင်းပျောက်၏။

မောဟသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ မောဟသည် စိတ်ကို ချောက်ချားစေတတ်၏၊ အတွင်းစိတ်၌ ဖြစ်သော မောဟဟူသော ဘေးကို လူအပေါင်းသည် မသိနိုင်။

တွေဝေသူသည် အကျိုးကို မသိ၊ တွေဝေသူသည် တရားကို မမြင်၊ အကြင်အခါ၌ မောဟသည် လူကို လွှမ်းမိုးဖိစီး၏၊ ထိုအခါ၌ အမိုက်တိုက်သဖွယ် ဖြစ်၏။

http://www.dhammadownload.com



အကြင်သူသည် မောဟကို ပယ်သောကြောင့် တွေ့ဝေဖွယ် ရှုပါရုံ၌ မတွေဝေ၊ ထွက်ပေါ်လာသော နေမင်းသည် အမိုက်တိုက်ကို ပယ်ဖျောက်သကဲ့သို့ ထိုသူသည် အလုံးစုံသော မောဟကို အကြွင်းမဲ့ ပယ်ဖျောက်နိုင်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

နဝမသုတ်။

---

## ၁၀-ဒေဝဒတ္တသုတ်

၈၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ မသူတော်တရား သုံးပါးတို့ဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးယူအပ်သည့် စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ဖြစ်ရ၏၊ ငရဲ၌ဖြစ်ရ၏၊ အန္တရကပ်ပတ်လုံး တည်၏၊ ကုစား၍ မရကောင်း၊ အဘယ်သုံးပါးတို့နှင့်နည်း—ရဟန်းတို့ ယုတ်မာသော အလိုဆိုးဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးယူအပ်သည့်စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရ၏၊ ငရဲ၌ ဖြစ်ရ၏၊ အန္တရကပ်ပတ်လုံး တည်၏၊ ကုစား၍ မရကောင်း၊ ရဟန်းတို့ မိတ်ဆွေယုတ်ရှိသည်၏ အဖြစ်ဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးယူအပ်သည့် စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရ၏၊ ငရဲ၌ ဖြစ်ရ၏၊ အန္တရကပ်ပတ်လုံး တည်၏၊ ကုစား၍ မရကောင်း၊ ဈာန်အဘိညာဉ်တို့ထက် အလွန်ဖြစ်သော မဂ်ဖိုလ်အတွက် ပြုဖွယ်ကိစ္စ ရှိသေးသည်ဖြစ်ပါလျက် အနည်းငယ်မျှသော ဈာန်အဘိညာဉ်တရားထူးကို ရခြင်းဖြင့် အကြား၌သာ ပြီးဆုံးခြင်းသို့ ရောက်နေရ၏။ ရဟန်းတို့ ဤမသူတော်တရား သုံးပါးတို့ဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးယူအပ်သည့် စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရ၏၊ ငရဲ၌ ဖြစ်ရ၏၊ အန္တရကပ်ပတ်လုံးတည်၏၊ ကုစား၍ မရကောင်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“လောက၌ တစုံတယောက်သောသူသည် အဘယ်အခါမျှ ယုတ်မာသော အလိုရှိသူ မဖြစ်ပါစေလင့်၊ ယုတ်မာသော အလိုရှိသူတို့၏ လားရာ ‘ဂတိ’ ကဲ့သို့ ထိုသို့သောလားရာ ‘ဂတိ’ ကို ဤဆိုလတ္တံ့သောအကြောင်းဖြင့် သိကြကုန်လော့။

ပညာရှိဟု ထင်ရှားသော ဈာန်အဘိညာဉ်တို့ဖြင့် ပွါးများအပ်ပြီးသောစိတ်ရှိသူဟု သမုတ်အပ်သော ဒေဝဒတ်သည် အခြံအရံဖြင့် တောက်ပသကဲ့သို့ တည်၏ဟု ထင်ရှားခဲ့၏။

ထိုဒေဝဒတ်သည် မိမိအတိုင်းအရှည် ပမာဏကို မသိသောကြောင့် ထိုမြတ်စွာဘုရားကို ညှဉ်းဆဲ၍ တံခါးလေးပေါက်ရှိသော ကြောက်မက်ဖွယ် အဝီစိငရဲသို့ ရောက်ရ၏။

အကြင်သူသည် မကောင်းမှုကံကို မပြုသည့် မပြစ်မှားသင့်သောသူအား ပြစ်မှား၏၊ ရှိသေမှုကင်းသော ပြစ်မှားသော စိတ်ရှိသော ထိုသူသို့သာလျှင် မကောင်းမှုသည် တွေ့ထိကပ်ရောက်၏။

အကြင်သူသည် သမုဒ္ဒရာကို အဆိပ်အိုးဖြင့် ဖျက်ဆီးရန် ကြံစည်အောက်မေ့၏၊ ထိုသူသည် ထိုအဆိပ်အိုးဖြင့် မဖျက်ဆီးနိုင်ရာ၊ မှန်လှ၏—ပြန့်ပြောနက်ကျယ် ကြောက်မက်ဖွယ်ကောင်းသော သမုဒ္ဒရာသည် ကြီးမားကျယ်ဝန်းလှပေ၏။

http://www.dhammadownload.com



ဤအတ္ထုသာလျှင် အကြင်သူသည် ညီညွတ်သည်ဖြစ်၍ ငြိမ်းအေးသော စိတ်ရှိသော မြတ်စွာဘုရားကို ဒေါသဖြင့် ညှဉ်းဆဲနှိပ်စက်၏၊ ထိုသူ၏ ဒေါသသည် ထိုမြတ်စွာဘုရား အပေါ်၌ မကျရောက်နိုင်။

အကြင်ကောင်းသော အကျင့်ရှိသူ၏ ပဋိပတ်လမ်းစဉ်သို့ အစဉ်လိုက်သော ရဟန်းသည် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ရာ၏၊ ပညာရှိသည် ထိုသို့သဘောရှိသော ကောင်းသော အကျင့်ရှိသူကို အဆွေခင်ပွန်းပြုရာ၏၊ ထိုကောင်းသော အကျင့်ရှိသူကိုလည်း မှီဝဲရာ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

စတုတ္ထဝဂ် ပြီး၏။

---

## ၅-ပဥ္စမဝဂ် ၁-အဂ္ဂပ္ပသာဒသုတ်

၉၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အမြတ်ဆုံးတို့၌ ကြည်ညိုခြင်းတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့ နည်း—ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်း ရှိသောသတ္တဝါ များသောအခြေရှိသောသတ္တဝါ ရူပသတ္တဝါ အရူပသတ္တဝါ သညီသတ္တဝါ အသညီ သတ္တဝါ နေဝသညီနာသညီသတ္တဝါဟူသမျှတို့တွင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံ သော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏၊ ရဟန်းတို့ ဘုရား၌ ကြည်ညိုကုန်သူတို့သည် အမြတ်ဆုံးပုဂ္ဂိုလ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသူတို့အား အမြတ်ဆုံးအကျိုး ဖြစ်နိုင်၏။

ရဟန်းတို့ ပြုပြင်အပ်သော'သင်္ခတ'တရား မပြုပြင်အပ်သော 'အသင်္ခတ' တရားဟူသမျှတို့တွင် မာန်ယစ်ခြင်းကို ဆုံးမရာ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ အာလယကို ပယ်ခွါရာ ဝဋ်ကို ဖြတ်ရာ တဏှာကုန်ရာ ကိလေသာတို့ကင်းပြတ်ရာ ဝါနတဏှာမှ ထွက်မြောက်ရာဖြစ်သော ဝိရာဂဟု ဆိုအပ်သော နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ရာဂကင်းရာ နိဗ္ဗာန်တရား၌ ကြည်ညို သူတို့သည် အမြတ်ဆုံးတရား၌ ကြည်ညိုသည်မည်ကုန်၏၊ အမြတ်ဆုံးတရား၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးဖြစ်နိုင်၏။

ရဟန်းတို့ သံဃာဂိုဏ်းဟူသမျှတို့တွင် အစုံအားဖြင့် လေးယောက်သော ယောကျ်ားမြတ်အစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်သော ယောကျ်ားမြတ်ပုဂ္ဂိုလ်ဟု ဆိုအပ်သော မြတ်စွာဘုရား၏တပည့် သား သံဃာသည် အဝေးမှဆောင်ယူလာသော အလှူကို ခံထိုက်၏၊ ဧည့်သည်အလို့ငှါ ထားသော အလှူကို ခံထိုက်၏၊ မြတ်သောအလှူကို ခံထိုက်၏၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်၏၊ လူအပေါင်း၏ ကောင်းမှုတည်းဟူသော မျိုးစေ့တို့ စိုက်ပျိုးရာအမြတ်ဆုံး လယ်မြေဖြစ်၏ဟူသော ဂုဏ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သားသံဃာကို အမြတ်ဆုံးဟု ဆိုအပ်၏၊ ရဟန်းတို့

http://www.dhammadownload.com



သံဃာ၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်ဆုံး၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးဖြစ်နိုင်၏၊ ရဟန်းတို့ ဤသုံးပါးတို့သည် အမြတ်ဆုံး ကြည်ညိုခြင်းတို့ တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အမြတ်ဆုံး ရတနာသုံးပါး၌ ကြည်ညိုကုန်သော ရတနာသုံးပါး၏ အမြတ်ဆုံးသဘောကို သိကုန်သော မြတ်သောအလှူကို ခံထိုက်၍ အတုမရှိသည့် အမြတ်ဆုံးဘုရား၌ ကြည်ညိုကုန်သော သူတို့အားရင်း—

အလုံးစုံသော ကိလေသာတို့ ကင်းပြတ်ကြောင်း ငြိမ်းအေးကြောင်းဖြစ်၍ ဝဋ်ဆင်းရဲ ကုန်ခြင်းဖြင့် ချမ်းသာသည့် အမြတ်ဆုံးတရား၌ ကြည်ညိုသူတို့အားရင်း အတုမရှိ ကောင်းမှု တည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သည့် အမြတ်ဆုံး သံဃာ၌ ကြည်ညိုသူတို့အားရင်း အမြတ်ဆုံး ဖြစ်သော ရတနာသုံးပါး၌ အလှူကို ပေးလှူ ကုန်သော သူတို့အားရင်း အမြတ်ဆုံး ကုသိုလ်သည် တိုးပွါး၏၊ ပြန့်ပြောများမြတ်သော အသက်သည်ရင်း အဆင်းသည်ရင်း အခြံအရံသည်ရင်း အကျော်အစောသည်ရင်း ချမ်းသာ သည်ရင်း ခွန်အားသည်ရင်း တိုးပွါး၏။

အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးအား ပေးလှူတတ်သော အမြတ်ဆုံးဖြစ်သော ကြည်ညိုမှု ပေးလှူမှုစသော တရားနှင့် ပြည့်စုံသော ပညာရှိသည် နတ်ဖြစ်သော်ရင်း လူဖြစ်သော်ရင်း အမြတ်ဆုံးဖြစ်သော မဂ်ဖိုလ်ကို ရသည်ဖြစ်၍ ဝမ်းမြောက်ရ၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

## ၂-ဇီဝိကသုတ်

၉၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ အသက်မွေးမှုတို့တွင် ဆွမ်းခံလှည့်လည်၍ အသက်မွေးရခြင်းသည် ယုတ်ညံ့လှ၏၊ လောက၌ ဤဆွမ်းခံ၍ အသက်မွေးသူသည် "ဤသူဖုန်းစားကား ခွက်လက်စွဲလျက် လှည့်လည် ဘိ၏"ဟု အဆဲရေးခံရတတ်၏၊ ထိုသို့ပင် ဆဲရေးခံရတတ်သော်လည်း အကျိုးထူးကို အလိုရှိကုန် သော အမျိုးသားတို့သည် အကျိုးရှိမှုကို စွဲ၍ ထိုဆွမ်းခံလှည့်လည်၍ အသက်မွေးခြင်းသို့ ကပ်ရောက် ကြကုန်၏၊ မင်းအနှောင်အဖွဲ့ခံရ၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊ သူခိုးတို့ဖမ်းယူနှောင်ဖွဲ့ခံရ၍ ကပ် ရောက်ကြသည် မဟုတ်ကုန်၊ ကြွေးမြီနှိပ်စက်ခံရသည်ဖြစ်၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊ ဘေး နှိပ်စက်ခံရ၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊ အသက်မွေးခက်သည်ဖြစ်၍ ကပ်ရောက်ကြသည် မဟုတ် ကုန်။

စင်စစ်သော်ကား ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာယာမှု ပြင်းစွာပူပန်မှုတို့ဖြင့် သံသရာဝဋ်တွင်းသို့ သက်ဆင်းကျရောက်ကုန်၏၊ ဆင်းရဲဖြင့် နှိပ်စက်ခံရကုန်၏၊

http://www.dhammadownload.com



ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးကို ပြုခြင်းသည် ထင်ရှားဖြစ်ပေါ်နိုင်တန်ရာ၏ဟု နှလုံးသွင်းကာ ဆွမ်းခံလှည့်လည်၍ အသက်မွေးခြင်းသို့ ကပ်ရောက်ခဲ့ကြကုန်၏၊ ရဟန်းတို့ အမျိုးကောင်းသားသည် ဤသို့ နှလုံးသွင်း၍ ရဟန်းပြုခဲ့၏၊ သို့ပင် ဖြစ်ငြားသော်လည်း ဤအမျိုးကောင်းသားသည် အဘိဇ္ဈာများ၏၊ ကာမဂုဏ်တို့၌ အားကြီးသော ရာဂရှိ၏၊ ဖောက်ပြန်သော စိတ်ရှိ၏၊ ပြစ်မှားလိုသော စိတ်အကြံရှိ၏၊ လွတ်သောသတိရှိ၏၊ ဆင်ခြင်ဉာဏ်မရှိ၊ မတည်ကြည်၊ တုန်လှုပ်သော စိတ်ရှိ၏၊ မစောင့်စည်းသောဣန္ဒြေရှိ၏၊ ရဟန်းတို့ (အရင်းအဖျား)နှစ်ဖက်၌ မီးလျှံ စွဲငြိ၍ အလယ်၌ မစင်သိမ်းသော သူကောင်ဖုတ်ကြွင်း ထင်းမီးစသည် ရွာ၌လည်း ထင်းအဖြစ်သို့မရောက် တော၌လည်း အသုံးမကျသကဲ့သို့ ရဟန်းတို့ လူ့စည်းစိမ်မှလည်း ဆုတ်ယုတ်၍ ရဟန်းဖြစ်ကျိုးလည်း မပြည့်စုံသည်ဖြစ်ရကား ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ဟု ငါဘုရားဟော၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို--

"လူ့စည်းစိမ်မှလည်း ဆုတ်ယုတ်၍ ရဟန်းဖြစ်ကျိုးကိုလည်း မကောင်းသဖြင့် ရသော သူသည် သူကောင်ဖုတ်ကြွင်း ထင်းမီးစ ပျက်စီးသကဲ့သို့ ပျက်စီးလျက် ဖရိုဖရဲ ဖြစ်ရ၏။

ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ (ကိုယ်နှုတ်နှလုံးကို) မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။

သီလလည်းမရှိ၊ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းပဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ၍ ပေးလှူအပ်သော ဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သော သံတွေခဲကို စားရခြင်းက သာ၍ ကောင်းမြတ်သေး၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-သဃာဋိကဏ္ဏသုတ်

၉၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်--

ရဟန်းတို့ ရဟန်းသည် အဘိဇ္ဈာများသူ ကာမတို့၌ အားကြီးသောရာဂရှိသူ ဖောက်ပြန်သော စိတ်ရှိသူ ပြစ်မှားလိုသောစိတ်အကြံရှိသူ လွတ်သောသတိရှိသူ ဆင်ခြင်ဉာဏ်မရှိသူ မတည်ကြည်သူ တုန်လှုပ်သောစိတ်ရှိသူ မစောင့်စည်းသောဣန္ဒြေရှိသူ ဖြစ်ခဲ့မူ ထိုရဟန်းသည် ငါဘုရား၏ သင်္ကန်းစွန်းကို ကိုင်၍ ငါဘုရားခြေရာ၌ ခြေကိုချနင်းလျက် နောက်မှ နောက်မှ လိုက်ပင်လိုက်သော်လည်း ထိုရဟန်းသည် ငါဘုရားမှ ဝေးသည်သာတည်း၊ ငါဘုရားသည်လည်း ထိုရဟန်းမှ ဝေးသည်သာတည်း အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ထိုရဟန်းသည် တရားကို မမြင်၊ တရားကို မမြင်သည်ရှိသော် ငါဘုရားကို မမြင်သောကြောင့်ပင်တည်း။

ရဟန်းတို့ ရဟန်းသည်လည်း အဘိဇ္ဈာမများသူ ကာမတို့၌ အားကြီးသောရာဂမရှိသူ ဖောက်ပြန်သော စိတ်မရှိသူ ပြစ်မှားလိုသော စိတ်အကြံမရှိသူ ထင်သောသတိရှိသူ ဆင်ခြင်ဉာဏ်ရှိသူ တည်ကြည်သူ မတုန်လှုပ်သောစိတ်ရှိသူ စောင့်စည်းသောဣန္ဒြေရှိသူဖြစ်ခဲ့မူ ထိုရဟန်းသည် ယူဇနာ

http://www.dhammadownload.com



တရားဝေးသောအရပ်၌ နေပင်နေသော်လည်း ငါဘုရားနှင့် နီးသည်သာတည်း၊ ငါဘုရားသည်လည်း ထိုရဟန်းနှင့် နီးသည်သာတည်း၊ အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ထိုရဟန်းသည် တရားကို မြင်၏၊ တရားကို မြင်သည်ရှိသော် ငါဘုရားကို မြင်သောကြောင့်ပင်တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အလိုကြီး၍ ညှဉ်းဆဲတတ်သော တဏှာအလိုသို့ အစဉ်လိုက်နေသူသည် တုန်လှုပ်မှုတဏှာကင်းသောထိုမြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်ငြားလည်း ကိလေသာမငြိမ်းသူသည် ကိလေသာငြိမ်းအေးပြီးသောထိုမြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်ငြား မက်မောသူသည် မက်မောခြင်းကင်းသော ထိုမြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်ငြား ထိုမြတ်စွာဘုရားနှင့် အလွန်အလွန် ဝေးသည်သာတည်း၊ (ထိုအခြင်းအရာကို)ရှုပါလော့။

အကြင်ပညာရှိသည် သစ္စာလေးပါးတရားကို ဝိပဿနာဉာဏ်အထူးဖြင့် သိ၍ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် သိ၍ လေငြိမ်ရာ၌ တည်ရှိသော ရေအိုင်ကဲ့သို့ တုန်လှုပ်မှုတဏှာကင်းသည်ဖြစ်၍ ငြိမ်သက်၏ ။

တဏှာကင်းသော ထိုပုဂ္ဂိုလ်သည် တဏှာကင်းသော မြတ်စွာဘုရားနှင့် (ဌာနအားဖြင့် ဝေးနေ ငြားသော်ငြား) ငြိမ်းအေးသော ထိုပုဂ္ဂိုလ်သည် ငြိမ်းအေးသော မြတ်စွာဘုရားနှင့် (ဌာနအားဖြင့် ဝေးနေငြားသော်ငြား)မက်မောမှုကင်းသော ထိုပုဂ္ဂိုလ်သည် မက်မောမှု ကင်းသောမြတ်စွာဘုရားနှင့် (ဌာနအားဖြင့် ဝေးနေငြားသော်ငြား) အလွန်အလွန် နီးသည်သာတည်း။ (ထိုအခြင်းအရာကို)ရှုပါလော့"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

တတိယသုတ်။

## ၄-အဂ္ဂိသုတ်

၉၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ မီးတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း— ရာဂမီး ဒေါသမီး မောဟမီးတို့တည်း၊ ရဟန်းတို့ မီးတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ကာမတို့၌ တပ်စွန်းသူ တွေဝေသူသတ္တဝါတို့ကို ရာဂမီးသည် လောင်မြိုက်၏၊ သူ့အသက်ကို သတ်လေ့ရှိသူ ဖောက်ပြန်သောစိတ်ရှိသူတို့ကို ဒေါသမီးသည် လောင်မြိုက်၏။

အရိယာတရား၌ မလိမ္မာသူ တွေဝေသူတို့ကို မောဟမီးသည် လောင်မြိုက်၏၊ ဤမီးသုံးပါးတို့ကို မသိကြသောသတ္တဝါတို့သည် ခန္ဓာငါးပါး (သက္ကာယ)၌ အလွန်မွေ့လျော်ကြကုန်၏။

ထိုသူတို့သည် မာရ်အနှောင်အဖွဲ့မှ မလွတ်ကြကုန်မူ၍ ငရဲ တိရစ္ဆာန် အသုရကာယ် ပြိတ္တာဘုံတို့ကို ပွါးများစေကုန်၏။

http://www.dhammadownload.com



အကြင်သူတို့သည်ကား မြတ်စွာဘုရား သာသနာတော်၌ ညဉ့်နေ့ပတ်လုံး အားထုတ်ကုန်၏၊ ပုဂ္ဂိုလ်မြတ်ဖြစ်ကြသော ထိုသူတို့သည် အသုဘဟု အမြဲ ရှုမှတ်ကုန်သည်ဖြစ်၍ ရာဂမီးကို ငြိမ်းအေးစေကြကုန်၏။

ဒေါသမီးကိုမူကား မေတ္တာဖြင့် ငြိမ်းအေးစေကြကုန်၏၊ အကြင်ပညာသည် ကိလေသာကို ဖောက်ခွဲနိုင်၏၊ ထိုပညာဖြင့် မောဟမီးကို ငြိမ်းအေးစေကြကုန်၏။

ညဉ့်နေ့ပတ်လုံး မပျင်းရိကုန်သော ရင့်ကျက်သော ပညာရှိတို့သည် ထိုကိလေသာတို့ကို ငြိမ်းစေကြကုန်၍ အကြွင်းမဲ့ ငြိမ်းအေးကြကုန်ပြီ၊အကြွင်းမဲ့ ဆင်းရဲမှ လွတ်မြောက်ကြကုန်ပြီ။

အရိယသစ္စာတရားကို သိမြင်ကုန်သော မဂ်ပညာဖြင့် သံသရာအဆုံးသို့ ရောက်ကုန်သော ပညာရှိတို့သည် (ကုသိုလ်ခန္ဓာစသည်ကို) ကောင်းစွာသိ၍ ဇာတိကုန်ရာ နိဗ္ဗာန်ကို ထူးသော အရဟတ္တမဂ်ဉာဏ်ဖြင့် သိသောကြောင့် တဖန် ဘဝသစ်သို့ မရောက်ကြရကုန်”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

## ၅-ဥပပရိက္ခသုတ်

၉၄။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်---

ရဟန်းတို့ အကြင်အကြင်အပြားအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်း၏စိတ်ဝိညာဉ်သည် ပြင်ပအာရုံ၌လည်း မပျံ့လွင့် မကျယ်ပြန့်မူ၍ ကမ္မဋ္ဌာန်းအာရုံ၌လည်း မတည်သည် ဖြစ်ခဲ့မူ တစုံတခုသော ရုပ်နာမ်သင်္ခါရကို တဏှာဒိဋ္ဌိစွဲအားဖြင့် မစွဲလမ်းမူ၍ မတောင့်တရာ၊ ရဟန်းသည် ထိုထို အပြားအားဖြင့် စူးစမ်းဆင်ခြင်ရာ၏။

ရဟန်းတို့ စိတ်ဝိညာဉ်သည် ပြင်ပအာရုံ၌ မပျံ့လွင့် မကျယ်ပြန့်သည်ရှိသော် ကမ္မဋ္ဌာန်းအာရုံ၌လည်း မတည်လတ်သော် တစုံတခုသော ရုပ်နာမ်သင်္ခါရကို တဏှာဒိဋ္ဌိစွဲအားဖြင့် မစွဲလမ်းမူ၍ မတောင့်တသောသူအား နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုဟူသော ဝဋ်ဆင်းရဲအပေါင်းတို့ မဖြစ်နိုင်တော့ချေ၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက် သဘောကို—

“ကပ်ငြိမှု ‘သင်’ခုနစ်ပါးတို့ကို ပယ်ပြီး၍ တဏှာကို ဖြတ်တောက်ပြီးသော ထိုရဟန်းအား ပဋိသန္ဓေနေခြင်းတည်းဟူသော သံသရာသည် ကုန်ခန်းပြီးဖြစ်ရကား တဖန် ဘဝသစ်သည် မရှိတော့ပြီ”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ကာမူပပတ္တိသုတ်

၉၅။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကာမကို မှီဝဲမှုတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း— အမြဲထင်ရှားရှိသော ကာမကို မှီဝဲသူတို့ငှါး ကိုယ်တိုင်ဖန်ဆင်း၍ မွေ့လျော်တတ်သူ နိမ္မာနရတိနတ်တို့ငှါး သူတပါးတို့ ဖန်ဆင်းသော ကာမ၌ မိမိအလိုသို့ လိုက်စေသော ပရနိမ္မိတဝသဝတ္တီနတ်တို့ငှါးတည်း၊ ရဟန်းတို့ ကာမကို မှီဝဲမှုတို့သည် ဤသုံးပါးတို့တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ပရနိမ္မိတဝသဝတ္တီနတ်တို့သည် သူတပါးဖန်ဆင်းသော ကာမ၌ မိမိအလိုသို့ လိုက်စေကုန်၏၊ အကြင်နိမ္မာနရတိနတ်တို့သည်ကား ကိုယ်တိုင်ဖန်ဆင်း၍ မွေ့လျော်တတ်ကုန်၏၊ ဆိုခဲ့ပြီးသော နတ်တို့မှ တပါးကုန်သော အကြင်လူအစရှိသော ကာမခံစားသူတို့သည် အမြဲထင်ရှားရှိသော ကာမကို မှီဝဲကုန်၏၊ထိုသတ္တဝါအားလုံးတို့သည် ဤဘဝ တပါးသောဘဝဟု ဆိုအပ်သော သံသရာကို မလွန်နိုင်ကုန်။

ပညာရှိသည် ကာမခံစားသူတို့၌ ဖြစ်သော ထိုအပြစ်မျိုးကို သိ၍ နတ်၌ဖြစ်သော ကာမ လူ၌ဖြစ်သောကာမ အားလုံးတို့ကို စွန့်ပစ်ရာ၏။

ပညာရှိတို့သည် ချစ်အပ်သောသဘောရှိသော ရူပါရုံစသည်တို့၌ သုခဝေဒနာကို သာယာမှုဖြင့် တပ်မက်သော လူသာမန်တို့ လွန်မြောက်နိုင်ခဲသည့် တဏှာအယဉ်ကို အရဟတ္တမဂ်ဖြင့် ဖြတ်၍ အကြွင်းမဲ့ ငြိမ်းအေးကြကုန်ပြီ၊ အကြွင်းမဲ့ ဆင်းရဲမှ လွတ်မြောက်ကြကုန်ပြီ။

အရိယသစ္စာတရားကို သိမြင်ကုန်သော မဂ်ပညာဖြင့် သံသရာအဆုံးသို့ ရောက်ကုန်သော ပညာရှိတို့သည် (ကုသိုလ်ခန္ဓာစသည်ကို) ကောင်းစွာသိ၍ ဇာတိကုန်ရာ နိဗ္ဗာန်ကို ထူးသော အရဟတ္တမဂ်ဉာဏ်ဖြင့် သိသောကြောင့် တဖန်ဘဝသစ်သို့ မရောက်ရကုန်" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

---

## ၇-ကာမယောဂသုတ်

၉၆။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကာမဂုဏ်နှင့်စပ်သော ရာဂနှင့်လည်းယှဉ် ရူပဘဝ အရူပဘဝနှင့် စပ်သော ရာဂနှင့်လည်းယှဉ်သူသည် ဤလူ့ပြည်သို့ လာတတ်သူ အာဂါမိပုဂ္ဂိုလ်ဖြစ်၏၊ ရဟန်းတို့ ကာမဂုဏ်နှင့်

http://www.dhammadownload.com



ရူပဘဝ အရူပဘဝနှင့်စပ်သော ရာဂနှင့်လည်း မယှဉ်သူသည် အာသဝေါကုန်ခန်းသူ ရဟန္တာပုဂ္ဂိုလ် ဖြစ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ကာမဂုဏ်နှင့်စပ်သောရာဂနှင့်၎င်း ရူပဘဝ အရူပဘဝနှင့်စပ်သောရာဂနှင့်၎င်း ဤနှစ်ပါး စုံနှင့် ယှဉ်ကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ကြရကုန်သည် ဖြစ်၍ သံသရာ၌ ကျင်လည်ကြရကုန်၏။

အကြင်သတ္တဝါတို့သည် ကိလေသာကာမဂုဏ်တို့ကို ပယ်ပြီး၍လည်း အာသဝေါကုန်ခြင်းသို့ မရောက်နိုင်ကြကုန်သေး၊ ရူပဘဝ အရူပဘဝနှင့် စပ်သော ရာဂနှင့်ယှဉ်ကုန်၏၊ထိုသတ္တဝါတို့ကို အနာဂါမ်တို့ ဟူ၍ ဆိုအပ်ကုန်၏။

အကြင်သူတို့သည် ယုံမှားသံသယ ပြတ်ပြီး ဖြစ်ကုန်၏၊ မာနကုန်ပြီး တဖန်ဘဝသစ်၌ ဖြစ်မှုကုန်ပြီး ဖြစ်ကုန်၏၊ အာသဝေါကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်ကုန်၏၊ ထိုသူတို့ သည် လောက၌ အမှန်စင်စစ် နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်ပြီးသူတို့ ဖြစ်ကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

တတိယဘာဏဝါရပြီး၏။

---

## ၈-ကလျာဏသီလသုတ်

၉၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူး ကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကောင်းသောသီလရှိသူ ကောင်းသောတရားရှိသူ ကောင်းသောပညာရှိသူ ရဟန်း ကို ဤဓမ္မဝိနယ'သာသနာတော်'၌"တစုံတခု သင်္ခါရမဖက် သက်သက်နိဗ္ဗာန်ကို ရပြီးသူ ကျင့်သုံး ပြီးသူ ယောကျ်ားမြတ်"ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ကောင်းသော သီလရှိသူဖြစ်သနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကိုစောင့်ထိန်း၍ အကျင့်'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသည်ဖြစ်၍ နေ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟူရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကောင်း သောသီလရှိသူ ဖြစ်၏၊ ဤသို့လျှင် ကောင်းသောသီလရှိ၏၊

အဘယ်သို့လျှင် ကောင်းသောတရားရှိသူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း သည် ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွါးများအားထုတ်ခြင်းနှင့် ယှဉ်သည်ဖြစ်၍ နေ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကောင်းသောတရားရှိသူဖြစ်၏၊ ဤသို့လျှင် ကောင်း သောသီလ ကောင်းသောတရားရှိ၏။

အဘယ်သို့လျှင် ကောင်းသောပညာရှိသူဖြစ်သနည်း၊ရဟန်းတို့ သာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါမရှိသော ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်)နှင့် ကိလေသာတို့မှ လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌

http://www.dhammadownload.com



ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍နေ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကောင်းသောပညာရှိ၏။

ဤသို့လျှင် ကောင်းသောသီလရှိသူ ကောင်းသောတရားရှိသူ ကောင်းသောပညာရှိသူ ရဟန်းကို ဤဓမ္မဝိနယ'သာသနာတော်၌ တစုံတခု သခံ ါရမပက် သက်သက် နိဗ္ဗာန်ကို ရပြီးသူ ကျင့်သုံးပြီးသူ ယောက်ျားမြတ်ဟူ၍ ဆိုအပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းအား ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း မကောင်းပြုခြင်းမရှိ၊ ရှက်စိဘ်ရှိသော ထို႑ဟန်းကို စင်ာစ် ကောင်းသောသီလရှိသူဟူ၍ ဆိုကြကုန်၏။

အကြင်ရဟန်းအား အရဟတ္တမဂ်သို့ရောက်စေတတ်သော တရားခုနစ်ပါးတို့ကို ကောင်းစွာ ပွါးအပ်ကုန်၏၊ ရာဂပွါးခြင်းစသည်ကင်းသော ထိုရဟန်းကို ကောင်းသောတရား ရှိသူဟူ၍ ဆိုကြကုန်၏။

အကြင်ရဟန်းသည် ဤဘဝ၌ပင် မိမိ၏ ဆင်းရဲကုန်ခြင်းကို သိ၏၊ အာသဝေါကုန်ခန်းသော ထိုရဟန်းကို ေကာင်းေသာပညာရှိသူဟူ၍ ဆိုကြကုန်၏၊

ထိုတရားတို့နှင့် ပြည့်စုံ၍ ဆင်းရဲကင်းသော ယုံမှားမှုကင်းပြတ်ပြီးသော တဏှာဒိဋ္ဌိတို့၌ မမှီသောသူကို အလုံးစုံသော လောက၌ အလုံးစုံကို ပယ်ပြီးသူဟူ၍ ဆိုကြကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-ဒါနသုတ်

၉၈။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောအပ်၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ပေးလှူခြင်းတို့သည်— ပစ္စည်းလေးပါး 'အာမိသ'ကို ပေးလှူမှု 'အာမိသဒါန' ၎င်း တရားဟောခြင်းစသော ပေးလှူမှု 'ဓမ္မဒါန'၎င်း ဤနှစ်မျိုးတို့တည်း၊ ရဟန်းတို့ ဤဒါန နှစ်မျိုးတို့တွင် တရားဟောခြင်းစသော 'ဓမ္မဒါန'သည် မြတ်၏။

ရဟန်းတို့ ခွဲခြမ်းဝေဖန်ခြင်းတို့သည်—ပစ္စည်းလေးပါးကို ခွဲခြမ်းဝေဖန်ခြင်း'အာမိသသံဝိဘာဂ' ၎င်း တရားဟောခြင်းစသော ခွဲခြမ်းဝေဖန်ခြင်း'ဓမ္မသံဝိဘာဂ'၎င်း ဤနှစ်မျိုးတို့တည်း၊ ရဟန်းတို့ ဤခွဲခြမ်းဝေဖန်ခြင်း သံဝိဘာဂနှစ်မျိုးတို့တွင် တရားဟောခြင်းစသော'ဓမ္မသံဝိဘာဂ'သည် မြတ်၏။

ရဟန်းတို့ ချီးမြှောက်ခြင်းတို့သည်—ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခြင်း'အာမိသာနုဂ္ဂဟ'၎င်း တရားဟောခြင်းစသည်ဖြင့် ချီးမြှောက်ခြင်း 'ဓမ္မာနုဂ္ဂဟ'၎င်း ဤနှစ်မျိုးတို့တည်း၊ ရဟန်းတို့ ဤနှစ်မျိုးသော ချီးမြှောက်ခြင်းတို့တွင် တရားဟောခြင်းစသည်ဖြင့် ချီးမြှောက်ခြင်း'ဓမ္မာနုဂ္ဂဟ' သည် မြတ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘော ကို—

http://www.dhammadownload.com



"အကြင်ဒါနကို အတုမရှိ မြတ်၏ဟု ဆိုကုန်၏၊ အကြင် ခွဲခြမ်း ဝေဖန်ခြင်းကို (အတုမရှိ) မြတ်၏ဟု မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏၊ သီလစသော ဂုဏ်တို့ဖြင့် မြတ်သော ကောင်းမှု၏တည်ရာ ရတနာသုံးပါး၌ ကြည်ညိုစိတ်ရှိ၍ ဒါနအကျိုးကို ပိုင်းခြားသိသော အဘယ်မည်သော ပညာရှိသည် သင့်တင့်သော ကာလ၌ မပေးလှူပဲ ရှိမည်နည်း။

အကြင်သူတို့သည် တရားလည်း ဟောကုန်၏၊ တရားလည်း နာကုန်၏၊ ဟောသူ နာသူ ထိုနှစ်ဦးတို့သည် မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုစိတ်ရှိကြကုန်၏၊ အကြင်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ၊မမေ့မလျော့ကြကုန်၊ ထိုသူတို့၏ မြတ်သော ထို (ဓမ္မဒါန ဓမ္မသံဝိဘာဂ ဓမ္မာနုဂ္ဂဟ)အကျိုးသည် အရဟတ္တဖိုလ်ဟူသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

နဝမသုတ်။

## ၁၀-တေဝိဇ္ဇသုတ်

၉၉။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သင့်သောအကြောင်းအားဖြင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူကို ဗြာဟ္မဏဟု ငါဘုရား ပညတ်၏၊ မန္တန်ရွတ်ဆိုတတ်ကာမျှဖြင့် တပါးသော ဇာတိဗြာဟ္မဏမျိုးကို ဗြာဟ္မဏဟု ငါဘုရား မပညတ်။

ရဟန်းတို့ အဘယ်သို့လျှင် သင့်သောအကြောင်းဖြင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူကို ဗြာဟ္မဏဟု ပညတ်သနည်း၊ မန္တန်ရွတ်ဆိုတတ်ကာမျှဖြင့် တပါးသော ဇာတိဗြာဟ္မဏမျိုးကို ဗြာဟ္မဏဟု မပညတ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုရင်း "ဤမည်သောဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါသည်) ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားရ၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို(ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ်အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။

ထိုရဟန်းအား ဤပဌမဖြစ်သော အသိဉာဏ်ဝိဇ္ဇာကို ရ၏၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု 'အဝိဇ္ဇာ'ပျောက်၍

http://www.dhammadownload.com



အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့ကို သိ၏ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်ရကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့်'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ကြရကုန်၏" ဟု သိ၏၊ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏၊ ထိုရဟန်းအား ဤဒုတိယ ဖြစ်သော အသိဉာဏ် ဝိဇ္ဇာကိုရ၏၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော ကိလေသာတို့မှ လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာတို့မှ လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေ၏၊ ထိုရဟန်းအား ဤတတိယမြောက်ဖြစ်သော ဝိဇ္ဇာကို ရ၏၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား မသိမှု 'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်၏။ ရဟန်းတို့ ဤသို့လျှင် သင့်သော အကြောင်းအားဖြင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောသူကို ဗြာဟ္မဏဟု ငါဘုရား ပညတ်တော်

http://www.dhammadownload.com



မူ၏၊ မန္တန်ရွတ်ဆိုတတ်ကာမျှဖြင့် တပါးသော ဇာတိဗြာဟ္မဏမျိုးကို ဗြာဟ္မဏဟု ငါဘုရား မပညတ်။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းသည် ရှေး၌ဖြစ်ဘူးသောခန္ဓာအစဉ်ကို သိ၏၊ နတ်ပြည်ငရဲပြည်ကိုလည်း မြင်၏၊ ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့လည်း ရောက်၏၊ ထူးသော မဂ်ပညာဖြင့် သိမှုကိစ္စ ပြီးဆုံးပြီးသော ထိုရဟန်းသည်—

ဤဝိဇ္ဇာသုံးပါးတို့နှင့် ပြည့်စုံသောကြောင့် တေဝိဇ္ဇဗြာဟ္မဏဖြစ်၏၊ ထိုသူကိုသာ တေဝိဇ္ဇ ဗြာဟ္မဏဟု ငါဟော၏၊ တပါးသော မန္တန်ရွတ်ဆိုတတ်ကာမျှဖြစ်သော ဇာတိဗြာဟ္မဏမျိုး ဖြစ်သူကို တေဝိဇ္ဇဗြာဟ္မဏဟု ငါမဟော" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

ပဥ္စမဝဂ် ပြီး၏။

# တိကနိပါတ် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

# ၄-စတုက္ကနိပါတ်

## ၁-ဗြာဟ္မဏဓမ္မယာဂသုတ်

၁၀၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ ငါဘုရားသည် ဗြာဟ္မဏအစစ်ဖြစ်၏၊ တောင်းခံသူတို့နှင့် ဆက်စပ်နေသူဖြစ်၏၊ အခါခပ်သိမ်း ပေးလှူရန် ဆေးကြောပြီးသော လက်ရှိသူဖြစ်၏၊ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်သူဖြစ်၏၊ အတုမရှိသော ဆေးဆရာဖြစ်၏၊ (အတုမရှိမူ၍) ခြောင့်ကို နုတ်တတ်သူ ဆရာဖြစ်၏၊ သင်တို့သည် ထိုငါဘုရား၏ရင်၌ဖြစ်သူ ခံတွင်းမှဖြစ်သူ အရိယမဂ်တရား၌ဖြစ်သူ အရိယမဂ်တရားသည်ဖန်ဆင်းအပ်သူ တရားအမွေခံသူ အာမိသအမွေခံမဟုတ်သူ သားတော်တို့ ဖြစ်ကြကုန်လော့။

ရဟန်းတို့ ဒါနတို့သည် (ပစ္စည်းလေးပါး) အာမိသကို ပေးလှူမှု 'အာမိသဒါန'ငှင်း တရား ဟောခြင်းစသော ပေးလှူမှု 'ဓမ္မဒါန'ငှင်း(ဤနှစ်မျိုးတို့တည်း)၊ ရဟန်းတို့ ဤဒါနနှစ်မျိုးတို့တွင် တရားဟောခြင်းစသော 'ဓမ္မဒါန'သည် မြတ်၏။

ရဟန်းတို့ ခွဲခြမ်းဝေဖန်ခြင်းတို့သည် (ပစ္စည်းလေးပါး) အာမိသကို ခွဲခြမ်းဝေဖန်ခြင်း 'အာမိသသံဝိဘာဂ'ငှင်း တရားဟောခြင်းစသော ခွဲခြမ်းဝေဖန်ခြင်း 'ဓမ္မသံဝိဘာဂ' ငှင်း (ဤနှစ်မျိုးတို့တည်း)၊ ရဟန်းတို့ ခွဲခြမ်းဝေဖန်ခြင်း သံဝိဘာဂနှစ်မျိုးတို့တွင် တရားဟောခြင်းစသော 'ဓမ္မသံဝိဘာဂ'သည် မြတ်၏။

ရဟန်းတို့ ချီးမြှောက်ခြင်းတို့သည်(ပစ္စည်းလေးပါးဖြင့်) ချီးမြှောက်ခြင်း 'အာမိသာနုဂ္ဂဟ' ငှင်း တရားဟောခြင်း စသည်ဖြင့် ချီးမြှောက်ခြင်း 'ဓမ္မာနုဂ္ဂဟ'ငှင်း(ဤနှစ်မျိုးတို့တည်း)၊ ရဟန်းတို့ ဤနှစ်မျိုးသော ချီးမြှောက်ခြင်းတို့တွင် အကြင်တရားဟောခြင်း စသည်ဖြင့် ချီးမြှောက်ခြင်း 'ဓမ္မာနုဂ္ဂဟ'သည် မြတ်၏။

ရဟန်းတို့ ပူဇော်ခြင်းတို့သည် (ပစ္စည်းလေးပါးဖြင့်) ပူဇော်ခြင်းငှင်း တရားဟောခြင်း စသည်ဖြင့် ပူဇော်ခြင်းငှင်း(ဤနှစ်မျိုးတို့တည်း)၊ ရဟန်းတို့ ဤနှစ်မျိုးသော ပူဇော်ခြင်းတို့တွင် တရားဟောခြင်း စသည်ဖြင့် ပူဇော်ခြင်းသည် မြတ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟော တော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို —

"အလုံးစုံသော သတ္တဝါတို့ကို သနားတော်မူလေ့ရှိသော အကြင်မြတ်စွာဘုရားသည် ဝန်တို စိတ် မရှိမူ၍ တရားဟောတော်မူခြင်းဟူသော ယဇ်ပူဇော်ခြင်းကို ပေးလှူပူဇော်ခဲ့ပြီ။

နတ်လူတို့ထက် မြတ်တော်မူသော ဘဝ၏ကမ်းတဖက်သို့ ရောက်တော်မူသော ထိုသို့ သဘောရှိသော မြတ်စွာဘုရားကို သတ္တဝါတို့သည် ရှိခိုးကြကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-သုလဘသုတ်

၁၀၁။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ကိစ္စလည်းနည်းကုန် ရလည်းရလွယ်ကုန် အပြစ်လည်းကင်းကုန်သော ထိုအရာဝတ္ထုတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း—ရဟန်းတို့ သင်္ကန်းတို့တွင် ပံသုကူသင်္ကန်းသည် ကိစ္စလည်းနည်း၏၊ရလည်းရလွယ်၏၊ထိုပံသုကူသင်္ကန်းသည် အပြစ်လည်းမရှိ၊ ရဟန်းတို့ ဘောဇဉ်တို့တွင် သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော ဆွမ်းသည် ကိစ္စလည်းနည်း၏၊ ရလည်းရလွယ်၏၊ ထိုဆွမ်းသည် အပြစ်လည်း မရှိ၊ ရဟန်းတို့ ကျောင်းတို့တွင် သစ်ပင်ရင်းဟူသော ကျောင်းသည် ကိစ္စလည်းနည်း၏၊ရလည်းရလွယ်၏၊ထိုကျောင်းသည် အပြစ်လည်း မရှိ၊ ရဟန်းတို့ ဆေးတို့တွင် နွားကျင်ငယ်ဖြင့် ထုံအပ်သော ဆေးသည် ကိစ္စလည်းနည်း၏၊ ရလည်းရလွယ်၏၊ ထိုဆေးသည် အပြစ်လည်း မရှိ၊ ရဟန်းတို့ ကိစ္စလည်းနည်း ရလည်း ရလွယ် အပြစ်လည်း မရှိကုန်သော ထိုအရာဝတ္ထုတို့သည် ဤလေးမျိုးတို့တည်း၊ ရဟန်းတို့ ရဟန်းသည် ကိစ္စနည်းသဖြင့်ရင်း ရလွယ်သဖြင့်ရင်း အပြစ်မရှိသဖြင့်ရင်း အကြင်ရောင့်ရဲ၏၊ ထိုရဟန်း၏ ဤရောင့်ရဲခြင်းကို သီလ သံဝရစသည်တို့တွင် တပါးအပါအဝင်ဖြစ်၍ အရိယမဂ်၏ အကြောင်းအင်္ဂါ ဟု ငါဆို၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အပြစ်မရှိသဖြင့်ရင်း ကိစ္စနည်းသဖြင့်ရင်း ရလွယ်သဖြင့်ရင်း ရောင့်ရဲသောရဟန်းအား ကျောင်း သင်္ကန်း အဖျော်ဘောဇဉ်ကို အကြောင်းပြု၍ စိတ်ပင်ပန်းမှု မဖြစ် အရပ်မျက်နှာကို မညှိုးဆဲ။

အရိယမဂ်အား လျော်ကုန်သော အကြင်တရားတို့ကို မြတ်စွာဘုရား ဟောကြားတော်မူအပ်ကုန်၏၊ ထိုတရားတို့ကို မမေ့မလျော့ကျင့်သော ရောင့်ရဲလွယ်သော ထိုရဟန်းသည် သိမ်းကျုံးယူနိုင်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒုတိယသုတ်။

---

## ၃-အာသဝက္ခယသုတ်

၁၀၂။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သိသူ မြင်သူအားသာ အာသဝေါတရားတို့ ကုန်ခြင်းကို ငါဆို၏၊ မသိသူ မမြင်သူအား အာသဝေါတရားတို့ ကုန်ခြင်းကို ငါမဆို၊ ရဟန်းတို့ အဘယ်ကို သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်သနည်း၊ ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ကုန်ခြင်းသည် ဖြစ်၏၊ ရဟန်းတို့ "ဤကား ဆင်းရဲ၏ဖြစ်ကြောင်းတည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်၏၊ ရဟန်းတို့ "ဤကား ဆင်းရဲ၏ ချုပ်ရာ(နိဗ္ဗာန်)တည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်၏၊ ရဟန်း

တို့ "ဤကား ဆင်းရဲ၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိသူ မြင်သူအား **အာသဝေါတရားတို့၏** ကုန်ခြင်းသည် ဖြစ်၏၊ ရဟန်းတို့ ဤသို့သိလျှင် သိသူ မြင်သူအား အာသဝေါ **တရားတို့၏** ကုန်ခြင်းသည် ဖြစ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ဖြောင့်မှန်သော လမ်းသို့ အစဉ်လိုက်သော ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်အား ကိလေသာကုန်ရာ နိဗ္ဗာန်၌ ပဌမအရဟတ္တမဂ်ဉာဏ် ဖြစ်၏၊ ထိုအရဟတ္တမဂ်ဉာဏ်မှ အခြားမဲ့၌ အရဟတ္တဖိုလ် ဖြစ်၏။

ထိုအရဟတ္တဖိုလ်မှနောက် အရဟတ္တဖိုလ်သို့ရောက်သောပုဂ္ဂိုလ်အား မြတ်သောနိဗ္ဗာန်နှင့် အရဟတ္တဖိုလ်၌ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏၊ သံယောဇဉ်တို့ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်၌ ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏၊ သံယောဇဉ်တို့ ကုန်ပြီဟုသိသော ပစ္စဝေက္ခဏာ ဉာဏ်ဖြစ်၏။

ပျင်းရိမိုက်မဲ၍ အသိဉာဏ်မဲ့သူသည် အလုံးစုံ အနှောင်အဖွဲ့မှလွတ်သော ဤနိဗ္ဗာန်ကို မရ ထိုက်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

တတိယသုတ်။

---

## ၄-သမဏဗြာဟ္မဏသုတ်

၁၀၃။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲ၏ ဖြစ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲ၏ချုပ်ရာ(နိဗ္ဗာန်)တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့် တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ သမဏဗြာဟ္မဏ ဟူသမျှတို့ကို သမဏတို့၌လည်း သမဏဟု ငါဘုရားမသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု ငါဘုရားမသမုတ်အပ်ကုန်၊ ထိုအသျှင် တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏဖြစ်ကျိုးကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိလျက် မျက်မှောက်ပြုကာ ရောက်၍ မနေကြရကုန်။

ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ "ဤကား ဆင်းရဲ၏ ဖြစ် ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ "ဤကား ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ"ဤကား ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့၌လည်း သမဏဟု ငါဘုရား သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု ငါဘုရားသမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏဖြစ်ကျိုးကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိလျက် မျက်မှောက်ပြုကာ ရောက်၍ နေကြရကုန်၏၊ ဤအနက်သဘောကို **မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—**

http://www.dhammadownload.com



"အကြင်သူတို့သည် ဆင်းရဲကို မသိကြကုန်၊ ထို့ပြင် ဆင်းရဲ၏ ဖြစ်ကြောင်းကို မသိကြကုန်၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အကြွင်းမဲ့ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကိုရင်း ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း လမ်းစဉ်ကိုရင်း မသိကြကုန်။

ထိုသူတို့သည် ကိလေသာမှ လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာမှ ယုတ်ကုန်၏၊ ထိုသူတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မထိုက်ကုန်၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ ကေန်ရောက်ကြရကုန်၏။

အကြင်သူတို့သည်ကား ဆင်းရဲကို သိကြကုန်၏၊ ထို့ပြင် ဆင်းရဲ၏ ဖြစ်ကြောင်းကို သိကြကုန်၏၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အကြွင်းမဲ့ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကိုရင်း ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း လမ်းစဉ်ကိုရင်း သိကြကုန်၏၊ ထိုသူတို့သည် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာနှင့် ပြည့်စုံကုန်၏၊ ထိုသူတို့သည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ ထိုက်ကုန်၏၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မကပ်ရောက်ကြရကုန်"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

စတုတ္ထသုတ်။

---

## ၅-သီလသမ္ပန္နသုတ်

၁၀၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သီလနှင့်ပြည့်စုံကြသူ သမာဓိနှင့်ပြည့်စုံကြသူ ပညာနှင့်ပြည့်စုံကြသူ အရဟတ္တဖိုလ် ဝိမုတ္တိနှင့် ပြည့်စုံကြသူ အရဟတ္တဖိုလ် 'ဝိမုတ္တိ'ကို ဆင်ခြင်သောပစ္စဝေက္ခဏာဉာဏ်အမြင်နှင့်ပြည့်စုံကြသူ သူတပါးတို့ကို ဆုံးမတတ်သူ တရားကိုသိစေတတ်သူ တရားကို ကောင်းစွာ ပြတတ်သူ ဆောက်တည်စေတတ်သူ ထက်သန်စေတတ်သူ ရွှင်လန်းစေတတ်သူ သူတော်ကောင်းတရားကို ကောင်းစွာ ဟောကြားခြင်းငှါ စွမ်းနိုင်ကြသူ ရဟန်းတို့အား ဖူးမြင်ရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ရဟန်းတို့ ငါဘုရားသည် ထိုရဟန်းတို့၏ အကြောင်းကို ကြားရရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့အား ချဉ်းကပ်ရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့ကို မှီဝဲဆည်းကပ်ရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့၏ ဂုဏ်ကို အောက်မေ့ရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့သို့ အတုလိုက်၍ ရဟန်းပြုရရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသို့သဘော ရှိသော ရဟန်းတို့ကို မှီဝဲဆည်းကပ်သူ ချဉ်းကပ်သူတို့အား မပြည့်စုံသေးသော သီလအစုသည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ မပြည့်စုံသေးသော သမာဓိအစုသည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ မပြည့်စုံသေးသော ပညာအစုသည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ မပြည့်စုံသေး

http://www.dhammadownload.com



ယှဉ်ယှဉ်ပေးသူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “အမိုက်မှောင်ကို ပယ်ဖျက်တတ်သူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “အလင်းကို ပြုတတ်သူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “အရောင်ကို ပြုတတ်သူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “ထွန်းပြောင်ခြင်းကို ပြုတတ်သူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “မီးရှူးတိုင်ကို ဆောင်သူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “တောက်ပခြင်းကို ပြုတတ်သူတို့”ဟူ၍လည်း ဆိုရကုန်၏၊ “အရိယာတို့”ဟူ၍လည်း ဆိုရကုန်၏၊ “ပညာမျက်စိအမြင်ရှိသူတို့”ဟူ၍လည်း ဆိုရကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

“ပွါးများပြီးသော ကိုယ်စိတ်ရှိကုန်သော တရားသဖြင့် အသက်မွေးကုန်သော အရိယာပညာရှိတို့ကို ဖူးမြင်ရခြင်းသည် ဝမ်းမြောက်ခြင်းကို ပြုတတ်သော အကြောင်းဖြစ်၏။

ဉာဏ်အရောင်ကို ပြုတတ်ကုန်သော ဉာဏ်အလင်းကို ပြုတတ်ကုန်သော ပညာမျက်စိအမြင်ရှိကုန်သော ကိလေသာမှူးအညစ်အကြေးကို ပယ်စွန့်တတ်ကုန်သော ထိုအရိယာပညာရှိတို့သည် သူတော်ကောင်းတရားကို ထွန်းလင်းစေကုန်၏၊ သူတော်ကောင်းတို့၏ တရားအရောင်ဖြင့် လောကကို တောက်ပစေကုန်၏။

ယင်းအရိယာတို့၏ အဆုံးအမကို ကြားနာရ၍ ပညာရှိတို့သည် ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာသိပြီးလျှင် ဇာတိကုန်ရာ နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့်သိခြင်းကြောင့် တဖန်ဘဝသစ်သို့ မရောက်ကြရကုန်”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

**ပဉ္စမသုတ်။**

---

## ၆-တဏှုပ္ပါဒသုတ်

၁၀၅။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ရဟန်းအား တဏှာဖြစ်သည်ရှိသော် အကြင်အကြောင်းဝတ္ထုတို့ကြောင့် ဖြစ်၏၊ တဏှာဖြစ်ရာ ထိုအကြောင်းဝတ္ထုတို့သည် ဤလေးပါးတို့တည်း၊အဘယ်လေးပါးတို့နည်း—ရဟန်းတို့ ရဟန်းအား တဏှာဖြစ်သည်ရှိသော် သင်္ကန်းဟူသောအကြောင်းကြောင့်လည်း တဏှာဖြစ်၏၊ ရဟန်းတို့ ရဟန်းအား တဏှာဖြစ်သည်ရှိသော် ဆွမ်းဟူသောအကြောင်းကြောင့်လည်း တဏှာဖြစ်၏၊ ရဟန်းတို့ ရဟန်းအား တဏှာဖြစ်သည်ရှိသော် ကျောင်း အိပ်ရာ နေရာဟူသော အ[illegible]င်းကြောင့်လည်း တဏှာဖြစ်၏၊ ရဟန်းတို့ ရဟန်းအား တဏှာဖြစ်သည်ရှိသော် မွန်မြတ်သည်ထက် မွန်မြတ်သော ထေ၀ပတ်ဆီဦးစသည့် ဆေးပစ္စည်းဟူသော အကြောင်းကြောင့်လည်း တဏှာဖြစ်၏၊ ရဟန်းတို့ ရဟန်းအား တဏှာဖြစ်သည်ရှိသော် အကြင်အကြောင်းဝတ္ထုတို့ကြောင့် ဖြစ်၏၊ တဏှာဖြစ်ရာ ထိုအကြောင်းဝတ္ထုတို့သည် ဤလေးပါးတို့ပင်တည်း၊ ဤအနက်[illegible]ဘာ[illegible]

[illegible]ို—

http://www.dhammadownload.com



သတိရှိသော ရဟန်းသည် ဆင်းရဲ၏ အကြောင်းဖြစ်သော ထိုတဏှာကို အပြစ်အားဖြင့် သိ၍ တဏှာကင်းသောကြောင့် နောင်တဖန် ပဋိသန္ဓေကို မယူတော့ပဲ (သံသရာမှ) ထွက်မြောက်နိုင်ရာ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဆဋ္ဌသုတ်။

## ၇-သဗြဟ္မကသုတ်

၁၀၆။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်

ရဟန်းတို့ အကြင်အမျိုးတို့၏ သားသမီးတို့သည် အမိအဖတို့ကို မိမိအိမ်၌ ပူဇော်ထားကြကုန်၏၊ ထိုအမျိုးတို့သည် ဗြဟ္မာနှင့် အတူတကွ နေကြရသူတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ အကြင်အမျိုးတို့၏ သားသမီးတို့သည် အမိအဖတို့ကို မိမိအိမ်၌ ပူဇော်ထားကြကုန်၏၊ ထိုအမျိုးတို့သည် အိမ်ဦးနတ်နှင့် အတူတကွ နေကြရသူတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ အကြင်အမျိုးတို့၏ သားသမီးတို့သည် အမိအဖတို့ကို မိမိအိမ်၌ ပူဇော်ထားကြကုန်၏၊ ထိုအမျိုးတို့သည် လက်ဦးဆရာနှင့် အတူတကွ နေကြရသူတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ အကြင်အမျိုးတို့၏ သားသမီးတို့သည် အမိအဖတို့ကို မိမိအိမ်၌ ပူဇော်ထားကြကုန်၏၊ ထိုအမျိုးတို့သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူထိုက်သူတို့နှင့် အတူတကွ နေရသူတို့ ဖြစ်ကုန်၏။

ရဟန်းတို့ “ဗြဟ္မာ”ဟူသော ဤအမည်သည် အမိအဖတို့၏အမည်တည်း၊ ရဟန်းတို့ “အိမ်ဦးနတ်”ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း၊ ရဟန်းတို့ “လက်ဦးဆရာ”ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း၊ ရဟန်းတို့ “အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူထိုက်သူ”ဟူသော ဤအမည်သည် အမိအဖတို့၏အမည်တည်း၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အမိအဖတို့သည် သားသမီးတို့အား ကျေးဇူးများကုန်၏၊ အသက်ကို စောင့်ရှောက်တတ်ကုန်၏၊ ကျွေးမွေးတတ်ကုန်၏၊ ဤလောကကို ပြတတ်ကုန်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို —

> “အမိအဖတို့ကို သားသမီးတို့၏ ဗြဟ္မာဟူ၍ရင်း လက်ဦးဆရာဟူ၍ရင်း အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူအပ်သော အလှူခံထိုက်သူတို့ ဟူ၍ရင်း ဆိုရကုန်၏၊ သားသမီးတို့အား စောင့်ရှောက်တတ်ကုန်၏။
>
> ထို့ကြောင့် ပညာရှိသည် ထိုအမိအဖတို့ကို ရှိခိုးရာ၏၊ ထမင်းဖြင့်ရင်း အဖျော်ဖြင့်ရင်း အဝတ်ဖြင့်ရင်း အိပ်ရာနေရာဖြင့်ရင်း နံ့သာပျောင်း စသည်တို့ဖြင့်လိမ်းကျံပေးခြင်းဖြင့်ရင်း ရေချိုးပေးခြင်းဖြင့်ရင်း ခြေဆေးပေးခြင်းဖြင့်ရင်း ကောင်းစွာ ပူဇော်ရာ၏။
>
> အမိအဖတို့၌ ထိုလုပ်ကျွေးခြင်းဖြင့် ထိုသူကို ဤဘဝ၌ပင် ပညာရှိတို့ ချီးမွမ်းကုန်၏၊ တမလွန်ဘဝ၌ နတ်ပြည်သို့ရောက်ကာ ဝမ်းမြောက်ရ၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ဗဟုကာရသုတ်

၁၀၇။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ ဆေးတည်းဟူသော အသုံးအဆောင်တို့ဖြင့် လုပ်ကျွေးကြကုန်သော ပုဏ္ဏားနှင့် အမျိုးသားတို့သည် သင်တို့အား ကျေးဇူးများကုန်၏၊ ရဟန်းတို့ ထိုပုဏ္ဏားနှင့် အမျိုးသားတို့အား အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောကြား၍ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ပြကြသည့် သင်တို့သည်လည်း ထိုပုဏ္ဏားနှင့် အမျိုးသားတို့အား ကျေးဇူးများကုန်၏၊ ရဟန်းတို့ ဤသို့လျှင် အချင်းချင်း အမှီပြုကြ၍ (သံသရာ)ဝဲသြဃမှ ထွက်မြောက်ခြင်းငှါ ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ ဤမြတ်သော အကျင့်ကို ကောင်းစွာ ကျင့်သုံးအပ်၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အိမ်ရာထောင်သူ အိမ်ရာမထောင်သူ လူနှင့်ရဟန်း နှစ်ဦးတို့သည် အချင်းချင်း မှီကြကုန်၍ ယောဂလေးဖြာ ကုန်ရာဖြစ်သော အတုမရှိ မြတ်သော သူတော်ကောင်းတရားကို ပြီးစေနိုင်ကြကုန်၏။

အိမ်ရာထောင်သူ လူတို့ထံမှ အိမ်ရာမထောင်သူ ရဟန်းတို့သည် ဥတုဘေးရန်ကို ပယ်ဖျောက်တတ်သော သင်္ကန်းကိုရင်း ကျောင်းအိပ်ရာနေရာကိုရင်း ဆွမ်းနှင့် ဆေးပစ္စည်းကိုရင်း ခံယူကြကုန်၏။

အိမ်၌နေလျက် စည်းစိမ်ဥစ္စာစသည်ကို ရှာမှီးကုန်သော လူတို့သည် အရိယာပုဂ္ဂိုလ်ကို အမှီပြု၍ ဖြူစင်သောပညာဖြင့် ရဟန္တာပုဂ္ဂိုလ်တို့အား ကြည်ညိုကြကုန်၍ သမထဝိပဿနာဖြင့် ရှုကြကုန်လျက် ဤဘဝ၌ သုဂတိရောက်ကြောင်းဖြစ်သော လမ်းစဉ်တရားကို ကျင့်ကြကုန်ပြီးလျှင် နတ်ပြည်သို့ရောက်ကာ နှစ်သက်ကြကုန်လျက် အလိုရှိရာ ကာမဝတ္ထုတို့နှင့် ပြည့်စုံကြ၍ ဝမ်းမြောက်ကြကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

အဋ္ဌမသုတ်။

---

## ၉-ကုဟသုတ်

၁၀၈။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည် —

ရဟန်းတို့ အံ့သြဖွယ်ပြုတတ်သူ ခက်ထန်သူ ဖြားယောင်းပြောဆိုတတ်သူ ကိလေသာဦးချိုရှိကြသူ သေွးကြီးကြသူ မတည်ကြည်ကြသူ ရဟန်းဟူသမျှတို့သည် ငါဘုရား သားတော်ရဟန်းတို့ မဟုတ်ကုန်၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'မှ ကင်းဝေးကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြကုန်၊ ရဟန်းတို့ အံ့သြဖွယ် မပြုတတ်ကြသူ မဖြားယောင်းတတ်ကြသူ

ပညာရှိသူ မခက်ထန်သူ ကောင်းစွာ တည်ကြည်ကြသူ ရဟန်းဟူသမျှတို့သည် ငါဘုရား သားတော် ရဟန်းတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'မှ မကင်းဝေးကုန်၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသာနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်၏၊ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းတို့သည် အံ့ဩဖွယ် ပြုတတ်ကုန်၏၊ ခက်ထန်ကုန်၏၊ဖြားယောင်းပြောဆိုတတ်ကုန်၏၊ ကိလေသာ ဦးချိုရှိကုန်၏၊ သွေးကြီးကုန်၏၊ မတည်ကြည်ကုန်၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားအပ်သော သာသနာတော်၌ မကြီးပွါးကုန်။

အကြင်ရဟန်းတို့သည် အံ့ဩဖွယ် မပြုတတ်ကုန်၊ဖြားယောင်းမှု မရှိကုန်၊ ပညာရှိကုန်၏၊ မခက်ထန်ကုန်၊ ကောင်းစွာတည်ကြည်ကုန်၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားအပ်သော သာသနာတော်၌ ကေန် ကြီးပွါးကုန်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

နဝမသုတ်။

---

## ၁၀-နဒီသောတသုတ်

၁၀၉။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်—

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ရွှေ ငွေ ပတ္တမြားစသော ချစ်အပ်သော သာယာအပ်သော ဝတ္ထုသဘောဟူသော အကြောင်းကြောင့် မြစ်ရေအယဉ်ဖြင့် ရေစုံမျှောကာ လိုက်သွားရာ၏၊ ကမ်း၌တည်သော မျက်စိအမြင်ရှိသော (အခြား)ယောကျ်ားသည် ထိုယောကျ်ားကို မြင်၍ ဤသို့ဆိုရာ၏ "အမောင်ယောကျ်ား သင်သည် ရွှေ ငွေ ပတ္တမြားစသော ချစ်အပ် သာယာအပ်သောဝတ္ထုသဘောဟူသော အကြောင်းကြောင့် မြစ်ရေအယဉ်ဖြင့် ရေစုန်မျှောကာ လိုက်စေကာမူ ဤမြစ်၏ အောက်အရပ်၌ လှိုင်းတံပိုးရှိသော ဝဲ ရှိသော ဖမ်းယူတတ်သော ငါးမကာန်းရှိသော ဘီလူးရက္ခိုက်ရှိသော ရေအိုင်သည် ရှိ၏၊ အမောင်ယောကျ်ား သင်သည် ယင်းရေအိုင်သို့ ရောက်လျှင် သေခြင်းသို့မူလည်းရောက်ရလတ္တံ့၊သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရလတ္တံ့" ဟု (ဆိုရာ၏)၊ ရဟန်းတို့ ထိုအခါ၌ ထိုယောကျ်ားသည် ထိုပြောသောယောကျ်ား၏ အသံကို ကြားရသောကြောင့် လက်တို့ဖြင့်ရင်း ခြေတို့ဖြင့်ရင်း ရေညာဘက်သို့ ရောက်ရန် အားထုတ်ရာ၏။

ရဟန်းတို့ ငါဘုရားသည် အနက်ကိုသိစေခြင်းငှါ ဤဥပမာကို ပြုအပ်၏၊ ဤဆိုလတ္တံ့သည်ကား ဤအရာ၌ အနက်တည်း—ရဟန်းတို့ "မြစ်ရေအယဉ်" ဟူသော ဤအမည်သည် တဏှာ၏ အမည်တည်း။

ရဟန်းတို့ "ချစ်အပ်သော သာယာအပ်သော ဝတ္ထုသဘော"ဟူသော ဤအမည်သည် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အမည်တည်း။

ရဟန်းတို့ "အောက်အရပ်၌ ရေအိုင်"ဟူသော ဤအမည်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့၏ အမည်တည်း။

http://www.dhammadownload.com



ရဟန်းတို့ "လှိုင်းတံပိုး"ဟူသော ဤအမည်သည် အမျက်ထွက်မှု 'ဒေါသ' ပင်ပန်းမှု'ဥပါယာသ' ၏ အမည်တည်း။

ရဟန်းတို့ "ဝဲ" ဟူသော ဤအမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့"ဖမ်းယူတတ်သော ငါး မကာရ်း ဘီလူး ရက္ခိုက်"ဟူသော ဤအမည်သည် မာတုဂါမ၏ အမည်တည်း။

ရဟန်းတို့ "ရေညာဘက်"ဟူသော ဤအမည်သည် ကာမမှ လွတ်မြောက်မှု 'နေက္ခမ္မ'၏ အမည်တည်း။

ရဟန်းတို့ "လက်တို့ဖြင့်ရင်း ခြေတို့ဖြင့်ရင်း အားထုတ်၏"ဟူသော ဤအမည်သည် အားထုတ်မှု လုံ့လ၏ အမည်တည်း။

ရဟန်းတို့ "ကမ်း၌ တည်သော မျက်စိအမြင်ရှိသော ယောကျ်ား" ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ အမည်တည်း၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို —

"ယောဂလေးဖြာ ကုန်ရာနိဗ္ဗာန်ကို နောင်အခါ ရခြင်းငှါ တောင့်တသောသူသည် အကျင့်ပဋိပတ်အားဖြင့် ဆင်းရဲနှင့်တကွဖြစ်သော်လည်း ကာမတို့ကို စွန့်ရာ၏၊ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံ၍ ဖုလဝိမုတ္တိဖြင့် ကောင်းစွာ လွတ်သော စိတ်ရှိသူသည် ထိုထိုကာလ၌ နိဗ္ဗာန်သို့ ရောက်ရာ၏၊ထိုသူကိုသစ္စာလေးပါးကိုသိသူ ကျင့်သုံးပြီးသော မြတ်သောအကျင့်ရှိသူ လောက၏အဆုံးသို့ရောက်သူ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်သူဟူ၍ ဆိုအပ်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒသမသုတ်။

---

## ၁၁-စရသုတ်

၁၁၀။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ ရဟန်းသည် သွားနေစဉ် ကာမနှင့်စပ်သောကြံစည်မှု 'ကာမဝိတက်' သော်၎င်း သူတပါးပျက်စီးစေလိုခြင်းနှင့်စပ်သောကြံစည်မှု 'ဗျာပါဒဝိတက်'သော်၎င်း ညှဉ်းဆဲခြင်းနှင့်စပ်သော ကြံစည်မှု'ဝိဟိံသာဝိတက်'သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်ခံခဲ့မူ မစွန့်လွှတ်ခဲ့မူ မပယ်ဖျောက်ခဲ့မူ ကင်းအောင်မပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ဖြစ်ခဲ့သော် ကိလေသာတို့ကို ပူပန်စေတတ်သောလုံ့လလည်းမရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်းမရှိမူ၍ သွားနေသောရဟန်းကိုလည်း အမြဲမပြတ်ပျင်းရိသူ ဝီရိယယုတ်လျော့သူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် ရပ်နေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒဝိတက်သော၎င်း ဝိဟိံသာဝိတက်သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်ခံခဲ့မူ မစွန့်လွှတ်ခဲ့မူ မပယ်ဖျောက်ခဲ့မူ ကင်းအောင်မပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့ ဤသို့

http://www.dhammadownload.com



ဖြစ်ခဲ့သော် ကိလေသာတို့ကိုပယ်ပယ်စေတတ်သော လုံ့လလည်းမရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း မရှိမူ၍ ရပ်နေသောရဟန်းကိုလည်း အမြဲမပြတ်ပျင်းရိသူ ဝီရိယယုတ်လျော့သူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် ထိုင်နေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒဝိတက်သော်၎င်း ဝိဟိံသာ ဝိတက်သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်ခံခဲ့မူ မစွန့်လွှတ်ခဲ့မူ မပယ်ဖျောက်ခဲ့မူ ကင်းအောင်မပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်ခဲ့သော် ကိလေသာတို့ကို ပယ်ပယ်စေတတ်သော လုံ့လလည်းမရှိ မကောင်းမှုမှထိတ်လန့်မှုလည်း မရှိ မူ၍ ထိုင်နေသောရဟန်းကိုလည်း အမြဲ မပြတ် ပျင်းရိသူ ဝီရိယယုတ်လျော့သူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် အိပ်မပျော်ပဲ လျောင်းနေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒ ဝိတက်သော်၎င်း ဝိဟိံသာဝိတက်သော်၎င်း အကယ်၍ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်ခံခဲ့မူ မစွန့်လွှတ်ခဲ့မူ မပယ်ဖျောက်ခဲ့မူ ကင်းအောင်မပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်ခဲ့သော် ကိလေသာတို့ကို ပယ်ပယ်စေတတ်သော လုံ့လလည်းမရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်းမရှိမူ၍ အိပ်မပျော်ပဲ လျောင်းနေသော ရဟန်းကိုလည်း အမြဲ မပြတ် ပျင်းရိသူ ဝီရိယယုတ်လျော့သူ ဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် သွားနေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒဝိတက်သော်၎င်း ဝိဟိံသာ ဝိတက်သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်မခံခဲ့မူ စွန့်လွှတ်ခဲ့မူ ပယ်ဖျောက်ခဲ့မူ ကင်းအောင်ပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ဖြစ်ခဲ့သော် ကိလေသာတို့ကို ပယ်ပယ်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ သွားနေသောရဟန်းကို အမြဲမပြတ်ထက်သန်သော လုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် ရပ်နေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒဝိတက်သော်၎င်း ဝိဟိံသာ ဝိတက်သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထို ဝိတက်သုံးပါးကို အကယ်၍ လက်မခံခဲ့မူ စွန့်လွှတ်ခဲ့မူ ပယ်ဖျောက်ခဲ့မူ ကင်းအောင် ပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်ခဲ့သော် ကိလေသာတို့ကို ပယ်ပယ်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ ရပ်နေသောရဟန်းကိုလည်း အမြဲမပြတ်ထက်သန်သော လုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် ထိုင်နေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒဝိတက်သော်၎င်း ဝိဟိံသာ ဝိတက်သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်မခံခဲ့မူ စွန့်လွှတ်ခဲ့မူ ပယ်ဖျောက်ခဲ့မူ ကင်းအောင် ပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ ဖြစ်ခဲ့သော် ကိလေသာတို့ကို ပယ်ပယ်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ ထိုင်နေသော ရဟန်းကိုလည်း အမြဲမပြတ် ထက်သန်သော လုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် အိပ်မပျော်ပဲ လျောင်းနေစဉ် ကာမဝိတက်သော်၎င်း ဗျာပါဒဝိတက် သော်၎င်း ဝိဟိံသာဝိတက်သော်၎င်း အကယ်၍ ဖြစ်ခဲ့မူ ရဟန်းသည် ထိုဝိတက်သုံးပါးကို အကယ်၍ လက်မခံခဲ့မူ စွန့်လွှတ်ခဲ့မူ ပယ်ဖျောက်ခဲ့မူ ကင်းအောင်ပြုခဲ့မူ တဖန်မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့ ဤသို့ဖြစ်ခဲ့သော် ကိလေသာတို့ကို ပယ်ပယ်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ

http://www.dhammadownload.com



ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ အိပ်မပျော်ပဲ လျောင်းနေသော ရဟန်းကိုလည်း အမြဲမပြတ် ထက်သန်သော လုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"အကြင်ရဟန်းသည် သွားနေသော်၎င်း ရပ်နေသော်၎င်း ထိုင်နေသော်၎င်း လျောင်း နေသော်၎င်း ဝတ္ထုကာမ ကိလေသာကာမကို မှီသော ယုတ်ညံ့သော အကြံအစည်ကို ကြံစည်၏။

လမ်းကောက်လမ်းမှားသို့ သွားတတ်သော တွေဝေမှုကို ဖြစ်စေတတ်သော အာရုံတို့၌ တွေဝေတတ်သော ထိုသို့သဘောရှိသော ရဟန်းသည် မြတ်သော အရိယမဂ်ဉာဏ်သို့ ရောက်ခြင်းငှါ မထိုက်။

အကြင်ရဟန်းသည် သွားနေသော်၎င်း ရပ်နေသော်၎င်း ထိုင်နေသော်၎င်း လျောင်းနေသော်၎င်း ဝိတက်သုံးမျိုးကို ငြိမ်းအေးစေ၍ မိစ္ဆာဝိတက်တို့ငြိမ်းအေးရာ နိဗ္ဗာန်၌ (လွန်ကဲသော ဆန္ဒဖြင့်) မွေ့လျော်၏၊ ထိုသို့သဘောရှိသော ရဟန်းသည် မြတ်သော အရိယမဂ်သို့ ရောက်ခြင်းငှါ ထိုက်၏" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ကောဒသမသုတ်။

## ၁၂-သမ္ပန္နသီလသုတ်

၁၁၁။ ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည် —

ရဟန်းတို့ သင်တို့သည် သီလနှင့် ပြည့်စုံကြကုန်လော့၊ ပါတိမောက်နှင့် ပြည့်စုံလျက် နေကြကုန်လော့၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်း၍ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ နေကြကုန်လော့၊ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟုရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်လော့။

ရဟန်းတို့ သီလနှင့်ပြည့်စုံ ပါတိမောက်နှင့်ပြည့်စုံလျက် နေကြကုန်သော ပါတိမောက္ခသံဝရသီလကို စောင့်ထိန်း၍ အကျင့်'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်သော သင်တို့အား ထိုထက်အလွန် ပြုကျင့်ဖွယ်ကား အသို့ဖြစ်ရာသနည်း။

ရဟန်းတို့ ရဟန်းသည် သွားမနေစဉ် သူတပါးဥစ္စာကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'ကင်းပျောက်ခဲ့ပါမူ သူတပါးတို့ပျက်စီးစေလိုမှု 'ဗျာပါဒ' ကင်းပျောက်ခဲ့ပါမူ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကင်းပျောက်ခဲ့ပါမူ ပျံ့လွင့်မှုနှင့် နောင်တတတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' ကင်းပျောက်ခဲ့ပါမူ ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ဖျောက်နိုင်ခဲ့ပါမူ မတွန့်တိုသော လုံ့လကို အားထုတ်ပြီးဖြစ်ခဲ့ပါမူ မေ့လျော့မှုမရှိသော သတိထင်ခဲ့ပါမူ ကိုယ်သည် ပူပန်မှု မရှိ ငြိမ်းအေးခဲ့ပါမူ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်ခဲ့ပါမူ ရဟန်းတို့ ဤသို့ ဖြစ်ခဲ့သော် ကိလေသာကို ပူပန်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ သွားနေသော ရဟန်းကိုလည်း အမြဲမပြတ်

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် ရပ်နေစဉ် သူတပါးဥစ္စာကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' ကင်းပျောက်ပါမူ သူတပါးတို့ပျက်စီးစေလိုမှု 'ဗျာပါဒ' ကင်းပျောက်ခဲ့ပါမူ ။ပ။ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ပျံ့လွင့်မှုနှင့်နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ဖျောက်နိုင်ပါမူ မတွန့်တိုသော လုံ့လကို အားထုတ်ပြီးဖြစ်ခဲ့ပါမူ မေ့လျော့မှုမရှိ သတိထင်ခဲ့ပါမူ ကိုယ်သည် ပူပန်မှုမရှိငြိမ်းအေးခဲ့ပါမူ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်ခဲ့ပါမူ ရဟန်းတို့ ဤသို့ဖြစ်ခဲ့သော် ကိလေသာကို ပူပန်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ ရပ်နေသောရဟန်းကိုလည်း အမြဲမပြတ် ထက်သန်သော လုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် ထိုင်နေစဉ် သူတပါးဥစ္စာကို ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' ကင်းပျောက်ခဲ့ပါမူ သူတပါးတို့ပျက်စီးစေလိုမှု 'ဗျာပါဒ' ကင်းပျောက်ခဲ့ပါမူ ။ပ။ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကင်းပျောက်ခဲ့ပါမူ ပျံ့လွင့်မှုနှင့် နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' ကင်းပျောက်ခဲ့ပါမူ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ဖျောက်နိုင်ခဲ့ပါမူ မတွန့်တိုသောလုံ့လကို အားထုတ်ပြီးဖြစ်ခဲ့ပါမူ မေ့လျော့မှုမရှိ သတိထင်ခဲ့ပါမူ ကိုယ်သည် ပူပန်မှုမရှိ ငြိမ်းအေးခဲ့ပါမူ စိတ်သည် တခုတည်းသောအာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်ခဲ့ပါမူ ရဟန်းတို့ ဤသို့ဖြစ်ခဲ့သော် ကိလေသာကိုပူပန်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ ထိုင်နေသောရဟန်းကိုလည်း အမြဲမပြတ် ထက်သန်သောလုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသောစိတ်ရှိသူဟု ဆိုရ၏။

ရဟန်းတို့ ရဟန်းသည် အိပ်မပျော်ပဲ လျောင်းနေစဉ် သူတပါးဥစ္စာကို ရှေးရှုကြံစည်မှု'အဘိဇ္ဈာ' ကင်းပျောက်ခဲ့ပါမူ သူတပါးတို့ ပျက်စီးစေလိုမှု'ဗျာပါဒ' ကင်းပျောက်ခဲ့ပါမူ။ပ။ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ပျံ့လွင့်မှုနှင့်နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကင်းပျောက်ခဲ့ပါမူ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ဖျောက်နိုင်ခဲ့ပါမူ မတွန့်တိုသောလုံ့လကို အားထုတ်ပြီးဖြစ်ခဲ့ပါမူ မေ့လျော့မှုမရှိ သတိထင်ခဲ့ပါမူ ကိုယ်သည် ပူပန်မှုမရှိ ငြိမ်းအေးခဲ့ပါမူ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်ခဲ့ပါမူ ရဟန်းတို့ ဤသို့ဖြစ်ခဲ့သော် ကိလေသာကို ပူပန်စေတတ်သော လုံ့လလည်းရှိ မကောင်းမှုမှထိန့်လတ်မှုလည်း ရှိသည်ဖြစ်၍ အိပ်မပျော်ပဲ လျောင်းနေသော ရဟန်းကိုလည်း အမြဲမပြတ် ထက်သန်သောလုံ့လရှိသူ နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

"ရဟန်းသည် သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ်သည်ဖြစ်၍ သွားရာ၏၊ အားထုတ်သည်ဖြစ်၍ ရပ်ရာ၏၊ အားထုတ်သည်ဖြစ်၍ ထိုင်ရာ၏၊ အားထုတ်သည်ဖြစ်၍ လျောင်းရာ၏၊ အားထုတ်သည်ဖြစ်၍ လက်ခြေကို ကွေးရာ၏၊ အားထုတ်သည်ဖြစ်၍ လက်ခြေကို ဆန့်ရာ၏။

အထက်၌ရှင်း အရပ် ဖီလာ ရှစ်မျက်နှာ၌ရှင်း အောက်၌ရှင်း သတ္တသင်္ခါရအားဖြင့် ဖြစ်သမျှသော လောကအားလုံး၌ ပုဂ္ဂိုလ်သတ္တဝါမှ ကင်းဆိတ်သော ခန္ဓာတို့၏ အဖြစ်အပျက်ကို ကောင်းစွာ ရှုဆင်ခြင်ရာ၏။

ဤသို့ နေလေ့ရှိသော ပြင်းထန်သောသမ္မပ္ပဓာန်လုံ့လရှိသော ငြိမ်သက်သော ဖြစ်ခြင်းရှိသော မပျံ့လွင့်သော စိတ်ကိုငြိမ်းအေးစေတတ်သော အရိယမဂ်အားလျော်သော အကျင့်

http://www.dhammadownload.com



ကို ကျင့်သုံးသော အခါခပ်သိမ်းသတိရှိသော ထိုသို့သဘောရှိသော ရဟန်းကို အမြဲမပြတ် နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုကုန်၏”ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ဒွါဒသမသုတ်။

## ၁၃-လောကသုတ်

၁၁၂။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်—

ရဟန်းတို့ မြတ်စွာဘုရားသည် လောကကို ထိုးထွင်း၍သိတော်မူအပ်ပြီ၊မြတ်စွာဘုရားသည် လောကနှင့်မူကား မစပ်ယှဉ်ပေ၊ ရဟန်းတို့ မြတ်စွာဘုရားသည် လောက၏ဖြစ်ကြောင်းကို ထိုးထွင်း၍ သိတော်မူအပ်ပြီ၊မြတ်စွာဘုရားသည် လောက၏ဖြစ်ကြောင်းကို ပယ်အပ်ပြီ၊ ရဟန်းတို့ မြတ်စွာဘုရားသည် လောက၏ ချုပ်ရာကို ထိုးထွင်း၍ သိတော်မူအပ်ပြီ၊ မြတ်စွာဘုရားသည် လောက၏ချုပ်ရာကို မျက်မှောက်ပြုတော်မူအပ်ပြီ၊ ရဟန်းတို့ မြတ်စွာဘုရားသည် လောက၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို ထိုးထွင်း၍ သိတော်မူအပ်ပြီ၊မြတ်စွာဘုရားသည် လောက၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို ပွါးများတော်မူအပ်ပြီ။

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာမှီးအပ် စိတ်ဖြင့်စိစစ်အပ်သော အရာဝတ္ထုကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူအပ်ပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို “တထာဂတ”ဟူ၍ ဆိုရ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိရာ ညဉ့်နှင့် ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုရာ ညဉ့်ဟူသော ဤနှစ်ပါးသော ကာလအကြားဝယ် ပြောဆိုညွှန်ပြခဲ့သော စကားတော်အားလုံးသည် ဟုတ်မှန် သည်သာလျှင်တည်း၊ ပြောဆိုညွှန်ပြသည်မှ တပါးသော အခြင်းအရာအားဖြင့် မဖြစ်၊ ထို့ကြောင့် မြတ်စွာဘုရားကို “တထာဂတ”ဟူ၍ ဆိုရ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်အခြင်းအရာအားဖြင့် ဟောပြော၏၊ ထိုဟောပြော သည့် အခြင်းအရာအတိုင်းပင် ပြုလုပ်၏၊ အကြင်အခြင်းအရာအားဖြင့် ပြုလုပ်၏၊ ထိုပြုလုပ်သော အခြင်းအရာအတိုင်းသာ ဟောပြော၏၊ ဤသို့ ဟောပြောသည့်အတိုင်း ပြုလုပ်၍ ပြုလုပ်သည့် အတိုင်းလည်း ဟောပြောတော်မူသောကြောင့် မြတ်စွာဘုရားကို “တထာဂတ”ဟူ၍ ဆိုရ၏။

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ မြတ်စွာဘုရားသည် လွှမ်းမိုးနိုင်သူ ဖြစ်တော်မူ၏၊မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်တော်မူ၏၊ စင်စစ် (အလုံးစုံကို)မြင်တော်မူ၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်တော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရားကို “တထာဂတ”ဟူ၍ ဆိုရ၏၊ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို—

http://www.dhammadownload.com



"မြတ်စွာဘုရားသည် အလုံးစုံသော လောက၌ လောကအားလုံးကို ဟုတ်တိုင်းမှန်စွာ ထူးသောဉာဏ်ဖြင့်သိ၍ လောကအားလုံးနှင့် စပ်ယှဉ်တော်မမူ၊ လောကအားလုံး၌ တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ငြိတော်မမူ။

ထိုမြတ်စွာဘုရားသည် အလုံးစုံသော အာရုံသခ်ါရစသည်ကို လွှမ်းမိုးလျက် အားထုတ်မှု လုံ့လနှင့် ပြည့်စုံပြီးလျှင် အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ဘေးရန်တစုံတခုမျှမရှိသော ငြိမ်းအေးလှစွာသော လွန်ကဲထူးမြတ်သော နိဗ္ဗာန်ကို ဉာဏ်ဖြင့် တွေ့ထိ သိမြင်တော်မူလေပြီ။

အာသဝေါကုန်ခန်းပြီးသော ဆင်းရဲမရှိမူ၍ ယုံမှားမှု'သံသယ'ကို ပယ်ဖြတ်တော်မူပြီးသော ထိုမြတ်စွာဘုရားသည် ကံအားလုံးတို့၏ကုန်ခြင်းသို့ ရောက်တော်မူရကား ဥပဓိကုန်ရာ နိဗ္ဗာန်၌ ဖလဝိမုတ္တိဖြင့် လွတ်မြောက်တော်မူခဲ့လေပြီ။

ထိုမြတ်စွာဘုရားသည် သစ္စာလေးပါးကို သိတော်မူ၏၊ထိုမြတ်စွာဘုရားသည် ခြင်္သေ့မင်း သဖွယ် ဖြစ်၍ အတုမရှိ မြတ်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ မြတ်သော(ဓမ္မ)စက်ကို လည်စေတော်မူ၏။

အကြင်နတ်တို့သည်၎င်း လူတို့သည်၎င်း ဤသို့မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်၏၊ ထိုနတ်လူတို့သည် ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်း ကင်းတော်မူသော ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ ရှိခိုးကြကုန်၏။

မြတ်သောသီလက္ခန္ဓစသည်ကို ရှာမှီးတော်မူပြီးသောမြတ်စွာဘုရားသည် ယဉ်ကျေးတော်မူပြီးဖြစ်၍ ယဉ်ကျေးသူတို့ထက် မြတ်တော်မူ၏၊ ငြိမ်းအေးတော်မူပြီးဖြစ်၍ ငြိမ်းအေးသူတို့ထက် မြတ်တော်မူ၏၊ လွတ်မြောက်တော်မူပြီးဖြစ်၍ လွတ်မြောက်သူတို့ထက် မြတ်တော်မူ၏၊ ကူးမြောက်တော်မူပြီးဖြစ်၍ ကူးမြောက်ပြီးသူတို့ထက် မြတ်တော်မူ၏။

ထို့ကြောင့် ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော ထိုမြတ်စွာဘုရားကို နတ်နှင့်တကွသော လောက၌ အသျှင်ဘုရားအား တုပြိုင်နိုင်သူ ပုဂ္ဂိုလ်မရှိပါဘုရားဟု ပြောဆိုလျှောက်ကြားလျက် ရှိခိုးကြကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

တေရသမသုတ်။

စတုက္ကနိပါတ် ပြီး၏။

**ဣတိဝုတ်ပါဠိတော် မြန်မာပြန် ပြီးပြီ။**

http://www.dhammadownload.com

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# သုတ္တနိပါတ်ပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဥရဂဝဂ်

### ၁-ဥရဂသုတ်

၁။ (တကိုယ်လုံး)ပျံ့နှံ့၍ တည်သော မြွေဆိပ်ကို ဆေးတို့ဖြင့် ပယ်ဖျောက်သကဲ့သို့ အကြင်ရဟန်းသည် ဖြစ်ပေါ်လာသော အမျက်ဒေါသကို ပယ်ဖျောက်၏၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၂။ (သူငယ်တို့သည်)ရေအိုင်သို့ဆင်း၍ ရေအိုင်၌ ပေါက်သော ပဒုမာကြာပန်းကို ချိုးဖြတ် ဖျက်ဆီးကုန်သကဲ့သို့ အကြင်ရဟန်းသည် ရာဂကို အကြွင်းမဲ့ ချိုးဖြတ် ဖျက်ဆီး၏၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၃။ အကြင်ရဟန်းသည် ကျင်လည်စေတတ်သော လျင်စွာပြေးသွားတတ်သော တဏှာကို ခန်းခြောက်စေလျက် အကြွင်းမဲ့ ချိုးဖြတ်ဖျက်ဆီး၏၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၄။ ကြီးစွာသော ရေအယဉ်သည် အလွန်အားနည်းသော ကျူရိုးတံတားကို တိုက်ဖျက်သွားသကဲ့သို့ အကြင်ရဟန်းသည် မာနကို အကြွင်းမဲ့ သတ်ဖြတ်၏၊မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

http://www.dhammadownload.com



၅။ ရေသဖန်းပင်တို့၌ အပွင့်ကို စူးစမ်းရှာဖွေသည်ရှိသော် မရနိုင်သကဲ့သို့ အကြင် ရဟန်းသည် ဘဝတို့၌ ပညာဖြင့် စူးစမ်းရှာဖွေသည်ရှိသော် အနှစ်'သာရ'ကို မရနိုင်၊မြွေသည် ဆွေးမြေ့သောအရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၆။ အကြင်ရဟန်း၏ စိတ်၌ အမျက်ဒေါသတို့ မရှိကုန်၊ ပြည့်စုံမှု ပျက်စီးမှု တိုးပွါးမှု ဆုတ်ယုတ်မှု ခိုင်မြဲမှု ပြတ်စဲမှု ကောင်းမှု မကောင်းမှုကိုလည်း မဂ်လေးပါးတို့ဖြင့် လွန်မြောက်ခဲ့၏၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၇။ အကြင်ရဟန်းသည် မိမိခန္ဓာအစဉ်၌ ကာမဝိတက်စသည်တို့ကို (အောက်မဂ်သုံးပါးတို့ဖြင့်)ရှို့မြှိုက် လောင်ကျွမ်းစေပြီးလျှင်(အရဟတ္တမဂ်ဖြင့်)အကြွင်းမဲ့ကောင်းစွာ ဖြတ်အပ်ကုန်ပြီ၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၈။ အကြင်ရဟန်းသည် လွန်၍လည်းမပြေးသွား နောက်သို့လည်း မတွန့်ဆုတ်၊ ဤ (တဏှာမာနဒိဋ္ဌိ)ပပဉ္စတရား အားလုံးကို လွန်မြောက်ခဲ့၏၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၉။ အကြင်ရဟန်းသည် လွန်၍လည်း မပြေးသွား နောက်သို့လည်း မတွန့်ဆုတ်၊ထိုရဟန်းသည် လောက၌ ဤသင်္ခတတရားဟူသမျှ အားလုံးသည် ဗာလပုထုဇဉ်တို့ ထင်မှတ်သည့် နိစ္စသုခစသည်မှ ကင်း၏ဟု သိသောကြောင့် မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၀။ အကြင်ရဟန်းသည် လွန်၍လည်းမပြေးသွား နောက်သို့လည်းမတွန့်ဆုတ်၊ ထိုရဟန်းသည် ဤသင်္ခတတရားဟူသမျှ အားလုံးသည် ဗာလပုထုဇဉ်တို့ ထင်မှတ်သည့် နိစ္စသုခစသည်မှ ကင်း၏ဟု သိသောကြောင့် လောဘကင်းသည်ဖြစ်၍ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၁။ အကြင်ရဟန်းသည် လွန်၍လည်းမပြေးသွား နောက်သို့လည်းမတွန့်ဆုတ်၊ ထိုရဟန်းသည် ဤသင်္ခတတရားဟူသမျှ အားလုံးသည် ဗာလပုထုဇဉ်တို့ ထင်မှတ်သည့် နိစ္စသုခစသည်မှ ကင်း၏ဟု သိသောကြောင့် ရာဂကင်းသည်ဖြစ်၍ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၂။ အကြင်ရဟန်းသည် လွန်၍လည်းမပြေးသွား နောက်သို့လည်းမတွန့်ဆုတ်၊ ထိုရဟန်းသည် သင်္ခတတရားဟူသမျှအားလုံးသည် ဗာလပုထုဇဉ်တို့ ထင်မှတ်သည့် နိစ္စသုခစသည်မှ

http://www.dhammadownload.com



ကင်း၏ဟု သိသောကြောင့် ဒေါသကင်းသည်ဖြစ်၍ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ သံသရာဘည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၃။ အကြင်ရဟန်းသည် လွန်၍လည်း မပြေးသွား နောက်သို့လည်း မတွန့်ဆုတ်၊ ထိုရဟန်းသည် ဤသခ်တတရားဟူသမျှ အားလုံးသည် ဗာလပုထုဇဉ်တို့ ထင်မှတ်သည့် နိစ္စသုခ စသည်မှ ကင်း၏ဟု သိသောကြောင့် မောဟကင်းသည်ဖြစ်၍ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၄။ အကြင်ရဟန်းအား တစုံတခုသော အနုသယတို့ မရှိကုန်၊ အကုသိုလ်မူလတို့ကိုလည်း အကြွင်းမဲ့ ပယ်နုတ်အပ်ကုန်၏၊မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၅။ အကြင်ရဟန်းအား ခန္ဓာကိုယ် (သက္ကာယ)ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော တစုံတခုသော ပူပန်စေတတ်သော ကိလေသာတို့ မရှိကုန်၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၆။ အကြင်ရဟန်းအား ဘဝ၌ မြဲစွာ ဖွဲ့ခြင်း၏ အကြောင်းဖြစ်ကုန်သော တစုံတခုသော ကိလေသာ(တဏှာ)တို့ မရှိကုန်၊မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်လွှတ်၏။

၁၇။ အကြင်ရဟန်းသည် နီဝရဏငါးပါးတို့ကို ပယ်စွန့်နိုင်သောကြောင့် ဆင်းရဲမရှိ၊ သို့လော သို့လော တွေးတောယုံမှားမှုကို လွန်မြောက်၏၊ ရာဂစသော ငြောင့်တံသင်းမှ ကင်း၏၊ မြွေသည် ဆွေးမြေ့သော အရေဟောင်းကို စွန့်လွှတ်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဖက်ကမ်းကို စွန့်လွှတ်၏။

ရှေးဦးစွာသော ဥရဂသုတ် ပြီး၏။

---

## ၂-ဓနိယသုတ်

၁၈။ (ကိုယ်ပိုင်နွားတို့ကို ထိန်းကျောင်းသူ နွားကျောင်းသား ဓနိယသည် ဤသို့ဆို၏)—

ငါသည် ထမင်းချက်ပြီးသူ နွားနို့ညှစ်ယူပြီးသူ ဖြစ်၏၊ မဟီမြစ်၏ ကမ်းနား၌ အခြံအရံနှင့် တကွနေသူဖြစ်၏၊ (ငါ၏)အိမ်ကိုလည်း မိုးပြီးလေပြီ၊ မီးကိုလည်း ထွန်းညှိပြီးလေပြီ၊ မိုးနတ်မင်း သင်သည် ရွာသွန်းလိုပါမူ ရွာသွန်းလိုက်ပါလော့။ (၁)

၁၉။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

ငါသည် အမျက်မထွက်သူ စိတ်၌ စူးဝင်တတ်သော ငြောင့်တံသင်း ကင်းပြီးသူ ဖြစ်၏၊ မဟီမြစ်၏ ကမ်းနား၌ တညဉ့်သာ နေသူဖြစ်၏၊ ငါ၏(ခန္ဓာ)အိမ်ကို (ကိလေသာ)အမိုး ဖွင့်လှစ်ထားပြီ၊ မီး(တဆယ့်တပါး)ငြိမ်းအေးလေပြီ၊ (ကိလေသာဟူသော)မိုးနတ်မင်း သင်သည် ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၂)

http://www.dhammadownload.com



၂၀။ (နွားကျောင်းသားဓနိယက ဤသို့ ဆို၏)—

(ဤအရပ်၌) မှက် ခြင် မရှိကုန်၊ မြက်တို့ပေါက်ရာ မြစ်ဝှမ်း၌ နွားတို့ကျက်စားကုန်၏၊ ထိုနွားတို့သည် ရွာချလာသော မိုးကြီးကိုလည်း ခံနိုင်ရည်ရှိကြကုန်၏၊ မိုးနတ်မင်း သင်သည် ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၃)

၂၁။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

ငါဘုရားသည် (အရိယမဂ်တည်းဟူသော) ဖောင်ကို (ဥာဏ်ဖြင့်)ဖွဲ့ထားပြီး ကောင်းစွာ စီရင်ထားပြီး ဖြစ်ခဲ့၏၊ (ငါသည်)ဩဃလေးပါးဟူသော ရေအယဉ်ကို တွန်းလှန်ပယ်ဖျောက် ကူးမြောက်ပြီးလျှင် နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်ပြီးဖြစ်ရကား (ငါ့အား) ဖောင်ဖြင့် အကျိုးမရှိတော့ပေ၊ (ကိလေသာဟူသော)မိုးနတ်မင်း သင်သည် ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၄)

၂၂။ (နွားကျောင်းသားဓနိယက ဤသို့ဆို၏)—

(ငါ၏ အိမ်ရှင်မ)ဂေါပီသည် လင့်အလိုသို့ လိုက်တတ်၏၊လော်လည်မှု မရှိ၊ကာလရှည်စွာက ပေါင်းသင်းခဲ့သော မယားဖြစ်ခဲ့၏၊ ငါ့ကို မြတ်နိုး၏၊ ထိုမယား၏ အပြစ်တစုံတရာကိုမျှ ငါမကြားစဘူး၊ မိုးနတ်မင်း သင်သည် ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၅)

၂၃။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

ငါ၏စိတ်သည် (ငါ့)အလိုသို့ လိုက်၏၊ ကိလေသာအနှောင်အဖွဲ့မှ လွတ်၏၊ကာလရှည်ကြာ စွာ ထက်ဝန်းကျင် ပွါးစေအပ်ပြီးသည်ဖြစ်၍ ကောင်းစွာ ယဉ်ကျေးပြီးဖြစ်ရကား ငါ့အား မကောင်းမှု မရှိတော့ချေ၊(ကိလေသာဟူသော)မိုးနတ်မင်း သင်သည် ရွာသွန်းလိုမူ ရွာသွန်း လိုက်ပါလော့။ (၆)

၂၄။ (နွားကျောင်းသား ဓနိယက ဤသို့ဆို၏)—

ငါသည် ကိုယ်ပိုင် အလုပ်ဖြင့်သာ အသက်မွေးမှု၏၊ ငါ၏သားသမီးတို့သည်လည်း ငါနှင့် အတူတကွ နေထိုင်ကြကုန်၏၊ အနာရောဂါမရှိကြကုန်၊ ထိုသားသမီးတို့၏ အပြစ်တစုံတရာ ကိုမျှ ငါမကြားစဘူး၊ (မိုးနတ်မင်း)အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၇)

၂၅။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

ငါသည် တစုံတယောက်သောသူ၏ အခစားမဟုတ်၊ လောကအားလုံး၌ သဗ္ဗညုတဉာဏ် လောကုတ္တရာ သမာဓိချမ်းသာဖြင့် လှည့်လည်နိုင်သူဖြစ်၍ အဘိုးအခဖြင့် ငါ့အား အကျိုး မရှိတော့ပေ၊ (ကိလေသာဟူသော) မိုးနတ်မင်း အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလိုက် ပါလော့။ (၈)

၂၆။ (နွားကျောင်းသား ဓနိယက ဤသို့ဆို၏)—

ဤအရပ်၌ ငါ့အား မသင်းမကွပ်ရသေးသော နွားပေါက်တို့လည်း ရှိကုန်၏၊ နို့စို့နွားငယ် တို့လည်း ရှိကုန်၏၊ ကိုယ်ဝန်ဆောင် နွားမတို့လည်း ရှိကုန်၏၊ အရွယ်ရောက် နွားမတို့ လည်း ရှိကုန်၏၊ နွားတို့၏ အကြီးဖြစ်သော နွားလား (ဥသဘ) လည်းရှိ၏၊ မိုးနတ်မင်း အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၉)

http://www.dhammadownload.com



၂၇။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

ဤသာသနာတော်၌ ငါဘုရားအား မသင်းမကုပ်ရသေးသော နွားပေါက် (ပရိယုဋ္ဌာန ကိလေသာ)တို့သည်လည်း မရှိကုန်၊ နို့စို့နွားငယ်(အနုသယကိလေသာ)တို့သည်လည်း မရှိကုန်၊ ကိုယ်ဝန်ဆောင်နွားမ (ပုညာဘိသင်္ခါရ) စသည်တို့သည်ရှင်း အရွယ်ရောက် နွားမ (တဏှာ) တို့သည်ရှင်း မရှိကုန်၊ နွားတို့၏ အကြီးဖြစ်သော နွားလားဥသဘ (အဘိသင်္ခါရ ဝိညာဉ်) သည်လည်း မရှိ(ကိလေသာဟူသော)မိုးနတ်မင်း အကယ်၍ ရွာသွန်းလိုမူ ရွာသွန်း လိုက်ပါလော့။ (၁၀)

၂၈။ (နွားကျောင်းသားဓနိယက ဤသို့ ဆို၏)—

နွားချည်တိုင်တို့ကို မတုန်လှုပ်စေကုန်မူ၍ မြေ၌စိုက်ထားအပ်ကုန်ပြီ၊ ဖြူဆန်မြက်ဖြင့် ပြုအပ်ကုန်သော ကြိုးအသစ်တို့ကို ကောင်းစွာ ကျစ်ထားကုန်ပြီ၊ (ထိုကြိုးတို့ကို) နွားငယ်တို့ သည်လည်း ဖြတ်ခြင်းငှါ မတတ်နိုင်ကုန်၊ မိုးနတ်မင်း အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါ လော့။ (၁၁)

၂၉။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

နွားလားဥသဘသည် ကြိုးအနှောင်အဖွဲ့တို့ကို ဖြတ်၍ တည်သကဲ့သို့ ငါသည် အထက်ပိုင်း သံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်သောကြောင့်ရှင်း ဆင်ပြောင်ကြီးသည် ဆင်ထုံးမနွယ် ကြိုးကို ချိုးဖြတ်၍ တည်သကဲ့သို့ ငါသည် အောက်ပိုင်း သံယောဇဉ် အနှောင်အဖွဲ့တို့ကို ဖြတ်သောကြောင့်ရှင်း အမိဝမ်းတိုက်၌ ကိန်းနေခြင်းသို့ တဖန်ကပ်ရောက်တော့မည်မဟုတ်၊ (ကိလေသာဟူသော)မိုးနတ်မင်း အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။ (၁၂)

၃၀။ ထိုခဏ၌ပင် မိုးကြီးသည် ချိုင့်ဝှမ်းရာအရပ်ကိုရှင်း ကုန်းအရပ်ကိုရှင်း ပြည့်စေလျက် ရွာသွန်း၏၊ဓနိယသည် ရွာသွန်းသောမိုးသံကိုကြား၍ ဤအနက်သဘောကို ဆိုလေ၏။(၁၃)

၃၁။ မြတ်စွာဘုရားကို ဖူးမြော်ကြရသော ငါတို့အား များစွာသော ကျေးဇူးတို့ကို ရကြပေကုန်စွ၊ စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ မုနိတို့၏ အကြီးဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် အကျွန်ုပ်တို့၏ ဆရာဖြစ်တော်မူပါလော့။ (၁၄)

၃၂။ တပည့်တော်သည်ရှင်း အလိုသို့လိုက်တတ်သော အိမ်ရှင်မ ဂေါပီသည်ရှင်း မြတ်စွာ ဘုရားထံ၌ အကျင့်မြတ်ကို ကျင့်လိုပါကုန်၏၊ ပဋိသန္ဓေနေခြင်း သေခြင်း၏ ဟဖက်ကမ်း (နိဗ္ဗာန်)သို့ ရောက်ကြသူ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုကြသူတို့ ဖြစ်လိုပါကုန်၏၊ (ဤအနက် သဘောကို လျှောက်ဆို၏)။ (၁၅)

၃၃။ (ထိုအခါ ယုတ်မာသော မာရ်နတ်သည် ဤသို့ ဆို၏)—

သားသမီးရှိသူသည် သားသမီးတို့ဖြင့် နှစ်သက်ရ၏၊ နွားရှိသူသည် နွားတို့ဖြင့် နှစ်သက် ရ၏၊ မှန်၏—ဥပဓိတို့သည် လူကို နှစ်သက်စေကုန်၏၊ဥပဓိမရှိသူသည် မနှစ်သက်ရပေ။(၁၆)

၃၄။ (မြတ်စွာဘုရားက ဤသို့ မိန့်ဆို၏)—

သားသမီးရှိသူသည် သားသမီးတို့ဖြင့် စိုးရိမ်ရ၏၊ နွားရှိသူသည် နွားတို့ဖြင့် စိုးရိမ်ရ၏၊ မှန်၏—ဥပဓိတို့သည် လူတို့ကို စိုးရိမ်စေကုန်၏၊ ဥပဓိမရှိသူသည် မစိုးရိမ်ရ။ (၁၇)

**နှစ်ခုမြောက် ဓနိယသုတ် ပြီး၏။**

http://www.dhammadownload.com



## ၃-ခဂ္ဂဝိသာဏသုတ်

၃၅။ (ထိုအရှင်သည်)သတ္တဝါအားလုံးတို့၌ ဒဏ်မထားမူ၍ ထိုသတ္တဝါတို့တွင် တယောက် ယောက်ကိုမျှလည်း မညှဉ်းဆဲပဲ ပစ္စေကဗောဓိဉာဏ်ကို ရ၏၊ ထိုပစ္စေကဗုဒ္ဓါအသျှင်သည် သားသမီးကိုသော်လည်း အလိုမရှိပေ၊ အပေါင်းအဖော်ကိုမူကား အဘယ်မှာ အလိုရှိပါတော့ မည်နည်း၊(ထို့အတူ သူတော်ကောင်းသည်)ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁)

၃၆။ ဆရာနှော့စပ်ယှက်မှု 'သံသဂ္ဂ' ဖြစ်နေသူအား ချစ်ခင်မှု 'သ္နေဟ' ဖြစ်ရသည့်အပြင် ချစ်ခင်မှု'သ္နေဟ'သို့ အစဉ်လိုက်သော ဤဆင်းရဲအမျိုးမျိုး ဖြစ်ရ၏၊ ထို့ကြောင့် ချစ်ခင်မှု 'သ္နေဟ'ကြောင့်ဖြစ်သောအပြစ်ကို ဉာဏ်ဖြင့်ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂)

၃၇။ အဆွေခင်ပွန်းတို့ကိုငြင်း ချစ်ကျွမ်းဝင်သူတို့ကိုငြင်း အစဉ်သနားသည်ဖြစ်၍ ထိုသူတို့၌ နှစ်သက်နှောင်ဖွဲ့သောစိတ်ရှိသူသည် အကျိုးစီးပွါးအားလုံးကို ဆုတ်ယုတ်စေ၏၊ ထို့ကြောင့် ပေါင်းသင်းဆက်ဆံမှု၌ ဤအကျိုးဆုတ်ယုတ်မှုဟူသောဘေးကို ဉာဏ်ဖြင့်ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃)

၃၈။ ကျယ်ပြန့်သောဝါးရုံကြီးသည် ငြိယှက်ရှုပ်ထွေးကာ တည်သကဲ့သို့ သားသမီးတို့၌ငြင်း မယားတို့၌ငြင်း ငဲ့ကွက်မှု ချစ်ခြင်း တဏှာသည် ထိုသားသမီးစသည်တို့၌ ငြိကပ်တွယ်တာ၏၊ ထို့ကြောင့် ဝါးရုံ၏ အလယ်၌ ဒပါက်သစ်စဖြစ်သော ဝါးမျှစ်စို့သည် မငြိမတွယ်တည်သကဲ့သို့ ထို့အတူ မငြိကပ်မတွယ်တာပဲ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၄)

၃၉။ သားသမင်သည် တောအရပ်၌ အနှောင်အဖွဲ့ မရှိပဲ သွားလိုရာရာ အရပ်သို့ ကျက်စား ရန် သွားနိုင်သကဲ့သို့ ပညာရှိသော ယောကျ်ားသည်(သူတပါးနှင့်မစပ်ပဲ)မိမိအလိုဆန္ဒအတိုင်း ဖြစ်ခြင်းကို ကြည့်ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၅)

၄၀။ အပေါင်းအဖော်တို့၏ အလယ်၌ တည်သူအား ထိုင်နေရာ၌သော်ငြင်း ရပ်တည်ရာ၌ သော်ငြင်း သွားရာ၌သော်ငြင်း လှည့်လည်ရာ၌သော်ငြင်း (သူတပါးတို့) အတောင်းခံရ၏၊ (ထို့ကြောင့်) သူတပါးတို့ မမက်မောအပ်သော မိမိအလိုဆန္ဒအတိုင်း ဖြစ်ခြင်းကို ကြည့်ရှု ဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၆)

၄၁။အပေါင်းအဖော်အလယ်၌တည်သူအား ကစားမြူးထူးခြင်းနှင့် (ကာမဂုဏ်) ခံမွေပျော် ခြင်းသည် ဖြစ်၏၊ သားသမီးတို့၌လည်း ကျယ်ပြန့်များပြားသော ချစ်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် ချစ်သူတို့နှင့် ကွေကွင်းခြင်းကို စက်ဆုပ်သည်ဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၇)

၄၂။ ဆိုးကောင်း ယုတ်မြတ် ရတတ်သမျှသော ပစ္စည်းဖြင့် နှစ်သိမ့်ရောင့်ရဲကာ အရပ် လေးမျက်နှာတို့၌မေတ္တာဘာဝနာဖြင့် ပြန့်နှံ့စေလျက် ချမ်းသာစွာနေရသူ သတ္တဝါတို့၌ ထိပါး မှု မရှိသူဖြစ်သည့်အပြင် အတွင်းအပဘေးရန်ကိုကို သည်းခံနိုင်သူ ထိတ်လန့်ကြောက်ရွံ့ ခြင်း မရှိသူဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၈)

http://www.dhammadownload.com



၄၃။ အချို့သော ရဟန်းတို့ကိုရင်း အချို့သော အိမ်နေသူလူတို့ကိုရင်း ချီးမြှောက်ရန် ခဲယဉ်းလှကုန်၏၊ ဤသို့ သိသောကြောင့် သူတပါး သားသမီးတို့၌ ကြောင့်ကြမဲ့ ဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၉)

၄၄။ လှံ့လ ဝီရိယရှိသူသည် လူ၏အသွင်အပြင်တို့ကို ပယ်ချ၍ အရွက်ကြွေကျပြီးသော ပင်လယ်ကသစ်ပင်ကဲ့သို့ လူ၌ဖြစ်သော အနှောင်အဖွဲ့တို့ကို ဖြတ်တောက်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၀)

၄၅။ ရင့်ကျက်သည့် ပညာရှိသော ကောင်းစွာနေလေ့ရှိသော ဝီရိယမလျော့သော အတူ တကွ ကျင့်ဘက်မိတ်ဆွေကောင်းကို ရနိုင်ခဲ့မူ ထိုမိတ်ဆွေကောင်းနှင့် ဝမ်းမြောက်ဝမ်းသာ သတိရှိသည်ဖြစ်၍ အတွင်းအပဘေးရန် အားလုံးတို့ကို လွှမ်းမိုးလျက် ကျင့်ရာ၏။ (၁၁)

၄၆။ ရင့်ကျက်သော ပညာရှိသော ကောင်းစွာနေလေ့ရှိသော ဝီရိယမလျော့သော အတူ တကွ ကျင့်ဘက်မိတ်ဆွေကောင်းကို မရခဲ့မူ မင်းသည် မိမိအောင်နိုင်ပြီးသော တိုင်းနိုင်ငံကို ပယ်စွန့်ကာ တယောက်တည်း ကျင့်သကဲ့သို့ရင်း တော၌ မာတင်္ဂမည်သော ဆင်ပြောင် ကြီးသည် တကောင်တည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်း ကျင့်ရာ၏။ (၁၂)

၄၇။ အပေါင်းအဖော်တို့နှင့် ပြည့်စုံခြင်းကို အမှန်ပင် ငါတို့ ချီးမွမ်းပါကုန်၏၊ သီလစသည် တို့ဖြင့် မိမိထက်မြတ်သောအပေါင်းအဖော်တို့ကိုရင်း မိမိနှင့်တူသောအပေါင်းအဖော်တို့ကို ရင်း မှီဝဲပေါင်းသင်းထိုက်ကုန်၏၊ ဤသို့သော အပေါင်းအဖော်တို့ကို မရခဲ့သော် အပြစ်ကင်း သော ဘောဇဉ်ကို သုံးဆောင်မှီဝဲလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၃)

၄၈။ ရွှေပန်းထိမ်သည်သားသည် ကောင်းစွာပြုလုပ်ပြီးကုန်သော လက်၌နှစ်ဆင့်ဝတ်ထား သော ရွှေရောင်တလက်လက် ထွက်သော ရွှေလက်ကောက်တို့ အချင်းချင်း ထိခိုက်ကြသည် တို့ကို မြင်ရ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၄)

၄၉။ အဖော်နှင့်တကွ ဤသို့ စကားပြောရခြင်းသည်ရင်း အလွန်ကပ်ငြိစွဲလမ်းခြင်းသည် ရင်း ငါ့အား ဖြစ်ခဲ့ရာ၏၊ နောင်အခါဖြစ်မည့် ဤသို့သောဘေးကို ရှုဆင်ခြင်လျက် ကြံ့ချို ပမာ တယောက်တည်း ကျင့်ရာ၏။ (၁၅)

၅၀။ ဆန်းကြယ်ကုန် သာယာဖွယ်ဖြစ်ကုန်သော စိတ်ပျော်မွေ့ဖွယ် ဖြစ်ကုန်သော ကာမ ဂုဏ်တို့သည် ဖောက်ပြန်သော သဘောအားဖြင့် စိတ်ကို မွေ့နှောက်ချော့ချော့တတ်ကုန်၏ ဟု ကာမဂုဏ်တို့၌ အပြစ်ကို ရှုမြင်ပြီး၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၆)

၅၁။ ဤကာမဂုဏ်သည် ဘေးရန်လည်း မည်၏၊ အိုင်းအမာလည်း မည်၏၊ ကပ်၍ပြိပ်စက် တတ်သော ဥပဒ္ဒဝေါလည်း မည်၏၊ အနာရောဂါလည်း မည်၏၊ ငြောင့်တံသင်းလည်းမည်၏၊ ဘေးလည်း မည်၏ဟု ကာမဂုဏ်တို့၌ ဤသို့သောဘေးကို ရှုမြင်ပြီး၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၇)

၅၂။ အအေးကိုရင်း အပူကိုရင်း ဆာလောင်ခြင်းကိုရင်း မွတ်သိပ်ခြင်းကိုရင်း လေ နေပူ ကိုရင်း ခြင် မှက် မြွေ ကင်း သန်းတို့ကိုရင်း ဤအလုံးစုံတို့ကို [illegible]းနှိမ်နင်း၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၈)

http://www.dhammadownload.com



၅၃။ ကောင်းသော လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာရှိသော ပဒုမာကြာ အဆင်းရှိ၍ မြင့်မြတ်သော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းတို့ကို ရှောင်ဖယ်စွန့်ခွါလျက် တော၌ မွေ့လျော်သရွေ့ နေသကဲ့သို့ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၁၉)

၅၄။ အပေါင်းအဖော်၌ မွေ့လျော်သူအား (ဝင်စားဆဲ၌) ကိလေသာမှ လွတ်မြောက်မှု လောကီသမာပတ်ကို ရနိုင်ရာ၏ဟူသော အကြောင်းမျိုးသည် အကြောင်းမှန်မဟုတ်နိုင်၊ ဤသို့လျှင် နေမင်း၏အဆွေဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါ၏ စကားတော်ကို (ဉာဏ်ဖြင့်) ဆင်ခြင်၍ (အပေါင်းအဖော်၌) မွေ့လျော်မှုကိုပယ်ဖျောက်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၀)

၅၅။ (ငါသည်)မိစ္ဆာအယူဟူသော ကြောင့်တံသင်းတို့ကို လွန်၍ဖြစ်ပြီးလျှင် သောတာပတ္တိမဂ်သို့ရောက်ပြီးသူ အထက်မဂ်သုံးပါးကို ရပြီးသူဖြစ်၍ သူတပါးတို့ သိစေအပ်သည် မဟုတ်ပဲ ဖြစ်ပေါ်လာသော ပစ္စေကဗောဓိဉာဏ်ရှိသူဖြစ်၏၊ (ထို့ကြောင့် ဗောဓိဉာဏ်ကို) အလိုရှိသူသည် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၁)

၅၆။ အာဟာရ၌ လော်လည်ခြင်းကင်းသူ အံ့ဩဖွယ်ပြုခြင်းမှကင်းသူ မွတ်သိပ်ခြင်းမှ ကင်းသူ သူ့ကျေးဇူးကို ချေဖျက်ခြင်းမှ ကင်းသူ တွေဝေမှု ဖန်ရည်ကို ထုတ်နုတ်အပ်ပြီးသူ လောကအားလုံး၌ တွယ်တာမှု 'တဏှာ'ကင်းသူဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၂)

၅၇။ အကျိုးမဲ့ကို ပြတတ်သော ကာယဒုစရိုက်စသည့် မညီမညွတ်ရာ၌ သက်ဝင်တတ်သော ကာမ၌ လိုက်စားသော ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့တတ်သော ယုတ်ညံ့သော အပေါင်းအဖော်ကို ရှောင်ရာ၏၊ မိမိအလိုအားဖြင့် မမှီဝဲရာ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၃)

၅၈။ အကြားအမြင်များ၍ တရားကိုဆောင်သူ မြင့်မြတ်ပြန့်ပြော၍ ပဋိဘာန်ဉာဏ်အမြင် ရှိသူ မိတ်ဆွေကို မှီဝဲဆည်းကပ်ရာ၏၊ အကျိုးစီးပွါးတို့ကို သိ၍ ယုံမှားခြင်းကို ပယ်ဖျောက်ပြီးလျှင် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၄)

၅၉။ လောက၌ မြူးထူးခြင်းကိုရင်း မွေ့လျော်ခြင်းကိုရင်း ကာမချမ်းသာကိုရင်း တင့်တယ် လျောက်ပတ်၏ဟု မယူမူ၍ ငဲ့ကွက်ခြင်း မရှိပဲ အတင့်အတယ်ပြုခြင်းမှ ရှောင်ကြဉ်က၁ အမှန်စကားကို ပြောဆိုလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၅)

၆၀။ သားသမီးကိုရင်း မယားကိုရင်း အဖကိုရင်း အမိကိုရင်း ဥစ္စာတို့ကိုရင်း ကောက်ပဲ သီးနှံတို့ကိုရင်း မိတ်ဆွေ အပေါင်းအဖော်တို့ကိုရင်း မိမိ မိမိတို့၏ အပိုင်းအခြား အလိုက်တည်ကုန်သော ကာမဂုဏ်တို့ကိုရင်း စွန့်ပစ်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၆)

၆၁။ ဤကာမဂုဏ်သည် သတ္တဝါတို့ ငြိတွယ်ရာဖြစ်၏၊ ဤကာမဂုဏ်၌ ချမ်းသာခြင်းသည် နည်းပါး၏၊ ဤကာမဂုဏ်၌ သာယာဖွယ်မရှိ၊ ဆင်းရဲများ၏၊ ဤကာမဂုဏ်သည် ငါးမျှားချိတ် နှင့် တူ၏ဟု သိ၍ ပညာရှိသောသူသည် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၇)

http://www.dhammadownload.com



၆၂။ ရေ၌ ကျက်စားသော ငါးသည် ပိုက်ကွန်ကို ဖြတ်တောက်၍ မကပ်မငြိသွားသကဲ့သို့ သံယောဇဉ်အနှောင်အဖွဲ့တို့ကို အကြွင်းမဲ့ဖြတ်တောက်ပြီးလျှင် မီးသည် လောင်ကျွမ်းပြီးရာ အရပ်သို့ ပြန်လှည့်မလာသကဲ့သို့ (ကာမဂုဏ်တောသို့ ပြန်မလှည့်မူ၍) ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၈)

၆၃။ အောက်သို့ မျက်လွှာချသည်ဖြစ်၍ ခြေထောက်မလျှပ်ပေါ်ပဲ စောင့်ရှောက်သော ဣန္ဒြေ စောင့်စည်းသောစိတ်ရှိသဖြင့် ကိလေသာမိုးလည်း မစိုစွတ် ကိလေသာမီးလည်း မလောင်မြိုက်မူ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၂၉)

၆၄။ လူ့အသွင်အပြင်တို့ကိုပယ်စွန့်၍ အိမ်မှထွက်ပြီးလျှင် ကောင်းစွာ ဖုံးလွှမ်းထားသော အရွက်ရှိသော ပင်လယ်ကသစ်ပင်ကဲ့သို့ ဖန်ရည်ဆိုး အဝတ်သင်္ကန်းတို့ကို ဝတ်ရုံဖုံးလွှမ်းလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၀)

၆၅။ ရသာရုံတို့၌လည်း တပ်မက်မောခြင်းကို မပြု မလျှပ်ပေါ်သော တဏှာလည်းမရှိ သူတပါးတို့ မွေးမြူမှုကိုလည်း မခံယူပဲ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လျက် အမျိုးတိုင်း အမျိုးတိုင်း၌ ကပ်ငြိနှောင်ဖွဲ့သော စိတ်မရှိမူ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၁)

၆၆။ စိတ်၏အပိတ်အပင် နီဝရဏငါးပါးတို့ကို ပယ်၍ အလုံးစုံသော ညစ်ညူးကြောင်းတို့ကို နုတ်ပယ်လျက် မိစ္ဆာဒိဋ္ဌိကို မမှီပဲ ချစ်ခြင်းတဏှာဟူသော သိနေဟနှင့် အမျက်ဒေါသကို ဖြတ်တောက်ပြီးလျှင် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၂)

၆၇။ ချမ်းသာ 'သုခ'ကိုရင်း ဆင်းရဲ'ဒုက္ခ'ကိုရင်း ဝမ်းမြောက်ခြင်း 'သောမနဿ'ကိုရင်း နှလုံးမသာခြင်း 'ဒေါမနဿ'ကိုရင်း ရှေးအဘို့ (ဥပစာရ)၌ပင်လျှင် စွန့်ပစ်ပယ်ရှား ကျောခိုင်းထားလျက် အထူးသဖြင့် စင်ကြယ်၍ ငြိမ်သက်တည်ကြည်သော (စတုတ္ထစျာန်)ဥပေက္ခာကို ရပြီးလျှင် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၃)

၆၈။ နိဗ္ဗာန်ဟူသော မြတ်သော အကျိုးသို့ ရောက်ခြင်းငှါ ထက်သန်သောလုံ့လ မဆုတ်နစ်သောစိတ် မပျင်းရိသော ဖြစ်ခြင်း မြဲမြံသောဝီရိယရှိသည်ဖြစ်၍ ကိုယ်အားဉာဏ်အားနှင့် ပြည့်စုံလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၄)

၆၉။ တယောက်တည်း ကိန်းအောင်းခြင်းကိုရင်း ဈာန်ကိုရင်း မကင်းဆိတ်စေမူ၍ ခန္ဓာငါးပါးတရားတို့၌ အစဉ်တစိုက်လိုက်သော ဝိပဿနာအကျင့်ကို အမြဲကျင့်သည်ဖြစ်၍ ဘဝတို့၌ အပြစ်ကို ဆင်ခြင်သုံးသပ်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၅)

၇၀။ တဏှာကုန်ရာ နိဗ္ဗာန်ကို တောင့်တလျက် မမေ့မလျော့ မထိုင်းမအပဲ အကြားအမြင် 'သုတ' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ ပိုင်းခြားသိအပ်ပြီးသော တရားရှိသူ အရိယာမဂ်ဖြင့် မြဲခြင်းသို့ရောက်ပြီးသူ သမ္မပ္ပဓာန်လုံ့လရှိသူဖြစ်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၆)

၇၁။ ခြင်္သေ့သည် အသံတို့ကြောင့် မထိတ်လန့်သကဲ့သို့ အနိဋ္ဌစသည်တို့ကြောင့် မထိတ်လန့်ပဲ လေသည် ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့ ခန္ဓာစသည်တို့၌ မကပ်ငြိပဲ ပဒုမာကြာ

http://www.dhammadownload.com



သည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ကိလေသာဖြင့် မလိမ်းကျံပဲ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၇)

၇၂။ အစွယ်ဟူသောအားရှိသော ခြင်္သေ့မင်းသည် သားကောင်တို့ကို နှိပ်စက်လွှမ်းမိုး၍ လှည့်လည်သွားလာသကဲ့သို့ ဝေးသောကျောင်းအိပ်ရာနေရာတို့ကို မှီဝဲလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၈)

၇၃။ တရံတခါ ဆန့်ကျင်ဖက်တို့မှ လွတ်မြောက်သော ချစ်ခြင်း 'မေတ္တာ' ကိုရင်း လျစ်လျူရှုမှု 'ဥပေက္ခာ' ကိုရင်း သနားမှု 'ကရုဏာ' ကိုရင်း ဝမ်းမြောက်မှု 'မုဒိတာ' ကိုရင်း မှီဝဲလျက် အလုံးစုံသော လောကနှင့် မဆန့်ကျင်မူ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၃၉)

၇၄။ တပ်စွန်းမှု 'ရာဂ' ကိုရင်း အမျက်ထွက်မှု 'ဒေါသ' ကိုရင်း တွေဝေမှု 'မောဟ' ကိုရင်း ပယ်စွန့်လျက် သံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ကာ အသက်ကုန်ဆုံးခြင်း၌ ထိတ်လန့်မှုမရှိသည်ဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၄၀)

၇၅။ ယခုအခါ အဆွေခင်ပွန်းတို့သည် ကိုယ်ကျိုး ကိုယ်စီးပွါးဟူသော အကြောင်း ကြောင့်သာလျှင် ဆည်းကပ်ကြကုန်၏၊ မှီဝဲကြကုန်၏၊ ကိုယ်ကျိုးကိုယ်စီးပွါးဟူသော အကြောင်းမရှိကုန်ပဲ ဆည်းကပ်မှီဝဲသူ အဆွေခင်ပွန်းတို့ကို ရခဲကုန်၏၊ မစင်ကြယ်သော လူတို့သည် ကိုယ်ကျိုးကိုယ်စီးပွါးကိုသာ မြင်စွမ်းနိုင်သည့် ပညာရှိကုန်၏၊ (ထိုသို့သဘော ရှိသော သူတို့မှ ငြီးငွေ့သည်ဖြစ်၍) ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။ (၄၁)

သုံးခုမြောက် ခဂ္ဂဝိသာဏသုတ် ပြီး၏။

---

## ၄-ကသိဘာရဒွါဇသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ် ဧကနာဠမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ကသိဘာရဒွါဇမည်သော ပုဏ္ဏားသည် စိုက်ပျိုးချိန်အခါဝယ် ငါးရာမျှသော ထွန်တုံးတို့ကို (နွားတို့၌) တပ်ထား အပ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကသိဘာရဒွါဇပုဏ္ဏား၏ အမှုလုပ်ရာ အရပ်သို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ကသိဘာရဒွါဇပုဏ္ဏား၏ ထမင်းကျွေးမွေးနေသောအခါဖြစ်၏၊ ထို့နောက် မြတ်စွာဘုရားသည် ထမင်းကျွေးမွေးရာ အရပ်သို့ ချဉ်းကပ်တော်မူ၍ တခုသောအရပ်၌ ရပ်တော်မူ၏။

ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရား ဆွမ်းအလို့ငှါ ရပ်သည်ကို မြင်၍ မြတ်စွာဘုရားအား "ရဟန်း ငါသည် ထွန်လည်းထွန်၏၊ စိုက်ပျိုးလည်းစိုက်ပျိုး၏၊ ထွန်ပြီး၍ရင်း စိုက်ပျိုးပြီး၍ရင်း စား၏၊ ရဟန်း သင်သည်လည်း ထွန်လည်းထွန်လော့၊ စိုက်ပျိုးလည်း စိုက်ပျိုးလော့၊ ထွန်ပြီး၍ရင်း စိုက်ပျိုးပြီး၍ရင်း စားပါလော့" ဟု လျှောက်၏။

ပုဏ္ဏား ငါဘုရားသည်လည်း ထွန်လည်းထွန်၏၊ စိုက်ပျိုးလည်း စိုက်ပျိုး၏၊ ထွန်ပြီး၍ရင်း စိုက်ပျိုးပြီး၍ရင်း စား၏ဟု (မိန့်တော်မူ၏)၊ "ငါတို့သည် အသျှင်ဂေါတမ၏ ထမ်းပိုးကိုရင်း ထွန်တုံး ကိုရင်း ထွန်သွားကိုရင်း နှင်တံကိုရင်း ခိုင်းနွားတို့ကိုရင်း မမြင်ကြရပါကုန်၊ ထိုသို့ မမြင်ကြပါပဲလျက် အသျှင်ဂေါတမသည် 'ပုဏ္ဏား ငါသည်လည်း ထွန်လည်းထွန်၏၊ စိုက်ပျိုးလည်း စိုက်ပျိုး၏၊ ထွန်ပြီး၍

http://www.dhammadownload.com



ငင်း စိုက်ပျိုးပြီး၍ငင်း စား၏’ဟု ဆိုဘိ၏”ဟု ဆိုပြီးနောက် ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

၇၆။ သင်သည် လယ်ထွန်ယောက်ျား (လယ်သမား)ဟူ၍ ဝန်ခံဘိ၏၊ သင်၏ လယ်ထွန်မှုကို ငါတို့မမြင်ရ၊ သင်၏ လယ်ထွန်မှုကို ငါတို့သိနိုင်လောက်သောနည်းဖြင့် သင်ဖြေဆိုပါလော့(ဟု မေးလျှောက်၏)။ (၁)

၇၇။ ငါ၏သဒ္ဓါတရားသည် မျိုးစေ့မည်၏၊ ငါ၏ဣန္ဒြေကိုစောင့်စည်းမှုသည် မိုးရွာခြင်းမည်၏၊ ငါ၏ပညာသည် ထမ်းပိုးနှင့် ထွန်တုံးမည်၏၊ ငါ၏(မကောင်းမှုမှ) ရှက်ကြောက်မှုသည် ထွန်သန်မည်၏၊ (ငါ၏)စိတ်သည် ကြိုးလွန်မည်၏၊ ငါ၏အောက်မေ့မှု ‘သတိ’သည် ထွန်သွားနှင့် နှင်တံမည်၏။ (၂)

၇၈။ သင်သည် လယ်ကို စောင့်ရှောက်သကဲ့သို့ ငါသည်လည်း ကိုယ်ကို စောင့်ရှောက်၏၊ နှုတ်ကို စောင့်ရှောက်၏၊ အာဟာရ၌ အသက်မွေးမှု စင်ကြယ်စေရန် စောင့်ရှောက်၏၊ ဝမ်း၌ အတိုင်းအရှည်ကို သိရန် စောင့်ရှောက်၏၊ မှန်သောစကားဖြင့် (ချွတ်ယွင်းသောစကားတို့ဟူသော ပေါင်းမြက်ကို)ဖြတ်တောက်ပယ်နုတ်၏၊နိဗ္ဗာန်၌ မွေ့လျော်မှု ဟူသော ငါ၏အရဟတ္တဖိုလ်သည် ပြုလုပ်ဖွယ်အားလုံးမှ လွတ်မြောက်တော့၏။ (၃)

၇၉။ ငါ၏ ဝီရိယသည် ဝန်ကို ဆောင်သောနွားမည်၏၊ အကြင်နိဗ္ဗာန်သို့ ရောက်သည်ရှိသော် မစိုးရိမ်ရ၊ ယောဂလေးပါးကုန်ရာဖြစ်သော ထိုနိဗ္ဗာန်သို့ ရှေးရှုဆောင်လျက် မဆုတ်မနစ် သွား၏။ (၄)

၈၀။ (ပုဏ္ဏား)ဤသို့သော အခြင်းအရာအားဖြင့် ဤလယ်ထွန်ခြင်းကို (ငါသည်)ထွန်အပ်ပြီ၊ (ငါ၏)ထိုလယ်ထွန်ခြင်းသည် နိဗ္ဗာန်ဟူသော အသီးအနှံရှိ၏၊ ထိုလယ်ထွန်ခြင်းကို ထွန်ပြီးသောကြောင့် ဆင်းရဲအားလုံးမှ လွတ်၏ဟု (မိန့်တော်မူ၏)။ (၅)

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် အဖိုးများစွာ ထိုက်သော ရွှေခွက်၌ နို့ဃနာကို ခူးထည့်စေ၍ မြတ်စွာဘုရားအား “အသျှင်ဂေါတမသည် နို့ဃနာကို စားတော်မူပါလော့၊ အသျှင်သည် လယ်ထွန်ယောက်ျားပါတည်း၊ မှန်၏- အသျှင်ဂေါတမသည် နိဗ္ဗာန်တည်းဟူသော အသီးအနှံအကျိုးရှိသော လယ်ထွန်ခြင်းကို ထွန်တော်မူ၏”ဟု ဆို၍ ဆက်ကပ်၏။

၈၁။ ပုဏ္ဏား ငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်တို့ကို စားခြင်းငှါမထိုက်၊ ဤဘောဇဉ်ကို စားခြင်းသဘောသည် စင်ကြယ်ခြင်းကို ရှုမြင်ကုန်သော ဘုရားရှင်တို့၏ သဘောမဟုတ်၊ မြတ်စွာဘုရားတို့သည် ဂါထာသီဆို၍ ရအပ်သော ဘောဇဉ်ကို ပယ်တော်မူကုန်၏၊ ပုဏ္ဏား အသက်မွေးခြင်းစင်ကြယ်မှုသဘောရှိလတ်သော် ဤတရားသဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း။ (၆)

၈၂။ ပုဏ္ဏား နို့ဃနာမှတပါးသော ဆွမ်းဖြင့်ငင်း အဖျော်ဖြင့်ငင်း အလုံးစုံသောဂုဏ်နှင့် ပြည့်စုံ၍ မြတ်သောသီလစသော ကျေးဇူးအပေါင်းကို ရှာလေ့ရှိသော ကုက္ကုစ္စငြိမ်းအေးပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်ကို လုပ်ကျွေးလော့၊ ထိုကောင်းမှုသည် ကောင်းမှုကို အလိုရှိသောသူ၏ လယ်ယာဖြစ်၏ဟု (ဟောတော်မူ၏)။ (၇)

http://www.dhammadownload.com



အသျှင်ဂေါတမ သို့ဖြစ်လျှင် တပည့်တော်သည် ဤနို့ဃနာကို အဘယ်သူအား လှူရအံ့နည်းဟု (လျှောက်၏)။ ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ မြတ်စွာဘုရားကိုရင်း မြတ်စွာဘုရားတပည့်သားကိုရင်း ထား၍ စားအပ်ပြီးသော ထိုနို့ဃနာကို ကောင်းစွာကြေကျက်ခြင်းသို့ ရောက်စေနိုင်မည့်သူကို ငါဘုရား မြင်တော်မမူ၊ ပုဏ္ဏား ထို့ကြောင့် သင်သည် ထိုနို့ဃနာကို စိမ်းသောမြက်မရှိရာ၌သော်လည်း စွန့်လော့၊ ပိုးမရှိသော ရေ၌သော်လည်း မျှောလော့ဟု (မိန့်တော်မူ၏)။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် ထိုနို့ဃနာကို ပိုးမရှိသောရေ၌ မျှော၏၊ ထိုအခါ ရေ၌ပစ်ချအပ်သော နို့ဃနာသည် တရှဲရှဲမြည်၏၊ တမှဲ့ရှဲ့အသံပြု၏၊ ထက်ဝန်းကျင်မှ အခိုးထွက်၏၊ ထက်ဝန်းကျင်မှ များစွာအခိုးထွက်၏၊ တနေ့ပတ်လုံး မီးဖုတ်အပ်သော ထယ်သွားကို ရေ၌ ပစ်ချအပ်သည်ရှိသော် တရှဲရှဲမြည်သကဲ့သို့ တရှဲရှဲအသံကို ပြုသကဲ့သို့ ထက်ဝန်းကျင်မှ အခိုးထွက်သကဲ့သို့ ထက်ဝန်းကျင်မှ အခိုးများစွာထွက်သကဲ့သို့ ဤအတူပင် ရေ၌ထည့်အပ်သော ထိုနို့ဃနာသည် တရှဲရှဲမြည်၏၊ တရှဲရှဲမြည်သောအသံကိုပြု၏၊ ထက်ဝန်းကျင်မှ အခိုးထွက်၏၊ ထက်ဝန်းကျင်မှ အခိုးများစွာထွက်၏။

ထို့နောက် ကသိဘာရဒွါဇပုဏ္ဏားသည် ထိတ်လန့်သည် ကြက်သီးမွေးညှင်းထသည် ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်၍ မြတ်စွာဘုရားအား "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် အသျှင်ဂေါတမအထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု (လျှောက်၏)။

ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရား၏အထံ၌ ရှင်အဖြစ်ကိုရ၏၊ ရဟန်းအဖြစ်ကိုရ၏၊ ရဟန်းဖြစ်၍ မကြာမီ အသျှင်ဘာရဒွါဇသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့စိတ်ကိုစေလွှတ်လျက် နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ကောင်းစွာဝင်သော အမျိုးသားတို့ လိုလားအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို မကြာမီ ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီ"ဟု သိ၏၊ အသျှင်ဘာရဒွါဇသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်လေသတည်း။

လေးခုမြောက် ကသိဘာရဒွါဇသုတ် ပြီး၏။

http://www.dhammadownload.com



## ၅-စုန္ဒသုတ်

၈၃။ (ရွှေပန်းထိမ်သည်သား စုန္ဒသည် ဤသို့လျှောက်၏)—

အသျှင်ဘုရား ပြန့်ပြောသော ပညာရှိသော တရား၏ အရှင်ဖြစ်တော်မူသော တဏှာကင်းတော်မူသော အခြေနှစ်ချောင်းရှိပုဂ္ဂိုလ်တို့ထက် မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော ဆုံးမတတ်သူတို့ထက် မြတ်တော်မူသော သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်မေးလျှောက်လိုပါ၏—လောက၌ ရဟန်းတို့သည် (အမျိုးအစားအားဖြင့်) အဘယ်မျှရှိပါကုန်သနည်း၊ တောင်းပန်ပါ၏၊ ထိုအကြောင်းကို အသျှင်ဘုရား ဟောတော်မူပါ။ (၁)

၈၄။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

စုန္ဒ (လောက၌) ရဟန်းတို့သည် အမျိုးအစားအားဖြင့် လေးမျိုး ရှိကုန်၏၊ ငါးယောက်မြောက် အမျိုးအစားမရှိ၊ မျက်မှောက်မေးအပ်သည်ဖြစ်၍ ထိုရဟန်းလေးမျိုးတို့ကို သင့်အား ထင်ရှားပြုအံ့၊ မဂ်ခရီးဖြင့် အောင်ပြီးသောရဟန်းရင်း မဂ်ခရီးကို ညွှန်ပြတတ်သော ရဟန်းရင်း မဂ်ခရီး၌ အသက်ရှင်နေသောရဟန်းရင်း မဂ်ခရီးကို ဖျက်ဆီးတတ်သောရဟန်းရင်း (ဤလေးမျိုးတို့တည်း)။ (၂)

၈၅။ (ရွှေပန်းထိမ်သည်သား စုန္ဒသည် ဤသို့ လျှောက်ထားပြန်၏)—

အဘယ်သူကို မဂ်ခရီးဖြင့် အောင်ပြီးသော ရဟန်းဟူ၍ ဘုရားရှင်တို့ ဆိုပါကုန်သနည်း၊ အတုမရှိသော ရဟန်းသည် အဘယ်သို့သော အပြားအားဖြင့် မဂ်ခရီးကို ညွှန်ပြတတ်သူဖြစ်ပါသနည်း၊ အကျွန်ုပ်မေးအပ်သော အသျှင်ဘုရားသည် မဂ်ခရီး၌ အသက်ရှင်နေသော ရဟန်းကို ဟောတော်မူပါ၊ ထို့ပြင် မဂ်ခရီးကို ဖျက်ဆီးတတ်သော ရဟန်းကို အကျွန်ုပ်အား ထင်ရှားပြတော်မူပါ။ (၃)

၈၆။ အကြင်သူသည် သို့လော သို့လော တွေးတောယုံမှားခြင်းကို ကူးမြောက်ပြီးဖြစ်၏၊ ရာဂစသော ငြောင့်တံသင်းမှ ကင်းပြီးသူဖြစ်၏၊ နိဗ္ဗာန်၌ အလွန်မွေ့လျော်၏၊ တစုံတခုကိုမျှ တဏှာအားဖြင့် မမက်မော၊ နတ်နှင့်တကွသော လောကကို ဆောင်တတ်၏၊ ထိုသို့သော ရဟန်းကို မဂ်ခရီးဖြင့် အောင်ပြီးသော ရဟန်းဟူ၍ ဘုရားရှင်တို့ ဆိုကုန်၏။ (၄)

၈၇။ ဤသာသနာတော်၌ အကြင်သူသည် နိဗ္ဗာန်ကို မြတ်၏ဟု ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိပြီး၍ မိမိသိပြီးသော နိဗ္ဗာန်တရားကို သူတပါးတို့အား ဟောကြားတတ်၏၊ ဝေဖန်တတ်၏၊ ယုံမှားခြင်းကိုဖြတ်တတ်သော တဏှာကင်းသော ထိုရဟန်းကို ရဟန်းတို့တွင် မဂ်ခရီးကို ညွှန်ပြတတ်သော ဒုတိယအမျိုးအစား ရဟန်းဟူ၍ ဆိုကုန်၏။ (၅)

၈၈။ အကြင်သူသည် သီလစောင့်စည်းမှုဖြင့် ကောင်းစွာ စောင့်စည်းလျက် သတိရှိကာ အပြစ်မရှိသော ဗောဓိပက္ခိယတရားစုတို့ကို ဘာဝနာသေဝနအားဖြင့် မှီဝဲသည်ဖြစ်၍ နိဗ္ဗာန်တရား၏ အကြောင်း ကောင်းစွာဟောထားသော မဂ်ခရီး၌ အသက်ရှင်နေ၏၊ ထိုသူကို ရဟန်းတို့တွင် မဂ်ခရီး၌ အသက်ရှင်နေသော တတိယအမျိုးအစား ရဟန်းဟူ၍ ဆိုကုန်၏။ (၆)

၈၉။ **အကြင်သူသည် ကောင်းသောအကျင့်ရှိသူတို့၏ အဝတ်ကိုဝတ်၍ (ရဟန်းတို့၏ အတွင်းသို့)ဝင်၏၊ ဒါယကာတို့၏ ကြည်ညိုမှုကို ဖျက်ဆီးတတ်၏၊ ကိုယ် နှုတ် နှလုံး ကြမ်းတမ်း**

http://www.dhammadownload.com



၏၊ လှည့်ပတ်တတ်၏၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်း၊ ဖွဲ့အဖျင်းနှင့်တူ၏၊ ရဟန်းအတု အယောင် အသွင်အပြင်ဖြင့် လှည့်လည်သွားလာ၏၊ ထိုသူကို မဂ်ခရီးကို ဖျက်ဆီးတတ်သော ရဟန်းဟူ၍ သိအပ်၏။ (၇)

၉၀။ အိမ်ယာထောင်သူ လူပုဂ္ဂိုလ်ဖြစ်၍ အကြားအမြင်ရှိသော ပညာရှိသော အကြင် အရိယာတပည့်သည် ဤရဟန်းလေးမျိုးတို့ကိုလည်း ထိုးထွင်း၍ သိ၏၊ ရဟန်းအားလုံးတို့သည် ထိုသို့ (ပါပရဟန်းနှင့်) တူသော သဘောမရှိကုန်၊ ဤသို့ သိရ၍ ထိုပညာရှိ၏ ယုံကြည်မှု 'သဒ္ဓါ' သည် ဤမကောင်းသူကို မြင်သောကြောင့် မယုတ်လျော့ပေ၊ မှန်၏။ အကြားအမြင် ရှိသော အရိယာသာဝကသည် မဂ်ခရီးကို မဖျက်ဆီးသော တမျိုးတစားသောရဟန်းကို မဂ်ခရီးကို ဖျက်ဆီးသော တမျိုးတစားသောရဟန်းနှင့် တူသည်ကို အဘယ့်ကြောင့် ပြုရာ အံ့နည်း၊ စင်ကြယ်သောရဟန်းကို မစင်ကြယ်သောရဟန်းနှင့် တူသည်ကို အဘယ့်ကြောင့် ပြုရာအံ့နည်းဟု (မိန့်တော်မူ၏)။ (၈)

ငါးခုမြောက် စုန္ဒသုတ် ပြီး၏။

---

## ၆-ပရာဘဝသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော သန်ကောင်ယံအခါ၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကာ တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဤ ဂါထာဖြင့် လျှောက်၏ —

၉၁။ "အသျှင်ဂေါတမ ပျက်စီးဆုတ်ယုတ်နေသော ယောကျ်ားအကြောင်းကို အကျွန်ုပ် တို့ မေးလျှောက်ပါကုန်၏၊ အသျှင်ဘုရားကို မေးလျှောက်ရန် လာကြပါကုန်၏၊ ပျက်စီး ဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁)

၉၂။ ကြီးပွါးသူကိုလည်း သိရန် လွယ်ကူလှပေ၏၊ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန် လွယ်ကူလှပေ၏၊ တရားကို လိုလား တောင့်တသူသည် ကြီးပွါးရ၏၊ တရားကို မလိုလား မတောင့်တ မုန်းထားသူသည် ပျက်စီးရ၏။ (၂)

၉၃။ ထိုအကြောင်းသည် ပဌမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့သိရ ပါကုန်၏၊ မြတ်စွာဘုရား ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၃)

၉၄။ ထိုသူသည် သူတော်မဟုတ် သူယုတ်မာတို့ကို ချစ်ခင်မြတ်နိုး၏၊ သူတော်ကောင်း တို့ကို ချစ်ခင်မြတ်နိုးမှု မပြု၊သူယုတ်မာတို့၏ တရားကို နှစ်သက်မြတ်နိုး၏၊ ထိုသုံးမျိုးသည် ပျက်စီးဆုတ်ယုတကြောင်းပေတည်း။ (၄)

http://www.dhammadownload.com



၉၅။ ထိုအကြောင်းသည် ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊ မြတ်စွာဘုရား တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၅)

၉၆။ အကြင်သူသည် အိပ်စက်ငိုက်မျဉ်းလေ့ရှိ၏၊ အပေါင်းအဖော်၌ မွေ့လျော်လေ့ စကားပြောမှု၌ မွေ့လျော်လေ့ရှိ၏၊ နိုးကြားထကြွမှုမရှိ ပျင်းရိ၏၊ လျင်စွာအမျက်ထွက်လေ့ရှိ၏၊ ထိုသူ၏ ထိုအကြောင်းငါးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပေတည်း။ (၆)

၉၇။ ထိုအကြောင်းသည် တတိယဖြစ်သောပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၇)

၉၈။ အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ ရောက်ပြီးသော အမိကိုရင်း အဖကိုရင်း ကျွေးမွေးပြုစုနိုင်စွမ်းသူ ဖြစ်ပါလျက် မကျွေးမွေး မပြုစုလေ၊ ထိုသူ၏ မကျွေးမွေး မပြုစုခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၈)

၉၉။ ထိုအကြောင်းသည် စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား ပဉ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ ပဉ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၉)

၁၀၀။ အကြင်သူသည် ဗြာဟ္မဏကိုရင်း သမဏကိုရင်း ထိုမှတပါးသော ဖုန်းတောင်း ယာစကာကိုရင်း ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီးဖြစ်လျက် မုသားပြောဆိုခြင်းဖြင့် လှည့်ပတ်၏၊ ထိုသူ၏ ထိုလှည့်ပတ်ခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၀)

၁၀၁။ ထိုအကြောင်းသည် ပဉ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊ မြတ်စွာဘုရား ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၁)

၁၀၂။ အကြင်သူသည် များသော စည်းစိမ်ရှိသူ အသပြာရှိသူ စားဖွယ်နှင့် ပြည့်စုံသူ ဖြစ်ပါလျက် ကောင်းမြတ်သောဘောဇဉ်တို့ကို တယောက်တည်း စားသုံး၏၊ထိုသူ၏ စားသုံးခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၂)

၁၀၃။ ထိုအကြောင်းသည် ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၃)

၁၀၄။ အကြင်သူသည် အမျိုး 'ဇာတိ'မာန် ခက်ထန်၏၊ ဥစ္စာ 'ဓန'မာန် ခက်ထန်၏၊ အနွယ်'ဂေါတ္တ'မာန် ခက်ထန်၏၊ မိမိဆွေမျိုးကိုလည်း မထီမဲ့မြင်ပြု၏၊ ထိုသူ၏ ထိုအကြောင်း လေးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၄)

၁၀၅။ ထိုအကြောင်းသည် သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၅)

http://www.dhammadownload.com



၁၀၆။ အကြင်သူသည် မိန်းမကြူး သေသောက်ကြူး လောင်းကစားကြူးသည်ဖြစ်၍ ရတိုင်း ရတိုင်းသော ဥစ္စာကို ဖျက်ဆီး၏၊ ထိုသူ၏ ထိုအကြောင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၆)

၁၀၇။ ထိုအကြောင်းသည် အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား နဝမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ နဝမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၇)

၁၀၈။ အကြင်သူသည် မိမိမယားဖြင့် မရောင့်ရဲပဲ ပြည့်တန်ဆာမတို့၌ ပြစ်မှား၏၊သူတပါး မယားတို့၌ ပြစ်မှား၏၊ ထိုသူ၏ ထိုအကြောင်းနှစ်မျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်း တည်း။ (၁၈)

၁၀၉။ ထိုအကြောင်းသည် နဝမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား ဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ၊ ဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၉)

၁၁၀။ အရွယ်လွန်ပြီးသော ယောကျ်ားသည် တည်သီးသဖွယ် ငယ်သောသားမြတ်ရှိသော မိန်းမငယ်ကို သိမ်းမြန်းဆောင်ယူ အိမ်သူပြုလုပ်၏၊ ထိုမိန်းမငယ်အား (ယောကျ်ား တပါး အတွက်)စိတ်မချရသောကြောင့် မအိပ်နိုင်၊ ထိုမအိပ်နိုင်ခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတည်း။ (၂၀)

၁၁၁။ ထိုအကြောင်းသည် ဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏၊မြတ်စွာဘုရား ဧကာဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော် မူပါ၊ဧကာဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၂၁)

၁၁၂။ အကြင်သူသည် ငါး အမဲစသော အစားအစာတို့၌ မက်မောသောသဘောရှိသော (ဥစ္စာကို )စည်းကမ်းမဲ့ ဖရိုဖရဲပြုတတ်သော မိန်းမကိုသော်ငြား ထိုသို့သဘောရှိသော ယောကျ်ားကိုသော်ငြား အိမ်ထောင်ထိန်းအရာ၌ ထား၏၊ ထိုသူ၏ ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၂၂)

၁၁၃။ ထိုအကြောင်းသည် ဧကာဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ် တို့ သိရပါကုန်၏၊ မြတ်စွာဘုရား ဒွါဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော် မူပါ၊ ဒွါဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၂၃)

၁၁၄။ အကြင်သူသည် ဥစ္စာနည်း၍ စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှု ကြီးမား၏၊ မင်းမျိုး၌ လည်း ဖြစ်၏၊ ထိုသူသည်ကား မင်းအဖြစ်ကို တောင့်တ၏၊ထိုသူ၏ ထိုအကြောင်းသည် ပျက်စီး ဆုတ်ယုတ်ကြောင်းတည်း။ (၂၄)

၁၁၅။ လောက၌ ဖြူစင် ကောင်းမြတ်၍ ဉာဏ်အမြင်နှင့်ပြည့်စုံသော ပညာရှိသည် ဤပျက်စီးဆုတ်ယုတ်ကြောင်း နှစ်ဆယ့်လေးပါးတို့ကို ကောင်းစွာ ကြည့်ရှုဆင်ခြင်၍ ရှောင် ရှားနိုင်သောကြောင့် ချမ်းမြေ့ အေးမြသော နတ်ပြည်လောကသို့ ချဉ်းကပ်ရ၏" ဟု (မိန့်တော်မူ၏)။ (၂၅)

ခြောက်ခုမြောက် ပရာဘဝသုတ် ပြီး၏။

http://www.dhammadownload.com



## ၇-ဝသလသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ အဂ္ဂိကဘာရဒွါဇပုဏ္ဏား၏ နေအိမ်၌ (ပူဇော်ထားသော) မီးသည် တောက်ပနေ၏၊ မီးပူဇော်ရန် နို့ဃနာထောပတ်စသည်ကို စီရင်ထား၏၊ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လတ်သော် အဂ္ဂိကဘာရဒွါဇပုဏ္ဏား၏ နေအိမ်သို့ ချဉ်းကပ်တော်မူ၏။

အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရား ကြွလာသည်ကို အဝေးကပင် မြင်၍ မြတ်စွာဘုရားကို "ဦးပြည်းယုတ် ထို၌သာလျှင် ရပ်လော့၊ရဟန်းယုတ် ထို၌သာလျှင် ရပ်လော့၊ သူယုတ်မာ ထို၌သာလျှင် ရပ်လော့"ဟု ဆို၏။

ဤသို့ဆိုလတ်သော် မြတ်စွာဘုရားသည် "အဂ္ဂိကဘာရဒွါဇပုဏ္ဏား သင်သည် သူယုတ်အဖြစ်ကိုရင်း သူယုတ်အဖြစ်ကိုပြုတတ်သော တရားတို့ကိုရင်း သိ၏လော"ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အကျွန်ုပ်သည် သူယုတ်အဖြစ်ကိုရင်း သူယုတ်အဖြစ်ကိုပြုတတ်သော တရားတို့ကိုရင်း မသိပါ၊ အကျွန်ုပ်တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် သူယုတ်အဖြစ်ကိုရင်း သူယုတ်အဖြစ်ကို ပြုတတ်သော တရားတို့ကိုရင်း အကျွန်ုပ်သိနိုင်လောက်သော အခြင်းအရာအားဖြင့် အကျွန်ုပ်အား တရားဟောတော်မူပါလော့ ဟု (လျှောက်၏)။ ပုဏ္ဏား ထိုသို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဂေါတမ ကောင်းပါပြီ"ဟု အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဝန်ခံ၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

၁၁၆။ "အကြင်သူသည် အမျက်ထွက်လွယ်ရှိ၏၊ရန်ငြိုးဖွဲ့တတ်၏၊ ယုတ်မာသည်ဖြစ်၍ သူ့ကျေးဇူးကို ချေဖျက်တတ်၏၊ အယူပျက်စီးသူဖြစ်၏၊ လှည့်ပတ်တတ်၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁)

၁၁၇။ ဤလောက၌ အကြင်သူသည် တကြိမ်ဖွား ဖြစ်သောလူစသော သတ္တဝါကိုရင်း နှစ်ကြိမ်ဖွားဖြစ်သော[၁] ငှက်စသော သတ္တဝါကိုရင်း ညှဉ်းဆဲသတ်ဖြတ်၏၊ အကြင်သူအား သတ္တဝါ၌ သနားကြင်နာမှု မရှိ၊ ထိုသူနှစ်ဦးကို သူယုတ်မာဟူ၍ သိရာ၏။ (၂)

၁၁၈။ အကြင်သူသည် ရွာတို့ကိုဖြစ်စေ နိဂုံးတို့ကိုဖြစ်စေ ဖျက်ဆီးတတ်၏၊ ပိတ်ပင်တတ်၏၊ ရွာနိဂုံးတို့ကို ဖျက်ဆီးတတ်သူဟူ၍ (လောက၌) ထင်ရှား၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၃)

၁၁၉။ အကြင်သူသည် ရွာ၌သော်ရင်း တော၌သော်ရင်း သူတပါးတို့ မြတ်နိုးအပ်သော ပိုင်ရှင်မပေးသော ဝတ္ထုကို ခိုးယူလိုသော စိတ်ဖြင့် ဆောင်ယူ၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၄)

---

၁။ အမိဝမ်းမှ ဥအဖြစ် တကြိမ်ဖွား၍ ဥမှ တကြိမ်ပေါက်ဖွားရသော ငှက်စသော သတ္တဝါများကို ဒွိဇ-နှစ်ကြိမ်ဖွားဟု ခေါ်သည်၊ ကြွင်းသော အမိဝမ်းမှ တကြိမ်ပေါက်ဖွားရသော လူစသော သတ္တဝါများတို့ ကေဇ တကြိမ်ဖွားဟု ခေါ်သည်။

http://www.dhammadownload.com



၁၂၀။ အကြင်သူသည် သူ့ကြွေးမြီကို အမှန်ပင် ချေးယူပြီးလျှင် မြီရှင်တို့က တောင်းအပ်သည်ရှိသော် သင်၏ကြွေးမြီသည် ငါ့ထံ၌ မရှိဟု ပြောဆိုလျက် ထွက်ပြေး၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၅)

၁၂၁။ အကြင်သူသည် အနည်းငယ်မျှလောက်သာဖြစ်သော ဥစ္စာကို အလိုရှိသဖြင့် လမ်းခရီး၌ သွားလာနေသော လူကိုသတ်လျက် အနည်းငယ်မျှသော ဘဏ္ဍာကိုယူ၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၆)

၁၂၂။ အကြင်သူသည် မိမိကို သက်သေထား၍ မေးအပ်သည်ရှိသော် မိမိဟူသော အကြောင်းကြောင့်သော်ငှင်း သူတပါးဟူသော အကြောင်းကြောင့်သော်ငှင်း (မိမိ၏ဖြစ်စေ သူတပါး၏ဖြစ်စေ) ဥစ္စာဟူသော အကြောင်းကြောင့်သော်ငှင်း မုသားဆို၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၇)

၁၂၃။ အကြင်သူသည် ဆွေမျိုးတို့၏ မယားတို့၌သော်ငှင်း မိတ်ဆွေခင်ပွန်းတို့၏ မယားတို့၌သော်ငှင်း အနိုင်အထက်အားဖြင့်ဖြစ်စေ နှစ်ဦးသဘောတူ ချစ်သဖြင့်ဖြစ်စေ လွန်ကျူးဖြစ်မှား၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၈)

၁၂၄။ အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ရောက်ပြီးသော အမိကိုငှင်း အဖကိုငှင်း ကျွေးမွေး ပြုစုနိုင်စွမ်းသူ ဖြစ်လျက် မကျွေးမွေး မပြုစုလေ၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၉)

၁၂၅။ အကြင်သူသည် အမိကိုသော်ငှင်း အဖကိုသော်ငှင်း အစ်ကိုနှင့် ညီကိုသော်ငှင်း အစ်မ နှစ်မကိုသော်ငှင်း ယောက္ခမမိန်းမသူ ယောက္ခမယောကျ်ားသူကိုသော်ငှင်း ရိုက်နှက်ပုတ်ခတ်၏၊ ကြမ်းတမ်းသော စကားဖြင့် ညှဉ်းဆဲ၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၀)

၁၂၆။ အကြင်သူသည် အကျိုးစီးပွါးကို မေးမြန်းအပ်သည်ဖြစ်လျက် အကျိုးစီးပွါးမဲ့ကို ပြောကြားသွန်သင်၏၊ မေးမြန်းသူ မသိနိုင်လောက်အောင် လျှို့ဝှက်သောစကားဖြင့် ပြောဆိုညွှန်ကြား၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၁)

၁၂၇။ အကြင်သူသည် ယုတ်မာသော အမှုကိုပြုပြီးလျှင် ငါ့ကို သူတပါး မသိပါစေလင့်ဟု အလိုရှိ၏၊ အကြင်သူသည် မိမိပြုသော မကောင်းမှုကို ဖုံးလွှမ်း၏၊ ထိုသူနှစ်ဦးကို သူယုတ်မာဟူ၍ သိရာ၏။ (၁၂)

၁၂၈။ အကြင်သူသည် သူတပါးအိမ်သို့ သွားပြီးလျှင် မွန်မြတ်သော ဘောဇဉ်ကိုစားပြီး၍လည်း မိမိအိမ်သို့လာသော ထိုအဆွေခင်ပွန်းကို (အတုံ့အပြန်) မကျွေးမွေး၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၃)

၁၂၉။ အကြင်သူသည် ဗြာဟ္မဏကိုငှင်း သမဏကိုငှင်း ထိုမှတပါးသော ဖုန်းတောင်းယာစကာကိုငှင်း ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီးဖြစ်လျက် မုသားပြောဆိုခြင်းဖြင့် လှည့်ပတ်၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၄)

၁၃၀။ အကြင်သူသည် ထမင်းစားချိန်ရောက်လတ်သော် ဗြာဟ္မဏကိုငှင်း သမဏကိုငှင်း စကားဖြင့် ချုတ်ချယ်၏၊ ပေးကားမပေး၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၅)

http://www.dhammadownload.com



၁၃၁။ ဤလောက၌ အကြင်သူသည် မောဟဖြင့် မြေးရစ်သည်ဖြစ်၍ တစုံတခုသော ဝတ္ထုကို ရှာမှီးလာသည်ရှိသော် မသူတော်တို့ စကားကို ပြောဆို၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၆)

၁၃၂။ အကြင်သူသည် မိမိကိုယ်ကို ချီးမြှောက်ပလွှား၏၊ သူတပါးတို့ကိုမူကား ရှုတ်ချ၏၊ မိမိကိုယ်ကို ပလွှားမှု သူတပါးကို ရှုတ်ချမှုဟူသော မိမိမာနကြောင့် ဆုတ်ယုတ်၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၇)

၁၃၃။ အကြင်သူသည် ချုတ်ချယ်တတ်၏၊ သူတပါးပေးလှူသည်ကိုမူလည်း ဝန်တိုမှုရှိ၏၊ ယုတ်မာသော အလိုရှိ၏၊ ဝန်တိုစေးနှဲ၏၊ စဉ်းလဲကောက်ကျစ်၏၊ အရှက်မရှိ၊ အကြောက်မရှိ၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၈)

၁၃၄။ အကြင်သူသည် မြတ်စွာဘုရားကို သမ္ဗုဒ္ဓမဟုတ် စသည်ဖြင့် ရေရွတ်စွပ်စွဲ၏၊ ထိုမှတပါး ထိုဘုရား၏တပည့် ရဟန်းကိုသော်၎င်း ပရိဗိုဇ်ကိုသော်ကို၎င်း လူကိုသော်၎င်း ရေရွတ်စွပ်စွဲ၏၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (၁၉)

၁၃၅။ အကြင်သူသည် ရဟန္တာမဟုတ်ပဲလျက် ရဟန္တာဟု ဝန်ခံ၏၊ ဤသူသည်သာလျှင် ဗြဟ္မာနှင့်တကွသော လောက၌ အယုတ်မာဆုံးဖြစ်သော ခိုးသူကြီးပေတည်း၊ ပုဏ္ဏား ငါဘုရားသည် (ရှေး၌ အကျဉ်းအားဖြင့်) ဆိုခဲ့သော သူယုတ်တို့ကို အကျယ်အားဖြင့် ပြအပ်ကုန်ပြီ။ (၂၀)

၁၃၆။ အမျိုးဇာတ်ကြောင့် သူယုတ်မာ မဖြစ်နိုင်၊ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်၊ မိမိပြုသော အမှုကြောင့်သာ သူယုတ်မာဖြစ်ရ၏၊ မိမိပြုသောအမှုကြောင့်သာ ဗြာဟ္မဏ ဖြစ်ရ၏။ (၂၁)

၁၃၇။ (ပုဏ္ဏား)ထိုစကား၏ အဓိပ္ပါယ်ကို ဤညွှန်းပြမည့်စကားဖြင့်လည်း သိကုန်လော့၊ ဤညွှန်းပြချက် စကားကား အဘယ်နည်း၊ ခွေးသေတို့ကို ချက်၍စားတတ်သော ဒွန်းစဏ္ဍား၏သားသည် မာတင်္ဂဟူ၍ ထင်ရှားကျော်စော၏။ (၂၂)

၁၃၈။ ထိုမာတင်္ဂသည် အလွန့်အလွန် ရနိုင်ခဲသော မြတ်သောကျော်စောခြင်းသို့ ရောက်၏၊ ထိုမာတင်္ဂအား (လုပ်ကျွေးခစားရန်) မင်းမျိုးတို့သည်၎င်း ပုဏ္ဏားမျိုးတို့သည်၎င်း များစွာသော ကုန်သည်နှင့် သူဆင်းရဲတို့သည်၎င်း ခစားရာအရပ်သို့ လာရောက်ကြကုန်၏။ (၂၃)

၁၃၉။ ထိုမာတင်္ဂသည် ကိလေသာကင်း၍ မြတ်သောခရီးဖြစ်သော ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း (သမာပတ်ရှစ်ပါး) နတ်ယာဉ်ကို တက်စီး၍ ကာမဥ္စတပ်စွန်းမှု 'ကာမရာဂ' ကို ကင်းစင်စေလျက် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ရသူ ဖြစ်ခဲ့၏၊ ထိုမာတင်္ဂကို ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းမှ အမျိုးဇာတ်က မတားမြစ်နိုင်။ (၂၄)

၁၄၀-၁၄၁။ ဗေဒင်ကို သရဇ္ဈာယ်တတ်သည့် အမျိုး၌ဖြစ်ကုန်သော ပုဏ္ဏားတို့သည် ဗေဒင်ဟူသော အဆွေခင်ပွန်းရှိကုန်၏၊ ထိုပုဏ္ဏားတို့သည်လည်း ယုတ်မာသောအမှုတို့၌ မပြတ်ထင်ကုန်မူ ယခုဘဝ၌ပင်လျှင် ကဲ့ရဲ့ဖွယ်ဖြစ်ကုန်၏၊ တမလွန်ဘဝ၌လည်း ဒုဂ္ဂတိဘဝသို့ လားရောက်ရကုန်၏၊ ထိုပုဏ္ဏားတို့ကို ဒုဂ္ဂတိဘဝသို့ လားရောက်ရခြင်းမှ၎င်း ကဲ့ရဲ့ခံရခြင်းမှ၎င်း အမျိုးဇာတ်က မတားမြစ်နိုင်။ (၂၅-၂၆)

http://www.dhammadownload.com



၁၄၂။ အမျိုးဇာတ်ကြောင့် သူယုတ်မာ မဖြစ်နိုင်၊ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်၊ မိမိပြုသော အမှုကြောင့်သာ သူယုတ်မာဖြစ်ရ၏၊ မိမိပြုသောအမှုကြောင့်သာ ဗြာဟ္မဏဖြစ်ရ၏။ (၂၇)

ဤသို့ ဆိုသော် အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် ယနေ့ကို အစပြု၍ အသက်ရှင်ပ်ကို အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု (လျှောက်၏)။

ခုနစ်ခုမြောက် ဝသလသုတ် ပြီး၏။

---

## ၈-မေတ္တသုတ်

၁၄၃။ ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့်သက်ဝင်၍ နေလိုသော အကျိုးစီးပွါး၌ လိမ္မာသောသူသည် (ဤဆိုလတ္တံ့သော စည်းကမ်းနည်းလမ်းကို)ပြုကျင့်အပ်၏၊ ကျင့်စွမ်း နိုင်ရမည်၊ ကိုယ်နှုတ်ဖြောင့်မတ်ရမည်၊ စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်ရမည်၊ ဆိုဆုံးမလွယ်ရမည်၊ စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ လွန်ကဲမြင့်မောက်သော မာနမရှိရာ။ (၁)

၁၄၄။ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ရမည်၊ မွေးမြူလွယ်ရမည်၊ အမှုကိစ္စ နည်းပါးရမည်၊ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှုရှိရမည်၊ ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော ပညာရှိရမည်၊ ကိုယ်နှုတ်နှလုံးကြမ်းတမ်းခြင်း မရှိရာ၊ ဒါယကာတို့၌ တပ်မက်မှု ကင်းရမည်။ (၂)

၁၄၅။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကို စိုးစဉ်း အနည်းငယ်မျှလည်း မပြုကျင့်ရာ၊ (ဤစည်းကမ်းနည်းလမ်းကို လိုက်နာရမည်)၊ ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် ဘေးကင်းကုန်သည် ဖြစ်၍ ချမ်းသာသော ကိုယ်စိတ် ရှိကြပါစေကုန်သတည်း။ (၃)

၁၄၆။ ကြွင်းမဲ့ဥဿုံ အလုံးစုံသော(ထွက်သက်ဝင်သက်ရှိ)သတ္တဝါ(ထွက်သက်ဝင်သက်မဲ့)သတ္တဝါတို့သည်ရင်း ထိတ်လန့်သော (ပုထုဇဉ်)ပုဂ္ဂိုလ်တို့သည်ရင်း စိတ်ခဲတ်ခိုင်ခန့်သော (ရဟန္တာ)ပုဂ္ဂိုလ်တို့သည်ရင်း ရှည်သော ကိုယ်ရှိသော သတ္တဝါတို့သည်ရင်း ကြီးသော ကိုယ်ရှိသော သတ္တဝါတို့သည်ရင်း အလတ်စား ကိုယ်ရှိသော သတ္တဝါတို့သည်ရင်း ပုတိုသောကိုယ်ရှိသော သတ္တဝါတို့သည်ရင်း သေးဖွဲ့သိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည်ရင်း ဆူဖြိုးသော ကိုယ်ရှိသော သတ္တဝါတို့သည်ရင်း။ (၄)

၁၄၇။ မြင်ဘူးသော သတ္တဝါတို့သည်ရင်း မမြင်ဘူးသောသတ္တဝါတို့သည်ရင်း အဝေး၌ နေသော သတ္တဝါတို့သည်ရင်း အနီး၌ နေသော သတ္တဝါတို့သည်ရင်း(ရဟန္တာ)ပုဂ္ဂိုလ်တို့သည်ရင်း (ပုထုဇဉ်သေက္ခ)ပုဂ္ဂိုလ်တို့သည်ရင်း ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ် ရှိကြပါစေကုန်သတည်း။ (၅)

http://www.dhammadownload.com



၁၄၈။ တယောက်က တယောက်ကို အမျက်မထွက်ပါစေလင့်၊တစုံတခုသော အရာ၌ တစုံတယောက်ကိုမျှ ချုတ်ချယ်ခြင်းဖြင့်ဧရင်း ရန်လိုသောစိတ်ဖြင့်ဧရင်း မထေမဲ့မြင် မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်။ (၆)

၁၄၉။ မိခင်သည် ရင်၌ဖြစ်သော တဦးတည်းသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးများရာ၏။ (၇)

၁၅၀။ အထက် အောက်ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်း မရှိသော အတွင်းရန် အပြင်ရန် ကင်းသော အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးများရာ၏။ (၈)

၁၅၁။ ငိုက်မျဉ်းခြင်းကင်း၍ ရပ်နေသမျှ သွားနေသမျှ ထိုင်နေသမျှ လျောင်းနေသမျှ ကာလပတ်လုံး ဤ(မေတ္တာနှင့်ယှဉ်သော) သတိကို ပွါးများအံ့ဟု ဆောက်တည်ရာ၏၊ ဤ သာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့် နေခြင်းကို မြတ်သောနေခြင်း 'ဗြဟ္မဝိဟာရ'ဟူ၍ မြတ်စွာဘုရားတို့ ဟောတော်မူကုန်၏။ (၉)

၁၅၂။ (ထိုမေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသောသူသည်) သက္ကာယဒိဋ္ဌိသို့လည်း 'မကပ်မူ၍ (လောကုတ္တရာ)သီလရှိသည်ဖြစ်လျက် သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တဖန်(ပဋိသန္ဓေ)နေခြင်းသို့ မရောက်တော့ပေဟု (မိန့်တော်မူ၏)။

ရှစ်ခုမြောက် မေတ္တသုတ် ပြီး၏။

---

## ၉-ဟေမဝတသုတ်

၁၅၃။ (သာတာဂိရဘီလူးက ဤသို့ ပြောဆို၏)—

အချင်းဟေမဝတ ယနေ့ တဆယ့်ငါးရက်မြောက် ဥပုသ်နေ့တည်း၊ ညဉ့်သည် တောက်ပထင်ရှား၏၊ မြတ်သော ဂုဏ်တော်တို့ဖြင့် ရအပ်သော အမည်တော် ရှိတော်မူသော ဂေါတမနွယ်ဖွား ငါတို့ဆရာ မြတ်စွာသုရားကို ယခု ဖူးမြင်ကြကုန်အံ့။ (၁)

၁၅၄။ (ဟေမဝတဘီလူးက ဤသို့ မေးမြန်း၏)—

အချင်းသာတာဂိရ သင်၏ဆရာ ထိုမြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၌ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စိတ်ကို မတုန်မလှုပ် ကောင်းစွာ ထားနိုင်ပါ၏လော၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၌သော်ဧရင်း အလိုမရှိအပ်သော အနိဋ္ဌာရုံ၌သော်ဧရင်း ကြံစည်မှု 'ဝိတက်'တို့သည် ထိုမြတ်စွာဘုရား၏ အလိုသို့လိုက်၍ ဖြစ်ကုန်၏လော။ (၂)

၁၅၅။ (သာတာဂိရဘီလူးက ဤသို့ ဖြေဆို၏)—

အချင်းဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၌ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စိတ်ကို မတုန်မလှုပ် ကောင်းစွာ ထားနိုင်ပါ၏၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၌သော်ဧရင်း အလိုမရှိအပ်သော အနိဋ္ဌာရုံ၌သော်ဧရင်း ကြံစည်မှု 'ဝိတက်'တို့သည် ထိုမြတ်စွာဘုရား၏ အလိုသို့လိုက်၍ ဖြစ်ကုန်၏။ (၃)

http://www.dhammadownload.com



၁၅၆။ (ဟေမဝတဘီလူးက ဤသို့ မေးမြန်း၏)—

အချင်းသာတာဂိရ ထိုမြတ်စွာဘုရားသည် မပေးသောဥစ္စာကို မခိုးယူပဲ ရှိပါ၏လော၊ သတ္တဝါတို့၌ ညှဉ်းဆဲသတ်ဖြတ်မှုမှ စောင့်စည်းပါ၏လော၊ မေ့လျော့ကြောင်း ကာမဂုဏ်ငါးပါးတို့၌ စိတ်သက်ဝင်မှုမှ ဝေးပါ၏လော၊ ဈာန်ကို မဆိတ်သုဉ်းစေပဲ ရှိပါ၏လော။ (၄)

၁၅၇။ (သာတာဂိရဘီလူးက ဤသို့ ဖြေဆို၏)—

အချင်းဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် မပေးသောဥစ္စာကို မခိုးယူတတ်ပါ၊ သတ္တဝါတို့၌ ညှဉ်းဆဲသတ်ဖြတ်မှုမှ ရှောင်ကြဉ်ပါ၏၊ မေ့လျော့ကြောင်းဖြစ်သော ကာမဂုဏ်ငါးပါးတို့၌ စိတ်သက်ဝင်မှုမှ ဝေးပါ၏၊ မြတ်စွာဘုရားသည် ဈာန်ကို မဆိတ်သုဉ်းစေပါ။ (၅)

၁၅၈။ (ဟေမဝတဘီလူးက ဤသို့ မေးမြန်း၏)—

အချင်းသာတာဂိရ သင်တို့ဆရာ ထိုမြတ်စွာဘုရားသည် သိလျက် ချွတ်ယွင်းသော စကားကို မပြောဆိုပဲ ရှိပါ၏လော၊ ကြမ်းကြုတ်သော စကားမရှိသူ ဖြစ်ပါ၏လော၊ ပျက်စီးကြောင်း စကားကို မဆိုသူ ဖြစ်ပါ၏လော၊ ပြိန်ဖျင်းသော စကားကို မပြောဆိုသူ ဖြစ်ပါ၏လော။ (၆)

၁၅၉။ (သာတာဂိရဘီလူးက ဤသို့ ဖြေဆို၏)—

အချင်းဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် သိလျက် ချွတ်ယွင်းသောစကားကို မပြောဆိုပါ၊ ကြမ်းကြုတ်သော စကား မရှိသူ ဖြစ်ပါ၏၊ ပျက်စီးကြောင်း စကားကို မပြောဆိုသူ ဖြစ်ပါ၏၊ ပညာဖြင့် နှိုင်းချိန်ပိုင်းခြား၍ အကျိုးရှိသော စကားကိုသာ ပြောဆိုသူ ဖြစ်ပါ၏။ (၇)

၁၆၀။ (ဟေမဝတဘီလူးက ဤသို့ မေးမြန်း၏)—

အချင်းသာတာဂိရ သင်တို့ဆရာ ထိုမြတ်စွာဘုရားသည် ကာမတို့၌ မတပ်စွန်းသူဖြစ်ပါ၏လော၊ စိတ်သည် မနောက်ကျူပဲ ရှိပါ၏လော၊ မောဟအားလုံးကို လွန်မြောက်ပြီးသူ ဖြစ်ပါ၏လော၊ တရားတို့၌ ပညာမျက်စိရှိသူ ဖြစ်ပါ၏လော။ (၈)

၁၆၁။ (သာတာဂိရဘီလူးက ဤသို့ ဖြေဆို၏)—

အချင်းဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် ကာမတို့၌ မတပ်စွန်းသူ ဖြစ်ပါ၏၊ စိတ်သည် မနောက်ကျူပဲ ရှိပါ၏၊ မောဟအားလုံးကို လွန်မြောက်ပြီးသူ ဖြစ်ပါ၏၊ မြတ်စွာဘုရားသည် တရားတို့၌ ပညာမျက်စိ ရှိသူဖြစ်ပါ၏။ (၉)

၁၆၂။ (ဟေမဝတဘီလူးက ဤသို့ မေးမြန်း၏)—

အချင်းသာတာဂိရ သင်တို့ဆရာ ထိုမြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဖြစ်ပါ၏လော၊ စင်ကြယ်သော အကျင့်'စရဏ'ရှိသူ ဖြစ်ပါ၏လော၊ ထိုမြတ်စွာဘုရားအား အာသဝေါတို့ ကုန်ခန်းပါပြီလော၊ တဖန် ပဋိသန္ဓေနေခြင်း မရှိသူ ဖြစ်ပါ၏လော။ (၁၀)

၁၆၃။ (သာတာဂိရဘီလူးက ဤသို့ ဖြေဆို၏)—

အချင်းဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပါ၏၊ စင်ကြယ်သော အကျင့် 'စရဏ'ရှိသူ ဖြစ်ပါ၏၊ ထိုမြတ်စွာဘုရားအား အာသဝေါအားလုံးတို့ ကုန်ခန်းပါပြီ၊ ထိုမြတ်စွာဘုရားအား တဖန် ပဋိသန္ဓေနေခြင်း မရှိတော့ပါ။ (၁၁)

http://www.dhammadownload.com



၁၆၄။ အချင်းသာတာဂိရ မြတ်စွာဘုရား၏ စိတ်တော်သည် ဆိုခဲ့ပြီးသော တာဒိစသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ကာယကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ဝစီကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဤသို့သော စိတ်တော်နှင့် ပြည့်စုံ၍ ဝိဇ္ဇာသုံးပါး စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဟုတ်မှန်သောသဘောအားဖြင့် သင် သာတာဂိရသည် ချီးမွမ်းပါပေ၏။ (၁၂)

၁၆၅။ အချင်းဟေမဝတ မြတ်စွာဘုရား၏ စိတ်တော်သည် ဆိုခဲ့ပြီးသော တာဒိစသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ကာယကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ဝစီကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဤသို့သော စိတ်တော်နှင့် ပြည့်စုံ၍ ဝိဇ္ဇာသုံးပါး စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဟုတ်မှန်သော သဘောအားဖြင့် ဟေမဝတသည် ဝမ်းမြောက်ပါပေ၏။ (၁၃)

၁၆၆။ မြတ်စွာဘုရား၏ စိတ်တော်သည် ဆိုခဲ့ပြီးသော တာဒိစသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏၊ ဆိုခဲ့ပြီးသော ကာယကံမှုနှင့်လည်း ပြည့်စုံတော်မူပါပေ၏၊ ဆိုခဲ့ပြီးသော ဝစီကံမှုနှင့်လည်း ပြည့်စုံတော်မူပါပေ၏၊ ဤသို့ စိတ်တော်နှင့် ပြည့်စုံ၍ ဝိဇ္ဇာသုံးပါး စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ယခုဖူးမျှော်ကြကုန်စို့။ (၁၄)

၁၆၇။ အချင်းသာတာဂိရ လာလော့၊ ဧကမည်သော သား၏ မြင်းခေါင်းကဲ့သို့ မြင်းခေါင်းရှိတော်မူသော အင်္ဂါကြီးငယ်ပြည့်စုံခြင်းဖြင့် ပါးလျသော ကိုယ်အင်္ဂါရှိတော်မူသော အတွင်းအပ ဘေးရန်ကို ဖျက်ဆီးတော်မူသော တထပ်တည်းသာ စားသဖြင့် နည်းသောအာဟာရရှိတော်မူသော အာဟာရ၌ လျပ်ပေါ်မှု ရှိတော်မမူသော အနာဂါရမုနိဖြစ်၍ တောင်၌ဈာန်ဝင်စားလေ့ရှိတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ဖူးမျှော်ကြကုန်စို့။ (၁၅)

၁၆၈။ ခြင်္သေ့မင်းနှင့် တူတော်မူသော ကိလေသာအဖော်မမှီး တယောက်တည်းဖြစ်တော်မူသော တဖန်ဘဝသစ်သို့ မသွားသော ကာမတို့၌ ငဲ့ကွက်မှု မရှိသော ဤသို့သဘောရှိသော ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ သေမင်း၏ ကျော့ကွင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုမေးလျှောက်ကြကုန်စို့။ (၁၆)

၁၆၉။ သစ္စာဉာဏ်ကိုဟောကြားတော်မူတတ်သော (ကိစ္စဉာဏ် ကတဉာဏ်ကို)ဖြစ်စေတော်မူတတ်သော စတုဘူမကတရားအားလုံးတို့၏ (အပြီးအဆုံး)ကမ်းတဖက်သို့ ရောက်တော်မူသော ရန်တည်းဟူသော ဘေးကို လွန်မြောက်တော်မူပြီးသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို အကျွန်ုပ်တို့ မေးလျှောက်လိုပါကုန်၏။ (၁၇)

၁၇၀။ (ဟေမဝတဘီလူးသည် ဤသို့ မေးလျှောက်၏)—

အဘယ်တရားဖြစ်လတ်သော် လောကသည် ဖြစ်ပါသနည်း၊ လောကသည် အဘယ်တရား၌ (တဏှာဒိဋ္ဌိဟူသော)ပေါင်းစပ်မှုကို ပြုပါသနည်း၊ အဘယ်တရားကို စွဲ၍ လောကဟု ခေါ်ပါသနည်း၊ အဘယ်တရားကြောင့် လောကသည် ပင်ပန်းပါသနည်း။ (၁၈)

၁၇၁။ (မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏)—

ဟေမဝတ (အာယတန) ခြောက်ပါးတို့ ဖြစ်ကုန်လတ်သော် လောကသည် ဖြစ်၏၊ လောကသည် (အာယတန) ခြောက်ပါးတို့၌ (တဏှာဒိဋ္ဌိဟူသော) ပေါင်းစပ်မှုကို ပြု၏၊

http://www.dhammadownload.com



(အာယတန)ခြောက်ပါးကိုပင် စွဲ၍ လောကဟု ခေါ်၏၊ (အာယတန)ခြောက်ပါးတို့ကြောင့် လောကသည် ပင်ပန်းရ၏။ (၁၉)

၁၇၂။ အကြင်စွဲလမ်းရာ၌ လောကသည် ပင်ပန်း၏၊ ထိုစွဲလမ်းရာ ဥပါဒါန်ကား အဘယ် ပါနည်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို မေးအပ်သော အသျှင်ဘုရားသည် ဟောတော် မူပါလော့၊ အဘယ်သို့သောအကြောင်းဖြင့် ဆင်းရဲမှ လွတ်မြောက်ရပါသနည်း။ (၂၀)

၁၇၃။ လောက၌ စိတ်လျှင် ခြောက်ခုမြောက်ရှိကုန်သော ကာမဂုဏ်ငါးပါးတို့ကို ပြအပ် ကုန်ပြီ၊ စိတ်နှင့်တကွ ကာမဂုဏ်ငါးပါး ဤဒွက္ခသစ္စာတရား၌ တဏှာဆန္ဒကို ဖျက်ဆီး၍ ဤသို့သော ဖအကြောင်းဖြင့် ဆင်းရဲမှ လွတ်မြောက်ရ၏။ (၂၁)

၁၇၄။ ဤ (မဂ္ဂသစ္စာ) ကို လောက၏ ထွက်မြောက်ကြောင်းဟူ၍ ဟုတ်တိုင်းမှန်စွာ သင်တို့အား ငါဟောကြား၏၊ ဤသို့သော အကြောင်းဖြင့် ဆင်းရဲမှ လွတ်မြောက်ရ၏ဟု သင်တို့အား ဤထွက်မြောက်ကြောင်းကို ငါဟော၏။ (၂၂)

၁၇၅။ ဤလောက၌ အဘယ်သူသည် ဩဃ(လေးဖြာ သံသရာ)ကို ကူးမြောက်နိုင်ပါ သနည်း၊ ဤလောက၌ အဘယ်သူသည် (သံသရာဟူသော) သမုဒ္ဒရာကို ကူးမြောက်နိုင်ပါ သနည်း၊ ထောက်၍လည်း မမှီ ဆွဲကိုင်စရာလည်း မရှိသော နက်စွာသော (သံသရာတည်းဟူ သော) သမုဒ္ဒရာ၌ အဘယ်သူသည် မနစ်မြုပ်နိုင်ပါသနည်း။ (၂၃)

၁၇၆။ အကြင်သူသည် အခါခပ်သိမ်း သီလနှင့် ပြည့်စုံ၏၊ ပညာရှိ၏၊ ကောင်းစွာ တည် ကြည်၏၊ ကိုယ်တွင်း သန္တာန်၌ ဝိပဿနာဖြင့် ကြံစည်သုံးသပ်လေ့ရှိ၏၊ သတိရှိ၏၊ ထိုသူသည် ကူးမြောက်နိုင်ခဲသော ဩဃ(လေးဖြာ သံသရာ)ကို ကူးမြောက်နိုင်၏။ (၂၄)

၁၇၇။ အကြင်သူသည် ကာမသညာမှ ကြဉ်ရှောင်၏၊သံယောဇဉ်အားလုံးကို လွန်မြောက် ၏၊ နှစ်သက်မှု တဏှာနှင့် ဘဝသုံးပါး ကုန်ဆုံးပြီးဖြစ်၏၊ ထိုသူသည် နက်လှစွာသော (သံသရာ တည်းဟူသော) သမုဒ္ဒရာ၌ မနစ်မြုပ်နိုင်။ (၂၅)

၁၇၈။ နက်နဲသော ပညာရှိတော်မူသော သိမ်မွေ့သော ပြဿနာတို့၏ အနက်ကို မြင်တော် မူသော (ရာဂစသော) ကြောင့်ကြမှုမရှိသော နှစ်ပါးသောကာမ သုံးပါးသောဘဝ၌ မကပ် ငြိသော အလုံးစုံသော အာရုံ၌ (အနှောင်အဖွဲ့မှ)လွတ်သော ဝိသုဒ္ဓိနတ် အရှင်မြတ်တို့၏ လမ်းခရီး (သမာပတ် ရှစ်ပါး)၌ ကြွသွားတော်မူသော ကျေးဇူးကို ရှာတော်မူသော ထို မြတ်စွာဘုရားကို သင်တို့ ဖူးမျှော်ကြကုန်လော့။ (၂၆)

၁၇၉။ မြတ်လှစွာသော ဂုဏ်တို့ကြောင့် ရအပ်သော အမည်ရှိတော်မူသော သိမ်မွေ့သော ပြဿနာတို့၏ အနက်ကို မြင်တော်မူသော ပညာကို ပေးတော်မူတတ်သော ကာမ တွယ်တာမှု၌ ကပ်ငြိခြင်း ကင်းတော်မူသော တရားအားလုံးကို သိတော်မူပြီးသော ကောင်း သောပညာရှိတော်မူသော အရိယာတို့ လမ်းခရီး (မဂ္ဂင်ရှစ်ပါး)၌ ကြွသွားတော်မူသော မြတ်သောကျေးဇူးကို ရှာမှီးသော ထိုမြတ်စွာဘုရားကို သင်တို့ ဖူးမျှော်ကြကုန်လော့။ (၂၇)

၁၈၀။ ဩဃလေးဖြာ သံသရာမှ လွန်မြောက်တော်မူပြီးသော အာသဝေါကင်းတော်မူ ပြီးသော မြတ်စွာဘုရားကို ယနေ့ ငါတို့ ဖူးမျှော်ကြရကုန်သည် ဖြစ်ရကား ကောင်းသော အမြင်ကို မြင်ရလေစွတကား၊ ကောင်းစွာ မိုးသောက်ရလေစွတကား၊ ကောင်းစွာ အိပ်ရာမှ ထရလေစွတကား။ (၂၈)

http://www.dhammadownload.com



၁၇၁။ တန်ခိုးကြီးကုန်သော အခြွေအရံ များကုန်သော အလုံးစုံသော ဤဘီလူး တထောင်တို့သည် အသျှင်ဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်ကြပါကုန်၏၊ အသျှင်ဘုရားသည် အကျွန်ုပ်တို့၏ အတုမဲ့ဆရာ ဖြစ်တော်မူပါ၏။ (၂၉)

၁၇၂။ ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရားကိုငင်း တရားတော်၏ ကောင်းသောတရား၏ အဖြစ်ကိုငင်း ရှိခိုးကုန်လျက် တရွာမှ တရွာ တတောင်မှ တတောင်သို့ လှည့်လည်ကြပါ ကုန်အံ့။ (၃၀)

ကိုးခုမြောက် ဟေမဝတသုတ် ပြီး၏။

---

## ၁၀-အာဠဝကသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် အာဠဝကဘီလူး၏ဗိမာန်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ အာဠဝကဘီလူးသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို “ရဟန်း ထွက်သွားလိုက်ပါလော့”ဟု ဆို၏၊ “ဒကာဘီလူး ကောင်းပြီ”ဟု ဆိုကာ မြတ်စွာဘုရားသည် ထွက်တော်မူ၏၊ “ရဟန်း ဝင်ပါဦးလော့”ဟု ဆို၏၊ “ဒကာဘီလူး ကောင်းပြီ”ဟု ဆိုကာ မြတ်စွာဘုရားသည် ဝင်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း။ပ။သုံးကြိမ်မြောက်လည်း အာဠဝကဘီလူးသည် မြတ်စွာဘုရားကို “ရဟန်း ထွက်သွားလိုက်ပါလော့”ဟု ဆို၏၊ “ဒကာဘီလူး ကောင်းပြီ”ဟု ဆိုကာ မြတ်စွာဘုရား သည် ထွက်တော်မူ၏၊ “ရဟန်း ဝင်ပါဦးလော့”ဟု ဆို၏၊ “ဒကာဘီလူး ကောင်းပြီ”ဟု ဆိုကာ မြတ်စွာဘုရားသည် ဝင်တော်မူ၏။

လေးကြိမ်မြောက် အာဠဝကဘီလူးသည် မြတ်စွာဘုရားကို “ရဟန်း ထွက်သွားလိုက်ပါ လော့”ဟု ဆို၏၊ ဒကာဘီလူး ပြုဖွယ်ကိစ္စ ရှိသမျှကို ပြုလော့၊ ငါမထွက်တော့အံ့ဟု (မိန့်တော် မူ၏)။

ရဟန်း သင့်ကို ပြဿနာမေးအံ့၊ အကယ်၍ မဖြေနိုင်မူ သင်၏စိတ်ကိုသော်လည်း ပျံ့လွင့် စေအံ့၊ သင်၏နှလုံးသားကိုမူလည်း ခွဲလိုက်အံ့၊ ခြေတို့ကိုမူလည်း ကိုင်၍ ဂင်္ဂါမြစ်တဖက်ကမ်းသို့ ပစ်ချလိုက်အံ့ဟု(ဆို၏)။

ဒကာအာဠဝက နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ငါ၏စိတ်ကိုသော်လည်း ပျံ့လွင့်စေနိုင်သူ နှလုံး သားကိုမူလည်း ခွဲနိုင်သူ ခြေတို့ကိုမူလည်း ကိုင်၍ ဂင်္ဂါမြစ်တဖက်ကမ်းသို့ ပစ်ချနိုင်သူကို ငါဘုရား မြင်တော်မမူ၊ သို့ပင်ဖြစ်စေကာမူ ဒကာအာဠဝက အလိုရှိသော ပြဿနာကို မေးလော့ဟု (မိန့်တော်မူ၏)။

ထို့နောက် အာဠဝကဘီလူးသည် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို(လျှောက်ထား)၏—

၁၇၃။ “ဤလောက၌ ယောကျ်ား၏ မြတ်သောဥစ္စာဟူသည် အဘယ်နည်း၊ ကောင်း သောအလေ့အကျင့်တို့တွင် အဘယ်ကောင်းသော အလေ့အကျင့်သည် ချမ်းသာကို ဆောင် နိုင်သနည်း၊ အရသာတို့တွင် အဘယ်အရသာသည် အလွန်အလွန် ချိုမြိန်သော အရသာ ဖြစ်သနည်း၊ အဘယ်သို့ အသက်ရှင်ခြင်းကို မြတ်သော အသက်ရှင်ခြင်းဟူ၍ ဆိုကုန် သနည်း။ (၁)

http://www.dhammadownload.com



၁၈၄။ (အာဠဝက) ဤလောက၌ ယောကျ်ား၏ မြတ်သော ဥစ္စာဟူသည် ယုံကြည်မှု 'သဒ္ဓါ'တရားပင်တည်း၊ ကောင်းသော အလေ့အကျင့်ဖြစ်သော ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည် ချမ်းသာကို ဆောင်နိုင်၏၊ အရသာတို့တွင် မှန်ကန်သော ဝစီသစ္စာသည် အလွန့်အလွန် ချိုမြိန်သော အရသာဖြစ်၏၊ ပညာဖြင့် အသက်ရှင်ခြင်းကို မြတ်သော အသက်ရှင်ခြင်းဟူ၍ ဆိုကုန်၏။ (၂)

၁၈၅။ အဘယ်ဖြင့် ဩဃ(လေးဖြာ သံသရာ)ကို ကူးမြောက်နိုင်သနည်း၊အဘယ်ဖြင့် (သံသရာဟူသော) သမုဒ္ဒရာကို ကူးမြောက်နိုင်သနည်း၊ အဘယ်ဖြင့် ဆင်းရဲခြင်းကို လွန်မြောက်နိုင်သနည်း၊ အဘယ်ဖြင့် ထက်ဝန်းကျင် စင်ကြယ်နိုင်သနည်း။ (၃)

၁၈၆။ ( အာဠဝက ) ယုံကြည်မှု 'သဒ္ဓါ'တရားဖြင့် ဩဃ(လေးဖြာ သံသရာ)ကို ကူးမြောက်နိုင်၏၊ မမေ့လျော့မှု 'အပ္ပမာဒ'တရားဖြင့် (သံသရာဟူသော) သမုဒ္ဒရာကို ကူးမြောက်နိုင်၏၊ထကြွလုံ့လ'ဝီရိယ'ဖြင့် ဆင်းရဲကိုလွန်မြောက်နိုင်၏၊ပညာဖြင့်ထက်ဝန်းကျင် စင်ကြယ်နိုင်၏။ (၄)

၁၈၇။ အဘယ်အကြောင်းကြောင့် ပညာကို ရသနည်း၊ အဘယ်အကြောင်းကြောင့် ဥစ္စာကို ရသနည်း၊ အဘယ်အကြောင်းကြောင့် ကျော်စောခြင်းသို့ ရောက်ရသနည်း၊အဘယ်ဖြင့် အဆွေခင်ပွန်းတို့ကို ဖွဲ့နိုင်သနည်း၊ အဘယ်ဖြင့် ဤလောကမှ တမလွန်လောကသို့ ရောက်သော် မစိုးရိမ်ရသနည်း။ (၅)

၁၈၈။ ရဟန္တာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ရောက်ခြင်း၏ (အကြောင်း)တရားကို ယုံကြည်သော မမေ့မလျော့သော ဆင်ခြင်တတ်သော ပညာရှိသူသည် ကောင်းစွာနာကြားရသောကြောင့် ပညာကို ရနိုင်၏။ (၆)

၁၈၉။ လျောက်ပတ်သော အကြောင်းကို ပြုလုပ်သည်ဖြစ်၍ တာဝန်ကို ပစ်ချမထားသော ယောကျ်ားသည် ထကြွလုံ့လဝီရိယကြောင့် ဥစ္စာကို ရနိုင်၏၊ မှန်သော (ဝစီသစ္စာ) စကားကြောင့် ကျော်စောခြင်းသို့ ရောက်နိုင်၏၊ ပေးကမ်းတတ်သောသူသည် အဆွေခင်ပွန်းတို့ကို ဖွဲ့နိုင်၏။ (၇)

၁၉၀။ ယုံကြည်မှုရှိသော အိမ်၏အစီးအပွါးကို ရှာတတ်သော အကြင်သူအား မှန်ကန်စွာ ပြောဆိုမှု 'သစ္စာ' ပညာဟူသော 'ဒမ' ဝီရိယဟူသော 'ဓိတိ' စွန့်လွှတ်မှုဟူသော 'စာဂ' ဤတရားလေးပါးတို့ရှိကုန်၏၊ ထိုသူသည် တမလွန်ဘဝသို့ ရောက်သော် ကေန် မစိုးရိမ်ရတော့ပြီ။ (၈)

၁၉၁။ အာဠဝက ငါတိုက်တွန်း၏၊ သစ္စာထက်လွန်သောအကြောင်းသည်ရှင်း ပညာထက်လွန်သောအကြောင်းသည်ရှင်း စွန့်ကြဲခြင်းထက်လွန်သောအကြောင်းသည်ရှင်း သည်းခံခြင်းထက် လွန်သောအကြောင်းသည်ရှင်း ဤလောက၌ရှိမူ တပါးသော များစွာသော သမဏဗြာဟ္မဏတို့ကို မေးချေဦးလော့။

၁၉၂။ အကျွန်ုပ်သည် ယနေ့ တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွါးကို သိပြီးသူ ဖြစ်ရကား ယခုအခါ အဘယ်မှာလျှင် များစွာသော သမဏဗြာဟ္မဏတို့ကို မေးမြန်းပါတော့အံ့နည်း။ (၁၀)

http://www.dhammadownload.com



၁၉၃။ မြတ်စွာဘုရားသည် အကျွန်ုပ်၏အကျိုးငှါ အာဠဝီပြည်သို့ နေရန် ကြွလာတော်မူပေစွတကား၊ အကြင်ဘုရား၌ လှူခြင်းသည် အကျိုးကြီး၏၊ ထိုဘုရားကို ယခုငါသိရပေပြီ။ (၁၁)

၁၉၄။ ထိုငါသည် မြတ်စွာဘုရားကိုရင်း တရားတော်၏ ကောင်းသော တရား၏ အပြစ်ကိုရင်း ရှိခိုးလျက် တရွာမှ တရွာ တမြို့မှ တမြို့သို့ လှည့်လည်ပါတော့အံ့။ (၁၂)

ဆယ်ခုမြောက် အာဠဝကသုတ် ပြီး၏။

---

## ၁၁-ဝိဇယသုတ်

၁၉၅။ သွားသော်ရင်း ရပ်သော်ရင်း ထိုင်သော်ရင်း အိပ်သော်ရင်း (ထိုထိုအဆစ်တို့ကို) ကွေး၏၊ ဆန့်၏၊ ဤသို့ (အဆစ်တို့ကို) ကွေးခြင်းဆန့်ခြင်းသည် ခန္ဓာကိုယ်၏ လှုပ်ရှားမှုသာတည်း။ (၁)

၁၉၆။ ကိုယ်ကောင်ကို အရိုးအကြောတို့ဖြင့် ဖွဲ့စပ်အပ်သည် အရေအသားတို့ဖြင့် လိမ်းကျံအပ်သည် အရေဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်ရကား ဟုတ်တိုင်းမှန်စွာ မမြင်နိုင်ပေ။ (၂)

၁၉၇။ ဤကိုယ်ကောင်သည် အူဖြင့်ပြည့်၏၊ အစာသစ်ဖြင့် ပြည့်၏၊ အသည်းဆိုင်ဖြင့်ရင်း စည်ပေါင်းအိမ်ဖြင့်ရင်း နှလုံးဖြင့်ရင်း အဆုတ်ဖြင့်ရင်း အညှို့ဖြင့်ရင်း အဖျဉ်းဖြင့်ရင်း ပြည့်နှက်လျက် ရှိ၏။ (၃)

၁၉၈။ နှပ်ဖြင့်ရင်း တံတွေးဖြင့်ရင်း ချွေးဖြင့်ရင်း အဆီခဲဖြင့်ရင်း သွေးဖြင့်ရင်း အစေးဖြင့်ရင်း သည်းခြေဖြင့်ရင်း ဆီကြည်ဖြင့်ရင်း ပြည့်နှက်လျက် ရှိ၏။ (၄)

၁၉၉။ ထိုမှတပါး ထိုကိုယ်၏ ကိုးပါးသော ယိုစီးရာအဝတို့မှ အညစ်အကြေးသည် အခါခပ်သိမ်း ယိုစီး၏၊ မျက်စိမှ မျက်ချေးသည် ယိုစီး၏၊ (နားနှစ်ပေါက်)မှ နားဖားချေးသည် ယိုစီး၏။ (၅)

၂၀၀။ နှာခေါင်းပေါက်မှ နှပ်သည်လည်း ယိုစီး၏၊ တရံတခါ ခံတွင်းပေါက်မှ သည်းခြေသည်လည်း ပျို့အန်၏၊ သလိပ်သည်လည်း ပျို့အန်၏၊ ကိုယ်မှ ချွေးအညစ်အကြေးတို့သည် ယိုစီးကုန်၏။ (၆)

၂၀၁။ ထိုမှတပါး ထိုကိုယ်၏ ဦးခေါင်းသည် အပေါက်အခေါင်းရှိ၏၊ ဦးနှောက်ဖြင့် ပြည့်၏၊ ထိုကိုယ်ကို သူမိုက်သည် အဝိဇ္ဇာဖုံးလွှမ်းသည်ဖြစ်ရကား တင့်တယ်၏ဟူ၍ အောက်မေ့မှတ်ထင်၏။ (၇)

၂၀၂။ အကြင်အခါ ထိုကိုယ်သည် အသက်ဝိညာဉ်ကင်းသဖြင့် သေခြင်းသို့ရောက်သည် ဖြစ်၍ ဖူးဖူးရောင်၏၊ ညိုသောအဆင်းရှိ၏၊ သုသာန်၌ စွန့်ပစ်အပ်သည်ဖြစ်၍ အိပ်ရ၏၊ (ထိုအခါ၌ ထိုကိုယ်ကို)ဆွေမျိုးတို့သည် ငဲ့ကွက်ခြင်း ကင်းကြကုန်၏။ (၈)

၂၀၃။ ထိုကိုယ်ကို အိမ်ခွေးတို့သည်ရင်း တောခွေးတို့သည်ရင်း သစ်ကျုတ်တို့ ည်ရင်း ပိုးတို့သည်ရင်း ကျီးတို့သည်ရင်း လင်းတတို့သည်ရင်း ခဲစားကုန်၏၊ တပါးကုန်သော အပုပ်အသိုးစား သတ္တဝါတို့သည်လည်း ခဲစားကုန်၏။ (၉)

http://www.dhammadownload.com



၂၀၄။ ဤသာသနာတော်၌ ပညာရှိသောရဟန်းသည် မြတ်စွာဘုရား စကားတော်ကို ကြားနာရ၍ ထိုကိုယ်ကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြားသိနိုင်၏၊ ရှုမြင်နိုင်၏။ (၁၀)

၂၀၅။ ဤသဝိညာဏက အသုဘသည် မသေမီ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းဖြစ်သကဲ့သို့ ထိုအဝိညာဏက အသုဘ သည်လည်း မသေမီအခါက သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းဖြစ်၏၊ ထိုအသုဘအကောင်သည် ယခုအခါ သေပြီးဖြစ်၍ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း မဖြစ်တော့သကဲ့သို့ ထို့အတူ ဤသဝိညာဏကအသုဘ သည်လည်း နောင်သေသောအခါ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း မဖြစ်တော့လတ္တံ့၊ ဤသို့ အဇ္ဈတ္တခန္ဓာကိုယ်၌ရှင်း ဗဟိဒ္ဓခန္ဓာကိုယ်၌ရှင်း ဆန္ဒရာဂကို ကင်းကွာစေရာ၏။ (၁၁)

၂၀၆။ ဤသာသနာတော်၌ ပညာရှိသောရဟန်းသည် ဆန္ဒရာဂဖြင့် တပ်ခြင်းကင်းသည် ဖြစ်၍ သေခြင်းကင်းရာ ငြိမ်းအေးရာ တဏှာမှ ထွက်မြောက်ရာ ရွေ့လျောခြင်းမရှိရာ နိဗ္ဗာန်ကို ရနိုင်၏။ (၁၂)

၂၀၇။ အခြေနှစ်ချောင်းရှိသော ဤကိုယ်သည် မစင်ကြယ်၍ မကောင်းသောအနံ့ရှိသောကြောင့် ပန်းနံ့သာစသည်တို့ဖြင့် ပြုပြင်စီရင်၍ ဆောင်ရွက်နေရ၏၊ သို့ပင်ဖြစ်ပါလျက် အထူးထူးသော အပုပ်တို့ဖြင့် ပြည့်သည်ဖြစ်၍ ထိုထိုအပေါက်ကြီးငယ်တို့မှ ယိုစီး၏။ (၁၃)

၂၀၈။ အကြင်သူသည် ဤသို့သဘောရှိသော ကိုယ်ဖြင့် မာနထောင်လွှားခြင်းငှါ အောက်မေ့ရာ၏၊ သူတပါးကိုလည်း မထေမဲ့မြင်ပြုရာ၏၊ ထိုသူ၏မာနထောင်လွှားမှု မထေမဲ့မြင်ပြုမှုသည် အရိယသစ္စာကို မမြင်ခြင်းမှတပါး အဘယ်မှာ အကြောင်းရှိနိုင်ပါ အံ့နည်းဟု (မိန့်တော်မူ၏)။

တဆယ့်တခုမြောက် ဝိဇယသုတ် ပြီး၏။

---

## ၁၂-မုနိသုတ်

၂၀၉။ တဏှာ ဒိဋ္ဌိဟူသော ပေါင်းသင်းဆက်ဆံမှုကြောင့် ကိလေသာဘေး ဖြစ်ရ၏၊ အာရုံခြောက်ပါးတည်းဟူသော အိမ်မှ ကိလေသာမြူဖြစ်ရ၏၊ ကိလေသာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှုမရှိသော ဤနိဗ္ဗာန်ကို ဘုရားတည်းဟူသောမုနိသည် မြင်စွမ်းနိုင်ပေစွတကား။ (၁)

၂၁၀။ အကြင်မြတ်စွာဘုရားသည် ဖြစ်ခဲ့ဘူးသော ကိလေသာကို အကြွင်းမဲ့ ပယ်ဖြတ်ပြီး၍ နောင်ဖြစ်ပေါ်လာမည့် ကိလေသာကိုလည်း မစိုက်မပျိုးတော့ပေ၊ ကိလေသာဖြစ်ပေါ်လာမည့် အကြောင်းကိုလည်း မဝင်ရောက်စေ၊ ထိုမြတ်စွာဘုရားကို မုနိတို့တွင် ကိလေသာအဖော်မမှီး တပါးတည်း လှည့်လည်ကြွသွားတော်မူသော မုနိဟူ၍ ဆိုကြကုန်၏၊ သီလဂုဏ်ကျေးဇူးကို ရှာမှီးသော ထိုမြတ်စွာဘုရားတည်းဟူသော မုနိသည် ငြိမ်းအေးသော နိဗ္ဗာန်ကို မြင်တော်မူပြီ။ (၂)

၂၁၁။ အကြင်မြတ်စွာဘုရားသည် ကိလေသာ၏တည်ရာ ခန္ဓာစသော မြေရာတို့ကို ဥာဏ်ဖြင့် ဆင်ခြင်ပိုင်းခြား၍ အဘိသင်္ခါရဝိညာဉ်ဟူသော မျိုးစေ့ကို ဖျက်ဆီးပြီးလျှင်

http://www.dhammadownload.com



တဏှာဒိဋ္ဌိဟူသော အစေးကို ထိုမျိုးစေ့သို့ မသက်ဝင်စေ၊ ဇာတိကုန်ရာ နိဗ္ဗာန်ကိုမြင်သော ထိုမြတ်စွာဘုရားတည်းဟူသော မုနိသည် အကုသလဝိတက်ကို ပယ်ပြီး၍(သတ္တဝါဟူသော) ခေါ်ဝေါ်ခြင်းသို့ မရောက်နိုင်တော့ပေ။ (၃)

၂၁၂။ အကြင်မြတ်စွာဘုရားသည် ကာမဘဝစသော နေရာအိမ်အားလုံးတို့ကို သိသောကြောင့် ထိုနေရာအိမ်တို့တွင် တပါးပါးသောအိမ်ကိုမျှလည်း မတောင့်တ၊ ထိုမြတ်စွာဘုရားတည်းဟူသော မုနိသည် မက်မောမှုတဏှာကင်းသည် တပ်မက်မှုမရှိသည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်ပြီးဖြစ်ရကား ကုသိုလ်အကုသိုလ်ကံကို အားမထုတ်တော့ပေ။ (၄)

၂၁၃။ ခန္ဓာစသော တရားအားလုံးကို နှိပ်နင်းပြီးသော တရားအားလုံးကို သိပြီးသော ကောင်းသောပညာရှိသော ခန္ဓာစသော တရားအားလုံးတို့၌ တဏှာဒိဋ္ဌိအားဖြင့် မလိမ်းကျံသော ခန္ဓာစသော တရားအားလုံးတို့ကို စွန့်ပယ်ပြီးသော တဏှာကုန်ရာ နိဗ္ဗာန်၌ ညွတ်သော ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၅)

၂၁၄။ ပညာတည်းဟူသော အားရှိသော သီလအကျင့်နှင့် ပြည့်စုံသော ကောင်းစွာတည်ကြည်သော ဈာန်၌ မွေ့လျော်သော သတိရှိသော ကပ်ငြိမှု'ရာဂ'မှ လွတ်သော ငါးပါးသော ငြောင့်တံသင်းမရှိသော အာသဝေါမရှိသော ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၆)

၂၁၅။ တပါးတည်း လှည့်လည်သွားလာသော မောနေယျအကျင့်နှင့် ပြည့်စုံသော မမေ့မလျော့သော ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် တုန်လှုပ်မှုမရှိသော အသံတို့ကြောင့် မထိတ်လန့်သောခြင်္သေ့မင်းကဲ့သို့ အနိစ္စစသည်တို့ကြောင့် မထိတ်လန့်သော ပိုက်ကွန်၌ မကပ်ငြိသောလေကဲ့သို့ ခန္ဓာစသည်တို့၌ မကပ်ငြိသော ရေဖြင့် မလိမ်းကျံမကပ်ငြိသော ကြာကဲ့သို့ လောကဖြင့် မလိမ်းကျံ မကပ်ငြိသော သူတပါးတို့ကို အရိယမဂ်ဖြင့်ဆောင်တတ်သော မိမိကိုမူ သူတပါးက မဆောင်အပ်သော ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၇)

၂၁၆။ အကြင်သူသည် သူတပါးတို့ ပြောဆိုသော ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းစသော စကားကြောင့် ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်း မဖြစ်မူ၍ ရေချိုးဆိပ်၌ ကြေးပွတ်တိုင်ကဲ့သို့ဖြစ်၏၊ ထိုသို့သဘောရှိသော တပ်စွန်းမှု'ရာဂ'ကင်းသော ကောင်းစွာထားအပ်သော ဣန္ဒြေရှိသော ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၈)

၂၁၇။ အကြင်ပုဂ္ဂိုလ်သည် စင်စစ် တည်ကြည်သောစိတ်ရှိ၏၊ယက်ဖောက်ကဲ့သို့ ဖြောင့်၏၊ ယုတ်မာသော အကုသိုလ်ကံတို့ကို စက်ဆုပ်၏၊ မညီညွတ်မှု (ကာယဝိသမစသည်)ကိုရင်း ညီညွတ်မှု (ကာယသမစသည်)ကိုရင်း စုံစမ်းဆင်ခြင်တတ်၏၊ ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၉)

၂၁၈။ အကြင်ပုဂ္ဂိုလ်သည် ကမ္မဒ္ဓါရတို့၌ စိတ်ကို ကောင်းစွာ စောင့်စည်း၏၊ စောင့်စည်းသောစိတ်ရှိသည်ဖြစ်ရကား ပဌမအရွယ်၌ တည်သည်ဖြစ်၍ရင်း မဇ္ဈိမအရွယ်၌ တည်သည်ဖြစ်၍ရင်း မကောင်းမှုကို မပြု၊ ထိုရဟန္တာမုနိကို ကိုယ်နှုတ်တို့ဖြင့် ထိပါးချုတ်ချယ်ခြင်းငှါ

http://www.dhammadownload.com



မထိုက်၊ ထိုမုနိသည်လည်း တစုံတယောက်ကိုမျှ မထိပါးမချုတ်ချယ်၊ ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၁၀)

၂၁၉။ စားဦးစားဖျားမှသော်ငြား (စားနေဆဲ တဝက်တပျက်) အလယ်မှသော်ငြား (စားပြီး)အကြွင်းအကျန်မှသော်ငြား ဆွမ်းကိုရခဲ့မူ သူတပါးတို့ ပေးသည်ကို မှီ၍ အသက်မွေးရသူ ရဟန်းသည် အဦးအဖျားရသဖြင့်လည်း ချီးမွမ်းရန်မထိုက်၊ အကြွင်းအကျန်ရသဖြင့်လည်း ဆန့်ကျင်ဖက်စကား ပြောဆိုရန်မထိုက်၊ ထိုပုဂ္ဂိုလ်ကု ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၁၁)

၂၂၀။ အကြွင်သူသည် ပျိုမျစ်နုနယ်ငယ်ရွယ်စဉ် အချိုသောမိန်းမအဆင်း၌ မေထုနရာဂဖြင့် မကပ်ငြိ မယှဲ့ရှက်၊မောနေယျအကျင့်နှင့်ပြည့်စုံလျက် လှည့်လည်နေသော မေထုန်အကျင့်မှလည်း ကင်းလွတ်၍ မာန်ယစ်ခြင်း မေ့လျော့ခြင်းမှလည်း ကင်းလွတ်သော ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်သော ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍ သိကုန်၏။ (၁၂)

၂၂၁။ ခန္ဓာစသော လောကကို ပိုင်းခြားသိ၍ မြတ်သော နိဗ္ဗာန်ပရမတ္ထသစ္စာကို မြင်ပြီးသော ဩဃလေးပါးနှင့် ခန္ဓာအာယတနစသော သမုဒ္ဒရာကို ကူးမြောက်ပြီး၍ တာဒိလက္ခဏာသို့ ရောက်ပြီးသော ထိုသို့သဘောရှိသော ထုံးဖွဲ့မှု 'ဂန္ထ'ကို ဖြတ်ပြီးသော ( တဏှာဒိဋ္ဌိကို) မမှီသော အာသဝေါကင်းသော ထိုပုဂ္ဂိုလ်ကိုလည်း ပညာရှိတို့သည် မုနိဟူ၍သိကုန်၏။ (၁၃)

၂၂၂။ ရဟန်းနှင့်လူ နှစ်ယောက်သူတို့သည် မတူညီကြကုန်၊ ဝေးသောနေရာ ဝေးသောအသက်မွေးမှုရှိကုန်၏၊ လူသည် သားမယားကို လုပ်ကျွေး၏၊ (ရဟန်းသည်) မက်မောခြင်းလည်းကင်း၍ အကျင့်လည်းကောင်း၏၊ လူသည် တပါးသောသတ္တဝါတို့ကို သတ်ဖြတ်မှုမှ မစောင့်စည်း ရဟန်းသည် အမြဲစောင့်စည်းသည်ဖြစ်၍ သတ္တဝါတို့ကို စောင့်ရှောက်၏။ (၁၄)

၂၂၃။ ဦးစွန်းရှိသော စိမ်းညိုသော လည်ရှိသော ဥဒေါင်းငှက်သည် ဟသ်ာ၏ လျင်မြန်ခြင်းကို တခါတရံမျှ မမှီနိုင်သကဲ့သို့ ဤအတူ လူသည် မုနိဟုဆိုအပ်သော ကိလေသာမှ ကင်းဆိတ်၍ တောသ၌ စျာန်ဝင်စားလေ့ရှိသော ရဟန်း၏ လျင်မြန်ခြင်းကို အတုလိုက်၍ မပြုနိုင် ဟု(မိန့်တော်မူ၏)။ (၁၅)

တဆယ့်နှစ်ခုမြောက် မုနိသုတ် ပြီး၏။

# ရှေးဦးစွာသော ဥရဂဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂-စူဠဝဂ်

## ၁-ရတနသုတ်

၂၂၄။ မြေ၌တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌တည်ကုန်သော နတ်တို့သည်၎င်း ဤအရပ်သို့ အညီအညွတ်လာကြကုန်၏၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော နတ်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်ကြစေကုန်သတည်း၊ ထိုမှတပါးလည်း(ငါဘုရား) ဟောအပ်သော ပရိတ်တရားတော်ကို ရိုသေစွာ နာကြစေကုန်သတည်း။ (၁)

၂၂၅။ နတ်များတို့ ထို့ကြောင့်သာလျှင် အသင်နတ်အားလုံးတို့သည် ဟောတော်မူအပ်သော ပရိတ်တရားတော်ကို စိတ်၌ သိမှီးသိမ်းဆည်းကြကုန်လော့၊ လူသတ္တဝါအပေါင်း၌ မေတ္တာကို ပြုကြကုန်လော့၊ အကြင်သူတို့သည် နေ့၌၎င်း ညဥ့်၌၎င်း သင်တို့အား ပူဇော်ပသခြင်းကိုပြုကြကုန်၏၊ ထို့ကြောင့်သာလျှင် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြကုန်လော့။ (၂)

၂၂၆။ ဤလူ့ပြည်၌၎င်း နဂါးဂဠုန်ပြည်တို့၌၎င်း နတ်ပြည်တို့၌၎င်း နှစ်သက်ခြင်းကို ဖြစ်စေတတ်သော မွန်မြတ်သော အလုံးစုံသော အကြင်ရတနာမျိုးသည် ရှိ၏၊ မြတ်စွာဘုရားနှင့်တူသော ထိုရတနာမျိုးသည် မရှိ၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။ (၃)

၂၂၇။ ကိလေသာကုန်ရာဖြစ်သော ရာဂ၏ကင်းရာ ဖြစ်သော သေခြင်းကင်းသော မြတ်သော အကြင်နိဗ္ဗာန်ကို တည်ကြည်သောစိတ်ရှိသော သာကီနွယ်ဖွား မြတ်ဘုရားသည် ရတော်မူ၏၊ ထို(နိဗ္ဗာန်)တရားနှင့်တူသော တစုံတခုသော ရတနာမျိုးသည် မရှိ၊ နိဗ္ဗာန်တရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၄)

၂၂၈။ ဘုရားမြတ်သည် အကြင် (အရဟတ္တမဂ်နှင့် ယှဉ်သော) သမာဓိကို စင်ကြယ်၏ဟု ချီးမွမ်းတော်မူ၏၊ အကြင်(အရဟတ္တမဂ်နှင့် ယှဉ်သော) သမာဓိကို မိမိအခြားမဲ့၌ အကျိုးပေး၏ဟု (ဘုရားသျှင်တို့) ဟောဆိုကုန်၏၊ ထိုအရဟတ္တမဂ်နှင့် ယှဉ်သော သမာဓိနှင့်တူသော တရားမျိုးသည် မရှိ၊ တရားတော်ဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့်(သတ္တဝါ)တို့ ချမ်းသာကြပါစေသတည်း။ (၅)

၂၂၉။ လေးယောက်အစုံဖြစ်ကုန်သော အကြင်ပုဂ္ဂိုလ်ရှစ်ယောက်တို့ကို သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သည် မြတ်သော အလှူကို ခံထိုက်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၌ လှူအပ်သော အလှူတို့သည် အကျိုးကြီးကုန်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။ (၆)

၂၃၀။ ဂေါတမမြတ်စွာဘုရားသာသနာ၌ အကြင်(ရဟန္တာ)ပုဂ္ဂိုလ်တို့သည် ခိုင်မြဲစွာသော စိတ်ဖြင့် ကောင်းစွာ အားထုတ်ကြကုန်၏၊ (ကိလေသာတို့မှ)ထွက်မြောက်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ရရောက်ထိုက်သော အရဟတ္တဖိုလ်ကို ရရောက်ကုန်သည်ဖြစ်၍ သေခြင်း

http://www.dhammadownload.com



ကင်းသော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရကုန်လျက် မပျက်မစီး အရဟတ္တဖလ သမာပတ်ကို ခံစားကုန်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။ (၇)

၂၃၀။ မြေ၌စိုက်ထူအပ်သော တံခါးတိုင်သည် အရပ်လေးမျက်နှာတို့မှ လာသော လေတို့ကြောင့် မတုန်လှုပ်သကဲ့သို့ အရိယသစ္စာတို့ကို ပညာဖြင့် သက်ဝင်၍ မြင်သော သောတာပန်ပုဂ္ဂိုလ်ကို ထိုတံခါးတိုင်နှင့် တူ၏ဟူ၍ ငါဆို၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၈)

၂၃၂။ အကြင်(သောတာပန်)ပုဂ္ဂိုလ်တို့သည် နက်နဲသော ဉာဏ်ပညာရှိသော မြတ်စွာဘုရား ကောင်းစွာ ဟောကြားအပ်သော အရိယသစ္စာတို့ကို ထင်ရှားအောင် ပြုကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ပြင်းထန်စွာ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက် ဘဝကို မယူကုန်၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့်(သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၉)

၂၃၃။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက်သာလျှင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဤတရားသုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏၊ ကိလေသာ စိုးစဉ်းမျှရှိစေကာမူ— (၁၀)

၂၃၄။ အပါယ်လေးပါးတို့မှ လွတ်၏၊ (အာနန္တရိက ကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၁၁)

၂၃၅။ ထို(သောတာပန်) ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ငှင်း နှုတ်ဖြင့်ငှင်း စိတ်ဖြင့်ငှင်း မကောင်းမှုကံကို ပြုစေကာမူ ထိုမိမိပြုသောမကောင်းမှုကို မဖုံးလွှမ်းတော့ပြီ၊ နိဗ္ဗာန်ကိုမြင်ပြီးဖြစ်သော (သောတာပန်)ပုဂ္ဂိုလ်၏ (ဖုံးလွှမ်းခြင်း)မပြုတော့သည့်အဖြစ်ကို (မြတ်စွာဘုရား) ဟောအပ်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။ (၁၂)

၂၃၆။ နွေဦးတု၏ အစဖြစ်သောတန်ခူးလ၌ ပင်လုံးကျွတ်ပွင့်သောအဖျားရှိသောတောအုပ်သည် ကျက်သရေရှိ၍ တင့်တယ်သကဲ့သို့ ထိုတောအုပ်လျှင် ဥပမာရှိသော နိဗ္ဗာန်သို့ရောက်စေတတ်သော (ပရိယတ္တိ)တရားတော်မြတ်ကို မြတ်သော (နိဗ္ဗာန်)အကျိုးငှါ ဟောတော်မူ၏၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၁၃)

၂၃၇။ မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်သော နိဗ္ဗာန်ကို သိတော်မူသော မြင့်မြတ်သော တရားကို ပေးတတ်သော မြင့်မြတ်သော မဂ်ကို ဆောင်တတ်သော မိမိထက်သာသူ မရှိသော မြတ်စွာဘုရားသည် မြင့်မြတ်သော တရားကို ဟောကြားတော်မူပြီ၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၁၄)

၂၃၈။ (အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား)ကံဟောင်းကုန်ပြီ၊ ကံသစ်မရှိတော့ပြီ၊ လာလတ္တံ့သော ဘဝ၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်သည် ပဋိသန္ဓေမျိုးစေ့ ကုန်ပြီးသည် ဖြစ်၍

http://www.dhammadownload.com



စည်ပင် ပြန့်ပွါးသော ဆန္ဒ မရှိကုန်၊ ဆီမီးသည် ငြိမ်းသကဲ့သို့ ပညာရှိသော ထိုရဟန္တာတို့သည် ငြိမ်းကုန်ပြီ၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။ (၁၅)

၂၃၉။ မြေ၌တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်၎င်း ဤအရပ်သို့ အညီအညွတ် လာကုန်၏၊ ထိုငါတို့သည် လာခြင်း ကောင်းတော်မူသော နတ်လူတို့သည်ပူဇော်အပ်သော မြတ်စွာဘုရားကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။ (၁၆)

၂၄၀။ မြေ၌တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်၎င်း ဤအရပ်သို့ အညီအညွတ်လာကုန်၏၊ ထိုငါတို့သည် ကိလေသာတို့ကို ဖျက်ဆီးသောအားဖြင့်ဖြစ်သော နတ်လူတို့သည် ပူဇော်အပ်သော တရားတော်ကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။ (၇)

၂၄၁။ မြေ၌တည်ကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်၎င်း ဤအရပ်သို့ အညီအညွတ်လာကုန်၏၊ ထိုငါတို့သည် မချွတ်မယွင်း ကျင့်ခြင်းရှိတော်မူသော နတ်လူတို့သည် ပူဇော်အပ်သော သံဃာတော်ကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့) ချမ်းသာကြပါစေသတည်းဟု (မိန့်တော်မူ၏)။

ရှေးဦးစွာသော ရတနသုတ် ပြီး၏။

---

## ၂-အာမဂန္ဓသုတ်

၂၄၂။ တရားသဖြင့် ရအပ်သော မြက်သီးစပါး ဆောင်းမေခါးပင့်သဏ္ဍာန် အနှံရှိသော စပါး အလေ့ကျပေါက်သော ပဲနောက်တို့ကို၎င်း သစ်ရွက်စိမ်းကို၎င်း သစ်မြစ်သစ်ဥကို၎င်း သစ်သီးဝလံကို၎င်း စားသုံးနေကြကုန်သော သူတော်ကောင်းတို့သည် ကာမကို အလိုရှိခြင်းဟူသောအကြောင်းကြောင့် ချွတ်ယွင်းသောစကားကို မဆိုကြကုန်။ (၁)

၂၄၃။ ကဿပနွယ်ဖွား မြတ်စွာဘုရား ကောင်းစွာပြုစီရင်ပြီး ကောင်းစွာချက်ပြုတ်ပြီး ဆုံးပြီးသော သူတပါးတို့ ပေးလှူအပ် ပူဇော်အပ်သော မွန်မြတ်သောငါးအမဲဟင်းလျာကို လည်းစား သလေးထမင်းကိုလည်းစားသော သင်သည် အညှီအဟောက်ကို စားသည်မည်၏။ (၂)

၂၄၄။ ဗြဟ္မာမင်း၏အဆွေဖြစ်တော်မူသော ကဿပမြတ်စွာဘုရား အညှီအဟောက်သည် ငါ့အား မအပ်ဟု အသျှင်ဘုရား ဆိုသည် မဟုတ်ပါလော၊ သို့ပါလျက် ကောင်းစွာစီရင်ထားသည့် ငှက်သားတို့နှင့်(တကွ)သလေးထမင်းကို စားဘိ၏၊ ကဿပမြတ်စွာဘုရား အသျှင်ဘုရားအား ဤအကြောင်းကို မေးပါ၏၊ အသျှင်ဘုရားပြောသော အညှီအဟောက်ဟူသည် အဘယ်မျှအပြားရှိပါသနည်း။ (၃)

http://www.dhammadownload.com



၂၄၅။ တိဿရသေ့ သူ့အသက်ကိုသတ်ခြင်း နှိပ်စက်ညှဉ်းဆဲခြင်း လက်ခြေစသည်ကို ဖြတ်ခြင်း နှောင်ဖွဲ့ခြင်း ခိုးယူခြင်း မမှန်ဆိုခြင်း စဉ်းလဲခြင်း လှည့်ပတ်ခြင်း အကျိုးမရှိသော ကျမ်းဂန်တို့ကို သင်ယူခြင်း သူတပါးသားမယားကို ပေါင်းဖော်မှီဝဲခြင်း ဤသည်ကား အညှီအဟောက်တည်း၊ အသားဟူသောဘောဇဉ်သည် အညှီအဟောက်မဟုတ်။ (၄)

၂၄၆။ ဤလောက၌ အကြင်သူတို့သည် ကာမတို့၌ မစောင့်စည်းကုန်၊ ရသာရုံတို့၌ မက်မောကုန်၏၊ မစင်ကြယ်သော မိစ္ဆာဇီဝအဖြစ်ကို မှီကုန်၏၊ နတ္ထိကဝါဒ အယူရှိကုန်၏၊ မညီညွတ်သော ကာယကံမှုစသည်နှင့်ပြည့်စုံ၏၊ သိစေနိုင်ခဲကုန်၏၊ ထိုသူတို့၏ ဤကာမတို့၌ မစောင့်စည်းမှုစသည်ပင် အညှီအဟောက်တည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။ (၅)

၂၄၇။ အကြင်သူတို့သည် ခေါင်းပါးသော အတ္တကိလမထ အကျင့် ရှိကုန်၏၊ ကြမ်းတမ်းကုန်၏၊ သူတပါး၏ ကျောက်ကုန်းသားကို စားသကဲ့သို့ ရှေ့တွင်ချီးမွမ်း၍ မျက်ကွယ်၌ ကဲ့ရဲ့ကုန်၏၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားကုန်၏၊သနားခြင်းကင်းကုန်၏၊ အလွန်မာနမူကုန်၏၊ မပေးတတ်သောအလေ့ရှိကုန်၏၊ တစုံတယောက်အား အနည်းငယ်မျှသော်လည်း မပေးလှူကုန်၊ ထိုသူတို့၏ ဤအတ္တကိလမထ စသည်ပင် အညှီအဟောက်တည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။ (၆)

၂၄၈။ အမျက်ထွက်ခြင်း မာန်ယစ်ခြင်း ခက်ထန်ခြင်း ဆန့်ကျင်ဘက် ပြုလုပ်ခြင်း လှည့်ပတ်ခြင်း ငြူစူခြင်း ဝါကြွားပလွား၍ ပြောဆိုခြင်း အလွန်မာန်မူခြင်း သူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း ဤသည်ပင် အညှီအဟောက်တည်း၊ အသားဟူသော ဘောဇဉ်သည် အညှီ အဟောက်မဟုတ်။ (၇)

၂၄၉။ ဤလောက၌ အကြင်လူယုတ်မာတိသည် မကောင်းသောအလေ့ ရှိကုန်၏၊ ကြွေးမြီကိုယူ၍ မပေးဆပ် ဖျက်ဆီးတတ်သည့်ပြင် ဂုံးချောတတ်ကုန်၏၊ ဤလောက၌ တံစိုးစားကာ ကောက်ကျစ်စဉ်းလဲသဖြင့် တရားစီရင်တတ်ကုန်၏၊သီလရှိယောင် အတုဆောင်တတ်ကုန်၏၊ အမိ အဖစသည်အပေါ်၌ ကြမ်းသော အမှုကို ပြုကုန်၏၊ ထိုသူတို့၏ ဤမကောင်းသော အလေ့စသည်ပင် အညှီအဟောက်တည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။ (၈)

၂၅၀။ ဤလောက၌ အကြင်သူတို့သည် သတ္တဝါတို့၌ သတ်ဖြတ်မှုတို့မှ မစောင့်စည်းကုန်၊ သူတပါးတို့၏ ဥစ္စာကိုယူ၍ ညှဉ်းဆဲရန် လုံ့လပြုကုန်၏၊ သီလမရှိကုန်၊ ကြမ်းတမ်းသော အမှုရှိကုန်၏၊ ကြမ်းသောစကားရှိကုန်၏၊ ရိုသေခြင်း ကင်းကုန်၏၊ ထိုသူတို့၏ ဤမစောင့်စည်းခြင်းစသည်ပင် အညှီအဟောက်တည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။ (၉)

၂၅၁။ အကြင်သူတို့သည် ဤသတ္တဝါတို့၌ မက်မောကုန်၏၊ မုန်းတီးဆန့်ကျင်ကုန်၏၊ ပြစ်မှားလွန်ကျူးခြင်းသို့ လျင်စွာ ကျရောက်တတ်ကုန်၏၊အကုသိုလ်ပြုရန် အမြဲမပြတ် လုံ့လ ပြုကုန်သည်ဖြစ်၍ တမလွန်ဘဝ၌ အမိုက်သို့ သွားကုန်၏၊ ငရဲ၌ ဦးခေါင်းစောက်ထိုးကျကုန်၏၊ ထိုသူတို့၏ ဤမက်မောမှုစသည်ပင် အညှီအဟောက်တည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။ (၁၀)

http://www.dhammadownload.com



၂၅၂။ ငါး အမဲတို့ကို မစားသော အဖြစ်သည်ငှင်း အဝတ်မဝတ်ခြင်းသည်ငှင်း ဦးပြည်းခြင်းသည်ငှင်း ဆံကျစ်မြှုံမှုန်အညစ်အကြေးသည်ငှင်း ရသေ့ပရိက္ခရာ သစ်နက်ရေတို့သည်ငှင်း မီးကိုပူဇော်ခြင်း မီးကို လုပ်ကျွေးခြင်းတို့သည်ငှင်း ယုံမှားခြင်းမှ မကူးမြောက်သေးသော သတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်၊ လောက၌ အကြင်သို့သဘောရှိကုန်သော မသေရန် (တောင့်တလျက်)ကိုယ်ကိုများစွာပူပန်စေတတ်သော အကျင့်တို့သည်ငှင်း ဗေဒင်တို့သည်ငှင်း ဟုံးပူဇော်သောအကျင့်တို့သည်ငှင်း ယစ်ပူဇော်ခြင်းသည်ငှင်း နွေဥတု၌ အပူခံခြင်းစသော ဥတုကို မှီဝဲခြင်းတို့သည်ငှင်း ယုံမှားခြင်းမှ မကူးမြောက်သေးသော သတ္တဝါကို မစင်ကြယ်စေနိုင်ကုန်။ (၁၁)

၂၅၃။ (အကြင်သူသည်)ထိုဣန္ဒြေခြောက်ပါးတို့၌လုံခြုံသည်ဖြစ်၍ ဣန္ဒြေတို့ကို ထင်ရှားသည်တို့ကို ပြုလျက် ကျင့်၏၊ သစ္စာလေးပါးတရား၌ တည်၏၊ ဖြောင့်မတ်သောသူ နူးညံ့သောသူ၏ အဖြစ်၌ မွေ့လျော်၏၊ ရာဂစသော ကပ်ငြိခြင်းကို လွန်မြောက်၏၊ ဆင်းရဲအားလုံးကို ပယ်၏၊ ထိုသူသည် ခိုင်မြဲသောပညာနှင့် ပြည့်စုံသည်ဖြစ်၍ မြင်အပ် ကြားအပ်သော အာရုံတို့၌ ကိလေသာတို့ဖြင့် မလိမ်းကျံတော့ပေ။ (၁၂)

၂၅၄။ ဤသို့ ကဿပမြတ်စွာဘုရားသည် ဤအနက်သဘောကို အထပ်ထပ် ဟောတော်မူ၏၊ ဗေဒင်တဖက်ကမ်းရောက်သော တိဿရသေ့သည်လည်း ထိုအနက်ကို သိ၏၊ ကိလေသာအညှီအဟောက် ကင်းတော်မူသော တဏှာဒိဋ္ဌိကို မှီတော်မမူသော သူတပါးတို့သည် အယူအားဖြင့် မဆွဲဆောင်နိုင်သော ကဿပမြတ်စွာဘုရားသည် ဆန်းကြယ်သော ဂါထာတို့ဖြင့် ဟောတော်မူ၏။ (၁၃)

၂၅၅။ ထိုတိဿရသေ့သည် ကဿပမြတ်စွာဘုရား၏ ကောင်းစွာ ဟောတော်မူအပ်သော ကိလေသာ အညှီအဟောက်ကင်းသော ဝဋ်ဆင်းရဲအားလုံးကို ပယ်ဖျောက်နိုင်သော တရားတော်ကို ကြားနာရ၍ နှိမ့်ချသော စိတ်ရှိလျက် မြတ်စွာဘုရားအား ရှိခိုးကာ ထိုအရပ်၌ပင်လျှင် ရဟန်းအဖြစ်ကို ကြားလျှောက်၏။ (၁၄)

နှစ်ခုမြောက် အာမဂန္ဓသုတ် ပြီး၏။

---

## ၃-ဟိရိသုတ်

၂၅၆။ မကောင်းမှုမှ ရှက်မှု'ဟိရီ'ကို လွန်ကာ ယင်းမကောင်းမှုမှရှက်မှုကို စက်ဆုပ်လျက် ငါကား သင်၏ မိတ်ဆွေဖြစ်ပါ၏ဟု နှုတ်ဖြင့်ပြောဆိုသော်လည်း မိမိပြုလုပ်ရန် စွမ်းနိုင်သော အမှုကိစ္စတို့ကိုမူ မယူတတ်သော အဆွေခင်ပွန်းတုကို ဤသူကား ငါ၏ အဆွေခင်ပွန်းမဟုတ်ဟု သိရာ၏။ (၁)

၂၅၇။ အကြင်သူသည် အဆွေခင်ပွန်းတို့၌ ပြုလုပ်မည်ဟု ပြောဆိုသော စကား၏ အနက်သို့ အစဉ်လိုက်သော ချစ်ဖွယ်သောစကားကို ပြောဆို၏၊ (ပြုလုပ်မည်ဟု) စကားကိုသာ ပြောဆိုဝန်ခံ၍ ပြောဆိုတိုင်း မပြုလုပ်သော ထိုသူကို ဤသူကား အဆွေ ခင်ပွန်းတုတည်းဟူ၍ ပညာရှိတို့ ပိုင်းခြား သိကုန်၏။ (၂)

http://www.dhammadownload.com



၂၅၇။ အကြင်သူသည် ကွဲပြားရမည်ကိုသာ တွေးတောယုံမှားလျက် အခါခပ်သိမ်း မမေ့မလျော့ပဲ မိမိကို အပြစ်တင်သောအခါ ပြန်၍ အပြစ်တင်ရန် အကြောင်းအခွင့်ကို သာလျှင် ရှုလျက်နေ၏၊ ထိုသူသည် အဆွေခင်ပွန်းစစ်မဟုတ်၊ အကြင်သူကား သားငယ်သည် အဖ၏ ရင်ခွင်၌ ယုံမှားကင်းလျက် အိပ်စက်နိုင်သကဲ့သို့ အကြင်အဆွေခင်ပွန်း၏ ရင်ခွင်၌ ယုံမှားကင်းလျက် အိပ်စက်နိုင်၏၊ အကြင်အဆွေခင်ပွန်းကိုလည်း သူတပါးတို့က အကြောင်း ရာထောင်ပြော၍သော်လည်း မဖျက်ဆီးနိုင်၊ ထိုသူ၏ ထိုသို့သဘောရှိသော အဆွေခင်ပွန်း သည် အဆွေခင်ပွန်းစစ်မည်၏။ (၃)

၂၅၈။ ဝမ်းမြောက်ခြင်းကို ပြုတတ်သော ဝီရိယသည် ချမ်းသာခြင်း၏အကြောင်းတည်း၊ ချီးမွမ်းခြင်းကို ဆောင်တတ်သော ဝီရိယသည် ချမ်းသာ၏၊ အကျိုးကို အလိုရှိသူသည် ယောကျ်ားအား လျောက်ပတ်သော ဝန်ကို ဆောင်လျက် သမ္ပဓာနန်လုံ့လကို ပွါးများ ၏။ (၄)

၂၅၉။ တရားတည်းဟူသော နှစ်သက်မှုပီတိအရသာကို သောက်ရသူသည် ဆိတ်ငြိမ် ရာ၌ရသော (တရား) အရသာကိုရင်း ကိလေသာအပူငြိမ်းရာ နိဗ္ဗာန်၏အရသာကိုရင်း သောက်ရသောကြောင့် ပူပန်မှုကင်း၏၊ မကောင်းမှုမှလည်း ကင်း၏ဟု (မိန့်တော်မူ၏)။ (၅)

သုံးခုမြောက် ဟိရိသုတ် ပြီး၏။

---

## ၄-မင်္ဂလသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ နတ်သားတယောက်သည် (ညဉ့်ဦးယံ) ကုန်လွန်ပြီးသော သန်ကောင်ယံအခါ၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကာ တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဂါထာ ဖြင့် လျှောက်၏—

၂၆၀။ (မြတ်စွာဘုရား) များစွာကုန်သော နတ်လူတို့သည် (မိမိ) ချမ်းသာကို တောင့်တကုန် သည်ဖြစ်၍ (မင်္ဂလာ) တရားတို့ကို ကြံကြကုန်၏၊ (အသျှင်ဘုရားသည်) မြင့်မြတ်သော (မင်္ဂလာ) တရားကို ဟောတော်မူပါလော့။ (၁)

၂၆၂။ (နတ်သား) သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းရင်း ပညာရှိတို့ကို မှီဝဲဆည်း ကပ်ရခြင်းရင်း ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်းရင်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သော မင်္ဂလာ တရားတည်း။ (၂)

၂၆၃။ (နတ်သား) သင့်လျော် လျောက်ပတ်သော အရပ်၌ နေရခြင်းရင်း ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုရှိသူ ဖြစ်ခြင်းရင်း မိမိ (ကိုယ်စိတ်) ကို ကောင်းစွာထားခြင်းရင်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၃)

http://www.dhammadownload.com



၂၆၄။ (နတ်သား) အကြားအမြင်များခြင်းရင်း (အပြစ်မရှိသော) အတတ်ကို တတ်ရခြင်းရင်း (မိမိတို့ဆိုင်ရာ)ဝိနည်းဥပဒေကို ကောင်းစွာကျင့်သုံးရခြင်းရင်း စကားကို ကောင်းစွာဆိုခြင်းရင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၄)

၂၆၅။ (နတ်သား)အမိအဖတို့ကို လုပ်ကျွေးခြင်းရင်း သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်းရင်း ပျင်းရိဖင့်နွှဲခြင်းစသော အနှောက်အရှက်မရှိမူ၍ အလုပ်အကိုင်တို့ကိုပြုလုပ်ရခြင်းရင်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၅)

၂၆၆။ (နတ်သား) အလှူပေးရခြင်းရင်း ကုသိုလ်ကမ္မပထတရားကို ကျင့်ရခြင်းရင်း ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ရခြင်းရင်း အပြစ်ကင်းသောအမှုတို့ကို ပြုရခြင်းရင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၆)

၂၆၇။ (နတ်သား)မကောင်းမှုမှ(စိတ်ဖြင့်) ရှောင်ကြဉ်ခြင်းရင်း မကောင်းမှုမှ (ကိုယ်နှုတ်ဖြင့်) ရှောင်ကြဉ်ခြင်းရင်း သေအရက်သောက်ခြင်းမှ စောင့်စည်းခြင်းရင်း ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းရင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၇)

၂၆၈။ (နတ်သား) (ရိုသေထိုက်သူတို့အား) ရိုသေခြင်းရင်း (မိမိကိုယ်ကို) နှိမ့်ချခြင်းရင်း ရောင့်ရဲလွယ်ခြင်းရင်း သူပြုဘူးသော ကျေးဇူးကို သိခြင်းရင်း သင့်တင့်သောအခါ၌ တရားနာခြင်းရင်း၊ ဤတရားငါးပါးသည် မြင့်မြတ်သောမင်္ဂလာတရားတည်း။

၂၆၉။ (နတ်သား) သည်းခံခြင်းရင်း သူတော်ကောင်းတို့၏ ဆုံးမစကားကို နာလွယ်ခြင်းရင်း ရဟန်းတို့အား ဖူးမြင်ခြင်းရင်း သင့်တင့်သောအခါ၌ တရားကို ဆွေးနွေးမေးမြန်းခြင်းရင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၉)

၂၇၀။ (နတ်သား) (အကုသိုလ်တရားတို့ကို) ပူပန်စေတတ်သော အကျင့်ကို ကျင့်ခြင်းရင်း မြတ်သောအကျင့်ကို ကျင့်ခြင်းရင်း အရိယသစ္စာတို့ကို (မဂ်ဖြင့်) မြင်ခြင်းရင်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းရင်း ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၁၀)

၂၇၁။ (နတ်သား)လောကဓံတို့နှင့်တွေ့သော အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်၊ စိုးရိမ်ခြင်းမရှိ၊ ကိလေသာမြူကင်း၏၊ ဘေးရန်မရှိ၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။ (၁၁)

၂၇၂။ (နတ်သား) မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ကို ပြုကျင့်သောကြောင့် ရန်သူဟူသမျှတို့တွင် (တယောက်မျှ) ရန်သူတို့ မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံသောအရပ်တို့၌ ကြီးပွါးချမ်းသာခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် ထိုတရားသုံးဆယ့်ရှစ်ပါးသည် ထိုနတ်လူတို့၏ မြင့်မြတ်သော မင်္ဂလာတရား မည်၏ဟု (မှတ်လေလော့ဟု မိန့်တော်မူ၏)။ (၁၂)

လေးခုမြောက် မင်္ဂလသုတ် ပြီး၏။

---

## ၅-သူစိလောမသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဂယာရွာ သူစိလောမဘီလူး၏ဗိမာန် ကျောက်ဖျာညောင်စောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ

http://www.dhammadownload.com



ခရလောမဘီလူးသည်၎င်း သူစိလောမဘီလူးသည်၎င်း မြတ်စွာဘုရား၏ မနီးမဝေး၌ လွန်၍ သွားကုန်၏၊ ထိုနောက် ခရလောမဘီလူးသည် သူစိလောမဘီလူးကို "ဤသူကား ရဟန်းတည်း" ဟု ပြောဆို၏၊ ဤသူကား ရဟန်းမဟုတ်၊ ဤသူကား ရဟန်းတုတည်း၊ ထိုသူသည် "ရဟန်းစစ် သော်လည်းဖြစ်စေ ရဟန်းတုသော်လည်းဖြစ်စေ ငါသိအောင်ပြုအံ့"ဟု (ဆို၏)။

ထို့နောက် သူစိလောမဘီလူးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ကိုယ်ကို တိုးဝှေ့၏၊ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်ကို တိမ်းဖယ်တော်မူ၏၊ ထို့နောက် သူစိလောမဘီလူး သည် မြတ်စွာဘုရားအား "ရဟန်း သင်သည် ငါ့ကို ကြောက်သလော"ဟု ဆို၏။ ဒကာဘီလူး ငါသည် သင့်ကို မကြောက်၊ စင်စစ်မှာမူ သင်၏အတွေ့သည် ယုတ်ညံ့၏ဟု (မိန့်ဆိုတော်မူ၏။

ရဟန်း သင့်ကို ပြဿနာမေးအံ့၊ အကယ်၍ မဖြေနိုင်မူ သင်၏စိတ်ကိုသော်လည်း ပျံ့လွင့်စေအံ့၊ သင်၏နှလုံးသားကိုမူလည်း ခွဲလိုက်အံ့၊ ခြေတို့ကိုမူလည်း ကိုင်၍ မြစ်ကမ်းတဖက်သို့ ပစ်ချလိုက်အံ့ဟု (ဆို၏)။

ဒကာဘီလူး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ ငါ၏စိတ်ကိုသော်လည်း ပျံ့လွင့်စေနိုင်သူ နှလုံးသားကို မူလည်း ခွဲနိုင်သူ ခြေတို့ကိုမူလည်း ကိုင်၍ မြစ်တဖက်ကမ်းသို့ ပစ်ချနိုင်သူကို ငါဘုရား မြင်တော် မမူ၊ သို့ပင်ဖြစ်စေကာမူ ဒကာဘီလူး အလိုရှိသော် ပြဿနာကို မေးလော့ဟု (မိန့်တော်မူ၏)။ ထို့နောက် သူစိလောမဘီလူးသည် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို (လျှောက်ထား)၏—

၂၇၃။ (ရဟန်း)ရာဂသည်၎င်း ဒေါသသည်၎င်း အဘယ်လျှင် အကြောင်းရှိကုန်သနည်း၊ မမွေ့လျော်မှုသည်၎င်း မွေ့လျော်မှုသည်၎င်း ကြက်သီးမွေးညင်းထမှုသည်၎င်း အဘယ်မှ ဖြစ်သနည်း၊ သူငယ်တို့သည် ကျီးကိုဖမ်း၍ (ကြိုးဖြင့်)ဖွဲ့ကာ လွှတ်ကုန်သကဲ့သို့ ဤအတူ ကာမဝိတက်စသည်တို့သည် အဘယ်မှဖြစ်၍ ကုသိုလ်စိတ်ကို လွှတ်ကုန်သနည်း။ (၁)

၂၇၄။ (ဘီလူး) ရာဂသည်၎င်း ဒေါသသည်၎င်း ဤ(အတ္တဘော)လျှင် အကြောင်းရှိ ကုန်၏၊ မမွေ့လျော်မှုသည်၎င်း မွေ့လျော်မှုသည်၎င်း ကြက်သီးမွေးညင်းထမှုသည်၎င်း ဤ အတ္တဘောမှ ဖြစ်ကုန်၏၊ သူငယ်တို့သည် ကျီးကို ဖမ်း၍ (ကြိုးဖြင့်)ဖွဲ့ကာ လွှတ်ကုန်သကဲ့သို့ ဤအတူ ကာမဝိတက်စသည်တို့သည် ဤအတ္တဘောမှဖြစ်၍ ကုသိုလ်စိတ်ကို လွှတ် ကုန်၏။ (၂)

၂၇၅။ ပညောင်ပင်၏မြစ်ပျဉ်းတို့သည် ပင်စည်ဘို့၌ ဖြစ်ကုန်သကဲ့သို့ တဏှာအစေးကြောင့် ဖြစ်ကုန်သော ရာဂစသော တရားတို့သည် အတ္တဘော၌ ဖြစ်ကုန်၏၊ တော၌ ဖြစ်သော မာလောနွယ်သည် မိမိနွယ်သောသစ်ပင်ကို ထက်ဝန်းကျင် ရစ်ပတ်ပိတ်ဆို့သကဲ့သို့ များစွာ သော ကိလေသာတို့သည် ကာမဂုဏ်တို့၌ ငြိတွယ်လျက် တည်ကုန်၏။ (၃)

၂၇၆။ ဘီလူး နားထောင်လော့၊ အကြင်သူတို့သည် ထိုအတ္တဘောကိုသိကုန်၏၊ ယင်း အတ္တဘောလျှင်အကြောင်းရှိသော တဏှာကိုလည်း သိကုန်၏၊ ထိုသူတို့သည် ထိုအတ္တဘော ၏အကြောင်းဖြစ်သော တဏှာအစေးကို ပယ်ဖျောက်ကုန်၏၊တဖန်ဘဝသစ်၌ မဖြစ်စေခြင်း

http://www.dhammadownload.com



ငှါ မကူးမြောက်ဘူးသေးသော ကူးခပ်နိုင်ခဲသော ဤသံသရာဩဃကို ကူးမြောက်ကုန်၏ဟု (မိန့်တော်မူ၏)။ (၄)

ငါးခုမြောက် သူစိလောမသုတ် ပြီး၏။

## ၆-ဓမ္မစရိယသုတ်

၂၇၇-၂၇၈။ တရားကျင့်ခြင်းကိုရင်း မြတ်သောအကျင့်ကို ကျင့်ခြင်းကိုရင်း ဤနှစ်ပါးစုံကို မြတ်သောဥစ္စာရတနာဟူ၍ ဆိုကုန်၏၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်၍ ရဟန်းပြုသူ အကယ်၍ဖြစ်သော်လည်း ဖြစ်စေကာမူ-ထိုရဟန်းသည် နှုတ်ကြမ်းသော သဘောရှိသူ သူတပါးတို့ကို ညှဉ်းဆဲခြင်း၌ အလွန်မွေ့လျော်သူ သားသမင်နှင့်တူသူဖြစ်ခဲ့ပါမူ ထိုရဟန်း၏အသက်ရှင်နေခြင်းသည် ယုတ်ညံ့၏၊ မိမိ၏ကိလေသာမြူကို ပွါးစေ၏။ (၁-၂)

၂၇၉။ ခိုက်ရန်ဖြစ်ခြင်း၌ မွေ့လျော်သောရဟန်းသည် မောဟတရားဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ (သူတော်ကောင်းတို့) ပြောကြားသည်ကိုလည်း မသိနိုင်၊ မြတ်စွာဘုရား ဟောကြားအပ်သော တရားကိုလည်း မသိနိုင်။ (၃)

၂၈၀။ စိတ်ကို ပွါးများပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ကို ညှဉ်းဆဲသောသူသည် အဝိဇ္ဇာခြံရံအပ်သည်ဖြစ်၍ (ယခုဘဝ၌) စိတ်ညစ်ညူးကြောင်း (နောင်အခါ) ငရဲသို့ကျရောက်ကြောင်းဖြစ်သော အကုသိုလ်လမ်းခရီးကို မသိနိုင်။ (၄)

၂၈၁။ (ဤသို့မသိသူသည် ဤခရီးဖြင့်ပင်)ပျက်စီး၍ကျရာ အပါယ်သို့ ရောက်ရ၏၊ အမိဝမ်းတိုက်တခုမှ အမိဝမ်းတိုက်တခုသို့ အမိုက်တိုက်တခုမှ အမိုက်တိုက်တခုသို့ ရောက်ရ၏၊ ထိုသို့သဘောရှိသော ထိုရဟန်းသည် တမလွန်ဘဝ၌ ဆင်းရဲသို့ ရောက်ရ၏။ (၅)

၂၈၂။ နှစ်-လ-များစွာကြာရှိပြီးသော မစင်တွင်းသည် မစင်ဖြင့် ပြည့်သည်ဖြစ်၍ (ဆေးကြောနိုင်ခဲသည်) ဖြစ်ရာသကဲ့သို့ အကြင်ရဟန်းသည်လည်း ဤဥပမာသဘောရှိသူ ဖြစ်ငြားအံ့၊ ကိလေသာ အညစ်အကြေးရှိသော ထိုရဟန်းသည် အကုသိုလ်မစင်ဖြင့် ပြည့်သဖြင့် ဆေးကြော၍ စင်ကြယ်စေနိုင်ခဲ၏။ (၆)

၂၈၃။ ရဟန်းတို့ ကာမဂုဏ်ငါးပါးကို မှီသော ယုတ်ညံ့သောအလို ယုတ်ညံ့သောအကြံ ယုတ်ညံ့သောအကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' ရှိသော ဤသို့သဘော ရှိသည့် အကြင်ရဟန်းကို သင်တို့ သိကြကုန်မူ- (၇)

၂၈၄။ အလုံးစုံသောသင်တို့သည် ညီညွတ်ကြကုန်လျက် ထိုရဟန်းကို ရှောင်ကြဉ်ကြကုန်လော့၊ အမှိုက်ကဲ့သို့ မှုတ်လွှင့်နှင်ထုတ်ကြကုန်လော့၊ ယောက်သွားပုပ်ကဲ့သို့ ဆွဲထုတ်ကြကုန်လော့။ (၈)

၂၈၅။ စပါးဖျင်းကဲ့သို့သော ရဟန်းတို့ကို ထိုသံဃာ့ဘောင်မှ မျှောလွင့်ကြကုန်လော့၊ ရဟန်းမဟုတ်ပဲ ငါရဟန်းဟု မှတ်ထင်သော ယုတ်ညံ့သောအလို ယုတ်ညံ့သောအကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' ရှိကုန်သော ရဟန်းတို့ကို နှင်ထုတ်ကြကုန်၍- (၉)

http://www.dhammadownload.com



၂၇၆။ စင်ကြယ်သောရဟန်းတို့သည် စင်ကြယ်သောရဟန်းတို့နှင့် ရှိသေကျိုးနွံကြကုန်လျက် ပေါင်းသင်းမှုကို ပြုကြကုန်လော့၊ထို့နောက် ညီညွတ်ကြကုန် ပညာဉာဏ်ရင့်ကျက်ကြကုန်သည်ဖြစ်၍ ဆင်းရဲ၏အဆုံးကို ပြုကြကုန်လော့ဟု (မိန့်တော်မူ၏)။ (၁၀)

ခြောက်ခုမြောက် ဓမ္မစရိယသုတ် ပြီး၏။

---

## ၇-ဗြာဟ္မဏဓမ္မိကသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့ ရောက်ကုန်သော များစွာသော ကောသလတိုင်းသား ပုဏ္ဏားသူဌေးကြီးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောအရပ်၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ယခုခေတ်ပုဏ္ဏားတို့ကို ရှေးခေတ်ပုဏ္ဏားတို့၏ ဗြာဟ္မဏကျင့်စဉ်တရား၌ တွေ့မြင်ကြရကုန်၏လော' ဟု လျှောက်ကုန်၏။

ပုဏ္ဏားတို့ ယခုခေတ်ပုဏ္ဏားတို့ကို ရှေးခေတ်ပုဏ္ဏားတို့၏ ဗြာဟ္မဏကျင့်စဉ်တရား၌ မတွေ့မြင်ရတော့ကုန်ဟု (မိန့်တော်မူ၏)၊ တောင်းပန်ပါ၏-အသျှင်ဂေါတမအား ဝန်မလေးပါမူ အသျှင်ဂေါတမသည် ရှေးခေတ်ပုဏ္ဏားတို့၏ ဗြာဟ္မဏကျင့်စဉ်တရားကို အကျွန်ုပ်တို့အား ဟောတော်မူပါလော့ဟု (လျှောက်၏)။

ပုဏ္ဏားတို့ သို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု(မိန့်တော်မူ၏)၊ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုပုဏ္ဏားသူဌေးကြီးတို့သည် မြတ်စွာဘုရားအား ပြန်လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

၂၇၇။ (ပုဏ္ဏားတို့) ရှေး၌ဖြစ်သော ရသေ့တို့သည် ကောင်းစွာစောင့်စည်းသောစိတ်ရှိကုန်၏၊ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံကုန်၏၊ကာမဂုဏ်ငါးပါးတို့ကို စွန့်ကြ၍ မိမိအကျိုးကို ကျင့်ကုန်၏။ (၁)

၂၇၈။ (ရှေးခေတ်) ပုဏ္ဏားတို့အား နွားမြင်းစသည် မရှိကုန်၊ ရွှေငွေမရှိ၊ ဥစ္စာစပါးမရှိ၊ ဗေဒင်ကို သရဇ္ဈာယ်ခြင်းတည်းဟူသော ဥစ္စာစပါးသာ ရှိကုန်၏၊ မေတ္တာစသော မြတ်သော ရွှေအိုးကို စောင့်ရှောက်ကုန်၏။ (၂)

၂၇၉။ ပုဏ္ဏားတို့အား ရည်ညွှန်း၍ စီရင်အပ်သော ဒွါရဘတ်[၁]ကို ထိုပုဏ္ဏားတို့အတွက် တည်ထားအပ်ပြီ၊ သဒ္ဓါ၍စီရင်အပ်သော ထိုဒွါရဘတ်ကို ရှာမှီးသောပုဂ္ဂိုလ်တို့အား ပေးလှူရမည်ဟူ၍ အလှူဒါယကာတို့သိမှတ်ထားကြကုန်၏။ (၃)

၂၈၀။ ဆိုးရေအမျိုးမျိုးတို့ဖြင့် ဆိုးအပ်ကုန်သော အဝတ်ပုဆိုး အိပ်ရာ နေရာ နေအိမ်တို့ဖြင့် စည်ပင်ဝပြောကုန်သော ဇနပုဒ်သူ ဇနပုဒ်သားတို့သည်ရှင်း နိုင်ငံသူ နိုင်ငံသားတို့သည်ရှင်း ထိုပုဏ္ဏားတို့ကို ရှိခိုးကုန်၏။ (၄)

---

၁။ ဒွါရဘတ် (ဒွါရဘတ္တ)အ လှူခံပုဂ္ဂိုလ်တို့လာသောအခါ လောင်းလှူရန် အိမ်တံခါးဝ၌ အသင့်ထားသော ထမင်း။

http://www.dhammadownload.com



၂၉၁။ ထိုရှိခိုးထိုက်သော ပုဏ္ဏားတို့သည် တရားစောင့်သူတို့ ဖြစ်ကုန်ရကား လူတို့က မသတ်ထိုက်သူတို့လည်း ဖြစ်ကုန်၏၊ နှိပ်စက်၍ အနိုင်မယူထိုက်သူတို့လည်း ဖြစ်ကုန်၏၊ အိမ်တံခါးတို့၌ အချင်းခပ်သိမ်း တစုံတယောက်သောသူကမျှ ထိုပုဏ္ဏားတို့ကို မတားမြစ်ပေ။ (၅)

၂၉၂။ ထိုပုဏ္ဏားတို့သည် လေးဆယ့်ရှစ်နှစ်တိုင်အောင် မေထုန်ရှောင်ကြဉ်မှု ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်ကုန်၏၊ ရှေးခေတ်ပုဏ္ဏားတို့သည် ဗေဒင်သရဏ္ဍာယ်မှု 'ဝိဇ္ဇာ'နှင့် သီလစောင့်ထိန်းမှု 'စရဏ' ရှာမှီးသောအကျင့်ကို ကျင့်ကြကုန်၏။ (၆)

၂၉၃။ ထိုပုဏ္ဏားတို့သည် မင်းစသောတစုံတယောက်ထံသို့မျှ မကပ်ကုန်၊ မယားကိုလည်း မဝယ်ယူကုန်၊ အချင်းချင်း မြတ်နိုးသဖြင့်သာလျှင် ပေါင်းဖော်နိုးနှောကြကုန်လျက် အညီအမျှ နှစ်သက်ကြကုန်၏။ (၇)

၂၉၄။ (ရှေး) ပုဏ္ဏားတို့သည် ထိုဥတုလာပြီးစ သွားလာထိုက်သောအခါမှ တပါးသောအခါ၌ ဥတုမှုကင်းသော မယားကို ဥတုနှစ်ခုတို့၏အကြား၌ မေထုန်အလို့ငှါ မကပ်ရောက်ကုန်။ (၈)

၂၉၅။ အကျင့်မြတ်ကိုရင်း သီလကိုရင်း ဖြောင့်မတ်ခြင်းကိုရင်း နူးညံ့သိမ်မွေ့ခြင်းကိုရင်း ဣန္ဒြေစောင့်စည်းခြင်းကိုရင်း ကောင်းသောအကျင့်၌ မွေ့လျော်ခြင်းကိုရင်း မပုတ်ခတ်မညှဉ်းဆဲခြင်းကိုရင်း သည်းခံခြင်းကိုရင်း ချီးမွမ်းကုန်၏။ (၉)

၂၉၆။ ပုဏ္ဏားတို့တွင် အကြင်ပုဏ္ဏားသည် ဗြဟ္မာကဲ့သို့ မြင့်မြတ်သူဖြစ်၏၊ မြဲမြံသော ဝီရိယရှိ၏၊ ထိုပုဏ္ဏားတို့သည်မေထုန်အကျင့်သို့ အိပ်မက်၌သော်မျှလည်း မရောက်ကုန်။(၁၀)

၂၉၇။ ဤလောက၌ လိမ္မာသော သဘောရှိကုန်သော အချို့သူတို့သည် ထိုမြတ်သော ပုဏ္ဏား၏ကျင့်ဝတ်ကို အတုလိုက်၍ ကျင့်ကြကုန်လျက် အကျင့်မြတ်ကိုရင်း သီလကိုရင်း သည်းခံခြင်းကိုရင်း ချီးမွမ်းကုန်၏။ (၁၁)

၂၉၈။ ဆန်ကိုရင်း အိပ်ရာနေရာကိုရင်း အဝတ်ကိုရင်း ထောပတ်ကိုရင်း ဆီကိုရင်း တရားသဖြင့် တောင်းခံ၍စုရုံးပြီးလျှင် ထိုအစုအပုံမှ ယဇ်ပူဇော်ခြင်းကို ပြုကြကုန်၏။ (၁၂)

၂၉၉။ ယဇ်ပူဇော်ရန် အချိန်ကျရောက်လတ်သော် ထိုပုဏ္ဏားတို့သည် နွားတို့ကို မသတ်ကုန်၊ နွားမတို့၌ ဆေးဖြစ်ကုန်သော နွားနို့ အရသာတို့ ဖြစ်ပေါ်လာကုန်ရကား နွားတို့သည် အမိအဖညီအစ်ကို ထိုမှတပါးသော ဆွေမျိုးတို့ကဲ့သို့ ငါတို့၏ မြတ်သော အဆွေခင်ပွန်းနှင့် တူကုန်၏။ (၁၃)

၃၀၀။ ထိုနွားမတို့သည် ငါတို့အား ထမင်းကို ပေးကုန်၏၊ခွန်အားကို ပေးကုန်၏၊အဆင်းကို ပေးကုန်၏၊ချမ်းသာကို ပေးကုန်၏၊ဤသို့သော အကျိုးထူးကို သိကုန်၍ ထိုပုဏ္ဏားတို့သည် နွားတို့ကို မသတ်ကြကုန်။ (၁၄)

http://www.dhammadownload.com



၃၀၁။ ပုဏ္ဏားတို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ကြီးသောကိုယ်ရှိကုန်၏၊ရုပ်အဆင်းလှကုန်၏၊ အခြံအရံများကုန်၏၊မိမိဥစ္စာကိုယ်ကျင့်တရားတို့ဖြင့် ပြုထိုက်သောကိစ္စ မပြုထိုက်သောကိစ္စ တို့၌ ကြောင့်ကြစိုက်ကုန်၏၊ လောက၌ ဆိုအပ်ပြီးသောအကျင့်ကို ပုဏ္ဏားတို့ လိုက်နာ ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ဤသတ္တဝါအပေါင်းသည် ချမ်းသာကြီးပွါးခြင်းသို့ ရောက်နိုင်၏။ (၁၅)

၃၀၂။ ထိုပုဏ္ဏားတို့အား အနည်းငယ် (ကာမဂုဏ်) ကြောင့်ဖြစ်သော အနည်းငယ် (ချမ်းသာ)ကိုမြင်၍ ဖောက်ပြန်သော အသိဉာဏ်ဖြစ်၏၊ မင်း၏စည်းစိမ်ကိုရင်း ကောင်းစွာ တန်ဆာဆင်အပ်သော မိန်းမတို့ကိုရင်း။ (၁၆)

၃၀၃။ အာဇာနည်မြင်း က ကုန်သော ကောင်းစွာပြုသော ဆန်းကြယ်စွာ ချုပ်အပ် ကုန်သော ရထားတို့ကိုရင်း ဝေဖန်အပ်ကုန်သော အဘို့အစုအားဖြင့် နိုင်းရှည့်အပ်ကုန်သော အိပ်ရာ နေရာတို့ကိုရင်း အိမ်တို့ကိုရင်း မြင်ရ၍ ဖောက်ပြန်သော အသိဉာဏ်ဖြစ်၏။ (၁၇)

၃၀၄။ ပုဏ္ဏားတို့သည် နွားအပေါင်းတို့ဖြင့် ရောပြွမ်းသော မိန်းမမြတ်အပေါင်းနှင့် ပြည့်စုံသည့် ပြန့်ပြောများပြားသော လူ့စည်းစိမ်ကို တောင့်တကြံစည်ကြကုန်၏။ (၁၈)

၃၀၅။ ထိုအခါ ထိုပုဏ္ဏားတို့သည် ထိုစည်းစိမ်ဟူသော အကြောင်းကြောင့် ဗေဒင်ကျမ်း တို့ကို ဖွဲ့နွဲ့စီကုံးကြပြီးလျှင် (မင်းကြီး) သင်မင်းကြီးအား စည်းစိမ်များ၏၊ ယဇ်ပူဇော် ပါလော့၊ သင်မင်းကြီးအား ဥစ္စာများ၏၊ ယဇ်ပူဇော်ပါလော့၊ဤသို့ ယဇ်ပူဇော်သည်ရှိသော် အသင်မင်းကြီးအား နောင်အခါ ဥစ္စာစပါး ပေါများလတ္တံ့ဟု ပြောဆိုကာ ဩက္ကာကမင်း ထံသို့ ချဉ်းကပ်ကြကုန်၏။ (၁၉)

၃၀၆။ ထိုအခါ ရထားစီး မင်းတကာတို့ထက်မြတ်သော ဩက္ကာကမင်းသည် ပုဏ္ဏားတို့ တိုက်တွန်းအပ်သည်ဖြစ်ရကား မြင်းတို့ကို သတ်၍ ယဇ်ပူဇော်မှု 'အဿမေဓယဇ်' ယောကျ်ားတို့ကို သတ်၍ ယဇ်ပူဇော်မှု 'ပုရိသမေဓယဇ်' ထမ်းပိုးကျည်းကို ပစ်၍ ထိုထမ်းပိုး ကျည်းကျရာ၌ ယဇ်မြေပြုလျက် ပူဇော်မှု 'သမ္မာပါသယဇ်' ထောပတ်ဆနော ပျားသကာ တို့ကို သောက်ရာဖြစ်သော 'ဝါဇပေယျယဇ်' တံခါးရွက်ကိုဖွင့်လှစ်၍ပူဇော်မှု 'နိရဂ္ဂဠယဇ်' ဟူကုန်သော ယဇ်တို့ကို ပူဇော်၍ ပုဏ္ဏားတို့အား ဥစ္စာကိုပေး၏။ (၂၀)

၃၀၇။ နွားတို့ကိုရင်း အိပ်ရာနေရာကိုရင်း အဝတ်ကိုရင်း ကောင်းစွာ တန်ဆာဆင်အပ် သော မိန်းမတို့ကိုရင်း အာဇာနည်မြင်းကသော ကောင်းစွာပြုအပ်သော ဆန်းကြယ်စွာ ချုပ်အပ်သော ရထားတို့ကိုရင်း ပေး၏။ (၂၁)

၃၀၈။ အဘို့အစုအားဖြင့် ကောင်းစွာဝေဖန်အပ်ကုန်သော မွေ့လျော်ဖွယ်ရာ အိမ်တို့ကို အထူးထူးသော ဥစ္စာစပါးဖြင့် ပြည့်စေ၍ ပုဏ္ဏားတို့အား ဥစ္စာကိုပေး၏။ (၂၂)

၃၀၉။ ထိုပုဏ္ဏားတို့သည်လည်း ထို(ယဇ်ပွဲ)၌ ဥစ္စာကို ရကုန်၍ သိုမှီးမှုကို လိုအား နှစ် သက်ကြကုန်၏၊ အလိုဆိုးဖြင့် စိတ်သက်ဝင်ကုန်သော ထိုပုဏ္ဏားတို့အား အလွန်အလွန် တဏှာပွါးများတော့၏၊ ထိုပုဏ္ဏားတို့သည် ထို(တဏှာပွါးများခြင်း)ကြောင့် ဗေဒင်ကျမ်း တို့ကို ဖွဲ့နွဲ့စီကုံး၍ ဩက္ကာကမင်းထံသို့ တဖန်ချဉ်းကပ်ကုန်၏။ (၂၃)

၃၁၀။ (မင်းမြတ်)ရေသည်ရင်း မြေသည်ရင်း ရွှေငွေသည်ရင်း ဥစ္စာစည်းစိမ်သည်ရင်း မုယောစသော ကောက်ပဲသည်ရင်း သတ္တဝါတို့၏အသုံးအဆောင်ဖြစ်သကဲ့သို့ ဤအတူ နွား

http://www.dhammadownload.com



တို့သည် လူဘို့၏အသုံးအဆောင်ဖြစ်ကုန်၏၊ သင်မင်းကြီးအား စည်းစိမ်များ၏၊ ယဇ်ပူဇော်ပါလော့၊ သင်မင်းကြီးအား ဥစ္စာများ၏၊ ယဇ်ပူဇော်ပါလော့။ (၂၄)

၃၁၁။ ထိုအခါ၌လည်း ရထားစီး မင်းတကာတို့ထက် မြတ်သော ဩက္ကာကမင်းသည် ပုဏ္ဏားတို့က တိုက်တွန်းအပ်သည် ဖြစ်ရကား အရာအထောင်မက များကုန်သော နွားတို့ကို ယဇ်ပူဇော်ရာ၌ သတ်လေ၏။ (၂၅)

၃၁၂။ နွားမတို့သည် သိုးနှင့်တူကုန်သည်ဖြစ်၍ ခြေဖြင့်လည်း မကန်ကျောက်တတ်ကုန်၊ ဦးချိုဖြင့်လည်း မဝှေ့တတ်ကုန်၊ တစုံတခုမျှဖြင့်လည်း မနှိပ်စက်တတ်ကုန်၊ ငြိမ်းအေးစွာ နေမှု၌ မွေ့လျော်ကုန်သော အိုးဖြင့် နို့ညှစ်ခံကုန်သော ထိုနွားမတို့ကို ဦးချိုတို့၌ ကိုင်လျက် ဩက္ကာကမင်းသည် ဓားဖြင့် သတ်၏။ (၂၆)

၃၁၃။ ထို့နောက် နတ်တို့သည်၎င်း ဗြဟ္မာတို့သည်၎င်း သိကြားမင်းသည်၎င်း အသုရာ ရက္ခိုက်တို့သည်၎င်း နွားတို့ကို ဓားဖြင့် သတ်ခြင်းသည် မတရားဟူ၍ ပြောဆိုလျက် ဖဲခွါသွားကြကုန်၏။ (၂၇)

၃၁၄။ ရှေးအခါက လိုချင်ခြင်း ဆာလောင်မွတ်သိပ်ခြင်း အိုမင်းခြင်းဟူသော အနာရောဂါ သုံးမျိုးတို့သာ ဖြစ်ကုန်၏၊ ယခုသော်ကား နွားတို့ကို သတ်ဖြတ်နှိပ်စက်ခြင်းကြောင့် အနာမျိုး ကိုးဆယ့်ရှစ်ပါးတို့သည် ဖြစ်ပေါ်လာကုန်၏။ (၂၈)

၃၁၅။ ရှေးဩက္ကာကမင်း လက်ထက်ကဖြစ်သော ဤမတရားသော အကျင့်သည် ဒဏ် သုံးပါးတို့တွင် တပါးပါးသော ဒဏ်သို့ သက်ဝင်လျက် ဖြစ်၏၊ ယဇ်ပူဇော်သူတို့သည် မပြစ်မှားထိုက်သော နွားတို့ကို သတ်ကြကုန်ရကား တရားမှ ဆုတ်ယုတ်ရွေ့လျောကုန်၏။ (၂၉)

၃၁၆။ ဤသို့ ရှေး၌ဖြစ်သော ဤအယုတ်တရားကို ပညာရှိတို့ ကဲ့ရဲ့ထိုက်၏၊ ဤသို့ သဘောရှိသော ယဇ်ပူဇော်သူကို တွေ့မြင်ရာအရပ်၌ လူအပေါင်းသည် ကဲ့ရဲ့၏။ (၃၀)

၃၁၇။ ဤသို့ ပုဏ္ဏားတို့ တရားပျက်စီးလတ်သော် သူဆင်းရဲမျိုးတို့သည်၎င်း ကုန်သည်မျိုးတို့သည်၎င်း ပျက်စီးကုန်၏၊ များစွာသော မင်းမျိုးတို့သည်လည်း ပျက်စီးကုန်၏၊ မယားတို့သည် လင်ကို မထေမဲ့မြင် ပြုကုန်၏။ (၃၁)

၃၁၈။ မင်းတို့သည်၎င်း ဗြဟ္မာမျိုးအမည်ခံ ပုဏ္ဏားတို့သည်၎င်း အနွယ်ကို စောင့်ကုန်သော တပါးကုန်သော သူတို့သည်၎င်း ဇာတ်ဝါဒစွဲ ကင်းသည်ကို ပြု၍ ကာမဂုဏ်အလိုသို့ လိုက်ကြကုန်၏။ (၃၂)

ဤသို့ ဟောတော်မူအပ်သော် ထိုပုဏ္ဏားသူဋ္ဌေးကြီးတို့သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။အသျှင်ဂေါတမသည် အကျွန်ုပ်တို့အား ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ ရောက်သော ဥပါသကာတို့ဟူ၍ မှတ်တော်မူပါ"ဟု လျှောက်ကြကုန်သတည်း။

ခုနစ်ခုမြောက် ဗြာဟ္မဏဓမ္မိကသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-နာဝါသုတ်

၃၁၉။ ယောကျ်ားသည် အကြင်ဆရာထံမှ တရားကို သိရာ၏၊ နတ်တို့က သိကြားမင်းကို ပူဇော်ကုန်သကဲ့သို့ ထိုဆရာကို ပူဇော်ရာ၏၊ပူဇော်ထိုက်သော အကြားအမြင်များသော ထိုဆရာသည် ထိုပူဇော်သူတပည့်၌ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ တရားကို ထင်ရှားစွာ ဖော်ပြပေ၏။ (၁)

၃၂၀။ အကြင်ပညာရှိသည် ထိုသို့သဘောရှိသူကို မမေ့မလျော့ပဲ ဆည်းကပ်၏၊ ထိုပညာရှိသည် ထိုတရားကို အရှိအသေပြုလျက် ကောင်းစွာနာ၍ စူးစမ်းဆင်ခြင်ကာ လောကုတ္တရာ တရားနှင့်လျော်သောအကျင့်ကို ကျင့်သောကြောင့် သိကြားလိမ္မာသူ ထင်ရှားပြနိုင်သူ သိမ်မွေ့သူဖြစ်နိုင်၏။ (၂)

၃၂၁။ ယုတ်ညံ့သော ကာယကံမှုစသည်နှင့်ပြည့်စုံသော မိုက်မဲသော ပရိယတ် ပဋိပတ်မွေ့ ကို မသိသော တပည့်ကြီးပွါးမှုကို ငြူစူသော ဆရာကို မှီဝဲနေသူတပည့်သည် ဤသာသနာ တော်၌ တရားကို ထင်ရှားမသိသောကြောင့် ယုံမှားခြင်းကို မကူးမြောက်နိုင်ပဲ သေခြင်းသို့ ရောက်ရ၏။ (၃)

၃၂၂။ ဥပမာသော်ကား မြားသောရေရှိသော ကျယ်ပြန့်သော လျင်သောရေအယဉ် ရှိသောမြစ်သို့ ဆင်းသက်၍ မျောလျက် ရေစုံအတိုင်း လိုက်နေရသောသူသည် သူတပါး တို့ကို ကယ်တင်ခြင်းငှါ အဘယ်မှာ တတ်နိုင်အံ့နည်း။(၄)

၃၂၃။ ထို့အတူ ပရိယတ်ပဋိပတ်တရားကို မသိမူ၍ အကြားအမြင်များသူတို့၏အထံ၌ လည်း အနက်သဘောကိုမနာခံ မမှတ်သား မိမိကိုယ်တိုင်လည်း မသိပဲ ယုံမှားခြင်းကို မလွန်မြောက်နိုင်သူသည် သူတပါးတို့ကို သိမြင်စေခြင်းငှါ အဘယ်မှာ တတ်နိုင်အံ့နည်း။(၅)

၃၂၄။ လှော်တက်ထိုးဝါးနှင့်လည်း ပြည့်စုံ ထိုလှေနှင့်စပ်ဆိုင်ရာ အကြောင်းကိုလည်း ကျွမ်းကျင်လိမ္မာသော ပညာရှိသူသည် မြဲမြံခိုင်ခံ့သောလှေကို တက်စီး၍ ထိုလှေ၌ (တက်စီး ကြသော)အခြားသူများစွာတို့ကိုလည်း ကယ်ဆယ်နိုင်သကဲ့သို့။ (၆)

၃၂၅။ ဤအတူပင် အကြင်ဆရာသည် နိဗ္ဗာန်သို့ ရောက်ပြီးသူ စိတ်ကိုပွါးများပြီးသူ အကြားအမြင်များသူ (လောကဓံကြောင့်)မတုန်လှုပ်သော သဘောရှိသူဖြစ်၏၊ ထိုဆရာ သည် မိမိကိုယ်တိုင်သိသည်ဖြစ်၍ နာယူမှတ်သားမှုနှင့် မဂ်ဖိုလ်၏ဥပနိဿယပြည့်စုံကြသည့် တပါးသောသူတို့ကို သိမြင်စေနိုင်၏။ (၇)

၃၂၆။ ထို့ကြောင့် အကြားအမြင်များ၍ ပညာရှိသော သူတော်ကောင်းကို ဆည်းကပ် ရာ၏၊ အနက်သဘောကိုသိ၍ ကျင့်သောသူသည် လောကုတ္တရာတရားကို သိပြီးဖြစ်ရကား ချမ်းသာကို ရနိုင်၏ ဟု(မိန့်တော်မူ၏)။ (၈)

ရှစ်ခုမြောက် နာဝါသုတ် ပြီး၏။

http://www.dhammadownload.com



## ၉-ကိံသီလသုတ်

၃၂၇။ အဘယ်သို့သော ဝါရိတ္တသီလရှိသူ အဘယ်သို့သော စာရိတ္တသီလရှိသူ အဘယ်သို့သော ကံတို့ကို ပွါးများသူသည် သာသနာတော်၌ ကောင်းစွာတည်သူ ဖြစ်နိုင်ပါသနည်း၊ မြတ်သောအရဟတ္တဖိုလ်သို့လည်း ရောက်နိုင်ပါသနည်း။ (၁)

၃၂၈။ ပညာ ဂုဏ် ဇာတ် အရွယ်အားဖြင့် ကြီးသူတို့အား ရိုသေရာ၏၊ငြူစူခြင်း မရှိရာ၊ အလေးပြုထိုက်သူတို့ကို ဖူးမြော်ရန်အခါကိုလည်း သိရာ၏၊ တရားနာရန် ရခဲသောခဏကို သိသည်ဖြစ်၍ ဟောကြားအပ်သော သမထဝိပဿနာစကားကိုရင်းကောင်းစွာဟောအပ်သော ဘုရားဂုဏ်တော်စသောတရားတို့ကိုရင်း ရိုသေစွာ နာယူရာ၏။ (၂)

၃၂၉။ သင့်လျော်သောကာလ၌ ခက်ထန်သောမာန်ကို ကင်းအောင်ပြုလျက် ကိုယ်နှင့်စိတ်ကို နှိမ့်ချကာ ဆရာတို့ထံသို့ ဆည်းကပ်ရာ၏၊ ပါဠိ၏အနက်သဘောကိုရင်း ပါဠိကိုရင်း သီလကိုရင်း မြတ်သောအကျင့်ကိုရင်း အောက်မေ့ရာ၏၊ကောင်းစွာလည်း ကျင့်ရာ၏။ (၃)

၃၃၀။ သမထ ဝိပဿနာတရားလျှင် မွေ့လျော်ရာရှိသူ တရား၌မွေ့လျော်သူ တရား၌ တည်သူ တရားအဆုံးအဖြတ်ကို သိသူ ဖြစ်ရာ၏၊ တရားကို ဖျက်ဆီးတတ်သည့်စကားကို မဟောပြောရာ၊ ကောင်းစွာဟောအပ်သော မှန်သောစကားတို့ဖြင့် ကာလကို ကုန်လွန်စေရာ၏။ (၄)

၃၃၁။ ရယ်မြူးခြင်းကိုရင်း အကျိုးမဲ့စကားပြောခြင်းကိုရင်း ငိုကြွေးခြင်းကိုရင်း အရာမဟုတ်သည်၌ အမျက်ထွက်ခြင်းကိုရင်း လှည့်ပတ်ခြင်း 'မာယာ'ကိုရင်း အံ့ဖွယ်ပြုခြင်းကိုရင်း တပ်မက်ခြင်းကိုရင်း မာနကိုရင်း ချူဆဲချယ်ခြင်းကိုရင်း ကြမ်းကြုတ်ခြင်းကိုရင်း ရာဂဖန်ရည်ကိုရင်း ကာမဂုဏ်၌ မိန်းမောခြင်းကိုရင်း စွန့်ပယ်လျက် မာန်ယစ်ခြင်းကင်းကာ စိတ်တည်ကြည်သည်ဖြစ်၍ ကျင့်ရာ၏။ (၅)

၃၃၂။ ကောင်းစွာဟောအပ်သော စကားတို့သည် သိမှု (သုတမယဉာဏ်) ဟူသော အနှစ်သာရရှိကုန်၏၊အကြားအမြင်သုတသည်လည်း သိအပ်ပြီးသော တရားတို့၌ ကောင်းစွာထားမှု 'သမာဓိ'ဟူသော အနှစ်သာရရှိ၏၊အကြင်သူသည် ရာဂစသည်တို့၏အစွမ်းဖြင့် အဆောတလျင်ပြုလုပ်၏၊ ကုသိုလ်တရားတို့၌ မေ့လျော့တတ်၏၊ ထိုသူအား ပညာသည်ရင်း အကြားအမြင်သည်ရင်း မတိုးပွါး။ (၆)

၃၃၃။ အကြင်ပုဂ္ဂိုလ်တို့သည် အရိယာတို့ဟောကြားအပ်သောတရား၌ မွေ့လျော်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် နှုတ်အားဖြင့်ရင်း စိတ်အားဖြင့်ရင်း ကိုယ်အားဖြင့်ရင်း အတုမရှိ မြတ်ကုန်၏၊ နိဗ္ဗာန်၌ မွေ့လျော်မှု(အရိယမဂ်နှင့်ယှဉ်သော)သမာဓိ၌ တည်ကုန်လျက် အကြားအမြင်၏ရင်း ပညာ၏ရင်း အနှစ်(အရဟတ္တဖိုလ်)ကို ရကုန်၏။ (၇)

ကိုးခုမြောက် ကိံသီလသုတ် ပြီး၏။

---

## ၁၀-ဥဋ္ဌာနသုတ်

၃၃၄။ (ရဟန်းတို့) အိပ်ခြင်းမှ ထကြကုန်လော့၊ ကမ္မဋ္ဌာန်းအားထုတ်ရန် ထိုင်နေကြကုန်လော့၊ သင်တို့အား အိပ်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ကိလေသာနှိပ်စက် အခံခက်၍

http://www.dhammadownload.com



နေကြကုန်သော ရာဂမြှားစူးဝင်ကုန်သည်ဖြစ်၍ ဖောက်ပြန်ကုန်သော သင်တို့အား အိပ်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ (၁)

၃၃၅။ (ရဟန်းတို့) အိပ်ခြင်းမှ ထကြကုန်လော့၊ ကမ္မဋ္ဌာန်းအားထုတ်ရန် ထိုင်နေကြကုန်လော့၊ နိဗ္ဗာန်အကျိုးငှါ ပြင်းပြင်းထန်ထန် ကျင့်ကြကုန်လော့၊သေမင်းသည် မေ့လျော့နေသော သင်တို့ကို သိ၍ မိမိအလိုသို့ လိုက်စေသည်ကို ပြုကာ မတွေဝေစေလင့်။ (၂)

၃၃၆။ လူတို့သည်၎င်း နတ်တို့သည်၎င်း အကြင်တဏှာဖြင့် အလိုရှိကုန်သည်ဖြစ်၍မှီလျက် တည်ကုန်၏၊ ကပ်ငြိတတ်သောထိုတဏှာကို သင်တို့သည် လွန်မြောက်ကုန်လော့၊ဗုဒ္ဓုပ္ပါဒနဝမ ခဏသည် သင်တို့ကို မလွန်စေလင့်၊ ဗုဒ္ဓုပ္ပါဒနဝမခဏကို လွန်စေသူတို့သည်ငရဲ၌ ကျရောက်ကြရကုန်သည်ဖြစ်၍ စိုးရိမ်ရကုန်၏။ (၃)

၃၃၇။ (ရဟန်းတို့) မေ့လျော့ခြင်းသည် မြူမှုန်အညစ်အကြေးမည်၏၊ မေ့လျော့ခြင်းသို့ အဖန်ဖန်ကျရောက်နေသော မေ့လျော့ခြင်းသည်လည်း မြူမှုန်အညစ်အကြေးပင်ဖြစ်၏၊ မမေ့လျော့ခြင်းဖြင့်၎င်း အာသဝက္ခယ (ဝိဇ္ဇာ) ဉာဏ်ဖြင့်၎င်း မိမိစိတ်နှလုံး၌ စူးဝင်နေသော မြှားငြောင့်ကို နုတ်ရာ၏။ (၄)

ဆယ်ခုမြောက် ဥဋ္ဌာနသုတ် ပြီး၏။

---

## ၁၁-ရာဟုလသုတ်

၃၃၈။ (ရာဟုလာ) သင်သည် မပြတ်ပေါင်းသင်းဆက်ဆံမှုကြောင့် ပညာရှိကို မထီမဲ့မြင် မပြုပဲရှိပါ၏လော၊ လူတို့အား ဉာဏ်ဆီမီးကိုထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ်ကို သင်သည် ပူဇော်ပါ၏လော။ (၁)

၃၃၉။ (မြတ်စွာဘုရား)တပည့်တော်သည် မပြတ်ပေါင်းသင်း ဆက်ဆံမှုကြောင့် ပညာရှိကို မထီမဲ့မြင် မပြုပါ၊ လူတို့အား ဉာဏ်ဆီမီးကို ထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ်ကို တပည့်တော်သည် အမြဲ ပူဇော်ပါ၏။ (၂)

၃၄၀။ (ရာဟုလာ) သင်သည် ချစ်အပ်သာယာအပ်သော သဘောရှိကုန်သော နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော ကာမဂုဏ်ငါးပါးတို့ကို စွန့်ပယ်၍ သဒ္ဓါတရားဖြင့် အိမ်မှထွက်ပြီးလျှင် ဆင်းရဲ၏အဆုံးကို ပြုသူဖြစ်ပါလေလော့။ (၃)

၃၄၁။ (ရာဟုလာ) သင်သည် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ပါလေလော့၊ ဝေးသော ဆိတ်ငြိမ်သော ကြွေးကြော်သံကင်းသော ကျောင်းအိပ်ရာနေရာသို့လည်း ချဉ်းကပ်လေလော့၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိသူဖြစ်ပါလေလော့။ (၄)

၃၄၂။ (ရာဟုလာ)သင်သည် သင်္ကန်း၌၎င်း ဆွမ်း၌၎င်း ဆေးပစ္စည်း၌၎င်း ကျောင်းအိပ်ရာနေရာ၌၎င်း ဤလေးပါးတို့၌ တပ်မက်မှု'တဏှာ'ကို မပြုပါလေလင့်၊ ဤလောကသို့ တဖန်ပြန်မလာလိုပါလင့်။ (၅)

http://www.dhammadownload.com



၃၄၃။ (ရာဟုလာ)သင်သည် ပါတိမောက္ခသီလ၌ရင်း ဣန္ဒြေငါးပါးတို့၌ရင်း စောင့်စည်းသူ ဖြစ်ပါလေလော့၊ သင့်အား ကာယဂတာသတိဖြစ်ပါစေလော့၊ သံသရာ၌ ငြီးငွေ့ဆန့်ကျင်မှု များသူ ဖြစ်ပါလေလော့။ (၆)

၃၄၄။ ရာဂနှင့်စပ်ယှဉ်သော လှပတင့်တယ်၏ဟူသော အမှတ်နိမိတ်ကို ရှောင်ကြဉ်ပါ လေလော့၊ အသုဘဘာဝနာအကျိုးငှါ အာရုံတခုတည်းရှိသော ကောင်းစွာတည်ကြည်သော စိတ်ကို ပွါးများပါလေလော့။ (၇)

၃၄၅။ (နိစ္စနိမိတ်မှကင်းသော) အနိမိတ္တဝိပဿနာကိုလည်း ပွါးများပါလေလော့၊မာနာ နုသယကိုလည်း ပယ်စွန့်ပါလေလော့၊ ထိုမာနကို ပယ်စွန့်နိုင်ခြင်းကြောင့် ငြိမ်းအေးလျက် နေရလတ္တံ့ ။ (၈)

ဤသို့လျှင် မြတ်စွာဘုရားသည် အသျှင်ရာဟုလာကို ဤဂါထာတို့ဖြင့် မပြတ်ဆုံးမတော်မူ၏။

တဆယ့်တခုမြောက် ရာဟုလသုတ် ပြီး၏။

---

## ၁၂-နိဂြောဓကပ္ပသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော နိဂြောဓကပ္ပမထေရ်သည် အဂ္ဂါဠဝစေတီ၌ ပရိနိဗ္ဗာန်ပြု၍ မကြာသေး။ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ တယောက်တည်း ကိန်းအောင်းနေသော အသျှင်ဝင်္ဂီသအား "ငါ၏ ဥပဇ္ဈာယ်ဆရာသည် ပရိနိဗ္ဗာန်ပြုလေသလော၊ သို့မဟုတ် ပရိနိဗ္ဗာန်မပြုသေးသလော"ဟု ဤသို့ စိတ်အကြံဖြစ်၏၊ ထို့နောက် အသျှင်ဝင်္ဂီသသည် ညနေချမ်းအခါ တပါးတည်းကိန်းအောင်းရာမှ ထလျက် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ ကပ်၍ တယောက်တည်း ကိန်းအောင်းနေသော ထပည့်တော်အား 'ငါ၏ဥပဇ္ဈာယ်ဆရာသည် ပရိနိဗ္ဗာန်ပြုလေသလော၊ သို့မဟုတ် ပရိနိဗ္ဗာန် မပြုသေးသလော'ဟု ဤသို့စိတ်အကြံဖြစ်ပါ၏"ဟု လျှောက်၏၊ ထို့နောက် အသျှင်ဝင်္ဂီသသည် နေရာမှထလျက် လက်ဝဲတဖက် ပခုံးထက်၌ သင်္ကန်းကို စမွယ်တင်သည်ကိုပြု၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

၃၄၆။ "မယုတ်လျော့သော ပညာရှိသော မြတ်စွာဘုရားကို မေးလျှောက်ပါ၏၊ယခုဘဝ၌ ပင် တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာ'တို့ကို ပယ်ဖြတ်သူ ထင်ရှားသူ အခြံအရံများသူ ငြိမ်းအေး ပြီးသော စိတ်ရှိသူ အကြင်ရဟန်းသည် အဂ္ဂါဠဝစေတီ၌ စုတေခွေ့လျောခဲ့ပါပြီ။ (၁)

၃၄၇။ မြတ်စွာဘုရား ပုဏ္ဏားမျိုးဖြစ်သော ထိုရဟန်း၏အမည်ကို နိဂြောဓကပ္ပဟူ၍ အသျှင်ဘုရားမှည့်ခေါ် ပါ၏၊ မြဲမြံသောသဘောရှိသည့် နိဗ္ဗာန်ကိုမြင်တော်မူသော မြတ်စွာ ဘုရား နိဗ္ဗာန်ဝိမုတ္တိကို တောင့်တ၍ ထက်သန်သောလုံ့လရှိသော ထိုရဟန်းသည် အသျှင်ဘုရား ကို ရှိခိုးလျက် လှည့်လည်သွားလာနေပါ၏။ (၂)

http://www.dhammadownload.com



၃၄၇။ သာကီဝင်မင်းမျိုးဖြစ်သော ထက်ဝန်းကျင် မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရား- အကျွန်ုပ်တို့အားလုံးသည်လည်း ထိုနိဂြောဓကပ္ပမည်သော သာဝကကို သိလိုကြပါကုန်၏၊အကျွန်ုပ်တို့၏ နားတို့သည် ကြားနာရန် ကောင်းစွာတည်ပါကုန်၏၊ အသျှင်ဘုရားသည် အကျွန်ုပ်တို့၏ဆရာပါတည်း၊ အသျှင်ဘုရားသည် အတုမရှိ မြတ်တော်မူပါပေ၏။ (၃)

၃၄၈။ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့၏ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ဖြတ်တောက်တော်မူပါ၊ ထိုနိဂြောဓကပ္ပပရိနိဗ္ဗာန်ပြုသည်ကို ဟောကြား သိစေတော်မူပါလော့၊ မျက်စိတထောင်အမြင်ရှိသော သိကြားမင်းသည် နတ်တို့အလယ်၌ ပြောသကဲ့သို့ ထက်ဝန်းကျင်မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ်ရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့၏အလယ်၌ ဟောတော်မူပါလော့။ (၄)

၃၅၀။ ဤ(ခန္ဓာငါးပါးတည်းဟူသော)လောက၌ တွေဝေမှု 'မောဟ'၏ လမ်းကြောင်း မသိမှု 'အဝိဇ္ဇာ'၏ အသင်းအပင်း တွေးတောမှု 'ဝိစိကိစ္ဆာ'၏ တည်ရာဖြစ်ကြသည့် အထုံးအဖွဲ့'ဂန္ထ' ဟူသမျှ အားလုံးတို့သည် မြတ်စွာဘုရားထံမှောက် ရောက်ကြကုန်သော် မဖြစ်ပေါ်ကြကုန်၊ ဤဘုရားတည်းဟူသော စက္ခုသည် သတ္တဝါတို့၏အမြတ်ဆုံး စက္ခုပါတည်း။ (၅)

၃၅၁။ လေသည် တိမ်စိုင်တိမ်ခဲကို မဖျောက်လွှင့်နိုင်ခဲ့မူ လောကအားလုံးသည် တိမ်ဖုံးသည်ဖြစ်၍ အမိုက်တိုက်သာလျှင် ဖြစ်ရာသကဲ့သို့ ဤအတူ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိလေသာတို့ကို မဖြတ်ခဲ့မူ လောကအားလုံးသည် မောဟဖုံးလွှမ်းသည် ဖြစ်၍ စင်စစ် အမိုက်တိုက်တိုးကြီးသာလျှင် ဖြစ်ရာ၏၊ ပညာရောင်ထွန်းပကုန်သော သူတို့ သော်လည်း မထွန်းပနိုင်ကုန်ရာ။ (၆)

၃၅၂။ ပညာရှိတို့သည်သာ ပညာရောင်ကို ပြုတတ်သူတို့ဖြစ်ပါကုန်၏၊လုံ့လရှိတော်မူသော မြတ်စွာဘုရား- အကျွန်ုပ်သည် အသျှင်ဘုရားကို ထိုပညာရောင်ပြုတတ်သူ ပုဂ္ဂိုလ်ဟူ၍သာ လျှင် အောက်မေ့ပါ၏၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို အထူးမြင်တတ်သူဟူ၍သိကြကုန်သည်ဖြစ်၍သာလျှင် ချဉ်းကပ်လာရောက် ကြပါကုန်၏၊ ထို့ကြောင့် ပရိသတ်တို့ အလယ်၌ အကျွန်ုပ်တို့အား နိဂြောဓကပ္ပမထေရ်ကို ထင်ရှားပြတော်မူပါလော့။ (၇)

၃၅၃။ သာယာဖွယ်အသံရှိတော်မူသော မြတ်စွာဘုရား သာယာဖွယ်ရှိသော စကားကို လျင်မြန်စွာ မြွက်ဆိုတော်မူပါလော့၊ ဟင်္သာသည် လည်ကိုမြှောက်၍ ဖြည်းညှင်းစွာကျူးရင့် သကဲ့သို့ ကောင်းစွာပြုပြင်အပ်သော လုံးသောအသံဖြင့် ကျူးရင့်တော်မူပါလော့၊ အလုံးစုံသော ထိုတပည့်တော်တို့သည် မပျံ့လွင့်သောစိတ်ရှိကုန်လျက် နာပါကုန်အံ့။ (၈)

၃၅၄။ ပဋိသန္ဓေနေခြင်း သေခြင်းကို အကြွင်းမဲ့ ပယ်တော်မူပြီးသော မြတ်စွာဘုရားကို လျှောက်ထားတောင်းပန်ပြီးလျှင် ကိလေသာကို ဆေးကြောတတ်သောတရားကို ဟောကြားစေအံ့၊ ပုထုဇဉ်တို့သည် အလိုရှိရာကို ပြုလုပ်ပေးစွမ်းနိုင်မှုမရှိ၊ မြတ်စွာဘုရားတို့မူကား ပညာဖြင့် နှိုင်းချိန်၍ ပြုနိုင်သည်သာဖြစ်၏။ (၉)

၃၅၅။ မယုတ်လျော့သောပညာရှိတော်မူသော မြတ်စွာဘုရား ထွန်းလင်းတောက်ပသော ပညာရှိတော်မူသော အသျှင်ဘုရား၏ ကောင်းစွာဖြစ်စေအပ်သော ဤစကားတော်သည် အပြည့်အစုံ ဖြေကြားတော်မူနိုင်ပါပေ၏၊ နောက်ထပ်တဖန် ဤလက်အုပ်ကို ကောင်းစွာ

http://www.dhammadownload.com



ညွတ်ကာ ရှိခိုးပါ၏၊ နိဂြောဓကေပ္ပ၏လားရာဂတိကို သိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မတွေ့ဝေပါစေလင့်။ (၁၀)

၃၅၆။ မယုတ်လျော့သောဝီရိယရှိတော်မူသောမြတ်စွာဘုရား အလွန်မြတ်သောအရိယသစ္စာတရားကို ထိုးထွင်းသိတော်မူပြီး၍ တရားအားလုံးကိုသိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မတွေ့ဝေပါစေလင့်၊ နွေအခါ၌ နေပူနှိပ်စက်ခံရသော ယောကျ်ားသည် ရေကို အလိုရှိသကဲ့သို့ အသျှင်ဘုရား၏စကားတော်ကို အလိုရှိပါ၏၊ အသံတည်းဟူသော မိုးကို ရွာသွန်းတော်မူပါလော့။ (၁၁)

၃၅၇။ အကြင်အကျင့်မြတ်ကို နိဂြောဓကေပ္ပသည် လိုလိုချင်ချင်ကျင့်ပါ၏၊ ထိုနိဂြောဓကေပ္ပ၏ ထိုအကျင့်မြတ်သည် အချည်းနှီးမဖြစ်ပဲ ရှိပါ၏လော၊ ထိုနိဂြောဓကေပ္ပသည် ကိလေသာအကြွင်းရှိသေးသည်ဖြစ်၍ ခန္ဓာချုပ်ငြိမ်း ပါလေသလော၊ သို့မဟုတ် အချင်းခပ်သိမ်းကိလေသာမှလွတ်မြောက်ပြီးသူ ရဟန္တာကဲ့သို့ ပရိနိဗ္ဗာန် ပြုပါလေသလော၊ ထိုနိဂြောဓကေပ္ပ၏ အကြောင်းကို နာကြားလိုပါကုန်၏။ (၁၂)

၃၅၈။ (မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏) ဤနာမ်ရုပ်နှစ်ပါး၌ ကဏှာအမည်ရသောမာရ်၏အယဉ်ဖြစ်သော ကြာမြင့်စွာသောနေ့ညဥ့်ပတ်လုံး အစဉ်မပြတ် ကိန်းအောင်းနေသောတဏှာကို ကပ္ပရဟန်းသည် အကြွင်းမဲ့ဖြတ်ပြီ၊ ပဋိသန္ဓေနေခြင်း အိုခြင်းမှ အကြွင်းမဲ့ ကူးမြောက်ပြီဟု ပဉ္စဝဂ္ဂီတို့ထက်မြတ်သော မြတ်စွာဘုရား ဟောတော်မူ၏။ (၁၃)

၃၅၉။ ခုနစ်ဆူမြောက် ဣသိဖြစ်တော်မူသောမြတ်စွာဘုရား အသျှင်ဘုရား၏ ဤစကားကို ကြားနာရ၍ အသျှင်ဘုရားအား အကျွန်ုပ် ကြည်ညိုပါ၏၊ အကျွန်ုပ်မေးအပ်သော ပြဿနာသည် အချည်းနှီးမဖြစ်သတတ်၊ ပုဏ္ဏားမျိုးကပ္ပသည် အကျွန်ုပ်အလိုကို မချွတ်ယွင်းစေပါ။ (၁၄)

၃၆၀။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ပြောဆိုသည့်အတိုင်း ပြုလုပ်လေ့ရှိသူ ဖြစ်ပါ၏၊ မာယာများသော သေမင်း၏ ဝဋ်ဆင်းရဲကို ချဲတတ်သော မြဲမြံသော တဏှာကွန်ရက်ကို ဖြတ်တောက်လေပြီ။ (၁၅)

၃၆၁။ မြတ်စွာဘုရား ထိုနိဂြောဓကေပ္ပသည် စွဲလမ်းအပ်သော ဝဋ်၏အစကို မြင်လေပြီ၊ ကပ္ပမထေရ်သည် အလွန်ကူးနိုင်ခဲသော သေမင်း၏တည်ရာ ဝဋ်ကို စင်စစ် လွန်မြောက်ပေပြီတကား”ဟု(လျှောက်၏)။ (၁၆)

တဆယ့်နှစ်ခုမြောက် နိဂြောဓကေပ္ပသုတ် ပြီး၏။

---

## ၁၃-သမ္မာပရိဗ္ဗာဇနီယသုတ်

၃၆၂။ အကျွန်ုပ်သည် ကြီးကျယ်ပြန့်ပြောသောပညာရှိသော သြဃလေးပါးကို ကူးမြောက်ပြီးသော နိဗ္ဗာန်ဟူသော တဖက်ကမ်းသို့ရောက်ပြီးသော ကိလေသာငြိမ်းအေးပြီးသော မတုန်မလှုပ်တည်တံ့သော စိတ်ရှိသော မြတ်စွာဘုရားကို မေးလျှောက်ပါ၏၊ ကာမဂုဏ်

http://www.dhammadownload.com



တို့ကို ပယ်စွန့်ပြီးလျှင် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်သို့ ကပ်ရောက်သော ရဟန်းသည် အဘယ်သို့ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်ပါသနည်း။ (၁)

၃၆၃။ (မြတ်စွာဘုရားသည် ဤသို့ဖြေတော်မူ၏) —

အကြင်ရဟန်းသည် (ဒိဋ္ဌသုတစသော) မင်္ဂလာတို့ကိုရင်း ဥပ္ပါတကျမ်း အိပ်မက်ကျမ်း လက္ခဏာကျမ်းတို့၌ ယုံကြည်ခြင်းတို့ကိုရင်း အကြွင်းမဲ့နုတ်အပ်ပြီ၊ ထိုရဟန်းသည်(ဒိဋ္ဌသုတစသော)မင်္ဂလာအပြစ်ကို ပယ်နုတ်ပြီး၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၂)

၃၆၄။ အကြင်ရဟန်းသည် လူ၌ဖြစ်သောကာမဂုဏ်တို့၌ရင်း နတ်၌ဖြစ်သောကာမဂုဏ်တို့၌ရင်း တပ်စွန်းမှု'ရာဂ'ကို ပယ်ဖျောက်ရာ၏၊ ထိုရဟန်းသည် သစ္စာတရားကို ဉာဏ်ဖြင့်သိမ်းဝင်လျက် ဘဝသုံးပါးကိုလွန်မြောက်၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏(၃)

၃၆၅။ အကြင်ရဟန်းသည် ဂုံးတိုက်ခြင်းတို့ကို ကျောခိုင်း၍ အမျက်ထွက်ခြင်း ဝန်တိုခြင်းကို ပယ်စွန့်ရာ၏၊ ထိုရဟန်းသည် နှစ်သက်ဖွယ်အာရုံ မနှစ်သက်ဖွယ်အာရုံတို့၌ ရာဂဒေါသကို ပယ်စွန့်ပြီး၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၄)

၃၆၆။ (အကြင်ရဟန်းသည်) ချစ်အပ်သောဝတ္ထုကိုရင်း မချစ်အပ်သောဝတ္ထုကိုရင်း ပယ်စွန့်၍ တစုံတခုသော အာရုံ၌ မစွဲလမ်း မမှီမူ၍ သံယောဇဉ်၏အာရုံတရားတို့မှ လွတ်မြောက်၏၊ ထိုရဟန်းသည် လောကနှင့်မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၅)

၃၆၇။ ထိုရဟန်းသည် စွဲလမ်း၍ ယူအပ်သော ခန္ဓာတို့၌ ဆန္ဒရာဂကို ပယ်ဖျောက်၍ ခန္ဓာဟူသော ဥပဓိတို့၌ အနှစ်သာရဟု ယူခြင်းသို့မရောက်၊ ထိုရဟန်းသည်(တဏှာဒိဋ္ဌိကို) မမှီပဲ သူတပါးတို့ မဆွဲဆောင်နိုင်သည်ဖြစ်၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၆)

၃၆၈။ အကြင်ရဟန်းသည် နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကိုယ်ဖြင့်ရင်း သုစရိုက်တရားတို့နှင့် မဆန့်ကျင်မူ၍ သစ္စာလေးပါးတရားကို ကောင်းစွာသိပြီးလျှင် ခန္ဓပရိနိဗ္ဗာန်ကို လိုလားတောင့်တနေသူဖြစ်၍ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၇)

၃၆၉။ အကြင်ရဟန်းသည် ငါ့ကို ရှိခိုး၏ဟူ၍လည်း စိတ်မတက်ကြွရာ၊ ဆဲဆိုသော်လည်း ရန်ငြိုးမဖွဲ့ရာ၊သူတပါးတို့ ပေးလှူအပ်သောဘောဇဉ်ကို ရ၍လည်း မာန်မယ်စ်ရာ၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၈)

၃၇၀။ အကြင်ရဟန်းသည် ဝိသမလောဘကိုရင်း ဘဝသုံးပါးကိုရင်း ပယ်စွန့်၍ သတ်ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းမှလည်း ရှောင်ကြဉ်၏၊ ထိုရဟန်းသည် ယုံမှားခြင်းကို ကူးမြောက်ပြီးသူ ရာဂစသော မြားငြောင့်ကင်းပြီးသူဖြစ်၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၉)

၃၇၁။ အကြင်ရဟန်းသည် မိမိအား လျောက်ပတ်သော အကျင့်ကိုသိ၍ရင်း သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာသိ၍ရင်း လောက၌ တစုံတယောက်ကိုမျှ မညှဉ်းဆဲ၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၁၀)

၃၇၂။ အကြင်ရဟန်းအား အနုသယတို့သည် တစုံတခုမျှ မရှိကုန်၊အကုသိုလ် အမြစ်အရင်းတို့ကိုလည်း ကောင်းစွာပယ်နုတ်အပ်ကုန်၏၊ ထိုရဟန်းသည် တဏှာကင်းသူ တောင့်တခြင်း မရှိသူဖြစ်၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၁၁)

http://www.dhammadownload.com



၃၇၃။ အကြင်ရဟန်းသည် အာသဝေါကုန်ပြီးသူ မာန်ကို ပယ်ပြီးသူ ရာဂလမ်းကြောင်း အားလုံးကို လွန်ပြီးသူ ယဉ်ကျေးပြီးသူ ကိလေသာမီး ငြိမ်းအေးပြီးသူ မတုန်မလှုပ် တည်တံ့သော စိတ်ရှိသူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၁၂)

၃၇၄။ အကြင်ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါ'ရှိ၏၊ အကြားအမြင် များ၏၊ မြဲသော အရိယမဂ်ကို မြင်ပြီးဖြစ်၏၊ (ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ဖြင့်) အစုစုကွဲသော သတ္တဝါတို့၌ (မိစ္ဆာအယူဖြင့်) အစုတခုခုသို့ လားရောက်ခြင်းမရှိ တည်ကြည်၏။ ထိုရဟန်းသည် လောဘကိုရင်း ဒေါသကိုရင်း ထိပါးပုတ်ခတ်ခြင်းကိုရင်း ပယ်ဖျောက်၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၁၃)

၃၇၅။ အကြင်ရဟန်းသည် ကောင်းစွာစင်ကြယ်သော အရဟတ္တမဂ်ဖြင့် ကိလေသာကို အောင်ပြီးသူ ကိလေသာအမိုးကို ဖွင့်လှစ်ပြီးသူ သစ္စာတရားတို့၌ လေ့လာပြီးသူ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်ပြီးသူ တဏှာဟူသော တုန်လှုပ်ခြင်း မရှိသူ သင်္ခါရ၏ ချုပ်ရာနိဗ္ဗာန်ကို အာရုံပြုသော မဂ်ဉာဏ်၌ လိမ္မာသူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာ နေနိုင်၏။ (၁၄)

၃၇၆။ အကြင်ရဟန်းသည် လွန်ပြီးသော ခန္ဓာတို့၌ရင်း လာလတ္တံ့သော ခန္ဓာတို့၌ရင်း ငါ ငါ့ဥစ္စာဟု ကြံစည်မှု တဏှာဒိဋ္ဌိကို လွန်၏၊ အလွန်စင်ကြယ်သော ပညာရှိ၏၊ အာယတန အားလုံးတို့မှ ကင်းလွတ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၁၅)

၃၇၇။ အကြင်ရဟန်းသည် တခုတခုသော သစ္စာကို ဝိပဿနာပညာဖြင့် သိ၍ သစ္စာလေးပါးတရားကို မဂ်ပညာဖြင့်(တပြိုင်နက်)သက်ဝင်ပြီးလျှင် အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို အပိတ်အပင်မရှိ သိမြင်ရကား အလုံးစုံသော ဥပဓိတို့၏ကုန်ခြင်းသို့ ရောက်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာနေနိုင်၏။ (၁၆)

၃၇၈။ မြတ်စွာဘုရား ဤစကားသည် စင်စစ် ဟောတိုင်း မှန်လှပါ၏၊ အကြင်ရဟန်းသည် ဤသို့ဟောတော်မူသည့်အတိုင်း နေလေ့ရှိ၏၊ ထိုရဟန်းသည် ယဉ်ကျေးသူ သံယောဇဉ်နှင့် ယောဂအားလုံးတို့ကို လွန်မြောက်သူဖြစ်၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာ နေနိုင်၏ ဟု (မိန့်တော်မူ၏) (၁၇)

တဆယ့်သုံးခုမြောက် သမ္မာပရိဗ္ဗာဇနီယသုတ် ပြီး၏။

---

## ၁၄-ဓမ္မိကသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ဓမ္မိကဥပါသကာသည် ဥပါသကာငါးရာတို့နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဂါထာဖြင့် လျှောက်၏—

http://www.dhammadownload.com



၁၇၉။ "မြေကြီးအထုနှင့်တူသော ပညာရှိသော ဂေါတမနွယ်ဖွား မြတ်စွာဘုရား အသျှင်ဘုရားကို အကျွန်ုပ် မေးလျှောက်ပါ၏—အကြင်သူသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အကြင်လူတို့သည်မူလည်း ရတနာသုံးပါးကို ဆည်းကပ်ကုန်၏၊ (ထိုနှစ်မျိုးနှစ်စားသော တပည့်တို့တွင်) အဘယ်သို့ ပြုကျင့်သော တပည့်သာဝကသည် ကောင်းမြတ်ပါသနည်း။ (၁)

၁၈၀။အသျှင်ဘုရားသည်သာ နတ်နှင့်တကွသော လောက၏ လားရာဂတိကိုင်း ဂတိမှလွတ်မြောက်ရာကိုင်း သိတော်မူ၏၊ မြတ်စွာဘုရားနှင့် တူသောသူသည် မရှိသည်သာတည်း၊သိမ်မွေ့သောအနက်ကို မြင်လေ့ရှိ၏၊ အသျှင်ဘုရားကိုသာ ဘုရားမြတ်ဟူ၍ ဆိုကြပါကုန်၏။ (၂)

၁၈၁။ အသျှင်ဘုရားသည် သတ္တဝါတို့ကို အစဉ်သနားသည်ဖြစ်၍ အလုံးစုံသောဉာဏ်ကိုင်း တရားကိုင်း ထိုးထွင်းသိပြီးလျှင် ထင်ရှားပြတော်မူ၏၊ (အသျှင်ဘုရားသည်) ကိလေသာအမိုးကို ဖွင့်လှစ်ပြီးသူ ထက်ဝန်းကျင် မျက်စိအမြင်ရှိသူဖြစ်ပါ၏၊ အညစ်အကြေးကင်းသည်ဖြစ်၍ လောကအားလုံး၌ တင့်တယ်တော်မူပေ၏။ (၃)

၁၈၂။ ဧရာဝဏ်အမည်ရှိသော ဆင်မင်းသည် [၁] ကိလေသာကို အောင်ပြီးသော မြတ်စွာဘုရားပေတည်းဟု ကြား၍ အသျှင်ဘုရား၏အထံသို့ လာ၏၊ ထိုဧရာဝဏ်ဆင်မင်းသည်လည်း အသျှင်ဘုရားနှင့် ပြဿနာကို မေးမြန်းတိုင်ပင်ပြီးလျှင် အဖြေကို ကြားနာရသောကြောင့် ကောင်းပါပေ၏ဟု နှစ်သက်ဝမ်းမြောက်ခြင်းသဘောရှိသည်ဖြစ်၍ သွားလေပြီ။ (၄)

၁၈၃။ လုံ့လရှိတော်မူသောမြတ်စွာဘုရား ကုဝေရမည်သော ဝေဿဝဏ်နတ်မင်းကြီးသည်လည်း တရားကို မေးမြန်းလိုသည်ဖြစ်၍ အသျှင်ဘုရားသို့ ဆည်းကပ်ပြီးလျှင် ပြဿနာမေးအပ်သည်ဖြစ်သောကြောင့် အသျှင်ဘုရားသည် ထိုနတ်မင်းကြီးအားလည်း ဟောတော်မူ၏၊ ထိုနတ်မင်းကြီးသည်လည်း (ထိုတရားကို)ကြားနာရ၍ နှစ်သက်ဝမ်းမြောက်သောသဘောရှိ၏။ (၅)

၁၈၄။ (ငါတို့အကျင့်သာကောင်း၏ဟု) ပြောဆိုလေ့ရှိကုန်သော အာဇီဝကတို့သည်ငွင်း ထိုမှတပါး နိဂဏ္ဌတို့သည်ငွင်း ဤတိတ္ထိဟူသမျှအားလုံးတို့သည် ရပ်နေသောသူသည် လျှင်မြန်စွာ သွားခြင်းရှိ၍ သွားနေသူကို မလွန်နိုင်သကဲ့သို့ အသျှင်ဘုရားကို ပညာဖြင့် မလွန်နိုင်ကုန်။ (၆)

၁၈၅။ ဝါဒဖြင့် ပြောဆိုလေ့ရှိကြကုန်သော ပေါက္ခရသာတိစသော သက်ရှယ်ကြီးမားသည့် ပုဏ္ဏား အမွှေ့စသော အသက်အရွယ်ငယ်သောပုဏ္ဏား ထိုမှတပါး အယူဝါဒဖြင့် ပြောဆိုတတ်သူတို့ဟူ၍ အောက်မေ့ကြသူ လူနတ်ဟူသမျှ အားလုံးတို့သည် အသျှင်ဘုရားအထံ၌ ပြဿနာမေးရန် ယုံမှားဖြတ်ရန် အနက်သဘောကို ဖွဲ့ကုံးသူတို့ ဖြစ်ကြပါကုန်၏။ (၇)

---

၁။ ဧရာဝဏ်ဆင်မင်းဟူသည် တာဝတိံသာနတ်ပြည်ရှိ ဧရာဝဏ်နတ်သား၏ ရှေးဘဝကဆင်အဖြစ်ကိုစွဲ၍ခေါ်ဆိုခြင်းတည်း။

http://www.dhammadownload.com



၃၈၆။ မြတ်စွာဘုရား အသျှင်ဘုရားသည် ကောင်းစွာဟောအပ်သော ဤတရားတော်သည်သာလျှင် သိမ်မွေ့သည်ဖြစ်၍ ချမ်းသာကို ဆောင်နိုင်သည်သာတည်း၊ ထိုတရားကိုသာလျှင် အလုံးစုံသော သူတို့သည် ကောင်းစွာနာလိုပါကုန်၏၊ ချီးမွမ်းအပ်သော မြတ်စွာဘုရား မေးအပ်ဇသာ အသျှင်ဘုရားသည် အကျွန်ုပ်တို့အား ထိုတရားကို ဟောကြားတော်မူပါလော့။။ (၈)

၃၈၇။ ဤရဟန်းအားလုံးတို့သည် အညီအညွတ် ထိုင်နေကြပါကုန်၏၊ ဥပါသကာတို့သည်လည်း ထို့အတူပင် တရားနာရန် ထိုင်နေကြပါကုန်၏၊ နတ်တို့သည် သိကြားမင်း ကောင်းစွာ ပြောဆိုအပ်သော စကားကိုနာကုန်သကဲ့သို့ ရာဂအညစ်အကြေးကင်းသော မြတ်စွာဘုရားသည် လျှောက်ပတ်စွာ သိထားသော တရားတော်ကို (တပည့်သာဝကတို့) နာကြားကြပါစေကုန်သတည်း။ (၉)

၃၈၈။ ရဟန်းတို့ ငါဘုရား၏ (တရားကို)နာကုန်လော့၊ ငါသည် သင်တို့အား ကိလေသာကို ခါတွက်တတ်သော တရားကို ဟောကြားပေအံ့၊ သင်တို့အားလုံးတို့သည် ထိုဟောကြားအပ်သော တရားကို ကျင့်ကုန်လော့၊ အကျိုးစီးပွါးကို မြင်သော ပညာရှိသည် ရဟန်းတို့အား လျှောက်ပတ်သော ဣရိယာပုထ်ကို မှီဝဲရာ၏။ (၁၀)

၃၈၉။ ရဟန်းသည် မွန်းလွဲသောအခါ၌ ဆွမ်းခံမသွားရာ၊ နံနက်အခါ၌သာ ရွာတွင်းသို့ ဆွမ်းခံသွားရာ၏၊အခါမဟုတ်သွားလေ့ရှိသောရဟန်းကို ရာဂစသောငြိကပ်တွယ်တာမှုတို့သည် ငြိကပ်ကုန်၏၊ ထို့ကြောင့် သစ္စာလေးပါးကို သိပြီးသော အရိယာပုဂ္ဂိုလ်တို့သည် မွန်းလွဲသော အခါ၌ ဆွမ်းခံမသွားကြကုန်။ (၁၁)

၃၉၀။ ရဟန်းသည် သတ္တဝါတို့ကို လွန်စွာယစ်စေတတ်ကုန်သော ရူပါရုံ သဒ္ဒါရုံ ရသာရုံ ဂန္ဓာရုံ အတွေ့အသိ 'ဖောဋ္ဌဗ္ဗာရုံ' ဟူကုန်သော ဤတရားတို့၌ အလိုဆန္ဒကို ပယ်ဖျောက်၍ သင့်လျော်သောကာလ၌ နံနက်စာ ဆွမ်းရရာအရပ်သို့ ဝင်ရာ၏။ (၁၂)

၃၉၁။ ရဟန်းသည် မွန်းမဘည့်မီအတွင်း၌ ဆွမ်းကို ရပြီး၍လည်း တပါးတည်း (ဆွမ်းခံရွာမှ) ပြန်ကြွခဲ့၍ ဆိတ်ငြိမ်ရာ၌ ထိုင်နေရာ၏၊ အဇ္ဈတ္တခန္ဓာကို ကြံစည်လျက် အပအာရုံ၌ စိတ်ကို မထွက်စေရာ၊ကောင်းစွာသိမ်းဆည်းအပ်သော စိတ်ရှိသည်ဖြစ်၍ (နေရာ၏)။ (၁၃)

၃၉၂။ ထိုရဟန်းသည် တပည့်သာဝကနှင့်သော်ငြင်း တပါးသော တစုံတယောက်သော တိတ္ထိလူစသည်နှင့်သော်ငြင်း ရဟန်းနှင့်သော်ငြင်း အကယ်၍ စကားပြောဆိုကာမူ မြတ်သော တရားကို ပြောဆိုရာ၏၊ဂုံးတိုက်သောစကားကို မပြောဆိုရာ၊သူတပါးအား ပြစ်တင်စွပ်စွဲသော စကားကိုလည်း မပြောဆိုရာ။ (၁၄)

၃၉၃။ အချို့သူတို့သည် အပြစ်တင်ခြင်းနှင့်စပ်သော စကားကို ဆန့်ကျင်ဖက်စစ်သည် ဘောင်သို့ သွားသကဲ့သို့ ထင်မှတ်ကုန်၏၊ ပညာနည်းသော ထိုလူတို့ကို ငါတို့ မချီးမွမ်းကုန်၊ ထိုထိုစကားဟူသော အကြောင်းကြောင့် ထိုသူတို့ကို ရာဂစသောငြိကပ် တွယ်တာမှုတို့သည် ငြိကပ်ကုန်၏၊မှန်၏ ထိုသူတို့သည် သမထဝိပဿနာမှ ဝေးသော ထိုငြင်းခုံမှုအာရုံ၌ စိတ်ကို

http://www.dhammadownload.com



၃၉၄။ မြတ်သော ပညာရှိ တပည့်သာဝကသည် မြတ်စွာဘုရား ဟောအပ်သောတရားကို ကြားနာရ၍ ဆွမ်းကိုရင်း ကျောင်းကိုရင်း အိပ်ရာနေရာကိုရင်း သောက်ရေကိုရင်း သင်္ကန်း၏ အညစ်အကြေး ဖွပ်လျှော်ခြင်းကိုရင်း ဉာဏ်ဖြင့် ဆင်ခြင်၍ မှီဝဲရာ၏။ (၁၆)

၃၉၅။ ထို့ကြောင့် ရေပေါက်သည် ကြာဖက်၌ မလိမ်းကျံ မကပ်ငြိသကဲ့သို့ ရဟန်းသည် ဆွမ်း၌ရင်း ကျောင်းအိပ်ရာနေရာ၌ရင်း သောက်ရေ၌ရင်း သင်္ကန်း၏ အညစ်အကြေးကို ဖွပ်လျှော်ခြင်း၌ရင်း ဤပစ္စည်းတရားတို့၌ ကိလေသာဖြင့်မလိမ်းကျံ မကပ်ငြိနိုင်ပေ။ (၁၇)

၃၉၆။ ထိုမှတပါး လူကျင့်ဝတ်ကို သင်တို့အား ငါဟောအံ့၊ ငါဟောတိုင်း လိုက်နာ ပြုကျင့်သော တပည့်သာဝကသည် ကောင်းမြတ်၏၊(ရှေး၌ဟောခဲ့သော လူတို့အကျင့်နှင့်) မရောမယှက်သော ရဟန်းတို့ကျင့်ဝတ်တရားကို လယ်ယာစသည်ကို သိမ်းဆည်းသူ လူပုဂ္ဂိုလ် သည် ရောက်ခြင်းငှါ မရကောင်း။ (၁၈)

၃၉၇။ လောက၌ ရှိကြသည့် မတုန်လှုပ်တတ်သူ ထိတ်လန့်တတ်သူ သတ္တဝါအားလုံး တို့၌ လက်နက်ကို စွန့်ပစ်၍ သတ္တဝါကို ကိုယ်တိုင်လည်း မသတ်ရာ၊ သူတပါးတို့ကိုလည်း မသတ်စေရာ၊ သတ်ဖြတ်တုန်သော သူတပါးတို့အားလည်း ခွင့်ပြုလိုက်လျော သဘော မတူရာ။ (၁၉)

၃၉၈။ တပည့်သာဝကသည် သူတပါးဥစ္စာဟု သိသည်ရှိသော် တစုံတခုသော အရပ်၌ အရှင်မပေးအပ်သော ဝတ္ထုတစုံတရာတို့ကို ထိုခိုးယူခြင်းမှ ကြဉ်ရှောင်ရာ၏၊ သူတပါးကို လည်း မခိုးယူစေရာ၊ ခိုးယူသော သူတပါးတို့အားလည်း ခွင့်ပြုလိုက်လျော သဘောမတူရာ၊ မပေးအပ်သော ဥစ္စာဟူသမျှကို ကြဉ်ရှောင်ရာ၏။ (၂၀)

၃၉၉။ ပညာရှိသောသူသည် ပြောင်ပြောင်တောက်သော မီးကျီးတွင်းကဲ့သို့ မေထုန် အကျင့်ကို ကြဉ်ရှောင်ရာ၏၊ မေထုန်အကျင့်မှ ကြဉ်ရှောင်မှု 'ဗြဟ္မစရိယ' အကျင့်ကို ကျင့်သုံး ရန် မတတ်နိုင်သူကား သူတပါး၏ သားမယားကို မလွန်ကျူးရာ။ (၂၁)

၄၀၀။ စည်းဝေးရာသဘင်သို့ရောက်သော်ရင်း ပရိသတ်သို့ရောက်သော်ရင်း သူတယောက် သည် သူတယောက်အား မုသားကို ကိုယ်တိုင်လည်း မပြောဆိုရာ၊ သူတပါးကိုလည်း မပြောဆိုစေရာ၊ မုသားပြောဆိုသော သူတပါးကိုလည်း ခွင့်ပြုလိုက်လျော သဘောမတူရာ၊ မမှန်စကား ဟူသမျှကို ကြဉ်ရှောင်ရာ၏။ (၂၂)

၄၀၁။ အကြင်အိမ်ရာထောင်သူ လူပုဂ္ဂိုလ်သည် ထိုသေရည် သေရက်သောက်စားမှုကို ရှုသုပ်ခြင်း အကျိုးလျှင် အဆုံးရှိ၏ဟု သိ၍ ဤ(သေရည်သေရက်သောက်စားမှုမှ ရှောင် ကြဉ်မှု)တရားကို နှစ်သက်ခဲ့ပါမူ ထိုလူပုဂ္ဂိုလ်သည် သေရည်သေရက် သောက်စားမှုကို ကိုယ်တိုင်လည်း မကျင့်ရာ၊ သူတပါးကိုလည်း မသောက်စားစေရာ၊ သောက်စားမူးယစ်သူတို့ အားလည်း ခွင့်ပြုလိုက်လျော သဘောမတူရာ။ (၂၃)

၄၀၂။ လူမိုက်တို့သည် မူးယစ်ခြင်းကြောင့် သူ့အသက်သတ်မှုစသော မကောင်းမှုကို ပြုကုန်၏၊သူတပါးတို့ကိုလည်း ယစ်မူးမေ့လျော့သည်တို့ကို ပြုစေကုန်၏၊ နောင်ဘဝ၌လည်း

တ် ယခုဘဝ၌လည်း တွေဝေစေ

http://www.dhammadownload.com



၄၀၃။ သူ့အသက်ကို မသတ်ရာ၊ မပေးသောဥစ္စာကိုလည်း မခိုးယူရာ၊ မုသားစကားကိုလည်း မပြောဆိုရာ၊ သေရည်သေရက်သောက်စားသူလည်း မဖြစ်ရာ၊ မမြတ်သော မေထုန်အကျင့်မှလည်း ရှောင်ကြဉ်ရာ၏၊ နေလွဲညစာကိုလည်း မစားရာ။ (၂၅)

၄၀၄။ ပန်းကို မပန်ရာ၊ နံ့သာ(လိမ်းခြင်း)ကိုလည်း မပြုကျင့်ရာ၊ (အပ်သော)အခင်း၌ရင်း (အပ်သော)ညောင်စောင်း၌ရင်း မြေ၌ရင်း အိပ်ရာ၏၊ ဝဋ်ဆင်းရဲ၏ အဆုံးသို့ ရောက်သော မြတ်စွာဘုရား ဟောပြတော်မူအပ်သော ထိုဥပုသ်ကို အင်္ဂါရှစ်ပါး ရှိ၏ဟူ၍ဆိုကုန်၏။ (၂၆)

၄၀၅။ လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက် ဥပုသ်နေ့၌ရင်း တဆယ့်ငါးရက် ဥပုသ်နေ့၌ရင်း ရှစ်ရက်ဥပုသ်နေ့၌ရင်း အဋ္ဌင်္ဂဥပုသ်သုံးခြင်းသို့ ကပ်၍နေလော့၊ အသီးအခြား ဆောင်အပ်သော ပါဋိဟာရိယပက္ခ၌လည်း ကြည်ညိုစိတ်ရှိသူသည် နေ့အပြည့်အစုံ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးလေလော့။ (၂၇)

၄၀၆။ ထိုဥပုသ် ဆောက်တည်သော နေ့၏အခြားမဲ့၌ သိကြားလိမ္မာသော ဥပုသ်ကျင့်သုံးပြီးသော ပညာရှိသည် ကြည်ညိုစိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ နံနက်၌ပင်လျှင် ရဟန်းအပေါင်းကို စွမ်းနိုင်သည့်အလျောက် ထမင်းဖြင့်ရင်း အဖျော်ဖြင့်ရင်း ဝေဖန်လုပ်ကျွေးရာ၏။ (၂၈)

၄၀၇။ လူဖြစ်သောသူသည် အမိအဖတို့ကို တရားသဖြင့် လုပ်ကျွေးမွေးမြူရာ၏၊တရားနှင့်လျော်သော ကုန်သွယ်မှုကို အားထုတ်ရာ၏၊ ထိုသူသည် ဤကျင့်ဝတ်ကို မမေ့လျော့ပဲကျင့်သည်ဖြစ်၍ အလိုလို ထွန်းပသော ကိုယ်ရောင်ရှိသော နတ်ပြည်တို့သို့ ရောက်ရ၏”ဟု (မိန့်တော်မူ၏)။(၂၉)

တဆယ့်လေးခုမြောက် ဓမ္မိကသုတ် ပြီး၏။

# နှစ်ခုမြောက် ဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃-မဟာဝဂ်

## ၁-ပဗ္ဗဇ္ဇာသုတ်

၄၀၇။ စက္ခုငါးပါး ရှိတော်မူသော မြတ်စွာဘုရားသည် အကြင်အခြင်းအရာအားဖြင့် ရဟန်းပြု၏၊ အကြင်အခြင်းအရာအားဖြင့် စုံစမ်းသည်ဖြစ်၍ ရဟန်းအဖြစ်ကို နှစ်သက်တော်မူ၏၊ ထိုအခြင်းအရာအားဖြင့် (မြတ်စွာဘုရား၏)ရဟန်းအဖြစ်ကို ပြောကြားပေအံ့။ (၁)

၄၀၈။ ဤအိမ်ရာထောင်သော လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းလှ၏၊ ရာဂ စသော မြူ၏ ဖြစ်ရာ အာရုံတည်းဟူ၍ရင်း ရဟန်းအဖြစ်သည် ဟင်းလင်းအပြင်ကဲ့သို့ (ကျယ်ပြန့်သည်)သာတည်းဟူ၍ရင်း ဤသို့မြင်သောကြောင့် ရဟန်းပြုတော်မူ၏။ (၂)

၄၁၀။ ရဟန်းပြုပြီးလျှင် ကိုယ်ဖြင့်မကောင်းသော အမှုကို ကြဉ်ရှောင်၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ အသက်မွေးမြူမှုကို သုတ်သင်၏။ (၃)

၄၁၁။ မြတ်စွာဘုရားသည် မဂဓတိုင်းသူတို့၏တောင်ငါးလုံး ကာရံသည့် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၏၊ ကိုယ်တော်အလုံး၌ ပြန့်နှံ့တည်နေသော မြတ်သောလက္ခဏာရှိသည်ဖြစ်၍ (ထိုရာဇဂြိုဟ်မြို့၌)ဆွမ်းခံကြွတော်မူ၏။ (၄)

၄၁၂။ ဗိမ္ဗိသာရမင်းသည် ပြာသာဒ်ထက်၌ ရပ်တည်လျက် လက္ခဏာတော်တို့နှင့် ပြည့်စုံသော ထိုဘုရားအလောင်းတော်ကို မြင်သောကြောင့် ဤဆိုမည့် အကြောင်းအရာကို မိန့်ကြား၏။ (၅)

၄၁၃။ အချင်းတို့ ဤသူကို ရှုကြကုန်လော့၊ ရုပ်အဆင်းလှ၏၊ အလုံးအရပ်နှင့် ပြည့်စုံ၏၊ သန့်ရှင်းစင်ကြယ်၏၊ သိမ်မွေ့သောသွားခြင်းနှင့်လည်းပြည့်စုံ၏၊ ရထားထမ်းပိုးတပြန်မျှသာ ကြည့်ရှု၏။ (၆)

၄၁၄။ အောက်သို့ချသော မျက်လွှာရှိ၏၊ သတိရှိ၏၊ ဇာတ်နိမ့်မှ ရဟန်းပြုသူ ဟုတ်ဟန်မတူ၊ ဤရဟန်းသည် အဘယ်အရပ်သို့ သွားလိမ့်မည်နည်း၊မင်းစေတမန်တို့ လျင်လျင်မြန်မြန် လိုက်ကြကုန်လော့။ (၇)

၄၁၅။ စေလွှတ်လိုက်ကုန်သော ထိုမင်းစေတမန်တို့က ရဟန်းသည် အဘယ်အရပ်သို့ သွားလိမ့် မည်နည်း၊ အဘယ်အရပ်၌ နေလိမ့်မည်နည်းဟု နှလုံးသွင်းလျက် ထက်ချပ်မကွာ လိုက်ကြကုန်၏။ (၈)

၄၁၆။ အိမ်စဉ်မပြတ် ဆွမ်းခံကြွတော်မူသော ဘုရားလောင်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည်ဖြစ်၍ လက်ခြေတို့ကိုစောင့်စည်းလျက် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိကာ လျင်စွာ သပိတ်ကို ပြည့်စေတော်မူ၏။ (၉)

၄၁၇။ မုနိဟု ဆိုအပ်သော ဘုရားလောင်းသည် ဆွမ်းခံလှည့်လည်၍ မြို့မှထွက်ပြီးလျှင် ဤတောင်၌ နေမည်ဟုနှလုံးသွင်းလျက် ပဏ္ဍဝတောင်သို့ ရှေးရှုကြွတော်မူ၏။ (၁၀)

http://www.dhammadownload.com



၄၁၈။ မင်းစေတမန် သုံးယောက်တို့သည် တောင်သို့နေရန် ကပ်သော ဘုရားလောင်းကို မြင်၍ ဘုရားလောင်းအနီးသို့ ချဉ်းကပ်ကြကုန်၏၊ ထိုသုံးယောက်တို့တွင် တယောက်သော သူသည်သာလျှင် ပြန်လာ၍ မင်းအား ကြားလျှောက်၏။ (၁၁)

၄၁၉။ မင်းကြီး ဤရဟန်းသည် ပဏ္ဍဝတောင်၏ ရှေ့မျက်နှာတောင်ခေါင်း လိုဏ်ဂူ၌ ကျားနှင့် နွားလားဥသဘကဲ့သို့ရင်း ခြင်္သေ့ကဲ့သို့ရင်း နေတော်မူ၏။ (၁၂)

၄၂၀။ ဗိမ္ဗိသာရမင်းသည် စေတမန်၏စကားကို ကြားလျှင် ကောင်းမြတ်သော ယာဉ်ဖြင့် လျှင်မြန်သောသဘောရှိသည်ဖြစ်၍ ပဏ္ဍဝတောင်သို့ ထွက်တော်မူ၏။ (၁၃)

၄၂၁။ ထိုဗိမ္ဗိသာရမင်းသည် ယာဉ်ဖြင့် သွားနိုင်သော အရပ်တိုင်အောင် ယာဉ်ဖြင့် သွားပြီးလျှင် ယာဉ်မှ သက်ဆင်း၍ ခြေကျင်သာလျှင် ထိုဘုရားလောင်းအနီးသို့ ချဉ်းကပ် ထိုင်နေ၏။ (၁၄)

၄၂၂။ မင်းသည် ထိုင်နေပြီးလတ်သော် အသက်ထက်ဆုံး အောက်မေ့ထိုက်သော စကား ကို ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီးဆုံးစေပြီးလျှင် ဤအကြောင်းအရာကို လျှောက်ကြား ၏။ (၁၅)

၄၂၃။ အသျှင်ဘုရား အသျှင်ဘုရားသည် ပျိုလည်းပျို၏၊ ငယ်လည်းငယ်၏၊ ပဌမအရွယ် လည်းဖြစ်၏၊ နုလည်းနု၏၊ လှံးရပ်သဏ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ အမျိုးဇာတ်နှင့် ပြည့်စုံ သော မင်းနှင့် တူပါ၏။ (၁၆)

၄၂၄။ အသျှင်ဘုရား အသျှင်ဘုရားအား တပည့်တော်သည် ဗိုလ်ပါအပေါင်းကို အစ ပြု၍ စည်းစိမ်ဥစ္စာတို့ကို ပေးပါအံ့၊ အသျှင်ဘုရားသည် ဗိုလ်ပါ ဆင်မြင်းအပေါင်းခြံရံလျက် တင့်တင့်တယ်တယ် ခံစားပါလော့၊ အမျိုးဇာတ်ကို မေးမြန်းအပ်သည်ဖြစ်ရကား အသျှင် ဘုရားသည် ဖြေကြားပါလော့။ (၁၇)

၄၂၅။ မင်းကြီး ဟိမဝန္တာတောင်နံပါးမှ ဖြောင့်ဖြောင့်ဖြစ်၍ ကောသလတိုင်းတို့၌ အပါ အဝင်ဖြစ်သော ခုနစ်ပါးသော ဥစ္စာရတနာ ရရှိသော ယောကျ်ားကောင်းတို့နှင့် ပြည့်စုံ သော ဇနပုဒ်သည် ငါ၏အမြဲနေရာတည်း။ (၁၈)

၄၂၆။ ငါသည် အနွယ်အားဖြင့် နေမျိုးနွယ်ဖြစ်၏၊ ဇာတ်အားဖြင့် သာကီယဇာတ်ဖြစ်၏၊ ထိုအမျိုးဇာတ်မှ ထွက်၍ ရဟန်းပြုခဲ့၏၊ ကာမဂုဏ်တို့ကို ငါမတောင့်တတော့ပေ။ (၁၉)

၄၂၇။ ငါသည် ကာမတို့၌ အပြစ်ကိုမြင်၍ ကာမမှ ထွက်မြောက်ခြင်းကို ဘေးကင်းသော အားဖြင့် ရှုပြီးလျှင် (နိဗ္ဗာန်ကိုတောင့်တလျက်) တရားအားထုတ်ရန် သွားအံ့၊ ဤတရား အားထုတ်မှု၌ ငါ၏စိတ်သည် နှစ်သက်၏ဟု (မိန့်တော်မူ၏)။ (၂၀)

ရှေးဦးစွာသော ပဗ္ဗဇ္ဇာသုတ် ပြီး၏။

http://www.dhammadownload.com



## ၂-ပဓာနသုတ်

၄၂၇-၄၂၉။ နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နေရဉ္ဇရာမြစ်နား၌ ယောဂ ကုန်ရာ နိဗ္ဗာန်သို့ရောက်ခြင်းငှါ အလွန်အားထုတ်လျက် အပ္ပနာစျာန်ကို အားထုတ်နေသော ထိုငါဘုရားကို—

အသျှင်ဘုရားသည် ကြုံလှီလှပါ၏၊အဆင်းမလှတော့ပါပြီ၊ အရှင်၏သေခြင်းသည် နီးကပ်လှ ပါ၏ဟု မာရ်နတ်သည် သနားခြင်းနှင့် ယှဉ်သော စကားကို ပြောလျက် ချဉ်းကပ်၏။ (၁-၂)

၄၃၀။ အသျှင်ဘုရား၏ အသက်ရှင်ခြင်းသည် သေခြင်း၏ တထောင်သော အဘို့အစုရှိ သည့်အနက် တစုတစိတ်သာ ကျန်ပါတော့သည်၊ အသျှင် အသက်ရှင်နေပါလော့၊ အသက် ရှင်နေရခြင်းသည် မြတ်ပါ၏၊ အသက်ရှင်နေသည်ရှိသော် အသျှင်ဘုရားသည် ကောင်းမှုတို့ကို ပြုရပါလိမ့်မည်။ (၃)

၄၃၁။ မြတ်သောအကျင့်ကိုလည်း ကျင့်သော မီးပူဇော်ခြင်းကိုလည်း ပူဇော်သော သင့်အား များစွာသော ကောင်းမှုသည် ပွါး၏၊ တရားအားထုတ်မှုဖြင့် အဘယ်ပြုလိမ့်မည် နည်း။ (၄)

၄၃၂။ တရားအားထုတ်ရန် ခရီးသည် အသွားခက်လှ၏၊ ပြုနိုင်ခဲ၏၊ ဖြစ်နိုင်ခဲ၏ဟု ဤဂါထာတို့ကို ရွတ်ဆိုလျက် မာရ်နတ်သည် မြတ်စွာဘုရား၏အနီး၌ ရပ်တည်၏။ (၅)

၄၃၃။ ထိုအခြင်းအရာအားဖြင့် ဆိုတတ်သော ထိုမာရ်နတ်အား မြတ်စွာဘုရားသည် ဤစကားကို မိန့်ဆို၏—မေ့လျော့မှု၏ အဆွေဖြစ်သော မာရ်နတ်ယုတ် ဤအရပ်သို့ သင်လာ ခြင်းကား သင့်အကျိုးအတွက်သာ လာခြင်းဖြစ်၏။ (၆)

၄၃၄။ (မာရ်နတ်ယုတ်) အနုမြူမျှလောက်သော်လည်း ကောင်းမှုဖြင့် ငါ့အလိုမရှိ၊ အကြင် သူတို့အားကား ကောင်းမှုဖြင့် အလိုရှိ၏၊ ထိုသူတို့ကိုသာလျှင် မာရ်နတ်သည် ပြောဆို ရန် ထိုက်၏။ (၇)

၄၃၅။ (မာရ်နတ်ယုတ်)ငါ့အား ယုံကြည်မှု 'သဒ္ဓါ'သည်၎င်း အားထုတ်မှု'ဝီရိယ'သည်၎င်း (ခွဲခြားသိမှု) 'ပညာ'သည်၎င်း ရှိ၏၊ ဤသို့ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသူ ငါ့အား အဘယ့်ကြောင့် အသက်ရှင်ခြင်းကို မေးတုံဘိသနည်း။ (၈)

၄၃၆။ ငါ၏ကိုယ်၌ ဝီရိယအဟုန်ကြောင့်ဖြစ်သော ဤလေသည် မြစ်တို့၏ ရေအယဉ် တို့ကိုသော်လည်း ခန်းခြောက်စေနိုင်ရာ၏၊ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသူ ငါ၏ သွေးကို ကား အဘယ့်ကြောင့်လျှင် မခန်းခြောက်စေပဲ ရှိပါအံ့နည်း။ (၉)

၄၃၇။ သွေးသည် ခန်းခြောက်လတ်သော် သည်းခြေသည်၎င်း သလိပ်သည်၎င်း ခန်းခြောက်၏၊ အသားတို့သည် ကုန်ခန်းကုန်သော် စိတ်သည် ရှေးကထက် လွန်စွာကြည် လင်၏၊ သတိသည်၎င်း ပညာသည်၎င်း သမာဓိသည်၎င်း ငါ့အား လွန်စွာတည်၏။ (၁၀)

၄၃၈။ ဤသို့နေသည်ဖြစ်၍ လွန်မြတ်သော ဝေဒနာသို့ ရောက်သော ထိုငါ၏ စိတ်သည် ကာမတို့ကို အလိုမရှိ (စိတ်စင်ကြယ်မှုဖြင့်)သတ္တဝါစင်ကြယ်သည့် အဖြစ်ကို ရှုလော့။ (၁၁)

http://www.dhammadownload.com



၄၃၉။ ကာမတို့ကို သင်၏ ပဌမစစ်သည်ဟူ၍ ဆိုရကုန်၏၊ မမွေ့လျော်ခြင်းကို ဒုတိယ စစ်သည်ဟူ၍ ဆိုရ၏၊ မွတ်သိပ်ဆာလောင်ခြင်းကို သင်၏ တတိယစစ်သည်ဟူ၍ ဆိုရ၏၊ တပ်မက်မှု တဏှာကို စတုတ္ထစစ်သည်ဟူ၍ ဆိုရ၏။ (၁၂)

၄၄၀။ ထိနမိဒ္ဓကို သင်၏ ပဉ္စမစစ်သည်ဟူ၍ ဆိုရ၏၊ ကြောက်လန့်မှုကို ဆဋ္ဌစစ်သည်ဟူ၍ ဆိုရ၏၊ ယုံမှားမှုကို သင်၏ သတ္တမစစ်သည်ဟူ၍ ဆိုရ၏၊ သူ့ ကျေးဇူးကို ချေဖျက်မှုကိုရင်း မာန်ဖြင့် ခက်ထန်ခိုင်မာမှုကိုရင်း သင်၏ အဋ္ဌမစစ်သည်ဟူ၍ ဆိုရ၏။ (၁၃)

၄၄၁။ လာဘ်ကျော်စောမှု ပူဇော်သက္ကာရချတ်ယွင်းဖောက်ပြန် မမှန်မကန်ရအပ်သော အခြံအရံကို နဝမစစ်သည်ဟူ၍ ဆိုရ၏၊ မိမိကိုယ်ကို ချီးမြှောက်မှု သူတပါးတို့အား ရှုတ်ချမှုကို ဒသမစစ်သည်ဟူ၍ ဆိုရ၏။ (၁၄)

၄၄၂။ မာရ်နတ်ယုတ် ဤဆယ်မျိုးသည်ကား သမဏဗြာဟ္မဏတို့ကို နှောင့်ယှက်တတ်သော မည်းနက်သော အကုသိုလ်ရှိသည့် သင်မာရ်နတ်၏ စစ်သည်ဗိုလ်ပါတည်း၊ မရဲရင့်သူသည် ထိုစစ်သည်ဆယ်မျိုးကို မအောင်မြင်နိုင်၊ ထိုစစ်သည်ဆယ်မျိုးကို အောင်မြင်နိုင်ခဲ့မူကား ချမ်းသာကိုရ၏။ (၁၅)

၄၄၃။ ထို့ကြောင့် ထိုငါသည်လည်း (မဆုတ်မနစ်ခြင်း အထိမ်းအမှတ်ဖြစ်သော) ဖြူဆန်မြက်ကို ဆောင်ထား၏၊ စစ်ရှုံးသည်ဖြစ်၍ ငါ၏အသက်ရှင်နေရခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏၊ (သင်နှင့်)စစ်တိုက်ရာ၌ စစ်ရှုံးသည်ဖြစ်၍ ငါ၏ အသက်ရှင်နေရခြင်းထက် သေခြင်းက မြတ်သေး၏။ (၁၆)

၄၄၄။ ဤသင်၏ စစ်သည်ဘောင်၌ နစ်မြုပ်သက်ဝင်နေကြရကုန်သော သမဏဗြာဟ္မဏ အချို့တို့သည် (သီလစသော ဂုဏ်တို့ဖြင့်) မထင်ရှားနိုင်ကုန်၊ ထိုသမဏဗြာဟ္မဏတို့သည် ကောင်းသောအကျင့် ရှိသူတို့သွားရာလမ်းခရီးကိုလည်း မသိကြကုန်။ (၁၇)

၄၄၅။ (မာရ်နတ်)ငါသည် ထက်ဝန်းကျင်အရပ်မှ စစ်တိုက်ရန် ထွက်လာသော စစ်သည်ဗိုလ်ပါအပေါင်းကို မြင်ရသောကြောင့် ငါ့ကို တည်ရာဌာနမှ မရွေ့လျောပါစေလင့်ဟု (နှလုံးသွင်း၍)ဂိရိမေခလာဆင်နှင့် တကွဖြစ်သော မာရ်နတ်ကို စစ်ဆိုးရန် ရင်ဆိုင်ထွက်ခဲ့၏။ (၁၈)

၄၄၆။ သင်၏ အကြင်စစ်သည်ဗိုလ်ပါအပေါင်းကို နတ်နှင့်တကွသော လောကသည် ခုခံနိုင်စွမ်း မရှိပေ၊ မီးမဖုတ်ရသေးသော မြေအိုးမြေခွက်ကို ကျောက်ဖြင့် ထုနှက်ခွဲဖျက်သကဲ့သို့ သင်၏ ထိုစစ်သည်ဗိုလ်ပါအပေါင်းကို ပညာဖြင့် ငါထုနှက်ဖျက်ဆီးအံ့။ (၁၉)

၄၄၇။ ငါသည် မှန်ကန်သော ကြံစည်မှု'သမ္မာသင်္ကပ္ပ'ကို လေ့လာခြင်းရှိသည်ကို ပြုလျက် မှန်ကန်သောအောက်မေ့မှု'သမ္မာသတိ'ကိုလည်း ကောင်းစွာတည်သည်ကို ပြု၍ များစွာသော တပည့်သာဝကတို့ကို ဆုံးမလျက် တိုင်းပြည်တခုမှ တိုင်းပြည်တခုသို့ လှည့်လည်တော့အံ့။ (၂၀)

၄၄၈။ ငါ၏ အဆုံးအမကို လိုက်နာကြကုန်သော ထိုတပည့်သာဝကတို့သည် မမေ့မလျော့ကုန်ပဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကုန်လျက် (ဘဝသုံးပါးကို)အလိုမရှိကြကုန်သည်ဖြစ်၍ အကြင်နိဗ္ဗာန်သို့ ရောက်ကုန်သည်ရှိသော် မစိုးရိမ်ရကုန်၊ ထိုနိဗ္ဗာန်သို့ ရောက်ကြရကုန်လတ္တံ့။ (၂၁)

http://www.dhammadownload.com



၄၄၉။ သတိရှိတော်မူသော မြတ်စွာဘုရား၏ ချွတ်ယွင်းချက် အခွင့်အရေးကို ရလိမ့်မည်ဟု နှလုံးသွင်း၍ ငါသည် ခုနစ်နှစ်တို့ပတ်လုံး မြတ်စွာဘုရားသို့ ထက်ကြပ်မကွာ အစဉ်လိုက်ခဲ့၏၊ ဤသို့ လိုက်သော်လည်း အခွင့်အရေးကို မရခဲ့ချေ။ (၂၂)

၄၅၀-၄၅၁။ ဤအရာဝတ္ထု၌ နူးညံ့ပြေပျောင်းရာကို ရနိုင်ငြားအံ့လည်း မသိ၊ သာယာ မြိန်ရှက်ဖွယ် ရှိငြားအံ့လည်း မသိဟု နှလုံးသွင်း၍ ကျီးသည် အဆီခဲနှင့်တူသော အဆင်း ရှိသော ကျောက်တုံးကို ထက်ဝန်းကျင် လှည့်လည် ထိုးဆိတ်ပါသော်လည်း—

ကျီးသည် ထိုကျောက်တုံး၌ သာယာတပ်ငြိဖွယ်ကို မရသောကြောင့် ကျောက်တုံးကို တွယ်တာကပ်ငြိမှုမှ ငြီးငွေ့လက်လျှော့လျက် ဖဲခွါ ပျံသွားသကဲ့သို့ ငါတို့သည်လည်း အသျှင် ဂေါတမကို ငြီးငွေ့လက်လျှော့ကာ ဖဲခွါထွက်သွားကုန်တော့အံ့။ (၂၃-၂၄)

၄၅၂။ စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သော ထိုမာရ်နတ်၏ လက်ကတီးကြားမှ စောင်းသည် လျှောကျ၏၊ ထို့နောက် ထိုမာရ်နတ်သည် နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ် ပျောက်လေသတည်း။ (၂၅)

နှစ်ခုမြောက် ပဓာနသုတ် ပြီး၏။

---

## ၃-သုဘာသိတသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်--အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူ၏—

ရဟန်းတို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သော စကား မည်၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားမဟုတ်၊ အပြစ်မှလည်းကင်း၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်၊ အဘယ်လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကောင်းစွာ ဆိုအပ်သော စကားကိုသာလျှင် ဆို၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားကို မဆို၊ တရားနှင့် စပ်ယှဉ်သော စကားကိုသာလျှင် ဆို၏၊ တရားနှင့် မစပ်ယှဉ်သော စကားကို မဆို၊ ချစ်နှစ်သက်ဖွယ် စကားကိုသာလျှင် ဆို၏၊ မချစ်မနှစ်သက်ဖွယ်သော စကားကို မဆို၊ အမှန်ကိုသာ ဆို၏၊ မမှန် ချွတ်ယွင်းသောစကားကို မဆို၊ ရဟန်းတို့ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သော စကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားမဟုတ်၊ အပြစ်မှလည်းကင်း၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်ဟု (မိန့်တော်မူ၏)၊ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ ပြီးနောက် ဤစကားကို မိန့်တော်မူ၏—

၄၅၃။ "ကောင်းစွာဆိုအပ်သော စကားကို မြတ်သော ပဌမအင်္ဂါဟု သူတော်ကောင်းတို့ ဆိုကြကုန်၏၊ တရားနှင့်စပ်ယှဉ်သော စကားကို ပြောဆိုရာ၏၊ တရားနှင့်မစပ်ယှဉ်သော

http://www.dhammadownload.com



စကားကို မပြောဆိုရ၊ ထိုစကားကို ဒုတိယအင်္ဂါဟု ဆိုကြကုန်၏၊ ချစ်နှစ်သက်ဖွယ် စကားကို ပြောဆိုရာ၏၊ မချစ်မနှစ်သက်ဖွယ် စကားကို မပြောဆိုရ၊ ထိုစကားကို တတိယအင်္ဂါဟု ဆိုကြကုန်၏၊ ဟုတ်မှန်သောစကားကို ပြောဆိုရာ၏၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သောစကားကို မပြောဆိုရ၊ ထိုစကားကို စတုတ္ထအင်္ဂါဟု ဆိုကြကုန်၏''ဟု (မိန့်တော်မူ၏)။ (၁)

ထိုအခါ အသျှင်ဝင်္ဂီသသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ် တင်လျက် မြတ်စွာဘုရားရှိတော်မူရာသို့ လက်အုပ်ချီရှိခိုး၍ မြတ်စွာဘုရားအား "မြတ်စွာဘုရား အကျွန်ုပ်၏ ဉာဏ်၌ ထင်လာပါ၏၊ မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ထင်လာပါ၏''ဟု လျှောက်၏၊ "ဝင်္ဂီသ သင်၏ ဉာဏ်၌ထင်စေလေ''ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ထို့နောက် အသျှင်ဝင်္ဂီသ သည် မြတ်စွာဘုရား၏ မျက်မှောက်၌ လျှောက်ပတ်သော ဂါထာတို့ဖြင့် ချီးမွမ်း၏—

၄၅၄။ အကြင်စကားဖြင့် မိမိကိုယ်ကိုလည်း မပူပန်စေ၊ သူတပါးတို့ကိုလည်း မညှဉ်းဆဲ၊ ထိုစကားကိုသာလျှင် ပြောဆိုရာ၏၊ ထိုစကားသည် အမှန်ပင် ကောင်းသောစကား မည်၏။ (၂)

၄၅၅။ အကြင်စကားသည် စိတ်နှလုံးသို့ သက်ဝင်၍ နှစ်သက်ဝမ်းမြောက်နိုင်၏၊ အကြင် စကားကို ပြောဆိုသူသည် ယုတ်မာကြမ်းကြုတ်သော စကားတို့ကို မယူမူ၍ သူတပါးတို့ ချစ်ခင်နှစ်သက်ဖွယ်သော စကားကိုသာ ပြောဆို၏၊ ထိုသူတပါးတို့ ချစ်ခင်နှစ်သက်ဖွယ် စကားကိုသာလျှင် ပြောဆိုရာ၏။ (၃)

၄၅၆။ မှန်သောစကားသည် စင်စစ် အမြိုက်သုခဘုတ်နှင့် တူ၏၊ ဤမှန်သောစကားကို ပြောဆိုမှုသည် ရှေး၌ဖြစ်သော သဘောတံထွာဓမ္မတာတည်း၊ သူတော်ကောင်းတို့သည် ဟုတ် မှန်သောအကျိုးတရား၌၎င်း အကြောင်းတရား၌၎င်း တည်ကုန်၏ဟု ဆိုကုန်၏။ (၄)

၄၅၇။ မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ရောက်ခြင်းငှါ၎င်း ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ၎င်း ဘေးမရှိသော အကြင်စကားကို ဆိုတော်မူ၏၊ ထိုစကားသည်သာ စကားတို့တွင် အမှန်ပင် မြတ်သော စကားတော်ပေတည်း''ဟု (မိန့်တော်မူ၏)။ (၅)

သုံးခုမြောက် သုဘာသိတသုတ် ပြီး၏။

---

## ၄-သုန္ဒရိကဘာရဒွါဇသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ကောသလ တိုင်း သုန္ဒရိကာမြစ်ကမ်းနား၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် သုန္ဒရိကာမြစ်ကမ်းနား၌ မီးကို ပူဇော်၏၊ မီးပူဇော်ရာအရပ်ကို တံမြက်လှည်းခြင်းစသည်ဖြင့် ဆည်းကပ်၏၊ ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မီးပူဇော်ပြီး၍ မီးပူဇော်ရာအရပ်ကို ဆည်းကပ်ပြီးလျှင် နေရာမှထကာ "ဤမီးပူဇော်အပ်ပြီးသည်မှ ကြွင်းသော နို့ဃနာကို အဘယ်သူ သည် စားထိုက်ပါမည်နည်း''ဟု ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို လှည့်၍ကြည့်၏၊ သုန္ဒရိက

http://www.dhammadownload.com



ဘာရဒွါဇပုဏ္ဏားသည် မနီးမဝေး တခုသော သစ်ပင်ရင်း၌ ဦးခေါင်းနှင့်တကွ ရုံ၍ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ မီးပူဇော်အပ်ပြီးသည်မှ ကြွင်းကျန်သော နို့ဃနာကို လက်ဝဲလက်ဖြင့် ယူလျက် လကျာ်လက်ဖြင့် ကရားကို ယူပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။

ထိုအခါ မြတ်စွာဘုရားသည် သုန္ဒရိကဘာရဒွါဇပုဏ္ဏား၏ ခြေသံကြောင့် ဦးခေါင်းကို ဖွင့်တော်မူ၏၊ ထိုအခါ၌ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် "ဤအသျှင်သည် ဦးပြည်း(ကတုံး)ယုတ်ပါတကား၊ ဤအသျှင်သည် ဦးပြည်း(ကတုံး)ယုတ်ပါတကား" ဟု (ကဲ့ရဲ့၍) ထိုအရပ်မှပင်လျှင် ပြန်ဆုတ်ခဲ့၏။ ထို့နောက် သုန္ဒရိကဘာရဒွါဇပုဏ္ဏားအား "ဤလောက၌ အချို့သောပုဏ္ဏားတို့သည် ဦးပြည်းထားသူတို့လည်း ဖြစ်တတ်ကုန်သေး၏၊ ငါသည် ချဉ်းကပ်၍ ဇာတ်ကို မေးရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏၊ ထို့နောက် သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "အသျှင်သည် အဘယ်အမျိုးဇာတ်ဖြစ်သနည်း" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် သုန္ဒရိကဘာရဒွါဇပုဏ္ဏားအား ဂါထာတို့ဖြင့် ရွတ်ဆိုပြောဟောတော်မူ၏—

၄၅၇။ ပုဏ္ဏား ငါဘုရားသည် ပုဏ္ဏားမျိုးမဟုတ်၊မင်းသားလည်းမဟုတ်၊ ကုန်သည်မျိုးလည်း မဟုတ်၊မည်သည့်အမျိုးဇာတ်မျှမဟုတ်၊ပုထုဇဉ်တို့၏ အနွယ်ကို ပိုင်းခြားသိပြီး၍ ကြောင့်ကြမှု မရှိပဲ ပညာဖြင့် သိလျက် လောက၌ လှည့်လည်နေထိုင်၏။ (၁)

၄၅၈။ ပုဏ္ဏား ငါသည် သင်္ကန်းကိုဝတ်လျက် တဏှာတည်းဟူသော အိမ်မရှိပဲ ဆံပင်တို့ကို ရိတ်ပယ်ပြီး၍လျှင် ပူပန်မှု ငြိမ်းပြီးသော စိတ်ရှိကာ ဤလောက၌ လူတို့နှင့် မရောယှက်မူ၍ ကျင့်၏၊ သို့ဖြစ်ပါလျက် သင်သည် မလျှောက်ပတ်သော အမျိုးအနွယ်နှင့်စပ်သော ပြဿနာကို ငါ့အား မေးဘိ၏။ (၂)

၄၆၀။ အသျှင် ပုဏ္ဏားတို့သည် ပုဏ္ဏားအချင်းချင်းလည်း "အသျှင်သည် ပုဏ္ဏားလော" ဟု မေးတတ်ကြကုန်၏။ (၃)

၄၆၁။ ငါပုဏ္ဏားဟူ၍ သင်အကယ်၍ ဖြေဆိုခဲ့မူ ငါ့ကိုလည်း ဗြာဟ္မဏမဟုတ်ဟူ၍ ဆိုသည် မည်၏၊ထိုကြောင့် သုံးပုဒ်ရှိ၍ အက္ခရာနှစ်ဆယ့်လေးလုံးရှိသော သာဝိတ္တိမည်သော ဗေဒင်ကို သင့်အား မေးအံ့ (ဖြေဆိုပါလော့)။ (၄)

၄၆၂။ ဤလောက၌ ရသေ့တို့သည်၎င်း လူတို့သည်၎င်း မင်းတို့သည်၎င်း ပုဏ္ဏားတို့သည်၎င်း အဘယ်ကို မှီကုန်၍ နတ်ဗြဟ္မာတို့အား ယဇ်ပူဇော်မှုကို အများအပြားပြုကြကုန်သနည်း။ (၅)

၄၆၃။ ဝဋ်ဆင်းရဲ၏ အဆုံးသို့ရောက်၍ လေးပါးသော မဂ်ဉာဏ်တို့ဖြင့် ကိလေသာတို့ကို ပေါက်ထွင်းသွားသူ ရဟန္တာသည် ပူဇော်ရာကာလ၌ အကြင်ပုဂ္ဂိုလ်၏ ပူဇော်ဖွယ်ကို ရရာ၏၊ ထိုပုဂ္ဂိုလ်၏ ပူဇော်မှုသည် ပြည့်စုံ၏ဟု ငါဆို၏။ (၆)

၄၆၄။ (သုန္ဒရိကဘာရဒွါဇပုဏ္ဏားက) ထိုအသျှင်ဘုရားကဲ့သို့သဘောရှိသော သိခြင်းသို့ ရောက်သော ရဟန္တာကို (အကျွန်ုပ်တို့)ဖူးမြင်ကြရပါကုန်၏၊ ထိုအကျွန်ုပ်၏ ပူဇော်အပ်သော အမှုသည် စင်စစ် ပြည့်စုံပေလိမ့်မည်၊ ရှေးအခါက အသျှင်ဘုရားကဲ့သို့ သဘောရှိကုန်သော ပညာရှိတို့ကို မဖူးမတွေ့ရသောကြောင့် အခြားလူအပေါင်းသည် အကျွန်ုပ်၏နို့ဃနာထမင်းကို စား၏ဟု (ဆို၏)။ (၇)

http://www.dhammadownload.com



၄၆၅။ ပုဏ္ဏားထို့ကြောင့် သင်သည် အကျိုးစီးပွါးဖြင့် အလိုရှိပါမူ ငါ့ထံသို့ ချဉ်းကပ်၍ မေးလော့၊ ငြိမ်းအေး၍ အခိုးကင်းသူ ဆင်းရဲမရှိသူ တောင့်တခြင်းကင်းသူ ပညာရှိကို ဤအရပ်၌ပင် ရနိုင်လိမ့်မည်။ (၈)

၄၆၆။ အသျှင်ဂေါတမ အကျွန်ုပ်သည် ပေးကမ်းမှု၌ မွေ့လျော်ပါ၏၊ အကျွန်ုပ်သည် ပူဇော်ဖွယ်ကို ပူဇော်လိုပါသော်လည်း မသိနားမလည်ပါ၊ အသျှင်သည် အကျွန်ုပ်ကို ဆုံးမတော်မူပါ၊ အကြင်ပုဂ္ဂိုလ်၌ ပူဇော်ခြင်းသည် အကျိုးပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို အကျွန်ုပ်အား ဟောကြားတော်မူပါ။ (၉)

ပုဏ္ဏား သို့ဖြစ်လျှင် နားထောင်လော့၊ သင့်အား တရားကို ဟောအံ့ —

၄၆၇။ (ပေးလှူခြင်း၏ အကျိုးကြီးမှုကို အလိုရှိခဲ့မူ) အမျိုးဇာတ်ကို မမေးလင့်၊(သီလစသော)အကျင့်ကိုသာ မေးလော့၊ မီးသည် အမှန်စင်စစ် ထင်းမှဖြစ်၏၊ အမျိုးဇာတ်နိမ့်သော်လည်း ရဟန္တာပုဂ္ဂိုလ်သည် တည်ကြည်မှု'သမာဓိ'ရှိ၏၊ ရှက်ကြောက်မှု'ဟိရီ'တရားဖြင့် မကောင်းမှုကို တားမြစ်၏၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား၍ သိ၏။(၁၀)

၄၆၈။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ပရမတ္ထသစ္စာဖြင့် ယဉ်ကျေးပြီးသူ ဣန္ဒြေတို့ကို ဆုံးမခြင်းနှင့် ပြည့်စုံပြီးသူ မဂ်လေးပါးတို့ဖြင့် ကိလေသာတို့၏ အဆုံးသို့ရောက်သူ မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးပြီးသူ ရဟန္တာပုဂ္ဂိုလ်၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၁)

၄၆၉။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သော အခါဝယ် ကာမတို့ကို ပယ်စွန့်၍ တဏှာအိမ်မရှိကုန်ပဲ ရက်ဖောက်ကဲ့သို့ ဖြောင့်ဖြောင့်ကောင်းစွာ စောင့်စည်းသော စိတ်ရှိကုန်လျက် ကျင့်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၂)

၄၇၀။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ရာဂကင်းကြသူ ကောင်းစွာတည်သော ဣန္ဒြေရှိကြသူ ရာဟုဖမ်းခြင်းမှ လွတ်သော လကဲ့သို့ ကိလေသာဖမ်းခြင်းမှ လွတ်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကိုပေးလှူရာ၏။ (၁၃)

၄၇၁။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် တဏှာဒိဋ္ဌိအားဖြင့် မြတ်နိုးမှုတို့ကို စွန့်၍ အခါခပ်သိမ်း သတိနှင့် ပြည့်စုံလျက် လောက၌ မကပ်ငြိကုန်ပဲ အထူးကျင့်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။(၁၄)

၄၇၂။ အကြင်မြတ်စွာဘုရားသည် ကိလေသာကာမတို့ကို ပယ်စွန့်နှိမ်နင်းလျက် ကြွသွားတော်မူ၏၊ မြတ်စွာဘုရားသည် ပဋိသန္ဓေနေခြင်း သေခြင်း၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို သိတော်မူ၏၊ ရေအိုင်ကြီးသည် အေးသကဲ့သို့ ကိလေသပရိနိဗ္ဗာန်ပြုသည်ဖြစ်၍ အေးချမ်းသော ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၁၅)

၄၇၃။ မြတ်စွာဘုရားသည် ပဋိဝေဓတူမျှကုန်သော ဝိပဿီစသော ဘုရားတို့နှင့် တူတော်မူ၏၊ မတူမျှသူ ပုဂ္ဂိုလ်တို့မှ ဝေးတော်မူ၏၊ အဆုံးမရှိသော ပညာရှိတော်မူ၏၊ ဤလောက၌ ငင်း တမလွန်လောက၌ငင်း ကိလေသာတို့ဖြင့် မလိမ်းကျံ မကပ်ငြိ၊ထို့ကြောင့် မြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၁၆)

http://www.dhammadownload.com



၄၇၄။ အကြင်မြတ်စွာဘုရား၌ လှည့်ပတ်မှု 'မာယာ'သည်၎င်း မာန်သည်၎င်း မကိန်းဝပ်နိုင်၊ အကြင်မြတ်စွာဘုရားသည် လောဘကင်းသူ တဏှာဒိဋ္ဌိနှင့် မြတ်နိုးမှု မရှိသူ တပ်မက်မှု 'အာသာ'ကင်းသူ အမျက်'ဒေါသကို'နုတ်ပယ်ပြီးသူ အလွန်ငြိမ်းအေးသော စိတ်ရှိသူ ဖြစ်တော်မူ၏၊မကောင်းမှုမှုအပပြုပြီးသော အကြင်မြတ်စွာဘုရားသည် စိုးရိမ်မှု 'သောက'တည်းဟူသော အညစ်အကြေးကို ပယ်စွန့်ပြီးပြီ၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၁၇)

၄၇၅။ အကြင်မြတ်စွာဘုရားသည် စိတ်၏အမြဲနေရာ တဏှာဒိဋ္ဌိဟူသော အိမ်ကို ပယ်စွန့်တော်မူ၏၊ အကြင်မြတ်စွာဘုရားအား (တဏှာဒိဋ္ဌိတို့ဖြင့်) သိမ်းဆည်းအပ်သော တရားတို့သည် စိုးစဉ်း အနည်းငယ်မျှ မရှိကုန်၊ ဤဘဝ၌၎င်း တမလွန်ဘဝ၌၎င်း စွဲလမ်းမှုမရှိသော ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၁၈)

၄၇၆။ အကြင်မြတ်စွာဘုရားသည် မဂ်တည်းဟူသော သမာဓိဖြင့် ကောင်းစွာတည်တော်မူသည်ဖြစ်၍ သြဃလေးပါးကို ကူးမြောက်တော်မူ၏၊ လွန်မြတ်သော သဗ္ဗညုတဉာဏ်ဖြင့် တရားကို သိတော်မူ၏၊ အာသဝေါကုန်ပြီး ဖြစ်တော်မူ၏၊ အဆုံးစွန်သော ကိုယ်ကိုလည်း ဆောင်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၁၉)

၄၇၇။ အကြင်မြတ်စွာဘုရားအား ဘဝါသဝတို့သည်၎င်း ကြမ်းတမ်းသောစကားတို့သည်၎င်း ဖျက်ဆီးရှို့မြိုက် မီးတိုက်ကုန်ပြီး ချုပ်ခြင်းသို့ ရောက်စေကုန်ပြီးဖြစ်သောကြောင့် မရှိကြတော့ကုန်၊ လေးပါးသော ဝေဒတို့ဖြင့် နိဗ္ဗာန်သို့ရောက်ပြီးသော အလုံးစုံ ခန္ဓာစသည်တို့၌ လွတ်ပြီးသော ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၂၀)

၄၇၈။ အကြင်မြတ်စွာဘုရားအား ကပ်ငြိမှုတို့သည် မရှိကုန်၊ အကြင်မြတ်စွာဘုရားသည် ကပ်ငြိမှုကို လွန်မြောက်၍ ကံကိလေသာဟု ဆိုအပ်သော လယ်ယာနှင့်တကွဖြစ်သော ဆင်းရဲကို ပိုင်းခြားသိပြီးလျှင် မာနဖြင့် ကပ်ငြိသောသူတို့၌ မာနဖြင့် မကပ်ငြိ၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၂၁)

၄၇၉။ အကြင်မြတ်စွာဘုရားသည် တောင့်တမှု တဏှာကို မမှီမူ၍ ငြိမ်းအေးမှု 'ဝိဝေက'ကို မြင်လေ့ရှိ၏၊ သူတပါးတို့က သိစေအပ်သော မိစ္ဆာအယူကို လွန်မြောက်၏၊ အကြင်မြတ်စွာဘုရားအား အနည်းငယ်မျှဖြစ်သော (ဘဝသစ်၏) အကြောင်းတို့သည် မရှိကုန်၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၂၂)

၄၈၀။ အကြင်မြတ်စွာဘုရားအား ကောင်း မကောင်းကုန်သော တရားတို့သည် ဉာဏ်ဖြင့် ထိုးထွင်းသိပြီးဖြစ်သောကြောင့် ဖျက်ဆီးရှို့မြိုက်မီးတိုက်ကုန်ပြီး ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်ရကား မရှိနိုင်ကြတော့ကုန်၊ ကိလေသာငြိမ်းအေးသော ဉပါဒါန်ကုန်ရာ နိဗ္ဗာန်၌ (အာရုံပြုသောအားဖြင့်) လွတ်မြောက်တော်မူသော ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၂၃)

၄၈၁။ အကြင်မြတ်စွာဘုရားသည် သံယောဇဉ်တို့၏ ကုန်ခန်းရာ အရဟတ္တဖိုလ်နှင့် ပဋိသန္ဓေကုန်ရာ နိဗ္ဗာန်ကို မြင်တော်မူသည်ဖြစ်၍ ရာဂတည်းဟူသော ခရီးကို အကြွင်းမဲ့ ပယ်ဖျောက်ပြီးသူ စင်ကြယ်တော်မူပြီးသူ အပြစ်ကင်းပြီးသူ အညစ်အကြေးကင်းသူ ဉပက္ကိလေသ မရှိသူ ဖြစ်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၂၄)

http://www.dhammadownload.com



၄၇၂။ အကြင်မြတ်စွာဘုရားသည် မိမိ၏ အတ္တကို မရှုမမြင် တည်ကြည်သည်ဖြစ်၍ ဖြောင့်မတ်ခြင်းသို့ ရောက်တော်မူ၏၊ မတုန်မလှုပ် တည်တံ့သောစိတ်ရှိတော်မူ၏၊ စင်စစ် တုန်လှုပ်ခြင်းမရှိ၊ ငြောင့်တံသင်း မရှိ ယုံမှားခြင်း မရှိ၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက်၏။ (၂၅)

၄၇၃။ အကြင်မြတ်စွာဘုရားအား မောဟလျှင် အကြောင်းရှိသော ကိလေသာတို့သည် အနည်းငယ်မျှမရှိကုန်၊ အကြင်မြတ်စွာဘုရားသည် ခပ်သိမ်းသောတရားတို့၌လည်း သဗ္ဗညုတ ဉာဏ်ဖြင့် မြင်တော်မူလေ့ရှိ၏၊ အဆုံးဖြစ်သောကိုယ်ကိုလည်း ဆောင်တော်မူ၏၊ အတုမရှိ မြတ်၍ ဘေးမရှိသော အရဟတ္တဖိုလ်သို့လည်း ရောက်တော်မူ၏၊ ဤမျှသော အတိုင်းအရှည် ဖြင့် ပုဂ္ဂိုလ်သတ္တဝါအား စင်ကြယ်နိုင်၏၊ ထိုမြတ်စွာဘုရားသည် နို့ဃနာကို အလှူခံထိုက် ၏။ (၂၆)

၄၇၄။ အကျွန်ုပ်သည် ထိုသို့သဘောရှိသော မဂ်ဉာဏ်သို့ ရောက်ပြီးသော ရဟန္တာကို ပူဇော်ရန် ရပြီးဖြစ်ရကား အကျွန်ုပ်၏ ပူဇော်ခြင်းသည် မှန်ကန်သော ပူဇော်ခြင်း ဖြစ်ပါစေ သတည်း၊ (အသျှင်သည်) မျက်မြင်ကိုယ်တွေ့ဖြစ်သော ပြဟ္မာပါတည်း၊ မြတ်စွာဘုရားသည် အကျွန်ုပ်၏ နို့ဃနာကို အလှူခံတော်မူပါ၊ မြတ်စွာဘုရားသည် အကျွန်ုပ်၏ နို့ဃနာကို ဘုဉ်းပေးတော်မူပါ။ (၂၇)

၄၇၅။ ပုဏ္ဏား ငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်ကို စားခြင်းငှါ မထိုက်၊ ဤဘောဇဉ်ကို စားခြင်းသဘောသည် စင်ကြယ်မှုကို ကောင်းစွာ ရှုမြင်ကန်သော ဘုရားသျှင် တို့၏ သဘောတံထွာ မမွတာမဟုတ်၊ မြတ်စွာဘုရားတို့သည် ဂါထာတို့ကို သီဆို၍ရသော ဘောဇဉ်ကို ပယ်တော်မူ၏၊ ပုဏ္ဏား အသက်မွေးစင်ကြယ်မှု သဘောရှိလတ်သော် ဤတရား ဖြင့် ရှာမှီးခြင်းသည် ဘုရားသျှင်တို့၏ အသက်မွေးခြင်းတည်း။ (၂၈)

၄၇၆။ ပုဏ္ဏား နို့ဃနာမှတပါးသော ဆွမ်းဖြင့်၎င်း အဖျော်ဖြင့်၎င်း အလုံးစုံ ဂုဏ်နှင့် ပြည့်စုံသော သီလစသော ကျေးဇူးကို ရှာမှီးလေ့ရှိသော ကုက္ကုစ္စငြိမ်းအေးပြီးသော ရဟန္တာကို လုပ်ကျွေးလော့၊ ထိုကောင်းမှုသည် ကောင်းမှုကို အလိုရှိသော သူ၏ လယ်ယာ ဖြစ်၏။ (၂၉)

၄၇၇။ အကြင်အလှူခံပုဂ္ဂိုလ်သည် အကျွန်ုပ်ကဲ့သို့သော သဘောရှိသူ၏ အလှူကို သုံး ဆောင်ရာ၏၊ အကြင်အလှူခံပုဂ္ဂိုလ်ကိုလည်း ယဇ်ပူဇော်ရာအခါ၌ ရှာမှီးလျက် လုပ်ကျွေး ရာ၏၊ မြတ်စွာဘုရား အကျွန်ုပ် တောင်းပန်ပါ၏၊ အသျှင်ဘုရား၏ အဆုံးအမသို့ ရောက်၍ အကြင်အခြင်းအရာဖြင့် မိန့်ကြားသည်ရှိသော် ထိုအလှူခံပုဂ္ဂိုလ်မျိုးကို အကျွန်ုပ် သိရာပါ၏၊ ထိုအခြင်းအရာအားဖြင့် မိန့်ကြားတော်မူပါလော့။ (၃၀)

၄၇၈။ အကြင်ပုဂ္ဂိုလ်အား သူတပါးကို ချုတ်ချယ်ခြင်းကင်းကုန်၏၊ အကြင်ပုဂ္ဂိုလ်၏ စိတ်သည် နောက်ကျုခြင်းမရှိ၊ အကြင်ပုဂ္ဂိုလ်သည် ကာမတို့မှလည်း လွတ်မြောက်၏၊ ထိနမိဒ္ဓကိုလည်း ပယ်ဖျောက်ပြီးဖြစ်၏။ (၃၁)

၄၇၉-၄၈၀။ (အကျင့်တည်းဟူသော) အပိုင်းအခြား၏ အဆုံးဖြစ်သည့် ကိလေသာတို့ကို ပယ်ဖျောက်ပြီးသော ပဋိသန္ဓေနေခြင်း သေခြင်း၌ လိမ္မာသော မောနေယျ (ပညာနှင့်)

http://www.dhammadownload.com



ပြည့်စုံသော လျှုဒါန်းပူဇော်ရာသို့ ရောက်လာသော ထိုသို့သဘောရှိသော ရဟန်း (မုနိ)ကို မျက်မှောင်ကုပ်ခြင်းကိုပယ်ကာ လက်အုပ်ချီကုန်လျက် ရှိခိုးကုန်လော့၊ ထမင်းအဖျော်ဖြင့် ပူဇော်ကုန်လော့၊ ဤသို့ ရှိခိုးပူဇော်ကုန်သည်ရှိသော် အလှူတို့သည် ပြည့်စုံကုန်၏။ (၃၂-၃၃)

၄၈၁။ အသျှင်သည် သစ္စာလေးပါးကို သိတော်မူသည်ဖြစ်၍ နို့ဃနာကို ခံထိုက်ပါ၏၊ အတုမရှိ မြတ်သည်ဖြစ်၍ ကုသိုလ်မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ပါ၏၊ လောကအားလုံး၏ပူဇော်ရာလည်း ဖြစ်ပါ၏၊ အသျှင်အား လှူခြင်းသည် အကျိုးကြီး၏ဟု ရွတ်ဆို၏။ (၃၄)

ထို့နောက် သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း 'မျက်စိ အမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြကုန်လိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် အသျှင် ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တပည့်တော်သည် အသျှင်ဂေါတမ၏အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏၊ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် ရဟန်းအဖြစ်ကို ရသည်သာလျှင်တည်း။ပ။ ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

လေးခုမြောက် သုန္ဒရိကဘာရဒွါဇသုတ် ပြီး၏။

## ၅-မာဃသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မာဃလုလင်သည် မြတ်စွာဘုရားထံသို့ ချဉ်း ကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် အသက်ထက်ဆုံး အောက်မေ့ထိုက်သော စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဂေါတမ အကျွန်ုပ်သည် ပေးလည်း ပေးလှူတတ်ပါ၏၊ ဒါန၏အရှင်လည်း ဖြစ်ပါ၏၊ အလှူခံတို့၏ စကားကိုလည်း သိပါ၏၊ တောင်းခြင်းငှါ သင့်သည်လည်း ဖြစ်ပါ၏၊ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးပါ၏၊ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးလျက် တရားနှင့်အညီ ရအပ် ကုန်သော တရားသဖြင့် ရအပ်သည်လည်း ဖြစ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် တယောက်အားလည်း ပေးလှူပါ၏၊ နှစ်ယောက်သော သူတို့အားရင်း သုံးယောက် လေးယောက် ငါးယောက် ခြောက်ယောက် ခုနစ်ယောက် ရှစ်ယောက် ကိုးယောက် ဆယ်ယောက်သောသူတို့အားလည်း

http://www.dhammadownload.com



ပေးလှူပါ၏၊နှစ်ကျိပ် သုံးကျိပ် လေးကျိပ် ငါးကျိပ်သောသူတို့အားလည်း ပေးလှူပါ၏၊တရာသော သူအားလည်း ပေးလှူပါ၏၊ ထို့ထက် အလွန်လည်း ပေးလှူပါ၏၊ အသျှင်ဂေါတမ အသို့နည်း၊ ဤသို့ပေးလှူပူဇော်သော အကျွန်ုပ်သည် များစွာသော ကောင်းမှုကို ရပါ၏လော၊ ပွါးများစေပါ၏လောဟု (လျှောက်၏)။

မာဃလုလင် ဤသို့ ပေးလှူပူဇော်သော သင်သည် များစွာသော ကောင်းမှုကို ပွါးများစေ၏၊ အကြင်သူသည် ပေးလည်းပေးလှူတတ်၏၊ ဒါန၏အရှင်လည်းဖြစ်၏၊ အလှူခံတို့၏ စကားကိုလည်း သိ၏၊ တောင်းခြင်းငှါ သင့်သည်လည်းဖြစ်၏၊ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၏၊ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးလျက် တရားသဖြင့် ရအပ်ကုန်သော တရားကို အကြောင်းပြု၍ ဖြစ်ကုန်သော စည်းစိမ်တို့ဖြင့် တယောက်သောသူအားလည်း ပေးလှူ၏။ပ။ တရာသော သူအားလည်း ပေးလှူ၏၊ ထို့ထက်အလွန်လည်း ပေးလှူ၏၊ ထိုသူသည် များစွာသော ကောင်းမှုကိုကို ပွါးများစေ၏ဟု (မိန့်တော်မူ၏)။ ထို့နောက် မာဃလုလင်သည် မြတ်စွာဘုရားအား ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

၄၉၂။ (မာဃလုလင်သည် ဤသို့ မေးလျှောက်၏)—

ပြောဆိုသော စကားအဓိပ္ပါယ်ကို သိတော်မူသော ဖန်ရည်စွန်းသော အဝတ်ကို ဝတ်တော်မူသော ကိလေသာအိမ်မရှိပဲ ကြွသွားတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို အကျွန်ုပ်မေးလျှောက်ပါ၏၊ ဤလောက၌ တောင်းခြင်းငှါသင့်သော ဒါန၏အရှင်ဖြစ်သော အကြင်လှူသည် သူတပါးတို့အား ထမင်းအဖျော်ကို ပေးလှူပူဇော်သည်ရှိသော် ကောင်းမှုကို အလိုရှိသည် ကောင်းမှုကို ငဲ့ကွက်သည်ဖြစ်၍ ပေးလှူပူဇော်၏၊ ထိုပေးလှူပူဇော်သူ၏ အဘယ်သို့ ပေးလှူပူဇော်ခြင်းသည် စင်ကြယ်ပါသနည်း။ (၁)

၄၉၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မာဃလုလင် ဤလောက၌ တောင်းခြင်းငှါ သင့်သော ဒါန၏အရှင်ဖြစ်သော အကြင်လှူသည် သူတပါးတို့အား ထမင်းအဖျော်ကိုပေးလှူပူဇော်သည်ရှိသော် ကောင်းမှုကို အလိုရှိသည် ကောင်းမှုကို ငဲ့ကွက်သည်ဖြစ်၍ ပေးလှူပူဇော်၏၊ ထိုသို့သဘောရှိသော အလှူပေးပုဂ္ဂိုလ်သည် အလှူခံပုဂ္ဂိုလ်တို့ဖြင့် စင်ကြယ်စေရာ၏။ (၂)

၄၉၄။ (မာဃလုလင်သည် ဤသို့ မေးလျှောက်၏)—

ဤလောက၌ တောင်းခြင်းငှါသင့်သော ဒါန၏အရှင်ဖြစ်သော အကြင်လှူသည် သူတပါးတို့အား ထမင်းအဖျော်ကို ပေးလှူပူဇော်သည်ရှိသော် ကောင်းမှုကိုအလိုရှိသည် ကောင်းမှုကို ငဲ့ကွက်သည်ဖြစ်၍ ပေးလှူပူဇော်၏၊ မြတ်စွာဘုရား ကောင်းမှုရှင်ဖြစ်သော ထိုသူ၏ မြတ်သောအလှူခံပုဂ္ဂိုလ်တို့ကို အကျွန်ုပ်အား ညွှန်ကြားတော်မူပါ။ (၃)

၄၉၅။ ကောင်းမှုကိုအလိုရှိ၍ ပူဇော်လိုသောပုဏ္ဏားသည် သင့်လျော်သောအခါဝယ် စင်စစ် ရာဂဖြင့် ကပ်ငြိမှုမရှိကုန်ပဲ ကြောင့်ကြမှုမရှိကုန်ပဲ ငြိမ်းပြီးသော ကိစ္စရှိကုန်သည် စောင့်စည်းသော စိတ်ရှိကုန်သည်ဖြစ်၍ လောက၌ လှည့်လည် နေထိုင်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၄)

http://www.dhammadownload.com



၄၉၆။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် သံယောဇဉ်အနှောင်အဖွဲ့အားလုံးတို့ကို ဖြတ်တောက်ပြီးကုန် ယဉ်ကျေးကုန် ကိလေသာတို့မှ လွတ်မြောက်ကုန်၍ ဆင်းရဲမရှိကုန်ပဲ တပ်မက်မှု အာသာကင်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၅)

၄၉၇။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် သံယောဇဉ်အားလုံးမှ လွတ်မြောက်ပြီးကုန် ယဉ်ကျေးပြီးကုန် ကိလေသာတို့မှ လွတ်မြောက်ပြီးကုန် ဆင်းရဲမရှိကြကုန် တပ်မက်မှု အာသာကင်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၆)

၄၉၈။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ရာဂကိုလည်းကောင်း ဒေါသကိုလည်းကောင်း မောဟကိုလည်းကောင်း ပယ်စွန့်၍ အာသဝေါကုန်ခန်းပြီးကုန်သော မဂ်တည်းဟူသော မြတ်သော အကျင့်ကို ကျင့်သုံးပြီးကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၇)

၄၉၉။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် လှည့်ပတ်မှု'မာယာ' မကိန်းဝပ်နိုင်သူ မာနမကိန်းဝပ်နိုင်သူ အာသဝေါကုန်ခန်းပြီးသူ မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးပြီးသူ ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၈)

၅၀၀။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် လောဘကင်းသူ (တဏှာဒိဋ္ဌိတို့ဖြင့်)မြတ်နိုးမှုမရှိသူ တပ်မက်မှု'အာသာ'မရှိသူ အာသဝေါကုန်ခန်းပြီးသူ မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးပြီးသူ ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၉)

၅၀၁။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် တဏှာကင်းသူ ကာမတဏှာစသည်တို့အား နှလုံးမသွင်းကုန်မူ၍ လွန်မြောက်ပြီးသူ ဩဃလေးပါးကို ကူးမြောက်ပြီး သူ (တဏှာဒိဋ္ဌိတို့ဖြင့်) မြတ်နိုးမှု မရှိပဲ လှည့်လည်နေထိုင်သူ ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၀)

၅၀၂။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ဤလူ့လောကအသော်လည်းကောင်း တပါးသောနတ်ပြည်စသော လောကအသော်လည်းကောင်း တစုံတခုသော လောကအ ဘဝကြီးငယ် အကျိုးငှါ ရှုပတဏှာစသော တဏှာခြောက်ပါးတို့ မရှိသူ ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၁)

၅၀၃။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ကာမတို့ကို ပယ်စွန့်၍ တဏှာအိမ်မရှိကုန်ပဲ ရက်ဖောက်ကဲ့သို့ ဖြောင့်ဖြောင့်ကောင်းစွာ စောင့်စည်းသော စိတ်ရှိကြလျက် ကျင့်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့အား ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၂)

http://www.dhammadownload.com



၅၀၄။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ရာဂကင်းသူ ကောင်းစွာတည်သော ဣန္ဒြေရှိသူ ရာဟုဖမ်းခြင်းမှ လွတ်မြောက်သော လကဲ့သို့ ကိလေသာဖမ်းခြင်းမှ လွတ်မြောက်သူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၃)

၅၀၅။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် သစ္စာလေးပါးကို သိပြီးဖြစ်သူ ရာဂကင်းသူ အမျက်ဒေါသမရှိသူ ဤလောက၌ ဖြစ်ဆဲ ခန္ဓာငါးပါးကို ပယ်စွန့်ပြီးနောက် ဘဝတပါးသို့ လားရောက်မှု မရှိသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၄)

၅၀၆။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ပဋိသန္ဓေနေခြင်း သေခြင်းကို အကြွင်းမဲ့ ပယ်စွန့်၍ သို့လော သို့လော တွေးတောယုံမှားမှု အားလုံးကို လွန်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၅)

၅၀၇။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် မိမိ၏ သီလစသောဂုဏ်၌သာ မိမိ၏ မှီခိုရာကျွန်းပြု၍ လှည့်လည်သွားလာနေကြကုန်သော ကြောင့်ကြမရှိကြကုန်မူ၍ အလုံးစုံသောခန္ဓာ စသည်တို့၌ လွတ်မြောက်ပြီးဖြစ်ကြကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၆)

၅၀၈။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ဤခန္ဓာအာယတနစသော အစဉ်၌ ဤခန္ဓာအာယတနစသော အစဉ်ကို ဖြစ်ပေါ်နေသည့် သဘောအတိုင်း သိပြီးသူ 'ဤပဋိသန္ဓေနေခြင်းသည် အဆုံးဖြစ်သော ပဋိသန္ဓေနေခြင်းတည်း၊ တဖန်ဘဝသစ်ဖြစ်ခြင်း မရှိ'ဟု သိပြီးသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။ (၁၇)

၅၀၉။ ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် လေးပါးသောမဂ်ဉာဏ်တို့ဖြင့် ကိလေသာတို့ကို ဖောက်ထွင်းသွားတော်မူသော စျာန်၌ မွေ့လျော်တော်မူလျက် သတိရှိတော်မူသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပြီးသော များစွာသော နတ်လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား၌ ပူဇော်ဖွယ် ဝတ္ထုကို ပေးလှူရာ၏။ (၁၈)

၅၁၀။ (မာဃလုလင်သည် ဤသို့ လျှောက်၏)—

မြတ်စွာဘုရား အသျှင်ဘုရားသည် သဗ္ဗညုတဉာဏ်ဟူသော ဤမွေ့ခေတ်ကို ထိုးထွင်းသိ တော်မူပြီးဖြစ်သောကြောင့် ဤလောက၌ ဤဥ ယျတေရားအားလုံးကို ဟုတ်တိုင်းမှန်စွာ သိတော်မူပါပေ၏၊ (ထို့ကြောင့်) မြတ်စွာဘုရားသည် အကျွန်ုပ်အား အလှူခံပုဂ္ဂိုလ်တို့ကို ဟောကြားတော်မူပါပြီ၊ အကျွန်ုပ်၏ အမေးပြဿနာသည် အမှန်ပင် အချည်းနှီးမဖြစ်တော့ပါ။ (၁၉)

http://www.dhammadownload.com



၅၁၁။ (မာဃလုလင်က ဤသို့ လျှောက်ပြန်၏)—

ဤလောက၌ တောင်းခြင်းငှါ သင့်သော အလှူရှင်ဖြစ်သော အကြင်လူသည် သူတပါးတို့အား ထမင်းအဖျော်ကို ပေးလှူပူဇော်သည်ရှိသော် ကောင်းမှုကို အလိုရှိသည် ကောင်းမှုကို ငဲ့ကွက်သည်ဖြစ်၍ ပေးလှူပူဇော်၏၊ မြတ်စွာဘုရား ကောင်းမှုရှင်ဖြစ်သော ထိုလူ၏ လှူဖွယ်ဝတ္ထုပြည့်စုံမှုကို အကျွန်ုပ်အား ဟောကြားတော်မူပါ။ (၂၀)

၅၁၂။ (မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏)—

မာဃလုလင် သင်သည် လှူဒါန်းပူဇော်လော့၊ လှူဒါန်းပူဇော်သည်ရှိသော် ကာလသုံးဖါး၌ စိတ်ကို အထူးသဖြင့် ကြည်လင်စေလော့၊ လှူဒါန်းပူဇော်ဖွယ်ဝတ္ထုသည် လှူဒါန်းပူဇော်သူ၏ အာရုံပင်တည်း၊ ဤပူဇော်ဖွယ်ဝတ္ထုစသည်၌ တည်၍ အလှူရှင်သည် အပြစ်သုံးမျိုးတို့ကို ပယ်စွန့်နိုင်၏။ (၂၁)

၅၁၃။ ထိုအလှူရှင်ဒါယကာသည် ပူဇော်ဖွယ်ဝတ္ထုတို့၌ တပ်ခြင်းကင်း၍ အလှူခံပုဂ္ဂိုလ်တို့ အပေါ်၌ အမျက်ဒေါသကို ပယ်ဖျောက်ပြီးလျှင် အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးစေလျက် နေ့ညဥ့်ပတ်လုံး အမြဲမပြတ် မမေ့မလျော့ပဲ မေတ္တာဟုဆိုအပ်သော အပ္ပမညာကို အရပ်အားလုံးတို့သို့ ပြန့်နှံ့စေ၏။ (၂၂)

၅၁၄။ အဘယ်သူသည် စင်ကြယ်ပါသနည်း၊ အဘယ်သူသည် လွတ်မြောက်ပါသနည်း၊ အဘယ်သူသည် ကပ်ငြိပါသနည်း၊ အဘယ်အကြောင်းကြောင့် ဗြဟ္မာ့ပြည်သို့ ကိုယ်တိုင်သွားနိုင်ပါသနည်း၊ မြတ်စွာဘုရား မေးလျှောက်အပ်သော အသျှင်ဘုရားသည် မသိသော အကျွန်ုပ်အား ဟောတော်မူပါ၊ ဗြဟ္မာဖြစ်တော်မူသော မြတ်စွာဘုရားကို ယနေ့အကျွန်ုပ်သည် မျက်မြင်ကိုယ်တွေ့ဖြစ်ပါ၏၊ အသျှင်ဘုရားသည် အမှန်လျှင် အကျွန်ုပ်တို့၏ ဗြဟ္မာနှင့်တူသည်ဖြစ်ပါ၏၊ ပညာအရောင် ထွန်းပြောင်တော်မူသော မြတ်စွာဘုရား အဘယ်သို့သော အကြောင်းဖြင့် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်နိုင်ပါသနည်း။ (၂၃)

၅၁၅။ (မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏)—

မာဃလုလင် အကြင်ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိသော ပြည့်စုံသောအလှူဒါနကို ပေးလှူပူဇော်၏၊ ထိုသို့သဘောရှိသော အလှူရှင်ပုဂ္ဂိုလ်သည် အလှူခံပုဂ္ဂိုလ်တို့ဖြင့် စင်ကြယ်စေရာ၏၊ ဤသို့ကောင်းစွာ လှူဒါန်းပူဇော်၍ တောင်းခြင်းငှါသင့်သော အလှူရှင်သည် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်နိုင်၏။ (၂၄)

ဤသို့ဟောတော်မူသည်ရှိသော် မာဃလုလင်သည် မြတ်စွာဘုရားကို ဤသို့လျှောက်၏ "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ ‘ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ ရောက်သော ဥပါသကာ’ဟု မှတ်တော်မူပါ”ဟု (လျှောက်၏)။

ငါးခုမြောက် မာဃသုတ် ပြီး၏။

---

## ၆-သဘိယသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဥ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊

http://www.dhammadownload.com



ထိုအခါ သဘိယပရိဗိုဇ်အား ရှေးဘဝက ဆွေမျိုးတော်ဖြစ်ဘူးသော နတ်သည် အမေးပြဿနာတို့ကို သင်ကြားညွှန်ပြအပ်ကုန်၏ “သဘိယ ဤအမေးပြဿနာတို့ကို သင်ကမေးအပ်သည်ဖြစ်၍ ဖြေဆိုနိုင်သော သမဏဗြာဟ္မဏတို့အထံ၌ အကျင့်မြတ်ကိုကျင့်လေလော့”ဟုသင်ကြား ညွှန်ပြအပ်ကုန်၏။

ထိုအခါ သဘိယပရိဗိုဇ်သည် ထိုနတ်၏အထံ၌ ထိုအမေးပြဿနာတို့ကို သင်ယူ၍ တပည့်အပေါင်းနှင့်လည်းပြည့်စုံသူ ဂိုဏ်းနှင့်လည်းပြည့်စုံသူ ဂိုဏ်းဆရာလည်းဖြစ်သူ ထင်ရှားသူ ကျော်စောသူ အယူဝါဒတီထွင်သူ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်ကုန်သော ပူရဏကဿပ မက္ခလိဂေါသာလ အဇိတကေသကမ္ဗလ ပကုဓကစ္စာန သဉ္စယဗေလဋ္ဌပုတ္တ နိဂဏ္ဌနာဋပုတ္တဟူသော သမဏဗြာဟ္မဏတို့ထံသို့ ချဉ်းကပ်၍ ထိုအမေးပြဿနာတို့ကို မေး၏၊ သဘိယပရိဗိုဇ်သည် အမေးပြဿနာတို့ကို မေးအပ်ကုန်သည်ရှိသော် ထိုဆရာခြောက်ဦးတို့သည် မဖြေဆိုနိုင်ကုန်၊ မဖြေဆိုနိုင်ကုန်သည်ဖြစ်၍ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်သော အမူအရာကိုရင်း ထင်စွာပြုကြကုန်၏၊ ဤမျှမက သဘိယပရိဗိုဇ်ကိုပင် တဖန် ပြန်မေးကုန်သေး၏။

ထိုအခါ သဘိယပရိဗိုဇ်အား ဤအကြံဖြစ်၏ “တပည့်အပေါင်းနှင့်လည်း ပြည့်စုံသူ ဂိုဏ်းနှင့်လည်း ပြည့်စုံသူ ဂိုဏ်းဆရာလည်းဖြစ်သူ ထင်ရှားသူ ကျော်စောသူ အယူဝါဒ တီထွင်သူ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်ကုန်သော ပူရဏကဿပ။ပ။နိဂဏ္ဌနာဋပုတ္တဟူကုန်သော သမဏဗြာဟ္မဏတို့သည် ငါမေးအပ်သောအမေးပြဿနာတို့ကို မဖြေဆိုနိုင်ကုန်၊ မဖြေဆိုနိုင်ကုန်သည်ဖြစ်၍ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်သော အမူအရာကိုရင်း ထင်စွာပြုကုန်၏၊ ဤမျှမက ငါ့ကိုပင်လျှင် တဖန် ပြန်မေးကြကုန်သေး၏၊ ငါသည် လူထွက်၍ ကာမတို့ကို သုံးဆောင်ရမူ ကောင်းလေစွ”ဟု ဤအကြံဖြစ်၏။

ထို့နောက် သဘိယပရိဗိုဇ်အား ဤအကြံဖြစ်ပြန်၏ “ရဟန်းဂေါတမသည်လည်း တပည့်အပေါင်းနှင့်လည်းပြည့်စုံသူ ဂိုဏ်းနှင့်လည်းပြည့်စုံသူ ဂိုဏ်းဆရာလည်းဖြစ်သူ ထင်ရှားသူ ကျော်စောသူ အယူဝါဒတီထွင်သူ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏၊ ငါသည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ဤအမေးပြဿနာတို့ကို မေးရမူ ကောင်းလေစွ”ဟု ဤအကြံဖြစ်၏။

ထို့နောက် သဘိယပရိဗိုဇ်အား ဤအကြံဖြစ်ပြန်၏“အကြင့်ကြောင့် အိုကြသူ ကြီးကြသူ ရင့်ကြသူ ရှေးမှီးကြသူ အဆုံးအရွယ်သို့ရောက်ကြသူ မထေရ်ကြီးဖြစ်ကြသူ ရဟန်းဝါရင့်ကြသူ ရဟန်းသက်ရှည်ကြသူ ဖြစ်သည့်အပြင် တပည့်အပေါင်းနှင့်လည်း ပြည့်စုံသူ ဂိုဏ်းနှင့်လည်း ပြည့်စုံသူ ဂိုဏ်းဆရာလည်းဖြစ်သူ ထင်ရှားသူ ကျော်စောသူ အယူဝါဒတီထွင်သူ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်ကုန်သော ပူရဏကဿပ။ပ။ နိဂဏ္ဌနာဋပုတ္တဟူကုန်သော အသျှင်သမဏ ဗြာဟ္မဏတို့သော်မှလည်း အမေးပြဿနာတို့ကို ငါမေးအပ်ကုန်သည်ရှိသော် မဖြေဆိုနိုင်ကုန်၊ မဖြေဆိုနိုင်ကုန်သည်ဖြစ်၍ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်သော အမူအရာကိုရင်း ထင်စွာပြုကြကုန်၏၊ ဤမျှမက ငါ့ကိုပင်လျှင် ဤအမေးပြဿနာ၌ တဖန်မေးကြကုန်ဘိသေး၏၊ ရဟန်းဂေါတမသည်ကား ဤအမေးပြဿနာတို့ကို ငါမေးအပ်သော် အဘယ်မှာလျှင် ဖြေဆိုနိုင်လိမ့်မည်နည်း၊ အကြောင်းကား ရဟန်းဂေါတမသည် အသက်အားဖြင့်လည်း ငယ်ရွယ်သူဖြစ်၏၊ ရဟန်းအဖြစ်အားဖြင့်လည်း သီတင်းငယ်ဖြစ်၏”ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထိုနောက် သဘိယပရိဗိုဇ်အား ဤသို့ အကြံဖြစ်ပြန်၏ "ရဟန်းဂေါတမကို ငယ်၏ဟူ၍ မထီမဲ့မြင် မပြုအပ် မဖြေနိုင်ဟု မဆိုအပ်၊ ရဟန်းဂေါတမသည် ငယ်သော်လည်း တန်ခိုးအာနုဘော်ကြီး၏၊ ငါသည် ရဟန်းဂေါတမသို့ ချဉ်းကပ်၍ ဤအမေးပြဿနာတို့ကို မေးရမူကား ကောင်းလေစွ" ဟု အကြံဖြစ်ပြန်၏။

ထိုနောက် သဘိယပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီ ဖဲသွားလေ၏၊ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သွားလေသော် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်၏--

၅၁၆။ (သဘိယသည် ဤသို့ လျှောက်၏)—

မြတ်စွာဘုရား တွေးတောယုံမှားလျက် မဆုံးဖြတ်နိုင်သည်ဖြစ်သောကြောင့် အမေးပြဿနာကို မေးလျှောက်ရန် အလိုရှိသည်ဖြစ်၍ အကျွန်ုပ်ရောက်လာပါ၏၊ မြတ်စွာဘုရား ထိုပြဿနာတို့ကို အဆုံးတိုင် ဖြေရှင်းတော်မူပါ၊ အကျွန်ုပ်မေးအပ်သော အသျှင်ဘုရားသည် ပြဿနာစဉ် အနက်စဉ်အတိုင်း အကျွန်ုပ်အား ဖြေတော်မူပါ။ (၁)

၅၁၇။ (မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏)—

သဘိယ သင်သည် ပြဿနာတို့ကို မေးရန် အလွန်လိုလားတောင့်တသည်ဖြစ်၍ အဝေးမှလာဘိ၏၊ သင်မေးအပ်သော် ငါသည် ထိုပြဿနာတို့ကို အဆုံးတိုင် ဖြေရှင်းတော်မူအံ့၊ သင်မေးအပ်သော ပြဿနာတို့ကို ပြဿနာစဉ် အနက်စဉ်အတိုင်း သင့်အား ဖြေကြားပေအံ့။ (၂)

၅၁၈။ သဘိယ သင်၏ စိတ်၌ မေးလိုသော ပြဿနာကို ငါ့အားမေးလော့၊ ထိုထိုပြဿနာအတွက် ဖြစ်ပေါ်နေသော သင်၏ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို အဆုံးတိုင် ပြေရှင်းအောင် ငါ ဖြေရှင်းအံ့ဟု (မိန့်တော်မူ၏)။ (၃)

ထိုအခါ သဘိယပရိဗိုဇ်အား ဤအကြံဖြစ်၏"အချင်းတို့ အံ့ဩဖွယ်ရှိပေစွ၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ ငါသည် တပါးသော သမဏဗြာဟ္မဏတို့၌ အခွင့်ပေးမှုမျှကိုသော်လည်း မရခဲ့သော ဤအမေးပုစ္ဆာပြဿနာကို ရဟန်းဂေါတမသည် ငါ့အား မေးခွင့်ပြုပေ၏"ဟု မိမိစိတ်တိုင်းကျဖြစ်သဖြင့် ရွှင်လန်းတက်ကြွကာ နှစ်သိမ့်ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားအား အမေးပုစ္ဆာပြဿနာကို မေးလျှောက်၏—

၅၁၉။ (သဘိယသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အဘယ်သို့ရောက်သူကို ဘိက္ခုဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်အကြောင်းဖြင့် လွန်စွာ ငြိမ်းသော သူဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်သို့သောသူကို ယဉ်ကျေးပြီးဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်အကြောင်းဖြင့် ဗုဒ္ဓဟူ၍ ဆိုသနည်း၊ မေးအပ်သော အသျှင်ဘုရားသည် အကျွန်ုပ်အား ဖြေကြားတော်မူပါ။ (၄)

http://www.dhammadownload.com



၅၂၀။ (မြတ်စွာဘုရားသည် ဤသို့ ဖြေတော်မူ၏)—

သဘိယ အကြင်ပုဂ္ဂိုလ်သည် မိမိပြုအပ်သော မဂ်ဖြင့် ကိလေသာငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်၏၊ ယုံမှားခြင်းကို လွန်မြောက်၏၊ ပျက်စီးဆုတ်ယုတ်ခြင်းကိုရင်း ကြီးပွါးခြင်းကိုရင်း ပယ်စွန့်၍ မဂ်အကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ တဖန်ဘဝသစ်၌ ဖြစ်မှု ကုန်ခန်းပြီးဖြစ်၏၊ ထို ပုဂ္ဂိုလ်သည် ဘိက္ခုမည်၏။ (၅)

၅၂၁။ အကြင်ပုဂ္ဂိုလ်သည် အလုံးစုံသော အာရုံတို့၌ (ဆဠင်္ဂုပေက္ခာဖြင့်) လျစ်လျူ ရှုတတ်၏၊ သတိရှိ၏၊ ထိုသူသည် လောကအားလုံး၌ တစုံတယောက်ကိုမျှ မညှဉ်းဆဲ ဩဃ လေးပါးမှ ကူးမြောက်ပြီးဖြစ်၏၊ မကောင်းမှုမှ ငြိမ်းအေးပြီးဖြစ်၏၊ မိစ္ဆာဝိတက်တို့ဖြင့် မနောက်ကျု၊ အကြင်ပုဂ္ဂိုလ်အား (ရာဂစသော) ထူပြောမှု 'ဉဿဒ'တို့ မရှိကုန်၊ ထိုပုဂ္ဂိုလ် သည် လွန်စွာငြိမ်းအေးသောသူမည်၏။ (၆)

၅၂၂။ အကြင်ပုဂ္ဂိုလ်၏ အဇ္ဈတ္တသန္တာန်၌ရင်း ဗဟိဒ္ဓသန္တာန်၌ရင်း လောကအားလုံးဝယ် စက္ခုစသော ဣန္ဒြေတို့သည် ပွါးများပြီး ဖြစ်ကုန်၏၊ ဤလောကကိုရင်း တမလွန်လောကကို ရင်း ထိုးထွင်းသိ၍ သေရမည့် အချိန်ကာလကို ငံ့လင့်နေ၏၊ ထိုပုဂ္ဂိုလ်သည် ပွါးများပြီး ဖြစ်၍ ယဉ်ကျေးသူ မည်၏။ (၇)

၅၂၃။ ကပ်ကမ္ဘာအားလုံးတို့ကိုရင်း နှစ်ပါးစုံသော စုတိပဋိသန္ဓေဟူသော ကျင်လည်မှု သံသရာကိုရင်း သိမြင်တော်မူပြီး၍ ရာဂမြူကင်းလျက် အညစ်အကြေးမရှိသော အထူးသဖြင့် စင်ကြယ်သော ဇာတိကုန်ရာ နိဗ္ဗာန်သို့ ရောက်တော်မူသော ထိုပုဂ္ဂိုလ်ကို ဗုဒ္ဓဟူ၍ ဆိုကြ ကုန်၏။ (၈)

ထို့နောက် သဘိယပရိဗိုဇ်သည် မြတ်စွာဘုရား ဟောအပ်သည်ကို စိတ်တိုင်းကျလျက် ရွှင်လန်း တက်ကြွကာ နှစ်သိမ့်ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားအား ပြဿနာကို နောက်ထပ်တဖန် မေးလျှောက်ပြန်၏။

၅၂၄။ (သဘိယသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အဘယ်သို့ရောက်သူကို မကောင်းမှုမှ အပပြုပြီးသူ 'ဗြာဟ္မဏ'ဟူ၍ ဆိုကြ ကုန်သနည်း၊ အဘယ်အကြောင်းဖြင့် ငြိမ်းအေးပြီးသူ 'သမဏ'ဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်သို့သော သူကို မကောင်းမှုကို ဆေးကြောပြီးသူ 'နှာတက'ဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်အကြောင်းဖြင့် မကောင်းမှုကို မပြုတတ်သူ 'နာဂ'ဟူ၍ ဆိုပါသနည်း၊ အကျွန်ုပ် မေးအပ်သော အသျှင်ဘုရားသည် ဖြေကြားတော်မူပါ။ (၉)

၅၂၅။ (မြတ်စွာဘုရားသည် ဤသို့ ဖြေတော်မူ၏)—

သဘိယ (အကြင်ပုဂ္ဂိုလ်သည်) မကောင်းမှု အားလုံးတို့ကို အပပြု၍ တည်သောသဘော ရှိ၏၊ အညစ်အကြေးကင်း၏၊ အရဟတ္တဖိုလ်သမာဓိဖြင့် ကောင်းစွာတည်၏၊ သံသရာကိုလွန်၍ ပြုဖွယ်ကိစ္စပြီးဆုံးပြီးဖြစ်၏၊ တဏှာဒိဋ္ဌိကို မမှီမူ၍ တာဒိဂုဏ်နှင့် ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူ 'ဗြာဟ္မဏ'ဟူ၍ ဆိုအပ်၏။ (၁၀)

http://www.dhammadownload.com



၅၂၆။ အကြင်ပုဂ္ဂိုလ်သည် ထိုအရိယမဂ်ဖြင့် ကိလေသာတို့ကို ငြိမ်းစေလျက် တည်၏၊ ကောင်းမှု မကောင်းမှုကိုပယ်၍ ရာဂမြူကင်း၏၊ ဤလောကကိုရင်း တမလွန်လောကကိုရင်း သိ၍ ပဋိသန္ဓေနေခြင်း သေခြင်းကို လွန်မြောက်၏၊ ဖောက်ပြန်ခြင်းမရှိမူ၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူ 'သမဏ'ဟူ၍ ဆိုအပ်၏။ (၁၁)

၅၂၇။ (အကြင်ပုဂ္ဂိုလ်သည်) အဇ္ဈတ္တသန္တာန်၌ရင်း ဗဟိဒ္ဓသန္တာန်၌ရင်း လောကအား လုံးဝယ် အလုံးစုံသောမကောင်းမှုတို့ကို ဆေးလျှော်ပြီးလျှင် (တဏှာဒိဋ္ဌိတို့ဖြင့်) ကြံစည် အပ်ကုန်သော လူ့ပြည် နတ်ပြည်တို့၌ (လူဟူ၍ရင်း နတ်ဟူ၍ရင်း)ကြံစည်ခြင်းသို့မရောက်၊ ထိုပုဂ္ဂိုလ်ကို ဆေးလျှော်ပြီးသူ 'နှာတက'ဟူ၍ ဆိုအပ်၏။ (၁၂)

၅၂၈။ အကြင်ပုဂ္ဂိုလ်သည် လောက၌ တစုံတခုသော မကောင်းမှုကို မပြု၊ စပ်ယှဉ်မှု အားလုံးတို့ကိုရင်း အနှောင်အဖွဲ့တို့ကိုရင်း ဖြေဖျောက်ပယ်စွန့်ပြီးလျှင် အလုံးစုံသော ခန္ဓာ စသည်တို့၌ နှစ်ပါးသော ဝိမုတ္တိတို့ဖြင့် လွတ်မြောက်သည်ဖြစ်၍ မကပ်ငြိ ဖောက်ပြန်ခြင်းမရှိ မူ၍ သဘောအတိုင်းတည်သောကြောင့် တာဒိဂုဏ်နှင့်ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို မကောင်းမှု မပြုသော 'နာဂ'ဟူ၍ ဆိုအပ်၏။ (၁၃)

ထို့နောက် သဘိယပရိဗိုဇ်သည်။ပ။ မြတ်စွာဘုရားအား ပြဿနာကို နောက်ထပ်တဖန်မေး လျှောက်ပြန်၏—

၅၂၉။ (သဘိယသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အဘယ်သူကို ခေတ္တမည်သော အာယတနကို အောင်သူဟူ၍ မြတ်စွာဘုရား တို့ဟောကုန်သနည်း၊ အဘယ်အကြောင်းဖြင့် ဖြတ်တောက်ဖျက်ဆီးတတ်သူ(လူလိမ္မာ)ဟူ၍ ဟောကုန်သနည်း၊ အဘယ်သို့သောသူကို ပညာရှိဟူ၍ ဆိုကြကုန်သနည်း၊ အဘယ် အကြောင်းဖြင့် မုနိမည်၏ဟူ၍ ဆိုအပ်သနည်း၊ အကျွန်ုပ်မေးလျှောက်အပ်သော အသျှင် ဘုရားသည် ဖြေကြားတော်မူပါ။ (၁၄)

၅၃၀။ (မြတ်စွာဘုရားသည် ဤသို့ ဖြေတော်မူ၏)—

သဘိယ အကြင်ပုဂ္ဂိုလ်သည် နတ်၌ ဖြစ်သော အာယတနကိုရင်း လူ၌ဖြစ်သော အာယတန ကိုရင်း ဗြဟ္မာ့ပြည်၌ ဖြစ်သော အာယတနကိုရင်း အာယတနအားလုံးတို့ကို သိမြင်တော်မူ ပြီး၍ အာယတနအားလုံးတို့၏ မူလအနှောင်အဖွဲ့မှ လွတ်မြောက်၏၊ ဖောက်ပြန်ခြင်း မရှိမူ၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို ခေတ္တမည်သော အာယတနကို အောင်ပြီးသူဟူ၍ ဆိုအပ်၏။ (၁၅)

၅၃၁။ အကြင်ပုဂ္ဂိုလ်သည် နတ်၌ ဖြစ်သော ကျီကြ (ကံ) ကိုရင်း လူ၌ဖြစ်သော ကျီကြ (ကံ)ကိုရင်း ဗြဟ္မာ၌ဖြစ်သော ကျီကြ (ကံ) ကိုရင်း ကုသိုလ်ကံ အကုသိုလ်ကံ ကျီကြ အားလုံးတို့ကို သိမြင်ပြီး၍ ကျီကြကံအားလုံးတို့၏ မူလအနှောင်အဖွဲ့မှ လွတ်မြောက်၏၊ ဖောက်ပြန်ခြင်း မရှိမူ၍ သဘောအတိုင်းတည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို ကျီကြ(ကံ)ကို ဖြတ်တောက်ဖျက်ဆီးတတ်သူ လူလိမ္မာဟူ၍ ဆိုအပ်၏။ (၁၆)

http://www.dhammadownload.com



၅၃၂။ အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ရှိငြိုး ဗဟိဒ္ဓသန္တာန်၌ရှိငြိုး ဖြစ်ကုန်သော ဖြူစင်ကုန်သော အာယတနနှစ်ပါးတို့ကို သိမြင်၍ စင်ကြယ်သောပညာရှိ၏၊ မည်းနက်သော အကုသိုလ်ကံ ဖြူစင်သောကုသိုလ်ကံတရားကို လွန်မြောက်၏၊ ဖောက်ပြန်ခြင်းမရှိမူ၍ သဘောအတိုင်းတည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို ပညာရှိဟူ၍ ဆိုအပ်၏။ (၁၇)

၅၃၃။ အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ရှိငြိုး ဗဟိဒ္ဓသန္တာန်၌ရှိငြိုး လောကအားလုံး၌ သူယုတ်မာတို့၏ တရားကိုငြိုး သူတော်ကောင်းတို့၏ တရားကိုငြိုး သိမြင်၍ (ရာဂစသော) ကပ်ငြိမှုနှင့် (တဏှာဒိဋ္ဌိဟူသော) ကွန်ရက်ကို လွန်၍ တည်၏၊ ထိုပုဂ္ဂိုလ်ကို နတ်လူတို့ ပူဇော်အပ်သည်ဖြစ်၍ မုနိဟူ၍ ဆိုအပ်၏။ (၁၈)

ထို့နောက် သဘိယပရိဗိုဇ်သည်။ပ။ မြတ်စွာဘုရားအား ပြဿနာကို နောက်ထပ်တဖန် မေးလျှောက်ပြန်၏။

၅၃၄။ (သဘိယသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အဘယ်သို့ ရောက်သူကို သိခြင်းသို့ ရောက်သူ 'ဝေဒဂူ'ဟူ၍ ဆိုကုန်သနည်း၊ အဘယ်အကြောင်းဖြင့် လျော်စွာသိသူ 'အနုဗုဒ္ဓ'ဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်သို့ သောသူကို ဝီရိယရှိသူဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်သို့လျှင် အာဇာနည်မည်သနည်း၊ အကျွန်ုပ်မေးလျှောက်အပ်သော အသျှင်ဘုရားသည် ဖြေကြားတော်မူပါ။ (၁၉)

၅၃၅။ (မြတ်စွာဘုရားသည် ဤသို့ ဖြေတော်မူ၏)—

သဘိယ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် သမဏဗြာဟ္မဏတို့၏ ဝေဒကျမ်းအားလုံးတို့ကို သိမြင်၍ ဝေဒကျမ်းအားလုံးကို လွန်မြောက်လျက် ဝေဒနာအားလုံးတို့၌ တပ်စွန်းမှု ကင်း၏၊ ထိုပုဂ္ဂိုလ်ကို ဝေဒဂူမည်၏ဟူ၍ ဆိုအပ်၏။ (၂၀)

၅၃၆။ အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ရှိငြိုး ဗဟိဒ္ဓသန္တာန်၌ရှိငြိုး (တဏှာဒိဋ္ဌိမာန) ပပဉ္စတရားသုံးပါး နာမ်ရုပ်တရားနှင့် (နာမ်ရုပ်)ဟူသော အနာရောဂါ၏ အမြစ်အဝိဇ္ဇာ ဘဝတဏှာကို လျော်စွာသိမြင်၍ ရောဂါအားလုံးတို့၏ မူလဖြစ်သော အနှောင်အဖွဲ့မှ လွတ်မြောက်၏၊ ဖောက်ပြန်မှု မရှိမူ၍ သဘောအတိုင်းတည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို အနုဗုဒ္ဓဟူ၍ ဆိုအပ်၏။ (၂၁)

၅၃၇။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် မကောင်းမှုအားလုံးတို့မှ ကြဉ်ရှောင်၏၊ ငရဲ၌ ဖြစ်သော ဝဋ်ဆင်းရဲကို လွန်မြောက်၍ တည်၏၊ ဝီရိယဟူသော နေရာအိမ်ရှိ၏၊ အကျင့် ပဓာနရှိသည်ဖြစ်၍ တည်ကြည်မှုရှိသော ဖောက်ပြန်မှု မရှိမူ၍ သဘောအတိုင်းတည်သော ကြောင့် တာဒိဂုဏ်နှင့်ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို ဝီရိယရှိသူဟူ၍ ဆိုအပ်၏။ (၂၂)

၅၃၈။ အကြင်ပုဂ္ဂိုလ်အား အဇ္ဈတ္တသန္တာန်၌ရှိငြိုး ဗဟိဒ္ဓသန္တာန်၌ရှိငြိုး အနှောင်အဖွဲ့တို့ သည် ဖြတ်တောက်ပြီး ဖြစ်ကုန်၏၊ ကပ်ငြိမှု အမြစ် မူလကိုလည်း နုတ်ပြီးဖြစ်၏၊ ကပ်ငြိမှု အားလုံး၏ မူလအနှောင်အဖွဲ့မှ လွတ်မြောက်၏၊ ဖောက်ပြန်မှု မရှိမူ၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို အာဇာနည်ဟူ၍ ဆိုအပ် ၏။ (၂၃)

http://www.dhammadownload.com



ထိုနောက် သဘိယပရိဗိုဇ်သည် ။ပ။ မြတ်စွာဘုရားအား ပြဿနာကို နောက်ထပ်တဖန် မေးလျှောက်ပြန်၏—

၅၃၉။ (သဘိယသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အဘယ်သို့ရောက်သူကို အကြားအမြင်များသူ 'သောတ္ထိယ'ဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်အကြောင်းဖြင့် အရိယာဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်သို့သောသူကို စရဏရှိသူ ဟူ၍ ဆိုကြကုန်သနည်း၊ အဘယ်သို့လျှင် ပရိဗိုဇ်မည်ပါသနည်း၊ အကျွန်ုပ်မေးလျှောက်သော မြတ်စွာဘုရားသည် ဖြေကြားတော်မူပါ။ (၂၄)

၅၄၀။ (မြတ်စွာဘုရားသည် ဤသို့ ဖြေတော်မူ၏)—

သဘိယ လောက၌ တရားအားလုံးကို ကြားနာရသည်ရှိသော် ထူးသောဉာဏ်ဖြင့် သိလျက် အပြစ်ရှိ မရှိ တရားဟူသမျှကို နှိမ်နင်းနိုင်သူ ယုံမှားခြင်းမရှိသူ အနှောင်အဖွဲ့မှ လွတ်မြောက်သူ ခန္ဓာစသော တရားအားလုံးတို့၌ ရာဂစသည် နှိပ်စက်ခြင်းမရှိသူကို အကြားအမြင်များသူ 'သောတ္ထိယ'ဟူ၍ ဆိုကြကုန်၏။ (၂၅)

၅၄၁။ အကြင်ပုဂ္ဂိုလ်သည် အာသဝလေးပါးတို့ကိုလည်း တဏှာဒိဋ္ဌိဟူသော အာလယနှစ်ပါးတို့ကိုလည်း ဖြတ်၍ လေးပါးသော မဂ်ဉာဏ်သို့ ရောက်သဖြင့် သိကြားလိမ္မာ၏၊ ထိုပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်းသို့ မကပ်ရောက်၊ သုံးပါးအပြားရှိသော သညာကိုလည်း ကာမဂုဏ်တည်းဟူသော ညွှန်ကိုလည်း ပယ်ဖျောက်၍ (တဏှာဒိဋ္ဌိ)ဟူသော ကြံစည်မှု 'ကပ္ပ'သို့လည်း မရောက်၊ထိုပုဂ္ဂိုလ်ကို အရိယာဟူ၍ ဆိုကြကုန်၏။ (၂၆)

၅၄၂။ ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် စရဏတရားတို့ကြောင့် ရောက်သင့်ရောက်ထိုက်သော အရဟတ္တဖိုလ်သို့ ရောက်၏၊ စရဏတရားတို့၌လည်း လိမ္မာ၏၊ အခါခပ်သိမ်း နိဗ္ဗာန်တရားကိုလည်း သိ၏၊အလုံးစုံသော ခန္ဓာစသော တရားတို့၌ မကပ်ငြိ၊ နှစ်ပါးသော ဝိမုတ္တိတို့ဖြင့် လွတ်မြောက်ပြီးသော စိတ်ရှိ၏၊ အကြင်ပုဂ္ဂိုလ်အား စိတ်ထိခိုက်မှု 'ပဋိဃ'တို့သည် မရှိကုန်၊ထိုပုဂ္ဂိုလ်သည် စရဏရှိသူမည်၏။ (၂၇)

၅၄၃။ အကြင်ပုဂ္ဂိုလ်သည် ဆင်းရဲကျိုးကိုဖြစ်စေတတ်သော အတိတ် အနာဂတ် ပစ္စုပ္ပန်ကံကို မဂ်ဉာဏ်ဖြင့် ပယ်ထုတ်လွှင့်မှုတ်၍ လှည့်ပတ်မှု 'မာယာ'ကိုလည်း မာနကိုလည်း လောဘ ဒေါသကိုလည်း ပိုင်းခြားသိလျက် ကျင့်သုံးပြီးလျှင် နာမ်ရုပ်တို့၏အဆုံးကို ပြုခဲ့ပြီ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ပရိဗ္ဗာဇကဟု ဆိုကြကုန်၏။ (၂၈)

ထိုနောက် သဘိယပရိဗိုဇ်သည် မြတ်စွာဘုရား ဟောအပ်သော တရားတော်ကို မိမိစိတ်တိုင်းကျ ဖြစ်သဖြင့် ရွှင်လန်းတက်ကြွကာ နှစ်သိမ့်ဝမ်းမြောက်သည်ဖြစ်၍ နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမ္ပယ်တင်လျက် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီ ရှိခိုး၍ မြတ်စွာဘုရား မျက်မှောက်၌ လျှောက်ပတ်သော ဂါထာတို့ဖြင့် ချီးမွမ်း၏—

၅၄၄။ မြေကြီးကဲ့သို့ ပြန့်ပြောကြီးကျယ်သောပညာရှိတော်မူသောမြတ်စွာဘုရား အသျှင်ဘုရားသည် သာသနာ့ပြင်ပ သမဏတို့၏ အယူဝါဒကို မှီကုန်သော ဣတ္ထိပုရိသဟူသော ဝေါဟာရနှင့် အမှားကြံစည်မှု တဆင့်ကြားမှုစသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ဖောက်ပြန်မှုသညာ ဤနှစ်ပါးကိုလည်းမှီကုန်သော သက်ဆင်းရာ ရေဆိပ်သဖွယ်ဖြစ်ကုန်သော

http://www.dhammadownload.com



(သက္ကာယဒိဋ္ဌိနှင့်တကွ)မိစ္ဆာအယူ ခြောက်ဆယ့်သုံးပါးတို့ကို ပယ်ဖျောက်တော်မူ၍ ညြသ တည်းဟူသော အမိုက်တိုက်ကို လွန်မြောက်တော်မူပါပေ၏။ (၂၉)

၅၄၅။ မြတ်စွာဘုရား အသျှင်ဘုရားသည် ဝဋ်ဆင်းရဲ၏ အဆုံးနိဗ္ဗာန်သို့ ရောက်သူ နိဗ္ဗာန် ဟူသော တဖက်ကမ်းသို့ ရောက်သူ ဖြစ်တော်မူပါပေ၏၊ အသျှင်ဘုရားသည် ပုဗ္ဗေဇာတ်အထူးကို ခံထိုက်သူ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိသူ ဖြစ်တော်မူပါပေ၏၊ ပညာ အရောင်ရှိသူ သိစွမ်းနိုင်သော ပညာရှိသူ အဆုံးမရှိသော ပညာရှိသူ ဖြစ်တော်မူပါပေ၏၊ အသျှင်ဘုရားကို အာသဝေါကုန်ခန်းပြီးသူဟု အကျွန်ုပ်ထင်မှတ်ပါ၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုတတ်သော မြတ်စွာဘုရား အသျှင်ဘုရားသည် အကျွန်ုပ်ကို (ယုံမှားခြင်းမှ) ကူးမြောက် စေပါ၏။ (၃၀)

၅၄၆။ မြတ်စွာဘုရား အသျှင်ဘုရားသည် အကျွန်ုပ်၏ ယုံမှားခြင်းကို သိတော်မူပါပေ၏၊ အကျွန်ုပ်ကို ယုံမှားခြင်းမှ ကူးမြောက်စေပါ၏၊ထို့ကြောင့် အသျှင်ဘုရားအား ရှိခိုးပါ၏၊ရောက် ထိုက်သော အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးထသော ယုံမှားခြင်းတည်းဟူသော ငြောင့်တံ သင်းမရှိထသော နေမင်း၏အဆွေဖြစ်သော မြတ်စွာဘုရား အသျှင်ဘုရားသည် လွန်စွာ ငြိမ်းအေးသောသူ ဖြစ်တော်မူပါပေ၏။ (၃၁)

၅၄၇။ ရှေးအခါက ဖြစ်ပေါ်နေသော အကျွန်ုပ်၏ ယုံမှားခြင်းကို စက္ခုငါးပါးရှိတော်မူ သော မြတ်စွာဘုရားသည် ပြေကြားတော်မူပါ၏၊ မြတ်စွာဘုရား အသျှင်ဘုရားသည် သစ္စာလေးပါးတရားကို သိတော်မူသော သမ္ဗုဒ္ဓအစစ် ဖြစ်တော်မူပါ၏၊ အသျှင်ဘုရားအား အပိတ်အပင် 'နီဝရဏ'တရားတို့ မရှိတော့ပါကုန်။ (၃၂)

၅၄၈။ အသျှင်ဘုရားသည် ပြင်းစွာပင်ပန်းမှု'ဥပါယာသ' အားလုံးတို့ကို ဖျက်ဆီးအပ်ပါ ကုန်ပြီ၊ ကျူပြင်ကို နုတ်သကဲ့သို့ နုတ်အပ်ပါကုန်ပြီ၊ (မြတ်စွာဘုရားသည်)ငြိမ်းအေးသည် ဖြစ်၍ ဣန္ဒြေတို့ကို ဆုံးမပြီးသူ၏အဖြစ်သို့ ရောက်ပြီးသူ သမာဓိရှိသူ မှန်ကန်သောဝီရိယရှိသူ ဖြစ်တော်မူပါပေ၏။ (၃၃)

၅၄၉။ ရဟန္တာဖြစ်တော်မူသောမြတ်စွာဘုရား ဆင်ပြောင်ကြီးနှင့်တူသောကြီးမြတ်သော လုံ့လရှိတော်မူသော တရားဒေသနာကို ဟောကြားတော်မူတတ်သော အသျှင်ဘုရားအား နာရဒတောင်၌ နေကြကုန်သော နှစ်မျိုးကုန်သော အာကာသဋ္ဌ ဘုမ္မဋ္ဌနတ်အားလုံးတို့သည် ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကြကုန်၏။ (၃၄)

၅၅၀။ ယောကျ်ားအာဇာနည် ဖြစ်တော်မူသောမြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုး ပါ၏၊ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးပါ၏၊ နတ်နှင့် တကွသော လောက၌ အသျှင်ဘုရားအား တုပြိုင်နိုင်မည့်ပုဂ္ဂိုလ် မရှိပါ။ (၃၅)

၅၅၁။ မြတ်စွာဘုရား အသျှင်ဘုရားသည် သစ္စာလေးပါးကို သိတော်မူပါ၏၊ အသျှင် ဘုရားသည် ဆရာဖြစ်တော်မူပါ၏၊ အသျှင်ဘုရားသည် မာရ်ငါးပါးကို နှိမ်နင်းတော်မူပါ၏၊ အသျှင်ဘုရားသည် အနုသယတို့ကို ဖြတ်တောက်လျက် သံသရာမှ ကူးမြောက်ပြီးဖြစ်၍ ဤ သတ္တဝါအပေါင်းကို သံသရာမှ ကယ်တင်တော်မူပါပေ၏။ (၃၆)

http://www.dhammadownload.com



၅၅၂။ အသျှင်ဘုရားသည် ဥပဓိလေးပါးတို့ကို ကောင်းစွာ လွန်မြောက်ပါကုန်ပြီ၊ အသျှင်ဘုရားသည် အာသဝတို့ကို ခွဲဖျက်အပ်ပါကုန်ပြီ၊ အသျှင်ဘုရားသည် ခြင်္သေ့သဖွယ် ဖြစ်တော်မူပါ၏၊ တစုံတရာ စွဲလမ်းမှု မရှိသူ ကြောက်ခြင်း ထိတ်လန့်ခြင်းတို့ကို ပယ်ပြီးသူ ဖြစ်တော်မူပါပေ၏။ (၃၇)

၅၅၃။ အဆင်းလှသောကြာသည် ရေ၌ မလိမ်းကျံသကဲ့သို့ ဤအတူ အသျှင်ဘုရားသည် ကုသိုလ်ကံ၌၎င်း အကုသိုလ်ကံ၌၎င်း နှစ်ပါးစုံ၌ မလိမ်းကျံ မကပ်ငြိပါ၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား ခြေတော်တို့ကို ဆန့်တန်းတော်မူပါ၊ သဘိယသည် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။ (၃၈)

ထို့နောက် သဘိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးတိုက်၍ မြတ်စွာဘုရားအား အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။ ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို၎င်း ရဟန်းသံဃာတော်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏ဟု လျှောက်၏။

သဘိယ သာသနာတော်၌ တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူသည် ဤသာသနာတော်၌ ရှင်အဖြစ်ကိုရလိုမှု ရဟန်းအဖြစ်ကိုရလိုမှု လေးလတို့ပတ်လုံး အစမ်းကျင့်သုံးရ၏၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကုန်လတ္တံ့၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန်လတ္တံ့၊ သို့သော် ဤအရာ၌ ငါသည်ကား ပုဂ္ဂိုလ်တို့၏ခြားနားသည့်အဖြစ်ကို သိတော်မူ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သာသနာတော်မှ တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသော သူတို့သည် ဤသာသနာတော်၌ ရှင်အဖြစ်ကို ရလိုကုန်မူ ရဟန်းအဖြစ်ကို ရလိုကုန်မူ လေးလတို့ပတ်လုံး အစမ်းကျင့်သုံးကြရကုန်ငြားအံ့၊ လေးလလွန်သောအခါ ရဟန်းတို့ ကြေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကုန်ငြားအံ့၊ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန်ငြားအံ့၊အကျွန်ုပ်သည် လေးနှစ်တို့ပတ်လုံး အစမ်းကျင့်သုံးပါမည်၊ လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကြေနပ်သောစိတ်ရှိကြလျှင် ရှင်ပြုပေးတော်တော်မူကြပါစေ၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးတော်မူကြပါစေဟု (လျှောက်၏)၊ သဘိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလေ၏၊ ရဟန်းအဖြစ်ကို ရလေ၏။ အသျှင်သဘိယသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင်ဖြစ်၏။

ခြောက်ခုမြောက် သဘိယသုတ် ပြီး၏။

---

## ၇-သေလသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အင်္ဂုတ္တရာပတိုင်း၌ တထောင့်နှစ်ရာ့ငါးကျိပ်သော များစွာသော ရဟန်းအပေါင်းတို့နှင့်အတူ ဒေသစာရီကိုလှည့်

http://www.dhammadownload.com



လည်သည်ရှိသော် အင်္ဂုတ္တရာပတိုင်း အာပဏနိဂုံးသို့ ဆိုက်ရောက်တော်မူ၏၊ ကေဏိယရသေ့သည် "အချင်းတို့ သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းဂေါတမသည် တထောင့်နှစ်ရာ့ငါးကျိပ်သော များစွာသော ရဟန်းအပေါင်းတို့နှင့်အတူ ဒေသစာရီလှည့်လည် တော်မူရာ အင်္ဂုတ္တရာပတိုင်း အာပဏနိဂုံးသို့ ဆိုက်ရောက်လာသတတ်၊ ထိုအသျှင်ဂေါတမအား ဤသို့ ကောင်းသောကျော်စောသံသည် ပြန့်နှံ့၍တက်၏—'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည် တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည် တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သောသူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်း ကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါးတရားတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့် လည်း ဘဂဝါ မည်တော်မူ၏'ဟု ပြန့်နှံ့၍တက်၏၊ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရား သည် အစ၌ကောင်းခြင်း အလယ်၌ကောင်းခြင်း အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံ သော သဒ္ဒါနှင့်ပြည့်စုံသော တရားကိုဟောတော်မူ၏၊အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြော်ရခြင်းသည် ကောင်း သည်သာတည်း"ဟု ကြားသိလေ၏။

ထို့နောက် ကေဏိယရသေ့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော ကေဏိယရသေ့အား မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုး စီးပွါးကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်း စေတော်မူ၏၊ ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် မြတ်စွာဘုရားကို "အသျှင်ဂေါတမသည် ကောင်းမှုအလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ"ဟု (လျှောက်၏)၊ ဤသို့လျှောက်ထားသော် "ကေဏိယ ရဟန်း သံဃာကား များလှ၏၊ တထောင့်နှစ်ရာ့ ငါးကျိပ် အရေအတွက်ရှိ၏၊ သင်သည်ကား ပုဏ္ဏားတို့ အပေါ်၌ အလွန်ကြည်ညိုသူတည်း"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း ကေဏိယရသေ့သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ တထောင့် နှစ်ရာ့ငါးကျိပ်အရေအတွက်ရှိသော ရဟန်းသံဃာတို့သည် အကယ်၍ များသည်ဖြစ်စေကာမူ အကျွန်ုပ်သည်လည်း ပုဏ္ဏားတို့အပေါ်၌ အလွန်ကြည်ညိုသူဖြစ်စေကာမူ အသျှင်ဂေါတမသည် နက်ဖန် ကောင်းမှုအလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါ"ဟု လျှောက်၏၊ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကေဏိယရသေ့ကို "ကေဏိယ ရဟန်း

http://www.dhammadownload.com



သံဃာကား များလှ၏၊ တထောင့်နှစ်ရာ့ငါးကျိပ် အရေအတွက်ရှိ၏၊ သင်သည်လည်း ပုဏ္ဏားတို့အပေါ်၌ အလွန်ကြည်ညိုသူတည်း”ဟု မိန့်တော်မူ၏။

သုံးကြိမ်မြောက်လည်း ကေဏိယရသေ့သည် မြတ်စွာဘုရားကို “အသျှင်ဂေါတမ တထောင့်နှစ်ရာ့ ငါးကျိပ် အရေအတွက်ရှိသော ရဟန်းသံဃာသည် အကယ်၍ များသည်ဖြစ်စေကာမူ အကျွန်ုပ်သည် ပုဏ္ဏားတို့ အပေါ်၌ အလွန်ကြည်ညိုသူ ဖြစ်စေကာမူ အသျှင်ဂေါတမသည် နက်ဖန် ကောင်းမှုအလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ”ဟု (လျှောက်၏)၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏၊ ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှထကာ မိမိသခ်မ်းကျောင်းသို့ ချဉ်းကပ်၍ မိတ်ဆွေခင်ပွန်းနှင့် ဆွေမျိုးသားချင်းတို့ကို ပြောဆို၏ “မိတ်ဆွေခင်ပွန်းနှင့် ဆွေမျိုးသားချင်းတို့ အကျွန်ုပ်၏ (စကားကို)နားထောင်ကုန်လော့၊ငါသည် နက်ဖန် ကောင်းမှုအလို့ငှါ ရဟန်းသံဃာနှင့်အတူ ရဟန်းဂေါတမကို ဆွမ်းဖြင့် ပင့်ဖိတ်ခဲ့၏၊ ယင်းသို့ဖိတ်ပြီးဖြစ်သောကြောင့် ငါ့အတွက် ကိုယ်ဖြင့်ပြုရမည့် ဝေယျာဝစ္စကို ပြုလှည့်ကြပါကုန်လော့”ဟု ပြောဆို၏။

“အသျှင် ကောင်းပါပြီ”ဟု ကေဏိယရသေ့၏ မိတ်ဆွေခင်ပွန်းနှင့် ဆွေမျိုးသားချင်းတို့သည် ကေဏိယရသေ့အား ဝန်ခံကြကုန်ပြီး၍ အချို့သူတို့သည် ခုံလောက်တို့ကို တူးကြကုန်၏၊ အချို့သူတို့သည် ထင်းတို့ကို ခွဲကြကုန်၏၊ အချို့သူတို့သည် အိုးခွက်တို့ကို ဆေးကြောကြကုန်၏၊ အချို့သူတို့သည် ရေအိုးစရည်းကြီးကို တည်ထားကြကုန်၏၊အချို့သူတို့သည် နေရာတို့ကို ခင်းကြကုန်၏၊ ကေဏိယရသေ့သည်ကား ကိုယ်တိုင်ပင် တန်ဆောင်းဝန်းကို စီရင်၏။

ထိုအခါ သေလပုဏ္ဏားသည် အာပဏနိဂုံး၌ နေ၏၊ ထိုသေလပုဏ္ဏားသည် ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် ‘နိဃဏ္ဍု’ကျမ်း အလင်္ကာ ‘ကေဋုဘ’ကျမ်း သဒ္ဒါ ‘အက္ခရပ္ပဘေဒ’ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်း [၁] နှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ရောက်၏၊ ပဒကျမ်း [၂]ကို တတ်၏၊ ဗျာကရုဏ်းကျမ်း [၃]ကို တတ်၏၊ လောကာယတကျမ်း [၄] မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏၊ လုလင်ပျိုသုံးရာတို့ကို ဗေဒင်ကျမ်းတို့ကို သင်ကြားပို့ချပေး၏။

ထိုစဉ်အခါ၌ ကေဏိယရသေ့သည် သေလပုဏ္ဏားအပေါ်၌ အလွန်ကြည်ညို၏၊ ထိုအခါ၌ သေလပုဏ္ဏားသည် လုလင်ပျိုသုံးရာခြံရံလျက် အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် စင်္ကြံသွားလာ လှည့်လည်စဉ် ကေဏိယရသေ့၏ သခ်မ်းကျောင်းသို့ ချဉ်းကပ်လေ၏၊ သေလပုဏ္ဏားသည် ကေဏိယရသေ့၏ သခ်မ်းကျောင်း၌ အချို့သူတို့က ခုံလောက်တို့ကို တူးကြသည်တို့ကိုရင်း။ပ။ အချို့သူတို့က နေရာခင်းကြသည်တို့ကိုရင်း ကေဏိယရသေ့က ကိုယ်ထိုင်ပင် တန်ဆောင်းဝန်းကို စီရင်

---

၁။ မဟာဘာရတစသော ရှေးဟောင်းသမိုင်းရာဇဝင်ပုံပြင်ကျမ်း။
၂။ ဝေဒကျမ်းလာပုဒ်ရင်းတို့ကို ထုတ်နုတ်စီစဉ်ပြသောကျမ်း။
၃။ ဓာတ်ပစ္စည်းဝိဘတ်တို့ဖြင့်ဝေဖန်၍ ပုဒ်တို့၏ပြီးစီးပုံကိုပြသောကျမ်း။
၄။ မျက်မြင်လောကအကြောင်းအရာကိုသာ ပြသောရုပ်ဝါဒကျမ်း၊ စာဝါက ဆရာ၏ရုပ်ဝါဒစသည်။

http://www.dhammadownload.com



နေသည်ကိုရှင်း မြင်လေလျှင် ကေဏိယရသေ့အား ဤစကားကို ဆို၏ "အသျှင်ကေဏိယရသေ့အား သတ္တိသမီးကိုဆောင်ယူခြင်း 'အာဝါဟ' မင်္ဂလာသော်လည်း ဖြစ်ပါသလော၊ သတ္တိသမီးကို ပေးခြင်း 'ဝိဝါဟ'မင်္ဂလာသော်လည်း ဖြစ်ပါသလော၊ ယဇ်ကြီး ပူဇော်ခြင်းကိုသော်လည်း စီရင်အပ်ပါသလော၊ များသောစစ်သည်ရှိသော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းကိုသော်လည်း ဖိတ်ပါအပေါင်းနှင့်တကွ နက်ဖန်ထမင်းစားရန် အလို့ငှါ ဘိတ်ကြားထားပါသလော"ဟု ဆို၏။

အသျှင်သေလ အကျွန်ုပ်အား သတ္တိသမီးကို ဆောင်ယူခြင်း 'အာဝါဟ'မင်္ဂလာသော်လည်း မဖြစ်ပါ၊ သတ္တိသမီးကိုပေးခြင်း 'ဝိဝါဟ'မင်္ဂလာသော်လည်း မဖြစ်ပါ၊ များသော စစ်သည်ရှိသော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းကိုသော်လည်း ဖိတ်ပါအပေါင်းနှင့်တကွ နက်ဖန်ထမင်းစားရန်အလို့ငှါ ဖိတ်ကြားမထားပါ၊ စင်စစ်မှာမူ အကျွန်ုပ်သည် ယဇ်ကြီးပူဇော်ခြင်းကို စီရင်နေပါ၏၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ရဟန်းဂေါတမသည် အင်္ဂုတ္တရာပတိုင်း၌ ဒေသစာရီလှည့်လည်တော်မူလျက် တထောင့်နှစ်ရာငါးကျိပ်သော များစွာသော ရဟန်းအပေါင်းနှင့်အတူ အာပဏနိဂုံးသို့ ဆိုက်ရောက်လာတော်မူ၏၊ ထိုအသျှင်ဂေါတမ၏။ပ။ သစ္စာလေးပါးတရားတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏ဟု ကျော်စောသတင်းသည် ပြန့်နှံ့၍ တက်၏၊ ငါသည် နက်ဖန် ကောင်းမှုအလို့ငှါ ရဟန်းသံဃာနှင့်အတူ ထိုမြတ်စွာဘုရားကို ဆွမ်းဖြင့် ပင့်ဖိတ်ထားပါ၏ဟု ပြောဆို၏၊ အသျှင်ကေဏိယ "ဘုရား"ဟု သင်ဆိုသလော၊ အသျှင်သေလ "ဘုရား"ဟု အကျွန်ုပ်ဆိုပါ၏၊ အသျှင်ကေဏိယ "ဘုရား"ဟု သင်ဆိုသလော၊ အသျှင်သေလ "ဘုရား"ဟု အကျွန်ုပ်ဆိုပါ၏ဟု ပြောဆို၏။

ထိုအခါ သေလပုဏ္ဏားအား ဤအကြံသည် ဖြစ်၏ "ဘုရားဟူသော ဤအသံမျှသည်လည်း လောက၌ ကြားရခဲလှ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့သည် ငါတို့၏ ဝေဒကျမ်းတို့၌ လာကုန်၏၊ ယင်းလက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊အခြားသောအဖြစ်တို့ကား မရှိကုန်၊(ထိုယောကျ်ားမြတ်သည်)အကယ်၍ လူ့ဘောင်၌နေခဲ့မူ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့်လေးကျွန်းလုံးကိုအစိုးရသော ရန်အပေါင်းကိုအောင်မြင်သော တိုင်းနိုင်ငံကိုတည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းဖြစ်နိုင်၏၊ ထိုစကြဝတေးမင်းအား စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေးရတနာ ခုနစ်ခုမြောက် သားကြီးရတနာဟူကုန်သော ဤရတနာခုနစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုစကြဝတေးမင်းအား ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ်ရှိကုန်သော တပက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏၊ ထိုစကြဝတေးမင်းသည် သမုဒ္ဒရာ အဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုးနိုင်၏၊ အကယ်၍ လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုခဲ့မူ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော လောက၌ (ကိလေသာ)အပိတ်ဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်နိုင်၏"ဟု အကြံဖြစ်၏၊ အသျှင်ကေဏိယ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုအသျှင်ဂေါတမသည် ယခု အဘယ်အရပ်၌ နေပါသနည်း။

ဤသို့ဆိုလတ်သော် ကေဏိယရသေ့သည် လကျာ်လက်ကို မြှောက်ချီ၍ သေလပုဏ္ဏားအား "အသျှင်သေလ ဤစိမ်းညိုသော တောအရေးရှိသော အရပ်၌နေ၏"ဟု ပြောဆို၏၊ ထိုအခါ

http://www.dhammadownload.com



သေလပုဏ္ဏားသည် လုလင်ပျိုသုံးရာတို့နှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ ထိုအခါ သေလပုဏ္ဏားသည် ထိုလုလင်တို့ကို "အမောင်တို့ တိုးတိုးတိတ်တိတ် လာကြကုန်လော့၊ ထက်ကြပ်မကွာ ဖြည်းဖြည်းလိုက်လာကြကုန်လော့၊ ခြင်္သေ့မင်းကဲ့သို့ တပါးတည်း နေတော်မူကြကုန်သော ထိုမြတ်စွာဘုရားတို့ကို ချဉ်းကပ်ရန် ခဲယဉ်းကုန်၏၊ အမောင်တို့ ငါသည် ရဟန်းဂေါတမနှင့်အတူ တိုင်ပင်ပြောဆိုသောအခါ သင်တို့သည် ငါ၏စကားကို ကြားဖြတ်ဝင်၍ မပြောကြကုန်လင့်၊ သင်တို့သည် ငါ၏စကား ပြီးဆုံးသည့်တိုင်အောင် ဆိုင်းငံ့ကြကုန်လော့"ဟု ပြောဆို၏။

ထို့နောက် သေလပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို ကြည့်ရှုရှာဖွေ၏၊သေလပုဏ္ဏားသည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌ရှင်း ရှည်ပြန့်သော လျှာတော်၌ရှင်း (ဤမမြင်ရသော)ယောကျ်ားမြတ် လက္ခဏာ နှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။

ထိုအခါ မြတ်စွာဘုရားအား ဤအကြံဖြစ်၏ "ဤသေလပုဏ္ဏားသည် ငါ၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌ရှင်း ရှည်ပြန့်သော လျှာတော်၌ရှင်း (ဤမမြင်ရသော) ယောကျ်ားမြတ် လက္ခဏာနှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်၊ ငါသည် တန်ခိုးဖန်ဆင်းပြရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို သေလပုဏ္ဏား မြင်နိုင်ရန် တန်ခိုးဖန်ဆင်းတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားတွင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန်သုံးသပ်တော်မူ၏၊ နှာခေါင်းပေါက် နှစ်ခုတို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။

ထိုအခါ သေလပုဏ္ဏားအား ဤအကြံဖြစ်၏ "ရဟန်းဂေါတမသည် တင်းတင်းပြည့်ညီသော သုံးဆယ့်နှစ်ပါးသောယောကျ်ားမြတ် လက္ခဏာတို့နှင့်ပြည့်စုံ၏၊ တင်းတင်းမပြည့်ညီသော လက္ခဏာတို့နှင့် ပြည့်စုံသည်မဟုတ်ပေ၊ ငါသည် ရဟန်းဂေါတမကို 'ဘုရားဟုတ်၍ရှင်း ဘုရားမဟုတ်'ဟူ၍ရှင်း မသိ၊ စင်စစ်မှာမူ (အသက်) ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာအဆက်ဆက် ပြောဆိုကြကုန်သော ပုဏ္ဏားတို့၏ပူဇော်အဘူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိကုန်သော ဘုရားရှင်တို့သည် မိမိဂုဏ်ကျေးဇူးကို ပြောဆိုအပ်သည်ရှိသော် မိမိကိုယ်ကို ထင်ရှားပြုကုန်၏ဟူသော စကားကို ငါကြားဘူးသည်သာတည်း၊ ငါသည် ရဟန်းဂေါတမကို မျက်မှောက်၌ လျှောက်ပတ်သော ဂါထာတို့ဖြင့် ချီးမွမ်းရမူကား ကောင်းလေစွ"ဟု (အကြံဖြစ်၏)။ ထို့နောက် သေလပုဏ္ဏားသည် မြတ်စွာဘုရားမျက်မှောက်၌ လျှောက်ပတ်သော ဂါထာတို့ဖြင့် ချီးမွမ်း၏—

၅၅၄။ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် မဟာပုရိသလက္ခဏာတို့နှင့် တင်းတင်းပြည့်ညီသော ကိုယ်ရှိတော်မူပါပေ၏၊ ကောင်းသော ကိုယ်

http://www.dhammadownload.com



တော်ရောင်ရှိတော်မူပါပေ၏၊ လုံးရပ်သဏ္ဌာန်တို့ဖြင့် ကောင်းစွာ ဖြစ်တော်မူပါပေ၏၊ ကြည့်ရှု သူတို့ နှစ်သက်စဖွယ်တင့်တယ်သောအဆင်းရှိတော်မူပါပေ၏၊ ရွှေအဆင်းနှင့်တူသော အဆင်း ရှိတော်မူပါပေ၏၊ဖွေးဖွေးဖြူစင်သော စွယ်တော်ရှိတော်မူပါပေ၏။ (၁)

၅၅၅။ မှန်၏ — လုံးရပ်သဏ္ဌာန်တို့ဖြင့် ကောင်းစွာ ဖြစ်သော ယောကျ်ားမြတ်၏ ကိုယ်၌ မဟာပုရိသလက္ခဏာတို့သည် ထင်ရှားပြလျက် ဖြစ်ပေါ်နေကုန်သကဲ့သို့ အသျှင်ဘုရား၏ ကိုယ်တော်၌လည်း မဟာပုရိသလက္ခဏာအားလုံးတို့သည် ထင်ရှားပြလျက် ဖြစ်ပေါ်နေပါ ကုန်၏။ (၂)

၅၅၆။ မြတ်စွာဘုရား အသျှင်ဘုရားသည် ကြည်လင်သော မျက်လုံးတော်ရှိတော်မူသည် လပြည့်ဝန်းကဲ့သို့ တင့်တယ်သော မျက်နှာရှိတော်မူသည် လုံးရပ်သဏ္ဌာန်ပြည့်စုံသဖြင့် ကျယ် ပြန့်တော်မူ၍ ဖြောင့်မတ်သော ပြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိတော်မူသည် တောက်ပသော အရောင်ရှိတော်မူသည်ဖြစ်၍ ရဟန်းအပေါင်း၏အလယ်၌ နေမင်းကဲ့သို့ တင့်တယ်တော်မူပါ ပေ၏။ (၃)

၅၅၇။ ရဟန်း (အသျှင်ရဟန်းသည်)ကြည့်ရှုသူတို့၏ မျက်စိ၌ ကောင်းသော အမြင် ရှိတော်မူ၏၊ ရွှေနှင့်တူသော ကိုယ်ရေအဆင်းရှိတော်မူ၏၊ ဤသို့လျှင် မြတ်သောအဆင်းနှင့် ပြည့်စုံသော အသျှင်ဘုရားအား ရဟန်း၏ အဖြစ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။ (၄)

၅၅၈။ (အသျှင်ဘုရားသည်)သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် မြေကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော ဇမ္ဗူဒိပ်နှင့်တကွ လေးကျွန်းလုံးကို အစိုးရသော ရထားစီး မင်းတကာတို့ထက် မြတ်သော စကြဝတေးမင်း ဖြစ်ရန် ထိုက်တန်ပါပေ၏။ (၅)

၅၅၉။ မင်းမျိုးမင်းနွယ်တို့သည်ရင်း မြို့စားရွာစား မင်းတို့သည်ရင်း ဘိသိက်ခံပြီး မင်းတို့ သည်ရင်း အသျှင်၏ နောက်လိုက် အရံမင်း ဖြစ်ကြပါစေ၊ ဂေါတမနွယ်ဖွား မြတ်စွာဘုရား (အသျှင်ဘုရားသည်)လူတို့ကို အစိုးရသော မင်းတကာတို့ ပူဇော်ထိုက်သော စကြဝတေးမင်း ပြုတော်မူပါဟု (လျှောက်၏)။ (၆)

၅၆၀။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

သေလ ငါသည် မင်းဖြစ်၏၊ အတုမရှိသော တရားမင်းဖြစ်၏၊ (ထိုငါသည်)တရားဖြင့် အာဏာစက်ကို လည်စေတော်မူ၏၊ တဦးတယောက်မျှ မလည်စေနိုင်သော ဓမ္မစက်ကို လည် စေတော်မူ၏။ (၇)

၅၆၁။ (သေလပုဏ္ဏားသည် ဤသို့ လျှောက်၏)—

ဂေါတမနွယ်ဖွား မြတ်စွာဘုရား အသျှင်ဘုရားသည် ဘုရားဟူ၍ ဝန်ခံတော်မူပါ၏၊ အတု မရှိသော တရားမင်းဖြစ်၏၊ တရားဖြင့် အာဏာစက်ကိုလည်စေ၏ဟု မိန့်ဆိုတော်မူပါ၏။ (၈)

http://www.dhammadownload.com



၅၆၂။ ဆရာ့အလိုသို့လိုက်၍ အသျှင်၏စကားကို နာယူသော စစ်သူကြီးကား အဘယ်သူ ပါနည်း၊ အသျှင်သခင် လည်စေအပ်သော ဓမ္မစက်ကို အဘယ်သူသည် အတုလိုက်၍ လည်စေ ပါသနည်း။ (၉)

၅၆၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

သေလ ငါသည် ဓမ္မစက်ကို လည်စေအပ်ပြီ၊ မြတ်စွာဘုရား၏ အနုဇာတသားဖြစ်သော သာရိပုတြာသည် အတုမရှိ မြတ်သော ဓမ္မစက်ကို အတုလိုက်၍ လည်စေ၏။ (၁၀)

၅၆၄။ ပုဏ္ဏား ငါသည် ထူးသောဉာဏ်ဖြင့် သိထိုက်သော ဝိဇ္ဇာနှင့် ဝိမုတ္တိကို ထူးသော ဉာဏ်ဖြင့်သိသူ ပွါးများထိုက်သော မဂ္ဂသစ္စာတရားကို ပွါးများပြီးသူ ပယ်ထိုက်သောသမုဒယ သစ္စာကို ပယ်ပြီးသူဖြစ်သောကြောင့် သစ္စာလေးပါးကိုသိပြီးသူ 'ဗုဒ္ဓ'ဖြစ်၏။ (၁၁)

၅၆၅။ ပုဏ္ဏား ငါ့အပေါ်၌ ယုံမှားမှု 'ကခ်ါ'ကို ပယ်ဖျောက်လော့၊ အတိအကျ ဆုံးဖြတ် လော့၊ မြတ်စွာဘုရားတို့အား ဖူးမြော်ရခြင်းသည် အလွန်ပင် ရခဲလှ၏။ (၁၂)

၅၆၆။ ပုဏ္ဏား လောက၌ သမ္ဗုဒ္ဓဘုရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် အလွန်ပင်ရခဲလှ၏၊ ငါသည် (ရာဂစသော)မြှားငြောင့်တို့ကို ပယ်နုတ်ပြီးသူဖြစ်၍ မိမိထက် လွန်မြတ်သူ မရှိသော သမ္ဗုဒ္ဓဘုရားပင်တည်း။ (၁၃)

၅၆၇။ ဗြဟ္မာမင်းသဖွယ် ဖြစ်သော နှိုင်းရှည့်မှုအတုကို လွန်တော်မူပြီးသော မာရ်စစ်သည် အပေါင်းကို နှိမ်နင်းပြီးသော ငါသည် ရန်သူအားလုံးကို အလိုသို့ လိုက်ပါစေ၍ တစုံတခုမျှ ကြောက်မခပဲ ဝမ်းမြောက်ရ၏။ (၁၄)

၅၆၈။ အမောင်လုလင်တို့ ငါးပါးသော မျက်စိအမြင်ရှိသည်ဖြစ်၍ (ရာဂစသော) မြှား ငြောင့်ကို ပယ်နုတ်ပြီးသော ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရားသည် တော (အတွင်း)ဝယ် ခြင်္သေ့မင်းဟောက်သကဲ့သို့ ဟောတော်မူအပ်သော စကားတော်ကို နာယူ မှတ်သားကြကုန်လော့။ (၁၅)

၅၆၉။ ဗြဟ္မာမင်းသဖွယ်ဖြစ်သော နှိုင်းရှည့်မှု အတုကို လွန်တော်မူပြီးသော မာရ်စစ်သည် အပေါင်းကို နှိမ်နင်းတော်မူပြီးသော မြတ်စွာဘုရားကို ဖူးမြင်ရမှု အမျိုးဇာတ် ယုတ်နိမ့်သူပင် ဖြစ်ငြားသော်လည်း အဘယ်သူသည် မကြည်ညိုပဲ ရှိအံ့နည်း။ (၁၆)

၅၇၀။ ငါသည် ဤအရပ်၌ မြတ်သော ပညာရှိတော်မူသော မြတ်စွာဘုရား၏အထံ၌ ရဟန်းပြုတော့အံ့၊ ရဟန်းပြုလိုသူသည် ငါ့ကို အတုလိုက်၍ ရဟန်းပြုလော့၊ ရဟန်း မပြုလိုသူသည် အလိုရှိရာ သွားပါလေလော့ (ဟု ဤသို့တပည့်တို့ကို ပြောဆို၏)။ (၁၇)

၅၇၁။ အသျှင်၏စိတ်သည် မြတ်စွာဘုရား သာသနာတော်၌ (ရဟန်းပြုရန်) အကယ်၍ နှစ်သက်ခဲ့ပါမူ အကျွန်ုပ်တို့သည်လည်း မြတ်သောပညာရှိတော်မူသော မြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုကြပါကုန်အံ့ (ဤသို့ တပည့်တို့က ဆိုကုန်၏)။ (၁၈)

၅၇၂။ မြတ်စွာဘုရား သုံးရာသော ဤပုဏ္ဏားတို့သည် လက်အုပ်ချီကြကုန်လျက် (ရဟန်း ပြုရန်)တောင်းပန်ကြပါကုန်၏၊ (အကျွန်ုပ်တို့သည်)အသျှင်ဘုရား၏ အထံတော်၌ အကျင့် မြတ်ကို ကျင့်သုံးလိုပါကုန်၏။ (၁၉)

http://www.dhammadownload.com



၅၇၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

သေလ အကြင်အကျင့်ကို ကျင့်သည်ရှိသော် မမေ့မလျော့မူ၍ ကျင့်သော အမျိုးကောင်းသား၏ ရဟန်းအဖြစ်သည် အချည်းနှီး မဖြစ်နိုင်၊ ကောင်းစွာဟောအပ်သော မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော ထိုအကျင့်မြတ်ကို ကျင့်ကြကုန်လော့။ (၂၀)

သေလပုဏ္ဏားသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလေ၏၊ ရဟန်းအဖြစ်ကို ရလေ၏၊ ထို့နောက် ကေဏိယရသေ့သည် ထိုညဉ့်ကို လွန်သောအခါ မိမိသင်္ခမ်းကျောင်း၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်စေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ၊ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူကာ ကေဏိယရသေ့၏ သင်္ခမ်းကျောင်းသို့ ကြွတော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏။

ထိုအခါ ကေဏိယရသေ့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်တော်ကို ဖယ်ပြီးသောအခါ ကေဏိယရသေ့သည် နိမ့်သော ထိုင်စရာတခုကိုယူ၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော ကေဏိယရသေ့အား မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာပြုတော်မူ၏—

၅၇၄။ (ကေဏိယ) ယဇ်ပူဇော်ခြင်းတို့သည် မီးပူဇော်ခြင်းလျှင် ရှေ့သွား ရှိကုန်၏၊ သာဝိတ္တိမည်သော ဂါထာသည် ဆန်းကျမ်း၏ အစအဦးဖြစ်၏၊ မင်းသည် လူတို့၏ အကြီးအမှူးဖြစ်၏၊ သမုဒ္ဒရာသည် မြစ်တို့၏ အကြီးအမှူးဖြစ်၏။ (၂၁)

၅၇၅။ လသည် နက္ခတ်တို့၏ အကြီးအမှူးဖြစ်၏၊ နေသည် ထွန်းလင်းတောက်ပသော ဆီမီးပတ္တမြားစသည်တို့၏ အကြီးအမှူးဖြစ်၏၊ သံဃာတော်သည် စင်စစ် ကောင်းမှုကို အလိုရှိ၍ ပူဇော်လှူဒါန်းသော သူတို့၏ သုံးပါးသော ချမ်းသာ၏ အကြောင်းဖြစ်၏ဟု (အနုမောဒနာ ပြုတော်မူ၏)။ (၂၂)

မြတ်စွာဘုရားသည် ကေဏိယရသေ့ကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုတော်မူပြီးလျှင် နေရာမှထ၍ ဖဲကြွတော်မူ၏၊ ထို့နောက် အသျှင်သေလသည် ပရိသတ်နှင့်တကွ တပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ ပြင်းထန်သော လုံ့လရှိကာ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် မကြာမြင့်မီပင်။ပ။ ပရိသတ်နှင့်တကွ အသျှင်သေလသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

ထို့နောက် အသျှင်သေလသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ လက်အုပ်ချီကာ မြတ်စွာဘုရားအား ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

http://www.dhammadownload.com



၅၇၆။ ငါးပါးသော မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရား (အကျွန်ုပ်တို့သည်) ဤနေ့မှစ၍ ရေတွက်သော် ရှစ်ရက်မြောက်သောနေ့၌ အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ခုနစ်ညဉ့်မျှဖြင့် အသျှင်ဘုရား၏ သာသနာတော်၌ ယဉ်ကျေးသူတို့ ဖြစ်ကြရပါကုန်၏။ (၂၃)

၅၇၇။ (မြတ်စွာဘုရား)အသျှင်ဘုရားသည် သစ္စာလေးပါးကို သိတော်မူပါ၏၊ အသျှင်ဘုရားသည် ဆရာဖြစ်တော်မူပါ၏၊ အသျှင်ဘုရားသည် မာရ်ငါးပါးကို နှိမ်နင်းတော်မူပါပေ၏၊ အသျှင်ဘုရားသည် အနုသယတို့ကို ဖြတ်တောက်လျက် သံသရာမှ ကူးမြောက်ပြီးဖြစ်၍ ဤသတ္တဝါအပေါင်းကို သံသရာမှ ကယ်တင်တော်မူပါပေ၏။ (၂၄)

၅၇၈။ အသျှင်ဘုရားသည် ဥပဓိလေးပါးတို့ကို ကောင်းစွာ လွန်မြောက်ပါကုန်ပြီ၊ အသျှင်ဘုရားသည် အာသဝတို့ကို ခွဲဖျက်အပ်ပါကုန်ပြီ၊ အသျှင်ဘုရားသည် ခြင်္သေ့သဖွယ်ဖြစ်တော်မူပါပေ၏၊ တစုံတရာ စွဲလမ်းမှုမရှိသူ ကြောက်ခြင်း ထိတ်လန့်ခြင်းတို့ကို ပယ်ပြီးသူ ဖြစ်တော်မူပါပေ၏။ (၂၅)

၅၇၉။ သုံးရာသော ဤရဟန်းတို့သည် လက်အုပ်ချီလျက် တည်နေကြပါကုန်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား ခြေတော်တို့ကို ဆန့်တန်းတော်မူပါလော့၊ ရဟန္တာတို့သည် မြတ်စွာဘုရားအား ရှိခိုးကြပါစေကုန်သတည်းဟု (လျှောက်၏)။ (၂၆)

ခုနစ်ခုမြောက် သေလသုတ် ပြီး၏။

## ၈-သလ္လသုတ်

၅၈၀။ ဤလောက၌ သတ္တဝါတို့၏ အသက်သည် အမှတ်နိမိတ်ကင်းသည်ဖြစ်၍ (သေရမည့်အခါ လားရာဂတိ အသက်အပိုင်းအခြားကို)မသိနိုင်၊ အကြောင်းများစွာနှင့် စပ်သဖြင့် ပင်ပန်းငြိုငြင်ရ၏၊နည်းငယ်တိုတောင်းလှ၏၊(သို့ဖြစ်နေလျက်လည်း)ထိုအသက်သည် ဆင်းရဲ အမျိုးမျိုးနှင့် ရောယှက်နေသေး၏။ (၁)

၅၈၁။ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာသော သတ္တဝါတို့သည် အကြင်(ဆေးဝါးမန္တရားစသော) လုံ့လဖြင့် မသေကုန်ရာ၊ထိုမသေရာသော လုံ့လမျိုးသည် မရှိနိုင်၊အိုခြင်းသို့ရောက်၍သော်၎င်း (အိုခြင်းသို့ မရောက်မူ၍သော်၎င်း) သေတတ်၏၊ သတ္တဝါတို့သည် ဤသို့ သေတတ်သော သဘောရှိကုန်သည်သာတည်း။ (၂)

၅၈၂။ သစ်သီးမှည့်တို့အား နံနက်တိုင်း ကြွေကျရခြင်းကြောင့် ဘေးဖြစ်သကဲ့သို့ ဤအတူ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့အား သေရခြင်းကြောင့် အမြဲ ဘေးဖြစ်နေ၏။ (၃)

၅၈၃။ အိုးထိမ်းသည်ပြုလုပ်အပ်သော မြေအိုးမြေခွက် အားလုံးတို့သည် ကွဲခြင်းလျှင် အဆုံးရှိကြကုန်သကဲ့သို့ ဤအတူ သတ္တဝါတို့အသက်သည် သေခြင်းလျှင် အဆုံးရှိ၏။ (၄)

http://www.dhammadownload.com



၅၇၄။ ငယ်သူတို့သည်၎င်း ကြီးသူတို့သည်၎င်း မိုက်သူတို့သည်၎င်း ပညာရှိသူတို့သည့်၎င်း ထိုသူအားလုံးတို့သည် သေမင်းအလိုနိုင်ငံသို့ လိုက်ပါကြရကုန်၏၊ အလုံးစုံသောသူတို့သည် သေမင်း၏အသံသို့ ဆိုက်ရောက်ကြရကုန်၏။ (၅)

၅၇၅။ သေမင်း နှိပ်စက်အပ်ကုန်သည်ဖြစ်၍ တမလွန်လောကသို့ သွားကုန်သော ထိုသတ္တဝါတို့တွင် အမိအဖသည် သားသမီးကို (သေဘေးမှ)မစောင့်ရှောက်နိုင်၊ ဆွေမျိုးတို့သည်လည်း ဆွေမျိုးတို့ကို (သေဘေးမှ)မစောင့်ရှောက်နိုင်ကုန်။ (၆)

၅၇၆။ ကြည့်ရှုစမ်းပါလေ- သတ်မည့်နွားကို ဆောင်ယူသွားသကဲ့သို့ ဆွေမျိုးတို့ ကြည့်ရှုနေကြကုန်စဉ်ပင် အထူးထူးအထွေထွေ ငိုကြွေးမြည်တမ်းနေကြကုန်စဉ်မှာပင် သတ္တဝါတို့တွင် တယောက်စီ တယောက်စီ သေမင်းသည် ဆောင်ယူသွားလေ၏။ (၇)

၅၇၇။ ဤသို့သတ္တဝါအပေါင်းကို သေခြင်းတရားသည်၎င်း အိုခြင်းတရားသည်၎င်း အလွန်ညှဉ်းဆဲ နှိပ်စက်နေ၏၊ ထို့ကြောင့် ပညာရှိတို့သည် လောကအကြောင်းကိုသိ၍ မစိုးရိမ်ကြကုန်။ (၈)

၅၇၈။ (ဤဘဝသို့) လာသည်လည်းဖြစ်သော (ဘဝတပါးသို့) သွားသည်လည်းဖြစ်သော အကြင်သူ၏ လမ်းခရီးကို မသိ၊ ထိုသူ၏ သွားရာ လာရာ ခရီးနှစ်မျိုးတို့ကို ကောင်းစွာမမြင်ရ၊ အကျိုးမဲ့ ငိုကြွေး၏။ (၉)

၅၇၉။ ငိုကြွေးသည်ဖြစ်၍ အကျိုးတစုံတရာကို ဆောင်နိုင်ခဲ့ပါမူ တွေဝေသည်ဖြစ်၍ မိမိကိုယ်ကို ညှဉ်းဆဲလျက် အကျိုးတစုံတရာကို ဆောင်နိုင်ခဲ့ပါမူ ပညာရှိသည် ထိုငိုကြွေးမှုစသည်ကို ပြုရာ၏။ (၁၀)

၅၈၀။ (တစုံတယောက်သောသူသည်) ငိုကြွေးခြင်းဖြင့်၎င်း စိုးရိမ်ပူဆွေးခြင်းဖြင့်၎င်း စိတ်၏ငြိမ်းအေးခြင်းသို့ မရောက်နိုင်၊ ထိုငိုကြွေးသူအား ဆင်းရဲသာလျှင် လွန်စွာဖြစ်ရ၏၊ ခန္ဓာကိုယ်သည်လည်း ပင်ပန်းရာ၏။ (၁၁)

၅၈၁။ မိမိကိုယ်ကို မိမိကိုယ်တိုင် နှိပ်စက်ညှဉ်းဆဲသူသည် ကြုံလှီသော ကိုယ်ရှိသူ အဆင်းမလှသူ ဖြစ်ရ၏၊ ထိုသို့ ငိုကြွေးသဖြင့် သေသောသူတို့သည် မမျှတနိုင်ကုန်၊ ထို့ကြောင့် ငိုကြွေးခြင်းသည် အကျိုးမရှိ။ (၁၂)

၅၈၂။ စိုးရိမ်မှု 'သောက'ကို မပယ်စွန့်နိုင်သော သတ္တဝါသည် လွန်စွာ (ကိုယ်စိတ်) ဆင်းရဲခြင်းသို့ ရောက်၏၊ သေသူကို အကြောင်းပြု၍ အဖန်တလဲလဲ စိုးရိမ်ညည်းတွားသူသည် စိုးရိမ်ခြင်း၏ အလိုသို့ အစဉ်လိုက်ရ၏။ (၁၃)

၅၈၃။ ဤလောက၌ တမလွန်သို့ သွားသော ကံအားလျော်စွာ ဘဝသို့ ကပ်ရောက်ရကုန်သော တပါးသောသူတို့ကို၎င်း သေမင်း၏ အလိုနိုင်ငံသို့ ရောက်ကုန်၍ (သေဘေးဖြင့်) တုန်လှုပ်ကုန်သော သတ္တဝါတို့ကို၎င်း ကြည့်ရှုလော့။ (၁၄)

၅၈၄။ မှန်၏ - (သတ္တဝါတို့သည်)အကြင်သို့သော အသက်ရှည်လိမ့်မည် အနာကင်းလိမ့်[illegible] အခြင်းအရာဖြင့် ထင်မှတ်အောက်မေ့ကုန်၏၊ ထိုထင်မှတ်အောက်မေ့သည်မှတပါး

http://www.dhammadownload.com



သေခြင်း အနာရောဂါများခြင်းစသော အခြင်းအရာဖြင့် ဖြစ်၏၊ ဤသို့သဘောရှိသော ဆန့်ကျင်ဘက်သဘောသည် ဖြစ်၏၊ ဤသို့ လောက၏ အကြောင်းကို ရှုပါလော့။ (၁၅)

၅၉၅။ ဤလောက၌ သတ္တဝါသည် အနှစ်တရာသော်လည်း အသက်ရှည်၏၊ အနှစ်တရာထက် အသွန်သော်လည်း အသက်ရှည်ရ၏၊ သို့ပင် အသက်ရှည်ရသော်လည်း ဆွေမျိုးအပေါင်းမှ ကင်း၍ ဖြစ်ရတတ်၏၊ (နောက်ဆုံး၌မူ)အသက်ကို စွန့်ရသည်သာတည်း။ (၁၆)

၅၉၆။ ထို့ကြောင့် မြတ်စွာဘုရား၏ (တရားတော်ကို) ကြားနာရ၍ သေသောသူကို တွေ့မြင်ရသည်ရှိသော် ဤသေသောသူသည် တဖန် အသက်ရှင်ပါစေသတည်းဟု ငါတောင့်တ၍ မရနိုင်တော့ပေဟု ပိုင်းခြားသိလျက် ငိုကြွေးခြင်းကို ပယ်ဖျောက်ရာ၏။ (၁၇)

၅၉၇။ မီးလောင်နေသော အိမ်ကို ရေဖြင့် ငြိမ်းသတ်ရာသကဲ့သို့ ဤအတူ တည်ကြည်သည် ဖြစ်၍ ပဋိသမ္ဘိဒါပညာရှိသော အကြားအမြင် ပညာရှိ၍ လိမ္မာသော ပုဂ္ဂိုလ်သည် (မိမိအပေါ်၌)ကျရောက်နေသော စိုးရိမ်မှု 'သောက'ကို လျင်စွာ ငြိမ်းစေရာ၏၊ လေသည် လဲဝါဂွမ်းကို တိုက်ခတ်ဖျက်ဆီးလိုက်သကဲ့သို့ စိုးရိမ်မှု 'သောက'ကို ဖျက်ဆီးရာ၏။ (၁၈)

၅၉၈။ မိမိ၏ ချမ်းသာကို ရှာသောသူသည် ငိုကြွေးမှု တောင့်တမှု နှလုံးမသာယာမှု ဟူသော မိမိ၌ စူးဝင်နေသော မြှားငြောင့်ကို မိမိကိုယ်တိုင်ပင် နုတ်ရာ၏။ (၁၉)

၅၉၉။ မြှားငြောင့်ကို နုတ်ပြီးသူသည် (တဏှာဒိဋ္ဌိကို)မမှီမူ၍ စိတ်၏ ငြိမ်းအေးခြင်းသို့ ရောက်လျက် စိုးရိမ်မှု အားလုံးကို လွန်မြောက်ကာ စိုးရိမ်မှုမရှိ ငြိမ်းအေးသူဖြစ်၏။ (၂၀)

ရှစ်ခုမြောက် သလ္လသုတ် ပြီး၏။

---

## ၉ ဝါသေဋ္ဌသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလနိဂုံး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံး နေတော်မူ၏၊ထိုစဉ်အခါ၌ စင်္ကီပုဏ္ဏား တာရုက္ခပုဏ္ဏား ပေါက္ခရသာတိပုဏ္ဏား ဇာဏုဿောဏိပုဏ္ဏား တောဒေယျပုဏ္ဏားဟူသော အလွန်ထင်ရှားကျော်စောကုန်သော ပုဏ္ဏားသူဌေးများစွာတို့သည်၎င်း ထိုမှတပါး အလွန်ထင်ရှားကျော်စောသော ပုဏ္ဏားသူဌေးတို့သည်၎င်း ဣစ္ဆာနင်္ဂလနိဂုံး၌ တည်းခို နေထိုင်ကြကုန်၏၊ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့သည် အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် တယောက်နောက် တယောက် လိုက်ကာ စကြံသွားလာ လှည့်လည်လျက် နေကြကုန်စဉ် "အဘယ်သို့သော အကြောင်းဖြင့် ပြာဟ္မဏဖြစ်နိုင်သနည်း"ဟု ဤအကြားစကားသည် ဖြစ်ပေါ်၏။

ဘာရဒွါဇလုလင်က ဤသို့ ဆို၏ "အချင်းဝါသေဋ္ဌ အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သောစကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊ အချင်းဝါသေဋ္ဌ ဤမျှဖြင့်ပင် ပြာဟ္မဏဖြစ်နိုင်၏"ဟု ဆို၏။

http://www.dhammadownload.com



ဝါသေဋ္ဌလုလင်က ဤသို့ ဆို၏ "အချင်းဘာရဒွါဇ သီလရှိ၏၊ ကျင့်ဝတ်နှင့်ပြည့်စုံ၏၊ အချင်းဘာရဒွါဇ ဤမျှဖြင့်ပင် ဗြာဟ္မဏဖြစ်နိုင်၏"ဟု ဆို၏၊ ဘာရဒွါဇလုလင်သည် ဝါသေဋ္ဌလုလင်ကို နားလည်စေခြင်းငှါ မစွမ်းနိုင်သည်သာတည်း၊ ဝါသေဋ္ဌလုလင်သည်လည်း ဘာရဒွါဇလုလင်ကို နားလည်စေခြင်းငှါ မစွမ်းနိုင်။

ထိုအခါ ဝါသေဋ္ဌလုလင်သည် ဘာရဒွါဇလုလင်ကို ဤသို့ပြော၏ "အချင်းဘာရဒွါဇ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဣစ္ဆာနင်္ဂလနိဂုံး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအသျှင်ဂေါတမအား ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍တက်၏ — 'ထိုမြတ်စွာဘုရားသည်။ပ။ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏' ဟု ပြန့်နှံ့၍တက်၏၊ အချင်းဘာရဒွါဇ သွားကြစို့၊ ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ရဟန်းဂေါတမအား ဤအကြောင်းကို မေးကုန်အံ့၊ ရဟန်းဂေါတမ ဖြေကြားသောအတိုင်း ထိုအကြောင်းကို ငါတို့ မှတ်သားကုန်အံ့"ဟု ပြော၏၊ "အချင်းဝါသေဋ္ဌ ကောင်းပါပြီ"ဟု ဘာရဒွါဇလုလင်သည် ဝါသေဋ္ဌလုလင်အား ဝန်ခံ၏။

ထိုအခါ ဘာရဒွါဇနှင့် ဝါသေဋ္ဌလုလင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော် ဝါသေဋ္ဌလုလင်သည် မြတ်စွာဘုရားအား ဂါထာတို့ဖြင့် ရွတ်ဆိုလျှောက်ထား၏--

၆၀၀။ အသျှင်ဂေါတမ အကျွန်ုပ်ဘို့ နှစ်ယောက်သည် ဗေဒင်သုံးပုံကို တတ်မြောက်ကုန်၏ဟု ဆရာက ခွင့်ပြုပြီးသူ မိမိကလည်း ဝန်ခံပြီးသူ ဖြစ်ကြပါကုန်၏၊ အကျွန်ုပ်သည် ပေါက္ခရသာတိပုဏ္ဏား၏(တပည့်ကြီးပါတည်း) ဤလုလင်ကား တာရုက္ခပုဏ္ဏား၏(တပည့်ကြီးပါတည်း)။ (၁)

၆၀၁။ အကျွန်ုပ်ဘို့သည် (ရှေးဆရာတို့)ဟောကြားအပ်သော ဗေဒင်သုံးပုံအပါအဝင် ပဒကျမ်း ဗျာကရဏ်းကျမ်း စသည်ဘို့၌ အကြွင်းမဲ့ တတ်မြောက်သူတို့ ဖြစ်ကြပါကုန်၏၊ ပဒကျမ်း ဗျာကရဏ်းကျမ်းကို ဆောင်သူတို့ ဖြစ်ကြပါကုန်၏၊ ဗေဒင်အရာ၌ အကျွန်ုပ်တို့သည် ဆရာနှင့် တူပါကုန်၏။ (၂)

၆၀၂။ အသျှင်ဂေါတမ ထိုအကျွန်ုပ်တို့အား အမျိုးဇာတ်ကို စွဲ၍ ဖြစ်သော အယူဝါဒ၌ ငြင်းခုံမှုရှိပါ၏၊ အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏဖြစ်၏ဟု ဘာရဒွါဇပုဏ္ဏား ဆိုပါ၏၊အကျွန်ုပ်က (ပြုလုပ်မှုကုသိုလ်)ကံအားဖြင့် ဗြာဟ္မဏဖြစ်၏ဟု ဆိုပါ၏၊ စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရား ဤသို့သိတော်မူပါ။ (၃)

၆၀၃။ ထိုအကျွန်ုပ်တို့သည် အချင်းချင်း သိနားလည်စေခြင်းငှါ မစွမ်းနိုင်ကြပါကုန်၊ အကျွန်ုပ်တို့ နှစ်ယောက်သည် တရားအားလုံးကို မှန်စွာသိသူ (ဘုရား)ဟု ကျော်စော ထင်ရှားသော အသျှင်ဘုရားကို မေးလျှောက်ရန် လာကြပါကုန်၏။ (၄)

http://www.dhammadownload.com



၆၀၄။ လောက၌ ရှိခိုးလိုသူတို့သည် ဆုတ်ယုတ်ခြင်းကိုလွန်သော လပြည့်ဝန်းကို စိတ်ဖြင့် ကပ်ရောက်၍ လက်အုပ်ချီလျက် ရှိခိုးကြကုန်သကဲ့သို့ ဤအတူ ဂေါတမမြတ်စွာဘုရားကိုလည်း ရှိခိုးကြပါကုန်၏။ (၅)

၆၀၅။ လောက၌ မျက်စိသဖွယ်ဖြစ်သော အသျှင်ဂေါတမကို အကျွန်ုပ်တို့ မေးလျှောက်ပါကုန်၏၊ အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏဖြစ်ပါသလော၊ သို့မဟုတ် (ပြုလုပ်မှုကုသိုလ်)ကံအားဖြင့် ဗြာဟ္မဏ ဖြစ်ပါသလော၊ ဗြာဟ္မဏဟု မသိကုန်သော အကျွန်ုပ်တို့အား ဗြာဟ္မဏဟု သိနိုင်လောက်သော အခြင်းအရာအားဖြင့် ဟောတော်မူပါလော့။ (၆)

၆၀၆။ (မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏)—

ဝါသေဋ္ဌ ထိုသတ္တဝါတို့၏ အမျိုးဇာတ်အကျယ်ကို ဟုတ်တိုင်းမှန်စွာ အစဉ်အတိုင်း သင်တို့အား ငါဟောကြားပေအံ့၊ မှန်၏- အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၇)

၆၀၇။ မြက်သစ်ပင်တို့ကိုလည်း သင်တို့ သိကြကုန်၏၊ ထိုမြက်သစ်ပင်တို့သည် မြက်သစ်ပင်မျိုးဟု ဝန်မခံကြကုန်၊ (ဝန်မခံကြကုန်သော်လည်း) ထိုမြက်သစ်ပင်တို့၏ အသွင်အပြင်သည် အမျိုးဇာတ်အားဖြင့် ဖြစ်၏၊ (ထိုမြက်သစ်ပင်တို့၏) အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၈)

၆၀၈။ ထိုမှ (တပါးသော)ပေါက်ဖတ်တို့ကိုရင်း နှံကောင်တို့ကိုရင်း ပရွက် ဖိုးရွှတို့ကိုရင်း သင်တို့ သိကြကုန်၏၊ ထိုပေါက်ဖတ်စသည်တို့၏ အသွင်အပြင်သည် အမျိုးဇာတ်အားဖြင့် ဖြစ်၏၊ မှန်၏- အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၉)

၆၀၉။ ငယ်သည်လည်းဖြစ်ကုန်သော ကြီးသည်လည်းဖြစ်ကုန်သော အခြေလေးချောင်း ရှိသော သတ္တဝါတို့ကိုလည်း သင်တို့ သိကြကုန်၏၊ ထိုသတ္တဝါတို့၏ အသွင်အပြင်သည် အမျိုးဇာတ်အားဖြင့် ဖြစ်၏၊ မှန်၏-အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၁၀)

၆၁၀။ ဝမ်းပိုက်ရေလျှောက်အခြေရှိကုန်သော ရှည်သောကျောက်ကုန်းရှိကုန်သော မြွေတို့ကိုလည်း သင်တို့ သိကြကုန်၏၊ ထိုသတ္တဝါတို့၏ အသွင်အပြင်သည် အမျိုးဇာတ်အားဖြင့် ဖြစ်၏၊ မှန်၏-အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၁၁)

၆၁၁။ ထိုမှတပါး ရေ၌ပေါက်ပွား၍ ရေ၌ ကျက်စားတတ်ကုန်သော ငါးတို့ကိုလည်း သင်တို့ သိကြကုန်၏၊ ထိုရေသတ္တဝါတို့၏ အသွင်အပြင်သည် အမျိုးဇာတ်အားဖြင့်ဖြစ်၏၊ မှန်၏-အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၁၂)

၆၁၂။ ထိုမှတပါး အတောင်ဖြင့် သွားကုန်သော ကောင်းကင်၌ ပျံကုန်သော ငှက်တို့ကိုလည်း သင်တို့ သိကြကုန်၏၊ ထိုငှက်သတ္တဝါတို့၏ အသွင်အပြင်သည် အမျိုးဇာတ်အားဖြင့် ဖြစ်၏၊ မှန်၏-အမျိုးဇာတ်တို့သည် တမျိုးစီ တမျိုးစီ များပြားလှကုန်၏။ (၁၃)

၆၁၃။ ဤဆိုခဲ့ပြီးသော အမျိုးဇာတ်တို့၌ ဇာတ်ဖြင့်ပြီးသော အသီးအသီးသော အသွင်အပြင်ရှိသကဲ့သို့ ဤအတူ လူတို့၌ အမျိုးဇာတ်ဖြင့် ပြီးသော အသီးအသီးသော အသွင်အပြင် မရှိ။ (၁၄)

http://www.dhammadownload.com



၆၁၄။ လူတို့၌ ဆံပင်တို့ဖြင့်မူလည်း အမျိုးဇာတ်ဖြင့်ဖြစ်သော အသွင်အပြင် အထူးမရှိ၊ ဦးခေါင်း နားရွက် မျက်စိ ခံတွင်း နှာခေါင်း နှုတ်ခမ်း မျက်ခုံးတို့ဖြင့်မူလည်း အမျိုးဇာတ်ဖြင့် ဖြစ်သော အသွင်အပြင်အထူးမရှိ။ (၁၅)

၆၁၅။ လည်ပင်း ပခုံး ဝမ်းပိုက် ကျောက်ကုန်း ခါး ရင် ကျဉ်းမြောင်းရာအင်္ဂါ မေထုန်အားဖြင့်မူလည်း အမျိုးဇာတ်ဖြင့် ဖြစ်သော အသွင်အပြင်အထူးမရှိ။ (၁၆)

၆၁၆။ လက်ခြေ လက်သည်း ခြေသလုံး ပေါင်အဆင်းအသံတို့ဖြင့်မူလည်း အမျိုးဇာတ်ဖြင့် ဖြစ်သော အသွင်အပြင် အထူးမရှိ၊ လူမှတပါးသော သစ်ပင်စသော ဇာတ်တို့၌ ဇာတ်ဖြင့်ဖြစ်သော အသွင်အပြင်ရှိသကဲ့သို့ ဤအတူ လူတို့၌ ဇာတ်ဖြင့်ဖြစ်သော အသွင်အပြင် အထူးမရှိ။ (၁၇)

၆၁၇။ လူတို့တွင် (ပုဏ္ဏားအစရှိသူတို့၏) ကိုယ်တို့၌ အသီးအသီးဖြစ်သော ဤဆံဂင်အစရှိသော ပုံသဏ္ဌာန်ထူးခြားမှု မရှိ၊ (သို့ပင်မရှိပါသော်လည်း) လူတို့ဝယ် ပြာဟ္မဏခတ္တိယဟုခေါ်ဝေါ်ကြောင်း ခန္ဓာကိုယ်တို့၌ အမည်ပညတ်အားဖြင့်သာ ခေါ်ဆိုရ၏။ (၁၈)

၆၁၈။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို လယ်ထွန်မှုကိုမှီ၍ အသက်မွေး၏၊ ထိုသူသည် လယ်သမား 'ကဿက'မည်၏၊ ပြာဟ္မဏမမည်၊ ဝါသေဋ္ဌ ဤသို့ သိလော့။ (၁၉)

၆၁၉။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို အထူးထူးသော လက်မှုပညာဖြင့် အသက်မွေး၏၊ ထိုသူသည် လက်မှုပညာသည် 'သိပ္ပိက'မည်၏၊ပြာဟ္မဏမမည်၊ဝါသေဋ္ဌ ဤသို့ သိလော့။ (၂၀)

၅၂၀။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို အရောင်းအဝယ်ကို မှီ၍ အသက်မွေး၏၊ ထိုသူသည် ကုန်သည် 'ဝါဏိဇ'မည်၏၊ ပြာဟ္မဏမမည်၊ ဝါသေဋ္ဌ ဤသို့ သိလော့။ (၂၁)

၆၂၁။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို သူတပါးတို့၏ အစေအပါးအဖြစ်ဖြင့် အသက်မွေး၏၊ထိုသူသည် အစေခံ 'ပေဿိက'မည်၏၊ပြာဟ္မဏမမည်၊ဝါသေဋ္ဌ ဤသို့ သိလော့။ (၂၂)

၆၂၂။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို မပေးသော ဥစ္စာကို ခိုးယူမှုဖြင့် အသက်မွေး၏၊ ထိုသူသည် သူခိုး 'စောရ'မည်၏၊ ပြာဟ္မဏမမည်၊ ဝါသေဋ္ဌ ဤသို့ သိလော့။ (၂၃)

၆၂၃။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို မြှားလှံစသော လက်နက်ဖြင့် အသက်မွေး၏၊ ထိုသူသည် စစ်မှုထမ်း 'ယောဓာဇီဝ'မည်၏၊ ပြာဟ္မဏမမည်၊ဝါသေဋ္ဌ ဤသို့ သိလော့။ (၂၄)

၆၂၄။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို ပုရောဟိတ်အမှုဖြင့် အသက်မွေး၏၊ ထိုသူသည် ယဇ်ပူဇော်တတ်သူ 'ယာဇက'မည်၏၊ ပြာဟ္မဏ မမည်၊ ဝါသေဋ္ဌ ဤသို့သိလော့။ (၂၅)

၆၂၅။ လူတို့တွင် မည်သည့်ပုဂ္ဂိုလ်မဆို မြို့ရွာကိုရင်း တိုင်းနိုင်ငံကိုရင်း သုံးဆောင်ခံစား၏၊ ဤသူသည် မင်း 'ရာဇာ'မည်၏၊ ပြာဟ္မဏ မမည်၊ ဝါသေဋ္ဌ ဤသို့သိလော့။ (၂၆)

၆၂၆။ (ဝါသေဋ္ဌ)ပုဏ္ဏားမျိုး၌ဖြစ်သော ပုဏ္ဏေးမမှဖြစ်သော သူကို ပြာဟ္မဏဟု ငါမဆို၊ ထိုပုဏ္ဏားသည် ရာဂစသောကြောင့်ကြမှု ကိလေသာရှိခဲ့မူ ဘောဝါဒီအမည်ရှိ၏၊ ကြောင့်ကြမှု ကိလေသာလည်းမရှိ၊ စွဲလမ်းမှုလည်းမရှိသော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဆို၏။ (၂၇)

၆၂၇။ (ဝါသေဋ္ဌ)အကြင်ပုဂ္ဂိုလ်သည် အသုံးစုံသော အနှောင်အဖွဲ့ သံယောဇဉ်အားလုံးကို ဖြတ်၍ ထိတ်လန့်ပူပန်မှုမရှိ၊ ကပ်ငြိတတ်သည့် ကိလေသာကို လွန်သော ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဆို၏။ (၂၈)

http://www.dhammadownload.com



၆၂၈။ (ဝါသေဋ္ဌ ဒေါသတည်းဟူသော) နှောင်ကြိုးကိုရင်း (တဏှာတည်းဟူသော)လွန်ကြိုးကိုရင်း ကိန်းအောင်းနေသော ကိလေသာနှင့် တကွသော မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးတည်းဟူသော ထူးကြိုးကိုရင်း ဖြတ်၍ အဝိဇ္ဇာတံခါးကျည်မင်းတုပ်ကို ပယ်နုတ်ပြီးလျှင် သစ္စာလေးပါးကိုသိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၂၉)

၆၂၉။ (ဝါသေဋ္ဌ)အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း ပုတ်ခတ်ညှဥ်းဆဲခြင်း နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ပဲ သည်းခံ၏၊ သည်းခံခြင်းအားတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၀)

၆၃၀။ (ဝါသေဋ္ဌ) အမျက်လည်းမထွက်၊ ဓုတင်အကျင့်လည်းရှိ သီလနှင့်လည်း ပြည့်စုံ တဏှာပြန့်ပြောခြင်းလည်းမရှိ၊ ယဥ်ကျေး၍ အဆုံးစွန်သော ကိုယ်ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၁)

၆၃၁။ (ဝါသေဋ္ဌ)ကြာဖက်၌ ရေမတင်သကဲ့သို့ရင်း(ပွတ်ဆောက်)စူးဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ရင်း ကာမတို့၌ မကပ်ငြိ မလိမ်းကျံသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၂)

၆၃၂။ (ဝါသေဋ္ဌ) အကြင်ပုဂ္ဂိုလ်သည် ဤဘဝ၌ပင် မိမိ၏ဆင်းရဲကုန်ရာဖြစ်သော နိဗ္ဗာန်ကို သိ၏၊ ချအပ်သော ခန္ဓာဝန်ရှိ၍ ကိလေသာတို့နှင့် မယှဥ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၃)

၆၃၃။ (ဝါသေဋ္ဌ)နက်နဲသော ပညာရှိသော ထက်မြက်သော ပညာရှိသော လမ်းမှန် ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၄)

၆၃၄။ (ဝါသေဋ္ဌ)လူတို့နှင့်ရင်း ရဟန်းတို့နှင့်ရင်း နှစ်ပါးစုံသော သူတို့နှင့် မရောယှက်သော တဏှာကင်းကြောင်း အကျင့်ရှိသည်ဖြစ်၍ အလိုနည်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၅)

၆၃၅။ (ဝါသေဋ္ဌ)အကြင်ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော ပုထုဇဥ်သေက္ခပုဂ္ဂိုလ်တို့၌ရင်း မကြောက်မလန့် တည်တံ့သော ရဟန္တာပုဂ္ဂိုလ်တို့၌ရင်း တုတ် လက်နက်ကို ပယ်ချထားပြီးဖြစ်၍ မိမိလည်း [illegible]တ် သူတပါးကိုလည်း မသတ်စေ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၆)

၆၃၆။ (ဝါသေ[illegible] [illegible]ဖက်ပြုသူတို့၌ မဆန့်ကျင်သော ဓားတုတ်ရှိသူတို့၌ ဓားတုတ်ချပြီးသည်ဖြစ်၍ ငြိမ်းသော စွဲလမ်းအပ်သော တရားတို့၌ စွဲလမ်းခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မ[illegible]ဟု ငါဆို၏။ (၃၇)

၆၃၇။ ([illegible]သေဋ္ဌ)မုန်ညင်းစေ့သည် (ပွတ်ဆောက်)စူးဖျားမှ လျှောကျသကဲ့သို့ စွဲမက်မှု 'ရာဂ' အမျက်ထွက်မှု'ဒေါသ' ထောင်လွှားမှု'မာန' သူတပါး၏ဂုဏ်ကို ဖျက်ဆီးမှု 'မက္ခ'တို့ ကင်းပလျှောကျပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၈)

၆၃၈။ (ဝါသေဋ္ဌ အကြင်ပုဂ္ဂိုလ်သည်) မည်သည့် တစုံတယောက်ကိုမျှ အမျက်ဒေါသဖြင့် မထိခိုက် မငြိစွန်းစေမူ၍ နူးညံ့ပြေပြစ်လျက် သဘောအဓိပ္ပါယ် ပေါ်လွင်စေသော မှန်သော စကားကို ပြောဆိုရာ၏၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၃၉)

http://www.dhammadownload.com



၆၃၉။ (ဝါသေဋ္ဌ) အကြင်ပုဂ္ဂိုလ်သည် လောက၌ ပိုင်ရှင်မပေးသော ဥစ္စာကို ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ မခိုးယူ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၀)

၆၄၀။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌၎င်း တမလွန်လောက၌၎င်း မက်မောမှု 'တဏှာ' တို့မရှိကုန်၊ မက်မောမှု 'အာသာ' ကင်း၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၁)

၆၄၁။ အကြင်ပုဂ္ဂိုလ်အား ကပ်ငြိတွယ်တာခြင်းတို့ မရှိကုန်၊ တရားမှန်ကို သိ၍ သို့လော သို့လော တွေးတောခြင်း မရှိ၊ အမြိုက်နိဗ္ဗာန်သို့ ဝင်ရောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၂)

၆၄၂။ (ဝါသေဋ္ဌ)ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကုသိုလ်အကုသိုလ်ကံ နှစ်ပါးစုံတို့ကို၎င်း ကပ်ငြိတတ်သော တဏှာကို၎င်း လွန်မြောက်၏၊ စိုးရိမ်ခြင်းမရှိသော ကိလေသာမြူကင်းသော စင်ကြယ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၃)

၆၄၃။ (ဝါသေဋ္ဌ)အညစ်အကြေးကင်းသော လမင်းကဲ့သို့ ကိလေသာမရှိ၍ စင်ကြယ်သော အသူ့သဖြင့် ကြည်လင်သောစိတ်ရှိသော နောက်ကျုခြင်းမှ ကင်းလျက် ဘဝတို့၌ နှစ်သက်တတ်သည့် တဏှာကုန်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၄)

၆၄၄။ (ဝါသေဋ္ဌ)အကြင်ပုဂ္ဂိုလ်သည် ရာဂတည်းဟူသော ဘေးကို၎င်း ကိလေသာတည်းဟူသော အသွားခက်သည့် ခရီးကို၎င်း သံသရာတည်းဟူသော အကူးခက်သည့် သမုဒ္ဒရာကို၎င်း မောဟတည်းဟူသော အမိုက်မှောင်ကို၎င်း လွန်မြောက်ပြီး ဩဃလေးပါးကို ကူးမြောက်ပြီးဖြစ်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ရောက်၏၊ ကိလေသာတို့ကို ရှို့မြိုက်လေ့ရှိ၏၊ တဏှာကင်း၏၊ သို့လော သို့လော တွေးတောမှုမရှိ၊အစွဲအလမ်းကင်း၍ ငြိမ်းအေး၏၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၅)

၆၄၅။ (ဝါသေဋ္ဌ)ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမတိကို ပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောကာမ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။(၄၆)

၆၄၆။ (ဝါသေဋ္ဌ)ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောတဏှာ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။(၄၇)

၆၄၇။ (ဝါသေဋ္ဌ)အကြင်ပုဂ္ဂိုလ်သည် လူ၌ဖြစ်သော အစီးအပွါးကို ပယ်စွန့်၍ နတ်၌ဖြစ်သော အစီးအပွါးကို လွန်မြောက်၏၊ အလုံးစုံသော အစီးအပွါးနှင့်မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၈)

၆၄၈။ (ဝါသေဋ္ဌ ကာမဂုဏ်၌) မွေ့လျော်ခြင်း (ဆိတ်ငြိမ်ရာ၌) မမွေ့လျော်ခြင်းကို ပယ်စွန့်၍ ငြိမ်းအေးပြီးသော ဥပဓိမရှိသော အလုံးစုံသော လောကကို လွှမ်းမိုး၍ တည်သော ရဲရင့်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၄၉)

http://www.dhammadownload.com



၆၄၉။ (ဝါသေဋ္ဌ) အကြင်ပုဂ္ဂိုလ်သည် သတ္တဝါတို့၏သေခြင်းကိုရင်း ပဋိသန္ဓေနေခြင်းကိုရင်း အလုံးစုံအားဖြင့် သိ၏၊ ကပ်ငြိတွယ်တာခြင်းမရှိသော သူတော်ကောင်းအကျင့်ကို ကောင်းစွာကျင့်၍ သစ္စာလေးပါးကိုသိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၅၀)

၆၅၀။ (ဝါသေဋ္ဌ) အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ် ဂန္ဓဗ္ဗနတ် လူတို့သည် မသိနိုင်ကုန်၊ အာသဝကုန်ခန်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၅၁)

၆၅၁။ (ဝါသေဋ္ဌ) အကြင်ပုဂ္ဂိုလ်အား (အတိတ်) ခန္ဓာ၌ရင်း (အနာဂတ်) ခန္ဓာ၌ရင်း (ပစ္စုပ္ပန်)ခန္ဓာ၌ရင်း ကြောင့်ကြမှုမရှိ၊ ကြောင့်ကြမှုမရှိသော စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၅၂)

၆၅၂။ (ဝါသေဋ္ဌ)နွားလားဆောင်နွားလား ဥသဘနှင့်တူသော မြတ်၍ လုံ့လရှိသော သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသော မာရ်သုံးပါးကို အောင်ပြီးသော တဏှာကင်းသော ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးသော သစ္စာလေးပါးကိုသိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၅၃)

၆၅၃။ (ဝါသေဋ္ဌ)အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်ပြည် ငရဲပြည်ကိုလည်း မြင်၏၊ ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့လည်း ရောက်၏၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။ (၅၄)

၆၅၄။ လောက၌ အမည်အနွယ်ကို အထူးထူးအထွေထွေ ကြံဆအပ်၏၊ ဤသို့ ကြံဆခြင်းသည် အမည်ပညတ်မျှသာတည်း၊ အမည်ပညတ်သည် ခေါ်ဝေါ်သမုတ်သဖြင့် ဖြစ်ပေါ်လာ၏၊ ထိုထိုမွေးဖွားရာ အချိန်ကာလကပင် ဆွေမျိုးသားချင်းတို့သည် အထူးထူးအထွေထွေ မှည့်ခေါ်ကြံဆအပ်၏။ (၅၅)

၆၅၅။ မသိကြကုန်သော သတ္တဝါတို့၏ စိတ်နှလုံး၌ မိစ္ဆာအယူသည် ရှည်စွာသော ကာလပတ်လုံး ကိန်းဝပ်၏၊ မသိကြကုန်သည်ဖြစ်၍သာလျှင် အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏဖြစ်၏ဟု ဆိုကြကုန်၏။ (၅၆)

၆၅၆။ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏမဖြစ်နိုင်၊ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏမဟုတ်သူလည်း မဖြစ်နိုင်၊ ပြုလုပ်သောအမှုကြောင့်သာ ဗြာဟ္မဏဖြစ်၏၊ ပြုလုပ်သော အမှုကြောင့်သာ ဗြာဟ္မဏမဟုတ်သူဖြစ်၏။ (၅၇)

၆၅၇။ အလုပ်ဖြင့် လယ်သမားဖြစ်၏၊ အလုပ်ဖြင့် လက်မှုပညာသည်ဖြစ်၏၊ အလုပ်ဖြင့် ကုန်သည်ဖြစ်၏၊ အလုပ်ဖြင့် အစေခံဖြစ်၏။ (၅၈)

၆၅၈။ အလုပ်ဖြင့် ခိုးသူဖြစ်၏၊ အလုပ်ဖြင့် စစ်မှုထမ်းသူလည်းဖြစ်၏၊ အလုပ်ဖြင့် ယဇ်ပူဇော်တတ်သူဖြစ်၏၊ အလုပ်ဖြင့် မင်းဖြစ်၏။ (၅၉)

၆၅၉။ ပဋိစ္စသမုပ္ပါဒ်ကို ရှုမြင်ကုန်သော ကံကံ၏အကျိုး၌ လိမ္မာကုန်သော ပညာရှိတို့သည် ဤသို့ ဟုတ်တိုင်းမှန်စွာ ဤအကြောင်းကံကို မြင်ကုန်၏။ (၆၀)

http://www.dhammadownload.com



၆၆၀။ လောကသည် ကံကြောင့်ဖြစ်၏၊ သတ္တဝါသည် ကံကြောင့် ဖြစ်၏၊ သွားနေသော ရထား၏ နားပန်းစောင့်သည်(ရထားဘီးကို) ထိန်းဖွဲ့ထားသကဲ့သို့ သတ္တဝါတို့ကို ကံသည် ထိန်းဖွဲ့ထား၏။ (၆၁)

၆၆၁။ ဂုဏ်ကို စောင့်စည်းမှုဖြင့်၎င်း အကျင့်မြတ်ဖြင့်၎င်း စောင့်စည်းမှု'သီလ'ဖြင့်၎င်း ပညာဖြင့်၎င်း ဤမြတ်သော ကံကြောင့်သာ ဗြာဟ္မဏဖြစ်၏၊ ထိုဗြာဟ္မဏ အဖြစ်သည် မြတ်၏။ (၆၂)

၆၆၂။ ဝိဇ္ဇာသုံးပါးတို့နှင့် ပြည့်စုံသော ကိလေသာငြိမ်းအေးပြီးသော တဖန်ဘဝသစ်၌ ဖြစ်မှုကုန်ပြီးသော ပုဂ္ဂိုလ်သည် ပညာရှိတို့၏ ဗြဟ္မာလည်း မည်၏၊ သိကြားလည်းမည်၏၊ ဝါသေဋ္ဌ ဤသို့ သိလော့ဟု (မိန့်တော်မူ၏)။ (၆၃)

ဤသို့ဟောတော်မူသော် ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။ ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ရောက်သော ဥပါသကာတို့ ဟူ၍ မှတ်တော်မူပါ"ဟု (လျှောက်ကုန်၏)။

ကိုးခုမြောက် ဝါသေဋ္ဌသုတ် ပြီး၏။

---

## ၁၀-ကောကာလိကသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ကောကာလိကရဟန်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား သာရိပုတြာ မောဂ္ဂလာန်တို့သည် ယုတ်ညံ့သော အလိုရှိကုန်၏၊ ယုတ်ညံ့သောအလိုတို့၏ နိုင်ငံသို့ လိုက်ကြကုန်၏" ဟု လျှောက်၏။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ကောကာလိကရဟန်းအား "ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ သာရိပုတြာမောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏"ဟု မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း။ပ။ ကောကာလိကရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ယုံကြည်အပ်သူ စိတ်ချထိုက်သူ ဖြစ်ပါ၏၊ သို့သော်လည်း သာရိပုတြာ မောဂ္ဂလာန်တို့သည် ယုတ်ညံ့သော အလိုရှိကုန်၏၊ ယုတ်ညံ့သော အလိုတို့၏ နိုင်ငံသို့ လိုက်ကြကုန်၏" ဟု ဤသို့ လျှောက်၏၊ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကောကာလိကရဟန်းအား"ကောကာလိက ဤသို့မဆိုလင့်၊ ကောကာလိက ဤသို့မဆိုလင့်၊ သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတြာမောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏ "ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထို့နောက် ကောကာလိကရဟန်းသည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ဖဲသွား၏၊ ဖဲသွား၍ မကြာသေးသော ကောကာလိကရဟန်းအား မုန်ညင်းစေ့ခန့်ရှိကုန်သော အဖုအပိမ့်ဘို့ဖြင့် တကိုယ်လုံး ပြန့်နှံ့၍ ဖြစ်၏၊ မုန်ညင်းစေ့ခန့်လောက်မှ ပဲနောက်စေ့ခန့်လောက် ပဲနောက်စေ့ခန့်လောက်မှ စားတော်ပဲခန့်လောက် ဖြစ်ကုန်၏၊ စားတော်ပဲခန့်လောက်မှ ဆီးစေ့ခန့်လောက် ဆီးစေ့ခန့်လောက်မှ ဆီးသီးခန့်လောက် ဆီးသီးခန့်လောက်မှ ရှစ်ရှားသီးလုံးခန့်လောက် ရှစ်ရှားသီးလုံးခန့်လောက်မှ ဥသျှစ်သီးနုခန့်လောက် ဥသျှစ်သီးနုခန့်လောက်မှ ဥသျှစ်သီးမှည့်ခန့်လောက် ဥသျှစ်သီးမှည့်ခန့်လောက် ဖြစ်ပြီး၍ ပေါက်ကွဲကုန်၏၊ ပြည်သည်ငှင်း သွေးသည်ငှင်း ယိုစီးကုန်၏၊ ထို့နောက် ကောကာလိကရဟန်းသည် ထိုအနာဖြင့်သာလျှင် သေလေ၏၊ သေသော ကောလာလိကရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ ရန်ငြိုးဖွဲ့သောကြောင့် ပဒုမငရဲ၌ ဖြစ်၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် ညဉ့်ဦးယံလွန်ပြီးသော သန်ကောင်ယံအချိန်၌ အလွန်နှစ်သက်ဖွယ်သောအဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းတောက်ပစေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိခိုးပြီး၍ တခုသောနေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ကောကာလိကရဟန်းသည် ကွယ်လွန်ပါပြီ၊ အသျှင်ဘုရား ကွယ်လွန်သော ကောကာလိကရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ ရန်ငြိုးဖွဲ့သောကြောင့် ပဒုမငရဲ၌ ဖြစ်၏"ဟု လျှောက်၏၊ သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီး၍ မြတ်စွာဘုရားကို အရိုအသေပြုပြီးလျှင် ထိုအရပ်၌ပင် ကွယ်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သောအခါ ရဟန်းတို့အား "ရဟန်းတို့ ဤညဉ့်၌ သဟမ္ပတိဗြဟ္မာသည် ညဉ့်ဦးယံ လွန်ပြီးသော သန်ကောင်ယံအချိန်၌။ပ။ ရဟန်းတို့ သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီး၍ ငါဘုရားကို အရိုအသေပြုပြီးလျှင် ထိုအရပ်၌ပင် ကွယ်လေ၏"ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ပဒုမငရဲ၌ အသက်ပမာဏသည် အဘယ်မျှ ရှည်ပါသနည်း"ဟု (လျှောက်၏)၊ ရဟန်း ပဒုမငရဲ၌ အသက်ပမာဏကား ရှည်သည်သာတည်း၊ ထိုပဒုမငရဲ၏ အသက်ပမာဏကို "ဤမျှလောက်သော နှစ်တို့"ဟူ၍ငှင်း "ဤမျှလောက်သော နှစ်အရာတို့"ဟူ၍ငှင်း "ဤမျှလောက်သော နှစ်အထောင်တို့"ဟူ၍ငှင်း "ဤမျှလောက်သော နှစ်အသိန်းတို့"ဟူ၍ငှင်း ရေတွက်ခြင်းငှါ မလွယ်ကူဟု (မိန့်တော်မူ၏)၊ အသျှင်ဘုရား ဥပမာပြုခြင်းငှါ တတ်ကောင်းပါ၏လောဟု လျှောက်၏၊ "ရဟန်း တတ်ကောင်း၏"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏—

ရဟန်း ကောသလတိုင်း၌ ဖြစ်သော တို့နှစ်ဆယ်ဝင် နှမ်းလှည်းသည် ဖြစ်၏၊ ထိုနှမ်းလှည်းမှ ယောက်ျားသည် အနှစ်တရာ အနှစ်တရာလွန်သဖြင့် တစေ့တစေ့သော နှမ်းကို ထုတ်ပစ်ရာ၏၊ ရဟန်း ကောသလတိုင်း၌ ဖြစ်သော တို့နှစ်ဆယ်ဝင် ထိုနှမ်းလှည်းသည် လုံ့လဖြင့် လျင်မြန်စွာသာလျှင် ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ တခုသော အဗ္ဗုဒငရဲသည် ကုန်ခြင်းသို့ မရောက်ရာ၊ ရဟန်း အဗ္ဗုဒငရဲနှစ်ဆယ်သည် နိရဗ္ဗုဒငရဲတခုဖြစ်၏၊ ရဟန်း နိရဗ္ဗုဒငရဲနှစ်ဆယ်သည် အဗဗငရဲတခုဖြစ်၏၊ ရဟန်း အဗဗငရဲနှစ်ဆယ်သည် အဟဟငရဲတခုဖြစ်၏၊ ရဟန်း အဟဟငရဲနှစ်ဆယ်သည်

http://www.dhammadownload.com



အဗ္ဗုဒရေတခုဖြစ်၏၊ ရဟန်း အဗ္ဗုဒရေနှစ်ဆယ်သည် ကုမုဒရေတခုဖြစ်၏၊ ရဟန်း ကုမုဒရေနှစ်ဆယ်သည် သောဂန္ဓိကရေတခုဖြစ်၏၊ ရဟန်း သောဂန္ဓိကရေနှစ်ဆယ်သည် ဥပ္ပလရေတခုဖြစ်၏၊ ရဟန်း ဥပ္ပလရေနှစ်ဆယ်သည် ပုဏ္ဍရိကရေတခုဖြစ်၏၊ရဟန်း ပုဏ္ဍရိကရေနှစ်ဆယ်သည် ပဒုမရေတခုဖြစ်၏၊ ရဟန်း ကောကာလိကရဟန်းသည် သာရိပုတြာမောဂ္ဂလာန်တို့၌ ရန်ငြိုးဖွဲ့သောကြောင့် ပဒုမရေ၌ ဖြစ်၏ဟု (မိန့်တော်မူ၏)၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ ကောင်းသော စကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရားသည် ထို့နောက် ဤဂါထာကို ဟောတော်မူ၏—

၆၆၃။ မွေးဖွားလာသော ယောကျ်ား၏ ခံတွင်း၌ ဓားမနှင့် တူသော စကားသည်ဖြစ်၏၊ မကောင်းသဖြင့် ဆိုအပ်သောစကားကို ပြောဆိုသော သူမိုက်သည် ယင်းစကားဖြင့် မိမိကိုယ်ကို ဖြတ်၏။ (၁)

၆၆၄။ အကြင်သူမိုက်သည် ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၏၊ ချီးမွမ်းထိုက်သူကိုမူကား ကဲ့ရဲ့၏၊ ထိုသူမိုက်သည် ခံတွင်းဖြင့် အပြစ်ကို ဆည်းပူး၏၊ ထိုသူမိုက်သည် ထိုအပြစ်ကြောင့် ချမ်းသာကိုမရ။ (၂)

၆၆၅။ လောင်းတန်းကစားရာတို့၌ အားလုံးသော စည်းစိမ် မိမိကိုယ်နှင့်တကွ ဥစ္စာရှုံးခြင်းဟူသော အပြစ်သည် အနည်းငယ်သော အပြစ်မျှသာတည်း၊ အကြင်သူသည် ကောင်းသော နိဗ္ဗာန်သို့ ကြွသွားကုန်သော ဘုရား ပစ္စေကဗုဒ္ဓ သာဝကတို့၌ စိတ်ပြစ်မှား၏၊ ထိုသူ၏ ဤပြစ်မှားသော အပြစ်သည်သာလျှင် (ဆိုခဲ့ပြီးသော အပြစ်ထက်)ကြီးလှစွာသော အပြစ်မည်၏။ (၃)

၆၆၆။ ယုတ်ညံ့သော စကားကိုငင်း စိတ်ကိုငင်း ဆောက်တည်၍ အရိယာကို ကဲ့ရဲ့သော သူမိုက်သည် တသိန်းသုံးဆယ့်ခြောက်ခုသော နိရဗ္ဗုဒတို့နှင့် ငါးအဗ္ဗုဒတို့ပတ်လုံး ငရဲ၌ ဖြစ်ရ၏။ (၄)

၆၆၇။ မဟုတ်မမှန် ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏၊ (မိမိ) ပြုလုပ်လျက် မပြုလုပ်ဟု ပြောဆိုသော သူသည်လည်း ငရဲသို့ ရောက်ရ၏၊ ထိုသူနှစ်ယောက်တို့သည်လည်း ယုတ်သော အမှုရှိကုန်သည်ဖြစ်၍ နောင်တမလွန်ဘဝ၌ (ငရဲခံရခြင်း) တူကုန်၏။ (၅)

၆၆၈။ အကြင်သူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာကင်းသော ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှား၏၊ လေညာသို့ ပစ်လွှင့်အပ်သော သိမ်မွေ့သော မြူမှုန်သည် ထိုပစ်လွှင့်သူသို့သာ ပြန်ကျလာဘိသကဲ့သို့ မကောင်းမှုသည် ထိုသူမိုက်သို့သာ ရွေးရှူ ပြန်ကျလာ၏။ (၆)

၆၆၉။ အကြင်သူသည် အဖန်ဖန် အထပ်ထပ် မပြတ်ဖြစ်သော လောဘ၌ အမြဲအားထုတ်သူ (ဘုရားစသည်တို့၌) မယုံကြည်သူ စဉ်းလဲကောက်ကျစ်တတ်သူ (ဘုရားစသည်တို့၏)အဆုံးအမကို မနာယူသူ ဝန်တိုတတ်သူ ချောပစ်ဂုံးတိုက်မှု၌ အားထုတ်သူဖြစ်၏၊ ထိုသူသည် သူတပါးတို့ကို နှုတ်ဖြင့် ဆဲရေး၏။ (၇)

http://www.dhammadownload.com



၆၇၀။ နှုတ်မငြိမ်သူ အမှန်ကင်းသူ သူတော်မဟုတ်သူ ကြီးပွါးမှုကို ဖျက်ဆီးတတ်သူ ယုတ်မာသူ မကောင်းပြုလေ့ရှိသူ ကျက်သရေမဲ့သူ မြတ်စွာဘုရား၏ အဝဇာတသားဖြစ်သူ (ဟယ်)ယောကျ်ားယုတ် သင်သည် စကားများစွာ မပြောဆိုလင့်၊ သင်သည် ငရဲသို့ကျမည့်သူ ဖြစ်၏။ (၈)

၆၇၁။ ကောကာလိက သင်သည် အစီးအပွါးမဲ့ရန်အတွက် ကိလေသာမြူကို (မိမိ အပေါ်၌) ဖြန့်ကြဲဘိ၏၊ ကြမ်းတမ်းသောအမှုကို ပြုလျက် သူတော်ကောင်းတို့ကို ကဲ့ရဲ့ဘိ၏၊ များစွာသော မကောင်းမှု ဒုစရိုက်တို့ကို ပြုကျင့်၍ ကာလရှည်စွာ ငရဲတည်းဟူသော ချောက်သို့ ရောက်ရမည်သာတည်း။ (၉)

၆၇၂။ တစုံတယောက်သောသူ၏ ပြုလုပ်ပြီးကံသည် မပျောက်ပျက်နိုင်သည်သာတည်း၊ ဆည်းပူးအပ်သော ကံသည် ဆည်းပူးသူထံသို့ ရောက်လာ၏၊ ဆည်းပူးသူကံရှင်သည် ဆည်းပူးအပ်သော ကံကို ရသည်သာတည်း၊ ကြမ်းတမ်းသော အမှုကိုပြုလေ့ရှိသော ပညာနုံ့ သူသည် တမလွန်လောကဝယ် မိမိကိုယ်၌ပင် ဆင်းရဲတွေ့မြင်ရ၏။ (၁၀)

၆၇၃။ ထိုသူသည် သံစူး သံငြောင့် အပြည့် နှက်ထားရာ အရပ်သို့ ၎င်း အသွားထက်သော သံတံကျင်သို့၎င်း မိမိပြုသော ကံအားလျော်စွာ ဖြစ်သည့် ခြစ်ခြစ်ပူသော သံတွေခဲလျှင် အစာရှိသော ငရဲသို့၎င်း ကပ်ရောက်ရ၏။ (၁၁)

၆၇၄။ ဖမ်းကြကုန် ပုတ်ခတ်ကြကုန် ဟု ဆိုသော ငရဲသိန်းတို့သည် သာယာသောစကားကို မပြောဆိုကြကုန်၊ မျက်နှာချိုသာ ကပ်ရောက်လာကြသည် မဟုတ်ကုန်၊ စောင့်ရှောက်လို၍ ကပ်ရောက်လာကြသည် မဟုတ်ကုန်၊ ငရဲသူသတ္တဝါတို့သည် မီးကျီးအခင်း၌ အိပ်ကြရကုန်၏၊ ထက်ဝန်းကျင် ပြောင်ပြောင် တောက်လောင်သော မီးထဲသို့ ဝင်ကြရကုန်၏။ (၁၂)

၆၇၅။ သံကွန်ရက်ဖြင့်လည်း ရစ်ပတ်ကုန်သည်ဖြစ်၍ ထိုသံကွန်ရက်အတွင်း၌ သံတူတို့ဖြင့် နှိပ်စက်သတ်ဖြတ်ကုန်၏၊ ကန်းသည်ကို ပြုတတ်သည့် အမိုက်မှောင်ထုထပ်သော ဓူမရောရုဝ ငရဲသို့ ရောက်ကြကုန်၏၊ ထိုအမိုက်မှောင်သည် မြေကြီးတို့ကဲ့သို့ ပြန့်ကျယ်၏။ (၁၃)

၆၇၆။ ထိုမှတပါး ငရဲသူတို့သည် မီးလျှံတို့ဖြင့် ထက်ဝန်းကျင်ပြောင်ပြောင်တောက်သော လောဟကုမ္ဘီငရဲအိုးသို့ ဝင်ကြရကုန်၏၊ မီးနှင့်အညီအမျှ ဖြစ်ကုန်သော ထိုသံအိုးတို့၌ ကာလရှည်ကြာစွာ အဖန်ဖန် ပေါ်ကုန်သည်ဖြစ်၍ ကျက်ကြရကုန်သည်သာတည်း။ (၁၄)

၆၇၇။ ထို့ပြင်လည်း မကောင်းမှုပြုသူသည် ပြည်သွေးတို့နှင့် ရောသော သံအိုး၌ ကျက်ရ၏၊ ထိုသံအိုး၌ အဘယ်သို့ ကျက်ရသနည်း၊ အကြင် အကြင်အရပ်သို့ သွားရောက်ရ၏၊ ထိုထိုသွားရောက်ရာ အရပ်၌လည်း ပြည်သွေးတို့ဖြင့် တွေ့ထိသည်ဖြစ်၍ ညစ်ညူးပင်ပန်း ဆင်းရဲရ၏။ (ဤသို့ကျက်ရ၏)။ (၁၅)

၆၇၈။ မကောင်းမှုပြုသူသည် ပိုးလောက်တို့၏ နေရာဖြစ်သော ဘင်ပုပ်ရေငရဲ၌ ကျက်ရ၏၊ ထိုဘင်ပုပ်ရေငရဲ၌ အဘယ်သို့ ကျက်ရသနည်း၊ အိုးကင်းထက်အောက်ဝန်းကျင်သည် အရပ်ခပ်သိမ်းတို့၌ အညီအမျှဖြစ်သောကြောင့် ထိုဘင်ပုပ်ရေငရဲ၌ ဖဲသွားရန် လမ်းမရှိ၊ (ဤသို့ ကျက်ရ၏)။ (၁၆)

http://www.dhammadownload.com



၆၇၉။ ထိုပြင်လည်း ထက်မြက်သော သန်လျက်ရွက်တောရေသို့ ကိုယ်အပိုင်း အပိုင်း ပြတ်ကုန်သည်ဖြစ်၍ ဝင်ကြရကုန်၏၊ ရေထိန်းတို့သည် လျှာကို သံမျှားချိတ်ဖြင့် ဖောက်ကုန် ဖောက်ကုန်၍ ဆွဲထုတ်ကြပြီးလျှင် အမျိုးမျိုးအဖုံဖုံ နှိပ်စက်ကြကုန်၏။ (၁၇)

၆၈၀။ ထို့ပြင်လည်း သွားလာရန် ခဲယဉ်းလှသော သင်ခုန်းဓားသွားကဲ့သို့ ထက်သော အသွားရှိသော ဝေတ္တရဏီ မည်သော ကြိမ်ပိုက်ချောင်းရေသို့ ရောက်ကြရပြန်၏၊မကောင်းမှုကို ပြုကြကုန်သော လူမိုက်တို့သည် မကောင်းမှုတို့ကို ပြုကြကုန်၍ ကြိမ်ပိုက်ချောင်း ရေ၌ ကျရောက်ကြရကုန်၏။ (၁၈)

၆၈၁။ ထိုကြိမ်ပိုက်ချောင်းရေ၌ ငိုကြွေးမြည်တမ်းကြသော ရေသူတို့ကို ရွှေသောအဆင်း ပြောက်ကျားသောအဆင်းရှိသော အိမ်ခွေး မြေခွေးတို့သည် အလွန်မက်မောကုန်သည် ဖြစ်၍ စားကြကုန်၏၊ တောကျီးအ အပေါင်းတို့သည်၎င်း စွန်ရဲတို့သည်၎င်း အိမ်ကျီးတို့သည် ၎င်း ထိုးဆိတ်ကြကုန်၏။ (၁၉)

၆၈၂။ ဤငရဲ၌ မကောင်းမှုပြုပြီးသော သတ္တဝါသည် အကြင်ကမ္မကရဏအမျိုးမျိုးကို တွေ့ထိရ၏၊ ဤသို့ ကမ္မကရဏအမျိုးမျိုးဖြစ်ရခြင်းသည် အလွန်ဆင်းရဲ ပင်ပန်းလေစွတကား၊ ထို့ကြောင့် ဤလောက၌ သတ္တဝါသည် အသက်အကြွင်းရှိနေသေးပါမူ ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၏၊ မမေ့မလျော့ရာ။ (၂၀)

၆၈၃။ အကြင် တို့နှစ်ဆယ်ဝင် နှမ်းလှည်းတို့ကို ပညာရှိတို့သည် ရေတွက်အပ်ကုန်၏၊ ထို နှမ်းလှည်းတို့ကို ပဒုမငရဲ၌ အရေအတွက်အားဖြင့် ဆောင်ပြအပ်ကုန်၏၊ မှန်၏-ကုဋေ ငါးသောင်း တထောင့်နှစ်ရာတို့သည် ပဒုမငရဲသက် ဖြစ်ကုန်၏။ (၂၁)

၆၈၄။ ဤလောက၌ ငရဲတို့ကို အကြင်မျှလောက် ဆင်းရဲလှကုန်၏ဟူ၍ ဆိုအပ်ကုန်၏၊ ထိုမျှလောက် ဆင်းရဲလျက်လည်း ကြာမြင့်စွာသော ကာလပတ်သိုး ထိုငရဲ၌ နေရ၏၊ ထို့ကြောင့် စင်ကြယ်သောသီလကို ချစ်၍ ကောင်းမြတ်သော ဂုဏ်ရှိသူ အရိယာတို့၌ နှုတ်ကို ၎င်း စိတ်ကို၎င်း အမြဲမပြတ် စောင့်ရှောက်ရာ၏။ (၂၂)

**ဆယ်ခုမြောက် ကောကာလိကသုတ် ပြီး၏။**

---

## ၁၁-နာလကသုတ်

၆၈၅။ အသိတမည်သော (ကဏှဒေဝိလ) ရှင်ရသေ့သည် နှစ်သက်ဝမ်းမြောက်ကုန် စင်ကြယ်သည့် အဝတ်ကို ဝတ်ကုန်သော နတ်ပုဆိုးကို မြှောက်လွှင့်ကုန်လျက် အတိုင်းထက် အလွန် ကခုန်မြူးထူးကုန်သော တာဝတိံသာ နတ်အပေါင်းတို့ကို၎င်း နတ်တို့အရှင် သိကြား မင်းကို၎င်း နေ့သန့်စင်ရာ တာဝတိံသာနတ်ပြည်၌ မြင်လေ၏။ (၁)

၆၈၆။ တက်ကြွဝမ်းမြောက်သည့် စိတ်ရှိကုန်သော နတ်တို့ကိုမြင်၍ လေးလေးစားစား ပြုလျက် ထိုနတ်အပေါင်းတို့ထံ၌ ဤစကားကို ဆို၏—နတ်အပေါင်းသည် အဘယ့်ကြောင့် အလွန်လျှင် ကောင်းသောအမှုအရာရှိသနည်း၊ အဘယ်ကိုစွဲ၍ နတ်ပုဆိုးကို မြှောက်လွှင့်လျက် သင်တို့ မြူးထူးပျော်ပါးကြပါကုန်သနည်း။ (၂)

http://www.dhammadownload.com



၆၈၇။ အသုရာတို့နှင့် စစ်ထိုးကြကုန်သည်ရှိသော် နတ်တို့အောင်နိုင်၍ အသုရာတို့ ရှုံးကြသောအခါ၌သော်မှလည်း ဤကဲ့သို့ သဘောရှိသော ကြက်သီးမွေးညှင်းထအောင် ဝမ်းမြောက်မှု မဖြစ်စဘူး၊ အဘယ်သို့သော မဖြစ်စဘူးထူးကဲသော အာရုံကို မြင်၍ နတ်တို့ ဝမ်းမြောက်ကြပါကုန်သနည်း။ (၃)

၆၈၈။ နတ်တို့သည် လေလည်း ချွန်ကြကုန်၏၊ သီချင်းလည်း ဆိုကြကုန်၏၊ တီးမှုတ်လည်း တီးမှုတ်ကြကုန်၏၊ လက်ပမ်းပေါက်လည်း ခတ်ကြကုန်၏၊ ကလည်း ကကြကုန်၏၊ မြင်းမိုရ်တောင်ထိပ်၌ နေသော နတ်တို့ သင်တို့ကို ငါမေးပါ၏၊ အိုနတ်တို့ သင်တို့သည် ငါ၏ ယုံမှားခြင်းကို လျင်မြန်စွာ ဖျောက်ကြကုန်လော့။ (၄)

၆၈၉။ ရတနာမြတ်ဖြစ်သော အတုမရှိသော ဘုရားလောင်းသည် လူ့ပြည် သာကီဝင်မင်းတို့၏ ဂါမခေတ်နယ်မြေ လုမ္ဗိနီဥယျာဉ်ဝယ် (သတ္တဝါတို့) စီးပွါးချမ်းသာအလို့ငှါ မီးရှူးသန့်စင် ဖွားမြင်တော်မူပါ၏၊ ထို့ကြောင့် အကျွန်ုပ်တို့သည် နှစ်သက်ကုန်သည်ဖြစ်၍ အလွန်လျှင် ကောင်းသောအမူအရာ ရှိကြပါကုန်၏။ (၅)

၆၉၀။ သတ္တဝါအားလုံးတို့ထက် မြတ်၍ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသော သတ္တဝါအားလုံးတို့ထက် ထူးချွန်၍ လူတို့၌ ဥသဘာသဖွယ်ဖြစ်သော ထိုဘုရားလောင်းသည် ဣသိပတနတောအုပ်ဝယ် ခွန်အားရှိသည့် သားတို့သနင်း ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော စကားကို မြွက်ဆိုလျက် ဓမ္မစကြာတရားတော်ကို ဟောတော်မူလိမ့်မည်။ (၆)

၆၉၁။ ထိုအသိတရှင်ရသေ့သည် ထိုနတ်တို့ ပြောဆိုသံကို ကြား၍ အဆောတလျင် နတ်ပြည်မှ ဆင်းသက်ပြီးနောက် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဝင်ကာ ထိုင်နေပြီးလျှင် မင်းသားသည် အဘယ်အရပ်၌ ရှိနေသနည်း၊ ငါကြည့်ရှုလိုပါ၏ဟု သာကီဝင်မင်းသားတို့ကို ပြောဆို၏။ (၇)

၆၉၂။ ထို့နောက် အလွန်လိမ္မာသော ရွှေပန်းထိမ်သည်သည် ဖိုဝ၌ အကြိမ်ကြိမ်လှော်၍ အဖန်ဖန်ခတ်အပ်သော တောက်ပသော ရွှေကဲ့သို့ အသရေဖြင့် တောက်ပသော မြတ်သော အဆင်းရှိသော မင်းသားငယ်ကို သာကီဝင်မင်းသားတို့က အသိတမည်သော ကဏှဒေဝိလရသေ့အား ပြကြကုန်၏။ (၈)

၆၉၃။ အသိတရသေ့သည် အလျှံတပြောင်ပြောင် တောက်ပသော မီးကဲ့သို့ရင်း ကောင်းကင်၌ သွားသော အထူးစင်ကြယ်သော ကြယ်တို့၏ အကြီးအမှူး လကဲ့သို့ရင်း သရဒအခါ၌ မိုးတိမ်မှ လွတ်၍ ထွန်းလင်းတောက်ပသော နေကဲ့သို့ရင်း ထွန်းတောက်ပသော သတို့သားကို မြင်ရသော် ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍ ပြန့်ပြောများမြတ်သော နှစ်သိမ့်မှု 'ပီတိ'ကို ရလေ၏။ (၉)

၆၉၄။ နတ်တို့သည် များသော အခက်အလက်ရှိသော တထောင်သော အချက်ဝန်းရှိသော ထီးကို ကောင်းကင်၌ ဆောင်းမိုးပေးကြကုန်၏၊ ရွှေအရိုးတပ်သော စာမရီသားမြီးယပ်တို့သည် တငြိမ့်ငြိမ့်လှဲ့ခပ်နေကြကုန်၏၊ သားမြီးကိုင်သူ ထီးကိုင်သူကိုမူကား မမြင်ကြရကုန်။ (၁၀)

http://www.dhammadownload.com



၆၉၅။ ကဏှသိရိဟူ၍ ခေါ်ဝေါ်အပ်သော ဆံကျစ်ထုံးဒေဝိလရသေ့သည် တနိက္ခအချိန် စီးသော ရွှေတုံးကဲ့သို့ ကမ္ဗလာနီ၌ ထားအပ်သော သတို့သားကိုငင်း ဦးထိပ်၌ ဆောင်းမိုး ထားအပ်သော ထီးဖြူကိုငင်း တွေ့မြင်ရသော် တက်ကြွသောစိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ခံယူလှမ်းလင့်၏။ (၁၁)

၆၉၆။ လှမ်းယူပြီးလျှင် လက္ခဏာကျမ်း ဗေဒင်ကျမ်းတို့၏ ကမ်းတဖက်သို့ ရောက်ပြီးသော ထိုဒေဝိလရသေ့သည် သာကီဝင်မင်းတို့၏ အကြီးအမြတ်ဖြစ်သော သတို့သားကို ဥာဏ်ဖြင့် စုံစမ်းဆင်ခြင်သည်ရှိသော် ကြည်လင်သောစိတ်ရှိသည်ဖြစ်ရကား "ဤသတို့သားသည် အခြေ နှစ်ချောင်းရှိ နတ်လူဘို့တွင် အထွတ်အမြတ်ဖြစ်၍ အတုမရှိ မြတ်သောသူတည်း"ဟု မြွက်ဆို ပြောကြားလေ၏။ (၁၂)

၆၉၇။ ထို့နောက်မှ မိမိလားရမည့် ဂတိကို အောက်မေ့ဆင်ခြင်သည်ရှိသော် စိတ်မချမ်း မြေ့သော သဘောရှိရကား မျက်ရည်ကျလေ၏၊ သာကီဝင်မင်းတို့သည် ရှင်ရသေ့ငိုသည်ကို မြင်ကြကုန်၍ "သတို့သားငယ်၌ အန္တရာယ်ဖြစ်လတ္တံ့လော"ဟု ပြောဆိုမေးမြန်းကြကုန် ၏။ (၁၃)

၆၉၈။ ရသေ့သည် စိတ်မချမ်းမြေ့သော သာကီဝင်မင်းတို့ကို မြင်၍ ငါသည် သတို့သား ငယ်၌ အစီးအပွါးမဲ့ဖြစ်မည်ကို မတွေ့မမြင်ရပေ၊ ထိုမင်းသားအား အန္တရာယ်ဖြစ်လိမ့်မည် လည်းမဟုတ်၊ ဤမင်းသားသည် သေးသိမ်ယုတ်ညံ့သူမဟုတ်၊ သင်တို့သည် ဝမ်းမြောက် သောစိတ်ရှိကြပါကုန်လော့။ (၁၄)

၆၉၉။ ဤမင်းသားသည် မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့၊ ထိုမင်းသားသည် မြင့်မြတ်စင်ကြယ်သော နိဗ္ဗာန်ကို သိမြင်ပြီးလျှင် များစွာသော သတ္တဝါတို့၏ အစီးအပွါးကို စောင့်ရှောက်လျက် ဓမ္မစကြာတရားတော်ကို ဟောတော်မူလတ္တံ့၊ ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ကျယ်ပြန့်သည် ဖြစ်လတ္တံ့။ (၁၅)

၇၀၀။ ဤလူ့ပြည်၌ ငါ၏အသက်ကြွင်းသည် ကြာမြင့်တော့မည်မဟုတ်၊ ဤမင်းသား ဘုရားမဖြင်ပီအတွင်း၌ပင် ငါသည် သေရလတ္တံ့၊ ထိုငါသည် သူတပါးတို့နှင့် မတူသည့် ဝီရိယရှိသော ဘုရားရှင်၏ တရားကို နာကြားရတော့မည်မဟုတ်၊ ထို့ကြောင့် ငါသည် စိတ် ထိခိုက်သူ ပျက်စီးခြင်းသို့ရောက်သူ စိတ်ဆင်းရဲသူ ဖြစ်ရပါ၏။ (၁၆)

၇၀၁။ ထိုရသေ့သည် သာကီဝင်မင်းတို့အား ပြန့်ပြောများမြတ်သော နှစ်သက်မှု 'ပီတိ'ကို ဖြစ်စေပြီးလျှင် နန်းတွင်းမှ ထွက်ခဲ့၏၊ အကျင့်မြတ်ရှိသူ ထိုရသေ့သည် မိမိတူကို သနားသည် ဖြစ်၍ သူတပါးတို့နှင့်မတူသည့် ဝီရိယရှိသော ဘုရားရှင်၏ တရား၌ ကျင့်သုံးဆောက်တည် စေ၏။ (၁၇)

၇၀၂။ နောင်အခါ၌ သင်သည် ဘုရားဟူသော အသံကို ကြားခဲ့မူ သမ္ဗောဓိဉာဏ်သို့ ရောက်လတ်တော်မူပြီးသော ဘုရားရှင်သည် နိဗ္ဗာန်လမ်းခရီးကို ဖွင့်လှစ်ခဲ့မူ ထိုအခါ ထိုဘုရား ထံသို့ ကိုယ်တိုင်သွား၍ အယူဝါဒကို မေးလျက် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်လေလော့။ (၁၈)

http://www.dhammadownload.com



၇၀၃။ အစီးအပွါးကို လိုသော စိတ်ရှိသော တာဒိဂုဏ်ရှိသော နောင်အခါ၌ အလွန်မြတ်သော နိဗ္ဗာန်ကို မြင်သော ထိုအသိတရသေ့ဆုံးမသော နာလကသည် ဆည်းပူးအပ်ပြီးသော ကောင်းမှုအစုရှိသည်ဖြစ်၍ မြတ်စွာဘုရားကို မြော်လင့်လျက် ဣန္ဒြေတို့ကို စောင့်စည်းကာ ရသေ့အသွင်ဖြင့် နေလင့်၏။ (၁၉)

၇၀၄။ အသိတရသေ့၏ ဆုံးမသောအချိန်အခါ ရောက်လတ်သော် ထိုနာလကသည် မြတ်စွာဘုရား၏ မြတ်သောဓမ္မစကြာတရားဟောခြင်းကြောင့် ဖြစ်ပေါ်လာသောကြွေးကြော်သောအသံကို ကြား၍ ဣသိပတနမိဂဒါဝုန်တောသို့သွားလျက် မြတ်သော ဣသိဖြစ်တော်မူသော မြတ်စွာဘုရားကို မြင်သောကြောင့် ကြည်ညို၍ မုနိတို့၏ အမြတ်ဖြစ်သော မြတ်စွာဘုရားအား မောနေယျအကျင့်မြတ်ကို မေးလျှောက်လေ၏။ (၂၀)

ဝတ္ထုဂါထာ ပြီး၏။

---

၇၀၅။ ဂေါတမနွယ်ဖွား မြတ်စွာဘုရား အသိတရသေ့ ပြောဆိုခဲ့သော စကားသည် မချွတ်မယွင်း အမှန်ပင် ဖြစ်တော့သည်ဟု အကျွန်ုပ်သိအပ်ပါ၏၊ ထို့ကြောင့် တရားအားလုံးတို့၏ ကမ်းတဖက်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားအား အကျွန်ုပ် မေးလျှောက်ပါ၏— (၂၁)

၇၀၆။ မြတ်စွာဘုရား အိမ်ရာမထောင်သော ရဟန်းအဖြစ်နှင့် ပြည့်စုံသော ဆွမ်းခံလှည့်လည်ခြင်းဖြင့် ရှာမှီးသော အကျွန်ုပ်သည် မေးလျှောက်သည်ဖြစ်၍ အသျှင်ဘုရားသည် မောနေယျအကျင့်မြတ်ကို ဟောတော်မူပါလော့။ (၂၂)

၇၀၇။ (မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏)—

မောနေယျ ကျင့်ဝတ်ကို သင့်အား ငါဘုရား သိစေအံ့၊ ပြုနိုင်ခဲ ဖြစ်စေနိုင်ခဲသော ထိုမောနေယျအကျင့်ကို ယခုဟောကြားအံ့၊ သင်သည် မိမိကိုယ်ကို (ဝီရိယဖြင့်) အားပြုထောက်ပံ့ထားလော့၊ (ဝီရိယဖြင့်) ခိုင်မြဲသူဖြစ်လော့။ (၂၃)

၇၀၈။ ရွာ၌ ဆဲရေးသူနှင့် ရှိခိုးသူကို ထပ်တူထပ်မျှပြုရာ၏၊ (ဆဲရေးခံရသော်) စိတ်ပြစ်မှားမှု 'ဒေါသ'ကို စောင့်ရှောက်ရာ၏၊ (ရှိခိုးခံရသော်) မတက်ကြွပဲ ကျင့်ရာ၏။ (၂၄)

၇၀၉။ တော၌ မီးလျှံနှင့် တူကုန်သော ဣဋ္ဌအနိဋ္ဌအားဖြင့် အမြတ်အယုတ်ဖြစ်သည့် အာရုံတို့သည် ဖြစ်ပေါ်လာတတ်ကုန်၏၊ ထိုတော၌ မိန်းမတို့သည် ရဟန်းကို ဖြားယောင်းတတ်ကုန်သေး၏၊ ထိုမိန်းမတို့သည် သင့်ကို မဖြားယောင်းစေကုန်လင့်။ (၂၅)

၇၁၀။ ကောင်းမကောင်းကုန်သော ကာမဂုဏ်တို့ကို ပယ်စွန့်၍ မေထုန်အကျင့်မှ ရှောင်ကြဉ်သူ သတ္တဝါတို့၌ မဆန့်ကျင်သူ တပ်မက်မှု မရှိသူ ဖြစ်ရာ၏။ (၂၆)

၇၁၁။ တဏှာရှိသောသတ္တဝါ တဏှာမရှိသောသတ္တဝါတို့ကိုလည်း ငါသည် ချမ်းသာကို အလိုရှိသကဲ့သို့ ဤသင့်ပါတို့သည်လည်း ချမ်းသာကို အလိုရှိကုန်၏၊ ထိုသတ္တဝါတို့သည်

http://www.dhammadownload.com



ချမ်းသာကို အလိုရှိကုန်သကဲ့သို့ ငါသည်လည်း ချမ်းသာကို အလိုရှိ၏ဟု မိမိကိုယ်ကို ဥပမာပြု၍ မိမိလည်း မသတ်ရာ၊ သူတပါးကိုလည်း မသတ်စေရာ။ (၂၇)

၇၁၂။ အကြင် (ပစ္စည်းလေးပါး)၌ ပုထုဇဉ်သည် ကပ်ငြိ၏၊ ထိုပစ္စည်းလေးပါး၌ အလို 'တဏှာ'ကိုရင်း လောဘကိုရင်း ပယ်စွန့်၍ ပညာမျက်စိရှိလျက် ကျင့်ရာ၏၊ ပြည့်နိုင်ခဲသော ဤတဏှာ(ချောက်နရက်)ကို ကူးခပ်ရာ၏။ (၂၈)

၇၁၃။ ယုတ်လျော့ပါးလျပ်သော ဝမ်းရှိသူ နှိုင်းရှည့်ပိုင်းခြားအပ်သော အာဟာရရှိသူ ဖြစ်ရာ၏၊ အလိုနည်းသူ မလျပ်ပေါ်သူ ဖြစ်ရာ၏၊ အခါခပ်သိမ်း လောလုပ္ပတဏှာဖြင့် အလိုမရှိသူ ဖြစ်ရာ၏၊ အလိုမရှိခြင်းကြောင့် (တဏှာဟူသော) မွတ်သိပ်မှု မရှိသည်ဖြစ်၍ ငြိမ်းအေးရာ၏။ (၂၉)

၇၁၄။ မောနေယျအကျင့်ကို ကျင့်သော ထိုရဟန်းသည် ဆွမ်းခံသွားပြီးလျှင် တောသို့သာလျှင် ပြန်သွားရာ၏၊ သစ်ပင်ရင်း၌ရပ်တည်၍သော်၎င်း ထိုင်သည်ဖြစ်၍သော်၎င်း နေရာ၏။ (၃၀)

၇၁၅။ ထိုရဟန်းသည် ဈာန်လေ့လာသူ တည်တံ့သူ တော၌ မွေ့လျော်သူဖြစ်ရာ၏၊ မိမိကိုယ်ကို အလွန်နှစ်သက်စေသည်ဖြစ်၍ သစ်ပင်ရင်း၌ ဈာန်ဝင်စားရာ၏။ (၃၁)

၇၁၆။ ထိုညဉ့်လွန်မြောက်သည်ရှိသော် ရွာသို့ ဆွမ်းခံသွားရာ၏၊ ပင့်ဖိတ်၍ လှူသောဆွမ်းကိုလည်း မနှစ်သက်ရာ၊ ရွာမှ ဆောင်ယူ၍ လှူသောဆွမ်းကိုလည်း မနှစ်သက်ရာ။ (၃၂)

၇၁၇။ မောနေယျအကျင့်ကို ကျင့်သော ရဟန်းသည် ရွာသို့ရောက်သည်ရှိသော် ဒါယကာတို့၌ ရောရောနှောနှော မနေရာ၊ ပြတ်သောစကားရှိသည်ဖြစ်၍ နိမိတ်ဝိညတ်နှင့် ယှဉ်၍ အစားရှာမှီးကြောင်း စကားကို မပြောဆိုရာ။ (၃၃)

၇၁၈။ ထိုရဟန်းသည် တစုံတခုသော ဝတ္ထုပစ္စည်းကိုရလျှင်လည်း ကောင်း၏၊ မရလျှင်လည်း ကောင်း၏ဟု ရ မရ နှစ်ပါးဖြင့်ပင်လျှင် တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍ သစ်ပင်ကို လျစ်လျူရှုသကဲ့သို့ လျစ်လျူရှုကာ ပြန်လှည့်ရာ၏။ (၃၄)

၇၁၉။ ထိုရဟန်းသည် မအ ပါပဲလျက် အ သူဟု သမုတ်ခံလျက် သပိတ်ပုံက်ကာ ဆွမ်းခံလှည့်လည်သည်ရှိသော် အနည်းငယ်မျှ ပေးလှူခြင်းကိုလည်း မရှုတ်ချရာ၊ ပေးလှူသူကိုလည်း မထေမဲ့မြင် မပြုရာ။ (၃၅)

၇၂၀။ မဂ်ရကြောင်း အကျင့်ကို ဃုခပဋိပဒါစသည့် အမြတ်အယုတ်ရှိ၏ဟူ၍ ဘုရားတည်းဟူသော သမဏသည် ပြတော်မူ၏၊ သို့ပင် အမြတ်အယုတ်ရှိသော်လည်း တခုတည်းသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်သော်ကား မရောက်ကုန်၊ ကိလေသာတို့ တပြိုင်နက် မကုန်ရကား နိဗ္ဗာန်ဟူသော ကမ်းသို့ တကြိမ်သာ ရောက်သည်လည်း မဟုတ်ပေ။ (၃၆)

၇၂၁။ အကြင်ရဟန်းအား ပြန့်နှံ့သော တဏှာ (ဝိစရိတ)မရှိ၊ တဏှာအယဉ်ပြတ်စဲပြီးသော ပြုသင့်သောကိစ္စ မပြုသင့်သော ကိစ္စကို ပယ်ပြီးသော ရဟန်းအား ရာဂစသည် ကြောင့်ဖြစ်သော ပူပန်မှုမရှိ။ (၃၇)

http://www.dhammadownload.com



၇၂၂။ (နာလက)သင့်အား မောနေယျအကျင့်ကို ငါဟောအံ့၊ (ထိုမောနေယျရဟန်းသည်) သင်ခုန်းသွား ဥပမာရှိသူဖြစ်ရာ၏၊ အာစောက်ကို လျှာဖြင့် ထိကပ်ပြီးလျှင် ဝမ်း၌ စောင့်စည်းသူ ဖြစ်ရာ၏။ (၃၈)

၇၂၃။ မတွန့်ဆုတ်သောစိတ်ရှိသူလည်း ဖြစ်ရာ၏၊ များစွာလည်း မကြံစည်ရာ၊ (ကိလေသာ) အညှီအဟောက်ကင်းသူ တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော ဘဝ၌ မမှီသူ အကျင့်မြတ်လျှင် လည်းလျောင်းရာရှိသူဖြစ်ရာ၏။ (၃၉)

၇၂၄။ အဖော်မမှီး တယောက်တည်းနေနိုင်ရန် ကျင့်ရာ၏၊ ရဟန်းတို့သည် ကပ်၍ ရှုသင့် ရှုထိုက်သော ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်နိုင်ရန်လည်း ကျင့်ရာ၏၊ တယောက်တည်းနေခြင်းကို မောနဟူ၍ ငါဘုရားဟောကြား၏၊ သင်သည် တယောက်ထီးတည်း မွေ့လျော်နိုင်ခဲ့မူ အရပ်ဆယ်မျက်နှာတို့၌ ကျော်စောထင်ရှားလတ္တံ့။ (၄၀)

၇၂၅။ ငါဘုရားကို မြတ်နိုးသောသူသည် ဈာန်ဝင်စားကုန်၏၊ကာမကို စွန့်လွှတ်ကုန်ပြီးသော ပညာရှိတို့၏ ကြွေးကြော်သံကို ကြားရသောကြောင့် ရှက်မှု 'ဟိရီ'ကိုရင်း ယုံကြည်မှု 'သဒ္ဓါ'ကိုရင်း အတိုင်းထက်အလွန် ပြုရာ၏။ (၄၁)

၇၂၆။ ထိုစကားကို မြစ်ဥပမာတို့ဖြင့် သိကုန်လော့၊ မြစ်ငယ်တို့သည် မြောင်းငယ်ချောက်ကြားတို့၌ အသံမြည်လျက် စီးသွားကုန်၏၊ မြစ်ကြီးတို့သည်ကား တိတ်တိတ်ဆိတ်ဆိတ် စီးသွားကုန်၏။ (၄၂)

၇၂၇။ ရေမပြည့်သောအိုးသည် အသံမြည်၏ (ပေါက်ပက်ခတ်၏)၊ ရေပြည့်သောအိုးသည် ငြိမ်သက်သည်သာတည်း၊ သူမိုက်သည် ရေမပြည့်သော အိုးနှင့်တူ၏၊ ပညာရှိသည် ရေပြည့်သော အိုးကြီးနှင့် တူ၏။ (၄၃)

၇၂၈။ မြတ်စွာဘုရားတည်းဟူသော သမဏသည် အကျိုးအကြောင်းနှင့် ပြည့်စုံသော အစီးအပွါးနှင့် စပ်ယှဉ်သော စကားကို များစွာ မြွက်ဆိုတော်မူ၏၊ ထိုမြတ်စွာဘုရားသည် တရားကို သိတော်မူသည်ဖြစ်၍သာ ဟောတော်မူ၏၊ သိတော်မူသည်ဖြစ်၍ များစွာ မြွက်ဆိုတော်မူ၏။ (၄၄)

၇၂၉။ တရားကို သိသောသူသည် စောင့်စည်းသောစိတ်ရှိ၏၊ တရားကို သိသောသူသည် စကားကို များစွာ မပြောဆို ထိုရဟန်းသည် အရဟတ္တမဂ်ဉာဏ်ကို ရထိုက်၏၊ ရလည်းရ၏ဟု (မြတ်စွာဘုရား ဟောတော်မူ၏)။ (၄၅)

တဆယ့်တခုမြောက် နာလကသုတ် ပြီး၏။

## ၁၂-ဒွယတာနုပဿနာသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ညဉ့်၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၍ လပြည့်နေ့ဖြစ်သော တဆယ့်ငါးရက်မြောက် ဥပုသ် နေ့ညဉ့်၌ ရဟန်းအပေါင်း ခြံရံလျက် လွင်တီးခေါင်ဝယ် ထိုင်နေတော်မူ၏၊

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် အလွန် တိတ်ဆိတ်ငြိမ်သက်သော ရဟန်းအပေါင်းကို စောင်းငဲ့ကြည့်ရှုတော်မူကာ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

ရဟန်းတို့ အကြင်တရားတို့သည် ကုသိုလ်မည်ကုန်၏၊ ဖြူစင်ကုန်၏၊ လောကမှ ထွက်မြောက်စေတတ်ကုန်၏၊ အရဟတ္တဖိုလ်သို့ ရောက်စေတတ်ကုန်၏၊ ရဟန်းတို့ ကုသိုလ်ဖြစ်ကုန်သော ဖြူစင်ကုန်သော လောကမှ ထွက်မြောက်စေတတ်ကုန်သော အရဟတ္တဖိုလ်သို့ ရောက်စေတတ်ကုန်သော ထိုတရားတို့ကို သင်တို့ ကြားနာရန် အကြောင်းသည် အဘယ်နည်းဟု မေးကြကုန်မူ ထိုမေးသူတို့ကို နှစ်မျိုးသော အစိတ်အပိုင်းရှိကုန်သော တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိဘို့ရန်သာတည်းဟု ဖြေဆိုအပ်ကုန်၏၊ အဘယ်သို့လျှင် နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ဆိုကြကုန်သနည်း။

(၁) ဤတရားသည် ဆင်းရဲခြင်း 'ဒုက္ခ'တည်း၊ ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်း 'သမုဒယ'တည်း၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ဤတရားသည် ဆင်းရဲ၏ ချုပ်ရာ 'နိရောဓ'တည်း၊ ဤတရားသည် ဆင်းရဲ၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်'မဂ္ဂ'တည်း၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာ ရှုသည်ဖြစ်၍ မမေ့မလျော့ အပြင်းအထန် အားထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိလျက် နေထိုင်သော ရဟန်းအား ယခုဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ကိုသော်၎င်း ဥပါဒါနက္ခန္ဓာအကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုသော်၎င်း ထိုနှစ်မျိုးသော ဖိုလ်တို့တွင် တမျိုးမျိုးသော ဖိုလ်ကို မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏။

မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးလျှင် ထိုမှနောက်၌ ဤဂါထာတို့ကို မိန့်တော်မူ၏—

၇၃၀။ "အကြင်သူတို့သည် ဆင်းရဲကို မသိကြကုန်၊ထို့ပြင် ဆင်းရဲ၏ဖြစ်ကြောင်းကို မသိကြကုန်၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အကြွင်းမဲ့ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို၎င်း ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း လမ်းစဉ်ကို၎င်း မသိကြကုန်။ (၁)

၇၃၁။ ထိုသူတို့သည် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာမှ ယုတ်ကုန်၏၊ ထိုသူတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ မထိုက်ကုန်၊ပဋိသန္ဓေနေခြင်း အိုခြင်းသို့ ကေန်ရောက်ကြရကုန်၏။ (၂)

၇၃၂။ အကြင်သူတို့သည်ကား ဆင်းရဲကို သိကြကုန်၏၊ ထို့ပြင် ဆင်းရဲ၏ဖြစ်ကြောင်းကိုလည်း သိကြကုန်၏၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အကြွင်းမဲ့ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို၎င်း ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း လမ်းစဉ်ကို၎င်း သိကြကုန်၏။ (၃)

၇၃၃။ ထိုသူတို့သည် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာနှင့် ပြည့်စုံကုန်၏၊ထိုသူတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ ထိုက်ကုန်၏၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မကပ်ရောက်ကြရကုန်"ဟု (ဟောတော်မူ၏) (၄)

http://www.dhammadownload.com



(၂) ရဟန်းတို့ အခြားတပါးသောအကြောင်းဖြင့်လည်း နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာရှုခြင်းသည် ဖြစ်ရာအံ့လောဟု ဤသို့ မေးသူတို့ရှိကြကုန်မူ (ထိုမေးသူတို့ကို) 'ရှိသည်ဖြစ်ရာ၏''ဟု ဖြေဆိုအပ်ကုန်၏၊အဘယ်သို့လျှင် ဖြစ်ရာသနည်း ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် လောကီကုသိုလ် အကုသိုလ်ကံဟူသော (ဥပဓိ)အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ လောကီကုသိုလ် အကုသိုလ်ကံတို့၏သာလျှင် (အရဟတ္တမဂ်ဖြင့်)အကြွင်းမဲ့ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း ဤသို့။ပ။ ထိုနောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၃၄။ "လောက၌ များသောသဘောရှိကုန်သော ဆင်းရဲဒုက္ခဟူသမျှတို့သည် ကုသိုလ်ကံ အကုသိုလ်ကံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကုန်၏၊ မသိသည်ဖြစ်၍ လောကီကုသိုလ် အကုသိုလ်ကံကိုပြုသော ပညာနုန့်သူ(ပုထုဇဉ်)သည် အဖန်တလဲလဲဆင်းရဲသို့ ကပ်ရောက်ရ၏၊ ထို့ကြောင့် ပိုင်းခြား၍ သိတတ်သူသည် ဝဋ်ဆင်းရဲ၏ဖြစ်ကြောင်းကို ရှုမှတ်ဆင်ခြင်လျက် လောကီကုသိုလ် အကုသိုလ်ကံကို မပြုလုပ်ရာ"ဟု (ဟောတော်မူ၏)။ (၅)

(၃) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာ ရှုခြင်းသည် ဖြစ်ရာအံ့လော ဟု ဤသို့ မေးသူတို့ ရှိကြကုန်မူ (ထိုမေးသူတို့ကို) "ရှိသည်ဖြစ်ရာ၏"ဟု ဖြေဆိုအပ်ကုန်၏၊ အဘယ်သို့လျှင် ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ အဝိဇ္ဇာ၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့။ပ။ ထိုနောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၃၅။ "အကြင်သတ္တဝါတို့သည် ပဋိသန္ဓေနေရမှု သေရမှု ဟူသော ခန္ဓာအစဉ်သို့ အဖန်တလဲလဲ ရောက်ကြရကုန်၏၊ ဤလူ့ဘဝ အခြားသောဘဝသို့ (ရောက်ကြရကုန်၏)၊ ထိုသတ္တဝါတို့၏ ထိုသို့ လားရောက်ရခြင်းသည် အဝိဇ္ဇာကြောင့်သာ ဖြစ်၏။ (၆)

၇၃၆။ ထိုစကားမှန်၏ - သတ္တဝါအပေါင်းသည် အကြင်အဝိဇ္ဇာကြောင့် ဤသံသရာ၌ ကြာမြင့်စွာ နှစ်မြုပ်ရ၏၊ ဤအဝိဇ္ဇာသည် ကြီးစွာသော မောဟပင်တည်း၊ အရဟတ္တမဂ်ဝိဇ္ဇာနှင့် ပြည့်စုံသောသတ္တဝါတို့သည် တဖန်ဘဝသစ်သို့ မရောက်ကြရကုန်"ဟု (ဟောတော်မူ၏)။ (၇)

(၄) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် သင်္ခါရဟူသော အကြောင်းကြောင့်ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ သင်္ခါရတို့၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့။ပ။ ထိုနောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၃၇။ "ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှအားလုံးသည် သင်္ခါရဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ၏၊ သင်္ခါရတို့၏သာ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိ၊ (၈)

၇၃၈-၇၃၉။ သင်္ခါရဟူသော အကြောင်းကြောင့် ဆင်းရဲဖြစ်၏ဟု ဤသို့သော အပြစ်ကို သိ၍ သင်္ခါရအားလုံးတို့၏ ငြိမ်းခြင်းကြောင့်၎င်း (ကာမစသော)သညာတို့၏ ချုပ်ခြင်း

http://www.dhammadownload.com



ကြောင့်ရှင်း ဤသို့ ဆင်းရဲကုန်ခြင်းဖြစ်၏၊ ဤနှစ်မျိုးကို ဟုတ်မှန်သည့်အတိုင်းသိ၍ ကောင်းစွာ မြင်ကုန်သော နိဗ္ဗာန်သို့ ရောက်သော ပညာရှိတို့သည် (သင်္ခတစသည်တို့၏ သဘောကို) ကောင်းစွာသိကုန်၍ မာရ်၏အရာဖြစ်သော တေဘုမ္မကဝဋ်ကို နှိမ်နင်းလျက် တဖန် ဘဝသစ်သို့ မရောက်ကြရကုန်"ဟု (ဟောတော်မူ၏)။ (၉-၁၀)

(၅) ရဟန်းတို့ အခြားတပါးသော အကြောင်းအားဖြင့် လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ဝိညာဏ်၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ကင်းချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၄၀။ "ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်၏၊ ဝိညာဏ်၏သာ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ။ (၁၁)

၇၄၁။ ရဟန်းသည် ဝိညာဏ်ဟူသော အကြောင်းကြောင့် ဆင်းရဲဖြစ်၏ဟု ဤသို့သော အပြစ်ကို သိ၍ ဝိညာဏ်ငြိမ်းခြင်းကြောင့် တဏှာကင်းသဖြင့် ကိလေသပရိနိဗ္ဗာန်စံရ၏"ဟု (ဟောတော်မူ၏)။ (၁၂)

(၆) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် ဖဿဟူသော အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ဖဿ၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၄၂။ "ဝိညာဏ်နှင့် ယှဉ်သည့် ဖဿသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဘဝတဏှာ တည်းဟူသော အယဉ်သို့ အစဉ်လျှောက်ကာ လမ်းမှားသို့ သွားကုန်သော ထိုသတ္တဝါတို့အား သံယောဇဉ် ကုန်ရာ နိဗ္ဗာန်သည် ဝေးကွာလှ၏။ (၁၃)

၇၄၃။ အကြင်ပုဂ္ဂိုလ်တို့သည်ကား ဖဿကို ပရိညာသုံးပါးဖြင့် သိပြီးလျှင် အရဟတ္တမဂ် ဉာဏ်ဖြင့်သိလျက် နိဗ္ဗာန်၌ မွေ့လျော်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဖဿချုပ်ခြင်းကြောင့် တဏှာ ကင်းသဖြင့် ကိလေသပရိနိဗ္ဗာန်စံရ၏"ဟု (ဟောတော်မူ၏)။ (၁၄)

(၇) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် ဝေဒနာဟူသော အကြောင်း ကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ဝေဒနာတို့၏သာလျှင် (အရဟတ္တ မဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ် မှုတည်း၊ ဤသို့ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၄၄။ "အဇ္ဈတ္တသန္တာန်၌ရှင်း ဗဟိဒ္ဓသန္တာန်၌ရှင်း ဥပေက္ခာဝေဒနာနှင့်တကွ သုခဝေဒနာ လည်းဖြစ်သော ဒုက္ခဝေဒနာလည်းဖြစ်သော ခံစားမှု ဟူသမျှသည် ရှိ၏။ (၁၅)

http://www.dhammadownload.com



၇၄၅။ အကြင်ရဟန်းသည် ဤဝေဒနာကို ဆင်းရဲကြောင်းဟု သိ၍ ပျက်တတ်သော သဘော ဖောက်ပြန်တတ်သောသဘောကို ဉာဏ်ဖြင့်တွေ့ထိ၍ တွေ့ထိ၍ အပျက်ကို ရှုကာ ထိုဝေဒနာတို့၌ ဤသို့ ဆင်းရဲသော အဖြစ်ကို သိ၏၊ ထိုရဟန်းသည် ဝေဒနာတို့၏ ကုန်ခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသပရိနိဗ္ဗာန်စံရ၏" ဟု (ဟောတော်မူ၏)။ (၁၆)

(၈) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် တဏှာဟူသော အကြောင်း ကြောင့်ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ တဏှာ၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၄၆။ "တဏှာလျှင် အဖော်ရှိသော ယောကျာ်းသည် ရှည်ကြာစွာသော ကာလပတ်လုံး ကျင်လည်ရသည်ဖြစ်၍ ဤလူ့ဘဝ တပါးသော ဘဝဟူသော သံသရာကို မလွန်မြောက် နိုင်။ (၁၇)

၇၄၇။ သတိရှိသော ရဟန်းသည် ဆင်းရဲ၏ အကြောင်းဖြစ်သော ထိုတဏှာကို အပြစ် အားဖြင့် သိ၍ တဏှာကင်းသောကြောင့် နောင်တဖန် ပဋိသန္ဓေကို မယူတော့ပဲ (သံသရာမှ) ထွက်မြောက်နိုင်ရာ၏"ဟု (ဟောတော်မူ၏)။ (၁၈)

(၉) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် ဥပါဒါန်ဟူသော အကြောင်း ကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ဥပါဒါန်၏သာလျှင်(အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၄၈။ "ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝဖြစ်ရ၏၊ ဖြစ်ပေါ်လာသော သတ္တဝါ သည် ဆင်းရဲသို့ရောက်ရ၏၊ ပဋိသန္ဓေနေရသူအား သေခြင်းသည် ဖြစ်ရ၏၊ ဤပဋိသန္ဓေ နေရခြင်း သေရခြင်း သဘောသည် ဆင်းရဲဖြစ်ရခြင်းပင်တည်း။ (၁၉)

၇၄၉။ ထို့ကြောင့် ပညာရှိတို့သည် အောက်မဂ်သုံးပါးဖြင့် ကောင်းစွာသိကြပြီးလျှင် ဥပါဒါန် ကုန်ခြင်းကြောင့် ဇာတိကုန်ရာ နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သိကြကုန်၍ တဖန် ဘဝသစ်သို့ မရောက်ကြရတော့ကုန်"ဟု (ဟောတော်မူ၏)။ (၂၀)

(၁၀) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် အားထုတ်အပ်သော ကံဟူသော အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ အားထုတ်အပ်သောကံတို့၏ သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ ကောင်းစွာ။ပ။ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

http://www.dhammadownload.com



၇၅၀။ "ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှအားလုံးသည် အားထုတ်အပ်သော ကံဟူသော အကြောင်းကြောင့် ဖြစ်၏၊ အားထုတ်အပ်သော ကံတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိတော့ပေ။ (၂၁)

၇၅၁-၇၅၂။ ဆင်းရဲသည် အားထုတ်အပ်သော ကံကြောင့်ဖြစ်၏ဟု ဤသို့သော အပြစ်ကို သိသောကြောင့် အားထုတ်အပ်သော ကံအားလုံးကို စွန့်ပြီး၍ အားထုတ်မှု ကံကင်းသော နိဗ္ဗာန်၌ လွတ်မြောက်သော စိတ်ရှိသော ဘဝတဏှာ ပြတ်ပြီးသော ငြိမ်းအေးသော စိတ်ရှိသော ရဟန်းအား ဇာတိဟူသော သံသရာကုန်ပြီ၊ တဖန်ဘဝသစ် မရှိတော့ပြီ" ဟု (ဟောတော်မူ၏)။ (၂၂-၂၃)

(၁၁) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှအားလုံးသည် အာဟာရဟူသော အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ အာဟာရတို့၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏ —

၇၅၃။ "ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှအားလုံးသည် အာဟာရဟူသော အကြောင်းကြောင့် ဖြစ်၏၊ အာဟာရတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲ ဖြစ်ခြင်းသည် မရှိ။ (၂၄)

၇၅၄။ အာဟာရဟူသော အကြောင်းကြောင့် ဆင်းရဲဖြစ်၏ဟု ဤသို့သော အပြစ်ကို သိသောကြောင့် အာဟာရအားလုံးကို ပိုင်းခြား သိ၍ အာဟာရအားလုံးကို မမှီတော့ပေ။ (၂၅)

၇၅၅။ ကိလေသာ အနာရောဂါကင်းသော နိဗ္ဗာန်ကို ကောင်းစွာသိ၍ အာသဝေါကုန်ခြင်းကြောင့် ပညာဖြင့် ဆင်ခြင်၍ မှီဝဲသော သစ္စာတရား၌ တည်သော ရဟန္တာသည် သတ္တဝါဟူသော ရေတွက်ခြင်းသို့ မရောက်နိုင်တော့ပေ"ဟု (ဟောတော်မူ၏)။ (၂၆)

(၁၂) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှအားလုံးသည် ကံ၏အဆောက်အဦဟူသော တုန်လှုပ်ခြင်း အကြောင်းကြောင့် ဖြစ်၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ကံ၏ အဆောက်အဦဟူသော တုန်လှုပ်ခြင်းတို့၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏ —

၇၅၆။ "ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် တုန်လှုပ်ခြင်းဟူသော အကြောင်းကြောင့်ဖြစ်၏၊ တုန်လှုပ်ခြင်းတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိ။ (၂၇)

၇၅၇။ သတိရှိသော ရဟန်းသည် တုန်လှုပ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲဖြစ်၏ဟု ဤသို့သောအပြစ်ကို သိသောကြောင့် တဏှာကို စွန့်လွှတ်လျက် ကမ္မသင်္ခါရတို့ကို ချုပ်ငြိမ်းစေပြီးလျှင် တဏှာမရှိသည် ဥပါဒါန်မရှိသည်ဖြစ်၍ ဤသံသရာမှ ထွက်မြောက်ရာ၏"ဟု (ဟောတော်မူ၏)။ (၂၈)

http://www.dhammadownload.com



(၁၃) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ (တဏှာမာနဒိဋ္ဌိတို့) မှီသူအား ကြောက်ရွံ့တုန်လှုပ်မှု ဖြစ်၏၊ ဤသည်ကား တမျိုးသောရှုမှတ်မှုတည်း၊ (တဏှာမာနဒိဋ္ဌိတို့) မမှီသောသူသည် မတုန်လှုပ်၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၅၈။ "တဏှာမာန ဒိဋ္ဌိတို့ မမှီသူသည် မတုန်လှုပ်၊ မှီသူသည်ကား ဤလူ့ဘဝ တပါးသော ဘဝကို ပြင်းစွာ စွဲလမ်းသည်ဖြစ်၍ သံသရာကို မလွန်မြောက်နိုင်။ (၂၉)

၇၅၉။ သတိရှိသော ရဟန်းသည် တဏှာ မာန ဒိဋ္ဌိဟူသောမှီရာတို့ကြောင့် ကြီးစွာသော ဘေးဖြစ်၏ဟု ဤသို့သော အပြစ်ကို သိသောကြောင့် တဏှာမာနဒိဋ္ဌိတို့ကို မမှီမူ၍ မစွဲလမ်းပဲ သံသရာမှ ထွက်မြောက်ရာ၏"ဟု (ဟောတော်မူ၏)။ (၃၀)

(၁၄) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ရဟန်းတို့ ရူပဘဝတို့ထက် အရူပဘဝတို့သည် သာလွန်ငြိမ်သက်ကုန်၏၊ ဤသည်ကား တမျိုးသောရှုမှတ်မှုတည်း၊ အရူပဘဝတို့ထက် ကိလေသာချုပ်ငြိမ်းရာ နိဗ္ဗာန်သည် သာလွန်ငြိမ်သက်၏၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၆၀။ "ရူပဘဝသို့ ကပ်ရောက်ကုန်သောသတ္တဝါ အရူပဘဝ၌ တည်ကုန်သောသတ္တဝါတို့သည် ဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မသိကြကုန်သောကြောင့် တဖန် ဘဝသစ်သို့ ရောက်လာကြရကုန်၏။ (၃၁)

၇၆၁။ အကြင်ပုဂ္ဂိုလ်တို့သည်ကား ရူပဘဝတို့ကို ပိုင်းခြားသိကုန်၍ အရူပဘဝတို့၌လည်း မတည်ကုန်၊ နိဗ္ဗာန်၌သာလျှင် နှလုံးသွင်းကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် သေခြင်းသဘောကို စွန့်လွှတ်နိုင်ကုန်၏"ဟု (ဟောတော်မူ၏)။ (၃၂)

(၁၅)။ ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း ဖြစ်ရာအံ့လော။ပ။ အဘယ်သို့ ဖြစ်ရာသနည်း၊ ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည် နိစ္စ သုခ အတ္တသဘော မှန်၏ဟု ယူဆထားသော နာမ်ရုပ်ကို အရိယာပုဂ္ဂိုလ်တို့က ဤအယူအဆသည် မှားယွင်း၏ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောမဂ်ပညာဖြင့် မြင်ကြ၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည် ရုပ်ဝေဒနာသည် မရှိခြင်းကြောင့် မှား၏ဟု ယူဆထားသော နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့က ဤနိဗ္ဗာန်သည် ပရမတ္ထအားဖြင့် မှန်၏ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောမဂ်ပညာဖြင့် မြင်ကြ၏၊ ဤသည်ကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ဤသို့ ကောင်းစွာ။ပ။ ထို့နောက် မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

၇၆၂။ "အတ္တမဟုတ်သော နာမ်ရုပ်၌ စွဲမှီလျက် အတ္တဟု ထင်မှတ်ယူဆသော နတ်နှင့်တကွသော လောကကို ကြည့်ရှုပါလော့၊ ဤနာမ်ရုပ်သည် နိစ္စစသည်တို့အဖြစ်ဖြင့် မှန်၏ဟု နတ်နှင့်တကွသော လောကက ထင်မှတ်ယူဆနေ၏။ (၃၃)

http://www.dhammadownload.com



၇၆၃။ နာမ်ရုပ်သည် အတ္တဟု ထင်မှတ်ယူဆထားသည်မှ တပါးသော အနတ္တအခြင်းအရာအားဖြင့် ဖြစ်၏၊ မှန်၏-ထိုနာမ်ရုပ်ကို ငါ၏အတ္တဟု ထင်မှတ်ယူဆခြင်းသည် ထိုလောကၢ၏ မှားယွင်းချက်တည်း၊ အကြောင်းကား ထိုနာမ်ရုပ်သည် အခိုက်အတံ့ဖြစ်ပေါ်၍ ပျက်စီးခြင်းသဘောရှိသောကြောင့်ပင်တည်း။ (၃၄)

၇၆၄။ အရိယာပုဂ္ဂိုလ်တို့သည် ပျက်စီးခြင်းသဘောမရှိသော နိဗ္ဗာန်ကို အမှန်အတိုင်း သိကြကုန်၏၊ ထိုအရိယာပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးတရားကို သိခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသပရိနိဗ္ဗာန် စံရကုန်၏”ဟု (ဟောတော်မူ၏)။ (၃၅)

(၁၆) ရဟန်းတို့ အခြားတပါးသော အကြောင်းဖြင့်လည်း နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာ ရှုခြင်းသည် ဖြစ်ရာအံ့လောဟု ဤသို့ မေးသူတို့ရှိကြကုန်မူ (ထိုမေးသူတို့ကို) “ရှိသည်ဖြစ်ရာ၏”ဟု ဖြေဆိုအပ်ကုန်၏၊ ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည် ချမ်းသာဟု ယူဆထားသော ရူပအာရုံခြောက်မျိုးကို အရိယာပုဂ္ဂိုလ်တို့က ဤအာရုံသည် ဆင်းရဲဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောမဂ်ပညာဖြင့် မြင်ကြ၏၊ ဤသည်ကား တမျိုးသော ရှုမှတ်မှုတည်း၊ ရဟန်းတို့ ထိုနတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည် ကာမဂုဏ်မရှိသောကြောင့် ဒုက္ခဟု ယူဆထားသော နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့က ဤနိဗ္ဗာန်သည် ချမ်းသာလှ၏ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောမဂ်ပညာဖြင့် မြင်ကြ၏၊ ဤကား ဒုတိယဖြစ်သော ရှုမှတ်မှုတည်း၊ ရဟန်းတို့ ဤသို့ နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာရှုသည်ဖြစ်၍ မမေ့မလျော့ အပြင်းအထန် အားထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိလျက် နေသော ရဟန်းအား ယခုဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ကိုသော်၎င်း ဥပါဒါနက္ခန္ဓာ အကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုသော်၎င်း ထိုနှစ်မျိုးသော ဖိုလ်တို့တွင် တမျိုးမျိုးသော ဖိုလ်ကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏၊ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို ဟောတော်မူ၏—

၇၆၅။ “အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် မြတ်နိုးအပ်ကုန်သော အားလုံးကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသော အာရုံခြောက်မျိုးတို့သည် ရှိကုန်၏ဟူ၍ ဆိုရ၏။ (၃၆)

၇၆၆။ နတ်နှင့်တကွသော လောကသည် ဤအာရုံတို့ကို ချမ်းသာဟု ခေါ်ဆိုသမုတ်အပ်ကုန်၏၊ ဤအာရုံတို့ချုပ်ရာ နိဗ္ဗာန်ကိုမူကား ဆင်းရဲဟု ခေါ်ဆိုသမုတ်အပ်၏။ (၃၇)

၇၆၇။ ခန္ဓာဟူသော သက္ကာယ၏ ချုပ်ရာ နိဗ္ဗာန်ကို သုခဟူ၍ အရိယာပုဂ္ဂိုလ်တို့မြင်ကြကုန်၏၊ နိဗ္ဗာန်ကို သုခဟု မြင်သော အရိယာပုဂ္ဂိုလ်တို့၏ ဤအမြင်သည် လောကအားလုံးနှင့် ဆန့်ကျင်သော အမြင်ဖြစ်၏။ (၃၈)

၇၆၈။ တပါးသောသူတို့က သုခဟု ပြောဆိုကြသော ဝတ္ထုကာမကို အရိယာပုဂ္ဂိုလ်တို့က ဒုက္ခဟု ဆိုကြကုန်၏၊ တပါးသောသူတို့က ဒုက္ခဟုပြောဆိုကြသော နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့က သုခဟု သိကြကုန်၏။ (၃၉)

၇၆၉။ သိရန်ခဲယဉ်းလှသော နိဗ္ဗာန်ကို ရှုပါလော့-ဤနိဗ္ဗာန်၌ သူမိုက်တို့သည် ပြင်းစွာ တွေဝေကုန်၏၊ (အဝိဇ္ဇာ)ဖုံးပိတ်ကုန်သည်ဖြစ်၍ (နိဗ္ဗာန်ကို) မမြင်သော သူမိုက်တို့အား ဉာဏ်မျက်စိကန်းအောင် ပြုတတ်သော အမိုက်မှောင်ဖြစ်၏။ (၄၀)

၇၇၀။ အလင်းရောင်သည် အပိတ်အဆီးမရှိ ဟင်းလင်းပွင့်သကဲ့သို့ ပညာဖြင့် ရှုကြည့်သော သူတော်ကောင်းတို့အား နိဗ္ဗာန်သည် ဟင်းလင်းပွင့်၏၊ သစ္စာတရား၌ မလိမ္မာကုန်သော သူမိုက်တို့သည် အနီး၌တည်ရှိနေသော နိဗ္ဗာန်ကို မသိနိုင်ကြကုန်။ (၄၁)

၇၇၁။ ဘဝရာဂအနှိပ်စက်ခံကြ ရကုန်သည်ဖြစ်၍ ဘဝတည်းဟူသော တဏှာရေအယဉ်၌ မျောကုန်သော မာရ်မင်း၏ နယ်ပယ် တေဘူမကဝဋ်၌ လှည့်လည်နေကုန်သော ပုထုဇဉ်တို့သည် ဤနိဗ္ဗာန်တရားကို အလွယ်တကူ မသိနိုင်ကြကုန်။ (၄၂)

၇၇၂။ အာသဝေါမရှိသော ရဟန္တာတို့သည် အကြင်နိဗ္ဗာန်ကို ကောင်းစွာသိ၍ ပရိနိဗ္ဗာန် ပြုကုန်၏၊ အရိယာတို့မှ တပါးသော အဘယ်သူသည် ထိုနိဗ္ဗာန်ကို သိခြင်းငှါ ထိုက်တန်ပါမည်နည်း''ဟု (မိန့်တော်မူ၏)။ (၄၃)

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ လက်ခံကြလေကုန်၏၊ ဤတဆယ့်ခြောက်ချက်သော အကြောင်းတရားတော်ကို ဟောတော်မူအပ်သည်ရှိသော် ခြောက်ကျိပ်အတိုင်းအရှည်ရှိသော ရဟန်းတို့၏စိတ်တို့သည် (တစုံတခုကိုမျှ)မစွဲလမ်းမူ၍ အာသဝေါ တရားတို့မှ လွတ်မြောက်ကြလေကုန်၏။

တဆယ့်နှစ်ခုမြောက် ဒွယတာနုပဿနာသုတ် ပြီး၏။

## သုံးခုမြောက် မဟာဝဂ် ပြီး၏။

http://www.dhammadownload.com

# ၄-အဋ္ဌကဝဂ်

## ၁-ကာမသုတ်

၇၇၃။ ဝတ္ထုကာမကို အလိုရှိသော သတ္တဝါအား ထိုဝတ္ထုကာမကို အလိုရှိတိုင်း အပြည့်အစုံရခဲ့မူ ယင်းသို့ အလိုရှိတိုင်း ရသောကြောင့် ကေန်နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ၏။ (၁)

၇၇၄။ ကာမကို အလိုရှိသည်ဖြစ်၍ လိုလားတောင့်တမှု ဖြစ်ပေါ်နေသောထိုသတ္တဝါအား ထိုကာမတို့ ဆုတ်ယုတ်ကုန်မူ မြားပစ်ခံရသူကဲ့သို့ ဖောက်ပြန်တော့၏။ (၂)

၇၇၅။ မြွေ၏ ဦးခေါင်းကို (မိမိ၏)ခြေဖြင့် ရှောင်ဖယ်သွားသကဲ့သို့ အကြင်သူသည် ကာမတို့ကို ရှောင်ဖယ်၏၊ သတိရှိသော ထိုသူသည် လောက၌ ဤကပ်ငြိမှု 'တဏှာ' ကို ကောင်းစွာ လွန်မြောက်နိုင်၏။ (၃)

၇၇၆-၇၇၇။ အကြင်သူသည် လယ်ယာ မြေ အိမ်ရာ ရွှေ ငွေ နွားမြင်း ကျွန် အမှုလုပ် မိန်းမ ဆွေမျိုးတို့နှင့် အခြားကာမဂုဏ်မျိုးတို့ကို တပ်မက်မော၏၊ အားမရှိသော ကိလေသာတို့သည် ထိုပုဂ္ဂိုလ်ကို နှိပ်စက်ကုန်၏၊ ထိုထိုဘေးရန်တို့ နှိပ်စက်ခံရသောကြောင့် ရေသည် လှေကွဲသို့ မပြတ်ဝင်ဘိသကဲ့သို့ ဆင်းရဲသည် ထိုပုဂ္ဂိုလ်သို့ မပြတ်လိုက်နေတော့၏။ (၄-၅)

၇၇၈။ ထို့ကြောင့် သတ္တဝါသည် သတိထားလျက် ကာမတို့ကို အခါခပ်သိမ်း ရှောင်ကြဉ်ရာ၏၊ လှေကို ရေပက်ထုတ်လျက် တဖက်ကမ်းသို့ လှော်ခတ်သွားသကဲ့သို့ ထိုကာမတို့ကို ပယ်ထုတ်၍ ဩဃလေးဖြာ သံသရာကို ကူးမြောက်ရာ၏။ (၆)

ရှေးဦးစွာသော ကာမသုတ် ပြီး၏။

---

## ၂-ဂုဟဋ္ဌကသုတ်

၇၇၉။ (ခန္ဓာတည်းဟူသော)လိုဏ်ဂူ၌ ငြိကပ်တတ်သော များစွာသော ကိလေသာ အပေါင်းဖြင့် ဖုံးလွှမ်းခံရသော တွေဝေစေတတ်သည့် ကာမဂုဏ်ငါးပါး၌ နစ်မြုပ်လျက် တည်သူသည် လောက၌ ကာမတို့ကို ပယ်ရန်မလွယ်ကုန်သောကြောင့် အမှန်အားဖြင့် ဆိတ်ငြိမ်မှု 'ဝိဝေက'မှ ဝေးကွာလှ၏။ (၁)

၇၈၀။ တဏှာလျှင် အကြောင်းရင်းရှိကုန်သော ဘဝ၌ သာယာမှုတဏှာ၏ အချည်အနှောင်ခံရကုန်သော ထိုသတ္တဝါတို့သည် နောက်အနာဂတ်ကာမတို့ကိုရင်း ရှေးအတိတ်ကာမတို့ကိုရင်း ငဲ့ကွက်ကုန်သည်ဖြစ်၍ ဤပစ္စုပ္ပန်ကာမ ရှေးဆိုပြီးအတိတ် အနာဂတ် ကာမတို့ကို လိုလား တောင့်တကုန်သည်ဖြစ်ရကား မိမိကိုယ်တိုင်လည်း လွတ်မြောက်ရန် ခဲယဉ်းကုန်၏၊ အခြားသူတို့ကိုလည်း မလွတ်မြောက်စေနိုင်ကုန်။ (၂)

၇၈၁။ ကာမတို့၌ မက်မော လိုက်စား မိုက်မှားကုန်သော တရားကို မနာယူကြကုန်သော မညီမညွတ်မှု ဒုစရိုက်၌ သက်ဝင်ကုန်သော ထိုသတ္တဝါတို့သည် မရဏဒုက္ခနီးကပ်လာခဲ့ကုန်

http://www.dhammadownload.com



သော် ငါတို့သည် ဤဘဝမှ စုတေကုန်မူကား အဘယ်သို့ ဖြစ်ကုန်မည်နည်းဟု ငိုကြွေးကြကုန်၏။ (၃)

၇၇၂။ ထို့ကြောင့်သာလျှင် သတ္တဝါသည် ဤသာသနာတော်၌ပင် သိက္ခာသုံးပါးကို ကျင့်ရာ၏၊ လောက၌ မညီညွတ်သော တရားကိုမဆို မညီညွတ်မှု ဒုစရိုက်တရားဟူ၍ သိခဲ့မူ ထိုမညီညွတ်မှု၏အကြောင်းကြောင့် မညီမညွတ်မကျင့်ရာ၊ အကြောင်းသော်ကား ဤအသက်သည် တိုတောင်းလှ၏ဟု ပညာရှိတို့ ဆိုကြသောကြောင့်တည်း။ (၄)

၇၇၃။ လောကဝယ် ဘဝသုံးပါးတို့၌ တဏှာနှိပ်စက်ခံရသည်ဖြစ်၍ အမျိုးမျိုးတုန်လှုပ်နေသော ဤသတ္တဝါအပေါင်းကို ငါမြင်ရ၏၊ ဘဝကြီးငယ်တို့၌ တပ်မက်မှု တဏှာ မကင်းကြကုန်သော ယုတ်ညံ့သူတို့သည် သေခါနီးအခါ သေမင်း၏ခံတွင်း၌ ငိုကြွေးမြည်တမ်း ကြရကုန်၏။ (၅)

၇၇၄။ ရေစီးပြတ်စဲ၍ ရေနည်းသော ချောင်းမြောင်း၌ လူးလွန့်နေသော ငါးတို့ကို တွေ့မြင်ကြရသကဲ့သို့ မြတ်နိုးဖွယ် ဝတ္ထုအာရုံ၌ လှုပ်ရှားနေသူတို့ကို ရှုကြကုန်လော့၊ ဤသို့သော အပြစ်ကိုလည်း တွေ့မြင်ကြရသဖြင့် မြတ်နိုးခြင်းမရှိပဲ ဘဝတို့၌ ကပ်ငြိတွယ်တာခြင်း မပြုမူ၍ ကျင့်ရာ၏။ (၆)

၇၇၅။ ပညာရှိသည် ဖဿနှင့် ဖဿဖြစ်ကြောင်း နှစ်ပါးသော တရားအစုတို့၌ ဆန္ဒရာဂကို ပယ်ဖျောက်၍ တွေ့ထိမှု 'ဖဿ'ကို ပိုင်းခြားသိပြီးလျှင် တပ်မက်မောမှုမရှိပဲ မိမိကိုယ်ကို မိမိကဲ့ရဲ့အပ်သော အမှုကို မပြုလုပ်သောကြောင့် မြင်ရ ကြားရသော တရားတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံ မကပ်ငြိတော့ပေ။ (၇)

၇၇၆။ (ထိုပညာရှိသည်) ကာမ ရူပ အရူပသညာကို ပိုင်းခြားသိပြီး၍ ဩဃလေးဖြာ သံသရာကို ကူးမြောက်ရာ၏၊ သိမ်းဆည်းမှု တဏှာဒိဋ္ဌိတို့၌ မလိမ်းကျံသော ထိုရဟန္တာ ပုဂ္ဂိုလ်သည် ကိလေသာမြှားငြောင့်ကို နုတ်ပြီးလျှင် မမေ့မလျော့ကျင့်ပြီးသည်ဖြစ်၍ ဤပစ္စုပ္ပန်လောကနှင့် တမလွန်လောကကို မတောင့်တတော့ပေ။ (၈)

နှစ်ခုမြောက် ဂုဟဋ္ဌကသုတ် ပြီး၏။

---

## ၃-ဒုဋ္ဌဋ္ဌကသုတ်

၇၇၇။ အချို့သောသူတို့သည် (မြတ်စွာဘုရားနှင့် တပည့်သာဝကကို) ပြစ်မှားလိုစိတ်ရှိကုန်သည်ဖြစ်၍ စွပ်စွဲကြကုန်၏၊ အချို့သူတို့ကား မှန်ကန်သည်ဟု မှတ်ထင်ကြကုန်သည်ဖြစ်၍ စွပ်စွဲကြကုန်၏၊ (သို့ဖြစ်သော်လည်း) မြတ်စွာဘုရားအား တစုံတခု၌မျှ ရာဂ ဒေါသ မောဟ ငြောင့်တံသင်းမရှိသောကြောင့် မြတ်စွာဘုရားသည် ဖြစ်ပေါ်လာသမျှသော စွပ်စွဲမှုသို့ မရောက်နိုင်သည်သာတည်း။ (၁)

၇၇၈။ ဒိဋ္ဌိအယူသည် ဆွဲဆောင်အပ်သည်ဖြစ်၍ ဒိဋ္ဌိအယူ၌ သက်ဝင်ကာ ကိုယ်တိုင် ဒိဋ္ဌိအယူတို့ကို အပြည့်အစုံ ယူဆပြုလုပ်လျက် သိမြင်သမျှ ပြောဆိုသူသည် မိမိ မိစ္ဆာအယူကို အဘယ်မှာလျှင် ကျော်လွန်နိုင်ရာအံ့နည်း။ (၂)

http://www.dhammadownload.com



၇၇၉။ အကြင်သူသည် မိမိ၏သီလနှင့် အကျင့်တို့ကို မမေးပါပဲလျက် သူတပါးတို့အား ပြောဆို၏၊ အကြင်သူသည်ကား မိမိ (အကြောင်းအရာ)ကို ကိုယ်တိုင်ပင် ပြောဆို၏၊ ထိုပြောဆိုခြင်းဟူသမျှကို သူယုတ်မာတို့ သဘောဟူ၍ ပညာရှိတို့ ဆိုကြကုန်၏။ (၃)

၇၈၀။ လောက၌ အကြင်ရဟန်းသည် ကိလေသာ ငြိမ်းအေးသူ ကိလေသာ ငြိမ်းအေးသော စိတ်ရှိသူဖြစ်လျက် ငါသည် သီလတို့၌ တည်သူဟု မကြွားဝါး မပြောဆို၊ အကြင် ရဟန်းအား သံသရာပွါးစီးကြောင်း ကိလေသာတို့ အနည်းငယ်မျှ မရှိကုန်၊ ထိုသို့ သဘော ရှိသော ပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းသဘောဟူ၍ ပညာရှိတို့ ဆိုကြကုန်၏။ (၄)

၇၈၁။ အကြင်ပုဂ္ဂိုလ်အား အမျိုးမျိုးကြံစည်လျက် ပြုစီရင်အပ်ကုန်သော (မိစ္ဆာဒိဋ္ဌိ လျှင်)ရှေ့သွားရှိသဖြင့် မဖြူစင်ကုန်သော(မိစ္ဆာ)တရားတို့သည် ရှိကုန်၏၊ ထိုသူသည် မိမိ၌ တွေ့မြင်ရသော အကျိုးအာနိသင်နှင့် အယူပျက်စီးမှု 'ကုပ္ပ' အကြောင်းကိုစွဲ၍ ဖြစ်သော 'ပဋိစ္စ' သမုတ်အပ်သော 'သန္တိ'ဟု ခေါ်ဆိုရသော မိစ္ဆာအယူကို မှီ၏။ (၅)

၇၈၂။ ဒိဋ္ဌိအယူရှိသူတို့သည် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတရားတို့၌ စွဲမြဲယူဆအပ်သော ဒိဋ္ဌိအယူကို ဆုံးဖြတ်ပြီးသောကြောင့် မှားသောနှလုံးသွင်းယူဆမှုတို့ကို မလွန်မြောက်နိုင် ကုန်၊ ထို့ကြောင့် သတ္တဝါသည် ထိုဒိဋ္ဌိအယူကို နှလုံးသွင်း ယူဆခြင်းတို့၌ ဒိဋ္ဌိတရားကို စွန့်လည်းစွန့်၏ ယူလည်းယူ၏။ (၆)

၇၈၃။ တစုံတခုသော လောက၌ မိစ္ဆာဒိဋ္ဌိအယူအားလုံးကို ခါတွက် ပစ်လွင့်သော ရဟန္တာပုဂ္ဂိုလ်အား ဘဝကြီးငယ်တို့၌ အမျိုးမျိုး ကြံစည်အပ်သော မိစ္ဆာအယူသည် မရှိ၊ တဏှာဒိဋ္ဌိကို မမှီသော ထိုမိစ္ဆာအယူအားလုံးကို ခါတွက်ပစ်လွင့်ပြီးသော ရဟန္တာပုဂ္ဂိုလ် သည် လှည့်ပတ်မှု 'မာယာ'ကိုငှင်း ထောင်လွှားမှု 'မာန'ကိုငှင်း ပယ်စွန့်ပြီး၍ အဘယ် လားရာ'ဂတိ'ဖြင့် သွားရာအံ့နည်း။ (၇)

၇၈၄။ အကြောင်းသော်ကား တဏှာဒိဋ္ဌိကို မှီသူသည် ရာဂကြီးသူ ဒေါသကြီးသူ ဟူသော သဘောတရားတို့၌ ပြောဆိုစွပ်စွဲခံရ၏၊ တဏှာဒိဋ္ဌိကို မမှီသော ရဟန္တာပုဂ္ဂိုလ်ကို အဘယ်မည်သောရာဂ ဒေါသတရားဖြင့် အဘယ်သို့ ဆိုနိုင်ရာအံ့နည်း၊ မှန်၏-ထိုရဟန္တာ ပုဂ္ဂိုလ်အား အတ္တဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ဤအတ္တဘော၌ပင် ဒိဋ္ဌိအယူ အားလုံးကို ခါတွက်ပစ်လွင့်ပြီးပြီ။ (၈)

သုံးခုမြောက် ဒုဋ္ဌဋ္ဌကသုတ် ပြီး၏။

---

## ၄-သုဒ္ဓဋ္ဌကသုတ်

၇၈၅။ မြတ်သော အနာရောဂါမရှိသော စင်ကြယ်သော အဆင်းကို ငါမြင်ရ၏၊ အဆင်း ကို မြင်ရုံမျှဖြင့် သတ္တဝါအား ကောင်းစွာ စင်ကြယ်၏ဟု သိမြင်သူသည် (ထိုအမြင်ကို) မှန်မြတ်၏ဟု သိ၍ စင်ကြယ်မှုကို အဖန်တလဲလဲရှုလျက် (ထိုအမြင်ကို) မဂ်ဉာဏ်ဟူ၍ ယုံကြည်နေ၏။ (၁)

http://www.dhammadownload.com



၇၉၆။ မြင်ရုံမျှဖြင့် သတ္တဝါအား စင်ကြယ်နိုင်ခဲ့မူ အဆင်းကို သိရုံမျှဖြင့် ဆင်းရဲကို စွန့်လွှတ်နိုင်ခဲ့မူ ကိလေသာဥပဓိနှင့်တကွသာဖြစ်သော ထိုသူသည် အရိယမဂ်မှ တပါးသော လမ်းစဉ်ဖြင့် စင်ကြယ်နိုင်၏ဟု ဆိုရာသို့ရောက်၏၊ ထိုသို့ပြောဆိုသူကို မိစ္ဆာဒိဋ္ဌိဟု ပြောဆိုရ၏။ (၂)

၇၉၇။ ဤလောက၌ ရဟန္တာဗြာဟ္မဏသည် (အရိယမဂ်မှ)တပါးသော မိစ္ဆာဉာဏ်ဖြင့် မြင်ရသောရူပါရုံ ကြားရသောသဒ္ဒါရုံ ရောက်ရသောဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ၌၎င်း မလွန်ကျူးမှု 'သီလ' နွားခွေး စသည်တို့၏ အကျင့်'ဝတ'၌၎င်း စင်ကြယ်၏ဟူ၍မဆို၊ ကုသိုလ် အကုသိုလ်၌လည်း မကပ်ငြိ မလိမ်းကျံ၊ အတ္တဒိဋ္ဌိကိုလည်း စွန့်ပြီးဖြစ်၏၊ (ကုသိုလ် အကုသိုလ်ကိုလည်း) မပြုလုပ်တော့ပေ။ (၃)

၇၉၈။ မျောက်သည် သစ်ခက်တခက်ကို လွှတ်၍ သစ်ခက်တခက်ကို ဆွဲကိုင်ဘိသကဲ့သို့ ဤအတူ တဏှာနောက်သို့ အစဉ်တစိုက် လိုက်ကြသူတို့သည် ငြိကပ်တွယ်တာမှု 'တဏှာ'ကို မလွန်မြောက်နိုင်ကုန်ရကား လက်ဦးဆရာကို စွန့်လွှတ်ပြီးလျှင် နောက်ဆရာကိုမှီကြကုန်လျက် (ထိုထိုဆရာ့အယူဝါဒကို) သင်ယူလည်း သင်ယူကြကုန်၏၊ စွန့်လွှတ်လည်း စွန့်လွှတ်ကြကုန်၏။ (၄)

၇၉၉။ (ကာမ)သညာစသည်၌ ကပ်ငြိတွယ်တာသော သတ္တဝါသည် (နွားခွေးစသည်တို့၏)အကျင့်တိကို ကိုယ်တိုင်ယူ၍ အယုတ်အမြတ်ဖြစ်သော ဆရာတဦးမှ ဆရာတဦးထံသို့ ဆည်းကပ်၏၊ မြတ်သောပညာရှိဖြစ်၍ နိဗ္ဗာန်ကို သိမြင်သူသည် မဂ်ဉာဏ်လေးပါးတို့ဖြင့် သစ္စာလေးပါးတရားကို သိပြီးသောကြောင့် အယုတ်အမြတ်ဖြစ်သော ဆရာတဦးမှ ဆရာတဦးသို့ မဆည်းကပ်တော့ပေ။ (၅)

၈၀၀။ ထိုရဟန္တာပုဂ္ဂိုလ်သည် မြင်သမျှသောရူပါရုံ ကြားသမျှသောသဒ္ဒါရုံ ရောက်သမျှသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော တရားအားလုံးတို့၌ ကိလေသစသော မာရ်စစ်သည်ကို လွှမ်းမိုးဖျက်ဆီးနိုင်၏၊ ဤသို့ စင်ကြယ်သော နိဗ္ဗာန်ကို မြင်ပြီးသည်ဖြစ်၍ တဏှာအမိုးကိုဖွင့်လျက် နေထိုင်လှည့်လည်သော ထိုရဟန္တာပုဂ္ဂိုလ်ကို ဤလောက၌ အဘယ်မည်သော တဏှာဒိဋ္ဌိတို့ဖြင့် အထူးထူး အထွေထွေ ကြံစည်တော့အံ့နည်း။ (၆)

၈၀၁။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် (တဏှာဒိဋ္ဌိအားဖြင့်) မကြံစည်ကြကုန်၊ တဏှာဒိဋ္ဌိကို ရှေ့သွားမပြုကုန်၊ (သဿတစသော မိစ္ဆာအယူကို) စင်စစ် စင်ကြယ်၏ဟူ၍ မဆိုကြကုန်၊ (ရူပါရုံစသည်တို့ကို) စွဲလမ်းချည်နှောင်တတ်သော အထုံးအဖွဲ့ကို (မဂ်ဉာဏ်ဖြင့်) ဖြေချွတ်ပြီး၍ တစုံတခုသော လောက၌ တောင့်တမှုကို မပြုကြတော့ကုန်။ (၇)

၈၀၂။ ကိလေသာ အပိုင်းအခြားတို့ကို လွန်မြောက်ပြီးသော ရဟန္တာဗြာဟ္မဏအား (အမှန်အတိုင်း)သိပြီး မြင်ပြီးဖြစ်သောကြောင့် (တစုံတရာကိုမျှ) စွဲလမ်းမှုမရှိ၊ ကာမရာဂဖြင့်လည်း တပ်မက်မှုမရှိ၊ ရူပရာဂ အရူပရာဂဖြင့်လည်း တပ်မက်မှုမရှိ၊ ဤလောက၌ ဤအရာဝတ္ထုသည် မွန်မြတ်၏ဟုလည်း စွဲလမ်းမှုမရှိ။ (၈)

**လေးခုမြောက် သုဒ္ဓဋ္ဌကသုတ် ပြီး၏။**

http://www.dhammadownload.com



## ၅-ပရမဋ္ဌကသုတ်

၈၀၃။ လောကဝယ် (ဤအယူသည်သာ)မြတ်၏ဟု (မိမိ)မိစ္ဆာအယူတို့၌ စွဲယူနေသော သတ္တဝါအပေါင်းသည် မိမိအမွန်အမြတ်ပြုလုပ်ထားသည့် ဆရာမှ တပါးသော ဆရာအားလုံးတို့ကို ယုတ်ညံ့သူတို့ဟု ပြောဆို၏၊ ထို့ကြောင့် ထိုပြောဆိုသူသည် ငြင်းခုံခြင်းတို့ကို မလွန်မြောက်နိုင်။ (၁)

၈၀၄။ အကြင်သူသည် မြင်ရသော ရူပါရုံ ကြားရသော သဒ္ဒါရုံ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ၌၎င်း မလွန်ကျူးမှု'သီလ' နွား ခွေးစသည်တို့၏ အကျင့်'ဝတ'၌၎င်း မိမိ၌ အကျိုးအာနိသင်ကို မြင်၏၊ ထိုသူသည် ထိုအယူ၌ ထိုအကျိုးအာနိသင်ကိုသာလျှင် စွဲယူပြီး၍ အခြားဆရာအားလုံးကို ယုတ်ညံ့သောအားဖြင့် မြင်၏။ (၂)

၈၀၅။ မိမိဆရာစသည်ကို အမှီပြုလျက် အခြားသော ဆရာစသည်ကို ယုတ်ညံ့သူဟု ရှုမြင်ခြင်းကိုလည်း ချည်နှောင်တတ်သော 'ဂန္ထ'တရားဟူ၍ ပညာရှိတို့ ဆိုကြကုန်၏၊ ထို့ကြောင့်ပင် ရဟန်းသည် မြင်ရသော ရူပါရုံ ကြားရသောသဒ္ဒါရုံ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံကို၎င်း မလွန်ကျူးမှု'သီလ' နွား ခွေး စသည်တို့၏အကျင့်'ဝတ'ကို၎င်း မမှီခိုရာ။ (၃)

၈၀၆။ လောက၌ ဉာဏ်ဖြင့်၎င်း မလွန်ကျူးမှု'သီလ' နွား ခွေး စသည်တို့၏ အကျင့် 'ဝတ'ဖြင့်၎င်း မိစ္ဆာအယူကိုလည်း မဖြစ်စေရာ၊ မိမိကိုယ်ကို သူတပါးနှင့် တူသူဟူ၍လည်း မနှိုင်းရှည့်ရာ၊ယုတ်ညံ့သူ ဟူ၍၎င်း ထူးမြတ်လွန်ကဲသူ ဟူ၍၎င်း မအောက်မေ့ရာ။ (၄)

၈၀၇။ ထိုသူသည် အတ္တဒိဋ္ဌိကို ပယ်စွန့်၍ မစွဲလမ်းတော့ပဲ ဆိုအပ်ခဲ့ပြီးသော ဉာဏ်၌ သော်လည်း တဏှာဒိဋ္ဌိဟူသော မှီရာကို မပြု၊ အယူဝါဒကွဲပြားသူတို့၌ ကွဲပြားသောအစု အဖွဲ့နောက်သို့ မလိုက်မူ၍ မိစ္ဆာအယူတစုံတရာကိုမျှလည်း မယုံကြည်တော့ပေ။ (၅)

၈၀၈။ ဤလောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်အား ဤဘဝ မိမိအတ္တဘော၌၎င်း တမလွန်ဘဝ အခြားသောအတ္တဘော၌၎င်း နှစ်ပါးသော အဘို့အစု၌ အဖန်တလဲလဲ ဖြစ်ရန်တောင့်တမှု တဏှာမရှိ၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတရားတို့၌ စွဲမြဲယူဆအပ်သော ဒိဋ္ဌိအယူကို ဖြတ်တောက်ပြီး ဖြစ်သောကြောင့် ထိုရဟန္တာပုဂ္ဂိုလ်အား (အမှား)နှလုံးသွင်းမှု တစုံတရာမျှ မရှိတော့ကုန်။ (၆)

၈၀၉။ ဤလောက၌ ထိုရဟန္တာပုဂ္ဂိုလ်အား မြင်ရသော ရူပါရုံ၌၎င်း ကြားရသောသဒ္ဒါရုံ၌၎င်း ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ၌၎င်း ကြံဆအပ်သော သညာကြောင့်ဖြစ်သော မိစ္ဆာအယူ အနည်းမျှမရှိ၊ မိစ္ဆာအယူကို မယူသော ထိုရဟန္တာပုဂ္ဂိုလ်ကို ဤလောက၌ အဘယ်မည်သော တဏှာဒိဋ္ဌိဖြင့် တစုံတယောက်သောသူသည် ဖျက်ဆီးနိုင်ရာအံ့နည်း။ (၇)

၈၁၀။ ထိုရဟန္တာတို့သည် တဏှာဒိဋ္ဌိဖြင့် မကြံစည်ကြကုန်၊ တဏှာဒိဋ္ဌိတို့ ရှေ့သွားမပြုကြကုန်၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတရားတို့ကို လက်မခံကြကုန်၊ ရဟန္တာပုဂ္ဂိုလ်ကို မလွန်

http://www.dhammadownload.com



ကျူးမှု 'သီလ' နွား ခွေး စသည်တို့၏ အကျင့်'ဝတ'သည် မဆွဲဆောင်နိုင်၊ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်ပြီးသည်ဖြစ်၍ သံသရာတည်းဟူသော ဤမှာဖက်ကမ်းသို့ ပြန်မလာတော့ပြီ။ (၈)

ငါးခုမြောက် ပရမဋ္ဌကသုတ် ပြီး၏။

---

## ၆ ဇရာသုတ်

၈၁၁။ (လူတို့၏) ဤအသက်သည် နည်းငယ်တိုတောင်းလှလေစွ၊ အနှစ်တရာအတွင်း၌ သော်လည်း သေတတ်၏၊အနှစ်တရာကို လွန်၍ အသက်ရှင်စေကာမူ အိုမင်းရင့်ရော်၍သော် လည်း သေတတ်၏။ (၁)

၈၁၂။ လူတို့သည် မြတ်နိုးဖွယ် ဝတ္ထုကြောင့် စိုးရိမ်ပူဆွေးကြရကုန်၏၊မှန်၏- အမြဲထာဝရ သိမ်းဆည်းထားနိုင်သော ပစ္စည်းဝတ္ထုတို့မည်သည် မရှိကြကုန်၊ ဤသို့အမြဲထာဝရသိမ်း ဆည်းမထားနိုင်ခြင်းသည် (လောက၌) ထင်ရှားဖြစ်ပေါ်နေသော ကွေကွင်းပျက်စီးခြင်း ပင်တည်းဟု မြင်၍ အိမ်ရာတည်ထောင် လူတို့ဘောင်၌ မနေရာ။ (၂)

၈၁၃။ ယောကျ်ားသည် အကြင်မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ဤဥစ္စာကား ငါ့ဥစ္စာတည်း ဟု မှတ်ထင်၏၊ ထိုဥစ္စာရှင် ယောကျ်ားသေသောအခါ ထိုမြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပယ်စွန့်သွားရ၏၊ (ရတနာသုံးပါးကို)မြတ်နိုးသော ပညာရှိသည် ဤအကြောင်းကိုလည်း သိ၍ ငါ့ဟာဟု စွဲလမ်းအပ်သော ဝတ္ထု၌ မညွတ်ကိုင်းရာ။ (၃)

၈၁၄။ ယောကျ်ားသည် အိပ်မက်ထဲ၌ တွေ့ဆုံကြုံကြိုက်သောသူကို နိုးသောအခါ မတွေ့ မြင်ရတော့သကဲ့သို့ ဤအတူပင် ချစ်မြတ်နိုးအပ်သော တမလွန်ဘဝသို့ ပြောင်းသွားကွယ် လွန် လေပြီးသောသူကို မတွေ့မြင်ရတော့ပေ။ (၄)

၈၁၅။ အကြင်သူတို့၏ ဦးဖြူဦးမည်းစသော ဤအမည်ကို ခေါ်ဝေါ်ပြောဆိုရာ၏၊ ထိုသူ တို့ကို မြင်လည်း မြင်ရ ကြားလည်းကြားရကုန်၏၊ထိုသတ္တဝါကွယ်လွန်သည်ရှိသော် မှည့်ခေါ် ထားသော ဦးဖြူဦးမည်းစသော အမည်မျှသာ ကြွင်းကျန်ရစ်တော့၏။ (၅)

၈၁၆။ မြတ်နိုးဖွယ် ဝတ္ထု၌ မက်မောတွယ်တာသူတို့သည် စိုးရိမ်ပူဆွေး ငိုကြွေးမှု ဝန်တိုမှု ကို မစွန့်လွှတ်နိုင်ကြကုန်၊ ထို့ကြောင့် ဘေးမရှိရာ(နိဗ္ဗာန်)ကို မြင်ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် သိမ်းဆည်းမှုကို စွန့်လွှတ်၍ ကျင့်ကြကုန်ပြီ။ (၆)

၈၁၇။ ဆိတ်ငြိမ်သော နေရာသို့ ချဉ်းကပ်လျက် (မြတ်နိုးဖွယ်အာရုံမှ) တွန့်ဆုတ်သော စိတ်ရှိသည်ဖြစ်၍ ကျင့်လေသော ရဟန်း၏ ထိုအကျင့်ကို ညီညွတ်ကောင်းမြတ်သော အကျင့်ဟူ၍ ဆိုကြကုန်၏၊ ယင်းသို့ကျင့်သော ရဟန်းသည် မိမိကိုယ်ကို သုံးဆယ့်တဘုံ၌ မမြင်စေတော့ ပေ။ (၇)

၈၁၈။ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသော ရဟန္တာပုဂ္ဂိုလ်သည် အတွင်းအပ တရားအားလုံးတို့၌ ချစ်ခြင်းကိုလည်း မပြု၊ မုန်းခြင်းကိုလည်း မပြု၊ ကြာဖက်၌ ရေသည် မကပ်ငြိသကဲ့သို့ ထို ရဟန္တာပုဂ္ဂိုလ်၌ ငိုကြွေးမှု ဝန်တိုမှုသည် မကပ်ငြိနိုင်။ (၈)

http://www.dhammadownload.com



၇၁၉။ ကြာဖက်၌ ရေပေါက်သည် မကပ်ငြိသကဲ့သို့ရင်း ပဒုမာကြာပွင့်၌ ရေသည် မကပ်ငြိသကဲ့သို့ရင်း ဤအတူ ရဟန္တာပုဂ္ဂိုလ်သည် မြင်ရသောရူပါရုံ ကြားရသောသဒ္ဒါရုံ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ၌ မကပ်ငြိတော့ပေ။ (၉)

၇၂၀။ ကိလေသာကို ခါတွက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် မြင်ရသော ရူပါရုံ ကြားရသော သဒ္ဒါရုံ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံတို့၌ ထိုတဏှာမာနဒိဋ္ဌိဖြင့် မစွဲလမ်း မမှတ်ထင်၊ တပါးသောအကျင့်ဖြင့် စင်ကြယ်ခြင်းကို အလိုမရှိ၊ ထိုရဟန္တာသည် (ဗာလ ပုထုဇဉ်ကဲ့သို့) တပ်နှစ်သက်တတ်သူလည်းမဟုတ်၊ (ကလျာဏပုထုဇဉ် သေက္ခတို့ကဲ့သို့) တပ်နှစ်သက်ခြင်း ကင်းဆဲလည်းမဟုတ်၊ (တပ်နှစ်သက်ခြင်း ကင်းပြီးသူ ဖြစ်၏)။ (၁၀)

ခြောက်ခုမြောက် ဇရာသုတ် ပြီး၏။

---

## ၇-တိဿမေတ္တေယျသုတ်

၇၂၁။ (မေတ္တေယျအနွယ် ဖြစ်သော အသျှင်တိဿသည် ဤသို့လျှောက်၏)—

မြတ်စွာဘုရား မေထုန်အမှုကို ပြုကျင့်အားထုတ်သူ၏ ဆင်းရဲပင်ပန်းရပုံကို ဟောကြား တော်မူပါ၊ အသျှင်ဘုရား၏ အဆုံးအမတော်ကို ကြားနာရ၍ ကိလေသာကင်းဆိတ်မှု 'ဝိဝေက'တရားတို့ကို (တပည့်တော်တို့) ကျင့်ကြရပါကုန်အံ့။ (၁)

၇၂၂။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မေတ္တေယျ မေထုန်အမှုကို ပြုကျင့်အားထုတ်သူအား ပရိယတ်ပဋိပတ် သာသနာတော် လည်း ပျောက်ပျက်ကွယ်ပ၏၊မှားယွင်းသော အကျင့်ကိုလည်း ကျင့်မိတတ်၏၊ ထိုပုဂ္ဂိုလ်၌ (ဖြစ်သော)ဤအကျင့်သည် အရိယာတို့၏ အကျင့်မဟုတ်။ (၂)

၇၂၃။ အကြင်သူသည် ရှေးအခါက တယောက်တည်း နေထိုင်ပြီးလျှင် မေထုန်အကျင့် ကိုမှီဝဲပြန်၏၊ လောက၌ ထိုသူကို တုန်လှုပ်သော ယာဉ် (စီးသူ) ကဲ့သို့ ပုထုဇဉ်ယုတ် ဟူ၍ ဆိုကြကုန်၏။ (၃)

၇၂၄။ အကြင်လူထွက်သူအား ရှေးရဟန်းဖြစ်သော အခါက အခြံအရံ အကျော်အစော ရှိခဲ့ဘူး၏၊ ထိုအခြံအရံ အကျော်အစောသည် ထိုလူထွက်သူအား ဆုတ်ယုတ်သည်သာတည်း၊ ဤအဖြစ်ကိုလည်းမြင်၍ မေထုန်အကျင့်ကို ပယ်စွန့်နိုင်ရန်(သိက္ခာသုံးပါးကို)ကျင့်ရာ၏။ (၄)

၇၂၅။ (ကာမဂုဏ်စသည်ကို)ကြံစည်မှု သဘောတရားတို့ အနှိပ်စက်ခံရသော ထိုလူထွက် သည် ခိုကိုးရာမဲ့သူကဲ့သို့ ကြံမှိုင်ပူပန်ရ၏၊ ထိုသို့သဘောရှိသော သူသည် အခြားသူတို့၏ ကဲ့ရဲ့ရှုတ်ချသံကို ကြားရသည်ရှိသော် မျက်နှာမသာမယာ ဖြစ်ရ၏။ (၅)

http://www.dhammadownload.com



၇၂၆။ တပါးသော ဝါဒရှိသူတို့ တိုက်တွန်းအပ်သည်ဖြစ်၍ ဒုစရိုက်တို့ကိုလည်း ပြုလုပ်ခဲ့၏၊ မုသားပြောဆိုမှုသို့လည်း သက်ဝင်ခဲ့၏၊ ဤသဘောနှစ်မျိုးသည် ထိုသူ၏ အနှောင်အဖွဲ့ ကြီးပေတည်း။ (၆)

၇၂၇။ တယောက်တည်းကျင့်ရသော ရဟန်းအကျင့်ကို ဆောက်တည်ကျင့်သုံးသည်ဖြစ်၍ ပညာရှိဟု ထင်ရှားကျော်စောခဲ့သူ ဖြစ်ပါလျက် တဖန် မေထုန်အမှုကို ပြုကျင့်အားထုတ်သူသည် တွေဝေနုန့်နှေးသူကဲ့သို့ ပင်ပန်းညစ်နွမ်းရ၏။ (၇)

၇၂၈။ ဤသာသနာတော်၌ပညာရှိရဟန်းသည် ရှေး(ရဟန်းဖြစ်သောအခါ)မှ နောက် (လူထွက်သောအခါ)၌ ဤဆိုခဲ့ပြီးသော အပြစ်ကို သိမြင်၍ တယောက်တည်း ကျင့်ရသော ရဟန်းအကျင့်ကို မြဲမြံစွာ ပြုကျင့်ရာ၏၊ မေထုန်အကျင့်ကို မမှီဝဲရာ။ (၈)

၇၂၉။ ကိလေသာ ကင်းဆိတ်မှု'ဝိဝေက' တရားကိုသာလျှင် ကျင့်ရာ၏၊ ဤအကျင့်သည် (ဘုရားအစရှိသော)အရိယာတို့၏ မြတ်သောအကျင့်ပင်တည်း၊ ထိုအကျင့်ဖြင့် ငါမြတ်၏ ဟူ၍ မထင်မှတ်ရာ၊ ထိုသူသည်သာလျှင် နိဗ္ဗာန်နှင့်နီး၏။ (၉)

၇၃၀။ ဒုစရိုက်ကင်းသည်ဖြစ်၍ ကာမတို့၌ မငဲ့ကွက်ပဲ ကျင့်သော ဩဃလေးဖြာ သံသရာကို ကူးမြောက်ပြီးသော ရဟန္တာအား ကာမတို့၌ တပ်မက်မောသူတို့သည် ကြည်ညိုမြတ်နိုး ကြကုန်၏။ (၁၀)

ခုနစ်ခုမြောက် တိဿမေတ္တေယျသုတ် ပြီး၏။

---

## ၈-ပသူရသုတ်

၇၃၁။ (မိမိ)မှီခိုအားထားရာအယူကိုသာ အကောင်းပြောဆိုတတ်ကြသည့် များစွာသော သူတို့သည် အသီးအခြား မှန်ကန်သည်ဟု ယူဆသော သဿတဒိဋ္ဌိစသည်တို့၌ သက်ဝင်ကုန်သည်ဖြစ်၍ ဤငါ့အယူ၌သာလျှင် စင်ကြယ်မှုရှိ၏ဟု ပြောဆိုကြကုန်၏၊ အခြားသော အယူဝါဒတို့၌ကား စင်ကြယ်မှုရှိ၏ဟု မပြောဆိုကြကုန်။ (၁)

၇၃၂။ ဝါဒပြိုင်လိုကုန်သော ထိုသူတို့သည် ပရိသတ်ဘောင်သို့ သက်ဝင်ကြ၍ အချင်းချင်း တယောက်နှင့်တယောက် လူ့ဗာလဟု ရှုကြည့်ကြကုန်၏၊ အခြားအယူဝါဒကို မှီကုန်သော ချီးမွမ်းခံလိုသော ထိုသူတို့သည် (မိမိကိုယ်ကို မိမိ) ပညာရှိဟု ယူဆကုန်သည်ဖြစ်၍ စကားနိုင် ပြောဆိုကြကုန်၏။ (၂)

၇၃၃။ ဝါဒပြိုင်ဆိုင်ပြောဆိုရန် အားထုတ်သူသည် ပရိသတ်အလယ်၌ ချီးမွမ်းခံလိုသည် ဖြစ်၍ (သူတပါးတို့ဝါဒကို)ဖို့ဖျက်လေ့ရှိ၏၊ သို့ပင်ဖြစ်သော်လည်း (သင့်စကားသည် အနက်အဓိပ္ပါယ်မရှိဟု)အပယ်အဖျက်ခံရသည်ရှိသော် ထိုသူသည် မျက်နှာမသာမယာဖြစ်တတ်၏၊ အပြစ်ရှာလျက် ကဲ့ရဲ့သည်ရှိသော် အမျက်ထွက်တတ်၏။ (၃)

၇၃၄။ ထိုသူ၏ အပယ်ဖျက်ခံရသော ဝါဒကို ရှုံးသောဝါဒဟူ၍ ပြဿနာကို ဆင်ခြင်ဆုံးဖြတ်သူ ပညာရှိတို့က ပြောဆိုကြသောအခါ ဝါဒပြိုင်ပွဲ၌ ရှုံးသူသည် ငိုကြွေးမြည်တမ်းရ၏၊ စိုးရိမ်ပူဆွေးရ၏၊ ငါ့ထက် သာလွန်သွားပြီဟု အဖန်ဖန်ညည်းတွားရလေ၏။ (၄)

http://www.dhammadownload.com



၇၃၅။ ဤဝါဒပြိုင်ဆိုင် ငြင်းခုံမှုတို့သည် ပရိဗိုဇ်ရဟန်းတို့၌ ဖြစ်ကုန်၏၊ ဤဂါဒပြိုင်ပွဲတို့၌ (နိုင်ခဲ့သော)စိတ်ရှင်လန်း ပွင့်လန်း၍ (ရှုံးခဲ့သော)စိတ်ညှိုးနွမ်းပင်ပန်းမှု ဖြစ်၏၊ ဤအကျိုး အပြစ်ကိုမြင်၍ ဝါဒပြိုင်ဆိုင်စကားနိုင် ပြောဆိုမှုကို ရှောင်ကြဉ်ရာ၏၊(ဤဝါဒပြိုင်ဆိုင်ရာ၌) ချီးကျူးခံရမှုကို ရသည်မှတပါး အခြားသော အကျိုးအာနိသင် မရှိသည်သာတည်း။ (၅)

၇၃၆။ ယင်းသို့ပင် အကျိုးအာနိသင်မရှိသော်လည်း ပရိသတ်အလယ်၌ ဝါဒကို ပြောပြ လျက် ထိုအယူ၌ အချီးမွမ်းခံရ၏၊ ထိုသို့ အချီးမွမ်းခံရခြင်းကြောင့် ထိုသူသည် ရှင်လန်း လည်း ရှင်လန်း၏၊ တက်ကြွလည်းတက်ကြွ၏၊ ထိုအချီးမွမ်းခံရမှု အကျိုးကို ရ၍ စိတ်တိုင်း ကျ ဖြစ်ရလေ၏။ (၆)

၇၃၇။ ယင်း တက်ကြွမှုသည် ထိုသူအား ဆင်းရဲပင်ပန်းကြောင်းဖြစ်၏၊ ထိုသူသည် လွန်လွန်ကဲကဲ တက်ကြွသော မာနစကားကို ပြောဆိုတတ်၏၊ ဤအပြစ်ကိုလည်း မြင်၍ မငြင်းခုံရာ၊ အကြောင်းသော်ကား ထိုငြင်းခုံခြင်းဖြင့် စင်ကြယ်၏ဟု ပညာရှိတို့ မဆိုကြသော ကြောင့်တည်း။ (၇)

၇၃၈။ မင်း၏ရိက္ခာဖြင့် အသက်မွေးသူ သူရဲကောင်းသည် ပြိုင်ဘက်သူရဲကောင်းကို အလို ရှိသည်ဖြစ်၍ ကြုံးဝါးလျက် သွားသကဲ့သို့၊ သူရဲကောင်းပသူရ ထိုသင်သည် ဝါဒပြိုင်ဖက်ရှိရာ အရပ်သို့သာ သွားလေလော့၊ (ငါ့မှာကား)သင်နှင့် ပြိုင်ဆိုင်စစ်ထိုးရန် ကိလေသာဟူသမျှ သည် ဗောဓိပင်ရင်းဝယ် သဗ္ဗညုတဉာဏ်ကို ရရာ ရှေးအခါကပင် မရှိခဲ့ပေ။ (၈)

၇၃၉။ အကြင်သူတို့သည် မိစ္ဆာဒိဋ္ဌိအယူကို ယူကြကုန်လျက် ငြင်းခုံကြကုန်၏၊ ဤ ငါ၏ အယူသည်သာလျှင် မှန်၏ဟူ၍လည်း ပြောဆိုကြကုန်၏၊ (ပသူရ)ထိုမိစ္ဆာအယူရှိသူ တို့ကို သင်ပြောဆိုချေ၊ ဤနေရာ၌ ဝါဒပြိုင်ပွဲ ဖြစ်ခဲ့သော် သင်နှင့် ပြိုင်ဆိုင်စစ်ထိုးမှု ပြုမည့် သူတို့ မရှိကုန်သည်သာတည်း။ (၉)

၇၄၀။ ပသူရ အကြင်ရဟန္တာတို့သည်ကား (ကိလေသာ)စစ်သည် အပေါင်း ဖျက်ဆီးကြ ပြီးလျှင် အယူဝါဒတခုနှင့် အယူဝါဒတခုကို မဆန့်ကျင်စေကုန်မူ၍ သွားလာနေထိုင်ကြကုန်၏၊ ဤလောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား (မဂ်ဖိုလ်နိဗ္ဗာန်မှ) တပါး စွဲလမ်းယူဆမှုမရှိ၊ ထိုရဟန္တာတို့၌ သင်သည် အဘယ်ခြည်သော ဝါဒစစ်ဆိုးမှုကို ရနိုင်ပါမည်နည်း။ (၁၁)

၇၄၁။ သို့ဖြစ်ပါလျက် သင်သည် (နိုင်ကောင်းနိုင်လိမ့်မည်လောဟု) ကြံစည်တွေးတော ကာ လာခဲ့၏၊ သင်သည် စိတ်ဖြင့် ဒိဋ္ဌိအယူတို့ကို ကြံစည်ယူဆလျက် ကိလေသာကို ခါတွက် ပြီးသော ဘုရားရှင်နှင့် ဝါဒယှဉ်ပြိုင်ရန် ရောက်လာဘိ၏၊ ယင်းသို့ ယှဉ်ပြိုင်ရန် ရောက်လာ သော်လည်း သင်သည် ယှဉ်ပြိုင်ရန် စွမ်းနိုင်လိမ့်မည်မဟုတ်။ (၁၁)

ရှစ်ခုမြောက် ပသူရသုတ် ပြီး၏။

---

## ၉-မာဂဏ္ဍိယသုတ်

၇၄၂။ တဏှာ အရတိ ရဂါ ဟူသော (မာရ်မင်းသမီးသုံးယောက်ကို)မြင်ရ၍သော်လည်း မေထုန်အမှု၌ လိုလားတပ်မက်မှု 'ဆန္ဒ'မဖြစ်ခဲ့ပေ၊ ကျင်ငယ် ကျင်ကြီးတို့ဖြင့် ပြည့်သော

http://www.dhammadownload.com



ဤ(သူငယ်မ)ရုပ်အဆင်းကို (မြင်ရ၍) အဘယ်မှာ လိုလားတပ်မက်မှု ဖြစ်မည်နည်း၊ ထို သင့်သမီး မာဂဏ္ဍီကို ခြေဖြင့်ထိရုံမျှပင် ငါအလိုမရှိ။ (၁)

၈၄၃။ မင်းပေါင်းမျှားစွာတို့ လိုလားတောင့်တအပ်သော ဤမျှ လှပတင့်တယ်သည့် သတို့သမီးရတနာကို အကယ်၍ အလိုမရှိခဲ့ပါမူ အသျှင်၏အယူဝါဒ သီလအကျင့် အသက် မွေးမှုနှင့် ဘဝဖြစ်စဉ်ကို အဘယ်သို့ သဘောရှိသည်ဟု ပြောပြပါလော့။ (၂)

၈၄၄။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မာဂဏ္ဍီယ ထိုငါဘုရားအား (ခြောက်ဆယ့်နှစ်ပါး)ဒိဋ္ဌိတရားတို့၌ ဆုံးဖြတ်၍ (ဤငါ၏ အယူသာ မှန်၏၊ အခြားသူတို့အယူကား အချည်းနှီးသာတည်းဟု)ဤစကားကို ဆိုမည်ဟု စွဲမြဲယူဆမှု မရှိပေ၊ (ခြောက်ဆယ့်နှစ်ပါးသော) ဒိဋ္ဌိအယူတို့၌ အပြစ်ကို မြင်သည်ဖြစ်၍ (တစုံတခုသော ဒိဋ္ဌိအယူကိုမျှ)မယူပဲ (သစ္စာလေးပါးတို့ကို)ရွေးချယ်စိစစ်လျက် အဇ္ဈတ္တ၌ ဖြစ်သော ကိလေသာတို့ ငြိမ်းရာ နိဗ္ဗာန်ကို မြင်ပြီ။ (၃)

၈၄၅။ (မာဂဏ္ဍီယပုဏ္ဏားက ဤသို့ လျှောက်၏)--

ရဟန်းမြတ် ဆုံးဖြတ်ယူဆမှုဒိဋ္ဌိ ကြံစည်ယူဆမှု မိစ္ဆာအယူတို့ကို မယူပဲ အဇ္ဈတ္တသန္တာန်၌ (ကိလေသာ)ငြိမ်းရာ နိဗ္ဗာန်ဟူသော အနက်အဓိပ္ပါယ်ကို အသျှင်ပြောပြခဲ့ပါ၏၊ ထိုနိဗ္ဗာန်ကို အဘယ်သို့လျှင် ပညာရှိတို့ ပြောဆိုကြပါသနည်း။ (၄)

၈၄၆။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မာဂဏ္ဍီယ မိစ္ဆာဒိဋ္ဌိအယူဖြင့်ရင်း ကြားရသော ဗေဒင်ယတြာအားဖြင့်ရင်း လောကီ သမာပတ်ဉာဏ်ဖြင့်ရင်း မလွန်ကျူးမှု 'သီလ' နွား ခွေး စသည်တို့၏ အကျင့် 'ဝတ'ဖြင့်ရင်း စင်ကြယ်၏ဟူ၍ ငါမဆို၊ သမ္မာဒိဋ္ဌိအယူမှ ကင်းသဖြင့်ရင်း မင်္ဂဖိုလ်ရကြောင်း တရားကို နာကြားရခြင်းမှ ကင်းသဖြင့်ရင်း ကမ္မဿကတာဉာဏ် သစ္စာနုလောမိကဉာဏ်မှ ကင်းသဖြင့် ရင်း ပါတိမောက္ခသံဝရသီလမှ ကင်းသဖြင့်ရင်း ဓုတင်အကျင့်မှ ကင်းသဖြင့်ရင်း ထိုတမျိုးမျိုး မျှဖြင့်လည်း စင်ကြယ်၏ဟု ငါမဆို၊ သူတော်ကောင်းသည် ဤ(မိစ္ဆာဒိဋ္ဌိစသော ကဏှပက္ခ တရားငါးမျိုး)တို့ကို စွန့်လွှတ်၍ရင်း ဤ(သမ္မာဒိဋ္ဌိစသော သုက္ကပက္ခတရားငါးမျိုး)တို့ကို (ပြောဆိုတိုင်း ကျင့်ကြံခြင်းဖြင့်)ယူ၍ရင်း (တဏှာဒိဋ္ဌိတို့ကို)မမှီမူ၍ရင်း ဘဝကို မတောင့် တတော့ပေ။ (၅)

၈၄၇။ (မာဂဏ္ဍီယသည် ဤသို့ လျှောက်၏)—

ရဟန်းမြတ် မိစ္ဆာဒိဋ္ဌိအယူဖြင့်ရင်း ကြားရသော ဗေဒင်ယတြာအားဖြင့်ရင်း လောကီ သမာပတ်ဉာဏ်ဖြင့်ရင်း မလွန်ကျူးမှု 'သီလ' နွား ခွေး စသည်တို့၏ အကျင့် 'ဝတ'ဖြင့်ရင်း စင်ကြယ်၏ဟူ၍လည်း အကယ်၍ မဆိုသည်ဖြစ်အံ့၊ သမ္မာဒိဋ္ဌိအယူမှ ကင်းသဖြင့်ရင်း မင်္ဂဖိုလ် ရကြောင်း တရားကို နာကြားရခြင်းမှ ကင်းသဖြင့်ရင်း ကမ္မဿကတာဉာဏ် သစ္စာနုလောမိက ဉာဏ်မှ ကင်းသဖြင့်ရင်း ပါတိမောက္ခသံဝရသီလမှ ကင်းသဖြင့်ရင်း ဓုတင်အကျင့်မှ ကင်းသဖြင့်ရင်း ထိုတမျိုးမျိုးမျှဖြင့်လည်း စင်ကြယ်၏ဟူ၍လည်း အကယ်၍ မဆိုသည်ဖြစ်အံ့

http://www.dhammadownload.com



ဤသို့ မဆိုခဲ့ပါလျှင် ဤတရားကို မဝေခွဲနိုင်အောင် အလွန်တွေဝေဖွယ်တရားဟု အကျွန်ုပ် မှတ်ထင်ပါ၏၊ အချို့သော (သမဏဗြာဟ္မဏ)တို့သည်ကား မိစ္ဆာဒိဋ္ဌိအယူဖြင့် စင်ကြယ်၏ ဟူ၍ ယုံကြည်နေကြပါကုန်၏။ (၆)

၈၄၈။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မာဂဏ္ဍိယ သင်သည် မိစ္ဆာဒိဋ္ဌိအယူကို မှီလျက်သာလျှင် အဖန်တလဲလဲ မေးသည်ဖြစ်၍ စွဲစွဲမြဲမြဲယူထားသော အယူတို့ကြောင့် မဝေခွဲနိုင်အောင် အလွန်တွေဝေခြင်းသို့ ရောက်၏၊ ဤငါဟောအပ်သောတရားဒေသနာမှ နှလုံးသွင်းမှုအမှတ်သညာကို အနည်းငယ်မျှသော် လည်းမမြင်၊ ထို့ကြောင့် သင်သည် မဝေခွဲနိုင်အောင် အလွန်တွေဝေသောအားဖြင့် ဤတရား ကို ရှုကြည့်ဘိ၏။ (၇)

၈၄၉။ မာဂဏ္ဍိယ တူမျှသူဟူ၍ငင်း ထူးချွန်လွန်ကဲသူဟူ၍ငင်း ယုတ်ညံ့သူ ဟူ၍ငင်း မှတ်ထင်သူသည် ထိုသို့ မှတ်ထင်ခြင်းကြောင့် ငြင်းခုံရာ၏၊ မာနသုံးမျိုးတို့ကြောင့် မတုန်လှုပ် သောသူအား တူမျှသူ ဟူ၍ငင်း ထူးချွန်လွန်ကဲသူ ဟူ၍ငင်း ယုတ်ညံ့သူဟူ၍ငင်း မှတ်ထင်မှု မဖြစ်နိုင်။ (၈)

၈၅၀။ ထိုရဟန္တာသည် (ငါ့အယူသာ)မှန်၏ဟူ၍ အဘယ်မှာလျှင် ပြောဆိုရာအံ့နည်း၊ (အခြားသူတို့ အယူသည်)မှားယွင်း၏ဟူ၍ အဘယ်မည်သော သူနှင့် ငြင်းခုံရာအံ့နည်း၊ အကြင်ရဟန္တာ၌ တူ၏ဟူသော ‘သဒိသမာန’သည်ငင်း မတူဟူသော ‘သေ့ဋ္ဌမာန ဟီနမာန’ သည်ငင်း မရှိတော့ပေ၊ ထိုရဟန္တာသည် အဘယ်မည်သောသူနှင့် ဝါဒယှဉ်ပြိုင်ပါတော့ မည်နည်း။ (၉)

၈၅၁။ မြင်ခိုက်စသည်၌ ဝိညာဏ်၏ တည်ရာကို ပယ်စွန့်၍ မြင်ပြီး ရှုပါရုံစသော တည်ရာ အိမ်ဘိုကိုမအောက်မေ့သူ ရွာ၌ လူတို့နှင့်ပေါင်းသင်းဆက်ဆံမှုမပြုသူ ကာမဂုဏ်တို့မှ ကင်းဆိတ်သူ နောင်အတ္တဘောကို မဖြစ်စေသူ ရဟန္တာသည် လူအများနှင့် ဆန့်ကျင်ဘက် စကားကို မပြောဆိုတော့ပေ။ (၁၀)

၈၅၂။ လောက၌ ရဟန္တာပုဂ္ဂိုလ်သည် အကြင်မိစ္ဆာဒိဋ္ဌိစသော အယူတို့မှ ကင်းဆိတ် သည်ဖြစ်၍ ကျင့်၏၊ ထိုအယူတို့ကိုလည်း ယူ၍ မပြောဆို၊ ရေ၌ ပေါက်သော အဆူးရှိသော ပဒုမာကြာသည် ရေဖြင့်ငင်း ညွန်ဖြင့်ငင်း မလိမ်းကျံ မကပ်ငြိဘိသကဲ့သို့ ဤအတူ အဇ္ဈတ္တ သန္တာန်၌ (ကိလေသာ) ငြိမ်းအေးရာ နိဗ္ဗာန်ကို ပြောဆိုသော ရဟန္တာသည် ကာမ၌ငင်း လောက၌ငင်း မတပ်မက် မလိမ်းကျံ မကပ်ငြိတော့ပေ။ (၁၁)

၈၅၃။ ရဟန္တာသည် မိစ္ဆာဒိဋ္ဌိအယူသို့ ရောက်သူမဟုတ်၊ အတွေ့အကြုံဉာဏ်ပညာကြောင့် ထောင်လွှားမှု‘မာန’သို့ ရောက်သူမဟုတ်၊ တဏှာဒိဋ္ဌိဖြင့် ပြုမူသူမဟုတ်၊ ကံဖြင့် ဆောင်အပ် သူလည်းမဟုတ်၊ အကြားအမြင်ဖြင့် ဆောင်အပ်သူလည်းမဟုတ်၊ တဏှာဒိဋ္ဌိဟူသော တည်ရာ အိမ်တို့သို့ ဆွဲဆောင်အပ်သူလည်းမဟုတ်။ (၁၂)

၈၅၄။ ကာမသညာစသည်၌ တပ်ခြင်းကင်းသောသူအား ထုံးဖွဲ့မှု ‘ဂန္ထ’တို့ မရှိကုန်၊ ပညာဖြင့် (ကိလေသာတို့မှ) လွတ်မြောက်ပြီးသောသူအား တွေဝေမှု‘မောဟ’တို့ မရှိကုန်၊

http://www.dhammadownload.com



အကြင်သူတို့သည် ကာမစသော သညာကိုရင်း မိစ္ဆာအယူ 'ဒိဋ္ဌိ'ကိုရင်း စွဲယူကုန်၏၊ ထိုသူတို့သည် လောက၌ အချင်းချင်း ထိပါးပုတ်ခတ်ကြကုန်လျက် သွားလာနေကုန်၏။ (၁၃)

ကိုးခုမြောက် မာဂဏ္ဍိယသုတ် ပြီး၏။

---

## ၁၀-ပုရာဘေဒသုတ်

၈၅၅။ အဘယ်သို့သော ဉာဏ်အမြင်ရှိသူနှင့် အဘယ်သို့သော သီလရှိသူကို(ကိလေသာတို့မှ) ငြိမ်းပြီးသောသူဟူ၍ ဆိုအပ်ပါသနည်း၊ ဂေါတမနွယ်ဖွား မြတ်စွာဘုရား မေးအပ်သော အသျှင်ဘုရားသည် ထိုသို့သဘောရှိသော မြတ်သောသူကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (၁)

၈၅၆။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

အကြင်ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာမပျက်စီးမီ တပ်မက်မှု 'တဏှာ'ကင်းပြီးသူ ဖြစ်၏၊ (တဏှာဒိဋ္ဌိဟူသော)ရှေးအတိတ်အဘို့အစုကို မမှီသူ ဖြစ်၏၊ အလယ် (ပစ္စုပ္ပန်) ကာလ၌ တပ်မက်သူ စသည်ဖြင့် ရေတွက်အပ်သူမဟုတ်၊ ထိုရဟန္တာပုဂ္ဂိုလ်အား အနာဂတ်ကာလ၌ (တဏှာဒိဋ္ဌိဟူသော)ရှေ့သွားမရှိ (ထိုပုဂ္ဂိုလ်ကို ငြိမ်းပြီးသော သူဟူ၍ ငါဆို၏)။ (၂)

၈၅၇။ (အကြင်ပုဂ္ဂိုလ်သည်) အမျက်ဒေါသမရှိသူ ထိတ်လန့်ခြင်းမရှိသူ သီလစသည်ဖြင့် မကြွားဝါးသူ ကုက္ကုစ္စမရှိသူ အမြော်အမြင် ပညာဖြင့်ပြောဆိုတတ်သူ ပျံ့လွင့်ခြင်းမရှိသူ နှုတ်စောင့်စည်းသူ သိတတ်သောဉာဏ်ရှိသူ ဖြစ်၏၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ငါဆို၏)။ (၃)

၈၅၈။ (အကြင်ပုဂ္ဂိုလ်သည်)အနာဂတ်ကာလ၌ ကပ်ငြိမှု 'တဏှာ'ကင်း၏၊ အတိတ်ကို ပြန်၍ မစိုးရိမ်၊ ပစ္စုပ္ပန် စက္ခုသမ္ဖဿစသည်တို့၌ အတ္တစသည်မှ ကင်းဆိတ်သည်ကို ရှုမြင်၏၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့၏ အဆောင်ယူမခံရ၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ငါဆို၏)။ (၄)

၈၅၉။ (အကြင်ပုဂ္ဂိုလ်သည်)ရာဂစသည်တို့မှ ကင်း၏၊ အံ့ဩဖွယ်ကို မပြုတတ်၊ တပ်မက်မှု 'တဏှာ'မရှိ၊ ဝန်တိုမှုကင်း၏၊ ကိုယ်အမူအရာ စသည် ကြမ်းတမ်းမှု ကင်း၏၊စက်ဆုပ်ဖွယ်ပုဂ္ဂိုလ်မဟုတ်၊ ချောပစ်ကုံးတိုက်မှု၌လည်း မယှဉ်၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏)။ (၅)

၈၆၀။ (အကြင်ပုဂ္ဂိုလ်သည်)သာယာဖွယ် ကာမဂုဏ်တို့၌ သာယာမှုမရှိ၊ အလွန်ထောင်လွှားမှု 'မာန'၌လည်း မယှဉ်၊ ကာယကံစသည်တို့ဖြင့် နူးညံ့သိမ်မွေ့၏၊ပဋိဘာန်(ပညာဉာဏ်)လည်း ရှိ၏၊ သာသနာတော်မှတပါး အခြားအယူကို မယုံကြည်၊ တပ်ခြင်းကင်းပြီးဖြစ်၏၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသော သူဟူ၍ ငါဆို၏)။ (၆)

၈၆၁။ (အကြင်ပုဂ္ဂိုလ်သည်) လာဘ်ကို လိုသဖြင့် ပရိယတ်ကို မသင်ယူ၊ လာဘ်မရခြင်းကြောင့်လည်း အမျက်မထွက်၊ ဆန့်ကျင်မှု မရှိသည်ဖြစ်၍ 'တဏှာ'ဖြင့် ရသာရုံကိုလည်း ပမက်မော၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ငါဆို၏)။ (၇)

http://www.dhammadownload.com



၈၆၂။ လောက၌ အကြင်ပုဂ္ဂိုလ်သည် လျစ်လျူရှုမှု ‘ဥပေက္ခာ’နှင့် ပြည့်စုံ၏၊ အခါခပ်သိမ်း အမှတ်ရမှု ‘သတိ’ရှိ၏၊ သူနှင့်တူသူဟု (သဒိသမာန်ဖြင့်)မမှတ်ထင်၊သူ့ထက်ထူးမြတ်သူဟု (ပဏီတမာန်ဖြင့်) မမှတ်ထင်၊ သူ့အောက်ယုတ်သူဟု (ဟီနမာန်ဖြင့်) မမှတ်ထင်၊ ထိုရဟန္တာပုဂ္ဂိုလ်အား ရာဂစသော ပွါးစီးခြင်းတို့သည် မရှိကုန်၊(ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ငါဆို၏)။ (၈)

၈၆၃။ အကြင်ရဟန္တာပုဂ္ဂိုလ်အား (တဏှာဒိဋ္ဌိဟူသော) မှီရာတို့သည် မရှိကုန်၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် တရားကိုသိ၍ (တဏှာဒိဋ္ဌိတို့ဖြင့်)မမှီ၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား သဿတဒိဋ္ဌိဖြစ်ခြင်းငှါရင်း ဥစ္ဆေဒဒိဋ္ဌိဖြစ်ခြင်းငှါရင်း တပ်မက်မှု ‘တဏှာ’မရှိ၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသော သူဟူ၍ ငါဆို၏)။ (၉)

၈၆၄။ ထိုရဟန္တာပုဂ္ဂိုလ်အား အထုံးအဖွဲ့ ‘ဂန္ထ’တရားလေးပါးတို့ မရှိကုန်၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ကပ်ငြိတတ်သော တဏှာကို လွန်မြောက်၏၊ဝတ္ထုကာမ ကိလေသာကာမတို့၌ ငဲ့ကွက်ခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို (ကိလေသာတို့မှ)ငြိမ်းပြီးသောသူဟူ၍ ငါဆို၏။ (၁၀)

၈၆၅။ ထိုရဟန္တာပုဂ္ဂိုလ်အား သားသမီးတို့သည်ရင်း (ကျွန်ွားစသော)သတ္တဝါတို့သည်ရင်း သလေးစပါးခင်းစသော လယ်သည်ရင်း အိမ်နေရာ စသော မြေယာသည်ရင်း မရှိကုန်၊ ထိုပုဂ္ဂိုလ်၌ အတ္တရှိ၏ဟု ယူသော ‘သဿတဒိဋ္ဌိ’ တို့ကိုရင်း အတ္တပြတ်၏ဟု ယူသော ‘ဥစ္ဆေဒဒိဋ္ဌိ’ တို့ကိုရင်း မရအပ်၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသော သူဟူ၍ ဆိုအပ်၏)။ (၁၁)

၈၆၆။ အကြင်(ရာဂစသော) အပြစ်ဖြင့် ထိုပုဂ္ဂိုလ်ကို ပုထုဇဉ်တို့သည်ရင်း သမဏဗြာဟ္မဏတို့သည်ရင်း (တပ်မက်သူ ပြစ်မှားတတ်သူဟူ၍) ဆိုကုန်ရာ၏၊ထိုရဟန္တာပုဂ္ဂိုလ်သည် ထို(ရာဂစသော) အပြစ်ကို (တဏှာဒိဋ္ဌိဖြင့်) ရှေ့သွားမပြုအပ်၊ ထိုသို့ ရှေ့သွားမပြုသည့်အတွက် စွပ်စွဲကဲ့ရဲ့သော စကားတို့ကြောင့် မတုန်လှုပ်၊(ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ဆိုအပ်၏)။ (၁၂)

၈၆၇။ အကြင်ရဟန္တာပုဂ္ဂိုလ်သည် တပ်မက်မှု ‘တဏှာ’ကင်း၏၊ဝန်တိုမှု ‘မစ္ဆရိယ’ကင်း၏၊ ထူးမြတ်သူတို့ အတွင်း၌ (ငါထူးမြတ်သူဟု) မဆို၊ တူညီသူတို့အတွင်း၌ (ငါတူညီသူဟု) မဆို၊ ယုတ်ညံ့သူတို့အတွင်း၌(ငါယုတ်ညံ့သူဟု)မဆို၊ ကြံစည်မှု ကင်းသည်ဖြစ်၍ တဏှာဒိဋ္ဌိအားဖြင့် နှစ်ပါးသော ကြံစည်ခြင်းသို့မရောက် (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသော သူဟူ၍ ဆိုအပ်၏)။ (၁၃)

၈၆၈။ လောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်အား မိမိ၏ ဥစ္စာဟု (သိမ်းဆည်းမှု)မရှိ၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် ဖောက်ပြန်ပျက်စီးသွားသော ဝတ္ထုကြောင့်လည်း မစိုးရိမ်၊ တရားအားလုံးတို့၌လည်း (ဆန္ဒာဂတိစသည်သို့) မလိုက်၊ ထိုပုဂ္ဂိုလ်ကို (ကိလေသာတို့မှ) ငြိမ်းပြီးသော သူဟူ၍ ဆိုအပ်၏။ (၁၄)

ဆယ်ခုမြောက် ပုရာဘေဒသုတ် ပြီး၏။

http://www.dhammadownload.com



## ၁၁-ကလဟဝိဝါဒသုတ်

၈၆၉။ ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း၊ ဝန်တိုမှုနှင့်တကွ ဖြစ်ကုန်သော ငိုကြွေးမှု စိုးရိမ်မှုတို့သည်၎င်း ချောပစ်ဂုံးတိုက်မှုနှင့်တကွ ဖြစ်ကုန်သော ထောင်လွှားမှု အလွန်ထောင်လွှားမှုတို့သည်၎င်း ထိုတရားတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း၊ တောင်းပန်ပါ၏ ထိုအကြောင်းကို ဟောတော်မူပါလော့။ (၁)

၈၇၀။ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှုတို့သည် ချစ်အပ်သော သတ္တဝါသခင်္ခါရကြောင့် ဖြစ်ပေါ်လာကုန်၏၊ ဝန်တိုမှုနှင့်တကွ ဖြစ်ကုန်သော ငိုကြွေးမှု စိုးရိမ်မှုတို့သည်၎င်း ချောပစ်ဂုံးတိုက်မှုနှင့် တကွဖြစ်ကုန်သော ထောင်လွှားမှု အလွန်ထောင်လွှားမှုတို့သည်၎င်း ချစ်အပ်သော သတ္တဝါသခင်္ခါရကြောင့် ဖြစ်ပေါ်လာကုန်၏၊ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှုတို့သည် ဝန်တိုမှုနှင့် စပ်ယှဉ်ကုန်၏၊ ငြင်းခုံမှုတို့ ဖြစ်ကုန်သည်ရှိသော် ချောပစ်ဂုံးတိုက်မှုတို့ ဖြစ်တတ်ကုန်၏။ (၂)

၈၇၁။ လောက၌ ချစ်အပ်သော ဝတ္ထုတို့သည် အဘယ်လျှင် အကြောင်းရှိပါကုန်သနည်း၊ အကြင်သူတို့သည်လည်း လိုချင်မှု 'လောဘ'ရှိကုန်သည်ဖြစ်၍ လောက၌ သွားလာနေထိုင်ကုန်၏၊ (ထိုသူတို့၏) လိုချင်မှု 'လောဘ'သည်လည်း အဘယ်လျှင်အကြောင်းရှိပါသနည်း၊ အကြင်တောင့်တမှု ပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အား အားထားမှီခိုရန် ဖြစ်ကုန်၏၊ ထိုတောင့်တမှု ပြည့်စုံမှုတို့သည် အဘယ်လျှင်အကြောင်းရှိပါကုန်သနည်း။ (၃)

၈၇၂။ လောက၌ ချစ်အပ်သော ဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင် အကြောင်းရှိကုန်၏၊ အကြင်သူတို့သည် လိုချင်မှု'လောဘ' ရှိကုန်သည်ဖြစ်၍ လောက၌ သွားလာနေထိုင်ကြကုန်၏၊ ထိုသူတို့၏ ထိုလောဘသည်လည်း ကာမစ္ဆန္ဒလျှင် အကြောင်းရှိ၏၊ အကြင်တောင့်တမှု ပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အား အားထားမှီခိုရန်ဖြစ်ကုန်၏၊ ထိုတောင့်တမှု ပြည့်စုံမှုတို့သည်လည်း ဤ(ကာမစ္ဆန္ဒ)လျှင် အကြောင်းရှိကုန်၏။ (၄)

၈၇၃။ လောက၌ ကာမစ္ဆန္ဒသည် အဘယ်လျှင် အကြောင်းရှိသနည်း၊ (တဏှာဒိဋ္ဌိဖြင့်) ဆုံးဖြတ်ခြင်းတို့သည်လည်း အဘယ်ကြောင့် ဖြစ်ကုန်သနည်း၊ အမျက်ထွက်မှု မုသားစကားပြောဆိုမှု သို့လော သို့လောဟု တွေးတောယုံမှားမှုဟူသော အကြင်တရားတို့ကိုလည်း မြတ်စွာဘုရား ဟောအပ်ပါကုန်၏၊ ထိုတရားတို့သည် အဘယ့်ကြောင့် ဖြစ်ကုန်သနည်း။ (၅)

၈၇၄။ လောက၌ အကြင်သဘောတရားကို သာယာဖွယ် သဘောတရား မသာယာဖွယ် သဘောတရားဟူ၍ ဆိုကုန်၏၊ ထိုသာယာဖွယ် မသာယာဖွယ် သဘောတရားကို အမှီပြု၍ ကာမစ္ဆန္ဒဖြစ်၏၊ လောက၌ သတ္တဝါသည် ရုပ်တရားတို့၏ ပျက်ခြင်းကို၎င်း ဖြစ်ခြင်းကို၎င်း မြင်၍ (တဏှာဒိဋ္ဌိဖြင့်)ဆုံးဖြတ်ခြင်းကို ပြု၏။ (၆)

၈၇၅။ အမျက်ထွက်မှု မုသားစကားပြောဆိုမှု သို့လော သို့လော တွေးတောယုံမှားမှုဟူသော ဤသဘောတရားတို့သည်လည်း သာယာဖွယ် မသာယာဖွယ် တရားနှစ်ပါးရှိသော်သာလျှင် ဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် သိတော်မူ၍ တရားတို့ကို ဟောတော်မူရကား

http://www.dhammadownload.com



သို့လော သို့လော တွေးတောယုံမှားမှုရှိသူသည် ဉာဏ်အမြင်ကို ရစိမ့်သောငှါ သိက္ခာသုံးပါးတို့ကို ကျင့်ရာ၏။ (၇)

၈၇၆။ သာယာမှုနှင့် မသာယာမှုသည် အဘယ်လျှင် အကြောင်းရှိပါကုန်သနည်း၊ အဘယ်တရားမရှိလတ်သော် ဤသာယာမှု မသာယာမှုတို့သည် မဖြစ်ပါကုန်သနည်း၊ အကြင်အကြောင်းကြောင့် ပျက်ခြင်း ဖြစ်ခြင်းဟူသော အကြင်သဘောတရားသည် ဖြစ်၏၊ ထိုအကြောင်းကြောင့်ဖြစ်သော ထိုသဘောတရားကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (၈)

၈၇၇။ သာယာမှုနှင့် မသာယာမှုသည် တွေ့ထိမှု 'ဖဿ'လျှင် အကြောင်းရှိ၏၊ တွေ့ထိမှု 'ဖဿ'မရှိလတ်သော် ဤတရားတို့ မဖြစ်ကုန်၊ ပျက်ခြင်း ဖြစ်ခြင်းဟူသော အကြင်သဘောတရားသည်ရှိ၏၊ ထိုသဘောတရားကို တွေ့ထိမှု 'ဖဿ'လျှင် အကြောင်းရှိ၏ဟူ၍ သင့်အား ငါဟော၏။ (၉)

၈၇၈။ လောက၌ တွေ့ထိမှု 'ဖဿ'သည် အဘယ်လျှင်အကြောင်း ရှိသနည်း၊ သိမ်းဆည်းမှုတို့သည်လည်း အဘယ့်ကြောင့် ဖြစ်ကုန်သနည်း၊ အဘယ်တရား မရှိလတ်သော် ငါ့ဟာဟု စွဲလမ်းမှု မရှိပါသနည်း၊ အဘယ်တရားကို လွန်မြောက်သည်ရှိသော် တွေ့ထိမှု'ဖဿ'တို့သည် မတွေ့ထိနိုင်ပါကုန်သနည်း။ (၁၀)

၈၇၉။ နာမ်ကိုရင်း ရုပ်ကိုရင်း စွဲ၍ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ သိမ်းဆည်းမှုတို့သည် တဏှာဟု ဆိုအပ်သောအလို 'ဣစ္ဆာ'လျှင် အကြောင်းရှိကုန်၏၊ တဏှာဟု ဆိုအပ်သော အလို'ဣစ္ဆာ'မရှိလတ်သော် ငါ့ဟာဟု စွဲလမ်းမှု မရှိ၊ရုပ်တရားကို လွန်မြောက်သည်ရှိသော် တွေ့ထိမှု 'ဖဿ'တို့သည် မတွေ့ထိကုန်။ (၁၁)

၈၈၀။ အဘယ်သို့ကျင့်သောသူသည် ရုပ်ကို လွန်မြောက်နိုင်သနည်း၊ အဘယ်သို့သော အကြောင်းဖြင့် ချမ်းသာဆင်းရဲကို လွန်မြောက်နိုင်သနည်း၊ အကြင်အခြင်းအရာအားဖြင့် လွန်မြောက်နိုင်၏၊ ထိုအခြင်းအရာကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့၊ ထိုအကြောင်းကို သိကုန်အံ့ဟု အကျွန်ုပ်၏ စိတ်ဖြစ်ပါ၏။ (၁၂)

၈၈၁။ ပကတိသညာ ရှိသူလည်းမဟုတ်သော ဖောက်ပြန်သောသညာရှိသည့် ရူးသွပ်သူလည်းမဟုတ်သော သညာမရှိသည့် အသညသတ်ဗြဟ္မာနှင့် နိရောဓသမာပတ် ဝင်စားသူလည်းမဟုတ်သော ရူပသညာကို လွန်မြောက်ပြီးသည့် အရူပဈာန်သမာပတ်ကိုရသူလည်းမဟုတ်သော ဤသို့သဘောရှိသည့် အာကာသာနဉ္စာယတနဈာန်ကို ရရန်ကျင့်သူ ရူပစတုတ္ထဈာနလာဘီ ပုဂ္ဂိုလ်သည် ရုပ်ကို လွန်မြောက်နိုင်၏၊ သံသရာချဲ့တတ်သော တဏှာ မာနဒိဋ္ဌိတရားတို့သည် သညာလျှင် အကြောင်းရှိကုန်သည်သာတည်း။ (၁၃)

၈၈၂။ အကြင်ပုစ္ဆာကို အကျွန်ုပ်တို့ မေးခဲ့ပါကုန်၏၊အသျှင်သည် ထိုပုစ္ဆာကို အကျွန်ုပ်တို့အား ဖြေကြားတော်မူခဲ့ပြီ၊ အသျှင်ဘုရားအား အခြားသောပုစ္ဆာကို မေးပါကုန်အံ့၊တောင်းပန်ပါ၏၊ ထိုပုစ္ဆာကို ဖြေကြားတော်မူပါလော့၊ဤလောက၌ ပညာရှိကုန်သော အချို့သောသူတို့သည် ဤမျှ (အရူပသမာပတ်ဟူသော) အတိုင်းအရှည်ဖြင့် သတ္တဝါ၏ မြတ်သော

http://www.dhammadownload.com



စင်ကြယ်မှုကို ဆိုပါကုန်သလော၊ထိုသို့မဟုတ် ဤအရူပသမာပတ်ထက် လွန်သော အခြားသော စင်ကြယ်မှုကိုမူလည်း ဆိုပါကုန်သေးသလော။ (၁၄)

၇၇၃။ ဤလောက၌ ပညာရှိကုန်သော အချို့သောသူတို့သည် ဤမျှ (အရူပသမာပတ်ဟူသော) အတိုင်းအရှည်ဖြင့် သတ္တဝါ၏ မြတ်သော စင်ကြယ်မှုကို ဆိုကုန်၏၊ ထိုသူတို့တွင် အနုပါဒိသေသ[၁]၌ လိမ္မာကျွမ်းကျင်သည်ဟု ပြောဆိုကြသော အချို့သူတို့သည် ဥစ္ဆေဒအယူကို ပြောဆိုကြကုန်၏။ (၁၅)

၇၇၄။ ပညာရှိသော ထိုမြတ်စွာဘုရားသည် ထိုမိစ္ဆာအယူရှိသူတို့ကို (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို) မှီကုန်၏ဟု သိ၍ငင်း(ထိုသူတို့၏) မှီရာ သဿတဒိဋ္ဌိတို့ကို သိ၍ငင်း (တရားတို့ကို အနိစ္စစသည်ဖြင့်) သိ၍ငင်း လွတ်မြောက်တော်မူပြီးသည်ဖြစ်၍ ငြင်းခုံခြင်းသို့ ရောက်တော်မမူ၊ ထိုပညာရှိသော မြတ်စွာဘုရားသည် အဖန်တလဲလဲ ဖြစ်ခြင်းသို့ ရောက်တော်မမူ။ (၁၆)

တဆယ့်တခုမြောက် ကလဟဝိဝါဒသုတ် ပြီး၏။

## ၁၂-စူဠဗျူဟသုတ်

၇၇၅-၇၇၆။ [အမေး]လိမ္မာကျွမ်းကျင်၏ဟု ပြောဆိုသူတို့သည် မိမိ မိမိတို့၏မိစ္ဆာအယူ၌ တည်နေကုန်လျက် (မိမိ မိမိတို့၏အယူကို)မြဲမြံစွာ စွဲယူကုန်၍ အသီးအသီးပြောဆိုကြပါကုန်၏၊ အကြင်သူသည် ဤအယူအကျင့်ကို သိ၏၊ထိုသူသည် တရားကို သိသူ မည်၏၊ အကြင်သူသည် ဤတရားကို ကဲ့ရဲ့၏၊ ထိုသူသည် မလိမ္မာသူ ဖြစ်ပါ၏၊ ဤသို့လည်း မြဲမြံစွာ စွဲယူကုန်၍ ငြင်းခုံကြပါကုန်၏၊ ငါမှတပါး အခြားသူသည် မိုက်၏၊ မလိမ္မာဟုလည်း ဆိုပါကုန်၏ ဤသူတို့၏ ဝါဒတို့တွင် အဘယ်အယူဝါဒသည် မှန်ကန်ပါသနည်း၊ ဤသူအားလုံးတို့သည်ပင် လိမ္မာကျွမ်းကျင်သူဟု ပြောဆိုကြကုန်၏။ (၁-၂)

၇၇၇။ [အဖြေ] သူတပါး၏ အယူကို မသိသူသည် အကယ်၍ မိုက်သူ ယုတ်ညံ့သူ ပညာမဲ့သူဖြစ်ပါမူ ဤသူအားလုံးတို့သည်ပင် မိုက်ကြကုန်၏၊ အလွန်အလွန်ပညာမဲ့သူ ဖြစ်ကြကုန်၏၊ ဤသူအားလုံးတို့သည်ပင် မိစ္ဆာအယူ၌ တည်နေကြကုန်၏။ (၃)

၇၇၈။ (ထိုသူတို့သည်) မိမိ၏ မိစ္ဆာအယူဖြင့် မဖြူစင်သူ ဖြစ်ကြကုန်လျက် အကယ်၍ စင်ကြယ်သော ပညာရှိကြသူ လိမ္မာကြသူ ဉာဏ်ပညာရှိကြသူ ဖြစ်ကြကုန်မူ ထိုသတို့တွင် တယောက်မျှ ပညာမဲ့သူ မဖြစ်နိုင်တော့ပေ၊ အကြောင်းသော်ကား ထိုသူတို့၏ အယူသည်လည်း အခြားသူတို့ အယူကဲ့သို့ပင် စွဲမြဲယူဆထားသောကြောင့်တည်း။ (၄)

၇၇၉။ သူနှစ်ယောက်တို့သည် အချင်းချင်း လူ့ဗာလဟု အကြင်စကားကို ပြောဆိုကုန်၏၊ ထိုစကားကို မှန်၏ဟူ၍ ငါမဟော၊ (ထိုသူတို့သည်)မိမိ မိမိ၏အယူကို အမှန်ပြုလုပ်ကြကုန်၏၊ ထို့ကြောင့် အခြားသူကို မိုက်၏ဟူ၍ ရှုကြည့်ကြကုန်၏။ (၅)

---

၁။ သတ္တဝါသည် ခိုယ်ခန္ဓာပျက်စီးသေဆုံးသည့်နောက် လုံးဝပြတ်စဲခြင်း တဖန်မဖြစ်ခြင်း အကြွင်းမရှိခြင်းကို အနုပါဒိသေသဟု ဥစ္ဆေဒအယူရှိသူတို့ ဆိုကြသည်။

http://www.dhammadownload.com



၈၉၀။ [အမေး]အကြင်အယူကို မှန်ကန်၏ ချွတ်ယွင်းမှု မရှိဟု အချို့သူတို့က ပြောဆိုကြကုန်၏၊ထိုအယူကိုပင် အခြားသူတို့က အချည်းနှီးဟူ၍၎င်း မဟုတ်မမှန်ဟူ၍၎င်း ပြောဆိုကြပြန်၏၊ ဤသို့လည်း မြဲမြံစွာ စွဲယူကြကုန်လျက် ငြင်းခုံကြကုန်၏၊အဘယ့်ကြောင့် သမဏတို့သည် တမျိုးတည်းသော စကားကို မပြောဆိုကြကုန်သနည်း။ (၆)

၈၉၁။ [အဖြေ]အကြင်သစ္စာ၌ သိသောပုဂ္ဂိုလ်သည် မငြင်းခုံရာ၊ ထိုသစ္စာသည် တမျိုးတည်းသာတည်း၊ နှစ်ခုမြောက်သော သစ္စာမည်သည်မရှိ၊ ထိုသူတို့မှုကား အမျိုးမျိုးသော သစ္စာတို့ကို ကိုယ်တိုင်ပြောဆိုကြကုန်၏၊ ထို့ကြောင့် သမဏတို့သည် တမျိုးတည်းသော စကားကို မပြောဆိုကြကုန်။ (၇)

၈၉၂။ [အမေး]အမျိုးမျိုး ပြောဆိုတတ်ကုန်သော လိမ္မာကျွမ်းကျင်သည်ဟု ပြောဆိုကြသူတို့သည် အဘယ့်ကြောင့် သစ္စာတို့ကို အမျိုးမျိုး ပြောဆိုကြကုန်သနည်း၊ကြားနာအပ်သော သစ္စာတို့သည် များကုန်သလော၊ အမျိုးမျိုးရှိကုန်သလော၊ သို့မဟုတ် ထိုသူတို့သည် ကြံစည်မှုမျှသို့ အစဉ်လိုက်ကုန်သလော။ (၈)

၈၉၃။ [အဖြေ]လောက၌ မှတ်သားမှု 'သညာ'မျှဖြင့် မြဲ၏ဟူသော အယူတို့ကို ဖယ်ထား၍ သစ္စာတို့သည် မများကုန်၊ အမျိုးမျိုး မရှိကုန်သည်သာတည်း၊ မိမိကြံစည်မှုကို မိစ္ဆာအယူတို့၌ ဖြစ်စေ၍ (ငါ့အယူသာ) မှန်၏၊ (သင့်အယူကား) မှား၏ဟု (အမှန်အမှား) တရားနှစ်ပါးကို ပြောဆိုကြကုန်၏။ (၉)

၈၉၄။ မြင်ရသော ရူပါရုံ ကြားရသော သဒ္ဒါရုံ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ မလွန်ကျူးမှု 'သီလ' နွားရေွးစသည်တို့၏ အကျင့် 'ဝတ'ဟူသော ဤသဘောတရားတို့ကိုမှီ၍ မြတ်နိုးဖွယ်မဟုတ်သည့် စင်ကြယ်မှုကို မြင်သူသည် ဒိဋ္ဌိအဆုံးအဖြတ်၌ တည်လျက် ရယ်သွမ်းသွေးကာ အခြားသူသည် မိုက်မဲ၏၊ မလိမ္မာဟူ၍လည်း ပြောဆိုတတ်၏။ (၁၀)

၈၉၅။ အကြင်အကြောင်းဖြင့် အခြားသူကို မိုက်သူဟူ၍ ရှုမြင်၏၊ ထိုအကြောင်းဖြင့်ပင် မိမိကိုယ်ကို လိမ္မာသူဟူ၍လည်း ပြောဆို၏၊ မိမိကိုယ်ကို မိမိလိမ္မာသူဟု အယူရှိသော ထိုသူသည် အခြားသူကို မမြတ်နိုးနိုင်၊ ထိုအယူကိုပင် ပြောဆို၏။ (၁၁)

၈၉၆။ ထိုသူသည် အတိသာရဒိဋ္ဌိ[၁] ဟု ဆိုအပ်သော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူနှင့် ပြည့်စုံသည်ဖြစ်၍ ထောင်လွှားမှု 'မာန'ဖြင့် မာန်ယစ်ရကား ဂုဏ်အားလုံးနှင့် ပြည့်စုံသူဟု မှတ်ထင်၏၊ မိမိကိုယ်ကို မိမိ (ငါပညာရှိဟု) စိတ်ဖြင့် အဘိသိက်သွန်း၏၊ အကြောင်းသော်ကား ထိုသူ၏ ထိုအတိသာရဒိဋ္ဌိအယူသည် ထိုအခြင်းအရာအားဖြင့် စွဲမြဲယူဆသောကြောင့်တည်း။ (၁၂)

---

၁။ အကြောင်းကိုလွန်၍ ဖြစ်သောကြောင့် (ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိတို့ကို) အတိသာရဒိဋ္ဌိဟုဆိုသည်၊ (လွန်၍ဖြစ်၏)ဟူသည် အကြောင်းမဲ့ ကြံစည် ယူဆမှုပင်တည်း။

http://www.dhammadownload.com



၇၉၇။ သူတပါး ပြောဆိုသော စကားကြောင့် အကယ်၍ ပညာမဲ့သူ ဖြစ်ခဲ့ပါမူ ထို ပြောဆိုသော သူသည်လည်း အပြောခံရသူနှင့် အတူပင် ပညာမဲ့သူ ဖြစ်တော့၏၊ ယင်းသို့ မဟုတ် မိမိကိုယ်ကို မိမိ အသိဉာဏ်ရှိသူ ပညာရှိသူ အကယ်၍ ဖြစ်နိုင်ခဲ့မူ သမဏတို့တွင် တစုံတယောက်မျှ မိုက်မဲသူ မရှိနိုင်တော့ပေ။ (၁၃)

၇၉၈။ အကြင်သူတို့သည် ဤမိမိအယူမှ တပါး အခြားသော အယူဝါဒ တရားကို စွဲမြဲယူဆ ပြောဆိုကြကုန်၏၊ စင်ကြယ်မှု လမ်းစဉ်ကို ချွတ်ယွင်းစေကြကုန်၏၊ မပြည့်စုံစေကြကုန်၊ သို့ပင်ဖြစ်သော်လည်း မိမိအယူ၌ စွဲလမ်းမှု'ရာဂ'ဖြင့် အလွန်စွဲလမ်းကုန်သော ထိုသူတို့သည် များစွာသော မိစ္ဆာအယူကို စွဲမြဲယူဆပြောဆိုကြကုန်၏။ (၁၄)

၇၉၉။ ထိုတိတ္ထိတို့သည် ဤ(ငါ၏)အယူ၌သာလျှင် စင်ကြယ်မှုရှိ၏ ဟု ပြောဆိုကြကုန်၏၊ အခြားသော အယူဝါဒတို့၌ကား စင်ကြယ်မှုရှိ၏ဟု မပြောဆိုကြကုန်၊ မိမိတို့၏ လမ်းစဉ်ဖြစ်သော ထိုအယူ၌ စွဲစွဲမြဲမြဲ ပြောဆိုကြကုန်၏၊ ဤသို့လည်း တိတ္ထိတို့သည် များစွာသော အယူဝါဒတို့၌ သက်ဝင်၍ တည်ကြကုန်၏။ (၁၅)

၈၀၀။ မိမိတို့၏ လမ်းစဉ်ဖြစ်သော အယူဝါဒ၌လည်း(ဤအယူသည်သာလျှင် သင့်၏ဟု) စွဲစွဲမြဲမြဲ ပြောဆိုသူသည် ဤအယူ၌ အဘယ်မည်သော သူတပါးကို မိုက်မဲသူဟူ၍ ရှုမြင်နိုင်အံ့နည်း၊ အခြားသူကို မိုက်မဲသူ စင်ကြယ်သော သဘောမရှိဟု ပြောဆိုသော ထိုသူသည် မိမိကိုယ်တိုင်ပင် ငြင်းခုံမှုကို ဆောင်ရွက်သည်မည်ရာ၏။ (၁၆)

၈၀၁။ လောက၌ ထိုသူသည် ဒိဋ္ဌိအယူဝါဒ၌ တည်၍ မိမိကိုယ်တိုင် နှိုင်းချိန်လျက် (မိမိ၏ အယူကို)အထက်၌ထား၍ ငြင်းခုံခြင်းသို့ရောက်၏၊ လောက၌ (သူတော်ကောင်း) ဖြစ်သော ပုဂ္ဂိုလ်သည်ကား အလုံးစုံသော ဒိဋ္ဌိအယူ ဝါဒတို့ကို စွန့်ပယ်ပြီး ဖြစ်၍ ငြင်းခုံခြင်းကို မပြု။ (၁၇)

တဆယ့်နှစ်ခုမြောက် စူဠဗျူဟသုတ် ပြီး၏။

---

## ၁၃-မဟာဗျူဟသုတ်

၈၀၂။ [အမေး]မိစ္ဆာအယူ၌ စွဲမြဲတည်နေကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ဤငါ့အယူသာလျှင် မှန်၏ဟူ၍ ပြောဆိုကြကုန်၏၊ ထိုသူအားလုံးတို့သည် ထိုအယူ၌ အကဲ့ရဲ့ ကိုသာ ခံကြရပါကုန်သလော၊သို့မဟုတ် ချီးမွမ်းခြင်းကိုလည်း ရပါကုန်သေးသလော။ (၁)

၈၀၃။ [အဖြေ]ဤချီးမွမ်းခံရခြင်းသည် အနည်းငယ်မျှသာတည်း၊ (ရာဂစသည်တို့) ငြိမ်းအေးရန် မစွမ်းနိုင်၊ ငြင်းခုံခြင်း၏ အကျိုးတို့ကို နိုင်ခြင်း ရှုံးခြင်း စသော ကောင်း မကောင်းအားဖြင့် နှစ်ပါးတို့ဟူ၍ ငါဆို၏၊ ဤသို့ ငြင်းခုံခြင်း၏ အပြစ်ကိုလည်း မြင်၍ ငြင်းခုံမှုမရှိရာ နိဗ္ဗာန်ကို ဘေးမရှိဟု ရှုလျက် ငြင်းခုံမှုကို မပြုရာ။ (၂)

http://www.dhammadownload.com



၉၀၄။ မိစ္ဆာအယူအားလုံးတို့ကို ပုထုဇဉ်တို့ဖြစ်စေအပ်ကုန်၏၊ ပညာရှိသည် ဤမိစ္ဆာအယူအားလုံးတို့သို့ မကပ်ရောက်၊မြင်ရသောအရာ ကြားရသောအရာ၌ နှစ်သက်လိုလားမှုကို မပြုသော ကပ်ရောက်တတ်သည့် တဏှာဒိဋ္ဌိမရှိသော ထိုပညာရှိသည် အဘယ်မည်သော ကပ်ရောက်ဖွယ် ရုပ်ဝေဒနာစသည်သို့ ကပ်ရောက်တော့မည်နည်း။ (၃)

၉၀၅။ စောင့်ထိန်းမှု 'သီလ'သာ မြတ်၏ဟု အယူရှိသူတို့သည် သီလစောင့်စည်းရုံမျှဖြင့် စင်ကြယ်၏ဟူ၍ ဆိုကုန်၏၊ နွားခွေးစသည်တို့၏ အကျင့် 'ဝတ'ကို ကောင်းစွာယူ၍ တည်ကုန်၏၊ ဤမိမိအယူ၌သာလျှင် ကျွမ်းကျင်လိမ္မာ၏ဟု ပြောဆိုသူတို့သည် ဘဝ၌ မက်မောနှစ်မြုပ်ကုန်လျက် ထိုဆရာ၏ စင်ကြယ်သော အကျင့်ကို ကျင့်ကုန်အံ့ဟု ပြောဆိုကြကုန်၏။ (၄)

၉၀၆။ ထိုသူသည် စောင့်ထိန်းမှု'သီလ' ဆောက်တည်မှု 'ဝတ'မှ ရွေလျောခဲ့မူ သီလနှင့်ဝတချွတ်ယွင်းပျက်စီးသောကြောင့် တုန်လှုပ်၏၊ နေအိမ်မှ (ထွက်ခဲ့၍) အရပ်တပါးသို့ သွားသူသည် လှည်းအုပ်မှ ကျန်ရစ်ခဲ့သော် ထိုနေအိမ်နှင့် လှည်းအုပ်တခုခုကို တောင့်တဘိသကဲ့သို့ ထိုအတူ စင်ကြယ်မှုကို တမ်းတမှုလည်း တမ်းတ၏၊ တောင့်တမှုလည်း တောင့်တ၏။ (၅)

၉၀၇။ စောင့်ထိန်းမှု'သီလ'ဆောက်တည်မှု'ဝတ'အားလုံးကိုရင်း အပြစ်ရှိ အပြစ်မရှိသော ထိုအကုသိုလ် ကုသိုလ်ကံကိုရင်း ပယ်စွန့်၍ စင်ကြယ်မှု မစင်ကြယ်မှုကို မတောင့်တသော ရဟန်းပုဂ္ဂိုလ်သည် မိစ္ဆာအယူကို မယူမူ၍ (စင်ကြယ်မှု မစင်ကြယ်မှုမှ) ကြဉ်ရှောင်လျက် သွားလာနေထိုင်နိုင်ရာ၏။ (၆)

၉၀၈။ သံသရာမှ စင်ကြယ်၏ဟု (ဥဒ္ဒံသရအကိရိယသဿတ) အယူရှိသူတို့သည် စက်ဆုပ်အပ်သော 'တပေါဇိဂုစ္ဆာ'အကျင့်ကိုရင်း ထို့ပြင် မြင်ရသော'ရူပါရုံ' ကြားရသော'သဒ္ဒါရုံ' ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံကိုရင်း အမှီပြု၍ ဘဝကြီးငယ်တို့၌ တပ်မက်မှု 'တဏှာ' မကင်းကြကုန်ရကား စင်ကြယ်မှုကို ပြောဆိုကုန်၏။ (၇)

၉၀၉။ တောင့်တသူအား တမ်းတမှု 'တဏှာ'တို့ ဖြစ်ကုန်သည်သာတည်း၊ (တဏှာဒိဋ္ဌိဖြင့်) ကြံစည်အပ်သော ဝတ္ထုတို့၌ တုန်လှုပ်မှုသည်မူလည်း ဖြစ်၏၊ ဤလောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်အား စုတိပဋိသန္ဓေမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ရာဂစသည်ဖြင့်မူလည်း တုန်လှုပ်ရာအံ့နည်း၊ အဘယ်အရာမျိုး၌မူလည်း တမ်းတရာအံ့နည်း။ (၈)

၉၁၀။ [အမေး] အချို့သောသူတို့သည် အကြင်အယူဝါဒတရားကို မြတ်၏ဟူ၍ ဆိုကုန်၏၊ အခြားသူတို့ကမူ ထိုအယူဝါဒတရားကိုပင်လျှင် ယုတ်၏ဟူ၍ ဆိုကြကုန်၏၊ ဤသူအားလုံးတို့သည်ပင်လျှင် လိမ္မာကျွမ်းကျင်၏ဟူ၍ အယူရှိကြကုန်၏၊ ဤသူတို့၏အယူဝါဒတို့တွင် အဘယ်သူ၏ အယူဝါဒသည် မှန်ပါသနည်း။ (၉)

၉၁၁။ [အဖြေ] အချို့သူတို့သည် မိမိအယူဝါဒတရားကိုသာ ပြည့်စုံ၏ဟူ၍ ပြောဆိုကုန်၏၊ အခြားသောသူ၏ အယူဝါဒတရားကိုမူကား ယုတ်၏ဟူ၍ ပြောဆိုကုန်၏၊ ဤသို့လည်း စွဲမြဲယူဆ၍ ငြင်းခုံခြင်းကို ပြုကြကုန်၏၊ မိမိမိမိတို့၏ပညတ်ချက် အယူဝါဒကိုသာ မှန်၏ဟူ၍ ပြောဆိုကြကုန်၏။ (၁၀)

http://www.dhammadownload.com



၉၁၂။ သူတပါးကဲ့ရဲ့ရှုတ်ချမှုကြောင့် ယုတ်ညံ့သူဖြစ်ခဲ့မူ အယူဝါဒတရားတို့၌ တစုံတရာ ထူးခြားချက်မဖြစ်ရာ၊ အကြောင်းသော်ကား များစွာသောသူတို့သည် အခြားသောသူ၏ အယူဝါဒတရားကို ယုတ်ညံ့၏ဟု ပြောဆိုကြကာ မိမိအယူဝါဒ၌မူကား မြဲမြံစွာပြောဆို တတ်သောကြောင့်တည်း။ (၁၁)

၉၁၃။ (ထိုတိတ္ထိတို့သည်) မိမိတို့၏အယူဝါဒ လမ်းစဉ်တို့ကို ချီးမွမ်းကုန်သကဲ့သို့ ဤ အတူ ထိုသူတို့၏ မိမိတို့ဆရာနှင့် ဆရာ့တရားကို ပူဇော်မှုသည်လည်း မချွတ်မယွင်း မှန်ကန် ၏ဟုသာ ချီးမွမ်းကြကုန်၏၊ ဤသို့ဖြစ်လတ်သော် အယူဝါဒအားလုံးတို့သည် မချွတ်မယွင်း အမှန်ချည်းသာ ဖြစ်ကုန်ရာ၏၊ သို့ပင်ဖြစ်သော်လည်း ထိုဆရာတို့၏ အယူဝါဒ စင်ကြယ်မှုသည် အသီးအခြား (တမျိုးစီသာ) ဖြစ်၏။ (၁၂)

၉၁၄။ ရဟန္တာပုဂ္ဂိုလ်အား သူတပါးတို့ သိစေအပ်သော အရာမျိုးမရှိ၊ (ခြောက်ဆယ့် နှစ်ပါးသော)အယူဝါဒတရားတို့၌ ဆုံးဖြတ်၍ စွဲယူမှုလည်း မရှိ၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ် သည် သတိပဋ္ဌာန်စသည်မှ တပါးသော မိစ္ဆာဝါဒတရားကို အမြတ်ထား၍ မရှုသောကြောင့် ငြင်းခုံမှုတို့ကို လွန်မြောက်တော့၏။ (၁၃)

၉၁၅။ (ပရစိတ္တဝိဇာနနဉာဏ် စသည်ဖြင့်) ငါသိ၏၊ ငါမြင်၏၊ ထိုငါသိမြင်သော တရား သည် မချွတ်မယွင်း မှန်သည်သာလျှင်တည်း (ဟု) အချို့သော သမဏဗြာဟ္မဏတို့သည် မိစ္ဆာအယူဖြင့် စင်ကြယ်မှုကို ယုံကြည်ကြကုန်၏၊ (ထိုသူတို့တွင် တယောက်ယောက်သည် ပရစိတ္တဝိဇာနနဉာဏ် စသည်ဖြင့်) အကယ်၍ သိမြင်စေကာမူ (သစ္စာလေးပါးတို့ သိမှု ကိစ္စ မပြီးသောကြောင့်) ထိုသူ၏ ထိုမြင်ခြင်းဖြင့် အဘယ်သို့ ပြုအံ့နည်း၊ (ထိုတိတ္ထိတို့သည်) သတိ ပဋ္ဌာန်စသည်ဘို့ကို ကျော်လွန်၍ အခြားသော မိစ္ဆာတရားဖြင့် စင်ကြယ်၏ဟူ၍ ပြောဆို ကြကုန်၏။ (၁၄)

၉၁၆။ (ပရစိတ္တဝိဇာနန ဉာဏ်စသည်ဖြင့်)ရှုမြင်သောသူသည် နာမ်ရုပ်ကို (နိစ္စသုခအတ္တ အားဖြင့်) ရှုမြင်၏၊ ရှုမြင်ပြီး၍ မူလည်း ထိုနာမ်ရုပ်တို့ကိုသာလျှင် (နိစ္စသုခအတ္တအားဖြင့်) သိလတ္တံ့၊ များစွာရှုမြင်သည်မူလည်းဖြစ်စေ အနည်းငယ်ရှုမြင်သည်မူလည်းဖြစ်စေ ထိုရှုမြင် ခြင်းမျိုးဖြင့် စင်ကြယ်၏ဟု ခန္ဓာစသည်၌ လိမ္မာကုန်သောသူတို့က မပြောဆိုကြကုန်။ (၁၅)

၉၁၇။ မြဲမြံစွာစွဲယူ၍ ဆိုလေ့ရှိသော (သဿတစသည့်)အယူရှိသူသည် ဆုံးမလွယ်သူ မဖြစ်နိုင်၊ ကြံစည်အပ်သည့်အယူကို ရှေ့သွားပြုသော်လည်း ဆုံးမလွယ်သူမဖြစ်နိုင်၊ထိုသူသည် အကြင်အယူဝါဒကို မှီ၏၊ ထိုမိမိမှီရာ အယူဝါဒ၌ တင့်တယ်ကောင်းမြတ်၏ဟု ပြောဆို၏၊ စင်ကြယ်၏ဟု ပြောဆိုသော ထိုသူသည် ထိုမိမိအယူဝါဒ၌ မချွတ်မယွင်း မှန်ကန်၏ဟု ရှုမြင်၏။ (၁၆)

၉၁၈။ ရဟန္တာပုဂ္ဂိုလ်သည် ပညာဖြင့်သိ၍ (တဏှာဒိဋ္ဌိဟူသော)ကြံစည်ခြင်းသို့ မကပ် ရောက်၊ မိစ္ဆာအယူတို့ကို အနှစ်သာရအားဖြင့် မယုံကြည်၊ အဘိညာဉ်ဉာဏ် သမာပတ္တိ ဉာဏ်ဖြင့် (တဏှာဒိဋ္ဌိ) အနှောင်အဖွဲ့ကိုလည်း မဖြစ်စေ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ပုထုဇဉ်တို့

http://www.dhammadownload.com



ဖြစ်စေအပ်ကုန်သော မိစ္ဆာအယူဝါဒတို့ကို သိပြီး၍သာလျှင် လျစ်လျူရှု၏၊ တပါးသော ပုထုဇဉ်တို့သည်ကား ထိုမိစ္ဆာအယူဝါဒတို့ကို တဏှာဒိဋ္ဌိအားဖြင့် စွဲယူကုန်၏။ (၁၇)

၉၁၉။ ဤလောက၌ ရဟန္တာပုဂ္ဂိုလ်သည် အထုံးအဖွဲ့ 'ဂန္ထ' တရားလေးပါးတို့ကို ဖြေချပြီး၍ ဖြစ်ပေါ်လာသော ငြင်းခုံမှုတို့၌ ဆန္ဒစသည်တို့၏ အစွမ်းဖြင့် အဂတိအုပ်စုသို့မလိုက်၊ မငြိမ်းအေးမှု တရားတို့၌ လျစ်လျူရှုသော ထိုရဟန္တာပုဂ္ဂိုလ်သည် ရာဂစသည် ငြိမ်းအေးပြီး ဖြစ်ရကား (တဏှာဒိဋ္ဌိအစွမ်းအားဖြင့်)မစွဲယူ၊ အခြားသော ပုထုဇဉ်တို့သည်ကား (တဏှာဒိဋ္ဌိအစွမ်းအားဖြင့်) စွဲယူကုန်၏။ (၁၈)

၉၂၀။ ပညာရှိသော ထိုရဟန္တာပုဂ္ဂိုလ်သည် ရှေးအတိတ်ဖြစ်သော ခန္ဓာငါးပါးတို့ကို (အာရုံပြု၍ ဖြစ်သော) ကိလေသာတို့ကို ပယ်စွန့်၍ အသစ်ပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါးတို့ကို (အာရုံပြု၍ ဖြစ်သော လိုလားမှုစသည်ကို) မပြုမူ၍ ဆန္ဒာဂတိစသည်သို့ မလိုက်၊ မြဲမြံစွာ စွဲယူ၍လည်း ဆိုလေ့မရှိ၊ (ခြောက်ဆယ့်နှစ်ပါးသော) မိစ္ဆာအယူတို့မှ လွတ်မြောက်၏၊ လောက၌ (တဏှာဒိဋ္ဌိတို့ဖြင့်)မလိမ်းကျံ မကပ်ငြိ၊ ( ဒုစရိုက်ကို ပြုမိလေခြင်း သုစရိုက်ကို မပြုမိလေခြင်းဟု) မိမိကိုယ်ကို မကဲ့ရဲ့တတ်။ (၁၉)

၉၂၁။ ထိုရဟန္တာပုဂ္ဂိုလ်သည် မြင်သမျှသော ရူပါရုံကိုရင်း ကြားသမျှသောသဒ္ဒါရုံကိုရင်း ရောက်သမျှသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံကိုရင်း ထိုတရားအားလုံးတို့၌ ကိလေသာစသော မာရ်စစ်သည်ကို လွှမ်းမိုးဖျက်ဆီးနိုင်၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ ကိလေသာတို့မှ လွတ်မြောက်ပြီး ဖြစ်၏၊ တဏှာဒိဋ္ဌိဟူသော ကြံစည်မှုတို့ကို မပြု၊ ပုထုဇဉ်သေက္ခတို့ကဲ့သို့ ရှောင်ကြဉ်ဆဲ မဟုတ်တော့ပေ၊ တောင့်တမှု တဏှာလည်း မရှိတော့ပေ။ (၂၀)

တဆယ့်သုံးခုမြောက် မဟာဗျူဟသုတ် ပြီး၏။

---

## ၁၄-တုဝဋ္ဋကသုတ်

၉၂၂။ [အမေး] နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား မေးလျှောက်ပါ၏၊ မြတ်သော သီလက္ခန္ဓစသော တရားကို ရှာမှီးတော်မူသော မြတ်စွာဘုရား လောက၌ ရဟန်းသည် ကာယဝိဝေကစသော ဆိတ်ငြိမ်မှု 'ဝိဝေက'ကိုရင်း (ရာဂစသည်တို့) ငြိမ်းအေးရာ နိဗ္ဗာန်ကိုရင်း အဘယ်သို့ ရှုမြင်သည်ရှိသော် (ရုပ်စသော)တစုံတခုကို စွဲလမ်း မယူမူ၍ မိမိသန္တာန်၌ ရာဂစသည်ကို ငြိမ်းအေးစေနိုင်ပါသနည်း။ (၁)

၉၂၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

(ရဟန်းသည်)သံသရာကို ချဲ့ထွင်တတ်သော တဏှာဒိဋ္ဌိဟူသော ပပဉ္စတရား၏ အရင်းမူလ 'အဝိဇ္ဇာ'စသည်ကိုရင်း (ရုပ်စသော ခန္ဓာငါးပါး၌) ငါဟူသော ထောင်လွှားမှု 'အသ္မိမာန' ကိုရင်း ဤအလုံးစုံကို ပညာဖြင့် အကြွင်းမဲ့ ချုပ်စေရာ၏၊အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တဏှာအားလုံးတို့ကို ပယ်ဖျောက်ခြင်းငှါ အခါခပ်သိမ်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်ရာ၏။ (၂)

http://www.dhammadownload.com



၉၂၄။ အကြင်ပုဂ္ဂိုလ်သည် မိမိကို စွဲ၍ ဖြစ်သော ဂုဏ်အားလုံးကိုရင်း ထိုမှတပါးသော ဆရာဥပဇ္ဈာယ်တို့ကို စွဲ၍ ဖြစ်သော ဂုဏ်အားလုံးတို့ကိုရင်း သိရာ၏၊ ထိုပုဂ္ဂိုလ်သည် ထိုသိသမျှသော မိမိဂုဏ် ဆရာသမားဂုဏ်ဖြင့် ခက်ထန်မှု 'မာန'ကို မပြုရာ၊ ထိုခက်ထန်မှု 'မာန'ကို ငြိမ်းအေးကြောင်းဟူ၍ သူတော်ကောင်းတို့ မဆိုကြကုန်။ (၃)

၉၂၅။ ထိုမာနဖြင့် ငါသည် မြင့်မြတ်သူဟူ၍ရင်း ယုတ်နိမ့်သူဟူ၍ရင်း ထို့ပြင် တူညီသူဟူ၍ရင်း မမှတ်ထင်ရာ၊ များစွာသော အခြင်းအရာတို့ဖြင့် ပြည့်စုံသူဟူ၍ ပိမိကိုယ်ကို အထူး ကြံစည်လျက် မတည်ရာ။ (၄)

၉၂၆။ ရဟန်းသည် မိမိသန္တာန်၌ဖြစ်သော (ရာဂစသော)ကိလေသာကိုသာလျှင် ငြိမ်းစေရာ၏၊ (သတိပဋ္ဌာန်စသည်တို့မှ)တပါးသော မိစ္ဆာအကျင့်ဖြင့် ငြိမ်းအေးမှုကို မရှာမှီးရာ၊ မိမိသန္တာန်၌ ဖြစ်သော (ရာဂစသော)ကိလေသာကို ငြိမ်းစေပြီးသူအား မိမိကိုယ်ဟူသော (အတ္တဒိဋ္ဌိ)အယူမရှိ၊ အတ္တမှကင်းသော (ဥစ္ဆေဒဒိဋ္ဌိ)အယူသည်ကား အဘယ်မှာရှိတော့အံ့နည်း။ (၅)

၉၂၇။ သမုဒ္ဒရာ၏(အောက်အထက်တို့)အလယ်၌ လှိုင်းတံပိုးတို့ မဖြစ်မူ၍(မတုန်မလှုပ်) တည်သကဲ့သို့ ဤအတူ တဏှာကင်းသူသည် (လောကဓံတရားရှစ်ပါးကြောင့် မတုန်မလှုပ်) တည်၏၊ ရဟန်းသည် တစုံတခုသောအာရုံကြောင့် (ရာဂစသည်) ထူပြောများပြားခြင်းကို မပြုရာ။ (၆)

၉၂၈။ [အမေး] အပိတ်အပင်မရှိ ပွင့်ပွင့်လင်းလင်း မြင်စွမ်းနိုင်သော မြတ်စွာဘုရား (မြတ်စွာဘုရားသည် ထင်ရှား မထင်ရှားသော) ဘေးရန်ကို ဖျက်ဆီးတတ်သော ကိုယ်တိုင် မျက်မှောက်ပြု၍ သိပြီးသော တရားကို ဟောကြားခဲ့ပါပြီ၊ အသျှင်ဘုရား မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်သော ကျင့်စဉ်ကိုရင်း ပါတိမောက္ခသံဝရသီလကိုရင်း တည်ကြည်မှု 'သမာဓိ'ကိုရင်း ဟောကြားတော်မူပါလော့။ (၇)

၉၂၉။ [အဖြေ]မျက်စိတို့ဖြင့် လျှပ်ပေါ်သည် မဖြစ်ရာ၊ တိရစ္ဆာနကထာဟူသော ရွာသူတို့၏ စကားမှ နားကို ပိတ်ပင်တားဆီးရာ၏၊ ရသာရုံ၌လည်း မမက်မောရာ၊ လောက၌ ဓ ာ် တခုကိုမျှလည်း (တဏှာဒိဋ္ဌိတို့ဖြင့်) မမြတ်နိုးရာ။ (၈)

၉၃၀။ ရဟန်းသည် အနာရောဂါဟူသော အတွေ့ဖြင့် တွေ့ကြုံသောအခါ တစုံတခုသော အကြောင်းကြောင့် ငိုကြွေးခြင်းကို မပြုရာ၊ (ကာမစသော) ဘဝကိုလည်း မတောင့်တရာ၊ ကြောက်မက်ဖွယ်ဘေးရန်တို့ကြောင့်လည်း မတုန်လှုပ်ရာ။ (၉)

၉၃၁။ ထမင်း (မုန့်ငါးစသည်)တို့ကိုရင်း(ရှစ်ပါးသော)အဖျော်တို့ကိုရင်း (မုန့်သစ်သီးစသော)ခဲဖွယ်တို့ကိုရင်း အဝတ်တို့ကိုရင်း ရသည်ရှိသော် သိုမှီးမှုကို မပြုရာ၊ ထိုထမင်းစသည်တို့ကို မရသော်လည်း ကြောင့်ကြမ်မထိတ်လန့်ရာ။ (၁၀)

http://www.dhammadownload.com



၉၃၂။ ဈာန်၌မွေ့လျော်သောရဟန်းသည် လှည့်လည်သွားလာခြင်းဖြင့် ခြေလျှပ်ပေါ်သူ မဖြစ်ရာ၊ (လက်ခြေဆော့ခြင်းစသော လှုပ်ရှားမှု)ကုက္ကုစ္စမှ ရှောင်ကြဉ်ရာ၏၊ (ကုသိုလ်တရား တို့၌)မမေ့မလျော့ရာ၊ အသံတိတ်ဆိတ်ကုန်သော နေရာ အိပ်ရာတို့၌ နေရာ၏။ (၁၁)

၉၃၃။ (ကိလေသာကို) ပူပန်စေတတ်သော လုံ့လရှိသူသည် အိပ်ခြင်းကို[၁] များစွာ မပြုရာ၊ နိုးကြားမှု 'ဇာဂရိယ'ကို မှီဝဲရာ၏၊ ပျင်းရိမှုကိုရင်း လှည့်ပတ်မှု 'မာယာ'ကိုရင်း ရယ်ရွှင်မှုကိုရင်း မြူးထူးကစားမှုကိုရင်း မေထုန်အကျင့်ကိုရင်း အသုံးအဆောင်နှင့်တကွ ခန္ဓာ ကိုယ်ကို တန်ဆာဆင်မှုကိုရင်း ပယ်စွန့်ရာ၏။ (၁၂)

၉၃၄။ (ရတနာသုံးပါးကို)မြတ်နိုးသူသည် သူတပါးကို နှိပ်စက်ကြောင်း (အာထဗ္ဗဏ) အတတ်ကိုရင်း အိပ်မက်ကျမ်းကိုရင်း လက္ခဏာကျမ်းကိုရင်း ထို့ပြင် နက္ခတ်ကျမ်းကိုရင်း သားငှက်စသည်တို့၏ မြည်သံတွန်သံကို သိသော အတတ်ကိုရင်း ကိုယ်ဝန်တည်ရေး ဆေးပေး ခြင်းကိုရင်း မစီရင်ရာ၊ ဆေးကုခြင်းကိုလည်း မမှီဝဲ မလိုက်စားရာ။ (၁၃)

၉၃၅။ ရဟန်းသည် ကဲ့ရဲ့ခြင်းကြောင့် မတုန်လှုပ်ရာ၊ အချီးမွမ်းခံရသော်လည်း မတက်ကြွ ရာ၊ ဝန်တိုခြင်းနှင့်တကွ လိုချင်မှု 'လောဘ'ကိုရင်း အမျက်ထွက်မှု 'ကောဓ'ကိုရင်း ချောပစ် ဂုံးတိုက်မှုကိုရင်း ပယ်ဖျောက်ရာ၏။ (၁၄)

၉၃၆။ ရဟန်းသည် ဝယ်ခြင်း ရောင်းခြင်း၌[၂] မတည်ရာ၊ တစုံတခုသော အကြောင်း ကြောင့်မျှ စွပ်စွဲကြောင်း ကိလေသာကို မဖြစ်စေရာ၊ ရွာ၌လည်း (လူတို့နှင့်) မရောယှက် မကပ်ငြိရာ၊ လာဘ်လိုချင်မှုဟူသော အကြောင်းကြောင့် လူအပေါင်းကို မြှောက်ပင့် နှိမ့်ချ၍ မပြောဆိုရာ။ (၁၅)

၉၃၇။ ရဟန်းသည် ဝါကြွားတတ်သူ မဖြစ်ရာ၊ (သက်နံးစသော ပစ္စည်းရရေးနှင့်)စပ်သော စကားကို မပြောဆိုရာ၊ (ကိုယ်နှုတ်စိတ်)ကြမ်းတမ်းရိုင်းစိုင်းမှုကို မပြုကျင့်ရာ၊ ငြင်းခုံသော စကားကို မပြောဆိုရာ။ (၁၆)

၉၃၈။ ဆင်ခြင်ဉာဏ် သမ္ပဇဉ်ရှိသူသည် မုသားစကား မပြောဆိုရာ၊ စဉ်းလဲခြင်းတို့ကို လည်း မပြုရာ၊ ခေါင်းပါးသော အသက်မွေးခြင်းဖြင့်ရင်း ပညာဖြင့်ရင်း စောင့်ထိန်းမှု 'သီလ' ဓုတင်ဆောက်တည်မှု'ဝတ'ဖြင့်ရင်း အခြားသူတို့ကို မထေမဲ့မြင် မအောက်မေ့ရာ။ (၁၇)

၉၃၉။ သူတပါးတို့ ဖျက်ဆီးကဲ့ရဲ့ခံရသော ရဟန်းသည် ပရိဗိုဇ်ရဟန်းတို့၏ရင်း များစွာ သောသူတို့၏ရင်း များစွာသောစကားကိုကြားရသည်ရှိသော် ထိုသူတို့ကို ကြမ်းကြုတ်သော စကားဖြင့် တုံ့ပြန်မပြောဆိုရာ၊ မှန်၏-သူတော်ကောင်းတို့သည် ရန်တုံ့မူခြင်းကို မပြုကြ ကုန်။ (၁၈)

---

၁။ ညဉ့်နေ့ကို ခြောက်ပုံပုံ၍ တပုံ (လေးနာရီ)မျှသာ အိပ်ရာ၏။ (မဟာနိဒ္ဒေသပါဠိတော်)
၂။ သိတင်းသုံးဖော်အချင်းချင်း လှည့်ပတ်၍ဖြစ်စေ အမြတ်ယူ၍ဖြစ်စေ ဖလှယ်မှုကိုဆိုသည်။ (အဋ္ဌကထာ)

http://www.dhammadownload.com



၉၄၀။ စုံစမ်းဆင်ခြင်သော ရဟန်းသည် ထိုဟောပြခဲ့ပြီးသော တရားကိုလည်း သိ၍ အခါခပ်သိမ်း သတိနှင့် ပြည့်စုံသည်ဖြစ်လျက် ကျင့်ရာ၏။ (ရာဂစသည်တို့)ငြိမ်းအေးမှု သဘောတရားကို 'သန္တိသုခ နိဗ္ဗာန' ဓာတ်ဟု သိ၍ ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ သာသနာတော်၌ မမေ့မလျော့ရာ။ (၁၉)

၉၄၁။ အာရုံခြောက်ပါးတို့ကို လွှမ်းမိုးနိုင်သည်ဖြစ်၍ ကိလေသာတို့က မနှိပ်စက်နိုင်သော ထိုမြတ်စွာဘုရားသည် (တဆင့်ကြားမဟုတ်) မိမိ(ကိုယ်တော်တိုင်) မျက်မှောက်ပြုသော တရားကို မြင်တော်မူ၏၊ ထို့ကြောင့်ပင်လျှင် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ မမေ့ မလျော့ အခါခပ်သိမ်း ရှိသေ့ကိုင်းညွတ်သည်ဖြစ်၍ ကျင့်ရာ၏။ (၂၀)

တဆယ့်လေးခုမြောက် တုဝဋ္ဋကသုတ် ပြီး၏။

## ၁၅-အတ္တဒဏ္ဍသုတ်

၉၄၂။ (ပစ္စုပ္ပန် သံသရာနှစ်ဖြာသော)ဘေးသည် မိမိ၏ ဒုစရိုက် အပြစ်ဒဏ်ကြောင့်သာ ဖြစ်ပေါ်လာရာ၏၊ (သို့ပင်ဖြစ်သော်လည်း) အချင်းချင်း ခိုက်ရန် ငြင်းခုံနေသော လူ အပေါင်းကို ရှုကြကုန်လော့၊ ငါဘုရား ကိုယ်တိုင် ထိတ်လန့်မှု သံဝေဂရခဲ့ဘူးသည့်အတိုင်း ထိတ်လန့်ဖွယ်သံဝေဂတရားကို ဟောကြားပေအံ့။ (၁)

၉၄၃။ ရေနည်းငါးတို့ကဲ့သို့ (ကိလေသာတို့ကြောင့်)တုန်လှုပ်နေသော သတ္တဝါအပေါင်း ကို မြင်ရ၍ငင်း အချင်းချင်း ခိုက်ရန် ငြင်းခုံနေကြသောလူတို့ကိုမြင်ရ၍ငင်း ကြောက်မက် ဖွယ် ဘေးဘျမ်းသည် ငါ့ထံသို့ ဝင်ရောက်လာ၏။ (၂)

၉၄၄။ ထက်ဝန်းကျင် (အားလုံး)သော လောကသည် အနှစ်သာရမရှိ၊ အရပ်မျက်နှာ အားလုံးရှိ သင်္ခါရတရားတို့သည် (မမြဲခြင်းစသည်ဖြင့်)တုန်လှုပ်ကုန်၏၊ မိမိ၏ မှီခိုအားထား ရာကို အလိုရှိသူသည် (ဇရာစသည်တို့ဖြင့်) မလွှမ်းမိုးနိုင်သည့် တစုံတခုသော အရပ်ကို မမြင်။ (၃)

၉၄၅။ ပျိုသော အရွယ်စသည်တို့၏ပြီးဆုံးပြီးနောက် ဖြစ်ကုန်သော (ဇရာစသည်တို့) နှိပ်စက်ညှဉ်းဆဲအပ်ကုန်သော သတ္တဝါတို့ကို မြင်ရ၍ ငါ့အား မမွေ့လျော်မှု ဖြစ်ခဲ့ပြီ၊ ထို့ပြင် ဤသတ္တဝါတို့၌ စိတ်နှလုံးကို မှီနေသည်ဖြစ်၍ မြင်နိုင်ခဲသော (ရာဂစသော)မြှားငြောင့်ကို ငါမြင်ပြီ။ (၄)

၉၄၆။ အကြင်(ရာဂစသော) မြှားငြောင့် စူးဝင်နေသူသည် အရပ်မျက်နှာအားလုံးတို့သို့ ပြေးသွားရ၏၊ ထို(ရာဂစသော) မြှားငြောင့်ကိုပင်လျှင် နုတ်ပယ်လိုက်သည်ရှိသော် မပြေး သွားရတော့ပေ၊ (သြဃလေးပါး၌)မနစ်မြုပ်ရတော့ပေ။ (၅)

၉၄၇။ လူ့ပြည်လောက၌ အကြင်တပ်မက်မောဖွယ် (ကာမဂုဏ်)တို့သည် ရှိကုန်၏၊ ထို တပ်မက်မောဖွယ် ကာမဂုဏ်တို့ကြောင့် (ဆင်အတတ်စသော) အတတ်ပညာတို့ကို အဆင့်

http://www.dhammadownload.com



ဆင့် သင်ယူကြကုန်၏၊ ထိုကာမဂုဏ်တို့နှင့် အတတ်ပညာတို့၌ လိုက်စားလေ့လာသူ မဖြစ်ရာ၊ ကာမတို့ကို (အနိစ္စစသောအားဖြင့်) အချင်းခပ်သိမ်း ထိုးထွင်းသိ၍ မိမိ၏ (ရာဂစသည်ကို) ငြိမ်းစိမ့်သောငှါ ကျင့်ရာ၏။ (၆)

၉၄၇။ ရဟန်းသည် ဝစီသစ္စာစသည်နှင့် ပြည့်စုံသူ ဖြစ်ရာ၏၊ (ကိုယ်နှုတ်စိတ်) မကြမ်းတမ်းသူ လှည့်ပတ်မှု 'မာယာ'မရှိသူ ဂုံးတိုက်မှု ကင်းသူ အမျက်ထွက်မှု မရှိသူ ဖြစ်ရာ၏၊ ယုတ်မာသော လောဘကိုငင်း ဝန်တိုမှု 'မစ္ဆရိယ'ကိုငင်း လွန်မြောက်ရာ၏။ (၇)

၉၄၈။ နိဗ္ဗာန်သို့ ညွတ်သော စိတ်ရှိသူသည် ငိုက်မျဉ်းခြင်းကိုငင်း ပျင်းရိခြင်းကိုငင်း ထိုင်းမှိုင်းခြင်းကိုငင်း ဖျောက်ဖျက်ရာ၏၊ (ကုသိုလ်ကောင်းမှုတို့၌) မေ့လျော့သဖြင့် မနေရာ၊ အလွန်ထောင်လွှားမှု 'မာန'၌ မတည်ရာ။ (၈)

၉၅၀။ မုသားစကား မပြောဆိုရာ၊ရုပ်တရား၌ ချစ်ခင်မှုကို မပြုရာ၊ထောင်လွှားမှု 'မာန'ကိုလည်း ပိုင်းခြား၍ သိရာ၏၊ အဆောတလျင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သည် ဖြစ်၍ ကျင့်ရာ၏။ (၉)

၉၅၁။ အတိတ် ခန္ဓာငါးပါးကို မနှစ်သက် မမက်မောရာ၊ ပစ္စုပ္ပန်ခန္ဓာငါးပါး၌ နှစ်သက်မက်မောမှုကိုလည်း မပြုရာ၊ ခန္ဓာစသည် ပျက်စီးသည်ရှိသော် မပူဆွေးရာ၊ ဆွဲငင်တတ်သော တဏှာကို စွဲမှီသူ မဖြစ်ရာ။ (၁၀)

၉၅၂။ မက်မောမှု 'တဏှာ'ကို ကြီးစွာသော ရေအယဉ်ဟူ၍ငါဆို၏၊ လျင်စွာဖြစ်တတ်သော တဏှာကို တောင့်တမှု 'ဇပ္ပန'ဟူ၍ငင်း မလွတ်မူ၍ ဆွဲကိုင်မှု 'အာရမ္မဏ'ဟူ၍ငင်း တုန်လှုပ်မှု 'ပကပ္ပန'ဟူ၍ငင်း ငါဆို၏၊ ကာမဟူသောညွန်ကို လွန်မြောက်နိုင်ခဲသော အရာဟု ငါဆို၏။ (၁၁)

၉၅၃။ မကောင်းမှုမှ အပပြုပြီးသော ထိုရဟန်းသည် (အဋ္ဌင်္ဂိကမဂ်)သစ္စာမှ မလွဲမရှောင်မူ၍ (အာယတန) အားလုံးကို စွန့်လွှတ်ပြီးလျှင် (နိဗ္ဗာန်ဟူသော ) ကြည်းကုန်းထက်၌ တည်၏၊ ထိုပုဂ္ဂိုလ်ကို စင်စစ် ငြိမ်းအေးပြီးသူဟူ၍ ဆိုအပ်၏။ (၁၂)

၉၅၄။ ဤလောက၌ (ဆန္ဒရာဂစသည်ကို ပယ်ပြီးဖြစ်၍) ကောင်းစွာနေထိုင်သွားလာသော ထိုပုဂ္ဂိုလ်သည် (တဏှာဒိဋ္ဌိတို့ဖြင့်) မမှီပဲလျက် သင်္ခတတရားအပေါင်းကို (အနိစ္စစသောအားဖြင့်) သိပြီးဖြစ်၍ တစုံတယောက်ကိုမျှ မချစ်ခင်တော့ပေ၊ ထိုပုဂ္ဂိုလ်သည်သာ ပညာရှိမည်၏၊ ထိုပုဂ္ဂိုလ်သည်သာ မဂ်ဉာဏ်သို့ ရောက်ပြီးသူ မည်၏။ (၁၃)

၉၅၅။ ဤလောက၌ အကြင်သူသည် ကာမတို့ကို လွန်မြောက်ခဲ့ပြီ၊ လောက၌ လွန်နိုင်ခဲသော ကပ်ငြိမှု 'တဏှာ'ကိုလည်း လွန်မြောက်ခဲ့ပြီ၊(တဏှာ)အယဉ်ကို ဖြတ်ပြီးသော ကိလေသာ အနှောင်အဖွဲ့မရှိသော ထိုသူသည် မပူဆွေးတော့ပေ၊ မကြံမှိုင်တော့ပေ။ (၁၄)

၉၅၆။ အတိတ်သင်္ခါရတို့ကို (အာရုံပြု၍ဖြစ်သော) ကိလေသာမျိုးကို ခြောက်ခန်းစေလော့၊ အနာဂတ်သင်္ခါရတို့ကို(အာရုံပြု၍ ဖြစ်သော ရာဂစသော) ကြောင့်ကြမှု သင့်အား

http://www.dhammadownload.com



မဖြစ်စေလင့်၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူခဲ့မူ (ကိလေသာ ငြိမ်း အေးသည်ဖြစ်၍) နေရလတ္တံ့။ (၁၅)

၉၅၇။ အကြင်ရဟန္တာအား နာမ်ရုပ်တရားအပေါင်း၌ (ငါ ငါ၏ဥစ္စာဟု)အချင်းခပ်သိမ်း မြတ်နိုး စွဲလမ်းမှုမရှိ၊ ထိုနာမ်ရုပ် ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုရဟန္တာပုဂ္ဂိုလ်သည် လောက၌ ဆုတ်ယုတ်ဆုံးရှုံးသူ မဟုတ်။ (၁၆)

၉၅၈။ အကြင်ရဟန္တာပုဂ္ဂိုလ်အား ငါ၏ဥစ္စာဟူ၍၎င်း သူတပါးတို့၏ဥစ္စာဟူ၍၎င်း(ရုပ် ဝေဒနာစသည်ကို) စွဲယူကြောင့်ကြမှုမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် မြတ်နိုးစွဲလမ်းဖွယ်ဝတ္ထုကို မရသော်လည်း ငါ့အား မရမရှိဟူ၍ မစိုးရိမ်တော့ချေ။ (၁၇)

၉၅၉။ တုန်လှုပ်ခြင်း မရှိသူပုဂ္ဂိုလ်ကို ငါ့အား မေးသည်ရှိသော် (အကြင်ပုဂ္ဂိုလ်သည်) ငြူစူခြင်း မရှိ၊ မက်မောတွယ်တာမှု မရှိ၊ တုန်လှုပ်ကြောင်း တဏှာမရှိ၊ အာယတနအားလုံး တို့၌ အညီအမျှ လျစ်လျူရှုနိုင်၏၊ (ထိုပုဂ္ဂိုလ်၌) ထိုအကျိုးအာနိသင် (လေးပါး)ကို ငါဆို၏။ (၁၈)

၉၆၀။ တုန်လှုပ်မှုတဏှာကင်းသော (သင်္ခါရတရားတို့၏အနိစ္စစသောအခြင်းအရာကို) သိသောသူအား တစုံတခုပြုပြင်တတ်သော သင်္ခါရမရှိ၊ ထိုပုဂ္ဂိုလ်သည် အထူးထူးသော အားထုတ်မှု (ကုသိုလ် အကုသိုလ် သင်္ခါရ)မှ ကင်းသည်ဖြစ်၍ အလုံးစုံသော အရာဌာန တို့၌ ဘေးမရှိသည်ကို မြင်နိုင်၏။ (၁၉)

၉၆၁။ အကြင်ရဟန်းသည် တူညီသူတို့၌ (မာနအစွမ်းဖြင့်) တူညီသူဟု မပြောဆို၊ ယုတ်နိမ့်သူတို့၌ ယုတ်နိမ့်သူဟု မပြောဆို၊ မြင့်မြတ်သူတို့၌ မြင့်မြတ်သူဟု မပြောဆို၊ ကိလေ သာ ငြိမ်းအေးပြီးဖြစ်သော ထိုရဟန်းသည် ဝန်တိုမှု 'မစ္ဆေရ'ကင်းသည်ဖြစ်၍ (ခန္ဓာငါးပါး စသည်ကို) စွဲလည်း မစွဲယူ စွန့်လည်းမစွန့်လွှတ်။ (၂၀)

တဆယ့်ငါးခုမြောက် အတ္တဒဏ္ဍသုတ် ပြီး၏။

## ၁၆-သာရိပုတ္တသုတ်

၉၆၂။ (အသျှင်သာရိပုတြာသည် ဤသို့လျှောက်ဆို၏)—

နှစ်သက်မွေ့လျော်ဖွယ်ရာ နတ်ပြည်လောကမှ ကြွလာတော်မူခဲ့သော ဂိုဏ်းဆရာဖြစ်တော် မူသော ဤသို့ အင်္ဂါရှစ်ပါးရှိသောအသံတော်ဖြင့်ချိုမြိန်သာယာစွာဟောကြားမြွက်ဆိုတော် မူတတ်သော ဆရာဘုရားကို (သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူရာ) ဤအခါမှ ရှေး၌ အကျွန်ုပ်သည် ကိုယ်တိုင်လည်း မမြင်ဘူးပါ၊ တစုံတယောက်သောသူ၏ ပြောဆိုသံကို လည်း မကြားဘူးပါ။ (၁)

၉၆၃။ မြတ်သော စက္ခုရှိတော်မူသော ပြိုင်ဘက်မပြု တဆူတည်းသာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် နတ်နှင့်တကွသော လူအပေါင်းသည်(အချင်းချင်း) ထင်ရှားတွေ့မြင်နိုင်

http://www.dhammadownload.com



လောက်အောင် အမိုက်မှောင် အားလုံးကို ပယ်ဖျောက်တော်မူပြီး၍ မွေ့လျော်မှုကို ရတော်မူပြီ။ (၂)

၉၆၄။ မင်းပုဏ္ဏားစသော များစွာသောသူတို့အကျိုးငှါရင်း အလုပ်အကျွေး တပည့် ရဟန်းတို့ အကျိုးငှါရင်း တဏှာဒိဋ္ဌိကို မမှီသော သည်းခံခြင်းဂုဏ်နှင့်ပြည့်စုံသော အုံခြွဖွယ် 'ကုဟန'အမှုကို မပြုတတ်သော ဂိုဏ်းဆရာအဖြစ်သို့ ရောက်တော်မူသော ထိုမြတ်စွာဘုရားကို ပြဿနာမေးရန်အလို့ငှါ ဤအရပ်သို့ အကျွန်ုပ်ရောက်လာခဲ့ပါ၏။ (၃)

၉၆၅။ (ဇာတိစသည်မှ) ငြီးငွေ့စက်ဆုပ်သည်ဖြစ်၍ မလျောက်ပတ်သော ရှုပါရုံစသည်မှ ဆိတ်သုဉ်းသည့်နေရာဖြစ်သော သစ်ပင်ရင်း သုသာန် တောင် လိုဏ်ဂူတို့၌ မှီဝဲဆည်းကပ်သော ရဟန်းအား (ကြောက်မက်ဖွယ်ဘေးရန်တို့သည် အဘယ်မျှရှိပါကုန်သနည်း)။ (၄)

၉၆၆။ အယုတ်အမြတ်ဖြစ်သည့် အိပ်ရာ နေရာတို့တွင် အသံကင်းဆိတ်သော အကြင် အိပ်ရာ နေရာ၌ ရဟန်းသည် အကြင်ကြောက်မက်ဖွယ် ဘေးရန်တို့ကြောင့် မတုန်လှုပ်ရာ၊ ထိုအိပ်ရာ နေရာ၌ မှီဝဲသော ရဟန်းအား ထိုကြောက်မက်ဖွယ်ဘေးရန်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း။ (၅)

၉၆၇။ အစွန်အဖျားကျသော အိပ်ရာ နေရာကျောင်း၌ (နေသော)ရဟန်းသည် အကြင် ဘေးရန်တို့ကို နှိမ်နင်းနိုင်ရာ၏၊ လောက၌ မရောက်ဘူးသေးသည့် နိဗ္ဗာန်အရပ်သို့ သွားသော ရဟန်းအား ထိုဘေးရန်တို့သည် အဘယ်မျှရှိပါကုန်သနည်း။ (၆)

၉၆၈။ ဤသာသနာတော်၌ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော ထိုရဟန်းအား အဘယ်သို့သော စကားတို့သည် ဖြစ်ပါကုန်သနည်း၊ အဘယ်သို့သော ကျက်စားရာ 'ဂေါစရ' တို့သည် ဖြစ်ပါကုန်သနည်း၊ အဘယ်သို့သော စောင့်ထိန်းမှု'သီလ' ဆောက်တည်မှု 'ဝတ' တို့သည် ဖြစ်ပါကုန်သနည်း။ (၇)

၉၆၉။ တည်ကြည်သောစိတ်ရှိသော ရင့်ကျက်သောပညာရှိသော သတိနှင့်ပြည့်စုံသော ထိုရဟန်းသည် အဘယ်မည်သော အကျင့်သိက္ခာကို ဆောက်တည်၍ ရွှေပန်းထိမ်သည်သည် ရွှေ၏ အညစ်အကြေးကို ထုတ်သကဲ့သို့ ဤအတူ မိမိ၏ (ကိလေသာ)အညစ်အကြေးကို ထုတ်ရပါသနည်းဟု (အသျှင်သာရိပုတြာကလျှောက်၏)။ (၈)

၉၇၀။ (မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏)—

သာရိပုတြာ (သံသရာဘေးကို)စက်ဆုပ်တတ်သော ဆိတ်ငြိမ်သည့် နေရာ အိပ်ရာ ကျောင်း ကို မှီဝဲသော စင်စစ် (မဂ်ဉာဏ်ကို) အလိုရှိသူ၏ ချမ်းသာစွာ နေကြောင်းဖြစ်သော လောကုတ္တရာ တရားအားလျော်သော အကျင့်တရားကို ငါသိသည့်အတိုင်း သင့်အား ဟောကြားပေအံ့။ (၉)

၉၇၁။ အပိုင်းအခြားရှိသည့်သီလ စသည်တို့၌ ကျင့်လေ့ရှိသော သတိရှိသော ပညာရှိ သော ရဟန်းသည် မှက်နှင့် ခြင်ယင်တို့ရင်း မြွေ ကင်းသန်းတို့ရင်း လူတို့ ညှဉ်းဆဲထိပါးမှုတို့ ရင်း ခြေလေးချောင်းရှိသော သတ္တဝါတို့ရင်း ဤဘေးရန်ငါးမျိုးတို့ကို မကြောက်ရာ။ (၁၀)

၉၇၂။ ကုသိုလ်ကို အစဉ်မပြတ် ရှားမှီးလေ့ရှိသူသည် (သိတင်းသုံးဖော်ခုနစ်ယောက်မှ)[၁] တပါးအခြားသော သာသနာပြင်ပဖြစ်သော ထိုသူတို့၏ များစွာသော ကြောက်မက်ဖွယ်တို့ကို မြင်သော်လည်း မထိတ်လန့်ရာ၊ ထို့ပြင် အခြားဘေးရန်တို့ကိုလည်း နှိမ်နင်းတိုက်ဖျက်ရာ၏။ (၁၁)

၉၇၃။ အနာရောဂါ ညှဉ်းဆဲထိပါးမှုဖြင့်ရင်း ဆာလောင်မွတ်သိပ်မှုဖြင့်ရင်း တွေ့ထိခံရသူသည် သည်းခံရာ၏၊ ထို့ပြင် အချမ်းအပူကိုလည်း သည်းခံရာ၏၊ ထိုအနာရောဂါစသည်တို့ဖြင့် များစွာ တွေ့ထိခံရသူသည် ဘဝသစ်ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံတို့၏ ဖြစ်ခွင့်ကို မပေးမူ၍ လုံ့လကြိုးကုတ် အားထုတ်မှုကို မြဲမြံစွာ ပြုရာ၏။ (၁၂)

၉၇၄။ ခိုးယူမှုကို မပြုရာ၊ မုသားစကားကို မဆိုရာ၊ ပုထုဇဉ်သေက္ခနှင့် ရဟန္တာပုဂ္ဂိုလ်တို့ကို မေတ္တာဖြင့် တွေ့ထိပြန့်နှံ့စေရာ၏၊ (မိမိ)စိတ်နောက်ကျုမှုကို သိသောအခါ၌ မာရ်နတ်၏ အပင်းအသင်းဟု (နှလုံးပိုက်၍)ပယ်ဖျောက်ရာ၏။ (၁၃)

၉၇၅။ အမျက်ထွက်မှု 'ကောဓ' အလွန်ထောင်လွှားမှု 'မာန'၏ အလိုနိုင်ငံသို့ မလိုက်ရာ၊ ကောဓ မာနတို့၏ အမြစ်အရင်းကိုလည်း တူးဖြိုပယ်နုတ်၍ တည်ရာ၏၊ ထို့ပြင် ချစ်နှစ်သက်ဖွယ် ဣဋ္ဌာရုံနှင့် မချစ်မနှစ်သက်ဖွယ် အနိဋ္ဌာရုံကို လွှမ်းမိုးနှိပ်စက်နိုင်သူသည် ကေန်မုချ လွှမ်းမိုးနှိပ်စက်ရာ၏။ (၁၄)

၉၇၆။ ဗုဒ္ဓါနုဿတိ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ကောင်းမြတ်သော ပီတိနှင့် ပြည့်စုံသူသည် ပညာကို ရှေ့သွားပြု၍ ထိုဘေးရန်တို့ကို ပယ်ခွါရာ၏၊ အစွန်အဖျားကျသော အိပ်ရာ နေရာ၌ မမွေ့လျော်မှုကို သည်းခံရာ၏၊ (ဆိုလတ္တံ့သော) မြည်တမ်းငိုကြွေးကြောင်း တရားလေးပါးတို့ကို သည်းခံရာ၏။ (၁၅)

၉၇၇။ တအုံ့အိမ်၌ကျက်စားလေ့မရှိသော သေက္ခပုဂ္ဂိုလ်သည် အဘယ်ကိုစားရအံ့နည်း၊ အဘယ်အမျိုး၌မူလည်း ခေးရအံ့နည်း၊ ဤညဉ့်၌ ဆင်းရဲစွာ အိပ်ခဲ့ရပြီ တကား၊ ယနေ့ ညဉ့်၌မူ အဘယ်အရပ်မှာ အိပ်ရပါအံ့နည်း၊ ဤသို့ မြည်တမ်းငိုကြွေးကြောင်းဖြစ်သော ထိုအကြံအစည်တို့ကို ပယ်ဖျောက်ရာ၏။ (၁၆)

၉၇၈။ ဤသာသနာတော်၌ ရဟန်းသည် လျောက်ပတ်သောကာလ၌ ဆွမ်းကိုရင်း အဝတ်သင်္ကန်းကိုရင်း ရခဲ့သော် ရောင့်ရဲလွယ်ခြင်းအကျိုးငှါ အတိုင်းအရှည်ကို သိရာ၏၊ ရှာ၌ စောင့်စည်းအုပ်သည့်အကျင့်ရှိသော ထိုရဟန်းသည် ထိုပစ္စည်းလေးပါးတို့၌ ရောင့်ရဲမှုဖြင့် စောင့်စည်းလျက် (သူတပါးတို့က)ချုတ်ချယ်ထိပါးသော်လည်း ကြမ်းတမ်းသော စကားကို မပြောဆိုရာ။ (၁၇)

---

၁။ သတ္တသဟဓမ္မိကေ ဌပေတွာ ဟူသော မဟာနိဒ္ဒေသပါဠိတော်လာ "သတ္တသဟဓမ္မိကာ" ဟူ၍ ဘိက္ခူ ဘိက္ခုနီ သာမဏေရ သာမဏေရီ သိက္ခမာန် ဥပါသက ဥပါသိကာတို့ကိုဆိုသည်လေ။

http://www.dhammadownload.com



၉၇၉။ မျက်လွှာချထားသူ ဖြစ်ရာ၏၊မရပ်မတည် လှည့်လည်ခြင်းဖြင့် ခြေမငြိမ်သူမဖြစ်ရာ၊ ဈာန်ရမှုကို အားထုတ်သူ များစွာနိုးကြားမှု ရှိသူ ဖြစ်ရာ၏၊ စတုတ္ထဈာန်နှင့်ယှဉ်သော ဥပေက္ခာကို အကြောင်းပြု၍ တည်ကြည်သောစိတ်ရှိသည်ဖြစ်လျက် ကာမဝိတက်စသော ကြံစည်မှု ကာမသညာစသော တည်ရာကိုရင်း လက်ဆော့ ခြေဆော့ 'ကုက္ကုစ္စ' နောင်တ တဖန် ပူပန်မှု 'ကုက္ကုစ္စ' ကိုရင်း ဖြတ်တောက်ရာ၏။ (၁၈)

၉၈၀။ ဝိနည်းကံအရ အပ် မအပ် စကားတို့ဖြင့် အပြစ်တင်(စောဒနာ)ခဲ့သော် သတိကို ဖြစ်စေလျက် နှစ်သက်ဝမ်းမြောက်ရာ၏၊ သီတင်းသုံးဖော်တို့ အပေါ်၌ ပြစ်မှားမှု ငြောင့်တံသင်းကို ဖျက်ဆီးရာ၏၊ ကုသိုလ်နှင့် စပ်ယှဉ်သော စကားကို မြွက်ဆိုရာ၏၊ ကာလ အပိုင်းအခြား သီလအပိုင်းအခြားကို လွန်၍လည်း မမြွက်ဆိုရာ၊ လူအများ စွပ်စွဲခြင်းခံရမည့် (သီလပျက်စီးမှု စသော)သဘောကို အားမထုတ်ရာ။ (၁၉)

၉၈၁။ ထိုပြင် လောက၌ (ရူပရာဂစသော) မြူငါးမျိုးတို့ ရှိကုန်၏၊ သတိရှိသူတို့သည် ယင်းမြူငါးမျိုးတို့ကို ပယ်ဖျောက်နိုင်ရန် ကျင့်ရာ၏၊ ဤသို့ ကျင့်သူသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်စွန်းမှု 'ရာဂ'ကို သည်းခံနိုင်ရာ၏။ (၂၀)

၉၈၂။ သင့်လျော်သော အခါ၌ သဲတတရားကို အမှန်အတိုင်းစူးစမ်းဆင်ခြင်သူ နီဝရဏ စသည်မှလွတ်မြောက်ပြီးသောစိတ်ရှိသူ သတိရှိသူ ထိုရဟန်းသည် ထို(ရူပါရုံစသော)တရားတို့၌ အလို'ဆန္ဒ'ကို ပယ်ဖျောက်ရာ၏၊ တည်ကြည်သောစိတ်ရှိသော ထိုရဟန်းသည် အဝိဇ္ဇာစသော အမိုက်တိုက်ကို ပယ်ဖျောက်ရာ၏။ (၂၁)

တဆယ့်ခြောက်ခုမြောက် သာရိပုတ္တသုတ် ပြီး၏။

# လေးခုမြောက် အဋ္ဌကဝဂ် ပြီး၏။

http://www.dhammadownload.com

# ၅-ပါပဝဂ်

## ၁-ဝစ္ဆဂါထာ

၉၇၃။ ဝေဒကျမ်းတို့၌ တဖက်ကမ်းခပ် တတ်မြောက်ပြီးသော (ဗာဝရီ) ပုဏ္ဏားသည် ကြောင့်ကြမရှိမှုကို လိုလားတောင့်တလျက် ကောသလတိုင်းသူတို့၏ မွေ့လျော်ဖွယ်ရာဖြစ်သော သာဝတ္ထိပြည်မှ ဒက္ခိဏာပထတိုင်းသို့ သွားလေ၏။ (၁)

၉၇၄။ ထို(ဗာဝရီ)ပုဏ္ဏားသည် အဿကတိုင်း အဠကတိုင်း၏ အလယ်ဗဟိုအရပ် ဂေါဓာဝရီမြစ် အလယ်ကျွန်း၌ ဆွမ်းခံခြင်းဖြင့်၎င်း သစ်သီးသစ်မြစ်ဖြင့်၎င်း မျှတနေ၏။ (၂)

၉၇၅။ ထိုကျွန်းကိုပင် အမှီပြု၍ ပြန့်ပြောကြီးကျယ်သော ရွာသည် ဖြစ်လေ၏၊ ထိုရွာကြီးမှထွက်သော အခွန်အတုတ်ဖြင့် အလှူပွဲကြီးကို လှူဒါန်းပြုလုပ်၏။ (၃)

၉၇၆။ ဗာဝရီပုဏ္ဏားသည် အလှူကြီး လှူပြီး၍ ကျောင်းသခ်မ်းသို့ ပြန်ဝင်သွားပြီးနောက် အခြားသော ပုဏ္ဏားတယောက် ရောက်လာ၏။ (၄)

၉၇၇။ ထိုရောက်လာသော ပုဏ္ဏားသည်ကား ခြေထောက်ချင်း တိုက်ခတ်၍ သွားတတ်သူဖြစ်၏၊ တော်မှုတ်သူဖြစ်၏၊ သွားချေးထူသူဖြစ်၏၊ ဦးခေါင်း၌ မြူမှုန် အလိမ်းလိမ်းကပ်ငြိသူဖြစ်၏၊ (၎င်းပုဏ္ဏားသည်)ဗာဝရီပုဏ္ဏားသို့ ချဉ်းကပ်၍ အသပြာငါးရာတို့ကို တောင်း၏ (၅)။

၉၇၈။ ထိုပုဏ္ဏားကို ဗာဝရီပုဏ္ဏား မြင်သည့်ရှိသော် နေရာဖြင့် ဖိတ်မန်၏၊ ချမ်းသာမှု ကျန်းမာမှုကို မေးပြီးလျှင် ဤစကားကို ပြောဆို၏။ (၆)

၉၇၉။ ပုဏ္ဏား အကျွန်ုပ်၏ ပေးလှူဖွယ်ရာ အားလုံးကို အကျွန်ုပ် စွန့်လှူလိုက်ပြီ၊ ပုဏ္ဏား အကျွန်ုပ်အား ခွင့်ပြုပါလော့၊ အကျွန်ုပ်အား အသပြာငါးရာ မရှိတော့ပါဟု ပြောဆို၏။ (၇)

၉၈၀။ အကျွန်ုပ်တောင်းခံနေပါလျက် အရှင်သည် အကယ်၍ မပေးငြားအံ့၊ ခုနစ်ရက်မြောက်သောနေ့၌ အရှင့်ဦးခေါင်းသည် ခုနစ်စိတ်ကွဲပါစေဟု ကျိန်ဆဲ၏။ (၈)

၉၈၁။ အံ့ဖွယ်သရဲ ပြုလုပ်တတ်သော ထိုပုဏ္ဏားသည် ဟန်ဆောင်ပြုပြင်၍ ကြောက်မက်ဖွယ်ရာကို ကျိန်ဆိုရေရွတ်၏၊ ဗာဝရီပုဏ္ဏားသည် ထိုပုဏ္ဏား၏ စကားကို ကြားရသဖြင့် စိတ်ဆင်းရဲမှု ဖြစ်လေ၏။ (၉)

၉၈၂။ ထိုဗာဝရီပုဏ္ဏားသည် သောကမြှားစူးဝင်နေသဖြင့် အစာအာဟာရကို မသုံးဆောင်နိုင်ချကား အသားအရေခြောက်ခန်း၏၊ ထိုပြင်လည်း ဤသို့ စိတ်ဆင်းရဲနေသော ဗာဝရီပုဏ္ဏား၏ စိတ်သည် ဈာန်သမာပတ်၌ မမွေ့လျော်နိုင်တော့ပေ။ (၁၀)

၉၈၃။ အကျိုးကိုလိုလားသော နတ်သည် ထိတ်လန့်မှုဖြင့်စိတ်ဆင်းရဲနေသော ဗာဝရီပုဏ္ဏားကို မြင်သည့်ရှိသော် ချဉ်းကပ်လျက် ဤစကားကို ပြောဆို၏။ (၁၁)

၉၈၄။ ထိုပုဏ္ဏားသည် ဦးခေါင်းကို သိသူမဟုတ်၊ ဥစ္စာကို အလိုရှိသဖြင့် အံ့ဖွယ်သရဲ ပြုတတ်သူသာ ဖြစ်၏၊ ဦးခေါင်း၌၎င်း ဦးခေါင်းပြုတ်ကျမှု၌၎င်း သိနိုင်သော ဉာဏ်ရှိသူမဟုတ်။ (၁၂)

http://www.dhammadownload.com



၉၉၅။ အရှင်နတ်မင်း ဦးခေါင်းကိုရင်း ဦးခေါင်းပြုတ်ကျမှုကိုရင်း အကယ်၍ သိခဲ့မူ မေးအပ်သော သင်နတ်သည် ထိုအကြောင်းကို အကျွန်ုပ်အားပြောကြားလော့၊ သင်၏ ထိုစကားကို နားထောင်ပါကုန်အံ့။ (၁၃)

၉၉၆။ ဤအရာကို ငါလည်းမသိပါ၊ ဤအရာ၌ ငါ့အား အသိဉာဏ် မရှိပါ၊ ဤအရာ၌ ဦးခေါင်းကိုရင်း ဦးခေါင်းပြုတ်ကျမှုကိုရင်း မြတ်စွာဘုရားတို့သာ သိမြင်နိုင်ပါ၏။ (၁၄)

၉၉၇။ အရှင်နတ်မင်း ယင်းသို့ဖြစ်မူ ဤမြေအပြင်၌ ထိုဦးခေါင်းကိုရင်း ထိုဦးခေါင်း ပြုတ်ကျမှုကိုရင်း အဘယ်သူ သိပါသနည်း၊ ထိုသိနိုင်သူကို အကျွန်ုပ်အား ပြောကြားပါလော့။ (၁၅)

၉၉၈။ ဩက္ကာကရာဇ်မင်း၏ အဆက်အနွယ် သာကီဝင်မင်းသား သိဒ္ဓတ္ထသည် ကပိလဝတ်ြနပြည်တော်မှ ထွက်ခွါပြီးလျှင် လောက၏အကြီးအကဲဖြစ်တော်မူ၍ ပညာအရောင်ကို ပြုတော်မူ၏။ (၁၆)

၉၉၉။ ဗာဝရီပုဏ္ဏား ထိုမြတ်စွာဘုရားသည် အလုံးစုံသော တရားတို့၏ အပြီးအဆုံးသို့ ရောက်တော်မူ၏၊ အလုံးစုံသောအဘိညာဏ် အစွမ်းအားသို့ ရောက်တော်မူ၏၊ အလုံးစုံသော တရားတို့၌ မြင်သောဉာဏ်မျက်စိ ရှိတော်မူ၏၊ ကံအားလုံးတို့၏ကုန်ခြင်းသို့ ရောက်တော်မူ၏။ ဉပဓိကုန်ရာ နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် လွတ်မြောက်သောစိတ် ရှိတော်မူ၏။ (၁၇)

၁၀၀၀။ ထိုမြတ်စွာဘုရားသည် ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူ၏၊ လောက၌ တရားကို ဟောတော်မူ၏၊ ပညာစက္ခုနှင့် ပြည့်စုံတော်မူ၏၊ သင်သွား၍ ထိုမြတ်စွာဘုရားကို မေးလျှောက်ချေလော့၊ ထိုမြတ်စွာဘုရားသည် သင့်အား ထိုအရာကို ဖြေကြားလတ္တံ့။ (၁၈)

၁၀၀၁။ ဗာဝရီပုဏ္ဏားသည် ဘုရားဟူသော စကားကို ကြားရလျှင် ဝမ်းမြောက်တက်ကြွသော စိတ်ရှိသည်ဖြစ်၏၊ ထိုဗာဝရီပုဏ္ဏား၏ ပူဆွေးမှု 'သောက'သည် နည်းပါးသွားလေ၏၊ များစွာသော နှစ်သက်မှု 'ပီတိ'ကိုလည်း ရလေ၏။ (၁၉)

၁၀၀၂။ နှစ်သက်တက်ကြွသော စိတ်ရှိသော ထိုဗာဝရီပုဏ္ဏားသည် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ အဘယ်ရွာ အဘယ်နိဂုံး အဘယ်ဇနပုဒ်၌ မြတ်စွာဘုရား နေတော်မူပါသနည်းဟု ထိုနတ်ကို မေး၏၊ ယင်းဘုရားရှိရာအရပ်သို့ သွား၍ အခြေနှစ်ချောင်းရှိသောသူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်တို့ ဖူးမြင်ကြပါကုန်အံ့။ (၂၀)

၁၀၀၃။ မာရ်ကိုအောင်တော်မူပြီးသော ကျယ်ပြန့်သော ပညာရှိတော်မူသော မြေကြီး အထုကဲ့သို့ မြတ်သော ပညာရှိတော်မူသော ပြိုင်ဘက်ကင်းတော်မူသော အာသဝေါတရား ကင်းတော်မူသော ထိုသာကီဝင်မင်းသား မြတ်စွာဘုရားသည် ကောသလမင်း၏မြို့တော် သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ လူတို့ထက်မြတ်သော ထိုမြတ်စွာဘုရားသည် ဦးခေါင်းပြုတ်ကျမှုကို သိတော်မူ၏။ (၂၁)

၁၀၀၄။ ထို့နောက် (ဗာဝရီပုဏ္ဏားသည်) ဝေဒကျမ်းတို့၌ ကမ်းတဖက်ရောက် တတ်မြောက်သော တပည့်ပုဏ္ဏားတို့ကိုခေါ်ပြီးလျှင် "လုလင်ပုဏ္ဏားတို့ လာကြကုန်လော့၊ သင်တို့အား ပြောကြားအံ့၊ ငါ၏စကားကို နားထောင်ကုန်လော့။ (၂၂)

http://www.dhammadownload.com



၁၀၀၅။ လောကဤ မြတ်စွာဘုရား၏ထင်ရှားပွင့်ခြင်းသည် အလွန်ရခဲလှ၏၊ ဘုရားဟူ၍ ကျော်စောသော ထိုမြတ်စွာဘုရားသည် လောကဤ ယခုပွင့်တော်မူပြီ၊ သာဝတ္ထိပြည်သို့ လျင်စွာသွား၍ အခြေနှစ်ချောင်းရှိ သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားကို ဖူးမြင်ကြ ချေကုန်လော့”(ဟု မိန့်ဆို၏)။ (၂၃)

၁၀၀၆။ ဆရာပုဏ္ဏား အကျွန်ုပ်တို့မြင်သည်ရှိသော် ဘုရားဟု အဘယ်သို့သိနိုင်ကုန်အံ့နည်း၊ ဘုရားဟု မသိသေးကုန်သော အကျွန်ုပ်တို့အား အကျွန်ုပ်တို့ သိနိုင်လောက်သည့် အကြောင်း ကို ပြောကြားပါလော့။ (၂၄)

၁၀၀၇။ ငါမပြောပြပေအံ့၊ မဟာပုရိသလက္ခဏာတို့သည် ဝေဒကျမ်းတို့၌ လာကုန်၏၊ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့ကိုလည်း အစဉ်အတိုင်း ပြည့်ပြည့်စုံစုံ ငါပြောခဲ့ပြီ။ (၂၅)

၁၀၀၈။ အကြင်သူ၏ကိုယ်တို့၌ ထိုမဟာပုရိသလက္ခဏာတို့ ရှိကုန်၏၊ ထိုသူအား နှစ်မျိုး သော အဖြစ်တို့သာ ရှိကုန်၏၊ သုံးခုမြောက် အဖြစ်ကား မရှိနိုင်၊ (၂၆)

၁၀၀၉။ ထိုသူသည် အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ ဒဏ်မထား လက်နက်မကိုင်မူ၍ တရားသဖြင့် ဆုံးမလျက် ဤမြေအပြင်ကို အောင်မြင်နိုင်ရာ၏။ (၂၇)

၁၀၁၀။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ပုဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ကိလေသာ အပိတ်အဖုံးကို ဖွင့်လှစ်ပြီးသော အတုမရှိသော ဘုရားဖြစ်နိုင်၏။ (၂၈)

၁၀၁၁။ ငါ၏အသက်အရွယ် အမျိုးအနွယ်ကိုငင်း လက္ခဏာနင့် ဝေဒကျမ်းကိုငင်း သင်ကြားထားအပ်သော ငါ့တပည့်တို့ကိုငင်း ထိုပြင် ဦးခေါင်းနှင့် ဦးခေါင်းပြုတ်ကျမှုကိုငင်း (ဤအမေးခုနစ်ခုတို့ကို) စိတ်ဖြင့်သာလျှင် မေးကြကုန်လော့။ (၂၉)

၁၀၁၂။ အကယ်၍ အပိတ်အဖုံမရှိ မြင်စွမ်းစော်မူနိုင်သော မြတ်စွာဘုရားဖြစ်ခဲ့ မူ စိတ်ဖြင့်မေးအပ်သော ပြဿနာတို့ကို နှုတ်ဖြင့် ဖြေကြားတော်မူလိမ့်မည်။ (၃၀)

၁၀၁၃-၁၀၁၅။ အဇိတ တိဿမေတ္တေယျ ပုဏ္ဏက မေတ္တဂူ ဓောတက ဥပသီဝ နန္ဒ ဟေမက တောဒေယျ ကပ္ပ ဇတုကဏ္ဏီပညာရှိ ဘဒြာဝုဓ ဥဒယ ပေါသာလပုဏ္ဏား မောဃရာဇပညာရှိ ပိင်္ဂိယရသေ့ကြီးဟူသော တပည့်ပုဏ္ဏား တဆယ့်ခြောက်ယောက်တို့ သည် ဗာဝရီပုဏ္ဏား၏ စကားကို ကြား၍ (၃၁-၃၃)

၁၀၁၆-၁၀၁၇။ ဂိုဏ်းအသီးသီးရှိကုန်သော လောကအားလုံး၌ ထင်ရှားကျော်စောကုန် သော ဈာန်ရကြသဖြင့် ဈာန်ဝင်စားမှု၌ မွေ့လျော်ကုန်သော ပညာရှိကုန်သော ရှေးဝါသနာ (သမ္မာဆန္ဒ)ဖြင့် ထုံအပ်ကုန်သော ဆံကျစ်ထုံး၍ သစ်နက်ရေကို ဆောင်ကုန် သော ထိုတပည့်ပုဏ္ဏားအားလုံးတို့သည် ဗာဝရီရသေ့ကို ရှိခိုးကြပြီးလျှင် အရှိအသေပြုလျက် မြောက်အရပ်သို့ ရှေးရှုကာ ဖဲသွားကြကုန်၏။ (၃၄-၃၅)

၁၀၁၈။ ထိုသို့သွားသောအခါ၌ အဠကမင်း၏ တည်နေရာ အာဟိဿတိမြို့တော်သို့ ဝင်ရောက်ကုန်၏၊ ဥဇ္ဇေနီပြည် ဂေါနဒ္ဓမြို့ ဝေဒိသမြို့ ဝနသမည်သော မြို့သို့ငင်း။ (၃၆)

http://www.dhammadownload.com



၁၀၁၉။ ကောသမ္ဗီပြည် သာကေတမြို့သို့ရှင်း မြို့တကာတို့ထက်မြတ်သော သာဝတ္ထိပြည်သို့ရှင်း သေတဗျမြို့သို့ရှင်း ကပိလဝတ်ပြည်သို့ရှင်း ကုသိနာရုံ ပြည်သို့ရှင်း။ (၃၇)

၁၀၂၀-၁၀၂၁။ ပါဝါမြို့သို့ရှင်း ဘောဂနဂရမြို့သို့ရှင်း ဝေသာလီပြည်သို့ရှင်း ရာဇဂြိုဟ်ပြည်သို့ရှင်း ဝင်ရောက်ခဲ့ကြပြီးလျှင် ရေငတ်သောသူသည် အေးမြသော ရေကိုရသကဲ့သို့ရှင်း ကုန်သွယ်သူသည် များစွာသောလာဘ်ကို ရသကဲ့သို့ရှင်း နွေရာသီ အပူနှိပ်စက်ခံရသူသည် အရိပ်ကိုရသကဲ့သို့ရှင်း နှစ်သက်မွေလျော်ဖွယ်ရှိသော ပါသာဏကနတ်ကွန်းရှိရာ တောင်သို့ အဆောတလျင် တက်ကြကုန်၏။ (၃၈-၃၉)

၁၀၂၂။ မြတ်စွာဘုရားသည်ကား ထိုအချိန်၌ ရဟန်းသံဃာခြံရံလျက် တောအတွင်း၌ ခြင်္သေ့မင်း ဟောက်သကဲ့သို့ ရဟန်းတို့အား တရားဟောတော်မူ၏။ (၄၀)

၁၀၂၃။ အဇိတသည် နေမင်းကို မြင်ရဘိသကဲ့သို့ရှင်း တဆယ့်ငါးရက်နေ့၌ ထွက်လာသော လပြည့်ဝန်းကို မြင်ရဘိသကဲ့သို့ရှင်း အရာမကသော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရလေ၏။ (၄၁)

၁၀၂၄။ ထို့နောင် ထိုမြတ်စွာဘုရား၏ကိုယ်တော်၌ ပြည့်စုံသောလက္ခဏာတော်ကို မြင်ရ၍ တခုသော နေရာ၌ ရပ်တည်လျက် ရွှင်လန်းနှစ်သက်သည်ဖြစ်၍ စိတ်ဖြင့် အမေးပြဿနာတို့ကို မေးလျှောက်လေ၏။ (၄၂)

၁၀၂၅။ ရည်ညွှန်း၍ (ဗာဝရီပုဏ္ဏား၏) အရွယ်ကို ဟောတော်မူပါလော့၊ လက္ခဏာ အင်္ဂါနှင့် တကွ အနွယ်ကို ဟောတော်မူပါလော့၊ ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက်သည်ကို ဟောတော်မူပါလော့၊ ဗာဝရီပုဏ္ဏားသည် အဘယ်မျှလောက်သော တပည့်အပေါင်းကို ပို့ချသနည်း-ဟု စိတ်ဖြင့်သာ အမေးပြဿနာတို့ကို (မေးလျှောက်၏)။ (၄၃)

၁၀၂၆။ (အဇိတ)ပုဏ္ဏား၏အသက် တရာ့နှစ်ဆယ်ရှိ၏၊ ထိုပုဏ္ဏားသည် အနွယ်အားဖြင့် ဗာဝရီဖြစ်၏၊ ထိုဗာဝရီပုဏ္ဏားကိုယ်၌ လက္ခဏာအင်္ဂါတို့ကား သုံးပါးတို့တည်း၊ ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက် တတ်မြောက်၏။ (၄၄)

၁၀၂၇။ အဘိဓာန် 'နိဃဏ္ဍု' ကျမ်း အလင်္ကာ 'ကေဋုဘ' ကျမ်းနှင့်တကွသောလက္ခဏာကျမ်း ဣတိဟာသကျမ်းတို့ကို တပည့်ငါးရာတို့အား သင်ကြားပို့ချ၏၊မိမိဥစ္စာဖြစ်သော ဝေဒကျမ်း၌ တဖက်ကမ်းသို့ ရောက်၏(ဟု ဟောတော်မူ၏)။ (၄၅)

၁၀၂၈။ ယုံမှားမှုကို ဖြတ်တောက်တော်မူနိုင်သော လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား ဗာဝရီပုဏ္ဏား၏ လက္ခဏာတို့ကို အကျယ်စိစစ်တော်မူလျက် ထင်စွာပြတော်မူပါ၊ အကျွန်ုပ်တို့အား ယုံမှားမဖြစ်ပါစေလင့်။ (၄၆)

၁၀၂၉။ လုလင် ဗာဝရီပုဏ္ဏားသည် လျှာဖြင့် မျက်နှာကို ဖုံးအုပ်နိုင်၏၊ ထိုဗာဝရီ၏ မျက်မှောင်အကြား၌ ဥဏ္ဏာလုံမွေးရှင်ပေါက်၏၊ ထိုဗာဝရီပုဏ္ဏားအား အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသအင်္ဂါရှိ၏ဟု သိလော့။ (၄၇)

၁၀၃၀။ တစုံတရာ အမေးပုစ္ဆာကို တစုံတရာ မကြားရပဲ မြတ်စွာဘုရား ဖြေတော်မူသော ပြဿနာတို့ကို ကြားနာရ၍ ရသေ့အားလုံးသည် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ လက်အုပ်ချီကာ အထူးထူး ကြံဆ၏။ (၄၈)

http://www.dhammadownload.com



၁၀၃၁။ စိတ်ဖြင့်မေးအပ်သော ပြဿနာတို့ကို အဘယ်သူ မေးပါသနည်း၊ နတ်သည်ပင် လျှင် မေးသလော၊ဗြဟ္မာသည်ပင် မေးသလော၊ သုဇာသခင် သိကြားမင်းသည်ပင် မေးသ လော၊ မြတ်စွာဘုရားသည် ဤအဖြေကို အဘယ်သူအား ဖြေကြားတော်မူပါသနည်း။ (၄၉)

၁၀၃၂။ ဗာဝရီပုဏ္ဏားသည် ဦးခေါင်းကိုငှင်း ဦးခေါင်းပြုတ်ကျမှုကိုငှင်း မေးလိုက်ပါ၏၊ မြတ်စွာဘုရား ဘုန်းတော်ကြီးသော အသျှင်ဘုရားသည် ထိုအမေးကို ဖြေကြားတော်မူပါ လော့၊ အကျွန်ုပ်တို့၏ ယုံမှားမှုကို ဖျောက်တော်မူပါလော့။ (၅၀)

၁၀၃၃။ အဇိတ အမှန်မသိမှု'အဝိဇ္ဇာ'သည် ဦးခေါင်းမည်၏၊ ယုံကြည်မှု'သဒ္ဓါ' အောက် မေ့မှု 'သတိ' တည်ကြည်မှု 'သမာဓိ'တို့နှင့်ငှင်း ကုသိုလ်ကို အလိုရှိမှု'ဆန္ဒ' အားထုတ်မှု'ဝီရိယ' နှင့်ငှင်း ယှဉ်သော (အရဟတ္တမဂ်)ဝိဇ္ဇာသည် ဦးခေါင်းကို ဖြုတ်ချတတ်သော တရားမည်၏ ဟူ၍ သင်မှတ်လေလော့။ (၅၁)

၁၀၃၄။ ထိုသို့ ဖြေကြားတော်မူသောအခါမှ အဇိတလုလင်သည် အားကြီးသော နှစ်သက် ဝမ်းမြောက်မှုဖြင့် တက်ကြွသော ကိုယ်စိတ်ရှိသည်ဖြစ်၍ ပခုံးတဖက်၌ သစ်နက်ရေကို တင်ကာ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်လေ၏။ (၅၂)

၁၀၃၅။ ပညာစက္ခုရှိတော်မူသော အသျှင်ဘုရား တပည့်တို့နှင့်တကွ ဗာဝရီပုဏ္ဏား သည် ဝမ်းမြောက်ဝမ်းသာ တက်ကြွသောစိတ်ရှိသည်ဖြစ်၍ အသျှင်ဘုရား၏ခြေတော်တို့ကို ရှိခိုးလိုက်ပါ၏။ (၅၃)

၁၀၃၆။ တပည့်တို့နှင့်အတူတကွ ဗာဝရီပုဏ္ဏားသည် ချမ်းသာစေသတည်း၊ အဇိတ လုလင် သင်သည်လည်း ချမ်းသာစေသတည်း၊ အသက်ရှည်စေသတည်း။ (၅၄)

၁၀၃၇။ ဗာဝရီပုဏ္ဏား၏ငှင်း သင်အဇိတ၏ငှင်း တပည့်အားလုံးတို့၏ငှင်း ယုံမှားအားလုံး ကို သင်တို့အား ငါဘုရား မေးခွင့်ပြုပြီ၊ သင်တို့၏စိတ်၌ မေးလိုသောပုစ္ဆာဟူသမျှကို မေးကြ ကုန်လော့။ (၅၅)

၁၀၃၈။ မြတ်စွာဘုရားက မေးခွင့်ပြုတော်မူသဖြင့် အဇိတလုလင်သည် ထိုင်ပြီးလျှင် လက်အုပ်ချီကာ ပဌမအမေးပြဿနာကို ထိုပါသဏာကနတ်ကွန်း၌ မြတ်စွာဘုရားအား မေးလျှောက်လေ၏။ (၅၆)

ဝတ္ထုဂါထာ ပြီး၏။

---

## ၁-အဇိတမာဏဝပုစ္ဆာ

၁၀၃၉။ (အဇိတသည် ဤသို့မေးလျှောက်၏)—

လောကကို အဘယ်တရားကဖုံးလွှမ်းထားပါသနည်း၊ လောကသည် အဘယ်တရားကြောင့် မထင်ရှားပါသနည်း၊ အဘယ်တရားကို လိမ်းကျံကပ်ငြိတတ်သော တရားဟု ဟောတော်မူပါ သနည်း၊ အဘယ်တရားသည် ထိုလောက၏ ဘေးကြီးဖြစ်ပါသနည်း။ (၁)

http://www.dhammadownload.com



၁၀၄၀။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

အဇိတ လောကကို မသိမှု 'အဝိဇ္ဇာ'ကဖုံးလွှမ်းထား၏၊ မိမိအားသာ ဖြစ်စေလို၍ သူတပါးအား မဖြစ်စေလိုမှု'မစ္ဆရိယ'နှင့် မေ့လျော့မှု'ပမာဒ'တရားကြောင့် လောကသည် မထင်ရှား၊ မြည်တမ်းကြောင်း (တဏှာ)ကို(လောကကို)လိမ်းကျံကပ်ငြိတတ်သော တရားဟု ငါဆို၏၊ သံသရာဝဋ်(ဒုက္ခ)သည် ထိုလောက၏ဘေးကြီးဖြစ်၏။ (၂)

၁၀၄၁။ (အဇိတသည် ဤသို့ မေးလျှောက်၏)—

အာယတနအားလုံးတို့၌ တဏှာအယဉ်တို့သည် စီးကုန်၏၊ တဏှာအယဉ်တို့ကို အဘယ်တရားသည် တားမြစ်ပိတ်ပင်နိုင်ပါသနည်း၊ တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်သော တရားကို ဟောတော်မူပါလော့၊ အဘယ်တရားက တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်ပါသနည်း။ (၃)

၁၀၄၂။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

အဇိတ လောက၌ စီးသွားကုန်သော တဏှာအယဉ်တို့ကို အောက်မေ့မှု 'သတိ'သည် တားမြစ်ပိတ်ပင်နိုင်၏၊ တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်သော တရားကို ငါဆိုအံ့၊ ပညာက ထိုတဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်၏။ (၄)

၁၀၄၃။ (အဇိတသည် ဤသို့မေးလျှောက်၏)—

အသျှင်ဘုရား ပညာသည်၎င်း သတိသည်၎င်း နာမ်ရုပ်သည်၎င်း ရှိပါ၏၊ ဤပညာသတိ နာမ်ရုပ်တရားသည် အဘယ်၌ ချုပ်ပါသနည်း၊ မေးအပ်သော အသျှင်ဘုရားသည် ဤအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့။ (၅)

၁၀၄၄။ အဇိတ သင်မေးအပ်သော အမေးပြဿနာကို ငါဖြေအံ့၊ အကြင်နိဗ္ဗာန်၌ နာမ်သည်၎င်း ရုပ်သည်၎င်း အကြွင်းမဲ့ချုပ်၏၊ ကုသိုလ်ကံ အကုသိုလ်ကံဟူသော အဘိသင်္ခါရ ဝိညာဏ်၏ ချုပ်ရာနိဗ္ဗာန်၌ ဤနာမ်ရုပ်သည် ချုပ်၏။ (၆)

၁၀၄၅။ မြတ်စွာဘုရား ဤလောက၌ အကြင်ပုဂ္ဂိုလ်တို့သည်ကား တရားကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်ကုန်၏၊ များစွာသော အကြင်ပုဂ္ဂိုလ်တို့သည်ကား ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ အကျင့်ကို မေးအပ်သော ရင့်ကျက်သော ပညာရှိတော်မူသောအသျှင်ဘုရားသည် အကျွန်ုပ်အား ဟောတော်မူပါလော့(ဟု လျှောက်၏)။(၇)

၁၀၄၆။ ရဟန်းသည် ကာမတို့၌ မတပ်မက် မတွယ်တာရာ၊ စိတ်ညစ်ညူးနောက်ကျုသူ မဖြစ်ရာ၊ တရားအားလုံးတို့၌ လိမ္မာသည့် သတိရှိသည်ဖြစ်၍ နေထိုင်ရာ၏ ဟု (ဟောတော်မူ၏။)(၈)

ရှေးဦးစွာသော အဇိတမာဏဝပုစ္ဆာ ပြီး၏။

---

## ၂-တိဿမေတ္တေယျမာဏဝပုစ္ဆာ

၁၀၄၇။ (တိဿမေတ္တေယျသည် ဤသို့ မေးလျှောက်၏)—

ဤလောက၌ အဘယ်သူသည် ရောင့်ရဲလွယ်သူဖြစ်ပါသနည်း၊ အဘယ်သူအား တုန်လှုပ်မှုတို့ မရှိပါကုန်သနည်း၊ အဘယ်သူသည် အစွန်းနှစ်ဖက်ကိုင်း အလယ်ကို၎င်း ပညာဖြင့်

http://www.dhammadownload.com



သိ၍ မလိမ်းကျံ မကပ်ငြိပါသနည်း၊ အဘယ်သူကို မဟာပုရိသဟူ၍ ဟောတော်မူပါသနည်း၊ ဤလောက၌ အဘယ်သူသည် ချုပ်စပ်တတ်သော တဏှာကို လွန်မြောက်ပါသနည်း။ (၁)

၁၀၄၈။ (မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏)—

မေတ္တေယျ အကြင်ရဟန်းသည် ကာမတို့၌ အပြစ်ကိုမြင်၍ မဂ်အကျင့်မြတ်ကို ကျင့်သုံးသူ တပ်မက်မှု'တဏှာ'ကင်းသူ အခါခပ်သိမ်း အောက်မေ့မှု'သတိ'ရှိသူ ပညာဖြင့် ဆင်ခြင်၍ ငြိမ်းအေးသူဖြစ်၏၊ ထိုရဟန်းအား တုန်လှုပ်တတ်သော တဏှာဒိဋ္ဌိတို့ မရှိကုန်။ (၂)

၁၀၄၉။ ထိုရဟန်းသည် ဒုက္ခသစ္စာ သမုဒယသစ္စာဟူသော အစွန်းနှစ်ဖက်ကိုရင်း နိရောဓသစ္စာဟူသော အလယ်ကိုရင်း မဂ်ပညာဖြင့်သိ၍ (တဏှာဒိဋ္ဌိတို့ဖြင့်) မလိမ်းကျံ မကပ်ငြိတော့ပေ၊ ထိုရဟန်းကို မဟာပုရိသဟူ၍ ငါဆို၏၊ ထိုရဟန်းသည် ဤလောက၌ ချုပ်စပ်တတ်သော တဏှာကို လွန်မြောက်လေပြီ။ (၃)

နှစ်ခုမြောက် တိဿမေတ္တေယျမာဏဝပုစ္ဆာ ပြီး၏။

---

## ၃-ပုဏ္ဏကမာဏဝပုစ္ဆာ

၁၀၅၀။ (ပုဏ္ဏကသည် ဤသို့မေးလျှောက်၏)—

တုန်လှုပ်မှု'တဏှာ' ကင်းတော်မူပြီးသော အကုသိုလ်အမြစ်အရင်းကို မြင်တော်မူသော အသျှင်ဘုရားကို ပြဿနာမေးရန် အလိုရှိသည်ဖြစ်၍ အကျွန်ုပ်ရောက်လာခဲ့ပါ၏၊ ဤလောက၌ ရသေ့တို့သည်၎င်း လူတို့သည်၎င်း မင်းတို့သည်၎င်း ပုဏ္ဏားတို့သည်၎င်း အဘယ်ကို မှီကုန်၍ နတ်တို့အား ယဇ်ပူဇော်မှုကို အများအပြား ပြုကြပါကုန်သနည်း မြတ်စွာဘုရား ထိုအကြောင်းကို မေးလျှောက်ပါ၏၊ ထိုအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့။ (၁)

၁၀၅၁။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ပုဏ္ဏက ဤလောက၌ ရသေ့တို့သည်၎င်း လူတို့သည်၎င်း မင်းတို့သည်၎င်း ပုဏ္ဏားတို့သည်၎င်း ဤသူအားလုံးတို့သည် လူနတ်ဗြဟ္မာအဖြစ်ကို တောင့်တကြကုန်လျက် နတ်တို့အား ပူဇော်မှုကို အများအပြားပြုကြကုန်၏၊ ထိုသူအားလုံးတို့သည် ဇရာစသော ဝဋ်ဆင်းရဲကို မှီကုန်လျက် ပူဇော်မှုကို ပြုကုန်၏။ (၂)

၁၀၅၂။ (ပုဏ္ဏကသည် ဤသို့လျှောက်၏)—

မြတ်စွာဘုရား ရသေ့တို့သည်၎င်း လူတို့သည်၎င်း မင်းတို့သည်၎င်း ပုဏ္ဏားတို့သည်၎င်း ဤသူအားလုံးတို့သည် နတ်တို့အား ပူဇော်မှုကို အများအပြား ပြုကြပါကုန်၏၊ မြတ်စွာဘုရား အသို့ပါနည်း၊ ပူဇော်မှု၌ မမေ့မလျော့ကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှုကို၎င်း အိုမှုကို၎င်း လွန်မြောက်နိုင်ပါကုန်သလော၊ ထိုအကြောင်းကို မေးလျှောက်ပါ၏၊ ထိုအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့။ (၃)

http://www.dhammadownload.com



၁၀၅၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ပုဏ္ဏက အကြင်သူတို့သည် လူနတ်ပြဟ္မာအဖြစ်ကို တောင့်တကုန်၏၊လျှုဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ် အလှူ၏အကျိုးအာနိသင်ကို ချီးမွမ်းကုန်၏၊ မြွက်ဆိုတမ်းတကုန်၏၊ ပူဇော်ပသကြကုန်၏၊ လူနတ်ပြဟ္မာအဖြစ် ရမှုကို စွဲ၍ ကာမတို့ကို တမ်းတကုန်၏၊ ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြကုန်သော်လည်း ဘဝကို တပ်စွန်းမှု 'တဏှာ'ဖြင့် တပ်မက်ကုန်သောကြောင့် ပဋိသန္ဓေနေမှု အိုမှု စသော ဝဋ်ဆင်းရဲကို မလွန်မြောက်နိုင်ကုန်ဟု ငါဆို၏။ (၄)

၁၀၅၄။ (ပုဏ္ဏကသည် ဤသို့မေးလျှောက်၏)—

မြတ်စွာဘုရား ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြပါကုန်သော်လည်း ပူဇော်မှုတို့ဖြင့် ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို အကယ်၍ မလွန်မြောက်နိုင်ကုန်ပါမူ အဘယ်သူသည် နတ်လောက လူ့လောက၌ ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို လွန်မြောက်နိုင်ပါသနည်း၊မြတ်စွာဘုရား ထိုအကြောင်းကို မေးလျှောက်ပါ၏၊ ထိုအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့။ (၅)

၁၀၅၅။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ပုဏ္ဏက လောက၌ အကြင်သူအား မိမိအတွင်း အပ သဘောတရားတို့ကို ပညာဖြင့် ဆင်ခြင်၍ တစုံတခုသော လောက၌ တုန်လှုပ်တတ်သော တဏှာမရှိ၊ ထိုသူသည် ကိလေသာငြိမ်းအေးသူ ဒုစရိုက် အခိုးကင်းသူ ဆင်းရဲကြောင်း ကိလေသာကင်းပြီးသူ တဏှာကင်းပြီးသူ ဖြစ်၍ ပဋိသန္ဓေနေမှု အိုမှု စသော ဝဋ်ဆင်းရဲကို ကူးမြောက်နိုင်၏ဟု ငါဆို၏။ (၆)

သုံးခုမြောက် ပုဏ္ဏကမာဏဝပုစ္ဆာ ပြီး၏။

---

## ၄-မေတ္တဂူမာဏဝပုစ္ဆာ

၁၀၅၆။ (မေတ္တဂူသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အသျှင်ဘုရားကို မဂ်ဉာဏ်လေးပါးတို့ဖြင့် အဆုံးသို့ရောက်ပြီးသူ ပွါးများပြီးသော စိတ်ရှိသူဟူ၍ အကျွန်ုပ်အောက်မေ့မှတ်ထင်ပါ၏၊ လောက၌ ဆင်းရဲဟူသမျှတို့သည် အမျိုးအပြားရှိပါကုန်၏၊ ဤဆင်းရဲတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာပါကုန်သနည်း၊ ထိုအကြောင်းကို မေးလျှောက်ပါ၏၊ အသျှင်ဘုရားသည် ထိုအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့။ (၁)

၁၀၅၇။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မေတ္တဂူ ဆင်းရဲ၏ဖြစ်ကြောင်းအစကို ငါ့အား သင်မေး၏၊ ထိုဆင်းရဲဖြစ်ကြောင်းအစကို ငါသိသည့်အတိုင်း သင့်အား ဟောကြားအံ့၊ လောက၌ အမျိုးအပြားအားဖြင့်ဖြစ်ကုန်သော ဆင်းရဲအားလုံးတို့သည် ကံကိလေသာစသော ဥပဓိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏။ (၂)

၁၀၅၈။ အကြင်သူသည် ပညာမဲ့သည်ဖြစ်၍ ကံကိလေသာစသော ဥပဓိကို ပြုလုပ်၏၊ ပညာမဲ့သော ထိုသူသည် အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ရောက်ရ၏၊

http://www.dhammadownload.com



ထို့ကြောင့် ဇာတိ(စသော) ဝဋ်ဆင်းရဲ၏ ဖြစ်ကြောင်းကို အဖန်ဖန်ရှုဆင်ခြင်လျက် (အနိစ္စစသည်ကို)ပိုင်းခြားသိသည်ဖြစ်၍ ကံကိလေသာစသော ဥပဓိကို မပြုလုပ်ရာ။ (၃)

၁၀၅၉။ အကြင်ပုစ္ဆာကို အကျွန်ုပ်တို့ မေးခဲ့ပါကုန်၏၊ အသျှင်သည် ထိုပုစ္ဆာကို အကျွန်ုပ်အား ဖြေကြားတော်မူခဲ့ပြီ၊ အသျှင်ဘုရားအား အခြားသော ပုစ္ဆာကို မေးပါကုန်အံ့၊ တိုက်တွန်းပါ၏၊ ထိုပုစ္ဆာကို ဖြေကြားတော်မူပါလော့၊ ပညာရှိတို့သည် သံသရာအယဉ်ကိုငင်း ပဋိသန္ဓေနေမှုကိုငင်း အိုမှုကိုငင်း ပူဆွေးမှု ငိုကြွေးမှုကိုငင်း အဘယ်သို့ လွန်မြောက်ပါကုန်သနည်း၊ တောင်းပန်ပါ၏၊ ထိုတရားကို အသျှင်ဘုရား သိတော်မူပြီးဖြစ်သောကြောင့် ထိုအမေးကို အကျွန်ုပ်အား ဖြေကြားတော်မူပါ။ (၄)

၁၀၆၀။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) —

မေတ္တဂူ ယခုဘဝ၌ပင် ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်ရောက်ကြောင်းတရားကို သင့်အား ငါဟောကြားပေအံ့၊ ယင်းသို့သောတရားကိုသိ၍ အောက်မေ့မှုသတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှု 'တဏှာ'ကို လွန်မြောက်နိုင်ရာ၏။ (၅)

၁၀၆၁။ မြတ်စွာဘုရား အကြင်တရားကိုသိ၍ အောက်မေ့မှု'သတိ'ရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှု'တဏှာ'ကို လွန်မြောက်နိုင်ရာ၏၊မြတ်သော ထိုတရားကို အကျွန်ုပ် အလွန်နှစ်သက်လှပါ၏။ (၆)

၁၀၆၂။ (မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏) —

မေတ္တဂူ ပစ္စုပ္ပန် အတိတ် အနာဂတ် စသော တရားအားလုံးကို (အနိစ္စစသောအပြားအားဖြင့်)သင်သိ၏၊ ထိုတရားအားလုံးတို့၌ နှစ်သက်မှုကိုငင်း တဏှာဒိဋ္ဌိဟူသော တည်ရာအိမ်ကိုငင်း အဘိသင်္ခါရဝိညာဏ်ကိုငင်း နုတ်ပယ်လေလော့၊ ဤသို့နုတ်ပယ်နိုင်သည်ရှိသော် ဘဝ၌ မတည်ရာ။ (၇)

၁၀၆၃။ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း နေလေ့ရှိသော ပညာရှိရဟန်းသည် အောက်မေ့မှု 'သတိ'ရှိလျက် မမေ့မလျော့ကျင့်ကာ တဏှာဒိဋ္ဌိအားဖြင့် မြတ်နိုးမှုတို့ကို ပယ်စွန့်သည်ရှိသော် ဤဘဝ၌ပင်လျှင် ပဋိသန္ဓေနေမှု အိုမှု စိုးရိမ်မှု ငိုကြွေးမှုဟူသော ဆင်းရဲကို ပယ်စွန့်နိုင်ရာ၏။ (၈)

၁၀၆၄။ ဂေါတမနွယ်ဖွား မြတ်စွာဘုရား မြတ်စွာဘုရား၏ ကောင်းစွာ ဟောကြားတော်မူအပ်သော ကံကိလေသာစသော ဥပဓိကို ပယ်ဘတ်သည့် ထိုစကားကို အကျွန်ုပ် နှစ်သက်ပါ၏၊ ထိုတရားကို အသျှင်ဘုရား သိတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရားသည် မချွတ်ကေန်ပင် ဆင်းရဲကို ပယ်တော်မူနိုင်ပါ၏။ (၉)

၁၀၆၅။ မြတ်စွာဘုရား အကျွန်ုပ် ကြံစည်မိသည်ကား အသျှင်ဘုရားသည် အကြင်သူတို့ကို မပြတ်ခါခါ ဆုံးမတော်မူရာ၏၊ထိုသူတို့သည်လည်း ဆင်းရဲကို ပယ်နိုင်ကုန်ရာ၏၊မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား ထို့ကြောင့် အသျှင်ဘုရားသို့ ချဉ်းကပ်၍ အကျွန်ုပ် ရှိခိုးပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို မပြတ်ခါခါ ဆုံးမတော်မူတန်ရာပါ၏။ (၁၀)

http://www.dhammadownload.com



၁၀၆၆။ မေတ္တဂူ အကြင်သူကို သင်သည် မကောင်းမှုမှအပပြုပြီးသူ မဂ်ဉာဏ်လေးပါးတို့ဖြင့် အဆုံးသို့ရောက်ပြီးသူ ကြောင့်ကြမှုမရှိသူ ကာမဘဝ၌ ကပ်ငြိခြင်း မရှိသူဟူ၍ သိရာ၏၊ ထိုသူသည် မချွတ်လျှင် ဤသံသရာအယဉ် 'ဩဃ'ကို လွန်မြောက်ပြီးသူ တဖက်ကမ်း (နိဗ္ဗာန်သို့) ကူးမြောက်ပြီးသူ ကိလေသာ ဆူးငြောင့်မရှိသူ ယုံမှားကင်းသူ ဖြစ်နိုင်တော့၏။ (၁၁)

၁၀၆၇။ ဤလောက၌ အကြင်သူသည် ပညာရှိ၏၊လေးပါးသောမဂ်ဉာဏ်တို့ဖြင့် အဆုံးသို့ရောက်၏၊ ထိုသူသည် ဘဝငယ် ဘဝကြီး၌ ဤရာဂစသော ကပ်ငြိတွယ်တာမှုကို ပယ်စွန့်သောကြောင့် တဏှာကင်းပြီးသူ ဆင်းရဲကြောင်းကိလေသာကင်းပြီးသူ တွယ်တာမှု ကင်းပြီးသူ ဖြစ်၍ ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို ကူးမြောက်နိုင်၏ဟု ငါဆို၏။ (၁၂)

လေးခုမြောက် မေတ္တဂူမာဏဝပုစ္ဆာ ပြီး၏။

---

## ၅-ဓောတကမာဏဝပုစ္ဆာ

၁၀၆၈။ (ဓောတကသည် ဤသို့ မေးလျှောက်၏)—

အမြတ်တရားကို ရှာမှီးတော်မူသောမြတ်စွာဘုရား အသျှင်ဘုရားကို မေးလျှောက်ပါ၏၊ ထိုအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့၊ အသျှင်ဘုရား၏ စကားတော်ကို အလွန်ကြားနာလိုပါ၏၊ အသျှင်ဘုရား၏ မြွက်ဆိုသံကို ကြားနာရ၍ မိမိ၏ရာဂစသည် ငြိမ်းအေးခြင်းငှါ ကျင့်နိုင်ရာပါ၏။ (၁)

၁၀၆၉။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဓောတက ထိုသို့ဖြစ်လျှင် ပြင်းစွာအားထုတ်မှုကို ပြုလော့၊ ဤငါဘုရားအထံမှ တရားသံကို ကြားနာရ၍ ဤငါဘုရား သာသနာတော်၌သာလျှင် ရင့်ကျက်သော ပညာရှိသည် အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ မိမိ၏ရာဂစသည် ငြိမ်းအေးခြင်းငှါ ကျင့်ရာ၏။ (၂)

၁၀၇၀။ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိတော်မူသော မြတ်စွာဘုရား နတ်လောက လူ့လောက၌ ရာဂစသောကြောင့်ကြမှု မရှိသော မကောင်းမှုကို အပပြုပြီး၍ လှည့်လည်ကြွသွားတော်မူသော အသျှင်ဘုရားကို အကျွန်ုပ်ဖူးမြင်ရပါ၏၊ ထိုအသျှင်ဘုရားကို အကျွန်ုပ်ရှိခိုးပါ၏၊ သာကီနွယ်ဖွား မြတ်စွာဘုရား အကျွန်ုပ်ကို ယုံမှားမှုတို့မှ လွတ်မြောက်စေတော်မူပါလော့။ (၃)

၁၀၇၁။ ဓောတက လောက၌ ယုံမှားမှုရှိသူ တဦးတယောက်ကိုမျှ လွတ်မြောက်စေခြင်းငှါ ငါဘုရားတတ်နိုင်မည်မဟုတ်၊ သင်သည် မြတ်သောနိဗ္ဗာန်တရားကို သိလတ်သော် ဤနည်းဖြင့် ဤသံသရာအယဉ် 'ဩဃ'ကို လွန်မြောက်နိုင်ရာ၏။ (၄)

၁၀၇၂။ ဗြဟ္မာမင်းသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား အကြင်သခ်ါရတို့မှ ကင်းဆိတ်သော နိဗ္ဗာန်တရားကို အကျွန်ုပ်သိရာပါ၏၊အကျွန်ုပ်အား သနားသည်ဖြစ်၍ ထိုတရားဖြင့် ဆုံးမတော်မူပါလော့၊အကျွန်ုပ်သည် ကောင်းကင်ကဲ့သို့ အသူးထူးအထွေထွေ ရှိသည်

http://www.dhammadownload.com



အဖြစ်သို့ မရောက်မူ၍ ဤသာသနာတော်၌သာလျှင် ကိလေသာတို့မှ ငြိမ်းအေးသည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ကို မမှီပဲ ကျင့်ကြံအားထုတ်လိုပါ၏။ (၅)

၁၀၇၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဓောတက ယခုဘဝ၌ပင် တဆင့်ကြားမဟုတ် ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော ကိလေသာ ငြိမ်းအေးမှု နိဗ္ဗာန်တရားကို သင့်အား ငါဟောကြားပေအံ့၊ ယင်းတရားကိုသိ၍ အောက်မေ့မှု 'သတိ'ရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှု 'တဏှာ'ကို လွန်မြောက်နိုင်ရာ၏။ (၆)

၁၀၇၄။ အမြတ်တရားကို ရှာမှီးတော်မူသော မြတ်စွာဘုရား အကြင်ကိလေသာမှ ငြိမ်းအေးမှု နိဗ္ဗာန်တရားမြတ်ကို သိ၍ အောက်မေ့မှု 'သတိ'ရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှု 'တဏှာ'ကို လွန်မြောက်နိုင်ရာ၏၊ ထိုကိလေသာမှ ငြိမ်းအေးမှု နိဗ္ဗာန်တရားမြတ်ကို အကျွန်ုပ်နှစ်သက်လှပါ၏။ (၇)

၁၀၇၅။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဓောတက ပစ္စုပ္ပန် အတိတ် အနာဂတ်စသော တရားအားလုံးကို အနိစ္စစသော အပြားအားဖြင့် သင်သိ၏၊ လောက၌ ထိုတရားအားလုံးကို ကပ်ငြိတတ်သော တရားဟုသိ၍ ဘဝကြီးငယ်၌ ဖြစ်ခြင်းငှါ တပ်မက်တွယ်တာမှု 'တဏှာ'ကို မပြုလေလင့်။ (၈)

ငါးခုမြောက် ဓောတကမာဏဝပုစ္ဆာ ပြီး၏။

---

## ၆-ဥပသီဝမာဏဝပုစ္ဆာ

၁၀၇၆။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏)—

သာကီနွယ်ဖွား မြတ်စွာဘုရား အကျွန်ုပ်သည် တယောက်တည်း အမှီမရှိပဲ ကြီးကျယ်သော 'ဩဃ'သံသရာအယဉ်ကို ကူးမြောက်ခြင်းငှါ မတတ်နိုင်ပါ၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိသော မြတ်စွာဘုရား အကြင်တရားကိုမှီ၍ ဤသံသရာအယဉ် 'ဩဃ'ကို ကူးမြောက်နိုင်ရာ၏၊ ထိုမှီရာ တရားကို ဟောတော်မူပါလော့။ (၁)

၁၀၇၇။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဥပသီဝ အောက်မေ့မှု 'သတိ'ရှိလျက် အာကိဉ္စညာယတနသမာပတ်ကို အနိစ္စစသော အားဖြင့် ရှုသည်ဖြစ်၍ (တစုံတခုမျှ)မရှိဟူသော (အာကိဉ္စညာယတနသမာပတ်ကို)မှီ၍ သံသရာအယဉ် 'ဩဃ'ကို ကူးမြောက်လေလော့၊ ကာမတို့ကို ပယ်လျက် ယုံမှားခြင်းတို့မှ ကင်းပျောက်သည်ဖြစ်၍ တပ်မက်မှု'တဏှာ'ကုန်ရာ (နိဗ္ဗာန်)ကို နေ့ရောညဉ့်ပါ ထင်စွာ ရှုလော့။ (၂)

၁၀၇၈။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား အကြင်သူသည် အလုံးစုံသော ကာမတို့၌ တပ်မက်မှုကင်း၏၊ အာကိဉ္စညာယတနသမာပတ်ကို အမှီပြုလျက် တပါးသော သမာပတ်ကို စွန့်၍ မြတ်သော အာကိဉ္စညာယတနသမာပတ်ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏၊ ထိုသူသည် အာကိဉ္စညာယတနဗြဟ္မာ့ဘုံ၌ရောက်သည်ဖြစ်၍ တည်ရာသလော။ (၃)

http://www.dhammadownload.com



၁၀၇၉။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဥပသီဝ အကြင်သူသည် အလုံးစုံသောကာမတို့၌ တပ်မက်မှုကင်း၏၊ အာကိဉ္စညာယတန သမာပတ်ကို အမှီပြုလျက် တပါးသော သမာပတ်ကို စွန့်၍ မြတ်သော အာကိဉ္စညာယတန သမာပတ်ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏၊ထိုသူသည် အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာ၏။ (၄)

၁၀၈၀။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏)—

ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိတော်မူသော မြတ်စွာဘုရား ထိုသူသည် ထိုအာကိဉ္စညာယတနဗြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ခဲ့မူ ထိုဘုံ၌ပင်လျှင် နှစ်ပေါင်း များစွာ ငြိမ်းအေးသည်ဖြစ်၍(ဆင်းရဲတို့မှ)လွတ်မြောက်သည် ဖြစ်ရာသလော၊ သို့မဟုတ်မူ ထိုသို့သဘောရှိသော သူ၏ ဝိညာဏ်သည် ရွေ့လျောရသေးသလော။ (၅)

၁၀၈၁။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဥပသီဝ လေဟုန်ဖြင့် လွှင့်သော မီးလျှံသည် ချုပ်ပျောက်ခြင်းသို့ ရောက်သကဲ့သို့ တစုံတခု ခေါ်ဝေါ်အပ်သော အဖြစ်သို့ မရောက်သကဲ့သို့ ဤအတူ ရဟန်းသည် နာမကာယမှ လွတ်သည်ဖြစ်၍ ချုပ်ပျောက်ခြင်းသို့ ရောက်၏၊ တစုံတခု ခေါ်ဝေါ်အပ်သော အဖြစ်သို့ မရောက်။ (၆)

၁၀၈၂။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏)—

ထိုသူသည် ချုပ်ပျောက်ခြင်းသို့ ရောက်သွားသလော၊ သို့မဟုတ် မရှိတော့ပြီလော၊ သို့မဟုတ်မူ စင်စစ်မြဲသောသဘောဖြင့် မဖောက်ပြန်တော့ပြီလော၊ မြတ်စွာဘုရား တောင်းပန်ပါ၏၊ ထိုတရားကို အသျှင်ဘုရား သိပြီးဖြစ်သောကြောင့် ထိုအကြောင်းကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (၇)

၁၀၈၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဥပသီဝ ပရိနိဗ္ဗာန်ပြုခြင်းသို့ရောက်သူအား ရုပ်စသော အတိုင်းအရှည်ပမာဏ မရှိ၊အကြင် ရာဂစသော အကြောင်းဖြင့် ထိုသူကို(တပ်မက်သူ စသည်ဖြင့်) ဆိုကုန်ရာ၏၊ ထိုသူအား ထိုအကြောင်းမျိုး မရှိတော့ပြီ၊ (ခန္ဓာစသောတရား)အားလုံးတို့ကို ပယ်နုတ်ပြီးကုန်သည် ရှိသော် အလုံးစုံသော ခေါ် ဆိုရာ အကြောင်းမျိုးကိုလည်း ပယ်နုတ်ပြီး ဖြစ်ကုန်၏။ (၈)

ခြောက်ခုမြောက် ဥပသီဝမာဏဝပုစ္ဆာ ပြီး၏။

---

## ၇-နန္ဒမာဏဝပုစ္ဆာ

၁၀၈၄။ (နန္ဒသည် ဤသို့ မေးလျှောက်၏)—

လောက၌ (မုနိ) အမည်ခံ အာဇီဝကစသည်တို့ ရှိကုန်၏ဟု လူတို့ပြောဆိုကုန်၏၊ ထို စကားကို အဘယ့်ကြောင့် ဆိုကုန်သနည်း၊ သမာပတ်ဉာဏ် စသည်နှင့် ပြည့်စုံသောသူကို

http://www.dhammadownload.com



မုနိဟု ဆိုကုန်ပါသလော၊ သို့မဟုတ် ခေါင်းပါးသော အသက်မွေးမှုနှင့် ပြည့်စုံသောသူကို မုနိဟု ဆိုကုန်ပါသလော။ (၁)

၁၀၈၅။ နန္ဒ ဤသာသနာတော်ဝယ် ခန္ဓာစသည်၌ လိမ္မာသူတို့သည် အမြင်စင်ကြယ်မှုဖြင့် မုနိဟူ၍ မဆိုကုန်၊ အကြား စင်ကြယ်မှုဖြင့် မုနိဟူ၍ မဆိုကုန်၊သမာပတ်စသော ဉာဏ်ဖြင့် မုနိဟူ၍ မဆိုကုန်၊ အကြင်သူတို့သည် ကိလေသာစသော မာရ်စစ်သည်ကင်းအောင် ပြုပြီး၍ ဆင်းရဲ မရှိကြကုန်၊ ကပ်ငြိတွယ်တာမှု 'အာသာ'မရှိကြကုန်ပဲ ကျင့်ကြကုန်၏၊ ထိုသူတို့ကို မုနိတို့ဟူ၍ ဆို၏။ (၂)

၁၀၈၆။ (နန္ဒသည် ဤသို့ မေးလျှောက်၏)—

ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤသမဏဗြာဟ္မဏအားလုံးတို့သည် မြင်မှု ကြားမှုဖြင့်လည်း စင်ကြယ်၏ဟု ဆိုကုန်၏၊ စောင့်ထိန်းမှု'သီလ' ဆောက်တည်မှု 'ဝတ'ဖြင့်လည်း စင်ကြယ်၏ဟူ၍ ဆိုကုန်၏၊ များသောအပြားရှိသော ကောတုဟလမင်္ဂလာဖြင့်လည်း စင်ကြယ်၏ဟု ဆိုကုန်၏၊ မြတ်စွာဘုရား အသို့ပါနည်း၊ ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ထိုမိမိအယူ၌ စောင့်စည်းနေထိုင်ကြကုန်သည်ရှိသော် ပဋိသန္ဓေနေမှု အိုမှုကို လွန်မြောက်နိုင်ပါကုန်သလော၊ မြတ်စွာဘုရား ထိုအကြောင်းကို မေးလျှောက်ပါ၏၊ အကျွန်ုပ်အား ထိုအကြောင်းကို ဟောတော်မူပါလော့။ (၃)

၁၀၈၇။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

နန္ဒ ဤသမဏဗြာဟ္မဏအားလုံးတို့သည် မြင်မှု ကြားမှုဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ စောင့်ထိန်းမှု'သီလ' ဆောက်တည်မှု'ဝတ'ဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ များသောအပြားရှိသော ကောတုဟလမင်္ဂလာဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် မိမိအယူ၌ ယှဉ်၍ စောင့်စည်းနေထိုင်ကြစေကာမူ ထိုသမဏဗြာဟ္မဏတို့သည် ပဋိသန္ဓေနေမှု အိုမှုကို မကူးမြောက်နိုင်ကြကုန်ဟု ငါဆို၏။ (၄)

၁၀၈၈။ (နန္ဒသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား ဤသမဏဗြာဟ္မဏအားလုံးတို့သည် မြင်မှုကြားမှုဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊စောင့်ထိန်းမှု'သီလ'ဆောက်တည်မှု'ဝတ'ဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ များသောအပြားရှိသော ကောတုဟလမင်္ဂလာဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ ထိုသမဏဗြာဟ္မဏအားလုံးတို့ကို သံသရာအယဉ် 'ဩဃ'မှ မကူးမြောက်နိုင်ကြသူတို့ဟု အကယ်၍ ဟောတော်မူခဲ့မူ မြတ်စွာဘုရား နတ်လောက လူလောက၌ အဘယ်သူသည် ပဋိသန္ဓေနေမှု အိုမှုကို ကူးမြောက်နိုင်ပါသနည်း၊ မြတ်စွာဘုရား ထိုအကြောင်းကို မေးလျှောက်ပါ၏၊ အကျွန်ုပ်အား ထိုအကြောင်းကို ဟောတော်မူပါလော့။ (၅)

၁၀၈၉။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

နန္ဒ သမဏဗြာဟ္မဏအားလုံးတို့ကို ပဋိသန္ဓေနေမှု အိုမှုသည် မိတ်မှုံးအပ်ကုန်၏ဟူ၍ ငါမဆို၊ ဤလောက၌ အကြင်သူတို့သည် မြင်ရသော ရူပါရုံ ကြားရသော သဒ္ဒါရုံ ထောက်ရသော

http://www.dhammadownload.com



ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံဖြင့် စင်ကြယ်၏ဟူသောအယူ စောင့်ထိန်းမှု 'သီလ' ဆောက်တည်မှု 'ဝတ'ဖြင့် စင်ကြယ်၏ဟူသော အယူအားလုံးကို ပယ်စွန့်၍ များသော အပြားရှိသော ကောတုဟလမင်္ဂလာ အားလုံးကိုလည်း ပယ်စွန့်နိုင်၍ တပ်မက်မှု'တဏှာ'ကို ပိုင်းခြားသိလျက် အာသဝကင်းကုန်၏၊ ထိုသူတို့ကို သံသရာအယဉ် 'ဩဃ'မှ လွန်မြောက်ကုန်ပြီဟု ငါဆို၏။ (၆)

၁၀၉၀။ ဂေါတမနွယ်ဖွား မြတ်စွာဘုရား မြတ်စွာဘုရား၏ ဒေကာင်းစွာဟောကြားတော်မူအပ်သော ကံ ကိလေသာစသော ဥပဓိကို ပယ်တတ်သည့် ထိုစကားကို အကျွန်ုပ် နှစ်သက်ပါ၏၊ဤလောက၌ အကြင်သူတို့သည် မြင်ရသော ရူပါရုံ ကြားရသော သဒ္ဒါရုံ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံဖြင့် စင်ကြယ်၏ဟူသောအယူ စောင့်ထိန်းမှု'သီလ' ဆောက်တည်မှု'ဝတ' ဖြင့် စင်ကြယ်၏ဟူသော အယူအားလုံးကို ပယ်စွန့်နိုင်၍ များသောအပြားရှိသော ကောတုဟလမင်္ဂလာအားလုံးကိုလည်း ပယ်စွန့်နိုင်၍ တပ်မက်မှု 'တဏှာ'ကို ပိုင်းခြားသိလျက် အာသဝကင်းကုန်၏၊ ထိုသူတို့ကို သံသရာအယဉ် 'ဩဃ'မှ လွန်မြောက်ကုန်၏ဟု အကျွန်ုပ်လည်း ဆိုပါ၏။ (၇)

ခုနစ်ခုမြောက် နန္ဒမာဏဝပုစ္ဆာ ပြီး၏။

---

**ဂ-ဟေမကမာဏဝပုစ္ဆာ**

၁၀၉၁။ (ဟေမကသည် ဤသို မေးလျှောက်၏)—

ဂေါတမဘုရား၏ သာသနာတော် မပေါ်သေးမီ ရှေးအခါက အကြင်ဆရာတို့သည် ဤသို့ ဖြစ်ခဲ့ပြီ၊ ဤသို့ဖြစ်လိမ့်မည်ဟု အကျွန်ုပ်အား(မိမိတို့အယူအဆကို)ပြောကြားကြပါကုန်၏၊ (ထိုသူတို့၏)ထိုအလုံးစုံသော စကားသည် တဆင့်ကြားကာမျှသာတည်း၊ ထိုအလုံးစုံသည် ကာမဝိတက် စသည်ကိုသာ ပွါးစေနိုင်၏၊ အကျွန်ုပ်သည် ထိုအယူတို့၌ မနှစ်သက်နိုင်ပါ။ (၁)

၁၀၉၂။ မြတ်စွာဘုရား အကြင်တရားကို သိ၍ အောက်မေ့မှု'သတိ' ရှိလျက် ကျင့်သူသည် လောက၌ ကပ်ငြိမှု 'တဏှာ'ကို လွန်မြောက်ရာ၏၊ တပ်မက်မှု 'တဏှာ'ကို ဖျက်ဆီးတတ်သော ထိုတရားကို အသျှင်ဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါလော့၊ (၂)

၁၀၉၃။ ဟေမက ဤလောက၌ ချစ်ဖွယ်သဘောရှိကုန်သော မြင်ရ ကြားရ ရောက်ရ သိရသော အာရုံခြောက်ပါး တရားတို့၌ အလွန်တပ်စွန်းမှု 'ဆန္ဒရာဂ'ကို ပယ်ဖျောက်နိုင်သော ငြိမ်းအေးရာနိဗ္ဗာန်သည် ရွေ့လျောခြင်းမရှိ။ (၃)

၁၀၉၄။ အောက်မေ့မှု'သတိ'ရှိကြသော အကြင်သူတို့သည် ထိုနိဗ္ဗာန်ကို သိသောကြောင့် တရားကိုမြင်ပြီးသူ(ကိလေသာမီး)ငြိမ်းအေးပြီးသူတို့ ဖြစ်ကုန်၏၊ထိုသူတို့သည် အခါခပ်သိမ်း (ကိလေသာမှ) ငြိမ်းကုန်သည်ဖြစ်၍ လောက၌ ကပ်ငြိမှု 'တဏှာ' ကို လွန်မြောက်ကုန်၏။ (၄)

ရှစ်ခုမြောက် ဟေမကမာဏဝပုစ္ဆာ ပြီး၏။

http://www.dhammadownload.com



## ၉-တောဒေယျမာဏဝပုစ္ဆာ

၁၀၉၅။ (တောဒေယျသည် ဤသို့ မေးလျှောက်၏)—

အကြင်ပုဂ္ဂိုလ်၌ ကာမတို့ မကိန်းအောင်းကုန်၊ အကြင်သူအား တပ်မက်မှု 'တဏှာ' မရှိ၊ အကြင်ပုဂ္ဂိုလ်သည် သိလော သို့လော တွေးတောမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၏၊ ထိုပုဂ္ဂိုလ်အား အဘယ်သို့သော လွတ်မြောက်မှု 'ဝိမောက္ခ' ကို အလိုရှိအပ်ပါသေးသနည်း။ (၁)

၁၀၉၆။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

တောဒေယျ အကြင်ပုဂ္ဂိုလ်၌ ကာမတို့ မကိန်းအောင်းကုန်၊ အကြင်ပုဂ္ဂိုလ်အား တပ်မက်မှု 'တဏှာ' မရှိ၊ အကြင်ပုဂ္ဂိုလ်သည် သို့လော သို့လော တွေးတောမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၏၊ ထိုပုဂ္ဂိုလ်အား အခြားတပါးသော လွတ်မြောက်မှု 'ဝိမောက္ခ' ကို အလိုမရှိအပ်တော့ပြီ။ (၂)

၁၀၉၇။ သာကီနွယ်ဖွား မြတ်စွာဘုရား ထိုသူသည် တွယ်တာမှု 'အာသာ' ကင်းပြီးလော၊ သို့မဟုတ် တွယ်တာမှု 'အာသာ' ရှိသေးသလော၊ ထိုသူသည် ပညာရှိသူဖြစ်ပါသလော၊ သို့မဟုတ် သမာပတ္တိစသော ဉာဏ်ဖြင့် တဏှာကပ္ပ ဒိဋ္ဌိကပ္ပကို ဖြစ်စေသူပါလော၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သိနိုင်လောက်အောင် ထိုမုနိကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (၃)

၁၀၉၈။ တောဒေယျ ထိုသူသည် တွယ်တာမှု အာသာကင်းပြီ၊ တွယ်တာမှု အာသာမရှိတော့ပြီ၊ ထိုသူသည် ပညာရှိသူဖြစ်၏၊ သမာပတ္တိစသော ဉာဏ်ဖြင့် တဏှာကပ္ပ ဒိဋ္ဌိကပ္ပကို ဖြစ်စေသူ မဟုတ်တော့ပြီ၊ ဤသို့လျှင် ကြောင့်ကြမရှိသူ ကာမ၌ရင်း ဘဝ၌ရင်း ကပ်ငြိမှု 'တဏှာ' မရှိသူကို မုနိဟူ၍ သိလော့။ (၄)

**ကိုးခုမြောက် တောဒေယျမာဏဝပုစ္ဆာ ပြီး၏။**

---

## ၁၀-ကပ္ပမာဏဝပုစ္ဆာ

၁၀၉၉။ (ကပ္ပသည် ဤသို့ မေးလျှောက်၏)—

မြတ်စွာဘုရား ဖြစ်ပေါ်နေသော များသောဘေးရှိသော ဩဃလေးဖြာ သံသရာ့အလယ်၌ တည်ကုန်သော အိုခြင်းသေခြင်းသည် နှိပ်စက်အပ်ကုန်သောသူတို့၏ (မှီခိုရာ) ကျွန်းကို ဟောတော်မူပါလော့၊ အသျှင်ဘုရားသည် ဆင်းရဲတဖန် မဖြစ်နိုင်ရာသော ဤကျွန်းကို အကျွန်ုပ်အား မိန့်ကြားတော်မူပါလော့။ (၁)

၁၁၀၀။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ကပ္ပ ဖြစ်ပေါ်နေသော များသောဘေးရှိသော ဩဃလေးဖြာ သံသရာအလယ်၌ တည်ကုန်သော အိုခြင်း သေခြင်းသည် နှိပ်စက်အပ်ကုန်သော သူတို့၏ (မှီခိုရာ) ကျွန်းကို သင့်အား ငါဘုရား ဟောအံ့။ (၂)

http://www.dhammadownload.com



၁၁၀၁။ (မှီခိုရာ)ကျွန်းသည် ကြောင့်ကြမှုမရှိ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းယူရာမဟုတ်၊ဤကျွန်းမှတပါး အခြား ကျွန်း မရှိ၊ အိုခြင်း သေခြင်း၏ကုန်ရာဖြစ်သော ထိုကျွန်းကို နိဗ္ဗာန်ဟူ၍ ငါဆို၏။ (၃)

၁၁၀၂။ အောက်မေ့မှု 'သတိ'ရှိသော အကြင်သူတို့သည် ထိုနိဗ္ဗာန်ကျွန်းကို သိခြင်းကြောင့် တရားကို မြင်ပြီးသူ ကိလေသာမီးငြိမ်းသူ ဖြစ်ကုန်၏၊ ထိုသူတို့သည် မာရ်၏ နောက်လိုက်မဟုတ်တော့ကုန်၊ မာရ်၏အလုပ်အကျွေးမဟုတ်တော့ကုန်။ (၄)

ဆယ်ခုမြောက် ကပ္ပမာဏဝပုစ္ဆာ ပြီး၏။

---

## ၁၁-ဇတုကဏ္ဏိမာဏဝပုစ္ဆာ

၁၁၀၃။ (ဇတုကဏ္ဏိသည် ဤသို့ မေးလျှောက်၏)—

လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ကာမကို လိုလားခြင်း ကင်းတော်မူသော အသျှင်ဘုရားကို (အရဟံစသောဂုဏ်နှင့် ပြည့်စုံ၏ဟု)ကြားသိရ၍ ဩဃလေးဖြာသိသရာမှ လွတ်မြောက်ပြီးသော လိုလားမှု ကာမကင်းတော်မူသော အသျှင်ဘုရားကို မေးလျှောက်ခြင်းငှါ လာရောက်ခဲ့ပါ၏၊ ဘုရားဖြစ်သည်နှင့်တပြိုင်နက် သဗ္ဗညုတဉာဏ်ကိုရတော်မူသော မြတ်စွာဘုရား ငြိမ်းအေးမှု နိဗ္ဗာန်ကို ဟောတော်မူပါလော့၊ ဟုတ်မှန်တိုင်းသော ထိုနိဗ္ဗာန်ကို မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (၁)

၁၁၀၄။ တန်ခိုးရှိသော နေမင်းသည် တန်ခိုးဖြင့် မြေကို လွှမ်းမိုး၍ ဖြစ်သကဲ့သို့ ဤအတူ မြတ်စွာဘုရားသည် ကာမဘို့ကို လွှမ်းမိုး၍ ဖြစ်တော်မူ၏၊ မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် ဤသာသနာတော်၌ ပဋိသန္ဓေနေမှု အိုမှုကို ပယ်ဖျက်နိုင်သော အကြင်တရားကို အကျွန်ုပ်သိရာ၏၊ ထိုတရားကို ပညာနည်းသော အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ (၂)

၁၁၀၅။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဇတုကဏ္ဏိ ကာမမှ ထွက်မြောက်ရာ(နိဗ္ဗာန်)ကို ဘေးကင်းရာဟု ရှုမြင်၍ ကာမတို့၌ တပ်မက်မောမှုကို ပယ်ဖျောက်လော့၊ (တဏှာဒိဋ္ဌိဖြင့်)စွဲယူအပ်သော ပယ်စွန့်သင့် ပယ်စွန့်ထိုက်သော ရာဂစသော ကြောင့်ကြမှုသည် သင့်အား မဖြစ်စေလင့်။ (၃)

၁၁၀၆။ အတိတ်သင်္ခါရတို့ကို (အာရုံပြု၍ ဖြစ်သော) ကိလေသာမျိုးကို ခြောက်ခန်းစေလော့၊ အနာဂတ်သင်္ခါရတို့ကို (အာရုံပြု၍ ဖြစ်သော ရာဂစသော) ကြောင့်ကြမှု သင့်အား မဖြစ်စေလင့်၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူခဲ့မူ ကိလေသာငြိမ်းအေးသည်ဖြစ်၍ နေရလတ္တံ့။ (၄)

၁၁၀၇။ ဇတုကဏ္ဏိ အကြင်အာသဝတို့ဖြင့် သေမင်း၏အလိုသို့လိုက်ရ၏၊ နာမ်တရား ရုပ်တရားအားလုံး၌ (ငါ ငါ၏ဥစ္စာဟု)မြတ်နိုးစွဲလမ်းမှု ကင်းပြီးသော ထိုရဟန္တာပုဂ္ဂိုလ်အား ထိုအာသဝတို့ မရှိတော့ကုန်။ (၅)

တဆယ့်တခုမြောက် ဇတုကဏ္ဏိမာဏဝပုစ္ဆာ ပြီး၏။

http://www.dhammadownload.com



## ၁၂-ဘဒြာဝုဓမာဏဝပုစ္ဆာ

၁၁၀၈။ (ဘဒြာဝုဓသည် ဤသို့ မေးလျှောက်၏)—

ခန္ဓာအိမ်၌ တပ်စွန်းမှု'ဏှာ'ကို စွန့်တော်မူပြီးသော တပ်မက်မှု 'တဏှာ'ကို ဖြတ်တောက်တော်မူပြီးသော တုန်လှုပ်မှု'တဏှာ'ကင်းတော်မူပြီးသော နှစ်သက်မှု'တဏှာ'ကို စွန့်တော်မူပြီးသော'ဩဃ'လေးပြာ သံသရာကို လွန်မြောက်တော်မူပြီးသော (ကိလေသာတို့မှ) လွတ်မြောက်တော်မူပြီးသောတဏှာကပ္ပ ဒိဋ္ဌိကပ္ပကို စွန့်တော်မူပြီးသော ကောင်းသောပညာရှိတော်မူသော မြတ်စွာဘုရားကို ရှိသေစွာ တောင်းပန်ပါ၏၊ မကောင်းမှုရှိတော်မမူသော အသျှင်ဘုရား၏ (စကားတော်ကို) ကြားနာရပြီးသော် ဤ(ပါသာဏကနတ်ကွန်း)မှ ဖဲသွားကြရပါကုန်လတ္တံ့။ (၁)

၁၁၀၉။ လုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏ စကားတော်ကို အလွန်လိုလားကုန်သော လူအမျိုးမျိုးတို့သည် အင်္ဂ မဂဓစသော ဇနပုဒ်တို့မှ အညီအညွတ်ရောက်လာကြကုန်၏၊ တောင်းပန်ပါ၏၊အသျှင်ဘုရားသည် ဤတရားကို ဟုတ်မှန်သည့်အတိုင်း သိတော်မူပြီးဖြစ်ပါသောကြောင့် ထိုသူတို့အား အသျှင်ဘုရား ဟောကြားတော်မူပါလော့။ (၂)

၁၁၁၀။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

ဘဒြာဝုဓ အနာဂတ်၌၎င်း အတိတ်၌၎င်း ပစ္စုပ္ပန်၌၎င်း စွဲယူမှု တဏှာအားလုံးကို ပယ်ဖျောက်ရာ၏၊ မှန်၏ လောက၌ အကြင်အကြင် ရုပ်ဝေဒနာစသော တရားကို စွဲယူကုန်၏၊ ထိုထိုတရားဖြင့်သာလျှင် မာရ်သည် သတ္တဝါသို့ အစဉ်လိုက်၏။ (၃)

၁၁၁၁။ ထို့ကြောင့် သခ်ါရတို့၏ အနိစ္စစသော အခြင်းအရာကို သိသော အောက်မေ့မှု 'သတိ'ရှိသူ ရဟန်းသည် သေခြင်းတရား၏ တည်ရာ ကိလေသာခန္ဓာစသည်၌ ကပ်ငြိတတ်သော ဤသတ္တဝါအပေါင်းကို စွဲယူတတ်သော သတ္တဝါတို့ဟု ရှုလျက် လောကအားလုံး၌ ရုပ်ဝေဒနာစသည် တစုံတခုကိုမျှ မစွဲယူရာ။ (၄)

တဆယ့်နှစ်ခုမြောက် ဘဒြာဝုဓမာဏဝပုစ္ဆာ ပြီး၏။

---

## ၁၃-ဥဒယမာဏဝပုစ္ဆာ

၁၁၁၂။ (ဥဒယသည် ဤသို့ မေးလျှောက်၏)—

စျာန်ဝင်စားလေ့ရှိတော်မူသော ကိလေသာမြူကင်းလျက် နေတော်မူသော မဂ်ကိစ္စကို ပြုတော်မူပြီးသော အာသဝကင်းတော်မူသော တရားအားလုံးတို့၏ ကမ်းတဖက်သို့ရောက်တော်မူပြီးသော အသျှင်ဘုရားကို ပြဿနာမေးလိုသဖြင့် ရောက်လာပါ၏၊ (အဝိဇ္ဇာကို) ဖျက်ဆီးတတ်သော ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ် ဝိမောက္ခကို ဟောတော်မူပါလော့။ (၁)

http://www.dhammadownload.com



၁၁၁၃-၁၁၁၄။ (မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏)—

ဥဒယ ကာမဂုဏ်ကို လိုလားသော 'ကာမစ္ဆန္ဒ' နှလုံးမသာမှု'ဒေါမနဿ'နှစ်ပါးစုံကို ပယ်ခြင်းကိုရင်း ထိုင်းမှိုင်းမှု 'ထိန'ကို ပယ်ဖျောက်ခြင်းကိုရင်း နှောင်တတတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို တားမြစ်ခြင်းကိုရင်း လျစ်လျူရှုမှု (စတုတ္ထစျာန်ဥပေက္ခာ)ကြောင့်ဖြစ်သော အောက်မေ့မှု 'သတိ'၏ စင်ကြယ်ခြင်းရှိသော တရားကို ကြံစည်မှု 'ဓမ္မဝိတက်'လျှင် ရှေ့သွားရှိသော အဝိဇ္ဇာကို ဖျက်ဆီးတတ်သော တရားကို ထွက်မြောက်မှု အရဟတ္တဖိုလ် ဝိမောက္ခဟူ၍ ဆို၏။ (၂-၃)

၁၁၁၅။ လောကသည် အဘယ်နှောင်ကြိုး'သံယောဇဉ်'ရှိပါသနည်း၊ ထိုလောကကို သုံးသပ်ခြင်းကား အဘယ်ပါနည်း၊ အဘယ်တရားကို အထူးစွန့်ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်ပါသနည်း။ (၄)

၁၁၁၆။ လောကသည် နှစ်သက်မှု 'တဏှာ'လျှင် နှောင်ကြိုး 'သံယောဇဉ်'ရှိ၏၊ ထိုလောကကို သုံးသပ်ခြင်းကား ကြံစည်မှု'ဝိတက်'တည်း၊ တပ်မက်မှု'တဏှာ'ကို ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။ (၅)

၁၁၁၇။ အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ အဘယ်သို့နေသောသူအား ကုသိုလ် အကုသိုလ်ကံနှင့်တကွ ဖြစ်သော ဝိညာဏ်သည် ချုပ်ပါသနည်း၊ မြတ်စွာဘုရားကိုမေးရန် အကျွန်ုပ်တို့ လာရောက်ပါကုန်၏၊ အသျှင်ဘုရား၏ ထိုစကားတော်ကို ကြားနာလိုပါကုန်၏။ (၆)

၁၁၁၈။ အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ အတွင်း'အဇ္ဈတ္တ' သန္တာန်၌ရင်း အပ'ဗဟိဒ္ဓ' သန္တာန်၌ရင်း ခံစားမှု 'ဝေဒနာ'ကို မနှစ်သက်မူ၍ ဤသို့နေသောသူအား ကုသိုလ်အကုသိုလ်ကံနှင့်တကွဖြစ်သော ဝိညာဏ်သည် ချုပ်၏။ (၇)

တဆယ့်သုံးခုမြောက် ဥဒယမာဏဝပုစ္ဆာ ပြီး၏။

---

## ၁၄-ပေါသာလမာဏဝပုစ္ဆာ

၁၁၁၉။ (ပေါသာလသည် ဤသို့ မေးလျှောက်၏)—

အကြင်မြတ်စွာဘုရားသည် လွန်ပြီးအတိတ်ဘဝကို ညွှန်ပြတော်မူ၏၊ တုန်လှုပ်မှု 'တဏှာ' ကင်းတော်မူ၏၊ယုံမှားမှုကို ပယ်ဖြတ်ပြီးဖြစ်၏၊ တရားအားလုံးတို့၏ ကမ်းတဖက်သို့ ရောက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို ပြဿနာမေးလိုသဖြင့် ရောက်လာပါ၏။ (၁)

၁၁၂၀။ သာကီနွယ်ဖွား မြတ်စွာဘုရား ရုပ်အမှတ်သညာရှိသော ရူပါဝစရသမာပတ်ကို လွန်မြောက်ပြီးသော ရုပ်ပဋိသန္ဓေအားလုံးကို တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပယ်ပြီးသော အတွင်း'အဇ္ဈတ္တ'သန္တာန်၌ရင်း အပ'ဗဟိဒ္ဓ'သန္တာန်၌ရင်း တစုံတခုမျှမရှိဟု ရှုသော အာကိဉ္စညာယတနစျာန်ရပုဂ္ဂိုလ်၏ ဉာဏ်ကို မေးလျှောက်ပါ၏၊ ထိုသို့သဘောရှိသောသူကို အဘယ်သို့ သိအပ်ပါသနည်း။ (၂)

http://www.dhammadownload.com



၁၁၂၁။ (မြတ်စွာဘုရားသည် ဤသို မိန့်တော်မူ၏)—

ပေါသာလ အလုံးစုံသော ဝိညာဏ်၏တည်ရာ 'ဝိညာဏဋ္ဌိတိ'တို့ကို အမှန်သိသော ငါဘုရားသည် (ကံ၏အစွမ်းအားဖြင့်) တည်သော (အာကိဉ္စညာယတနစသည်တို့၌) ညွတ်သော ထိုအာကိဉ္စညာယတနလျှင် လည်းလျောင်းရာရှိသော ထိုသတ္တဝါကို သိ၏။ (၃)

၁၁၂၂။ (အကြင်အာကိဉ္စညာယတနစျာန်ရပုဂ္ဂိုလ်သည်) အာကိဉ္စညာယတနဘုံ၌ ဖြစ်စေတတ်သော အာကိဉ္စညာယတနကုသိုလ်ကံကို (ပလိဗောဓဟု)သိ၍ အရူပရာဂဟု ဆိုအပ်သော နှစ်သက်မှု 'နန္ဒီ'ကိုလည်း (ဘဝရာဂ)သံယောဇဉ်ဟုသိ၍ ဤသို့ ထိုအာကိဉ္စညာယတနသမာပတ်ကို ထူးသောဉာဏ်ဖြင့် သိပြီးလျှင် ထိုအာကိဉ္စညာယတနသမာပတ်မှ(ထလျက်) ထိုသမာပတ်ကို အနိစ္စစသောအားဖြင့် ရှု၏၊ မဂ်အကျင့်ကို ကျင့်သုံးပြီးသော ထို(အာကိဉ္စညာယတနစျာန်ရ)ရဟန္တာပုဂ္ဂိုလ်၏ ဤအရဟတ္တဖိုလ်ဉာဏ်သည် မဖောက်မပြန် မှန်ကန်သောဉာဏ်ပေတည်း။ (၄)

တဆယ့်လေးခုမြောက် ပေါသာလမာဏဝပုစ္ဆာ ပြီး၏။

---

## ၁၅-မောဃရာဇမာဏဝပုစ္ဆာ

၁၁၂၃။ (မောဃရာဇသည် ဤသို့ မေးလျှောက်၏)—

အကျွန်ုပ်သည် သာကီနွယ်ဖွား မြတ်စွာဘုရားကို နှစ်ကြိမ်တိုင် မေးလျှောက်ခဲ့ပါပြီ၊ စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား ဖြေကြားတော်မမူခဲ့ပါ၊ ဝိသုဒ္ဓိနတ်ရဟန်းမြတ် ဖြစ်တော်မူသော အသျှင်ဘုရားသည် သုံးကြိမ်တိုင်မေးမှသာလျှင် ဖြေကြားတော်မူ၏ဟု အကျွန်ုပ်ကြားရဘူးပါသည်။ (၁)

၁၁၂၄။ ဤလောကသည်ရင်း အခြားလောကသည်ရင်း နတ်နှင့်တကွသော ဗြဟ္မာလောကသည်ရင်း ဂေါတမအနွယ်ဖြစ်တော်မူသော အခြံအရံ အကျော်အစောရှိတော်မူသော အသျှင်ဘုရား၏ ဒဿနကို မသိပါ။ (၂)

၁၁၂၅။ ဤသို့အလွန်မြတ်သည်ကို သိမြင်တော်မူလေ့ရှိသော မြတ်စွာဘုရားထံသို့ ပြဿနာမေးလိုသဖြင့် အကျွန်ုပ်လာရောက်ပါ၏၊ လောကကို အဘယ်သို့ ရှုသူကို သေမင်းသည် မမြင်နိုင်ပါသနည်း။ (၃)

၁၁၂၆။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏)—

မောဃရာဇ အခါခပ်သိမ်း အောက်မေ့မှု 'သတိ'ရှိလျက် မိမိကိုယ်ဟု စွဲလမ်းယူမှု 'အတ္တာနုဒိဋ္ဌိ'ကို နုတ်ပယ်၍ လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုလော့၊ ဤသို့ ရှုသည်ရှိသော် သေမင်းကို လွန်မြောက်နိုင်ရာ၏၊ ဤသို့လောကကို ရှုသောသူကို သေမင်းသည် မမြင်နိုင်။ (၄)

တဆယ့်ငါးခုမြောက် မောဃရာဇမာဏဝပုစ္ဆာ ပြီး၏။

http://www.dhammadownload.com



## ၁၆-ပိင်္ဂိယမာဏဝပုစ္ဆာ

၁၁၂၇။ (ပိင်္ဂိယသည် ဤသို့ မေးလျှောက်၏) –

အကျွန်ုပ်သည် အိုမင်းပါပြီ၊ အားနည်းပါပြီ၊ ရုပ်အဆင်းယုတ်လျော့ပါပြီ၊ မျက်စိများ မကြည်လင်တော့ပါ၊ နားကောင်းကောင်း မကြားတော့ပါ၊ အကျွန်ုပ်သည် အသျှင်ဘုရား တရားကို မျက်မှောက်မပြုရမီ အကြားဥ္ဘသာလျှင် တွေဝေလျက် မပျက်စီးလိုပါ၊ ဤနေရာ၌ ပဋိသန္ဓေနေမှု အိုမှုကို ပယ်ဖျောက်နိုင်သော အကြင်တရားကို အကျွန်ုပ်သိလိုပါ၏၊ ထိုတရားကို ဟောကြားတော်မူပါလေ ၁။ (၁)

၁၁၂၈။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) —

ပိင်္ဂိယ မေ့လျော့ကုန်သော လူတို့သည် ရုပ်တို့ကြောင့် ပင်ပန်းသည်တို့ကို မြင်၍ ရုပ်တို့ကြောင့်ပင် ဖောက်ပြန်ပျက်စီးရကုန်၏၊ ထို့ကြောင့် သင်သည် မမေ့လျော့မူ၍ တဖန်ဘဝ သစ်၌ မဖြစ်ခြင်းငှါ ရုပ်ကို စွန့်ပယ်လေလော့။ (၂)

၁၁၂၉။ လောကဝယ် တူရူအရပ်လေးမျက်နှာ အထောင့်အရပ်လေးမျက်နှာ အထက် အရပ် အောက်အရပ် မျက်နှာဟူသော ဤအရပ်ဆယ်မျက်နှာတို့၌ အသျှင်ဘုရားသည် မမြင်ရ မကြားရ မရောက်ရ မသိရသော တရားတစုံတခုမျှမရှိပါ၊ ပဋိသန္ဓေနေမှု အိုမှုကို ပယ် စွန့်ရာဖြစ်သော အကြင်တရားကို အကျွန်ုပ်သိရပါ၏၊ ထိုတရားကို ဟောကြားတော်မူ ပါလော့။ (၃)

၁၁၃၀။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) —

ပိင်္ဂိယ တဏှာသည် နှိပ်စက်ဖျက်ဆီးအပ်ကုန်သောကြောင့် (ဇာတိစသည်ဖြင့်)ပူပန်ခြင်း ရှိကုန်သော အိုခြင်းဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့ကို သင်တွေ့မြင်နေရ၏၊ ပိင်္ဂိယ ထို့ကြောင့် သင်သည် မမေ့လျော့မူ၍ ဘဝသစ်၌ တဖန်မဖြစ်ခြင်းငှါ တဏှာကို စွန့်ပယ်လေ လော့။ (၄)

တဆယ့်ခြောက်ခုမြောက် ပိင်္ဂိယမာဏဝပုစ္ဆာ ပြီး၏။

---

## ပါရာယနတ္ထုတိဂါထာ

ဤပါရာယနသုတ်ကို မြတ်စွာဘုရားသည် မဂဓတိုင်း ပါသာဏကစေတီ၌ နေတော်မူစဉ် တကျိပ်ခြောက်ယောက်သော (ဗာဝရီ၏) အလုပ်အကျွေး ပုဏ္ဏားတို့သည် တောင်းပန်အပ် သည်ဖြစ်၍ မေးတိုင်းမေးတိုင်းပင် ပြဿနာကို ဖြေကြားတော်မူ၏၊ တခုတခုသော ပြဿနာ ၏အနက်ကိုသိ၍ရင်း ပါဠိကိုသိ၍ရင်း လောကုတ္တရာတရားနှင့်လျော်သော အကျင့်ကို အကယ်၍ ကျင့်ကြံအားထုတ်ခဲ့မူ အိုခြင်းသေခြင်း၏ ကမ်းတဖက်ဖြစ်သော (နိဗ္ဗာန်)သို့ ရောက်နိုင်ရာသည်သာ တည်း၊ ဤတရားတို့သည် (နိဗ္ဗာန်တည်းဟူသော)ကမ်းတဖက်သို့ ရောက်စေတတ်ကုန်၏၊ ထို့ကြောင့် ဤတရားဒေသနာ၏ အမည်သည် ပါရာယနမည်သည်သာတည်း။

http://www.dhammadownload.com



၁၁၃၁-၁၁၃၃။ အဇိတ တိဿမေတ္တေယျ ပုဏ္ဏက မေတ္တဂူ ဓောတက ဥပသီဝ နန္ဒ ဟေမက တောဒေယျ ကပ္ပ ဇတုကဏ္ဏိပညာရှိ ဘဒြာဝုဓ ဥဒယ ပေါသာလပုဏ္ဏား မောဃရာဇ ပိင်္ဂိယ ရသေ့ကြီးဟူကုန်သော ဗာဝရီ၏တပည့်ပုဏ္ဏားတဆယ့်ခြောက်ယောက်တို့သည် အကျင့်'စရဏ' နှင့်ပြည့်စုံသော ဣသိတဆူဖြစ်တော်မူသော မြတ်စွာဘုရားသို့ ဆည်းကပ်ကုန်၏၊သိမ်မွေ့သော ပြဿနာရပ်တို့ကို မေးလိုကုန်၍ ဘုရားမြတ်သို့ ဆည်းကပ်ကုန်၏။ (၁-၃)

၁၁၃၄။ ထိုပုဏ္ဏားတို့မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ပြဿနာကို ဟုတ်မှန်သော အတိုင်း ဖြေကြားတော်မူ၏၊ မုနိဖြစ်တော်မူသော မြတ်စွာဘုရားသည် ပြဿနာတို့ကို ဖြေကြားခြင်းဖြင့် ပုဏ္ဏားတို့ကို နှစ်သက်စေ၏။ (၄)

၁၁၃၅။ (ပညာမျက်စိ)ရှိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား က နှစ်သက်စေအပ်ကုန်သော ထိုပုဏ္ဏားတို့သည် မြတ်သောပညာရှိတော်မူသော မြတ်စွာ ဘုရား၏ အထံတော်၌ မြတ်သောမဂ်အကျင့်ကို ကျင့်သုံးကြကုန်၏။ (၅)

၁၁၃၆။ အကြင်သူသည် တခုတခုသော အမေးပြဿနာကို မြတ်စွာဘုရား ဟောကြား တော်မူသည့်အတိုင်း ကျင့်ရ၏၊ ထိုသူသည် သံသရာတည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏။ (၆)

၁၁၃၇။ မြတ်သောမဂ်ကို ပွါးများသောသူသည် သံသရာတည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏၊ ထိုမဂ်သည် နိဗ္ဗာန်ဟူသော ထိုမှာ ဖက်ကမ်းသို့ သွားခြင်းငှါ ခရီးလမ်းဖြစ်၏၊ ထို့ကြောင့် ပါရာယနဟု မည်သတည်း။ (၇)

## ပါရာယနာနုဂီတိဂါထာ

၁၁၃၈။ (ပိင်္ဂိယသည် ဤသို့ ပြောဆို၏)—

မြတ်စွာဘုရားဟောတော်မူသော ပါရာယနသုတ်ကို အတုယူ၍ ဟောပြပါအံ့၊အညစ်အကြေး ကင်းတော်မူသော မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာရှိတော်မူသော ကာမမှ ထွက်မြောက် ပြီးသော (ကိလေသာ)တော ကင်းတော်မူပြီးသော ရဟန္တာဖြစ်တော်မူသော မြတ်စွာဘုရား သည် အကြင်ဉာဏ်တော်ဖြင့် မြင်တော်မူ၏၊ ထိုဉာဏ်ဖြင့် ဟောကြားတော်မူ၏၊ အဘယ့် ကြောင့် ချွတ်ယွင်းသော စကားကို မြတ်စွာဘုရား ဟောကြားလိမ့်မည်နည်း။ (၁)

၁၁၃၉။ တွေဝေမှု'မောဟ'အညစ်အကြေးကို ပယ်ပြီးသော ထောင်လွှားမှု 'မာန' ကျေးဇူး ချေဖျက်မှု 'မက္ခ'ကို ပယ်ပြီးသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်ယှဉ်သော တရား စကားကို ယခုအခါ အကျွန်ုပ်ပြောကြားပါအံ့။ (၂)

၁၁၄၀။ ဗာဝရီမည်သော ဆရာပုဏ္ဏား မြတ်စွာဘုရားသည် အမိုက်တိုက်ကို ပယ်ဖျက်ပြီး ဖြစ်၏၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ဉာဏ်မျက်စိရှိတော်မူ၏၊ လောကအဆုံးသို့ရောက် တော်မူ၏၊ ဘဝအားလုံးကို လွန်မြောက်တော်မူ၏၊ အာသဝကင်းတော်မူ၏၊ ဆင်းရဲအားလုံး ကို ပယ်ပြီးသူ ဖြစ်၏၊ (ဗုဒ္ဓဟူသော)အမည်မှန်ရှိတော်မူ၏၊ (ထိုမြတ်စွာဘုရားကို) အကျွန်ုပ် သည် ဆည်းကပ်ခဲ့ပြီ။ (၃)

http://www.dhammadownload.com



၁၁၄၁။ ငှက်သည် အသီးနည်းပါးသော စက်ဆုပ်ဖွယ်သော တောကို ပယ်စွန့်ကာ အသီးများစွာရှိသော တောကိုမှီလျက် နေသကဲ့သို့ ဤအတူ အကျွန်ုပ်သည် ဉာဏ်အမြင်နည်းသူတို့ကို ပယ်စွန့်၍ ဟင်္သာသည် ရေများသောအိုင်သို့ သက်ဆင်းသကဲ့သို့ သက်ဆင်းခဲ့ပြီ။ (၄)

၁၁၄၂။ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်မပေါ် ပေါက်သေးမီ ရှေးအခါက အကြင်ဆရာတို့သည် ဤသို့ဖြစ်ခဲ့ပြီ၊ ဤသို့ဖြစ်လိမ့်မည်ဟု မိမိတို့အယူအဆကို အကျွန်ုပ်အား ပြောကြားကြပါကုန်၏၊ ထိုဆရာတို့၏ ထိုအလုံးစုံသော စကားသည် ပြောဆိုသံကြားကာမျှသာတည်း၊ ထိုအလုံးစုံသည် ကာမဝိတက်စသည်ကိုသာ ပွါးစေ၏။ (၅)

၁၁၄၃။ ဂေါတမအနွယ်ဖြစ်သော ထိုမြတ်စွာဘုရားသည် ပြိုင်ဖက်မပြူ တဆူတည်းဖြစ်တော်မူ၏၊ အမိုက်ဘိုက်ကို ဖျက်ဆီး၍ နေတော်မူတတ်၏၊ တန်ခိုးရှိတော်မူ၏၊ ပညာအရောင်ကို ပြုတော်မူတတ်၏၊ ဂေါတမအနွယ် ဖြစ်တော်မူ၏၊ ပညာတံခွန်ရှိတော်မူ၏၊ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူ၏။ (၆)

၁၁၄၄။ အကြင်မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်အပ်သော အခါမလင့် အကျိုးပေး၍ တပ်မက်မှု 'တဏှာ'၏ကုန်ရာဖြစ်သော ဘေးရန်မရှိသော တရားကို အကျွန်ုပ်အား ဟောတော်မူ၏၊ ယင်းနိဗ္ဗာန်တရားအား တစုံတခုသော နှိုင်းရှည့်စရာ ဥပမာမရှိ။ (၇)

၁၁၄၅-၁၁၄၆။ ပိင်္ဂိယ အကြင်ဘုရားသည် ကိုယ်တိုင်သိမြင်အပ်သော အခါမလင့် အကျိုးပေး၍ တပ်မက်မှု 'တဏှာ'၏ကုန်ရာဖြစ်သော ဘေးရန်မရှိသော တရားကို သင့်အား ဟောကြား၏၊ ယင်းနိဗ္ဗာန်တရားအား တစုံတခုသော နှိုင်းရှည့်စရာ ဥပမာမရှိ၊ ဂေါတမအနွယ်ဖြစ်တော်မူသော ပညာတံခွန်ရှိတော်မူသော မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော ထိုဂေါတမမြတ်စွာဘုရားမှ တမုဟုတ်မျှပင်ကင်း၍ အဘယ်ကြောင့်နေဘိသနည်း။ (၈-၉)

၁၁၄၇-၁၁၄၈။ ဆရာပုဏ္ဏား အကြင်ဂေါတမမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သိမြင်အပ်သော အခါမလင့်အကျိုးပေး၍ တပ်မက်မှု'တဏှာ'၏ကုန်ရာဖြစ်သော ဘေးရန်မရှိသော တရားကို အကျွန်ုပ်အား ဟောကြားတော်မူ၏၊ ယင်းနိဗ္ဗာန်တရားအား တစုံတခုသော နှိုင်းရှည့်စရာ ဥပမာမရှိ၊ ဂေါတမအနွယ်ဖြစ်တော်မူသော ပညာတံခွန်ရှိတော်မူသော မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော ထိုဂေါတမမြတ်စွာဘုရားမှ တမုဟုတ်မျှပင်ကင်း၍ အကျွန်ုပ်မနေနိုင်ပါ။ (၁၀-၁၁)

၁၁၄၉။ ဆရာပုဏ္ဏား ထိုမြတ်စွာဘုရားကို ပြကတေ့မျက်စိဖြင့် မြင်ရသကဲ့သို့ မမေ့မလျော့မူ၍ နေ့ရောညဉ့်ပါ အကျွန်ုပ်စိတ်ဖြင့် မြင်နေပါ၏၊ ညဉ့်အခါ၌ ရှိခိုးလျက် နေပါ၏၊ ထို့ကြောင့် သာလျှင် ကင်း၍ မနေဟု အကျွန်ုပ်ထင်ပါ၏။ (၁၂)

၁၁၅၀။ အကျွန်ုပ်၏ ယုံကြည်မှု 'သဒ္ဓါ'သည်၎င်း နှစ်သိမ့်မှု 'ပီတိ' သည်၎င်း သိမှု'မန' သည်၎င်း အောက်မေ့မှု 'သတိ'သည်၎င်း ဂေါတမသာသနာမှ မဖဲမရှောင်ကြပါကုန်၊ မြေကြီးနှင့် တူသော ကျယ်ပြန့်သော ပညာရှိသော မြတ်စွာဘုရားသည် အကြင် အကြင်အရပ်သို့ ကြွတော်မူ၏၊ ထိုအကျွန်ုပ်သည် ထိုထို(မြတ်စွာဘုရားရှိရာ)အရပ်သို့သာလျှင် ညွတ်ကိုင်းသူ ဖြစ်ပါ၏။ (၁၃)

http://www.dhammadownload.com



၁၁၅၁။ ဗာဝရီမည်သော ဆရာပုဏ္ဏား အိုမင်း၍ ခွန်အားနည်းသော အကျွန်ုပ်၏ ကိုယ်သည် ထိုသို့ခွန်အားနည်းသောကြောင့်သာလျှင် ထိုမြတ်စွာဘုရားရှိရာသို့ မသွားရောက်နိုင်ပါ။ စိတ်အကြံဟူသော သွားခြင်းဖြင့်သာလျှင် အကျွန်ုပ်သည် အမြဲသွားရောက်ပါ၏၊ အကျွန်ုပ်၏ စိတ်သည် ထိုမြတ်စွာဘုရားနှင့် ယှဉ်စပ်နေပါ၏။ (၁၄)

၁၁၅၂။ အကျွန်ုပ်သည် ကာမဂုဏ်ညွန်ထဲ၌ အိပ်လျက် ထက်ဝန်းကျင် တုန်တုန်လှုပ်လှုပ် မှီခိုရာကျွန်းတခုမှ မှီခိုရာကျွန်းတခုသို့ မျောပါနေပါ၏၊ ထိုအခါ သံသရာအယဉ် 'ဩဃ'ကို လွန်မြောက်တော်မူပြီးသော အာသဝကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပါ၏။(၁၅)

၁၁၅၃။ ပိင်္ဂိယ ဝက္ကလိသည်ရင်း ဘဒြာဝုဓသည်ရင်း အာဠဝီပြည်သား ဂေါတမသည်ရင်း ယုံကြည်မှု 'သဒ္ဓါ'တရားကို စေလွှတ်၍ အရဟတ္တဖိုလ်ကို ရသူဖြစ်သကဲ့သို့ ဤအတူသာလျှင် သင်သည်လည်း ယုံကြည်မှု'သဒ္ဓါ'တရားကို (နိဗ္ဗာန်သို့)စေလွှတ်လော့၊ ဤသို့ စေလွှတ်သည် ရှိသော် သင်သည် သေမင်းတည်ရာ သံသရာ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ရလတ္တံ့ ဟု မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ကြွလာ၍ ဟောတော်မူ၏။ (၁၆)

၁၁၅၄-၁၁၅၅။ ထိုအကျွန်ုပ်သည် မုနိဖြစ်တော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ကြားရ၍အလွန်ကြည်လင်ပါ၏၊ဝဋ်ဟူသော အမိုးကိုဖွင့်ပြီးသော ငြောင့်ကင်းတော်မူပြီးသော ဆင်ခြင်ဉာဏ်(ပဋိဘာဏ်)ရှိတော်မူသော အမေးပြဿနာ၏ အဆုံးကို ပြုတော်မူသော ယုံမှားခြင်းရှိသည်ဖြစ်ကုန်လျက် ယုံမှားကင်း၏ဟု ဝန်ခံသူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သမ္မုတိနတ် ဥပပတ္တိနတ်တို့ထက် လွန်ကဲထူးမြတ်သော ဝိသုဒ္ဓိနတ်တို့ကို ထူးသော ဉာဏ်ဖြင့် သိတော်မူ၍ မိမိသူတပါး နှစ်ပါးစုံ၏ ဝိသုဒ္ဓိနတ်အဖြစ်ကို ပြုတတ်သော တရားအားလုံးကိုလည်း သိတော်မူပြီ။ (၁၇-၁၈)

၁၁၅၆။ အကြင်နိဗ္ဗာန်တရားအား တစုံတခု နှိုင်းရှည့်စရာ ဥပမာမရှိ၊ မရွေ့ရှား မပျက်စီးနိုင်သော ထိုနိဗ္ဗာန်သို့ မချွတ်သွားရတော့အံ့၊ ဤနိဗ္ဗာန်သို့သွားရာ၌ အကျွန်ုပ်အား ယုံမှားမှု မရှိတော့ပါ၊ အကျွန်ုပ်ကို ကိလေသာမှ လွတ်မြောက်သော စိတ်ရှိသူဟူ၍ မှတ်တော်မူပါလော့။ (၁၉)

## ငါးခုမြောက် ပါရာယနဝဂ် ပြီး၏။

http://www.dhammadownload.com

## သုတ်၏ ဥဒါန်း

၁။ ဥရဂသုတ် ဓနိယသုတ် ခဂ္ဂဝိသာဏသုတ် ကသိဘာရဒွါဇသုတ် စုန္ဒသုတ် တဖန်လျှင် ပရာဘဝသုတ် ဝသလသုတ် ကရဏီယ(မေတ္တ)သုတ် ဟေမဝတသုတ် ထို့မှတပါး ယက္ခ(အာဠဝက)သုတ် ဝိဇယသုတ် မြတ်သောမုနိသုတ်။

၂။ ဤသို့ တဆယ့်နှစ်သုတ်ကို ဆောင်သော အလုံးစုံသောဝဂ်၏ ရှေးဦးစွာတည်သည် ဖြစ်၍ မြတ်သောပညာမျက်စိရှိတော်မူသော အညစ်အကြေးကင်းသော မြတ်စွာဘုရားသည် ကောင်းစွာဝေဖန်အပ်ပြီးသော ဟောအပ်သော မြတ်သောဝဂ်ကို မြတ်သောဥရဂဝဂ် ဟူ၍ ကြားအပ်၏။

၃။ ရတနသုတ် အာမဂန္ဓသုတ် ဟိရိသုတ် မင်္ဂလသုတ် သူစိလောမသုတ် ဓမ္မစရိယသုတ် ဗြာဟ္မဏဓမ္မိကသုတ် နာဝါသုတ် ကိံသီလသုတ် ဥဋ္ဌာနသုတ် ရာဟုလသုတ် တဖန်လည်း ဝင်္ဂီသ(နိဂြောဓကပ္ပသုတ်)။

၄။ ဤ၌ သမ္မာပရိဗ္ဗာဇနီယသုတ် မြတ်သော ဓမ္မိကသုတ် ဤသို့ နှစ်ကြိမ်မြောက်၌ ကောင်းစွာဝေဖန်အပ်သော တဆယ့်လေးသုတ်၏ အပေါင်းကို ဆောင်သောဝဂ် ထိုဝဂ်ကို မြတ်သောစူဠဝဂ်ဟူ၍ ဆိုကုန်၏။

၅။ ပဗ္ဗဇ္ဇာသုတ် ပဓာနသုတ် သုဘာသိတမည်သောသုတ် သုန္ဒရိကဘာရဒွါဇ(ပူရဠာသ) သုတ် မာဃသုတ် သဘိယသုတ် ကေဏိယသုတ်(သေလသုတ်) သလ္လမည်သောသုတ် မြတ်သောဝါသေဋ္ဌသုတ် ကောကာလိကသုတ်။

၆။ ကောင်းစွာဝေဖန်အပ်သော မြတ်သော နာလကသုတ် ထို့ပြင် ဒွယတာနုပဿနာ မည်သောသုတ် သုံးကြိမ်မြောက်၌ တဆယ့်နှစ်သုတ်ကို ဆောင်သော မြတ်သောဝဂ်ကို မဟာဝဂ်မည်၏ဟူ၍ ကြားအပ်၏။

၇။ ကာမသုတ် ဂုဟဋ္ဌကသုတ် ဒုဋ္ဌဋ္ဌကသုတ် သုဒ္ဓဋ္ဌကသုတ် ပရမဋ္ဌကသုတ် ဇရာသုတ် ကောင်းစွာဝေဖန်အပ်သော မြတ်သော မေတ္တေယျသုတ် တိဿမေတ္တေယျသုတ် ပသူရသုတ် မာဂဏ္ဍိယသုတ် ပုရာဘေဒသုတ်။

၈။ ကလဟဝိဝါဒသုတ် နှစ်ပါးသော စူဠဗျူဟသုတ် မဟာဗျူဟသုတ် တုဝဋ္ဋကသုတ် အတ္တဒဏ္ဍသုတ် သာရိပုတ္တသုတ် လေးကြိမ်မြောက်၌ တဆယ့်ခြောက်သုတ်ကို ဆောင်သော ဝဂ်သည် အဋ္ဌကဝဂ်မည်၏ဟု ထိုဝဂ်ကို ဆိုကုန်၏။

၉။ မွေ့လျော်ဖွယ်ရှိသော မြတ်သော ဒေသဖြစ်သော ပူဇော်အပ်သော ကောင်းမှုရှိသူတို့၏ နေရာဖြစ်သော မဂဓဇနပုဒ်၌ ကောင်းစွာဝေဖန်အပ်သော မြတ်သော ပါသာဏကစေတီ အရပ်၌ ဂိုဏ်းတို့၏ အမြတ်ဖြစ်သော မြတ်စွာဘုရားသည် နေတော်မူ၏။

၁၀။ (ထိုအရပ်၌)လာသောမင်ဋ္ဌကမင်း အဿကမင်းနှစ်ပါးတို့၏ နိုင်ငံစပ်ဖြစ်သော ထို ပုဏ္ဏားတို့၏ နေရာ ဂေါဓာဝရီမြစ်နားမှ တဆယ့်နှစ်ယူဇနာရှိသော ပရိသတ်၌ တဆယ့်

http://www.dhammadownload.com



ခြောက်ယောက်သော ပုဏ္ဏားတို့၏ အဇိတစသော တဆယ့်ခြောက်ပါးသော ပုစ္ဆာနှင့်ယှဉ်ထသော အမေးဖြင့် မေးအပ်သော မြတ်စွာဘုရားသည် (ထိုပုစ္ဆာ၏အနက်ကို)အကြွင်းမဲ့ ပြုပြီးသတတ်၊ ထိုပုဏ္ဏားတို့အား တရားကို မေးပြီးသတတ်။

၁၁။ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ဘွင် မြတ်သော မြတ်စွာဘုရားသည် လောကစီးပွါးအလို့ငှါ အနက်ကို ပြတတ်သော သဒ္ဒါနှင့်ပြည့်စုံသော (သူတပါးတို့)နှစ်သက်အပ်သော မြတ်သောတရားကို ဟောတော်မူ၏၊မြတ်သောသုတ်ဖြစ်သော များစွာသော ဓမ္မဖြင့် ဆန်းကြယ်သော လွတ်ကြောင်းဖြစ်သော သုတ်ကို ဟောတော်မူ၏၊ ခပ်သိမ်းသော ကိလေသာမှ လွတ်ခြင်း၏ အကြောင်းဖြစ်သော မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၁၂။ ဗျဉ္ဇနပဒအတ္ထပဒနှင့် အညီအညွတ် ယှဉ်သော အက္ခရာဖြင့် မှတ်အပ်သော ဥပမာဖြင့် မြဲစွာထသော ခန္ဓာစသော လောကကို ဆင်ခြင်တတ်သော ဉာဏ်တည်းဟူသော အရောင်ဖြင့် မြတ်သော အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် မြတ်သောသုတ်ကို ဟောတော်မူ၏။

၁၃။ ရာဂဟူသော အညစ်အကြေးဖြင့် အညစ်အကြေးကင်းသော အညစ်အကြေးကင်း၍ မြတ်သော မောဟဟူသော အညစ်အကြေးဖြင့် အညစ်အကြေးကင်းသော အညစ်အကြေးကင်း၍ မြတ်သော ခန္ဓာစသော လောကကို ဆင်ခြင်တတ်သော ဉာဏ်တည်းဟူသော အရောင်ဖြင့် မြတ်သော အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် မြတ်သောသုတ်ကို ဟောတော်မူ၏။

၁၄။ ကိလေသာဟူသော အညစ်အကြေးဖြင့် အညစ်အကြေးကင်းသော အညစ်အကြေးကင်း၍ မြတ်သော ဒုစရိုက်ဟူသော အညစ်အကြေးဖြင့် အညစ်အကြေးကင်းသော အညစ်အကြေးကင်း၍ မြတ်သော ခန္ဓာစသော လောကကို ဆင်ခြင်တတ်သော ဉာဏ်တည်းဟူသော အရောင်ဖြင့် မြတ်သော အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် မြတ်သောသုတ်ကို ဟောတော်မူ၏။

၁၅။ အာသဝတည်းဟူသော အနှောင်အဖွဲ့နှင့် ယှဉ်သည်ဖြစ်၍ လိမ်းကျံအပ်သော နီဝရဏတို့သည်၎င်း အညစ်အကြေးသုံးပါးတို့သည်၎င်း အကြင်သတ္တဝါအား ရှိကုန်၏၊ထိုသတ္တဝါ၏ ကိလေသာမှ လွတ်ခြင်း၏အကြောင်းဖြစ်သော မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၁၆။ အညစ်အကြေးကင်းထသော ခပ်သိမ်းသောကိလေသာကို ပယ်ဖျောက်တတ်သော ရာဂကင်းပြီးသော တဏှာမရှိသော စိုးရိမ်ခြင်းကင်းသသော ငြိမ်သက်သော တောင့်တအပ်သော အလွန်မြင်နိုင်ခဲသော လောကုတ္တရာတရားကို ထင်ရှားပြ၍ မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၁၇။ ရာဂကို၎င်း ဒေါသကို၎င်း တောင့်တခြင်းကို၎င်း အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဖျက်ဆီး၏၊ လေးပါးသောယောနိ ငါးပါးသောဂတိ

http://www.dhammadownload.com



ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ တဏှာဂုဋ္ဌ တဏှာရတိ တဏှာဆဒန တဏှာလတာမှ လွတ်မြောက်ဒစတတ်သော မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၁၈။ နက်နဲသည်ဖြစ်၍ မြင်နိုင်ခဲသော နူးညံ့သိမ်မွေ့သော ပညာရှိတို့သာ သိအပ်သော သိမ်မွေ့သောအနက်ရှိသော ခန္ဓာစသော လောကကို ဆင်ခြင်တတ်သော ဉာဏ်တည်းဟူသော အရောင်ဖြင့်မြတ်သော သုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၁၉။ အင်္ဂါကိုးပါးတည်းဟူသော ပန်းဖြင့် ကောင်းစွာစဉ်လျဉ်အပ်သော လည်ရွတ်ဆာရှိသော ဣန္ဒြေ ဈာန် ဝိမောက္ခတို့ဖြင့် ဝေဖန်အပ်ထသော အဋ္ဌင်္ဂိကမဂ်တရားတည်းဟူသော မြတ်သောယဉ်ရှိထသော မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၀။ လလျှင် ဥပမာရှိသော အညစ်အကြေးကင်း၍ စင်ကြယ်သော မဟာသမုဒ္ဒရာနှင့်အတူ ရတနာတို့ဖြင့် ဆန်းကြယ်သော ပန်းနှင့်အတူ ဆန်းကြယ်စွာသော နေနှင့်အတူ ထွန်းတောက်ပသော တန်ခိုးရှိသော မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၁။ မြတ်သော (ဖိုလ်နိဗ္ဗာန်)အကျိုးရှိသော အရိယာ၏ ရွှေခြင်း မရှိ နိဗ္ဗာန်သို့ ရောက်သော ကာလတိုင်အောင် အလွန်ချမ်းမြေ့စွာ ငြိမ်းအေးသော ဘေးကင်းရာနိဗ္ဗာန်သည် ရှိ၏၊အလွန်ငြိမ်းအေးသော ထိုနိဗ္ဗာန်ကို မြင်ခြင်း၏ အကြောင်းဖြစ်သော မြတ်သောသုတ်ကို အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

ဤကား သုတ်၏ဥဒါန်းတည်း။

# သုတ္တနိပါတ်ပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

ခုဒ္ဒကပါဠ် ဓမ္မပဒ ဥဒါန်း ဣတိဝုတ်

သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အကြောင်းအရာစဉ်


| အကြောင်းအရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အကုသိုလ်တို့၏ ရှေ့သွားနှင့်နောက်လိုက် | ၂၀၂ |
| အကုသိုလ်နှင့်ယှဉ်သောစိတ်သုံးမျိုး | ၂၂၉ |
| အကုသိုလ်မူလသုံးပါး | ၂၃၀ |
| အကောင်းဆုံးလာဘ်,ဥစ္စာ,ဆွေမျိုးနှင့် ချမ်းသာ | ၄၁ |
| အကြားအမြင်နည်းပါးလျှင် နွားနှင့်တူပုံတရား | ၃၄ |
| အခါခပ်သိမ်းနိုးကြားသူ | ၅၂၊၅၃ |
| အခွင့်ကောင်းကိုလက်မလွှတ်သင့် | ၅၅ |
| အခြံအရံအကျော်အစောများခြင်း | ၁၆ |
| အင်္ဂုလိမာလစေတီ | ၃၁၁ |
| အင်္ဂါတပါးမှ အင်္ဂါဆယ်ပါးရှိတရားများ | ၃ |
| အင်္ဂုလိမာလ | ၃၇ |
| အစေလကာခုနစ်ယောက် | ၁၄၀ |
| အဆင်းလှတိုင်း သဘောမကောင်း | ၄၈ |
| အဆိပ် ဥပမာ | ၃၀ |
| အဆိုးဆုံးအနာရောဂါ,ဆင်းရဲနှင့် အကောင်းဆုံးချမ်းသာ | ၄၁ |
| အဆွေခင်ပွန်းကောင်းလိုပုံ | ၅၆၊၅၇ |
| အဇကလာပကဘီလူး | ၇၆ |
| အဇိတ၊အသျှင် | ၄၁၀ |
| အဇိတကေသကမ္ဗလ | ၃၃၅ |
| အညာသိကောဏ္ဍည၊အသျှင် | ၁၅၇ |
| အညစ်အကြေးသရုပ် ဖော်ထုတ်ပြပုံ | ၄၆ |
| အညစ်အကြေးဟူသည် | ၄၅ |
| အဍ္ဍရှင်ရေ | ၃၆၁ |
| [ အ ] | |
| အဋ္ဌကမင်း | ၄၀၈ |
| အတ္တကိလမထ | ၂၉၈ |
| အတ္တဘောတည်းဟူသောမြို့ | ၃၄ |
| အတတ်ပညာအကြောင်း | ၁၀၃ |
| အနိတ္ထိဂန္ဓကုမာရ | ၄၂ |
| အနုဂ္ဂဟနှစ်မျိုး | ၂၄၆ |
| အနုပိယမြို့သရက်တော | ၉၀ |
| အနုရုဒ္ဓါ၊ အသျှင် | ၇၅ |
| အပါယ်လားကြောင်းတရား | ၂၀၇ |
| အပြစ်ကိုရှုရာ၌ မမှားသင့်ပုံ | ၅၅ |
| အဗဗရေ | ၃၆၀ |
| အမ္ဗဋ္ဌပုဏ္ဏားလုလင် | ၃၁၆ |
| အမ္ဗုဒရေ | ၃၆၀ |
| အဘယရာဇကုမာရ | ၃၆ |
| အမိအဖစသည်ကိုသတ်၍ ဆင်းရဲကင်းသူ | ၅၂ |
| အများအလယ်၌ ချမ်းသာစွာနေနိုင်ခြင်း | ၄၀ |
| အမြတ်ဆုံးတရားနှင့် ခရီးအမှန်တရား | ၄၉ |
| အမြတ်ဆုံးတို့၌ ကြည်ညိုခြင်း | ၂၃၉ |
| အရတိမည်သောမာရ်နတ်သမီး | ၃၈၅ |
| အရှိန်ကုန်သောမြှားဥပမာ | ၃၅ |
| အရွယ်ကြီးတိုင်း လူကြီးမခေါ်ထိုက် | ၄၈ |
| အလွန်ထင်ရှားကျော်စောသော ပုဏ္ဏားသူဌေးကြီးများ | ၃၅၂ |
| အဝတ်တထည်သာဝတ်သောတိတ္ထိများ | ၁၄၀ |
| အဝန္တိပိုင်း | ၁၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အဝိဇ္ဇာနီဝရဏကြောင့် သံသရာ ကျင်လည်ပုံ | ၁၈၃ |
| အသာပြာမိုးရွာသွန်းပေးသော်လည်း မရောင့်ရဲခြင်း | ၃၉ |
| အဿကတိုင်း၊ အင်္ဂကတိုင်း၏အလယ် ဂေါဓာဝရီမြစ် | ၄၀၆ |
| အဿမေဓ ယဇ် | ၃၀၆ |
| အသိတမည်သောကဏှဒေဝိလရသေ့ | ၃၆၃ |
| အသုဘစသည်ရှုရသောအကျိုးများ | ၂၃၄ |
| အသက်အန္တရာယ်ကို မသိသူ | ၅၁ |
| အသက်တရာ့နှစ်ဆယ်ရှိသော အဇိတပုဏ္ဏား | ၄၀၉ |
| အသက်မွေးမှု | ၂၄၀ |
| အဟာဟာငရဲ | ၃၆၀ |
| **[ အာ ]** | |
| အာဇာနည်ပုဂ္ဂိုလ်များဖြစ်ပေါ်ခဲပုံ | ၃၉ |
| အာနန္ဒာ၊ အသျှင် | ၁၂၀၊၁၂၄ |
| အာနန္ဒာ ရေကြည်ရှာခြင်း | ၁၆၄ |
| အာယုဝဍ္ဍန ကုမာရ | ၂၈ |
| အာယုသင်္ခါရစွန့်လွှတ်တော်မူခြင်း | ၁၃၅ |
| အာသဝသုံးမျိုး | ၂၁၃ |
| အာသဝေါချုပ်ငြိမ်းကြောင်းတရား | ၄၄ |
| အာသဝေါတရားကုန်ခြင်း | ၂၅၁ |
| အာသဝေါတိုးပွါးစေသူနှင့်ချုပ်စေသူ | ၅၂ |
| အာဟိဿတိမြို့ | ၄၀၈ |
| အာဠဝကဘီလူး | ၂၉၈ |
| အာဠဝီပြည် | ၂၉၁၊၃၁၁ |
| **[ ဣ-ဣ ]** | |
| ဣစ္ဆာနင်္ဂလတောအုပ် | ၃၅၂ |
| ဣစ္ဆာနင်္ဂလနိဂုံး | ၃၅၂ |
| ဣစ္ဆာနင်္ဂလရွာသားဥပါသကာ | ၈၄ |
| ဣဋ္ဌာရုံခြောက်မျိုး | ၃၃ |
| **[ ဣ ]** | |
| ဣန္ဒြေသုံးမျိုး | ၂၁၅ |
| ဣဒ္ဓိပါဒ်လေးပါးပွါးများလျှင် သက်တန်း ရှည်ပုံ | ၁၃၅ |
| ဣမ်ဦးနတ် | ၂၅၅ |
| ဣမ်မိုးဥပမာ | ၁၅ |
| **[ ဥ ]** | |
| ဥဇ္ဇေနီပြည် | ၄၀၈ |
| ဥက္ကလုံမွေးရှင်နှင့်လျှာတော် | ၄၀၉ |
| ဥတ္တရတိုင်းဇနပုဒ် | ၇၈ |
| ဥတ္တရာဥပါသိကာမ | ၄၃ |
| ဥတ္တရာထေရီ | ၃၄ |
| ဥတေနမင်း | ၁၅၉ |
| ဥဒယ၊အသျှင် | ၄၂၂ |
| ဥဒေနနတ်ကွန်း | ၁၃၅၊၁၃၆ |
| ဥဒါန်းကျူးရင့်ခြင်းများ | ၇၂ |
| ဥပနန္ဒမထေရ် | ၃၅ |
| ဥပသီဝ၊အသျှင် | ၄၁၆ |
| ဥပသေန အသျှင် | ၁၁၈ |
| ဥပ္ပလငရဲ | ၃၆၁ |
| ဥရုဝေလတော | ၇၁၊၈၁၊၁၀၄ |
| **[ ဧ ]** | |
| ဧကနာဠပုဏ္ဏားရွာ | ၂၇၄ |
| ဧရာဇ်မင်းစသည် ဖြစ်ရသည်ထက် သောတာပန်မြတ်ပုံ | ၃၇ |
| ဧဏီမည်သောသားဥပမာ | ၂၈၇ |
| ဧရာဝဏ်ဆင်မင်း | ၃၁၆ |
| **[ ဩ-အော-အောင်-အို ]** | |
| ဩက္ကာကမင်း | ၃၀၆ |
| အားမထုတ်သင့်ရာ၌ အားထုတ်မိသူအမှား | ၄၁ |
| အောင်နိုင်သောတရားများ | ၄၃ |
| အိုခြင်းတရား | ၂၀၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကင်္ခါရေဝတ၊ အသျှင် | ၁၃၃ |
| ကပိလဝတ်ပြည် | ၄၀၉ |
| ကပေါတ ကန္ဒရကျောင်း | ၁၁၁ |
| ကပ္ပ၊ အသျှင် | ၄၂၀ |
| ကမ္မဝိပါက | ၈၂ |
| ကရေရိတန်ဆောင်းဝန်း | ၁၀၂ |
| ကလျာဏသီလ | ၂၄၅ |
| ကသိဘာရဒွါဇပုဏ္ဏား | ၂၇၄ |
| ကာဏမာတာ | ၂၄ |
| ကာလသုံးပါး | ၂၁၆ |
| ကာမ၏အပြစ်များ | ၄၂ |
| ကာမကိုမှီဝဲခြင်းသုံးပါး | ၂၄၄ |
| ကာမချမ်းသာနှင့်နိဗ္ဗာန်ချမ်းသာ | ၈၂ |
| ကာမဂုဏ်နှင့်စပ်ယှဉ်ခြင်း | ၂၄၄ |
| ကာဠိဂေါဓာ၏သားအသျှင်ဘဒ္ဒိယ | ၉၁ |
| ကာဠိဂေါဓာ (သာကီဝင်မင်းသမီး) | ၉၀ |
| ကိလေသာစင်ကြယ်ရာနိဗ္ဗာန်၏ အကြောင်း | ၅၀ |
| ကိလေသာညွန့်ပျောင်းမှ မိမိကိုယ်ကို ထုတ်နုတ်သင့်ပုံ | ၅၆ |
| ကိသာဂေါတမီ | ၅၁ |
| ကုကုဋ္ဌာမြစ် | ၁၆၄ |
| ကုဏ္ဍဓာနတော | ၈၆ |
| ကုဏ္ဍိကာမြို့ | ၈၆ |
| ကုမာရကဿပမာတာ | ၃၅ |
| ကုမုဒငရဲ | ၃၆၁ |
| ကုမုဒြာကြာကိုဖြတ်သကဲ့သို့ တဏှာကို ဖြတ်သင့်ပုံ | ၅၁ |
| ကုရရဃရမြို့ | ၁၂၉ |
| ကုဝေရမည်သောဝေဿဝဏ်နတ်မင်းကြီး | ၃၁၆ |
| ကုသိနာရုံမြို့ | ၁၀၉၊၄၀၉ |
| ကဲ့ရဲ့ခံရသည်မှာ ဓမ္မတာ | ၄၄ |
| ကောကာလိကရဟန်း | ၃၅၉ |
| ကောကာလိကသေဆုံးခြင်း | ၃၆၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကောတူဟလမင်္ဂလာ | ၄၁၈ |
| ကောဓကိုပယ်သင့်ပုံ | ၁၇၈ |
| ကောမာရဗြဟ္မစရိယအကျင့် | ၃၀၅ |
| ကောလိယမင်းသမီး သုပ္ပဝါသာ | ၈၆ |
| ကောသမ္ဗီပြည် | ၁၁၃၊၁၅၉ |
| ကောသလတိုင်း | ၁၁၀၊၃၂၅၊၄၀၈ |
| ကောသိယ | ၁၀၁ |
| ကောင်းကင်၌ ခြေရာမရှိ | ၄၇ |
| ကောင်းကျိုးမကောင်းကျိုးကိုမြင်ရခြင်း | ၃၀ |
| ကောင်းမှုနှင့်မကောင်းမှု | ၅၅ |
| ကိုယ်စိတ်ချမ်းသာစေသောတရား | ၁၉၉ |
| ကိုယ်စိတ်ချမ်းသာရသည့်ရဟန်း | ၁၉၄ |
| ကိုယ်စိတ်ဆင်းရဲရသည့်ရဟန်း | ၁၉၄ |
| ကိုယ်နှုတ်စိတ်ကိုစောင့်ရှောက်သင့်ပုံ | ၄၄ |
| ကျီးနှင့်ကျောက်တုံးဥပမာ | ၃၂၄ |
| ကျူရိုးတံတားဥပမာ | ၂၆၅ |
| ကျော့ကွင်းမိသော ယုန်ဥပမာ | ၅၈ |
| ကျောက်တောင်ဥပမာ | ၁၄၊၂၄၊၉၉၊၁၁၂ |
| ကျောက်တောင်ထိပ်၌ ရပ်တည်သော ယောကျ်ားဥပမာ | ၂၀၁ |
| ကြာဖက်နှင့်ရေဥပမာ | ၃၈၂ |
| ကြံ့ချိုဥပမာ | ၂၇၁ |
| ကြိုးကြာအိုပမာ တရားဂါထာ | ၃၄ |
| **[ ခ ]** | |
| ခရလောမဘီလူး | ၃၀၂ |
| ခေမာထေရီ | ၅၉ |
| ခဲယဉ်းသောတရားငါးမျိုး | ၃၈ |
| ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့ဖြစ်ပေါ် လာပုံ | ၃၉၀ |
| ခေါင်းတုံးရုံနှင့် ရဟန်းမဖြစ် | ၄၈ |
| ချစ်ခင်မှု၏အပြစ်များ | ၄၂ |
| ချစ်သောသူတို့နှင့်လည်းမပေါင်းဖော်အပ်ပုံ | ၄၂ |
| ချမ်းသာအစဉ်လိုက်ပုံ | ၁၃ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ခ ]

ချမ်းသာအနည်းငယ်ကို စွန့်လွှတ်သင့်ပုံ ၅၂
ချမ်းသာခြင်း၏အကြောင်းတရားများ ၃၉
ချမ်းသာဆင်းရဲကို လွန်မြောက်နိုင်သော
  တရား ၃၉၁
ခြသေ့မင်းဥပမာ ၂၇၄
ခွန်အားရှိလျက် ပျင်းရိသူ မဂ်မရနိုင်ပုံ ၅၀

[ ဂ - ဃ ]

ဂယာရွာ-မြို့ ၇၇၊၃၀၁
ဂယာသီသတောင် ၇၇
ဂိဇ္ဈကုဋ်တောင် ၃၃၀
ဂိရိမေခလာဆင် ၃၂၃
ဂေါတမကနတ်ကွန်း ၁၃၅၊၁၃၆
ဂေါနဒ္ဒမြို့ ၄၀၈
ဃောသိတာရုံကျောင်း ၁၁၃၊၁၅၉

[ င ]

ငရဲ၌ဖြစ်ရမည့်အကြောင်းနှစ်မျိုး ၂၀၇
ငရဲသို့ကျရောက်ရသည့်ပုဂ္ဂိုလ် ၁၉၆
ငါးပါးသီလမမြဲသူသည် မိမိကိုယ်ကို
  တူးဖြိုသည်မည်ပုံ ၄၆
ငါးဖမ်းနေသော သူငယ်များ ၁၂၃
ငယ်စဉ်ကမေ့လျော့ခဲ့သော်လည်း
  ကြီးသောအခါမမေ့လျော့သင့်ပုံ ၃၇
ငယ်ရွယ်သော်လည်း တော်သောသူ ၆၃
ငြိမ်းအေးသောရဟန်း ၆၂

[ စ ]

စင်္ကိပုဏ္ဏား ၃၅၂
စကားကြီးလေးခွန်း ၃၂၅
စကားများများပြောတိုင်း ပညာရှိမဟုတ် ၄၇
စက္ခုသုံးမျိုး ၂၁၅
စာပါလစေတီ-စာပါလနတ်ကွန်း ၁၃၅
စာလကာမြို့ ၁၀၅

[ စ ]

စာလိကတောင် ၁၀၅
စိဉ္စမာဏဝိကာ ၃၇
စီးပွါးချမ်းသာအလို့ငှါဖြစ်ပေါ်လာသူ
  သုံးယောက် ၂၄၃
စုန္ဒ၊ အသျှင် ၁၆၅
စုန္ဒဆွမ်းကြောင့်ပရိနိဗ္ဗာန်ဝင်ခြင်းမဟုတ် ၁၆၆
စုန္ဒရွှေပန်းထိမ်သည်သား ၁၆၂
စူဠကဥပါသကာ ၃၆
စူဠပန္ထက၊ အသျှင် ၁၃၅
စူးစမ်းဆင်ခြင်ရမည် ၂၄၃
စေးနဲ့သူနတ်ပြည်မရောက် ၃၇
စင်ကြယ်ခြင်းသုံးပါး ၂၁၇
စစ်သည်ဆယ်မျိုး ၃၂၃
စည်းစိမ်ကဖျက်ဆီးပုံ ၆၀
စိတ်၏အညစ်အကြေး ၂၄၇
စွန့်ပယ်ကျော်လွန်ရသောတရားများ ၄၃
စိုးရိမ်ဖွယ်တရား ၁၅

[ ဆ ]

ဆတ္တပါဏိဥပါသကာ ၂၀
ဆရာကိုရှိခိုးသင့်ပုံ ၆၄
ဆန္ဒထေရ် ၂၄
ဆံကျစ်ထုံးဒေဝီလရသေ့ ၃၆၅
ဆံကျစ်ရသေ့ခုနစ်ယောက် ၁၄၀
ဆင်ကိုစမ်းကြသောသူကန်းများ ၁၄၃၊၁၄၅
ဆင်ပြောင်ဥပမာ ၂၇၁
ဆင်ပြောင်ပမာ-သည်းခံရာ ၅၅
ဆင်ယာဉ်မြင်းယာဉ်တို့ဖြင့်
  နိဗ္ဗာန်သို့မသွားနိုင် ၅၆
ဆင်းရဲအစဉ်လိုက်ပုံ ၁၃
ဆယ်ပါးသီလ ၂
ဆွေမျိုးတို့ဝတ်တရား ၈
ဆွေးမြေ့တတ်သောအရာနှင့် မဆွေးမြေ့
  တတ်သောအရာ ၃၄

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဆ ] | |
| ဆွမ်းခံစားတိုင်း ရဟန်းမဟုတ် | ၄၈ |
| ဆုတ်ယုတ်သော သတ္တဝါများ | ၂၀၂ |
| [ ဇ ] | |
| ဇတုကဏ္ဍိလုလင် | ၄၂၁ |
| ဇန္တုရွာ | ၁၀၅ |
| ဇနပဒကလျာဏီ ရူပနန္ဒာထေရီ | ၃၄၊၉၄ |
| ဇမ္ဗူရာဇ်ရွှေစင်နှင့်တူသူ အကဲ့ရဲ့လွတ်ပုံ | ၄၄ |
| ဇာဏုဿောဏိပုဏ္ဏား | ၃၅၂ |
| ဇေတဝန်ကျောင်းအနီး၌ ပရိဗိုဇ်မကို သတ်ထားခြင်း | ၁၁၆ |
| [ ည ] | |
| ညဉ့်တာရှည်သည့်ဥပမာ | ၂၁ |
| ညှဉ်းဆဲတတ်သူအရိယာမဖြစ် | ၄၉ |
| [ တ ] | |
| တဏှာ၏အပြစ်များ | ၄၂ |
| တဏှာတောကို ခုတ်ရှင်းသင့်ပုံ | ၅၁ |
| တဏှာဖြစ်ခြင်းအကြောင်း | ၂၅၄ |
| တဏှာမည်သောမာရ်နတ်သမီး | ၃၈၅ |
| တဏှာလက်သမား | ၃၄ |
| တဏှာသံယောဇဉ်ကြောင့် သံသရာ ကျင်လည်ပုံ | ၁၈၄ |
| တဏှာသည် မာလောနွယ်နှင့်တူပုံ | ၅၇ |
| တဏှာသုံးမျိုး | ၂၁၃ |
| တယောက်တည်းကိန်းအောင်းသင့်ပုံ | ၂၀၅ |
| တရားအရသာကို သောက်ရသည့်အကျိုး | ၄၁ |
| တရားအလှူ | ၆၀ |
| တရားသူကြီး | ၄၇ |
| တရက်မျှအသက်ရှည်သော်လည်းမြတ်ပုံ | ၂၉ |
| တလူးလည်းလည်း အိပ်နေလေ့ရှိသူ | ၅၆ |
| တဟုန်းဟုန်းမာန်မူတတ်သူ | ၇၄ |
| တာရုက္ခပုဏ္ဏား | ၃၅၂ |
| [ တ ] | |
| တိတ္ထိသမဏဗြာဟ္မဏပရိဗိုဇ်အမျိုးမျိုး | ၁၄၂ |
| တိဿမေတ္တေယျ၊ အသျှင် | ၄၁၁ |
| တောတောင်သစ်ပင်တို့ကို ကိုးကွယ်သင့် မကိုးကွယ်သင့် | ၃၉ |
| တောဒေယျ၊ အသျှင် | ၄၂၀ |
| တောဒေယျပုဏ္ဏား | ၃၅၂ |
| တံခါးတိုင်ဥပမာ | ၂၉၆ |
| [ ထ ] | |
| ထူဏပုဏ္ဏားရွာ | ၁၅၉ |
| ထင်ရှားသူနှင့် မထင်ရှားသူ | ၅၃ |
| ထွက်မြောက်ကြောင်းနှင့်စပ်သော ခေတ်သုံးပါး | ၂၂၁ |
| [ ဒ ] | |
| ဒက္ခိဏာဂိရိဇနပုဒ် | ၂၇၄ |
| ဒက္ခိဏာပထတိုင်း | ၄၀၆ |
| ဒဗ္ဗ၊ အသျှင် | ၁၇၄ |
| ဒဗ္ဗပရိနိဗ္ဗာန်ပြုခြင်း | ၁၇၄ |
| ဒါနအကျိုးကိုသိလျှင် မလှူပဲ မစား | ၁၉၁ |
| ဒါနနှစ်မျိုး | ၂၄၆ |
| ဒုစရိုက်သုံးပါး | ၂၁၇ |
| ဒေဝဒတ် | ၃၅ |
| ဒေဝဒတ်အပါယ်ရောက်ရကြောင်းတရား | ၂၃၈ |
| ဒေဝဒတ်က အသျှင်အာနန္ဒာအား ဂိုဏ်းခွဲရန်ဆွယ်ခြင်း | ၁၃၃ |
| ဒေါသကိုပယ်သင့်ခြင်း | ၁၇၉ |
| ဒဏ်ဆယ်ပါး | ၃၂ |
| ဒွါရတို့၌စောင့်စည်းပိတ်ဆို့ရန် | ၆၀ |
| ဒွါရဘာတ် | ၃၀၄ |
| [ ဓ ] | |
| ဓမ္မသာဝနထေရ် | ၂၅ |
| ဓမ္မဝိတက် | ၄၂၃ |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ဓ ]

ဓမ္မိကထေရ် ၂၄
ဓာတ်သုံးမျိုး ၂၁၀
ဓောတက၊ အသျှင် ၄၁၅

[ န ]

နတ္ထိကဝါဒ ၂၉၈
နန္ဒ၊ အသျှင် ၇၅၊၄၁၇
နာဂသမာလ၊ အသျှင် ၁၇၁
နာလက က မောနေယျအကျင့်ကို မေးလျှောက်ခြင်း ၃၆၆
နိဂဏ္ဌတက္ကတွန်းခုနစ်ယောက် ၁၄၀
နိဂဏ္ဌနာဋပုတ္တ ၃၃၅
နိဂြောဓကပ္ပ ၃၁၁
နိဗ္ဗာနဓာတ်နှစ်မျိုး ၂၀၄
နိဗ္ဗာန်ရှိ၍ ထင်ရှားရသောတရား ၂၀၄
နိရဂ္ဂဠ ယဇ် ၃၀၆
နေမင်းသည် နေ့အခါ၌သာတင့်တယ်၏ ၆၄
နေရဉ္ဇရာမြစ်ကမ်း ၇၁၊၇၂၊၇၃၊ ၈၁၊၁၀၄၊၃၂၂
နံရံဇာဖက်မှုပြိတ္တာ ၇
နတ်အချင်းချင်း ပြောဆိုသံ ၃၂၀
နတ်တို့စုဝေးသည့် နိမိတ်များ ၂၃၂
နတ်ပြည်ရောက်ကြောင်းတရားသုံးပါး ၄၃
နတ်ပြည်သို့ရောက်စေတတ်သော ကျင့်ဝတ် ၂၅၅
နတ်ပြည်သို့ရောက်ရသည့်ပုဂ္ဂိုလ် ၁၉၆
နတ်ဗြဟ္မာတို့ချစ်မြတ်နိုးအပ်သူများ ၃၈
နိုးကြားမှုနှင့်ယှဉ်၍ နေသင့်ပုံ ၂၀၇
နိုင်သော်လည်း နိုင်သည်မမည်ပုံ ၄၀
နွားကျောင်းသား ဓနိယ ၂၆၇
နွားကျောင်းသားက ဘုရားအား ဆွမ်းလှူခြင်း ၁၁၀
နွားယဉ်ဥပမာ ၁၅၆
နှီးနှောညှိညွတ်ကြသော ဓာတ်များ ၂၂၇
နှစ်သက်ဖွယ်တရား ၁၅

[ န ]

နှောင်အိမ်ရိုးရိုးထက် တဏှာနှောင်အိမ် ခိုင်မြဲပုံ ၅၈၊၅၉

[ ပ ]

ပကုဓကစ္စာန ၃၃၅
ပဉ္စသတဥပါသိကာ ၃၃
ပညာဉာဏ်ကို ကန်းစေသောတရားများ ၂၃၆
ပညာတိုးပွါးရာလမ်းဖြင့် ကိုယ်ကို သိမ်းသွင်းသင့်ပုံ ၅၀
ပညာရှိသူတော်ကောင်းတို့၏သဘောထား ၂၄
ပဋာစာရာ ၅၁
ပဋိစ္စသမုပ္ပါဒ် ၃၂၊၇၂၊၇၄
ပဏ္ဍဝတောင် ၃၂၀၊၃၂၁
ပဏ္ဍိတသာမဏေ ၂၄
ပတိပူဇိကကုမာရီ ၂၀
ပဒုမငရဲ ၃၆၀၊၃၆၁
ပဒုမာကြာပန်းဥပမာ ၂၆၅
ပဓာနိကတိဿမထေရ် ၃၅
ပရိဗိုဇ်တို့နှုတ်လုံ့ထိုးခြင်း ၁၄၇
ပဝတ္တတောင် ၁၂၉
ပသေနဒီကောသလမင်း ၄၁၊၉၀၊၁၁၆၊၁၂၀
ပါဋလိရွာ ၁၁၆
ပါဝါပြည် ၇၆၊၄၀၉
ပါဝေယျကအာဇီဝက ၂၀
ပါသာဏကနတ်ကွန်း ၄၂၂
ပိင်္ဂိယ၊ အသျှင် ၄၂၅
ပိဏ္ဍပါတ်ခုတင်ဆောင်ရဟန်း ၁၀၂
ပိဏ္ဍောလဘာရဒွါဇ၊ အသျှင် ၁၁၅
ပိပ္ပလိလိုဏ်ဂူ ၁၀၀
ပိလောတိကတိဿမထေရ် ၃၃
ပိလိန္ဒဝစ္ဆ၊ အသျှင် ၉၉
ပိလိန္ဒဝစ္ဆနှုတ်ကြမ်းပုံ ၉၉
ပုညကိရိယဝတ္ထုသုံးမျိုး ၂၁၄
ပုဏ္ဏက၊ အသျှင် ၄၁၂

http://www.dhammadownload.com



အကြွရာစဉ် — စာမျက်နှာ

[ ပ ]

ပုဏ္ဏာရိကရေဲ ၃၆၁
ပုဗ္ဗာရုံကျောင်း ၉၀၊၁၂၄
ပုရိသအင်္ဂါ ၄၀၉
ပုရိသမေဖယဉ် ၃၀၆
ပူဇော်ခြင်းနှစ်မျိုး ၂၅၀
ပူဇော်သက္ကာရကြောင့် ငရဲရောက်ရပုံ ၂၂၉
ပူပန်စေတတ်သော တရားနှစ်မျိုး ၁၉၅
ပူပန်ဖွယ်တရား ၁၅
ပူရဏကဿပ ၃၅၅
ပေးလှူရာဌာနမျက်နှာမသာသူ၏ဖြစ်ပုံ ၄၆
ပေါက္ခရသာတိပုဏ္ဏား ၁၁၆၊၃၅၂
ပေါသာလ၊ အသျှင် ၄၂၃
ပေါက်ပွင့်ဥပမာ ၂၀
ပိုးစိမ်းပြူဥပမာ ၁၅၃
ပန်းထိမ်သည်ပမာ ကျင့်စရာ ၄၅
ပန်းနှံနှင့် သူတော်ကောင်း ၂၀
ပန်းဟောင်းတို့ကို စွန့်လွှတ်ရသကဲ့သို့
ရာဂ ဒေါသတို့ကို စွန့်လွှတ်သင့်ပုံ ၆၂
ပုတ်ခတ်သူအား အမျက်မထွက်သင့် ၆၄
ပိုက်မှလွတ်သော ငှက် နည်းပါးပုံ ဥပမာ ၃၇
ပျားပိတုန်းနှင့် ရဟန်းဥပမာ ၂၀
ပျက်စီးဆုတ်ယုတ်တတ်သောတရား ၂၇၈
ပြွာဖုံးသော မီးခဲ ဥပမာ ၂၃
ပြိတ္တာများအတွက် ကုသိုလ်ပြုသင့်ပုံ ၇
ဖန်ရည်စွန်းသောအဝတ်(သင်္ကန်း)နှင့်
မတန်သူ ၁၄
ပြူစင်သော တရားနှစ်ပါး ၂၀၃

[ ဗ ]

ဗဟုပုတ္တနတ်ကွန်း ၁၃၅၊၁၃၆
ဗာဝရီ၏ တပည့်ပုဏ္ဏား တဆယ့်
ခြောက်ယောက် ၄၂၅
ဗာဟိယဒါရုစီရိယ ၇၈
ဗာဟိယမထေရ် ၈၀

[ ဗ ]

ဗိမ္ဗိသာရမင်း ၃၂၁
ဗုဒ္ဓုပ္ပါဒနဝမခဏ ၃၁၀
ဗေလဋ္ဌသီသထေရ် ၂၅
ဗောဓိရာဇကုမာရ ၃၅
ဗြဟ္မာနှင့် အတူနေသူ ၂၅၅
ဗြာဟ္မဏအင်္ဂါများ ၆၃၊၆၉
ဗြာဟ္မဏအငြင်းအခုံကို မြတ်စွာ
ဘုရားအား လျှောက်ခြင်း ၃၅၃
ဗြာဟ္မဏမည်ပုံ ၆၆၊၇၅
ဗြာဟ္မဏမည်သူများ ၇၅
ဗြာဟ္မဏဟူသည်ကို မြတ်စွာဘုရား
ဖြေရှင်းဟောပြပုံ ၃၅၄

[ ဘ ]

ဘဒ္ဒါဝုဓ၊အသျှင် ၄၂၂
ဘဒ္ဒိယ၊အသျှင် ၉၁
ဘာရဒွါဇလုလင် ၃၅၂
ဘုရား တရား သံဃာဂုဏ်စသည်ကို
မပြတ်အောက်မေ့သူ ၅၂၊၅၃
ဘုရားရှင်တို့၏ အဆုံးအမတော် ၃၈
ဘုရားရှင်နှင့် နီးလျက်ဝေးသူ ၂၄၁
ဘုရားမယ်တော်များ အသက်တိုပုံ ၁၂၀
ဘူးသီးခြောက်ပမာ အရိုးများ ၃၄
ဘောဂနဂရ ၄၀၉

[ မ ]

မကောင်းမှုမှ ရှက်မှု ၂၉၉
မက္ခကို ပယ်သင့်ခြင်း ၁၇၉
မက္ခလိဂေါသာလ ၃၃၅
မင်္ဂလာတရားများ ၃
မဂဓတိုင်း ၂၇၄
မစင်လိမ်းသော သူကောင်ဖုတ်ကြွင်း
ထင်းမီးစ ဥပမာ ၂၄၁
မစ္ဆရိယသူဌေး ၂၀

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မပူပန်စေတတ်သော တရားနှစ်မျိုး | ၁၉၅ |
| မမုန်ပြောသူ ငရဲရောက်ပုံ | ၅၄ |
| မလ္လတိုင်း တူဏပုဏ္ဏားရွာ | ၁၅၈ |
| မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် | ၁၀၉ |
| မလ္လိကာဒေဝီ | ၃၄၊၁၂၀ |
| မဟာကစ္စည်း၊အသျှင် | ၇၅၊၁၂၉၊၁၅၈ |
| မဟာကဿပ၊အသျှင် | ၂၅၊၇၅ |
| မဟာကဿပအား နတ်သမီးများ ဆွမ်းလောင်းလိုပုံ | ၇၅ |
| မဟာကပ္ပိန၊အသျှင် | ၂၄၊၇၅ |
| မဟာကောဋ္ဌိက၊အသျှင် | ၇၅ |
| မဟာကာလ ဥပါသကာ | ၃၅ |
| မဟာစုန္ဒ၊အသျှင် | ၇၅ |
| မဟာမောဂ္ဂလ္လာန်၊အသျှင် | ၇၅၊၉၉ |
| မဟာမောဂ္ဂလ္လာန်အား ဘီလူးရိုက်ခြင်း | ၁၁၁ |
| မဟာမောဂ္ဂလ္လာန်က ဒုဿီလ ရဟန်းအား ဆွဲထုတ်ပစ်ခြင်း | ၁၂၅ |
| မဟာဝုန်တော | ၉၅၊၁၃၅ |
| မဟီမြစ် | ၂၆၇ |
| မာဂဏ္ဍိယပုဏ္ဏား | ၃၈၆ |
| မာဂဏ္ဍီမင်းသမီး | ၃၈၆ |
| မာဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရ | ၈၂ |
| မာဃလုလင် | ၃၃၀ |
| မာတင် | ၂၈၃ |
| မာနကို ပယ်သင့်ခြင်း | ၁၇၉ |
| မာနသုံးမျိုး | ၃၈၇ |
| မာလောနွယ်က မိမိမှီရာသစ်ပင်ကို သတ်ခြင်း | ၃၅ |
| မာရ်အနှောင်အဖွဲ့ကို ခိုင်အောင် ပြုသူနှင့် ဖြတ်သူ | ၅၉ |
| မာရ်နတ်သမီးတို့အား ဟောသောတရား | ၃၈ |
| မာရ်နတ်သမီးသုံးယောက် | ၃၈၅ |
| မာရ်မင်းအနှောင်အဖွဲ့ခံရသူနှင့် မခံရသူ | ၂၁၈ |
| [ မ ] | |
| မာရ်မင်းနိုင်ငံကို လွန်စေနိုင်သော တရားသုံးမျိုး | ၂၁၄ |
| မိဂါရမာတာဝိသာခါပြာသာဒ် | ၉၀၊၁၂၄၊၃၆၈ |
| မိမိကိုယ်ကိုသာ စောင့်ရှောက်ရာ | ၆၃ |
| မိမိကိုယ်ကို အချစ်ဆုံးဟု မလ္လိကာ ပြောခြင်း | ၁၂၀ |
| မိမိသူတပါး နှစ်ပါးအတွက် တရားမပျက် | ၂၄ |
| မိမိသည်သာ ကိုးစားရာ | ၃၅ |
| မိမိပြုသောမကောင်းမှုက မိမိကို ဖျက်ဆီးပုံ | ၃၅ |
| မိမိပြုသောမကောင်းမှုက မိမိကို ညစ်နွမ်းစေပုံ | ၃၆ |
| မိစ္ဆာဇီဝ | ၂၉၈ |
| မိတ်ဆွေကောင်းရှိမှုသည် သေက္ခအင်္ဂါ | ၁၈၅ |
| မိထွေးတော်၏သား အသျှင်နန္ဒ | ၉၃ |
| မီး အပြစ် ဆင်းရဲအစစ်နှင့် ချမ်းသာ အစစ်ဟူသည် | ၄၀ |
| မီးကိုလုပ်ကျွေးခြင်း | ၂၈ |
| မီးသုံးပါး | ၂၄၂ |
| မုစလိန္ဒနဂါးမင်း | ၈၁ |
| မုနိမည်ကြောင်းတရား | ၄၉ |
| မေဃိယ၊ အသျှင် | ၁၀၅ |
| မေတ္တဂူ၊ အသျှင် | ၄၁၃ |
| မေတ္တာစိတ်ပွါး၍ ဗြဟ္မာ့ဘုံလားပုံ | ၁၈၈ |
| မေတ္တာတန်ဘိုးရှိပုံ ဥပမာ အမျိုးမျိုး | ၁၉၁၊၁၉၃ |
| မေ့လျော့လျှင် သေသည်မည်ပုံ | ၁၆ |
| မောဃရာဇာ၊အသျှင် | ၄၂၄ |
| မောနေယျအကျင့်ကို မေးလျှောက်ခြင်း | ၂၀၅ |
| မောနေယျအကျင့်တရား | ၃၆၆ |
| မောနေယျအကျင့်သုံးပါး | ၂၁၈ |
| မောဟကို ပယ်သင့်ခြင်း | ၁၇၈ |
| မွေ့လျော်ရာတရား | ၄၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မွေလျော်မှု၏အပြစ်များ | ၁၈၈ |
| မိုးလေးမျိုး | ၂၂၄ |
| မျောက်သစ်ကိုင်းဆွဲ ဥပမာ | ၃၈၀ |
| မြေအိုးမြေခွက်နှင့် စစ်သည်ဗိုလ်ပါ | ၃၂၃ |
| မြေဠ်မြှုပ်ထားသော ရွှေအိုးများ ရွှေသလော | ၉ |
| မြင်းကောင်း ဥပမာ | ၃၃ |
| မြတ်စွာဘုရားနှင့်တပည့်သားအား ပူဇော်မှုအကျိုးကြီးပုံ | ၄၀ |
| မြတ်စွာဘုရားအား ဘီလူးချောက်လှန့်ပုံ | ၇၆ |
| မြတ်စွာဘုရား ဝမ်းသွေးသွန် ရောဂါဖြစ်ခြင်း | ၁၆၄ |
| မြတ်စွာဘုရားနှင့် လမ်းခွဲသွားသော ရဟန်း | ၁၇၁ |
| မြတ်စွာဘုရား ဉာဏ်တော်၌ဖြစ်သော ဝိတက်များ | ၂၀၀ |
| မြတ်စွာဘုရား တရားဟောခြင်းနှစ်ပါး | ၂၀၁ |
| မြတ်နိုးမှု၏အပြစ်များ | ၄၂ |
| မြတ်သော ဥစ္စာရတနာနှစ်ပါး | ၃၀၃ |
| မြတ်သောသီလ | ၁၉၆ |
| မြွေဆိပ် ဥပမာ | ၂၆၅ |
| မြွေရေလဲ ဥပမာ | ၂၆၇ |
| **[ ယ-ရ ]** | |
| ယောနိသော မနသိကာရသည် သေက္ခအင်္ဂါ | ၁၈၅ |
| ယောကျ်ားတို့၏ မြတ်သောဥစ္စာ | ၂၈၉ |
| ယုတ်ညံ့သောသီလ | ၁၉၆ |
| ရက္ခိတတောအုပ် | ၁၁၃ |
| ရဂါမည်သော မာရ်နတ်သမီး | ၃၈၅ |
| ရထားထိန်းအစစ် | ၄၃ |
| ရလွယ်သော သင်္ကန်း ဆွမ်း ကျောင်း ဆေး | ၂၅၁ |
| ရဟန်းအစစ်၏ အင်္ဂါလက္ခဏာ | ၆၁ |
| **[ ရ ]** | |
| ရဟန်းဆိုးအား ဆိုးဆိုးဝါးဝါး အကျိုးပေးပုံ | ၅၄ |
| ရဟန်းနှင့်လူ တဦးကိုတဦး အမှီပြု၍ ချမ်းသာပုံ | ၂၅၆ |
| ရဟန်းလူထွက် ဥပမာ | ၃၈၃ |
| ရဟန်းလေးမျိုး | ၂၇၇ |
| ရာဂနှင့်တူသော မီးမရှိ | ၄၇ |
| ရာဂဖောက်ထွင်းဝင်နိုင်ပုံ | ၁၅ |
| ရာဇဂြိုဟ်ပြည် | ၁၁၈ |
| ရာဟုလာ၊ အသျှင် | ၃၁၀ |
| ရူပနန္ဒာထေရီ | ၃၄ |
| ရေအိုး ဥပမာ | ၃၀ |
| ရေအိုင် ဥပမာ | ၂၅၇ |
| ရေချိုးရေငုတ်ခြင်းဖြင့် မစင်ကြယ်ပုံ | ၇၈ |
| ရေညာဖက် ဥပမာ | ၂၅၈ |
| ရေနှင့်တံလျှပ်ပမာခန္ဓာငါးပါးကိုရှုသင့်ပုံ | ၃၆ |
| ရေမြောင်းနှင့် လေးမြှားသစ်ရွေသမား ဥပမာ | ၂၄ |
| ရေဝတ၊အသျှင် | ၇၅ |
| ရန်ငြိုးဖွဲ့ခြင်း၊ ရန်ငြိမ်းခြင်း | ၁၃ |
| ရန်ပြေမာန်ပြေ | ၁၄ |
| ရပ်ဝေးမှပြန်လာသူကိုဆွေမျိုးများကြိုဆို သကဲ့သို့ ကောင်းမှုကကြိုဆိုပုံ | ၄၃ |
| ရုပ်ကိုလွန်မြောက်နိုင်သောတရား | ၃၉၁ |
| ရောက်ရာအရပ်၌ အပူဇော်ခံရသူ | ၅၃ |
| ရှာမှီးခြင်းသုံးမျိုး | ၂၁၂ |
| ရွာသစ်တည်လျှင် နတ်များရောက်လာပုံ | ၁၉၆ |
| ရှက်သင့်မှရှက် ကြောက်သင့်မှကြောက် | ၅၅ |
| ရွှေအိုးမြှုပ်ခြင်း | ၈ |
| ရွှေပန်းထိမ်သည်သားစုန္ဒ | ၂၇၇ |
| ရွှေလက်ကောက်ဥပမာ | ၂၇၁ |
| **[ လ ]** | |
| လကုဏ္ဍကဘဒ္ဒိယ၊ အသျှင် | ၂၄၊၅၂၊၁၅၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လရောင်ဥပမာ | ၁၉၃ |
| လာလုဒါယီ၊ မထေရ် | ၃၄၊၄၅ |
| လူထွက်သောရဟန်း | ၅၈ |
| လေးပါးသောဣရိယာပထ၌ ဝိတက် သုံးပါးကိုပယ်စွန့်ပုံ | ၂၅၉ |
| လောကနှင့်မြတ်စွာဘုရား | ၂၆၂ |
| လောဘကိုပယ်သင့်ခြင်း | ၁၇၇ |
| လယ်ထွန်ယောက်ျားဥပမာ | ၂၇၅ |
| လယ်ယာတို့ကို မြက်ပေါင်းဖျက်ဆီးပုံ ဥပမာ | ၆၀ |
| လှိုင်းတံပိုးဥပမာ | ၂၅၈ |
| **[ ဝ ]** | |
| ဝက္ကလိ၊ အသျှင် | ၄၂၈ |
| ဝက္ကလိအား ဟောသောတရား | ၆၁ |
| ဝင်္ဂီသ၊ အသျှင် | ၃၁၁ |
| ဝဂ္ဂုမုဒါမြစ် | ၉၇ |
| ဝဋ္ဋမင်း | ၁၆၉ |
| ဝတ္ထုကာမ | ၃၇၇ |
| ဝနသ မြို့ | ၄၀၈ |
| ဝဿကာရပုဏ္ဏား | ၁၆၉ |
| ဝါဇပေယျ ယဇ် | ၃၀၆ |
| ဝါဒပြိုင်ပွဲ | ၃၈၄ |
| ဝါရိတ္တသီလနှင့် စာရိတ္တသီလ | ၃၀၉ |
| ဝါသေဋ္ဌလုလင် | ၃၅၂ |
| ဝိဇ္ဇာသုံးပါး | ၂၄၇ |
| ဝိတက်သုံးပါး | ၂၅၈ |
| ဝိတက်နှစ်ပါး | ၂၀၀ |
| ဝိပဿနာမဂ်ပညာမှဆုတ်ယုတ်ပုံ | ၂၀၂ |
| ဝိသာခါ | ၂၀၊၄၂ |
| ဝိသာခါမြေးတဦးသေဆုံးခြင်း | ၁၇၂ |
| ဝေဒနာသုံးမျိုး | ၂၁၁ |
| ဝေဒိသမြို့ | ၄၀၈ |
| ဝေသာလီပြည် | ၉၅၊၁၃၅၊၄၀၉ |
| **[ ဝ ]** | |
| ဝေဠုဝန်ကျောင်း | ၁၁၈ |
| ဝဲဥပမာ | ၂၅၈ |
| ဝါးရှူဥပမာ | ၂၇၀ |
| ဝါးသီးကဝါးပင်ကိုသတ်ခြင်း | ၃၆ |
| ဝမ်းမြောက်ဖွယ်တရား | ၁၅ |
| **[ သ ]** | |
| သက်န်းကိုလည်ပင်းပတ်ထားသော သူယုတ်မာ | ၅၄ |
| သက်ဿနဂိုရ်ပြည် | ၄၀၂ |
| သင်္ကိမဇ္ဇ၊ အသျှင် | ၇၆ |
| သင်္ကိမဇ္ဇအား မယားဟောင်း ဖြားယောင်းပုံ | ၇၆ |
| သစ္စာလေးပါးကိုသိရန် မထိုက်တန်သူ | ၁၉၇ |
| သဉ္ဇယဗေလဋ္ဌပုတ္တ | ၃၃၅ |
| သတ္တမ္ဗနတ်ကွန်း | ၁၃၅၊၁၃၆ |
| သန္တုတိအမတ်ကြီး | ၃၃ |
| သလ္လသုတ် | ၃၅၀ |
| သဘိယပရိဗိုဇ် | ၃၃၅ |
| သမ္မာပါသ ယဇ် | ၃၀၆ |
| သမုဒ္ဒရာ၏အံ့ဖွယ်ရှစ်ပါး | ၁၂၅ |
| သမုဒ္ဒရာကိုမကူးမြောက်နိုင်သေးသူ | ၂၁၉ |
| သမုဒ္ဒရာရေဥပမာ | ၂၄ |
| သရဏဂုံသုံးပါး | ၁ |
| သာကေတမြို့ | ၄၀၉ |
| သာတာဂိရဘီလူး | ၂၈၇ |
| သာမာဝတီအမှူးရှိသောမိန်းမငါးရာ | ၁၆၀ |
| သာရန္ဒဒ နတ်ကွန်း | ၁၃၅၊၁၃၆ |
| သာရိပုတြာ၊အသျှင် | ၇၅၊၉၈၊၁၁၅၊၁၁၉၊၄၀၃ |
| သာဝတ္ထိပြည် | ၇၈၊၉၀.၄၀၆ |
| သိက္ခာပြည့်စုံခြင်းအကျိုး | ၂၀၆ |
| သီကြားမင်းအလှူပေးခြင်း | ၁၀၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သီကြားမင်းနှင့်သုဇာတာ ဆွမ်းလိမ်၍လှူခြင်း | ၁၀၁ |
| သီရိမာ | ၃၃ |
| သီဝလိထေရ် | ၆၈ |
| သီလအနံ့ | ၂၁ |
| သီလစောင့်ကျိုး သုံးမျိုး | ၂၂၅ |
| သီလမရှိသူ ဆွမ်းမစားထိုက်ပုံ | ၅၄ |
| သီလသမ္ပန္နပုဂ္ဂိုလ် | ၂၆၀ |
| သီလ သမာဓိ ပညာနှင့် ပြည့်စုံသူ | ၂၁၃ |
| သုခသာမဏေ | ၃၃ |
| သုစရိုက်သုံးပါး | ၂၁၇ |
| သုန္ဒရီကဘာရဒွါဇပုဏ္ဏား | ၃၂၅ |
| သုန္ဒရီကာမြစ် | ၃၂၅ |
| သုန္ဒရီပရိဗိုဇ်မ | ၁၁၅ |
| သုဒ္ဓေါဒန | ၁၆ |
| သုပ္ပဗုဒ္ဓလူနူ | ၁၂၁ |
| သုပ္ပဝါသာမင်းသမီး | ၈၆ |
| သုနိဒအမတ်ကြီး | ၁၆၉ |
| သုပ္ပါရကဆိပ်ကမ်း | ၇၈ |
| သုဘူတိ၊ အသျှင် | ၁၅၀ |
| သူစိလောမဘီလူး | ၁၀၁၊၁၀၂ |
| သေက္ခရဟန်းအား ဆုတ်ယုတ်စေ တိုးတက်စေသောတရားများ | ၂၂၈ |
| သေခါနီးပုဂ္ဂိုလ်အား ဆုံးမသောတရား | ၄၅ |
| သေတဗျမြို့ | ၄၀၉ |
| သေမင်းအသိမ်းယူခံရသူ | ၅၁ |
| သံကိုသံဖျက်သံချေးတက် | ၄၅ |
| သံဃာညီညွတ်မှုသည် စီးပွါး ချမ်းသာခြင်းအကြောင်းဖြစ်ပုံ | ၁၈၆ |
| **[ သ ]** | |
| သံဝိဘာဂနှစ်မျိုး | ၂၄၆ |
| သံသရာခရီးသွားမဖြစ်သင့် | ၅၃ |
| သူခိုးဥပမာ | ၁၁၁ |
| သူတပါးအတွက် မိမိအကျိုး မပျက်စေသင့်ပုံ | ၁၆ |
| သူတပါးအပြစ်ကိုမကြည့်ရာ | ၂၀ |
| သူတပါးအားအပြစ်ရှာ၍ ကဲ့ရဲ့ တတ်သူ၏ဖြစ်ပုံ | ၄၇ |
| သူတပါးအပြစ်ကိုမြင်လွယ်၍ မိမိအပြစ်ကိုမြင်ခဲပုံ | ၄၇ |
| သူတပါးအားဆင်းရဲစေသူသည် ရန်မကင်း | ၅၂ |
| သူတပါးမယားကိုမှီဝဲသူ၏အပြစ် | ၅၄ |
| သူတော်ကောင်းနှင့်ပေါင်းဆုံရခြင်းနှင့် သူမိုက်နှင့်ပေါင်းဖော်ရခြင်း | ၄၁ |
| သူယုတ်မာ | ၂၈၃ |
| သူရဲကောင်း ပသူရ | ၃၈၅ |
| သောဂန္ဓိက ငရဲ | ၃၆၁ |
| သောဏဥပါသကာ | ၁၂၉ |
| သားသမီး အမိအဖ ဆွေမျိုးများက မစောင့်ရှောက်နိုင် | ၅၁ |
| သားသမင်ဥပမာ | ၂၇၀ |
| သည်းခံနိုင်မှ လူယဉ်ကျေးမည်ပုံ | ၅၅ |
| သုံးဆယ့်နှစ်ကောဋ္ဌာသ | ၂ |
| **[ ဟ ]** | |
| ဟေမကာ၊အသျှင် | ၄၁၉ |
| ဟေမဝတဘီလူး | ၂၈၇ |

http://www.dhammadownload.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၂ | ၁၆ | ခံစား၏ | ခံစားရ၏ |
| ၃၃ | ၈ | မိမိ၏အိမ်ပျော် | မိမိ၏အိပ်ပျော် |
| ၃၄ | ၈ | လိမ်းကျန် | လိမ်းကျံ |
| ၄၇ | ၁၆ | ဘုရားရှင်တိုအား | ဘုရားရှင်တို့အား |
| ၅၀ | ၂ | မာရမင်း | မာရ်မင်း |
| ၅၀ | ၁၇ | ပျိုမြစ် | ပျိုမျစ် |
| ၅၁ | ၁၂ | အင္ဂုဂ်ီကမဂတရားကုသာလျှင် | အင်္ဂုလိကမဂ်တရားကိုသာလျှင် |
| ၅၆ | ၅ | ဆင်ယဉ်မြင်းယဉ် | ဆင်ယာဉ်မြင်းယာဉ် |
| ၆၅ | ၉ | ကိသာဂေါတမီဝတ္ထု | ကိသာဂေါတမီဝတ္ထု |
| ၇၃ | ၁၄ | ပဌ္ဌစ္စသမုပ္ပါဒ်ကို | ပဋိစ္စသမုပ္ပါဒ်ကို |
| ၇၅ | ၂၉ | ယက်ကမ်းသည် | ယက်ကန်းသည် |
| ၇၆ | ၂၈ | မဟားဟောင်း | မယားဟောင်း |
| ၇၇ | ၇ | မဟားဟောင်း | မယားဟောင်း |
| ၇၈ | ၂၁ | အဝတ်ဝတသော | အဝတ်ဝတ်သော |
| ၈၇ | ၂၁ | ကောယိယမင်းသမီး | ကောလိယမင်းသမီး |
| ၉၆ | ၂၇ | ထပြီးသျှင် | ထပြီးလျှင် |
| ၁၁၅ | ၅ | အရဟတ္တဖိုယ် | အရဟတ္တဖိုလ် |
| ၁၂၂ | ၁၂ | အလှန်သက်ဖွယ် | အလှန်နှစ်သက်ဖွယ် |
| ၁၂၈ | ၁၇ | ရာချခြင်း | ရွှာချခြင်း |
| ၁၄၄ | ၃၃ | မြီးဆံ | မြီးတံ |
| ၁၄၅ | ၁ | မြီးတံ | မြီးဆံ |
| ၁၅၃ | ၁၆ | ပိုးစိန်းဖြူ | ပိုးစိမ်းဖြူ |
| ၁၆၅ | ၆ | မြတ်စွာဘုရား၏တည်ခိုးတော် | မြတ်စွာဘုရား၏တန်ခိုးတော် |
| ၁၆၉ | ၂၅ | အရိယာန်လူမျိုး | အရိယာလူမျိုး |
| ၂၀၈ | ၁၀ | သံတောခဲ | သံတွေခဲ |
| ၂၃၃ | ၈ | ဝမ်းမြောကစေကုန် | ဝမ်းမြောက်စေကုန် |

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ပြားစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်